*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# ကွန်ပျူတာသုံး မြန်မာစကားသံထွက်စနစ်တည်ဆောက်မှု လေ့လာချက်*

ကျော်ဝေဖြိုး

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ကွန်ပျူတာ မြန်မာစကားသံထွက်စနစ် တည်ဆောက်မှုကို လေလှိုင်းသဒ္ဒဗေဒ နည်းစနစ်များဖြင့် ဘာသာဗေဒရှုထောင့်မှ လေ့လာတင်ပြထားသော စာတမ်းတစ်စောင် ဖြစ်ပါသည်။ မြန်မာ့စကားသံထွက်စနစ်ကို ကွန်ပျူတာနည်းပညာများဖြင့် ပေါင်းစပ်တည်ဆောက်ရာတွင် လိုအပ်သော အခြေခံ နည်းစနစ်များနှင့် လိုအပ်ချက်များကို လေ့လာတင်ပြထားပါသည်။ ကွန်ပျူတာစနစ်နှင့် အင်တာနက် ဒစ်ဂျစ်တယ် နည်းပညာစနစ်တွင် မြန်မာစကားသံဖြင့် ဘာသာပြန်ခြင်း၊ အမိန့်ပေးခြင်း စနစ်များ ပေါ်ထွက်လာမှုကို အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ ဤစာတမ်းကို ပြုစုရခြင်း ဖြစ်ပါသည်။

## နိဒါန်း

မြန်မာစကားသံသည် တက်ကျသံဘာသာစကားဖြစ်သည်ဟု ပညာရှင်အစဉ်အဆက် သတ်မှတ်လက်ခံခဲ့ကြသည်။ ထို့ပြင် မြန်မာစကားသည် အသံတစ်ချက် အနက်တစ်ချက်၊ လုံးပေါင်းနက်သစ်၊ မွေးစားစကားလုံး၊ ဥပစာစကားလုံး၊ စကားပုံဆိုရိုး စကားလုံးများစွာဖြင့် ဖွဲ့စည်းထားသော ဗဟုဆန်သည့် ဘာသာစကားသဘောသက်ဝင်ကြောင်းလည်း မှတ်ချက်ပြုသည်များကို တွေ့နိုင်သည်။ အဆိုပါ ဘာသာစကားကို ဒစ်ဂျစ်တယ် နည်းပညာသုံး ဘာသာစကား အဖြစ်သို့ ပြောင်းလဲရာတွင် အဆင့်ပေါင်းများစွာ ကျော်ဖြတ်ရပေသည်။ သို့ဖြစ်ရာ ယနေ့တိုင် ကွန်ပျူတာသုံး မြန်မာစကားအသံထွက်စနစ်မှာ ပေါ်ပေါက်ခြင်း မရှိသေးပေ။ ဤစာတမ်းတွင် လေလှိုင်းသဒ္ဒဗေဒအကြောင်းဖော်ပြပြီး ကွန်ပျူတာသုံး မြန်မာစကားအသံထွက်စနစ် တည်ဆောက်ရာတွင် လိုအပ်သော အခြေခံနည်းစနစ်များဖြစ်သည့် လေလှိုင်းသံဖမ်းယူခြင်း၊ ဒစ်ဂျစ်တယ်စနစ် ပြောင်းလဲခြင်း၊ အလိုအလျောက် အသိဉာဏ်ထည့်သွင်းခြင်းနှင့် အခြေခံ Software တည်ဆောက်ခြင်း ဟူ၍ အပိုင်း လေးပိုင်းခွဲကာ လေ့လာတင်ပြထားပါသည်။

---

ဦး၊ လက်ထောက်ကထိက၊ မြန်မာစာဌာန၊ မုံရွာတက္ကသိုလ်

* Best Paper Award Winning Paper in Myanmar (Language) (2018)

## **၁။ လေလှိုင်းသဒ္ဒဗေဒဟူသည်**

လေလှိုင်းသဒ္ဒဗေဒ ဟူသော ဝေါဟာရ၏ အနက်အဓိပ္ပာယ်ကို အောက်စဖို့ သုတေသနအဘိဓာန်တွင်–

> "Aoustic phonetics is the study of the aousti characteristics of speeh, inclusing an analysis and deription of speech in terms of its physical properties, such as frequeny, intensity and duration."[၁]

ဟု ဖော်ပြထားသည်။ ဘာသာဗေဒပညာရှင် ဂျွန်နသန်ဟာရစ်တန်ကလည်း သူ၏ Acoustic phonetics ဟူသော စာအုပ်တွင်–

> "Acoustic phonetics is concerned with describing the different kinds of acoustic signal that the movement of the vocal organs gives rise to in the production of speech by male and female speakers across all age groups and in all languages, and under different speaking conditions and varieties of speaking style."[၂]

ဟု လေလှိုင်းသဒ္ဒဗေဒနှင့် ပတ်သက်၍ ဖွင့်ဆိုရှင်းပြထားသည်။ မြန်မာပညာရှင် ဒေါက်တာသိန်းထွန်းကလည်း–

> "သဒ္ဒဝိဝုမိနိယာမဗေဒတွင် လေလှိုင်းသဒ္ဒဗေဒ အထောက် အထားများ သဘောတရားများ မပါလျှင် မတိကျသော အဓိပ္ပာယ် မပြည့်စုံသော အခြေအနေများ ရှိပါသည်။ ထို့ကြောင့် လေလှိုင်းသဒ္ဒဗေဒကို ဤစာအုပ်တွင် ထည့်သွင်းထားရခြင်း ဖြစ်ပါသည်"

ဟု Acoustic phonetics and The Phonology of the Myanmar Language စာအုပ်တွင် မိန့်ဆိုထားသည်။ ထိုစာအုပ်မှာပင် ဆရာကြီး ဒေါက်တာသိန်းထွန်းက လေလှိုင်းသဒ္ဒဗေဒဟု မြန်မာဘာသာ ပြန်ဆိုထားသည်။

ထို့ကြောင့် လေလှိုင်းသဒ္ဒဗေဒ ဟူသည်မှာ စကားသံ၏ အတက်အကျ အနိမ့် အမြင့်၊ ပြင်းအား၊ ကြာမြင့်ချိန် စသော အသံ၏သွင်ပြင်လက္ခဏာတို့ကို သိပ္ပံနည်းကျ တိုင်းတာ၍ လေ့လာသော ပညာရပ်တစ်ခုဟု ဆိုနိုင်ပါသည်။ အထူးသဖြင့် လူမျိုးစု

---

[၁] Oxford Phonetic Dictionary, 2000, 12

[၂] Herriton, Johnanthan . 2011, 2

တစ်စု၏ စကားသံတို့ကို အတိကျဆုံး အထိရောက်ဆုံး တိုင်းတာနိုင်သည့် စနစ်တစ်ခုလည်း ဖြစ်ပါသည်။

ထိုကဲ့သို့ အသံများကို စနစ်တကျတိုင်းတာရန် ကြိုးစားခဲ့သည်မှာ ၁၈၃၀ ဝန်းကျင်ကပင် ဖြစ်ခဲ့သည်။ ရပ်ဆယ်ရှော့တ်ဆိုသော သိပ္ပံပညာရှင်သည် ရာဘာပြွန်ကို အသုံးပြုကာ အသံလှိုင်းများကို တိုင်းတာနိုင်ခဲ့သည်။ ထိုပညာရပ်သည် အဆင့်ဆင့် တိုးတက်ဖြစ်ထွန်းလာခဲ့သည်။ ၁၉၄၀ လှိုင်းစဉ် တိုင်းတာနိုင်သည့် ကိရိယာ တီထွင်နိုင်ချိန်မှ အစပြု၍ အသံများကို စနစ်တကျ ခွဲခြမ်းစိတ်ဖြာနိုင်လာခဲ့သလို အသံများ လှိုင်းများကို ရုပ်ပုံများ ရေးဆွဲ၍လည်း သရုပ်ဖော်နိုင်ခဲ့ကြသည်။ ၁၉၇၀ ကျော် ကာလမှ အစပြု၍ အသံလှိုင်းများကို ဒစ်ဂျစ်တယ်စနစ်ဖြင့် စတင်တိုင်းတာရန် ကြိုးစားခဲ့ကြပြီး ယနေ့ခေတ်အခါသမယတွင်မူ ကွန်ပျူတာ ပရိုဂရမ် ဆော့ဖ်ဝဲများဖြင့်ပင် အသံလှိုင်းများကို တိတိကျကျ တိုင်းတာလာနိုင်ကြပြီ ဖြစ်သည်။ သဒ္ဒဗေဒအရ လူတို့၏ စကားသံများကို တိုင်းတာရာတွင်လည်း အခြားအသံများကို တိုင်းတာသကဲ့သို့ပင် အသံလှိုင်းစဉ် တိုင်းတာသည့် နည်းစနစ်များကို အသုံးပြုနိုင်သည်။

သဒ္ဒဗေဒအရ အသံဖြစ်ရာ ဌာန်နှင့်ဟန် ဟူ၍ နှစ်မျိုးခွဲခြားထားရာ နှစ်မျိုးစလုံးကို အသံလှိုင်းတိုင်းတာရေးစနစ်ဖြင့် တွေ့ရှိနိုင်ပြီ ဖြစ်သည်။ ဥပမာပြရလျှင် 'က' ဟူသော အသံ ဖော်ပြရာတွင် အသံလှိုင်း တိုင်းတာသည့်စက်၌–



ပုံ–၁

ဟု ဖော်ပြနေမည်ဖြစ်ပြီး ‘ခ’ ဟူသောအသံကို ဖော်ပြရာတွင်မူ–



ပုံ–၂

ဟူ၍ ပြမည်ဖြစ်သည်။ ထိုအသံလှိုင်းများကို မီတာဖြင့် တိုင်းတာကြည့်ပါက ‘က’၏ ဖြစ်ရာ ဌာန်နှင့်ဟန် ‘ခ’၏ဖြစ်ရာ ဌာန်နှင့်ဟန်တို့ကို လှိုင်းအလျား လှိုင်း၏ ကြိမ်နှုန်း ပြင်းအားတို့ဖြင့် တွက်ချက်ကာ သိရှိနိုင်မည် ဖြစ်သည်။

ဤနည်းအားဖြင့် ဘာသာစကားအသီးသီးမှ စကားသံများကို ဖော်ပြရာတွင် လှိုင်း၏ဖြစ်တည်မှုအနေအထားကိုလိုက်၍ အသေးစိတ် လေ့လာခွဲခြမ်းစိတ်ဖြာလာနိုင်ခဲ့သည်။ ပိုမိုထူးခြားချက်မှာ ဒစ်ဂျစ်တယ် စက်ကိရိယာများကို အသုံးပြုလျက် လူတစ်ဦးချင်း တစ်ယောက်ချင်းစီ၏ အသံပမာဏကိုပင် လှိုင်းများဖြင့် တိုင်းတာခွဲခြားလာနိုင်ပြီ ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် လေလှိုင်းသဒ္ဒဗေဒဟူသည်မှာ ဘာသာစကားများ၏ အသံလှိုင်းများကို သိပ္ပံနည်းကျ တိုင်းတာ၍ ယင်းဘာသာစကား၏ သဘောသဘာဝနှင့်သွင်ပြင်လက္ခဏာတို့ကို အသံလှိုင်းမှတစ်ဆင့် ဖော်ထုတ်လေ့လာသောပညာရပ် ဖြစ်သည်၊ ထိုသို့လေ့လာခြင်းအားဖြင့် ဘာသာစကားတစ်ခုချင်းစီသာမက နေထိုင်ရာဒေသ၊ ကျင်လည်ရာ လူမှုဝန်းကျင်နှင့် တစ်ဦးချင်း တစ်ယောက်ချင်းတို့၏ စကားသံစီးဆင်းမှုများကိုပါ ထင်ထင်ရှားရှား သိမြင်လာနိုင်မည်ဖြစ်ပြီး၊ သဒ္ဒဗေဒလေ့လာမှုနယ်ပယ်ကို ပိုမိုချဲ့ထွင်လာနိုင်မည် ဖြစ်ပါသည်။

## ၂။ ကွန်ပျူတာ မြန်မာစကားသံထွက်စနစ်၏ သဘောသဘာဝများ

အင်တာနက်စနစ် ပေါ်ထွန်းလာပြီးနောက်တွင် နိုင်ငံအသီးသီး၏ ဘာသာစကား အသီးသီးသည် မိမိတို့၏ ဆက်သွယ်မှုနယ်ပယ်ကို ပိုမိုကောင်းမွန်လာစေရန် အမျိုးမျိုးကြိုးပမ်းလာကြသည်။ သို့ဖြင့် ဘာသာစကား အသီးသီးကို ကွန်ပျူတာဖြင့် အသုံးပြုလာနိုင်ကြသည်။ ထိုသို့အသုံးပြုရာတွင် ကွန်ပျူတာတွင် မိမိဘာသာစကား ရိုက်သွင်းရေးကူးရုံသာမက ကွန်ပျူတာက မိမိတို့၏ ဘာသာစကားကို နားလည်လာအောင်အထိ တစ်ဆင့်တက်၍ ကြိုးစားခဲ့ပြန်သည်။ သို့ဖြင့် ယခုအခါ ကမ္ဘာပေါ်ရှိ ဘာသာစကားပေါင်း တစ်ရာ့ခြောက်မျိုးသည် ကွန်ပျူတာက နားလည်သော ယူနီကုတ်စနစ်အဖြစ် ထပ်မံရောက်ရှိခဲ့သည်။ ထိုသို့ ယူနီကုတ်စနစ် အဆင့်သို့ ရောက်ရှိခဲ့သော ဘာသာစကားများတွင် မိမိတို့ မြန်မာဘာသာစကားလည်း အပါအဝင် ဖြစ်သည်။

မြန်မာဘာသာစကားတွင် ထူးခြားချက်မှာ ယူနီကုတ်အဖြစ် အသုံးပြုနိုင်သော စာလုံးဒီဇိုင်း နှစ်မျိုးထက်မက ရှိနေခြင်း ဖြစ်သည်။ အထူးသဖြင့် ပြည်တွင်းတွင် ဇော်ဂျီနှင့် မြန်မာ–၃ တို့မှာ ဝိဝါဒ ကွဲပြားနေဆဲပင် ဖြစ်သည်။ သို့သော် ကမ္ဘာက သတ်မှတ်ထားသော ယူနီကုတ်စံနှုန်းများရှိသဖြင့် အဆိုပါစံနှုန်းများနှင့်အညီ တည်းဖြတ်ဖန်တီးနိုင်သော စာလုံးဒီဇိုင်းကို ကမ္ဘာက လက်ခံမည်သာဖြစ်၍ အဆိုပါပြဿနာသည် မကြာခင်နှစ်များအတွင်း ပြေလည်သွားဖွယ် ရှိနေသည်။

ယခုမူ နိုင်ငံပေါင်း ခြောက်ဆယ်ကျော်တို့မှာ မိမိတို့ဘာသာစကားကို ကွန်ပျူတာက နားလည်ရုံသာမက ကွန်ပျူတာနှင့်သော်လည်းကောင်း၊ ဘာသာစကား အချင်းချင်းသော်လည်းကောင်း၊ အသံမှ– စာသား၊ စာသားမှအသံ ချိတ်ဆက်နိုင်ရန် အပြန်အလှန် ပြန်ဆိုနိုင်ရန် တစ်ဆင့်တက်၍ ထပ်မံကြိုးစားနေကြပြီ ဖြစ်သည်။ အောင်မြင်သွားသော နိုင်ငံရှိသကဲ့သို့ ကြိုးစားနေသော နိုင်ငံများလည်း ရှိသည်။ ဂူဂဲလ်ဝက်ဘ်ဆိုက်တွင် ဘာသာပြန်ပေးသော ဝန်ဆောင်မှုရှိရာ အသံနှင့်ဝန်ဆောင်မှု ပြုနိုင်သော ဘာသာစကား ၆၀ ကျော် ရှိကြောင်း လေ့လာတွေ့ရှိရသည်။ မိမိတို့ မြန်မာဘာသာစကားမှာမူ စာသားဖြင့်သာ ဝန်ဆောင်မှုပေးနိုင်သေးပြီး အသံနှင့် ဝန်ဆောင်မှု မပေးနိုင်သေးကြောင်း တွေ့ရှိရသည်။ သို့ဖြစ်ရာ ကွန်ပျူတာကိုသော်လည်းကောင်း အခြားဘာသာစကားများဖြင့်သော်လည်းကောင်း နှုတ်ဖြင့် ရွတ်ဆိုပြခြင်းအားဖြင့် ဘာသာပြန်ဆိုနိုင်ရန်နှင့် ဆက်သွယ်မှုပြုနိုင်ရန် ကွန်ပျူတာ မြန်မာစကားသံထွက်စနစ်သည် အထူးလိုအပ်လျက်ရှိနေကြောင်း တွေ့ရသည်။

ကွန်ပျူတာ မြန်မာစကားသံထွက်စနစ်တွင် အပိုင်းကဏ္ဍ နှစ်မျိုး ပိုင်းခြား သတ်မှတ်ထားသည်–

၁။ စာသားမှတစ်ဆင့် ကွန်ပျူတာတွင် အသံထွက်ခြင်း
( Text to speech )

၂။ အသံမှတစ်ဆင့် ကွန်ပျူတာတွင် စာသားထွက်ခြင်း
( Speech to text )

တို့ ဖြစ်ကြသည်။ အဆိုပါအဆင့်နှစ်ရပ်တွင် စာသားမှ ကွန်ပျူတာတွင် အသံထွက်ခြင်းစနစ်ကို မြန်မာအိုင်တီပညာရှင် လူငယ်အချို့ စမ်းသပ်နေသော်လည်း အောင်မြင်မှုရရန် လိုအပ်ချက်အချို့ ရှိနေသေးကြောင်း တွေ့ရသည်။ အသံမှ ကွန်ပျူတာတွင် စာသားထွက်ပေးခြင်းစနစ်ကိုမူ မည်သူမျှ စမ်းသပ်ခြင်း ဆောင်ရွက်ခြင်း မပြုရသေးသည်ကို တွေ့ရပါသည်။

ဤစာတမ်းတွင် စာသားမှအသံ၊ အသံမှစာသား မည်သည့်စနစ်ကို ပြောင်းလဲသည်ဖြစ်စေ လိုအပ်သော လေလှိုင်းသဒ္ဒဗေဒဆိုင်ရာ နည်းပညာများနှင့် ကွန်ပျူတာသုံး မြန်မာစကားစနစ် ဖြစ်ပေါ်လာစေရန် ဖြတ်သန်းရမည့် အဆင့်များကို မြန်မာဘာသာစကားရှုထောင့်မှ စနစ်တကျ လေ့လာတင်ပြထားပါသည်။

## ၃။ ကွန်ပျူတာမြန်မာစကားသံထွက်စနစ် တည်ဆောက်မှု လေ့လာချက်

### ၃၊ ၁။ လေလှိုင်းသံ ခွဲခြင်းနှင့် ဖမ်းယူခြင်း

ကွန်ပျူတာသုံး မြန်မာစကားအသံထွက်စနစ်ကို တည်ဆောက်ရာတွင် ကွန်ပျူတာမှ မြန်မာဘာသာစကားကို နားလည်ရန်လိုသည်။ ထိုသို့နားလည်ရန်အတွက် ပထမဦးဆုံး လုပ်ရမည့်အဆင့်သည် မြန်မာစကားသံများကို ဖမ်းယူခြင်းစနစ် ဖြစ်သည်။ ထိုသို့ ဖမ်းယူရာတွင် မြန်မာဘာသာစကား၏ သဒ္ဒဗေဒသဘောကို ပီပြင်စွာ သိထားရန် လိုသည်။ သဒ္ဒဗေဒတွင် ဗျည်းနှင့်သရ ဟူ၍ နှစ်ပိုင်း ခွဲထားသည်။

မြန်မာဗျည်းသံ (၃၄ ) သံ ရှိသည်-

/က်ခ်ဂ်င်စ်ဆ်ဇ်ည်တ်ထ်ဒ်န်ပ်ဖ်ဘ်မ်ယ်လ်ဝ်သ်သ်ဟ်ရှ်ကျ်ချ်ဂျ်/

တို့ ဖြစ်ကြသည်။ သရသံမှာမူ ၂၂ သံ ရှိသည်-

၁။ နှုတ်ခမ်းသရများ ၇ မျိုး

၂။ နှာသံသရများ ၇ မျိုး

၃။ ရပ်သံ ၈ မျိုး

တို့ ဖြစ်ကြသည်။ အဆိုပါအသံများကို ဦးစွာဖမ်းရမည်ဖြစ်ပြီး လေလိုင်းသဒ္ဒဗေဒအရ ဗျည်းသရများ ခွဲခြားရမည် ဖြစ်သည်။ အထူးသတိပြုရမည်မှာ သရသံများကို ဖမ်းယူရာတွင် တက်ကျသံ သုံးသံခွဲကာ ဖမ်းယူရမည် ဖြစ်သည်။

သာဓက။ ။ အိ၊ အီ၊ အီး

အေ၊ အေ့၊ အေး

တို့ကဲ့သို့ ဖြစ်သည်။ အသံပေါင်း (၈၂)သံကို ဖမ်းယူရမည်ဖြစ်ပြီး အဆိုပါအသံများကိုလည်း ကုဒ်များ သတ်မှတ်၍ စနစ်တကျ သိမ်းဆည်းရမည် ဖြစ်သည်။ လိုအပ်ပါက အသံသိုလှောင်ရန် ဘဏ်ပုံစံ ဆော့ဖ်ဝဲ ရေးသားရန် လိုအပ်ပါသည်။

## ၃၊ ၂။ ဒစ်ဂျစ်တယ်စနစ် ပြောင်းလဲခြင်း ချိတ်ဆက်ခြင်း

ဒစ်ဂျစ်တယ်စနစ်တွင် ကုဒ်နံပတ် နှစ်လုံးသာ ရှိပါသည်။ အဆိုပါကုဒ်နံပါတ်များ အကြိမ်ကြိမ် ပြောင်းလဲခြင်းအားဖြင့် မိမိတို့လိုအပ်သော အသံများ၊ စာများ၊ မှတ်ဉာဏ်များ၊ အစရှိသော ဒေတာများကို ပိုမိုအဆင်ပြေစွာ သိမ်းဆည်းပေးပါသည်။ မြန်မာဘာသာစကားကို ကွန်ပျူတာသုံး အသံစနစ်သို့ ပြောင်းလဲရာတွင်လည်း ဖမ်းယူထားသော အသံများကို ကွန်ပျူတာက နားလည်လာအောင် ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲရန် လိုအပ်ပါသည်။

အသံတိုင်း အသံတိုင်းသည် မိမိတို့သက်ဆိုင်ရာ ကြိမ်နှုန်းများ အတိအကျ ရှိပါသည်။ သာဓကအားဖြင့် 'က' ဟူသော စကားကို ကြိမ်နှုန်းတိုင်းတာချက်အားပုံတွင် ကြည့်ရှုနိုင်ပါသည်။



အထက်ပါပုံအတိုင်း အသံအသီးသီး၏ ကြိမ်နှုန်းများသည် အတိအကျ ရှိသည်ကို တွေ့ပါလိမ့်မည်။ ထိုသို့ ပေါ်ပေါက်လာသော ကြိမ်နှုန်းများသည် သင်္ချာနည်းဖြင့် စနစ်တကျ တွက်ချက်၍ရသဖြင့် ဒစ်ဂျစ်တယ်နည်းစနစ်သို့ ပြောင်းလဲရန် လွယ်ကူစေပါသည်။ ထိုသို့ ကြိမ်နှုန်းတိုင်းတာရာတွင် ပိုမိုတိကျစေရန် အသံတစ်သံကို အပိုင်းလေးပိုင်းခွဲကာ ကြိမ်နှုန်းတိုင်းတာရန် လိုအပ်ပါသည်။

ခွဲရမည့်အပိုင်းများကို **A D S R** ဟု အတိုကောက် သတ်မှတ်ထားပါသည်။

**A** ဟူသည်မှာ **Attack** ဖြစ်၍ အသံစတင်ဖြစ်ပေါ်ချိန် ဖြစ်ပါသည်။

**D** ဟူသည်မှာ **Decay** ဖြစ်၍ အသံစတင်ဖြစ်ပေါ်ပြီး ကျယ်လောင်သွားစဉ်ခဏ ဖြစ်ပါသည်။

**S** ဟူသည်မှာ **Sustain** ဖြစ်၍ အသံကျယ်လောင်နေစဉ် ကြာချိန် ဖြစ်ပါသည်။

**R** ဟူသည်မှာ **Release** ဖြစ်၍ အသံပြီးဆုံးသွားစဉ်အချိန် ဖြစ်ပါသည်။

အဆိုပါ အချိန်လေးခုကို ဖမ်းကာ အတိအကျ တိုင်းတာပြီး ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲထားပါက အဆိုပါ အသံအတိအကျကို ပြန်လည် ထုတ်လုပ်နိုင်သည့်အဆင့်အထိ ရောက်ရှိပြီ ဖြစ်ပါသည်။

အထူးသတိပြုရမည့် အချက်တစ်ချက် ရှိပါသေးသည်။ ဗျည်းသံများကို အသံဖမ်းယူပြီး ဒစ်ဂျစ်တယ်စနစ်ပြောင်းလဲရန် တိုင်းတာရာတွင် ဗျည်းသံနှင့်အတူ ပါလာသော သရသံများကို ဖြတ်ထုတ်ပြီးမှ တိုင်းတာပြောင်းလဲရန် လိုအပ်ပါသည်။ ဥပမာအားဖြင့်–

'က' ဗျည်းကို အသံဖမ်းထားရာ 'အ' သရပါ တွဲလျက်ပါလာမည်ဖြစ်ပြီး 'က်+အ' ဟူသော အသံကို ရရှိပါလိမ့်မည်။ အဆိုပါအသံမှ ထိပ်ပိုင်း 'က်' ဟူသော အသံကိုသာ တိုင်းတာပြီး ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲရမည်ဖြစ်ကြောင်း အထူးသတိပြုရန် လိုအပ်ပါသည်။ ဒစ်ဂျစ်တယ်စနစ်သို့ အသံအားလုံး ပြောင်းပြီးသည့် အခြေအနေသို့ ရောက်လျှင် ကွန်ပျူတာသုံးမြန်မာစကားသံစနစ်၏ လုပ်ငန်းတာဝန် တစ်ဝက်ပြီးဆုံးပြီဟု ဆိုနိုင်သကဲ့သို့ ပိုမိုရှုပ်ထွေးသော ကဏ္ဍများသို့လည်း ရောက်ရှိလာကြောင်း လေ့လာ တွေ့ရှိရပါသည်။

## ၃၊ ၃။ အလိုအလျောက်အသိဉာဏ်ထည့်သွင်းခြင်း

အလိုအလျောက်အသိဉာဏ် ( Artificial - Intelligence ) ဟူသည်မှာ ကွန်ပျူတာကုဒ်များဖြင့် အဆင့်ဆင့် တည်ဆောက်ထားရသော ပရိုဂရမ်တစ်ခုဖြစ်ပြီး

မှားသည် မှန်သည် ဖြစ်သင့်သည် မဖြစ်သင့်သည်ကို အလိုအလျောက် တွက်ချက်ဆုံးဖြတ်ပေးနိုင်သော စနစ်ဖြစ်သည်။

အလိုအလျောက်အသိဉာဏ်ထည့်သွင်းခြင်းသည် ကွန်ပျူတာသုံး ဘာသာစကားစနစ်တွင် အရေးအကြီးဆုံး အစိတ်အပိုင်း ဖြစ်သည်။ ထိုအပိုင်းတွင် စာသားမှ စကားသံ၊ စကားသံမှ စာသားသို့ ချိတ်ဆက်ပေးရုံမျှမက ဘာသာစကားတိုင်းတွင် ဖြစ်လေ့ရှိသော ပုဒ်စပ် ဖွင့်ခြင်း ပိတ်ခြင်း၊ အသံပြောင်းခြင်း၊ ရေးလျှင်အမှန် ဖတ်လျှင်အသံ ပြောင်းလဲခြင်း အစရှိသော ပြဿနာပေါင်းစုံကို အလိုအလျောက်အသိဉာဏ်များဖြင့် မှန်ကန်အောင် ပြုပြင်ပေးခြင်းအဆင့်အထိ ပါဝင်သည်။

မိမိတို့မြန်မာဘာသာစကားသည် တိုင်းတပါး စကားမျိုးစုံ မွေးစားထားပြီး ဝေါဟာရကြွယ်ဝသော ဘာသာစကားဖြစ်ခြင်းကြောင့် အလိုအလျောက်အသိဉာဏ်ထည့်သွင်းရာတွင် ပြဿနာပေါင်းစုံဖြင့် ရင်ဆိုင်နေရပါသည်။ အထူးသဖြင့် စာမှ စကားသို့ ပြောင်းလဲရာတွင် အသံပြောင်းလဲသွားသော သဘောများ၊ စကားမှစာသို့ ပြောင်းလဲရာတွင် အသံတူ အက္ခရာကွဲများ ရှိနေသောသဘောများသည် အသိဉာဏ်ထည့်သွင်းရာတွင် ရှုပ်ထွေးသော အဆင့်များ ဖြစ်လာစေပါသည်။

ထိုအဆင့်များကို သဒ္ဒဗေဒ စံနှုန်းများ၊ ဘာသာစကားစံနှုန်းများအတိုင်း ထိန်းညှိကာ တစ်ချက်ခြင်း ပြင်ဆင်ခြင်း၊ အချို့အရာများကို တဖြည်းဖြည်းပြုပြင်ယူခြင်းဖြင့် ပိုမိုချောမွေ့သော စနစ်တစ်ခုသို့ရောက်အောင် အချိန်ယူလုပ်ဆောင်ရန် လိုပါသည်။

## ၃၊ ၄။ အခြေခံ Software တည်ဆောက်ခြင်း

ဖော်ပြပြီးခဲ့သော ကဏ္ဍအားလုံးသည် အခြေခံဆော့ဖ်ဝဲ တည်ဆောက်ခြင်းတွင် အကျုံးဝင်ပြီး ဖြစ်ပါသည်။ သို့သော် အလိုအလျောက်အသိဉာဏ် ထည့်သွင်းချိတ်ဆက်ပြီးသောအချိန်တွင် မည်သည့်စနစ်ဖြင့် ဆော့ဖ်ဝဲ ရေးသားမည်နည်းဟူသော အချက်သည်လည်း ပိုမိုအရေးပါလာပါသည်။ မိမိအသုံးပြုသော အလိုအလျောက် အသိဉာဏ်စနစ်၊ မိမိကျွမ်းကျင်သော ပရိုဂရမ်ရေးသည့် လည်ပတ်မှုစနစ်နှင့် အခြေခံဆော့ဖ်ဝဲဖြစ်ရန် လိုအပ်ပါသည်။ ကွန်ပျူတာဆော့ဖ်ဝဲ ရေးသားရာတွင်–

**Visual Basic (VB System )**

**Java System**

အစရှိသော စနစ်များကို အခြေခံပြီး ရေးသားကြရာ ဘာသာစကားစနစ်မှာမူ အွန်လိုင်း အော့ဖ်လိုင်း နှစ်မျိုးစလုံး အသုံးပြု၍ ရနိုင်ရန်အတွက် စနစ်တကျ ရေးဆွဲရန် လိုပါသည်။ အဆိုပါအခန်းကဏ္ဍတွင် အချက်အလက်အားလုံးကို စနစ်တကျ စီစဉ်ထားသိုရမည်။ ဆော့ဖ်ဝဲလည်ပတ်မှုတွင် အားနည်းချက်များ ရှိပါကလည်း အဆင့် လေးဆင့်စလုံးကို ပြန်လည်စစ်ဆေး အမှားရှာတတ်ရန် လိုအပ်ပါသည်။

အိုင်တီပညာရပ်၊ ဘာသာဗေဒ သဒ္ဒဗေဒ ဘာသာရပ်နှင့် ရူပဗေဒ ဘာသာရပ်တို့ ပေါင်းစပ်ဖော်ဆောင်ရမည်ဖြစ်သဖြင့် ကျွမ်းကျင်ပညာရှင်များ စုပေါင်းလုပ်ဆောင်ရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ခြုံငုံသုံးသပ်ချက်

ကွန်ပျူတာသုံး မြန်မာစကားအသံထွက်စနစ်ကို တည်ဆောက်ရာတွင် အဆင့်တစ်ဆင့်ချင်းစီသည် အရေးအလွန်ပါသည်။ တစ်ဆင့်တွင် တစ်စုံတစ်ရာ မှားယွင်းသွားပါက နောက်ဆုံးဆော့ဖ်ဝဲအဆင့်သို့ ရောက်ရှိချိန်တွင် အခက်အခဲပေါင်းများစွာနှင့် တွေ့ကြုံရမည်သာ ဖြစ်သည်။ ထို့ကြောင့် အဆင့်တိုင်းကို ဂရုစိုက်ဆောင်ရွက်ရမည်။ အခက်ခဲဆုံးအဆင့်မှာ အလိုအလျောက်အသိဉာဏ် ထည့်သွင်းခြင်း ကဏ္ဍဖြစ်ပြီး အချိန်ရှိသ၍ ပြုပြင်ပြောင်းလဲနေရမည့် ကဏ္ဍသည်လည်း အဆိုပါကဏ္ဍပင်ဖြစ်ပေသည်။

အချုပ်အားဖြင့် ကွန်ပျူတာသုံးမြန်မာစကားသံစနစ် ဖြစ်ပေါ်လာရန် ဆောင်ရွက်မှုဖြစ်စဉ်များမှာ တစ်ဆင့်ခြင်း ဖြစ်ပေါ်တိုးတက်လာနေပြီဖြစ်ပြီး မကြာမီ ကမ္ဘာ့ဘာသာစကား အသီးသီးနှင့် အဆက်အသွယ် ပြုလုပ်နိုင်သော ပြီးပြည့်စုံသည့် ကွန်ပျူတာသုံး အသံထွက်စနစ်တစ်ရပ် ထွက်ပေါ်လာတော့မည်ဟု ယုံကြည်မိပါသည်။

## နိဂုံး

ကွန်ပျူတာမြန်မာစကားသံထွက်စနစ် တည်ဆောက်မှုကို လေ့လာရာတွင် လေလှိုင်းသဒ္ဒဗေဒနည်းစနစ်အရ ကွန်ပျူတာသုံးမြန်မာစာအသံထွက်စနစ်ကို မည်သို့တည်ဆောက်နိုင်သည်ဟူသော အခြေခံအချက်အလက်များကို စနစ်တကျ လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင် လက်တွေ့နယ်ပယ်တွင် တွေ့ကြုံရနိုင်သော ပြဿနာများ၊ လက်တွေ့နယ်ပယ်တွင် အသုံးကျလာမည့် နည်းစနစ်များကို တွေ့ရှိခဲ့ပါသည်။ မိမိတို့ကိုယ်တိုင်လည်း မြန်မာအသံထွက်စနစ်ကို ဆက်လက်

သုတေသနပြုနေကြမည် ဖြစ်သကဲ့သို့ အခြားတည်ဆောက်နေသူများ ရှိပါကလည်း အချက်အလက်များ မျှဝေသွားမည် ဖြစ်ပါသည်။ မြန်မာသဒ္ဒဗေဒ လေ့လာရေးသာမက ကမ္ဘာသုံး မြန်မာစကားသံစနစ် ပေါ်ပေါက်လာရေးအတွက် အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ပါသည်။

## ကျမ်းကိုးစာရင်း

### မြန်မာဘာသာ


ထွန်းမြင့်၊ ဦး၊ (၁၉၈၅)။ *သဒ္ဒဗေဒ*။ တက္ကသိုလ်များစာပုံနှိပ်တိုက်၊ ရန်ကုန်။

သိန်းထွန်း၊ ဒေါက်တာ။ (၂၀၀၇)။ *လေလှိုင်းသဒ္ဒဗေဒနှင့် မြန်မာ့သဒ္ဒဝုမ်ိနိယာမဗေဒ*။ ရန်ကုန်မြို့၊ ဝင်းရတနာစာပေ။


### အင်္ဂလိပ်ဘာသာ


Jonathan Harrington, (2011). Acoustic Phonetics. Word Press PDF

Ladefoged, (1993), A Course In Phonetics, Fort Worth

Oxford University. (2013). Acoustic Phonetics. Oxford Press

Oxford University. (2013). Auditory Phonetics. Oxford Press

Oxford University. (2000). Phonetics Dictionary. Oxford Press

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# နေ့စဉ်သုံး မြန်မာနှုတ်ပြောစကားအတွင်းရှိ အနက်ချဲ့ထွင်အသုံးများ

သက်ရည်အေး*

## စာတမ်းအကျဉ်း

ဘာသာစကားသည် လူသားတို့ တီထွင်သမျှ အရာအားလုံးတွင် အထူးခြားဆုံးနှင့် အသုံးအဝင်ဆုံး ဆက်သွယ်ရေးကိရိယာ တစ်ခု ဖြစ်သည်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးကို အကြောင်းပြု၍ လူမှုနယ်ပယ်အတွင်း၌ အသုံးအနှုန်းသစ်များ ဖန်တီးသုံးစွဲလာသည့်အတွက် ဘာသာစကားအတွင်း၌ စကားလုံးသစ်များ နေ့စဉ် တိုးပွားလာရပါသည်။ ဘာသာစကားအတွင်း စကားလုံးသစ် တိုးပွားသည့် နည်းလမ်းများတွင် အတွင်ရှိပြီးသား စကားလုံးအဟောင်းကို အနက်အဓိပ္ပာယ် အသစ်ဖြင့် ချဲ့ထွင် အသုံးပြုခြင်းသည်လည်း နည်းလမ်း တစ်ခု ဖြစ်ပါသည်။ သို့ဖြစ်၍ ဤစာတမ်းတွင် နေ့စဉ်သုံး မြန်မာနှုတ်ပြောစကားအတွင်းရှိ အနက်ချဲ့ထွင်အသုံးများကို အသုံးပုံစံသာဓကများဖြင့် လေ့လာတင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ – *အနက်ချဲ့ထွင်ခြင်း၊ အနက်ကျုံ့ခြင်း၊ အနက်ရိုး၊ စကားသုံး၊ ချဲ့ထွင်အနက်။***

## နိဒါန်း

ရှင်သန်နေသည့် ဘာသာစကားမှန်သမျှတွင် အသုံးနှုန်းသစ်များ နေ့စဉ်နှင့်အမျှ တိုးပွားလျက် ရှိပါသည်။ အသုံးနှုန်းသစ်များ တိုးပွားလာရသည့် အကြောင်းကို စူးစမ်းကြည့်လျှင် ခေတ်ကာလ ပြောင်းလဲလာသည်နှင့်အမျှ ခေတ်နှင့်လျော်ညီသည့် ခေတ်ပေါ်အသုံးအနှုန်းသစ်များကို ဖန်တီးသုံးစွဲလာခြင်းသည်လည်း အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ခေတ်ပေါ်အသုံးနှုန်းသစ်များ ဖန်တီးရာတွင် မူလရှိပြီးသား စကားလုံးဟောင်းကိုပင် အနက်အဓိပ္ပာယ်အသစ်ဖြင့် ချဲ့ထွင်အသုံးပြုခြင်းကို အများဆုံး တွေ့ရသည်။ ထို့ကြောင့် ဤစာတမ်းတွင် နေ့စဉ်သုံး မြန်မာနှုတ်ပြောစကားအတွင်းရှိ အနက်ချဲ့ထွင် အသုံးများကို လေ့လာတင်ပြမည် ဖြစ်ပါသည်။

## ၁။ စာတမ်းပြုစုရသည့် ရည်ရွယ်ချက်

- နေ့စဉ်သုံး မြန်မာနှုတ်ပြောစကားအတွင်းရှိ အနက်ချဲ့ထွင် အသုံးပုံစံများနှင့် ယင်းတို့၏ ချဲ့ထွင်အနက်ကို သိစေလိုခြင်း

---

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

- ခေတ်အလျောက် ပေါ်ပေါက်လာသည့် အနက်ချဲ့ထွင် အသုံးများကို စနစ်တကျ မှတ်တမ်းတင်လိုခြင်း
- အနက်ချဲ့ထွင် အသုံးများသည် အချိန်ကြာမြင့်စွာ တည်တံ့လာပါက အဘိဓာန်တွင် တည်ပုဒ်အဖြစ် ထည့်သွင်းနိုင်စေရန်

စသည့် ရည်ရွယ်ချက်များဖြင့် စာတမ်းပြုစုရခြင်း ဖြစ်သည်။

## ၂။ စာပေလေ့လာ ဆန်းစစ်ချက်

နေ့စဉ်သုံး နှုတ်ပြောစကားအတွင်းရှိ အနက်ချဲ့ထွင်အသုံးများ သုတေသနနှင့် ဆက်စပ်၍ ယခင်က ပြုစုခဲ့ဖူးပြီးသော သုတေသနလုပ်ဆောင်မှုများ ရှိ၊ မရှိကို စူးစမ်းရှာဖွေကြည့်သော် 'အနက်ချဲ့ထွင်အသုံးများ' ဟူသော ခေါင်းစဉ် အတိအကျဖြင့် သုတေသနလုပ်ဆောင်ခဲ့မှုကို မတွေ့ရသော်လည်း အနက်ချဲ့ထွင်သဘောနွယ်သည့် မြန်မာဘာသာစကားရှိ ဗန်းစကားနှင့် ဥပစာတင်စားစကားများကို လေ့လာသည့် သုတေသနများစွာ ရှိခဲ့ပြီး ဖြစ်သည်။ ၂၀၁၂ ခုနှစ်က ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနသို့ တင်သွင်းခဲ့သည့် မသီရိတင်၏ 'မြန်မာဘာသာစကားရှိ အနက်ပွားစကားလုံးများ' ဟူသည့် ပါရဂူဘွဲ့ယူကျမ်းသည်လည်း ယခုတင်ပြသည့် သုတေသနနှင့် ခေါင်းစဉ်အသုံး ထပ်တူမကျသော်လည်း သဘောတရားအားဖြင့် နီးနွယ်မှု ရှိပါသည်။ အနက်ချဲ့ထွင်အသုံးနှင့် ပတ်သက်၍ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနသို့ ပါရဂူဘွဲ့အတွက် ၂၀၀၉ ခုနှစ်က တင်သွင်းခဲ့သည့် မသက်ရည်အေး၏ '၂၀ ရာစု နှောင်းပိုင်းမှ ၂၁ ရာစု အစပိုင်းအတွင်း မြန်မာဘာသာစကားတွင် စကားလုံးသစ် တိုးပွားမှု' ခေါင်းစဉ်ဖြင့် ပြုစုခဲ့သည့် ပါရဂူကျမ်းတွင်မူ အနက်ချဲ့ထွင်အသုံးပြုခြင်းကို အခန်းတစ်ခန်းအနေဖြင့် သီးသန့်တင်ပြထားသည်ကို တွေ့ရှိရပါသည်။

## ၃။ အနက်ချဲ့ထွင်ခြင်း[၁]

ဘာသာစကားတစ်ခုတွင် စကားလုံးသစ် တိုးပွားသည့် နည်းလမ်းများတွင် အနက်ချဲ့ထွင် အသုံးပြုခြင်းသည်လည်း နည်းလမ်းတစ်ခုအဖြစ် ပါဝင်ပါသည်။ မောင်ခင်မင်(ဓနုဖြူ)၏ 'ပုဒ်အာနှင့် တက္ကသိုလ်' ဆောင်းပါးတွင် အနက်ချဲ့ထွင်ခြင်းနှင့် ပတ်သက်၍–

---

[၁] extending

> "ရှိပြီးသား စကားလုံးဟောင်းများကို အနက်အသစ် ချဲ့ထွင်အသုံးပြုသည့်နည်းသည် သီးခြားစကားလုံး အသစ်စက်စက် တီထွင်စရာ မလိုဘဲ လူမှုကိစ္စအသစ်များနှင့် လိုက်လျောညီထွေ အသုံးပြုနိုင်သောနည်း ဖြစ်သည့်အတွက် စကားလုံး ဝန်ထုပ်ဝန်ပိုး မဖြစ်ဘဲ အကျိုးရှိရှိ အသုံးပြုနိုင်သောနည်း ဖြစ်သည်။"[၁]

ဟူ၍ ရေးသားထားပါသည်။

ဒေါက်တာအောင်မြင့်ဦး၏ 'လူမှုဘာသာဗေဒမိတ်ဆက်' စာအုပ်တွင်လည်း အနက်ချဲ့ထွင်ခြင်းနှင့်ပတ်သက်၍–

> "လူမှုကိစ္စရပ်တစ်ခု ပေါ်ပေါက်လာတိုင်း စကားလုံးသစ် တစ်ခု တီထွင်ရန်မှာ လွယ်ကူသော ကိစ္စတစ်ရပ် မဟုတ်ပေ။ ထိုသို့ ကိစ္စရပ် တစ်ခုပေါ်တိုင်း စကားလုံးသစ် တစ်ခု ဖြစ်ပေါ်နေလျှင် စကားလုံးများ အလွန်များပြားလာပြီး မှတ်သားရန် ခက်ခဲလာမည် ဖြစ်သည်။ ထို့ကြောင့် အချို့ကိစ္စရပ်များတွင် ရှိပြီးသား စကားကိုပင် အနက်ချဲ့ထွင်ကာ ဆန်းသစ် အသုံးပြုလာသည်။ အနက်ချဲ့ထွင်ရာတွင် တစ်ချိန်တစ်ခါက အဓိပ္ပာယ်တစ်မျိုးဖြင့် သုံးသော စကားလုံးတစ်ခုကို နောက်တစ်ချိန်တွင် အခြား အဓိပ္ပာယ် တစ်မျိုးမျိုးဖြင့် ပြောင်းလဲသုံးစွဲခြင်းဖြင့် အဓိပ္ပာယ် ကျယ်ပြန့်လာသည်။ ထိုသို့ ချဲ့ထွင်ရာတွင် တစ်ခါတစ်ရံ မူလအဓိပ္ပာယ်နှင့် နီးစပ်မှုရှိ၍ တစ်ခါတစ်ရံ မူလအဓိပ္ပာယ်နှင့် အလှမ်းကွာနေတတ်သည်။"[၂]

ဟူ၍ ရေးသားဖော်ပြထားသည်ကို ဖတ်ရှုမှတ်သားရပါသည်။

အနက်ချဲ့ထွင်ခြင်းနှင့် ပတ်သက်၍ အက်ဒ်ဝပ်ဖင်ဂန်၏ Language its Structure and Use စာအုပ်တွင်–

> "ရှိပြီးသား စကားလုံးများတွင် အဓိပ္ပာယ်အသစ် ရနိုင်သည့်နည်း နှစ်နည်း ရှိသည်။ ယင်းတို့မှာ အနက်ကျုံ့ခြင်းနှင့် အနက်ချဲ့ထွင်ခြင်းတို့ ဖြစ်သည်။ ဗီယက်နမ်စစ်ပွဲအတွင်း စစ်ကို ထောက်ခံသူကို သိမ်းငှက်ဖြင့် ကိုယ်စားပြုပြောဆိုပြီး ငြိမ်းချမ်းရေးအား

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၀၇၊ ၁၈။

[၂] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၃၊ ၁၂၉–၁၃၀။

ထောက်ခံလိုလားသူကို ချိုးငှက်ဖြင့် ကိုယ်စားပြု ပြောဆိုသုံးစွဲပါသည်။ နဂိုရှိပြီးသား စကားလုံး သိမ်းငှက်၏ တိုက်ခိုက်တတ်သည့် သဘာဝကို ယူပြီး စစ်လိုလားသူကို သိမ်းငှက်၊ ငြိမ်းချမ်းရေး သင်္ကေတအဖြစ် ချိုးငှက်ကို ယူခြင်းဖြင့် အဓိပ္ပာယ်သစ် တိုးလာခြင်း ဖြစ်သည်။ အနက်အဓိပ္ပာယ်သစ်များသည် မူလရှိပြီးသား အဓိပ္ပာယ်တွင် အစားထိုးခြင်း မဟုတ်ဘဲ စကားလုံး၏ အသုံးသစ် တိုးလာခြင်း ဖြစ်သည်။ ယင်းသည် စကားလုံးများကို အသုံးချနိုင်သော စွမ်းအားကို ချဲ့ထွင်လိုက်ခြင်း ဖြစ်သည်။ ၎င်းကို အနက်ရွေ့ခြင်း (သို့မဟုတ်) ဥပစာတင်စား၍ ချဲ့ထွင်ခြင်း ဟုလည်း ခေါ်သည်။"[၁]

ဟူ၍ ဖော်ပြထားသည်ကို ဖတ်ရှုလေ့လာရပါသည်။

သို့ဖြစ်၍ အနက်ချဲ့ထွင်ခြင်းနည်းဖြင့် စကားလုံးသစ်တိုးပွားမှုဟု ဆိုရာတွင် စကားလုံးအသစ်ဆိုသည်ထက် အသုံးတွင်ပြီးသား စကားလုံးအဟောင်း၊ တွေ့နေ၊ မြင်နေကျ စကားလုံးအဟောင်းကိုပင် အနက်အဓိပ္ပာယ်အသစ်ဖြင့် ပြောင်းသုံးခြင်းသာ ဖြစ်ပါသည်။ လူမှုကိစ္စရပ်တစ်ခုတွင် အသုံးတွင်ပြီးသား စကားလုံးအဟောင်းကို အခြားလူမှုကိစ္စရပ် အသစ်တစ်ခု ပေါ်ပေါက်လာသောအခါ ထိုစကားလုံးအဟောင်းကိုပင် အနက်အဓိပ္ပာယ်အသစ်ဖြင့် ချဲ့ထွင်အသုံးပြုလိုက်ခြင်း ဖြစ်သည်။

## ၃၊ ၁။ နေ့စဉ်သုံး နှုတ်ပြောစကားအတွင်းရှိ အနက်ချဲ့ထွင်အသုံးများ

## (၁) ကစ်

ဖော်ပြပါစကားသုံးသည် အင်္ဂလိပ်ဝေါဟာရ kick ကို အသံလှယ်ထားခြင်း ဖြစ်နိုင်ပါသည်။ အနက်ရိုးမှာ 'ကန်သည်' ဟူသော အဓိပ္ပာယ် ဖြစ်သည်။ နေ့စဉ်သုံး နှုတ်ပြောစကားတွင်မူ မူလအနက်ရိုးဖြင့် မဟုတ်ဘဲ အနက်ချဲ့ထွင် သုံးစွဲလျက်ရှိပါသည်။

"ငါ့ကို လာဖွဲ့နေတဲ့ ကောင်မကို ပြန်ကစ်ထည့်လိုက်တာ ငုတ်တုတ်မေ့သွားပြီ"

"ဘလိုင်းကြီး လာကစ်နေပါလား"

[၁] သက်ရည်အေး၊ မ၊ ၂၀၀၉၊ ၈၇။

စသည့် စကားသုံးများအရ 'ကစ်' ၏ အနက်မှာ 'စကားဖြင့် ထိုးနှက်တိုက်ခိုက်သည်' ဟူသော အဓိပ္ပာယ် ဖြစ်သည်။ ခြေထောက်ဖြင့် ကန်ကျောက်တိုက်ခိုက်လျှင် ခန္ဓာကိုယ် ထိခိုက်နာကျင်ရသကဲ့သို့ စိတ်၌ အထိနာအောင်၊ အခံရခက်အောင် စကားလုံးဖြင့် ထိုးနှက်တိုက်ခိုက်ခြင်းကိုလည်း 'ကစ်သည်' ဟူ၍ မျက်မှောက် အခိုက်အတန့်တွင် လူငယ်ထုကြား၌ အသုံးများလျက် ရှိပါသည်။ 'ကစ်' ၏ အဓိပ္ပာယ်ကို အဘိဓာန်အနက်တွင် 'စကားဖြင့် ထိုးနှက်တိုက်ခိုက်သည်' ဟု ဖော်ပြ မထားသည့်အတွက် ယင်းအသုံးသည် နဂိုရှိပြီးသား အင်္ဂလိပ်ဝေါဟာရ kick နှင့် အနက်ဆက်နွယ်ချဲ့ထွင်သုံးထားသည့် သဘောပင် ဖြစ်ပါသည်။

## (၂) ခရူ

ခရူဟူသော အသုံးမှာ အင်္ဂလိပ်ဝေါဟာရ cute /kju:t/ ကို ခရူ /khá jú/ ဟူ၍ မြန်မာစကားတွင် ရှိပြီးသား 'ခရု' ဝေါဟာရနှင့် ရုပ်သွင်တူ အနက်ကွဲပုံစံ ဖန်တီး သုံးစွဲထားခြင်း ဖြစ်နိုင်ပါသည်။ မြန်မာဘာသာစကားတွင် အသုံးတွင်ပြီးသား ခရု၏ အနက်ရင်းမှာ 'အသားစိုင်ကို အခွံအမာ ဖုံးလျက်ရှိသော ကျောရိုးမဲ့ ရေသတ္တဝါ' ဟု အနက်ရသည်။

"မီးမီးပုံလေး ခရူလားဟင်။ ခရူရင် တစ်ခုခု ရေးပေးခဲ့နော်။"

"ဘေဘီလေးက ခရူလိုက်တာ"

စသည့် အသုံးများတွင် ခရူ၏အနက်မှာ ချစ်စရာကောင်းသည် ဟူသော အဓိပ္ပာယ် ဖြစ်သည်။ ဖော်ပြပါအသုံးသည် ဖေ့စ်ဘွတ်ပေါ်တွင် အသုံးတွင်နေသော စကားလည်း ဖြစ်ပါသည်။ အင်္ဂလိပ် အသံလှယ်ဝေါဟာရကို မြန်မာဘာသာစကားတွင် အတွင် ရှိပြီးသား ဝေါဟာရနှင့် ရုပ်သွင်တူ အနက်ကွဲပုံစံ ဖန်တီးပြီး အနက်ချဲ့ထွင်သုံးစွဲ ထားခြင်း ဖြစ်မည်ဟု ထင်ပါသည်။

## (၃) ချေ

'ချေ' ဟူသော အသုံးသည် လူငယ်အုပ်စုကြားတွင် အလွန်အသုံးတွင်နေသော စကားသုံး ဖြစ်သည်။ အဘိဓာန်တွင် ပါရှိသော 'ချေ' အနက်တွင် အနက်ပွား များစွာ ရှိပါသည်။

| | |
|---|---|
| ချေ၁ /ဂျီ/ န | – ဟောက်တတ်သော ဒရယ်မျိုးဝင်သားကောင် |
| ချေ၂ /ချေ/ စည်း | – ကြိယာကို လေးနက်ပြေပြစ်စေသော စကားလုံး |

ချေ[၃] /ချေ– ချီ/ကြိ – နှာခေါင်းနှင့် ပါးစပ်မှ လေခါလှုပ် မြည်ထွက်သည်။ ချေဆတ်သည်။ နှာချေသည်။

ချေ[၄]/ချေ/ကြိ – ပပျောက်စေသည်။ ကျေစေသည်။ သူတစ်ပါး ပြောဆိုသည်ကို ကျေပျက်အောင် ပြန်လည် ဖြေကြားသည်။ ချေပသည်။ ပစ္စည်းဝယ်ရာတွင် တန်ဖိုးကို ပေးသည်။[၁]

ဟူသော အနက်များကို အဘိဓာန်တွင် ဖော်ပြထားသည်။

"အဲဒီစော် အရမ်းချေတာ၊ ငါ ရအောင် လိုက်ပြမယ်။"

"နင်ကလည်း ချေလှချည်လား"

စသည့် အပြောစကားများတွင် 'ချေ' ၏ အနက်မှာ 'မာနကြီးသည်။ ဘဝင်မြင့်သည်။ ကြီးကျယ်သည်။ တော်ရုံတန်ရုံလူကို အဖက်မလုပ်' ဟူသော အနက်ဖြင့် ချဲ့ထွင် သုံးစွဲထားခြင်း ဖြစ်ပါသည်။

## (၄) ဂေါက်သီး

'ဂေါက်သီး' ဟူသော ဝေါဟာရသည် 'စိတ်ကောက်တတ်သူ၊ ကြောင်တောင်တောင် အတွေးအခေါ်များဖြင့် ပြုမူ၊ ပြောဆိုသူ၊ ခွတီးခွကျနိုင်သူ' ကို ရည်ညွှန်းသုံးစွဲသော ဝေါဟာရ ဖြစ်သည်။ 'စိတ်ကောက်နေသည်' ကို စကားလုံးလျှော့ပြောသည့်အခါ 'စိတ်' ဖြုတ်ပြီး 'ကောက်နေသည်' ဟု ပြောဆိုသုံးစွဲတတ်ပါသည်။ မြန်မာဘာသာစကားတွင် ကောက်လည်းကောက်၊ ကိုင်းလည်းကိုင်းသော အရာကို 'ဂိုင်း' ဟု အသံထွက်သကဲ့သို့ 'ကောက်' သူကို 'ဂေါက်' ဟု အသံထွက်ကာ အချို့အရပ်ဒေသများတွင် စိတ်ကောက်သူကို 'ဂေါက်ချီး' (ချေး) ဟု ပြောဆိုလေ့ ရှိပါသည်။

'ဂေါက်သီး' ဝေါဟာရကို လျှို့ဝှက်ပြောဆိုရာတွင် စကားလုံးတွဲစပ် ဖန်တီးပုံမှာလည်း စိတ်ဝင်စားဖွယ် ဖြစ်သည်။ မြန်မာဘာသာစကားတွင် တွဲလုံးအသုံးများ ရှိပါသည်။ ဥပမာ – 'ကြယ်သီး၊ နှာသီး၊ မီးသီး' စသည့် စကားလုံးများကဲ့သို့ပင် 'ဂေါက်' ဟူသော စကားလုံးကို 'သီး' နှင့်တွဲကာ 'ဂေါက်သီး' ဟူ၍ ဂေါက်ကစား ရာတွင် အသုံးပြုသည့် 'ဘောလုံး (ဂေါက်သီး)' အသုံးနှင့် ယှဉ်ကပ်ကာ ကြားသူ မသိနိုင်အောင် အနက်ဆက်နွှယ် ချဲ့ထွင်သုံးထားခြင်း ဖြစ်သည်။

---

[၁] ခရီးဆောင်မြန်မာအဘိဓာန်၊ ၁၉၉၉၊ ၅၁။

"ဒီကောင်က ဂေါက်သီးဟ"

"ဂေါက်သီးတွေနဲ့ အလုပ်လုပ်ရတာ အဆင်မပြေဘူး"

စသည့် အသုံးများတွင် 'ခွတီးခွကျနိုင်သူ၊ စိတ်ကောက်သူ' ကို 'ဂေါက်၊ ဂေါက်သီး' ဟု လူငယ်အုပ်စုအတွင်း လျှို့ဝှက်စွာ ပြောဆိုသုံးစွဲရာမှ လူမှုအုပ်စု အကြီးကြီးအထိ ကျယ်ပြန့်လာသော ဝေါဟာရ ဖြစ်သည်။ ကြောင်းကျိုးဆက်စပ် ဆင်ခြင်ကြည့်လျှင် အနက်ချဲ့အသုံး 'ဂေါက်သီး' သည် 'ဂေါက်ချီး' ဟူသော ဝေါဟာရနှင့် အဓိပ္ပာယ် အတူတူပင် ဖြစ်သည်။ စိတ်ကောက်သူသည် ခွတီးခွကျနိုင်သကဲ့သို့ပင် 'ဂေါက်သီး' ဟု အခေါ်ခံရသူများမှာလည်း ခွတီးခွကျသမားများပင် ဖြစ်သည်။ ဖော်ပြပါ စကားလုံးကို လူငယ်အုပ်စုအတွင်း လျှို့ဝှက်စွာ သုံးစွဲရာမှ ယခုအခါ လူတတ်ပိုင်းအရွယ်များ၌ပါ ကျား၊မ မရွေး၊ လူမှုအဆင့်အတန်း မရွေး တွင်တွင်ကျယ်ကျယ် သုံးစွဲနေသော ဝေါဟာရ ဖြစ်ပါသည်။

## (၅) ဂျင်း

'ဂျင်း' ဟူသော အသုံးသည် ယနေ့ခေတ် လူငယ်၊ လူလတ်ပိုင်းတွင် အသုံးတွင်နေသော ဝေါဟာရ ဖြစ်သည်။ ချင်း /ဂျင်း/ ဝေါဟာရမှ ဆင့်ပွားချဲ့ထွင် လာသော အနက် ဖြစ်သည်။ စာလုံးပေါင်းအမှန်မှာ 'ချင်း' ဖြစ်သော်လည်း 'ဂျင်း' ဟူ၍သာ အသံထွက်အတိုင်း သုံးစွဲပါသည်။ 'ချင်း (ဂျင်း)' ၏ အနက်ရင်းမှာ အရသာ ပူစပ်သော အမြစ်အတက်ရှိသည့် အပင်ငယ်တစ်မျိုး ဟူ၍ ဖြစ်သည်။

"ရေကျော်ပွဲဈေးမှာ အကြော်စုံတစ်ပွဲကို ခုနစ်ထောင်ပေးလိုက်ရတာ ဂျင်းထည့်ခံရတာပဲ"

"ရှေးဟောင်းဗီရိုကြီးက တဒေါက်ဒေါက် အသံမြည်တယ်ဆိုပြီး ဖွေ့စ်ဘွတ်ပေါ်မှာ တင်ထားတဲ့ ဗွီဒီယိုဖိုင်ကို ဂျင်းလို့ထင်လား"

စသည့် အပြောစကားများတွင် ဂျင်း၏အနက်မှာ 'အလိမ်အညာ၊ အလိမ်အညာ ခံရသည်' ဟူသော အနက် ဖြစ်သည်။ ဂျင်းစားမိလျှင် လျှာတွင် ပူစပ်ပူလောင် ခံစားမှု ဖြစ်သွားသကဲ့သို့ အခံရခက်အောင် အထိနာစေသည့် လိမ်လည်မှုမျိုးနှင့် ကြုံရလျှင် ဂျင်းထည့်ခံရသည်ဟု မူလအနက်ရင်းနှင့် ဆက်နွှယ်ကာ အနက်ချဲ့ထွင် သုံးစွဲပါသည်။

## (၆) ငုတ်တုတ်မေ့

ဖော်ပြပါအသုံး၏ အနက်ရိုးမှာ 'ထိုင်လျက်ဖြင့် အသိအာရုံ ကင်းကွာသွားသည်။ ထိုင်လျက် သတိလစ်သွားသည်။' ဟူ၍ ဖြစ်သည်။ အနက်ချဲ့ထွင်အသုံးပြုသောအခါ တစ်စုံတစ်ခုသော ကိစ္စ၌ ပြန်မချေပနိုင်အောင် ဆွံ့အသွားလျှင်သော်လည်းကောင်း၊ မည်သို့မျှ မျှော်လင့်မထားသည့် အံ့သြစရာ ကိစ္စတစ်ခုခုကို ရုတ်တရက် ကြားလိုက်ရပြီး အထိနာသွားလျှင်သော်လည်းကောင်း ငုတ်တုတ်မေ့သွားသည်ဟု ပြောဆိုလေ့ ရှိပါသည်။ မေ့မျောလျှင် လဲကျသွားရမည် ဖြစ်သည်။ လဲ၍ပင်မကျလိုက်ရဘဲ ချက်ချင်း ငုတ်တုတ်မေ့သွားသည်ဟု ဆိုခြင်း ဖြစ်သည်။ ဘာမျှပြန်မတုံ့ပြန်နိုင်အောင် ဆွံ့အသွားသည့် အခြေအနေကို တင်စားသုံးထားခြင်း ဖြစ်သည်။

"ငါ ကစ်ထည့်လိုက်တာ ငါးမြွေထိုးမ ငုတ်တုတ်မေ့သွားတယ်"

"ကြည့်စမ်း --- ကြည့်စမ်း လည်လိုက်တာ၊ ပိစိညှောက်တောက်<br>လက်တောက်လောက်လေးက ပြောတတ်လိုက်တာ၊ သူ့ဖိုးအေတောင်<br>ဘာပြန်ပြောရမှန်း မသိဘူး။ ငုတ်တုတ်မေ့သွားတယ်။"

စသော အသုံးများ၌ 'ငုတ်တုတ်မေ့' ဟူသော အနက်သည် အမှန်တကယ် ငုတ်တုတ်မေ့ခြင်း မဟုတ်ဘဲ ရုတ်တရက် အထိနာသွားသည်။ တအံ့တသြဖြစ်ကာ ဆွံ့အသွားသည် ဟူသော အနက် ဖြစ်ပါသည်။ လူမှုနယ်ပယ်တွင် ဖော်ပြပါ အနက်ချဲ့ထွင်အသုံးကို တွင်တွင်ကျယ်ကျယ် သုံးစွဲလျက် ရှိပါသည်။

## (၇) စနိုက်ကျော်မ

ဖော်ပြပါအသုံးတွင် 'စနိုက်' ဆိုသည်မှာ 'ရေဘဲ၊ ရေစစ်စလီ၊ စစ်စလီ' ကို မြန်မာနိုင်ငံ အလယ်ပိုင်း ပြည်ခရိုင် တစ်ဝိုက်တွင် ခေါ်ဝေါ်သော ဝေါဟာရ ဖြစ်သည်။ (အချို့သော အရပ်ဒေသများတွင်လည်း ဤအခေါ်အဝေါ် ရှိကောင်း ရှိပါလိမ့်မည်။ သို့တည်းမဟုတ် အထက်ပါ အခေါ်အဝေါ်များနှင့် မတူသည့် အခေါ်အဝေါ်များလည်း ရှိကောင်း ရှိပါလိမ့်မည်။) ခရီးသွားများကို လမ်းခရီးတွင် အကြော်စုံ ရောင်းချရာ၌ ကြက်၊ ငှက် အကြော်များလည်း ပါဝင်တတ်သည်။ ထိုအထဲတွင် မြေလတ်ဒေသသို့ ဖြတ်သန်းရသည့် ခရီးသွားများသည် အဆိုပါ စနိုက်ကြော် (ရေဘဲကြော်) များနှင့်လည်း စိမ်းဟန် မတူပေ။ အချို့က ယင်းငှက်ကြော်အရသာကို နှစ်သက်ကြသကဲ့သို့ အချို့က ယင်းစကားသုံးကို နှစ်သက်ကြဟန် တူသည်။ 'စနိုက်' တွင် 'နိုက်' ၏ အသံထွက်ကို

'နိုက်' ဟူ၍လည်းကောင်း၊ 'နှိုက်' ဟူ၍လည်းကောင်း ထွက်ကြသည်။ ရှေ့က 'စ' ကို မတြာဝက် 'စ' သံဖြင့် ထွက်သည်။

'ကြော်' (ဆီဖြင့် ချက်ပြုတ်၍ တစ်စုံတစ်ရာကို ကျက်စေခြင်း) ဟူသည့် စကားလုံး၏ အသံထွက်သည် 'ကျော်' (တစ်စုံတစ်ရာက တစ်စုံတစ်ရာ၏ အပေါ်က ရောက်ရှိ ဖြတ်သန်းသွားခြင်း) ဟူသည့် စကားလုံး၏ အသံထွက်နှင့် ထပ်တူကျ နေသည်။ ထိုအခါ 'စနိုက်ကြော်' ဟူသည့် စကားလုံးကို /စနိုက်ကျော်/ သို့မဟုတ် /စနှိုက်ကျော်/ ဟု အသံထွက်ကြသည်။ ဤတွင် ရှေ့အသံ 'စ' ကို /စ့/ ဟု ထွက်ပြီး ဒုတိယအသံကို /နှိုက်/ ဟု ထွက်ကာ တတိယစကားလုံး ကို 'ကျော်' ဟူသည့် သတ်ပုံဖြင့် အသုံးပြုပါက 'တစ်စုံတစ်ရာကို တစ်စုံတစ်ရာက အစပြု ထိုးနှိုက်ယူ၍ ခွကာကျော်ကာဖြင့် အနိုင်ယူသည်။' ဟူသည့် အနက်သစ် ဖြစ်လာ သည်။ ဤအသုံးမျိုးကို သာမန်အရပ်သုံးစကားတွင် မတွေ့ရပေ။ သို့ရာတွင် အခြား သူတစ်ပါး၏ အိမ်ထောင်ဘက်ကို သိသိသာသာ ကျူးလွန်သူများကို 'ကြောင်တောင်နှိုက်' ဟူသည့် အသုံးဖြင့် ယှဉ်ကပ်ပြောဆိုလေ့ ရှိနှင့်ပြီးသား ဖြစ်သည်။ ထိုအခြေအနေမျိုး အတွက် 'ကြောင်တောင်နှိုက်' ဟု ပြောလျှင် မြန်မာစကားကို မိခင်ဘာသာစကား ပြောနေသူတို့အဖို့ အလွယ်တကူ သိသာနားလည်နိုင်သည်။ ဗန်းစကားပြောသူ လူငယ် လူရွယ်တို့အဖို့ မိမိ အသိုင်းအဝန်းအတွင်း ရယ်ရွှင်ဖွယ်ရာအတွက် ဖြစ်စေ၊ မိမိတို့က လွဲ၍ အခြားသူတို့ အလွယ်တကူ အနက်ဖော်၍ မရစေလို၍ဖြစ်စေ ဗန်းစကားကို တီထွင် အသုံးပြုကြသည်သာ ဖြစ်သည်။ ထိုသဘောအတိုင်းပင် ဤမူလ 'စနိုက်ကြော်' ဟူသည့် စကားသုံးကို သူတစ်ပါး လင်သား/သားမယားကို မရိုးသားသော (ကိလေသာ)သဘောဖြင့် ပေါ်ပေါ်တင်တင် ကျူးလွန်ဆက်ဆံကြသည့် အခြေအနေကို ထင်ဟပ်ပြောဆိုရာ၌ သုံးစွဲလာကြသည်။ ဆိုလိုချင်သော သဘောမှာ 'တစ်စုံတစ်ဦးက စတင်၍ သူတစ်ပါးအိမ်ရာကို ထိုးနှိုက်ယူငင်ဆက်ဆံပြီး မူလလက်ရှိ အိမ်ထောင်ဘက်ကို ကျော်ခွသွားသည်' ဟူသည့် အနက် ဖြစ်သည်။ မျက်မှောက်ခေတ် အရပ်ထဲ၌ ထိုအသုံးမျိုးကို ဤသို့တွေ့ရသည်။

(က) 'စနိုက်ကြော်တွေ လာနေပြီ။ စနိုက်ကြော်တွေ။ စနိုက်ကြော်တွေ။' ဟု (မိမိလင်ယောကျ်ားကို မြှူဆွယ်နေသည့် မိန်းကလေး(များ) မိမိတို့ အနီးသို့ ရောက်လာသောအခါ သူငယ်ချင်းများနှင့်အတူ ထိုမိန်းကလေး (များ)ကို လှောင်ပြောင်လိုသည့် သဘောဖြင့် ပြောဆိုခြင်း ဖြစ်သည်။

(ခ) 'ငါ့လင်ကို လာနှိုက်မယ် မကြံနဲ့နော်။ စနိုက်ကြော်မ။ အသေဖြဲပစ် လိုက်မယ်။' ဟု ပြောဆိုရာတွင် မိမိလင်ယောကျ်ားနှင့် မရိုးသားသော (ကိလေသာ)သဘောဖြင့် အဆက်အဆံရှိသည်ဟု တစ်ထစ်ချ ယူဆ

ထားသော မိန်းကလေးကို ဇနီးဖြစ်သူက ကြိမ်းဝါးပြောဆိုနေခြင်း ဖြစ်သည်။

ဤအသုံးသည် ယောကျ်ား၊မိန်းမ မရွေး ရည်ညွှန်းသည် ဆိုသော်လည်း မိန်းမကို ရည်ညွှန်းပြောဆိုသည်က များသည်။ အချစ်ရေး၊ အိမ်ထောင်ရေးအတွက် အသုံးပြုသည်က များသည်။ မိန်းမနှင့် မိန်းမလျာများ အသုံးများသည်။ လူငယ်များထက် လူလတ်ပိုင်းများ အသုံးများသည်။ ရန်ဖြစ်ချိန်၊ အတင်းပြောချိန်၊ စောင်းမြောင်းပြောဆိုချိန်၊ ကဲ့ရဲ့ပြစ်တင်ချိန် စသည့် အခြေအနေတို့တွင် အသုံးများသည်။

## (၈) ဆေးထိုး

ဖော်ပြပါအသုံး၏ အနက်ရိုးမှာ 'ဆေးရည်ကို ပြွန်အပ်ဖြင့် အသားထဲ၊ အကြောထဲ သွင်းသည်။ ဆေးနီ၊ ဆေးနက်ကို အသားအရေတွင်စွဲအောင် စုတ်ဖြင့်ထိုးနှံသည်' ဟူသော အနက် ဖြစ်သည်။ ကျန်းမာရေးအတွက် ဆေးထိုးသည်ဖြစ်စေ၊ ထိုးကွင်းမင်ကြောင်အလို့ငှာ ဆေးထိုးသည်ဖြစ်စေ ဆေးထိုးခံရသူအဖို့ သက်သောင့်သက်သာ ခံစားမှုမျိုး မဖြစ်ပါ။ နာကျင်ခြင်း၊ အခံရခက်ခြင်း စသည့် ဝေဒနာမျိုးကိုသာ ဖြစ်ပေါ်စေသည်။ ထိုသဘောနှင့်ဆက်စပ်၍ တစ်ဖက်သားကို အခံရခက်အောင်၊ ချောက်ကျအောင်၊ နာကျင်အောင်၊ အခက်တွေ့အောင်လုပ်သည်ကို ဆေးထိုးသည်ဟု အနက်ချဲ့ထွင် သုံးစွဲပါသည်။

> "မေးခွန်းတွေကို ဖြေတဲ့အခါ (၁၀)စက္ကန့်အတွင်း ကိုယ့်ဘာသာ
> သေချာစဉ်းစားပြီးမှ ခလုတ်ကို နှိပ်ပါ။ နောက်ကလျှောက်အော်
> နေတဲ့ ဆေးထိုးတာတွေကို မယုံပါနဲ့"

ဖော်ပြပါပြောစကားအရ 'ဆေးထိုး' ၏ ချဲ့ထွင်အနက်မှာ တစ်ဖက်သားကို ချောက်ချသည်။ အခက်တွေ့အောင် လုပ်သည် ဟူသော အဓိပ္ပာယ် ဖြစ်သည်။ ထိုအသုံးသည် မျက်မှောက်ခေတ်တွင် လူငယ်တို့ အသုံးများနေသည့် အနက်ချဲ့ထွင် အသုံးပုံစံ ဖြစ်သည်။

## (၉) တောင်ပံကျိုး

ဖော်ပြပါအသုံးသည် 'တောင်ပံနှင့် ကျိုး' ကို ပေါင်းစပ်အသုံးပြုထားခြင်း ဖြစ်သည်။ တောင်ပံ၏အနက်ရိုးမှာ 'ကြက်၊ ငှက် စသည်တို့ ပျံရာတွင် အသုံးပြုသည့် အင်္ဂါအစိတ်အပိုင်း။ လေယာဉ်၏ ကိုယ်ထည်ဘေးရှိ အတောင်ကဲ့သို့အရာ' ဟူသော အနက် ဖြစ်သည်။ 'တောင်ပံကျိုး' ၏ အနက်ရိုးမှာ ခြေကျိုး၊ လက်ကျိုးသကဲ့သို့

တောင်ပံ ထိခိုက်ဒဏ်ရာရခြင်း၊ ပျက်စီးသွားခြင်းကို ဆိုလိုသည်။ တောင်ပံနှင့် ပျံသန်းရသည့် သတ္တဝါတွင် တောင်ပံကျိုးသွားပါက ရှေ့ခရီးမဆက်နိုင်တော့ချေ။ ထိုအခါ မိမိလိုရာကိုလည်း မပျံသန်းနိုင်၊ မိမိလိုရာအစာလည်း မရှာဖွေနိုင်တော့ဘဲ အခက်တွေ့ရပေတော့သည်။ ထိုသဘောနှင့် ဆက်စပ်၍ အနက်ချဲ့ထွင် အသုံးပြုထားခြင်း ဖြစ်သည်။

"ရှေ့မှာ ၂၂ တောင်ပံကျိုးနေတယ်"

ဖော်ပြပါပြောစကားအရ ဘတ်(စ်)ကားများ လမ်းကြောင်းပေါ်တွင် ပြေးဆွဲနေရင်း စက်ချွတ်ယွင်းသွားလျှင် ခရီးမဆက်နိုင်တော့သည့် အခြေအနေကို တောင်ပံကျိုးသွားပြီဟု တင်စားပြောဆိုလေ့ ရှိပါသည်။ သို့ဖြစ်၍ တောင်ပံကျိုးသည် ဘတ်(စ်)ကားလောကသား အသုံးဖြစ်ပြီး ချဲ့ထွင်အနက်မှာ 'ကားပျက်သည်' ဟူသော အဓိပ္ပာယ် ဖြစ်ပါသည်။

## (၁၀) နှိုက်မြည်း

ဖော်ပြပါအသုံးမှာ 'နှိုက်' နှင့် 'မြည်း' ကို ပေါင်းစပ်ဖန်တီး သုံးစွဲထားခြင်း ဖြစ်သည်။ 'နှိုက်' ၏ အနက်ရင်းမှာ '(၁) လက်စသည်ကို တစ်စုံတစ်ရာ၏ အတွင်းသို့ ထည့်သွင်းသည်။ (၂) ယင်းသို့ ထည့်သွင်း၍ တစ်စုံတစ်ရာကို ထုတ်ယူသည်။' ဖြစ်ပြီး 'မြည်း' ၏ အနက်ရင်းမှာ ကြိယာအနေဖြင့် အရသာသိအောင် အနည်းငယ် စားကြည့်သည်။ သောက်ဖွယ်နှင့်တွဲ၍ အနည်းငယ်စီ စားသည် ဟူ၍ ဖြစ်သည်။ သို့ဖြစ်၍ 'နှိုက်မြည်း' ၏ အနက်ရင်းမှာ 'စားစရာ၊ သောက်စရာ တစ်ခုခုကို ကောင်း၊ မကောင်း သိလိုသည့်အတွက် စူးစမ်းသည့်သဘောဖြင့် ဦးစွာ အနည်းငယ် စားကြည့်သည်။' ဟူသော အဓိပ္ပာယ် ဖြစ်သည်။ အချို့စားသောက်ကုန်ကို ဝယ်ယူသူအား အမြည်းစားကြည့်စေလေ့ ရှိသည်။ ဝယ်သူက နှိုက်မြည်းကြည့်ပြီး နှစ်သက်လျှင် ဝယ်နိုင်ပါသည်။ မြည်းကြည့်ပြီး မဝယ်လိုကလည်း ပြဿနာ မရှိပေ။ ဤသဘောနှင့် ဆက်နွှယ်၍ အနက်ချဲ့ထွင် သုံးစွဲထားခြင်း ဖြစ်သည်။

"ဒီကောင့် အကျင့်က နှိုက်မြည်းတာလောက်ပဲ လုပ်ချင်တာ"

ဖော်ပြပါစကားအရ နှိုက်မြည်း၏ ချဲ့ထွင်အနက်မှာ ချစ်သူရည်းစားကို အတည်မကြံဘဲ အခွင့်အရေးယူသည် ဟူသော အဓိပ္ပာယ် ဖြစ်ပါသည်။

## (၁၁) ပိန်းဉ

'ပိန်းဉ' ဟူသော အသုံး၏ အနက်ရိုးမှာ ပိန်းပင်မှရသောဉ ဟူ၍သာ ဖြစ်သည်။ အနက်ချဲ့ထွင်အသုံးမှာ 'နုံအသူ၊ ဉာဏ်တုံးသူ၊ လူရည်မလည်သူ' ဟူသော အနက်ဖြင့် သုံးစွဲခြင်း ဖြစ်သည်။ 'ဉာဏ်တုံးသူ၊ မပါးနပ်သူ' ကို ဗန်းစကားဖြင့် 'ထူ' သည်ဟု ယခင်က သုံးခဲ့ဖူးပါသည်။ မြန်မာဘာသာစကားတွင် 'ထူပိန်း' ဟူသော အတွင်ဝေါဟာရ ရှိနှင့်ပြီးဖြစ်သောကြောင့် တုံးအသူ၊ မပါးနပ်သူကို 'ထူ' သည်အစား 'ပိန်း' သည်ဟု ပြောင်းလဲသုံးစွဲလာသည်။ မျက်မှောက်ခေတ်တွင်မူ 'ပိန်း' တစ်လုံးတည်း မဟုတ်တော့ဘဲ ရှိနှင့်ပြီးသား 'ပိန်းဉ' စကားလုံးနှင့် ရုပ်သွင်တူ အနက်ကွဲပုံစံ ချဲ့ထွင် သုံးစွဲလာပါသည်။

> "ငါ ဒီလောက်ပြောပြနေတာတောင် နင်သဘောမပေါက်ဘူး။
> နင်က တကယ်ပိန်းဉပဲဟာ"
>
> "စီးပွားရေးလုပ်မယ်ဆို ပိန်းဉဖြစ်နေလို့ကတော့ သွားပြီ"

ဖော်ပြပါစကားများအရ ပိန်းဉ၏ ချဲ့ထွင်အနက်မှာ 'တုံးအသူ၊ မပါးနပ်သူ၊ လူရည်မလည်သူ' ဟူသော အဓိပ္ပာယ် ဖြစ်ပါသည်။

## (၁၂) ပျားတုပ်

ဖော်ပြပါစကားသုံး၏ အနက်ရိုးမှာ 'ပျားကောင်၏ အဆိပ်ဆူးဖြင့် ထိုးသည်' ဟူသော အနက် ဖြစ်သည်။ ပျားသည် လူကို အန္တရာယ်ပေးနိုင်သည့် အကောင် ဖြစ်သည်။ ပျားတုပ်ခံရလျှင် အလွန်နာကျင်ပြီး အခံရခက်သော ဒုက္ခဝေဒနာကို ဖြစ်စေသည်။ အဆိပ်ပြင်းထန်သော ပျားတုပ်ခံရပါက အသက်ကိုပင် သေစေနိုင် သည်။ ထို့ကြောင့် ပျားတုပ်ခံရမည်ကို လူတိုင်းကြောက်ရွံ့ကြပြီး ပျားလိုက်လျှင် အလျင်စလို ထွက်ပြေးကြသည်။ ထိုသဘောနှင့် ဆက်နွှယ်၍ အနက်ချဲ့ထွင် သုံးထားခြင်း ဖြစ်သည်။

> "ဒီစာရင်းတွေအားလုံး မနက်ဖြန်အပြီးတင်ရမယ်တဲ့ ငါတော့
> ပျားတုပ်ပြီ"
>
> "ကျမ်းတင်ဖို့ ရက်နီးနေလို့ ပျားတုပ်နေတယ်။ လာမနှောက်ယှက်
> ကြပါနဲ့"

ဖော်ပြပါ စကားသုံးများအရ ပျားတုပ်၏ ချဲ့ထွင်အနက်မှာ 'အလျင်လို နေသည်။ ဘေးကျပ်နံကျပ်ကိစ္စနှင့် ကြုံပြီး အခက်တွေ့နေသည်။' ဟူသော အဓိပ္ပာယ်

ဖြစ်သည်။ ချက်ချင်းလုပ်ဆောင်ရန်ကိစ္စများ အချိန်မီမပြီးစီး၍ အထက်လူကြီး၏ ဆူပူကြိမ်းမောင်းခြင်း ခံရသည်ကိုလည်း 'ပျားတုပ်ခံရပြီ' ဟူ၍ ပြောဆိုလေ့ ရှိပါသည်။

## (၁၃) အစာမကြေ

ဖော်ပြပါစကားလုံး၏ အနက်ရိုးမှာ စားထားသည့် အစားအစာကို အစာအိမ်က ကြေအောင် မချေဖျက်နိုင်သည့် သဘော ဖြစ်သည်။ အစာမကြေလျှင် ရင်ထဲ၌မရှင်း၊ ခန္ဓာကိုယ်၌ နေရထိုင်ရသည်မှာ မအီမသာဖြစ်ပြီး အဆင်မပြေ၊ မသက်သာသည့် သဘောရှိသည်။ ထိုသဘောနှင့် ဆက်နွယ်၍ အနက်ချဲ့ထွင်သုံးစွဲထားခြင်း ဖြစ်သည်။

> "မန်နေဂျာက ဟိုနေ့က ပြဿနာကြောင့် သူ့ကို အစာမကြေ ဖြစ်နေတယ်"
>
> "နင့်ကြောင့် ငါ အပြောခံရတာ သိပ်အစာကြေတယ် မထင်နဲ့"

စသည့် ပြောစကားများအရ အစာမကြေ' ၏ ချဲ့ထွင်အနက်မှာ 'စိတ်ထဲ၌ အခဲမကျေ၊ စိတ်ခုနေသည်၊ အမြင်မကြည်၊ မကျေနပ်' ဟူသော အနက် ဖြစ်ပါသည်။ အမှန်တကယ် အစာမကြေလျှင် ရင်ထဲ၌မရှင်းဖြစ်သကဲ့သို့ တစ်စုံတစ်ဦးအပေါ် စိတ်ခု၊ ဒေါသထွက်မိလျှင်လည်း စိတ်ထဲ၌မရှင်း၊ အခဲမကျေဖြစ်တတ်သည့်သဘော ရှိပါသည်။ သို့ဖြစ်၍ အသုံးတွင်ပြီးသား အစာမကြေ၏ အနက်ရိုးကို ထပ်မံပွားများချဲ့ထွင်၍ စိတ်ခုနေသည်၊ အမြင်မကြည်မလင်ဖြစ်နေသည် ဟူသော အနက်အဓိပ္ပာယ်သစ်ကို နဂိုရှိပြီး အသုံးဟောင်း 'အစာမကြေ' စကားသုံးဖြင့် အနက်ချဲ့ထွင် သုံးစွဲခြင်း ဖြစ်ပါသည်။

## (၁၄) အဆုတ်ပွ

ဖော်ပြပါ စကားသုံး၏ အနက်ရိုးမှာ ခန္ဓာကိုယ်အတွင်းရှိ အဆုတ်သည် အအေးမိ၍ဖြစ်စေ၊ တစ်စုံတစ်ရာအကြောင်းကြောင့်ဖြစ်စေ ပွနေသည်ကို ဆိုလိုခြင်း ဖြစ်သည်။ အဆုတ်ပွခြင်း၊ ကျုံ့ခြင်းသည် အသက်ရှုမှုနှင့်လည်း ဆက်နွယ်ပါသည်။ ပြင်ပမှလေကို ခန္ဓာကိုယ်အတွင်းသို့ ရှုသွင်းလိုက်လျှင် အဆုတ်ပွလာပြီး၊ ကိုယ်တွင်းမှ လေကို အပြင်သို့ ပြန်ထုတ်လျှင် အဆုတ်ကျုံ့သွားသည့်သဘော ရှိသည်။ စကားပြောမှုသည် အသက်ရှုမှုကို ပြုပြင်ထားခြင်း ဖြစ်သောကြောင့် စကားပြောသည့် အခါတွင် လေကို ထုတ်ခြင်း၊ သွင်းခြင်း ပြုလုပ်ရသည့်အတွက် အဆုတ်သည်လည်း ပွလိုက်၊ ကျုံ့လိုက်သဘော ရှိပါသည်။ ထိုသဘောနှင့် ဆက်စပ်၍ အနက်ချဲ့ထွင် သုံးထားခြင်း ဖြစ်သည်။

> “ညက နည်းနည်းသောက်လာတာကို မိုးလင်းတော့ မိန်းမက အဆုတ်ပွနေတယ်။ နားငြီးလို့ ထွက်လာတာ။”
>
> “ကိုယ့်သားသမီးပဲ ဆုံးမချင်ရင် ရိုက်ဆုံးမလိုက်၊ အဆုတ်ပွ မနေနဲ့”

စသည့် အပြောစကားများအရ ‘အဆုတ်ပွ’ ၏ ချဲ့ထွင်အနက်မှာ ‘စကားများသည်’ ဟူသော အဓိပ္ပာယ် ဖြစ်သည်။ အဆုတ်ပွ ဟူသော အသုံးကို မလိုလား၊ မနှစ်မြို့ဖွယ် အနက်ဖြင့် အသုံးပြုခြင်းက ပိုများပါသည်။ အထူးသဖြင့် စိတ်မကျေနပ်စရာကိစ္စကို မပြီးနိုင် မစီးနိုင် တဖျစ်တောက်တောက်နှင့် မကျေမချမ်း ဆူနေ၊ ပြောနေသည်ကို အဆုတ်ပွနေတယ်ဟု ပြောဆိုလေ့ ရှိပါသည်။

## (၁၅) အသည်းပေါက်

‘အသည်းပေါက်’ ၏ အနက်ရိုးမှာ ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်း တစ်ခု ဖြစ်သည့် အသည်းသည် တစ်စုံတစ်ရာကြောင့် အပေါက်ဖြစ်သွားသည် ဟူသော အဓိပ္ပာယ်ဖြစ်သည်။ မြန်မာဘာသာစကားတွင် ‘အသည်း’ ဟူသော စကားလုံးကို ‘အချစ်’၊ ‘စိတ်’ ဟူသော အနက်ဖြင့် တင်စားသုံးနှုန်းမှု များစွာ ရှိပါသည်။ ‘အသည်းလေး’၊ ‘အသည်းတုံးလေး’ ဟုဆိုလျှင် ‘အချစ်လေး’၊ ‘အချစ်ဆုံးလေး’ ဟူသော အနက်ဖြင့် ချစ်သူချင်း ပြောဆိုသုံးစွဲလေ့ ရှိပါသည်။ ‘အသည်းနာသည်’ ဟုဆိုလျှင် ‘စိတ်နာသည်’။ ‘အသည်းကွဲသည်’ ဟုဆိုလျှင် ခန္ဓာကိုယ်ထဲမှအသည်း တကယ် ကွဲလျှင် အသက်သေသည်အထိ ပြင်းပြင်းထန်ထန် နာကျင်ရသကဲ့သို့ စိတ်၌ ပြင်းပြင်းထန်ထန် ခံစားရမှုကို ဆိုလိုသည်။ ထိုသဘောကဲ့သို့ပင် ‘အသည်း ပေါက်သည်’ ဟူသော အနက်ချဲ့အသုံးမှာလည်း အမှန်တကယ် အသည်းပေါက်ခြင်း မဟုတ်ပေ။

> “ငါ သေသေချာချာ စီစဉ်ပေးထားရဲ့သားနဲ့ အလွဲအချော် ဖြစ်အောင် နင် လုပ်လိုက်တာကို အသည်းပေါက်တယ်။”
>
> “အင်တာဗျူးအတွက် အသေအချာ လုပ်ထားရဲ့သားနဲ့ လူကြီးတွေ ရှေ့ရောက်မှ အိုးနင်း‌ခွက်နင်း ဖြစ်သွားတာကို အသည်းပေါက်တယ်။”

စသည့် အပြောစကားများအရ ‘အသည်းပေါက်’ ၏ ချဲ့ထွင်အနက်မှာ ကြိတ်မနိုင် ခဲမရ၊ မခံချိမခံသာ ဖြစ်သည်။ ‘စိတ်တိုသည်’ ဟူသော အနက်ဖြစ်သည်။ ယင်းအသုံးကို လူမှုနယ်ပယ်၌ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလျက် ရှိပါသည်။

## ခြုံငုံသုံးသပ်ချက်

ရှင်သန်နေသည့် ဘာသာစကားအတွင်း စကားလုံးသစ်များ တိုးပွားလျက်ရှိသည်ဟု ဆိုခဲ့သည့်အတိုင်းပင် မြန်မာဘာသာစကားသည်လည်း ရှင်သန်နေသည့် ဘာသာစကား ဖြစ်သောကြောင့် စကားလုံးသစ် တစ်နည်းအားဖြင့် အသုံးအနှုန်းသစ်များသည် မြန်မာဘာသာစကားအတွင်း နေ့စဉ် တိုးပွားလျက် ရှိပါသည်။ ဘာသာစကားတွင် အသုံးအနှုန်းသစ်များ တိုးပွားရသည့်အကြောင်းမှာ ခေတ်နှင့်လျော်ညီသည့် ခေတ်ပေါ်အသုံးအနှုန်းသစ်များ ဖန်တီးသုံးစွဲခြင်းသည်လည်း အကြောင်းရင်းတစ်ရပ် ဖြစ်သည်။ အသုံးအနှုန်းသစ်များ ဖန်တီးရာတွင် စကားလုံးအသစ် ထပ်မံတီထွင်ခြင်းထက် မူလရှိပြီးသား စကားလုံးဟောင်းကိုပင် အနက်အဓိပ္ပာယ်အသစ် ချဲ့ထွင်အသုံးပြုခြင်းကို အများဆုံး တွေ့ရသည်။ အကြောင်းအရာသစ်တစ်ခုပေါ်တိုင်း စကားလုံးသစ် ဖန်တီးရမည်ဆိုလျှင် မှတ်သားရရှုပ်ထွေးလာပြီး ဘာသာစကားတွင် ဝန်ထုပ်ဝန်ပိုး ဖြစ်လာမည် ဖြစ်သည်။ သို့ဖြစ်၍ ရှိပြီးသားစကားလုံးကိုပင် အကြောင်းအရာအသစ်၊ ကိစ္စအသစ်အတွက် အနက်ချဲ့ထွင် အသုံးပြုခြင်းဖြင့် စကားလုံးဖောင်းပွမှု လျော့နည်းကာ ဘာသာစကား၏ ဝန်ကိုလည်း လျှော့ချနိုင်မည် ဖြစ်သည်။ ထိုသို့အနက်ချဲ့ထွင် အသုံးပြုရာတွင် မူလရှိပြီးသား စကားလုံး၏ အနက်ရိုးနှင့် ဆက်စပ်ပြီး ချဲ့ထွင် အသုံးပြုသလို၊ မူလအနက်ရိုးနှင့် လုံးဝမဆက်စပ်သည့် အနက်ချဲ့ထွင်မှုမျိုးလည်း ရှိပါသည်။ ဥပမာ– အင်္ဂလိပ်ဝေါဟာရ kick ကို အသံလှယ်ထားသည့် 'ကစ်' ဝေါဟာရ၏ အနက်ရိုးမှာ 'ကန်သည်' ဟူသော အဓိပ္ပာယ် ဖြစ်သည်။ တစ်နည်းဆိုရပါမူ ခြေဖြင့် ကန်ကျောက်တိုက်ခိုက်သည့်သဘော ဖြစ်သည်။ ထိုစကားလုံး 'ကစ်'ကို ထပ်မံအနက်ချဲ့ထွင်သုံးသောအခါ တိုက်ခိုက်သည် ဟူသော သဘောအဓိပ္ပာယ်နှင့် ဆက်စပ်၍ စကားလုံးဖြင့် ထိုးနှက်တိုက်ခိုက်ခြင်းကိုလည်း 'ကစ်' ဟူ၍ပင် မူလအနက်ရိုးနှင့် ဆက်စပ်ကာ အနက်ချဲ့ထွင်သုံးထားခြင်း ဖြစ်သည်။ 'ဂျင်း၊ ဆေးထိုး၊ တောင်ပံကျိုး၊ အစာမကြေ၊ အဆုတ်ပွ' စသည့် စကားသုံးတို့သည်လည်း ထိုသဘောအတိုင်းပင် မူလအနက်ရိုးနှင့် ဆက်စပ်ပြီး အနက်ချဲ့ထွင် သုံးစွဲထားခြင်း ဖြစ်ပါသည်။

အနက်ရိုးနှင့် ဆက်စပ်မှု မရှိသည့် အနက်ချဲ့ထွင်အသုံးများလည်း ရှိပါသည်။ ဥပမာ– မာနကြီးသည် ဟူသော အနက်ဖြင့် ချဲ့ထွင်အသုံးပြုသည့် 'ချေ' ဟူသော အသုံး 'ပိန်းဥ' ဟူသော အသုံးသည်လည်း ထိုသဘောပင် ဖြစ်သည်။ အနက်ချဲ့ထွင် သုံးစွဲရာတွင် အင်္ဂလိပ်အသံလှယ်နှင့် မြန်မာဝေါဟာရ ပေါင်းစပ်ပြီး ရုပ်သွင်တူ အနက်ကွဲပုံစံ ဖန်တီးသုံးစွဲမှုကိုလည်း တွေ့ရသည်။ ဥပမာ – အင်္ဂလိပ်ဝေါဟာရ cute ကို အသံလှယ်ထားသည့် 'ခရ' ဟူသော အသုံးတွင် အတွင်ရှိပြီးသား 'ခရ' အသုံးနှင့် ရုပ်သွင်တူ အနက်ကွဲပုံစံ ဖန်တီးကာ အနက်ချဲ့ထွင် သုံးထားခြင်း ဖြစ်သည်။

ထို့ပြင် အနက်ချဲ့ထွင် အသုံးပြုရာတွင် ဟောင်းနွမ်းရိုးအီသွားသော အသုံးအနှုန်းများနေရာတွင် အသစ်သစ်သော အနက်ချဲ့အသုံးများဖြင့် အစားထိုးပြောဆိုသည့် သဘောကိုလည်း တွေ့ရသည်။ ဥပမာ – 'ဉာဏ်တုံးသူ၊ မပါးနပ်၊ မလည်ဝယ်သူ' ကို ယခင်က 'ထူ' သည်ဟု သုံးခဲ့ကြသည်။ 'ဒီကလေးက အရမ်းထူတာ။ ဘယ်လောက်သင်သင် မရဘူး။ ဒီကောင်က တော်တော်ထူတယ်' စသည်ဖြင့် သုံးစွဲခဲ့ကြပါသည်။ နောက်ပိုင်းတွင် 'ဉာဏ်တုံးသူ၊ မလည်ဝယ်၊ မပါးနပ်သူ' ကို 'ထူသည်' ဟူ၍ သုံးစွဲမှု နည်းပါးလာပြီး မြန်မာဘာသာစကားတွင် အတွင်ရှိပြီးသား 'ထူပိန်း' ဝေါဟာရမှ 'ပိန်း' သည် ဟူသော စကားဖြင့် အစားထိုး သုံးစွဲလာသည်။ 'ပိန်း' ၏ အနက်ရိုးမှာ 'အကြားအလပ်မရှိ တစ်ပြင်လုံး ပိန်းပိတ်လျက်ရှိသော' ဟု အနက်ရသည်။ အနက်ချဲ့သုံးသောအခါ 'ဉာဏ်တုံးသူ၊ မလည်ဝယ် မပါးနပ်သူ' ဟူသော အနက်ဖြင့် ကာလအတန်ကြာ သုံးစွဲခဲ့ပါသည်။ မျက်မှောက်တွင်မူ အထက်ဖော်ပြပါ 'ဉာဏ်တုံးသူ၊ မပါးနပ်သူ' အနက်ကိုပင် 'ပိန်း' တစ်လုံးတည်း မသုံးတော့ဘဲ မြန်မာဘာသာစကားတွင် အတွင်ရှိပြီးသား 'ပိန်းဥ' ဟူသော ဝေါဟာရနှင့် ရုပ်သွင်တူ အနက်ကွဲပုံစံ ဖန်တီးပြီး အနက်ချဲ့ထွင် သုံးစွဲလာကြပါသည်။

မည်သို့ပင်ဖြစ်စေ အကြောင်းအရာသစ်၊ ကိစ္စရပ်သစ်ပေါ်တိုင်း စကားလုံးသစ်မဖန်တီးဘဲ ရှိပြီးသား စကာလုံးဟောင်းကိုပင် အနက်ချဲ့ထွင် သုံးစွဲခြင်းဖြင့် ဘာသာစကား၏ ဝန်ထုပ်ဝန်ပိုးကို လျှော့ချနိုင်သလို ဘာသာစကား ဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာ အထောက်အကူ ဖြစ်စေပါသည်။

## နိဂုံး

ဤစာတမ်းသည် နေ့စဉ်သုံး မြန်မာနှုတ်ပြောစကား အတွင်းရှိ အနက်ချဲ့ထွင် အသုံးများကို အနည်းအကျဉ်းမျှ တို့ထိပြထားခြင်းသဘော ဖြစ်သည်။ အနက်ချဲ့ထွင် အသုံးများသည် ခေတ်အလျောက် ပေါ်ပေါက်လာပြီး အချိန်ကြာလာသည့်အခါ အသုံးဟောင်းများ ပျောက်ကွယ်သွားပြီး အသုံးသစ်များ ထပ်မံပေါ်ပေါက်လာတတ်သည့် သဘော ရှိပါသည်။ အနက်ချဲ့ထွင်အသုံးများသည် အချိန်ကြာမြင့်စွာ တည်တံ့လာပါက အဘိဓာန်တွင် ထည့်သွင်းဖော်ပြနိုင်မည် ဖြစ်သည့်အတွက် ခေတ်အလိုက် ပေါ်ပေါက်လာသည့် အနက်ချဲ့ထွင်အသုံးများကို စနစ်တကျ မှတ်တမ်းတင်ထားနိုင်မည် ဆိုပါက တစ်စုံတစ်ရာ အကျိုးပြုနိုင်မည်ဟု ယုံကြည်မိပါသည်။

# ကျမ်းကိုးစာရင်း

## မြန်မာဘာသာ


ခင်အေး၊ ဒေါက်တာ။ (၂၀၀၄)။ ***အတ္ထဗေဒနိဒါန်း***။ ရန်ကုန်၊ ပညာတန်ဆောင် ပုံနှိပ်တိုက်။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၀၇)။ ***မိန်းမ ယောကျ်ား ထိုစကား***။ ရန်ကုန်၊ သီဟရတနာစာပေ။

တင်လှ၊ ဦး။ (၁၉၇၀)။ ***မြန်မာစကားလုံးသစ် ဖြစ်ပေါ်ဖန်တီးမှုများ***။ တက္ကသိုလ်ပညာပဒေသာ စာစောင်၊ အတွဲ(၅)၊ အပိုင်း(၃)၊ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၁၉၉၉)။ ***ခရီးဆောင် မြန်မာအဘိဓာန်***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

လှသမိန်။ (၁၉၇၃)။ ***မြန်မာစကားလုံးသစ် ဝင်ရောက်ပုံများ။ မြန်မာစာပေ အဆီအနှစ်***။ ရန်ကုန်၊ အုန်းပင်ပုံနှိပ်တိုက်။

သက်တင်၊ ဦး။ (၁၉၈၀)။ ***အနက်ရွေ့ စကားလုံးများ***။ တက္ကသိုလ်ပညာပဒေသာစာစောင်၊ အတွဲ(၁၄)၊ အပိုင်း(၆)၊ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

သက်ရည်အေး၊ မ။ (၂၀၀၉)။ ***၂၀ ရာစု နှောင်းပိုင်းမှ ၂၁ ရာစု အစပိုင်းအတွင်း မြန်မာဘာသာစကားတွင် စကားလုံးသစ် တိုးပွားမှု***။ ရန်ကုန်တက္ကသိုလ် မြန်မာစာ ပါရဂူဘွဲ့ အတွက် တင်သွင်းသော ကျမ်း။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၀၀)။ ***ရန်ကုန်မြို့ပြ လူမှုဒေသိယစာတမ်း***။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၀၀)။ ***လူမှုဘာသာဗေဒမိတ်ဆက်***။ ရန်ကုန်၊ ပညာတန်ဆောင် ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ ဦး။ (၂၀၀၀)။ ***နေ့စဉ်သုံး မြန်မာစကားတွင် စကားလုံးသစ် ဖြစ်ပေါ်ပြောင်းလဲမှုများ***။ မြန်မာစာသုတေသနဂျာနယ်၊ အတွဲ (၁)၊ အမှတ် (၁)၊ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။


## အင်္ဂလိပ်ဘာသာ


Bright, W. (2000). ***Social factors in language change, In florina coulmas (ed.). The handbook of sociolinguistics***. Massachusettes; Black well publishers Inc.

Finegan, E. (1999). ***Language its structure and use (3rd edn)***. Orlando: Harcourt Brace College publishers.

Richards, I. C. etal. (1992). ***Longman dictionary of applied linguistics (2nd edn).*** Essex: Clys Ltd.

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# ဦးပုည၏ လှေ့ခအလျှုခံမေတ္တာစာကို လူမှုဘာသာဗေဒအမြင်ဖြင့် လေ့လာချက်

ဝင်းမာဦး*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ဦးပုည၏ လှေ့ခအလျှုခံမေတ္တာစာကို လူမှုဘာသာဗေဒ အမြင်ဖြင့် လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ဦးပုညရေးသားသော မေတ္တာစာများသည် လူပုဂ္ဂိုလ်များကို ဆုံးမသွန်သင်ပေးလိုခြင်း၊ အသိအမြင်မှန်များ ရရှိစေလိုခြင်း စသော စေတနာရည်ရွယ်ချက်များ ပါရှိပါသည်။ ထိုရည်ရွယ်ချက်များကို ခံစားမှု၊ ရည်ညွှန်းမှု၊ ညွှန်ကြားမှု၊ ဖွင့်ဆိုရှင်းပြ၊ ဖွဲ့နွဲ့ရှင်းပြ စကားတာဝန်များကို ခွဲခြား၍ လူမှုဘာသာဗေဒအမြင်ဖြင့် တင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ** – ***လမ်းညွှန်၊ အသိအမြင်၊ စေတနာ၊ မေတ္တာစာ။***

## နိဒါန်း

ဤစာတမ်းသည် ဦးပုညရေးသားသော လှေ့ခအလျှုခံမေတ္တာစာကို လူမှုဘာသာဗေဒ အမြင်ဖြင့် လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ မေတ္တာစာဟူသည် ၅၂၈ သွယ်သော မေတ္တာကို အရင်းခံကာ တစ်ဦးမှတစ်ဦးသို့ ပေးပို့သော မေတ္တာစာဖြစ်ရာ ထိုမေတ္တာစာတွင် သက်ဆိုင်ရာခေတ်၏ လူမှုရေးရာများ ထင်ဟပ်လျက်ရှိသည်။ လူမှုဘာသာဗေဒ၏သဘောမှာ ဘာသာစကားနှင့် လူ့အဖွဲ့အစည်းကြားရှိ အဆက်အစပ်ကို လေ့လာသော ပညာရပ်ဖြစ်သည်နှင့်အညီ ဦးပုည၏မေတ္တာစာမှတစ်ဆင့် ကုန်းဘောင်ခေတ် လူမှုဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အချက်အလက်များကို ဆက်စပ်လေ့လာသိရှိနိုင်ရန် ရည်ရွယ်ပါသည်။

ဦးပုည၏မေတ္တာစာများတွင် ကိုယ်ရေးမေတ္တာစာနှင့် သူတစ်ပါးအတွက် ရေးပေးသော မေတ္တာစာဟူ၍ နှစ်ပိုင်းပါရှိသည်။ ကိုယ်ရေးမေတ္တာစာများတွင် ဦးပုည၏ ဘဝနှင့်စိတ်ဓာတ်ကို တစေ့တစောင်း လေ့လာသိရှိခွင့်ရပါသည်။ ထို့ကြောင့် ဦးပုည၏ လှေ့ခအလျှုခံမေတ္တာစာကို လူမှုဘာသာဗေဒရှုထောင့်မှ လေ့လာခြင်းဖြင့် ကုန်းဘောင်ခေတ် လူမှုဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အချက်အလက်များကို တစေ့တစောင်း လေ့လာသိရှိနိုင်ပါသည်။

* ဒေါ်၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ဤစာတမ်းတွင် ဦးပုည၏ လေ့ခအလှူခံမေတ္တာစာကို လူမှုဘာသာဗေဒ၏ အခန်းကဏ္ဍတစ်ရပ်ဖြစ်သော စကားဖြစ်ရပ်၊ စကားအကြောင်းခံနှင့် စကားတာဝန်များဖြင့် ချိန်ထိုးလေ့လာတင်ပြမည် ဖြစ်ပါသည်။

## ၁။ ဦးပုည၏ လေ့ခအလှူခံမေတ္တာစာမှ စကားအကြောင်းခံ (၇)ရပ်

စကားဖြစ်ရပ်တစ်ခု ဖြစ်ပေါ်လာစေရန်အတွက် စကားအကြောင်းခံများ ရှိသည်။ အဓိကအားဖြင့် ပြောသူ[၁]၊ နာသူ[၂]၊ အချက်အလက်[၃]၊ လမ်းကြောင်း[၄]၊ သင်္ကေတ[၅]၊ အကြောင်းအရာ[၆]၊ နောက်ခံအခြေအနေ[၇] ဟူသည့် စကားအကြောင်းခံ (၇)ရပ် ရှိသည်။[၈]

ဦးပုညရေးဖွဲ့ခဲ့သော လေ့ခအလှူခံမေတ္တာစာတွင် စကားဖြစ်ရပ်တစ်ခု ဖြစ်ပေါ်လာစေမည့် ပြောသူ၊ နာသူ၊ အချက်အလက်၊ လမ်းကြောင်း၊ သင်္ကေတ၊ အကြောင်းအရာ၊ နောက်ခံအခြေအနေ ဟူသည့် စကားအကြောင်းခံ (၇)ရပ်နှင့် ပြည့်စုံကြောင်း တွေ့ရသည်။

### ၁၊ ၁။ ပြောသူ

စကားဖြစ်ရပ်တစ်ခုတွင် စကားဖြန့်ဝေပေးပို့သူ၊ စကားသင်္ကေတပြုသူသည် ပြောသူ ဖြစ်သည်။[၉]

ဦးပုညရေးသားခဲ့သော မေတ္တာစာများထဲမှ လေ့ခအလှူခံမေတ္တာစာသည် ကိုယ်ရေးမေတ္တာစာတစ်ပုဒ် ဖြစ်သည်။ ဦးပုည၏ကိုယ်ရေးမေတ္တာစာတွင် ဦးပုညသည် မိမိကိုယ်ရေးကိုယ်တာနှင့် ပတ်သက်သည့် အကြောင်းအရာများကို မိမိပြောလိုသူ နာသူထံ မိမိကိုယ်တိုင် ရေးသားပြောဆိုခြင်း ဖြစ်သည်။ သို့ဖြစ်၍ ဦးပုည၏ကိုယ်ရေးမေတ္တာစာတွင် စကားဖြန့်ဝေပေးပို့သူ၊ စကားသင်္ကေတပြုသူဖြစ်သည့် ပြောသူမှာ ဦးပုညကိုယ်တိုင်ပင် ဖြစ်သည်။ သာဓကအားဖြင့် လေ့ခအလှူခံမေတ္တာစာတွင်–

[၁] addresser/ sender/ encoder

[၂] addressee/ receiver/ decodes

[၃] message

[၄] channel

[၅] code

[၆] topic

[၇] setting

[၈] အောင်မြင့်ဦး၊ ဒေါက်တာ၊၂၀၀၃၊ ၇၃။

[၉] အောင်မြင့်ဦး၊ ဒေါက်တာ၊၂၀၀၃၊ ၇၄။

"ရွှေမြို့တော်နေ ဆရာရှင်ပုညၢ အကြောင်းကြားလိုက်ပါသည်။
မြင်းခြံရွာနေၢ ကျောင်းတကာ ဦးမှုံ"[၁]

ဟူသည့် စကားတွင် 'ဆရာရှင်ပုည' ဟူသည့် ဦးပုညက မိမိကိုယ်ကို ရည်ညွှန်း ပြောဆိုခြင်း ဖြစ်သည့်အတွက် ဤစကားဖြစ်ရပ်တွင် ပြောသူမှာ ဦးပုညဖြစ်ကြောင်း သိနိုင်သည်။

## ၁၊ ၂။ နာသူ

စကားဖြစ်ရပ်တစ်ခုတွင် စကားလက်ခံသူၢ စကားသင်္ကေတဖော်သူသည် နာသူ ဖြစ်သည်။

ဦးပုည၏လေ့ခအလျှုခံမေတ္တာစာတွင် မေတ္တာပေးပို့သူက မိမိပြောဆိုလိုသူ၏ နေရပ်ၢ ဇာတိနှင့်တကွ အမည်များကိုပါ ရည်ညွှန်းပြောဆိုထားသည်ကို တွေ့ရသည်။ သို့ဖြစ်၍ မေတ္တာစာများတွင် မေတ္တာပေးပို့သူမှ ရည်ညွှန်းဖော်ပြထားသည့် မေတ္တာစာ လက်ခံသူများသည် လူမှုဘာသာဗေဒသဘောအရ စကားလက်ခံသူၢ စကားသင်္ကေတ ဖော်သူၢ နာသူများပင် ဖြစ်သည်။

သာဓကအားဖြင့် လေ့ခအလျှုခံမေတ္တာစာတွင်–

"ရွှေမြို့တော်နေ ဆရာရှင်ပုညၢ အကြောင်းကြားလိုက်ပါသည်။
မြင်းခြံရွာနေ ကျောင်းတကာ ဦးမှုံ"[၂]

ဟု ဆိုသည့်အတွက် မေတ္တာစာလက်ခံသူဖြစ်သည့် ဦးမှုံသည် စကားလက်ခံသူၢ စကားသင်္ကေတဖော်သူၢ နာသူဟု ယူဆနိုင်ပါသည်။

## ၁၊ ၃။ အချက်အလက်

ပြောသူနှင့် နာသူရှိလျှင် ပြောမည့်အချက်အလက် ရှိရမည်။ အချက်အလက်သည် စကားလုံးပုံသဏ္ဌာန် ဖြစ်နိုင်သကဲ့သို့ စကားလုံးမဟုတ်သော သဏ္ဌာန်လည်း ဖြစ်နိုင် သည်။[၃] စကားဖြစ်ရပ်တွင် ဖော်ပြမည့် အချက်အလက်တစ်ခုခု ရှိရမြဲ ဖြစ်သည်။ ဦးပုည၏မေတ္တာစာတွင် ပြောသူက နာသူထံ အချက်အလက်ပေးပို့ရာ၌ စကားလုံး ပုံသဏ္ဌာန်ဖြစ်သည့် အရေးဘာသာစကားဖြင့် ဖော်ပြသည်။

---

[၁] ပုညၢ ဦး၊၁၉၆၈၊ ၂၅။
[၂] ပုညၢ ဦး၊၁၉၆၈၊ ၂၅။
[၃] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၃၊ ၇၄။

## ၁၊ ၄။ လမ်းကြောင်း

စကားဖြစ်ရပ်တစ်ခုတွင် ပြောသူနှင့်နာသူအကြား အချက်အလက်များ သွားရာ လမ်းကြောင်း လိုအပ်သည်။ မျက်နှာချင်းဆိုင် စကားပြောခြင်း၊ တယ်လီဖုန်းဖြင့် စကားပြောခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ခြင်း၊ စာဖြင့် ရေးခြင်း၊ စာရေးသည်ကို ဖတ်ခြင်း စသည်တို့တွင် လမ်းကြောင်းမတူပေ။[၁]

ပြောသူနှင့်နာသူအကြား အချက်အလက်ပေးပို့ရာ၌ အပြောရော အရေးပါ ပါဝင်သည်။ အပြောဖြင့် အချက်အလက် ပေးပို့ရာတွင် အသံလှိုင်းမှာ နားသို့ ဝင်ရောက်သွားသည့်အတွက် အကြားလမ်းကြောင်း ဖြစ်သည်။ စာဖြင့် အချက်အလက် ပေးပို့ရာတွင် မျက်စိသို့ ဝင်ရောက်သည့်အတွက် အမြင်လမ်းကြောင်း ဖြစ်သည်။

ဦးပုည၏မေတ္တာစာများတွင် ပြောသူနှင့်နာသူကြား အချက်အလက် ပေးပို့ရာ၌ မေတ္တာစာပေးပို့သူဖြစ်သည့် ပြောသူက မေတ္တာစာလက်ခံသူဖြစ်သည့် နာသူထံ စာဖြင့် ရေးသားပေးပို့ခြင်း ဖြစ်သည်။ နာသူကလည်း ပြောသူပေးပို့လိုက်သော စာကိုဖတ်ခြင်းဖြင့် သိရှိနိုင်သည့်အတွက် အမြင်လမ်းကြောင်းကို အသုံးပြုထားခြင်းဖြစ်သည်။

## ၁၊ ၅။ သင်္ကေတ

သင်္ကေတသည် တစ်နည်းအားဖြင့် ဘာသာစကားကို ဆိုလိုခြင်း ဖြစ်သည်။ အသုံးပြုမည့် သင်္ကေတကို ပြောသူရော နာသူပါ သိထားရမည်။ မြန်မာဘာသာ စကားဖြင့် ပြောဆိုမည်ဆိုလျှင် မြန်မာဘာသာစကားသင်္ကေတကို ပြောသူရောနာသူပါ တတ်ကျွမ်းရမည်။[၂]

ဦးပုည၏မေတ္တာစာများတွင် ပြောသူနှင့် နာသူများသည် မြန်မာစကားတူစု တစ်စု အတွင်းရှိ မြန်မာလူမျိုးအချင်းချင်း ပြောဆိုကြခြင်း ဖြစ်သည်။ သို့ဖြစ်၍ ပြောသူနှင့်နာသူအကြား မြန်မာဘာသာစကားကို သင်္ကေတအဖြစ် အသုံးပြုထားခြင်း ဖြစ်သည်။ ဤအချက်နှင့်ပတ်သက်၍ ဆရာမောင်ထင်က 'ဦးပုည စာပေနှင့်ရှုထောင့် အထွေထွေ'တွင် သုံးသပ်ပြထားသည်မှာ–

> "ဦးပုညသုံးနှုန်းသော စကားတို့ကို လေ့လာလျှင် ၁၉ ရာစု မြန်မာလူထုတစ်ရပ်လုံးက နားလည် သဘောပေါက်လွယ်သော စကားများဖြစ်သည်ကို တွေ့ကြရပေလိမ့်မည်။ ဤသို့ ကျွန်တော်

---

[၁] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၃၊ ၇၄။

[၂] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၃၊ ၇၆။

> ပြောဆိုသောအခါ နှောင်းလူတို့က ဦးပုည၏စာတွင် အဓိပ္ပာယ်ခက်ခဲသော ပါဠိဆန်ဆန် စကားများကို တွေ့ရှိနေရလေရာ အဘယ်မှာလျှင် လူထုနားလည်နိုင်ပါမည်နည်းဟု စောဒကတက်ကောင်း တက်ကြပါလိမ့်မည်။ သို့သော် ကျွန်တော် ညွှန်ပြပြောဆိုလိုသည်မှာ စာဆိုတော်တစ်ဦးကို အကဲခတ်ကြည့်ရာ၌ ၁၉ ရာစုနှစ်ကို ၂၀ ရာစု အခြေနှင့် နှိုင်း၍ အကဲခတ်လျှင် အမှန်သို့ မရောက်နိုင်ဟု ဆိုချင်ပါသည်။ ဦးပုညခေတ်၌ ပါဠိသည် လွှမ်းမိုးနေသည်။ ယခုခေတ် အင်္ဂလိပ်စာလွှမ်းမိုးနေသည့်နည်းတူ ဦးပုညခေတ်၌ ပါဠိလွှမ်းမိုးခဲ့သည်။ ယခုခေတ် အင်္ဂလိပ်ဆန်သော မြန်မာစကားကို ခေတ်လူငယ်တို့ အတော်အတန် နားလည်သကဲ့သို့ ဦးပုညခေတ် ပါဠိဆန်သော မြန်မာစကားကို တောင်သူလယ်သမားမကျန် နားလည်ကြသည်။”[၁]

ဟူ၍ သုံးသပ်တင်ပြထားပါသည်။

## ၁၊ ၆။ အကြောင်းအရာ

အကြောင်းအရာသည် အချက်အလက်နှင့် အတော်အတန် ကွဲပြားသည်။ အကြောင်းအရာ တစ်ခုတွင် အချက်အလက်များစွာ ပါဝင်သည်။ လူမှုဘာသာဗေဒကို အကြောင်းအရာ တစ်ခုအဖြစ် သတ်မှတ်လျှင် စကားဖြစ်ရပ်၊ စကားအကြောင်းခံ၊ စကားတာဝန်တို့သည် လူမှုဘာသာဗေဒ၌ အကြောင်းအရာအောက်တွင် ပါဝင်သော အချက်အလက်များ ဖြစ်သည်။[၂]

ဤသည်ကို ဦးပုညက ဦးမှုံထံ ပေးသော လှေခအလှူခံမေတ္တာစာဖြင့် သာဓကဆောင် တင်ပြပါမည်။ လှေခအလှူခံမေတ္တာစာပါ အကြောင်းအရာမှာ စာဆိုသည် သူကြီးမျိုးရိုးရာထူးအတွက် ပြိုင်ဖက်ဟောင်း ငကြူ၏ တိုက်ခိုက်လျှောက်တင်ခြင်းကို ခံရသည်။ ထိုအမှုကို ရင်ဆိုင်ဖြေရှင်းရန်အတွက် စာဆိုသည် မြင်းခြံရွာနေ ကျောင်းဒကာ ဦးမှုံထံမှ လှေတစ်စင်း ငှားခဲ့ရသည်။

အမှုပြီး၍ ပြန်မည်ကြံသောအခါ လှေငှားခ ပေးစရာမရှိသော အဖြစ်နှင့် ကြုံရသည်။ လှေနှင့်ခရီးဆက်ခဲ့ရာ ကွမ်းရွာတစ်ဘက်၊ စည်းသောင်ပွက်တွင် လှေမှောက်ရာ ငွေမှတ်လင်မယားက ကယ်တင်ခဲ့သောကြောင့် အသက်ရှင်ခဲ့ရသည်။ ထိုအကြောင်းကို

---

[၁] ဦးပုည နှစ် ၁၅၀ ပြည့် အထိမ်းအမှတ်၊ ၁၉၆၃၊ ၅၃။
[၂] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၃၊ ၇၇။

'နဂိုမူလ လာရင်းကလည်း၊ ကွမ်းရွာတစ်ဘက်၊ စည်းသောင်ပွက်တွင်၊ ဇနက္ကမင်းသားကို အားကျ၍ လှေမှောက်၊ သေလောက်မတတ်၊ အရေးကတ်တွင်၊ ငွေ့ မှတ်ဆိုသလား၊ မေခလာလင်မယားက၊ ထိုးဝါးနှင့်ယူငင်၊ သောင်စွယ်သို့တင်သောကြောင့်၊ ရှင်သီလဝန်၊ တမလွန်ကို အခွန်မဆက်နေရသည်'[1] ဟူသော စကားတွင် ဦးပုညသည် မိမိအမူ ရင်ဆိုင်ရာတွင် အနိုင်ရခဲ့သည်။ အမှုပြီး၍ ပြန်ရန်ကြံစည်သောအခါ လှေငှားခပေးရန် အခက်ကြုံနေပါသည်။ ဦးပုညက မျက်နှာအပူကြီးပူမိပါသည်။ မိမိက မပေးချင်၊ မပို့ချင်၍ ပျက်ကွက်ရခြင်း မဟုတ်။ အခွင့်မသာ၍ ဤကဲ့သို့ဖြစ်ရကြောင်း လှေရှင်အား ရှင်းလင်းပြောပြပုံမှာ–

> "လှေငှားရင်းကတိကို၊ ဥာဏ်မျက်စိမနောနှင့်၊ လုန်လှော၍ ကြည့်ရာတွင်၊ ဝတ္ထုငွေစ လှေခဖို့ဆိုလျှင်၊ ဖျင်တိုတစ်ထွာ၊ သပြာတစ်ရွေး၊ ဆံတစ်မွှေးမျှ၊ ပေးစရာမပေါ်"[2]

ဟူ၍ ဖြစ်သည်။ ထိုအချိန်အခါသည် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့ ပုဂံမင်းအား တိုက်ခိုက်အောင်မြင်ပြီးစအချိန် ဖြစ်ပါသည်။ ထိုအရေးတော်အတွင်း အမရပူရရွှေမြို့တော်၌ လူအများ ပျက်စီးဆင်းရဲမှုနှင့် ကြုံတွေ့နေရသည်။ ထို့ကြောင့် ပေးနိုင်ကမ်းနိုင်သူ မရှိ။ တောင်းသူများနှင့်သာ ပြည့်နှက်နေတော့သည်။ ဦးပုည၏ ဒါယကာတို့အနေဖြင့် သဒ္ဓါတရား မချို့တဲ့သော်လည်း အဆိုပါဘေးဒုက္ခများကြောင့် မလှူမဒါန်းနိုင်၊ ဒါယကာတို့ ဖြစ်ပျက်မှုအဖုံဖုံကို ဦးပုညက ဟာသနှော မှတ်တမ်းတင်ခဲ့ပုံမှာ–

> "ရွှေမြို့တော်ထက်ဝန်းကျင်၊ ရှာပြန်လျှင်လည်း၊ လှူချင်သူနတ္ထိ၊ ကြွက်ကြွက်ဆူအောင်၊ တောင်းသူသာ ရှိတော့သည်။ သိရင်းစွဲ ဒါယကာ၊ သဒ္ဓါမချို့၊ ထိုသူတို့လည်း၊ မြို့ပေါက်မှာ မျောကြ၍၊ ဖွတ်ကျောပြာစု၊ ခရုဆန်ကျွတ်၊ ခါးဝတ်လွှာချင်း၊ ထမင်းရက်ချန်၊ ရေရက်မှန်နှင့်၊ ကပ်ကျန်မွဲတေ၊ ဖွတ်ဘိုးအေများကို လှူစေလိုသော၊ ဝတ္ထုနိပါတ်၊ ပိဋကတ်နှင့်၊ လျှာပြတ်အောင် ဟောတော်မူသော်လည်း၊ ဟောရင်းသာပုံတော်မူရသည်၊ ဆန်ဖြူဖြူတစ်ခွက်မျှ၊ ထွက်နိုင်ပုံမရ"[3]

ဟူ၍ ဒါယကာတို့ ဆင်းရဲမှုကား တော်ရုံမျှ မဟုတ်ပေ။ မည်မျှအထိ ဆင်းရဲသည်ကို စာဆိုသည် သရုပ်ပါပါနှင့် ဟာသနှောကာ ကာရန်ချိတ်စကားပြောပုံစံဖြင့် ဖွဲ့ဆိုခဲ့ပေသည်။

---

[1] ပုည၊ ဦး၊ ၁၉၆၈၊ ၂၉။
[2] ပုည၊ ဦး၊ ၁၉၆၈၊ ၂၉။
[3] ပုည၊ ဦး၊ ၁၉၆၈၊ ၂၉။

ကံပေးသည့်အခါတွင် တစ်ခါတစ်ရံ ရပါသေး၏။ သို့ရာတွင် စားရေးသောက်ရေးအတွက် အခက်မကြုံစေရန် ဖြေရှင်းရပြန်သည်။ ဤသည်ကို ဦးပုညက ဥပစာ တင်စားကာ–

> "ကံပေး၍တစ်ခါ၊ ရပြန်ပါလည်း၊ ဆိုင်ရာမြို့စား၊ မဟာနေမျိုး
> ဝမ်းသတိုးက၊ ကွမ်းဘိုးတော် များလှ၍၊ စားသည်ပြင်မပို"

ဟုဆိုလျက် မြို့စားမင်းဖြစ်သော 'မဟာနေမျိုး သတိုးမင်းသိုက်'ကို ကွမ်းဘိုးတော် ဆက်နေရကြောင်း ဖော်ထုတ်ပြောဆိုခဲ့ပေသည်။

ဦးပုညသည် ဝိမာနဝတ္ထုကို ပြ၍ လေ့ခမရသည့်အတွက် 'မာန်အမျက် တံခွန်ထူ၍ ဒေါသမှုမယှဉ်အောင်၊ သမ္မဇဉ်ရွှေကြိုးဖြင့်၊ စိတ်မြွေဆိုး ပဋိဃတ်ကို ဆယ့်ကိုးပတ်ကျော့ပြီးလျှင်၊ မျှော့ပမာရမ္မက်ကို၊ ဆေးပက်ကာခွါပါမှ၊ ပညာခိဆုကြီးကို လက်နီးတွင် ဆွတ်လှမ်း၍ ဝဋ်ကမ်းမှတက်ဆန်နိုင်ပါမည်'ဟု အဘိဓမ္မာသဘောအရ တရားပြနားချ၍ လေ့ခကို အလှူခံရတော့သည်။ ဤသည်မှာ လေ့ခအလှူခံမေတ္တာစာ ပေါ်ပေါက်လာသည့် အကြောင်းအရင်း ဖြစ်ပါသည်။

ဦးပုညထံမှ လေ့ခကို နိဗ္ဗာန်သို့ရောက်မှ ပေါက်ဈေးနှင့် သုံးရတော့မည့် ကျောင်းဒါယကာ ဦးမှုံသည် ဒေါသပင်ဖြစ်သော်လည်း ဦးပုည၏ စကားကြောင့် လေ့ခကို မယူဘဲ အလှူသဘောအဖြစ် ထားပေးရန် ဦးပုညက မေတ္တာရပ်ခံထားသည်။

## ၁၊ ၇။ နောက်ခံအခြေအနေ

နောက်ခံအခြေအနေသည် လူမှုရေးနှင့် ဘာသာစကားဆက်စပ်မှု အခြေအနေဖြစ်ရသည်။ ထိုအခြေအနေများတွင် နေရာပတ်ဝန်းကျင်၊ အချိန်အခါနှင့် ဆက်စပ်မှု အဆင့် စသည်တို့ ပါဝင်သည်။[၁] မည်သည့်အချိန်၊ မည်သည့်နေရာတွင် မည်သူနှင့် မည်သို့ ဆက်စပ်မှုရှိသည် ဟူသော အချက်များသည် နောက်ခံအခြေအနေများပင် ဖြစ်သည်။

သာဓကအားဖြင့် လေ့ခအလှူခံမေတ္တာစာတွင်–

> "ရွှေမြို့တော်သို့ ရောက်လျှင် သူကြီးဟောင်းကြေူ၊ ဆွေမျိုးတစ်စု
> တို့နှင့် ကျိတ်နယ်တိုင်ပင်၍၊ အိမ်တော်နန်းတော်၊ သာသနာပိုင်
> ဆရာတော်များထံ သေကံထိုက်အောင် တိုက်ခိုက်လျှောက်တင်
> ကြသည့် အမှုကြောင့်"[၂]

---

[၁] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၃၊ ၇၇။
[၂] ပုည၊ ဦး၊ ၁၉၆၈၊ ၂၇။

ဟူ၍ ဖော်ပြထားသည့်စကားအရ ဦးပုညနှင့် ဦးမှုံတို့သည် ဆရာနှင့်တပည့် ဖြစ်သည်။ သူကြီးဟောင်း ငကြူနှင့် အမှုဖြစ်သောကြောင့် အမှုရင်ဆိုင်ရန် ဦးမှုံထံမှ လှေကို ငှားခဲ့ရခြင်း ဖြစ်ပါသည်။ လှေခအလျှုခံမေတ္တာစာမှ ဖော်ပြပါစကားရပ်သည် လူမှုရေးနှင့် ဘာသာစကား ဆက်စပ်မှုအခြေအနေကို ဖော်ပြနေသည့် စကားများဖြစ်ကြောင်း သိရှိရပါသည်။

## ၂။ ဦးပုည လှေခအလှူခံမေတ္တာစာနှင့် စကားတာဝန် (၇)ရပ်

စကားဖြစ်ရပ်၊ စကားအကြောင်းခံတို့ကြောင့် ဖြစ်ပေါ်လာသော စကားတို့သည် ထမ်းဆောင်ရမည့် တာဝန်များ ရှိသည်။ အဓိကအားဖြင့် စကားတာဝန် (၇)ရပ် ရှိသည်။ ယင်းတာဝန် (၇)ရပ်မှာ–

(၁) ရည်ညွှန်းတာဝန်

(၂) ခံစားမှုတာဝန်

(၃) ညွှန်ကြားတာဝန်

(၄) ဆက်သွယ်မှုပြုတာဝန်

(၅) လူမှုအခြေပြုတာဝန်

(၆) ဖွင့်ဆိုရှင်းပြတာဝန်

(၇) ဖွဲ့နွဲ့ရှင်းပြတာဝန်တို့ ဖြစ်သည်။[၁]

ဦးပုည၏လှေခအလှူခံမေတ္တာစာသည် မြန်မာစကားတူစု တစ်စုအတွင်းရှိ မြန်မာလူမျိုးအချင်းချင်း တစ်ဦးမှတစ်ဦးထံသို့ မိမိပြောဆိုလိုသည့် အကြောင်းအရာကို စာဖြင့် ရေးသားဆက်သွယ်ပြောဆိုကြခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် အရေးဘာသာစကားကို အသုံးပြုထားခြင်း ဖြစ်သည်။ ထိုအရေးဘာသာစကားဖြစ်သည့် မေတ္တာစာများ၌ မေတ္တာစာပေးပို့သူ၊ ပြောသူ (သို့မဟုတ်) ရေးသူနှင့် မေတ္တာစာလက်ခံသူ၊ နာသူ (သို့မဟုတ်)ဖတ်သူအကြား အသုံးပြုထားသည့် ဘာသာစကားတွင် ဘာသာစကား ထမ်းဆောင်ရမည့် စကားတာဝန်များနှင့် ဆက်နွှယ်နေကြောင်းတွေ့ရသည်။

---

[၁] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၃၊ ၇၇။

## ၂၊ ၁။ ရည်ညွှန်းတာဝန်

ရည်ညွှန်းတာဝန်သည် လူပုဂ္ဂိုလ် တစ်စုံတစ်ယောက်၊ အကြောင်းအရာ တစ်စုံတစ်ခုကို ရည်ညွှန်းဖော်ပြထားသော တာဝန်ဖြစ်သည်။ ရည်ညွှန်းတာဝန်ကို အသိပေးတာဝန်ဟုလည်း ခေါ်သည်။ တစ်စုံတစ်ရာသော အကြောင်းအရပ်ကို အသိပေးဖော်ပြခြင်းသည် အသိပေးတာဝန် ဖြစ်သည်။ ဖြစ်ရပ်၊ အမည်နာမ၊ ခုနှစ်သက္ကရာဇ်၊ ကိန်းဂဏန်း စသည်တို့ကို ဓမ္မဓိဋ္ဌာန်ကျကျ ဖော်ပြနိုင်လေလေ အသိပေးမှုသဘော ပီသလေလေ ဖြစ်ပါသည်။

ဦးပုည၏ လေ့ခအလျှုခံမေတ္တာစာတွင် ရည်ညွှန်းပြောဆိုလိုသူနှင့် ရည်ညွှန်းပြောကြားလိုသည့် အကြောင်းအရာများ ပါဝင်နေသည်ကို တွေ့ရသည်။ ဤမေတ္တာစာတွင်–

> "ရွှေမြို့တော်နေ ဆရာ ရှင်ပုည၊ အကြောင်းကြားလိုက်ပါသည်။
> မြင်းခြံရွာနေ၊ ကျောင်းတကာ ဦးမှုံ"[၁]

ဟူ၍ ဖော်ပြပါရှိသည်။ ဤမေတ္တာစာပါ 'ကျောင်းဒကာ ဦးမှုံ' ဟူသော စကားအရ ဦးပုညသည် ဦးမှုံအား ရည်ညွှန်းပြောဆိုခြင်းဖြစ်ကြောင်း သိနိုင်သည်။

## ၂၊ ၂။ ခံစားမှုပြတာဝန်

ခံစားမှုပြတာဝန်သည် စိတ်တွင်း၌ ဖြစ်ပေါ်လာသော ခံစားမှုတစ်စုံတစ်ရာကို ဖော်ပြသော တာဝန်ဖြစ်သည်။ ခံစားမှုတာဝန်ကို ဖွင့်ဟမှုတာဝန်ဟုလည်း ခေါ်သည်။ မိမိရင်ထဲ၌ ခံစားနေရသော တုန်လှုပ်မှု၊ ထိတ်လန့်မှု၊ ဝမ်းနည်းမှု၊ အံ့ဩမှု စသည့် ခံစားချက်တစ်ရပ်ရပ်ကို ဖွင့်ဟပြသော တာဝန်ဖြစ်သည်။ [၂] ခံစားမှုပြတာဝန်သည် ပြောသူ၊ ရေးသူတို့ ခံစားမှု၊ သဘောထားတို့ကို ဖော်ပြမှုနှင့် သက်ဆိုင်သည့်အတွက် ဖော်ပြမှုတာဝန်ဟုလည်း ဆိုနိုင်ပါသည်။ ဖော်ပြမှုတာဝန်ကို ရသစာပေဖြစ်သော ကဗျာ၊ ဝတ္ထု စသည့် စာပေများတွင် တွေ့နိုင်သည်။

ဦးပုည၏လေ့ခအလျှုခံမေတ္တာစာတွင် ပြောသူနှင့် နာသူ (သို့မဟုတ်) ရေးသူနှင့် ဖတ်သူတို့အကြား၌ သုံးနှုန်းထားသည့် စကားအသုံးအနှုန်းများက ထိုသူတို့စိတ်တွင် ခံစားချက်နှင့် စိတ်နေသဘောထားများကို ဖော်ပြလျက် ရှိသည်။

လေ့ခအလျှုခံမေတ္တာစာတွင် ဦးပုညက ဦးမှုံအား ပြောသော စကားများ၌ ဦးပုညက ဦးမှုံအပေါ်ထားရှိသော စိတ်နေသဘောထားနှင့် ဦးပုည၏ စိတ်တွင်း

---

[၁] ပုည၊ ဦး၊ ၁၉၆၈၊ ၂၇။

[၂] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၃၊ ၇၉။

ခံစားမှု၊ သဘောထားကို ဖော်ပြလျက် ရှိသည်။ ဤမေတ္တာစာတွင် ဦးပုညက 'ဆရာမှာ ကျောင်းတကာလှေနှင့်၊ ကျောင်းတကာလှေတက်ကို အသက်လောက်စိတ်စွဲ၍ မပို့ဘဲ နေပါသည်'ဟူသော စကားများက မိမိမှာ သူကြီးဟောင်းကြေ့ အမှုကိစ္စကြောင့် ဒကာဦးမှုံ၏လှေကို မပို့ဘဲနေရခြင်း ဖြစ်ပါသည်။ ထို့အပြင် မိမိ၏ စိတ်နေ သဘောထားကို ဖော်ပြရာ၌လည်း–

> "ဝတ္ထုငွေစ လှေခဘိုးဆိုလျှင် ဖျင်တိုတစ်ထွာ၊ သပြာတစ်ရွေး၊ ဆံတစ်မွေးမျှ၊ ပေးစရာမပေါ်၊ ရွှေမြို့တော်ထက်ဝန်းကျင်၊ ရှာပြန် လျှင်လည်း၊ လှူချင်သူနတ္ထိ ကြွက်ကြွက်ဆူအောင် တောင်းသူသာ ရှိတော့သည်"[၁]

ဟူသော စကားများဖြစ်သည်။ မိမိမှာ လှေခအတွက်ပေးရန် ပိုက်ဆံမရှိ၊ ပေးနိုင်မည့်ပုံ မပေါ်ကြောင်း ဦးပုညမှ ဦးမှုံသို့ပြောသည့်စကားများသည် ဦးပုည၏စိတ်တွင်း ခံစားချက်များကို ဖော်ပြနိုင်စွမ်းရှိသည့်အတွက် ခံစားမှုပြတာဝန်မြောက်သည့် စကားများ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထို့ပြင် မိမိမှာ လှေဖြင့်ခရီးဆက်ခဲ့ရာ–

> "ကွမ်းရွာတစ်ဘက်၊ စည်းသောင်ပွက်တွင်၊ ဇနက္ကမင်းသားကို၊ အားကျ၍လှေမှောက်၊ သေလောက်မတတ်၊ အရေးကတ်တွင်၊ ငရွှေမှတ်ဆိုသလား၊ မေခလာလင်မယားက၊ ထိုးဝါးနှင့်ယူငင်၊ သောင်စွယ်သို့တင်သောကြောင့်၊ ရှင်သီလဝန်၊ တမလွန်ကို၊ အခွန်မဆက်နေရသည်၊ အရင်းပလာ၊ တစ်ခါလှေနစ်၊ အသစ်မပွား၊ ပစ္စည်းပါလှ၍၊ ငှားခဲ့ရင်းလှေခကို၊ ပေးရမည် ဖြစ်ချေလျှင်၊ လှေနစ်သည့်ဒုက္ခထက်၊ အနန္တပိုပြန်၊ ငရမန်ကြေ့ကြောင့်၊ စိတ်ပူသည့် ဝိတက်လည်း၊ မီးဆက်၍မမှီ၊ ဒရွတ်သီဆင်းရဲနှင့်၊ မွဲကျပ်ချွတ်အခါ ကိုကျောင်းဒကာချီးမြှင့်မှ၊ သက်သာခွင့် ရပါမည်"[၂]

ဟု မိမိသည် အသက်ဘေးနှင့် ကြုံတွေ့နေရသည့်ကြားထဲကပင် ဦးမှုံ၏လှေခ မပေးနိုင်မည်ကို စိုးရိမ်နေသော ဦးပုည၏ စိတ်ရင်းအမှန်ကို တွေ့မြင်ရသည်။ ဦးမှုံအပေါ် ထားရှိသည့် မိမိစိတ်နေသဘောထားကို ဖော်ပြခဲ့ပါသည်။ တစ်နည်း အားဖြင့် ဒကာဦးမှုံအပေါ် ထားရှိသည့် မိမိစိတ်တွင်းခံစားမှုကို ဖွင့်ဟခြင်းဖြစ်သည့် အတွက် ဖွင့်ဟမှုတာဝန်မြောက်သည့် စကားဟု ဆိုနိုင်ပါသည်။

---

[၁] ပုည၊ ဦး၊ ၁၉၆၈၊ ၂၇။
[၂] ပုည၊ ဦး၊ ၁၉၆၈၊ ၂၇။

## ၂။ ၃။ ညွှန်ကြားတာဝန်

တစ်စုံတစ်ခုသော ကိစ္စရပ်ကို ညွှန်ပြညွှန်ကြားပေးသော တာဝန် ဖြစ်သည်။ တိုက်တွန်းချက်၊ မေတ္တာရပ်ခံချက်၊ နှိုးဆော်ချက်၊ သတိပေးချက်၊ အမိန့်ပေးချက်၊ တားမြစ်ချက် စသည်တို့သည် ညွှန်ပြတာဝန်ကို ထမ်းဆောင်ကြသည်။[၁] ညွှန်ကြားတာဝန်သည် တစ်စုံတစ်ယောက်ကို စေခိုင်းခြင်း၊ ညွှန်ကြားခြင်း၊ နှိုးဆော်ခြင်း၊ သတိပေးခြင်း ဖြစ်သည့်အတွက် နာသူနှင့် သက်ဆိုင်သည်။[၂]

ဦးပုည၏မေတ္တာစာများသည် မိဘနှင့်သားသမီး၊ ဆွေမျိုးအချင်းချင်း၊ မိတ်ဆွေအချင်းချင်း၊ ဆရာနှင့်တကာ စသည်တို့ တစ်ဦးနှင့်တစ်ဦး သာကြောင်း မာကြောင်း မှစ၍ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာ အကြောင်းအရာများကို ရေးသားပေးပို့သော စာဖြစ်သည်။ လှေခအလှူခံမေတ္တာစာတွင်–

> "မြင်းခြံမြို့နယ် ကျောင်းတကာလည်း၊ ဥပမာပုံထား၍၊ လှေငှားသည့်အခကို၊ လောကတွင်မသုံး၊ နိဗ္ဗာန်သို့ ရောက်သောအခါမှ၊ ဈေးကြောင်းပေါက်သုံးမည်ဟု၊ အမြတ်ဆုံးသဘောနှင့်၊ ကုသိုလ်ဇောကံပါအောင်၊ သံသရာကံကျွေးပြုပါမည့်အကြောင်းကို၊ သူတော်ကောင်းလက္ခဏာ၊ ထင်မှတ်ရင်းရှိပါ၍၊ မေတ္တာဆက်ဆံ၊ ရပ်ခံမှာကြားလိုက်ပါသည်။"[၃]

ဟု ဆိုထားသည်။ ဤစကားတွင် မိမိမှာ လှေငှားသည့်ငွေကို မပေးနိုင်သောကြောင့် ယခုလက်ရှိဘဝတွင် မယူဘဲ နိဗ္ဗာန်ရောက်မှသာယူရန် မိမိအား ကုသိုလ်အဖြစ်မေတ္တာနှင့်ကူညီရန်၊ အမြတ်ဆုံးအလှူဖြစ်ကြောင်း ဓမ္မဖြင့် ညွှန်ပြတော်မူခဲ့သည်။ ဤစကားတွင် လောက၌ မိမိမထင်ထားသည့် ကိစ္စရပ်များ ဖြစ်တတ်၊ ပျက်တတ်သည့်လောကသဘာဝကို တရားသဘောဖြင့် ဆင်ခြင်နိုင်ရန် သတိပေးလမ်းညွှန်ခဲ့ခြင်းဖြစ်သည့်အတွက် ညွှန်ကြားမှုတာဝန်သဘောကို တွေ့ရသည်။

## ၂။ ၄။ ဆက်သွယ်မှုပြုတာဝန်

ဆက်သွယ်မှုပြုတာဝန်သည် ဆက်သွယ်ရေးလမ်းကြောင်းကို ဖွင့်ပေးရန် ဆက်သွယ်ရေးလမ်းကြောင်း ဆက်လက်ပွင့်စေရန်နှင့် ဆက်သွယ်ရေးလမ်းကြောင်း

---

[၁] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၃၊ ၈၀။

[၂] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၃၊ ၈၀။

[၃] ပုည၊ ဦး၊ ၁၉၆၈၊ ၂၉။

ပိတ်ပေးရန်အတွက် ထမ်းဆောင်ရသောတာဝန် ဖြစ်သည်။[၁] မြန်မာမှုနယ်ပယ်တွင် ဆက်သွယ်မှုပြတာဝန်အရ ပြောဆိုသော စကားအများအပြား ရှိသည်။

ဦးပုည၏မေတ္တာစာတွင် ပြောသူ (သို့မဟုတ်) ရေးသူ၊ နာသူ (သို့မဟုတ်) ဖတ်သူတို့အကြား ဆက်သွယ်မှုကို ဖော်ပြနေသည့် စကားများပါဝင်သည်ကို တွေ့ရသည်။ ဦးပုည၏မေတ္တာစာတွင် ပြောသူနှင့်နာသူအကြား မိမိတို့ဆိုလိုသည့် အကြောင်းအရာကို ပြောဆိုရာ၌ စာဖြင့်ရေးသားပြောဆိုခြင်း ဖြစ်၍ အရေးဘာသာ စကားကို အသုံးပြုထားခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် ပြောသူနှင့်နာသူ အကြား အမြင်လမ်းကြောင်းကို အသုံးပြုကာ ဆက်သွယ်ပြောဆိုကြခြင်း ဖြစ်သည်။ ထိုသို့ ပြောသူနှင့်နာသူအကြား အမြင်လမ်းကြောင်းကို အသုံးပြုကာ ဆက်သွယ် ပြောကြခြင်းဖြစ်သည်။ ထိုသို့ပြောသူနှင့်နာသူအကြား အမြင်လမ်းကြောင်းကို အသုံးပြု ပြောဆိုထားသည့် ဦးပုည၏မေတ္တာစာတွင် မေတ္တာစေတသိက်ဘွဲ့ (သို့) မေတ္တာပို့ပုံ အခြင်းအရာဘွဲ့၊ စာပေးသူဘွဲ့၊ စာခံသူဘွဲ့၊ အထွေထွေဘွဲ့ဟူ၍ ၄မျိုး ရှိပါသည်။ ၎င်းတို့အနက် မေတ္တာစေတသိက်အဖွဲ့ကား မေတ္တာ၏ မွေးပုံ၊ အေးပုံ၊ တန်ခိုး ထက်မြက်ပုံ စသည့်အားဖြင့် ဖွဲ့ဆိုခြင်းဖြစ်သည်။ မေတ္တာပို့ပုံ အခြင်းအရာဘွဲ့တွင် မေတ္တာစာပေးပို့သူက မေတ္တာစာလက်ခံသူအား မည်သို့မည်ပုံ ချမ်းသာသုခ ခံစားရ စေကြောင်း ဖွဲ့ဆိုထားခြင်းဖြစ်သည့်အတွက် ထိုစကားသည် လောကဝတ်တာဝန်အရ ပြောသောစကားများ ဖြစ်သည်။ ထိုသို့ပြောလိုက်ခြင်းဖြင့် ပြောသူနှင့်နာသူအကြား ဆက်သွယ်ရေးလမ်းကြောင်း ပွင့်သွားစေသည့်အတွက် ထိုစကားများကို ဆက်သွယ်မှုပြ တာဝန်ထမ်းဆောင်သည့် စကားများဖြစ်သည်ဟု ဆိုနိုင်ပါသည်။

သာဓကအားဖြင့် ဦးပုညက လေ့ခအလှူခံမေတ္တာစာတွင်–

> "သြဓိသပတ္တနာ၊ အဖြာဖြာကို၊ ကြိယာဖွဲ့ဆို၊ မချဲ့လိုပြီ၊
> အတိုကောက်နုတ်၊ သံခိပ်ပုဒ်ဖြင့်၊ လောကုတ်လောကီ၊ နှစ်လီအစုံ၊
> ခြောက်အာရုံတွင်၊ မကြုံစတောင်း၊ အကောင်းပြကတေ့၊ မြတ်သရွေ့နှင့်
> တွေ့ပစေသော၊ မနောမင်္ဂလာ၊ ရေသီဒါဖြင့်၊ မေတ္တာပြဋ္ဌာန်း၊
> ဆွတ်ဖျန်းလေ့ရှိသော၊ ရွှေမြို့တော်နေဆရာရှင်ပုည၊ အကြောင်းကြား
> လိုက်ပါသည်။ မြင်းခြံရွာနေ၊ ကျောင်းတကာဦးမှုံ"[၂]

ဟူသော စကားမှာ ဦးပုညက လောကတွင် ဖြစ်ပြီးလျှင် ပျက်တတ်သောသဘောကို သွယ်ဝိုက်၍ ဦးမှုံအား ပြောဆိုဟန်ဖြင့် မေတ္တာပို့ထားခြင်း ဖြစ်သည်။ ဤမေတ္တာပို့

---

[၁] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၃၊ ၈၀။

[၂] ပုည၊ ဦး၊ ၁၉၆၈၊ ၂၇။

စကားမှာ ဦးပုညက ဦးမှံ့အား ဆက်သွယ်ပြောဆိုရာတွင် အဓိပ္ပာယ်နှစ်မျိုးဆောင်ကာ လောကဝတ်တာဝန်အရ ဆက်သွယ်ပြောဆိုထားခြင်း ဖြစ်သည်။ ဤစကားကို ပြောဆိုလိုက်ခြင်းအားဖြင့် ဦးပုညနှင့် နာသူဦးမှံ့တို့အကြား ဆက်သွယ်ရေးလမ်းကြောင်း ပွင့်သွားပြီး မိမိပြောဆိုလိုသည့် အကြောင်းအရာကို ဆက်လက်ပြောဆိုနိုင်မည် ဖြစ်သည်။ သို့ဖြစ်ပါ၍ ဖော်ပြပါစကားရပ်များသည် ဆက်သွယ်မှုပြတာဝန်ကို ထမ်းဆောင်သည့် စကားများဖြစ်သည်ဟု ဆိုရပါမည်။

## ၂၊ ၅။ လူမှုအခြေအနေပြတာဝန်

လူမှုအခြေပြတာဝန်သည် လူမှုရေးအခြေအနေအဆက်အစပ်ကို ဖော်ပြသော တာဝန် ဖြစ်သည်။ မည်သူက မည်သူကို မည်သည့်နေရာတွင် မည်သည့်ရည်ရွယ်ချက်ဖြင့် မည်သို့မည်ပုံ ပြောဆိုသည်ဟူသော အချက်များသည် ပြောသူနှင့် နာသူအကြားရှိ လူမှုအခြေအနေအဆက်အစပ်များပင်ဖြစ်သည်။ တစ်နည်းအားဖြင့် စကားအဆက်အစပ် ဖြစ်သည်။[၁]

ဦးပုည၏လှေခအလှူခံမေတ္တာစာတွင် ဦးပုညက ဦးမှံ့အားပြောသော စကားများ၌ ၎င်းတို့နှစ်ဦး၏ လူမှုဆက်ဆံရေးအခြေအနေကို တွေ့နိုင်ပါသည်။ ဦးမှံ့ထံပေး မေတ္တာစာတွင် 'ကျောင်းတကာ ဦးမှံ့'ဟု ခေါ်ဝေါ်သုံးနှုန်းထားသည်မှာ မိမိ၏အလှူဒါယကာ ဖြစ်သည်။ အမှုကိစ္စအတွက် ဒကာဖြစ်သူ ဦးမှံ့ထံမှ လှေငှားခဲ့ရသည်။ လှေငှားခ မပေးနိုင်သည့်အပြင် လှေကိုပါ ပြန်မပေးနိုင်သေးသည့်အတွက် ဦးပုညက ဦးမှံ့ထံ မေတ္တာရပ်ခံထားသော စကားများ ဖြစ်သည်။ ထိုစကားများမှာ–

> "မြင်းခြံမြို့နယ်ကျောင်းတကာလည်း၊ ဥပမာပိုထား၍၊ လှေငှားသည့် အခကို၊ လောကတွင်မသုံး၊ နိဗ္ဗာန်သို့ရောက်ခါမှ ဈေးကြောင်းပေါက် သုံးမည်ဟု၊ အမြတ်ဆုံးသဘောနှင့် ကုသိုလ်ဖောက်ပါအောင်၊ သံသရာကံကျွေးပြုပါမည့်အကြောင်းကို သူတော်ကောင်းလက္ခဏာ ထင်မှတ်ရင်းရှိပါ၍၊ မေတ္တာဆက်ဆံ၊ ရပ်ခံမှာကြားလိုက်ပါသည်။"[၂]

ဟူ၍ ဖြစ်သည်။

ဖော်ပြပါ စကားအဆက်အစပ်အရ ဦးပုညနှင့် ဦးမှံ့သည် တပည့်ရင်း၊ ဆရာရင်းများဖြစ်သည့် လူမှုရေးအခြေအနေအဆက်အစပ်ကို ဖော်ပြနေသည့်အတွက်

---

[၁] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၃၊ ၈၁။
[၂] ပုည၊ ဦး၊ ၁၉၆၈၊ ၂၉။

ထိုစကားများသည် လူမှုရေးအခြေအနေပြတာဝန်ကို ထမ်းဆောင်သည့် စကားများ ဖြစ်သည်။

## ၂။ ၆။ ဖွင့်ဆိုရှင်းပြတာဝန်

ပြောသူကပေးသော အချက်အလက်ကို နာသူက ကောင်းမွန်စွာ နားလည်သဘောပေါက်အောင် သုံးသည့်ကိစ္စမှန်သမျှသည် ဖွင့်ဆိုရှင်းပြတာဝန်အရ ပြောသော စကားများပင် ဖြစ်သည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ရှင်းလင်းဖော်ပြချက်များ၊ စာရင်းဇယားများ၊ ဝေါဟာရစကားများ စသည့်စကားတို့သည် နာသူ နားလည်အောင် ပြုလုပ်ပေးသည့်အတွက် ဖွင့်ဆိုရှင်းပြတာဝန် ထမ်းဆောင်သည့် စကားများပင် ဖြစ်ကြသည်။[၁]

ဦးပုည၏မေတ္တာစာတွင် မေတ္တာစာပေးပို့သူ၊ ပြောသူက မေတ္တာစာလက်ခံသူ၊ နာသူအား ပြောထားသည့် အရေးဘာသာစကားများသည် ဖွင့်ဆိုရှင်းပြတာဝန်ကို ထမ်းဆောင်သော စကားများအဖြစ် တွေ့ရှိရပါသည်။

သာဓကအားဖြင့် လှေခအလှူခံ မေတ္တာစာတွင် ဦးပုညက ဦးမှုံအား ပြောသော စကားများသည် ဖွင့်ဆိုရှင်းပြချက်များပင် ဖြစ်သည်။ ထိုမေတ္တာစာတွင် မိမိသည် သူကြီးဟောင်းငကြူနှင့် အမှုကိစ္စကို ဖြေရှင်းရန် ကျောင်းဒကာလှေနှင့် ရွှေမြို့တော်သို့ သွားရာ တပေါင်းလရောက်မှ အမှုကိစ္စ ပြီးပြတ်ခဲ့ပါသည်။ မိမိမှာ ဒကာ၏လှေငှားခ အတွက် တရားပင်ဟောသော်လည်း လှူမည့်သူမရှိ၍ လှေခမပေးနိုင် ဖြစ်ရသည်။ ပြန်လာရင်း ကွမ်းရွာတစ်ဘက် စည်းသောင်ပွက်တွင် လှေမှောက်ခဲ့ရာ ငရွှေမှတ်လင်မယားက ကယ်ခဲ့သောကြောင့် မိမိမှာ အသက်ရှင်ခဲ့ရသည်။ ကံကောင်း၍ ကယ်သူရှိသောကြောင့် ဒကာ၏လှေလည်း မဆုံး၊ မိမိလည်း အသက်ရှင်ခဲ့ရခြင်း ဖြစ်သည်။ မိမိမှာ ငကြူအမှုကြောင့် လှေခမပေးနိုင်သည်ကို ကျောင်းဒကာ ဦးမှုံက ယခုဘဝတွင် မယူဘဲ နောင်ဘဝအတွက် အလှူအဖြစ် သဘောထားကာ မိမိအား လှေခကို လှူစေလိုကြောင်း မေတ္တာရပ်ခံထားသော စကားများသည် ဖွင့်ဆိုရှင်းပြတာဝန်ကို ထမ်းဆောင်သည့် စကားများပင် ဖြစ်သည်။

---

[၁] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၃၊ ၈၂။

## ၂။ ၇။ ဖွဲ့နွဲ့ရှင်းပြတာဝန်

ပြောသူက နာသူထံ အချက်အလက်ပေးပို့ရာတွင် သာယာနာပျော်ဖွယ် ဖြစ်အောင် ကဗျာပုံသဏ္ဌာန် တစ်မျိုးမျိုးဖြင့် ပေးပို့ခြင်း ဖြစ်သည်။ ထိုသို့ပေးပို့ရာတွင် လျှာခလုတ်တိုက်စကား၊ ကာရန်စကား၊ သံတူကပ်စကား စသည့်စကားများဖြင့် ပြောဆိုနိုင်သည်။ ပြောသူသည် အချက်အလက်ကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ပေးပို့သည့်အတွက် နာသူ၌ ရသခံစားမှု တစ်ခုခုကို ဖြစ်ပေါ်စေသည့်အတွက် ယင်းစကား၏တာဝန်ကို ရသပေးတာဝန်ဟုလည်း ခေါ်သည်။[၁]

ဦးပုည၏လေ့ခအလျှုခံမေတ္တာစာတွင် ပြောသူက နာသူထံ ပေးပို့ရာတွင် စကား၊ လေးလုံးစပ် ကာရန်စကားလုံးများဖြင့် စိတ်ကူးစိတ်သန်းဖြင့် ကောင်းမွန်စွာ ဖွဲ့ဆိုထားသည်မှာ–

> "ဝေးလံရပ်ခြား၊ ယိုးဒယား၊ တရုပ်၊ မိုးဃ်းကုတ်ကုတ်သို့၊ စုတ်စုတ်ဝင်ဆောင့်ပြီးမှ၊ တထောင့်ထောင့်ဒေသက"
>
> "မြေထူးမျိုးခြား၊ ကုလားရင်သွေး၊ ခွေးနှင့်နှိုင်းခြင်း၊ ဥမင်တွင်း၌၊ ကျင်းခုနစ်တောင်၊ နက်အောင်တူး၍၊ လကွယ်နေ့တွင် ဖွားတော်မူသည် ကြေျုတိရစ္ဆာန်"
>
> "ကြောက်ဘွယ်များတောင်း၊ အောင်ပွဲကောင်းလည်း၊ တပေါင်းလမှ ပြီးပါသည်။"
>
> "ကွမ်းရွာတစ်ဘက်၊ စည်းသောင်ပွက်တွင်၊ ဇနက္ကမင်းသားကို အားကျ၍လေ့မှောက်၊ သေလောက်မတတ်၊ အရေးကတ်တွင်၊ ငရွှေမှတ်ဆိုလား၊ မေခလာလင်မယားက၊ ထိုးဝါးနှင့်ယူငင်၊ သောင်စွယ်သို့တင်သောကြောင့်၊ ရှင်သီလဝန်၊ တမလွန်ကို၊ အခွန်မဆက်နေရသည်"

ဟူသော စကားများမှ 'ခြား၊ ယား'၊ 'ရုပ်၊ ကုတ်၊ စုတ်'၊ 'ဆောင့်၊ ထောင့်'၊ 'ခြား၊ လား'၊ 'သွေး၊ ခွေး'၊ 'ခြင်း၊ တွင်း၊ ကျင်း'၊ 'တောင်၊ အောင်'၊ 'တောင်း၊ ကောင်း၊ ပေါင်း'၊ 'ဘက်၊ ပွက်၊ နက်'၊ 'မှောက်၊ လောက်'၊ 'တတ်၊ ကတ်၊ မှတ်'၊ 'လား၊ ယား၊ ဝါး' နှင့် 'ဝန်၊ လွန်၊ ခွန်' တို့သည် ကာရန် အပြောစကားများ ဖြစ်ပြီး၊ ထိုစကားများအရ နာသူတို့က ဦးပုညအား သနားကရုဏာသက်စေသည့်အတွက် ဖွဲ့နွဲ့ရှင်းပြတာဝန် မြောက်သည့် စကားများ ဖြစ်သည်။

---

[၁] အောင်မြင့်ဦး၊ ဒေါက်တာ၊၂၀၀၃၊ ၈၂။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းတွင် ဦးပုည၏လေ့ခအလျှုခံမေတ္တာစာကို လူမှုဘာသာဗေဒ၏ အခန်းကဏ္ဍတစ်ရပ်ဖြစ်သည့် စကားဖြစ်ရပ်၊ စကားအကြောင်းခံနှင့် စကားတာဝန်များ လေ့လာတင်ပြထားပါသည်။ ထိုသို့ လေ့လာရာတွင် စကားဖြစ်ရပ်တစ်ခု ဖြစ်ပေါ်လာစေမည့် ဖြစ်ရပ်ဖြစ်စဉ်များ၊ အကြောင်းရင်းခံများ၊ ထိုစကားများက ထမ်းဆောင်သည့် စကားတာဝန်များ ပါဝင်နေသည်ကို တွေ့ရသည်။

ဦးပုည၏လေ့ခအလျှုခံမေတ္တာစာတွင် ပြောသူနှင့်နာသူတို့၏ လူမှုအခြေအနေကို လိုက်၍ ပြောဆိုသည့်ပုံစံ ကွဲပြားသွားသည်ကို တွေ့ရသည်။ ပြောသူနှင့်နာသူတို့၏ ဆက်ဆံရေးအခြေအနေသည် တစ်ဦးနှင့်တစ်ဦး ရင်းနှီးကျွမ်းဝင်မှုအရ ပြေပြစ်ချောမွေ့ကြသည်။ ရင်းနှီးကျွမ်းဝင်မှုမရှိလျှင် စကားအပြောအဆို ခက်ထန်မာကြောမှုကို တွေ့ရသည်။

လေ့ခအလျှုခံမေတ္တာစာတွင် နောက်ခံအခြေအနေများ ပါနေသည်ကို တွေ့ရသည်။ လူမှုနောက်ခံအခြေအနေနှင့် ရုပ်ပိုင်းဆိုင်ရာ အခြေအနေဟူ၍ နှစ်မျိုး တွေ့ရသည်။ သူကြီးဟောင်း ငကြို့နှင့် ဦးပုညတို့ အမှုကိစ္စ ရင်ဆိုင်ရန်အတွက် လေ့ငှားရာမှ ဤမေတ္တာစာ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ထိုမေတ္တာစာမှ ကုန်းဘောင်ခေတ် လူမှုဝန်းကျင်ကို ရုပ်ပိုင်းဆိုင်ရာ အခြေအနေအဖြစ် တွေ့ရသည်။

လေ့ခအလျှုခံမေတ္တာစာတွင် စကားဖြစ်ရပ်၊ စကားအကြောင်းခံများကြောင့် ဖြစ်ပေါ်လာသည့် စကားတာဝန်များကို တွေ့ရသည်။ ပြောသူနှင့် နာသူအကြား အသုံးပြုထားသည့် စကားများတွင် ပြောသူက ရည်ညွှန်းပြောဆိုသည့် အမည်နှင့် အကြောင်းအရာများ ပါနေသည့်အတွက် ရည်ညွှန်းတာဝန်မြောက်သည်ဟု ဆိုနိုင်သည်။ ပြောသူက နာသူအား အသုံးပြုပြောဆိုထားသည့် စကားများတွင် မေတ္တာစာပါ အကြောင်းအရာကို လိုက်ပြီး၊ အမိန့်ပေးခြင်း၊ မေတ္တာရပ်ခံခြင်း၊ သတိပေးခြင်း၊ လမ်းညွှန်ခြင်းများသည် ညွှန်ကြားသူနှင့် နာသူအကြား အသုံးပြုထားသည့် စကားများသည် ၎င်းတို့နှစ်ဦး၏ ဆက်စပ်မှုကို ဖော်ပြသည့်အတွက် လူမှုအခြေပြုတာဝန်မြောက်သည်။ ပြောသူက ပြောလိုသည့် အကြောင်းအရာကို နာသူသိအောင် ပြောပြထားသည့် စကားများသည် ဖွင့်ဆိုရှင်းပြတာဝန် ထမ်းဆောင်သည့် စကားများ ဖြစ်သည်။ ပြောသူက နာသူကို မိမိပြောလိုသည့်အခါတွင် ကာရန်စကားများ၊ သံတူကပ်စကားများသုံးပြီး ရှင်းပြထားသည့်အတွက် ဦးပုည၏မေတ္တာစာပါ စကားရပ်များသည် ဖွဲ့နွဲ့ရှင်းပြတာဝန်ကို ထမ်းဆောင်သည့် စကားများဟု ဆိုနိုင်ပါသည်။

သို့ဖြစ်၍ ဦးပုည၏လေ့ခအလျှုခံမေတ္တာစာတွင် ဖော်ပြပါ စကားရပ်များ၊ စကားအကြောင်းခံများ၊ စကားတာဝန်များနှင့် ပြည့်စုံနေသည့်အတွက် ဦးပုည၏

လေ့ခအလှူခံမေတ္တာစာသည် ဘာသာစကားနှင့် လူ့အဖွဲ့အစည်းကြားရှိ ဆက်စပ်မှုကို ထင်ရှားပေါ်လွင်စေသည့် မေတ္တာစာဟု ဆိုနိုင်ပါသည်။

## နိဂုံး

ဤစာတမ်းတွင် လူမှုဘာသာဗေဒသဘောအရ ဦးပုည၏လေ့ခအလှူခံမေတ္တာစာတွင် တွေ့ရှိရသော လူ့အဖွဲ့အစည်းကြားရှိ ဆက်စပ်မှုကို လူမှုဘာသာဗေဒ၏ အခန်းကဏ္ဍတစ်ရပ်ဖြစ်သော စကားဖြစ်ရပ်၊ စကားအကြောင်းခံများ၊ စကားတာဝန်များဖြင့် လေ့လာရာတွင် ကုန်းဘောင်ခေတ်နှောင်းပိုင်း လူမှုဝန်းကျင်မှ လူမှုရေးနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များ၊ ကုန်းဘောင်ခေတ်နှောင်းပိုင်း ခေတ်အခြေအနေတို့ကိုပါ လေ့လာသိရှိရပါသည်။

## ကျမ်းကိုးစာရင်း


ကျော်မြင့်၊ မြန်စာဂုဏ်။ (၂၀၁၇)။ ***စာပေရိပ်မွန်စာပေတာဝန်***။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

***ဂန္ထဝင်စာပေစာတမ်းများ၊ (ဒုတိယတွဲ)***။ (၁၉၉၂)။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

စိုးလှိုင်၊ **ဦး။** (၂၀၁၈)။ ***ဦးပုညမေတ္တာစာဋီကာ***။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

ပုည၊ **ဦး**။ (၁၉၆၈)။ ***ဦးပုညလက်ရွေးစင်စာများ***။ ရန်ကုန်၊ နံ့သာတိုက်။

ဖေမောင်တင်၊ ဦး(ပါမောက္ခ)။ (၂၀၁၃)။ ***မြန်မာစာပေသမိုင်း***။ ရန်ကုန်၊ ရာပြည့်စာပေ။

ဖိုးကျား၊ **ဦး**။ (၂၀၁၁)။ ***ခေတ်မီမြန်မာရာဇဝင်အကျဉ်း*** (ဒုကြိမ်)။ ရန်ကုန်၊ စိတ်ကူးချိုချို ပုံနှိပ်တိုက်။

ဖိုးစိန်၊ **ဦး**။(၁၂၉၄)။ ***ဦးဖိုးစိန်ဖြေသော ဦးပုညမေတ္တာစာအဖြေ***။ ရန်ကုန်၊ တိုးစာပုံနှိပ်တိုက်။

***ရန်ကုန်တက္ကသိုလ် ပညာရေးမဟာဌာန/ ပညာရေးနောက်ဆုံးနှစ် ကျောင်းသား/ကျောင်းသူများ၏ သုတေသီစာစဉ်***/ ရန်ကုန်၊ ရန်အေးပုံနှိပ်တိုက်။

သန်းဝင်းလှိုင်။(၂၀၁၆)။ ***အကျော်ဇေယျဂန္ထဝင် စာဆိုတော်များ***။ ရန်ကုန်၊ အိပ်မက်အသစ်စာပေ။

အေးသန့်၊ **မောင်**။ (၁၉၆၇)။ ***ဦးပုညနှင့် အချုပ်တန်းဆရာဖေတို့၏ ဘဝစာပေအထွေထွေ။*** ရန်ကုန်၊ ပန်စရာပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၀၃)။ ***လူမှုဘာသာဗေဒမိတ်ဆက်***။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများ၏ အဓိပ္ပာယ်နှင့် ဝါကျဖွဲ့ပုံ

မောင်မောင်ဦး*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစကားပုံစာအုပ်တွင် ပါဝင်သော တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများ၏ အဓိပ္ပာယ်နှင့် ဝါကျဖွဲ့ပုံကို သိနိုင်ရန် ရည်ရွယ်ပါသည်။ အလေ့လာခံအဖြစ် မြန်မာစာအဖွဲ့မှ ထုတ်ဝေခဲ့သော 'မြန်မာစကားပုံ' စာအုပ်ကို အသုံးပြုပါသည်။ ယင်းစာအုပ်တွင် ပါဝင်သည့် တိရစ္ဆာန်အချင်းချင်း ခိုင်းနှိုင်းသော စကားပုံများ၏ ဝါကျဖွဲ့ပုံကို ဘာသာဗေဒပညာရပ်ရှုထောင့်မှ တင်ပြရာတွင် တိရစ္ဆာန်အချင်းချင်း ခိုင်းနှိုင်းသော စကားပုံများ၏ အဓိပ္ပာယ်၊ တိရစ္ဆာန်အချင်းချင်း ခိုင်းနှိုင်းသော စကားပုံများ၏ ဝါကျဖွဲ့ပုံ၊ ခြုံငုံသုံးသပ်ချက် ဟူ၍ ကဏ္ဍ(၃)ခု ပါဝင်မည် ဖြစ်၏။ ဤစာတမ်း၏ တင်ပြချက်များကြောင့် 'မြန်မာစကားပုံ'စာအုပ်တွင် ပါဝင်သော တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများ၏အဓိပ္ပာယ်သာမက ထိုစကားပုံများသည် ဘာသာဗေဒရှုထောင့်အရ မည်သို့မည်ပုံ ဝါကျဖွဲ့ထားသည်ကို သိလာမည် ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ** – ***စကားပုံ၊ ဘာသာဗေဒ၊ ဝါကျ၊ ဝါကျရိုး၊ ဝါကျရော။***

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်ကြသည်။ ထိုတိုင်းရင်းသားလူမျိုးပေါင်းစုံတွင် ၎င်းတို့နှင့် သက်ဆိုင်သော စကားပုံများ ရှိကြမည် ဖြစ်သည်။ ယင်းတို့မှ ဗမာ တစ်နည်း မြန်မာတို့တွင်လည်း စကားပုံများ ရှိသည်။ မြန်မာစကားပုံများတွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများလည်း ပါဝင်ပါသည်။ ထိုစကားပုံများ၏ အဓိပ္ပာယ်မှာ မည်ကဲ့သို့ ရှိသနည်း။ စကားပုံများကို မည်သည့်ပုံစံဖြင့် ဝါကျဖွဲ့ထားသည်ကို သိသင့်ပါသည်။

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

## ၁။ ပြုစုရသော ရည်ရွယ်ချက်

ဗမာ တစ်နည်း မြန်မာတို့တွင်ရှိသော စကားပုံများကို လေ့လာသူတို့သည် အားသန်ရာ ရှုထောင့်မှ ပုံစံအမျိုးမျိုးဖြင့် လေ့လာခဲ့ကြပါသည်။ သို့သော်လည်း တိရစ္ဆာန်အချင်းချင်း ခိုင်းနှိုင်းသော စကားပုံများ၏ အဓိပ္ပာယ်နှင့် ထိုစကားပုံများ၏ ဝါကျဖွဲ့ပုံကို ဘာသာဗေဒပညာရပ်ရှုထောင့်မှ မည်သူမျှ လေ့လာခဲ့ဖူးခြင်း မရှိသေးပါ။ ထို့ကြောင့်လည်း ဤစာတမ်းသည် မြန်မာစာဘာသာရပ် ဘာသာစကားလေ့လာမှု အတွက် အထောက်အပံ့ဖြစ်မည်ဟု မျှော်လင့်ပါသည်။ ယင်းသည် 'တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများ၏ အဓိပ္ပာယ်နှင့်ဝါကျဖွဲ့ပုံ'ကို လေ့လာရခြင်း၏ ရည်ရွယ်ချက် ဖြစ်ပါသည်။

## ၂။ အချက်အလက် ကောက်ယူစုဆောင်းခြင်း

(၁၉၉၆)ခုနှစ်တွင် မြန်မာစာအဖွဲ့က တတိယအကြိမ် ထုတ်ဝေခဲ့သော မြန်မာစကားပုံစာအုပ်မှ အချက်အလက် ကောက်ယူစုဆောင်းပါသည်။ ယင်းစာအုပ်တွင် လူမှုအခြေအနေအမျိုးမျိုးကို ခိုင်းနှိုင်းရေးသားတင်ပြထားသော စကားပုံ (၈၇၀) ပါဝင်သည်။ ယင်းတို့တွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းစကားပုံ (၆၀) ပါဝင်သည်ကို လေ့လာတွေ့ရှိရပါသည်။ ဤသို့တွေ့ရှိရသော တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများကို အကြိမ်ကြိမ် အထပ်ထပ် လေ့လာခဲ့ပါသည်။

## ၃။ လေ့လာသောနယ်ပယ်

သုတေသနပြုသူ အကြိမ်ကြိမ် အထပ်ထပ် လေ့လာခဲ့သော မြန်မာစကားပုံ စာအုပ်တွင် ပါဝင်သည့် တိရစ္ဆာန်အချင်းချင်း ခိုင်းနှိုင်းသော စကားပုံများကို မည်သို့ မည်ပုံ လေ့လာရမည်ကို စဉ်းစားရွေးချယ်ဆုံးဖြတ်ပါသည်။ တိရစ္ဆာန်အချင်းချင်း ခိုင်းနှိုင်းသော စကားပုံများ၏အဓိပ္ပာယ်ကို တစ်စုတစ်စည်းတည်း စုပေါင်း၍ အားလုံး သိရှိစေလိုသောကြောင့်၊ စကားပုံများ၏ဝါကျဖွဲ့ပုံကို ဘာသာဗေဒရှုထောင့်မှ တင်ပြရလျှင် ပို၍ဆီလျော်မည်ဟု ယူဆမိသောကြောင့် 'တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများ၏ အဓိပ္ပာယ်နှင့်ဝါကျဖွဲ့ပုံ' ဟူသော ဤစာတမ်း ပေါ်ပေါက် လာရခြင်း ဖြစ်ပါသည်။

## ၄။ မြုချပုံ

ဤသုတေသနတွင် 'တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများ၏ အဓိပ္ပာယ်'ကို မြန်မာစကားပုံစာအုပ်တွင် ရေးသားထားသည့်အတိုင်း တိုက်ရိုက်ကိုးကားကာ အက္ခရာစဉ်အတိုင်း တင်ပြထားသည်။ မြန်မာအဘိဓာန်ကို **မြန်ဘိ၊** ခရီးဆောင် အင်္ဂလိပ်-မြန်မာအဘိဓာန်ကို **လိပ်မြန်ဘိ၊** 'မြန်မာ စကားပုံ' စာအုပ်ကို **မြန်ပုံ** ဟု ဤသုတေသနတွင် အတိုကောက် ရည်ညွှန်းပါသည်။ 'တိရစ္ဆာန်အချင်းချင်း ခိုင်းနှိုင်းသော စကားပုံများ၏ ဝါကျဖွဲ့ပုံကို တင်ပြရာတွင် ဘာသာဗေဒ ပညာရပ်၏ ဝါကျဖွဲ့ပုံနည်းနာများကို အသုံးပြုပါသည်။ ဝါကျဖွဲ့ပုံနည်းနာနှင့် စပ်လျဉ်းသည့် အတိုကောက်အသုံးများကို သက်ဆိုင်ရာကဏ္ဍများတွင် ဖော်ပြမည် ဖြစ်ပါသည်။

## ၅။ သုတေသနအစီအစဉ်

'တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများ၏ အဓိပ္ပာယ်နှင့် ဝါကျဖွဲ့ပုံ' ကို လေ့လာသော ဤသုတေသနတွင် –

(၁) စကားပုံများ၏အဓိပ္ပာယ်

(၂) စကားပုံများ၏ဝါကျဖွဲ့ပုံ

(၃) ခြုံငုံသုံးသပ်ချက်

ဟူ၍ (၃)ပိုင်း ခွဲခြားကာ တင်ပြမည် ဖြစ်ပါသည်။

## ၁။ စကားပုံများ၏အဓိပ္ပာယ်

မြန်မာတို့က **စကားပုံ** ဟုခေါ်သည်ကို အင်္ဂလိပ်တို့က **'proverb = ဆိုရိုး။ စကားပုံ။'**[၁] ဟု ခေါ်ကြသည်။ အင်္ဂလိပ်ဝေါဟာရ **proverb** သည် ထွေပြားသည့် သဘော သက်ရောက်နေသည်။ ယင်းကို မြန်မာအဘိဓာန်တွင် ဖွင့်ဆိုချက်များဖြင့် ဆန်းစစ်ကြည့်မည်ဆိုပါက–

---

[၁] လိပ်မြန်ဘိ၊ ၂၀၁၆၊ ၇၅၃။

**စကားပုံ**၏အဓိပ္ပာယ်မှာ–

"လူအများ ဆင်ခြင်မှတ်သားဖွယ်ဖြစ်အောင် စံပြုခိုင်းနှိုင်းလေ့ရှိသော ထိရောက်ကျစ်လျစ်ပြေပြစ်သည့် စကား"[၁]

ဖြစ်ပါသည်။

**ဆိုရိုးစကား** ၏အဓိပ္ပာယ်မှာ–

"အစဉ်အလာ ပြောဆိုခဲ့ကြသော မှတ်သားဖွယ်ရာစကား"[၂]

ဖြစ်သည်။

ထိုအချက်များအရ မှတ်သားဖွယ်ရာစကားတစ်ခုတွင် **တင်စားခိုင်းနှိုင်းမှုပါလျှင် စကားပုံ** ဟု သတ်မှတ်နိုင်ပြီး **တင်စားခိုင်းနှိုင်းမှု မပါလျှင် ဆိုရိုး** ဟု သတ်မှတ်ရမည် ဖြစ်သည်။

(၁၉၉၆)ခုနှစ်တွင် မြန်မာစာအဖွဲ့က တတိယအကြိမ် ထုတ်ဝေခဲ့သော မြန်မာစကားပုံစာအုပ်တွင် ဇာတ်နိပါတ်၊ သမိုင်း၊ ပုံပြင်ကို အခြေပြုသော၊ ပေါင်းသင်းဆက်ဆံမှုကို အခြေခံသော လူ့သဘာဝအဆိုးအကောင်းကို ဖော်ပြသော၊ ဖွဲ့လုံ့လအားမာန်ကို ဖော်ကျူးသော၊ ဖြစ်ပျက်ပြောင်းလဲတတ်သော လောကဓံကို ပုံဆောင်သော စသဖြင့် စကားပုံပေါင်း (၈၇၀) ပါဝင်သည်။ ယင်းတို့တွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံ အခု (၆၀) ပါဝင်နေပါသည်။ ထိုစကားပုံ တစ်ခုချင်းစီ၏ အဓိပ္ပာယ်ကို ဤကဏ္ဍတွင် မြန်မာဗျည်းအက္ခရာစဉ်အလိုက် တင်ပြသွားပါမည်။

## ၁၊ ၁။ 'က' ဗျည်းအက္ခရာတွင် ပါဝင်သော စကားပုံများ

'က' ဗျည်းအက္ခရာတွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများ စကားပုံ (၁၃)ခု ရှိသည်။ ထိုစကားပုံများနှင့် အဓိပ္ပာယ်မှာ–

၁။ "ကျားချင်းကိုက်ရာ သမင် ကူ မှားသည်

ကျားချင်းကိုက်ရာတွင် သမင်က ဝင်ရောက်ကူမိ မှားသည်ဆိုသကဲ့သို့ အင်အားကြီးသော မိမိရန်သူအချင်းချင်း ပဋိပက္ခဖြစ်ရာတွင် ဝင်ရောက်ကူမိ မှားသည်။"[၃]

---

[၁] မြန်ဘိ၊ ၂၀၀၈၊ ၉၀။
[၂] မြန်ဘိ၊ ၂၀၀၈၊ ၁၂၁။
[၃] မြန်ပုံ၊ ၁၉၉၆၊ ၁၆။

၂။ "ကျားချင်းကိုက်ရာ သမင်လမ်းကူးမှား

ကျားနှစ်ကောင် ကိုက်နေသော နေရာသို့ သမင်သည် လမ်းမှား၍ ရောက်သွားမိသဖြင့် ဒုက္ခတွေ့ရသကဲ့သို့ မိမိနှင့်မဆိုင်သော အခြား ပုဂ္ဂိုလ် နှစ်ဦး၏ ပဋိပက္ခတွင် ဒုက္ခရောက်ရသည်။"[၁]

၃။ "ကျားလည်းကြောက်ရ ကျားချေးလည်း ကြောက်ရ

ကျားကိုသာ ကြောက်ရသည်မဟုတ် ကျားချေးကိုပင်လျှင် ကြောက်ရ သကဲ့သို့ မိမိအား နှိပ်စက်နိုင်သော အရှိန်အဝါရှိသူကိုသာ ကြောက်ရသည် မဟုတ်၊ အရှိန်အဝါကိုမှီပြီး အာဏာပြနေသော နောက်လိုက် အသိုင်း အဝိုင်းများကိုပါ ကြောက်ရသည်။"[၂]

၄။ "ကျားသနားမှ နွားချမ်းသာ

ကျားရှေ့ရောက်သော နွားသည် ကျားသနားမှသာ အသက်ချမ်းသာခွင့် ရနိုင်မည် ဖြစ်သကဲ့သို့ အလွန်ရက်စက်ကြမ်းကြုတ်သူ ရှေ့မှောက် ရောက်သူသည် ထိုသူသနားညှာတာမှသာ ချမ်းသာခွင့် ရနိုင်မည်။"[၃]

၅။ "ကြီးတစ်ကောင်အတွက် ကြီးအများပျက်

ကြီးတစ်ကောင်ကြောင့် ကြီးများ ပျက်စီးရသကဲ့သို့ တစ်ယောက် မကောင်းသောကြောင့် အများ ပျက်စီးဆုံးရှုံးရသည်။"[၄]

၆။ "ကြီးဘုတ်ရိုသေ ဘုတ်ကြီးရိုသေ

ကြီးနှင့်ဘုတ်တို့သည် တစ်ကောင်နှင့်တစ်ကောင် လေးစားရိုသေကြ သကဲ့သို့ မိမိက သူတစ်ပါးကို ရိုသေလေးစားခြင်းဖြင့် သူတစ်ပါးက မိမိကို ရိုသေလေးစားမည်။"[၅]

---

[၁] မြန်ဘီ၊ ၂၀၀၈၊ ၁၆။
[၂] မြန်ပုံ၊ ၁၉၉၆၊ ၁၇။
[၃] မြန်ပုံ၊ ၁၉၉၆၊ ၁၈။
[၄] မြန်ပုံ၊ ၁၉၉၆၊ ၁၉။
[၅] မြန်ပုံ၊ ၁၉၉၆၊ ၂၀။

၇။ "ကြောင်ခံတွင်းပျက်နှင့် ဆက်ရက်တောင်ပံကျိုးသည်

ခံတွင်းပျက်နေသော ကြောင်သည် အလွယ်တကူ ဖမ်းယူနိုင်မည့် တောင်ပံကျိုး ဆက်ရက်ကို အခန့်သင့် တွေ့သကဲ့သို့ အိမ်ထောင်ရေးတွင် လိုအင်ဆန္ဒ မပြည့်ခိုက် မိမိဆန္ဒကို အလွယ်တကူ ဖြည့်မည့်သူနှင့် အခန့်သင့်တွေ့သည်။"[၁]

၈။ "ကြောင်တစ်သက် ကြက်တစ်မြုံ

ကြောင်တစ်ကောင်ကြောင့် ကြက်တစ်မြုံလုံး ပျက်စီးရသကဲ့သို့ အနိုင်အထက်ပြုသူ တစ်ဦးကြောင့် အားမဲ့သူအများ ပျက်စီးဆုံးရှုံးရသည်။"[၂]

၉။ "ကြောင်မရှိ ကြွက်မြူး"[၃] / "ကြောင်မရှိ ကြွက်ထ

ကြောင်မရှိခိုက် ကြွက်တို့ ထကြွမြူးထူးသကဲ့သို့ ကြောက်ရွံ့ရမည့်သူ မရှိခိုက် ထင်သလို ပြောဆိုပြုမူနေထိုင်သည်။"[၄]

၁၀။ "ကြောင်ရုပ်ဖြစ်စေ ကြွက်သေတာလိုရင်း

ကြောင်ရုပ်ပင် ဖြစ်စေကာမူ ကြွက်ငြိမ်ခြင်းသာ ပဓာနဖြစ်သကဲ့သို့ မည်သည်ကိုပင် သုံးသုံး ကိစ္စပြီးမြောက်ရေးသာ ပဓာနဖြစ်သည်။"[၅]

၁၁။ "ကြောင်အို ကြွက်မလေး

ကြောင်အိုကို ကြွက်များ မလေးမခန့်သကဲ့သို့ အသက်အရွယ်ကြီးရင့်သော မိဘ၊ ဆရာသမားတို့ကို သားသမီး တပည့်တို့က မခန့်ညားကြချေ။"[၆]

၁၂။ "ကြွက်နားရွက် ဝက်တပ်

ကြွက်၏နားရွက်ကို ဝက်တွင်တပ်ဆင်သကဲ့သို့ အမြင်မတော်လောက်အောင် အရွယ်ပမာဏ မတူမမျှ ဆင်ယင်မွမ်းမံသည်။"[၇]

---

[၁] မြန်ပုံ၊ ၁၉၉၆၊ ၂၆။
[၂] မြန်ပုံ၊ ၁၉၉၆၊ ၂၆။
[၃] မြန်ပုံ၊ ၁၉၉၆၊ ၂၇။
[၄] မြန်ပုံ၊ ၁၉၉၆၊ ၂၇။
[၅] မြန်ပုံ၊ ၁၉၉၆၊ ၂၈။
[၆] မြန်ပုံ၊ ၁၉၉၆၊ ၂၈။
[၇] မြန်ပုံ၊ ၁၉၉၆၊ ၃၂။

## ၁၊ ၂။ 'ခ' ဗျည်းအက္ခရာတွင် ပါဝင်သော စကားပုံများ

'ခ' ဗျည်းအက္ခရာတွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံ (၂)ခု ရှိသည်။ ထိုစကားပုံများနှင့် အဓိပ္ပာယ်မှာ–

၁။ "ခြသေ့်မင်းရှေ့ ယုန်သူငယ်မသန်းဝံ့

ခြသေ့်မင်း၏ ရှေ့မှောက်တွင် ယုန်ငယ်သည် ဖြတ်သန်းမသွားဝံ့ သကဲ့သို့ အရှိန်အဝါကြီးမားသူအား အရှိန်အဝါနည်းပါးသူက ကြောက်ရွံ့ ခန့်ညားသည်။"[၁]

၂။ "ခွေးကျိုးနဲ့ ယုန်လိုက်

ယုန်ကို ခြေကျိုးနေသောခွေးနှင့် လိုက်လံဖမ်းသကဲ့သို့ မလွယ်ကူသော ကိစ္စတစ်ရပ်ကို ချို့ယွင်းချက် အားနည်းချက်များနှင့် လုပ်ဆောင် သည်။"[၂]

## ၁၊ ၃။ 'ဂ' ဗျည်းအက္ခရာတွင် ပါဝင်သော စကားပုံ

'ဂ' ဗျည်းအက္ခရာတွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံတစ်ခု ရှိသည်။ ထိုစကားပုံနှင့် အဓိပ္ပာယ်မှာ –

၁။ "ဂဠုန်ပြည်ဂဠုန် နဂါးပြည်နဂါး

ဂဠုန်ပြည်တွင် ဂဠုန်မင်းမူ၍ နဂါးပြည်တွင် နဂါးမင်းမူသကဲ့သို့ သူ့နေရာတွင်သူ ကိုယ့်နေရာတွင်ကိုယ် တွင်ကျယ်သည်။"[၃]

## ၁၊ ၄။ 'င' ဗျည်းအက္ခရာတွင် ပါဝင်သော စကားပုံများ

'င' ဗျည်းအက္ခရာတွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံ (၇)ခု ရှိသည်။ ထိုစကားပုံများနှင့် အဓိပ္ပာယ်မှာ–

---

[၁] မြန်ပုံ၊ ၁၉၉၆၊ ၄၁။
[၂] မြန်ပုံ၊ ၁၉၉၆၊ ၄၂။
[၃] မြန်ပုံ၊ ၁၉၉၆၊ ၄၆။

၁။ "ငါးကြော်မကြိုက် ကြောင်မိုက်

ငါးကြော်ကို တွေ့ပါလျက် မစားသောကြောင်သည် ကြောင်မိုက်သာ ဖြစ်သကဲ့သို့ အခွင့်ကောင်း ရပါလျက် မယူလိုက်သောသူသည် လူမိုက်သာ ဖြစ်သည်။"[၁]

၂။ "ငါးကြင်းဆီနှင့် ငါးကြင်းကြော်

ငါးကြင်းမှ ရသောအဆီဖြင့် ငါးကြင်းကို ကြော်သကဲ့သို့ ကိစ္စတစ်ရပ်မှ ရရှိသည့် အကျိုးအမြတ်ဖြင့်ပင် ထိုကိစ္စ ပြီးမြောက်အောင်မြင်စေသည်။"[၂]

၃။ "ငါးစိမ်းမြင် ငါးကင်ပစ်

မြေခွေးသည် ငါးစိမ်းကို မြင်ကာမျှနှင့် မိမိပါးစပ်ထဲသို့ ရောက်ပြီးသော ငါးကင်ကို စွန့်ပစ်သကဲ့သို့ အသစ်ကို မြင်ကာမျှနှင့် မိမိလက်ဝယ်ရှိသော အဟောင်းကို စွန့်ပစ်သည်။"[၃]

၄။ "ငါးတု ခရုပွက် အိုင်ပျက်

သဘာဝအားဖြင့် ငါးကဲ့သို့ မပွက်နိုင်သော ခရုက ငါးကို တုပ၍ ပွက်သဖြင့် အိုင်၌ ငါးရှိသည်ထင်ပြီး ပက်ခြင်းကြောင့် ရေအိုင် ပျက်စီးရသကဲ့သို့ မတုပသင့်သည်ကို တုပယှဉ်ပြိုင်သဖြင့် မိမိရော ပတ်ဝန်းကျင်ပါ ထိခိုက် ပျက်စီးရသည်။"[၄]

၅။ "ငါးပွက်ရာ ငါးစာချ

ငါးစာတပ်ထားသော ငါးမျှားချိတ်ကို တစ်နေရာတည်းတွင် ချမထားဘဲ ငါးပွက်တိုင်း ငါးပွက်ရာသို့ ပြောင်းရွှေ့ချလျှင် ငါးမမိသကဲ့သို့ အလုပ်တစ်ခုကို စွဲစွဲမြဲမြဲ မလုပ်ဘဲ အကျိုးရှိနိုးနိုးနှင့် အမျိုးမျိုး ပြောင်းလဲလုပ်လျှင် အရာမရောက် ဖြစ်တတ်သည်။"[၅]

---

[၁] မြန်ပုံ၊ ၁၉၉၆၊ ၅၀။
[၂] မြန်ပုံ၊ ၁၉၉၆၊ ၅၀။
[၃] မြန်ပုံ၊ ၁၉၉၆၊ ၅၁။
[၄] မြန်ပုံ၊ ၁၉၉၆၊ ၅၂။
[၅] မြန်ပုံ၊ ၁၉၉၆၊ ၅၃။

၆။ “ငါးရံ့ရ အတူတူ ငါးရူရ ခွဲခြမ်းခြမ်း

အိုင်ပက်သူနှစ်ဦးသည် ငါးရံ့ကလေးများ ရသောအခါ နှစ်ယောက် အတူတူ ပိုင်ကြသည်ဟု သဘောထားကြသော်လည်း ငါးရူကြီးများ ရသောအခါ လောဘဝင်၍ ခွဲခြမ်း ခွဲခြမ်း လုပ်သကဲ့သို့ အလုပ်အတူတူ လုပ်သူအချင်းချင်း အကျိုးအမြတ်နည်းသော် အကျိုးတူသဘော ခံယူနိုင်ကြသော်လည်း အကျိုးအမြတ်များသော် အဝေမတည့်ဖြစ်လာသည်။”[၁]

၇။ “ငှက်မသိတော့ ဆက်ရက် ချိုးထင်

ငှက်ကို ခွဲခြား၍မသိပါက ချိုးငှက်ကိုပင် ဆက်ရက်ဟု ထင်တတ်သကဲ့သို့ လူကို ကောင်းဆိုး မခွဲခြားတတ်သူသည် လူကောင်းကိုပင် လူဆိုးဟု ထင်တတ်သည်။”[၂]

## ၁၊ ၅။ ‘စ’ ဗျည်းအက္ခရာတွင် ပါဝင်သော စကားပုံ

‘စ’ ဗျည်းအက္ခရာတွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံ တစ်ခု ရှိသည်။ ထိုစကားပုံနှင့် အဓိပ္ပာယ်မှာ–

၁။ “စာဥ ဒေါင်းအုပ် ဒေါင်းဥ စာအုပ်

စာကလေးဥကို ဒေါင်းက လုံခြုံစွာ အုပ်နိုင်သည်။ ဒေါင်းဥကို စာကလေးက လုံခြုံစွာ မအုပ်နိုင်။ ထို့အတူ စီမံအုပ်ချုပ်ရာ၌ စီမံရသည့်တာဝန်နှင့် စီမံသူ၏အရည်အချင်း လျော်ကန်မှုရှိမှ အောင်မြင်မှု ရနိုင်သည်။”[၃]

## ၁၊ ၆။ ‘ဆ’ ဗျည်းအက္ခရာတွင် ပါဝင်သောစကားပုံများ

‘ဆ’ ဗျည်းအက္ခရာတွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံ (၁၀)ခု ရှိသည်။ ထိုစကားပုံများနှင့် အဓိပ္ပာယ်မှာ–

---

[၁] မြန်ပုံ၊ ၁၉၉၆၊ ၅၄။
[၂] မြန်ပုံ၊ ၁၉၉၆၊ ၅၈။
[၃] မြန်ပုံ၊ ၁၉၉၆၊ ၅၈။

၁။ “ဆင်ကောင်ကြီးတွေ့မှ ဆင်ခြေရာရှာရန်မလို

ဆင်ကောင်ကို တွေ့ရပြီးဖြစ်၍ ဆင်ဟုတ်မဟုတ် ခြေရာရှာဖွေကြည့်ရန် မလိုတော့သကဲ့သို့ လက်ဆုပ်လက်ကိုင် တွေ့ထားပြီးဖြစ်၍ ဟုတ်မဟုတ်ကို သဲလွန်စရှာရန် မလိုတော့ပေ။”[၁]

၂။ “ဆင်ကျီးစားရာ ဆိတ်မခံသာ

ဆင်က ကျီစားသည့် သဘောဖြင့် ပြုမူသော်လည်း ဆိတ်အဖို့ မခံသာအောင် နာကျင်သကဲ့သို့ အားကြီးသူက ထိခိုက်လိုသည့်သဘော မပါဘဲ ခပ်ပေါ့ပေါ့ ပြုလိုက်သော အမှုသည် အားနည်းသူအဖို့ မခံသာအောင် ဖြစ်ရသည်။”[၂]

၃။ “ဆင်ခေါင်း ခွေးမချီနိုင်

ဆင်ဦးခေါင်းကို ခွေးသည် ချီလိုသော်လည်း မချီနိုင်သကဲ့သို့ မိမိအား နှင့်မမျှသော ဝန်ကို ရွက်ဆောင်လိုသော်လည်း မရွက်ဆောင်နိုင် ဖြစ်သည်။”[၃]

၄။ “ဆင်ချည်သောကြိုး ကြက်ချည်သော်မခြဲ ကြက်ချည်သောကြိုး ဆင်ချည်သော်မခိုင်

ဆင်ချည်သော ကြိုးဖြင့် ကြက်ကို ချည်သော် ကျွတ်ရာ၏။ ကြက်ချည်သော ကြိုးဖြင့် ဆင်ကို ချည်သော် ပြတ်ရာ၏။ ထို့အတူ ဝန်နှင့်အား လျော်ကန်ခြင်း မရှိလျှင် လုပ်ငန်းချောမွေ့အောင်မြင်ခြင်း မရှိနိုင်။”[၄]

၅။ “ဆင်ပိန် ကျွဲလောက်

ဆင်သည် ကြုံလှီသွားစေကာမူ ကျွဲကိုယ်ထည်လောက် ရှိသေးသကဲ့သို့ ကြွယ်ဝချမ်းသောသူသည် စီးပွားကျဆင်းသွားစေကာမူ သာမန်သူတို့ထက် စီးပွားထုထည် ရှိသေးသည်။”[၅]

---

[၁] မြန်ပုံ၊ ၁၉၉၆၊ ၆၇။
[၂] မြန်ပုံ၊ ၁၉၉၆၊ ၆၈။
[၃] မြန်ပုံ၊ ၁၉၉၆၊ ၆၈။
[၄] မြန်ပုံ၊ ၁၉၉၆၊ ၆၉။
[၅] မြန်ပုံ၊ ၁၉၉၆၊ ၆၉။

၆။ "ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့

ဆင်ဖြူတော်ကို ဆင်မည်းက ရင်မဆိုင်ရဲသကဲ့သို့ ဂုဏ်သိက္ခာ အရှိန်အဝါ ကြီးမားသူကို ဂုဏ်သိက္ခာချို့တဲ့သူက မျက်နှာချင်း မဆိုင်ဝံ့ချေ။"[၁]

၇။ "ဆင်မတတ်နိုင် ကြွက်တတ်နိုင်၏။

ဆင်သတ္တဝါ မဆောင်ရွက်နိုင်သော ကိစ္စကို ကြွက်သတ္တဝါက ဆောင်ရွက်နိုင်သည် ဆိုသကဲ့သို့ တစ်ခါတစ်ရံ အင်အားကြီးသူ၊ ရာထူးဂုဏ်သိမ် ကြီးသူတို့ မဆောင်ရွက်နိုင်သောကိစ္စကို ထိုအောက်ငယ်သူတို့က စွမ်းဆောင်နိုင်သည်။"[၂]

၈။ "ဆင်လည်း ဆင့်အထွာနှင့် ပုရွက်ဆိတ်လည်း ပုရွက်ဆိတ်အထွာနှင့်

ဆင်သည်အကောင်ကြီးသဖြင့် ဆင်နှင့်လိုက်ဖက်အောင် အထွာကြီးပြီး ပုရွက်ဆိတ်သည် အကောင်ငယ်သဖြင့် ပုရွက်ဆိတ်နှင့်လိုက်ဖက်အောင် အထွာငယ်သကဲ့သို့ အရာရာတွင် သဘာဝတရားအရ အချိုးအစား ညီမျှသည်သာ ဖြစ်သည်။"[၃]

၉။ "ဆင်သေကို ဆိတ်ရေနှင့်ဖုံး

အကောင်အထည်ကြီးမားသည့် ဆင်သေကို သေးငယ်သော ဆိတ်သားရေနှင့် ဖုံးသကဲ့သို့ ကြီးမားသော ပြဿနာကို မခိုင်လုံသော ဆင်ခြေဖြင့် ဖုံးကွယ်ရန် အားထုတ်သည်။"[၄]

၁၀။ "ဆင့်နားရွက် ကြွက်တပ်

ဆင်၏နားရွက်ကို ကြွက်တွင် တပ်ဆင်သကဲ့သို့ အမြင်မတော်လောက်အောင် အရွယ်ပမာဏ မတူမမျှ ဆင်ယင်မွမ်းမံသည်။"[၅]

---

[၁] မြန်ပုံ၊ ၁၉၉၆၊ ၇၂။
[၂] မြန်ပုံ၊ ၁၉၉၆၊ ၇၂။
[၃] မြန်ပုံ၊ ၁၉၉၆၊ ၇၃။
[၄] မြန်ပုံ၊ ၁၉၉၆၊ ၇၃။
[၅] မြန်ပုံ၊ ၁၉၉၆၊ ၇၅။

## ၁၊ ၇။ 'ဇ' ဗျည်းအက္ခရာတွင် ပါဝင်သော စကားပုံ

'ဇ' ဗျည်းအက္ခရာတွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံတစ်ခု ရှိသည်။ ထိုစကားပုံနှင့် အဓိပ္ပာယ်မှာ–

၁။ "ဇီးကွက်လောက်တော့ ငှက်တိုင်းလှ

ဇီးကွက်၏ အလှမျှလောက်ကား ငှက်တိုင်းတွင် ရှိသည်ဖြစ်သကဲ့သို့ သာမန်မျှလောက်သော အရည်အချင်းမျိုးကား လူတိုင်း၌ ရှိသည်ချည်း ဖြစ်သည်။"[၁]

## ၁၊ ၈။ 'တ' ဗျည်းအက္ခရာတွင် ပါဝင်သော စကားပုံ

'တ' ဗျည်းအက္ခရာတွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံ တစ်ခု ရှိသည်။ ထိုစကားပုံနှင့် အဓိပ္ပာယ်မှာ–

၁။ "တောကြောင့်ကျားလုံ ကျားကြောင့် တောလုံ

တောအုပ်ကောင်းသဖြင့် ကျားသည် လုံခြုံစွာ ကျက်စားနိုင်သည်။ ကျားရှိသဖြင့် တောသည် လူသူလေးပါး ဖျက်ဆီးမည့် အန္တရာယ်မှ လုံခြုံသည်။ ထို့အတူ အချင်းချင်း အပြန်အလှန် အကျိုးပြုကြခြင်းဖြင့် နှစ်ဦးနှစ်ဝ လုံခြုံစွာ ရပ်တည်နိုင်ကြသည်။"[၂]

## ၁၊ ၉။ 'န' ဗျည်းအက္ခရာတွင် ပါဝင်သောစကားပုံများ

'န' ဗျည်းအက္ခရာတွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံ (၅)ခု ရှိသည်။ ထိုစကားပုံများနှင့် အဓိပ္ပာယ်မှာ–

၁။ "နဂါးပြည် နဂါး ဂဠုန်ပြည် ဂဠုန်

နဂါးပြည်တွင် နဂါးမင်းမူ၍ ဂဠုန်ပြည်တွင် ဂဠုန်မင်းမူသကဲ့သို့ သူ့နေရာတွင်သူ ကိုယ့်နေရာတွင်ကိုယ် တွင်ကျယ်ကြသည်။"[၃]

---

[၁] မြန်ပုံ၊ ၁၉၉၆၊ ၈၀။

[၂] မြန်ပုံ၊ ၁၉၉၆၊ ၈၅။

[၃] မြန်ပုံ၊ ၁၉၉၆၊ ၁၁၄။

၂။ “နွားကလေးနို့ နွားမကြီးစို့

နွားကလေးနို့ကို နွားမကြီးစို့သည် ဆိုသကဲ့သို့ ဖြစ်မြဲသဘာဝနှင့် ဆန့်ကျင်ကာ လူငယ်များ၏ ဩဇာအကြံဉာဏ်ကို လူကြီးသူမများက ခံယူလိုက်နာနေရသည်။”[၁]

၃။ “နွားကွဲ ကျားကိုက်

နွားအုပ်ကွဲလျှင် ကျားကိုက်ခံရသကဲ့သို့ အချင်းချင်း မညီမညွတ် ဖြစ်လျှင် ရန်သူ အနိုပ်အစက်ခံရသည်။”[၂]

၄။ “နွားထီးငါးကျပ် နွားမငါးကျပ်

တန်ဖိုးချင်းမတူသည့် နွားထီးနှင့် နွားမကို တန်ဖိုးအတူတူထား၍ သတ်မှတ်သကဲ့သို့ အရည်အချင်းချင်း မတူသည်ကို တူသကဲ့သို့ တန်ဖိုး ဖြတ်သည်။”[၃]

၅။ “နွားပျိုသန်လှ နွားအိုပေါင်ကျိုး

ပျိုရွယ်သောနွား သန်မာလှသည် ဆိုစေကာမူ ခိုင်းသားရပြီးဖြစ်သော ပေါင်ကျိုးနေသော နွားအို၏ သန်မာမှုမျှလောက်သာ ရှိသကဲ့သို့ လူငယ်၏အစွမ်းသည် ဝါရင့်သော လူကြီး၏အစွမ်းကို မကျော်လွှန်နိုင်။”[၄]

## ၁၊ ၁၀။ ‘ပ’ ဗျည်းအက္ခရာတွင် ပါဝင်သောစကားပုံ

‘ပ’ ဗျည်းအက္ခရာတွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံတစ်ခု ရှိသည်။ ထိုစကားပုံနှင့် အဓိပ္ပာယ်မှာ–

၁။ “ပျားလည်းစွဲသာ ရှဉ့်လည်းလျှောက်သာ

ပျားနှင့်ရှဉ့်တို့သည် သစ်ကိုင်းတစ်ကိုင်းတည်း၌ ပျားအုံလည်း ဖွဲ့သာ ရှဉ့်လည်း လျှောက်သာစေရသကဲ့သို့ ကိစ္စတစ်ရပ်၌ နှစ်ဖက်အကျိုး မျှတစေရာသည်။”[၅]

---

[၁] မြန်ပုံ၊ ၁၉၉၆၊ ၁၂၁။
[၂] မြန်ပုံ၊ ၁၉၉၆၊ ၁၂၂။
[၃] မြန်ပုံ၊ ၁၉၉၆၊ ၁၂၄။
[၄] မြန်ပုံ၊ ၁၉၉၆၊ ၁၂၅။
[၅] မြန်ပုံ၊ ၁၉၉၆၊ ၁၃၈။

### ၁၊ ၁၁။ 'ဖ' ဗျည်းအက္ခရာတွင် ပါဝင်သော စကားပုံများ

'ဖ' ဗျည်းအက္ခရာတွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများ (၃)ခု ရှိသည်။ ထိုစကားပုံများနှင့်အဓိပ္ပာယ်မှာ–

၁။ "ဖားကိုလို ဖားပေါင်ဖြင့်မျှား

ဖားကို အလိုရှိပါက ဖားပေါင်ဖြင့် မျှားရသည်ဆိုသကဲ့သို့ တစ်စုံတစ်ရာကို အလိုရှိလျှင်လည်း နီးနွယ်ပတ်သက်ရာနှင့်ပင် ရယူနိုင်သည်။"[၁]

၂။ "ဖားတုလို့ ခရုခုန်

သဘာဝအရ မခုန်နိုင်သော ခရုသည် ဖားကိုလိုက်တု၍ ခုန်ရန် အားထုတ်သကဲ့သို့ အရာမဟုတ်သည်၌ တုပယှဉ်ပြိုင်သည်။"[၂]

၃။ "ဖားနိုင် ဖားစား ငါးနိုင် ငါးစား

ဖားကကြီးလျှင် ငါးငယ်ကို စား၍ ငါးကကြီးလျှင် ဖားငယ်ကို စားသကဲ့သို့ အင်အားကြီးလျှင် အနိုင်ရစတမ်း ဖြစ်သည်။"[၃]

### ၁၊ ၁၂။ 'မ' ဗျည်းအက္ခရာတွင် ပါဝင်သော စကားပုံများ

'မ' ဗျည်းအက္ခရာတွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံ(၄)ခု ရှိသည်။ ထိုစကားပုံများနှင့် အဓိပ္ပာယ်မှာ–

၁။ "မျောက်မြီးနှင့် မျောက်ချည်

မျောက်ကို မျောက်မြီးနှင့် ချည်သည်ဆိုသကဲ့သို့ ပြင်ပမှ အကူအညီ မရယူဘဲ ကိစ္စတစ်ရပ်နှင့်နီးနွယ်နေသည့် အချင်းအရာဖြင့်ပင် ထိုကိစ္စကို ပြီးမြောက်အောင်မြင်စေသည်။"[၄]

၂။ "မျောက်သားစားချင် မျောက်မျက်နှာကြည့်

မျောက်သားစားလိုစိတ် ဖြစ်ပေါ်စေကာမူ မျောက်၏သနားစရာ မျက်နှာကို ကြည့်ရှု၍ ငဲ့ညှာသင့်သကဲ့သို့ တစ်စုံတစ်ယောက်အပေါ်၌ ရက်စက်

---

[၁] မြန်ပုံ၊ ၁၉၉၆၊ ၁၄၂။

[၂] မြန်ပုံ၊ ၁၉၉၆၊ ၁၄၂။

[၃] မြန်ပုံ၊ ၁၉၉၆၊ ၁၄၃။

[၄] မြန်ပုံ၊ ၁၉၉၆၊ ၁၄၃။

လိုစိတ် ဖြစ်ပေါ်စေကာမူ တစ်ချိန်က ထိုသူ၏ကောင်းခဲ့ဖူးသော အချက်များကို ငဲ့၍ ထောက်ထားသင့်သည်။"[၁]

၃။ "မျောက်သားစားချင် မျောက်မျက်နှာမကြည့်နှင့်

မျောက်သားကို စားချင်၍ စားတော့မည်ဟု ဆုံးဖြတ်လျှင် မျောက်၏သနားစရာကောင်းသော မျက်နှာကို ကြည့်မနေပါနှင့်။ ထို့အတူ လုပ်လိုသောကိစ္စကို ပြတ်ပြတ်သားသား လုပ်တော့မည်ဟု ဆုံးဖြတ်လျှင် ငဲ့ညှာထောက်ထားစရာများကို ငဲ့ကွက်မနေပါနှင့်။"[၂]

၄။ "မြွေပူရာ ကင်းမှောက်

မြွေပေါ်များရာတွင် ကင်းကပါ နှောင့်ယှက်ပြန်သကဲ့သို့ ပူပန်စရာများ တွေ့ကြုံနေရာတွင် နောက်အပူတစ်မျိုးက ဝင်ရောက် နှောင့်ယှက်ပြန်သည်။"[၃]

**၁၊ ၁၃။ 'ယ' ဗျည်းအက္ခရာစကားပုံများ**

'ယ' ဗျည်းအက္ခရာတွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံ (၃)ခု ရှိသည်။ ထိုစကားပုံများနှင့် အဓိပ္ပာယ်မှာ–

၁။ "ယုန်ကျုးချည် ခွေးကျုးချည်

ယုန်ကို ခွေးကလိုက်ရာတွင် ယုန်က ရှေ့ကပြေး၍ ခွေးက နောက်က လိုက်သည့်အခါ ရှိသကဲ့သို့ ယုန်ကတုံ့လိုက်သဖြင့် ခွေးသည် ရှေ့ရောက်သွားသည့်အခါလည်း ရှိသည်။ ထို့အတူ အပြိုင်ဖြစ်နေသူ နှစ်ဦးသည် အပြတ်အသတ် မကွာဘဲ သူသာသည့်အခါသာ ကိုယ်သာသည့် အခါသာ ဖြစ်နေသည်။"[၄]

---

[၁] မြန်ပုံ၊ ၁၉၉၆၊ ၁၈၁။
[၂] မြန်ပုံ၊ ၁၉၉၆၊ ၁၈၂။
[၃] မြန်ပုံ၊ ၁၉၉၆၊ ၁၈၉။
[၄] မြန်ပုံ၊ ၁၉၉၆၊ ၁၉၅။

၂။ “ယုန်တောင်ပြေး ခွေးမြောက်လိုက်

ယုန်က တောင်ဘက်သို့ ပြေး၍ ခွေးက မြောက်ဘက်သို့ လိုက်သကဲ့သို့ သွားရာကတခြား၊ လိုက်ရာကတစ်ပါး တလွဲစီ ဖြစ်နေသည်။”[၁]

၃။ “ယုန်ထောင် ကြောင်မိ

ယုန်ကို ထောင်သော်လည်း ယုန်ကိုမမိဘဲ တောကြောင်ကို မိသကဲ့သို့ မိမိဆင်ထားသော အကွက်အကွင်းသို့ မိမိရည်စူးသူက ဝင်မလာဘဲ မရည်စူးသူက ဝင်လာသည်။”[၂]

## ၁၊ ၁၄။ ‘ရ’ ဗျည်းအက္ခရာစကားပုံများ

‘ရ’ ဗျည်းအက္ခရာတွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံ (၃)ခု ရှိသည်။ ထိုစကားပုံများနှင့် အဓိပ္ပာယ်မှာ–

၁။ “ရှေ့ဆောင်နွားလား ကောက်ကောက်သွားက နောက်နွားတစ်သိုက် ကောက်ကောက်လိုက်၏။

ရှေ့ဆောင်နွားလား ကွေ့ကွေ့ကောက်ကောက် သွားပါက နောက်နွားများသည်လည်း ကွေ့ကွေ့ကောက်ကောက် လိုက်သကဲ့သို့ ဦးစီးခေါင်းဆောင်ဖြစ်သူ မဖြောင့်မတ်မတ် ကြံစည်လုပ်ကိုင်ပါက နောက်လိုက်ငယ်သားများလည်း မဖြောင့်မမတ် လုပ်ကိုင်ကြသည်။”[၃]

၂။ “ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားက နောက်နွားတစ်သိုက် ဖြောင့်ဖြောင့် လိုက်၏။

ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားလျှင် နောက်နွားများလည်း အစဉ်တစိုက် ဖြောင့်ဖြောင့်လိုက်ဘိသကဲ့သို့ ဦးစီးခေါင်းဆောင်ဖြစ်သူက ဖြောင့်ဖြောင့်မတ်မတ် ကြံစည်လုပ်ဆောင်ပါလျှင် နောက်လိုက်ငယ်သား များလည်း ဖြောင့်ဖြောင့်မတ်မတ်ပင် ကြံစည်လုပ်ဆောင်ကြသည်။”[၄]

---

[၁] မြန်ပုံ၊ ၁၉၉၆၊ ၁၉၅။
[၂] မြန်ပုံ၊ ၁၉၉၆၊ ၁၉၅။
[၃] မြန်ပုံ၊ ၁၉၉၆၊ ၂၀၆။
[၄] မြန်ပုံ၊ ၁၉၉၆၊ ၂၀၆–၂၀၇။

၃။ "ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ

ပျားနှင့်ရှဉ့်တို့သည် သစ်ကိုင်းတစ်ကိုင်းတည်း၌ ပျားအုံလည်း ဖွဲ့သာ ရှဉ့်လည်း လျှောက်သာစေရသကဲ့သို့ ကိစ္စတစ်ရပ်၌ နှစ်ဖက်အကျိုး မျှတစေရာသည်။"[၁]

## ၁၊ ၁၅။ 'လ' ဗျည်းအက္ခရာစကားပုံများ

'လ' ဗျည်းအက္ခရာတွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံ (၃)ခု ရှိသည်။ ထိုစကားပုံများနှင့် အဓိပ္ပာယ်မှာ –

၁။ "လင်းတလောက်တော့ ငှက်တိုင်းလှ

လင်းတ လှသမျှလောက်ကား ငှက်တိုင်းပင် လှကြသကဲ့သို့ သာမန် အရည်အချင်းမျိုးမျှလောက်ကား လူတိုင်း၌ပင် ရှိကြသည်။"[၂]

၂။ "လင်းနို့ခွန်တောင်းကြွက် ကြွက်ခွန်တောင်းလင်းနို့

လင်းနို့သည် လင်းနို့ခွန်တောင်းလျှင် ကြွက်၊ ကြွက်ခွန်တောင်းလျှင် လင်းနို့ဟု ဆိုကာ အခွန်ပေးဆောင်ရန် ရှောင်တိမ်းသကဲ့သို့ မိမိရင်ဆိုင် ရမည့်ကိစ္စ၌ အကျုံးမဝင်သယောင် မလိမ့်တပတ်လုပ်ကာ ရှောင်တိမ်းသည်။"[၃]

၃။ "လုံဖျားပုစဉ်းနား ကျီးကန်းချေးပါ

လုံဖျား၌ ပုစဉ်းနားသည်ကို ကျီးကန်းကမြင်ရာ မိမိနှင့် မသက်ဆိုင် ပါလျက် ကြောက်လန့်၍ ချေးပါသကဲ့သို့ အချို့သူတို့သည် ကိုယ်နှင့် မသက်ဆိုင်ပါဘဲလျက် သူတစ်ပါးကိစ္စ၌ ကြံဖန်တွေးတော၍ ကြောက်လန့်သည်။"[၄]

## ၁၊ ၁၆။ 'ဝ' ဗျည်းအက္ခရာစကားပုံ

'ဝ' ဗျည်းအက္ခရာတွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံတစ်ခု ရှိသည်။ ထိုစကားပုံနှင့် အဓိပ္ပာယ်မှာ–

---

[၁] မြန်ပုံ၊ ၁၉၉၆၊ ၂၀၉။
[၂] မြန်ပုံ၊ ၁၉၉၆၊ ၂၂၀။
[၃] မြန်ပုံ၊ ၁၉၉၆၊ ၂၂၀။
[၄] မြန်ပုံ၊ ၁၉၉၆၊ ၂၂၅။

၁။ “ဝက်နားရွက် ကြွက်တပ်

ဝက်၏နားရွက်ကို ကြွက်တွင် တပ်ဆင်သကဲ့သို့ အမြင်မတော် လောက်အောင် အရွယ်ပမာဏမတူမမျှ ဆင်ယင်မွမ်းမံသည်။”[၁]

## ၁၊ ၁၇။ ‘သ’ ဗျည်းအက္ခရာစကားပုံများ

‘သ’ ဗျည်းအက္ခရာတွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံ တစ်ခု ရှိသည်။ ထိုစကားပုံနှင့် အဓိပ္ပာယ်မှာ –

၁။ “သမင်မွေးရင်း ကျားစားရင်း

ဘဝအဆက်ဆက် ရန်ဘက်ဖြစ်လာခဲ့ရာ တစ်ဦးကသမင် တစ်ဦးကကျား ဘဝတွင် သမင်မွေးလိုက်တိုင်း ကျားကစားပစ်သကဲ့သို့ အကျိုး တစ်စုံတစ်ရာ ဖြစ်ပေါ်လာတိုင်း အဖတ်မတင်ဘဲ ကုန်သွားသည်။”[၂]

## ၂။ စကားပုံများ၏ဝါကျဖွဲ့ပုံ

**ဝါကျ**[၃]သည် အဆစ်အပိုင်း၊ အစိတ်ပိုင်း မဟုတ် အဓိပ္ပာယ်အရ၊ သဒ္ဒါအရ သီးခြားလွတ်လပ်စွာ ရပ်တည်နိုင်သော အဖွဲ့အစည်း ဖြစ်သည်။ ဝါကျတွင် **ဝါကျရိုး**[၄]၊ **ဝါကျရော**[၅]၊ **ဝါကျပေါင်း**[၆]ဟူ၍ သုံးမျိုး ရှိသည်။ ယခု လေ့လာသော တိရစ္ဆာန် အချင်းချင်း ခိုင်းနှိုင်းသော စကားပုံများတွင်လည်း ဝါကျရိုး၊ ဝါကျရော၊ ဝါကျပေါင်း သုံးမျိုးလုံး ပါဝင်သည်ကို လေ့လာတွေ့ရှိရပါသည်။ ဤစာတမ်းတွင် ဝါကျရော၊ ဝါကျပေါင်း ဟူ၍ ခွဲခြားဖော်ပြမည် မဟုတ်ဘဲ အမှီဝါကျတစ်ခုရှိသော ဝါကျရော၊ အမှီဝါကျနှစ်ခုရှိသော ဝါကျရောဟု တင်ပြမည် ဖြစ်ပါသည်။

---

[၁] မြန်ပုံ။ ၁၉၉၆၊ ၂၂၈။

[၂] မြန်ပုံ။ ၁၉၉၆၊ ၂၃၂။

[၃] sentence

[၄] simple sentence

[၅] complex sentence

[၆] compound sentence

## ၂၊ ၁။ စကားပုံများတွင်ပါသော ဝါကျရိုး

ဝါကျရိုးသည် ဖွဲ့စည်းပုံအရ ရိုးသောဝါကျ ဖြစ်သည်။ **ကြိယာ**[၁] တစ်ခုတည်းဖြင့် ဝါကျရိုး ဖြစ်နိုင်သကဲ့သို့ အခြားသော ပုဒ်တစ်ခု၊ တစ်ခုမကသော ပုဒ်တို့လည်း ဝါကျရိုးတွင် ပါဝင်နိုင်သည်။ ဝါကျရိုးသည် အဆိုဝါကျ၊ အဖြေဝါကျ၊ အမေးဝါကျ တစ်ခုခု ဖြစ်နိုင်သည်။ သို့သော် ဝါကျရိုးတွင် ကြိယာတစ်ခုသာ ပါဝင်ရခြင်း၊ **ဝါကျနောက်ဆုံးပစ္စည်း**[၂] ပါသည်လည်း ရှိနိုင်သည်၊ မပါသည်လည်း ရှိနိုင်ပါသည်။ ဝါကျရိုးဖွဲ့စည်းပုံကို ပုံသေနည်း၊ သင်္ကေတတို့ဖြင့် ဖော်ပြရလျှင်–

ပုံသေနည်း ဝါကျရိုး ⟶[၃] သီးခြားဝါကျ + ကြိယာ ဝါကျပစ္စည်း

သင်္ကေတ Ss[၄] ICL[၅] + V + [၆]/–[၇]/ sp[၈]

### ၂၊ ၁၊ ၁။ ဝါကျရိုး

တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများတွင် ဝါကျရိုး (၁၈)ခု ပါဝင်သည်။ ယခုတင်ပြမှုသည် စကားပုံများအရ သိရသောဝါကျဖွဲ့ကို တင်ပြခြင်း ဖြစ်သောကြောင့် ဝါကျရိုးများတွင် ဝါကျနောက်ဆုံးပစ္စည်း မပါသည်ကို တွေ့ရသကဲ့သို့ အမေးပစ္စည်း မပါဝင်သည်ကိုလည်း တွေ့ရပါသည်။ လေ့လာတွေ့ရှိရသော ဝါကျရိုး ဖွဲ့ပုံများမှာ–

| **ဝါကျရိုး →** | **သီးခြားဝါကျ** | **ကြိယာ** | **ဝါကျပစ္စည်းမရှိ** |
|---|---|---|---|
| **Ss** | **ICL** | **V** | **–** |
| | ကျီးတစ်ကောင်အတွက် ကျီးများ | ပျက် | – |
| | ကြောင်တစ်သက် ကြက်တစ်မြုံ | – | – |
| | ကြွက်နားရွက် ဝက် | တပ် | – |

[၁] verb

[၂] entence particle

[၃] ဖြစ်ကြောင်းပြအမှတ်အသား

[၄] Ss= simple sentence

[၅] ICL= independent clause

[၆] + = ဝါကျဝိဘတ်ရှိခြင်း

[၇] – = ဝါကျဝိဘတ်မရှိခြင်း

[၈] clause marker

| | | |
|---|---|---|
| ခြသေ့်မင်းရှေ့ ယုန်သူငယ် | မသန်းဝံ့ | – |
| ဂဠုန်ပြည်ဂဠုန် နဂါးပြည်နဂါး | – | – |
| ငါးကြင်းဆီနှင့် ငါးကြင်း | ကြော် | – |
| ဆင်ခေါင်း ခွေး | မချီနိုင် | – |
| ဆင်ဖြူမျက်နှာ ဆင်မည်း | မကြည့်ဝံ့ | – |
| ဆင်လည်း ဆင့်အထွာနှင့် ပုရွက်ဆိတ်လည်း ပုရွက်ဆိတ်အထွာနှင့် | – | – |
| ဆင်သေကို ဆိတ်ရေနှင့် | ဖုံး | – |
| ဆင့်နားရွက် ကြွက် | တပ် | – |
| ဇီးကွက်လောက်တော့ ငှက်တိုင်း | လှ | – |
| နဂါးပြည်နဂါး ဂဠုန်ပြည်ဂဠုန် | – | – |
| နွားကလေးနို့ နွားမကြီး | စို့ | – |
| နွားထီးငါးကျပ် နွားမငါးကျပ် | – | – |
| မျောက်မြီးနှင့် မျောက် | ချည် | – |
| လင်းတလောက် ငှက်တိုင်း | လှ | – |
| ဝက်နားရွက် ကြွက် | တပ် | – |

## ၂၊ ၂။ စကားပုံများတွင်ပါသော ဝါကျရော

ဝါကျရောသည် ဝါကျရိုးထက် အဆစ်အပိုင်း၊ အစိတ်အပိုင်း ပိုများသည်။ ဝါကျရောတွင် သီးခြားဝါကျခွဲတစ်ခု ပါကိုပါရမည်။ သီးခြားဝါကျခွဲ၏ နောက်ဆုံး နေရာတွင် ဝါကျနောက်ဆုံးပစ္စည်း မပါမဖြစ် ပါရမည်။ အမှီဝါကျသည် အနည်းဆုံး တစ်ခု သို့မဟုတ် တစ်ခုမကသော အမှီဝါကျများ ပါနိုင်သည်။ ယင်းကား ဝါကျရော၏ ဖွဲ့စည်းပုံ ဖြစ်သည်။ ဝါကျရောဖွဲ့စည်းပုံကို ပုံသေနည်း၊ သင်္ကေတို့ဖြင့် ဖော်ပြရလျှင်–

**ပုံသေနည်း**

ဝါကျရော → အမှီဝါကျခွဲ + သီးခြားဝါကျခွဲ ကြိယာ ဝါကျဝိဘတ်
တစ်ခု/အတွဲ

**သင်္ကေတ**

cpl.s → DCL[၁] + ICL V sp/ P

### ၂၊ ၂၊ ၁။ အမှီဝါကျခွဲတစ်ခုပါသော ဝါကျရော

တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများတွင် အမှီဝါကျခွဲ တစ်ခု ပါသော ဝါကျရော အခု(၃၆) ပါဝင်သည်ကို တွေ့ရသည်။ ယခုတင်ပြမှုသည် စကားပုံ များအရ သိရသော ဝါကျရောဖွဲ့ပုံကို တင်ပြခြင်း ဖြစ်သောကြောင့် ဝါကျများတွင် ဝါကျနောက်ဆုံးပစ္စည်း ပါသည်၊ မပါသည်ကို တွေ့ရသကဲ့သို့ အမေးပစ္စည်း မပါဝင်သည် ကိုလည်း တွေ့ရပါသည်။ ၎င်းတို့မှာ–

| ဝါကျရော → | အမှီဝါကျခွဲ | + သီးခြားဝါကျခွဲ | ကြိယာ | ဝါကျပိဘတ် |
|---|---|---|---|---|
| **cpl.s →** | **DCL** | **+ ICL** | **V** | **+/–** |
| | ကျားချင်းကိုက်ရာ | သမင်ကူ | မှား | သည် |
| | ကျားချင်းကိုက်ရာ | သမင်လမ်းကူး | မှား | – |
| | ကျားလည်းကြောက်ရ | ကျားချေးလည်း | ကြောက်ရ | – |
| | ကျားသနားမှ | နွား | ချမ်းသာ | – |
| | ကျီးဘုတ်ရိုသေ | ဘုတ်ကျီး | ရိုသေ | – |
| | ကြောင်ခံတွင်းပျက်နှင့် | ဆက်ရက်တောင်ပံ | ကျိုး | သည် |
| | ကြောင်မရှိ | ကြွက် | ထ | – |
| | ကြောင်မရှိ | ကြွက် | မြူး | – |
| | ကြောင်ရုပ်ဖြစ်စေ | ကြွက်သေတာ | လိုရင်း | – |
| | ကြောင်အို | ကြွက် | မလေး | – |
| | ခွေးကျိုးနဲ့ | ယုန် | လိုက် | – |
| | ငါးကြော်မကြိုက် | ကြောက် | မိုက် | – |
| | ငါးစိမ်းမြင် | ငါးကင် | ပစ် | – |
| | ငါးပွက်ရာ | ငါးစာ | ချ | – |

[၁] dependent clause

| | | | |
|---|---|---|---|
| ငှက်မသိတော့ | ဆက်ရက် | ချိုးထင် | – |
| စာဥ ဒေါင်းအုပ် | ဒေါင်းဥ | စာအုပ် | – |
| ဆင်ကျီစားရာ | ဆိတ်မခံသာ | – | – |
| ဆင်ပိန် | ကျွဲလောက် | – | – |
| ဆင်မတတ်နိုင် | ကြွက် | တတ်နိုင် | ၏ |
| တောကြောင့်ကျားလုံ | ကျားကြောင့် | တောလုံ | – |
| နွားကွဲ | ကျား | ကိုက် | – |
| နွားပျိုသန်လှ | နွားအိုး | ပေါင်ကျိုး | – |
| ပျားလည်းစွဲသာ | ရှဥ့်လည်းလျှောက်သာ | – | – |
| ဖားကိုလို | ဖားပေါင်ဖြင့် | မျှား | – |
| ဖားတုလို့ | ခရု | ခုန် | – |
| မျောက်သားစားချင် | မျောက်မျက်နှာ | ကြည့် | – |
| မျောက်သားစားချင် | မျောက်မျက်နှာ | မကြည့် | နှင့် |
| မြွေပူရာ | ကင်း | မှောက် | – |
| ယုန်ကျူးချည် | ခွေးကျူးချည် | – | – |
| ယုန်တောင်ပြေး | ခွေးမြောက် | လိုက် | – |
| ယုန်ထောင် | ကြောင် | မိ | – |
| ရှေ့ဆောင်နွားလား ကောက်ကောက်သွားက | နောက်နွားတစ်သိုက် ကောက်ကောက် | လိုက် | ၏ |
| ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားက | နောက်နွားတစ်သိုက် ဖြောင့်ဖြောင့် | လိုက် | ၏ |
| ရှဥ့်လည်းလျှောက်သာ | ပျားလည်းစွဲသာ | – | – |
| လင်းတလောက်တော့ | ငှက်တိုင်း | လှ | – |
| လုံ့ဖျား ပုစဥ်းနား | ကျီးကန်း | ချေး | ပါ |
| သမင်မွေးရင်း | ကျားစားရင်း | – | – |

## ၂၊ ၂၊ ၂။ အမှီဝါကျခွဲနှစ်ခုပါသော ဝါကျရော

တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများတွင် အမှီဝါကျခွဲ နှစ်ခုပါသော ဝါကျရော(၃)ခု ပါဝင်သည်ကို တွေ့ရသည်။ ယခုတင်ပြမှုသည် စကားပုံများအရ သိရသော ဝါကျရောဖွဲ့ကို တင်ပြခြင်း ဖြစ်သောကြောင့် ဝါကျများတွင် ဝါကျနောက်ဆုံးပစ္စည်း ပါသည်၊ မပါသည်ကို တွေ့ရသကဲ့သို့ အမေးပစ္စည်း မပါဝင်သည်ကိုလည်း တွေ့ရပါသည်။ ၎င်းတို့မှာ–

| | | | | | |
|---|---|---|---|---|---|
| ဝါကျရော → | **'အမှီဝါကျခွဲ. . .'**[၁] | + | သီးခြားဝါကျခွဲ | ကြိယာ | ဝါကျဝိဘတ် |
| cpls → | DCL[2] . . . | + | ICL | V | +/ – |
| | ငါးရှံ့ရအတူတူ ငါးခူရ | | ခွဲခြမ်းခြမ်း | – | – |
| | ငါးတု ခရုပွက် | | – | အိုင်ပျက် | – |
| | ဆင်ကောင်ကြီးတွေ့မှ ဆင်ခြေရာရှာရန် | | – | မလို | – |

## ၂၊ ၂၊ ၃။ အမှီဝါကျခွဲသုံးခုပါသော ဝါကျရော

တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများတွင် အမှီဝါကျခွဲ လေးခုပါသော ဝါကျရော (၃)ခု ပါဝင်သည်ကို တွေ့ရသည်။ ယခုတင်ပြမှုသည် စကားပုံများအရ သိရသော ဝါကျရောဖွဲ့ပုံကို တင်ပြခြင်း ဖြစ်သောကြောင့် ဝါကျများတွင် ဝါကျနောက်ဆုံးပစ္စည်း ပါသည်၊ မပါသည်ကို တွေ့ရသကဲ့သို့ အမေးပစ္စည်း မပါဝင်သည်ကိုလည်း တွေ့ရပါသည်။ ၎င်းတို့မှာ–

| | | | | | |
|---|---|---|---|---|---|
| ဝါကျရော | **'အမှီဝါကျခွဲ. . .'**[၂] | + | သီးခြားဝါကျခွဲ | ကြိယာ | ဝါကျဝိဘတ် |
| cpls | DCL[3] . . . | + | ICL | V | +/ – |
| | ဆင်ချည်သောကြိုး ကြက်ချည်သော်မမြဲ ကြက်ချည်သောကြိုး ဆင်ချည်သော်မခိုင် | | – | – | – |

---

[၁] အမှီဝါကျနှစ်ခုပါဝင်ခြင်း

[၂] အမှီဝါကျသုံးခုပါဝင်ခြင်း

| | | | |
|---|---|---|---|
| ဖားနိုင် ဖားစား ငါးနိုင် | ငါးစား | – | – |
| လင်းနို့ခွန်တောင်းကြွက် | | | |
| ကြွက်ခွန်တောင်း | လင်းနို့ | – | – |

## ၃။ ခြုံငုံသုံးသပ်ချက်

မြန်မာစာအဖွဲ့က ထုတ်ဝေခဲ့သော မြန်မာစကားပုံစာအုပ်တွင် ပါဝင်သော တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများ၏ ဝါကျဖွဲ့ပုံကို စကားပုံများ၏ အဓိပ္ပာယ်နှင့် စကားပုံများ၏ ဝါကျဖွဲ့ပုံဟူ၍ တင်ပြခဲ့ပါသည်။ ယင်းတို့ကို ကဏ္ဍ (၂)ခုခွဲကာ သုံးသပ်တင်ပြသွားပါမည်။ **'၂၊ ၁။ နှင့် ၂၊ ၂။'** တို့တွင် တင်ပြခဲ့သည်များကို အခြေပြုကာ ကဏ္ဍ(၂)ခု ခွဲခြားကာ အသေးစိတ်သုံးသပ်တင်ပြသွားမည်။

### ၃၊ ၁။ စကားပုံများ၏အဓိပ္ပာယ်

မြန်မာစကားပုံစာအုပ်တွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများ အခု(၆၀) ပါဝင်သည်။ ယင်းတို့၏အဓိပ္ပာယ်ကို မြန်မာအက္ခရာစဉ်သဘောအရ မည်သည့် အက္ခရာ စကားပုံ ဘယ်နှခု ရှိသည်ကို ရှေ့တွင် တင်ပြခဲ့ပါသည်။ ယင်းတို့ကို စိစစ်လေ့လာကြည့်သောအခါ–

**စကားပုံတစ်ခု အဓိပ္ပာယ်တစ်ခု ရှိသည့် စကားပုံ (၄၇)ခု** ပါဝင်သည်။

(၁) **ပြောင်းပြန်သဘော အဓိပ္ပာယ်ဆောင်သည့်**

- ကြွက်နားရွက် ဝက်တပ်၊ ဆင့်နားရွက် ကြွက်တပ်၊ ဝက်နားရွက် ကြွက်တပ်
- ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ၊ ပျားလည်းစွဲသာ ရှဉ့်လည်းလျှောက်သာ
- မျောက်သားစားချင် မျောက်မျက်နှာ **ကြည့်**၊ မျောက်သားစားချင် မျောက်မျက်နှာ **မကြည့်နှင့်**
- ရှေ့ဆောင်နွားလား ကောက်ကောက်သွားက နောက်နွားတစ်သိုက် ကောက်ကောက်လိုက်၏
- ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားက နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်၏

ဟူ၍ **စကားပုံ (၉)ခု** ပါဝင်သည်။

(၂) **အဓိပ္ပာယ်တူသော်လည်း ကြိယာအသုံးပြောင်းထားသည့်**

– ကျားချင်းကိုက်ရာ သမင်ကူ**မှားသည်**၊ ကျားချင်းကိုက်ရာ သမင်ကူ**မှား**

– ကြောင်မရှိ ကြွက်**ထ**၊ ကြောင်မရှိ ကြွက်**မြူး**

ဟူ၍ **စကားပုံ(၄)ခု** ပါဝင်သည်။

## ၃၊ ၂။ စကားပုံများ၏ဝါကျဖွဲ့ပုံ သုံးသပ်ချက်

စကားပုံများ၏ ဝါကျဖွဲ့ပုံကို ဝါကျရိုးဖွဲ့ပုံနှင့် ဝါကျရောဖွဲ့ပုံ ဟူ၍ ကဏ္ဍ (၂)ခုခွဲကာ သုံးသပ်တင်ပြသွားပါမည်။

## ၃၊ ၂၊ ၁။ ဝါကျရိုးဖွဲ့ပုံ

၂၊ ၁။ တွင် တင်ပြခဲ့မှုများအရ မြန်မာစကားပုံစာအုပ်တွင် ဝါကျရိုးဖွဲ့ပုံ (၁၈)ခု ပါဝင်သည်ကို တွေ့ရသည်။ ယင်းတို့ကို စိစစ်လေ့လာကြည့်သောအခါ လုံးချင်းကြိယာဖြင့် ရေးထားသော ဝါကျရိုး (၁၀)ခု၊ ကြိယာမြှုပ်၍ ရေးထားသည်ဟု ယူဆရသော ဝါကျရိုး (၅)ခု၊ အငြင်းပြပစ္စည်း ကြိယာ ကြိယာထောက်ပစ္စည်းပုံစံဖြင့် ရေးထားသော ဝါကျရိုး (၃)ခုတို့ ပါဝင်ကြောင်း သိရသည်။ ထူးခြားမှုမှာ စကားပုံများသည် အပြောစကားကို အခြေပြုဖြစ်ပေါ်လာသည့် သဘောရှိသောကြောင့် ဝါကျရိုးဖွဲ့ပုံအားလုံးတွင် ဝါကျနောက်ဆုံးပစ္စည်းဖြစ်စေ အမေးပစ္စည်းဖြစ်စေ မပါဝင်ပါ။ ထို့ပြင် ဝါကျအတွင်းရှိ ပုဒ်အများစုကိုလည်း ဝိဘတ်မပါဘဲ ရေးထားပါသည်။

**လုံးချင်းကြိယာဖြင့် ရေးထားသော ဝါကျရိုး (၁၀)ခု** အနက် ကောက်နုတ်တင်ပြရလျှင်–

| | |
|---|---|
| ကျီးတစ်ကောင်အတွက် ကျီးများ | **ပျက်** |
| ကြွက်နားရွက် ဝက် | **တပ်** |
| ငါးကြင်းဆီနှင့် ငါးကြင်း | **ကြော်** |

စသည်တို့ ဖြစ်သည်။

**ကြိယာမြှုပ်၍ ရေးထားသည်ဟု ယူဆရသော ဝါကျရိုး (၅)ခု** အနက် ကောက်နုတ်တင်ပြရလျှင်–

ကြောင်တစ်သက် ကြက်တစ်မြုံ –

နွားထီးငါးကျပ် နွားမငါးကျပ် –

စသည်တို့ ဖြစ်သည်။

**အငြင်းပြပစ္စည်း ကြိယာ ကြိယာထောက်ပစ္စည်း ပုံစံဖြင့် ရေးထားသော ဝါကျရိုး (၃)ခု**ကို တင်ပြရလျှင်–

ခြသေ့်မင်းရှေ့ ယုန်သူငယ် **မသန်းဝံ့**

ဆင်ခေါင်း ခွေး **မချီနိုင်**

ဆင်ဖြူမျက်နှာ ဆင်မည်း **မကြည့်ဝံ့**

တို့ ဖြစ်သည်။

### ၃၊ ၂၊ ၂။ ဝါကျရေးဖွဲ့ပုံ

၂၊ ၂။တွင် တင်ပြခဲ့မှုများအရ မြန်မာစကားပုံစာအုပ်တွင် ဝါကျရေးဖွဲ့ပုံများကို အမှီဝါကျတစ်ခုပါသော ဝါကျရော၊ အမှီဝါကျနှစ်ခုပါသော ဝါကျရော၊ အမှီဝါကျသုံးခု ပါသော ဝါကျရော ဟူ၍ ကဏ္ဍ(၃)ခု ခွဲခြားကာ သုံးသပ်တင်ပြရလျှင်–

### ၃၊ ၂၊ ၂၊ ၁။ အမှီဝါကျတစ်ခုပါသော ဝါကျရော

၂၊ ၂၊ ၁။တွင် တင်ပြခဲ့မှုများအရ မြန်မာစကားပုံစာအုပ်တွင် **အမှီဝါကျတစ်ခု ပါသော ဝါကျရေးဖွဲ့ပုံ (၃၆)ခု** ပါဝင်သည်ကို လေ့လာတွေ့ရှိရသည်။ ယင်းတို့ကို စိစစ်လေ့လာကြည့်သောအခါ လုံးချင်းကြိယာဖြင့် ရေးထားသော ဝါကျရော (၁၄)ခု၊ လုံးတွဲကြိယာဖြင့် ရေးထားသော ဝါကျရော (၆)ခု၊ ကြိယာမပါ ရေးထားသော ဝါကျရော (၆)ခု၊ ကြိယာဝိဘတ်ပါသော ဝါကျရော (၄)ခု၊ အငြင်းပြပစ္စည်းပါသော ဝါကျရော (၁)ခု၊ ကြိယာထောက်ပါသော ဝါကျရော (၁)ခု၊ အပြောပုံစံဖြင့် အဆုံးသတ်ကာ ရေးထားသော ဝါကျရော (၁)ခု ဟူ၍ ရေးထားကြောင်း သိရသည်။ ကောက်နုတ်တင်ပြရလျှင်–

**လုံးချင်းကြိယာဖြင့် ရေးထားသော ဝါကျရော (၁၆)ခု**မှ ကောက်နုတ်တင်ပြရလျှင်–

| | | | |
|---|---|---|---|
| ကြောင်မရှိ | ကြွက် | **ထ** | – |
| ကြောင်မရှိ | ကြွက် | **မြူး** | **–** |
| ခွေးကျိုးနဲ့ | ယုန် | **လိုက်** | – |

တို့ ဖြစ်သည်။

**လုံးတွဲကြိယာဖြင့် ရေးထားသော ဝါကျရော (၆)ခု**မှ ကောက်နုတ်တင်ပြရလျှင်–

| | | | |
|---|---|---|---|
| ကျားလည်းကြောက်ရ | ကျားချေးလည်း | **ကြောက်ရ** | – |
| ကျားသနားမှ | နွား | **ချမ်းသာ** | – |
| ကျီးဘုတ်ရှိသေ | ဘုတ်ကျီး | **ရှိသေ** | – |

**ကြိယာမပါ ရေးထားသော ဝါကျရော (၆)ခု**မှ ကောက်နုတ်တင်ပြရလျှင်–

| | | | |
|---|---|---|---|
| ဆင်ကျီစားရာ | ဆိတ်မခံသာ | **–** | **–** |
| ဆင်ပိန် | ကျွဲလောက် | **–** | **–** |
| ပျားလည်းစွဲသာ | ရှဉ့်လည်းလျှောက်သာ | – | – |

**ကြိယာဝိဘတ်ပါသော ဝါကျရော (၅)ခု**မှ ကောက်နုတ်တင်ပြရလျှင်–

| | | | |
|---|---|---|---|
| ကြောင်ခံတွင်းပျက်နှင့် | ဆက်ရက်တောင်ပံ | ကျိုး | **သည်** |
| ဆင်မတတ်နိုင် | ကြွက် | တတ်နိုင် | **၏** |

**အငြင်းပြပစ္စည်း ပါသော ဝါကျရော (၁)ခု**ကို တင်ပြရလျှင်–

| | | | |
|---|---|---|---|
| ကြောင်အို | ကြွက် | **မလေး** | – |

**ကြိယာထောက်ပါသော ဝါကျရော (၁)ခု**ကို တင်ပြရလျှင်–

| | | | |
|---|---|---|---|
| ကျားလည်းကြောက်ရ | ကျားချေးလည်း | ကြောက်**ရ** | – |

**အပြောပုံစံဖြင့် အဆုံးသတ်ကာ ရေးထားသော ဝါကျရော (၁)ခု**ကို တင်ပြရလျှင်–

မျောက်သားစားချင် မျောက်မျက်နှာ မကြည့် **နှင့်**

တို့ဖြစ်သည်။

### ၃၊ ၂၊ ၂၊ ၂။ အမှီဝါကျနှစ်ခုပါသော ဝါကျရော သုံးသပ်ချက်

၂၊ ၂၊ ၂။တွင် တင်ပြခဲ့မှုများအရ မြန်မာစကားပုံစာအုပ်တွင် **အမှီဝါကျနှစ်ခုပါသော ဝါကျရောဖွဲ့ပုံ (၃)ခု** ပါဝင်သည်ကို လေ့လာတွေ့ရှိရသည်။ ယင်းတို့ကို စိစစ်လေ့လာကြည့်သောအခါ **ကြိယာမပါ ရေးထားသော ဝါကျရော(၁)ခု၊ လုံးတွဲကြိယာဖြင့် ရေးထားသော ဝါကျရော (၁)ခု၊ ကြိယာဝိဘတ် အငြင်းပြပစ္စည်းပါသော ဝါကျရော (၁)ခု** ဟူ၍ ရေးထားကြောင်း သိရသည်။ ယင်းတို့ကို တင်ပြရလျှင်–

ကြိယာမပါရေးထားသော ဝါကျရောမှာ–

ငါးရှံ့ရအတူတူ ငါးခူရ ခွဲခြမ်းခြမ်း – –

လုံးတွဲကြိယာဖြင့် ရေးထားသော ဝါကျရောမှာ–

ငါးတု ခရုပွက် အိုင်ပျက် –

အငြင်းပြပစ္စည်းပါသော ဝါကျရော–

ဆင်ကောင်ကြီးတွေ့မှ ဆင်ခြေရာရှာရန် **မ**လို –

တို့ ဖြစ်သည်။

### ၃၊ ၂၊ ၂၊ ၃။ အမှီဝါကျသုံးခုပါသော ဝါကျရော

၂၊ ၂၊ ၃။တွင် တင်ပြခဲ့မှုများအရ မြန်မာစကားပုံစာအုပ်တွင် အမှီဝါကျသုံးခုပါသော ဝါကျရောဖွဲ့ပုံ (၃)ခု ပါဝင်သည်။ ထိုဝါကျများကို ကြိယာဝိဘတ်မပါသော ဝါကျရောဖွဲ့ပုံစံဖြင့် ရေးထားသည်ကို တွေ့ရသည်။ သာဓကတစ်ခုဖြင့် တင်ပြရလျှင်–

ဖားနိုင် ဖားစား ငါးနိုင် ငါးစား –

ဟူ၍ ဖြစ်သည်။

## နိဂုံး

'တိရစ္ဆာန်ကိုတိရစ္ဆာန်ဖြင့်ခိုင်းနှိုင်းသော စကားပုံများ၏အဓိပ္ပာယ်နှင့်ဝါကျဖွဲ့ပုံ' ဟူသော ဤစာတမ်းတွင် ကဏ္ဍ(၃)ခုခွဲကာ တင်ပြခဲ့ပါသည်။ **ကဏ္ဍတစ်** တွင် တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများ၏ အဓိပ္ပာယ် မြန်မာစကားပုံ စာအုပ်တွင်ပါသော အဓိပ္ပာယ်ဖွင့်ဆိုချက်များအတိုင်း အကိုးအထောက် အတိအကျဖြင့် တင်ပြခဲ့သည်။ **ကဏ္ဍနှစ်** တွင် မိမိဖတ်မှတ်ထားသည့် စာပေများ၊ ပညာရှင် ဆရာများ၏ သင်ပြမှုအရ သိလာရသော အတွေးအမြင် သိမှတ်မှုများအရ စကားပုံများ၏ ဝါကျဖွဲ့ပုံကို (၂)ပိုင်း ခွဲခြားကာ အသေးစိတ် တင်ပြခဲ့သည်။ **ကဏ္ဍသုံး** တွင် ကဏ္ဍနှစ်တွင် တင်ပြခဲ့သည်များကို မိမိဉာဏ်ပညာအရ ခွဲခြမ်းစိတ်ဖြာ သုံးသပ်တင်ပြခဲ့ပါသည်။ ထို့ကြောင့် ဤစာတမ်းမတင်သွင်းမီအချိန်ထိ မည်သူမျှ မလေ့လာဖူးသေးသော **'တိရစ္ဆာန်ကို တိရစ္ဆာန်ဖြင့် ခိုင်းနှိုင်းသော စကားပုံများ၏အဓိပ္ပာယ်နှင့် ဝါကျဖွဲ့ပုံ'**ကို တင်ပြရခြင်း ဖြစ်ပါသည်။ ဘာသာစကားကို အထူးပြုလေ့လာသူများအတွက် မိမိသုတေသနပြုမည့် ခေါင်းစဉ်များကို စဉ်းစားရာတွင် အထောက်အပံ့ကောင်းဖြစ်မည်ဟု စာတမ်းပြုစုသူက ယုံကြည်မိပါသည်။

# ကျမ်းကိုးစာရင်း

## မြန်မာဘာသာ


မြန်မာစာအဖွဲ့။ (၁၉၉၆)။ ***မြန်မာစကားပုံ***၊ တတိယအကြိမ်။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့ဦးစီးဌာန။ (၂၀၀၈)။ ***မြန်မာအဘိဓာန်***၊ ဒုတိယအကြိမ်။ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။

မြန်မာစာနှင့်ဘာသာစကားပညာဦးစီးဌာန။ (၂၀၁၆)။ ***ခရီးဆောင် အင်္ဂလိပ်-မြန်မာ အဘိဓာန်***၊ ဒုတိယအကြိမ်။ ရန်ကုန်၊ ပုံနှိပ်တိုက်မပါ။


## အင်္ဂလိပ်ဘာသာ


Crystal, D.(2004). ***A Dictionary of Linguistics and Phonetics***.( 5th.edn.) Malden, Blackwell Publishing Ltd.


## လေ့လာဖတ်မှတ်စာအုပ်စာရင်း


ကိုလေး၊ **မောင်**။ (၂၀၀၃)။ ***မြန်မာသဒ္ဒါ (ဘာသာဗေဒလေ့လာချက်)***။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာပါရဂူဘွဲ့အတွက် တင်သွင်းသောကျမ်း။

ထွန်းမြင့်၊ **ဦး**။ (၁၉၉၅)။ ***ဘာသာဗေဒ***။ ရန်ကုန်တက္ကသိုလ်၊ ဂျီအီးစီ (ပညာရေး) သမဝါယမလီမိတက်။

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# မြန်မာဘာသာစကားရှိ ကြိယာပုဒ်ဖွဲ့ပုံတွင် တွေ့ရသော ကြိယာထောက်၏ အခန်းကဏ္ဍ

နေလင်း*

## စာတမ်းအကျဉ်း

မြန်မာဘာသာစကားတွင် တွေ့ရသော ကြိယာ၏ သဘောသဘာဝများကို ရှင်းလင်းဖွင့်ဆိုထားပါသည်။ ကြိယာထောက်၏ သဘာဝကိုလည်း ပညာရှင်တို့ အမြင်များနှင့် ဆက်စပ်တင်ပြထားပါသည်။ မြန်မာဘာသာစကား၏ ကြိယာပုဒ် ဖွဲ့ပုံတွင် ပါဝင်နေသော ကြိယာထောက်၏ နေရာကိုလည်း ရှင်းလင်းတင်ပြ ထားပါသည်။ ထို့ပြင် ကြိယာထောက်အမျိုးအစားများနှင့် ကြိယာပုဒ်အတွင်း ဝင်ရောက်နိုင်သည့် နေရာများကို ရှင်းလင်းတင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ** – ***ကြိယာ၊ ကြိယာပုဒ်၊ ကြိယာထောက်၊ ဝါစင်္ဂ၊ နေရာ၊ ကာလ၊ ဝိဘတ်။***

## နိဒါန်း

ဤစာတမ်းသည် မြန်မာဘာသာစကားရှိ ကြိယာပုဒ်ဖွဲ့ပုံတွင် တွေ့ရသည့် ကြိယာထောက်၏ အခန်းကဏ္ဍကို လေ့လာတင်ပြမည့် စာတမ်း ဖြစ်ပါသည်။ ဘာသာစကားတိုင်းတွင် သက်ဆိုင်ရာဘာသာစကား၏ သဘောသဘာဝနှင့်အညီ စကား၏ အစိတ်အပိုင်းခေါ် ဝါစင်္ဂများ ရှိနေပေသည်။ မည်သည့်ဘာသာစကားမဆို ဝါစင်္ဂ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ကြိယာသည် မလွဲမသွေ ရှိနေမည်ပင် ဖြစ်ပါသည်။

မြန်မာဘာသာစကားတွင်လည်း ဝါစင်္ဂအစိတ်အပိုင်းတစ်ခုဖြစ်သော ကြိယာကို အရေးကြီးသော အပိုင်းကဏ္ဍတစ်ခုအဖြစ် တွေ့ရပါသည်။ ထို့ပြင် မြန်မာဘာသာ စကား လေ့လာမှုတွင် ကြိယာသည် အရေးပါသော အခန်းကဏ္ဍမှ ရပ်တည်နေသည်ကို တွေ့ရပေသည်။

မြန်မာဘာသာစကားတွင် ကြိယာကို ကြိယာပုဒ်အဖြစ် ဖွဲ့စည်း တည်ဆောက် ရာတွင် ဦးဆောင်ကြိယာသာမက အခြားသော ဘာသာစကား အစိတ်အပိုင်းများ ပေါင်းစပ်ပါဝင်နေတတ်ပါသည်။ ယင်းတို့အနက် ဤစာတမ်းတွင် ကြိယာပုဒ် တစ်ခု အတွင်း ပါဝင်နေသည့် ကြိယာထောက် အမျိုးအစားများနှင့် သဘာဝများကို အပိုင်း ကဏ္ဍများ ခွဲခြားလေ့လာ တင်ပြသွားပါမည်။

---

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ထားဝယ်တက္ကသိုလ်

## ၁။ မြန်မာဘာသာစကားရှိ ကြိယာနှင့် ကြိယာထောက်သဘော

အစဉ်အလာ သဒ္ဒါကျမ်းများအရ မြန်မာဘာသာစကားတွင် နာမ်၊ နာမ်စား၊ နာမဝိသေသန၊ ကြိယာ၊ ကြိယာဝိသေသန၊ ဝိဘတ်၊ ပစ္စည်း၊ သမ္ဗန္ဓ ဟူ၍ ဝါစင် ၈ မျိုး[၁] ရှိကြောင်း သတ်မှတ်ထားပါသည်။ ခေတ်သစ် 'ဘာသာဗေဒရှုထောင့်'[၂] အရ မြန်မာဘာသာစကားတွင် နာမ်၊ ကြိယာနှင့် ဝိဘတ်(ပစ္စည်း) ဟူ၍ ဝါစင် ၃မျိုးသာ ရှိကြောင်း[၃] သတ်မှတ်ဖော်ပြကြပါသည်။ နောက်ပိုင်းတွင် ပညာရှင်အချို့က ကြိယာဝိသေသန စစ်စစ် ရှိကြောင်း[၄] တင်ပြသတ်မှတ်ကြပါသည်။

အစဉ်အလာရှုထောင့်အရ ဖြစ်စေ၊ ဘာသာဗေဒရှုထောင့်အရ ဖြစ်စေ မြန်မာဘာသာစကား၌ ကြိယာသည် ဝါစင်တစ်မျိုးအဖြစ် ပါဝင်နေကြောင်း တွေ့ရပေသည်။ ဘာသာစကားတိုင်း၌ ကြိယာသည် မရှိမဖြစ် ပါဝင်နေတတ်သည့် ဘာသာစကားအစိတ်အပိုင်းတစ်ရပ် ဖြစ်သကဲ့သို့ မြန်မာဘာသာစကားတွင်လည်း ကြိယာ၏ အခန်းကဏ္ဍသည် အရေးပါကြောင်း လေ့လာတွေ့မြင်ရသည်။

မြန်မာစာအဖွဲ့က ထုတ်ဝေသည့် မြန်မာသဒ္ဒါကျမ်းတွင် ကြိယာ၏ အနက်ကို–

> "ပြုခြင်း၊ ဖြစ်ခြင်း၊ ရှိခြင်းကို ဖော်ပြသည့်ပုဒ်ကို ကြိယာဟု ခေါ်သည်"[၅]

ဟူ၍ ဖွင့်ဆိုထားပါသည်။

ထို့ပြင် ပြုခြင်းပြကြိယာ၊ ဖြစ်ခြင်းပြကြိယာနှင့် ရှိခြင်းပြကြိယာ[၆] ဟူ၍ အနက်အဓိပ္ပါယ်အရ ကြိယာ ၃ မျိုး ရှိပုံကိုလည်း ဖော်ပြခဲ့ပေသည်။

Cambridge Learner's အဘိဓာန်တွင် ကြိယာ၏ သဘောကို–

> "တစ်စုံတစ်ယောက်က တစ်စုံတစ်ရာ ပြုလုပ်ခြင်းကိုသော် လည်းကောင်း၊ တစ်စုံတစ်ရာ ဖြစ်ပျက်မှုကိုသော် လည်းကောင်း ဖော်ပြသည့် စကားလုံးဖြစ်သည်။"[၇]

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၂၉၅–၃၀၂။

[၂] Linguistic point of view

[၃] ထွန်းမြင့်၊ ဦး၊ ၂၀၁၇၊ ၁၇၈။

[၄] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၉၊ ၁–၁၀။

[၅] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၁၃။

[၆] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၅၅။

[၇] Cambridge Learner's Dictionary, 2004, 716.

ဟူ၍ ဖော်ပြထားပေသည်။ ပြုခြင်း၊ ဖြစ်ခြင်းကိုပြသည့် စကားလုံးကိုပင် ကြိယာဟု သတ်မှတ်ဖွင့်ဆိုထားခြင်း ဖြစ်သည်။

အင်္ဂလိပ်သဒ္ဒါ ဝေါဟာရအဖွင့်ကျမ်းတွင် ကြိယာ၏သဘောကို–

> "ဝါစင်္ဂတစ်ခုဖြစ်ပြီး ဖြစ်ရပ်များ၊ အခြေအနေများကို ဖော်ပြသည်။ အခြားသော ကြိယာစကားလုံးတို့၏ အနက်ကိုလည်း ကူညီထောက်ပံ့ပေးနိုင်သည်။"[၁]

ဟူ၍ ဖော်ပြထားသည်။

ထို့ပြင် ဘာသာဗေဒရှုထောင့်မှ တွေ့ရသော ကြိယာ၏သဘောကိုလည်း–

> "**ကာလ**[၂] အရသော် လည်းကောင်း၊ **အချိန်ညွှန်းဆိုမှု**[၃] အရသော် လည်းကောင်း၊ **အလေးပေးမှု**[၄] အရသော် လည်းကောင်း၊ **ပုဂ္ဂိုလ်နှင့်ကိန်း**[၅] အရသော် လည်းကောင်း ကြိယာတို့သည် ယင်းတို့၏ ပုံစံကို ပြောင်းလဲမှုပြုနိုင်သည်။ သို့သော် ဤလက္ခဏာအားလုံး ဘာသာစကားတိုင်းတွင် ရှိမည် မဟုတ်ပေ[၆]။"

ဟူ၍ ဖော်ပြထားခဲ့ပါသည်။ ထို့ကြောင့် ဘာသာစကားအများအပြားတွင် ကာလနှင့် အလေးပေးမှု စသော သဒ္ဒါစကားလုံးအမျိုးမျိုးကို ဖော်ဆောင်နိုင်ရန် ကြိယာတို့၏ ပုံစံကို ပြောင်းလဲတတ်ပေသည်။ အချို့သော ဘာသာစကားများတွင် ယင်းသို့ ဖော်ပြနိုင်ရန်အတွက် **ထပ်ဖြည့်ကြိယာ**[၇] (အကူကြိယာ)ကို မဖြစ်မနေ အသုံးပြုရန် လိုအပ်ပါသည်။[၈]

---

[၁] Leach, (Geoffery…..), 2007, 118.

[၂] tense

[၃] aspect

[၄] mood

[၅] person and number

[၆] Horsey (Ricard…..) 2001, 3.

[၇] auxiliary

[၈] Horsey (Ricard…..) 2001, 14.

မြန်မာဘာသာစကားတွင် 'အမေးပစ္စည်း၊ ကိန်းညွှန်းပစ္စည်း ကြိယာထောက်ပစ္စည်း၊ အငြင်းပြပစ္စည်း၊ ဝါကျနောက်လိုက်ပစ္စည်း'[၁] ဟူ၍ ကြိယာပစ္စည်း ၅ မျိုး ဖော်ပြထားရာ ကြိယာထောက်သည် ကြိယာပစ္စည်းတစ်မျိုးအဖြစ် ပါဝင်နေပေသည်။

ကြိယာထောက်ပစ္စည်း၏ သဘောကိုလည်း–

> "ကြိယာ၏ အနက်ဓိပ္ပာယ်ကို ထူးခြားလေးနက်အောင် ကူညီထောက်ပံ့ပေးသည့် ပစ္စည်းကို ကြိယာထောက်ပစ္စည်းဟု ခေါ်သည်"[၂]

ဟူ၍ လည်းကောင်း၊

> "အချို့သော ကြိယာကို ကြိယာထောက်ပစ္စည်းအဖြစ် အသုံးပြုနိုင်သည်"[၃]

ဟူ၍ လည်းကောင်း ဖော်ပြထားပါသည်။

ထို့ကြောင့် မြန်မာဘာသာစကားတွင် ကြိယာ၏ အနက်အဓိပ္ပာယ်ကို ထူးခြားလေးနက်အောင် အသုံးပြုသည့် ကြိယာထောက်ပစ္စည်းပုံစံနှင့် အမျိုးအစား အမျိုးမျိုး ရှိနေပါသည်။ ထို့ပြင် မြန်မာဘာသာစကား၏ ကြိယာပုဒ်ဖွဲ့ပုံအတွင်း၌ ကြိယာထောက်တို့၏ အမျိုးအစားနှင့် နေရာသည်လည်း အနက်အဓိပ္ပာယ်ဖော်ဆောင်မှုအတွက် အရေးပါကြောင်း တွေ့ရပါသည်။

## ၂။ **ကြိယာပုဒ်**[၄] **ဖွင့်ဆိုချက်**

ဝါကျတည်ဆောက်မှုအစီအစဉ်တွင် ဘာသာစကား၏ သဒ္ဒါစည်းကမ်းများအရ စကားလုံးများကို ပေါင်းစပ်ပြီး ပုဒ်များအဖြစ် ဖွဲ့စည်းထားလေ့ ရှိသည်။ ပုဒ်တိုင်းတွင် ပုဒ်၏ ကျန်အစိတ်အပိုင်းများ ဝန်းရံထားသည့် စကားလုံးအစိတ်အပိုင်းတစ်ခု ပါဝင်နေတတ်သည်။ ယင်းအစိတ်အပိုင်းကို ပုဒ်၏ **ဦးဆောင်စကားလုံး**[၅] ဟု ခေါ်ပါသည်။ ယင်းမှတစ်ဆင့် သဒ္ဒါဆိုင်ရာ ကိစ္စအမျိုးမျိုးကို သတ်မှတ်နိုင်သည်။[၆]

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၂၅၀။

[၂] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၂၅၁။

[၃] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၃၀၄။

[၄] verb phrase

[၅] head word

[၆] Horsey, 2001, 38.

ကြိယာပုဒ်ဆိုသည်မှာ ကြိယာဦးဆောင်သည့် ပုဒ်ပင် ဖြစ်သည်။ သို့သော် ကြိယာပုဒ်တစ်ခုတွင် ပါဝင်သည့် အစိတ်အပိုင်းများနှင့် အမျိုးအစားများ ကွဲပြားမှု ရှိနိုင်ပါသည်။[၁] မြန်မာဘာသာစကားတွင် ကြိယာစကားလုံးအတွင်း ဝါစင်္ဂတစ်မျိုး ထက်မက ပေါင်းစပ်ပါဝင်နိုင်သကဲ့သို့ ကြိယာပုဒ်တစ်ခုအတွင်း၌လည်း ကြိယာထောက် အမျိုးမျိုး ကြိယာဝိဘတ်အမျိုးမျိုး ပေါင်းစပ်ပါဝင်နိုင်ပေသည်။ မြန်မာဘာသာ စကား၏ ကြိယာပုဒ်ဖွဲ့ပုံကို ပုံသေနည်းဖြင့်ပြရလျှင်–

v ⟶ adv+V+aux

ဟူ၍ ပြရပါမည်။ v ကြိယာပုဒ်တွင် ကြိယာအထူးပြု adv ပါသည်။ ယင်းနောက်က ကြိယာ v ပါသည်။ ကြိယာနောက်က aux ပါသည်ဟု ဆိုလိုပါသည်။[၂]

## ၂။ ၁။ မြန်မာကြိယာပုဒ် ဖွဲ့စည်းပုံအတွင်းရှိ ကြိယာထောက်အမျိုးအစားများ

မြန်မာဘာသာစကား၏ ကြိယာပုဒ်ဖွဲ့စည်းပုံတွင် ဦးဆောင်ကြိယာစကားလုံး အပြင် ကြိယာထောက်အမျိုးမျိုးကို အနက်အဓိပ္ပာယ် လိုအပ်ချက်အရ တွဲဖက်အသုံးပြု တတ်ပေသည်။ ဦးဆောင်ကြိယာကို ထောက်ပံ့ပေးသည့် ကြိယာထောက်များသည် ဦးဆောင်ကြိယာ၏ နောက်တွင်ပင် အမြဲနေလေ့ရှိသည်။ ထို့ပြင် ဦးဆောင်ကြိယာ နောက်တွင် ကြိယာထောက် တစ်မျိုးထက်မက ရှိနိုင်သကဲ့သို့ အနက်အဓိပ္ပာယ်အရ ကြိယာထောက်တို့၏ နေရာကန့်သတ်မှု ရှိနေသည်ကိုလည်း တွေ့ရပေသည်။ ဤစာတမ်းတွင် မြန်မာဘာသာစကားရှိ ကြိယာထောက်များကို အမျိုးအစား ခွဲခြား လေ့လာသွားပါမည်။

## ၂။ ၁။ ၁။ ကြိယာ၏အနက်ကို လေးနက်ထင်ရှားစေသည့် ကြိယာထောက်များ

မြန်မာဘာသာစကားတွင် ဦးဆောင်ကြိယာစကားလုံး၏ နောက်တွင်လိုက်ပြီး ဦးဆောင်ကြိယာ၏အနက်ကို လေးနက်ထင်ရှားစေသည့် ကြိယာထောက် အများအပြား ရှိနေပါသည်။ ယင်းကြိယာထောက်များသည် မူလကြိယာ၏ အနက်တာဝန်ကို အပြည့်အဝထမ်းဆောင်ရင်း ဦးဆောင်ကြိယာ၏ အနက်အဓိပ္ပာယ်ကို ပိုမိုလေးနက်လာ စေရန်လည်းကောင်း၊ ဝါကျ၏ ဆိုလိုရင်းအနက်ကို ပိုမိုထင်ရှားလာစေရန်လည်းကောင်း ပြုလုပ်ပေးနိုင်ကြောင်း တွေ့ရသည်။

သာဓကအားဖြင့် မြန်မာဘာသာစကားတွင်–

---

[၁] Matthews, 2007, 427.

[၂] ထွန်းမြင့်၊ ဦး၊ ၂၀၁၇၊ ၂၆၉။

"ကောင်း၊ ကြည့်၊ ချ၊ ခိုင်း၊ စေ၊ တတ်၊ ထိုက်၊ ပြ၊ ရဲ၊ ဝံ့၊ သင့်"

တို့သည် ကြိယာအနက် အပြည့်အဝ ရှိနေသည့် စကားလုံးများပင် ဖြစ်သည်။ ယင်းတို့ကို ဝါကျတွင် ဦးဆောင်ကြိယာ၏နောက်မှ ကြိယာထောက်အဖြစ် အသုံးပြုသည့်အခါ–

ကောင်း(ကြိ/ထောက်) ⟶ ဤသစ်သီးစား**ကောင်း**သည်။

('ကောင်း' ကြိယာထောက်သည် ကောင်းသည်၊ ကောင်းမွန်သည် ဟူသော ကြိယာအနက်ဖြင့် ဦးဆောင်ကြိယာ 'စား'၏ အနက်ကို လေးနက်စေရုံမျှမက ဝါကျတစ်ခုလုံး၏ ဆိုလိုရင်းဖြစ်သော သစ်သီးစားရန် သင့်တင့်ကောင်းမွန်သည် ဟူသော အနက်ကိုလည်း ထင်ရှားလာစေသည်။

ရဲ(ကြိ/ထောက်) ⟶ သင်္ချိုင်းကုန်းသို့ တစ်ယောက်တည်း သွား**ရဲ**သည်။

('ရဲ' ကြိယာထောက်သည်။ ရဲသည်၊ ရဲရင့်သည် ဟူသော ကြိယာအနက်ဖြင့် ဦးဆောင်ကြိယာ 'သွား'၏အနက်ကို လေးနက်စေရုံမျှမက ဝါကျတစ်ခုလုံး၏ ဆိုလိုရင်းဖြစ်သော သင်္ချိုင်းကုန်းသို့ တစ်ယောက်တည်း သွားရဲသည် ဟူသော အနက်ကို ထင်ရှားလာစေသည်။)

သင့်(ကြိ/ထောက်) ⟶ ကျောင်းသားများသည် နေ့စဉ် စာကျက်**သင့်**သည်။

('သင့်' ကြိယာထောက်သည် သင့်သည်၊ သင့်တော်သည် ဟူသော ကြိယာအနက်ဖြင့် ဦးဆောင်ကြိယာ 'စာကျက်' ၏ အနက်ကို လေးနက်စေရုံမျှမက ဝါကျတစ်ခုလုံး၏ ဆိုလိုရင်းဖြစ်သော ကျောင်းသားများ စာကျက်ခြင်းပြုသင့်သည် ဟူသော အနက်ကို ထင်ရှားလာစေသည်။)

## ၂။ ၁။ ၂။ ရုပ်သွင်တူ အနက်ကွဲ ကြိယာထောက်များ

မြန်မာဘာသာစကားသည် ဧကဝဏ္ဏဘာသာစကား အမျိုးအစား ဖြစ်သည်။ ဝဏ္ဏတစ်ခု၊ စကားသံတစ်ခု၌ အနက်အဓိပ္ပာယ်များ ယှဉ်ကပ်နေလေ့ ရှိသည်။ ထိုသို့ ဝဏ္ဏတစ်ခု၊ စကားသံတစ်ခုတွင် အနက်ယှဉ်ကပ်ရာ တစ်ခုထက်မကသော အနက်များ ပါဝင်နေသည့် စကားလုံးများကိုလည်း တွေ့ရမည်ဖြစ်သည်။ မြန်မာဘာသာစကားတွင် ယင်းသို့ အနက်တစ်ခုထက်မက ပါဝင်နေသည့် စကားလုံးများကို ဦးဆောင်ကြိယာ၏ နောက်တွင်ထားပြီး ရုပ်သွင်တူ အနက်ကွဲ ကြိယာထောက်များအဖြစ် အသုံးပြုတတ် ပါသည်။

သာဓကပြရလျှင်–

ခဲ
- (နာမ်) ပျော့ပျောင်းလေးလံသော သတ္တုတစ်မျိုး[၁]
- (ကြိ) ကိုက်သည်၊ သိပ်သည်းမာကျောသည်[၂]
- (ကြိ/ထောက်) လက်ဖက်ရည်သောက်**ခဲ**သည်။

(ပြုလေ့၊ ဖြစ်လေ့ မရှိသောအနက်ဖြင့် ကြိယာကို ထောက်ပံ့သည့် စကားလုံး)[၃]

ပေ
- (နာမ်) ရေးမှတ်ရန် ပြုပြင်ထားသော ပေရွက်၊ အောက်ခံသံတုံး[၄]
- (ကြိယာ) အညစ်အကြေးကပ်ညိသည်။ စွန်းထင်းသည်။[၅]
- (ကြိ/ထောက်) ကချင်ပြည်နယ်သည် မြန်မာပြည်မြောက်ဘက် အရပ် တည်ရှိ**ပေ**သည်။

(ကြိယာကို ပြေပြစ်လေးနက်စေသော စကားလုံး)[၆]

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၅၁။
[၂] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၅၁။
[၃] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၅၁။
[၄] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၂၁၅။
[၅] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၂၁၅။
[၆] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၂၁၅။

တောင်
- (နာမ်) မို့မောက်မြင့်မားစွာ ဖြစ်တည်နေသော မြေထု[၁]
- (ကြိ) တံတောင်ဖြင့် တိုင်းတာသည်[၂]
- (ကြိ/ထောက်) ရုပ်ရှင်ကပြ**တောင်**နေပြီ။

(အပြော–ပုဒ်တို့ကို လေးနက်စေသော စကားလုံး၊ ပင်လျှင်)[၃]

ရက်
- (နာမ်) ၂၄ နာရီ ကာလအပိုင်းအခြား[၄]
- (ကြိ) ချည်၊ လျှော်၊ နှီး စသည်ဖြင့် အထည်၊ ဖျာ စသည် ဖြစ်အောင် လုပ်သည်။[၅]
- (ကြိ/ထောက်) သူမို့လို့ ပြော**ရက်**တယ်။

(ထောက်ထားငဲ့ညှာခြင်းမရှိဟူသော အနက်ဖြင့် ကြိယာကို ထောက်ကူသော စကားလုံး)[၆]

ရုံ
- (နာမ်) အဆောက်အအုံ၊ ဇာတ်ရုံ၊ ကုန်လှောင်ရုံ[၇]
- (ကြိ) အပေါ်မှ လွှမ်းခြုံသည်။[၈]
- (ကြိ/ထောက်) စကားပြောရုံပါ။ ထမင်းစားရုံပါ။

(အကန့်အသတ် အတိုင်းအတာသဘောကို ဖော်ပြသော စကားလုံး)[၉]

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၁၅၄။
[၂] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၁၅၄။
[၃] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၁၅၄။
[၄] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၃၁၁။
[၅] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၃၁၁။
[၆] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၃၁၁။
[၇] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၃၁၈။
[၈] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၃၁၈။
[၉] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၃၁၈။

သား
- (နာမ်) မိဘနှစ်ပါးမှ ပေါက်ဖွားသော ယောကျာ်း၊ သားယောကျာ်း[၁]
- (ကြိ) အရေးအကြောင်း ထင်စေသည်။[၂]
- (ကြိ/ထောက်) ကျောင်းမှန်မှန်တက်**သား**ပဲ။

(ကြိယာအနက်ကို ပြေပြစ်လေးနက်စေသောစကားလုံး)[၃]

## ၂၊ ၁၊ ၃။ ရုပ်မှီးကြိယာထောက်များ

မြန်မာဘာသာစကားတွင် သီးခြားအနက်အဓိပ္ပာယ်မရှိဘဲ ကြိယာထောက်တာဝန်ကို ထမ်းဆောင်နေသည့် စကားလုံးအချို့ကို တွေ့မြင်ရပေသည်။ ယင်းတို့သည် ဦးဆောင်ကြိယာနှင့် ယှဉ်တွဲလိုက်မှသာ သီးခြားအနက်များ ပေါ်ထွက်လာကြောင်း တွေ့ရသည်။

သာဓကပြရသော်–

ခဲ့ (ရုပ်မှီး) ⟶ နံနက်စာ စား**ခဲ့**တယ်
(နံနက်စာ စားပြီးကြောင်း အနက်)

ချင် (ရုပ်မှီး) ⟶ ရုပ်ရှင် ကြည့်**ချင်**တယ်။
(ရုပ်ရှင်ကြည့်လိုသည့်အနက်)

နှင့် (ရုပ်မှီး) ⟶ ရန်ကုန်ကို သွား**နှင့်**မယ်။
(ကြိုတင်ပြုလုပ်မည့်အနက်)

ရာ (ရုပ်မှီး) ⟶ ကောင်းသောစကားကို ပြော**ရာ**သည်။
(သင့်တော်လိုက်ဖက်သည့်အနက်)

ရဲ့ (ရုပ်မှီး) ⟶ ဂရုစိုက်ရဲ့နဲ့။ စား**ရဲ့**နဲ့။
(ပုံမှန်ပြုလုပ်သည့်အနက်)

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၃၇၁။
[၂] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၃၇၁။
[၃] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၃၇၁။

## ၂၊ ၁၊ ၄။ ကြိယာပုဒ်ပမာဏနှင့် ကြိယာထောက်

မြန်မာဘာသာစကားတွင် ဦးဆောင်ကြိယာတစ်ခုကို မူတည်ပြီး ကြိယာပုဒ်ပမာဏကို တိုးချဲ့နိုင်ပေသည်။ ထိုသို့ တိုးချဲ့ကြိယာပုဒ်တစ်ခု ဖွဲ့စည်းရာတွင် ကြိယာအထူးပြုပုဒ်အမျိုးမျိုး ပေါင်းစပ်နိုင်သကဲ့သို့ ကြိယာထောက် (သို့မဟုတ်) ဦးဆောင်ကြိယာ၏အနက်ကို လေးနက်စေသည့် စကားလုံးများ ပေါင်းစပ်တိုးချဲ့နိုင်ပေသည်။ အထူးသဖြင့် စကားပြောရာတွင်လည်းကောင်း၊ စာရေးရာတွင်လည်းကောင်း ပြောဆိုရေးသားသူ၏ စိတ်ခံစားချက်နှင့် အလေးပေးမှုကို မူတည်ပြီး ဦးဆောင်ကြိယာ၏နောက်တွင် ကြိယာထောက် သို့မဟုတ် အလေးအနက်ပြုစကားလုံး တစ်ခုထက်မက ပေါင်းစပ် ပါဝင်နိုင်ကြောင်း တွေ့ရသည်။

သာဓကပြရသော်–

(က) ထမင်းစား**လာ**သည်။
ထမင်းစား**လာခဲ့**သည်။
ထမင်းစား**လာခဲ့ပေ**သည်။

(ခ) လုပ်ကိုင်**လာနိုင်**သည်။
လုပ်ကိုင်**လာနိုင်ခဲ့**သည်။
လုပ်ကိုင်**လာနိုင်ခဲ့ပေ**သည်။
လုပ်ကိုင်**လာနိုင်ခဲ့ပေတော့**သည်။

(ဂ) စား**ချည်းနေ**သည်။
စား**ချည်းပဲနေ**သည်။
စား**ချည်းပဲနေလေ**သည်။
စား**ချည်းပဲနေလေတော့**သည်။

(ဃ) ရေး**ခိုင်းလိုက်**မယ်။
ရေး**ခိုင်းလိုက်ပါ**မယ်။
ရေး**ခိုင်းလိုက်ပါတော့**မယ်။

(င) ချိုချိုသာသာပြောရ**ရ**မည်။
ချိုချိုသာသာပြော**ရပါ**မည်။
ချိုချိုသာသာပြော**ရပါပေ**မည်။
ချိုချိုသာသာပြော**ရပါပေတော့**မည်။

## ၂။ ၁။ ၅။ ကြိယာထောက်နှင့် ဝါကျအဆုံးသတ်တာဝန်

မြန်မာဘာသာစကား၏ ဝါကျဖွဲ့စည်းပုံသည် အခြေခံအားဖြင့် ကြိယာပုဒ်နှင့်သာ အဆုံးသတ်လေ့ ရှိပေသည်။ ကြိယာဝိဘတ်များသည် 'ဝါကျအဆုံးသတ်ဝိဘတ်များ'[၁] လည်း ဖြစ်နေတတ်ပေသည်။ မြန်မာအပြောဘာသာစကားတွင် ကြိယာပုဒ် တစ်ခုတည်းဖြင့် ဝါကျဖြစ်နေသည့်အသုံးများ ရှိပေသည်။ ယင်းအသုံးများတွင် ဦးဆောင်ကြိယာနှင့် ကြိယာထောက်များသာ ပါဝင်ပြီး ပြောသူ၏လေသံအနိမ့်အမြင့်အပေါ် အားပြုထားပေသည်။ ထိုသို့ ပြောသူ၏လေသံအနိမ့်အမြင့်ကြောင့်ပင် ကြိယာထောက်တာဝန် သာမက ဝါကျအဆုံးသတ်တာဝန်ကိုပါ တစ်ပြိုင်တည်း ထမ်းဆောင်နေကြောင်း တွေ့ရပေသည်။

သာဓကပြရသော်–

"လာ**ခဲ့**"
"လုပ်**ထား**"
"ထိုင်**နေ**"
"သွား**တော့**"
"ယူ**လေ**"
"ပြော**ပါ**"
"စား**အုံး**"
"လိုက်**သွား**"
"သွား**နှင့်**"
"လက်မြှောက်**လိုက်**"

စသည်ဖြင့် တွေ့ရမည် ဖြစ်သည်။

---

[၁] sentence final particles

## ခြုံငုံသုံးသပ်ချက်

ကြိယာထောက်သည် ကြိယာပစ္စည်း ငါးမျိုးတွင် ပါဝင်နေသည့် စကားလုံး အမျိုးအစားတစ်ခုပင် ဖြစ်ပေသည်။ မြန်မာဘာသာစကား၏ သဘာဝအရ အချို့သော ကြိယာစကားလုံးများသည် ကြိယာထောက်ပစ္စည်းအဖြစ် ဦးဆောင်ကြိယာ၏ အနက် အဓိပ္ပာယ်ကို ပိုမိုလေးနက်အောင် ထောက်ပံ့ပေးနိုင်ကြောင်း တွေ့ရပေသည်။ ဤသို့သော ကြိယာထောက်များသည် မူလကြိယာ၏ အနက်တာဝန်ကို အပြည့်အဝ ထမ်းဆောင်ရင်း ဝါကျတစ်ခုလုံး၏ ဆိုလိုရင်းကို ပိုမိုထင်ရှားလာစေကြောင်း တွေ့ရသည်။

မြန်မာဘာသာစကားသည် ဧကဝဏ္ဏဘာသာစကား ဖြစ်သည့်အတွက် ဝဏ္ဏ တစ်ခု၊ စကားသံတစ်ခုတည်း၌ပင် အနက်အဓိပ္ပာယ်အမျိုးမျိုး ရှိနေတတ်ပေသည်။ ထိုသို့ နာမ်အနက်၊ ကြိယာအနက် ထင်နေသည့် စကားလုံးများကိုလည်း ဦးဆောင် ကြိယာကို ထောက်ပံ့ပေးသည့် ကြိယာထောက်ပစ္စည်းအဖြစ် အသုံးပြုတတ်ပေသည်။ ယင်းစကားလုံးများကို ကြိယာထောက်အဖြစ် အသုံးပြုသည့်အခါ ရုပ်သွင်တူအနက်ကွဲ စကားလုံးအဖြစ် ဦးဆောင်ကြိယာ၏အနက်ကို ထင်ရှားစေသော သီးခြားအနက် တစ်ခုအဖြစ် ပေါ်ထွက်လာသည်ကို တွေ့ရပါမည်။

တစ်ဖန် မြန်မာဘာသာစကားရှိ အချို့သော ကြိယာထောက်များသည် သီးခြား အနက်အဓိပ္ပာယ် မရှိသော ရုပ်မှီးစကားလုံးများ ဖြစ်နေတတ်ပါသည်။ ယင်းစကားလုံး များသည် ဦးဆောင်ကြိယာနှင့်ယှဉ်တွဲပြီး ကြိယာထောက်ပစ္စည်းအဖြစ် အသုံးပြု လိုက်သည့်အခါမှသာ အနက်အဓိပ္ပာယ်များ ပေါ်ထွက်လာနိုင်ပေသည်။

မြန်မာဘာသာစကားတွင် ဦးဆောင်ကြိယာ၏နောက်တွင် ကြိယာထောက်ပစ္စည်း တစ်ခုထက်မက ဖြစ်နိုင်သည်ကိုလည်း တွေ့ရပေသည်။ စာရေးသူ၊ စကားပြောသူ တို့၏ခံစားမှု၊ အလေးအနက်ပြုမှုတို့ကိုလိုက်ပြီး ကြိယာထောက် ပစ္စည်းအမျိုးမျိုး ပေါင်းစပ်ပါဝင်နိုင်ပေသည်။ ယင်းပစ္စည်းစကားလုံးများကြောင့် ကြိယာပုဒ်၏ ပမာဏ ကိုလည်း လေ့လာနိုင်ပေသည်။ ထူးခြားသည်မှာ ကြိယာပုဒ်တစ်ခုတည်း အသုံးပြု ထားသည့် အပြောဝါကျများတွင် ဦးဆောင်ကြိယာ၏ နောက်တွင်ရှိသော ကြိယာထောက် ပစ္စည်းသည် ဝါကျအဆုံးသတ် ဝိဘတ်တာဝန်ကိုပါ ထမ်းဆောင်နိုင်ကြောင်း တွေ့ရ ပေသည်။

## နိဂုံး

မြန်မာဘာသာစကားရှိ ကြိယာပုဒ်တစ်ခုအတွင်း တွေ့ရသည့် ကြိယာထောက်ပစ္စည်းများကို အမျိုးအစား ခွဲခြားလေ့လာခဲ့ပါသည်။ ကြိယာထောက်ပစ္စည်း အမျိုးအစားများကို သိရှိခြင်းဖြင့် မြန်မာဘာသာစကား၏ သွင်ပြင်လက္ခဏာ တစ်ရပ်ကို တွေ့မြင်နိုင်မည်ဟု ယူဆမိပါသည်။

## ကျမ်းကိုးစာရင်း


### မြန်မာဘာသာ

ထွန်းမြင့်၊ ဦး။ (၂၀၀၇)။ ***ဘာသာဗေဒ***၊ တတိယအကြိမ်၊ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

မြန်မာစာအဖွဲ့၊ (၂၀၀၇)။ ***မြန်မာအဘိဓာန်***၊ ဒု–ကြိမ်၊ ရန်ကုန်။ မြန်မာစာအဖွဲ့ဦးစီးဌာန။

မြန်မာစာအဖွဲ့၊ (၂၀၁၆)။ ***မြန်မာသဒ္ဒါ***၊ ဒု–ကြိမ်၊ ရန်ကုန်။ မြန်မာစာအဖွဲ့ဦးစီးဌာန။

အောင်မြင့်ဦး၊ ဒေါက်တာ၊ (၂၀၀၉)၊ ***"မြန်မာဘာသာစကားတွင် ကြိယာဝိသေသန စစ်စစ် ရှိ၊ မရှိ"***၊ ***University of Yangon Research Journal,. Vol.1, No.1,*** Yangon, P-1-10.

### အင်္ဂလိပ်ဘာသာ

Horsey, Richard (2001). ***101 key Ideas Linguistics***, London, UK.

Leech, Gerffrey. (2007). ***English grammar, a glossary of terms***, New Delhi, Viva Book Private Limited.

Mattews, P.H. (2007). ***Oxford Concise Dictionary of Linguistics, second edi***, Oxford Universiry Press.

Okell, John and Anna Allott. (2001). ***Burmese/Myanmar Dictionary of Grammatical Forms,*** Britain, Curzon Press.

# ဇန်းမော်ခရိုင်အတွင်းရှိ အသွင်ကွဲစကား[၁]များကို လူမှုဒေသိယ[၂]အမြင်ဖြင့် လေ့လာခြင်း

အေးမိအောင်[*]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် နေ့စဉ်သုံး အများသုံး မြန်မာဘာသာစကားနှင့် အသွင်ကွဲပြား နေသော ဇန်းမော်ခရိုင်အတွင်းရှိ အသွင်ကွဲစကားများကို လူမှုဘာသာဗေဒ[၃] ရှုထောင့်မှ လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ဤစာတမ်းတွင် ဇန်းမော်ဒေသတွင်း တစ်မူထူးခြားသည့် အသွင်ကွဲစကားများနှင့် အိမ်ထောင်မှု ဆိုင်ရာ ဝေါဟာရများ၊ ဆွေမျိုးစပ်ဆိုင်ရာ ဝေါဟာရများ လူမှုအခြေအနေပြ ဝေါဟာရများကို ဆန်းစစ်လေ့လာတင်ပြထားပြီး ယင်းသို့ လေ့လာမှုကြောင့် မြန်မာနိုင်ငံအတွင်းရှိ ဒေသတွင်းလူမျိုးချင်း ချစ်ကြည်ရင်းနှီးမှုကို ဖော်ဆောင် နေကြောင်း သုံးသပ်တင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ** – ***ဇန်းမော်ခရင်၊ အသွင်ကွဲစကားများ၊ အိမ်ထောင်မှု ဆိုင်ရာဝေါဟာရများ၊ ဆွေမျိုးစပ်ဝေါဟာရများ၊ လူမှုအခြေအနေပြဝေါဟာရများ။***

## နိဒါန်း

ဤစာတမ်းသည် ဇန်းမော်ခရိုင်အတွင်းရှိ အသွင်ကွဲစကားများကို လူမှုဘာသာဗေဒ ရှုထောင့်မှ လေ့လာထားသော စာတမ်း ဖြစ်ပါသည်။

စံမြန်မာဘာသာစကား (အများသုံးမြန်မာဘာသာစကား)နှင့် ကွဲပြားနေသော ဇန်းမော်ခရိုင်အတွင်း ပြောဆိုသုံးစွဲသည့် လေသံနှင့် စကားသုံးဝေါဟာရများမှာ စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။ ကချင်၊ ဗမာ၊ ရှမ်း လူမျိုးတို့ ပေါင်းစုနေထိုင်ပြီး အခြားတိုင်းခြားသားများလည်း နေထိုင်ကြရာ နယ်စပ်မြို့ ဖြစ်သည့် အလျောက် စကားသံချင်း စကားလုံးဝေါဟာရချင်းလည်း ရောယှက်နေသည်ကို တွေ့ရပါသည်။ ယင်းသို့ လူမျိုးချင်းရောယှက်သည့် အခြေအနေတွင် စံမြန်မာဘာသာစကား (အများသုံး မြန်မာစကား)ကို ကြားခံဘာသာစကားအဖြစ် အသုံးပြုဆက်သွယ်ကြပါသည်။

---

[၁] register

[၂] sociolect

[၃] sociolinguistics

[*] ဒေါက်တာ၊ ပါမောက္ခ၊ မြန်မာစာဌာန၊ ဇန်းမော်တက္ကသိုလ်

လူမျိုးချင်း ရောယှက်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပွင့်လင်းသည့် ဒေသ ဖြစ်သော်လည်း တောတောင်ထူထပ်သည့် ဒေသဖြစ်ခြင်း၊ မြန်မာပြည် အစွန်အဖျား ဖြစ်ခြင်း ဘာသာစကား အတားအဆီးများလည်း ရှိတန်သလောက်ရှိပြီး ယင်းသို့ ရှိသော်လည်း ဒေသတွင်း သုံးစွဲသော မြန်မာစကားဝေါဟာရများလည်း ကျန်ရှိနေဆဲ၊ ထိန်းသိမ်းထားဆဲ၊ တွင်တွင်သုံးနေဆဲ ဖြစ်သည်ကို တွေ့ရပါသည်။

ဤစာတမ်းသည် ဗန်းမော်ခရိုင်အတွင်း သုံးစွဲသော ဝေါဟာရအချို့နှင့် လူမှုဓလေ့ဆိုင်ရာ၊ လုပ်ငန်းဆိုင်ရာ အခြေအနေ ကွဲပြားသည့်အလျောက် ကွဲပြားစွာ အသုံးပြုသည့် ဝေါဟာရများ၊ ဆွေမျိုးတော်စပ်မှုအရ ခေါ်ဝေါ်သုံးစွဲသည့် ဝေါဟာရ များကို လူတွေ့စစ်ဆေးမေးမြန်း တင်ပြထားပါသည်။

နောင်အခါ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်လေ့လာပါက မြန်မာပြည် အရှေ့မြောက် အစွန်အဖျားတွင်ရှိသော ဗန်းမော်ခရိုင်ဒေသ၏ ဒေသသုံးဝေါဟာရများ၊ လူမှုသုံးဝေါဟာရများကို ထိန်းသိမ်းမှတ်တမ်းတင်နိုင်ပြီး ယနေ့ထက်တိုင် ရှိနေသည့် လူမှုဓလေ့၊ ရိုးရာဓလေ့ ချစ်စရာဓလေ့များကို ဖော်ကျူးနေသည့် ဝေါဟာရလေသံ များကို ထိန်းသိမ်းမှတ်တမ်းတင်နိုင်မည် ဖြစ်ပါသည်။ ဒေသချင်း တိုင်းရင်းသားချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။

## ၁။ ဗန်းမော်ခရိုင်အတွင်းရှိ အသွင်ကွဲစကားများကို လူမှုဒေသိယအမြင်ဖြင့် လေ့လာခြင်း

ဗန်းမော်ခရိုင်အတွင်းရှိ အသွင်ကွဲစကားများကို လူမှုဒေသိယအမြင်ဖြင့် လေ့လာရာ၌ ဗန်းမော်ခရိုင်၏ တည်နေရာကို အကျဉ်းမျှ မိတ်ဆက်တင်ပြပြီး အသွင်ကွဲစကားဟူသည် ဗန်းမော်ခရိုင်အတွင်းရှိ အသွင်ကွဲစကားများဟူ၍ ပိုင်းခြား လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

### ၁၊ ၁။ ဗန်းမော်မြို့၏ တည်နေရာ

ဗန်းမော်မြို့သည် ကချင်ပြည်နယ်၏ ဒုတိယမြို့တော်ဖြစ်ပြီး ဧရာဝတီမြစ်နှင့် တာပိန်မြစ်ဆုံရာ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းပေါ်တွင် တည်ရှိပါသည်။ ဗန်းမော် ခရိုင်သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၏ တောင်ဘက် ၁၈၆ ကီလိုမီတာအကွာ (၁၁၆ မိုင်)တွင် တည်ရှိပြီး မြောက်ဘက်တွင် ဝိုင်းမော်မြို့နယ်၊ အရှေ့ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တောင်ဘက်တွင် ရှမ်းပြည်နယ်နှင့် အနောက်ဘက်တွင် စစ်ကိုင်းတိုင်းတို့ တည်ရှိပါသည်။

ဧရာဝတီမြစ်ကမ်းပေါ်တွင် တည်ရှိပြီး တရုတ်ပြည်နယ် ယူနန်စီရင်စုနယ်မြေနှင့် ထိစပ်နေသော နယ်နိမိတ်မှ ဖဲ့ကီလိုမီတာ (မိုင်၄၀)အတွင်း တည်ရှိနေသော မြို့လည်း ဖြစ်ပါသည်။ ဗန်းမော်ခရိုင်တွင် ဗန်းမော်မြို့၊ မန်စီမြို့၊ မိုးမောက်မြို့နှင့် ရွှေကူမြို့တို့ ပါဝင်ပြီး အဓိကမြို့တော်မှာ ဗန်းမော်မြို့ ဖြစ်ပါသည်။

'ဗန်းမော်' ဟူသော အမည်သည် 'မန်းမော်' ဟူသော ရှမ်းဘာသာစကားမှ ဆင်းသက်လာပြီး 'အိုးလုပ်သောရွာ'ဟု အဓိပ္ပာယ်ရပါသည်။ ဗန်းမော်မြို့သည် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်အတွင်း ပါဝင်ပြီး မြန်မာနိုင်ငံ၏ မြောက်ဘက်ပိုင်း၊ ကချင်ပြည်နယ်၏ တောင်ပိုင်းတွင် တည်ရှိပါသည်။ ဧရိယာ စတုရန်းမိုင်ပေါင်း (၇၅၉.၀၁)မိုင်ကျယ်ဝန်းသော မြို့တစ်မြို့ဖြစ်ပါသည်။ အရှေ့ဘက်တွင် 'မိုးမောက်မြို့နယ်'၊ အနောက်ဘက်တွင် 'ရွှေကူမြို့နယ်'၊ တောင်ဘက်တွင် 'မန်စီမြို့နယ်'၊ မြောက်ဘက်တွင် 'ဝိုင်းမော်မြို့နယ်'တို့ ဝန်းရံတည်ရှိသော မြို့လည်း ဖြစ်ပါသည်။

ဗန်းမော်မြို့သည် တောင်ပေါ်မြို့ဖြစ်ပြီး လမ်းပန်းဆက်သွယ်မှုအနေဖြင့် လေယာဉ်၊ မော်တော်ကား၊ သင်္ဘော စသည့်ယာဉ်များဖြင့် သွားလာနိုင်သည်။

လယ်ယာလုပ်ငန်းကို အဓိကထား၍ လုပ်ဆောင်ကြပြီး ကုန်သွယ်မှုဖြင့် အသက်မွေးသူများ၊ ရုံးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် သာမန်လက်လုပ်လက်စား များလည်း ရှိပါသည်။

ဗန်းမော်ဒေသတွင် ဗမာလူမျိုး၊ ရှမ်းလူမျိုး၊ ကချင်လူမျိုးများ စုပေါင်းနေထိုင်ကြပါသည်။ ဗန်းမော်ဒေသနေ ရှမ်းတိုင်းရင်းသား၊ ဗမာတိုင်းရင်းသား၊ ရှမ်းဗမာ တိုင်းရင်းသားများသည် ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး ကချင်တိုင်းရင်းသား တို့ကမူ ခရစ်ယာန်ဘာသာကို အများဆုံး ကိုးကွယ်ကြပါသည်။

## ၁၊ ၂။ အသွင်ကွဲစကားဟူသည်

အသွင်ကွဲစကားလေ့လာမှုသည် လူမှုဘာသာဗေဒက အထူးပြုလေ့လာသည့် နယ်ပယ်တစ်ခု ဖြစ်သည်။ ဘာသာစကားတစ်ခု၏ အသွင်ကွဲဒေသိယစကားဟုလည်း ခေါ်ကြသည်။ ယင်းနှင့်ပတ်သက်၍–

> "ဘာသာစကားတစ်မျိုးတည်းကို သုံးစွဲသည့် ဘာသာတူစု အတွင်း၌ ဘာသာစကားအသွင်ကွဲများ ရှိသည်။ ထိုသို့ ကွဲပြား ရခြင်းသည် ဘာသာစကားသုံးစွဲသူ၏ ဒေသအလိုက်သော် လည်းကောင်း၊ အသက်အရွယ်အလိုက်သော် လည်းကောင်း၊

> လူမှုရေးအခြေအနေအလိုက်သော် လည်းကောင်း၊ လုပ်ငန်းအလိုက်သော်လည်းကောင်း ဖြစ်နိုင်သည်။ ထိုဘာသာစကား၏ အသွင်ကွဲကို ဒေသိယဟုလည်း ခေါ်သည်။ အပြန်အလှန်အားဖြင့် ဒေသိယဟူသည် ဘာသာစကားတစ်ခု၏ အသွင်ကွဲဖြစ်သည်ဟု ဖွင့်ဆိုနိုင်သည်"[၁]

ဟူ၍ လူမှုဘာသာဗေဒမိတ်ဆက်စာအုပ်တွင် ရှင်းလင်းထားသည်ကို တွေ့ရပါသည်။

ထို့ပြင် အသွင်ကွဲစကားနှင့် ပတ်သက်၍–

> "စကားတူစုတစ်ခု သို့မဟုတ် ပြောသူအုပ်စု တစ်ခုခု၏ ဘာသာစကား သို့မဟုတ် ဘာသာစကားပုံသဏ္ဍာန်ကို စကားအသွင်ကွဲဟု ခေါ်သည်။"[၂]

ဟူ၍ လည်းကောင်း၊

> "အသွင်ကွဲစကားဟူသည် အခြေအနေ အဆက်အစပ်ပေါ်မူတည်ပြီး ပြောဆိုပြုလုပ်လိုက်သည့် သဒ္ဒါဆိုင်ရာ ရွေးချယ်မှုများနှင့် တိတိကျကျ သတ်သတ်မှတ်မှတ်ဖြစ်နေသော ဝေါဟာရကို ဆိုလိုသည်။"[၃]

ဟူ၍ လည်းကောင်း၊

> "သီးသီးခြားခြားဖြစ်နေသော လူမှုအခမ်းအနားအတွက် သို့မဟုတ် အနက်သီးခြား ရည်ရွယ်ချက် တစ်ခုအတွက် အသုံးပြုသော ဘာသာစကားတစ်ခု၏ မျိုးကွဲဖြစ်သည်။"[၄]

ဟူ၍ လည်းကောင်း၊

> "အသွင်ကွဲစကားဟူသည် ဘာသာစကားမျိုးကွဲများ၏ ဟန်များ အနက် တစ်ခုဖြစ်သည်။ ကြားနာသူပရိသတ်နှင့် ရည်ရွယ်ချက်၊ အဆက်အစပ်၊ ပါဝင်နေသော လူမှုဆိုင်ရာဖော်ပြချက် အချက်အလက်များ၏ မျိုးကွဲ(မျိုးပြား)အရ ယင်းကို သတ်မှတ် ဆန်းစစ်

---

[၁] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၁၃၊ ၃၄။

[၂] https:// en.m.wikpedia.org>wiki>Register

[၃] www. glottopedia.org

[၄] https:// en.m.wikpedia.org>wiki>Register

နိုင်သည်။ တစ်ခါတရံ ဟန်ဆိုင်ရာ ပြောင်းလဲမှု အမျိုးအစား ကိုလည်း အသွင်ကွဲစကားဟု သတ်မှတ်သည်။ အသွင်ကွဲစကား ဟူသော ဝေါဟာရသည် ပုံစံတကျဖြစ်နေသော ဘာသာစကား ဆိုင်ရာ ဝေါဟာရအဆင့်ကိုလည်း ရည်ညွှန်းသည်။"[၁]

ဟူ၍ လည်းကောင်း ဖော်ပြထားသည်ကို တွေ့ရသည်။

## ၁၊ ၃။ မန်းမော်ခရိုင်အတွင်း အသွင်ကွဲဝေါဟာရများ

ဤဝေါဟာရများကို ဖော်ပြရာ၌ အသံထွက်ကွဲပြားမှုနှင့် ဝေါဟာရအသုံးအနှုန်း ကွဲပြားမှုဟု နှစ်ပိုင်းခွဲ တင်ပြမည် ဖြစ်ပါသည်။

**အသံထွက်ကွဲပြားမှုအနေဖြင့်**

၁။ ဗန်းမော်ဒေသတွင် ဟထိုး(ှ)သံ မရှိချေ။

| | | |
|---|---|---|
| လှေ | ကို | လေ |
| မှန် | ကို | မန် |
| နှမ်း | ကို | နမ်း |

ဟုသာ အသုံးပြု အသံထွက်လေ့ ရှိကြပါသည်။

၂။ ဗန်းမော်ဒေသတွင် 'သ' ဗျည်းသံအစား 'တ' ဗျည်းသံကို အသုံးပြုသည်။

| | | |
|---|---|---|
| သား | ကို | တား |
| သူ | ကို | တူ |
| သေး | ကို | တေး |
| သွက် | ကို | တွက် |
| သုံး | ကို | တုံး |

ဟူ၍သာ အသုံးပြု အသံထွက်လေ့ ရှိကြပါသည်။

---

၁ https:// www. enotes. com

၃။ 'သ'ဗျည်းသံ ဖျောက်၍ ပြောသည့်အလေ့ကိုလည်း တွေ့ရပါသည်။ ယင်းသို့ ပြောသည့် အလေ့ကို ကြိယာထောက်နေရာရှိ 'သ' ဗျည်းသံကိုသာ ဖျောက်၍ ပြောသည်ကို တွေ့ရပါသည်။

| | | | |
|---|---|---|---|
| သာဓက။ | ။ စားသွားပြီ | – | စားဝါးပြီ |
| | လာသွားပြီ | – | လာဝါးပြီ |
| | မြင်သွားပြီ | – | မြင်ဝါးပြီ |

ဟူ၍ အသုံးပြု အသံထွက်ကြပါသည်။

**ဝေါဟာရအသုံးအနှုန်းကွဲပြားမှုအနေဖြင့်**

နေ့စဉ်သုံး မြန်မာစကား (အများသုံးမြန်မာစကား)နှင့် ဗန်းမော်ဒေသတွင်း ပြောဆိုသော စကားတို့ ဝေါဟာရအသုံးအနှုန်း ကွဲပြားနေမှု အထွေထွေမှာလည်း စိတ်ဝင်စားဖွယ် ဖြစ်ပါသည် ။

| | | |
|---|---|---|
| စွပ်ကျယ် | ကို | စွယ်တာ |
| ကပ်စီးကပ်စီး | ကို | စီးကလီစီးကလက် |
| ရေခပ်သည် | ကို | ရေကော်သည် |
| အဝတ်ဖွတ်သည် | ကို | တုတ်သည် |
| ပဲပြား | ကို | တို့ဟူးဖြူ |
| ကြိတ်ဆုံ | ကို | ယွေ |
| စိမ်းစားဥ | ကို | ပဲစားဥ |
| အဖီချသည် | ကို | ဟဲချသည် |
| အတူတူပူးပေါင်းသည် | ကို | ပေါင်သည် |
| ကလေးချီသည် | ကို | ကလေးပွေ့သည်၊ ကလေးပိုးသည် |
| ဈေးသက်သာသည် | ကို | ဈေးပေါ့သည် |
| ဖျားသည် | ကို | နေဖျားတယ် |
| မွေးရက်ကျိုးမနပ် | ကို | မွေးစော်မနံ |
| ထပ်စားပါအုံး | ကို | ပြန်စားပါအုံး |

စသော အသုံးများ ဖြစ်ပါသည်။ ထိုကွဲပြားသော အသုံးများကို ကဏ္ဍခွဲကာ ခေါင်းစဉ်ငယ် များဖြင့် စုစည်းတင်ပြသွားပါမည်။

**၁၊ ၃၊ ၁။ ဆွေမျိုးစပ်ဝေါဟာရများ**

ဗန်းမော်ဒေသတွင် ဆွေမျိုးတော်စပ်မှုကို တိတိပပခေါ်ဆိုသော ဝေါဟာရများ ရှိနေသည်။ ပြောသူ အသုံးပြုခေါ်ဆိုသည့် ဝေါဟာရပေါ်မူတည်၍ လူမှုအခြေအနေကို အကဲခတ်နိုင်သည်။

| | | |
|---|---|---|
| ဖခင်၏ ညီ | ကို | ဘဒွေး၊ အဒွေး |
| ဖခင်၏ ညီမ | ကို | အရီး |

မိခင်ဘက်မှ တော်စပ်မှုများအဖြစ်–

| | | |
|---|---|---|
| မိခင်၏ မောင် | ကို | ဦးလေး |
| မိခင်၊ အမေ၏ ညီမ | ကို | အဒေါ် |
| အမေ၏ ညီမ | ကို | မယ်အား |
| အဖေ၏ ညီမ | ကို | မယ်လိုး |
| သားမက် | ကို | လုချွေ |
| ချွေးမ | ကို | လုပိုက် |
| တူ၏ မိန်းမ | ကို | လံပိုက် |

မိခင်၊ ဖခင်နှစ်ဖက်လုံးမှ မိခင်၏ အစ်မ (သို့မဟုတ်) ဖခင်၏အစ်မကိုမူ 'အမေကြီး'ဟု တူညီသော ညွှန်းခေါ်စကား အသုံးပြုသည်ကို တွေ့ရသည်။ အဖွား၏အမေကိုမူ 'အို အို' ဟု ညွှန်းခေါ်မှုကို တွေ့ရပြန်သည်။

ဗန်းမော်ဒေသတွင် မိမိနှင့် ဆွေမျိုးသားချင်း တော်စပ်မှသာမဟုတ်။ ရိုးရာ ဓလေ့ထုံးစံအရ ရှင်ပြုပွဲ ဆင်ယင်ခြင်းဖြင့်လည်း ဆွေမျိုးတိုးပွား တော်စပ်ရသည့် အလေ့ရှိသည်။ ယင်းသဘောကို ပေါ်လွင်စေသည့် အသုံးများအဖြစ်–

| | | |
|---|---|---|
| ရှင်ပြုသော သား | ကို | လုလိမ့် |
| ရှင်လောင်း၏ မွေးစားအမေ (အိမ်ထောင်ရှိ) | ကို | မယ်လိန့် |
| ရှင်လောင်း၏ မွေးစားအဖေ (အိမ်ထောင်ရှိ) | ကို | ပေါ်လိန့် |
| ရှင်လောင်း၏ မွေးစားအမေ (အပျို) | ကို | မယ်လိန့်ဆောင် |
| ရှင်လောင်း၏ မွေးစားအမေ (လူပျို) | ကို | ပေါ်လိန့်မောင် |

ဟူသော ဝေါဟာရအသုံးများကို တွေ့ရသည်။ ရှမ်းတိုင်းရင်းသားတို့၏ အလေ့အထမှ ဆင်းသက်လာသော ဆွေမျိုးစပ်ဝေါဟာရများသည် ဗန်းမော်ဒေသတွင် အသုံးကျယ်ပြန့် နေသည်ကို တွေ့ရသည်။

တစ်ဦးနှင့်တစ်ဦး ရစ်ပတ်နှောင်ဖွဲ့ခြင်းဖြင့် မိမိ၏ဝန်းကျင်အသိုက်အမြုံကို ဆိုဆုံးမမှုပြု ထိန်းကျောင်းသွားသည့် အလေ့ကို ထင်ဟပ်နေသော ဝေါဟာရအသုံး များပင် ဖြစ်ပါသည်။ ဗန်းမော်ဒေသရှိ ဗုဒ္ဓဘာသာဝင်လူငယ်များတွင် မိဘတစ်စုံမက ရှိနေတတ်ပြီး သွန်သင်ဆုံးမဖေးမ ကူညီသည့် လူမှုဝန်းကျင်ကို ထင်ဟပ်နေစေ ပါသည်။

## ၁၊ ၃၊ ၂။ လူမှုရေးဆိုင်ရာဝေါဟာရများ

ဗန်းမော်ခရိုင်ဒေသ၏ ချစ်စရာကောင်းသော အလေ့တစ်ခုမှာ ထူးခြားသည့် ရပ်ရွာလူမှုအဖွဲ့အစည်း ထားရှိခြင်းပင် ဖြစ်သည်။ ထိုအဖွဲ့သည် ရပ်ရွာ၏ သာရေး နာရေး ကိစ္စရပ်အားလုံးတွင် လုပ်အားပါဝင်ရသော အဖွဲ့ဖြစ်သည်။ ရပ်ရွာကိစ္စ တစ်ခုခု ပေါ်ပေါက်ခဲ့လျှင် အသင်းအဖွဲ့အုပ်ချုပ်သူက ဝိုင်းဝန်းကူညီကြရန် ဆော်ဩ လှုံ့ဆော်ထားသည်။ ဆော်ဩလှုံ့ဆော်ထားသည့်ကြားမှ ပျက်ကွက်ခဲ့လျှင် ကြီးမားသော ငွေဒဏ် ဆောင်ရလေ့ ရှိသည်။ ငွေဒဏ်ကို ၅၀၀၀ဝိ/-ကျပ် သတ်မှတ်ကြသည်။ ဤသို့နည်းဖြင့် ရပ်ရွာကိစ္စရပ်များသည် စုစည်းညီညွတ်မှုဖြင့် သိုက်မြိုက် စည်ကားလျက် ရှိလေသည်။

ခေါင်းဆောင်ဖြစ်သူက ဆော်ဩသည့်အခါ အိမ်တိုင်ရာရောက် နှုတ်ဖြင့် ဆော်ဩခြင်း၊ လက်ဖက်ထုပ်ပေး၍ ဆော်ဩခြင်း ပြုသည်။ ယင်းကို 'ခေါင်ချုပ်'ဟု ဆိုကြသည်။ ပေးဆောင်ရသည့် ဒဏ်ငွေကို 'ရတ်ကြေး'ဟု သုံးနှုန်းကြသည်။

တဖန် နာရေးပို့ပြီး ပြန်လာ၍ တရော်ကင်ပွန်းဖြင့် ခေါင်းကိုသပ်ခြင်း သို့မဟုတ် မိမိအိမ်သို့ ပြန်ရောက်သည့်အခါ တရော်ကင်ပွန်းဖြင့် ခေါင်းလျှော်ခြင်းကို 'ခေါင်းဆေးသည်'ဟု ဆိုပြန်သည်။ ထိုအသုံးကိုပင် သက်ကြီးရွယ်အိုများက သာမန် တရော်ကင်ပွန်းနှင့် ခေါင်းလျှော်သည်ကိုပင် 'ခေါင်းဆေးလိုက်အုံးမယ်'၊ 'ခေါင်းဆေး ထားတယ်'၊ 'ကင်ပွန်းဆေးတယ်'ဟု အသုံးပြုလေ့ရှိကြသည်။ အဆက်အစပ်ပေါ် မူတည်၍ အခြေအနေကို နားလည်နိုင်သည်။

နာရေးကိစ္စဖြစ်ပေါ်၍ သေဆုံးသူအားရည်စူး၍ ဆွမ်းကျွေးသည် ဆွမ်းကပ်သည်ကို 'ဆွမ်းပြင်'၊ သင်္ဂြိုဟ်ပြီးနောက်နေ့နံနက်တွင် ကပ်လှူသောဆွမ်းကို 'မြေကျဆွမ်း'၊ ထိုနေ့ နာယူသောတရားကို 'မြေကျတရား'၊ သာရေးနာရေးပွဲ၌ ဝိုင်းဝန်းလုပ်ကိုင်ကြရန်

အကူအညီခေါ်သည်ကို 'သူငယ်ချင်းသားခေါ်'ဟု အသုံးပြုလေ့ ရှိသည်။ နာရေးကိစ္စဖြစ်ပေါ်သည့်အခါ အကူအညီပေးသည့် ငွေကို 'စုန်ကြေး၊ ဆုံကြေး'၊ 'စုံဒါန်း၊ ဆုံတမ်း' ဟု သုံးနှုန်းလေ့ ရှိသည်။

သာရေးနာရေးလူမှုအဖွဲ့အစည်း၏ ခေါင်းဆောင်များကို ခေါ်ဝေါ်ရာ၌ အဖိုးဆိုလျှင် 'အဖိုးကြီးခေါင်း'၊ အဖွားဆိုလျှင် 'အဖွားကြီးခေါင်း'၊ အိမ်ထောင်သည်အမျိုးသားကို 'ပေါ်ခိန်ခေါင်း'၊ အိမ်ထောင်သည်အမျိုးသမီးကို 'မယ်ခိန်ခေါင်း'၊ လူပျိုကို 'လူပျိုခေါင်း'၊ အပျိုကို 'အပျိုခေါင်း'ဟု သီးသီးခြားခြား ခေါ်ဝေါ်သုံးနှုန်းလေ့ ရှိသည်။ ရပ်ရွာအတွင်း၌ အိမ်မှုကိစ္စများတွင် အလုပ်နှင့်အင်အား မမျှသည့်အခါ ဝိုင်းဝန်းလုပ်ဆောင်ကြလေ့ ရှိသည်။ အကူအညီလို၍ တောင်းသူက တောင်းပြီးလျှင် မိမိအလှည့်ကျရောက်လာလျှင်လည်း ပြန်၍ကူညီရလေသည်။ ယင်းအမှုကို ပြုရာတွင်–

| | | |
|---|---|---|
| လုပ်အား အကူအညီယူသည် | ကို | အားယူ |
| လုပ်အားအကူအညီယူထား၍ ပြန်ပေးဆပ်သည် | ကို | အားဆပ် |

ဟု ခေါ်ဝေါ်သုံးနှုန်းကြသည်။ အားနည်းသူကို ဖေးကူမကြ၍ မနိုင်ဝန်ကို ကူညီထမ်းဆောင်ကြသည့် ကူညီဖူးသည့် ကျေးဇူးတရားကို ပြန်လည်သိတတ် ပေးဆပ်တတ်ကြသည့် နှစ်သက်ဖွယ် လူမှုဓလေ့ကို ပေါ်လွင်စေသည့် အသုံးများလည်း ဖြစ်ပါသည်။

### ၁၊ ၃၊ ၃။ အိမ်ထောင်မှုဆိုင်ရာဝေါဟာရများ

ဗန်းမော်ခရိုင်အတွင်းရှိ အိမ်ထောင်မှုဆိုင်ရာ ဝေါဟာရများသည် တမူထူးခြားပြီး ယဉ်ကျေးသိမ်မွေ့သည့် အလေ့ကို ဖော်ညွှန်းနေသည်ကို တွေ့ရသည်။

ကန်တော့ခန်းဝင်၊ စုံရာပွဲ၊ သားမက်တက်၊ ချွေးမတက်၊ လေ့ဦးစိုက်၊ ကန်တော့ပွဲ၊ အိမ်ဆင်း၊ ရှောလီ၊ ပျော်ရာနေ၊ မိရာဖရာ၊ တင်ငွေ စသည့် အသုံးများကို တွေ့ရသည်။

သတို့သမီး၏ မိဘထံ တင်တောင်းရသည့် ငွေကြေး၊ သတိုးသမီးအတွက် တင်တောင်းရသည့် ငွေကို 'တင်ငွေ'ဟု အသုံးပြုကြသည်။ ယောက္ခမ (သတို့သမီးအမေ)အတွက် ပေးသည့် ငွေကို 'နို့ဖိုး' ဟု အသုံးပြုကြသည်။

မိန်းမတောင်း မင်္ဂလာဆောင်တွင် မိဘတို့အတွက် ကန်တော့ပွဲကို 'မိရာဖရာပွဲ' ဟူ၍ လည်းကောင်း၊ ရပ်ရွာလူကြီးများအတွက် ကန်တော့ပွဲကို 'အသိသက်သေပွဲ' ဟု

သုံးပြီး မင်္ဂလာဆောင်ရာတွင် ဆုပေးစကားပြောကြားသူအတွက် ပေးရသော ကန်တော့ပွဲကို 'စုံရာပွဲ'ဟု သုံးနှုန်းကြသည်။

သတို့သား၊ သတို့သမီးတို့က လူကြီးမိဘများကို ကန်တော့သည်ကို 'ကန်တော့ခန်း ဝင်သည်'ဟု ဆိုလေ့ရှိသည်။

မင်္ဂလာမဆောင်မီ အဝင်နေ့တွင် သတို့သားအိမ်၌ အပျိုလူပျိုများအား ဖိတ်၍ ညှော်ခံကျွေးမွေးသည့်ပွဲကို 'ရှောလီ'၊ မင်္ဂလာဆောင်တွင် ရပ်ကွက်လူကြီးကို ပေးအပ်ရသည့်ငွေကို 'လှေဦးစိုက်'၊ မင်္ဂလာဆောင်ပြီး ယောက္ခမအိမ်တွင်နေပြီးမှ တစ်ဖန် သီးခြားခွဲနေသည်ကို 'အိမ်ဆင်း'၊ မင်္ဂလာဆောင်ပြီး ဇနီးမောင်နှံတို့ မိမိနှစ်သက်ရာ အမိအဖတို့အိမ်တွင် နေထိုင်သည်ကို 'ပျော်ရာနေ'၊ မိန်းကလေးမိဘအိမ်သို့ သတို့သားက လိုက်နေသည်ကို 'သားမက်တက်'၊ ယောကျ်ားလေးမိဘအိမ်သို့ သတို့သမီးက လိုက်နေ သည်ကို 'ချွေးမတက်'၊ မင်္ဂလာဆောင်ပြီး သီးခြားအိမ်ခွဲနေသည်ကို 'အိမ်ခွဲ' စသည်ဖြင့် အိမ်ထောင်မှုဆိုင်ရာ အမှုကိစ္စအသီးသီးအတွက် ဝေါဟာရများကို သီးသီးသန့်သန့် အသုံးပြုကြရာ ထိုဝေါဟာရများတွင် ဗန်းမော်ခရိုင် အိမ်ထောင်မှုရေးရာ အလေ့အထ ကိစ္စအဝဝ ထင်ဟပ်နေသည်ကို သတိပြုနိုင်ပါသည်။

### ၁၊ ၃၊ ၄။ လူမှုအခြေအနေကို ဖော်ညွှန်းနေသော ဝေါဟာရများ

ဗန်းမော်ဒေသတွင် ဗန်းမော်ဒေသိယလေသံဟု ဆိုရလောက်အောင် အသွင် ကွဲပြားနေသော ဝေါဟာရအသုံးအချို့ ရှိပါသည်။ ယင်းအသံကို ကြားရသည်နှင့် 'ဗန်းမော်နယ်ဘက်ကပဲ'ဟု ကောက်ချက်ချနိုင်လောက်သည့် စကားသံများ၊ ဝေါဟာရ အသုံးများကို လေ့လာတွေ့ရှိရပါသည်။

နေ့စဉ်သုံး အများသုံး မြန်မာဘာသာစကားတွင် 'သွား' ဟူသည့် ဝေါဟာရကို ကြိယာ၏အဓိပ္ပာယ်ကို လေးနက်အောင် ကူညီထောက်ပံ့ပေးနေသည့် ကြိယာထောက် အဖြစ် 'စားသွားတယ်၊ လာသွားတယ်၊ နေသွားတယ်၊ အလုပ်ပြီးသွားပြီ' စသည်ဖြင့် အသုံးပြုနေကြပြီး 'သွားသွားတယ်'ဟုတော့ အသုံးမပြုကြပေ။ 'သွားခဲ့တယ်၊ သွားခဲ့ပြီ၊ သွားနေတုန်း၊ သွားနှင့်မယ်' စသည်ဖြင့် 'သွား'ကို အခြားကြိယာထောက်များနှင့်သာ အသုံးပြုကြသော်လည်း ဗန်းမော်ခရိုင်တွင်မူ 'သွားသွား(ဝါး)တယ်'၊ 'သွားသွား(ဝါး) တော့မယ်'၊ 'သွားသွား(ဝါး)လိုက်လေ'၊ 'သွားသွား(ဝါး)ခဲ့ပြီလား'၊ အော်.. သွားသွား (ဝါး)လိုက်ပြီလား'ဟု အသုံးပြုပုံမှာ ဗန်းမော်သူ ဗန်းမော်သားဟု အသိအမှတ်ပြုရ လောက်သော လေသံပင် ဖြစ်ပါသည်။

ထို့ပြင် 'ခဲ့' ကြိယာထောက်ကို အသုံးပြုသည့်အခါ နေ့စဉ်သုံး အများသုံး မြန်မာဘာသာစကားတွင် ပုဒ်စပ်ပိတ်မှု ပုဒ်စပ်ပွင့်မှု သဘောပေါ်မူတည်၍ ခဲ့/ဂဲ့/၊ ခဲ့/ခဲ့/ ဟု ကွဲပြားစွာ အသုံးပြုသော်လည်း ဇန်းမော်ဒေသတွင် ထိုသို့ ကွဲပြားမှု မရှိပေ။ 'အော်..စားခဲ့ပြီပေါ့'၊ 'ဝင်ခဲ့လိုက်ပြီလား'၊ 'ကျန်ရစ်ခဲ့တယ်' စသည်ဖြင့် ခဲ့/ခဲ့/ အသံဖြင့်သာ ပြောဆိုသုံးနှုန်းလေ့ ရှိပါသည်။

ထို့ပြင် ဇန်းမော်ဒေသိယတွင် ထူးခြားသည့် လေသံတစ်ခုမှာ နာသူ(သို့) အခြားသူက တစ်ဆင့်ပြန်ပြောသည့် အငြင်းပြသည့် စကားတစ်ခွန်းပင် ဖြစ်သည်။ ကြိယာနှင့် ကြိယာထောက် တွဲထားသော စကားများ သုံးစွဲရာ၌ နေ့စဉ်သုံး အများသုံး မြန်မာစကားတွင် 'မ' အငြင်းပြပစ္စည်းကို ကြိယာပုဒ်ရှေ့မှထား၍ အသုံးပြုသော်လည်း ဇန်းမော်ခရိုင်ဒေသိယတွင်မူ 'ရှိမထားဘူးလေ'၊ 'စားမသွားဘူး'၊ 'ပြောမထားဘူး'၊ 'ရှိမနေဘူးလေ'၊ 'လုပ်မထားဘူး' ဟု ကြိယာထောက်၏ရှေ့တွင် 'မ' အငြင်းပြပစ္စည်းကို ပြောဆိုအသုံးပြုပုံမျိုးသည်လည်း ဇန်းမော်လေသံဟု ဆိုရလောက်သည့် လူမှုအခြေအနေပြ အမှတ်အသားတစ်ခု ဖြစ်ပါသည်။

## ၁၊ ၃၊ ၅။ လယ်ယာစိုက်ခင်းသုံးဝေါဟာရများ

ဇန်းမော်ခရိုင်ဒေသ၏ အဓိကစီးပွားရေးသည် ဥယျာဉ်လယ်လုပ် ခြံစိုက်၍ အသက်မွေးဝမ်းကြောင်းပြုမှု ဖြစ်သည်။ ရာသီမပြတ် ပန်းမာလ် သီးနှံများကို စိုက်ပျိုးကြသည့် ဒေသဖြစ်သည်။

စံမြန်မာဘာသာစကား (အများသုံးမြန်မာဘာသာစကား)တွင် 'မြက်ရိတ်သည်'ဟု ဆိုခြင်းကို ဇန်းမော်ဒေသတွင် 'ကွေကားရိတ်'ဟု ဆိုပါသည်။ ယင်းစကားသည် ဟိန္ဒူ အနွယ်ဝင် အိန္ဒိယတိုင်းသားတို့ထံမှ ဝင်ရောက်လာခြင်း ဖြစ်သည်။ ဇန်းမော်ဒေသသည် မြက်ရိတ်သည်ကို 'ကွေကားရိတ်'ဟု အသုံးပြုလေ့ ရှိကြသည်။

'ခွဲစားလိုက်' ဟူသော ဝေါဟာရသည် လယ်ယာလုပ်ငန်းလုပ်ရာတွင် အခကြေးငွေ မပေးဘဲ ထွက်ရှိသော သီးနှံကို ခွဲခြမ်းပေးဝေခြင်းကို ဆိုလိုရာ၌ အသုံးပြုသော ဝေါဟာရ ဖြစ်သည်။ ပေးဝေရာ၌ နေ့စားလက်ငင်းရှင်းခြင်းရှိသလို စပါးပေါ်ချိန် သီးနှံပေါ်ချိန်မှ ရှင်းသည်လည်း ရှိသည်။ ယနေ့ခေတ်တွင် ငွေကြေးဖြင့် အခရှင်းရသည်လည်း ရှိသည်။ သို့သော် ထိုအသုံးမှာ တင်ကျန်ရစ်သော အသုံးဖြစ်ပြီး 'ခွဲစားမသွားခေါ်အုံးမယ်'၊ 'ခွဲစားမရသေးဘူး'ဟု သုံးနှုန်းလေ့ ရှိသည်။ 'ခွဲစားမ'များကို 'အလုပ်သမား'ဟု သုံးလေ့မရှိသကဲ့သို့ 'အလုပ်သမား' ဟူသော ဝေါဟာရ အသုံးပြုသူကိုလည်း သူတို့က နှစ်သက်ခြင်းမရှိဘဲ အသုံးတွင်ကျယ်နေခြင်း ဖြစ်သည်။

ထို့ပြင်–

| | | |
|---|---|---|
| ယာလုပ်(သည်) | ကို | အခင်းလုပ်(သည်) |
| စပါးနယ်(သည်) | ကို | စပါးနင်း(သည်) |
| စပါးလှေ့(သည်) | ကို | စပါးယပ် |

ဟူ၍လည်း နေ့စဉ်သုံး အများသုံး မြန်မာစကားနှင့် ကွဲပြားစွာ သုံးနှုန်းသည်ကို တွေ့ရသည်။

'မဲလုံး' ဟူသော ဝေါဟာရကိုမူ ဒညင်းသီး ရောင်းဝယ်ခြင်း လုပ်ငန်း၌ အရေအတွက် ရေတွက်ရာတွင် အသုံးပြုသည်။ ဒညင်းသီး ရေတွက်ရာ၌ '၁၀' လုံး ပြည့်လျှင် ဘေး၌ ဒညင်းသီး '၁' လုံးကို ဖယ်ထားသည်။ ဤသို့ '၁၀' လုံးလျှင် '၁' လုံး အချိုးကျဖယ်ထားပြီး ရေတွက်ခဲ့သည့် ဒညင်းသီးအရေအတွက်ကို သိလိုလျှင် ဘေး၌ဖယ်ထားသည့် ဒညင်းသီးကို ရေလိုက်သည်။ ဖယ်ထားသည့် ဒညင်းသီး '၁၀၀' ရှိလျှင် ရေတွက်လိုက်သည့် ဒညင်းသီးများ (၁၀× ၁၀၀) အလုံး '၁၀၀၀' ဟု သတ်မှတ်ကြသည်။ ဤသို့ ဖယ်ထားသည့် ဒညင်းသီးကို 'မဲလုံး'ဟု ခေါ်သည်။ ထူးခြားချက်မှာ ဒညင်းသီး ရေတွက်ခြင်းမှလွဲ၍ အခြား မည်သည့်နေရာတွင်မှ အသုံးမပြုခြင်းပင် ဖြစ်သည်။

### ၁၊ ၃၊ ၆။ အသီးအရွက်ဆိုင်ရာ ဝေါဟာရကွဲပြားမှုများ

ဗန်းမော်ခရိုင်ဒေသတွင် အသီးအရွက်ဆိုင်ရာ ဝေါဟာရ အခေါ်အဝေါ် ကွဲပြားမှုမှာလည်း စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။

| **နေ့စဉ်သုံး အများသုံး မြန်မာစကား** | | **ဗန်းမော်ဒေသိယစကား** |
|---|---|---|
| ဖူးညွန့် | ကို | ဖူးငေါက် |
| ခဝဲညွန့် | ကို | ခဝဲငေါက် |
| ကန်စွန်းညွန့် | ကို | ကန်စွန်းငေါက် |
| သပွတ်ညွန့် | ကို | သပွတ်ငေါက် |
| ဖရုံညွန့် | ကို | ဖရုံငေါက် |

ဟု 'ရှည်လျားသည့်အညွန့်'ကို 'အငေါက်'ဟု ခေါ်ဝေါ်သုံးနှုန်းပြီး 'တိုသည့် အညွန့်ကိုမူ 'အညွန့်'ဟုသာ ခွဲခြားသုံးနှုန်းသည်မှာ စိတ်ဝင်စားဖွယ် ဖြစ်သည်။ အမြင်အာရုံတွင် တက်လာသော အနွယ်သည် အထက်သို့ ငေါက်တောက်ထွက်နေသည့်သဘောကို

ယူ၍ ရိုးရှင်းစွာ ခေါ်ဝေါ်သုံးနှုန်းကြသည်ကို သတိပြုနိုင်ပါသည်။ ယင်းအသုံးကို နွယ်ပင်မျိုးနွယ် အပင်များတွင်သာ အသုံးပြုလေ့ ရှိပါသည်။

ရဲယိုသီးကို ကြောင်ချီးသီးဟု ခေါ်ဝေါ်ပုံမှာလည်း ရဲယိုသီးအမှည့်၏ ပျော့အိသွားပုံနှင့် အနံ့အသက်ကို အမြင်အာရုံနှင့် ထပ်တူပြုခေါ်ဝေါ်သည်ကို သတိပြုနိုင်ပါသည်။

| | | |
|---|---|---|
| ဒန့်သလွန်ရွက် | ကို | ကြက်သဟင်းရွက် |
| မက်ခေါက်သီး | ကို | တောင်ဝွေးသီး |
| ကိုက်လန် | ကို | ကန့်လန့်ဆိုင် |
| ရွှေပဲသီး | ကို | ပဲဝက်ခေါက် |
| မက်မွန်သီး | ကို | ရှမ်းဆီးသီး |
| မျှစ်ချဉ်ခြောက် | ကို | မျှစ်သွေ့ခြောက်၊ မျှစ်သို့ခြောက် |
| ပီလောပီနံ့ဥ | ကို | သဘော်ကန်စွန်းဥ |
| ရှမ်းနံနံ | ကို | မန်ကျည်းကုလား |

စသည်ဖြင့် အခေါ်အဝေါ် အသုံးအနှုန်း ကွဲပြားမှုကို တွေ့ရပါသည်။

'ခရေပန်းကောက်သည်'ကို 'ကောက်သည်'ဟု ဆိုသော်လည်း 'စံပယ်ပန်းခူးသည်'ဟု မဆို 'စံပယ်ပန်းကောက်သည်'၊ 'ကန်စွန်းရွက်ခူးသည်'ဟုမဆို 'ကန်စွန်းရွက်ကောက်သည်'၊ 'နှင်းဆီပန်းခူးသည်'ဟုမဆို 'နှင်းဆီပန်းကောက်သည်'၊ 'နဂါးမောက်သီးခူးသည်'ဟုမပြော 'နဂါးမောက်သီးကောက်သည်'၊ သံပုရာသီး မကောက်သေးဘူးလား' စသည်ဖြင့် သစ်ပင်သီးနှံ ခူးဆွတ်သည်ကိုပင် ကွဲပြားစွာ အသုံးပြုသည်ကို တွေ့ရပါသည်။

'သရက်သီးခူးသည်'ကိုပင် 'သရက်သီးကောက်သည်'၊ 'သရက်သီးကောက်ရအုံးမယ်'ဟု သုံးလေ့ရှိပါသည်။

နေ့စဉ်သုံး မြန်မာဘာသာစကား၊ အများသုံးမြန်မာစကားတွင် 'ကိုင်းချိုင်/ ဂိုင်းချိုင်/'သည် 'ကိုင်းခုတ်သည်'ဟု လဲလှယ်သုံးနေကြသော်လည်း ဗန်းမော်ဒေသခြံသမား၊ ကိုင်းသမားများကမူ 'ငှက်ပျောခိုင်ခုတ်သည်'၊ 'သရက်ကိုင်းခုတ်သည်' ဟုသာ သုံးစွဲလေ့ရှိပြီး 'ချိုင်သည်' အသုံးကိုမူ လုံးဝသုံးစွဲခြင်း မရှိသည်ကို တွေ့ရသည်။

သို့သော် အုန်းသီး၊ ထန်းသီးနှင့် ပတ်သက်လျှင် 'အုန်းသီးခိုင်ချမယ်'၊ 'ထန်းပင်ချမယ်' ဟု အသုံးကွဲပြားစွာ သုံးစွဲနေကြပါသည်။

ဝါးကိုမူ 'ခုတ်'၍ မျှစ်ကို 'ချိုး' မည်ဟူသော အသုံးမှာမူ နေ့စဉ်သုံး အများသုံး စကားနှင့် တူညီသည်ကို တွေ့ရပါသည်။

## ၁၊ ၃၊ ၇။ ဘန်းစကားအသုံးများ

ဇန်းမော်ခရိုင်ဒေသတွင် နေ့စဉ်သုံး အများသုံး မြန်မာစကားနှင့် မတူသည့် ဘန်းစကားများ ရှိနေသည်ကို တွေ့ရသည်။

စားမှုသောက်မှုကိစ္စတွင် 'ဘူဖေး'စနစ်ပုံစံ စိတ်ကြိုက် ကြိုက်သလောက် စားသုံးနိုင်သည်ကို 'ကြိုက်ဆွဲ'ဟု သုံးနှုန်းသည်ကို တွေ့ရသည်။

မည်သည့်အခြေအနေတွင်ဖြစ်စေ ပစ္စည်းတစ်ခု အလကားရသည်ကို 'ကောက်ရသည်၊ ပွသည်' ဟု သုံးနှုန်းလေ့ ရှိကြသည်။

အပေ့ါအပါး တစ်ပို့တစ်ပါး သွားလိုသည့်အခါ လူငယ်ထု အများစုသည် 'အောက်သွားမလို့'၊ 'အောက်သွားမယ်' ဟု ပြောဆိုကြသည်။ အယဉ်သုံးစကားဟု ဆိုနိုင်သည်။ ယင်းအသုံးကို စူးစမ်းကြည့်သောအခါ အထက်တန်းကျောင်းနေစဉ်က 'out သွားပါရစေ၊ out သွားမလို့' မှစတင်ခဲ့ကြောင်း သိရသည်။ ထိုမှ မြန်မာသံ 'အောက်သွားမလို့' ဟုသာ သုံးနှုန်းခဲ့ကြခြင်း ဖြစ်သည်။

ထို့ပြင် တရားမဝင် သယ်ဆောင်မှုကိစ္စရပ်များအတွက် 'အောက်ပျောက်' ဟူသော စကားလုံးကို သုံးစွဲကြသည်။ တစ်နေရာမှ တစ်နေရာသို့ ပစ္စည်း သယ်ဆောင်ရာတွင် အပေါ်ယံတွင် တရားဝင်သယ်ယူခွင့်ရသော ပစ္စည်းများ ဖုံးအုပ်ထားပြီး အောက်ဘက်အတွင်းပိုင်းတွင် တရားမဝင်ပစ္စည်းများ သယ်ယူလာမှုအတွက် ထိုဝေါဟာရကို အသုံးပြုတတ်ကြသည်ကို တွေ့ရပါသည်။

## ၁၊ ၃၊ ၈။ ဘာသာရေးဆိုင်ရာ ဝေါဟာရများ

ဇန်းမော်ဒေသတွင် ဘာသာရေးလုပ်ဆောင်မှုနှင့် သက်ဆိုင်သည့် ဝေါဟာရများလည်း သီးသန့်ရှိ သည်ကို တွေ့ရသည်။

| | | |
|---|---|---|
| သီတင်းကျွတ်ဘုန်းကြီးကန်တော့သည် | ကို | ကန်တော့စုံ |
| နှစ်ဆန်းတစ်ရက်နေ့ဘုန်းကြီးကန်တော့သည် | ကို | ရေကန်တော့ |

| | | |
|---|---|---|
| အလှူမင်္ဂလာအစနေ့ | ကို | ပွဲဝင်နေ့ |
| အလှူမင်္ဂလာအတည်နေ့ | ကို | ပွဲကြီးနေ့ |
| ရှင်ပြုနားသသည့်ကလေး | ကို | လုလိမ့် |

စသည့် ဝေါဟာရများ ဖြစ်ပါသည်။

## ၁၊ ၃၊ ၉။ လူ့အသုံးအဆောင်ဆိုင်ရာ ဝေါဟာရကွဲပြားမှုများ

လူ့အသုံးအဆောင်ဆိုင်ရာ ဝေါဟာရကွဲပြားမှုများမှာလည်း စိတ်ဝင်စားဖွယ် ဖြစ်သည်။ လူမျိုးချင်း ရောယှက်နေထိုင်ရာမှ ဘာသာစကားချင်း ထိတွေ့ရောယှက်၊ အသံထွက်ချင်း ထိတွေ့ရောယှက်လာသည်ကို တွေ့ရပါသည်။

| | | |
|---|---|---|
| ချိန်ခွင် | ကို | စဉ်း၊ ဇင်း |
| လေးခွ | ကို | ဘတ်ခွ/ဘတ်ဂွ/ |
| ပူဖောင်း | ကို | အူးစည်ဖောင်း |
| အဝတ်ရိုက်တုတ် | ကို | ခြေတုတ်ပုတ်၊ ခြေထောက်ပုတ် |
| သားရေကွင်း | ကို | ကြက်ပေါင်ကွင်း |
| (ဝါးဖြင့်ယက်လုပ်ထားသော)ဂေါ်ပြား | ကို | ဆော့ခူ၊ ဂျော့ခူ |
| ယောက်ချို | ကို | ဇွန်းဂုတ်၊ ဇွန်းမှုတ် |
| ထိုင်ခုံ | ကို | ဖင်ထိုင်ခုံ၊ ထိုင်ဂုံး |
| ကျောပိုးအိတ် | ကို | နောက်ပိုးအိတ် |
| ကြိုတ်ဆုံ | ကို | ယွေ |
| အနွေးထည် | ကို | အင်္ကျီထူ |
| လော်စပီကာ | ကို | အောလော်လော |

စသည့် အသုံးအနှုန်းမျိုးများ ဖြစ်ပါသည်။

## ၁၊ ၃၊ ၁၀။ ဆိုင်ကယ်လုပ်ငန်းသုံးစကား

ဗန်းမော်ခရိုင်ဒေသ ဆိုင်ကယ်မြို့တော်ဟု ဆိုရလောက်အောင်ပင် ဆိုင်ကယ်ကို အသုံးပြုကြပါသည်။ ဆိုင်ကယ်ပြင်လုပ်ငန်း၊ ဆိုင်ကယ်ရောင်းဝယ်ရေးလုပ်ငန်းသည်လည်း ဗန်းမော်မြို့၏ လုပ်ငန်းတစ်ခု ဖြစ်ပါသည်။

တရုတ်ပြည်နယ်စပ်မှ ဆိုင်ကယ်များ သယ်ဆောင်လာသောအခါ ဆိုင်ကယ်စီးနင်းလာသည့် ကယ်ရီလုပ်ခြင်းနှင့် ဆိုင်ကယ်အသစ်ကို ကားပေါ်တွင်တင်ကာ ကယ်ရီလုပ်ခြင်းဟူ၍ ဆိုင်ကယ်ကယ်ရီလုပ်ခြင်း နှစ်မျိုးရှိသည်။ ကားပေါ်တင်လာသည့် ဆိုင်ကယ်အသစ်ကို 'မြေမနင်းသား၊ ထပ်ဘီး၊ ပါကင်ဘီး' ဟု ဆိုင်ကယ်လောကသားများက ပြောဆိုသုံးစွဲကြသည်။

ထို့ပြင် တစ်ပတ်ရစ်ဘီးကို စက်ကင်းန်ဘီး၊ အောက်ဘီးဟု လည်းကောင်း၊ တောတွင်းသုံးသည့် ဘာမှမရှိတော့သည့် ဘီးကို 'အရိုးခြောက်၊ ကယ်ရီဘီး၊ ခါလီဘီး' ဟု လည်းကောင်း သုံးနှုန်းကြပါသည်။

ဆိုင်ကယ်လောကသားအချင်းချင်း ငွေကြေးကိစ္စပြောရာတွင်–

| | | |
|---|---|---|
| ပိုက်ဆံ | ကို | အာရ်ကေ |
| တစ်ထောင် | ကို | တစ်ပြား |
| တစ်သောင်း | ကို | တစ်ပုလင်း |
| တစ်သိန်း | ကို | တစ်ပုံး |

ဟု သုံးနှုန်းလေ့ ရှိကြသည်။

ထို့ပြင် ဒီနေ့ ဘယ်နှစီးရောင်းထွက်ပြီလဲ မေးချင်လျှင် 'ဘယ်နှကောင်ထွက်ပြီလဲ' ဟု သုံးနှုန်းမေးလေ့ ရှိသည်ကို တွေ့ရပါသည်။

### ၁၊ ၃၊ ၁၁။ အစားအသောက်ဆိုင်ရာ ဝေါဟာရများ

အစားအသောက်ဆိုင်ရာတွင်လည်း အများသုံး မြန်မာစကားနှင့် ကွဲပြားနေသော ဝေါဟာရများကို တွေ့ရပါသည်။

| | | |
|---|---|---|
| ဆန်ပြား | ကို | ဆန်စီး |
| ရှမ်းခေါက်ဆွဲ | ကို | ရေစိမ် |
| အချဉ်ရေကြို | ကို | အချဉ်စော |
| မုန့်ညင်းအချဉ်ရေ | ကို | မုန့်ညင်းစော |
| မုန့်ညင်းဟင်းရည် | ကို | မုန့်ညင်းကြိုင် |
| ဆန်မှုန့်ပါသည့်ဟင်းရည် | ကို | ဟင်းပွန်း |
| မုန့်လင်မယား | ကို | မုန့်အိုးပုတ် |

ကောက်ညှင်းကျည်တောက် ကို ပေါင်းတင်းကျည်

စသည့် ဝေါဟာရများ ဖြစ်ပါသည်။

ထို့ပြင် ဆန်အစိမ်းကိုထောင်း၍ အိုးကင်းထဲ ထည့်လှော်ကာ ရေထည့်ပြီး ပွက်ပွက်ဆူလျှင် ငါးကင်မှ ခွာယူထားသော အသားများနှင့် ကြက်သွန်ဖြူ ထောင်းထည့်ကာ ပျစ်ပျစ်ချွဲချွဲ ဖြစ်အောင် ပြုပြီးချက်ထားသော စားစရာတစ်မျိုးကို 'ဟင်းပေါင်း'၊ 'ဟင်းလှော်'၊ 'ဖော့(က်)အင်န်' ဟု လည်းကောင်း၊ ပိန်းဥကို ပြုတ်ခြေကာ ကြက်သွန်ဖြူ ငါးဟင်းခပ်နှင့် နံနံပင်ထည့်ပြီး ပျစ်ပျစ်လေး ချက်ထားသော ဟင်းလျာကို 'ပိန်းဥကော'ဟု လည်းကောင်း၊ ဟင်းနံ့ရသည်ကို 'ဟင်းနံ့ကြား'ဟု လည်းကောင်း ခေါ်ဝေါ် သုံးနှုန်းကြပါသည်။

## ၁၊ ၃၊ ၁၂။ ဆန်ရောင်းဝယ်ရေးလုပ်ငန်း အသုံးမှ ထူးခြားသောအသုံးများ

ယင်းလုပ်ငန်းတွင် သုံးသောအသုံးများအနက် ထူးခြားသော အသုံးမှာ 'ကော်ချက်'၊ 'ချင်းရှယ်' ဟူသော အသုံးများ ဖြစ်ပါသည်။

ပြာတီးစရာမလိုဘဲ သန့်စင်ပြီး ဆန်ကို 'ကော်ချက်'ဟု အသင့်ကော်ခပ်ပြီး ချက်ရုံဟူသော အနက်ဖြင့် သုံးစွဲသည့် အသုံးမှာ စိတ်ဝင်စားဖွယ် ဖြစ်ပါသည်။

စိုက်ပျိုးရေးစပါးကို အစွဲပြု၍ ချင်း ၁၊ ချင်း ၂၊ ချင်း ၃ ဟု သုံးနှုန်း၍ အရောင်းအဝယ်ပြုကြသည်ကိုလည်း တွေ့ရပါသည်။ အရည်အချင်း၊ အရည်အသွေးပေါ် မူတည်၍ သုံးနှုန်းပုံကို သတိပြုနိုင်ပါသည်။

## ခြုံငုံသုံးသပ်ချက်

ဗန်းမော်ခရိုင်ဒေသတွင် ရှမ်း၊ ဗမာနှင့် ကချင်တို့အပြင် တိုင်းခြားသား တရုတ် လူမျိုးအများစုနှင့် အိန္ဒိယသား အနည်းငယ်တို့လည်း အတူယှဉ်တွဲနေထိုင်ကြရာ ဘာသာစကား အသုံးပြုရာတွင် ကြားခံဘာသာစကားအဖြစ် နေ့စဉ်သုံး (အများသုံး) မြန်မာစကားကိုသာ အသုံးပြုကြသည်ကို တွေ့ရသည်။

ဗန်းမော်ခရိုင်သုံး မြန်မာစကားတွင် စကားသုံးဝေါဟာရအများစုမှာ နေ့စဉ်သုံး မြန်မာစကား (အများသုံးမြန်မာစကား)နှင့် တူညီမှုရှိနေပြီး စကားသုံးဝေါဟာရ အချို့မှာ ကွဲပြားနေသည်ကို တွေ့ရသည်။ ရှမ်းအချင်းချင်း၊ ကချင်အချင်းချင်း တွေ့လျှင် ရှမ်းစကား၊ ကချင်စကားကို အသုံးပြုကြသည်။ ဘာသာစကားချင်း ထိတွေ့မှုကြောင့် စကားသင်္ကေတ ရောနှောမှုကိုလည်း တွေ့ရသည်။

ဆွေမျိုးတော်စပ်ပုံပေါ်မူတည်၍ စီးပွားလုပ်ငန်းပေါ်မူတည်၍ ဝေါဟာရအသုံးများ ကွဲပြားနေကြပြီး ယင်းအသုံးများကို ကွဲပြားစွာ အသုံးပြုပုံပေါ် မူတည်၍လည်း လူတစ်ယောက်၏ အလုပ်အကိုင် အဆင့်အတန်းကို သိရှိနားလည်စေနိုင်ပါသည်။

ဗန်းမော်ခရိုင်ဒေသိယစကားများသည် ဗန်းမော်လေသံဟု ခေါ်ရလောက်အောင် လူမှုအခြေအနေကို ပြဆိုနေသည့် လေယူလေသိမ်း၊ အသံထွက်ဝေါဟာရ အသုံး ကွဲပြားမှုများ ရှိနေသည်ကို သတိပြုနိုင်ပါသည်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ်နှင့် နယ်နိမိတ်ချင်း ထိစပ်နေသော နယ်စပ်မြို့ ဖြစ်လင့်ကစား ဗန်းမော်လေသံ၊ ဗန်းမော်ဒေသအသုံးတို့ကို ယနေ့တိုင် ထိန်းသိမ်းထား နိုင်သည်ကို တွေ့ရသည်။

ရှမ်းနှင့်ကချင်တို့သည် မိခင်ဘာသာစကားနှင့် နေ့စဉ်သုံး(အများသုံး) မြန်မာ စကားကို တတ်မြောက်အသုံးပြုကြသည်။ ဗန်းမော်ခရိုင်ဒေသအတွင်း နေထိုင်သူ များသည် မိမိ မိခင်ဘာသာစကားအပြင် အခြားဘာသာစကားများကို လူမှုဆက်ဆံရေး အဆင်ပြေချောမွေ့စေရန် စီးပွားလုပ်ငန်း အဆင်ပြေချောမွေ့စေရန် ထမင်းစား ရေသောက် တတ်မြောက်ထားကြသည်ကို တွေ့ရသည်။

## နိဂုံး

ဤသုတေသနစာတမ်းသည် ဗန်းမော်ခရိုင်အတွင်းရှိ အသွင်ကွဲစကားများကို လူမှုဒေသိယအမြင်ဖြင့် လေ့လာတင်ပြထားသော စာတမ်းတစ်စောင် ဖြစ်ပါသည်။ ဗန်းမော် ဒေသိယစကား အသွင်ကွဲမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်လေ့လာပါက တစ်မူထူးခြားနေသည့် ဗန်းမော်ဒေသသုံးဝေါဟာရများကို ထိန်းသိမ်းမှတ်တမ်းတင် နိုင်သွားမည် ဖြစ်ပါသည်။ ယနေ့တိုင်တည်ရှိနေသည့် ဗန်းမော်ရိုးရာဓလေ့များကို လေ့လာသိရှိခွင့်ရကြပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ရရှိစေမည်မှာ မလွဲဧကန် ဖြစ်ပေသည်။ ထို့ပြင် ဤစာတမ်းသည် မြန်မာဓလေ့နှင့် မြန်မာဘာသာ စကား၊ မြန်မာတိုင်းရင်းသားနှင့် ရိုးရာဓလေ့တို့ကို လေ့လာလိုသူတို့အတွက် အထောက်အပံ့ပြုနေမည့် စာတမ်းတစ်စောင် ဖြစ်ပါသည်။

# ကျမ်းကိုးစာရင်း


## မြန်မာဘာသာ

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၀၃)။ ***လူမှုဘာသာဗေဒမိတ်ဆက်***။ ရန်ကုန်၊ ပညာတန်ဆောင် ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၀၅)။ ***လူမှုဘာသာဗေဒသဘောတရား***။ ရန်ကုန်၊ ပညာတန်ဆောင် ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၀၉)။ ***ဘာသာပြန်သဘောတရားဘာသာပြန်လက်တွေ့***။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၁၀)။ ***ဘာသာစကားသုတေသန***။ ရန်ကုန်၊ ပညာတန်ဆောင် ပုံနှိပ်တိုက်။

## အင်တာနက်အကိုးအထောက်များ

https://en.m.wikipedia. org>wiki>Register

https://www.enotes.com

https://www.sil.org/linguistics/Glossary of linguistic terms

## ကွင်းဆင်းလေ့လာမှုမှတ်တမ်းများ



ဦးအောင်ဖေနှင့်တွေ့ဆုံမေးမြန်းခြင်း



ခွန်သာရပ်ကွက်၊ ညနေခင်း ဈေးတွင် ကွင်းဆင်းလေ့လာခြင်း

## ကွင်းဆင်းလေ့လာမှုမှတ်တမ်းများ



ဦးစိန်မြင့်၊ ဒေါ်ဝင်းကြည်တို့ နှင့် တွေ့ဆုံမေးမြန်းခြင်း



ဦးမောင်ငယ်နှင့်တွေ့ဆုံမေးမြန်းခြင်း

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# အသုံးနည်းလာသည့် တောင်သမန်ရွာမှ အရပ်သုံးစကားများ

မြင့်လှိုင်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစကားပြောနယ်ရှိ အရပ်သုံးကဏ္ဍလာ အသုံးနည်းလာသည့် တောင်သမန်ရွာ အရပ်သုံးစကားများ လေ့လာချက်စာတမ်းဖြစ်ပါသည်။ ဤစာတမ်း၏ရည်ရွယ်ချက်မှာ အသုံးနည်းလာသည့် တောင်သမန် အရပ်သုံးစကားများကို မပျောက်ကွယ်မီ အချိန်မီ မှတ်တမ်းတင်လိုရင်းဖြစ်ပါသည်။ ထိုသို့လေ့လာတင်ပြရာတွင် လူတွေ့မေးမြန်းခြင်းနည်းကို အဓိကထား၍ ချဉ်းကပ်ကာ လေ့လာထားပါသည်။ ဤစာတမ်းကို ပြုစုရာတွင် တောင်သမန် စကားသုံး နာမ်စကားလုံးများနှင့် ကြိယာစကားလုံးများကို အလေ့လာခံအဖြစ် သတ်မှတ်ထားပါသည်။ ဤသို့လေ့လာခြင်းဖြင့် အသုံးနည်းလာသော တောင်သမန်အရပ်သုံးစကားများ ကွယ်ပျောက်လာတော့မည့် အခြေအနေကို တွေ့ရှိလာရပါသည်။ ဤစာတမ်းသည် ရတနာပုံတက္ကသိုလ်အနီးရှိ တောင်သမန်စကား လေ့လာသူတို့အတွက် အထောက်အကူပြုနိုင်ပါသည်။

**သော့ချက်ဝေါဟာရများ** – ***တောင်သမန်ဒေသ၊ အရပ်သုံးစကားလုံး၊ နာမ်အသုံး၊ ကြိယာအသုံး၊ ဓလေ့သဘာဝ။***

## နိဒါန်း

ဤစာတမ်းသည် အသုံးနည်းလာသည့် တောင်သမန်အရပ်သုံးစကားများကို လေ့လာတင်ပြထားသည့် စာတမ်းဖြစ်ပါသည်။

ယင်းသို့ လေ့လာတင်ပြရာတွင် စကားလုံးတို့ကို အဓိပ္ပါယ်နှင့်တကွ ယင်းစကားလုံးနှင့် ပတ်သက်သော လူမှုဝန်းကျင်ကိုပါ လေ့လာတင်ပြထားပါသည်။

တောင်သမန်ဓလေ့သုံးစကားလုံးများကို မှတ်တမ်းတင်ထားခြင်းသည် တောင်သမန်၏ ဓလေ့ထုံးစံများကို မှတ်တမ်းတင်ခြင်းဟုလည်း ဆိုနိုင်ပါသည်။ ဤစာတမ်းတွင် လွန်ခဲ့သည့် အနှစ်(၂၀)ဝန်းကျင်မှစ၍ အသုံးနည်းလာသည့် ပျောက်ကွယ်စပြုလာသည့် စကားလုံးများကို မှတ်တမ်းတင်ထားခြင်း ဖြစ်ပါသည်။

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ဗန်းမော်တက္ကသိုလ်

## ၁။ အသုံးနည်းလာသည့် တောင်သမန်ရွာ အရပ်သုံးစကားများ

အသုံးနည်းလာသော တောင်သမန်အရပ်သုံး စကားများဟူသည် တောင်သမန်ဒေသရှိ တောင်သမန်ဆီမီးထွန်း၊ ထန်းတော၊ အိုးဘိုဟူသော ရွာများမှ ပြောဆိုလေ့ရှိကြသော စကားများအနက် အသုံးနည်းလာသည့် ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် စကားများကို ဆိုလိုခြင်း ဖြစ်ပါသည်။ အရပ်သုံးစကားဟူသည်–

> "စာသုံးမဟုတ်ဘဲ ရပ်ရွာထဲတွင် လူအများ ပြောဆိုနေသော စကား"[၁]

ဟု မြန်မာအဘိဓာန်တွင် တွေ့ရသည်။ အရပ်သုံးစကားဟူသည် ရပ်ရွာထဲတွင် ပြောလိုသည့်စကားကို တိုက်ရိုက်ပြောသည့် စကားများ ဖြစ်သည်။ တင်စားခြင်း ခိုင်းနှိုင်းခြင်း အနည်းငယ်သာ တွေ့ရပါသည်။

တောင်သမန်ဒေသသည် ကုန်းမြင့်လေးတွင် တည်ရှိပါသည်။ ယင်းကုန်းမြင့်လေးများသည် တောင်ပူစာလေးများသဖွယ်ဖြစ်ပြီး သမန်းမြက်များလည်း ပေါက်ရောက်ကြသည်။ သမန်းမြက်များပေါက်သည့် တောင်လေးများဖြစ်သောကြောင့် တောင်သမန်းဟုခေါ်ဆိုရာမှ တောင်သမန် ဖြစ်လာရသည်ဟု ဆိုကြပါသည်။ ယခုတိုင်ပင်ယင်းတောင်သမန် ကုန်းမြင့်လေးများသည် ရေမည်မျှ တိုးသည်ဖြစ်စေ ရေမရောက်နိုင်ပါ။ သမန်းမြက်များလည်း နေရာအနှံ့၌ပင် ပေါက်ရောက်လျက် ရှိကြပါသည်။ ယင်းနေရာသည် တောင်သမန်ရွာ၏ တောင်ဘက်ဆုံးရှိနေရာများ ဖြစ်ပါသည်။

အသုံးနည်းလာသော တောင်သမန်အရပ်သုံးစကားများကို လေ့လာတင်ပြရာတွင် နာမ်စကားလုံးများနှင့် ကြိယာစကားလုံးများ ဟူ၍ (၂)ပိုင်း ခွဲကာ လေ့လာတင်ပြပါမည်။

### ၁၊ ၁။ အသုံးနည်းလာသည့် တောင်သမန်ရွာ အရပ်သုံးနာမ်စကားလုံးများ

အသုံးနည်းလာသော တောင်သမန်အရပ်သုံး နာမ်စကားလုံးများကို လေ့လာတင်ပြရာတွင် ဂေါ်ဂစ်၊ စစ်သူကြီး၊ တောကောင်၊ မီးနေကတ်၊ မြေပဲညှပ်၊ ဝတ်ခွက်၊ သိမ်နီ၊ ဥပုသ်ဇရပ်၊ အောက်လမ်း၊ အင်းဘတ် ဟူသော နာမ်အသုံးများဖြင့် လေ့လာတင်ပြပါမည်။

[၁] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၄၁၉။

**ဂေါ်ဂစ်**– တောင်သမန်ဒေသတွင် ဆက်သွယ်ရေးအတွက် လှည်းနှင့် လှေကိုသာ အားကိုးရပါသည်။ တောင်သမန်အင်း ရေရှိသောအချိန်၌ ငှက်ပုံသဏ္ဍာန်ဖြင့် တည်ဆောက်ထားသည့် ငှက်လှေများကို အသုံးပြုရပါသည်။ ယင်းငှက်လှေများ လှော်ခတ်သည့်အခါ ဂေါ်ဂစ် ဟူသော အသံမြည်ပါသည်။ ယင်းအသံကို အစွဲပြု၍ ငှက်လှေများကို ဂေါ်ဂစ်ဟု ခေါ်ကြပါသည်။ သာဓက– 'ညနေဆည်းဆာချိန်များ ဂေါ်ဂစ်လေး စီးလိုက်ရရင် သိပ်အရသာရှိတာပဲ။' ဂေါ်ဂစ်ကို ငါးဖမ်းရာတွင် အသုံးပြုလေ့ မရှိပါ။ တောင်သမန်အင်း အရှေ့ဘက်ထိပ်၊ အနောက်ဘက်ထိပ် သွားလာရေးအတွက်သာ အသုံးပြုကြပါသည်။ ဂေါ်ဂစ်ကို ယခုအခါ ငှက်လှေဟုသာ ခေါ်ဆိုကြပါတော့သည်။

**စစ်သူကြီး**– စစ်သူကြီးဟူသည် လယ်လုပ်သားတို့၏ အလုပ်သမားခေါင်းဆောင်ပင် ဖြစ်ပါသည်။ သာဓက– 'စစ်သူကြီးထံ သွားပြီး ကောက်စိုက်သမ (၁၀)ယောက်လောက် ပေးဖို့ ပြောရဦးမယ်' ကောက်စိုက်ရာတွင်ဖြစ်စေ၊ လယ်ရိတ်ရာတွင်ဖြစ်စေ လိုအပ်သော အလုပ်သမား ရရှိရန်အတွက် စစ်သူကြီးထံ သွားရောက်ပြီး လိုအပ်သည့် ပမာဏနှင့် နေ့ရက်ကို အတိအကျ ပြောရပါသည်။

စစ်သူကြီးအတွက်ကိုမူ (၁၀)ဦးလျှင် တစ်ဦးပို၍ လယ်ရှင်က ရှင်းပေးရသည်များ ရှိသကဲ့သို့ လယ်ရိတ်ရာတွင် စစ်သူကြီးအတွက် ကောက်လှိုင်း (၅)လှိုင်း သို့မဟုတ် (၁၀)လှိုင်း ရိတ်ပေးရသည်လည်း ရှိပါသည်။ စစ်သူကြီး၏ဂုဏ်ရည်မှာ စကား ပြေပြစ်အောင် ပြောတတ်ခြင်း၊ မိမိစကား ကတိတည်အောင် ပြောဆိုခြင်းဟူသော ဂုဏ်ရည်များ ဖြစ်ပါသည်။ ယခုအခါတွင် စစ်သူကြီး ဟူသော အသုံးနည်းသွားပြီး လယ်ရှင်ကိုယ်တိုင်ပင်လျှင် လယ်လုပ်သူများထံ သွားရောက်၍ တိုက်ရိုက်ခေါ်ယူ လာကြပါသည်။

**တောကောင်**– တောကောင်ဟူသည် ကျားကိုသာ ဆိုလိုခြင်း ဖြစ်သည်။ တောင်သမန်နယ်သူနယ်သားတို့သည် တောင်သမန်ဘိုးဘိုးကြီးနတ်ကို ယုံကြည်ကိုးကွယ်ကြသည်။ ဘိုးဘိုးကြီးက တောင်သမန်နယ်ကို စောင့်ရှောက်သည်ဟု ယုံကြည်ကြသည်။ ဘိုးဘိုးကြီးသည် ကျားကိုက်၍ သေဆုံးရသောကြောင့် 'ကျား' တံဆိပ်ပါသော ပစ္စည်းများကိုသာမက ကျားဟူသော အသံကိုပင် မကြားလိုကြောင်း ယုံကြည်ကြသည်။ ထို့ကြောင့်လည်း ကျားတံဆိပ် ဝယ်မိပါက ထုံးတို့ခြင်း၊ တံဆိပ်ကို ဖျက်ပစ်ခြင်းများ ပြုလုပ်လေ့ ရှိကြသည်။ ထို့ကြောင့်လည်း ကျားကို တောကောင်ဟု ခေါ်ဆိုကြခြင်း ဖြစ်သည်။ သာဓက– 'တောကောင်ပါတဲ့ တံဆိပ်တွေ ထုံးတို့ထားနော်' တောင်သမန်နယ်သူနယ်သားတို့သည် ရွေးချယ်ခွင့်ရပါက ကျားတံဆိပ်ကို လက်ရှောင်လေ့ ရှိကြသည်။

**မီးနေကတ်**– ယခင်က တောင်သမန်ဒေသ၌ သား၊ သမီး မွေးဖွားရာတွင် ဖွားလုကြူးကိုသာ အားကိုးရပါသည်။ မွေးဖွားရာတွင် ကိုယ်ဝန်သည်တို့သည် မိမိအိမ်တွင်သာ မွေးဖွားလေ့ ရှိကြပါသည်။ မွေးဖွားသည့်အချိန်တွင် အသုံးပြုရန် အတွက် ဝါးဖြင့် ပြုလုပ်ထားသော အလျား ခြောက်ပေ၊ အနံ သုံးပေခွဲခန့် ရှိသော ဝါးကြမ်းပြင် (ဝါ) ဝါးကွပ်ပစ် အနိမ့်ကို ကြိုတင်၍ ပြုလုပ်လေ့ ရှိကြပါသည်။ ယင်းကွပ်ပစ်ကို မီးနေကတ်ဟု ခေါ်ပါသည်။ သာဓက– 'မြမြအတွက် မီးနေကတ် ပြင်ပြီးပြီလားအေ့' မီးနေကတ်ကို အသုံးပြုပြီးသောအခါ ပြန်လည်အသုံးပြုခြင်းမရှိဘဲ ရွာနောက်ဖေးတွင် ပစ်လေ့ ရှိကြပါသည်။

**မြေပဲညှပ်**– တောင်သမန်အင်းရေကျချိန်တွင် လယ်ရှင်များ၌ မုရင်းစိုက်ပြီး ယာများ၌ မြေပဲကို အဓိကထား၍ စိုက်ကြရပါသည်။ မြေပဲစိုက်ပျိုးရန် မျိုးစေ့ကို အသုံးပြုရန်အတွက် မြေပဲတောင့်ကိုသာ ဝယ်ကြသည်။ ယင်းမြေပဲတောင့်ကို အဆန် ရရန်အတွက် အခွံနွှာရသောအခါ မြေပဲညှပ်ကို အသုံးပြုကြပါသည်။ သာဓက– 'ငါ့မြေပဲညှပ်ကလေး ဘယ်ရောက်နေပါလိမ့်' မြေပဲညှပ်ကို ထန်းပလပ် မစိုမခြောက်ဖြင့် ပြုလုပ်ရပါသည်။ (၉) လက်မ၊ (၁၀)လက်မခန့်ရှိသော ထန်းပလပ်ကို အလယ်မှ ခေါက်ချိုးချိုး၍ ရရှိနိုင်အောင် ပြုလုပ်ရသည်။ မြေပဲညှပ်၏ ပုံသဏ္ဍာန်မှာ အင်္ဂလိပ် အက္ခရာ ဗွီပုံသဏ္ဍာန် ဖြစ်ပါသည်။ ယင်းမြေပဲညှပ်၏ အတွင်းတွင် မြေပဲသီးတောင့်ကို အထက်အောက်ထားကာ အစွန်းနှစ်ဖက်မှ အလိုက်သင့်ဖိခြင်းဖြင့် မြေပဲတောင့်ကို အခွံနွှာနိုင်ပါသည်။ ယခုအခါတွင် မြေပဲစိုက်တောင်သူများသည် မြေပဲတောင့်ကို မဝယ်ကြတော့ဘဲ မြေပဲဆန်ကိုသာ ဝယ်ကြတော့သဖြင့် မြေပဲညှပ်မှာ ကွယ်ပျောက် ခဲ့ရခြင်းဖြစ်ပါသည်။

**ဝတ်ခွက်**– ဝတ်ခွက်ဟူသည် ဆွမ်းဟင်းထည့်ရန်အတွက် ရွှံ့စေးနှင့် ပြုလုပ် ထားသည့် မြေခွက်ငယ်လေးများ ဖြစ်ပါသည်။ ဘုရားဝတ်တက်ဝတ်ပြုရင်း ဆွမ်းတော် တင်သည့်ခွက် ဖြစ်ခြင်းကြောင့် ဝတ်ခွက်ဟု ဆိုဟန်ရှိပါသည်။ သာဓက– 'အိုးဘိုရွာ သွားပြီး ဝတ်ခွက်လေးတွေ သွားဝယ်မလို့' ယင်းဝတ်ခွက်များကို ဝါတွင်းကာလ ဥပုသ်နေ့များတွင် ဥပုသ်ဇရပ်သို့ ဆွမ်းဟင်းများ ပို့ဆောင်ရန်နှင့် တစ်နှစ်တစ်ခါ ကျင်းပသော ဆွမ်းတော်ကြီးလောင်းပွဲများတွင် အသုံးပြုကြပါသည်။ ဝတ်ခွက် ပြုလုပ်ခြင်းကို အိုးဘိုရွာ၌သာ အများဆုံး တွေ့ရပါသည်။ ဝတ်ခွက်အစား ယခု အခါတွင် စတီးလ်ခွက်အသေးများကို အသုံးပြုကြပါသည်။ စတီးလ်ခွက်များကိုမူ ဝတ်ခွက်ဟု မခေါ်ကြတော့ဘဲ ဆွမ်းဟင်းခွက်ဟု ခေါ်ဆိုကြတော့သည်။

**သိမ်နီ**– သိမ်နီဟူသည် ပြိုပျက်နေသည့် သိမ်ဟောင်းများပင် ဖြစ်ပါသည်။ အုတ်ခဲ၊ အုတ်နီခဲအရောင်ကို အစွဲပြု၍ သိမ်နီဟု ခေါ်ကြခြင်း ဖြစ်ပါသည်။ သာဓက– ‘သိမ်နီနားက လူပြတ်တယ်နော် အဖော်လေးနဲ့ သွားကြ’ ယခုအခါတွင်မူ သိမ်နီများ ပြုပြင်ပြီးဖြစ်၍ အကောင်းပကတိဖြစ်နေသောကြောင့် သိမ်နီဟု မပြောကြတော့ဘဲ သိမ်ဟုသာ ဆိုကြပါတော့သည်။

**ဥပုသ်ဇရပ်**– တောင်သမန်ဒေသတွင် ဝါတွင်းကာလ၌ ရွာသူရွာသားများ စုပေါင်း၍ (၈)ပါးသီလ (၉)ပါးသီလကို ဆောက်တည်ကြပါသည်။ လူအများ ဥပုသ်သီလယူနိုင်ရန် ရည်ရွယ်၍ တည်ဆောက်ထားသည့် အဆောက်အဦးကို ဥပုသ်ဇရပ်ဟု ခေါ်ကြပါသည်။ သာဓက– ‘ဥပုသ်ဇရပ်သွားပြီး သီလယူကြရအောင်’ ယခုအခါတွင် အခြားဒေသများကဲ့သို့ ဓမ္မာရုံဟုသာ ခေါ်ဆိုကြတော့သည်။

**အောက်လမ်း**– အောက်လမ်းဟူသည် တောင်သမန်အင်းအတွင်း၌ ရေမရှိသော အခါ တံတားအနီးရှိ မြေလမ်းကို ခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။ သာဓက– ‘ငါတို့က တံတားပေါ် လာတာမဟုတ်ဘူး။ အောက်လမ်းက ပြန်ခဲ့တာ’ တံတားအောက်တွင် ရေမရှိဟု ဆိုသော်လည်း ယခုလက်ရှိ ကွန်ကရစ်တိုင်များရှိသည့် နေရာများတွင်မူ ရေအမြဲတမ်း ရှိပါသည်။ ယင်းရေရှိသည့် နေရာများတွင် အနောက်ဖက်မှ ကပ်မကြီး တံတားနှင့် အရှေ့ဘက်မှ နင်းကြမ်းတံတားတို့ ရှိကြပါသည်။ ယင်းတံတားနှစ်ခုကို ဖြတ်၍ ဦးပိန်တံတား အရှေ့ဘက် အနောက်ဘက် ဆက်သွယ်ထားသည့်လမ်းကို အောက်လမ်းဟု ခေါ်ပါသည်။ တောင်သမန်အင်းတွင် ရေအမြဲတမ်း ရှိနေသောကြောင့် အောက်လမ်းဟူသော အသုံးနည်းလာကြသည်။

**အင်းဘတ်**– တောင်သမန်ဘက်တွင် အင်းဒိုင်ဟုခေါ်သော အင်းပိုင်များ ရှိသော်လည်း ဝမ်းစာအတွက် အင်းအတွင်း၌ ငါးခိုးဖမ်းသည့်သူများလည်း ရှိကြပါသည်။ အင်းဘတ်ဟူသည် အင်းအတွင်း၌ လှည့်ပတ်ကြည့်ရှုကာ ငါးခိုးဖမ်းသူများ မရှိအောင် ကာကွယ်ရသူများ ဖြစ်ပါသည်။ အင်းကိုပတ်၍ သွားလာနေရသူ ဖြစ်သောကြောင့် အင်းပတ်ဟု ခေါ်ရာမှ အင်းဘတ်ဟု ဖြစ်လာရပါသည်။ သာဓက– ‘ပိုက်တွေ အမြန်ရုတ်ထားကြ အင်းဘတ်တွေ လာနေပြီ’ အင်းဘတ်များသည် အမျိုးသားများသာ ဖြစ်ပါသည်။ အများသောအားဖြင့် ကုန်းပေါ်သို့ ရောက်သွားသော ပိုက်များကို အင်းဘတ်များက လိုက်၍ သိမ်းလေ့မရှိပါ။ သွားရောက်၍ သိမ်းပါက ပြဿနာဖြစ်သည်သာ များကြသည်။ ထို့ကြောင့် အင်းဘတ်များက ကုန်းပေါ်တွင် ဖမ်းဆီးခြင်းကို လက်ရှောင်ကြသည်။

အထက်ပါ နာမ်အသုံးများသည် အသုံးနည်းလာသည့် တောင်သမန်အရပ်သုံး စကားများ ဖြစ်ပါသည်။

## ၁၊ ၂။ အသုံးနည်းလာသည့် တောင်သမန်ရွာအရပ်သုံး ကြိယာစကားလုံးများ

အသုံးနည်းလာသည့် တောင်သမန်အရပ်သုံး ကြိယာစကားလုံးများကို လေ့လာတင်ပြရာတွင် ကောက်ကြီးတက် မုရင်းတက်၊ ကောက်လှိုင်းရိုက်၊ စပါးလှေ့၊ စာခြောက်၊ ဆေးရိုးထု ဆေးရိုးကြိတ်၊ ဆွမ်းတော်ကြီးခံ၊ ဒင်းဒေါင်ခေါက်၊ မန်ကျီး ပွေးထိုး၊ မန်ကျီးရွက်သပ်၊ ရေကြည်တောက်၊ ရေကြည်သုံး၊ ရွှေရည် ငွေရည်လောင်း၊ ဝူးထိုး၊ အထက်ရေတိုး အောက်ရေတိုး ဟူသော ကြိယာအသုံးများဖြင့် လေ့လာ တင်ပြပါမည်။

**ကောက်ကြီးတက် မုရင်းတက်–** ဟူသော စကားကို တောင်သမန်ဒေသတွင် အချိန်ကာလကို ဖော်ညွှန်းသည့်နေရာတွင် အသုံးပြုကြောင်း တွေ့ရပါသည်။ ကောက်ကြီးတက် မုရင်းတက်ဟူသည် ကောက်ကြီးစပါးပေါ်ချိန်၊ မုရင်းစပါး ပေါ်ချိန်ကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။ သာဓက– 'ဒို့ရွာမှာက ကောက်ကြီးတက်ချိန် မုရင်းတက်ချိန်ဆိုရင် အလှူအတန်းပေါပါ့ဗျာ' ကောက်ကြီးစပါးကို မိုးဦးတွင် စိုက်ပြီး၊ ပြာသို–တပို့တွဲလတွင် သိမ်းကြသည်။ သူဌေးများနှင့် အသင့်အတင့် သုံးနိုင်သူ များသာ အများသောအားဖြင့် စားကြသည့်ဆန် ဖြစ်ပါသည်။ မုရင်းစပါးကို တောင်သမန်အင်းတွင်သာ စိုက်ကြပါသည်။ တောင်သမန်အင်း ရေကျချိန်ဖြစ်သော နတ်တော်–ပြာသိုလ၌ စိုက်ကြပါသည်။ အလွန်အေးသောအချိန်၌ စိုက်ကြပြီး အပူလွန်ကဲသော တန်ခူး–ကဆုန်တို့တွင် ရိတ်သိမ်းရပါသည်။ ရိတ်သိမ်းချိန်တွင် မိုးဦး လေဦးဖြစ်သောကြောင့် စပါးခင်းများ ပျက်စီးမှုများနှင့်လည်း ကြုံရပါသည်။ မုရင်းတောင်သူတို့သည် နွေမိုးဆောင်း ရာသီဥတု သုံးပါးစလုံး၏ ဒဏ်ကိုခံရသည် သာမက အပျက်အဆီးပိုများသောကြောင့် လူအား ငွေအား လွန်စွာပင် ပင်ပန်းကြ ပါသည်။ ထို့ကြောင့် မုရင်းတောင်သူကြီးတို့သည် ဒုက္ခနှင့်ရင်း၍ ရလာသော ကောက်ဦး ကောက်ဖျားများကို ဆွမ်းလောင်းလေ့ ရှိကြပါသည်။ ယင်းမုရင်းဆွမ်း အလှူကို ခံယူရန် ရဟန်းသံဃာတို့သည်လည်း မုရင်းတောင်သူတို့ အကျိုးရှိရန် အလို့ငှာ ရှိရင်းစွဲ သီလ၊ သမာဓိ၊ ပညာ တို့ထက် ပို၍ပြည့်စုံအောင် ကြိုးစား အားထုတ်ပြီးမှ အလှူခံလေ့ ရှိကြသည်။

သားရေး သမီးရေး၊ လှူရေးတန်းရေးများ ရှိသောအခါတွင် မုရင်းတက်ချိန် ကောက်ကြီးတက်ချိန်ကို ရွေးချယ်လေ့ ရှိကြပါသည်။ အဘယ့်ကြောင့်ဆိုသော် မုရင်း

စပါးပေါ်ချိန်၊ ကောက်ကြီးစပါးပေါ်ချိန်သည် ငွေပေါ်ချိန်ဖြစ်သောကြောင့် ဖြစ်ပါသည်။ ထိုအချိန်များတွင် တောင်သမန်ဒေသ၌ ယခင်က အလှူအတန်းပေါချိန်ပင် ဖြစ်ပါသည်။

**ကောက်လှိုင်းရိုက်–** ကောက်လှိုင်းရိုက်ခြင်းဟူသည် ကောက်လှိုင်းများကို သစ်တုံးပေါ်တွင် ဖြစ်စေ၊ ထန်းသားဖြင့်ပြုလုပ်သော စာကျင်းကို မှောက်လျက်ဖြစ်စေ တလင်းအတွင်းထားကာ ကောက်လှိုင်းထုံးကို အရင်းမှကိုင်ပြီး အဖျားနှင့်ရိုက်ကာ စပါးခြွေခြင်းပင် ဖြစ်ပါသည်။ သာဓက– 'ကောက်လှိုင်းရိုက်တာ ၁၀၀ကို ၅ကျပ် ရတယ်ဗျာ့' ကောက်လှိုင်းရိုက်ခြင်းကို အမျိုးသားများသာ ရိုက်လေ့ရှိကြပါသည်။ ယခုအခါတွင် စပါးခြွေသည့်စက်များ ပေါ်ပေါက်လာသဖြင့် ကောက်လှိုင်းရိုက်ခြင်းမှာ အသုံးနည်းလာပါသည်။

**စပါးလှေ့–** ရိတ်သိမ်းပြီး စပါးများကို သန့်စင်စေရန်အတွက် စပါးလှေ့ ရသည်လည်း ရှိပါသည်။ စပါးလှေ့ခြင်းဟူသည် စပါးသိမ်၊ စပါးဖျင်းများနှင့် အောင်မြင်သော စပါးများ သီးခြားဖြစ်စေရန်အတွက် သဘာဝလေ၏ အကူအညီဖြင့် ပြုလုပ်ကြရသည်။ သာဓက– 'လေလေးလာခိုက် စပါးလှေ့ကြရအောင်လား' စပါးလှေ့သူသည် ၃၊ ၄ ပေ မြင့်သော အရပ်မှ မတ်တပ်ရပ်ကာ စပါးများကို မြေကြီးပေါ်သို့ ဖြေးညှင်းစွာ ချပေးရပါသည်။ ထိုအခါ အောင်မြင်သော စပါးများသည် အောက်သို့ကျသော်လည်း စပါးသိမ်၊ စပါးဖျင်းများမှာ လေနှင့်ရာသို့ပါ သွားရစေခြင်း ဖြစ်ပါသည်။ စပါးလှေ့ခြင်းကို မုရင်းစပါးပေါ်ချိန်သာ ပြုလုပ်လေ့ ရှိကြပါသည်။ စပါးလှေ့သည့်စက်များ ပေါ်ပေါက်လာသဖြင့် စပါးလှေ့ခြင်း အသုံးမှာ နည်းလာရပါသည်။

**စာခြောက်–** မုရင်းလယ်များစိုက်ပျိုးပြီး ရင့်မှည့်ချိန်ဖြစ်သော သကြံန်တက်ချိန်တွင် မုရင်းစပါးကိုစားမည့် မုရင်းစာများ ရောက်လာပြီး အစုလိုက် အပြုံလိုက် လာ၍ စားသောက်ကြပါသည်။ ယင်းစာများ ခြောက်လှန့်ရခြင်းကို စာခြောက်သည်ဟု ခေါ်ပါသည်။ သာဓက– 'စာခြောက်ရတာ အသံတွေကို ဝင်လုပပေါ့ဗျာ' သံပုံးကို တီးရသကဲ့သို့ ပါးစပ်မှလည်း ခြောက်ရခြင်းသည် စာခြောက်သူ၏ အဓိကအလုပ်ပင် ဖြစ်ပါသည်။ တောင်သမန်အင်းအတွင်းရှိ လယ်များသာ စာခြောက်လေ့ရှိပြီး အခြားလယ်များ၊ ကောက်ကြီးလယ်များတွင် စာခြောက်လေ့ မရှိပါ။

**ဆေးရိုးထု ဆေးရိုးကြိတ်**– ဆေးရိုးဟူသည်

"ဆေးပေါ့လိပ်တွင်ထည့်ရန် နုတ်နုတ်စင်းပြီး ထောင်းထားသော
ဆေးရိုးအစစ် သို့မဟုတ် အခြားသစ်သား တစ်မျိုးမျိုး"[၁]

ဟု မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် တွေ့ရသည်။ သို့သော် တောင်သမန်ဒေသတွင် ဆေးလိပ်တွင်ထည့်ရန် နုပ်နုပ်စင်းထားသည်မှာ ဥနဲ့သား ဖြစ်ပါသည်။ ဥနဲ့သား ဆိုသော်လည်း ဥနဲ့ကိုင်း ကျပ်လုံးခန့်ကိုသာ အဓိကထားကြောင်း သိရပါသည်။ အခေါက်များ ကွာသွားအောင် အခွန်နွှာပြီး ဥနဲ့ကိုင်းများကို ကွဲအက်သွားအောင် တူနှင့် ထုခြင်းကို ဆေးရိုးထုခြင်းဟု ခေါ်ပါသည်။ ယင်းထုပြီး ဆေးရိုးများကို နွားစာစင်း သကဲ့သို့ နုပ်နုပ်စင်းခြင်းကို ဆေးရိုးကြိတ်သည်ဟု ခေါ်ပါသည်။ သာဓက– 'နေမပူခင် ဆေးရိုး ကြိတ်ထားဦးမှ' အများသောအားဖြင့် ယင်းလုပ်ငန်းကို ထန်းတောရွာတွင် အများဆုံး တွေ့ရပါသည်။ ယခုအခါတွင် အလုပ်အကိုင် ပေါများလာပြီ ဖြစ်သဖြင့် ဆေးရိုးထု၊ ဆေးရိုးကြိတ်ခြင်း လုပ်ငန်းများ မရှိတော့ပါ။

**ဆွမ်းတော်ကြီးခံ**– ဝါတွင်းကာလ အဖိတ်နေ့များတွင် ရပ်ကွက်အတွင်းရှိ လူငယ်ဖြစ်စေ၊ လူလတ်ဖြစ်စေ နှစ်ဦးကထမ်းပိုးကာ ဆွမ်းတော်ကြီးခံထွက်ရပါသည်။ သာဓက– 'ဆီမီးထွန်းက ဆွမ်းတော်ကြီးခံတွေပါဗျာ' ဆွမ်းတော်ကြီးခံရာ၌ ဆွမ်းဆန် ကိုသာ လှူဒါန်းရုံမျှမက သစ်သီးများ၊ ငွေများ အနည်းငယ် လှူဒါန်းလေ့ ရှိကြ ပါသည်။ ဆွမ်းတော်ကြီးခံသူများသည် မိမိရွာရှိ အိမ်တိုင်းတွင်သာမက အခြားရွာများ သို့လည်း မိမိဆန္ဒ၊ လုံ့လအလျောက် ဆွမ်းတော်ကြီးဆန် ခံခွင့်ရှိပါသည်။ ဆွမ်းတော်ကြီးခံသူများသည် အမျိုးသားများသာ ဖြစ်ကြပါသည်။ ဆွမ်းတော်ကြီး ခံရာတွင် ရရှိသည့် ဆန်များကို ဆွမ်းတော်ကြီးထမ်းသူတို့က ကာလပေါက်ဈေး ထက်ဝက်ဖြင့် ဝယ်ယူပိုင်ခွင့်ရှိသည်။ ယင်းရရှိလာသော ငွေကို သီလပေးဆရာတော်ထံ လှူလေ့ ရှိကြပါသည်။

**ဒင်းဒေါင်ခေါက်**– ဒင်းဒေါင်ခေါက်ခြင်းဟူသည် တောင်သမန်အင်းအတွင်းရှိ ခြုံပုတ်များ၊ ကျူတောများမှ အောင်းနေသော ငါးများကို အပြင်သို့ ထွက်လာစေရန် ပုန်းများကို တီးရ၊ ခေါက်ရခြင်း ဖြစ်ပါသည်။ သာဓက– 'ဒင်းဒေါင်ခေါက်နေတာ အသံတွေကို ဆူပွက်လို့' ဒင်းဒေါင်ခေါက်ခြင်းကြောင့် ထွက်လာသော ငါးများကို ပိုက်များ၊ ကွန်များဖြင့် အလွယ်တကူ ဖမ်းယူလိုသော ရည်ရွယ်ချက်ဖြင့် ဒင်းဒေါင် ခေါက်ခြင်း ဖြစ်ပါသည်။ ဒင်းဒေါင်ခေါက်ခြင်းကို အမျိုးသားများက ညအချိန်သာ

---

[၁] မြန်မာစာအဖွဲ့၊ ၁၉၇၉၊ ၁၁။

ပြုလုပ်လေ့ ရှိပါသည်။ ငါးဖမ်းသည့် စနစ်များ ပြောင်းသွားသဖြင့် ဒင်းဒေါင်ခေါက်ခြင်း အသုံးများ နည်းလာရခြင်း ဖြစ်ပါသည်။

**မန်ကျီးပွေးထိုး**– မန်ကျီးပွေးထိုးဟူသည် မန်ကျီးပင်မှ အပွေးအခေါက်အခြောက်များကို လှံဖြင့်ထိုးခြင်း ဖြစ်ပါသည်။ သာဓက– ‘ငါက မန်ကျီးပွေးထိုးမယ်၊ မင်းက မန်ကျီးပွေးကောက် ဟေ့’ ရရှိလာသော မန်ကျီးပွေးများကို ထင်းအလို့ငှာ အသုံးပြုကြပါသည်။ မန်ကျီးပွေးသည် မီးကျည်းအား လွန်စွာကောင်းသောကြောင့် ချက်ရေးပြုတ်ရေးတွင် အားထားရသောအရာ ဖြစ်ပါသည်။ သို့သော် ရရှိသော မန်ကျီးပွေးများကို အရောင်းအဝယ် ပြုလုပ်ခြင်း မရှိကြပါ။ မိမိအိမ်အတွက်သာ ရည်ရွယ်၍သာ မန်ကျီးပွေးထိုးကြပါသည်။ ယခုအခါတွင် မန်ကျီးပွေးထိုးအစား မီးသွေးက ဝင်ရောက်လာပြီ ဖြစ်ပါသည်။

**မန်ကျီးရွက်သပ်**– မြန်မာနိုင်ငံတွင် ဆောင်းရာသီ၌ မန်ကျီးရွက်နုများ မရရှိနိုင်ပေ။ သို့သော်လည်း နွေဦးရာသီထိအောင် မစောင့်နိုင်တော့ဘဲ ဆောင်းတွင်းကာလမှာပင် မန်ကျီးရွက်နုများ ရရန်အတွက် ရွက်ဟောင်းများကို သပ်ပေး၊ ခြွေပေးခြင်းကို မန်ကျီးရွက်သပ်သည်ဟု ခေါ်သည်။ သာဓက– ‘မနက်ခင်း မန်ကျီးရွက်သပ်ပြီးမှ ရေချိုးတော့မယ်’ ယင်းသို့ သပ်ပေးခြင်းအားဖြင့် မန်ကျီးရွက်နုများကို ရရှိစေပါသည်။ တောင်သမန်ဒေသတွင် မန်ကျီးပင်ပေါသည့်အတွက် မန်ကျီးရွက်သပ်ခြင်းဖြင့် အသက်မွေးကြသည်လည်း ရှိပါသည်။ မန်ကျီးရွက်သပ်ခြင်းကို အမျိုးသားများကသာ ပြုလုပ်လေ့ ရှိကြပါသည်။ မန်ကျီးရွက်ခူးခြင်းကို အမျိုးသမီးများက ခူးလေ့ရှိကြပါသည်။ ယခုအခါတွင် တောင်သမန်ဒေသ၌ စီးပွားရေး ကောင်းလာသောကြောင့် လည်းကောင်း၊ အလုပ်အကိုင် ပေါများလာသောကြောင့် လည်းကောင်း မန်ကျီးရွက်သပ်ခြင်းလုပ်ငန်း မရှိတော့ပါ။

**ရေကြည်တောက်**– တောင်သမန်ဒေသရှိ ကလေးသူငယ်များသည် တောင်သမန်အင်းအတွင်း၌ ရေချိုးရင်း ကစားကြသည်လည်း ရှိကြပါသည်။ ရေငုပ်၍ ပြေးသောသူများကို လိုက်၍ ဖမ်းကြရပါသည်။ စတင်၍ လိုက်ဖမ်းရမည့်သူကို ရွေးချယ်ရာတွင် ရေပေါ်၌ လက်ညှိုးကို မပေါ်တပေါ်ထားကာ အားစိုက်၍ ရေထဲသို့ တောက်ရပါသည်။ ယင်းသို့တောက်ခြင်းကို ရေကြည်တောက်ဟု ခေါ်ဆိုကြပါသည်။ သာဓက– ‘ကဲ ကစားကြရအောင် ရေကြည်တောက်ကြရအောင်ဟေ့’ ရေကြည်တောက်ရာတွင် အောင်မြင်သော အသံမှာ ‘ပလုံ’ ဟူသော မြည်သံကို ပီပီသသ ကြားရပါသည်။ မအောင်မြင်သော အသံမှာ ‘ဘတ်’ဟူသော အသံကိုသာ ကြားရပါသည်။ ယခုအခါတွင် အင်းအတွင်း၌ ကစားခြင်းမျိုး နည်းသွားပြီ ဖြစ်ပါသည်။

**ရေကြည်သုံး**– တောင်သမန်ဒေသရှိ ကလေးများသည် တောင်သမန်အင်း အတွင်း၌သာ ယခင်က ရေချိုးကြသည်။ ကမ်းစပ်တွင်သာ ရေချိုးရသောကြောင့် ရေမှာကြည်လင်မှု နည်းသကဲ့သို့ သန့်ရှင်းမှုလည်း နည်းပါးသည်။ ထို့ကြောင့် အားရအောင် ရေချိုးပြီးသောအခါ ကမ်းစပ်နှင့် ခပ်လှမ်းလှမ်းသို့ ရေကူးသွားလာကာ ရေကြည်ရေသန့်ကို ချိုးကြပါသည်။ ယင်းသို့ ချိုးခြင်းကို ရေကြည်သုံးသည်ဟု ဆိုကြပါသည်။ သာဓက– 'ကဲ ပြန်ကြရအောင် ရေကြည်သုံးကြရအောင်ဟေ့' ရေကြည်သုံးပြီးသောသူသည် နောက်ထပ် ချိုးခြင်းမရှိဘဲ ကမ်းစပ်ပေါ်သို့ အလျင်အမြန် တက်လေ့ ရှိကြပါသည်။

**ရွှေရည်ငွေရည်လောင်း**– တောင်သမန်ဒေသရှိ တောင်သူဦးကြီးများသည် ထွန်ယက်စိုက်ပျိုးရာတွင် နွားကိုသာ အားထားရပါသည်။ ထို့ကြောင့် တောင်သူများ နွားဝယ်နိုင်ခြင်းသည် ဂုဏ်ယူဖွယ်ရာပင် ဖြစ်သည်။ နွားဝယ်သည့်နေ့တွင် နွားဝယ် လာသူက ရေခွက်တွင် အကြွေစေ့များ၊ ရွှေများကိုထည့်ပြီး နွားအား ရေလောင်း၊ ရေဖျန်းကြခြင်းကို ရွှေရည်ငွေရည်လောင်းသည်ဟု ခေါ်ဆိုကြပါသည်။ သာဓက– 'ဘကြီးဘိုက နွားဝယ်လာပြီး ရွှေရည်ငွေရည်လောင်းဖို့ ပြင်ဆင်နေတယ်' ရွှေရည်ငွေရည်လောင်းကြခြင်းကို တောင်သမန်ဒေသတွင် ဂုဏ်ယူဖွယ်ရာ ကိစ္စတစ်ရပ်အဖြစ် ဝမ်းသာအားရ ပြုလုပ်ကြပါသည်။ ရွှေရည်ငွေရည်လောင်းပြီးသည်နှင့် ပိုက်ဆံ ကျဲလေ့ ရှိပါသည်။

**ဂူးထိုး**– ဂူးထိုးခြင်းဟူသည် အင်းဘတ်လေ့ မြင်သည်နှင့်တပြိုင်နက် လုပ်ဖော် ကိုင်ဘက် အချင်းချင်း အော်ဟစ်အချက်ပေးခြင်းကို ဂူးထိုးသည်ဟု ခေါ်ပါသည်။ ဂူးထိုးသံကြားသည်နှင့်တပြိုင်နက် ရေလုပ်သားတို့သည် မိမိတို့ သွယ်တန်းထားသည့် ပိုက်ကို အမြန်ရုတ်သိမ်းကာ ကမ်းစပ်သို့ အမြန်ပြေးကြရသည်။ သာဓက– 'ဂူးထိုးသံ ကြားတယ် ပိုက်တွေအမြန်ရုတ်ကြဟေ့' ညပိုင်း ဂူးထိုးသည့်အခါတွင် အသံတစ်ခုတည်း သာမက ဓာတ်မီးထိုး၍လည်း ဂူးထိုးကြပါသည်။ ယခုအခါတွင် ရေလုပ်သားများသည် အင်းဒိုင်၏ ခွင့်ပြုချက်ကိုယူကာ ဖမ်းယူနိုင်ပြီဖြစ်သဖြင့် ဂူးထိုးခြင်းအသုံးမှာ နည်းလာရခြင်း ဖြစ်ပါသည်။

**အထက်ရေတိုး အောက်ရေတိုး**– နယုန်လဝန်းကျင်တွင် တောင်သမန်အင်း အတွင်း၌ ရေများတိုးလာကြပြီ၊ တက်လာကြပြီ ဖြစ်ပါသည်။ တောင်သမန်၏ အရှေ့ဘက် တောင်တန်းကြီးမှ စီးဆင်းလာသောရေများ တောင်သမန်အင်းအတွင်းသို့ ဝင်လာခြင်းကို အထက်ရေတိုးခြင်းဟု ခေါ်ပါသည်။ အောက်ရေတိုးခြင်း ဟူသည်မှာ ဧရာဝတီမြစ်အတွင်းမှ ရေများသည် စစ်ကိုင်း၊ မန္တလေးလမ်းရှိ တံတားဖြူတံတားမှ

ဖြတ်ကာ တောင်သမန်အင်းအတွင်း ဝင်လာခြင်းကို ခေါ်ပါသည်။ ‘အထက်ရေတိုး နေချိန်မှာ အောက်ရေကထောက်လိုက်တော့ အင်းအတွင်းမှာ ရေများ ဖွေးသွားတာပေါ့’ ဟူသော စကားသည် တောင်သမန်နယ်သားတို့ ပြောဆိုလေ့ရှိသော လက်သုံး စကားများ ဖြစ်ကြပါသည်။ တောင်သမန်အင်းတွင် ရေအမြဲတမ်းရှိနေသောကြောင့် အထက်ရေတိုး အောက်ရေတိုး ဟူသောအသုံးမှာ နည်းသွားပြီ ဖြစ်ပါသည်။

အထက်ပါ ကြိယာစကားလုံးများသည် အသုံးနည်းလာသော တောင်သမန် အရပ်သုံး စကားများပင် ဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းတွင် ရေလုပ်သားသုံးများဖြစ်သော အင်းဘတ်၊ ဒင်းဒေါင်ခေါက်၊ ဂူးထိုး ဟူသော အသုံးများကို တွေ့ရပါသည်။ ဒင်းဒေါင်ခေါက်၊ ဂူးထိုး ဟူသော အသုံးများမှာ ပျောက်ကွယ်သွားနိုင်ပါသည်။ အင်းဘတ် ဟူသော အသုံးမှာ ကျန်နိုင်ဖွယ် ရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် ငါးခိုးဖမ်းသည့်သူများ မရှိတော့သည့်တိုင် အင်းကို လှည့်ပတ်ကြည့်ရှုနေရသောသူများ ကျန်ရှိနေသောကြောင့် ဖြစ်ပါသည်။

စိုက်ပျိုးရေးသုံးအဖြစ် မြေပဲညှပ်၊ ကောက်ကြီးတက်၊ မုရင်းတက်၊ စစ်သူကြီး၊ ကောက်လှိုင်းရိုက်၊ စပါးလှေ့၊ စာခြောက်တို့ကို တွေ့ရပါသည်။ မြေပဲညှပ်ဟူသော အသုံးမှာ ပျောက်ကွယ်သွားနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် တောင်သူလယ်သမား များသည် အချိန်မပေးနိုင်တော့ခြင်း၊ လုပ်သားများ ရှားပါးခြင်းကြောင့်ဟု ဆိုနိုင် ပါသည်။ ကောက်လှိုင်းရိုက်ခြင်း၊ စပါးလှေ့ခြင်းဟူသော အသုံးများမှာလည်း ပျောက်ကွယ် သွားနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလာသောကြောင့် ဖြစ်ပါသည်။ ကောက်ကြီးတက်၊ မုရင်းတက်နှင့် စစ်သူကြီး ဟူသော အသုံးမှာ အသုံးပြန်၍ တွင်လာနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် တောင်သမန်အင်းအတွင်း၌ မုရင်းစပါးများ၊ ယခင်ကကဲ့သို့ပင် ပြန်လည်၍ စိုက်ပျိုး နိုင်သော အခြေအနေ ရှိနေခြင်းကြောင့်ပင် ဖြစ်ပါသည်။

အင်းကိုအခြေတည်၍ ဖြစ်ပေါ်လာသော စကားများအဖြစ် အောက်လမ်း၊ ရေကြည်တောက်၊ ရေကြည်သုံး၊ အထက်ရေတိုး၊ အောက်ရေတိုးဟူသော စကားများကို တွေ့ရှိနိုင်ပါသည်။ ယင်းတို့အနက် ရေကြည်တောက် ရေကြည်သုံး အသုံးတို့မှာ အသုံးနည်းရုံမျှမက ပျောက်ကွယ်နေပြီ ဖြစ်ပါသည်။ အောက်လမ်းဟူသော စကားမှာ ပျောက်ကွယ်နေသော်လည်း တောင်သမန်အင်းအတွင်း၌ ရေလှောင်ထားခြင်း မရှိတော့ ပါက ပြန်လည်၍ အသုံးတွင်လာနိုင်ပါသည်။ အထက်ရေတိုး အောက်ရေတိုး ဟူသော

အသုံးမှာ အသုံးနည်းသွားသော်လည်း ပျောက်ကွယ်သွားခြင်း မရှိနိုင်ပါ။ အဘယ့်ကြောင့် ဆိုသော် တောင်သမန်အင်းအတွင်း၌ ရေတိုးချိန်သည် အခါရာသီ အားလျော်စွာ ရှိနေသောကြောင့် ဖြစ်ပါသည်။

အဆောက်အဦးသုံးများအဖြစ် သိမ်နီ၊ ဥပုသ်ဇရပ် ဟူသော အသုံးများမှာ ပျောက်ကွယ်သွားနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သိမ်နီများအား ပြုပြင်ပြီးခြင်း၊ ဥပုသ်ဇရပ်အစား ဓမ္မာရုံများ အစားထိုးဝင်ရောက်လာခြင်းကြောင့် ဖြစ်ပါသည်။

ရပ်ရွာလုပ်ငန်းသုံးစကားများအဖြစ် ဆေးရိုးထု ဆေးရိုးကြိတ်၊ ဝတ်ခွက်၊ မန်ကျီးပွေးထိုး၊ မန်ကျီးရွက်သပ်တို့ကို တွေ့ရပါသည်။ ယင်းစကားအားလုံးမှာ ကွယ်ပျောက်သွားနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ရတနာပုံတက္ကသိုလ်ကြီး ပေါ်ပေါက်လာသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာသောကြောင့်ဟု ဆိုနိုင်ပါသည်။

တောင်သမန်နယ်တွင် လူတန်းစားအစုံ နေထိုင်ကျက်စားလာသည့်အတွက် တောကောင် ဟူသော အသုံးမှာ အသုံးနည်းပါးလာပြီ ဖြစ်ပါသည်။ သို့သော်လည်း တောင်သမန် နယ်သူ နယ်သား စစ်စစ်များက ကျားဟူသော စကားရပ်အစား တောကောင်ဟုသာ အစဉ်ထာဝရ သုံးမြဲ ဖြစ်ပါသည်။ ထို့ကြောင့် တောကောင် ဟူသော စကားသုံးမှာ ပျောက်ကွယ်သွားခြင်း မရှိနိုင်ပါ။

ရွှေရည်ငွေရည်လောင်း၊ ဆွမ်းတော်ကြီးခံ၊ မီးနေကတ်၊ ဂေါ်ဂစ် ဟူသော အသုံးများမှာ ကွယ်ပျောက်သွားနိုင်ပါသည်။ လူအများသည် စက်ပစ္စည်းကိုသာ ဝယ်ယူလာသောကြောင့် ရွှေရည်ငွေရည်လောင်း ဟူသော အသုံးမှာ ကွယ်ပျောက်သွားနိုင်ခြင်း ဖြစ်ပါသည်။ ဆွမ်းတော်ကြီးခံဟူသော အသုံးတွင် ဆွမ်းလုံးသည် ဝင်ရောက်လာခြင်း၊ ဂေါ်ဂစ်ဟူသောအသုံးတွင် ငှက်လှေ ဟူသော အသုံး ခိုင်ခိုင်မာမာ ဝင်ရောက်လာခြင်းကြောင့် ဆွမ်းတော်ကြီးခံ၊ ဂေါ်ဂစ် ဟူသော အသုံးမှာ ပျောက်ကွယ်သွားနိုင်ပါသည်။ ကျေးလက်ဆေးပေးခန်းများ ပေါ်လာခြင်း၊ ဆေးရုံဆေးခန်းများ ပေါ်ပေါက်လာခြင်းတို့ကြောင့် မီးနီကတ် ဟူသော အသုံးမှာ ပျောက်ကွယ်သွားနိုင်ပါသည်။

ခြုံ၍ဆိုရသော် အရပ်သုံးစကားများသည် အလုပ်အကိုင်၊ အသုံးအဆောင်၊ ပတ်ဝန်းကျင် ပြောင်းလဲသွားပါက ပျောက်ကွယ်သွားနိုင်သည်ဟု ဆိုချင်ပါသည်။ သို့သော်လည်း ယုံကြည်မှုနှင့်ပတ်သက်သော စကားသုံးများမှာ မည်သည့်အခါတွင်မျှ ပျောက်ကွယ်သွားခြင်း မရှိနိုင်ပါ။

## နိဂုံး

အသုံးနည်းလာသည့် တောင်သမန်အရပ်သုံး စကားလုံးများကို လေ့လာတင်ပြခဲ့ပြီး ဖြစ်ပါသည်။ အသုံးထူးသော တောင်သမန်စကားသုံးများကို ဆက်လက်သုတေသနပြုရန် ကျန်ရှိနေပါသေးသည်။

## ကျမ်းကိုးစာရင်း


မြန်မာစာအဖွဲ့။ ၁၉၇၉။ ***မြန်မာအဘိဓာန်အကျဉ်းချုပ်၊ အတွဲ(၂)။*** ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ ၂၀၀၈။ ***မြန်မာအဘိဓာန်အကျဉ်းချုပ် (ဒု-ကြိမ်)။*** ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။


## တွေ့ဆုံမေးမြန်းသူများ

| | |
|---|---|
| ဦးဖိုလ်၊ တောင်သမန်ရွာ | (၂၅.၁၂.၂၀၁၃) |
| ဒေါ်အုန်းမေ၊ ဆီမီးထွန်းရွာ | (၂.၁.၂၀၁၄) |
| ဦးဝင်းမောင်၊ ထန်းတောရွာ | (၅.၁.၂၀၁၄) |
| ဒေါ်စန်းဝင်း၊ အိုးဘိုရွာ | (၁၅.၁.၂၀၁၄) |

# ဂျပန်ဘာသာစကားနှင့် မြန်မာဘာသာစကား ဝါကျဖွဲ့ပုံ နှိုင်းယှဉ်လေ့လာချက်

ခင်ပပထွန်း*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ဂျပန်ဘာသာစကားကို မြန်မာသဒ္ဒါနည်းဖြင့် လေ့လာသော စာတမ်း ဖြစ်ပါသည်။ ဂျပန်လူမျိုးတို့၏ နေ့စဉ်သုံးဘာသာစကားကို ဘာသာစကား နယ်ပယ်မှ လေ့လာထားပါသည်။ ဂျပန်ဘာသာစကား၏ သဒ္ဒါဖွဲ့စည်းပုံကို သိရှိစေလိုသော ရည်ရွယ်ချက် ဖြစ်ပါသည်။ မြန်မာသဒ္ဒါနည်းဖြင့် လေ့လာရာတွင် စကားလုံး၊ ပုဒ်၊ ဝါကျ ဟူ၍ ရှိရာ ဤစာတမ်းတွင် ဝါကျပိုင်းကိုသာ လေ့လာတင်ပြထားပါသည်။ ဤသို့လေ့လာခြင်းဖြင့် ဂျပန်ဘာသာစကားနှင့် မြန်မာဘာသာစကားတို့၏ သဒ္ဒါဖွဲ့စည်းပုံ နည်းစနစ်များကို တွေ့ရှိရပါသည်။ ဂျပန်ဘာသာစကားနှင့် မြန်မာဘာသာစကား လေ့လာသူများအတွက် အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

## နိဒါန်း

ဂျပန်ဘာသာစကားနှင့် မြန်မာဘာသာစကား ဝါကျဖွဲ့ပုံ နှိုင်းယှဉ်လေ့လာချက် စာတမ်း ဖြစ်ပါသည်။ စာတမ်း၏အလေ့လာခံဘာသာစကားမှာ ဂျပန်လူမျိုးတို့၏ နေ့စဉ် အပြောသုံး ဘာသာစကား ဖြစ်ပါသည်။ ဂျပန်ဘာသာစကားသည် ひ ら か な **(hirakana)**၊ かたかな (katakana)၊ **(kanji)** かんじ(かんじ = **တရုတ်အက္ခရာ**) ဟူ၍ အရေးပုံသဏ္ဍာန် (၃)မျိုး ရှိပါသည်။ ဤစာတမ်းတွင် ひらがな **(hiragana)** နှင့် か た か な (katakanna) အရေးကိုသာ အသုံးပြုထားပါသည်။ မြန်မာဘာသာစကားသည် တက်ကျသံဘာသာစကား ဖြစ်သော်လည်း ဂျပန်ဘာသာစကားမှာ တက်ကျသံဘာသာစကား မဟုတ်ပေ။ ဝါကျနိမ့်မြင့်သံ ဘာသာစကား ဖြစ်ပါသည်။ ဂျပန် ဘာသာစကားသည် (あ、い、う、え、お) ဆိုသည့် သရ (၅)လုံးပေါ်တွင် မူတည်ပြီး၊ (か、さ、た、は、や、ら、わ、ん) ဗျည်းတို့နှင့် ပေါင်းသောအခါ ဂျပန်ဘာသာစကား၌ ဗျည်းနှင့် သရတွဲထားသော စာလုံးရေ စုစုပေါင်း (၁၀၄)လုံး ရှိပါသည်။ ဂျပန်ဘာသာစကားအသံထွက်ကို international IPA chart မှ ယူထားပါသည်။ ဤကဲ့သို့ အသံထွက်မှသာ ဂျပန်အဘိဓာန်၌ ကြည့်နိုင်မည် ဖြစ်သည်။

* ဒေါက်တာ၊ လက်ထောက်ကထိက၊ မြန်မာစာဌာန၊ ဗန်းမော်တက္ကသိုလ်

ဝါကျပိုင်းအချင်းချင်း နှိုင်းယှဉ်လေ့လာရာတွင် ဝါကျရိုး၊ ဝါကျရော ဟူ၍ နှစ်ပိုင်း ခွဲပြီး လေ့လာထားပါသည်။

## ၁။ ဂျပန်နိုင်ငံသမိုင်းအကျဉ်း

### အမျိုးအမျိုးခေါ်ပုံ

ဂျပန်နိုင်ငံကို အင်္ဂလိပ်တို့က ဂျာပန် ဟုလည်းကောင်း၊ ဂျပန်လူမျိုးတို့က နိပွန် ဟုလည်းကောင်း၊ တရုတ်နိုင်ငံက ဇိပန် ဟုလည်းကောင်း ခေါ်ဆိုကြပါသည်။ ဇိပန် ဟူသည်မှာ နေထွက်ရာအရပ်ဟု ဆိုလိုပါသည်။ ဂျပန်နိုင်ငံသည် တရုတ်နိုင်ငံ၏ အရှေ့ရပ်တွင် ရှိသောကြောင့် ခေါ်ဆိုခြင်း ဖြစ်ပါသည်။ ဂျပန်နိုင်ငံ၏ ပျို့၊ အလင်္ကာ စာပေများအရ ဂျပန်လူမျိုးများက မိမိတို့၏ ဂျပန်နိုင်ငံကို ကြီးကျယ်မြင့်မြတ်သော တိုင်းပြည်ကြီး ဒိုက်နိပွန် ဟု ခေါ်ဝေါ်လေ့ ရှိကြသည်။

### ပုံသဏ္ဌာန်၊ တည်နေရာ အကျယ်အဝန်း

ဂျပန်နိုင်ငံသည် လခြမ်းပမာကဲ့သို့ ရှိပြီး၊ တရုတ်နိုင်ငံ၏ အရှေ့မြောက်ဘက် ပစိဖိတ်သမုဒ္ဒရာကြီးထဲတွင် တည်ရှိသော ကျွန်းများ ဖြစ်ပါသည်။ ထိုနိုင်ငံသည် ဖေါ်မိုစာကျွန်းမှ ဆိုက်ဗေရီးယားပြည် အရှေ့ဘက် ကန်ချက်စကားကျွန်းဆွယ်အထိ မိုင်ပေါင်း ၂၀၀၀ မျှ အလျားရှိသော ကျွန်းရှည်ကြီး ဖြစ်သည်။ အရှေ့ဘက်၌ မိုင်ပေါင်း ၄၅၀၀ ရှိပြီး၊ ပစိဖိတ်သမုဒ္ဒရာကြီးက ဂျပန်နိုင်ငံကို အမေရိကားတိုက်နှင့် ပိုင်းခြားထားသည်။

ဂျပန်နိုင်ငံသည် အရှေ့အာရှပစိဖိတ် ကမ်းရိုးတန်းတလျှောက်တွင် ကျွန်းပေါင်း (၆၈၅၂)ကျွန်း ရှိသည်။ ဂျပန်နိုင်ငံပိုင်ဆိုင်သော ကျွန်းများသည် မြောက်လတ္တီကျု ၂၄ ° မှ ၂၆ ° အတွင်းနှင့် အရှေ့လောင်ဂျီကျု ၁၂၂ °မှ ၁၄၆ ° အတွင်း တည်ရှိသည်။ အဓိကကျွန်းများမှာ မြောက်မှတောင်သို့ ဟော့ကိုင်ဒိုးကျွန်း၊ ဟွန်းရှူး၊ ရှိကိုကူးကျွန်း နှင့် ကျူရှူးကျွန်းတို့ ဖြစ်ကြပါသည်။ အကီနာဝါ ပါဝင်သော ရူကျူးကျွန်းများမှာ ကျူရှူးကျွန်း၏ တောင်ဘက်တွင် ဆက်လျက် တည်ရှိသည်။ ထိုကျွန်းအားလုံးကို ပေါင်း၍ ဂျပန်ကျွန်းစုများဟု ခေါ်ဆိုကြသည်။ ထို့ကြောင့် ဂျပန်နိုင်ငံသည် ရာထောင် မကသော ကျွန်းများနှင့် ကျွန်းကြီးလေးကျွန်းတို့ ပါဝင်ပါသည်။

ဂျပန်နိုင်ငံ၏ ဟုန်ဒိုကျွန်းသည် အကြီးဆုံးကျွန်းဖြစ်၍ ၎င်းကျွန်းသည် အင်္ဂလန်နိုင်ငံထက် ကြီးသည်။ ရဲစိုကျွန်းမြောက်ပိုင်း၌ တည်ရှိသည်။ ကန်ချက်စကား ကျွန်းဆွယ်နှင့် ရဲစိုကျွန်းဆွယ်ကြား စီတန်းလျက်ရှိသော ကျောက်ဆောင်ကြီးကို

ကူရိုင်းကျွန်းဆွယ် ဟုခေါ်သည်။ ဖေါ်မိုစာကျွန်းနှင့် ဆာဂါလျန်ကျွန်းတို့သည် တရုတ်နှင့် ဂျပန်တို့ စစ်တိုက်ရာမှရထားသော ကျွန်း ဖြစ်သည်။ ဂျပန်ကျွန်းများသည် ပစ္စဖိတ် မီးကွင်းဟု ခေါ်သော မီးတောင်ဇုန်ပေါ်တွင် တည်ရှိသည်။

**အထင်ကရနေရာများ**

ဂျပန်နိုင်ငံသည် မီးမငြိမ်းတောင်ပေါင်း (၁၀၈)ခု ရှိသည်။ ဖူဂျီတောင်သည် ပေပေါင်း ၁၂၃၆၅ပေ ရှိပါသည်။ ဘီဝါအိုင်သည် မိုင်ပေါင်း (၃၆)မိုင်ခန့် ရှိပြီး ဂျပန်နိုင်ငံ၏ အကြီးဆုံးအိုင် ဖြစ်သည်။ ထိုအိုင်သည် တိုကျိုမြို့အနီးတွင် ရှိသည်။

**လူဦးရေ**

ဂျပန်နိုင်ငံ၏ လူဦးရေမှာ ခန့်မှန်းခြေအားဖြင့် ၁၂၇ သန်းမျှ ရှိပြီး ၈၀ ရာခိုင်နှုန်းသော လူဦးရေမှာ အများစုမှာ ဟွန်းရှုးကျွန်းပေါ်တွင် နေထိုင်ကြသည်။ ၈၅ ရာခိုင်နှုန်းမှာ ဂျပန်လူမျိုးများဖြစ်ကာ အလုပ်သမား လူနည်းစု ရှိသည်။ ဂျပန်လူဦးရေ၏ ၈၄ ရာခိုင်နှုန်း မှ ၉၆ ရာခိုင်နှုန်းမှာ ဗုဒ္ဓဘာသာ သို့မဟုတ် ရှင်ကြီးတို့ ဘာသာကို ကိုးကွယ်ကြသည်။ ထိုဘာသာနှစ်ခုစလုံးကို လက်ခံသူများလည်း ရှိသည်။ ဂျပန်လူဦးရေ၏ ရာခိုင်နှုန်းအောက်မှသာ ခရစ္စယာန်ဘာသာကို ကိုးကွယ်ကြသည်။ အစ္စလာမ်ဘာသာဝင်၊ ဟိန္ဒူဘာသာဝင်၊ ဆစ်ခ်ဘာသာဝင်နှင့် ဂျူးဘာသာဝင် အနည်းငယ်မျှ ရှိသည်။

**ဘာသာစကား**

ဂျပန်နိုင်ငံ၏ ၉၉ ရာခိုင်နှုန်းမှာ ဂျပန်ဘာသာစကားကို ပထမဘာသာစကား အနေဖြင့် ပြောဆိုကြသည်၊ ဂျပန်ဘာသာစကားအပြင် ရူကျူးဘာသာစကားကိုလည်း ရူကျူးကျွန်းများတွင် ပြောဆိုကြပါသည်။ ထိုဘာသာစကားကို သင်ယူသူ နည်းပါးသည်။ အိုကီနာဝါဂျပန်ဘာသာစကားခွဲကိုလည်း ထိုနယ်မြေတွင် ပြောဆိုကြသည်။ အအိန ဘာသာစကားမှာ ပျောက်ကွယ်မည်ကို စိုးရိမ်ရသည်။ ထိုဘာသာစကားကို ဟော့ကိုင်ဒိုတွင် အသက်ကြီးသော ဒေသခံအချို့သာ ပြောဆိုကြသည်။

ဂျပန်ပြည်သည် နှစ်ပေါင်း(၁၀၀၀)ကျော် (၂၀၀၀)လောက်က တရုတ်ပြည်၏ နည်းအတိုင်း အဝတ်၊ အစား၊ အသွား၊ အလာတို့သည် တရုတ်လူမျိုးတို့အတိုင်း နေထိုင်ကြသည်။ လက်မှုပညာသည်လည်း ရှေးကတရုတ်ပြည်နည်းအတိုင်း လုပ်ကြသည်။ ယဉ်ကျေးမှုနှင့်စာပေကျမ်းဂန်တို့သည် လည်းကောင်း၊ ဗုဒ္ဓဘာသာသည် လည်းကောင်း

တရုတ်ပြည်မှ ဆက်စပ်၍ ရောက်လာသည်။ တရုတ်ပြည်သို့လည်း အိန္ဒိယပြည်မှ ဆက်စပ်၍ ရောက်ရှိလာသည်။ ဂျပန်ပြည်သို့ ဗုဒ္ဓသာသနာရောက်သည်မှာ နှစ်ပေါင်း (၁၃၀၀)ကျော်သည်။ ခရစ်နှစ် (၆၀၀)လောက်က ဂျပန်ပြည်သို့ ယဉ်ကျေးမှု စာပေ ကျမ်းဂန်သည်လည်း တရုတ်ပြည်မှ ယူသည်။ စာရေးစာဖတ်အက္ခရာတို့သည်လည်း တရုတ်စာအက္ခရာများ ဖြစ်သည်။ အဓိပ္ပါယ်လည်း အတူတူ သို့သော် တရုတ်နှင့် ဂျပန်တို့သည် စကားမပြောနိုင်၊ နားမလည်နိုင်ကြပေ။ စာရေး၍ပြောလျှင် နားလည် ကြသည်။

**ပညာရေး**

ဂျပန်နိုင်ငံသည် ရှေးယခင် ဂျပန်မိန်းကလေးများ စာမသင်ရပေ။ ယခုအခါ ယောကျ်ားလေးရော မိန်းကလေးများပါ စာသင်ရသည်။ မိန်းကလေးများ (၆)နှစ် မှ (၇)နှစ် အဝင်တွင် စာစသင်ရသည်။ ၎င်းတို့သည် အောက်တန်းကျောင်းမှ အထက်တန်း ကျောင်းအထိ (၈)နှစ် သင်ရသည်။ မိန်းကလေးများက (၈)တန်းအောင်မှ အိမ်မှု၊ လင်ဝတ်တရား၊ ယောက္ခမတို့၏ ဝတ်တရားနှင့် ကလေးကျွေးမွေးသုတ်သင်မှုကို (၂)နှစ် သင်ရသည်။ အသက်(၆)နှစ်မှ အိမ်ထောင်ပြုရသည်။ ယောကျ်ားလေးများက (၈)တန်းရောက်မှ မိမိလုပ်ချင်သောအလုပ်ကို လုပ်ခွင့်ရှိသည်။ ယောကျ်ားလေး များသည် အသက်(၂၀)နှစ် မပြည့်သည့် ကာလပတ်လုံး ဆေးလိပ် အရက်သောက်ခွင့် မရှိပေ။

ဂျပန်ကလေးများသည် (၉)နှစ်ထဲဝင်သည်နှင့် တပြိုင်နက်တည်း စာသင်ကျောင်းသို့ ဝင်ရသည်။ သားကို စာသင်ကျောင်းသို့ မသွင်းဘဲ မနေရပေ။ ကျောင်းသို့ မပို့သော မိဘများကို ဒဏ်တပ်သည်။ ထိုကျောင်းသားသည် အောက်ပရိုက်မာရီး (basic primary) (၅)နှစ်၊ အထက်တန်းပရိုက်မာရီး (high primary) (၃)နှစ်၊ မီးဒါဝီစကူး (middle school) (၄)နှစ် သင်ကြားရသည်။

ဂျပန်နိုင်ငံတွင် မေဂျီ၏ခမည်းတော် နတ်ရွာစံပြီးသောအခါ မေဂျီဘုရင်သည် အသက်(၁၆)နှစ်အရွယ်တွင် ခမည်းတော်၏နန်းဆက်ကို ဆက်ခံသည်။ ဂျပန်ရှင်ဘုရင် မေဂျီသည် သက္ကရာဇ်(၄၅)နှစ်တွင် နတ်ရွာစံသည်။ မေဂျီဘုရင်၏ လက်ထက် ရောက်မှသာ ဂျပန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားကြီးကျယ်သည့် အတွက်ကြောင့် မေဂျီခေတ် သို့မဟုတ် ဂျပန်အသစ်ဟု အမည်ပေးခဲ့သည်။ ဤဘုရင်ကို ဘုရားကဲ့သို့ထားကြောင်း တွေ့ရပါသည်။

၁၈၇၂ ခုနှစ် မေဂျီပြုပြင်ပြောင်းလဲရေးခေတ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများနှင့် တက္ကသိုလ်များကို စတင်ဖွင့်လှစ်သည်။ ၁၉၄၇ ခုနှစ်မှစ၍ မူလတန်းနှင့် အထက်တန်းပညာရေးကို မသင်မနေရပညာရေးအဖြစ် သတ်မှတ်ခဲ့ပြီး အချိန်ကာလအားဖြင့် (၆)နှစ် မှ (၁၅)နှစ်အထိ (၉)နှစ် ကြာမြင့်သည်။ အထက်တန်းအောင်ပြီးသော ကလေးများကို အထက်တန်း (၃)နှစ် ဆက်လက် ပညာသင်ယူရသည်။ ဂျပန်တွင် ထိပ်ဆုံးအဆင့် သတ်မှတ်ထားသော တက္ကသိုလ်(၂)ခုမှာ တိုကျိုတက္ကသိုလ်နှင့် ကျိုတိုတက္ကသိုလ်တို့ ဖြစ်ပါသည်။ ပညာရေးသည်လည်း အမေရိကန်ထက် သာလွန်၍ နှစ်စဉ်နှစ်တိုင်း ထုတ်ဝေသော စာအုပ်ပေါင်းမှာ (၃၀၀၀၀)ခန့်မျှ ဖြစ်၏။ အမေရိကန်တွင် နှစ်စဉ်ထုတ်ဝေသောစာအုပ်ထက် သုံးဆမျှ များလေသည်။ ထူးခြားချက်မှာ တိုင်းတပါးသားတို့ မသိနိုင်သော စာဝှက်ရေးနည်း စက်ကိရိယာရှိခြင်း စသည်တို့ ဖြစ်ပါသည်။

**နိုင်ငံရေး**

ဥရောပတိုက်သားများသည် ကူးသန်းရောင်းဝယ်မှုဖြင့် ဂျပန်သို့ ရောက်ရှိလာခဲ့သည်။ ထိုအချိန်က ဥရောပတိုက်သားတို့သည် တိုင်းပြည်ကြီးငယ်ကို သိမ်းပိုက်ပြီး အုပ်စိုးကြသည်။ ဂျပန်နိုင်ငံသည် ဥရောပတိုက်သားများနှင့် စစ်ပြိုင်ရာတွင် လက်နက်အင်အား၊ ငွေအင်အား မရှိပေ။ ထိုသူတို့ ကူးသန်းရောင်းဝယ်ခြင်း ရောက်လာသောအခါ လက်ခံမှဖြစ်မည်။ တရုတ်နိုင်ငံသည် ဂျပန်ငံထက် ငွေအင်အား၊ လူအင်အားများသော်လည်း ဂျာမနီ၊ ပြင်သစ်၊ ရုရှတို့က အသီးသီးသိမ်းပိုက်ကြသည်။ ထို့ကြောင့် ၎င်းတို့နှင့်ပေါင်းလျှင် အကျိုးရနိုင်သည်ဟု မှူးမတ်များက လျှောက်သည်။ မေဂျီဘုရင်က လက်ခံသည်။

မေဂျီဘုရင်သည် အသက်(၁၆)နှစ်အရွယ်တွင် ခမည်းတော်၏ နန်းဆက်ကို ဆက်ခံခဲ့သည်။ ဂျပန်ရှင်ဘုရင်မေဂျီသည် သက္ကရာဇ်(၄၅)ခုနှစ်တွင် နတ်ရွာစံသည်။ မေဂျီဘုရင်၏ လက်ထက်ရောက်မှသာ ဂျပန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားကြီးကျယ်သည့်အတွက်ကြောင့် မေဂျီခေတ် သို့မဟုတ် ဂျပန်သစ်ဟု အမည်ပေးခဲ့သည်။ ဤဘုရင်ကို ဘုရားကဲ့သို့ထားကြောင်း တွေ့ရပါသည်။

ထို့ပြင် ဂျပန်လူမျိုး မှူးကြီးမတ်ရာတို့၏သားများကို ဥရောပသို့ ပညာသင်စေလွှတ်သည်။ ဂျာမနီနိုင်ငံကို ခြေလျင်စစ်အတတ်နှင့် ဆရာဝန်အတတ်များ၊ အင်္ဂလန်နိုင်ငံကို ရေကြောင်းစစ်အတတ်နှင့် စက်ကိရိယာအတတ်၊ အမေရိကန်နိုင်ငံသို့ ကူးသန်းရောင်းဝယ်ရေးအတတ်၊ ပြင်သစ်နိုင်ငံသို့ တရားဥပဒေအတတ်နှင့် တိုင်းပြည်မြို့ရွာကို

ပြုပြင်စီရင်ရန်အတတ်တို့ကို သင်ကြားရန်အတွက် စေလွှတ်ခဲ့ပါသည်။ ရိုမန်ပြည်သည် ရှေးအခါက ကြီးပွားချမ်းသာသည် ယခုအခါ ပျက်စီးခဲ့သည်။ ထိုသူတို့၏ ရာဇဝင်ကို သိစေရန် စေလွှတ်ခဲ့သည်။ ဘုရင်က ပညာသင်ယူသူများကို ပျားကဲ့သို့ ကျင့်ကြံရန် ဆုံးမသည်။ ပညာတော်သင်များ ပြန်လာလျှင် ဘုရင်က ဥရောတိုက်သားများကဲ့သို့ ပါလီမန်လွှတ်တော် ဖွင့်လှစ်ရန် ခွင့်ပေးသည်။

ရှေးအခါက ဖွံ့ဖြိုးမှုနောက်ကျနေသော တိုင်းပြည်များမှ လူငယ်တို့သည် ပညာသင်ရန်အတွက် အမေရိကန်ပြည်၊ အင်္ဂလန်ပြည်၊ ဂျာမနီပြည်၊ ပြင်သစ်ပြည် စသည်သို့ သွားရောက်ပညာသင်ကြားကြသည်။ ယခုအခါတွင်မူ ဂျပန်ပြည်သို့သာ အများအားဖြင့် သွားရောက်သင်ကြားကြသည်။ ၁၈၉၄ ခုနှစ်တွင် တရုတ် ဂျပန် စစ်ဖြစ်ပြီးနောက် တရုတ်ကျောင်းသားပေါင်း (၁၀၀၀၀)ကျော်တို့သည် ဂျပန်နိုင်ငံသို့ ပညာတော်သင်ရောက်လာသည်။ ၁၉၀၅ ခုနှစ် မှစ၍ တရုတ်ကျောင်းသားပေါင်း စုစုပေါင်း တစ်သိန်းခန့်ထိ ရှိလာခဲ့သည်။

ဂျပန်တို့သည် ကိုရီးယားကို လုံးလုံးပိုင်ဆိုင်သော်လည်း အင်ဒီပင်းဒင့် (independence) ပေးထားလေသည်။ ကိုရီးယားဘုရင်များမှာ သမ္မတမင်းများကဲ့သို့ နှစ်ကာလအပိုင်းအခြားမရှိ နတ်ရွာစံသည့်အထိ အုပ်ချုပ်ရလေသည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ (၈)ရက်နေ့၌ ပစိဖိတ်သမုဒ္ဒရာ၏ အချက်အချာ ဖြစ်သော အမေရိကန်ပိုင် ပါးလ်ဆိပ်ကမ်း (Pearl Harbour)ကို နိပ္ပွန်းရေတပ်က တိုက်ခိုက်ခဲ့၏။ နိပ္ပွန်းတို့၏စစ်ကို မခံနိုင်ဘဲ ဖရိုဖရဲပြိုကွဲကာ ပျက်စီးခဲ့ရသည်။ ထိုဒီဇင်ဘာလ (၈)ရက်နေ့ မှစ၍ နိပ္ပွန်းစစ်သည်တော်တို့၏ ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်မှုကြောင့် ဟောင်ကောင်၊ မလေးကျွန်းဆွယ်၊ စင်္ကာပူ၊ ဖိလစ်ပိုင်ကျွန်းစု၊ အရှေ့အိန္ဒိယကျွန်းစု အစရှိသည်တို့ကိုလည်း ပိုင်ဆိုင်ခဲ့သည်။ မြန်မာပြည်ကိုလည်း နိုင်ခဲ့၏။

ဂျပန်နိုင်ငံသည် ထိပ်ဆုံးတန်းတိုင်းနိုင်ငံ အခြေအနေသို့ ရောက်ရှိခြင်းမှာ အင်္ဂလန်ပြည်နှင့် တိုင်းရေးပြည်ရေးဆက်ဆံမှုကြောင့်ပင် ဖြစ်သည်။ ဂျပန်ပြည်သည် အခက်အခဲနှင့်တွေ့ကြုံသော်လည်း နောက်မဆုတ်တန်း တွန်းလှန်ဖြိုဖျက်လိုသော သတ္တိဗျတ္တိနှင့် ပြည့်စုံကြလေသည်။ ဂျပန်လူမျိုးတို့သည် မိမိတို့၏ပြည့်ရှင်ဘုရင်ကို ရိုသေရာတွင် တိုင်းတပါးသားတို့ထက် ပိုမိုကဲလွန်းသည်ဟု ဆိုရပေမည်။ ဂျပန် အိမ်တိုင်းတွင် ဘုရင်မင်းမြတ်၏ ရာဇပလ္လင်ဟူသော အထိမ်းအမှတ် ထားရှိ၍ ဘုရင်မင်းမြတ်က ကောင်းကင်ကလာသော အမျိုးအနွယ်ဟု မှတ်ယူကြသည်။ ဂျပန် ပြည့်ရှင်သည် ကမ္ဘာပေါ်ရှိ ဘုရင်တကာအနက် ငွေကြေးဥစ္စာ ပေါကြွယ်ဝဆုံးဟု ဆိုလောက်ပေသည်။ ၎င်းဥစ္စာကို တိုင်းပြည်က အသုံးပြုခွင့်မရသော်လည်း ကပ်ကြီးများ

ဆိုက်ရောက်သည့်အခါတွင် လည်းကောင်း၊ တိုင်းပြည်တစ်ပြည်လုံး အခက်အခဲနှင့် တွေ့ကြုံသည့်အခါတွင် လည်းကောင်း အသုံးပြုနိုင်လေသည်။ ဂျပန်နိုင်ငံသားတို့သည် ဂျပန်ပြည်နှင့် အမျိုးသားအတွက်ဆိုရင် အသက်တစ်ချောင်း နှမြောခင်တွယ်ခြင်း မရှိကြပေ။

ဂျပန်တို့သည် သက္ကရာဇ် ၁၈၈၄ ခုနှစ်က တရုတ်ပြည်နှင့် စစ်ပြိုင်ရမည်ကို ဖြစ်သော်လည်း ၁၈၉၄ ခုနှစ်ရောက်မှ စစ်တိုက်ခိုက်ရာ ထမြောက်အောင်မြင်ခဲ့လေသည်။ ထို့အတူ ၁၈၉၅ ခုနှစ်တွင်လည်း ရုရှကို တိုက်ခိုက်ရမည်ကိုသိသော်လည်း ၁၉၀၄ ခုနှစ်ရောက်မှ တိုက်ခိုက်ခဲ့ရာ အနိုင်ရယူခဲ့လေသည်။ စစ်မက်ရေးရာတွင် ဝင်ရောက်ယှဉ်ပြိုင်သည့်အခါတွင် ဖြစ်စေ၊ ကုန်ကူးသန်းရောင်းဝယ်ရေးတွင် ဖြစ်စေ မိမိတို့ပြုလုပ်သောကိစ္စတို့ကို လျှို့ဝှက်စွာထား၍ နောက်ဆုံးအချိန်ကျရောက်မှသာလျှင် ရုတ်တရက် အနိုင်ယူတတ်လေသည်။ စစ်မက်ရေးရာတွင် ကုန်းတပ်၊ ရေတပ်များတွင်လည်း အထက်တန်းစားကြီး ဖြစ်၍နေပေသည်။ ဂျပန်ပြည်တွင် လူဖြစ်လျှင် ယောကျ်ားဖြစ်ခဲ့သော် စစ်အတတ်ကို မတတ်မနေရ သင်ကြရသည်။ ဂျပန်တို့သည် ဂျာမနီပြည်တွင် စစ်အတတ်၊ အင်္ဂလန်ပြည်တွင် နေဘီးပင်လယ်လေကြောင်းအတတ်၊ ပြင်သစ်ပြည်တွင် (law) ဥပဒေအတတ်၊ အမေရိကန်တွင် ကူးသန်းရောင်းဝယ်ရေး အတတ်တို့ကို သင်ယူရန် သွားကြသည်။ ထို့သို့ သင်ယူလာသော အတတ်ပညာများကို မိမိတို့၏နိုင်ငံတွင် မိမိတို့ကိုယ်တိုင် ငွေအကုန်ခံ၍ အလုပ်များကို တွင်ကျယ်အောင် လုပ်ကြလေသည်။ မိမိ၌ငွေမရှိလျှင် ကုမ္ပဏီဖွဲ့စည်း၍ လုပ်လေသည်။

**စီးပွားရေး**

၁၈၈၂ခုနှစ်က ဂျပန်ပြည်တွင် မီးရထားလမ်း မိုင်ပေါင်း (၇၈)မိုင်မျှသာ ရှိသည်။ သင်္ဘောပေါင်း (၁၀၀)ခန့်မျှသာ ရှိသည်။ သို့ရာတွင် ယခုအခါမူက စက်မှု၊ လက်မှုလုပ်ငန်းတွင် ထိပ်ဆုံးတန်းသို့ ရောက်နေရုံမျှမက ကုန်စည်ကူးသန်းရောင်းဝယ်ရေး ဆိုင်ရာ သင်္ဘောကြီးများမှာ ကမ္ဘာပေါ်တွင် အများဆုံးလောက် ဖြစ်နေပါသည်။

ဂျပန်ပြည်သည် လယ်၊ ယာ၊ ကိုင်းကျွန်း အစရှိသည်တို့ကို အကြီးအကျယ် မလုပ်ကိုင်နိုင်ကြပေ။ လက်မှုစက်မှုပညာကိုသာလျှင် အားကိုးအားထားကာ စီးပွားရှာကြရလေသည်။ ဝါဂွမ်းသည်များကြောင့် အင်္ဂလန်ကို ကမ္ဘာတဝှမ်းလုံးက သိခဲ့ကြရာ ယခုအခါတွင်မူကား ဂျပန်ပြည်၏ဝါဂွမ်းထည်များမှာ အထူး ဈေးကထက် ကောင်းမွန်၍ လာသည်။ ဝါဂွမ်းလုပ်ငန်းမှာ ဂျပန်တို့သည် ကမ္ဘာ၏ထိပ်ဆုံးသို့ ရောက်နေပေသည်။ အင်္ဂလန်နိုင်ငံ မန်ချက်စတားမြို့ရှိ ဝါဂွမ်းအလုပ်သမားတို့မှာ ဂျပန်က ဝါဂွမ်း

အလုပ်ကို ယှဉ်ပြိုင်လုပ်ရာ အရေးမသာသည့်အတွက် နောက်ဆုံး၌ ဂျပန်တို့ဆီမှ ရက်ကန်းစင်ပေါင်း (၂၀၀)မျှ ဝယ်ယူလေသည်။ ဂျပန်ပြည် ကူးသန်းရောင်းဝယ်ရေး အဖွဲ့က အဆိုပါရက်ကန်းများကို သိမ်းယူပြီးနောက် ရက်ကန်းစင်ရောင်းချခြင်း လုပ်ကိုင်နည်းများကို ထုတ်ဖော်ခြင်း မပြုရန် ဟန့်တားပိတ်ပင် တားမြစ်လေသည်။

ဂျပန်တို့သည် ရက်ကန်းလုပ်ငန်း မူလအခြေကို အင်္ဂလိပ်တို့ထံမှ နည်းယူသည်။ ရေးအားလျှပ်စစ်ဓါတ်အားကို ရနိုင်ရန် စတင်တီထွင်ခဲ့သော အင်္ဂလိပ်နှင့် အမေရိကန် ကုမ္ပဏီကြီးတို့မှာ ယခုအခါ ဂျပန်ပြည်မှ ထွက်သော ဓာတ်ကိရိယာတို့နှင့် ယှဉ်ပြိုင် နေကြရသည် ဖြစ်သည်။ ထို့သို့တိုးတက်ခြင်းမှာ အနောက်တိုင်းသားတို့က ဂျပန်နိုင်ငံ ကုန်စည်များသည် လွန်စွာ ဈေးပေါသည်ဟု ညည်းညူကြသည်။

ဂျပန်တို့ယခုကဲ့သို့ တိုးတက်ရသည့် အကြောင်းအရင်းမှာ စက်ကိရိယာများကို ခေတ်မီအောင် ပြုလုပ်ခြင်း၊ လျှပ်စစ်ဓာတ်အား ဈေးပေါခြင်း၊ အလုပ်သမားများ ဈေးနှုန်း သက်သာချောင်ချိခြင်း၊ ကုန်ကူးသန်းရောင်းဝယ်ရေးတွင် အစိုးရတို့က ကူညီခြင်း၊ ကြော်ငြာခြင်းတွင် အထူးဂရုပြုခြင်းနှင့် အထူးသဖြင့် အလုပ်သမားတိုင်း (ငါတို့သည် အနောက်နိုင်ငံကို နိုင်ရမည်။ မည်သည့်အခါမှ ရှုံးရတော့မည် မဟုတ်) ဟူသော စိတ်သဘောထား အစဉ်အမြဲ အာရုံစိုက်လျက် အလုပ်လုပ်ခြင်း စသည့် အကြောင်းကြောင်းတို့ကြောင့် ဖြစ်လေသည်။ အလုပ်သမားခမှာ များစွာ နည်းသော်လည်း အလုပ်သမားအတွက် အနေ၊ အထိုင်၊ အဝတ်အစား၊ ပျော်ရွှင်မှု၊ ကုသိုလ်ကောင်းမှု ပြုရာတွင် အောက်တန်းမကျပေ။

## လူမှုရေး

ဂျပန်နိုင်ငံ၌ သုဘရာဇာ၊ ခဝါသည်၊ ပန်းထိမ်၊ ပန်းပဲ၊ ပန်းပု စသည်တို့ကို သီးခြားမထားပေ။ နိုင်ငံအတွင်း သူတောင်းစား ဟူ၍ မရှိစေရ။ အလုပ်အကိုင်မရှိသော သူလည်း မရှိစေရ။ စာမတတ်သောသူလည်း မရှိစေရ။ ဂျပန်နိုင်ငံ၏ လူဦးရေမှာ ခြောက်ကုဋေ ရှိသည်။ အခြားနိုင်ငံသားနှင့် လက်ထပ်လျှင် ရလာသောကလေးက ဂျပန်နိုင်ငံသား ဖြစ်ရမည်။ မိမိတို့နိုင်ငံထုတ် ပစ္စည်း၊ ဝတ္ထုတို့ကိုသာ သုံးဆောင် ဝတ်ဆင် စားသောက်ကြရသည်။ အခွန်ကောက်လျှင် ငြိုငြင်ခြင်း မရှိရပေ။

## ရာသီဥတု

ဂျပန်နိုင်ငံသည် ရာသီဥတု (၄)မျိုး ရှိသည်။ နွေ၊ မိုး၊ ဆောင်း၊ ဆောင်းနှင့် နွေကြားတွင် တစ်ဥတု ဟူ၍ ရှိသည်။ တစ်ဥတုလျှင် (၃)လစီမျှ ကြာပါသည်။

ဂျပန်နိုင်ငံသည် အဖိုးထိုက်တန်သော သတ္တုအနည်းငယ်သာ ထွက်သည်။ ကြေးဝါနှင့် ခနောက်စိမ်း များစွာထွက်သည်။ ကျောက်မီးသွေးမှာ တရုတ်ပြည်သုံး၍လောက်အောင် အများဆုံးထွက်သည်။ တိရိစ္ဆာန်မွေးမြူရေးအနေဖြင့် ဆိတ်မွေးရန် မြက်ခင်း အလုံအလောက် မရှိသဖြင့် ဆိတ်ကို အနည်းငယ်သာ မွေးမြူရသည်။ ငန်းနှင့် ဥဒေါင်း မရှိပေ။ အဆိပ်ရှိသော မြွေပွေးကလေး တစ်မျိုးသာ ရှိသည်။

ရှေးနှစ်ပေါင်း (၆၀)ကျော်၊ (၇၀)လောက်က ဂျပန်ကို အရေးမလုပ်ကြပေ။ ယခုအခါ နေရာတိုင်းမှာ ဂျပန်မပါလျှင်မဖြစ်သလို ဖြစ်နေပေသည် စသည်ဖြင့် ဂျပန်နိုင်ငံ၏ သမိုင်းကြောင်းများကို ဦးပဥ္စင်းဦးဥတ္တမ ရေးသားသော Meji or New Japan (မေဂျီ သို့မဟုတ် ဂျာပန်သစ်)စာအုပ်၊ တရုတ်နှင့်ဂျပန်စာအုပ်မှ လည်းကောင်း၊ ဆရာကြီးဦးဘသောင်း(ဘီ–အေ၊ မြန်မာစာဂုဏ်ထူး)၏ ဘူရှိဒို(ဓာနည်သွေး)စာအုပ်မှ လည်းကောင်း၊ http://my.wikipedial.org/wiki/ ဂျပန်သမိုင်းမှလည်းကောင်း ကောက်နှုတ်တင်ပြထားခြင်း ဖြစ်ပါသည်။

**၂။ ဘာသာစကားဟူသည် စနစ်လေးခုဖြင့် ဖွဲ့စည်းထားသည့် စနစ်ကြီးတစ်ခု ဖြစ်သည်။ ကမ္ဘာပေါ်ရှိ မည်သည့်ဘာသာစကားကိုယူယူ၊ စနစ်လေးခုမှ ဖွဲ့စည်းကြောင်း တွေ့ရပါမည်။ အဆိုပါစနစ်လေးခုမှာ–**

(၁) စကားသံစနစ် (PHONOLOGICAL SYSTEM)

(၂) စကားလုံးအဖွဲ့စနစ် (MORPHOLOGICAL SYSTEM)

(၃) ဝါကျစနစ် (SYNTACTIC SYSTEM)

(၄) အနက်စနစ် (SEMANTIC SYSTEM)

တို့ဖြစ်ကြပါသည်။[၁]

ဤစာတမ်းသည် ဂျပန်ဘာသာစကားလေ့လာရာတွင် စနစ်လေးခုရှိသည့်အနက် (၃) ဝါကျစနစ်ကို မြန်မာသဒ္ဒါမှ ဝါကျဖွဲ့ပုံစနစ်ဖြင့် နှိုင်းယှဉ် လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

---

[၁] ဝင်းဖေ၊ ဦး(မြဇင်)နှင့်အများ၊ ၁၉၉၉၊ ၁၆။

## ဝါကျ

ဆိုလိုသည့် အဓိပ္ပါယ်ရောက်အောင် စနစ်တကျ စီစဉ်ထားသော ပုဒ်အစု အပေါင်းကို ဝါကျဟု ခေါ်သည်။ ဝါကျတွင် အနက်အဓိပ္ပါယ်အရ (၅)မျိုး၊ ဖွဲ့စည်းတည်ဆောက်ပုံအရ (၂)မျိုး ခွဲသည်။ အနက်အဓိပ္ပါယ်အရ (၅)မျိုးမှာ–

(က) ထုတ်ဖော်ဝါကျ

(ခ) မေးခွန်းဝါကျ

(ဂ) ငြင်းပယ်ဝါကျ

(ဃ) တိုက်တွန်းဝါကျ

(င) ဆန္ဒဝါကျ

တို့ ဖြစ်ကြသည်။

ဖွဲ့စည်းတည်ဆောက်ပုံအရ (၂)မျိုးမှာ–

(က) ဝါကျရိုး

(ခ) ဝါကျရော

တို့ ဖြစ်ကြသည်။[၁]

မြန်မာဝါကျဖွဲ့ထုံးအရ ဝါကျတခု၏ အဓိကအစိတ်အပိုင်းများဖြစ်သည့် ကတ္တား၊ ကံ၊ ကြိယာတို့ကို ထားသိုသည့် အစီအစဉ်သည် ကတ္တား + ကံ + ကြိယာ ဖြစ်ပြီး[၂] ဟူ၍ ဖွင့်ဆိုထားပါသည်။

ဤစာတမ်းသည် ဖွဲ့စည်းတည်ဆောက်ပုံအရ ဝါကျရိုး၊ ဝါကျရော ဟူ၍ နှစ်ပိုင်း ခွဲပြီး တင်ပြသွားမည် ဖြစ်ပါသည်။

## ၂၊ ၁။ ဝါကျရိုး

ဝါကျရိုး ဆိုသည်မှာ ကတ္တားတစ်ခုနှင့် ကြိယာတစ်ခုသာ ပါဝင်သော ဝါကျကို ဝါကျရိုးဟု ခေါ်သည်။[၃]

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၀၅၊ ၁၉၅။

[၂] ဝင်းဖေ၊ ဦး(မြဖင်)နှင့်အများ၊ ၁၉၉၉၊ ၂၂။

[၃] မြန်မာစာအဖွဲ့၊ ၂၀၀၅၊ ၁၉၈။

ဂျပန်ဘာသာစကားကို မြန်မာသဒ္ဒါနည်းဖြင့် နှိုင်းယှဉ်လေ့လာရာတွင် ကတ္တားပုဒ်၊ ကြိယာပုဒ်တို့ ပါဝင်သော ဝါကျရိုး၊ ကတ္တားပုဒ်၊ ကံပုဒ်၊ ကြိယာပုဒ်တို့ ပါဝင်သော ဝါကျရိုး၊ ကတ္တားပုဒ်၊ အခြားပုဒ်များနှင့် ကြိယာပုဒ်တို့ ပါဝင်သော ဝါကျရိုး၊ ကတ္တား မြုပ်ဖွဲ့သော ဝါကျရိုး၊ နာမ်ပုဒ်တစ်ခုတည်း ပါဝင်သော ဝါကျရိုး၊ ကြိယာပုဒ် တစ်ခုတည်း ပါဝင်သော ဝါကျရိုး ဟူ၍ တွေ့ရပါသည်။

## ၂၊ ၁၊ ၁။ ကတ္တားပုဒ်၊ ကြိယာပုဒ်တို့ ပါဝင်သော ဝါကျရိုး

ဂျပန်ဘာသာစကားတွင် ကတ္တားတစ်ခု၊ ကြိယာတစ်ခုတို့ ပါဝင်သော ဝါကျရိုးကို တွေ့ရပါသည်။

にほんご は むずかしいですか。

**nihongo wa muzugashii desuka.**

ဂျပန်စကား က ခက်ခဲလား။ (အမေးဝါကျ)

ကတ္တားပုဒ် ကြိယာပုဒ်

いぬ が います。

**inu . ga imasu.**

ခွေး က ရှိတယ်။ (ထုတ်ဖော်ဝါကျ)

ကတ္တားပုဒ် ကြိယာပုဒ်

くすりや が あります。[၁]

**kusuruya ga arimasu.**

ဆေးဆိုင် က ရှိတယ်။ (ထုတ်ဖော်ဝါကျ)

ကတ္တားပုဒ် ကြိယာပုဒ်

ဂျပန်ဘာသာစကားသည် မြန်မာဘာသာစကားကဲ့သို့ ကတ္တားဝိဘတ် **သည်၊ က၊ မှာ** ကို が、 は ကြိယာဝိဘတ် **သည်၊ တယ်၊ မယ်** ကို ます、です ဟု အသုံးပြုပါသည်။ ထူးခြားချက်အနေဖြင့် မြန်မာဘာသာစကားက (ရှိသည်) ကြိယာကို သက်မဲ့ပဲဖြစ်စေ၊ သက်ရှိပဲဖြစ်စေ၊ (ရှိသည်) ကြိယာတစ်မျိုးတည်းကိုသာ အသုံးပြုပါသည်။ ဂျပန်ဘာသာစကားကမူ သက်ရှိ ရှိသည်ကို います。 (ရှိသည်)

---

[၁] くるみせんせい、２０１６、きょうと。

ကြိယာပုဒ်ကို အသုံးပြုပြီး သက်မဲ့ ရှိသည်ကို あります。(ရှိသည်)ကြိယာပုဒ်ကို အသုံးပြုရကြောင်း တွေ့ရှိရပါသည်။

## ၂။ ၁။ ၂။ ကတ္တားပုဒ်၊ ကံပုဒ်၊ ကြိယာပုဒ်တို့ ပါဝင်သော ဝါကျရိုး

ဂျပန်ဘာသာစကားတွင် ကတ္တားပုဒ်၊ ကံပုဒ်၊ ကြိယာပုဒ်တို့ ပါဝင်သော ဝါကျရိုးကို တွေ့ရပါသည်။

わたし は　りんご を たべます。

**watashi wa ringo wo tabemasu**

ကျွန်မ သည် ပန်းသီး ကို စားသည်။ (ထုတ်ဖော်ဝါကျ)

ကတ္တားပုဒ် ကံပုဒ် ကြိယာပုဒ်

あなた は おさけ を のみますか。

**anata wa osake wo nomimasuka.**

ခင်ဗျား က အရက် ကို သောက်သလား

ကတ္တားပုဒ် ကံပုဒ် ကြိယာပုဒ်

だれ が くるま を かいましたか。[၁]

**dare ga kuruma wo kaimashita ka.**

ဘယ်သူက ကား ကို ဝယ်ခဲ့ သလဲ။ (မေးခွန်းဝါကျ)

ကတ္တားပုဒ် ကံပုဒ် ကြိယာပုဒ်

ဂျပန်ဘာသာစကားသည် မြန်မာဘာသာစကားကဲ့သို့ ကတ္တားပုဒ်၊ ကံပုဒ်၊ ကြိယာပုဒ်တို့ဖြင့် ဖွဲ့စည်းထားသော ဝါကျရိုးကို တွေ့ရပါသည်။ မြန်မာဘာသာစကား၌ **အမေးပစ္စည်း** 'နည်း၊ လော၊ လား၊ လဲ၊ ပါ၊ တုံး၊ သလား' စသည်ဖြင့် အမျိုးမျိုး ရှိသော်လည်း ဂျပန်ဘာသာစကား၌မူ အမေးပစ္စည်းအနေဖြင့် か。ကိုသာ အသုံးပြုကြောင်း တွေ့ရပါသည်။

[၁] tu tu mar せんせい、2009、ﾐﾀﾞﾚ。、

## ၂၊ ၁၊ ၃။ ကတ္တားပုဒ်၊ အခြားပုဒ်များနှင့် ကြိယာပုဒ် ပါဝင်သောဝါကျရိုး

ဂျပန်ဘာသာစကားတွင် ကတ္တားပုဒ်၊ ကြိယာပုဒ်များအပြင် အခြားပုဒ်များ ဖြစ်သော ကတ္တားပုဒ်၊ ကတ္တားအဖြည့်ခံပုဒ်၊ ကံပုဒ်၊ ရှေးရှုရာပြပုဒ်၊ အသုံးခံပြပုဒ်၊ ကြောင်းပြပုဒ်၊ လက်ခံပြပုဒ်၊ နေရာပြပုဒ်၊ အချိန်ပြပုဒ်၊ ပိုင်ဆိုင်ခြင်းပြပုဒ်၊ ထယှဉ်တွဲပြပုဒ်၊ ခွဲထုတ်ရာပြပုဒ်တို့ဖြင့် ဖွဲ့စည်းထားသော ဝါကျရိုးကို တွေ့ရပါသည်။

### ၁။ ကတ္တားပုဒ်၊ ကတ္တားပုဒ်အဖြည့်ခံပုဒ်၊ ကြိယာပုဒ်တို့ ပါဝင်သော ဝါကျရိုး

わたし は ｷﾝﾊﾟﾊﾟﾄｩﾝ です。

**watashi wa kinpapatyun desu.**

ကျွန်မ က ခင်ပပထွန်း ပါ။ (ထုတ်ဖော်ဝါကျ)

ကတ္တားပုဒ် အဖြည့်ခံပုဒ် ကြိယာပုဒ်

それ は しんぶんでは ありません。

**sore wa shinbun dewa arimasen.**

ဟိုဟာ က သတင်းစာ မဟုတ်ဘူးလား။ (ငြင်းပယ်ဝါကျ)

ကတ္တားပုဒ် အဖြည့်ခံပုဒ် ကြိယာပုဒ်

あなた は せんせい ですか。[၁]

**anata wa sensei desu ka**

ခင်ဗျား က ဆရာ လား။ (သို့မဟုတ်) ခင်ဗျားက ဆရာ ဟုတ်လား။ (မေးခွန်းဝါကျ)

ကတ္တားပုဒ် အဖြည့်ခံပုဒ် ကြိယာပုဒ်

ဂျပန်ဘာသာစကားသည် မြန်မာဘာသာစကားကဲ့သို့ ကတ္တားပုဒ်၊ ကတ္တားအဖြည့်ခံပုဒ်၊ ကြိယာပုဒ်တို့ဖြင့် ဝါကျရိုးများ ဖွဲ့စည်းပါသည်။ ကြိယာကို ထည့်၍လည်းကောင်း၊ ကြိယာကို မြှုပ်ပြီး ကြိယာဝိဘတ်ကို ထည့်၍လည်းကောင်း ဝါကျရိုးများ ဖွဲ့စည်းကြောင်း တွေ့ရပါသည်။

---

၁ くるみせんせい、２０１６、きょうと。

## ၂။ ကတ္တားပုဒ်၊ လက်ခံပြပုဒ်၊ ကံပုဒ်၊ ကြိယာပုဒ်တို့ ပါဝင်သော ဝါကျရိုး

きむらさん は　りーさん に　ざっし　を　あけました。

**kimurasan wa ri- san ni zatsushi wo akemashita.**

ကီမုရစန် သည် ရီ–စန် အား မဂ္ဂဇင်း ကို ပေးခဲ့တယ်။ (ထုတ်ဖော်ပြဝါကျ)

ကတ္တားပုဒ် လက်ခံပြပုဒ် ကံပုဒ် ကြိယာပုဒ်

きむらさん は　わたし に　じしょ を くれました。

**kimurasan wa watashi ni jisho wo kuremashita.**

ကီမုရစန် သည် ကျွန်တော်အား အဘိဓာန်ကို ပေးခဲ့သည်။ (ထုတ်ဖော်ပြဝါကျ)

ကတ္တားပုဒ် လက်ခံပြပုဒ် ကံပုဒ် ကြိယာပုဒ်

りーさん は　きむらさん に　ざっし を　もらいました。

**ri- san wa kimurasan ni zatsushi wo moraimashita.**

ရီစန် သည် ကီမူရစန် အား မဂ္ဂဇင်း ကို ပေးခဲ့သည်။ (ထုတ်ဖော်ပြဝါကျ)

ကတ္တားပုဒ် လက်ခံပြပုဒ် ကံပုဒ် ကြိယာပုဒ်

わたし は　きむらさん に　じしょ を もらいました。[၁]

**watashi wa kimurasan ni jisho wo moraimashita.**

ကျွန်မ သည် ကီမုရစန် အား အဘိဓာန်ကို ပေးခဲ့သည်။ (ထုတ်ဖော်ပြဝါကျ)

ကတ္တားပုဒ် လက်ခံပြပုဒ် ကံပုဒ် ကြိယာပုဒ်

မြန်မာဘာသာစကား၌ လက်ခံပြပုဒ်ပါသော ဝါကျရိုးဖွဲ့ရာတွင် (**ကျွန်တော်သည် အဘိဓာန်ကို ကီမူရစန်အား ပေးခဲ့သည်။**) **ကတ္တားပုဒ်၊ လက်ခံပြပုဒ်၊ ကံပုဒ်၊ ကြိယာပုဒ် ဟူ၍ ဝါကျရိုး ဖွဲ့လေ့ရှိကြပါသည်။** ဂျပန်ဘာသာစကား၌ きむらさんは わたしに じしょを くれました。 **(ကီမူရစန်သည် ကျွန်တော်အား အဘိဓာန်ကို ပေးခဲ့သည်)**ဟု ကတ္တားပုဒ်၊ လက်ခံပြပုဒ်၊ ကံပုဒ်၊ ကြိယာပုဒ်တို့ ပါဝင်သော ဝါကျရိုး ဟူ၍ ဖွဲ့လေ့ရှိကြောင်း တွေ့ရပါသည်။ အဓိပ္ပါယ်အားဖြင့် ခြားနားသွားမှု မရှိပေ။ သို့သော် ထူးခြားချက်အနေဖြင့် မြန်မာဘာသာစကား၌ **A** က **B** ကို ပေးခဲ့သည် ဖြစ်စေ၊ **A** က ကျွန်တော် (သို့မဟုတ်) ကျွန်မကို ပေးခဲ့သည် ဖြစ်စေ၊ **B** နှင့်

---

[၁] くるみせんせい、２０１６、きょうと。

ကျွန်တော်က **A** ကို ပြန်ပေးခဲ့သည်ဖြစ်စေ (ပေးခဲ့သည်)ဟူသော ကြိယာ တစ်မျိုးတည်းကိုသာ အသုံးပြုကြောင်း တွေ့ရပါသည်။ ဂျပန်ဘာသာစကား၌မူ **A** က **B** ကို ပေးခဲ့သည်ကို あげました。 ၊ **A** ကနေ ကျွန်တော်၊ ကျွန်မကို ပေးခဲ့သည်ကို くれました。၊ **B** ကပဲ ဖြစ်စေ၊ ကျွန်တော် (သို့မဟုတ်) ကျွန်မကပဲ ဖြစ်စေ **A** ကို ပြန်ပေးခဲ့လျှင် もらいました。 ဟု ခွဲခြား၍ အသုံးပြုကြောင်း တွေ့ရပါသည်။

## ၃။ နေရာပြပုဒ်၊ ကတ္တားပုဒ်၊ ကြိယာပုဒ်တို့ပါဝင်သော ဝါကျရိုး

きょうしつ に　だれ　がいますか。

**kyooshitsu ni dare ga imasuka.**

စာသင်ခန်း ထဲမှာ ဘယ်သူ က ရှိလဲ။(သို့မဟုတ်)စာသင်ခန်းထဲမှာဘယ်သူရှိသလဲ။(အမေးဝါကျ)

နေရာပြပုဒ် ကတ္တားပုဒ် ကြိယာပုဒ်

こうえん に　ひと が　おおせいいます。

**kouen ni hito ga ooseiimasu**

ပန်းခြံ ထဲမှာ လူ က အများကြီးရှိတယ်။ (ထုတ်ဖော်ပြဝါကျ)

နေရာပြပုဒ် ကတ္တားပုဒ် ကြိယာပုဒ်

ここに　がくせい　が　います。[၁]

ဒီမှာ ကျောင်းသားတွေ က ရှိတယ်။ (ထုတ်ဖော်ပြဝါကျ)

နေရာပြပုဒ် ကတ္တားပုဒ် ကြိယာပုဒ်

မြန်မာဘာသာစကားသည် များသောအားဖြင့် **(လူတွေ ပန်းခြံထဲမှာ ရှိသည်။)** ကတ္တားပုဒ်၊ နေရာပြပုဒ်၊ ကြိယာပုဒ် ဟူ၍ ဖွဲ့စည်းရှိသော်လည်း ဂျပန်ဘာသာစကား၌မူ နေရာပြပုဒ်၊ ကတ္တားပုဒ်၊ ကြိယာပုဒ် ဟူ၍ ဖွဲ့စည်းရှိကြောင်း တွေ့ရပါသည်။ အဓိပ္ပာယ်မှာ ခြားနားမှု မရှိပေ။

[၁] くるみせんせい、２０１６、きょうと。

## ၄။ အချိန်ပြပုဒ်၊ ရှေးရှုရာပြပုဒ်၊ ကံပုဒ်၊ ကြိယာပုဒ်တို့ပါဝင်သော ဝါကျရိုး

こんばん ともだち に てがみ を かきます。

**konban tomodachi ni tegami wo kakimasu.**

ဒီညနေ သူငယ်ချင်းဆီ သို့ စာ ကို ရေးတယ်။ (ထုတ်ဖော်ဝါကျ)

အချိန်ပြပုဒ် ရှေးရှုရာပြပုဒ် ကံပုဒ် ကြိယာပုဒ်

まいしゅう せんせい に ﾚﾎﾟｰﾄ を かきます。[၁]

**maishuu sensei ni repo-to wo kakimasu.**

အပတ်တိုင်း ဆရာ ဆီသို့ အစီအရင်ခံစာ ကို တင်တယ်။ (ထုတ်ဖော်ဝါကျ)

အချိန်ပြပုဒ် ရှေးရှုရာပြပုဒ် ကံပုဒ် ကြိယာပုဒ်

きのう ｼﾞﾑさん は ﾛﾝさんに じてんしゃ を かりました。[၂]

**kinoo jimusan wa ronsan ni jitensha wo karimashita.**

မနေ့က ဂျိမ်ုစန် သည် ရိုးစန် ဆီက စက်ဘီး ကို ချေးငှားတယ်။(ထုတ်ဖော်ပြဝါကျ)

အချိန်ပြပုဒ် ကတ္တားပုဒ် ရှေးရှုရာပြပုဒ် ကံပုဒ် ကြိယာပုဒ်

ဂျပန်ဘာသာစကား၌ အချိန်ပြပုဒ်၊ ကတ္တားပုဒ်၊ ရှေးရှုရာပြပုဒ်၊ ကံပုဒ်၊ ကြိယာပုဒ်တို့ပါဝင်သော ဝါကျရိုးကို တွေ့ရပါသည်။ မြန်မာဘာသာစကားတွင်လည်း ဤကဲ့သို့ ဝါကျရိုးဖွဲ့စည်းပုံမျိုး ရှိပါသည်။ မြန်မာဘာသာစကား၌ ရှေးရှုရာပြဝိဘတ်အနေဖြင့် **သို့** ကို အသုံးပြုပါသည်။ ဂျပန်ဘာသာစကား၌ ｽｰﾊﾟへ いきます。(**super market သို့ သွားသည်။**) ဟူသော ဝါကျလည်း ရှိသည့်အတွက် ဂျပန်ဘာသာစကား၏ ရှေးရှုရာပြဝိဘတ်အနေဖြင့် に နှင့် へ ကို အသုံးပြုကြောင်း တွေ့ရပါသည်။

---

[၁] やすこせんせい、２０１６、きょうと。

[၂] やすこせんせい、２０１６、きょうと。

**၅။ ခွဲထုတ်ရာပြပုဒ်၊ ကတ္တားပုဒ်၊ ကတ္တားအဖြည့်ခံပုဒ်၊ ကြိယာပုဒ်တို့ ပါဝင်သော ဝါကျရိုးနှင့် ခွဲထုတ်ရာပြပုဒ်၊ နေရာပြပုဒ်၊ ကြိယာပုဒ်တို့ပါဝင်သော ဝါကျရိုး**

がくせいの なかで だれ が いしばん せ が たかいです。

**gakuseino nakade dare ga ishiban se ga takaidesu.**

ကျောင်းသားတွေထဲမှာ ဘယ်သူက နံပါတ်တစ် အရပ်(က) ရှည်သနည်း။ (မေးခွန်းဝါကျ)

ခွဲထုတ်ရာပြပုဒ် ကတ္တားပုဒ် ကတ္တားအဖြည့်ခံပုဒ် ကြိယာပုဒ်

にほんりょうりの なかでは なに が いちばん おいしいですか。

**nihonryoorino nakadewa nani ga ichiban oishiidesuka.**

ဂျပန်အစားစာ ထဲမှာတော့ ဘယ်ဟာက နံပါတ်တစ် အရသာရှိသလဲ။ (မေးခွန်းဝါကျ)

ခွဲထုတ်ရာပြပုဒ် ကတ္တားပုဒ် ကြိယာပုဒ်

あなた の かお の なかで どこ が いちばん すきですか。[၁]

**anata no kao no nakade doko ga ichiban sukidesuka.**

ခင်ဗျား (ရဲ့) မျက်နှာ(ရဲ့) ထဲမှာ ဘယ်နေရာက နံပါတ်တစ်ကြိုက်သလဲ။ (မေးခွန်းဝါကျ)

ပိုင်ဆိုင်ခြင်းပြပုဒ် ခွဲထုတ်ရာပြပုဒ် နေရာပြပုဒ် ကြိယာပုဒ်

မြန်မာဘာသာစကား၌ ခွဲထုတ်ရာပြဝိဘတ်အနေဖြင့် **တွင်၊ အနက်၊ အထဲမှာ၊ အထဲမှ** ဟု အမျိုးမျိုး အသုံးပြုပါသည်။ ဂျပန်ဘာသာစကား၌မူ で (**ထဲမှာ**)၊ では (**အထဲမှာတော့**) ဟူ၍ ပစ္စည်း は (**တော့**)ကို ဆက်ပြီးအသုံးပြုကြောင်း တွေ့ရပါသည်။ ဂျပန်ဘာသာစကား၌ နံပါတ်ကို အရေအတွက်ပြ သချာနာမဝိသေသနအဖြစ် လည်းကောင်း၊ ကြိယာဝိသေသနအဖြစ် လည်းကောင်း အသုံးပြုကြောင်း တွေ့ရပါသည်။

## ၂။ ၁၊ ၄။ ကတ္တားမြုပ်ဝါကျရိုး

ဂျပန်ဘာသာစကားတွင် ကတ္တားမြှုပ်၍ဖွဲ့ထားသော ဝါကျရိုးများကို တွေ့ရပါသည်။

---

[၁] やすこせんせい、２０１６、きょうと。

## ၁။ ကံပုဒ်၊ ကြိယာပုဒ်တို့ပါဝင်သော ဝါကျရိုး

コーヒー を のみます。

**ko-hi- wo nomimasu.**

ကော်ဖီ ကို သောက်တယ်။ (ထုတ်ဖော်ပြဝါကျ)

ကံပုဒ် ကြိယာပုဒ်

タクシー に のります。

**takushi ni norimasu.**

တက်စီ ကို စီးတယ်။ (ထုတ်ဖော်ပြဝါကျ)

ကံပုဒ် ကြိယာပုဒ်

くるまの おと が くこえました。

**kurumano oto ga kukoemashita.**

ကား (ရဲ့) အသံ ကို ကြားခဲ့တယ်။ (ထုတ်ဖော်ပြဝါကျ)

ကံပုဒ် ကြိယာပုဒ်

コーヒーでも のみませんか。[၁]

**ko-hi- demo nomimasenka.**

ကော်ဖီကို မသောက်ဘူးလား။ (မေးခွန်းဝါကျ)

ကံပုဒ် ကြိယာပုဒ်

えいが は すきですか。

**eiga wa sukidesuka.**

ရုပ်ရှင် ကို ကြိုက်လား။ (မေးခွန်းဝါကျ)

ကံပုဒ် ကြိယာပုဒ်

[၁] tu tu mar せんせい、２０１６、きょうと。

たばこ が ぜんぜん すいませんか。[၁]

**tabako ga zenzen suimasenka.**

ဆေးလိပ် ကို လုံးဝ မသောက်ဘူး။ (ငြင်းပယ်ဝါကျ)

ကံပုဒ် ကြိယာပုဒ်

မြန်မာဘာသာစကား၌ ကံဝိဘတ်အနေဖြင့် **ကို** ကို အသုံးပြုသော်လည်း၊ ဂျပန်ဘာသာစကား၌ を、に、 が、 でも、 は ဟူ၍ အသုံးပြုပါသည်။ မေးသော မေးခွန်းအပေါ် မူတည်၍ ပြောင်းလဲသွားသည်ကို တွေ့ရပါသည်။ သာဓကအားဖြင့် あした なにを しますか。 (နက်ဖြန်မှာ ဘာကို လုပ်မှာလဲ။)ဟု မေးလျှင် えいが を みます。(**ရုပ်ရှင်ကို ကြည့်မယ်**) ဟု လည်းကောင်း၊ なにが きこえましたか。 (**ဘာကို ကြားရသလဲ။**) ဟုမေးလျှင် とりの こえが きこえました。 (**ငှက်သံကို ကြားရတယ်။**)ဟု လည်းကောင်း၊ に နှင့်မေးလျှင် に ဖြင့် လည်းကောင်း၊ を နှင့်မေးလျှင် を ဖြင့် လည်းကောင်း ပြန်ဖြေပြီး၊ が နှင့် မေးလျှင် が ဖြင့် လည်းကောင်း ပြန်ဖြေကြောင်း တွေ့ရပါသည်။

## ၂။ ယှဉ်တွဲပြပုဒ်၊ ကြိယာပုဒ်တို့ပါဝင်သော ဝါကျရိုး

メリさん と いきます。

**merisan to ikimasu.**

မေရီစန် နဲ့ သွားမယ်။ (ထုတ်ဖော်ပြဝါကျ)

ယှဉ်တွဲပြပုဒ် ကြိယာပုဒ်

ともだし と あいました。[၂]

**tomodashi. to aimashita.**

သူငယ်ချင်း နဲ့ တွေ့ခဲ့တယ်။ (ထုတ်ဖော်ပြဝါကျ)

ယှဉ်တွဲပြပုဒ် ကြိယာပုဒ်

---

[၁] くるみせんせい、２０１６、きょうと。

[၂] tu tu mar せんせい、２０１６、きょうと。

たなかさん に のみます。[၁]

**tanakasan ni nomimasu.**

တနကစန် နဲ့ သောက်မယ်။ (ထုတ်ဖော်ပြဝါကျ)

ယှဉ်တွဲပြပုဒ် ကြိယာပုဒ်

မြန်မာဘာသာစကား၌ ယှဉ်တွဲပြဝိဘတ်အနေဖြင့် **နှင့်၊ နှင့်အတူ၊ နှင့်အမျှ၊ နှင့်တကွ** ဟူ၍ အသုံးပြုပြီး၊ ဂျပန်ဘာသာစကား၌ と နှင့် に ကို အသုံးပြုကြောင်း တွေ့ရပါသည်။

## ၃။ အသုံးခံပြုပုဒ်၊ ကြိယာပုဒ်တို့ပါဝင်သော ဝါကျရိုး

ｽﾌﾟｰﾝ で たべました。

**supun de tabemashita.**

ဇွန်း နဲ့ စားခဲ့တယ်။ (ထုတ်ဖော်ပြဝါကျ)

အသုံးခံပြုပုဒ် ကြိယာပုဒ်

えぴつ で かきます。

**epitsu de kakimasu.**

ခဲတံ နဲ့ စာရေးတယ်။ (ထုတ်ဖော်ပြဝါကျ)

အသုံးခံပြုပုဒ် ကြိယာပုဒ်

でんしゃ で いきます。[၂]

**densha de ikimasu.**

ဓါတ်ရထား ဖြင့် သွားသည်။ (ထုတ်ဖော်ပြဝါကျ)

အသုံးခံပြုပုဒ် ကြိယာပုဒ်

မြန်မာဘာသာစကား၌ အသုံးခံဝိဘတ်အနေဖြင့် **ဖြင့်၊ နှင့်** ဟူ၍ ရှိသော်လည်း ဂျပန်ဘာသာစကားမှာမူ အသုံးခံဝိဘတ်အနေဖြင့် で (**နဲ့**) ကို အသုံးပြုကြောင်း တွေ့ရပါသည်။

---

[၁] くるみせんせい、２０１６、きょうと。

[၂] くるみせんせい、２０１６、きょうと。

## ၄။ နေရာပြပုဒ်၊ ကြိယာပုဒ် တို့ပါဝင်သော ဝါကျရိုး

きさてん で のみます。[၁]

**kisaten de nomimasu.**

လက်ဖက်ရည်ဆိုင် မှာ သောက်မယ်။ (ထုတ်ဖော်ဝါကျ)

နေရာပြပုဒ် ကြိယာပုဒ်

えきの ちかく に あります。

**ekino chikaku no arimasu.**

ဘူတာရုံရဲ့ အနီး မှာ ရှိတယ်။ (ထုတ်ဖော်ဝါကျ)

နေရာပြပုဒ် ကြိယာပုဒ်

いぬ の まえ に います。[၂]

**inu no mae ni imasu.**

ခွေး ရဲ့ ရှေ့ မှာ ရှိတယ်။ (ထုတ်ဖော်ဝါကျ)

နေရာပြပုဒ် ကြိယာပုဒ်

မြန်မာဘာသာစကားတွင် နေရာပြပုဒ်အနေဖြင့် **၌၊ မှာ၊ တွင်၊ ဝယ်၊ က** ဟု သုံးသော်လည်း ဂျပန်ဘာသာစကားမှာမူ で နှင့် に ကို အသုံးပြုကြောင်း တွေ့ရပါသည်။ ဤဝါကျဖွဲ့ပုံသည် မြန်မာဝါကျဖွဲ့ပုံနှင့်လည်း တူပါသည်။

ဂျပန်ဘာသာစကားသည် ပုဒ်အားလုံးကို မြှုပ်ပြီး နာမ်ပုဒ်တစ်ခုတည်းဖြင့်လည်းကောင်း၊ ကြိယာပုဒ်တစ်ခုတည်းဖြင့် လည်းကောင်း ဝါကျရိုး ဖွဲ့စည်းထားကြောင်း တွေ့ရပါသည်။

## ၂၊ ၁၊ ၅။ နာမ်ပုဒ် တစ်ခုတည်းပါဝင်သော ဝါကျရိုး

ဂျပန်ဘာသာစကားသည် နာမ်ပုဒ်တစ်ခုတည်းဖြင့်ဖွဲ့သော ဝါကျများကို တွေ့ရပါသည်။

---

[၁] tu tu mar せんせい、２０１６、きょうと。

[၂] くるみせんせい、２０１６、きょうと。

あなた は。 (まいばん おきけを のみます。)

**anata wa (maiban okikewo nomimasu.)**

ခင်ဗျား ရော။ (အမေးဝါကျ) (ညတိုင်း အရက်ကို သောက်တယ်)

ケーキは。 (パン と ケーキ と どちらが おいしいですか。)

**ke-ki wa. (pan to ke-ki to dochira ga oishiidesuka.)**

ကိတ်မုန့်။ (ထုတ်ဖော်ဝါကျ) (ပေါင်မုန့်နဲ့ ကိတ် နဲ့ ဘယ်ဟာက အရသာရှိသလဲ)

**3** じです。 (いま なんじですか) [၁]

**san jidesu. (ima nanjidesuka)**

သုံးနာရီ။ (ထုတ်ဖော်ဝါကျ) (အခု ဘယ်နှနာရီလဲ)

ဂျပန်ဘာသာစကားသည် မြန်မာဘာသာစကားကဲ့သို့ နာမ်ပုဒ်တစ်ခုတည်းဖြင့် ဖွဲ့သော ဝါကျရိုးကို တွေ့ရပါသည်။ နာမ်ပုဒ်တစ်ခုတည်းဖြင့် ဖွဲ့သော ဝါကျရိုးကို အမေးဝါကျရိုးပုံစံအဖြစ်လည်းကောင်း၊ အဖြေဝါကျရိုးအဖြစ်လည်းကောင်း အသုံးပြုကြောင်း တွေ့ရပါသည်။

## ၂၊ ၁၊ ၆။ ကြိယာပုဒ် တစ်ခုတည်းပါဝင်သော ဝါကျရိုး

ဂျပန်ဘာသာစကား၌ ကြိယာပုဒ်တစ်ခုတည်းပါဝင်သော ဝါကျရိုးကို တွေ့ရပါသည်။

はい、 います。

**hai , imasu.**

ဟုတ်ကဲ့။ ရှိပါတယ်။ (ထုတ်ဖော်ဝါကျ)

いいえ、 いません。

**i i e, i masen.**

ဟင့်ဟင့်။ မရှိပါဘူး။ (ထုတ်ဖော်ဝါကျ)

---

[၁] やすこせんせい、２０１６、きょうと。

けんきになりますように.

**kenkini narimasuyooni**

နေကောင်းပါစေ။ (ဆန္ဒဝါကျ)

いただきます。

**itada kimasu.**

စားပါရစေ။ စားတော့မယ်။ (ဆန္ဒဝါကျ)

すみません。

**sumimasen.**

တောင်းပန်ပါတယ်။ တောင်းပန်ပါရစေ။ ကျေးဇူးပြုပြီး (ခွင့်တောင်း)။ (ဆန္ဒဝါကျ)

こめんなさい。

**komennasi.**

တောင်းပန်ပါတယ်။ တောင်းပန်ပါရစေ။ (မိမိကအမှားလုပ်မိတဲ့အခါ)။ (ဆန္ဒဝါကျ)

あつくない。[၁]

**atsukunai.**

မပူဘူး။ (ငြင်းပယ်ဝါကျ)

あつくなかった

**atsukunakatsuta.**

မပူခဲ့ဘူး။ (ငြင်းပယ်ဝါကျ)

げんきだ。

**genkida**

ကျန်းမာသည်။ (ထုတ်ဖော်ဝါကျ)

[၁] tu tu mar せんせい、２０１６、きょうと。

げんきだった。

**genkidatsuta.**

ကျန်းမာခဲ့တယ်။ (ထုတ်ဖော်ဝါကျ)

. はなだ。

**hanada.**

စကားပြောတယ်။ (ထုတ်ဖော်ဝါကျ)

みませんですか。

**mimasendesuka.**

မကြည့်ဘူးလား။ ကြည့်မှာလား။ (အမေးဝါကျ)

はじめましょう。

**hajimemashoo.**

စတင်စို့။ (တိုက်တွန်းဝါကျ)

いく。

**i ku.**

သွားမယ်။ (ထုတ်ဖော်ဝါကျ)

いきなさい。

**ikinasai.**

သွားပါ။ (တိုက်တွန်းဝါကျ)

いけ。

**ike.**

သွားစမ်း။ (ထုတ်ဖော်ဝါကျ)

いくな。[၁]

**ikuna.**

မသွားနဲ့။ (ထုတ်ဖော်ဝါကျ)

やめる。

**yameru.**

ရပ်နားမယ်။ (ထုတ်ဖော်ဝါကျ)

やめろ。

**yamero.**

ရပ်စမ်း။ (တိုက်တွန်းဝါကျ)

やめるな。

**yameruna.**

ရပ်နဲ့။ (ငြင်းပယ်ဝါကျ)

つれてくる。

**tsuretekuru.**

ခေါ်လာမယ်။ (ထုတ်ဖော်ဝါကျ)

つれてきなさい。

**tsuretekinasai.**

ခေါ်လာပါ။ (တိုက်တွန်းဝါကျ)

つれてこい。

**tsuretakoi.**

ခေါ်လာစမ်း။ (ထုတ်ဖော်ဝါကျ)

---

[၁] tu tu mar せんせい、２０１６、きょうと。

つれてくるな。[၁]

**tsuretekuruna.**

ခေါ်မလာနဲ့။ မခေါ်နဲ့။ (ငြင်းပယ်ဝါကျ)

ဂျပန်ဘာသာစကားသည် どうし形 (**ကြိယာပုံစံ**) သုံးမျိုးဖြင့် ဖော်ပြပါသည်။ どうし-**1** (**ကြိယာ-၁**)၊ どうし-**2** (**ကြိယာ-၂**)၊ どうし-**3** (**ကြိယာ-၃**) ဟူ၍ ပြပါသည်။ ၎င်း どうし ကြိယာပုံစံ (၃)ခုတို့သည် မြန်မာဘာသာစကားကဲ့သို့ ပစ္စုပ္ပန်ကာလပြကြိယာ၊ အတိတ်ကာလပြကြိယာ၊ အနာဂတ်ကာလပြကြိယာ ဟူ၍ ဖော်ပြခြင်းမျိုး မဟုတ်ပေ။ どうし-**1** ပဲဖြစ်စေ၊ どうし-**2** ပဲဖြစ်စေ၊ どうし-**3** ပဲဖြစ်စေ သုံးမျိုးလုံးကို じしょけい အဘိဓာန်ကြိယာပုံစံ (**တယ်၊ သည်၊ မယ်**)၊ ないけい **အငြင်းပြကြိယာပုံစံ(မ-ဘူး)**၊ たけい အတိတ်ကာလပြကြိယာပုံစံ (**ခဲ့သည်၊ ခဲ့တယ်**)၊ た **နေရာတွင်** て **ပြောင်းကာ** てけい အတိတ်ကာလပြကြိယာပုံစံ (**ခဲ့သည်၊ ခဲ့တယ်**)၊ ふつうけい (**ပုံမှန်ကြိယာပုံစံ**)၊ かのうけい လုပ်နိုင်သည်ဆိုသည့် (**နိုင် ကြိယာထောက်ထည့်သည့် ကြိယာပုံစံ**)၊ めいれいけい (**အမိန့်ပေးကြိယာပုံစံ**)တို့တွင် ထည့်၍ အသုံးပြုရပါသည်။ ဂျပန်ဘာသာစကားသည် မြန်မာဘာသာစကားကဲ့သို့ あつい (**ပူသော**)၊ (いけいようし **အီ နာမဝိသေသန**)၊ げんきた (**ကျန်းမာသော**)၊ (なけいようし **န နာမဝိသေသန**)၊ はな (**စကား**)၊ (めいし **နာမ်**)တို့ကို သက်ဆိုင်ရာဝိဘတ်ဆက်ခြင်းအားဖြင့် ကြိယာအဖြစ်သို့ ပြောင်းလဲသွားကြောင်းကို တွေ့ရပါသည်။

## ၂၊ ၂။ ဝါကျရော

ဝါကျရိုး(၂)ခု သို့မဟုတ် (၂)ခုထက်ပိုသော ဝါကျရိုးကို ဝါကျတစ်ခုတည်းဖြစ်စေရန် ဝိဘတ်၊ ပစ္စည်း၊ သမ္ဗန္ဓ တစ်ခုခုဖြင့်ဆက်၍ ရေးသောဝါကျကို ဝါကျရောဟုခေါ်သည်။[၂]

ဝါကျကဏ္ဍ (၂)မျိုး ရှိသည်။ ယင်းဝါကျကဏ္ဍ (၂)မျိုးတို့မှာ-

(၁) အမှီခံဝါကျကဏ္ဍ

(၂) အမှီဝါကျကဏ္ဍ တို့ဖြစ်ကြပါသည်။

---

[၁] やすこせんせい、２０１６、きょうと。

[၂] မြန်မာစာအဖွဲ့၊ ၂၀၀၅၊ ၂၆၁။

အမှီဝါကျကဏ္ဍ (၃)မျိုး ရှိပါသည်။ ယင်း(၃)မျိုးမှာ–

(က) နာမ်ဝါကျကဏ္ဍ

(ခ) နာမဝိသေသနအမှီဝါကျကဏ္ဍ

(ဂ) ကြိယာဝိသေသနအမှီဝါကျကဏ္ဍ တို့ ဖြစ်ပါသည်။[၁]

ဂျပန်ဘာသာစကားသည် နာမ်အမှီဝါကျကဏ္ဍပါဝင်သော ဝါကျရောကို တွေ့ရပါသည်။

## ၂၊ ၂၊ ၁။ အမှီဝါကျတစ်ခုပါဝင်သော ဝါကျရော

### ၁။ နာမ်ဝါကျကဏ္ဍ ပါဝင်သော ဝါကျရော

ကတ္တားနှင့်ကြိယာ ပါရှိပြီး နာမ်သဘောသက်ရောက်သော အမှီဝါကျကဏ္ဍကို နာမ်ဝါကျကဏ္ဍ ဟုခေါ်သည်။[၂]

わたし は しんじゅく へ えいが を み に いきます。

**watashi wa shinjyuku he eiga wo mi ni ikimasu.**

ကျွန်တော်သည် ရှင်ဂျူးကု သို့ ရုပ်ရှင် (ကို ကြည့်ဖို့ သွားတယ်။ (ထုတ်ဖော်ဝါကျ)

နာမ်အမှီဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ

わたし は えいが を はなすのは むずかしいです。

**watashi wa eiga wo hanasu nowa muzukashiidesu.**

ကျွန်မ က ရုပ်ရှင် ကို ကြည့်တာကို ကြိုက်တယ်။ (ထုတ်ဖော်ဝါကျ)

နာမ်အမှီဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ

にほんご を はなす のは むずかしいです。

**nihongo wo hanasu nowa muzukashiidesu.**

ဂျပန်ဘာသာစကားကို ပြောရ တာက ခက်ခဲတယ်။ (ထုတ်ဖော်ဝါကျ)

နာမ်အမှီဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၀၅၊ ၂၆၂။

[၂] မြန်မာစာအဖွဲ့၊ ၂၀၀၅၊ ၂၆၃။

ねるまえ に は を みがきます。[၁]

**nerumae ni ha wo migakimasu.**

မအိပ်မီ မှာ သွား ကို တိုက်တယ်။ (ထုတ်ဖော်ဝါကျ)

နာမ်အမှီဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ

မြန်မာဘာသာစကားဖွဲ့စည်းပုံနှင့် တူညီပါသည်။ မြန်မာဘာသာစကား၌ ဝါကျဆက်ရာတွင် သမ္ဗန္ဓဖြစ်စေ၊ ဝိဘတ်ဖြစ်စေ၊ ပစ္စည်းဖြစ်စေ၊ အသုံးပြုပြီး ဝါကျရော ဖွဲ့စည်းပါသည်။ ဂျပန်ဘာသာစကား၌ နာမ်အမှီဝါကျကဏ္ဍ ဖွဲ့စည်းရာတွင် ဝါကျဆက်အနေဖြင့် に (**ဖို့**)၊ のか (**တာကို**)၊ のは (**တာက**)၊ なえに (**အထိမှာ**) တို့ကို အသုံးပြု၍ ဖွဲ့စည်းထားကြောင်း တွေ့ရပါသည်။

## ၂။ နာမဝိသေသနအမှီဝါကျကဏ္ဍ ပါဝင်သော ဝါကျရော

ကတ္တားပုဒ်နှင့် ကြိယာပုဒ်ပါရှိပြီး နာမဝိသေသနသဘော သက်ရောက်သော အမှီဝါကျကဏ္ဍကို နာမဝိသေသနဝါကျကဏ္ဍဟု ခေါ်သည်။[၂]

これ は くだもの を きるﾅｲﾌです .[၃]

**kore wa kudamono wo kiru naifudesu.**

ဒီဟာ က ပစ္စည်းတွေ ကို ဖြတ်(သော)ဓါးဖြစ်တယ်။ (ထုတ်ဖော်ဝါကျ)

နာဝိအမှီဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ

きのう みた えいが は おもしろかったです。

**kinou mita eiga wa omoshirokatsutadesu.**

မနေ့က ကြည့်ခဲ့(တဲ့)ရုပ်ရှင် က စိတ်ဝင်စားစရာကောင်းခဲ့တယ်။ (ထုတ်ဖော်ဝါကျ)

နာဝိအမှီဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ

うち へ くるみち は わかりますか。

**uchi he kurumichi wa wakarimasuka.**

အိမ် သို့ သွား(တဲ့)လမ်း ကို နားလည်လား။ (မေးခွန်းဝါကျ)

နာဝိအမှီဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ

---

[၁] くるみせんせい、２０１６、きょうと。

[၂] မြန်မာစာအဖွဲ့၊ ၂၀၀၅၊ ၂၆၄။

[၃] tu tu mar せんせい、２０１６、きょうと。

もえるごみ　は げつ、　すい、　きんです。

**moerugomi　wa getsu,　sui ,　kindesu.**

မီးလောင်တဲ့အမှိုက် က  တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့၊ သောကြာနေ့ပါ။ (သို့) ပစ်ပါ။ (ထုတ်ဖော်ဝါကျ)

နာဝိအမှီဝါကျကဏ္ဍ   အမှီခံဝါကျကဏ္ဍ

もえないごみ　は　もくようびに だしてくださいです。[၁]

**moenai gomi　wa mokuyoobini　dashitekudasaidesu.**

မီးမလောင်တဲ့အမှိုက်က  ကြာသပတေးနေ့ ထုတ်ပေးပါ။ (ထုတ်ဖော်ဝါကျ)

နာဝိအမှီဝါကျကဏ္ဍ   အမှီခံဝါကျကဏ္ဍ

မြန်မာဘာသာစကားသည် နာမဝိသေသနအမှီဝါကျကဏ္ဍဖြင့် ဖွဲ့စည်းရာတွင် **သော၊ သည့်၊ မည့်** ဟူသော ဝါကျဆက်ပစ္စည်းဖြင့် ဝါကျရော ဖွဲ့လေ့ရှိပါသည်။ ဂျပန်ဘာသာစကား၌ နာမဝိသေသနအမှီဝါကျကဏ္ဍ ဖွဲ့စည်းရာတွင် ဝါကျဆက်ပစ္စည်း မပါဘဲ じしょけ (**အဘိဓာန်ကြိယာ**)ကိုသာ အသုံးပြုပြီး နာဝိသေသန အမှီဝါကျရောအဖြစ် ဖွဲ့စည်းထားကြောင်း တွေ့ရပါသည်။

## ၃။ ကြိယာဝိသေသနအမှီဝါကျကဏ္ဍများ ပါဝင်သော ဝါကျ

ကတ္တားနှင့်ကြိယာပါရှိပြီး ကြိယာဝိသေသန သဘောသက်ရောက်သော အမှီဝါကျကဏ္ဍကို ကြိယာဝိသေသနဝါကျကဏ္ဍဟု ခေါ်သည်။[၂]

こくさいでんわ は　たかいですから、あまり かけることが　できません。

**kokusaidenwa wa　nakai desukara, amari　kakerukotoga　dekimasen**

ပြည်ပြည်ဆိုင်ရာဖုန်းသည် ဈေးကြီးတာကြောင့် သိပ်  မခေါ်ဘူး။ (ထုတ်ဖော်ဝါကျ)

အကြောင်းပြကြိယာဝိသေသန  အမှီဝါကျကဏ္ဍ   အမှီခံဝါကျကဏ္ဍ

[၁] くるみせんせい、２０１６、きょうと。

[၂] くるみせんせい、２０１６、きょうと。

こくさいでんわ　は　たかいです。 / だから/

**/ dekara /**

/ ですから/、 あまり　かけることが　　できません。

**kokusaidewa　　wa　takaidesu.　　desukara,　　amari　kakerukotoga　　dekimasen.**

ပြည်ပြည်ဆိုင်ရာဖုန်းသည် ဈေးကြီးသည်　ဒါ့ကြောင့်　　သိပ်　　မခေါ်ဘူး။ (ထုတ်ဖော်ဝါကျ)

အကြောင်းပြကြိယာဝိသေသန　အမှီဝါကျကဏ္ဍ　　အမှီခံဝါကျကဏ္ဍ

うるさいですから、　　おと　を　ちいさく　します。[၁]

**uru sai　　desukara　　　oto　　wo　chisaku　　shimasu.**

ဆူညံတဲ့　အတွက်ကြောင့်　အသံ　ကို　တိုးပေးပါ။ (တိုက်တွန်းဝါကျ)

အမှီဝါကျကဏ္ဍ　　　　　　အမှီခံဝါကျကဏ္ဍ

ဂျပန်ဘာသာစကားသည် အကြောင်းပြကြိယာဝိသေသနဝါကျဆက်သမ္ဗန္ဓကို အသုံးပြုရာတွင် ဝါကျဆက်သမ္ဗန္ဓအနေဖြင့် ですから ကိုအသုံးပြုပြီး၊ အဓိပ္ပါယ်ဆက်သမ္ဗန္ဓအဖြစ် だから、ですから များကို အသုံးပြုထားပါသည်။ ですから ကို ဝါကျဆက်သမ္ဗန္ဓနှင့် အဓိပ္ပါယ်ဆက်သမ္ဗန္ဓ နှစ်မျိုးလုံးကို အသုံးပြု၍ ရသော်လည်း၊ だから、 သမ္ဗန္ဓကိုမူ အဓိပ္ပါယ်ဆက်ဝါကျ တစ်ခုတည်း၌သာ အသုံးပြုရကြောင်း တွေ့ရပါသည်။

## ၄။ ဆန့်ကျင်ပြကြိယာဝိသေသနဝါကျကဏ္ဍများ ပါဝင်သော ဝါကျရော

きのう　ぜんぜん　べんきょうしませんでした　/ が　　/

**/ ga　　/**

/けれども/、 きょうのしけんは　まんてんでした。[၂]

**kinou　zenzen　　benkyoshimasendeshita　keredomo, kyounoshikenwa　mantendeshita.**

ဒီနေ့　လုံးဝ　　မလေ့လာခဲ့　　　　ပေမယ့်၊　ဒီနေ့ရဲ့စာမေးပွဲက　အမှတ်ပြည့်ရခဲ့တယ်။

ဆန့်ကျင်ပြကြိယာဝိသေသနအမှီဝါကျကဏ္ဍ　　အမှီခံဝါကျကဏ္ဍ

---

[၁] tu tu mar せんせい、２０１６、きょうと。

[၂] やすこせんせい、２０１６、きょうと。

きのう ぜんぜん べんきょうしませんでした。/でも /

/ **ga** /

/しかし/

**/shikashi /**

/けれども/、きょうの しけんは まんてんでした。[၁]

**kinou zenzen benkyoshimasendeshita .keredomo, kyouno shikenwa mantendeshita.**

ဒီနေ့ လုံးဝ မလေ့လာခဲ့ဘူး။ ပေမယ့် ဒီနေ့ရဲ့ စာမေးပွဲကအမှတ်ပြည့်ရခဲ့တယ်။

ဆန့်ကျင်ပြကြိယာဝိသေသနအမှီဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ

ဂျပန်ဘာသာစကား၌ ဆန့်ကျင်ပြကြိယာဝိသေသနဝါကျကဏ္ဍ အသုံးပြုရာတွင် が、けれども、でし、しかし ဟူ၍ အသုံးပြုပါသည်။ が、けれども ကို ဆန့်ကျင်ပြဝါကျဆက်သမ္ဗန္ဓ၌ အသုံးပြုပြီး でも、しかし、けれども ကို ဆန့်ကျင်ပြအဓိပ္ပါယ်ဆက်သမ္ဗန္ဓအဖြစ် အသုံးပြုရပါသည်။ けれども ကို ဆန့်ကျင်ပြဝါကျဆက် နှစ်မျိုးလုံးတွင် အသုံးပြုရကြောင်း တွေ့ရပါသည်။

## ၅။ အချိန်ပြကြိယာဝိသေသန အမှီဝါကျကဏ္ဍ ပါဝင်သော ဝါကျကဏ္ဍ

きょうと へ いくとき、 このカメラ を かいました。

**kyooto he ikutoki, konokamera wo kaimashita.**

တိုကျို သို့ သွားသောအခါ၊ ဒီကင်မရာ ကို ဝယ်ခဲ့တယ်။ (ထုတ်ဖော်ဝါကျရော)

အချိန်ပြကြိယာဝိသေသနအမှီဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ

りーさん は きょうしつ へ きたとき、 まず まど を あけます。

**ri - san wa kyoushitsu he kitatoki, mazu mado wo akemasu.**

ရီစန် သည် စာသင်ခန်း သို့ သွားသောအခါ၊ပထမဆုံးတံခါး ကို ဖွင့်တယ်။(ထုတ်ဖော်ဝါကျရော)

အချိန်ပြကြိယာဝိသေသနအမှီဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ

---

[၁] くるみせんせい、２０１６、きょうと。

ごはん を たべた あとで くすり を のみます。[၁]

**gohan wo tabeta ato de kusuri wo nomi masu.**

ထမင်း ကို စားပြီး နောက် ဆေး ကို သောက်ပါ။ (ထုတ်ဖော်ဝါကျရော)

အချိန်ပြကြိယာဝိသေသန အမှီဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ[၂]

ဂျပန်ဘာသာစကား၏ အချိန်ပြကြိယာဝိသေသနဝါကျကဏ္ဍ ဖွဲ့စည်းပုံမှာလည်း မြန်မာဘာသာစကားရှိ ဝါကျဖွဲ့စည်းပုံနှင့် တူညီကြောင်း တွေ့ရပါသည်။ ထို့ပြင် အမှီဝါကျတစ်ခုပါဝင်သော ဝါကျရောများစွာလည်း တွေ့ရပါသည်။

ごはん を たべたら、すぐ は を みがきます。

**gohan wo tabeta ra, sugu ha wo migakimasu.**

ထမင်း ကို စား ရင်၊ ချက်ခြင်း သွား ကို တိုက်တယ်။ (ထုတ်ဖော်ဝါကျရော)

အမှီဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ

やすみの ひ は ゆっくり やすんだほうが いいです。

**yasumi no hi wa yutsukuri yasun dehooga i i desu.**

အနားယူတဲ့ ရက် မှာ အေးအေးဆေးဆေး အနားယူရင် ကောင်းတယ်။(ထုတ်ဖော်ဝါကျရော)

အမှီဝါကျကဏ္ဍ အမှီဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ

ここに なまえ を かかなくても いいですか。

**kokoni namae wo kakanakutemo i i desuka.**

ဒီနေ့မှာ နာမည် ကို မရေးရင် ကောင်းလား။ (မေးခွန်းဝါကျရော)

အမှီဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ

おさけ を のむ と かお が あかくなります。

**osake wo nomu to kao ga akakunarimasu.**

အရက် ကို သောက်ရင် မျက်နှာ က နီလာတယ်။ (ထုတ်ဖော်ဝါကျရော)

အမှီဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ[၃]

---

[၁] くるみせんせい、２０１６、きょうと。

[၂] くるみせんせい、２０１６、きょうと。

[၃] くるみせんせい、２０１６、きょうと。

ဂျပန်ဘာသာစကား၌ နာမ်ဝါကျကဏ္ဍ တစ်ခု ပါဝင်သော ဝါကျရော၊ နာမဝိသေသနအမှီဝါကျကဏ္ဍ တစ်ခု ပါဝင်သော ဝါကျရော၊ ကြိယာဝိသေသန အမှီဝါကျကဏ္ဍ တစ်ခု ပါဝင်သော ဝါကျရောများကို တွေ့ရပါသည်။ အမှီဝါကျကဏ္ဍ ဖွဲ့စည်းရာတွင် ဝါကျဆက်သမ္ဗန္ဓအဖြစ် て、も、と、 တို့ကို အသုံးပြုထားကြောင်း တွေ့ရပါသည်။

## ၂၊ ၂၊ ၂။ **အမှီဝါကျ တစ်ခုမကပါဝင်သော ဝါကျရော**

ဂျပန်ဘာသာစကားတွင် အမှီဝါကျ တစ်ခုမက ပါဝင်သော ဝါကျရောများကို တွေ့ရပါသည်။

きのう うち へ かえって、 ﾃﾚﾋﾞ を み て、ねました。

**kinou uchi he kaetsute , terebi wo mi te, nemashita.**

မနေ့က အိမ် သို့ ပြန်ပြီး၊ တီဗွီ ကို ကြည့်ပြီး၊ အိပ်ခဲ့တယ်။

အမှီဝါကျကဏ္ဍ အမှီဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ

おとといは あめが ふって、きのうは ゆきが ふって、 きょうの てんきが いいです。

**ototoiwa amega futsute, kinoowa yukiga futsu te, kyoono tenki ga i i desu.**

တမြန်နေ့က မိုးက ရွာခဲ့ပြီး၊ မနေ့က နှင်း(က) ကျပြီး၊ ဒီနေ့ ရာသီဥတုကကောင်းတယ်။

အမှီဝါကျကဏ္ဍ အမှီဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ

わたしのそふは うまれてから、しぬまで ずっと このむらで くもしました。

**watashinosofuwa umaretekara, shinumade zutsuto konomurade kumoahimashita.**

ကျွန်တော်၏အဖိုးက မွေးပြီးကတည်းကနေ၊သေတဲ့အထိ၊ အမြဲတမ်း ဒီရွာမှာ နေထိုင်ခဲ့တယ်။

အမှီဝါကျကဏ္ဍ အမှီဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ

ほんも よむたいし、てがみも かきたいし、えいがも みたいし、 したいことが たくさんあります。[၁]

စာအုပ်လည်းဖတ်ချင်ပြီး၊ စာလည်း ရေးချင်ပြီး၊ ရုပ်ရှင်လည်း ကြည့်ချင်ပြီး၊ လုပ်စရာကအများကြီးရှိတယ်။

အမှီဝါကျကဏ္ဍ အမှီဝါကျကဏ္ဍ အမှီဝါကျကဏ္ဍ အမှီခံဝါကျကဏ္ဍ

---

[၁] くるみせんせい、２０１６、きょうと。

ဂျပန်ဘာသာစကားသည် မြန်မာဘာသာစကားကဲ့သို့ အမှီဝါကျကဏ္ဍ တစ်ခုမက ပိုသော ဝါကျရောများကို တွေ့ရပါသည်။ တစ်ခုမက ပါဝင်သော ဝါကျရောများ ဖွဲ့စည်းရာတွင် ဝါကျဆက်သမ္ဗန္ဓများကို မြှုပ်၍လည်းကောင်း၊ ထည့်၍လည်းကောင်း ဖွဲ့လေ့ရှိကြောင်း တွေ့ရပါသည်။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းသည် ဂျပန်ဘာသာစကားနှင့် မြန်မာဘာသာစကား၏ ဝါကျ စနစ်ကို နှိုင်းယှဉ်လေ့လာသော စာတမ်း ဖြစ်ပါသည်။ ဂျပန်ဘာသာစကားရှိ ဝါကျ များကို လေ့လာသောအခါ ဂျပန်ဘာသာစကားရှိ ပုဒ်အထားအသိုသည် မြန်မာဘာသာ စကားရှိ ပုဒ်အထားအသိုကဲ့သို့ပင် ကတ္တားပုဒ်၊ ကံပုဒ်၊ ကြိယာပုဒ်နှင့် အခြားပုဒ်များ ပါဝင်ဖွဲ့စည်းထားကြောင်း တွေ့ရပါသည်။ ပုဒ်များ မည်မျှပင် ပါဝင်စေကာမူ ကြိယာပုဒ်သည် ဝါကျ၏အဆုံး၌သာ တည်ရှိသည်။ ထို့ကြောင့် ဂျပန်ဘာသာစကားသည် မြန်မာဘာသာစကား၏ ဝါကျဖွဲ့ပုံနှင့် တူပါသည်။ ထူးခြားချက်အနေဖြင့် မြန်မာ ဘာသာစကားက အရေးနှင့်အပြောကို ခွဲခြားရေးသား ပြောဆိုသော်လည်း ဂျပန် ဘာသာစကားက အပြောနှင့်အရေး နှစ်မျိုးလုံးဖြင့် ပြောဆို၍ရကြောင်း တွေ့ရပါသည်။

ဂျပန်ဘာသာစကားက တစ်ခါတစ်ရံ အပြော၌ ーーます。ーーです。 ーーでした。 ကြိယာဝိဘတ် တို့ကိုမြှုပ်ပြီး၊ じしょけい (**အဘိဓာန်ကြိယာ**)၊ たけい (**အတိတ်ကာလပြကြိယာ**)၊ なけい (**အငြင်းပြကြိယာ**)၊ ふつうけい (**ပုံမှန်ကြိယာ**)၊ かのうけい (**လုပ်နိုင်တယ်ဟုပြသောကြိယာ**)၊ めいれいけい (**အမိန့်ပေးကြိယာ**) တို့ကို ပြောင်းပြီး ပြောလေ့ရှိကြောင်း တွေ့ရပါသည်။ မြန်မာဘာသာစကား ပစ္စုပ္ပန် ကာလပြ၊ အတိတ်ကာလပြ၊ အနာဂတ်ကာလပြ ဟူ၍ ကာလ(၃)မျိုး ရှိပါသည်။ ဂျပန် ဘာသာစကားမှာမူ いきます (**သွားသည်၊ သွားတယ်၊ သွားမယ်**) ကို いく。 (じしょけい) ပြောင်းကာ (**သွားသည်၊ သွားတယ်၊ သွားမယ်**) ဟူ၍ အရေးပုံစံနှင့် အသံထွက် ပုံစံပြောင်းသွားသော်လည်း အဓိပ္ပာယ်မှာ ပြောင်းလဲမှု မရှိပေ။

ထိုကဲ့သို့ပင် မြန်မာဘာသာစကားက အတိတ်ကာလပြကြိယာကို ဖော်ပြ ရာတွင် (**သွားပြီးပြီ၊ သွားခဲ့သည်၊ သွားခဲ့၏**) ဟူ၍ ကြိယာထောက်ပစ္စည်း (**ခဲ့**)၊ (**ပြီး**)ကို ထည့်ပြီး အသုံးပြုသော်လည်း၊ ဂျပန်ဘာသာစကားမှာမူ အတိတ်ကာလပြ ကြိယာ いきました (**သွားခဲ့သည်၊ သွားခဲ့တယ်၊ သွားပြီးပြီ**) ဟူသော အတိတ် ကာလပြကြိယာကို たけい နှင့် でけい ပြောင်းလိုက်သောအခါ いった、いって

(**သွားခဲ့သည်**၊ **သွားခဲ့တယ်**၊ **သွားပြီးပြီ**) ဟူ၍ ပြောင်းလဲဖွဲ့ကြောင်း တွေ့ရပါသည်။ အဓိပ္ပါယ်မှာ အတူတူပင် ဖြစ်ပါသည်။

မြန်မာဘာသာစကား၌ ဝါကျနောက်လိုက်ပစ္စည်း **ကွယ်**၊ **နော်**၊ **လေ**၊ **ပေါ့**၊ **ပေါ့လေ** ဟူ၍ အမျိုးမျိုးရှိသော်လည်း ဂျပန်ဘာသာစကား၌ ဝါကျနောက်လိုက်ဆက်ပစ္စည်းအနေဖြင့် たべたよ、 (**စားတယ်လေ**)၊ ーーよ(**လေ**)၊ ぶっかが たかいですね。 (**ကုန်ဈေးနှုန်းက ကြီးတယ်နော်**) ーーね。 (နော်) ဟု နှစ်ခုကိုသာ အသုံးပြုကြောင်း တွေ့ရပါသည်။ ထို့ပြင် မြန်မာဘာသာစကားသည် အမေးဝါကျဖွဲ့ရာတွင် **လား**၊ **သလား**၊ **လဲ**၊ **သလဲ**၊ **နည်း**၊ **သနည်း**၊ **မှာလဲ** စသဖြင့် အသုံးပြုသော်လည်း ဂျပန်ဘာသာစကားမှာမူ か。 ကိုသာ အသုံးပြုကြောင်း တွေ့ရပါသည်။ ကြိယာပုဒ်ကလွဲ၍ အခြားပုဒ်အနေအထားတို့မှာ ဂျပန်ဘာသာစကားနှင့် မြန်မာဘာသာစကားသည် အနည်းငယ် ကွဲလွဲမှုရှိသော်လည်း ဆိုလိုသည့်အဓိပ္ပါယ် တူညီမှုရှိပါသည်။

ဂျပန်ဘာသာစကားရှိ ဝါကျရော ဖွဲ့ရာတွင် မြန်မာဘာသာစကားကဲ့သို့ အမှီဝါကျများကို အကန့်အသတ်မရှိ ဖွဲ့နိုင်ကြောင်း တွေ့ရပါသည်။ ထူးခြားချက်မှာ မြန်မာဘာသာစကားက ဝါကျရောများကို ဖွဲ့ရာတွင် ဝါကျဆက်သမ္ဗန္ဓများ အမျိုးမျိုး အဖုံဖုံ အသုံးပြုပါသည်။ မြန်မာဘာသာစကားက ဝါကျရောများကို ဖွဲ့ရာတွင် သမ္ဗန္ဓအပြင် ဝိဘတ်၊ ပစ္စည်းတို့ဖြင့် ဖွဲ့ပါသည်။ ဝါကျဆက်သမ္ဗန္ဓအရေအတွက်လည်း ဂျပန်ဘာသာစကားထက် များပါသည်။ ဂျပန်ဘာသာစကားက များသောအားဖြင့် ဝါကျဆက်သမ္ဗန္ဓ မပါဘဲ ရေးသားပြောဆိုပါသည်။ ဂျပန်ဘာသာစကားရှိ ဝါကျရိုးဖွဲ့စည်းပုံသည် လည်းကောင်း၊ ဝါကျရောဖွဲ့စည်းပုံသည် လည်းကောင်း စနစ်ကျပြီး ရှင်းလင်းမှု ရှိပါသည်။

## နိဂုံး

ဂျပန်ဘာသာစကားရှိ ဝါကျဖွဲ့ပုံကို မြန်မာသဒ္ဒါနည်းဖြင့် ချိန်ထိုးလေ့လာရာတွင် တူညီမှုများစွာ ရှိပါသည်။ ဂျပန်ဘာသာမှ အရင်းတည်၍ ဂျပန်နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသဖြင့် အထွေထွေကိုလည်း လေ့လာခွင့် ရရှိနိုင်မည် ဖြစ်ပါသည်။ နောက်ထပ်လည်း စကားလုံးဖွဲ့ပုံ၊ ပုဒ်ဖွဲ့ပုံများနှင့် ၎င်းတို့၏ ယဉ်ကျေးမှုများ စသည့် ထပ်မံလေ့လာရန် ရှိပါသည်။ ဤစာတမ်းသည် ဂျပန်ဘာသာစကားကို လေ့လာသောသူများနှင့် မြန်မာဘာသာစကားကို လေ့လာသူများအတွက် အထောက်အပံ့ ဖြစ်နိုင်ပါသည်။

## ကျမ်းကိုးစာရင်း

ကျော်နိုင်၊ ဦး။ ၂၀၀၃။ ***ဂျပန်–မြန်မာ အဘိဓာန်***။ (ပထမအကြိမ်)၊ ရန်ကုန်၊ စစ်သည်တော်စာပေ။

ဘသောင်း၊ ဦး (ဘီအေ–မြန်မာစာဂုဏ်ထူး)။ ***ဘူရှိဒို ခေါ် ဓာနည်သွေး***။ နေပြည်တော်၊ ဟံသာဝတီပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ ၂၀၀၅။ ***မြန်မာသဒ္ဒါ***။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

ဝင်းဖေ၊ ဦးနှင့်အများ။ ၁၉၉၅။ ***ဘာသာပြန်ရည်ညွှန်း***။ (စတုတ္ထတွဲ)၊ ရန်ကုန်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း။

ဥတ္တမ၊ ဦး။ ***Meji or New Japan (သို့မဟုတ်) ဂျာပန်သစ်***။ ရန်ကုန်၊ ရွှေလမင်းပုံနှိပ်တိုက်။

ဥတ္တမ၊ ဦး။ ၁၉၂၈။ ***တရုတ်နှင့် ဂျာပန်***။ ရန်ကုန်၊ ရွှေလမင်းပုံနှိပ်တိုက်။

https;//my.wikipedial.org/wiki/ ***ဂျပန်သမိုင်း***။

WIN, *日本語のうりょくしけんにでるたんこしゅう*、2008, Yongon, Myanmar, PAPANESE LANGYAGE SCHOOLM .

ဆုရအိုယိုရှိကိုနှင့်အများ။ ၂၀၁၈။ *み ん な の に ほ ん ご*။ (ပထမအကြိမ်)၊ ရန်ကုန်၊ အောင်သိန်းသန်းပုံနှိပ်တိုက်။

## ဖတ်ရှုလေ့လာသောစာအုပ်စာရင်း

အေးဒါ၊ ဦး။ ၁၉၄၃။ ***နိပွန်း–မြန်မာ–အင်္ဂလိပ် အဘိဓာန်***။ ရန်ကုန်၊ မြန်မာ့ရုပ်ရှင်ပုံနှိပ်တိုက်။

ခင်မောင်သန်း၊ ဦး (ရှေ့ဆောင်)။ ၁၉၈၁။ ***နိုင်ငံတကာဗဟုသုတဒိုင်ယာရီ***။ ရန်ကုန်၊ ရတနာအောင်ပုံနှိပ်တိုက်။

ခင်မောင်သန်း၊ ဦး(ရှေ့ဆောင်)။ ၁၉၃၉။ ***ကမ္ဘာ့နိုင်ငံရေးမြေပုံ***။ ရန်ကုန်၊ နဂါးနီပုံနှိပ်တိုက်။

စော၊ ဦး။ ၁၂၉၇။ ***ဂျပန်လမ်းညွှန်***။ ရန်ကုန်၊ သူရိယသတင်းစာတိုက်။

စု၊ ဦး။ ၁၉၂၈။ ***ဂျာမနီပြည်အတ္တုပွတ္တိနှင့်အခြားနိုင်ငံများအကြောင်း***။ ရန်ကုန်၊ မြန်မာ့အလင်းသတင်းစာပုံနှိပ်တိုက်။

တိုက်အုပ်၊ ဦး။ ၁၉၉၃။ ***ဂျပန်–မြန်မာ အဘိဓာန်***။ ရန်ကုန်၊ အာရုဏ်ဦးစာပေ။

ဖေမောင်တင်၊ ဦး။ ၁၉၅၈။ ***ဘာသာလောကကျမ်း***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

လှဖေ၊ သခင်။ ၁၉၃၉။ ***ကမ္ဘာ့နိုင်ငံရေးမြေပုံ***။ ရန်ကုန်၊ နဂါးနီပုံနှိပ်တိုက်။

သိန်းမောင်၊ ဦး(သုခ)။ ***နိပွန်းဘာသာပဌမသင်္ခ်ဏ်းစာ***။ ရန်ကုန်၊ သမ္မဝတီစာနှိပ်တိုက်။

https;//my.wikipedial.org/wiki/ ***History-of-Japan***。

# နောက်ဆက်တွဲ(က)

## ひらがな

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| あ<br>a | い<br>i | う<br>u | え<br>e | お<br>o | | | | | | | | | | | |
| か<br>ka | き<br>ki | く<br>ku | け<br>ke | こ<br>ko | が<br>ga | ぎ<br>gi | ぐ<br>gu | げ<br>ge | ご<br>go | きゃ<br>kya | きゅ<br>kyu | きょ<br>kyo | ぎゃ<br>gya | ぎゅ<br>gyu | ぎょ<br>gyo |
| さ<br>sa | し<br>shi | す<br>su | せ<br>se | そ<br>so | ざ<br>za | じ<br>ji | ず<br>zu | ぜ<br>ze | ぞ<br>zo | しゃ<br>sha | しゅ<br>shu | しょ<br>sho | じゃ<br>jya | じゅ<br>jyu | じょ<br>jyo |
| た<br>ta | ち<br>chi | つ<br>tsu | て<br>te | と<br>to | だ<br>da | ぢ<br>di | づ<br>du | で<br>de | ど<br>do | ちゃ<br>cha | ちゅ<br>chu | ちょ<br>cho | | | |
| な<br>na | に<br>ni | ぬ<br>nu | ね<br>ne | の<br>no | | | | | | にゃ<br>nya | にゅ<br>nyu | にょ<br>nyo | | | |
| は<br>ha | ひ<br>hi | ふ<br>fu | へ<br>he | ほ<br>ho | ば<br>ba | び<br>bi | ぶ<br>bu | べ<br>be | ぼ<br>bo | ひゃ<br>hya | ひゅ<br>hyu | ひょ<br>hyo | びゃ<br>bya | びゅ<br>byu | びょ<br>byo |
| ま<br>ma | み<br>mi | む<br>mu | め<br>me | も<br>mo | ぱ<br>pa | ぴ<br>pi | ぷ<br>pu | ぺ<br>pe | ぽ<br>po | みゃ<br>mya | みゅ<br>my | みょ<br>myo | ぴゃ<br>pya | ぴゅ<br>pyu | ぴょ<br>pyo |
| や<br>ya | | ゆ<br>yu | | よ<br>yo | | | | | | りゃ<br>rya | りゅ<br>ryu | りょ<br>ryo | | | |
| ら<br>ra | り<br>ri | る<br>ru | れ<br>re | ろ<br>ro | | | | | | | | | | | |
| わ<br>wa | | | | を<br>wo | | | | | | | | | | | |
| ん<br>n | | | | | | | | | | | | | | | |

## နောက်ဆက်တွဲ(ခ)

かたかな

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ア<br>a | イ<br>i | ウ<br>u | エ<br>e | オ<br>o | | | | | | | | | | | |
| カ<br>ka | キ<br>ki | ク<br>ku | ケ<br>ke | コ<br>ko | ガ<br>ga | ギ<br>gi | グ<br>gu | ゲ<br>ge | ゴ<br>go | キャ<br>kya | キュ<br>kyu | キョ<br>kyo | ギャ<br>gya | ギュ<br>gyu | ギョ<br>gyo |
| サ<br>sa | シ<br>shi | ス<br>su | セ<br>se | ソ<br>so | ザ<br>za | ジ<br>ji | ズ<br>zu | ゼ<br>ze | ゾ<br>zo | シャ<br>sha | シュ<br>shu | ショ<br>sho | ジャ<br>jya | ジュ<br>jyu | ジョ<br>jyo |
| タ<br>ta | チ<br>chi | ツ<br>tsu | テ<br>te | ト<br>to | ダ<br>da | ヂ<br>di | ヅ<br>du | デ<br>de | ド<br>do | チャ<br>cha | チュ<br>chu | チョ<br>cho | | | |
| ナ<br>na | ニ<br>ni | ヌ<br>nu | ネ<br>ne | ノ<br>no | | | | | | ニャ<br>nya | ニュ<br>nyu | ニョ<br>nyo | | | |
| ハ<br>ha | ヒ<br>hi | フ<br>fu | ヘ<br>he | ホ<br>ho | バ<br>ba | ビ<br>bi | ブ<br>bu | ベ<br>be | ボ<br>bo | ヒャ<br>hya | ヒュ<br>hyu | ヒョ<br>hyo | ビャ<br>bya | ビュ<br>byu | ビョ<br>byo |
| マ<br>ma | ミ<br>mi | ム<br>mu | メ<br>me | モ<br>mo | パ<br>pa | ピ<br>pi | プ<br>pu | ペ<br>pe | ポ<br>po | ミャ<br>mya | ミュ<br>myu | ミョ<br>myo | ピャ<br>pya | ピュ<br>pyu | ピョ<br>pyo |
| ヤ<br>ya | | ユ<br>yu | | ヨ<br>yo | | | | | | リャ<br>rya | リュ<br>ryu | リョ<br>ryo | | | |
| ラ<br>ra | リ<br>ri | ル<br>ru | レ<br>re | ロ<br>ro | | | | | | | | | | | |
| ワ<br>wa | | | | ヲ<br>wo | | | | | | | | | | | |
| ン<br>n | | | | | | | | | | | | | | | |

# နောက်ဆက်တွဲ(ဂ)
# ဂျပန်နိုင်ငံမြေပုံ






## နောက်ဆက်တွဲ(ဃ)

## တွေ့ဆုံ၊ မေးမြန်း၊ သင်ကြားပေးသော ဆရာမများ










## နောက်ဆက်တွဲ(င)

## တွေ့ဆုံမေးမြန်း၊ သင်ကြားပေးပါသော ဆရာမများ

| အမည် | အသက် | အလုပ်အကိုင် | နေထိုင်ရာမြို့ |
|---|---|---|---|
| やすこせんせい | 67 | にほんごのせんせい | きょうと |
| くるみせんせい | 22 | にほんごのせんせい | きょうと |
| Tu Tu Mar せんせい | 37 | にほんごのせんせい | ミダレ |

# အနက်ငုပ် လုံးတွဲကြိယာ အချို့၏ ဇစ်မြစ်

ညိမ်းညိမ်း*

## စာတမ်းအကျဉ်း

ဤစာတမ်းတွင် အနက်ငုပ် လုံးတွဲကြိယာအချို့၏အကြောင်းကို ရှေးစာပေများ၊ အနက်ဖွင့်ကျမ်းများ၊ အဘိဓာန်များကို အခြေပြု၍ လေ့လာထားပါသည်။ မြန်မာစာပေ အဦးအစဖြစ်သော ပုဂံခေတ်အခါက မြန်မာဘာသာစကားတွင် လုံးချင်းကြိယာများကို အသုံးများသော်လည်း နောက်ပိုင်းခေတ်များတွင် လုံးတွဲကြိယာများကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြသည်။ ထိုလုံးတွဲကြိယာတို့တွင် အချို့သည် ရှေ့ကြိယာတို့၏ အနက်မှာ ထင်ရှားသော်လည်း နောက်ကြိယာ၏အနက်မှာ ကွယ်လျက်ရှိသည်။ အချို့မှာမူ ကြိယာတစ်လုံးစီ ခွဲထုတ်လိုက်လျှင် အနက်ပြောင်းသွားပြန်သည်။ ယခင်က ကြိယာအဖြစ် အသုံးပြုခဲ့သည့် စကားတို့သည် နောက်ဆက်များ၊ ပစ္စည်းများအဖြစ် အသုံးရွေ့သွားသည်ကိုလည်း တွေ့ရပါသည်။ ထိုလုံးတွဲကြိယာများကို အနက်ကြံဆကြည့်ခြင်းအားဖြင့် မြန်မာဘာသာစကားမှ အနက်ငုပ်ကြိယာတို့အကြောင်းကို လေ့လာဖော်ထုတ်နိုင်ရန် ရည်ရွယ်ပါသည်။

**သော့ချက်ဝေါဟာရ** – ***အနက်ငုပ်ကြိယာများ၊ မြန်မာစကားအနက်ဖွင့်ကျမ်းများ၊ အဘိဓာန်များ။***

## နိဒါန်း

မြန်မာဘာသာစကားတွင် ရှေ့ဝဏ္ဏ၏အဓိပ္ပာယ် ပိုမိုလေးနက်လာအောင် နောက်ဝဏ္ဏက ထောက်ပံ့ပေးနေသော နှစ်လုံးတွဲကြိယာများ ရှိပါသည်။ ထိုကြိယာများကို အသုံးပြုနေသော်လည်း ဝဏ္ဏတစ်ခုချင်းစီ၏ အဓိပ္ပာယ်ကို မြန်မာစကားပြောဆိုနေသူများ ကိုယ်တိုင် အမှုမဲ့အမှတ်မဲ့ ထားတတ်ကြသည်။

ထို့ကြောင့် မိမိတို့ကိုယ်တိုင် သုံးနှုန်းပြောဆိုနေပါသော်လည်း အချို့တွဲဖက်ဝဏ္ဏ၏အဓိပ္ပာယ်ကို မေးလျှင် ပီပီပြင်ပြင် ဖြေဆိုနိုင်မှု မရှိသည်ကို တွေ့ရသည်။ သာဓကအဖြစ် 'ဝတ်စား' ဟူသော နှစ်လုံးတွဲကြိယာတွင် 'ဝတ်ဆင်' သည်ကို ရည်ညွှန်းပြောဆိုသော စကားဖြစ်ပါသော်လည်း အနောက်ကြိယာသည် အဘယ်ကြောင့် 'စား' ဖြစ်နေရသနည်း။ 'စား' သည် မည်သည်ကို ဆိုလိုသနည်း။ 'စား'သည် ဝါးမျိုသည်ဆိုသည့် အနက်မျိုးအပြင် မည်သည့်အနက်ရသနည်း စသည်ဖြင့် ဆန်းစစ်ကြည့်ပါက မြန်မာစကားတွင် 'စား' ၏ အဓိပ္ပာယ်သည် ငုပ်နေပြီဟု ဆိုနိုင်ပါသည်။

* ဒေါက်တာ၊ ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

အချို့သော နှစ်လုံးတွဲကြိယာများပါ ဝဏ္ဏအချို့သည် မြန်မာဘာသာစကား လေ့လာသူများအတွက် အနက်ငုပ်နေပြီး ထိုအနက်တို့ကို ဆန်းစစ်ရန် ပညာရှင်တို့ကို စိန်ခေါ်လျက် ရှိပါသည်။ သာဓကအားဖြင့် 'လိမ်မာ' တွင်ပါသော ရှေ့ဝဏ္ဏ 'လိမ်'၊ 'ပျော်ပါး' တွင်ပါသော နောက်ဝဏ္ဏ 'ပါး'၊ 'စော်ကား'တွင် ပါသော 'စော်' နှင့် 'ကား' စသည်တို့သည် မည်သည့်အဓိပ္ပာယ်ကို ဆောင်နေပါသနည်း ဟု တွေးတော ဆန်းစစ်ရန် လိုပါသည်။ ယနေ့ အသုံးတွင်နေသော 'လိမ်မာ' ဟူသော စကား၏ အဓိပ္ပာယ်ကို နားလည်သော်လည်း 'လိမ်' ၏ အဓိပ္ပာယ်သည် လိမ်ညာ/ကွေ့ကောက် ဟူသည့် အနက်မျိုးနှင့် အလှမ်းကွာနေသည်။ 'ပျော်ပါး' တွင် 'ပျော်' ဆိုသည့် အဓိပ္ပာယ်ကို နားလည်သော်လည်း 'ပါး' ဟူသော ဝဏ္ဏ၏ အဓိပ္ပာယ်ကို နားမလည် နိုင်ပါ။ 'စော်ကား' ဟူသော စကားလုံး၏ အဓိပ္ပာယ်ကို နားလည်သော်လည်း 'စော်' နှင့် 'ကား' ဝဏ္ဏတစ်ခုချင်း၏အဓိပ္ပာယ်ကို 'စော်ကား'၏ အဓိပ္ပာယ်နှင့် ဆက်စပ် နားမလည်နိုင်ပါ။ ထိုကဲ့သို့ အနက်ငုပ် နေသော နှစ်လုံးတွဲ ကြိယာများ၏ ဇစ်မြစ်ကို ဤစာတမ်းတွင် ဖော်ထုတ်ရန် ကြိုးစားပါမည်။ မြန်မာဘာသာသည် လုံးချင်းအနက် အဓိပ္ပာယ်ဆောင်သော ဘာသာစကားဖြစ်သည် ဟူသော အချက်ကို ပဓာနပြုပြီး လေ့လာမည်ဖြစ်ပါသည်။ အလေ့လာခံတို့မှာ ဝတ်စား၊ လေးစား၊ ရယ်မော လိမ်မာ တို့ ဖြစ်ပါသည်။

မင်းကြီး မင်းလှမဟာဇေယနန္ဒသင်္ကြံဘွဲ့ခံ အတွင်းဝန် ရွှေတိုက်ဝန် ပေါက်မြိုင် မြို့စားမင်းက ဝေါဟာရလိနတ္ထဒီပနီကို မိတ်ဆက်ရာတွင် ဝေါဟာရစကား တို့သည် ရှေးအခါက တစ်မျိုး တစ်ဘာသာတည်းပင် ဖြစ်လင့်ကစား နောက်နှောင်းသောအခါ လူအမျိုးမျိုး ဘာသာအမျိုးမျိုးတို့ ရောနှောမိတတ်သောကြောင့် မည်သည့် ဘာသာစကား တွင်မဆို ဘာသာ ၃–၄မျိုး ရောစပ်တတ်ပါသည်။ မြန်မာဘာသာစကားတွင်လည်း သက္ကတ၊ ပါဠိဘာသာတို့ ရောနှောရှင်သန်ခဲ့သည်။ နောက်ပိုင်းတွင် အခြား ဘာသာ စကားများပါ ရောလာနေပြီ ဖြစ်သည်။ ဤသို့ စပ်နှောယှက်လျှက်နေရာ၌ မြန်မာ ဘာသာရင်း သက်သက်မူကား အမည်ဝေါဟာရ တစ်ခု တစ်ခုကို အသံအက္ခရာ တစ်လုံးတစ်လုံးစီသာ ရှိတတ်ခြင်း၊ အချို့နှစ်လုံးစီ ရှိသော်လည်း အနည်းငယ်မျှသာ ရှိခြင်းများကို ဒေသန္တရ အကြားအမြင်အားဖြင့် လည်းကောင်း၊ ဘာသာစကား၏ သဘောလက္ခဏာကို ထောက်သဖြင့်လည်းကောင်း ယုံကြည်မှတ်ထင်သင့်သည် [၁] ဟု ဖော်ပြထားသည်။

---

[၁] ဇေယသင်္ချာ၊ မဟာ၊ ၁၉၆၃၊ န။

ထိုဖော်ပြချက်အရ မြန်မာဘာသာစကားသည် လုံးချင်းစကားလုံးများဖြင့် တည်ဆောက်ထားပြီး လုံးတွဲစကားလုံး အနည်းငယ်သာ ရှိသည်ဟု ဆိုနိုင်ပါသည်။ ပုဂံခေတ်တွင် လုံးချင်းစကားလုံးများဖြင့် ရေးသားခဲ့သော်လည်း နောက်ပိုင်းတွင် နာမ်၊ ကြိယာလုံးတွဲစကားလုံးများဖြင့် ဝေဝေဆာဆာ အသုံးပြု ရေးသားလာကြသည်။ ဘာသာစကား ဖွံ့ဖြိုးတိုးတက် စည်ပင်လာသည်ဟု ဆိုနိုင်သော်လည်း အချို့ လုံးတွဲများတွင် မည်သည်က အရင်းအမြစ်ဖြစ်သည်ကို ဖော်ထုတ်ရန် ခက်ခဲလာသည်။ အချိန်ကြာမြင့်သည်နှင့်အမျှ အနက်ပြောင်းလဲသွားခြင်း၊ ကွယ်ပျောက်သွားခြင်းများ ဖြစ်လာသည်ကိုလည်း တွေ့ရသည်။ ထို့ကြောင့် ဤစာတမ်းတွင် မြန်မာလုံးတွဲကြိယာ များ၏ အကြောင်းကို လေ့လာဖော်ထုတ်နိုင်ရန် ကြိုးပမ်းခြင်း ဖြစ်ပါသည်။

## မြန်မာလုံးတွဲကြိယာများ၏ တွဲစပ်ပုံ

မြန်မာလုံးတွဲကြိယာများ၏ဇစ်မြစ်ကို မဖော်ထုတ်မီ လုံးချင်းအဓိပ္ပာယ်ကို စူးစမ်းပြီးမှ တွဲစပ်ပုံကို ဆန်းစစ်ရန် လိုအပ်ပါသည်။ တွဲစပ်ထားသော လုံးချင်းကြိယာ တို့သည် အနက်တူသည်လည်း ရှိသလို ကွဲပြားနေသည်လည်း ရှိပါသည်။ ထိုကြိယာ တို့၏ စကားလုံးအရင်းအမြစ်ကို တိကျသေချာအောင် ဖော်ထုတ်ပြီးမှ လုံးတွဲ ကြိယာတို့ တွဲစပ်ထားပုံကို ခွဲခြားကြည့်လျှင် အောက်ပါအတိုင်း ငါးမျိုး တွေ့ရ ပါသည်။

## (က) ကြောင်းတူ သံကွဲ လုံးတွဲများ

အနက်တူပြီး အသံကွဲသည့် ဝဏ္ဏများကို ပေါင်းစပ်တွဲသုံးထားသည့် လုံးတွဲ ကြိယာများကို ဆိုလိုသည်။ ပြောဆို၊ ကြည့်ရှု၊ သန့်စင်၊ ခွဲခြမ်း၊ ဝေငှ၊ စိတ်ဖြာ၊ ပြုမူ စသည့် လုံးတွဲကြိယာများတွင် ပြောနှင့်ဆို၊ ကြည့်နှင့်ရှု၊ သန့်နှင့်စင်၊ ခွဲနှင့်ခြမ်း၊ ဝေနှင့်ငှ၊ စိတ်နှင့်ဖြာ၊ ပြုနှင့်မူ တို့သည် အနက်အားဖြင့်တူညီပြီး အသံထွက် ကွဲနေသည့် ကြိယာများ ဖြစ်သည်။ အနက်တူသည့် ကြိယာနှစ်လုံးကို တွဲပြီးသုံးသည့် အတွက် ကြိယာ၏ အဓိပ္ပာယ်ကို ပိုမိုလေးနက်လာစေကြောင်း တွေ့ရပါသည်။

## (ခ) အနက်ကွဲ လုံးတွဲများ

အနက်ကွဲသော်လည်း တွဲသုံးလေ့ရှိသည့် လုံးတွဲကြိယာများကို ဆိုလိုသည်။ နေထိုင်၊ သွားလာ၊ စားသောက်၊ လုပ်ကိုင်၊ ကြိုးဆို စသည့် လုံးတွဲများတွင် နေနှင့်ထိုင်၊ သွားနှင့်လာ၊ စားနှင့်သောက်၊ လုပ်နှင့်ကိုင်၊ ကြိုးနှင့်ဆို စသည့်

ကြိယာတို့သည် အနက်ကွဲသော်လည်း လုံးတွဲအနေဖြင့် မြန်မာဘာသာစကားတွင် ရှိနေကြသည်။ သုံးနေကြသည်။ အနက်ကွဲကြိယာတို့ကို တွဲသုံးထားသော်လည်း မြန်မာစကား ပြောဆိုနေသူတို့သည် ထိုအနက်နှစ်ခု ကွဲပြားနေမှုကို ဂရုမပြု၊ နားလည်မှုကို အခြေခံကာ ပြောဆိုသုံးနှုန်းနေကြောင်း တွေ့နိုင်သည်။

## (ဂ) ရှေ့နောက်ဖြစ်စဉ် လုံးတွဲများ

တစ်ခုပြီးတစ်ခု ဖြစ်ပျက်နေသည့် အပြုအမူကို ဖော်ပြနေသော လုံးတွဲကြိယာများကို ဆိုလိုသည်။ လာပြော၊ ဝင်ထိုင်၊ စားကြည့်၊ ရေးမှတ်၊ မိန့်ကြား၊ နာယူ၊ လိုက်ပြော စသည့် လုံးတွဲကြိယာတို့သည် ရှေ့နောက်ဖြစ်စဉ်တို့ကို တွဲပြီးဖော်ပြနေသော ကြိယာများ ဖြစ်သည်။ 'တစ်ခုခုဖြစ်ရင် **လာပြော**လှည့်'၊ '**ဝင်ထိုင်** သွားပါဦး'၊ 'ကောင်းမကောင်း **စားကြည့်**လေ'၊ 'သေသေချာချာ **ရေးမှတ်**ထားရဲ့လား'၊ 'ဆရာတော် **မိန့်ကြား**သွားတဲ့အတိုင်း လုပ်မှာပါ'၊ 'လူကြီးတွေပြောတာကို **နာယူ**ရမှာ မင်းတို့အလုပ်ပဲ'၊ 'တို့ပြောတာကို **လိုက်ပြော**နေတာလား' စသည့် သာဓကတို့တွင် အပြုအမူဖြစ်စဉ်အတိုင်း ကြိယာတို့ကို တွဲဖက်ရေးသားကြောင်း ပေါ်လွင်သည်ကို တွေ့နိုင်ပါသည်။

## (ဃ) ကြိယာဝိသေသန နှင့် ကြိယာ လုံးတွဲများ

ရှေ့ကြိယာက နောက်ကြိယာကို အထူးပြုနေသော လုံးတွဲကြိယာများကို ဆိုလိုသည်။ ရမ်းလုပ်၊ ညာပြော၊ ရောယောင်၊ လှည့်ဖြား၊ လှောင်ရယ် စသည့် လုံးတွဲကြိယာတို့တွင် ရှေ့ကြိယာများသည် နောက်ကြိယာများကို အထူးပြုနေသည်ကို သတိပြုရန် ဖြစ်သည်။

"သူက ရမ်းလုပ်တတ်တယ်"

'ရမ်းလုပ်'တွင် 'ရမ်း'သည် နောက်ကြိယာ 'လုပ်' (ပြုလုပ်)ကို အထူးပြုသည်။

"ငါ့ကို ညာပြောပြန်ပြီလား"

'ညာပြော'တွင် 'ညာ'သည် နောက်ကြိယာ 'ပြော' (ပြောဆို)ကို အထူးပြုသည်။

"သူက ဒီကိစ္စမှာ ရောယောင်ပြီး ပါလာတာ"

'ရောယောင်'တွင် 'ရော'သည် နောက်ကြိယာ 'ယောင်' (လွဲချော် ပြုမူသည်)ကို အထူးပြုသည်။

"ဟိုလူ လှည့်ဖြားပြီး ခေါ်သွားလို့ ဒီလို ဖြစ်သွားတာ"
'လှည့်ဖြား'တွင် 'လှည့်'သည် နောက်ကြိယာ 'ဖြား' (သွေးဆောင်သည်)ကို အထူးပြုသည်။

"တမင်သက်သက် လှောင်ရယ်တာမျိုး မလုပ်သင့်ပါဘူး"
'လှောင်ရယ်'တွင် 'လှောင်'သည် နောက်ကြိယာ 'ရယ်' (ပြုံးရယ်သည်)ကို အထူးပြုသည်။

## (င) ကြိယာနှင့် ကြိယာဝိသေသန လုံးတွဲများ

နောက်ကြိယာက ကြိယာဝိသေသနသဘော ဆောင်နေပြီး ရှေ့ကြိယာကို အထူးပြုနေသော လုံးတွဲကြိယာများကို ဆိုလိုသည်။ နောက်ကြိယာဝိသေသနက ရှေ့ကြိယာကို ထူးခြားစေသည့် ထင်စား၊ မြင့်မား၊ ကြီးပြင်း၊ ရမ်းကားစသည့် လုံးတွဲကြိယာတို့တွင် နောက်ကြိယာများသည် ကြိယာဝိသေသန အသွင်ဆောင်ကာ ရှေ့ကြိယာများကို အထူးပြုနေသည်ကို သတိပြုမိရန် လိုပါသည်။

"သည်မယ် ထင်စားပါလို့ ချစ်အားငယ်သန်"
'ထင်စား'တွင် နောက်မှ 'စား' (အထူး/လေးနက်)သည် ရှေ့က 'ထင်' (ထင်မြင်ယူဆသည်၊ မျှော်လင့်သည်၊ အားကိုးသည်) ကြိယာကို ပံ့ပိုးပေးနေကာ ကြိယာဝိသေသနအသွင်ကို ဆောင်ပါသည်။

"မြင့်မားတဲ့ ရှမ်းတောင်တန်းကြီးများ"
'မြင့်မား'တွင် နောက်မှ 'မား'(ကြီးမားသည်)သည် ရှေ့က 'မြင့်' ကြိယာကို ပံ့ပိုးပေးနေကာ ကြိယာဝိသေသနအသွင်ကို ဆောင်ပါသည်။

"ဒီအပင်တွေက သဘာဝအတိုင်း ကြီးပြင်းလာတာ"
'ကြီးပြင်း'တွင် နောက်မှ 'ပြင်း'(အားကြီးသည်)သည် ရှေ့က 'ကြီး' ကြိယာကို ပံ့ပိုးပေးနေကာ ကြိယာဝိသေသနအသွင်ကို ဆောင်ပါသည်။

"အခုတလော ဆိုင်ကယ်တွေ အတော် ရမ်းကားနေတယ်"

'ရမ်းကား'တွင် နောက်မှ 'ကား'(အမှန်ထက်ပိုလွန်သည်)သည် ရှေ့မှ 'ရမ်း'(အဆင်ခြင်မဲ့ပြုမူသည်) ကြိယာကို ပံ့ပိုးပေးနေကာ ကြိယာဝိသေသနအသွင်ကို ဆောင်ပါသည်။

ဖော်ပြပါ မြန်မာလုံးတွဲကြိယာများ၏ တွဲစပ်ပုံတို့ကို အခြေခံကာ အနက်ငုပ်နေသော ဝတ်စားမှ စား၊ ရယ်မောမှ မော၊ လိမ်မာမှ လိမ် တို့၏ အနက်ကို ဖော်ထုတ်မည် ဖြစ်ပါသည်။

## ဝတ်စားမှ စား (နောက်ဝဏ္ဏကို ဆန်းစစ်ခြင်း)

တက္ကသိုလ်မြန်မာအဘိဓာန် အပိုင်း–၄ (စ အက္ခရာ)တွင်– 'စား'ကို အနက် (၉)မျိုး ဖွင့်သည်။

စား ၁–ကြိ၊ ၁။ အစိုင်အခဲကို ဝါး၍မျိုသည်။

၂။ ထွက်ပေါ်သော အတုတ်အခွန် အကျိုးကျေးဇူးကို ကောက်ခံ သုံးဆောင်သည်။

၃။ လောင်းတမ်းကစားပွဲတွင် ရှုံးသူ၏လောင်းကြေးကို နိုင်သူက သိမ်းယူသည်။

၄။ မတရားသောနည်းဖြင့် ရယူသည်။

၅။ ပျောက်ပျက်ကုန်ဆုံးစေသည်။

၆။ ဆွေးပျက်ပြန်းတီးစေသည်။

၇။ ဇာတာရှင်တစ်ဦး၏အသက်သည် ဂြိုဟ်တစ်လုံး၏ အသက်နှင့် ယှဉ်တွဲနေသည်။

၈။ သင်္ချာဘာသာအရ ကိန်းနှစ်ခုရှိရာ တစ်ခုသည် အခြားတစ်ခုတွင် အကြိမ်မည်မျှဝင်နိုင်ကြောင်းကို တွက်သည်။

၉။ အရင်းခံကြိယာပုဒ်၏ အနက်ကို လေးနက်စေသည်။[၁]

---

[၁] ဝန်၊ ဦး၊ ၁၉၆၃၊ ၅၄၉။

ဖွင့်ဆိုချက်(၉)တွင် 'စား'ကို 'အရင်းခံပုဒ်၏ အနက်ကို လေးနက်စေသည်'ဟု ဖွင့်ဆိုသည်ကို သတိပြုဖွယ်ဖြစ်သည်။ 'စား'သည် ရှေ့ကြိယာကို လေးနက်စေကြောင်းကို ကုစား၊ ကိုးစား၊ ကောင်းစား၊ ကျက်စား၊ ကြိုးစား၊ ကြည့်စား၊ ခစား၊ ခံစား၊ ချောစား၊ ငံ့စား၊ စေစား၊ စောင့်စား၊ စံစား၊ စွန့်စား၊ တောက်စား၊ တင်စား၊ တံ့စား၊ ထင်စား၊ ပေးစား၊ ပုန်စား၊ ပြစား၊ ပြုစား၊ ပြောစား၊ ဖမ်းစား၊ မြှုစား၊ မွေးစား၊ မြှောက်စား၊ ယုံစား၊ လေးစား၊ ဝင်စား၊ ဝတ်စား၊ ဝံ့စား စသည့် ကြိယာတို့တွင် 'စား'က ရှေ့ကြိယာကို အထောက်အပံ့ပြုနေပုံကို ရှေးစာပေအကိုးအထောက်များနှင့် ဖွင့်ဆိုပြခဲ့ပါသည်။

ထို့ကြောင့် ရှေ့ကြိယာ၏ နောက်တွင် 'စား'နောက် ကြိယာကို တွဲသုံးလျှင် ရှေ့ကြိယာသည် ပိုမိုလေးနက်စေသည်ဟု ဆိုနိုင်သည်။

ဗြဟ္မနိရုတ္တိ သင်္ဂဟကျမ်းတွင်မူ–

စား– ၁။ အစာကို ဝါးမျိုခြင်းကား မူလအနက်၊
၂။ ကစားဒိုင်က သိမ်းယူခြင်း၊
၃။ မိမိလုပ်ခအတွက် ရယူခြင်း၊
၄။ ကမ်းပါးများကို ရေတိုက်၍ ပြိုစေခြင်း၊
၅။ သတ္တုများကို ငရဲမီးစသည်တို့ဖြင့် ပျက်စီး ပြောင်းလဲစေခြင်း
၆။ ဥပစာအနက် မြှောက်ပွားခြင်း[၁]

အထက်ဖွင့်ဆိုချက် (၆)မျိုးသည် တက္ကသိုလ် မြန်မာအဘိဓာန် အပိုင်း(၄)၏ ဖွင့်ဆိုချက်များထက် ထူးခြားမှု မရှိပါ။

မြန်မာအဘိဓာန်တွင် အောက်ပါအတိုင်း ဖွင့်ဆိုပါသည်။

စား ၁၊ ကြိ– ၁။ ဝါး၍မျိုသည်။
၂။ မြို့ရွာစသည် သတ်မှတ်၍ အခွန်အတုတ်ကို ကောက်ခံသုံးစွဲပိုင်ခွင့် ရရှိသည်။
၃။ အသက်မွေးဝမ်းကျောင်း(တစ်ခုခု)ကို ပြုသည်။

---

[၁] ဗြဟ္မနိရုတ္တိသင်္ဂဟ၊၁၉၈၅၊ ၂၉၅။

၄။ လောင်းကစားပွဲတွင် ရှုံးသူ၏ လောင်းကြေးကို နိုင်သူက သိမ်းယူသည်။

၅။ တဖြည်းဖြည်း ပျောက်ပျက်ကုန်ဆုံး ပြုန်းတီးစေသည်။

၆။ သင်္ချာကိန်း နှစ်ခုရှိရာ တစ်ခုသည် အခြား တစ်ခုတွင် အကြိမ်မည်မျှ ဝင်နိုင်ကြောင်းကို တွက်သည်။

၇။ (ဥပစာ) မတရားသောနည်းဖြင့် ရယူသည်။[၁]

ဗြဟ္မနိရုတ္တိသင်္ဂဟကျမ်းနှင့် မြန်မာအဘိဓာန်၏ ဖွင့်ဆိုချက်တို့တွင် တက္ကသိုလ် မြန်မာအဘိဓာန်တွင် ဖွင့်ဆိုသည့် 'အရင်းခံပုဒ်၏အနက်ကိုလေးနက်စေသည်' ဟူသော အချက် မပါဝင်ပါ။

'စား' ကြိယာ၏ ဒုတိယဖွင့်ဆိုချက်ကို ဆက်လက်ဆန်းစစ်ပါက တက္ကသိုလ် မြန်မာ အဘိဓာန်တွင်–

စား ၂– ကြိ၊ ပိုသည်၊ လွန်သည်၊ ကျော်သည်။[၂]

"တိုင်းရှည့်ရှုမူ၊ အထုကြွားကြွား၊ တတောင်စားလျက်" တန်ရ–၄၆၊

"မြန်မာ ၄၇တိုင် ၁၀စား ခန့်" ချုပ်ပုံ၊ ဒု ၁၂၄

ဟူသော စာပေ အကိုးအထောက်များအရ ပိုသည်၊ လွန်သည်၊ သာသည် ဟု အနက် ရသည်ကိုလည်း တွေ့ရသည်။

ဗြဟ္မနိရုတ္တိသင်္ဂဟကျမ်းတွင်လည်း ထိုအချက်ကို အထောက်အကူပြုနေသော ဖွင့်ဆိုချက်ကို တွေ့ရသည်။

"သာ(စာ)စား=သာလွန်သည်"[၃]

'စား'သည် 'သာ' ဟူသော ကြိယာနှင့် အနက်တူကြောင်း ဖွင့်ဆိုထားသည်။

'သူက အပြောနဲ့စားနေတာ' 'သူက ဓာတ်ပုံစားတယ်' ဟူသော ဝါကျတွင် ထိုသူက အခြားသူထက် 'သာ'သော အချက်မှာ အပြောကောင်းခြင်း၊ ဓာတ်ပုံထဲတွင်

---

[၁] မြန်မာအဘိဓာန်၊၂၀၁၈၊ ၉၃။

[၂] ဝန်၊ဦး၊ ၁၉၆၃၊ ၅၄၉–၅၅၀။

[၃] ဗြဟ္မနိရုတ္တိသင်္ဂဟ၊ ၁၉၈၅၊ ၂၉၅။

ပို၍လှနေခြင်း ဟူသော အနက်ရသည်။ ထို့ကြောင့် သာ နှင့် စား သည် အနက်တူသည်ဟု ကောက်ချက်ချနိုင်သည်။

ထို့ပြင် 'စားရရား'ဟူသော စကားလုံးနှင့် ဆက်နွယ်ဖွင့်ဆိုထားသည်။

"ခုနစ်ဦးတွင် ရွယ်လူးကျိုက်ထွား စားရရားတည့်။ ဇ–၂၆၄။
ခြေခြားလက်ခြား စားရရားလျှင် ထက်ဖျားနွယ်တက်။ ကိုး– ၁၃၃"[1]

'စားရရား' သည် ထိုအဆိုများအရ ပိုလွန်များပြားသည်၊ ထူးထူးခြားခြားများပြားပိုလွန်သည် ဆိုသော အနက်ကို ပြနေကြောင်း တွေ့ရမည် ဖြစ်သည်။

ထို့အတူ နေ့စဉ်ပြောနေကျဖြစ်သော 'များများစားစား' ဟူသောစကားတွင် 'များများ'သည် များပြားသည်ကို ဖော်ပြပြီး 'စားစား'သည် အသံတူကာရန်ယူရုံ သက်သက်သုံးထားသော လုံးထပ်စကား မဟုတ်ဘဲ 'များများ' ကဲ့သို့ပင် ပိုလွန်သည် ဟူသော အဓိပ္ပာယ်ဖြစ်နိုင်ပါသည်။

ယင်းကို 'နည်းနည်းပါးပါး' ဟူသော စကားနှင့် ဆက်စပ်အနက်ကောက်ကြည့်နိုင်ပါသည်။ 'ပါး'သည် ရှေ့စကား 'နည်း'နှင့် အနက်တူထပ်ထားသော စကားဖြစ်ရာ နည်းသည်ဟုပင် အနက်ရပါသည်။

သာဓက–

"ဒီနေ့ အလုပ်ပါးတယ်"
"မိတ်ကပ်ကို ပါးပါးလေးပြင်ပါ"
"ဒီလောက်က ပါးပါးလေးပါ"

ထိုသာဓကများအရ 'နည်းနည်းပါးပါး'သည် 'နည်းပါးသည်'ဟု အနက်တူသည့် ကြိယာအတွဲဖြစ်ပြီး နောက်ကြိယာကို ကြိယာဝိသေသနအဖြစ် သုံးနေခြင်းဖြစ်သည်ဟု တင်ပြလိုပါသည်။ ထို့ကြောင့် 'များများ စားစား' သည်လည်း 'များပြားသည်'ဟု အနက်တူသည့် ကြိယာအတွဲဖြစ်ပြီး နောက်ကြိယာကို ကြိယာဝိသေသန အဖြစ် သုံးနေခြင်း ဖြစ်နိုင်သည်ဟု တင်ပြလိုပါသည်။

မြန်မာအဘိဓာန်၏ ဖွင့်ဆိုချက်တွင်လည်း–

စား ၂၊ ကြိ – ပိုလွန်သည်။

[1] ပြဟ္မနိယုတ္တိနယသင်္ဂဟ၊ ၁၉၈၅၊ ၂၉၆။

> "သူသည် ကျွန်တော့်ထက် အရပ်အမောင်း အနည်းငယ် စားသည်။"[၁]

ထိုဖွင့်ဆိုချက်သည်လည်း ယခင်ဖွင့်ဆိုချက်များနှင့် သဘောသွားအတူတူပင် ဖြစ်ပါသည်။ ထို့ကြောင့် 'စား'သည် ပိုသည်၊ သာသည်၊ လွန်သည်ကို ဖော်ပြသော ကြိယာ တစ်ခုဟု ဆိုနိုင်ပါသည်။

သို့သော် 'စား'ကို ကြိယာနောက်လိုက်အဖြစ် ဗြဟ္မနိရုတ္တိသင်္ဂဟကျမ်းတွင် ဖွင့်ဆိုသည်ကိုလည်း တွေ့ရသည်။

'စား'– ကြိယာနောက်လိုက် အနက်မဲ့ 'စား'ကိုရှု၊[၂] ဟု 'စား'ကို အနက်မဲ့သည်ဟု ဖွင့်ဆိုသည်။ သာဓကပြရာတွင်–

> "ပေးစား = စား – အနက်မဲ့နောက်ဆက်၊ ယင်း 'စား' လိုက်သော 'ပေး'သည် သားသမီးပေးခြင်း၌သာ ထင်ရှားသည်။"[၃]
>
> "ပြုစား = စား – အနက်မဲ့နောက်ဆက်၊ သို့ရာတွင် 'စား' တွဲလာသော 'ပြု'သည် အောက်လမ်းပညာဖြင့် သူတစ်ထူးအား ထိခိုက်နစ်နာအောင် ပြုလုပ်ခြင်း အနက်၌သာ ထင်သည်။"[၄]

အထက်ပါတို့တွင် ရှေ့ကြိယာ ပေး နှင့် ပြု ကို အနက်ရှိကြိယာအဖြစ် ဖွင့်ဆိုပြီး 'စား'ကို နောက်လိုက်ကြိယာအဖြစ် မဖွင့်ဆိုဘဲ အနက်မဲ့ နောက်ဆက် အဖြစ်သာ ဖွင့်ဆိုသည်။ စာတမ်းရှင်အနေဖြင့် 'ပေးစား' နှင့် 'ပြုစား' ဟူသော ကြိယာ နှစ်ခုတွင် သူတစ်ပါး၏ ပယောဂပါဝင်နေသည်ဟု ဆင်ခြင်မိပါသည်။ 'ပေးစား' သည် သာမန်လက်ထပ်ပေးခြင်းမျိုးထက် အနက်ပိုပါသည်။ 'မိဘတွေက ပေးစားလို့လေ' ဟူသော စကားတွင် ကာယကံရှင်၏ဆန္ဒကို မျက်ကွယ်ပြုပါသည်။ ထို့အတူ 'သူက လူပြုစားခံရတယ်' ဟူသော စကားသည်လည်း တစ်ပါးသူ၏ ပယောဂကြောင့် ကာယကံရှင်တွင် နစ်နာမှု ဖြစ်စေပါသည်။ 'စား' သည် အရင်းခံကြိယာပုဒ်၏ အနက်ကို လေးနက်စေသည့်ပြင် သူတပါးပြုမှုချက်ကို ဖော်ပြနေပါသည်။

---

[၁] မြန်မာအဘိဓာန်၊ ၂၀၁၈၊ ၉၃။
[၂] ဗြဟ္မနိယုတ္တိနယသင်္ဂဟ၊ ၁၉၈၅၊ ၂၉၅။
[၃] ဗြဟ္မနိယုတ္တိနယသင်္ဂဟ၊ ၁၉၈၅၊ ၄၈၉။
[၄] ဗြဟ္မနိယုတ္တိနယသင်္ဂဟ၊ ၁၉၈၅၊ ၅၂၄။

မြန်မာအဘိဓာန်တွင်–

"စား ၃၊ စည်း – ကြိယာကို လေးနက်အောင် ထောက်ပံ့သော စကားလုံး **စံစား၊ ကြိုးစား**"[၁]

ဟု 'စား'သည် ပစ္စည်းဖြစ်သည်ဟု ဖွင့်ဆိုပြန်သည့်အတွက် သဒ္ဒါ သတ်မှတ်ချက် တိုးလာသည်ကို သတိပြုဖွယ် ဖြစ်ပါသည်။

ထိုသို့ အဘိဓာန်အသီးသီး၏ ဖွင့်ဆိုချက်များအနက် 'စား'သည် အရင်းခံ ကြိယာ၏အနက်ကို လေးနက်စေသည်ဟူသော ဖွင့်ဆိုချက်ကို အခြေခံပြီး 'ဝတ်စား' သည် လုံးတွဲကြိယာတစ်ခုဖြစ်ကြောင်း ဆန်းစစ်လိုပါသည်–

"ဝတ်စား၊ ကြိ– ဝတ်ဆင်သည်။"[၂]

ဟု မြန်မာအဘိဓာန်က အနက်ဖွင့်သည်။ 'ဝတ်စား' သည် အဝတ်ဝတ်ခြင်းနှင့် အဆင်တန်ဆာ ဆင်ယင်သည် ဟူသော အနက် နှစ်မျိုး ရသည်။ သို့သော် 'ဝတ်ဆင်' သည်ဟု ပြောဆိုနိုင်ပါလျက် 'ဝတ်စား'ဟု သုံးနှုန်းရခြင်းအကြောင်းကို ချင့်ချိန်ရန် လိုအပ်ပါသည်။

သာဓက (၁)

"ကျောင်းသူဖြစ်ပြီး ဝတ်စားထားလိုက်တာ အမြင်မတော်ဘူး။"

ဤဝါကျတွင် ကျောင်းသူတို့သည် ကျောင်းသူဟူသော ဂုဏ်ပုဒ်ကို ထိခိုက်စေမည့် မသင့်တော်သော အဝတ်အစားများကို မဝတ်သင့်ဟု ညွှန်ပြသည်။ ထိုဝါကျတွင် ဝတ်ဆင်ဟု သုံး၍ မဆီလျော်ပါ။ 'ဝတ်စား'သည် ထူးထူးခြားခြား လွန်လွန်ကဲကဲ ဝတ်ထားသည့် သဘော ဖြစ်သည်။ ကျောင်းသူ၏ ဝတ်စားဆင်ယင်မှု မသင့်တော်ပုံကို အလေးပေးဖော်ပြသည့် အနက်ဖြစ်သည်။

ထို့ပြင် 'စား'သည် ပိုသည်၊ သာသည်၊ လွန်သည် ဟူသော အနက်ငုပ်ကြိယာ ဖြစ်ပြီး ရှေ့ကြိယာကို အထောက်အကူပြုသည့် နောက်ကြိယာတစ်ခု ဖြစ်သည်။

သာဓက (၂)

"ပွဲသွားမယ်ဆိုတော့ လှလှပပ ဝတ်စားသွားရမှာပေါ့။"

---

[၁] မြန်မာအဘိဓာန်၊ ၂၀၁၈၊ ၉၃။

[၂] မြန်မာအဘိဓာန်၊ ၂၀၁၈၊ ၃၅၀။

ဤဝါကျတွင် ပွဲလမ်းသဘင်သွားရာ၌ နေ့စဉ်ဝတ်နေကျထက် သာသော ပိုလွန်သော အဝတ်အစားမျိုးကို ဝတ်ရမည်ဟု ဆိုလိုသည်။ ပိုပိုသာသာ ပြင်ဆင်သွားရမည့် သဘော ဖြစ်သည်။

သာဓက(၃)

"သဘင်သွားလည်း၊ ဝတ်စားဆင်ယင်၊ တင့်မှုပြင်လျက်"

သုဝဏ္ဏလှျံ သစ္စာခန်းပျို့ ပိုဒ်–၂၁၇ တွင် ဝတ်စားနှင့်ဆင်ယင်ကို တွဲလျက် ဖော်ပြရာ၌ ဝတ်စားသည် အဝတ်အစားကို ဆိုလိုခြင်းဖြစ်ပြီး လက်ကောက်၊ ပုတီး စသော အဆင်တန်ဆာတို့ကို ဆင်ယင်သည် ဟူသော သဘောသက်ရောက်ပါသည်။ သာမန်အချိန်ထက် ပိုပိုသာသာ ဝတ်စားခြင်းသဘော ဖြစ်သည်။

အောက်ပါသာဓကတွင်လည်း 'စား'သည် ပိုသည်၊ သာသည်၊ လွန်သည် ဟူသော အနက်ငုပ်ကြိယာဖြစ်ပြီး ရှေ့ကြိယာကို အထောက်အကူပြုသည်။

## လေးစား (ရှေ့/နောက်ဝဏ္ဏတို့ကို ဆန်းစစ်ခြင်း)

လုံးတွဲကြိယာ 'လေးစား'တွင် စကားလုံးနှစ်ခုလုံး အနက်ငုပ်နေသည်ဟု ဆိုချင်ပါသည်။ 'စား'၏ အနက်ငုပ်ပုံကို ရှေ့တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ 'လေး'၏ အနက်ငုပ်ပုံကို ပညာရှင်တို့ ဖွင့်ဆိုချက်များနှင့် ဆက်စပ်တင်ပြပါမည်။ ဆရာ ဂျွန်အိုကယ်နှင့် ဆရာမ အင်နာအယ်လော့ ပြုစုသော Burmese/Myanmar Dictionary of Grammatical Forms တွင် 'စား'၏အနက်ကို ဖွင့်ဆိုရာ၌ 'လေးစား'ကို သာဓကအဖြစ် ဖော်ပြထားပါသည်။

"စား – 1- (V--) = to consume, to V with relish, to savour V-ing, to V permanently; comm.elem cpd vb, CB+FB; * ရှု – to look: = ရှုစား – to gaze upon; ခံ – to accept, receive; ခံစား – to enjoy, to suffer"

"လေး – to be heavy: လေးစား – to respect: ဝင်– to enter: ဝင်စား – to enter and possess (as spirit); တင် – to put on, above: တင်စား – to exaggerate; ပြော – to speak of; ထိုသပိတ်

အကြောင်းကို ခဏခဏ ဂုဏ်ယူ၍ ပြောစားမိမည် – later he was to speak of that strike with pride and satisfaction."[၁]

ထိုဖွင့်ဆိုချက်တွင် 'လေး'ကို to be heavy ဟု လည်းကောင်း၊ 'လေးစား'ကို to respect ဟု လည်းကောင်း ဖွင့်ထားသည်။ 'လေး'သည် ဝန်ချိန်အလေးအပေါ့ကို ပြောသည်။ 'စား'သည် ပိုမိုလွန်ကဲသည်ဟု အနက်ဖွင့်ဆိုပါက 'လေးစား'သည် 'အလွန်လေးသည်' ဟူသော အနက်သာ ထွက်ပါသည်။ 'ရိုသေသည်' ဟူသော အနက်နှင့် အလွန်ကွာခြားနေပါသည်။

ဝေါဟာရတ္ထပကာသနီတွင်–

"လေးလံသည် ဟူသည်၌ လေးသည်ဟူသော ဝိသဒ္ဒနီသံကား ပေါ့သည် ဟူသော ဂုဏ်အနက်မျှသာတည်း။ ထိုနှင့်လျော်စွာ ဝန်လေးသည်။ အလေးအမြတ်ပြုသည် စသော ဆိုမိန့်ခြင်းတို့၌ အားကြီးခြင်း ခိုင်ခံ့ခြင်း အနက်ထင်၏။"[၂]

ဆရာတော်၏အဖွင့်တွင် ထူးခြားသည်မှာ အားကြီးသည်၊ ခိုင်ခံ့သည် ဟူသော အဓိပ္ပာယ်များ ပါဝင်လာသော်လည်း အသုံးအနှုန်းကို သာဓကမပြထားသဖြင့် ရှင်းရှင်းလင်းလင်း မသိနိုင်ပါ။

ဗြဟ္မနိရုတ္တိကျမ်းတွင်မူ–

"လေးစား – စား– အနက်မဲ့နောက်ဆက်၊ အလောက်အလား ပြုခြင်း၊ ဂရုပြုခြင်း အနက်၌သာ ဆက်သည်။"

"သူ့ကိုအောက်ထား၊ မလောက်လားပဲ၊ လေးစားမဖြုံ" (မဃ–၁၉၄)

"ကိုယ်မှုပြည်ရေး၊ အလေးမဲ့စွာ၊ မနေရာဘူး" (မဃ–၁၉၃)

"လို့–လို–လေး – နှစ်လို့သည်။ ချစ်နှစ်လိုသည်။"

"ဘစိုးမင်းကို မြတ်နိုးလေးတုံ့ လေးပါလော့။ "(ကိုး– ၅၀)

"လောက်–လား–လေး – လောက်လောက်လားလား ဖြစ်သည်။ မပေါ့။"[၃]

---

[၁] Okell, John & Anna Allot, 2001. 50.

[၂] ကျော်အောင်စံထား၊ ၁၉၆၆၊ ၄၁၁။

[၃] ဗြဟ္မနိရုတ္တသင်္ဂဟ၊ ၁၉၈၅၊ ၇၁၉။

ထိုအထောက်အထားတို့တွင် 'လေး'သည် အလေးထားရမည်။ မြတ်နိုးရမည်၊ ဟူသော အနက်ဆောင်သည့် လုံးချင်းကြိယာအဖြစ် သုံးထားပါသည်။ ထိုအချိန်က 'လေး'သည် မြတ်နိုးသည်၊ ရိုသေသည်ဟု အနက်ထွက်ခဲ့မည်လားဟု ခန့်မှန်းမိပါသည်။

ထိုအချက်ကို ဖော်ပြနေသော သာဓကများလည်း ရှိပါသည်။ 'မလောက်လေး မလောက်စား' ဟူရာတွင် 'ဂုဏ်ဒြပ်ကို မမျှော်မထောက်၊ မလေးမစား'[၁] သည့် သဘော ဆောင်သည်၊ 'အရိုအသေ အလေးအမြတ်' ဟူသော အသုံးတွင် 'အလေးအမြတ်'သည် လေးနှင့်မြတ် ဟူသော ကြိယာတို့ကို ကြိယာနာမ်အဖြစ် အသွင်ပြောင်းထားခြင်း ဖြစ်သည်။ ထို့ပြင် 'အလေးပေးသည်' ဆိုခြင်းမှာ ဂရုတစိုက်လုပ်ဆောင်သည်ကို ဖော်ပြသည်။ 'နိုင်ငံတော်အလံကို အလေးပြုသည်' ဟူသော အသုံးသည်လည်း အလေးအမြတ်ပြုခြင်းပင် ဖြစ်သည်။ 'ဒီဟင်းက လေးလိုက်တာ'ဟု ဆိုလျှင် 'ဆားငန်သည်' 'အငန်ဓာတ်ပိုမိုလွန်ကဲနေသည်'ကို ဆိုလိုခြင်းပင် ဖြစ်သည်။ ထို့ပြင် 'မလေးမခန့်'၊ 'ကြောင်အိုတော့ ကြွက်မလေး'၊ 'လူမလေး ခွေးမခန့်' ဟူသော စကားတို့နှင့်လည်း ချိန်ထိုးစဉ်းစားရန် ဖြစ်ပါသည်။ ထို့ကြောင့် 'လေး'၏ မူလ အဓိပ္ပာယ်မှာ ပုဂ္ဂိုလ်၊ အရာဝတ္ထု စသည်တို့ကို ပေါ့ပေါ့မထားဘဲ မြတ်နိုးသည်၊ ရိုသေသည်ဟု ဆိုနိုင်ပြီး 'လေးစား'သည် အထူးမြတ်နိုးရိုသေသည် ဟု အနက်ကောက်နိုင်သည့် လုံးတွဲကြိယာဟု ဆိုချင်ပါသည်။

## ရယ်မော မှ မော ( နောက်ဝဏ္ဏကို ဆန်းစစ်ခြင်း)

လုံးတွဲကြိယာ 'ရယ်မော'ကို အဓိပ္ပာယ်တစ်မျိုးဖြင့် ဖွင့်ဆိုပုံကို မကြာခဏ ကြားနေရပါသည်။ ရယ်စရာပြီးလျှင် မောစရာလာတတ်သည်ဟု 'ရယ်' နှင့် 'မော'ကို ခွဲခြားကာ စာပေဟောပြောပွဲတွင် ဆရာအောင်သင်းက ပြောဆိုခဲ့ပုံမျိုး ဖြစ်ပါသည်။ 'ရယ်မော'တွင် တွေ့ရသော 'မော'၏ အဓိပ္ပာယ်ကို စဉ်းစားလျှင် 'မော'ကို နောက်လိုက် ဝဏ္ဏအဖြစ် တွဲစပ်သုံးထားသော အခြားလုံးတွဲကြိယာများနှင့် နှိုင်းယှဉ်ရန် လိုပါသည်။ သာမော၊ ရှုမော၊ တင့်မော၊ ချောမော ဟူသော အသုံးများတွင် သာယာခြင်း၊ ရှုချင်စဖွယ် ဖြစ်ခြင်း၊ တင့်တယ်ခြင်း၊ ချောခြင်း တို့နှင့် မောပန်းနွမ်းနယ်ခြင်း တို့ကို တွဲဖက်သုံးရန် မလိုက်ဖက်ပါ။ သို့ဖြစ်ပါက 'မော'သည် မည်သည့်အဓိပ္ပာယ် ဆောင်သနည်း ဟု ဆန်းစစ်ကြည့်လိုပါသည်။

---

[၁] ဝေါဟာရဝိပ္ပလ္လာသလက္ခဏာဒီပကာ၊ မ–၁၂၃၅၊ ၁၂၇။

ဝေါဟာရတ္ထပကာသနီကျမ်းတွင်–

မော–

၁။ မိန်းမောသည်။

၂။ ပန်းမောသည်။ ဖတ်ဖတ်မောသည်။

၃။ ချောမောသည် ဟူသော အရာကဲ့သို့ အထူးထင်စေလိုသော အရာ၊ ကောင်းမော၊ တင့်မော၊ သာမော––[၁]

ဟု ဖွင့်ဆိုသည်။ ဝေါဟာရတ္ထပကာသနီကျမ်း၏ ဖွင့်ဆိုချက်အရ 'မော'တွင် မိန်းမောသည်၊ ပန်းမောသည် ဟူသော အဓိပ္ပာယ်အပြင် 'အထူးထင်စေလိုသောအရာ' ဟူသော တာဝန်ရှိပါသည်။ ထိုတာဝန်ကြောင့် ရှေ့ကြိယာ၏အဓိပ္ပာယ်ကို ပိုမိုလေးနက်စေခြင်း ဖြစ်ပါသည်။ မည်သည့်အဓိပ္ပာယ်ဖြင့် လေးနက်စေသည်ကိုမူ ဆရာတော်က ဖော်ပြမထားပါ။

ဗြဟ္မနိရုတ္တိကျမ်းတွင်–

မို– မောက်– မာ– မော်– မော

၁။ မိန်းမောသည်၊ မေ့မျောသည်။

၂။ မိုးမိုးကဲကဲပြုသည်။ မောက်မာသည်။

၃။ လွန်ကဲမှုပြ ကြိယာထောက်ပစ္စည်း [၂]

စသည့် ဖွင့်ဆိုချက်များအရ 'လွန်ကဲမှုပြ ကြိယာထောက်ပစ္စည်း' ဟူသော အဖွင့်ကို သတိပြုမိပါသည်။ 'စား'ကို ဖွင့်ဆိုခဲ့စဉ်က အနက်မဲ့နောက်ဆက် ဟု ဖွင့်ဆိုခဲ့သော်လည်း 'မော'ကိုမူ ကြိယာထောက်ပစ္စည်းဟု ဆိုပါသည်။ စင်စစ်အားဖြင့် စကားလုံးဖွဲ့ပုံသဘောအရ 'မော' နှင့် 'စား'သည် နောက်လိုက်ကြိယာ ဖြစ်သည်။ လုံးတွဲကြိယာ၏ ဒုတိယဝဏ္ဏနေရာကို ယူထားပုံချင်းလည်း အတူတူပင် ဖြစ်ပါသည်။ သို့သော် လွန်ကဲမှုပြ ကြိယာထောက်ပစ္စည်းဟု အနက်ဖွင့်ဆိုပုံကို ဆန်းစစ်လိုပါသည်။

"ပေါက်ပြသာမော၊ သရက်တောတည့်၊ မင်းစောပထမ" (မဃ–၄၄၈)

"သဗ္ဗညုကို၊ လှူလှူဆောလျှင်၊ ရမောချင်၍" (ပါ–၄၉)

---

[၁] ကျော်အောင်စံထား၊ ၁၉၆၆၊ ၄၂၂။

[၂] ဗြဟ္မနိရုတ္တိနယသင်္ဂဟ၊ ၁၉၈၅၊ ၅၉၆။

အဖွဲ့များတွင် သာမော နှင့် ရမော ဟူသော လုံးတွဲကြိယာနှစ်ခုပါ နောက်ဝဏ္ဏ 'မော'သည် အလွန် ဟူသော အဓိပ္ပာယ်ကိုဆောင်သည်။ သာမော– အလွန်သာယာသည်။ ရမော– အလွန်ရချင်သည် ဟု အဓိပ္ပာယ်ဆောင်နေပါသည်။

မြန်မာအဘိဓာန်တွင် –

မော၊ ကြိ– ကိုယ်စိတ်အင်အား ကုန်ခန်းသည်။

မော၊ စည်း– အလွန် ဟူသော အနက်ဖြင့် ထောက်ပံ့သော စကားလုံး၊ သာမော၊ ရှုမော၊တင့်မော။[၁]

ဟု ဖွင့်ဆိုပါသည်။

မြန်မာအဘိဓာန်၏ ဖွင့်ဆိုချက်အရ 'မော'သည် အနက်ကို ထောက်ပံ့သည့် ပစ္စည်းဟု ဆိုသဖြင့် ဗြဟ္မနိရုတ္တိကျမ်းနှင့် အယူအဆတူသည်ဟု ဆိုရပါမည်။ ထောက်ပံ့ရာတွင်လည်း အလွန် ဟူသော အနက်ဖြင့် ထောက်ပံ့သည်ဟု ဆိုသဖြင့် 'မော'ပါသည့် အခြားကြိယာများနှင့် နှိုင်းယှဉ်လေ့လာနိုင်သည်။

"ရယ်မော – ကြိ– နှစ်ခြိုက်စွာရယ်သည်။"

"မက်မော – ကြိ– စွဲလန်းစိတ် ပြင်းပြသည်။ အလွန်မက်သည်။"[၂]

စသည်ဖြင့် ဖွင့်ဆိုသည်ဖြစ်ရာ နောက်ဝဏ္ဏ 'မော' သည် 'လွန်ကဲသည်' ဟူသော အနက်ကိုဆောင်သည့် နောက်လိုက်ကြိယာတစ်ခု ဖြစ်သည်။ ထို့အတူပင် 'ရယ်မော' မှ 'မော' နောက်ဝဏ္ဏသည် အားရပါးရ အလွန်ရယ်မောသည်ကို ဆိုလိုသော လုံးတွဲကြိယာ တစ်ခုအဖြစ် ယူဆပါသည်။

## လိမ်မာ မှ (ရှေ့/နောက်ဝဏ္ဏတို့ကို ဆန်းစစ်ခြင်း)

လိမ်မာ၏ ယနေ့အနက်သည် ကောင်းသောအနက်သဘောကို ဆောင်သည်။ လိမ်မာယဉ်ကျေးသည်။ လိမ်မာပါးနပ်သည် စသော အသုံးများအရ သိနိုင်သည်။ သို့သော် 'လိမ်'နှင့် 'မာ'၏အနက်ကို တစ်ခုစီခွဲခြားကြည့်ပါက 'လိမ်'၏ အနက်သည် မကောင်းသော သဘောကိုဆောင်သည်။ လိမ်လည်သည်၊ လိမ်ညာသည် စသောအသုံးများကို ကြည့်လျှင် သိနိုင်သည်။ ထိုအချက်ကို ဝေါဟာရတ္ထပကာသနီ ကျမ်းပြုဆရာတော်က သတိထားခဲ့မိသည်။ ထို့ကြောင့် အောက်ပါအတိုင်း မိန့်ဆိုခဲ့သည်–

---

[၁] မြန်မာအဘိဓာန်၊ ၂၀၁၈၊ ၂၆၂။
[၂] မြန်မာအဘိဓာန်၊ ၂၀၁၈၊ ၂၆၅။

> “လိမ်မာ ဟူသောစကားအရ ကွေ့လိမ်မာမြင်းသည်– ဟူ၍ အနက်ကြံကုန်သည်ကား သင့်နိုးအံ့သို့မရှိ၊ ‘လိမ်မောင့်လိမ်မာ၊ မောင့်ချင်းရာကား’ ဟူသော စကားအရ ကုသလာ–လိမ်မာသော သူ၏ဥစ္စာ ဖြစ်ကုန်သောဟူ၍ အနက်ယောဇနာသည့်အရာတို့သည် ကောက်ကျစ်ကွေ့လိမ်မာမြင်းသောသူ– ဟူ၍ အနက်သွားရှိခြင်း ကြောင့် အဇပေါလမင်းသားသည် ကောက်ကွေ့လိမ်သည်ဟု စကားကျရှိ၍ မယုတ္တိ၊”[၁]

ဟု ဖွင့်ဆိုသည်။ ထို့ကြောင့် ဆရာတော် မတိုင်မီကတည်းက ‘လိမ်မာ’ကို ကြံဆခဲ့ ဖူးကြောင်းနှင့် ထိုကြံဆချက်ကို ဆရာတော်က လက်မခံကြောင်း ထင်ရှားပါသည်။ သို့သော် ဆရာတော်၏ ဖွင့်ဆိုချက်များတွင်လည်း ထိုအချက်ကို နားလည်လက်ခံအောင် ရှင်းရှင်းလင်းလင်း ဖွင့်ဆိုခြင်းမျိုး မတွေ့ရပါ။ ‘လိမ်မာ’၏ ရှေ့ဝဏ္ဏ ‘လိမ်’၏ အဓိပ္ပာယ်ကို ဆက်လက် ဆန်းစစ်ကြည့်ပါက–

ဝေါဟာရတ္ထပကာသနီတွင်–

> “လုံးကြီးတင် မသတ်လည်း ခွေလိမ်သည် ဟူသော အနက်သာ ထင်၏”

ဟု အကျဉ်းမျှသာ ဖွင့်ဆိုသည်ကို တွေ့ရသည်။[၂]

ပြဟ္မနိရုတ္တိကျမ်းတွင် –

| | | |
|---|---|---|
| “လှည့်–လည်–လိမ်” | = | လှည့်ပတ်သည်။ ကွေ့လည်သည်၊ ရစ်ပတ်သည်။ |
| “လေ့–လာ–လည်–လိမ်” | = | လည်သည်၊ ကျင်လည်သည်၊ ကျွမ်းကျင်သည်။[၃] |

ဟူသော ဖွင့်ဆိုချက်အရ ကျင်လည်သည်၊ ကျွမ်းကျင်သည် ဟူသော အဖွင့်စကားသည် ‘လိမ်မာ’၏ အဓိပ္ပာယ်ကို ကြံဆရာတွင် များစွာ အထောက်အကူပေးနိုင်ပါသည်။

| | | |
|---|---|---|
| “မွတ်–မာ” | = | မွတ်သည်၊ လည်ပတ်သည်၊ ကျင်သည်။[၄] |

---

[၁] ကျော်အောင်စံထား၊ ၁၉၆၆၊ ၄၁၂။

[၂] ကျော်အောင်စံထား၊ ၁၉၆၆၊ ၆၉၅။

[၃] ပြဟ္မနိရုတ္တိကျမ်း၊ ၁၉၈၅၊ ၇၄၅။

[၄] ပြဟ္မနိရုတ္တိကျမ်း၊ ၁၉၈၅၊ ၅၈၉။

ထို့ကြောင့် 'လိမ်မာ'သည် ကျင်လည်သည်၊ ကျွမ်းကျင်သည် ဟူသော အနက်ဆောင်သည့် လုံးတွဲကြိယာ ဟု ဆိုချင်ပါသည်။

မြန်မာအဘိဓာန်တွင်–

လိမ္မာ၊ ကြိ– ၁၊ အနေအထိုင်၊ အပြောအဆို စသည် ယဉ်ကျေးသိမ်မွေ့သည်။

၂၊ ကျွမ်းကျင်တတ်မြောက်သည်။

ဟု ဖွင့်သည်။

လိမ်၊ ကြိ– ၁၊ အရစ်အရစ်ခွေပတ်သည်။

၂၊ မဟုတ်မမှန် လှည့်ပတ် ပြောဆိုပြုမူသည်။ ညာသည်။

လိမ်လည်၊ ကြိ– မရိုးသားသောစိတ်ဖြင့် မဟုတ်မမှန် လှည့်ပတ်ပြောဆို ပြုမူသည်။[၁]

ဆိုခဲ့သော ဖွင့်ဆိုချက် သုံးမျိုးအနက် ဗြဟ္မနိရုတ္တိဆရာတော်က 'ကျွမ်းကျင်သည်' ဟူသော အဖွင့်သည် 'လိမ်မာ'၏ အဓိပ္ပာယ်ကို အထောက်အကူပြုနိုင်သော ဖွင့်ဆိုချက်ဖြစ်သည်။ မည်သို့အထောက်အကူပြုသည်ကို အောက်ပါသာဓကများအရ သိနိုင်သည်–

"လိမ်လည်"

"လိမ်ညာ"

"လိမ်ကောက်"

"လိမ်တွန့်"

ဟူသော လုံးတွဲကြိယာတို့သည် ရှေ့တွင် ဖော်ပြခဲ့သော အနက်တူလုံးတွဲကြိယာ အမျိုးအစားတွင် အကျုံးဝင်ပါသည်။ သို့ဖြစ်၍ လိမ်နှင့်လည်၊ လိမ်နှင့်ညာ၊ လိမ်နှင့်ကောက်၊ လိမ်နှင့်တွန့် တို့သည် အနက်တူသည့် ကြိယာများ ဖြစ်သည်။

'လည်'နှင့် တွဲစပ်သုံးတတ်သော ကြိယာများမှာ အောက်ပါအတိုင်းပင် ဖြစ်ပါသည်–

"ကျင်လည်"

---

[၁] မြန်မာအဘိဓာန်၊ ၂၀၁၈၊ ၃၃၄။

"ကျေလည်"
"ပြေလည်"
"လှည့်လည်"

ဟူသော လုံးတွဲကြိယာများ အနက် 'ကျင်လည်' ဟူသော ကြိယာသည် အနက်တူ လုံးတွဲကြိယာ အမျိုးအစား ဖြစ်သည်။ ကျင်နှင့်လည် တို့ကို အဓိပ္ပာယ်တူ သုံးလေ့ရှိသည်။ 'ကျင်'ကို သံပြင်းနှင့်ဖတ်လျှင် 'ဂျင်'ဟု အသံထွက်ပြီး **လည်ပတ်** နေသော အရာကို ညွှန်းသည်။

ထို့အတူပင် "လူဖြစ်ကျင် နတ်ဖြစ်ကျင်၊ 'လူ့ရွာနတ်ရွာ သံသရာအရှည် ကျင်လည်ရာရာ လူ့ရွာ ဖြစ်လည်း လုထက်အမြတ် မန္တာတ်မင်း၏ စည်းစိမ်သို့သော စည်းစိမ်ကိုဝ်လျှင် လိုဝ်ချင်သတေး"[၁] စသော ပုဂံခေတ်ကျောက်စာ အသုံးတို့တွင်လည်း လူဖြစ်လိုက် နတ်ဖြစ်လိုက်ဖြင့် ကျင်လည်နေသော သံသရာ၏သဘောကို ဖော်ညွှန်းသည်။ ထို့ကြောင့် 'ကျင်'၏ အဓိပ္ပာယ်ကို **လည်ပတ်သည်** ဟူ၍ ဖွင့်ဆိုနိုင်သည်။

ထိုသို့ဆိုပါက ကျင်နှင့် တွဲစပ်လေ့ရှိသော ကြိယာများကို လေ့လာဆန်းစစ်ရန် ဖြစ်ပါသည်-

"ထုံကျင်"
"နာကျင်"
"ကျွမ်းကျင်"

ထိုကြိယာများသည်လည်း အနက်တူ လုံးတွဲကြိယာများဖြစ်သည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် 'ကျင်'သည် **လည်ပတ်သည်** ဟူသော အနက်အပြင် ကျွမ်းကျင်သည် ဟုလည်း အနက်ကောက်နိုင်ပါသည်။

'လိမ်မာ' မှ နောက်ဝဏ္ဏ 'မာ'၏ အဓိပ္ပာယ်ကို ရှေးပညာရှိတို့က အောက်ပါအတိုင်း ကြံဆခဲ့ပါသည်။

ဝေါဟာရတ္ထပကာသနီကျမ်းတွင်-

"မာ - ကျန်းမာသည်၊ သန်မာသည်၊ မောင့်မာသည် - ဟု ဖွင့်သည်။ ကျန်းမာ၊ မောင့်မာ ဟူသော ဆိုမိန့်ခြင်းကား မပျောင်းမည့်

---

[၁] စောလူ၊ ၂၀၁၅၊ ၃၉၇။

ခိုင်ခံ့ခြင်း အနက်တည်း၊ ထိုအနက်ကို မောင့်မာသည်၊ မာမြင်းသည်၊
မာကျောသည် စသည့်ဖြင့် ဖွင့်ဆိုသည်။"[၁]

သို့သော် 'မာ'၏ အနက်ကို မပျောင်းမည့်၊ ခိုင်မာသည်၊ မာကျောသည်ဟု ဆိုရုံနှင့် မပြည့်စုံပါ။ ကြီးမား မိုမောက်သည်၊ လွန်ကဲသည် ဟူသော အဓိပ္ပာယ်လည်း ရှိနေကြောင်း မ၊ မာ၊ မား ဟူသော အသံစုအရ သိသာပါသည်။ လက်မ၊ ယုတ်မာ၊ မြင့်မား ဆိုသော ဝေါဟာရများတွင် ကြီးမားသည့် သဘော၊ လွန်ကဲသည့် သဘောသည် ထင်ရှားပါသည်။

လုံးတွဲကြိယာများတွင် 'စား' ဟူသည့် နောက်ဝဏ္ဏကဲ့သို့ပင် 'မာ' သည်လည်း ကြီးမား၊ မြင့်မား၊ မိုမောက်၊ လွန်ကဲ ဟူသော အနက်များဖြင့် ရှေ့ကြိယာကို ထူးခြားလေးနက်စေသည်ဟု ဆိုချင်ပါသည်။ ထို့ကြောင့် မြန်မာအဘိဓာန်တွင် ဖော်ပြထားသော 'လိမ္မာ' ဟူသော ကြိယာတွင် 'လိမ်'သည် ကျွမ်းကျင်သည် ဟူသော အနက်ကိုဆောင်သည်။ 'မာ'သည် 'လွန်ကဲသည်'ဟု အနက်ရသော နောက်ဝဏ္ဏတစ်ခု ဖြစ်ပြီး 'လိမ်မာ'သည် 'အထူးကျွမ်းကျင်သည်။ လွန်လွန်ကဲကဲ တတ်မြောက်သည်' ဟူသော အနက်ကိုဆောင်သည့် လုံးတွဲကြိယာတစ်ခုဖြစ်သည်ဟု ဆိုချင်ပါသည်။

မောင်ထွား၏အဲချင်းနှစ်ပုဒ်မှ 'လိမ်မာ'အသုံးကို အောက်ပါအတိုင်း တွေ့နိုင်ပါသည်–

"ပျံ့ပျူးငယ်မှ သာချို
နှုတ်ရေးလိမ်မာ
ဖန်တရာပင်
သစ္စပန်နက် မြဲစေဆိုချက်ပေတည့်
မြမျက်လိုပဲလေ။"[၂]

ဟူသော ကဗျာတွင် 'နှုတ်ရေးလိမ်မာ' ဟူသော အသုံးသည် နှုတ်မှုရေးရာ ကျွမ်းကျင်သည်ဟု အဓိပ္ပာယ်ကောက်နိုင်သည်။ ထို့ပြင် အပြောအဆို ယဉ်ကျေးသိမ်မွေ့သည် ဟုလည်း ယူဆနိုင်သည်။ 'လိမ်မာ'၏ အဓိပ္ပာယ်သည် ကျွမ်းကျင်သည် ဟူသော သဘောအပြင် ယဉ်ကျေးသိမ်မွေ့သည်ဟု အနက်ပွားလာခြင်း ဖြစ်မည်လားဟု တွေးတောမိပါသည်။

---

[၁] ကျော်အောင်စံထား၊ ၁၉၆၆၊ ၄၁၁။
[၂] ရွှေသိမ်းမင်း၊ ၂၀၁၂၊ ၂၆၉။

"အားမရှိခင် ဆားလျက်ချင်သည့်နှယ်
ရွှေရင်တော် ရတနာ မဆာတန်ဆာရှော့မယ်။
အလိမ်မာ လွှင်မကျင်းပါနှင့် ကြံရင်းတိုင်းလေး။"[၁]

ဟူသော အဲချင်းပါ 'အလိမ်မာ'သည် ယဉ်ကျေးသိမ်မွေ့ခြင်းမဟုတ်၊ ကျွမ်းကျင်ခြင်းလည်း မဟုတ်ပါဘဲ လှည့်ပတ်ပြောဆိုတတ်သော မုသားဆိုတတ်သော သဘောကို ဖော်ပြနေပါသည်။ ကွေ့လိမ်လည်သည့် အနက်ဖြစ်သည်ဟု ဆိုချင်ပါသည်။ ထို့ကြောင့် ဖော်ပြပါသာဓကတွင် 'လိမ်မာ'သည် လှည့်ပတ်သည် ဟူသော အနက်ကိုပင် ဖော်ပြနေသဖြင့် 'လိမ်မာ'၏အနက်ကို အမျိုးမျိုးကောက်ယူနိုင်ကြောင်း ထင်ရှားပါသည်။

## ခြုံငုံသုံးသပ်ချက်

မြန်မာစာပေ အဦးအစတွင် လုံးချင်းကြိယာတို့ကို အသုံးပြုခဲ့ကြသည်။ စာပေ အရေးအသား အပြောအဆိုတို့ ဖွံ့ဖြိုးတိုးတက်လာချိန်တွင် ဆိုလိုရင်းကို အထောက်အကူ ပြုစေလိုသဖြင့် လုံးတွဲကြိယာများကို အသုံးပြုလာကြသည်။ နောင်ကာလရှည်ကြာ လာသည့်အခါ ရှေ့ကြိယာကိုသာ အလေးပြုမိပြီး နောက်ကြိယာ၏ အနက်ကို မစဉ်းစားဘဲ ပြောဆိုလာကြပါသည်။ ထို့ပြင် ရှေ့ကြိယာ၏အနက်ကိုသာ စဉ်းစားပြီး နောက်ကြိယာကို အထောက်အကူပြုသည့် ပစ္စည်း၊ ရှေ့ကြိယာ၏အဓိပ္ပာယ်ကို လေးနက်စေသော ထောက်ပံ့ပေးသော နောက်ဆက်ဟုသာ အဘိဓာန်တို့တွင် ဖွင့်ဆိုလာကြပါသည်။ ကြိယာဟုတ်မဟုတ် စိစစ်ကြံဆကြည့်ရန် အားမပြုတော့ဘဲ အသုံးရွှေ့သွားသည် ဟုသာ ဆိုကြခြင်းများလည်း ရှိပါသည်။ စင်စစ်အားဖြင့် လုံးတွဲကြိယာတို့တွင် နောက်ဝဏ္ဏတို့၌ ကိုယ်ပိုင်အနက်များရှိကြပြီး ရှေ့ကြိယာကို ထောက်ပံ့ပေးခြင်း ရှိသလို အနက်အဆက်အစပ်မရှိဘဲ ရပ်တည်နေခြင်းမျိုးလည်း ရှိပါသည်။ ထို့ကြောင့် အနက်ငုပ်နေသော ရှေ့/နောက်ကြိယာတို့ကို အနက်ဖွင့်ကြည့်ခြင်းအားဖြင့် ကြိယာတို့၏ အခန်းကဏ္ဍကို ဆင်ခြင်နိုင်မည်ဖြစ်ပြီး အချို့ကြိယာတို့၏ ငုပ်နေသော အနက်အဓိပ္ပာယ်တို့လည်း ပေါ်ထွက်လာမည်ဟု သုံးသပ်မိပါသည်။

---

[၁] ရွှေသိမ်းမင်း၊ ၂၀၁၂၊ ၂၆၉။

## နိဂုံး

မြန်မာဘာသာစကားရှိ နှစ်လုံးတွဲကြိယာတို့တွင် အနက်ငုပ်နေသော ကြိယာများ ရှိကြောင်းကို တတ်စွမ်းသရွေ့ ဆန်းစစ်တင်ပြထားပါသည်။ အဘိဓာန်တို့တွင် အနက်ဖွင့်ပုံ မတိမ်းမယိမ်းရှိခြင်း၊ ကွဲလွဲနေခြင်းတို့၏ အကြောင်းရင်းကို သတိပြုမိရန် ကြိုးစားထားပါသည်။ ထိုသို့ အနက်ဖွင့် ကွဲလွဲခြင်းအကြောင်းကို ဆက်လက် သုတေသနပြုရန် လိုအပ်ပါသည်။ ဤစာတမ်းတွင် ဖော်ပြထားသော ကြိယာများ သာမက တွယ်တာ၊ ယဉ်ပါး၊ ထင်စား၊ မွေးစား စသည့် လုံးတွဲကြိယာတို့၏ အနက် များကို ဆက်လက် ဖော်ထုတ်စူးစမ်းကြရန် တိုက်တွန်းအပ်ပါသည်။

## ကျမ်းကိုးစာရင်း


### မြန်မာဘာသာ

ကောသလ္လ၊ ဆရာတော်။ (၁၉၈၅)။ ဗြဟ္မနိရုတ္တိနယသင်္ဂဟ ခေါ် မြန်မာစကားလုံးပြောင်းထုံးကျမ်း။ ရန်ကုန်၊ စာပေပေါင်းကူးပုံနှိပ်တိုက်။

ကျော်အောင်စံထား၊ ဆရာတော် (ဒုတိယ)။ (၁၉၆၆)။ ဝေါဟာရတ္ထပကာသနီကျမ်း(ဒု–အုပ်)။ ရန်ကုန်၊ တိုးစာပုံနှိပ်တိုက်။

မဟာဇေယသင်္ခယာ၊ (လှေသင်းအတွင်းဝန်)။ (၁၉၆၃)။ ဝေါဟာရလီနတ္ထဒီပနီ၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

မြန်မာအဘိဓာန်။ (၂၀၁၈)။ ရန်ကုန်၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊ မြန်မာစာအဖွဲ့။

ဝန်၊ ဦး။ (၁၉၅၂)။ တက္ကသိုလ်မြန်မာအဘိဓာန်၊ အပိုင်း၁၊ ရန်ကုန်၊ ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန။

### အင်္ဂလိပ်ဘာသာ

Okell.John and Allott, Anna. (2001). Burmese / Myanmar Dictionary of Grammatical Forms. Curzon Press, Carnwall.


## ဖတ်ရှုသော စာအုပ်စာရင်း


မင်းထင်၊ ဦး (ဆရာ)။ ၁၉၅၉။ ဝေါဟာရနှင့်ပေါရာဏ၊ ရန်ကုန်၊ သိန်းညွန့်ဦးစာပေ။

သာနိုး၊ မောင်။ ၂၀၀၉။ မြန်မာ့စကားနဲ့စာပေ၊ ရန်ကုန်၊ ကျောက်ဆောင်စာအုပ်တိုက်။

ဝေါဟာရဝိပလ္လာသ–လက္ခဏာဒီပက၊ ရန်ကုန်၊ ငွေယမုန်စာပေ။

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# မြန်မာဘာသာစကားရှိ နာမဝိသေသနစစ်စစ်ပြဿနာ

ခင်မာဆွေ[*]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာဘာသာစကား၌ နာမဝိသေသနစစ်စစ် ရှိ မရှိ ဘာသာဗေဒ ရှုထောင့်မှ လေ့လာတင်ပြထားသော စာတမ်း ဖြစ်သည်။ မြန်မာဘာသာစကားကို လေ့လာကြသော ပညာရှင်များတွင် မြန်မာဘာသာစကား၌ နာမဝိသေသန စစ်စစ် မရှိဟု တစ်ထစ်ချယုံကြည်သူများရှိသကဲ့သို့ မြန်မာဘာသာစကား၌ နာမဝိသေသနစစ်စစ် ရှိနိုင်သည်ဟု ယုံကြည်လက်ခံထားသူများလည်း ရှိပါသည်။ ဤအချက်သည် မြန်မာဘာသာစကား၏ ဝါစင်္ဂအမျိုးအစားနှင့် အရေအတွက် သတ်မှတ်ချက်အတွက် အငြင်းပွားဖွယ်ရာ ဖြစ်နေပါသည်။ ယင်းပြဿနာနှင့် ပတ်သက်၍ လေ့လာတင်ပြအဖြေရှာကြည့်ရန် ဤစာတမ်းကို တင်သွင်းခြင်း ဖြစ်ပါသည်။ ဤစာတမ်းတွင် ပထမပိုင်း၌ ဝါစင်္ဂပြဿနာများထဲမှ နာမဝိသေသန စစ်စစ် ပြဿနာအကြောင်းကို တင်ပြမည်ဖြစ်ပြီး ဒုတိယပိုင်း၌ နာမဝိသေသန သတ်မှတ်ချက်များနှင့် ချိန်ထိုး၍ မြန်မာဘာသာစကား၌ နာမဝိသေသန စစ်စစ် ရှိ မရှိ အဖြေရှာ ဖော်ထုတ်ကြည့်မည် ဖြစ်ပါသည်။ ယင်းပြဿနာကို အဖြေရှာခြင်းဖြင့် မြန်မာဘာသာစကား၏ သဘောလက္ခဏာတစ်ရပ်ကို တင်ပြနိုင်မည် ဖြစ်ပါသည်။

**သော့ချက်စကားလုံး** – ***ဝါစင်္ဂ၊ နာမဝိသေသန၊ အတွင်းပုံသဏ္ဌာန်၊ ဝါကျတွင်းတာဝန်၊ စကားလုံးအမျိုးအစား။***

## နိဒါန်း

မြန်မာဘာသာစကားကို လေ့လာခဲ့ကြသော ပညာရှင်များအနက် အချို့ ပညာရှင်များက မြန်မာဘာသာစကားတွင် နာမဝိသေသနစစ်စစ် မရှိ။ နာမ်ကိုလည်းကောင်း၊ ကြိယာကိုလည်းကောင်း အမှီပြု၍ ဖန်တီးထားသော နာမ်အထူးပြုများသာ ရှိသည်ဟု ဆိုပါသည်။ အချို့ကမူ နာမဝိသေသန ရှိသည်ဟု အခိုင်အမာ မဆိုသော်လည်း မြန်မာကြိယာအချို့သည် အင်္ဂလိပ်ဘာသာစကားရှိ နာမဝိသေသနနှင့် သဘောချင်း ဆင်သည်ဟု ဆိုထားသည်။ အချို့ကမူ နာမဝိသေသနစစ်စစ် ကြိယာဝိသေသန စစ်စစ် မရှိသော်လည်း နာမ်ကိုလည်းကောင်း၊ ကြိယာကိုလည်းကောင်း အထူးပြု နေသော အထူးပြုစကားလုံးများ ရှိနေကြောင်း ဖော်ထုတ်ပြကြသည်။ အချို့ပညာရှင်များ ကလည်း မြန်မာဘာသာစကားရှိ ဂုဏ်အရည်အသွေးပြ ကြိယာအချို့သည် နာမဝိသေသန

---

[*] ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

လက္ခဏာရှိ၍ ကြိယာများမဟုတ်။ နာမဝိသေသနများသာ ဖြစ်သည်ဟု ဆိုပါသည်။ အချို့ကလည်း မြန်မာဘာသာစကား၏သဘာဝအရ စကားလုံးတို့၏နေရာနှင့် အဓိပ္ပာယ်ပြောင်းလျှင် သဒ္ဒါတာဝန် ပြောင်းလဲထမ်းဆောင်နိုင်သည်။ ယင်းကြိယာအချို့သည် အင်္ဂလိပ်ဘာသာစကား၌ လက်ခံထားသော နာမဝိသေသန၏လက္ခဏာများ သိမ်မွေ့စွာ ကိန်းအောင်းနေ၍ မြန်မာဘာသာစကား၌ နာမဝိသေသန မရှိဟု အပြတ်မဆိုသင့်ကြောင်း သုံးသပ်ပြခဲ့သည်။

သို့ဖြစ်၍ မြန်မာဘာသာစကား၌ နာမဝိသေသနရှိခြင်း၊ မရှိခြင်းနှင့် ပတ်သက်ပြီး ပညာရှင်တို့က မိမိတို့ အားသန်ရာ ရှုထောင့်မှ ဖော်ထုတ်သုံးသပ်ကြရာမှာ အယူအဆတူသည်လည်း ရှိ၍ အယူအဆမတူသည်လည်း ရှိပါသည်။ ယင်းပြဿနာသည် ဖြေရှင်း၍ မရနိုင်သေးသော ဝါစင်္ဂ ပြဿနာတစ်ရပ် ဖြစ်နေပါသည်။ ထိုပြဿနာကို အဖြေရှာနိုင်ရန်အတွက် မြန်မာဘာသာစကားရှိ နာမဝိသေသနလက္ခဏာများ ကိန်းအောင်းနေသည်ဟု ယူဆရသော စကားလုံးအချို့ကို နာမဝိသေသန မှတ်ကျောက်များဖြင့် နှိုင်းယှဉ်လေ့လာသုံးသပ် အဖြေထုတ်ကြည့်ပါမည်။

ဤစာတမ်းတွင် မြန်မာဘာသာစကားရှိ နာမဝိသေသနစစ်စစ် ပြဿနာ အကြောင်းကို–

၁။ ဝါစင်္ဂပြဿနာများထဲမှ နာမဝိသေသနစစ်စစ်ပြဿနာ

၂။ နာမဝိသေသန သတ်မှတ်ချက်နှင့် နာမဝိသေသနစစ်စစ် ဟုတ်မဟုတ်

ဟူ၍ အပိုင်းနှစ်ပိုင်း ခွဲခြားတင်ပြပါမည်။

## ၁။ ဝါစင်္ဂပြဿနာများထဲမှ နာမဝိသေသနစစ်စစ် ပြဿနာ

ဘာသာစကားတိုင်းတွင် အခြားမည်သည့် ဘာသာစကားနှင့်မျှ ထပ်တူထပ်မျှ မတူနိုင်သော သီးခြားဝိသေသလက္ခဏာများရှိကြောင်း ခေတ်သစ်ဘာသာဗေဒ ပညာရှင်များက ဆိုမိန့်ခဲ့ကြပါသည်။ ထို့ကြောင့် ဝါစင်္ဂသတ်မှတ်ရာတွင် အရေအတွက်အားဖြင့်လည်းကောင်း၊ အမျိုးအစားအားဖြင့် လည်းကောင်း၊ ခွဲခြားသတ်မှတ်သည့်အနေဖြင့်လည်းကောင်း ဘာသာစကား တစ်ခုနှင့်တစ်ခု မတူနိုင်ပေ။ သို့သော် အစဉ်အလာသဒ္ဒါဆရာတို့သည် ဘာသာစကားတစ်ခု၏ ဝါစင်္ဂအရေအတွက်နှင့် အမျိုးအစားကို ဖော်ထုတ်ရာတွင် ထိုဘာသာစကားအပေါ် ဩဇာလွှမ်းမိုးမှုရှိနေသော အခြား ဘာသာစကား၏ ဝါစင်္ဂအရေအတွက်နှင့် အမျိုးအစားအတိုင်း ဖော်ထုတ်ခဲ့ကြသည်။ ထိုကဲ့သို့

ဝါစင်္ဂအရေအတွက်နှင့်အမျိုးအစား သတ်မှတ်ခြင်းသည် ဝါစင်္ဂပြဿနာများကို ဖြစ်ပေါ်လာစေပါသည်။

မြန်မာဘာသာစကား၏ ဝါစင်္ဂသတ်မှတ်မှုများတွင်လည်း ဤသို့သော ပြဿနာများကို တွေ့ရပါသည်။ အင်္ဂလိပ်ဘာသာစကား၏ ဝါစင်္ဂရှစ်ပါးကို အခြေခံကာ မြန်မာဘာသာစကားတွင်လည်း ဝါစင်္ဂရှစ်ပါးရှိသည်ဟု အစဉ်အလာသဒ္ဒါဆရာတို့က သတ်မှတ်ထားကြသည်။ သို့သော် မြန်မာဘာသာစကားတွင် အင်္ဂလိပ်ဘာသာစကားနှင့် ထပ်တူထပ်မျှ တူညီသော ဝါစင်္ဂအရေအတွက်နှင့် အမျိုးအစားများ မရှိပေ။ မရှိပုံကိုလည်း ဘာသာဗေဒပညာရှင်များက ဖော်ထုတ်ဆွေးနွေးတင်ပြခဲ့ကြသည်။

ယင်းသို့ ဖော်ထုတ်ဆွေးနွေးခဲ့ကြသော ဘာသာဗေဒပညာရှင်များတွင် လန်ဒန်တက္ကသိုလ်မှ မြန်မာစာပါမောက္ခ မစ္စတာစတီးဝပ်[၁] လည်း ပါဝင်ပါသည်။ ၎င်းက မြန်မာဘာသာစကားတွင် နာမ်၊ ကြိယာနှင့် ပစ္စည်းဟု ဝါစင်္ဂသုံးပါးသာရှိသည်[၂] ဟု မိန့်ဆိုထားပါသည်။ အလားတူ အမေရိကန်ပြည်ထောင်စု ယေး[၃] တက္ကသိုလ်မှ ပါရဂူဘွဲ့အတွက် တင်သွင်းသော ကော်နင်[၄]၏ "Outline of Burmese Grammer" ကျမ်းတွင် ပါမောက္ခဗလွန်းဖီး[၅] ၏ ညွှန်ကြားချက်ကိုခံယူ၍ မြန်မာသဒ္ဒါကို စူးစမ်းလေ့လာပြထားပါသည်။ ထိုသို့ လေ့လာခြင်း၏ရလဒ်အဖြစ် စတီးဝပ်ကဲ့သို့ပင် မြန်မာဝါစင်္ဂများကို နာမ်၊ ကြိယာ၊ ပစ္စည်းဟူ၍ သုံးမျိုး ခွဲခြားပြခဲ့ပါသည်။ ကော်နင်က ၎င်း၏ မြန်မာဝါစင်္ဂ သတ်မှတ်ဖော်ထုတ်မှုသည် စတီးဝပ်နှင့် တစ်သဘောတည်းဖြစ်ပုံကို–

> "စတီးဝပ်၏ မြန်မာဝါစင်္ဂ ခွဲခြားစိစစ်မှုသည် ကျွန်ုပ်၏ ခွဲခြားစိစစ်မှုကို အတည်ပြုပေသည်။"[၆]

ဟု မှတ်ချက်ချခဲ့သည်။

မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊အင်္ဂလိပ်စာဌာနမှ ဆရာမကြီး ဒေါက်တာဖော့[၇] ကလည်း မြန်မာဝါစင်္ဂပြဿနာများကို ဆွေးနွေးထားပါသည်။ ဆရာမကြီးက မြန်မာဘာသာစကား၌ နာမ်၊ ကြိယာ၊ ဝိဘတ်၊ အထူးပြု ဟူ၍ ဝါစင်္ဂလေးမျိုးရှိသည်ဟု ယူဆပြခဲ့ပါသည်။ စတီးဝပ်နှင့် ကော်နင်တို့ကဲ့သို့ ပစ္စည်းကို ဝါစင်္ဂတစ်ခုအဖြစ်

---

[၁] Stewart, J.A

[၂] Stewart, 1955, 10.

[၃] Yale

[၄] Cornyn

[၅] Bloomfield Leonard

[၆] Cornyn, 1944, 5

[၇] Forbes, Kathleen

သတ်မှတ်ခဲ့ခြင်းမရှိပေ။ ဖော့က ပစ္စည်းသည် စကားလုံးပြည့် မဟုတ်၍ စကားလုံးပြည့် များနှင့်တန်းတူ ဝါစင်္ဂအဖြစ် မသတ်မှတ်သင့်ကြောင်း မိန့်ဆိုထားပါသည်။

လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိကဘာသာလေ့လာရေးမှ မြန်မာစာကထိက အိုကယ်[၁]ကလည်း မြန်မာအပြောစကားများကို ဝါစင်္ဂများခွဲ၍ လေ့လာပြခဲ့ပါသည်။ ၎င်းက 'ကြိယာ၊ နာမ်၊ အာမေဍိတ်၊ ပစ္စည်း'ဟု လေးမျိုးခွဲကာ လေ့လာဆန်းစစ်ပြထားသည်။ အိုကယ်၏ ဝါစင်္ဂခွဲခြားပုံသည် စတီးဝပ်နှင့် ကော်နင်တို့၏ ဝါစင်္ဂခွဲခြားပုံနှင့် အာမေဍိတ်ပါသည်ကလွဲလျှင် တူညီမှုရှိသည်ဟု အကြမ်းအားဖြင့် ဆိုနိုင်သည်။

ထိုသို့ အနောက်တိုင်းပညာရှင်များက မြန်မာဘာသာစကားကို ဘာသာဗေဒနည်းဖြင့် လေ့လာ၍ မြန်မာဝါစင်္ဂများကို ဖော်ထုတ်လေ့လာဆန်းစစ်ပြခဲ့သကဲ့သို့ မြန်မာပညာရှင်များကလည်း ဖော်ထုတ်ဆန်းစစ်ပြခဲ့ကြသည်။ အင်္ဂလန်နိုင်ငံ အောက်စဖို့တက္ကသိုလ်မှ စာပေဝိဇ္ဇာဘွဲ့ ရရှိခဲ့သော ဆရာကြီးဦးဖေမောင်တင်က မြန်မာဘာသာစကားတွင် နာမ်နှင့်ကြိယာဟု ဝါစင်္ဂနှစ်မျိုးသာ ရှိသည်။ ၎င်းတို့ကြားရှိ သဒ္ဒါဆက်သွယ်မှုကိုပြရန် အဆက်ပစ္စည်းများ လိုအပ်သည်ဟု ဆိုပါသည်။[၂] ဝါကျတွင်းရှိ နာမ်၊ ကြိယာနှင့် အဆက်ပစ္စည်းတို့၏ နေရာနှင့်အလုပ်တာဝန်ကိုလည်း ဆန်းစစ်ပြပါသည်။

မြန်မာဝါစင်္ဂများနှင့်ပတ်သက်၍ နက်နက်နဲနဲ သုံးသပ်ပြခဲ့သော ပုဂ္ဂိုလ်တစ်ဦးမှာ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၊ ပါမောက္ခ၊ ဌာနမှူးတာဝန်မှ အငြိမ်းစားယူသွားသော ဒေါက်တာခင်အေး ဖြစ်ပါသည်။ ဆရာကြီးက မြန်မာသဒ္ဒါနှင့် ဝါစင်္ဂရှစ်ပါး ပြဿနာဆောင်းပါးတွင် မြန်မာဘာသာစကား နယ်ပယ်အတွင်းသို့ ဝါစင်္ဂရှစ်ပါး ပျံ့နှံ့ရောက်ရှိလာပုံကို ခြေရာကောက်ပြထားသည့်အပြင် ဝါစင်္ဂရှစ်ပါးနှင့်ပတ်သက်သော အယူအဆ အဆိုအမိန့်များ၊ ပြဿနာများကိုလည်း ဆွေးနွေးထားပါသည်။

ဝါစင်္ဂပြဿနာများအနက် ဝါစင်္ဂခွဲခြားသတ်မှတ်ပုံ မရေရာ မပြတ်သား၍ ဖြစ်ပေါ်လာသော ပြဿနာတစ်ရပ်ကို ဦးစွာသုံးသပ်ပြထားသည်။ ဝါစင်္ဂသတ်မှတ်ရာတွင် အဓိပ္ပာယ်အပေါ် အခြေခံ၍ သတ်မှတ်ခြင်းကြောင့် ရှုပ်ထွေးမှုများ၊ ဝေဝါးမှုများဖြစ်စေနိုင်ကြောင်း၊ ယင်းတို့၏ဖွဲ့စည်းပုံအရ ဝါကျတွင်းအလုပ်တာဝန်ကိုလိုက်၍ သတ်မှတ်သင့်ကြောင်း ပုံစံများပြ၍ လမ်းညွှန်ထားပါသည်။ ပုံစံအားဖြင့်–

[၁] Okell, J

[၂] Pe Maung Tin, 1956, 193.

> "အကကို နာမ်ဟု သတ်မှတ်ရခြင်းမှာ အပြုအမူကို ဖော်ပြသော စကားလုံး ဖြစ်သောကြောင့် မဟုတ်။ ရှေ့က 'အ–' တွဲသော ဖွဲ့စည်းပုံအရ အလှ၊ အပြော၊ အရေး စသည်တို့နည်းတူ သတ်မှတ်ရခြင်း ဖြစ်သည်။"[၁]

ဟု မိန့်ဆိုထားသည်။ သို့ဖြစ်၍ 'အက'ကို 'အ–' ရှေ့ဆက် တွဲစပ်နိုင်သော ယင်း၏ ဖွဲ့စည်းတည်ဆောက်ပုံအရ နာမ်ဟု သတ်မှတ်ခြင်းဖြစ်သောကြောင့် အပြုအမူကို ဖော်ပြသော အ–ရှေ့ဆက် မတွဲထားသည့် 'သွား၊ လာ၊ စား၊ သောက်' စသည်တို့ကို နာမ်ဟု သတ်မှတ်နိုင်ခြင်းဆိုကြောင်း ရှင်းရှင်းလင်းလင်း သိမြင်စေပါသည်။

ထိုသို့ ဖွဲ့စည်းတည်ဆောက်ပုံအရ ဝါစင်္ဂ ပိုင်းခြားသတ်မှတ်နိုင်သကဲ့သို့ ဝါကျတွင်း အလုပ်တာဝန်အရလည်း သတ်မှတ်နိုင်ကြောင်း၊ ဝါကျတွင်း အလုပ်တာဝန်မတူသည့် စကားလုံးများကို ဝါစင်္ဂတစ်မျိုးတည်းအဖြစ် သတ်မှတ်ထားခြင်းသည် တွေးဆဖွယ်ဖြစ်ကြောင်း လမ်းညွှန်မိန့်ဆိုထားပါသည်။

ဆရာကြီးက သဒ္ဒါပြုစုရာတွင်ဖြစ်စေ၊ အဘိဓာန်ပြုစုရာတွင်ဖြစ်စေ စကားလုံးများကို အမျိုးအစားသတ်မှတ်ရန် အရေးကြီးသည့်နည်းတူ ၎င်းတို့၏ အလုပ်တာဝန်ကို ဖော်ပြရန်လည်း အရေးကြီးကြောင်း၊ သို့အတွက် ဝါစင်္ဂတစ်မျိုးတည်းတွင် ပါဝင်သော စကားလုံးတို့၏ အလုပ်တာဝန် ထွေပြားနေလျှင် ပြဿနာဖြစ်လာနိုင်ကြောင်း ဆန်းစစ်ပြပါသည်။ ထိုဆန်းစစ်ချက်ကို ထင်ရှားစေရန် ပညာရှင်အချို့က ကြိယာအမျိုးအစားဟု တစ်ပေါင်းတည်းသတ်မှတ်ထားသော 'ကောင်း၊ လှ၊ နီ၊ သစ်၊ ထူး၊ က၊ ဖတ်၊ ထိုင်' အစရှိသည်တို့၏ ဝါကျတွင်းအလုပ်တာဝန်မတူပုံကို သာဓကပြပါသည်။ ယင်းတို့ကို 'သော' နောက်ဆက်တွဲပြီး နာမ်ရှေ့ကထားလျှင် နာမ်ကို အထူးပြုစေနိုင်သည်ချည်း ဖြစ်၍ လုပ်ငန်းတာဝန်တူသော်လည်း နာမ်နောက်ကထားပြီး နာမ်ကို တိုက်ရိုက်အထူးပြုစေသောအခါတွင်မူ လုပ်ငန်းတာဝန်ချင်း မတူသည်ကို တွေ့ရကြောင်း၊ 'လှ၊ နီ၊ ထူး' တို့ကို အထူးပြုအဖြစ် နာမ်နောက်ကကပ်၍ 'မိန်းမလှ၊ စာအုပ်နီ၊ လူထူး'ဟု သုံးနိုင်သော်လည်း 'က၊ ဖတ်၊ ထိုင်'တို့ကို 'မိန်းမက၊ စာအုပ်ဖတ်၊ လူထိုင်'ဟု မသုံးနိုင်ကြောင်း 'လှ၊ နီ၊ ထူး'နှင့် 'က၊ ဖတ်၊ ထိုင်'တို့၏ အလုပ်တာဝန် မတူပုံကို နှိုင်းယှဉ်ဖော်ပြထားပါသည်။ ဤသဘောသဘာဝကြောင့် မောင်သာနိုးက–

> "နာမ်ပုဒ်နောက်မှနေ၍ နာမ်ပုဒ်ကို ထူးခြားစေသော စကားလုံးတို့ကို နာမဝိသေသနစစ်စစ်များဟု ယူဆကြောင်း"[၂]

---

[၁] ခင်အေး၊ ၁၉၇၉၊ ၄၀။

[၂] သာနိုး၊ ၁၉၇၂၊ ၃၇။

ဤသည်မှာလည်း ဝါစင်္ဂပြဿနာတစ်ရပ်ပင် ဖြစ်ကြောင်း ဆိုထားပါသည်။ အထက်ပါအဆိုအမိန့်များ လေ့လာမှုများအရ မြန်မာဘာသာစကားရှိ ဝါစင်္ဂပြဿနာများတွင် မြန်မာဘာသာစကား၌ နာမဝိသေသနစစ်စစ် ရှိ မရှိဟူသော ပြဿနာသည်လည်း တစ်ခုအပါအဝင် ဖြစ်နေပါသည်။ ထိုပြဿနာကို အလေးထားဆွေးနွေးခဲ့ကြသော ပညာရှင်များတွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်တက္ကသိုလ်မှ ဘာသာဗေဒ၊ သဒ္ဒဗေဒပညာရပ်ဖြင့် အမ်ဖီးလ်ဘွဲ့ရခဲ့သူ ဆရာကြီး ဦးထွန်းမြင့်လည်း ပါဝင်ပါသည်။ ဆရာကြီးက–

> "မြန်မာသဒ္ဒါ၌ ဘာသာဗေဒအလိုအရ သဒ္ဒါစကားလုံး အမျိုးအစား ၃–ခုသာ အဓိက ရှိသည်။ ထိုသုံးခုမှာ နာမ်၊ ကြိယာနှင့် ဝိဘတ်တို့ ဖြစ်သည်။"[၁]

ဟု သတ်မှတ်ဖော်ထုတ်ပြခဲ့သည်။ မြန်မာဘာသာစကားတွင် အစဉ်အလာအရ သတ်မှတ်ထားသော နာမဝိသေသနသည် ပင်ကိုသဘာဝအတိုင်းရှိနေသော သဒ္ဒါစကားလုံးစစ်စစ်မဟုတ်ဟု ဆိုပါသည်။ နာမ်ကိုလည်းကောင်း၊ ကြိယာကိုလည်းကောင်း ရှေ့ဆက်၊ ကြားဆက်၊ နောက်ဆက်၊ ဝိဘတ် စသည်တို့ ပူးကပ်ရပ်ပြောင်းထားသော နာမဝိသေသနအတုသာ ဖြစ်သည်ဟု ဆိုထားပါသည်။

ထိုအဆိုကို ခိုင်လုံစေရန် မြန်မာဘာသာစကားရှိ စကားလုံးအချို့နှင့် သာဓကပြပါသည်။ နာမ်ကို အထူးပြုရန် နာမဝိသေသနမရှိသဖြင့် ကြိယာကိုရှေ့ဆက်၊ နောက်ဆက်၊ ကြားဆက်ထည့်၍ဖြစ်စေ၊ ကြိယာကိုအဆင့်လျှော့ပြီး နာမ်နောက်ကထား၍ဖြစ်စေ၊ နာမဝိသေသနအတု 'နာမ်အထူးပြု'များ ဖန်တီးနိုင်သည်။ ထိုနာမဝိသေသနအတု 'နာမ်အထူးပြု'မျိုးကို ကောင်းသော၊ ကောင်းတဲ့ ဟူ၍ 'ကောင်း' ဟူသော ကြိယာကို နောက်မှ ဝိဘတ် 'သော၊ တဲ့' ကပ်၍လည်းကောင်း၊ 'နီ၊ ဖြူ၊ စိမ်း၊ ဝါ' စသော ကြိယာတို့ကို အဆင့်လျှော့ပြီး 'အလံနီ၊ စက္ကူဖြူ၊ ငရုတ်သီးစိမ်း၊ ပန်းဝါ' စသည်ဖြင့် နာမ်တို့၏ နောက်မှထား၍လည်းကောင်း ဖန်တီးယူရပါသည်။ ထိုသို့ ဖန်တီးလိုက်ခြင်းဖြင့် 'ကောင်းသော၊ ကောင်းတဲ့၊ နီ၊ ဖြူ၊ စိမ်း၊ ဝါ' စသည်တို့သည် နာမဝိသေသနအတုများဖြစ်လျက် နာမဝိသေသန၏တာဝန်ကို ထမ်းဆောင်ပေးကြောင်း သာဓကများပြထားပါသည်။[၂]

---

[၁] ထွန်းမြင့်၊ ၁၉၉၅၊ ၁၆၀။

[၂] ထွန်းမြင့်၊ ၁၉၉၅၊ ၁၆၁–၁၆၂။

သို့ဖြစ်၍ မြန်မာဘာသာစကားတွင် ပင်ကိုသဘာဝအရဖြစ်သော နာမဝိသေသန စစ်စစ်မရှိ၊ ဖန်တီးယူထားသော နာမဝိသေသနအတု(နာမ်အထူးပြု)များသာ ရှိသည်ဟု ဆရာကြီး ဦးထွန်းမြင့်က ယူဆခဲ့သည်ကို တွေ့နိုင်ပါသည်။

ထိုသို့ ဆရာကြီးက မြန်မာဝါစင်္ဂများတွင် နာမဝိသေသနမရှိဟု ဆိုထားသော်လည်း သြစတြေးလျနိုင်ငံ၊ မဲလ်ဘုန်းမြို့ရှိ La Trobe တက္ကသိုလ်မှ ဒေါက်တာသန်းထွန်းက မြန်မာဘာသာစကားတွင် နာမဝိသေသနလက္ခဏာများ ကိန်းအောင်းနေသော စကားလုံးအချို့ရှိနေသဖြင့် နာမဝိသေသနမရှိဟု အပြတ်မပြောသင့်ဟု ဆိုထားပါသည်။ ပညာရှင်အချို့က ကြိယာဟု ယူဆထားသော စကားလုံးအချို့တွင် နာမဝိသေသန၏လက္ခဏာများ ရှိကြောင်း အချက်နှစ်ချက်ဖြင့် သက်သေပြပါသည်။ ပထမအချက်မှာ မြန်မာဘာသာစကားရှိ ငြိမ်သက်ကြိယာများသည် အင်္ဂလိပ်ဘာသာစကားရှိ နာမဝိသေသနများကဲ့သို့ ကြိယာဝိသေသနအဖြစ် ပြောင်းလဲနိုင်ခြင်း ဖြစ်သည်။ အင်္ဂလိပ်ဘာသာစကားတွင် နာမဝိသေသနကို – Ly နောက်ဆက် ဆက်ခြင်းဖြင့် ကြိယာဝိသေသနသို့ ပြောင်းလဲနိုင်သကဲ့သို့ မြန်မာဘာသာစကား တွင်လည်း နာမဝိသေသနလက္ခဏာရှိနေသော ငြိမ်သက်ကြိယာများကို နှစ်ထပ် ပြုခြင်းဖြင့် ကြိယာဝိသေသနသို့ ပြောင်းနိုင်ကြောင်း အောက်ပါအတိုင်း သာဓကပြ ထားပါသည်။

"မြန်မြန်လာ"

"နှေးနှေးသွား"

ဒုတိယအချက်မှာ အင်္ဂလိပ်ဘာသာစကားရှိ နာမဝိသေသနများသည် ဒီဂရီ အနိမ့်အမြင့် ပြနိုင်သကဲ့သို့ မြန်မာဘာသာစကားရှိ နာမဝိသေသနလက္ခဏာရှိသော ငြိမ်သက်ကြိယာများသည်လည်း ဒီဂရီအနိမ့်အမြင့် ပြနိုင်သည်။ ထိုသို့ပြရာတွင် အင်္ဂလိပ်ဘာသာစကား၌ ဒီဂရီသုံးခု ခွဲပြနိုင်သော်လည်း မြန်မာဘာသာစကားတွင် ဒီဂရီသုံးခုထက်မက ခွဲနိုင်သည်ဟု ဆိုထားပါသည်။ ဥပမာ– 'ပူ' ဟူသော ငြိမ်သက် ကြိယာကို 'ရေ' ဟူသော နာမ်နောက်ကထားခြင်းဖြင့် နာမဝိသေသနလက္ခဏာရှိပြီး ဒီဂရီ အနိမ့်အမြင့် ခွဲကြည့်လျှင်–

"ရေပူ"

"ရေပူပူ"

"ရေခပ်ပူပူ"

"ရေသိပ်ပူပူ"

ဟု လေးဆင့်ခွဲနိုင်ကြောင်း သာဓကပြထားပါသည်။

သို့ဖြစ်သောကြောင့် အိုကယ်နှင့် ကော်နင်တို့ ယူဆကြသကဲ့သို့ မြန်မာဘာသာစကားတွင် နာမဝိသေသနမရှိဟု ယတိပြတ်မဆိုသင့်ကြောင်း၊ အချို့ဘာသာစကားများ၌ လက်ခံထားသော နာမဝိသေသန၏ သဘောလက္ခဏာများ မြန်မာဘာသာစကားတွင် သိမ်မွေ့စွာ ကိန်းအောင်းနေ၍ နာမဝိသေသနမရှိဟု သေချာမဆိုနိုင်ကြောင်း ဒေါက်တာသိန်းထွန်းက ကောက်ချက်ချထားပါသည်။[၁]

ဒေါက်တာသိန်းထွန်း၏ ယင်းယူဆချက်များသည် မောင်သာနိုး၏ ယူဆချက်များနှင့် သဘောအားဖြင့် တူညီပါသည်။ မောင်သာနိုးကလည်း နာမ်နောက်မှနေ၍ နာမ်ကိုထူးခြားစေသော ဂုဏ်ရည်ပြကြိယာများသည် ကြိယာစစ်စစ်များ မဟုတ်။ နာမဝိသေသနများသာ ဖြစ်သည်ဟု ဆိုထားပါ သည်။ ၎င်း၏အဆိုကို ထင်ရှားစေရန် ဂုဏ်ရည်ပြစကားလုံးများက နာမ်နောက်မှနေ၍ တွဲစပ်နိုင်သော်လည်း ကြိယာစစ်စစ်များက နာမ်နောက်မှလိုက်၍ တွဲစပ်နိုင်ခြင်းမရှိဟု နှိုင်းယှဉ်ပြထားသည်။ ထို့ကြောင့်လည်း–

> "မြန်မာဘာသာစကားတွင် နာမ်ပုဒ်တစ်ခုကို နာမဝိသေသန
> သန့်သန့်ဖြင့် အထူးပြုလိုလျှင် နာမ်ပုဒ်၏ နောက်မှလိုက်စေ၏။"[၂]

ဟု ဆိုထားပါသည်။

## ၂။ နာမဝိသေသနဖွင့်ဆိုချက်နှင့် နာမဝိသေသနစစ်စစ် ရှိ မရှိ ဆန်းစစ်ချက်

နာမဝိသေသနနှင့် ပတ်သက်၍ ဖွင့်ဆိုချက်များစွာ ရှိပါသည်။ မြန်မာဝါစင်္ဂများကို အစဉ်အလာနည်းဖြင့် လေ့လာခဲ့ကြသော ပညာရှင်များက မြန်မာဘာသာစကားတွင် နာမဝိသေသနရှိသည်ဟု လက်ခံပြီး နာမဝိသေသန၏အဓိပ္ပာယ်နှင့် အမျိုးအစားကို သတ်မှတ်ကြခဲ့သည်။ မြန်မာစာအဖွဲ့က ပြုစုထုတ်ဝေသော မြန်မာသဒ္ဒါတွင် နာမဝိသေသနကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌–

> "နာမ်ကိုအထူးပြုသောပုဒ်ကို နာမဝိသေသနဟု ခေါ်သည်။
> အထူးပြုခြင်းခံရသော နာမ်ကို ဝိသေသျ ဟု ခေါ်သည်။"

ဟု ဖွင့်ဆိုပြခဲ့သည်။ အမျိုးအစားသတ်မှတ်ရာ၌ အနက်အဓိပ္ပာယ်အရနှင့် ဖွဲ့စည်းတည်ဆောက်ပုံအရ ဟူ၍ အဓိကနှစ်မျိုး ခွဲခြားပြသည်။

---

[၁] Thein Tun, 1995,176-178.

[၂] သာနိုး၊ ၁၉၇၂၊ ၃၀–၃၁။

အနက်အဓိပ္ပာယ်အရ နာမဝိသေသန (၄)မျိုး ရှိသည်။ ၎င်းတို့မှာ–

(က) ဂုဏ်ရည်ပြနာမဝိသေသန

(ခ) အညွှန်းနာမဝိသေသန

(ဂ) သင်္ချာနာမဝိသေသန

(ဃ) အမေးနာမဝိသေသနတို့ ဖြစ်ကြသည်။

ဖွဲ့စည်းတည်ဆောက်ပုံအရ နာမဝိသေသန(၂)မျိုးရှိသည်။ ၎င်းတို့မှာ–

(က) ပင်ကိုနာမဝိသေသန

(ခ) ပေါင်းစပ်နာမဝိသေသနတို့ ဖြစ်ကြသည်။[၁]

ဟု ဖော်ပြကာ အမျိုးအစားတစ်ခုချင်းအလိုက် သာဓကများ ထည့်သွင်းဖော်ပြထားပါသည်။

ထိုသို့ ကျောင်းသုံးသဒ္ဒါစာအုပ်များတွင် အစဉ်အလာနည်းအရ ဝါစင်္ဂသတ်မှတ်ခွဲခြားမှုများ ပြုလုပ်ခဲ့ကြသကဲ့သို့ အချို့ပညာရှင်များကလည်း ဘာသာဗေဒနည်းအရ ဝါစင်္ဂသတ်မှတ်ခြင်း၊ အမျိုးအစားခွဲခြားခြင်းများ ပြုလုပ်ခဲ့ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

ဘာသာဗေဒနည်းဖြင့် လေ့လာခဲ့ကြသော ပညာရှင်အချို့၏ ဘာသာဗေဒဆိုင်ရာ နာမဝိသေသနဖွင့်ဆိုချက်များလည်း ရှိပါသည်။ ဘာသာဗေဒပညာရှင် ဂျော့ဖရီဖင့်ချ်[၂] ၏ 'Linguistic Terms and Concepts' ဟူသော ကျမ်းတွင်–

> "နာမဝိသေသနဟူသည် နာမ်ကို အထူးပြုသော စကားလုံးဖြစ်သည် ပုံမှန်အားဖြင့် နာမ်ပုံသဏ္ဌာန်၊ အရောင်အဆင်း၊ အရွယ်ပမာဏတို့ကို ဖော်ပြပေးလေ့ ရှိသည်။ ၎င်းတို့သည် ဝါကျတွင် နာမ်ပုဒ်တွင်း၌ လည်းကောင်း ဝါစကပုဒ်တွင်း၌ လည်းကောင်း ရှိနိုင်သည်။"[၃]

ဟု ဖွင့်ဆိုပြထားပါသည်။

'SIL Glossary of Linguistic Terms' တွင်လည်း–

---

[၁] မြန်မာသဒ္ဒါအတွဲ(၂) အခန်း(၆)၊ ၂၀၁၄၊ ၂၉–၃၀။

[၂] Geoffrey.Finch

[၃] Geoffrey.Finch, 2000, 82.

"နာမဝိသေသနသည် နာမ်ကို အထူးပြုနိုင်သော စကားလုံး အမျိုးအစား ဖြစ်သည်။ နာမ်နှင့် ဆက်စပ်ရာကိုလည်း အထူးပြု ပေးနိုင်သည်။"

ဘာသာစကားများတွင် ကွဲပြားသော နာမဝိသေသနပုံစံများ ရှိနိုင်ပါသည်။ အချို့ဘာသာစကားများတွင် နာမဝိသေသနသည် နာမ်၏အဆက်အစပ်ကိုသာမက ကြိယာ၏အဆက်အစပ်ကိုပါ ဖော်ပြနိုင်စွမ်း ရှိပါသည်။

နာမဝိသေသနသည် ယေဘုယျအားဖြင့်–

(၁) နာမ်ပုဒ်တွင်း၌ဖြစ်စေ၊ အခြေအနေပြ ကြိယာဝိသေသနတွင်း၌ ဖြစ်စေ ရှိသည်။

(၂) အနက်အဓိပ္ပာယ်ကို ပို၍လေးနက်စေသည်။

(၃) ဒီဂရီအနိမ့်အမြင့် ခွဲပြနိုင်သည်။ (သာလွန်အဆင့်၊ အသာလွန်ဆုံး အဆင့် စသည်ဖြင့်)

နာမဝိသေသနတွင် (၁) နာမဝိသေသနစစ်စစ်နှင့် (၂) ကြိယာနာမဝိသေသန ဟု အမျိုးအစား (၂)မျိုး ခွဲပြထားသည်။[၁]

အထက်ပါ ဖွင့်ဆိုချက်များအရ နာမဝိသေသန၏လက္ခဏာများကို သုံးသပ် ကြည့်လျှင်–

(၁) နာမ်ကိုလည်းကောင်း၊ နာမ်ပုဒ်ကိုလည်းကောင်း အထူးပြုနိုင်စွမ်း ရှိရမည်။

(၂) နာမ် သို့မဟုတ် နာမ်ပုဒ်တို့၏ အနက်အဓိပ္ပာယ်ကို ပို၍ လေးနက် စေနိုင်ရမည်။

(၃) ဝါကျတွင်း ပါဝင်နိုင်သော ၎င်းတို့၏နေရာသည် နာမ်ပုဒ်များ တွင်း၌ ဖြစ်စေ ဝါစကပုဒ်များတွင်း၌ ဖြစ်စေ ရှိသည်။

(၄) သာလွန်အဆင့်၊ အသာလွန်ဆုံးအဆင့် စသည်ဖြင့် ဒီဂရီအနိမ့်အမြင့် ခွဲခြားပြနိုင်စွမ်း ရှိသည်။

ဟူသော သဘောလက္ခဏာများကို တွေ့ရသည်။

[၁] https// glossary, sil, org, term, adjective.

မြန်မာဘာသာစကားတွင် အသုံးပြုနေသော နာမ်ကိုအထူးပြုသည့် စကားလုံးအချို့၌ ထိုသဘောလက္ခဏာများ ရှိနေသည်ကို တွေ့ရသည်။

"ကော်ဖီအေး"

"လက်ဖက်ရည်ချို"

"ထမင်းပူ"

"တုတ်ရှည်"

"စက္ကူဖြူ"

"အိမ်ကြီး"

စသည်တို့တွင် ရှေ့မှာရှိသော နာမ်စကားလုံးဖြစ်သည့် 'ကော်ဖီ၊ လက်ဖက်ရည်၊ ထမင်း၊ တုတ်၊ စက္ကူ၊ အိမ်' တို့ကို 'အေး၊ ချို၊ ပူ၊ ရှည်၊ ဖြူ၊ ကြီး' ဟူသော စကားလုံးတို့က နောက်မှနေ၍ အထူးပြုနေပါသည်။

အကယ်၍ နာမ်ပုဒ်များ ဖြစ်လျှင်လည်း ယင်းနာမ်ပုဒ်များကို နောက်မှနေ၍ အထူးပြုနိုင်ပါသည်။

"အလွန်ကောင်းသော ကော်ဖီအေး"

"နာမည်ကြီးဆိုင်က လက်ဖက်ရည်ချို"

"မကြာခင်ကချက်သော ထမင်းပူ"

"ဖိုးဖိုးကိုင်သော တုတ်ရှည်"

"ဈေးကြီးသော ပုဝါဖြူ"

"လမ်းထဲက အိမ်ကြီး"

စသည်တို့တွင် ရှေ့မှာရှိသော နာမ်ပုဒ်များဖြစ်သည့် 'အလွန်ကောင်းသော ကော်ဖီ၊ နာမည်ကြီးဆိုင်က လက်ဖက်ရည်၊ မကြာခင်ကချက်သော ထမင်း၊ ဖိုးဖိုးကိုင်သော တုတ်၊ ဈေးကြီးသော ပုဝါ၊ လမ်းထဲက အိမ်' စသည်တို့ကို 'အေး၊ ချို၊ ပူ၊ ရှည်၊ ဖြူ၊ ကြီး' တို့က နောက်မှ အထူးပြုနေသည်ကို တွေ့နိုင်သည်။

ထို့ပြင် ၎င်းတို့ အထူးပြုလိုက်သော နာမ် (သို့) နာမ်ပုဒ်၏အဓိပ္ပာယ်ကို ပို၍ လေးနက်သွားစေသည်ကိုလည်း တွေ့ရပေမည်။

ဝါကျတွင်းရှိ ၎င်းတို့၏နေရာကိုကြည့်လျှင် နာမ်ပုဒ်များတွင်း၌ ရှိသည်ကို သာဓကပြပါမည်။

"ဒီဆိုင်က ကော်ဖီအေးကို ကြိုက်တယ်"

"ဖိုးဖိုးကိုင်တဲ့ တုတ်ရှည်ကိုတွေ့မိလား"

"မေမေက ဈေးကြီးသော ပုဝါဖြူကို ဝယ်လာသည်"

ဟူသော ဝါကျများမှ 'အေး'သည် 'ဒီဆိုင်က ကော်ဖီအေး' ဟူသော နာမ်ပုဒ်တွင်း၌ ရှိသည်ကိုလည်းကောင်း၊ 'ရှည်'သည် 'ဖိုးဖိုးကိုင်တဲ့ တုတ်ရှည်' ဟူသော နာမ်ပုဒ် အတွင်း၌ ရှိသည်ကိုလည်းကောင်း၊ 'ဖြူ'သည် 'ဈေးကြီးသော ပုဝါဖြူ' ဟူသော နာမ်ပုဒ်အတွင်း၌ ရှိသည်ကိုလည်းကောင်း တွေ့နိုင်သည်။ နာမ်ပုဒ်များတွင် ရှိနိုင် သကဲ့သို့ ဝါစကပုဒ်များတွင်လည်း ရှိနိုင်ပါသည်။

"ဒီရေက အေးတယ်"

"ထမင်းက ပူသေးတယ်"

"ဒီမုန့်က ချိုလိုက်တာ"

"ဒီလူရဲ့အရပ်က တော်တော်ရှည်သားပဲ"

"မေမေရဲ့ပုဝါလေးက အတော်ဖြူနေပြီ"

"ဒီအိမ်က ကျွန်တော်အတွက် သိပ်ကြီးတယ်။"

ဤသာဓကများအရ 'အေး၊ ပူ၊ ချို၊ ရှည်၊ ဖြူ၊ ကြီး' စသည်တို့သည် ကြိယာ ဝိဘတ်များနှင့် တွဲဆက်၍ ဝါကျတွင်း၌ ဝါစကအဖြစ် တာဝန်ထမ်းဆောင်နေခြင်း ဖြစ်ပြီး ၎င်းတို့၏နေရာသည် ဝါစကပုဒ်အတွင်း၌ ရှိသည်ကို တွေ့နိုင်ပါသည်။

အထက်တွင် သာဓကဆောင်ပြထားသော 'အေး၊ ပူ၊ ချို၊ ရှည်၊ ဖြူ၊ ကြီး' စသည်တို့သည် နာမဝိသေသန၏ အဓိကလက္ခဏာတစ်ရပ်ဖြစ်သော ဒီဂရီအနိမ့်အမြင့် ခွဲခြားပြနိုင်စွမ်း ရှိပါသည်။

'ကော်ဖီအေး'ကို ပို၍ ဒီဂရီမြင့်လိုလျှင် 'ကော်ဖီအေးအေး'ဟု သုံးနိုင် သကဲ့သို့

'လက်ဖက်ရည်ချို'ကို 'လက်ဖက်ရည်ချိုချို'

'ထမင်းပူ'ကို 'ထမင်းပူပူ'

'တုတ်ရှည်'ကို 'တုတ်ရှည်ရှည်'

'ပုဝါဖြူ'ကို 'ပုဝါဖြူဖြူ'

'အိမ်ကြီး'ကို 'အိမ်ကြီးကြီး'

စသည်ဖြင့် သုံးနိုင်သည်။ ပို၍ ဒီဂရီမြင့်လိုလျှင်–

"ကော်ဖီခပ်အေးအေး"

"လက်ဖက်ရည်ခပ်ချိုချို"

"ထမင်းခပ်ပူပူ"

"တုတ်ခပ်ရှည်ရှည်"

စသည်ဖြင့် 'ခပ်'ကို ထည့်၍ သုံးနိုင်သည်။

ဤသည်တို့ကို ထောက်ချင့်လျှင် မြန်မာဘာသာစကားတွင် အသုံးပြုနေသော နာမ်ကို အထူးပြုနေသည့် စကားလုံးအချို့သည် ဘာသာဗေဒရှုထောင့်မှ သတ်မှတ်ထားသော နာမဝိသေသနလက္ခဏာများ ကိန်းအောင်းနေသည်မှာ ထင်ရှားပါသည်။

သို့ဖြစ်၍ မြန်မာဘာသာစကားတွင် အစဉ်အလာအရ နာမဝိသေသနဟု သတ်မှတ်အသုံးပြုနေသော စကားလုံးများသည် ဘာသာဗေဒအရ နာမဝိသေသနများအဖြစ် လက်ခံနိုင်ခြင်းရှိမရှိ ဆန်းစစ်ကြည့်ရန် လိုအပ်ပါသည်။

ဘာသာဗေဒနည်းဖြင့် သဒ္ဒါလေ့လာခြင်းကို အစဉ်အလာသဒ္ဒါနှင့် ကွဲပြားမှုရှိစေရန် သရုပ်ဖော်သဒ္ဒါဟု ခေါ်ဆိုပါသည်။ သရုပ်ဖော်သဒ္ဒါသည် အစမ်းသပ်ခံနိုင်သဖြင့် **အစမ်းသပ်ခံသိပ္ပံပညာ** [၁] ဟု ပညာရှင်တို့က ညွှန်းဆိုခဲ့ကြသည်။ သရုပ်ဖော်သဒ္ဒါနည်းဖြင့် ဘာသာစကားကို လေ့လာလျှင် အစမ်းသပ်ခံနိုင်ရန် မှတ်ကျောက်များ တစ်နည်းဆိုသော် စံထားချက်များ လိုအပ်ပါသည်။ ထိုမှတ်ကျောက်များ စံများကို အသုံးပြုပြီး ဝေဝါးနေသည်များ၊ မရှင်းလင်းသည်များကို တိတိကျကျ ရှင်းရှင်းလင်းလင်း ဖြစ်လာစေနိုင်ပါသည်။

မြန်မာဘာသာစကားရှိ နာမ်ကို အထူးပြုနေသော စကားလုံးအချို့သည် နာမဝိသေသနစစ်စစ်များ ဟုတ်မဟုတ် ရှင်းရှင်းလင်းလင်း တိတိကျကျ သိမြင်လာစေရန် နာမဝိသေသန၏ သွင်ပြင်လက္ခဏာများကို ပေါ်လွင်စေသော စံအမျိုးမျိုး ဖော်ထုတ်ကြည့်လိုက်လျှင် ကွဲကွဲပြားပြား သိလာနိုင်ပါသည်။ ဤလိုအပ်ချက်အရ နာမဝိသေသန စံထားချက်များကို ဘာသာဗေဒနည်းဖြင့် ဖော်ထုတ်သတ်မှတ်ကြည့်ပါမည်။ ဘာသာဗေဒနည်းဖြင့်–

"ဝါစင် သတ်မှတ်ရာတွင် ယင်းတို့ကို တွဲဆက်နိုင်သော အဆက်ပစ္စည်း၊ ယင်းတို့၏ အတွင်းပုံသဏ္ဍာန်၊ ဝါကျထဲတွင် ပါဝင်

[၁] Empirical science

> နိုင်သော ယင်းတို့၏နေရာ ဟူသော မှတ်ကျောက်များဖြင့် ချိန်ထိုး၍ သတ်မှတ်ခြင်း ဖြစ်သည်။”[၁]

ဝါကျတွင်း အလုပ်တာဝန်အရလည်း ဝါစင်္ဂများ သတ်မှတ်နိုင်သည်။

ဝါစင်္ဂများတွင် ဘာသာစကား၏ ပင်ကိုသဘာဝအရ ရှိနေသော ဝါစင်္ဂများ ရှိသကဲ့သို့ အခြားဝါစင်္ဂတစ်မျိုးမျိုးကို မှီး၍ ပြုပြင်ဖန်တီးထားသော ဝါစင်္ဂများလည်း ရှိသည်။ တစ်ဖန် ဝါစင်္ဂတစ်ခုတည်းမှာပင် ပြုပြင်ဖန်တီးထားခြင်း မဟုတ်ဘဲ မူလ အတိုင်း ရှိနေသော သဒ္ဒါစကားလုံးများနှင့် ပြုပြင်ဖန်တီးထားသော သဒ္ဒါစကားလုံးများ ရှိနိုင်ပါသည်။

နာမဝိသေသနဟူသော သဒ္ဒါစကားလုံးအမျိုးအစားတွင်လည်း မူလအတိုင်း ရှိနေသော သဒ္ဒါစကားလုံးများနှင့် ပြုပြင်ဖန်တီးထားသော သဒ္ဒါစကားလုံးများ ရှိနိုင် ပါသည်။ ဥပမာအားဖြင့် အင်္ဂလိပ်ဘာသာစကားတွင် ပင်ကိုသဘာဝအတိုင်း ရှိနေသော နာမဝိသေသနစစ်စစ်များ ဖြစ်သည့်–

“red (နီသော)၊ good (ကောင်းသော)၊ new (သစ်သော)”

စသော စကားလုံးများ ရှိသကဲ့သို့ နာမ်ကိုဖြစ်စေ၊ ကြိယာကိုဖြစ်စေ အခြားဝါစင်္ဂ တစ်မျိုးမျိုးကိုဖြစ်စေ အဆက်ပစ္စည်းများ ဆက်၍ နာမဝိသေသနအဖြစ် ပြောင်းလဲ ထားသော နာမဝိသေသနအတု (နာမ်အထူးပြု)များလည်း ရှိပါသည်။ ထိုနာမဝိသေသန အတုအချို့ကို ပုံစံပြရလျှင်–

| | | |
|---|---|---|
| N | + suffix | > adjival |
| Beauty (လှပခြင်း) | + -ful | > beautiful (လှပသော) |
| Friend (မိတ်ဆွေ) | + -ly | > friendly (ဖော်ရွေသော) |

စသည်ဖြင့် နာမ်ကို နောက်ဆက်ပစ္စည်းဆက်၍ နာမဝိသေသနအတု ဖန်တီးယူ နိုင်သည်။

ကြိယာကို နောက်ဆက်ဆက်၍လည်း နာမဝိသေသနအတု ဖန်တီးယူနိုင် သည်ကို အင်္ဂလိပ်ဘာသာစကားမှ–

| | | |
|---|---|---|
| V | + suffix | > adjival |
| Involve (ပါဝင်သည်) | + -ed | >involved (ပါဝင်ပတ်သက်သော) |
| Work (လုပ်သည်) | + -ing | >Working (အလုပ်ရှိသော) |

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၄၊ ၆၁။

ဟူသော စကားလုံးကို ကြည့်လျှင် သိနိုင်ပါသည်။

မြန်မာဘာသာစကားရှိ နာမဝိသေသနစကားလုံးများတွင်လည်း ပြုပြင်ဖန်တီးယူထားသော နာမဝိသသေနအတုများ ရှိသကဲ့သို့ ဘာသာစကား၏ ပင်ကိုသဘာဝအရ ရှိနေသော နာမဝိသေသနများလည်း ရှိနိုင်ပါသည်။

နာမဝိသေသနအတွက် ဝါစင်္ဂသတ်မှတ်ရာတွင် နာမဝိသေသနအစစ်များအတွက် ကိုက်ညီနိုင်မည့် သတ်မှတ်ချက်မျိုး၊ မှတ်ကျောက်မျိုးဖြစ်ရန် လိုအပ်ပါသည်။ သို့မှသာ မြန်မာဘာသာစကား၌ နာမဝိသေသနစစ်စစ် ရှိ မရှိ ဟူသော ပြဿနာကို အဖြေရှာနိုင်မည် ဖြစ်ပါသည်။

နာမဝိသေသနစစ်စစ်၏ သတ်မှတ်ချက်နှင့် ပတ်သက်၍ မြန်မာစာအဖွဲ့၊ အချိန်ပြည့်အဖွဲ့ဝင် ဖြစ်သော ဆရာကြီး ဒေါက်တာထွန်းတင့်က ၂၄.၇.၂၀၁၈ ရက်နေ့က ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာနတွင် ကျင်းပခဲ့သော အခြေခံပညာသင်ရိုးအစည်းအဝေး၌ မိန့်ဆိုထားပါသည်။ ဆရာကြီးက မြန်မာဘာသာစကားတွင် နာမဝိသေသနစစ်စစ်များ ရှိကြောင်း၊ ဂုဏ်ရည်ကိုပြနိုင်သော စကားလုံးများဖြစ်ပြီး –စမ်းဟူသော ကွက်လပ်တွင် ထည့်ကြည့်ပြီး ခိုင်း၍မရလျှင် နာမဝိသေသနစစ်စစ်ဖြစ်ကြောင်း သာဓကများနှင့်တကွ မိန့်ဆိုထားပါသည်။ ကြိယာစကားလုံးဖြစ်လျှင် –စမ်း ဟူသော ကွက်လပ်တွင် ထည့်၍ ခိုင်းနိုင်ကြောင်း၊ ဥပမာ–သွားစမ်း၊ လုပ်စမ်း၊ ထိုင်စမ်း စသည်ဖြင့် သုံးနိုင်ကြောင်း၊ နာမဝိသေသနစစ်စစ် စကားလုံးများကို –စမ်း ဟူသော ကွက်လပ်တွင် ထည့်၍ ခိုင်းလျှင် မရနိုင်ကြောင်း 'အေးစမ်း၊ ပူစမ်း၊ ချိုစမ်း' စသည်ဖြင့် မသုံးနိုင်ကြောင်း၊ ထို့ကြောင့် ထိုစကားလုံးမျိုးသည် နာမဝိသေသနစစ်စစ်များသာ ဖြစ်ကြောင်း မိန့်ဆိုခဲ့ပါသည်။

အထက်ပါ အချက်များအပေါ် အခြေခံ၍ ဘာသာဗေဒနည်းဖြင့် နာမဝိသေသနစစ်စစ်အတွက် မှတ်ကျောက်၊ စံထားချက်များ သတ်မှတ်ကြည့်လိုပါသည်။

စံ(၁)။ ။စကားလုံးတစ်လုံးသည် ဂုဏ်ရည်ကိုပြနိုင်မှ နာမ်နောက်ကလိုက်၍ ယင်းနာမ်ကို ထူးခြားလေးနက်အောင် အထူးပြုနိုင်လျှင် ယင်းစကားလုံးသည် နာမဝိသေသနစစ်စစ် ဖြစ်သည်။ သာဓက–

"ကော်ဖီခါး"

"လက်ဖက်ရည်ချို"

"လူလိမ္မာ"

"ခရီးဝေး"

"တိုက်မြင့်"

"အကျိုဟောင်း"

"ထီးရှည်"

"ဟင်းအေး"

စသည်တို့မှ 'ခါး၊ ချို၊ လိမ္မော်၊ ဝေး၊ မြင့်၊ ဟောင်း၊ ရှည်၊ အေး' တို့သည် နာမဝိသေသနစစ်စစ်များ ဖြစ်သည်ဟု သတ်မှတ်နိုင်သည်။ အကြောင်းမှာ ၎င်းတို့သည် ဂုဏ်ရည်ကို ပြနိုင်သည့်အပြင် 'ကော်ဖီ၊ လက်ဖက်ရည်၊ ခရီး၊ တိုက်၊ အကျို၊ ထီး၊ ဟင်း' စသော နာမ်အသီးသီးကို နောက်မှနေ၍ အထူးပြုနိုင်ပါသည်။

စံ(၂)။ ။စကားလုံးတစ်လုံးသည် 'အ' ရှေ့ဆက် ဆက်၍ဖြစ်စေ၊ နှစ်ထပ်ပြု၍ဖြစ်စေ၊ အဆက်ကပ် နှစ်ထပ်ပြု၍ဖြစ်စေ ဖွဲ့စည်းထားပြီး နာမ်နောက်မှနေ၍ ယင်းနာမ်ကို အထူးပြုနိုင်ပြီး နာမ်၏ ဂုဏ်ရည်အနိမ့်အမြင့်ကို ဖော်ပြနိုင်လျှင် နာမဝိသေသနစစ်စစ် ဖြစ်သည်။ ဥပမာ–

လက်ဖက်ရည် အချို ('အ' ရှေ့ဆက် ဆက်သည့်ပုံစံ)

လက်ဖက်ရည် ချိုချို (နှစ်ထပ်ပြုသည့်ပုံစံ)

လက်ဖက်ရည် ခပ်ချိုချို (အဆက်ကပ် နှစ်ထပ်ပြုသည့်ပုံစံ)

လက်ဖက်ရည် ချိုချိုလေး (အဆက်ကပ် နှစ်ထပ်ပြုသည့်ပုံစံ)

အလားတူ–

ကော်ဖီ အခါး ('အ' ရှေ့ဆက် ဆက်သည့်ပုံစံ)

ကော်ဖီ ခါးခါး (နှစ်ထပ်ပြုသည့်ပုံစံ)

ကော်ဖီ ခပ်ခါးခါး (အဆက်ကပ် နှစ်ထပ်ပြုသည့်ပုံစံ)

ကော်ဖီ ခါးခါးလေး (အဆက်ကပ် နှစ်ထပ်ပြုသည့်ပုံစံ)

အစရှိသည်တို့မှ 'အချို၊ ချိုချို၊ ခပ်ချိုချို၊ ချိုချိုလေး၊ အခါး၊ ခါးခါး၊ ခပ်ခါးခါး၊ ခါးခါးလေး' တို့သည် ရှေ့မှာရှိသော နာမ်ကို အထူးပြုနိုင်သည့်အပြင် ယင်းနာမ်၏ ဂုဏ်ရည်အနိမ့်အမြင့်ကို ခွဲခြားပြနိုင်သည်။ အချို၊ အခါးတို့သည် ရှေ့မှာရှိသော နာမ်အသီးသီး၏ သာမန်ဂုဏ်ရည်ကို ပြနိုင်ပြီး၊ ချိုချို၊ ခါးခါးတို့သည် ရှေ့မှာရှိသောနာမ်၏ သာလွန်ဂုဏ်ရည်ကို ပြနိုင်ပြီး ခပ်ချိုချို၊ ခပ်ခါးခါး၊ ချိုချိုလေး၊ ခါးခါးလေးတို့သည် နာမ်၏သာလွန်အဆင့်ထက်ပိုသော ဂုဏ်ရည်ကို ပြနိုင်ပါသည်။ ထို့ကြောင့် ၎င်းတို့သည် နာမဝိသေသနစစ်စစ်များ ဖြစ်သည်။

စံ(၃)။ ။စကားလုံးတစ်လုံးသည် နာမ်ပုဒ်၏နောက်မှနေ၍ ယင်းတို့ကို အထူးပြုလျက် ဝါကျတွင် ကတ္တားပုဒ်၊ ကံပုဒ် စသည့်နာမ်ပုဒ်အဖြစ် တာဝန်ထမ်းဆောင်နိုင်လျှင်ဖြစ်စေ၊ ကြိယာဝိဘတ်နှင့် တွဲဆက်၍ ဝါစကအဖြစ် တာဝန်ထမ်းဆောင်နိုင်လျှင်ဖြစ်စေ နာမဝိသေသနစစ်စစ် ဖြစ်သည်။

ဥပမာပြရလျှင်–

ဝါကျ (၁) မောင်လေးက အင်္ကျီစုတ်ကို လွှင့်ပစ်လိုက်တယ်။

(၂) မောင်လေးက ကျွန်မရဲ့ အင်္ကျီစုတ်ကို လွှင့်ပစ်လိုက်တယ်။

(၃) ကျွန်မရဲ့ အင်္ကျီက စုတ်တယ်။

အထက်ပါဝါကျများတွင် 'စုတ်' ဟူသော စကားလုံးသည် 'အင်္ကျီ' (နာမ်)နှင့် 'ကျွန်မရဲ့အင်္ကျီ' (နာမ်ပုဒ်)တို့၏ နောက်မှနေ၍ ယင်းတို့ကို အထူးပြုလျက် ဝါကျတွင် ကံပုဒ်တာဝန်ကို ထမ်းဆောင်နိုင်ပါသည်။ ထို့ပြင် ကြိယာဝိဘတ် 'တယ်'နှင့် တွဲစပ်၍ ဝါကျတွင် ဝါစကအဖြစ် တာဝန်ထမ်းဆောင်နိုင်ပါသည်။ ထို့ကြောင့် 'စုတ်'သည် နာမဝိသေသနစစ်စစ် ဖြစ်သည်။

စံ(၄)။ ။ စကားလုံးတစ်လုံးသည်–

(၁) ---စမ်း၊

(၂) ---စို့၊

ဟူသော ကွက်လပ်နှစ်မျိုးလုံးတွင် ဝင်ရောက်ဖြစ်နိုင်ခြင်းမရှိလျှင် နာမဝိသေသနစစ်စစ် ဖြစ်သည်။ သာဓကအားဖြင့်–

| | |
|---|---|
| အေးစမ်း | အေးစို့ |
| ပူစမ်း | ပူစို့ |
| ဝေးစမ်း | ဝေးစို့ |
| နီးစမ်း | နီးစို့ |
| ထူးဆန်းစမ်း | ထူးဆန်းစို့ |
| ကျယ်ပြန့်စမ်း | ကျယ်ပြန့်စို့ |

စသည်တို့သည် မြန်မာဘာသာစကားတွင် လက်မခံနိုင်၍ ထို 'အေး၊ ပူ၊ ဝေး၊ နီး၊ ထူးဆန်း၊ ကျယ်ပြန့်' တို့သည် နာမဝိသေသနများ ဖြစ်သည်။

ဘာသာဗေဒနည်းအရ စံထားချက်များ သတ်မှတ်ရာတွင် ဖွဲ့စည်းပုံအရ၊ လုပ်ငန်းတာဝန်အရ၊ ဝါကျတွင်းရှိ ၎င်းတို့၏နေရာအရ သတ်မှတ်ရမည်ဟု ဆိုထားသည့်အတိုင်း နာမဝိသေသနစစ်စစ်အတွက် စံ(၄)ခု သတ်မှတ်လေ့လာပြခဲ့ပါသည်။ ထိုစံများနှင့် ကိုက်ညီလျှင် နာမဝိသေသနစစ်စစ်များဟု သတ်မှတ်နိုင်မည်ဖြစ်ပါသည်။ မြန်မာဘာသာစကားတွင် ထိုစံများနှင့် ကိုက်ညီသော စကားလုံးများ ရှိနေသည်ကို ထောက်ချင့်လျှင် မြန်မာဘာသာစကား၌ နာမဝိသေသနစစ်စစ်များ ရှိနေသည်ဟု ဆိုရပါမည်။

## ခြုံငုံသုံးသပ်ချက်

ကမ္ဘာပေါ်ရှိ ဘာသာစကားအများစုတွင် နာမ်နှင့် ကြိယာအတွင်း၌ ဝါကျဖွဲ့ပုံဆိုင်ရာ ခြားနားချက်များ သိသိသာသာ ကွဲပြားနေပုံကို ဘာသာဗေဒပညာရှင်တို့ ဖော်ထုတ်တွေ့ရှိလာကြသည်။ ထိုဘာသာစကားများတွင် မြန်မာဘာသာစကားသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။ မြန်မာဘာသာစကားရှိ နာမ်နှင့် ကြိယာသည် သိသိသာသာ ကွဲပြားနေသော ဝါစင်္ဂပုံသဏ္ဌာန်များ ဖြစ်သည်။ တစ်ဖန် ဘာသာစကားများတွင် နာမဝိသေသနသည် ကြိယာနှင့်သဒ္ဒါပုံစံ ပိုတူသည်လည်းရှိ၍ နာမ်နှင့် သဒ္ဒါပုံစံ ပိုတူသည်လည်း ရှိသည်။ မြန်မာဘာသာစကားတွင် နာမဝိသေသနသည် ကြိယာနှင့်သဒ္ဒါပုံစံ ပိုတူပါသည်။ ထို့ကြောင့်လည်း မြန်မာနာမဝိသေသနစစ်စစ်များကို ကြိယာများဟု သတ်မှတ်ခဲ့ကြခြင်း ဖြစ်ဟန်တူပါသည်။ သို့သော် ကြိယာနှင့် ဝါကျတွင်းနေရာ၊ အလုပ်တာဝန်များ၊ ဖွဲ့စည်းပုံများ ကွဲပြားလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ထိုသို့ ကြိယာနှင့် မတူသော သီးခြားသွင်ပြင်လက္ခဏာများ ရှိနေသော၊ ဘာသာဗေဒအရ လက်ခံထားသော နာမဝိသေသနများ၏ လက္ခဏာများ ရှိနေသော၊ ဘာသာဗေဒနည်းဖြင့် သတ်မှတ်သည့် စံထားချက်များနှင့် ကိုက်ညီမှု ရှိနေသော နာမဝိသေသနစကားလုံး အမျိုးအစားတစ်ရပ်ကို အခြားစကားလုံးအမျိုးအစား တစ်ရပ်နှင့် ဆက်နွယ်မှု ရှိနေရုံမျှဖြင့် ထိန်ချန်ထားပါက စကားလုံးအမျိုးအစား တစ်ခုအနေဖြင့် အသိအမှတ်မပြုဘဲထားပါက မြန်မာဘာသာစကား၏ ရှင်သန်ဖွံ့ဖြိုးမှု၊ တီထွင်ကြံဆမှု၊ ပြည့်စုံကြွယ်ဝမှုများကို မှေးမှိန်စေမည် ဖြစ်ပါသည်။[၁]

ဘာသာဗေဒနည်းဖြင့် သဒ္ဒါကို လေ့လာလျှင် အလေ့လာခံဘာသာစကား၏ ပင်ကိုသဘာဝအတိုင်း အရှိကို အရှိအတိုင်း လေ့လာဖော်ထုတ်သင့်သည် ဟူသော

---

[၁] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၁၀၊ ၂၂၀။

နည်းနာကို ခံယူပြီး မြန်မာဘာသာစကား၏ ပင်ကိုသဘာဝအရ ရှိနေသော နာမဝိသေသန စကားလုံးအမျိုးအစားတစ်ရပ်ကို မြန်မာဘာသာစကား၏ ဝါစင်္ဂ တစ်ခု အနေဖြင့် ဖော်ထုတ်အသိအမှတ်ပြု လက်ခံသင့်ပါသည်။

သို့ဖြစ်သောကြောင့် မြန်မာဘာသာစကားရှိ နာမဝိသေသနစစ်စစ် ပြဿနာနှင့် ပတ်သက်၍ စာတမ်းရှင်အနေဖြင့် မြန်မာဘာသာစကား၌ နာမဝိသေသနစစ်စစ် အမှန်တကယ်ရှိသည်ဟု ယူဆပါကြောင်း လေ့လာတင်ပြရန် ဤစာတမ်းကို နိဂုံးချုပ် အပ်ပါသည်။

## နိဂုံး

ဘာသာစကားဆိုင်ရာ ဝါစင်္ဂပြဿနာများသည် ဘာသာစကား လေ့လာသော ပညာရှင်တို့၏ အယူအဆ ကွဲပြားမှု၊ လေ့လာသော နည်းနာ ကွဲပြားမှုများကြောင့် ဘာသာစကားတိုင်းတွင် တွေ့ရလေ့ရှိသော ပြဿနာများ ဖြစ်ပါသည်။ မြန်မာဘာသာ စကားတွင်လည်း ဝါစင်္ဂပြဿနာများ ရှိနေပါသည်။ ထိုပြဿနာများအနက် ပညာရှင်တို့ အလေးထားသော ပြဿနာတစ်ရပ်ဖြစ်သည့် မြန်မာဘာသာစကား၌ နာမဝိသေသန စစ်စစ် ရှိမရှိ ဟူသော ပြဿနာကို ဘာသာဗေဒရှုထောင့်မှ လေ့လာဆန်းစစ်မိသမျှ သုတေသနပြု တင်ပြခြင်း ဖြစ်ပါသည်။ ပြီးပြည့်စုံသော ဖော်ထုတ်ချက်မျိုးဖြစ်ရန် ဆက်လက်သုတေသနပြုသွားရန် လိုအပ်ပါဦးမည်။ ဤစာတမ်းက မြန်မာဘာသာ စကား၏ သွင်ပြင်လက္ခဏာတစ်ခုကို မြင်သာအောင် တင်ပြနိုင်ရန် အားထုတ်ကြိုးပမ်း ထားခြင်းမျှသာ ဖြစ်ပါသည်။

# ကျမ်းကိုးစာရင်း


## မြန်မာဘာသာ

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၃)။ ***ဘာသာစာပေအသွေးအရောင်အဆင်အကွက်***။ ရန်ကုန်၊ ရာပြည့်စာပေ။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၄)။ ***ဘာသာအမြင် စာပေအမြင်***။ ရန်ကုန်၊ စိတ်ကူးချိုချို။

စန်းငွေ၊ ဦး၊ ဒဂုန်။ (၁၉၇၂)။ ***အလယ်တန်းမြန်မာသဒ္ဒါ***။ ရန်ကုန်၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း။

ထွန်းမြင့်၊ ဦး။ (၁၉၉၅)။ ***ဘာသာဗေဒ***။ ရန်ကုန်၊ ဂျီအီးစီ(ပညာရေး)သမဝါယမလီမိတက်

ထွန်းမြင့်၊ ဦး။ (၂၀၀၄)။ ***သဒ္ဒဗေဒဘာသာဗေဒအခြေခံ***။ ရန်ကုန်၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်။

ဖေမောင်တင်၊ ဦး။ (၁၉၄၉)။ ***မြန်မာဝါကျဖွဲ့ထုံးကျမ်း***။ ရန်ကုန်တက္ကသိုလ်၊ ဘာသာပြန်နှင့်ပုံနှိပ်ထုတ်ဝေရေးဌာန။

ဖေမောင်တင်၊ ဦး။ (၁၉၅၅)။ ***ကျောင်းသုံးမြန်မာသဒ္ဒါ***။ ရန်ကုန်၊ စာပေဗိမာန်။

ဖေမောင်တင်၊ ဦး။ (၁၉၆၅)။ ***မြန်မာသဒ္ဒါနှင့် အသုံးအနှုန်း***။ ရန်ကုန်၊ စာပေဗိမာန်။

မြန်မာစာအဖွဲ့။ (၂၀၁၄)။ ***မြန်မာသဒ္ဒါ***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

ရွှေပြည်စိုး၊ ဒေါက်တာ။ (၂၀၁၀)။ ***မြန်မာဘာသာစကား***။ ရန်ကုန်၊ သင်းစာပေ။

သာနိုး၊ မောင်။ (၁၉၇၂)။ ***ဗမာစာဗမာစကား***။ ရန်ကုန်၊ ဇွဲ။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၁၀)။ ***ဘာသာစကားသုတေသန***။ ရန်ကုန်၊ ရှုဝံ။

## အင်္ဂလိပ်ဘာသာ

Cornyn, W.C.(1944). ***Ouline of Burmese Grammar***. Yale University, U.S.A.

Crystal, D.C.(1997). ***A Dictionary of Linguistics and Phonetics***. (4 thed) U.S.A. Black Well Publishers. Ltd.

Forbes, K. (1969) The parts of speech in Burmese and Burmese qualifiers, J.B.R.S. VIII.

Stewart,J.A (1955) Manual of Colloquial Burmese. London. Luzac & Co.Ltd.

## အင်တာနက်

wikipedia. (2018). Linguistics adjective. Jun, 21st, 2018, form.

https:// www.en.m. Wikipedia, org, wiki, Adjective.

Wikipedia. (2018), What is Adjective. Sil Glossary of Linguistics Terms. July, 9th, 2018, form.

https:// www. Glossary sil. Org, Term, Adjective

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# နိုင်ငံခြားကျောင်းသားများအတွက် ကြိယာအတွဲအဖက် စကားလုံးများ လေ့လာချက်

ဝါဝါလွင်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် နေ့စဉ်သုံးမြန်မာဘာသာစကားအတွင်းရှိ ကြိယာစကားလုံးတို့ အသုံးပြုပုံကို အသုံးချဘာသာဗေဒရှုထောင့်မှ လေ့လာတင်ပြထားသော စာတမ်း ဖြစ်သည်။ မြန်မာဘာသာစကားရှိ အနက်တူအသုံးကွဲကြိယာတို့၏ စကားလုံးတစ်ခုနှင့်တစ်ခုအကြား အနက် အတိုင်းအဆ ကွာခြားခြင်းကြောင့် အသုံးကွဲပြားပုံတို့ကို လေ့လာတင်ပြထားပါသည်။ ဤစာတမ်းသည် မြန်မာ ကြိယာစကားလုံးတို့ကို သူ့နေရာနှင့်သူ ဆီလျော်မှန်ကန်စွာ အသုံးပြုတတ်စေရန် ရည်ရွယ်ပါသည်။ မြန်မာဘာသာစကားကို လေ့လာလိုသူ နိုင်ငံခြားသားများ အတွက် အကျိုးပြုနိုင်သည်ဟု ခံယူပါသည်။

**သော့ချက်ဝေါဟာရများ** – ***မြန်မာဘာသာစကား၊ အနက်တူအသုံးကွဲကြိယာ၊ မြန်မာကြိယာစကားလုံး၊ နေ့စဉ်သုံးမြန်မာဘာသာစကား၊ အသုံးချဘာသာဗေဒ။***

## နိဒါန်း

မြန်မာဘာသာစကားကို နိုင်ငံခြားဘာသာစကားအဖြစ် လေ့လာသင်ယူနေသူတို့သည် မြန်မာဘာသာစကားရှိ အနက်တူသော်လည်း အသုံးမတူသည့် ကြိယာစကားလုံးများကို မှားယွင်းစွာ ပြောဆိုနေကြပါသည်။ 'အကျႌလဲဦးမယ်'ကို 'အကျႌပြောင်းဦးမယ်'၊ 'ရေက အေးသလား'ကို 'ရေက ချမ်းသလား' စသည်ဖြင့် 'ပြောင်း–လဲ၊ အေး–ချမ်း'တို့ကဲ့သို့ အနက်တူပြီး အသုံးကွဲပြားသည့် စကားလုံးများကို မှန်ကန်စွာ သုံးတတ်စေလိုပါသည်။ ဤစာတမ်းသည် မြန်မာစကားလုံးအသုံးပြုပုံနှင့် ပတ်သက်၍ နိုင်ငံခြားသားတို့ တွေ့ကြုံနေရသည့် အခက်အခဲကို တစ်စိတ်တစ်ဒေသ ဖြေရှင်းနိုင်ရန် အားထုတ်ထားခြင်း ဖြစ်ပါသည်။ မြန်မာဘာသာစကားသည် ဝေါဟာရအသုံးကြွယ်ဝသော ဘာသာစကား ဖြစ်သည်။ နာမ်စကားလုံးတို့၏ ဖြစ်မှု၊ ရှိမှု၊ ပြုမူလှုပ်ရှားမှုတို့ကို ပေါ်လွင်စေရန် ကြိယာစကားလုံးများက ဖန်တီးပေးရပါသည်။ မြန်မာဘာသာစကားတွင် ကြိယာတို့ကို အသုံးပြုရာ၌ သက်ဆိုင်ရာအနက်သဘောကို သူ့နေရာနှင့်သူ ဆီလျော်အောင် အသုံးပြုနိုင်ပါသည်။

* ဒေါ်၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ဤစာတမ်းသည် နေ့စဉ်အသုံးပြုနေရသည့် အပြော၊ အရေးဘာသာစကားတို့တွင် အရေးပါသော ကြိယာစကားလုံးများ အသုံးပြုပုံကို တင်ပြထားခြင်း ဖြစ်သည်။

မြန်မာဘာသာစကားကို နိုင်ငံခြားဘာသာစကားအဖြစ် သင်ယူသူတို့အတွက် ကြိယာအတွဲအဖက် (စုံတွဲ)စကားလုံးများကို လေ့လာခြင်းဖြင့် ဝေါဟာရတိုးပွားမှု၊ အနက်အဓိပ္ပာယ်ကြွယ်ဝမှုတို့ကို အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။ ထို့ပြင် ကြိယာစကားလုံးများ၏ သဘောသဘာဝနှင့်အတူ အသုံးပြုပုံကိုပါ တစ်ပါတည်း နားလည်သိရှိနိုင်ပြီး လက်တွေ့အသုံးပြုတတ်စေရန် ဖော်ထုတ် လေ့လာထားပါသည်။ ခေတ်အဆက်ဆက် ပြည်တွင်းပြည်ပမှ ဘာသာစကားပညာရှင်များက မြန်မာသဒ္ဒါကျမ်းများ ပြုစုခဲ့ကြပါသည်။ ဝဇီရဗုဒ္ဓိဦးဖိုးစိန်၊ ဦးဖေမောင်တင်၊ ဒဂုန်ဦးစန်းငွေ၊ ဂျွန်အိုကယ် [၁]၊ ကော်နင်စသည့် ဘာသာစကားပညာရှင်များပြုစုသော မြန်မာသဒ္ဒါကျမ်းများတွင် မြန်မာကြိယာများကို လေ့လာဖော်ပြထားပါသည်။

နိုင်ငံခြားကျောင်းသားများအတွက် မြန်မာဘာသာစကားသင် စာအုပ်များကိုလည်း ပြည်တွင်းပြည်ပမှ ပညာရှင်များက ပြုစုရေးသားခဲ့ကြပါသည်။ ဆရာကြီးမောင်ခင်မင်(ဓနုဖြူ)၊ စောလူ၊ စံစံနှင်းထွန်း၊ ဂျွန်အိုကယ်၊ ဂျင်းမက်ရှာ [၂] စသည့် ပညာရှင်များ ပြုစုသော မြန်မာဘာသာစကားသင် စာအုပ်များတွင် မြန်မာကြိယာများ အသုံးပြုပုံအမျိုးမျိုးကို ဖော်ပြခဲ့ကြသည်။

ထို့ပြင် မြန်မာဘာသာစကားဆိုင်ရာ စာအုပ်စာတမ်းများ၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ မဟာဝိဇ္ဇာဘွဲ့ယူကျမ်းများ၊ ပါရဂူဘွဲ့ယူကျမ်းများတွင်လည်း မြန်မာကြိယာများ၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ အနက်အဓိပ္ပာယ်သက်ရောက်ပုံ၊ သဒ္ဒါတာဝန်အမျိုးမျိုးရှိပုံနှင့် ကြိယာနေရာတို့ကို စနစ်တကျ လေ့လာထားကြသည်ကိုလည်း တွေ့ရှိရပါသည်။

အထက်ပါကျမ်းများ စာအုပ်စာတမ်းများတွင် အနက်တူအသုံးကွဲ အတွဲအဖက်ကြိယာများ၏ အသုံးနှင့် သက်ရောက်သော အနက်အဓိပ္ပာယ်ကို သီးသန့်လေ့လာမှုများ မရှိသေးပါ။

ထို့ကြောင့် ဤစာတမ်းတွင် အတွဲအဖက်ရှိ ကြိယာတို့ အသုံးပြုပုံကို လေ့လာတင်ပြထားပါသည်။ ထိုသို့ လေ့လာတင်ပြရာတွင် ဘာသာစကားသင်စာအုပ်များမှ

---

[၁] John Okell

[၂] Gene Mesher

ကောက်ယူရရှိသော ကြိယာစကားလုံး (၃၈၆)လုံးမှ အတွဲအဖက်ရှိ ကြိယာများကို အလေ့လာခံအဖြစ် အသုံးပြုတင်ပြသွားပါမည်။

## ၁။ သုတေသနပြုစုရခြင်း၏ ရည်ရွယ်ချက်နှင့် မျှော်မှန်းချက်

ဤစာတမ်းသည် မြန်မာဘာသာစကားကို နိုင်ငံခြားဘာသာစကားအဖြစ် သင်ကြားရေးဆိုင်ရာ သုတေသနစာတမ်း ဖြစ်ပါသည်။ နိုင်ငံခြားသားများအတွက် မြန်မာစာသင်ကြားရေးကို အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။ ဤစာတမ်း၌ နေ့စဉ်သုံးမြန်မာစကားတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုနေသည့် ကြိယာစကားလုံးများ၏သဘောကို သိရှိပြီး ဆီလျော်မှန်ကန်စွာ အသုံးပြုနိုင်ရန်အတွက် ထူးခြားသော ကြိယာအသုံးများကို လေ့လာတင်ပြထားပါသည်။

အနက်တူစကားလုံးတစ်လုံးကို သင်ကြားရာတွင် အသုံးမတူသော အခြားစကားလုံးများကိုပါ အသုံးပြုတတ်လာမည်ဖြစ်၍ နိုင်ငံခြားသားတို့အတွက် မြန်မာဝေါဟာရစကားလုံးများ ကြွယ်ဝလာစေမည်။ အနက်အဓိပ္ပာယ်နှင့် ဆီလျော်သည့် စကားလုံးများကို မှန်ကန်စွာ အသုံးပြုတတ်လာမည် ဖြစ်သည်။

## ၂။ ဘာသာဗေဒနှင့် အသုံးချဘာသာဗေဒတို့၏ ဆက်စပ်မှု

အသုံးချဘာသာဗေဒ [၁] သည် ဘာသာစကားသဘောတရားနှင့် လက်တွေ့ကျင့်သုံးမှုတို့၏ ဆက်သွယ်မှုကို ဖော်ထုတ်ပြသော ပညာရပ် ဖြစ်သည်။ ဘာသာစကား အသုံးပြုပုံ ပြဿနာများကို အထူးပြုလေ့လာသည်။ လူတို့၏ ဘာသာစကား အသုံးပြုခြင်း၊ လေ့လာခြင်းဆိုင်ရာ အဆက်အစပ်များကို လေ့လာသည်။ လက်တွေ့အသုံးပြုနေသော ဘာသာစကားအသုံးပြုပုံ၊ ဆက်သွယ်ပုံများနှင့် ပတ်သက်သည့် ပြဿနာများကို စနစ်တကျ ဖြေရှင်းအဖြေရှာသော ပညာဖြစ်သည်။ အသုံးချဘာသာဗေဒသည် ဘာသာဗေဒအပါအဝင် ပညာရပ်နယ်ပယ်များစွာကို အသုံးပြုသည်။ ထို့ကြောင့် ဘာသာဗေဒလေ့လာမှုနယ်ပယ်များတွင် လက်တွေ့အသုံးချနိုင်ခြင်း ဖြစ်သည်။ ထိုနယ်ပယ်များတွင် ဘာသာစကားသင်ယူခြင်း[၂]၊ သင်ကြားခြင်း[၃]၊ ဘာသာစကား စိစစ်မှုဆိုင်ရာ[၄]၊

---

[၁] applied linguistics

[၂] Language learning

[၃] Language teaching

[၄] Language analyis

စိတ်ပညာ[၁]၊ စကားစဉ်စိစစ်မှု[၂]၊ ရေးဟန်ပညာ[၃]၊ စကားစုစိစစ်ခြင်း[၄]၊ ဘာသာစကား ထိန်းသိမ်းခြင်း[၅]၊ ရသစာပေလေ့လာခြင်း[၆]၊ ဘာသာစကားစီမံကိန်း[၇]၊ သင်ရိုးစီမံကိန်း[၈]၊ သင်ရိုးစီမံကိန်း[၈]၊ ဘာသာစကားမူဝါဒများ[၉] ချမှတ်ခြင်းတို့ ပါဝင်သည်။[၁၀]

ဘာသာဗေဒနှင့် အသုံးချဘာသာဗေဒတို့၏ ဆက်စပ်မှုသဘောကို ဒေါက်တာအောင်မြင့်ဦးက–

> "ဘာသာစကားသင်ကြားရေးမှာ တွေ့ကြုံရတဲ့ အခက်အခဲ ပြဿနာတွေအတွက် ဘာသာဗေဒသီအိုရီတွေ နည်းနာတွေ တွေ့ရှိချက်တွေကို အသုံးပြုခြင်းဟာ အသုံးချဘာသာဗေဒရဲ့ အဓိက ဦးတည်ချက် ဖြစ်ပါတယ်။ အသုံးချဘာသာဗေဒဟာ နိုင်ငံခြား ဘာသာစကား သင်ယူမှု၊ သင်ကြားမှုနဲ့ဆိုင်တဲ့ ဘာသာစကား လေ့လာမှုအတွက် ထင်ရှားလာပြီး တစ်ခါတစ်ရံ အသုံးချဘာသာဗေဒကို နိုင်ငံခြားဘာသာစကား လေ့လာသင်ယူမှုဆိုင်ရာ သုတေသန လုပ်ငန်းတွေအတွက် သီးခြားအသုံးပြုကြတာကို တွေ့ရပါတယ်"[၁၁]

ဟု 'ဘာသာစကားသုတစာအုပ်'တွင် ဖော်ပြထားပါသည်။ ဆက်လက်၍ ထိုစာအုပ်၌ပင်–

> "နိုင်ငံခြားဘာသာစကား သင်ကြားရေးနဲ့ ပတ်သက်ပြီး အသုံးချ ဘာသာဗေဒနဲ့ လေ့လာတဲ့အခါမှာ ဆန့်ကျင်နှိုင်း (မတူပုံနှိုင်း) ဘာသာဗေဒနည်းကို အသုံးပြုလေ့ ရှိပါတယ်။ နိုင်ငံခြားဘာသာ စကား သင်တဲ့အခါမှာ မိခင်ဘာသာစကားနဲ့ မတူညီမှုတွေကို တွေ့ရမှာ ဖြစ်ပါတယ်။ သာဓကအနေနဲ့ မြန်မာဘာသာစကားနဲ့ အင်္ဂလိပ်ဘာသာစကားကို နှိုင်းယှဉ်ကြည့်ရင် 'ဘယ်သူမှ မလာဘူး' – 'Nobody is coming'၊ ငါ့မှာ အချိန် မရှိဘူး – 'I've no time'၊

---

[၁] Psychology

[၂] discourse analysis

[၃] Stylistics

[၄] Corpus analysis

[၅] Language maintenance

[၆] aesthetics study

[၇] Language planning

[၈] Syllabus planning

[၉] Language policy

[၁၀] Mark Aronoff and Janie Ress- Miller, 2003, 638.

[၁၁] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၁၅၊ ၁၁၉–၁၂၂။

> ဘယ်သူမှ မသိဘူး– 'No one Knows' စတဲ့ မြန်မာကြိယာမှာ အငြင်းထည့်ပြီး အင်္ဂလိပ်ကတော့ မရှိနာမ်ကို သုံးပုံမျိုး ဖြစ်ပါတယ်။ ဒီကွဲပြားမှုတွေကို လေ့လာပြီး ဘာသာစကား သင်ကြားရေးမှာ ဘယ်လို ထိထိရောက်ရောက် ဖြစ်အောင် သင်ကြားမယ်ဆိုတာကို အသုံးချဘာသာဗေဒက လုပ်ဆောင်ပါတယ်"[၁]

ဟူ၍ ရှင်းလင်းဖော်ပြထားပါသည်။

ဒေါက်တာကိုလေးကလည်း–

> "အသုံးချဘာသာဗေဒဆိုသည်မှာ ဘာသာဗေဒသီအိုရီများကို အသုံးချ၍ ဘာသာစကားပြဿနာများကို အဖြေရှာဖြေရှင်းပေးသည့် ပညာရပ်တစ်ခု ဖြစ်သည်။ ပြဿနာများကို ဖြေရှင်းသည်ဆိုရာ၌ အထူးသဖြင့် အဘိဓာန်ပြုစုခြင်း၊ ဘာသာပြန်ခြင်း၊ ဒုတိယ ဘာသာစကားတစ်ခုကို သင်ပြခြင်းတို့တွင် ကြုံတွေ့ရသည့် ပြဿနာများကို ဖြေရှင်းပေးရခြင်း ဖြစ်သည်"[၂]

ဟု ဖွင့်ဆိုထားပါသည်။

ထို့ကြောင့် အသုံးချဘာသာဗေဒကို ခေတ်သစ်ဘာသာဗေဒ၏ မျိုးကွဲများတွင် ထင်ရှားသည့် ပညာရပ်အဖြစ် လေ့လာတွေ့ရှိရပါသည်။ နယ်ပယ်တစ်ရပ်ရပ်တွင် အသုံးပြုရန် ဘာသာစကားကို လေ့လာသည့် ပညာရပ်ဖြစ်ပါသည်။ နှစ်ဆယ်ရာစု အစတွင် ဖွံ့ဖြိုးတိုးတက်ခဲ့သော ဘာသာဗေဒသည် နှစ်ဆယ်ရာစုအလယ်နှင့် နှောင်းပိုင်းကာလတို့တွင် အခြားပညာရပ်များနှင့်ပေါင်းစပ်ကာ ဘာသာစကားလေ့လာမှုများနှင့်အတူ ထွန်းကားလာပါသည်။ ထိုသို့ ထွန်းကားလာခဲ့သည့် ဘာသာဗေဒ နယ်ပယ်များတွင် အသုံးချဘာသာဗေဒလည်း ပါဝင်ပါသည်။

ဘာသာစကားကိုလေ့လာသော ဘာသာဗေဒနယ်ပယ်တွင် ပညာရပ်ခွဲများစွာ ရှိသည့်အနက် အသုံးချဘာသာဗေဒသည်လည်း တစ်မျိုးအပါအဝင် ဖြစ်သည်။ ဘာသာစကားသည် လူတစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရာတွင် ဆက်သွယ်ရေး လမ်းကြောင်းကို ဖွင့်ပေးသော ကြားခံဖြစ်ပြီး ထိုကြားခံဖြင့် တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရာတွင် ထိရောက်အောင်မြင်နိုင်ရန်အတွက် လက်တွေ့အကောင်အထည်ဖော်ရာ

---

[၁] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၁၅၊ ၁၁၉–၁၂၂။

[၂] ကိုလေး၊ ဒေါက်တာ၊ ၂၀၀၈၊ ၆။

မည်သို့အသုံးပြုမည်ဆိုသောအချက်သည် အသုံးချဘာသာဗေဒ၏ တာဝန်တစ်ရပ်ပင် ဖြစ်သည်။ အသုံးချဘာသာဗေဒသည် လူတစ်ဦးနှင့်တစ်ဦး ဆက်သွယ်ရံသာမက နိုင်ငံခြားဘာသာစကားကို သင်ယူမှု၊ သင်ကြားပို့ချမှု၊ အဘိဓာန်စကားလုံးများကို လေ့လာနိုင်မှုတို့၌လည်း များစွာအထောက်အကူပြုသည်။ ထို့အပြင် မျက်မှောက်ခေတ်၌ အသုံးချဘာသာဗေဒကို အနုပညာလုပ်ငန်း (ဇာတ်ဆောင်တို့၏ ပြောစကား)၊ မှုခင်းဆိုင်ရာ စစ်ဆေးမှုများ၊ ဥပဒေဆိုင်ရာရေးဆွဲမှုများ စသည်ဖြင့် အခြားသော နယ်ပယ်အချို့၌ပင် အသုံးပြုလာကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

## ၃။ အလေ့လာခံဘာသာစကား

ဤစာတမ်း၏အလေ့လာခံမှာ နိုင်ငံခြားသားများအတွက် မြန်မာဘာသာစကား [၁] ဖြစ်ပါသည်။ မြန်မာဘာသာစကားကို နိုင်ငံခြားသားသင်ဘာသာစကားတစ်ခုအဖြစ် လေ့လာရာတွင် မြန်မာဘာသာစကားရှိ ထူးခြားသော၊ အခြားဘာသာစကားများနှင့် မတူသော လက္ခဏာရပ်များကို ဖော်ထုတ်ရပါမည်။ မြန်မာဘာသာစကား၏ ပင်ကိုအသွင်အပြင်နှင့် ထူးခြားသည့် သဘောလက္ခဏာများကို ဖော်ထုတ်လေ့လာရန် လိုပါသည်။

မြန်မာဘာသာစကားသည် စကားလုံးအစီအစဉ်နှင့် သဒ္ဒါစကားလုံး အမျိုးအစားပေါ် အခြေခံ၍ ဝါကျတည်ဆောက်ထားခြင်းဖြစ်သဖြင့် စကားလုံးအစီအစဉ်မှန်ကန်မှုသည် အရေးကြီးပါသည်။ အထူးသဖြင့် ကြိယာ၏နေရာမှန်ကန်မှု အသုံးမှန်ကန်မှုတို့သည် ဝါကျတွင် ပို၍ အရေးပါပါသည်။

မြန်မာစကား၏ လက္ခဏာများအရ 'သွား၊ လာ၊ စား၊ သောက်' စသည်ဖြင့် မိမိဘာသာရပ်တည်နိုင်သော စကားလုံးများကို တစ်လုံးချင်း အသုံးပြုသည်ကို တွေ့ရသည်။

မြန်မာဝါကျများဖွဲ့ရာ၌ ဝါကျထဲက စကားလုံးများ၏ အစီအစဉ်သည် မြန်မာဘာသာစကားတွင် အရေးပါသော လက္ခဏာတစ်ရပ် ဖြစ်ပါသည်။ မြန်မာဝါကျများကို ဖော်ပြလိုသော အဓိပ္ပာယ်အရ လိုအပ်သလို ဆန့်ထုတ်နိုင်ပြီး ဝါကျအားလုံးသည် ကြိယာဖြင့် အဆုံးသတ်ကြောင်း တွေ့ရှိရပါသည်။

မြန်မာဘာသာစကားတွင် အနက်အဓိပ္ပာယ်သည်လည်း အရေးပါသော ကဏ္ဍတစ်ရပ် ဖြစ်ပါသည်။ မြန်မာဘာသာစကားသည် ဧကဝဏ္ဏဘာသာစကား ဖြစ်သည်

[၁] Myanmar as a foreign language

နှင့်အညီ တစ်လုံးချင်းအဓိပ္ပာယ်ရှိသော စကားလုံးအများအပြားတွေ့ရပြီး၊ စကားလုံးတစ်လုံးသည် တွဲစပ်နေသော စကားအဆက်အစပ်အရ အနက်အဓိပ္ပာယ် ကွဲပြားသွားပါသည်။ စကားလုံးများသည် ပုံသဏ္ဍာန်ချင်းလည်း ဆက်နွယ်မှုရှိတတ်ပြီး အနက်အဓိပ္ပာယ်ချင်းလည်း ဆက်နွယ်မှုရှိသည့်သဘောကို တွေ့ရပါသည်။

ဘာသာစကားသင်ကြားရာတွင် မိခင်ဘာသာစကားနှင့် နိုင်ငံခြားဘာသာစကား ကွာခြားပုံ၊ မတူပုံတို့ကို သိရှိနားလည်ပြီး သင်ပေးနိုင်လျှင်၊ သင်ယူနိုင်လျှင် ပိုမိုထိရောက်မည် ဖြစ်သည်။ သင်ယူမည့်ဘာသာစကား၏ သဘောလက္ခဏာများကို သိရှိနားလည်ခြင်းသည် ဘာသာစကားသင်ကြားမှုတွင် အရေးပါသော အချက်တစ်ချက် ဖြစ်ပါသည်။

## ၄။ အတွဲအဖက် စကားလုံးအမျိုးအစား

ဘာသာစကားတိုင်းတွင် စကားလုံးများသည် ကွန်ရက်သဖွယ် အပြန်အလှန် ဖွဲ့ယှက် တည်ရှိနေကြပါသည်။ ထိုသို့ ဖွဲ့ယှက်တည်ရှိနေကြသည့် စကားလုံးများတွင် အတွဲအဖက်ရှိ စကားလုံးများကိုလည်း စိတ်ဝင်စားဖွယ် လေ့လာတွေ့ရှိရပါသည်။ မြန်မာဘာသာစကားရှိ အတွဲအဖက်စကားလုံးများကို လေ့လာကြည့်ရာတွင် စကားလုံးတစ်လုံးနှင့် တစ်လုံးဆက်စပ်နေကြပြီး တစ်လုံးကို အသုံးပြုလျှင် ယှဉ်တွဲနေသော အခြားစကားလုံးတစ်လုံးကိုပါ သတိပြုမိစေပါသည်။

ထိုအတွဲအဖက်ရှိ စကားလုံးများကို အဓိကအားဖြင့် (၃)မျိုး တွေ့ရပါသည်။ ယင်းတို့မှာ–

၁။ အနက်ဆန့်ကျင်ဘက် စကားလုံးများ (ဖွင့်နှင့်ပိတ်၊ ရောင်းနှင့်ဝယ်၊ သွားနှင့်လာ)နှင့် တန်းတူရည်တူသဘော တွဲဖက်သုံးလေ့ရှိသော စကားလုံးများ (ဖြူနှင့်နီ၊ ပြာ၊ ဝါ၊ စိမ်း)

၂။ အနက်အဓိပ္ပာယ်ချင်း ဆက်စပ်သည့် စကားလုံးများ (ခွေးနှင့်ဟောင်၊ စားနှင့်သောက်၊ ချက်နှင့်ပြုတ်)

၃။ အနက်အဓိပ္ပာယ်တူသည့် စကားလုံးများ (သေနှင့်ဆုံး(ကွယ်လွန်)၊ အလှူနှင့်ဒါန၊ ကြိုက်နှင့်နှစ်သက်)

စသည်တို့ ဖြစ်ကြပါသည်။

ဤစာတမ်းတွင် အနက်အဓိပ္ပာယ်တူညီသည့် အတွဲအဖက် ကြိယာစကားလုံးများ အသုံးပြုပုံကို လေ့လာတင်ပြပါမည်။

## ၄၊ ၁။ မြန်မာဘာသာစကားရှိ ကြိယာစကားလုံးများ

'ဝါကျတစ်ခုကို မီးရထားတစ်စီးနှင့် နှိုင်းမည်ဆိုလျှင် ကြိယာကို မီးရထား ခေါင်းတွဲနှင့် နှိုင်းရပါလိမ့်မည်။ မီးရထားမှာ ခေါင်းတွဲသည် ပဓာနကျသည့် နည်းတူ ဝါကျတွင်လည်း ကြိယာသည် ပဓာနကျပါသည်။ ဝါကျ၏ ဆိုလိုသောအဓိပ္ပာယ် ပေါ်လွင်အောင် ကြိယာက ရှေ့ဆောင်ပါသည်။ ကြိယာ၏အာနိသင် ထက်မြက်အောင် သုံးနိုင်လေလေ ထိုဝါကျသည်လည်း ထိရောက်ထက်မြက်လေလေ ဖြစ်သည်'[၁] ဟူ၍ ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)က မိန့်ဆိုထားပါသည်။ မြန်မာဘာသာစကားရှိ အပြောနှင့်အရေးဝါကျတို့တွင် ကြိယာသည် အရေးပါသော အစိတ်အပိုင်းအဖြစ် ရပ်တည်နေခြင်းဖြစ်ကြောင်း သိရှိရပါသည်။ မြန်မာဘာသာစကားရှိ ဧကဝဏ္ဏ၊ ဗဟုဝဏ္ဏကြိယာများသည် လုံးချင်းကြိယာအမျိုးအစား ဖြစ်ပါသည်။ လုံးချင်းကြိယာသည် အခြားမည်သည့်ဘာသာဗေဒ အစိတ်အပိုင်းမျှ ပေါင်းစပ်ထားခြင်း မရှိသော၊ မူလ သဘာဝအရ ရှိနေသော ကြိယာများကို ဆိုလိုသည်။ တစ်လုံးချင်း အဓိပ္ပာယ်ရှိသော စကားလုံးများ ဖြစ်သည်။ လုံးချင်းကြိယာတို့သည် သက်ဆိုင်ရာ အနက်သဘောကို သူ့နေရာနှင့်သူ ဆီလျော်စွာ သုံးစွဲနိုင်ကြကြောင်း တွေ့ရပါသည်။ မြန်မာဘာသာ စကားရှိ နေ့စဉ်သုံးစွဲနေသော စကားလုံးများကို လေ့လာကြည့်လျှင် လုံးချင်းကြိယာ များကို အပြန်အလှန်ဆက်သွယ်မှုရှိသည့် အတွဲအဖက်စကားလုံးများအဖြစ်လည်း အသုံးပြုကြောင်း တွေ့ရှိရပါသည်။ မြန်မာဘာသာစကားတွင် စကားလုံးတစ်လုံးနှင့် တစ်လုံး ဆက်သွယ်နေသော ကြိယာအတွဲအဖက် (စုံတွဲ)စကားလုံးများ များစွာ ရှိပါသည်။ ယင်းစုံတွဲစကားလုံးထဲမှ တစ်လုံးကိုသုံးလျှင် အခြားတစ်လုံးကိုပါ သတိပြု မိစေပါသည်။ သာဓကအားဖြင့် 'လင်နှင့်မယား'၊ 'ဆရာနှင့်တပည့်'၊ 'ကျောင်းသားနှင့် ကျောင်းသူ'၊ 'ကြီးနှင့်ငယ်'၊ ရောင်းနှင့်ဝယ်'၊ 'စားနှင့်သောက်' စသည့် စကားလုံးများ ဖြစ်ကြပါသည်။ မြန်မာဘာသာစကားသည် အပြောနှင့်အရေး ကွာခြားသော ဘာသာ စကား ဖြစ်သည်။ မြန်မာကြိယာစကားလုံးတို့၏အသုံးကို လေ့လာရာတွင် အပြောနှင့် အရေးပုံစံတို့တွင် တွေ့ရသော ကြိယာစကားလုံးတို့၏ အခြေအနေအရပ်ရပ်ကိုပါ ထည့်သွင်းစဉ်းစားရပါမည်။ အထူးသဖြင့် အပြောဝါကျများတွင် တွေ့ရသော ပုံစံတကျ ပြောစကားနှင့် အရပ်သုံးပြောစကားများအပေါ် မူတည်၍ ကြိယာစကားလုံးတို့၏ အသုံး ကွဲပြားမှုရှိကြောင်းကိုလည်း တွေ့နိုင်ပါသည်။

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၆၊ ၂၅၇။

## ၄။ ၂။ အနက်တူ အသုံးကွဲ အတွဲအဖက်ကြိယာများ

မြန်မာဘာသာစကားသည် ဝေါဟာရကြွယ်ဝသော ဘာသာစကားဖြစ်ရာ မိခင်ဘာသာစကား ပြောဆိုသုံးစွဲသူများအတွက် အနက်တူပြီး အသုံးမတူသည့် စကားလုံးများကို အကြောင်းအရာ အခြေအနေနှင့် လိုက်ဖက်အောင် ရွေးချယ်သုံးနှုန်းနိုင်ပါသည်။ မြန်မာဘာသာစကားကို လေ့လာသင်ယူနေသည့် နိုင်ငံခြားသားများအတွက်မူ ထိုစကားလုံးများကို အထူးဂရုပြုသုံးစွဲတတ်ရန် လိုပါသည်။

အကြောင်းအရာတစ်ခုကို ရည်ညွှန်းဖော်ပြနိုင်ရန် ဝေါဟာရ ရွေးချယ်သုံးနှုန်းတတ်ဖို့ အလွန်အရေးကြီးပါသည်။ မြန်မာဘာသာစကားတွင် အသံတူစကားလုံးများရှိနေသောကြောင့် စာလုံးပေါင်းပြဿနာ ဖြစ်ပေါ်လာသကဲ့သို့ပင် အနက်တူသော်လည်း ခွဲခြားအသုံးပြုသည့် စကားလုံးများကြောင့် မှားယွင်းစွာ ရွေးချယ်သုံးစွဲမှုပြဿနာများဖြစ်ပေါ်တတ်ပါသည်။

ဘာသာစကားအသီးသီးတွင် ပညတ်အနက်တူသော်လည်း ဂယက်အနက်ကွဲပြားသော စကားအသုံးအနှုန်းများ ရှိမြဲဖြစ်သည်။ ဝေါဟာရစကားလုံးများသာမက သဒ္ဒါစကားလုံးများလည်း ဂယက်အနက် ထင်တတ်ပါသည်။ မြန်မာဘာသာစကားရှိ အနက်တူအသုံးကွဲသည့် စကားလုံးများကို လေ့လာရာတွင် ဂယက်အနက်ကြောင့် စကားလုံးများ ကွဲပြားကြသကဲ့သို့ ပြောဆိုသူတို့ကြားရှိ ခံစားမှု၊ လူမှုအခြေအနေတို့ကြောင့်လည်း ကွဲပြားကြကြောင်း တွေ့ရပါသည်။ အလေ့လာခံကြိယာများတွင် တွေ့ရသော အနက်တူ အသုံးကွဲသည့် အတွဲအဖက်ကြိယာများမှာ–

| | | | | | |
|---|---|---|---|---|---|
| ပြောင်း | – | လဲ | သေ | – | ဆုံး(ကွယ်လွန်) |
| ကျင်းပ | – | ပြုလုပ် | | | |
| ကြောက် | – | လန့် | လျင် | – | မြန် |
| ကြင်နာ | – | သနား | ကျ | – | ရှုံး |
| ချော | – | လှ | ကြွ | – | လာ |
| အေး | – | ချမ်း | မိန့် | – | ဆို |
| သေး | – | ငယ် | စား | – | သုံး(ဆောင်) |
| | | | ကြိုက် | – | နှစ်သက် |
| ပူ | – | အိုက် | ပျက်စီး | – | ယိုယွင်း |

| | | | |
|---|---|---|---|
| ပု – တို | | ပေး – ကမ်း | |
| ပြော – ဆို/မိန့် | | စိုးရိမ် – စိတ်ပူ | |
| ယှဉ် – ပြိုင် | | သိ – နားလည် | |
| ရွတ် – ဆို | | ဆော့/ပက် – ကစား | |
| နှမြော – တွန့်တို | | | |
| နှေး – ဖြည်း | | | |
| လိမ် – ညာ | | | |
| သုံး – ဖြုန်း | | | |
| တွေ့ – ဆုံ | | | |

တို့ ဖြစ်ကြပါသည်။ ယင်းကြိယာတို့မှ အချို့ အတွဲအဖက်ကြိယာများ၏ အသုံးပြုပုံကို သာဓကများပြ၍ ဆန်းစစ်တင်ပြပါမည်။

## သေ – ဆုံး (ကွယ်လွန်)

'သေ'၊ 'ဆုံး'နှင့် 'ကွယ်လွန်' ကြိယာတို့သည် အပြုအမူပြကြိယာများ ဖြစ်သည်။ နေ့စဉ်သုံးစကားတွင် အရေးပါသော စကားလုံးများ ဖြစ်သည်။ သေဆုံးခြင်းကို ဖော်ပြသော မြန်မာစကားအသုံးများကိုကြည့်လျှင် 'သေ၊ ဆုံး၊ ကွယ်လွန်'တို့အပြင် 'အနိစ္စရောက်၊ ပျံတော်မူ၊ ကံကုန်၊ ဆုံးပါး၊ နတ်ရွာစံ၊ ရှော၊ ဂန့်၊ ကြွ' စသည်ဖြင့် များစွာ ရှိပါသည်။ ကွယ်လွန်သူ၏ လူမှုအဆင့်အတန်းအရ သတ်မှတ်သုံးသော အသုံးများ ပါသကဲ့သို့ လိုလားဖွယ်မလိုလားဖွယ် ခံစားမှု အခြေအနေများအရ သူ့နေရာနှင့်သူ သုံးသော အသုံးများလည်း ပါဝင်နေပါသည်။ ဤစာတမ်းတွင် 'သေဆုံးသည်'ကို ဖော်ပြသော စကားလုံးအမျိုးမျိုးတို့မှ 'သေ၊ ဆုံး၊ ကွယ်လွန်'တို့ကို မြန်မာဘာသာစကား အခြေခံအဆင့်အတွက် လိုအပ်သည့် အသုံးများဟု ယူဆ ပါသည်။ ယင်းကြိယာတို့သည် သေဆုံးခြင်းဟူသော အခြေခံအနက်ချင်း အတူတူပင် ဖြစ်သည်။ 'သေသည်' ဆိုသော စကားလုံးသည် အချက်အလက်သက်သက်ကိုသာ ဖော်ညွှန်းရာတွင် သုံးခြင်း ဖြစ်သည်။ သေသူနှင့် ပြောသူတို့ကြားတွင် ရင်းနှီးချစ်ခင်မှု လေးစားနှစ်သက်မှု ခံစားချက်များမပါဘဲ သာမန်သိစေလိုသည့် သဘောဖြင့် သုံးခြင်း ဖြစ်သည်။ တနည်းအားဖြင့် အရပ်သုံးစကားအဖြစ် သုံးခြင်း ဖြစ်သည်။

'ကွယ်လွန်' ကြိယာစကားလုံးသည် လူမှုအခြေအနေအရ သေသူကို အလေးထားသော သဘောကို ဖော်ညွှန်းရာတွင် သုံးခြင်း ဖြစ်သည်။ သေသူသည် ဆွေမျိုးသားချင်း၊ ရင်းနှီးချစ်ခင်သူ တစ်ဦးဖြစ်ခဲ့လျှင် 'ကွယ်လွန်'ဟူသည့် စကားလုံးနှင့်အတူ 'ဆုံး'ကိုလည်း သုံးပါသည်။ ပုံစံတကျသုံးသည့် စကားလုံးများ ဖြစ်သည်။ ထို့ကြောင့် 'သေ၊ ဆုံး၊ ကွယ်လွန်' စကားလုံးတို့ အသုံးကွဲပြားရသည့် အဓိကအချက်မှာ ပုံစံတကျအသုံးနှင့် အရပ်သုံးစကား ကွဲပြားမှုကြောင့်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပြီး 'ကွယ်လွန်'ကို အရေးစကားတွင် ပို၍အသုံးပြုပါသည်။ အောက်ပါသာဓကများတွင် 'သေ– ဆုံး(ကွယ်လွန်)' တို့၏အသုံးကို လေ့လာဆန်းစစ်နိုင်ပါသည်–

(၁) အမြန်လမ်းပေါ်မှာ ကားတိုက်တာ လူ ၅ ယောက် <u>သေ</u>တယ်။

(၂) ကျွန်မတို့ ဘေးအိမ်က ဦးလေးကြီး <u>ဆုံး</u>ပြီ။

(၃) မေမေ<u>ဆုံး</u>တာ (၁၁) နှစ်ရှိပြီ။

(၄) သူ့ ညီက ရတ်တရက် <u>သေ</u>တာ။

(၅) ရုပ်ရှင်မင်းသား အကယ်ဒမီဒွေး <u>ကွယ်လွန်</u>ခြင်း ၅ နှစ်ပြည့် အထိမ်းအမှတ်ဓာတ်ပုံပြပွဲ။

(၆) ဆရာမကြီး <u>ကွယ်လွန်</u>တာ သတင်းစာမှာ တွေ့တယ်။

'ကွယ်လွန်' ဟူသော စကားလုံးတွင် သေဆုံးသူအပေါ် ရိုသေခြင်း၊ လေးစားခြင်းနှင့်အတူ သေဆုံးခြင်းအတွက် စိတ်မကောင်းဖြစ်သော ခံစားမှု ပေါ်လွင်နေပါသည်။ ထိုစကားလုံးက သေဆုံးသူအပေါ် ထားရှိသော ခံစားချက်များကို ယှဉ်တွဲဖော်ပြနေသည့် အသုံး ဖြစ်သကဲ့သို့ သတင်းအဖြစ် သဘောထားကာ ဖော်ပြရာတွင်လည်း သုံးပါသည်။

## ကြွ – လာ

'ကြွ နှင့် လာ'သည် မြန်မာဘာသာစကားတွင် အခြေခံအကျဆုံးသော အမူအရာပြကြိယာများ ဖြစ်သည်။ 'ကြွ' ဟူသည့် ကြိယာစကားလုံးကို မြန်မာ့လူမှုနယ်ပယ်တွင် ပုံစံတကျ သုံးလေ့ရှိပြီး၊ 'လာ' ကြိယာကို ပုံမှန်အသုံး၊ အရပ်သုံးစကားအဖြစ် သုံးကြောင်း တွေ့ရပါသည်။ 'လာ' ကြိယာကို နေ့စဉ် အသုံးပြုနေကြသော်လည်း 'ကြွ' ကြိယာကို ဧည့်ခံပွဲ၊ အခမ်းအနားများတွင် အသုံးပြုသကဲ့သို့ ရိုသေလေးစားရသူများကို ဖိတ်ခေါ်ရာတွင်လည်း သုံးကြောင်း တွေ့ရပါသည်။

'ကြွနှင့်လာ' စကားလုံးများကဲ့သို့ပင် 'စားနှင့်သုံးဆောင်' ကြိယာတို့ကိုလည်း သုံးနှုန်းပါသည်။ နေ့စဉ်သုံးစကားတွင် အသုံးပြုနေရသော 'စား' ကြိယာသည် ပုံမှန်

အရပ်သုံးစကားဖြစ်၍ အခမ်းအနား၊ ဧည့်ခံပွဲနှင့် ရိုသေလေးစားသူများကို သုံးသော 'သုံးဆောင်' ကြိယာသည် ပုံစံတကျ အသုံးစကားဖြစ်နေခြင်းတို့ကြောင့် အနက်တူသော်လည်း အသုံးမတူနိုင်ပေ။ 'စားနှင့်သုံးဆောင်' ကြိယာတို့သည် အပြောစကားတွင် အတွဲအဖက် မဟုတ်သော်လည်း အရေးအသားတွင်မူ အတွဲအဖက်အဖြစ် 'စား – သုံး' ဟု သုံးလေ့ရှိပါသည်။ အောက်ပါသာဓကများတွင် 'လာ – ကြွ၊ စား – သုံးဆောင်' ကြိယာအသုံးတို့ကို လေ့လာဆန်းစစ်နိုင်ပါသည်။

(၁) ဆရာမ မုန့်ဟင်းခါး စားပါဦး။

(၂) ညနေ အိမ်ကို ထမင်းစားဖို့ လာခဲ့နော်။

(၃) ဧည့်သည်တော်များ အစားအသောက်များကို သုံးဆောင်နိုင်ပါပြီ။

(၄) ကော်ဖီနှင့်မုန့်များ သုံးဆောင်ရန် စားသောက်ခန်းသို့ ကြွပါ။

(၅) သူငယ်ချင်းတွေ ထမင်းစားဖို့ အိမ်ကို လာကြတယ်။

အထက်ပါ သာဓကများအရ 'စား၊ လာ' ကြိယာစကားလုံးတို့သည် ဆက်ဆံရေးအရ ရင်းနှီးမှုနှင့် ပုံမှန်အခြေအနေများကို ဖော်ပြရာတွင်သုံး၍ 'သုံးဆောင်၊ ကြွ' စကားလုံးတို့သည် လေးစားအပ်သော ပုဂ္ဂိုလ်၊ ထူးခြားသည့် အခြေအနေများကို ဖော်ပြရာတွင်သုံးကြောင်း တွေ့ရှိရပါသည်။

### တွေ့နှင့် ဆုံ

'တွေ့နှင့်ဆုံ' ကြိယာစကားလုံးတို့သည် မြန်မာစကားတွင် နေ့စဉ်သုံး အပြုအမူပြကြိယာများ ဖြစ်သည်။ သက်ရှိသက်မဲ့အရာအားလုံးတို့ကို တွေ့မြင်ကြုံဆုံရသည့်သဘောကို ဖော်ပြရာတွင် သုံးပါသည်။ ဆိုလိုသည့် သဘောချင်းတူသော်လည်း 'တွေ့နှင့်ဆုံ' ကြိယာတို့ကို သူ့နေရာနှင့်သူ ခွဲခြား၍ အသုံးပြုပါသည်။ 'ဆုံသည်' ဟူသော ကြိယာစကားလုံးသည် 'အချင်းချင်းတွေ့သည်'ဟု အဓိပ္ပာယ်ရသည့်အတွက် 'ဆုံနှင့်တွေ့'မှာ ယေဘုယျအားဖြင့် အဓိပ္ပာယ်တူပါသည်။ သို့သော် အသုံးနယ်ကွဲပြားမှုများ ရှိပါသည်။

'တွေ့' ကြိယာကို သက်ရှိသက်မဲ့ အရာအားလုံးအတွက် အသုံးပြုနိုင်သော်လည်း 'ဆုံ' ကြိယာကိုမူ လူပုဂ္ဂိုလ်အချင်းချင်းနှင့် အချို့အရာဝတ္ထုတို့အတွက်သာ သုံးနိုင်ကြောင်း သိရှိရပါသည်။ ထို့ကြောင့် နေ့စဉ်သုံးစကားတွင် 'တွေ့' ကြိယာသည် 'ဆုံ' ကြိယာထက် ပို၍အသုံးများပါသည်။ အောက်ပါသာဓကများတွင် 'တွေ့နှင့်ဆုံ' ကြိယာစကားလုံးတို့၏ အသုံးကို လေ့လာဆန်းစစ်နိုင်ပါသည်။

သာဓက–

(၁) ဒီကနေ ရွှေတိဂုံဘုရားကို <u>တွေ့</u> ရတယ်။

(၂) တိရစ္ဆာန်ရုံမှာ မျောက်တွေ <u>တွေ့</u> တယ်။

(၃) ကျွန်မ ပိုက်ဆံအိတ် ပျောက်လို့ <u>တွေ့</u> မိလား။

(၄) ဟိုတလောကတောင် သူ့ကို <u>တွေ့</u> သေးတယ်။

(၅) မြန်မာပြည်ကိုလာရင် ဘုရားတွေ အစုံ <u>တွေ့</u>ရမယ်။

(၆) အလုပ်ကိစ္စအတွက် လူကြီးနဲ့ <u>တွေ့</u>ရမယ်။

(၇) ရောဂါအခြေအနေသိဖို့ ဆရာဝန်ကြီးကို <u>တွေ့</u> မယ်။

(၈) <u>တွေ့</u>ရတာ ဝမ်းသာပါတယ်။

အထက်ပါသာဓကများတွင် 'တွေ့' အစား 'ဆုံ' ကြိယာကို အစားထိုးလဲလှယ်၍ မသုံးနိုင်သော်လည်း အောက်ပါသာဓကများတွင်မူ 'တွေ့' ကြိယာအစား 'ဆုံ' ကြိယာကို အစားထိုးသုံးနိုင်ကြောင်း တွေ့ရသည်။

သာဓက–

(၁) ကန်တင်းမှ သူငယ်ချင်းတွေနဲ့ <u>တွေ့</u> ကြတယ်။

(၂) ရန်ကုန်မှာ ဆွေမျိုးတွေ <u>တွေ့</u> ကြတယ်။

(၃) လမ်းလယ်မှာ ကားနှစ်စင်း <u>တွေ့</u> နေတယ်။

ထို့ပြင် 'မျက်လုံးချင်းဆုံတယ်၊ စကားချင်းဆုံတယ်၊ လက်ချင်းဆုံတယ်' စသည်ဖြင့်လည်း သုံးလေ့ရှိပါသည်။ 'ဆုံ' ကြိယာ၏နေရာတွင် 'တွေ့' ကြိယာကို အစားထိုးလဲလှယ်၍ 'မျက်လုံးချင်းတွေ့တယ်၊ စကားချင်းတွေ့တယ်၊ လက်ချင်း တွေ့တယ်' ဟု မသုံးနိုင်ပါ။

အထက်ပါသာဓကများအရ 'တွေ့နှင့်ဆုံ' ကြိယာတို့သည် ဆိုလိုသည့် သဘောချင်းတူသော်လည်း ခွဲခြား၍အသုံးပြုကြောင်း စကားအဆက်အစပ်အချို့ တွင်သာ အစားထိုးလဲလှယ် အသုံးပြုနိုင်ကြောင်း သိရှိရပါသည်။

## ပြောင်းနှင့် လဲ

'ပြောင်းနှင့်လဲ' ကြိယာတို့သည် နေ့စဉ်သုံးစကားတွင် အသုံးတွင်ကျယ်သော အပြုအမူကို ဖော်ပြသည့် ကြိယာများ ဖြစ်သည်။ တစ်နေရာမှ တစ်နေရာ၊ အခြေအနေ တစ်ခုမှ တစ်ခုသို့ ရွှေ့လျားခြင်း၊ ရှိရင်းတစ်ခုနှင့် အခြားတစ်ခု ပြောင်းခြင်း၊

လဲလှယ်ခြင်းတို့ကို ဖော်ပြရာတွင် သုံးပါသည်။ ရွေ့လျားပြောင်းလဲခြင်း ဟူသည့် အနက်ကိုပင် သူ့နေရာနှင့်သူ ခွဲခြား၍ အသုံးပြုကြောင်း လေ့လာတွေ့ရှိရပါသည်။ နေရာ၊ အခြေအနေတို့ ရွေ့လျားခြင်းအတွက် 'ပြောင်း' ကြိယာကို သုံး၍ တစ်ခုကို တစ်ခုနှင့် လဲလှယ်ခြင်း၊ ပြောင်းခြင်းအတွက် 'လဲ' ကြိယာကို သုံးပါသည်။ အောက်ပါ သာဓကများတွင် 'ပြောင်းနှင့် လဲ' ကြိယာတို့၏ အနက်တူသော်လည်း နေရာတိုင်းတွင် အသုံးမတူနိုင်ပုံကို ဆန်းစစ်လေ့လာနိုင်ပါသည်။

သာဓက–

(၁) ဆရာမ အိမ် ပြောင်း သွားပြီ။

(၂) ကျွန်တော်တို့ မန္တလေးကို ပြောင်းရမယ်။

(၃) ပုဂံသွားမယ့် ခရီးစဉ် ပြောင်း လိုက်တယ်။

(၄) ဒီဟိုတယ် မကြိုက်ရင် နောက်ဟိုတယ် ပြောင်း တာပေါ့။

(၅) သူ့စိတ်က အမျိုးမျိုး ပြောင်း နေတာ။

(၆) လေယာဉ်ဆိုက်ချိန် ပြောင်း သွားတယ်။

(၇) အပြင်သွားမလို့ အဝတ်အစား လဲ နေတယ်။

(၈) ကျောင်းဆင်းပွဲမှာ အမှတ်တရပစ္စည်း လဲ ကြတယ်။

(၉) ကျွန်မ ဒီစာအုပ်မကြိုက်လို့ နောက်တစ်အုပ် လဲ ပေးပါ။

အထက်ပါသာဓကများတွင် 'ပြောင်း' ကြိယာနေရာတွင် 'လဲ' ကြိယာကို အစားထိုး မသုံးနိုင်သကဲ့သို့ 'လဲ' ကြိယာနေရာတွင် 'ပြောင်း' ကြိယာကို အစားထိုး မသုံးနိုင်ကြောင်းလည်း တွေ့ရှိရပါသည်။ သို့သော် 'ကျွန်တော် ကား လဲ လိုက်ပြီ'တွင် 'လဲ' ကြိယာနေရာတွင် 'ပြောင်း' ကြိယာကို အစားထိုးလဲလှယ်၍ သုံးနိုင်ကြောင်း တွေ့ရသည်။

အထက်ပါသာဓကများအရ 'ပြောင်းနှင့် လဲ' ကြိယာတို့သည် နေရာတိုင်းတွင် အစားထိုး လဲလှယ်၍ မသုံးနိုင်ပါ။ 'လဲ' ဟူသော စကားလုံးသည် တစ်ခုနှင့် တစ်ခု ပြောင်းသည်ဟု အဓိပ္ပာယ်ရသည့်အတွက် 'လဲနှင့် ပြောင်း' မှာ ယေဘုယျအားဖြင့် အဓိပ္ပာယ်တူပါသည်။ သို့သော် အသုံးနယ်ပယ်ချင်း ခြားနားမှုကြောင့် 'ပြောင်းနှင့်လဲ'ကို ခွဲခြားသုံးကြောင်း လေ့လာသိရှိရပါသည်။

**ချမ်း–အေး၊ ပူ–အိုက်**

'ချမ်းနှင့်အေး' ကြိယာတို့သည် ဂုဏ်ရည်ပြကြိယာစကားလုံးများ ဖြစ်သည်။ အနက်တူသော်လည်း စကားအဆက်အစပ်အားလုံးတွင် အလဲအလှယ် အစားထိုး၍ အသုံးမပြုနိုင်သော စကားလုံးများ ဖြစ်သည်။ 'ချမ်းနှင့်အေး' ကြိယာတို့ကို အေးချမ်းသော အထိအတွေ့ကို ခံစားရသည့် အနက်အဓိပ္ပာယ်ကို ဖော်ပြရာတွင် အသုံးပြုသည်။ ထို့အတူ 'ပူနှင့်အိုက်'ကို 'အပူဒဏ်ခံစားရခြင်း' ဟူသည့် အနက်ကို ဖော်ပြရာတွင် သုံးပါသည်။ ရာသီဥတုအခြေအနေကို ဖော်ပြသည့် စကားအဆက်အစပ်တွင် လဲလှယ်၍ အသုံးပြုနိုင်ပါသည်။

သာဓက–

(၁) ဒီနှစ် ဆောင်းတွင်း <u>အေး</u>တယ်၊ ဒီနှစ် ဆောင်းတွင်း <u>ချမ်း</u>တယ်။

(၂) မန္တလေးက <u>ပူ</u>လွန်းတယ်၊ မန္တလေးက <u>အိုက်</u>လွန်းတယ်။

ဟူ၍ သုံးနိုင်သော်လည်း 'သောက်ရေက အေးလိုက်တာ' တွင် 'အေး' စကားလုံး နေရာတွင် 'ချမ်း' ကို ပြောင်း၍ မသုံးနိုင်ပေ။ ထို့အတူ ရေနွေးက 'ပူ' လွန်းတယ်တွင် 'ပူ' အစား 'အိုက်' စကားလုံးကို ပြောင်း၍ မသုံးနိုင်ပေ။

စိုးရိမ်ပူပန်ရသည့် စိတ်အခြေအနေကို ဖော်ပြရာတွင် 'စိတ်ပူတယ်၊ စိတ်အိုက်တယ်၊ ခေါင်းပူတယ်'ဟု သုံးသော်လည်း 'ခေါင်းအိုက်တယ်' ဟူ၍ စကားလုံး လဲလှယ် မသုံးနိုင်ပေ။

ထို့ပြင် 'တိုနှင့်ပု'၊ 'သေးနှင့်ငယ်' တို့သည်လည်း နေရာတိုင်း အလဲအလှယ် အစားထိုး၍ မသုံးနိုင်သော ဂုဏ်ရည်ပြကြိယာများဖြစ်ကြောင်း တွေ့ရပါသည်။ အရပ် 'ပုတယ်'၊ လူ 'ပုတယ်' ဟု သုံးနိုင်သော်လည်း 'အရပ်တိုတယ်၊ လူတိုတယ်' ဟု မသုံးနိုင်ပါ။ 'ခြေတံတို၊ လက်တံတို' ဟု သုံးနိုင်သော်လည်း 'ခြေတံပု၊ လက်တံပု' ဟု မသုံးနိုင်ပါ။

'သေးနှင့်ငယ်' စကားလုံးတို့သည်လည်း ထိုသဘောပင် ဖြစ်သည်။ 'အရွယ် ငယ်သူကို အရွယ်သေးသူ' ဟု မသုံးနိုင်ပါ။ အထက်ပါ ဂုဏ်ရည်ပြကြိယာစကားလုံး များကို အပြောနှင့်အရေး နှစ်မျိုးလုံးတွင် တွင်ကျယ်စွာ အသုံးပြုပါသည်။

အထက်တွင် ဖော်ပြခဲ့သော ကြိယာအတွဲအဖက်စကားလုံးတို့သည် မြန်မာ စကားတွင် အခြေခံကျသော ကြိယာစကားလုံးများ ဖြစ်သည်။ အနက်တစ်ခုတည်း ကိုပင် ရည်ညွှန်းနေသော အနက်တူ အသုံးကွဲ ကြိယာများ၏ ဘာသာစကားအတွင်း အသုံးဝင်ပုံကို တွေ့ရပါသည်။ မြန်မာလူမျိုးတို့ မြန်မာစကား ပြောသောအခါ

အနက်တူ အသုံးကွဲ ကြိယာအတွဲအဖက်စကားလုံးများကို သူ့နေရာနှင့် သူမှန်အောင် သုံးနိုင်ပါသည်။ သို့သော် ထိုစကားလုံးတို့၏ အသုံးကွာခြားမှုကို အလွယ်တကူ မသိနိုင်ပါ။ နေ့စဉ်သုံးစကားနယ်ပယ်တွင် ခံစားမှု၊ အခြေအနေ၊ စကားသုံးဟန်၊ အနက်အဓိပ္ပာယ် ထပ်တူထပ်မျှတူသည့် အသုံးကွဲသည့် ကြိယာများမှာ ရှားပါးလှသည်။ သို့သော် ရိုးရိုးအနက်ချင်းတူသော စကားလုံးများကို အနက်တူ အသုံးကွဲများအဖြစ် ယေဘုယျမှတ်ယူကာ အသုံးပြုကြကြောင်း လေ့လာတွေ့ရှိရပါသည်။

အနက်တစ်ခုတည်းကို ရည်ညွှန်းနေသော အသုံးများ ဖြစ်ကြသော်လည်း နေရာတကျ သုံးစွဲတတ်ရန် လိုပါသည်။ အနက်တူ အသုံးကွဲ ကြိယာတို့ကို နေရာတကျ ဆီလျော်စွာ အသုံးပြုမှသာ မှန်ကန်ထိရောက်သည့် ဆက်သွယ်မှုကို ဖြစ်ပေါ်စေပါမည်။

အနက်တူ အသုံးကွဲ စကားလုံးတစ်လုံးကို လေ့လာရာတွင် ထိုစကားလုံးနှင့် ဆက်စပ်ဆက်နွှယ်နေသော အခြားအနက်တူ အသုံးကွဲစကားလုံးများ၏ အနက်နှင့် အသုံးကိုပါ သိရှိနားလည်စေနိုင်သည့်အတွက် ဘာသာစကား သင်ကြားသင်ယူရာတွင် များစွာ ထိရောက်မှု ရှိပါသည်။

## ခြုံငုံသုံးသပ်ချက်

မြန်မာဘာသာစကားကို တတ်ကျွမ်းရန်နှင့် မြန်မာဘာသာစကားအကြောင်း နားလည်သဘောပေါက်စေရန် မြန်မာဘာသာစကား၏ သဘောသဘာဝများကို သိရှိရပါမည်။ မြန်မာဘာသာစကား၏ သဘောသဘာဝအကြောင်း လေ့လာရာတွင် ကြိယာစကားလုံးများ၏ အသုံးလေ့လာမှုသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ မြန်မာကြိယာတို့သည် စကားလုံးဝေါဟာရ များပြားသည့်အလျောက် စကားလုံးတို့၏ သက်ဆိုင်ရာအနက်သဘောကို သူ့နေရာနှင့်သူ ဆီလျော်စွာ အသုံးပြုသော ဘာသာစကား ဖြစ်သည်။ အထူးသဖြင့် အသုံးတူ အနက်ကွဲ ကြိယာ စကားလုံးများ ရွေးချယ်အသုံးပြုရာတွင် အခြေအနေကိုလိုက်၍ အလိုက်ဖက်ဆုံး ဖြစ်မည့် ဆီလျော်မည့် စကားလုံးတို့ကို ရွေးချယ်အသုံးပြုပါသည်။

စကားအဆက်အစပ်ထဲတွင် ပါဝင်နေသည့် အနက်တူ အသုံးကွဲ အတွဲအဖက် ကြိယာများကို လေ့လာကြည့်ရာတွင် စကားလုံး တစ်လုံးနှင့်တစ်လုံး အစားထိုး၍ မသုံးနိုင်ကြောင်း တွေ့ရပါသည်။ ဂုဏ်ရည်ပြကြိယာများဖြစ်သည့် ‘သေး–ငယ်၊ အေး–ချမ်း၊ ပူ–အိုက်’ စသည်တို့သည် အလွယ်တကူ အစားထိုး၍ မရပေ။ ထိုစကားလုံးတို့ သူ့နေရာနှင့်သူ အသုံးပြုသည်ကို စကားအဆက်အစပ်က ဖော်ပြနိုင်

ပါသည်။ ထို့ပြင် 'ကြွ–လာ၊ ဆုံး၊သေ–ကွယ်လွန်၊ သုံးဆောင်–စား' စသည့် အတွဲအဖက် စကားလုံးတို့သည် ပြောသူနာသူ နှစ်ဦးကြားရှိ လူမှုဆက်ဆံရေး အခြေအနေ၊ အဆင့်အတန်း၊ စိတ်သဘောထား၊ ခံစားချက်တို့ကို ဖော်ပြရာတွင် ခွဲခြား အသုံးပြုကြောင်း သိရှိရပါသည်။ 'လာပါ၊ စားပါ' ဟူသော ကြိယာတို့တွင် 'လာနှင့်စား' ဟူသော ကြိယာကို သာမန်အခြေအနေများတွင် သုံးနေကျဖြစ်သော်လည်း အလှူ မင်္ဂလာအခမ်းအနားများတွင်မူ 'ကြွပါ၊ သုံးဆောင်ပါ' ဟု သုံးပါသည်။ လူမှု အကြောင်းအရင်းခံကြောင့် ကြိယာအသုံး ကွာခြားသွားခြင်း ဖြစ်သည်။ ထို့အတူ 'သေ' ဟူသော ကြိယာကို ကွဲပြားသော လူမှုအခြေအနေအမျိုးမျိုးတွင် 'ကွယ်လွန်၊ ဆုံး' စသည်ဖြင့် သူ့နေရာနှင့်သူ လိုက်ဖက်အောင် အသုံးပြုကြောင်း တွေ့ရပါသည်။ ပြောဆိုမည့်သူသည် ရိုသေလေးစားထိုက်သူ၊ ရင်းနှီးခင်မင်သူ၊ မြင့်မြတ်သူ စသည်ဖြင့် ကွာခြားမှုအလိုက် ပုံစံကျအသုံးနှင့် အရပ်သုံးခွဲခြား၍ သင့်လျော်ရာကို ရွေးချယ် သုံးနှုန်းရပါသည်။ ထို့အပြင် နာသူ၏ဂုဏ်ရည်၊ ပြောသူ၏ခံစားမှု လူမှုအခြေအနေ များကို ဖော်ပြသည့် ဂယက်အနက်ထင်သည့် စကားလုံးများကိုလည်း ရွေးချယ် သုံးနှုန်းတတ်ရန်လိုကြောင်း သတိပြုစေပါသည်။

မြန်မာ့လူမှုနယ်ပယ်တွင် လူမှုအဆင့်အတန်းအသီးသီး၊ အခြေအနေ အကြောင်း အမျိုးမျိုးတို့အပြင် ပြောသူ၏ ခံစားချက်ကိုလိုက်၍ ကြိယာစကားလုံးများကိုလည်း သူ့နေရာနှင့်သူ လိုက်ဖက်အောင် ရွေးချယ်အသုံးပြုရကြောင်း လေ့လာတွေ့ရှိရ ပါသည်။ ဘာသာစကားသင်ကြားရာတွင် ဂယက်အနက်ထင်ပုံသဘောကိုလည်း ခြေခြေမြစ်မြစ် စူးစမ်းရန် လိုအပ်ကြောင်း သိရှိရပါသည်။

အနက်တူ အသုံးကွဲ စကားလုံးများအနက် ပုံစံတကျအသုံးနှင့် အရပ်သုံး စကားလုံးများ၊ အရေး အပြော ကွဲပြားမှုရှိသော စကားလုံးများကို လေ့လာခြင်းဖြင့် အဆိုပါစကားလုံးများကို နေရာတကျ ပြောဆိုသုံးနှုန်းရေးသားနိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် အနက်တူ အသုံးကွဲ အတွဲအဖက်ကြိယာ စကားလုံးတို့သည် မြန်မာဘာသာစကားကို နိုင်ငံခြားဘာသာစကားအဖြစ် သင်ယူလေ့လာနေသူများ အတွက် အထူးသတိပြုရမည့် အသုံးများဟု ဆိုနိုင်ပါသည်။ အနက်တူ အသုံးကွဲ စကားလုံးများကို နေရာတကျ မှန်ကန်စွာ သုံးနှုန်းတတ်ရန် အရေးကြီးကြောင်း ထင်ရှားပါသည်။

မြန်မာဘာသာစကားရှိ အတွဲအဖက်ကြိယာများကို လေ့လာခြင်းဖြင့် ထိုကြိယာ များ၏ အနက်အဓိပ္ပာယ်နှင့် သဘောသဘာဝ အသုံးပြုပုံတို့ကိုပါ သိရှိနားလည်နိုင်ပြီး စကားလုံး ဝေါဟာရများလည်း တိုးပွားလာစေပါသည်။

ဤစာတမ်းတွင် လေ့လာတင်ပြထားသော သုတေသနပြုချက်များသည် မြန်မာဘာသာစကားကို နိုင်ငံခြားဘာသာစကားအဖြစ် လေ့လာသင်ယူနေသူတို့အတွက် အတိုင်းအတာတစ်ခုအထိ အကျိုးပြုနိုင်မည်ဟု ယုံကြည်မိပါသည်။

## နိဂုံး

နိုင်ငံခြားသားကျောင်းသားများကို မြန်မာဘာသာစကား သင်ကြားရာတွင် စကားလုံးတစ်လုံးကို သင်လျှင် အခြားစကားလုံးတစ်လုံးကိုပါ မြင်အောင်သင်ရမည်ဟူသည့် ရည်ရွယ်ချက်ဖြင့် လေ့လာတင်ပြခဲ့ပါသည်။ မြန်မာဘာသာစကားကို နိုင်ငံခြားသားများ လေ့လာရာတွင် အခက်အခဲတွေ့ရတတ်သော စကားလုံးများမှ အနက်တူ အသုံးကွဲ အတွဲအဖက်ကြိယာစကားလုံးများကို သူ့နေရာနှင့်သူ ခွဲခြားအသုံးပြုကြောင်း တွေ့နိုင်ပါသည်။ ဤလေ့လာမှု၏ရလဒ်ကို ပြန်လည်၍ စနစ်တကျ အသုံးပြုနိုင်လျှင် မြန်မာစကားကို လေ့လာသင်ယူနေသော နိုင်ငံခြားသားများအတွက် လွယ်ကူမှုရ၍ အတတ်မြန်မည် ဖြစ်သည်။ အထူးသဖြင့် နိုင်ငံခြားသားများအား မြန်မာဘာသာစကားကို သင်ကြားပေးနေသော ဆရာ၊ ဆရာမများအတွက် ထိရောက်သော အထောက်အကူမျိုး ပေးနိုင်မည်ဟု ယုံကြည်ပါသည်။

## ကျမ်းကိုးစာရင်း


ကိုလေး၊ **ဒေါက်တာ**။ (၂၀၀၈)။ ***လူမှုဘာသာဗေဒဝေါဟာရအဖွင့်***။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၁၉၇၉)။ ***မြန်မာသဒ္ဒါနှင့် ဝါစင်္ဂရှစ်ပါးပြဿနာ။*** တက္ကသိုလ်ပညာပဒေသာစာစောင်(ဝိဇ္ဇာ) အတွဲ ၁၃၊ အပိုင်း ၅၊ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၆)။ ***မြန်မာစကားအကြောင်းတစေ့တစောင်း။*** ရန်ကုန်၊ ခိုင်ရဝေပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၁၀)။ ***ဘာသာစကားသုတေသန***။ ရန်ကုန်၊ ရွှေဝံစာပေ။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၁၅)။ ***ဘာသာစကားသုတ***။ ရန်ကုန်၊ ရွှေဝံစာအုပ်တိုက်။


## အင်္ဂလိပ်ဘာသာ


Aronoff. M and J.Rees - Miller (ed.)(2003). ***The Handbook of Linguistics***. Oxford: Blackwell PublishingOkell, John. (2002). ***Burmese By Ear or Essential Myanmar.*** Sussex Puplications Limited, London.

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# မာန်အောင်(တောင်ပိုင်း)ဒေသိယစကားရှိ နောက်လိုက်ပစ္စည်းများ

အိအိမွန်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မာန်အောင်(တောင်ပိုင်း)ဒေသိယစကားရှိ နောက်လိုက်ပစ္စည်းများကို သိရှိရန် ရည်ရွယ်ပါသည်။ ဤကဲ့သို့ တင်ပြရာတွင် မာန်အောင်မြို့နယ် တောင်ပိုင်းတွင်ရှိသော ကျေးရွာများသို့ သွားရောက်၍ မေးမြန်းခဲ့သော စကားလုံးများကို ဘာသာစကားရှုထောင့်မှ လေ့လာတင်ပြထားသည့် စာတမ်း ဖြစ်ပါသည်။ ထိုသို့လေ့လာတင်ပြရာတွင် ရှေးဦးစွာ မာန်အောင်ဒေသိယစကား နှင့်ပတ်သက်၍ လေ့လာခဲ့ကြသူများ၊ ပြုစုရသော ရည်ရွယ်ချက်၊ လေ့လာမှု နယ်ပယ်နှင့် အမေးခံပုဂ္ဂိုလ်များ၊ အချက်အလက် ကောက်ယူစုဆောင်းခြင်း၊ ပြုစုပုံ၊ သုတေသနအစီအစဉ် ဟူ၍ လေ့လာတင်ပြထားပါသည်။ ထိုသို့ လေ့လာခြင်းဖြင့် မာန်အောင်(တောင်ပိုင်း)ဒေသတွင် ပြောဆိုသုံးနှုန်းနေကြသော နောက်လိုက်ပစ္စည်းများ၏ သဘောသဘာဝကို တွေ့မြင်နိုင်ပါသည်။

**သော့ချက်ဝေါဟာရ** – *ဝါကျ၊ ဝါကျခွဲ၊ နာမ်ပုဒ်၊ ကြိယာပုဒ်၊ ဒေသိယ၊ နောက်လိုက်ပစ္စည်း။*

## နိဒါန်း

ဤစာတမ်းသည် ဘာသာစကားတိုင်းတွင်ရှိသော ဒေသိယစကားတို့နှင့်အညီ မာန်အောင်(တောင်ပိုင်း) ဒေသိယစကားတွင်ရှိသော နောက်လိုက်ပစ္စည်းများကို စနစ်တကျလေ့လာပြီး ဘာသာစကားရှုထောင့်မှ သုတေသနပြုလုပ်ထားခြင်း ဖြစ်ပါသည်။ မာန်အောင်မြို့နယ်တောင်ပိုင်းတွင် ပြောဆိုနေကြသော နောက်လိုက်ပစ္စည်းများကို ကိုယ်တိုင်ကွင်းဆင်းလေ့လာပြီး ဒေသိယစကားကို ပြောဆိုသူများ၏ အသုံးထူးခြားချက်တစ်ရပ်အနေဖြင့် တွေ့ရှိရသောကြောင့် ဗဟုသုတဖြစ်ဖွယ် တင်ပြရခြင်း ဖြစ်ပါသည်။ နောက်လိုက်ပစ္စည်းအသုံးနှင့်ပတ်သက်၍ ပညာရှင်များက အမည်အမျိုးမျိုးဖြင့် ခေါ်ဝေါ်ထားကြသည်ကို တွေ့ရပါသည်။ ဘာသာဗေဒပညာရှင် ဝျှန်အိုကယ်က 'postposition' ဟု လည်းကောင်း ထို 'postposition' ကိုပင် နောက်ပိုင်းတွင် ဝျှန်အိုကယ်က 'sentence partical' နှင့် 'phrase partical' ဟု လည်းကောင်း၊ မြန်မာသဒ္ဒါတွင် 'ဝါကျအဆုံးသတ်ပစ္စည်း' ဟု လည်းကောင်း၊ မောင်သာနိုးက 'နိပါတ်ပုဒ်' ဟု လည်းကောင်း၊ မောင်ခင်မင်(ဓနုဖြူ)က 'နောက်လိုက်ပစ္စည်း' ဟု လည်းကောင်း ခေါ်ဝေါ်ကြသည်။

* ဒေါ်၊ နည်းပြ၊ မြန်မာစာဌာန၊ စစ်တွေတက္ကသိုလ်

ထိုပညာရှင်များ၏ ယူဆချက်များကို အခြေခံပြီး မာန်အောင်(တောင်ပိုင်း) ဒေသတွင် ပြောဆိုနေကြသော နောက်လိုက်ပစ္စည်းများကို ပြုစုရာတွင် နောက်လိုက်ပစ္စည်း၊ ဝါကျအဆုံးတွင် တွေ့ရသော နောက်လိုက်ပစ္စည်း၊ ဝါကျအလယ်တွင် တွေ့ရသော နောက်လိုက်ပစ္စည်း ဟူ၍ အပိုင်း(၃)ပိုင်းခွဲပြီး လေ့လာဖော်ထုတ်ထားပါသည်။ ဤကဲ့သို့ ဒေသိယစကားတစ်ရပ်ကို လေ့လာဖော်ထုတ်ရခြင်းဖြင့် ဒေသိယစကားများကို ထိန်းသိမ်းပြီး တိမ်ကောပျောက်ကွယ်မသွားစေလိုရန်အတွက် မျှော်လင့်ပါသည်။

## ၁။ သုတေသနအင်္ဂါရပ်များ

ဤစာတမ်းကိုပြုစုရာတွင် သုတေသနအင်္ဂါရပ်များ၊ သုတေသနစံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန်အတွက် အောက်ပါသုတေသနဆိုင်ရာ အချက်အလက်များနှင့်အညီ ပြုစုထားပါသည်။

(က) ပဏ္ဏာမစူးစမ်းလေ့လာခဲ့ကြသူများ

(ခ) ပြုစုရခြင်း၏ ရည်ရွယ်ချက်

(ဂ) လေ့လာမှုနယ်ပယ်နှင့် အမေးခံပုဂ္ဂိုလ်များ

(ဃ) အချက်အလက်ကောက်ယူစုဆောင်းခြင်း

(င) ပြုစုပုံ

(စ) သုတေသနအစီအစဉ်

### (က) ပဏ္ဏာမစူးစမ်းလေ့လာခဲ့ကြသူများ

မာန်အောင်ဒေသိယစကားနှင့်ပတ်သက်၍ ရှေ့မှလေ့လာခဲ့ကြသော အချက်အလက်များကို စာတမ်း၏ အင်္ဂါရပ်နှင့်အညီ အကျဉ်းမျှ တင်ပြပါမည်။

- ခင်မော်ဆွေ၊ မ။ ၁၉၉၄၊ မေလ။ ***မာန်အောင်ဒေသိယစကားကို ဘာသာဗေဒအမြင်နှင့် စိစစ်လေ့လာချက်။*** ရန်ကုန်တက္ကသိုလ်။ မဟာဝိဇ္ဇာဘွဲ့အတွက် တင်သွင်းသော ကျမ်း။

- ထွဋ်ခေါင်။ (၂၀၁၄၊ ဇူလိုင်လ)။ ***မာန်အောင်သားနှင့် ပေါ်ရာဏကထာ စကားဝိုင်း။*** စွယ်တော်စာပေ။

- အိအိမွန်၊ မ။ (၂၀၁၅)။ ***မာန်အောင်ဒေသိယစကား လေ့လာချက်***။ စစ်တွေတက္ကသိုလ်။ မဟာဝိဇ္ဇာဘွဲ့အတွက် တင်သွင်းသော ကျမ်း။
- အိအိမွန်၊ ဒေါ်။ (၂၀၁၇)။ ***မာန်အောင်ဒေသိယစကား၏ စကားသံပြောင်းလဲမှုသဘော***။ စစ်တွေတက္ကသိုလ်။ ဌာနတွင်းသုတေသန စာတမ်းဖတ်ပွဲ။

မာန်အောင်ဒေသိယစကားနှင့် ပတ်သက်၍ အချက်အလက်များကို အထက်ပါ စာအုပ်များတွင် လက်လှမ်းမီသလောက် လေ့လာဖော်ပြထားသည်ကို တွေ့ရပါသည်။ မာန်အောင်တောင်ပိုင်းနှင့် မြောက်ပိုင်းသည် အသုံးကွဲပြားမှုရှိသောကြောင့် 'မာန်အောင်(တောင်ပိုင်း) ဒေသိယစကားရှိ နောက်လိုက်ပစ္စည်းများ' စာတမ်းကို ဆက်လက်၍ သုတေသနပြုလုပ်ရခြင်း ဖြစ်ပါသည်။ အချို့စကားလုံးများမှာ တူညီမှုရှိသော်လည်း အသုံးပြုပုံ ကွဲပြားမှု ရှိပါသည်။

## (ခ) ပြုစုရခြင်း၏ ရည်ရွယ်ချက်

မာန်အောင်မြို့နယ်သည် ယခင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး လူသူအရောက်အပေါက်နည်းသော ဒေသပင် ဖြစ်သည်။ ထိုသို့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် မူလဒေသိယစကားများ ပြောင်းလဲမှု နည်းပါးပါသည်။ သို့သော် ယခုအခါ လမ်းပန်းဆက်သွယ်ရေးကောင်းလာ၍ ပြည်မနှင့် စီးပွားရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း ကူးလူးဆက်နွယ်မှု များလာသောကြောင့် ဒေသိယစကားများ အနည်းငယ် ပြောင်းလဲမှု ရှိလာပါသည်။ အထူးသဖြင့် ပြည်မတွင် သုံးနှုန်းပြောဆိုလေ့ရှိသော ဝါကျနောက်ဆက်ပစ္စည်းများ၊ ဝါကျနောက်လိုက်ပစ္စည်းများကို ထည့်သွင်းပြောဆိုလာကြပါသည်။ ထိုသို့ ဘာသာစကားရောနှော ပြောဆိုလာကြသောကြောင့် မူလဒေသိယစကားများကို တိမ်ကောပျောက်ကွယ် မသွားစေလိုသော ရည်ရွယ်ချက်ဖြင့် 'မာန်အောင်(တောင်ပိုင်း) ဒေသိယစကားရှိ နောက်လိုက်ပစ္စည်းများ' စာတမ်းကို ပြုစုရခြင်း ဖြစ်ပါသည်။

## (ဂ) လေ့လာမှုနယ်ပယ်နှင့် အမေးခံပုဂ္ဂိုလ်

စာတမ်းပြုစုသူသည် မာန်အောင်မြို့နယ်ဇာတိဖြစ်ပြီး မာန်အောင်မြို့နယ်မြောက်ပိုင်းတွင် ကြီးပြင်းလာသူတစ်ဦး ဖြစ်ပါသည်။ ယခုအခါ ပြည်မနှင့် ဆက်သွယ်မှု များလာသောကြောင့် ဒေသိယစကားများ တိမ်ကောပျောက်ကွယ်

မသွားစေရန်အတွက် သုတေသနပြုလုပ်ရန် လိုအပ်သည်ဟု ထင်မိပါသည်။ ထိုလိုအပ်ချက်အရ သုတေသနစာတမ်းကို ပြုစုရခြင်း ဖြစ်ပါသည်။

စာတမ်းပြုစုရာတွင် လေ့လာမှုနယ်ပယ် ကန့်သတ်၍ လေ့လာတင်ပြထားပါသည်။ မာန်အောင်မြို့နယ်သည် ရခိုင်ပြည် အလယ်ပိုင်းတွင် ပါဝင်သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ပြောဆိုသောစကားကို စစ်တွေစကား၊ အလယ်ပိုင်း၌ ပြောဆိုသော စကားကို ရမ်းဗြဲစကား၊ တောင်ပိုင်း၌ ပြောဆိုသောစကားကို သံတွဲစကားဟု သတ်မှတ်ပါသည်။ သို့သော် ရခိုင်စကားကို ယေဘုယျခွဲခြမ်းစိတ်ဖြာကြည့်လျှင် ယေဘုယျအားဖြင့် နှစ်မျိုး ရှိပါသည်။ စစ်တွေစကားနှင့် ရမ်းဗြဲစကားတို့ ဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ထိုနှစ်မျိုးကိုဖြစ်စေ၊ နှစ်မျိုးထဲမှ တစ်မျိုးကိုဖြစ်စေ ပြောဆိုကြောင်း တွေ့ရသည်။ မာန်အောင်ဒေသိယစကားသည် ရမ်းဗြဲဒေသိယစကားထဲတွင် ပါဝင်ပြီး ရမ်းဗြဲနှင့် ဒေသကွဲပြားမှုကြောင့် ပြောင်းလဲသွားသော ဒေသ ဒေသိယစကားတစ်ခုပင် ဖြစ်ပါသည်။ မာန်အောင်ဒေသတွင် တောင်ပိုင်းနှင့် မြောက်ပိုင်း ဟူ၍ နှစ်ပိုင်းရှိရာ မာန်အောင်မြို့နယ်တောင်ပိုင်းကို အလေ့လာခံအဖြစ် သတ်မှတ်ထားပါသည်။

အလေ့လာခံပုဂ္ဂိုလ်များဖြစ်ကြသော ဦးစုကြီး (မူအုပ် (ငြိမ်း )၊ ၈၅ နှစ်) ကင်းတဲရွာ၊ ဦးကျော်မြင့် (မူအုပ် (ငြိမ်း)၊ ၆၈ နှစ်) သာယာကုန်းရွာ၊ ဦးညီသန်း (လယ်လုပ်၊ ၅၉ နှစ်) သာယာကုန်းရွာ၊ ဒေါ်စောရင် (အထပြ၊ ၅၇ နှစ်) ကင်းတဲရွာ၊ ဒေါ်ပုမ (မှီခို၊ ၅၃ နှစ်) မကျည်းကုန်းရွာ၊ ဦးငတောက် (လယ်လုပ်၊ ၄၇ နှစ်) ကံထောက်ရွာ၊ ဒေါ်ရင်ရင်ရွှေ (မှီခို၊ ၄၅ နှစ်) မကျည်းကုန်းရွာ စသည့် ပုဂ္ဂိုလ်များနှင့် လူကိုယ်တိုင် သွားရောက်၍ လည်းကောင်း၊ လိုအပ်လျှင် ဖုန်းဖြင့်ဆက်သွယ်၍ လည်းကောင်း ဆွေးနွေးမေးမြန်းခဲ့ပါသည်။

## (ဃ) အချက်အလက် ကောက်ယူစုဆောင်းခြင်း

အချက်အလက်များကို ရရှိရန်အတွက် မာန်အောင်မြို့နယ်တောင်ပိုင်းတွင် ရှိသော ကင်းတဲရွာ၊ မကျည်းကုန်းရွာ၊ သာယာကုန်းရွာ၊ ကံထောက်ရွာ စသည့် ရွာများသို့ ကွင်းဆင်းလေ့လာခဲ့ပါသည်။ ဆွေးနွေးမေးမြန်းခဲ့သော နှုတ်ပြောစကားများကို ပြေပြစ်ဆီလျော်မှု ရှိစေရန်အတွက် စာလုံးပေါင်းကို ဒေသိယသုံးစကားအတိုင်း တင်ပြထားပြီး အသံထွက်ကို ဒေသိယအသံထွက်အတိုင်း သဒ္ဒဗေဒအက္ခရာဖြင့် ဖော်ပြထားပါသည်။

## (င) မြုစုပုံ

ဤသုတေသနသည် မာန်အောင်(တောင်ပိုင်း) ဒေသိယစကားတွင် နောက်လိုက်ပစ္စည်း ထည့်၍ ပြောဆိုကြသော ဝါကျပုံစံကို ဒေသိယစကားဟု လည်းကောင်း၊ မြန်မာဝါကျပုံစံဖြင့် ပြန်ဆိုထားသော ဝါကျကို အဓိပ္ပာယ်ဟု လည်းကောင်း သတ်မှတ်ထားပါသည်။ ဒေသိယစကားတွင်ရှိသော နောက်လိုက်ပစ္စည်းများကို တင်ပြရာတွင် ဘာသာဗေဒပညာရပ်ကို အခြေခံပြီး ဘာသာဗေဒပညာရှင် ဂျွန်အိုကယ်၏ 'A Reference Grammar of Colloquial Burmese' စာအုပ်တွင် ဖော်ပြထားသော နောက်လိုက်ပစ္စည်းများ၊ မောင်ခင်မင်(ဓနုဖြူ)၏ 'မြန်မာစကားအကြောင်းတစေ့တစောင်း' စာအုပ်တွင် ဖော်ပြထားသော နောက်လိုက်ပစ္စည်း အသုံးပြုပုံများ၊ မြန်မာစာအဖွဲ့က ထုတ်ဝေသော 'မြန်မာသဒ္ဒါ' စာအုပ်တွင် ပါဝင်သော နောက်လိုက်ပစ္စည်းများကို အခြေခံ၍ ပြုစုထားပါသည်။ ဒေသိယစကားကို ပေါ်လွင်အောင် ဖော်ပြရာတွင်လည်း ဒေသိယအသံထွက်ကို ဆရာကြီးဦးထွန်းမြင့်၏ သဒ္ဒဗေဒအက္ခရာဖြင့် ဖလှယ်၍ တင်ပြသွားပါမည်။

## (စ) သုတေသနအစီအစဉ်

မာန်အောင်(တောင်ပိုင်း) ဒေသိယစကားရှိ နောက်လိုက်ပစ္စည်းများကို လေ့လာရာတွင်–

- နောက်လိုက်ပစ္စည်း
- ဝါကျအဆုံးတွင် တွေ့ရသော နောက်လိုက်ပစ္စည်းများ
- ဝါကျအလယ်တွင် တွေ့ရသော နောက်လိုက်ပစ္စည်းများ
- ခြုံငုံသုံးသပ်ချက်
- နိဂုံး

ဟူ၍ တင်ပြသွားမည် ဖြစ်ပါသည်။

## ၁။ နောက်လိုက်ပစ္စည်း

ဘာသာဗေဒနည်းအရ ဘာသာစကားတစ်ခု၏ သဒ္ဒါကို လေ့လာရာတွင် အခြေခံသဒ္ဒါယူနစ်အဖြစ် ဝါကျ၊ ဝါကျခွဲ၊ ပုဒ်၊ စကားလုံး၊ ရုပ်ရင်း ဟူ၍ ပါရှိသည်။ ၎င်းတို့ကို ဝါစဉ်အရ ရုပ်ရင်းမှ ဝါကျအထိ၊ ဝါကျမှ ရုပ်ရင်းအထိ အသေးဆုံးမှ

အကြီးဆုံးအထိ (သို့မဟုတ်) အကြီးဆုံးမှ အသေးဆုံးအထိ စသည်ဖြင့် ငယ်စဉ်ကြီးလိုက် (သို့မဟုတ်) ကြီးစဉ်ငယ်လိုက် လေ့လာနိုင်သည်။ ထိုသို့ လေ့လာရာတွင် ဝါကျသည် သဒ္ဒါအဆင့်တွင် အကြီးဆုံး ဖြစ်သည်။ ဘာသာစကားတိုင်းတွင် ဝါကျသည် ဘာသာစကားဆက်သွယ်မှု၏ အခြေခံယူနစ် ဖြစ်သည်။ လူတစ်ယောက်နှင့်တစ်ယောက် ဆက်သွယ်သောအခါ ဝါကျဖွဲ့ပြီး ပြောဆိုဆက်သွယ်ရသည်။ ဝါကျတစ်ခုတွင် အနည်းဆုံး နာမ်ပုဒ်တစ်ခုတည်းဖြင့် ဖြစ်နိုင်သကဲ့သို့ ကြိယာပုဒ်တစ်ခုတည်းရှိသော ဝါကျလည်း ဖြစ်နိုင်သည်။ နာမ်ပုဒ်နှင့် ကြိယာပုဒ်တို့၏ဆက်သွယ်မှုကို နောက်လိုက်ပစ္စည်းများက ပြသည်။ နောက်လိုက်ပစ္စည်းများကို မြန်မာဘာသာစကားတွင် တွင်ကျယ်စွာ ပြောဆိုအသုံးပြုကြသကဲ့သို့ မာန်အောင်ဒေသိယတွင်လည်း တွင်ကျယ်စွာ ပြောဆိုကြသည်ကို တွေ့ရပါသည်။ နောက်လိုက်ပစ္စည်းနှင့် ပတ်သက်၍ ဘာသာဗေဒပညာရှင် ဂျွန်အိုကယ်က–

> "နောက်လိုက်ပစ္စည်းများသည် ဝါကျတစ်ခုအတွင်းရှိ ပုဒ်များအကြား ဆက်သွယ်မှုအပေါ် အကျိုးသက်ရောက်မှု မရှိသော စကားလုံးများ ဖြစ်သည်။ ပြီးပြည့်စုံသော မည်သည့်ပုဒ်နောက်တွင် မဆို လိုက်နိုင်သည်။ အမှီဝါကျခွဲ နောက်ဆက်ပစ္စည်းအများစုနှင့် မတူပေ"[၁]

ဟူ၍ လည်းကောင်း၊

မောင်သာနိုးက–

> "နိပါတ်ပုဒ်များသည် နာမ်နောက်ဆက်၊ ကြိယာနောက်ဆက် နှစ်မျိုးလုံးနောက်က နေနိုင်သည်။ ထို့ပြင် မသိလျှင် နောက်လိုက်ပစ္စည်းများကို ကြိယာနောက်ဆက်၊ နာမ်နောက်ဆက်များအဖြစ် ထင်တတ်ကြသည်"[၂]

ဟူ၍ လည်းကောင်း၊

မောင်ခင်မင်(ဓနုဖြူ)က–

> "နောက်လိုက်ပစ္စည်းများသည် ဝါကျ၏ အရင်းခံအဓိပ္ပာယ်ကို မပြောင်းလဲစေဘဲ၊ ဝါကျ၏ အစိတ်အပိုင်းတစ်ခု၊ သို့မဟုတ် ဝါကျတစ်ခုလုံးကို ပိုလေးနက်စေခြင်း၊ ဝါကျတစ်ခုနှင့်တစ်ခု

---

[၁] Okell, John, 1969, 196

[၂] သာနိုး၊ မောင်၊ ၂၀၁၀၊ ၆၈။

> ဆက်သွယ်မှုကို ဖော်ပြခြင်းတို့ကို လုပ်ဆောင်သည်။ အလေး အနက်ပြုရာတွင် ရေးသူ၏ သဘောထားထင်ဟပ်ပြခြင်းမျိုးလည်း ရှိတတ်သည်။ များသောအားဖြင့် နောက်ဆက်ပစ္စည်း ပါပြီးသား ဝါကျတို့၏နောက်မှာ နောက်လိုက်ပစ္စည်းများ ထပ်လိုက်လေ့ ရှိသည်"[၁]

ဟူ၍ လည်းကောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။

မာန်အောင်(တောင်ပိုင်း) ဒေသိယစကားရှိ နာမ်ပုဒ်များ၏ နောက်တွင် တွေ့ရသော နောက်လိုက်ပစ္စည်းများကို သာဓကပြရလျှင်–

| **နာမ်** | **နာမ်နောက်ဆက်ပစ္စည်း** | **နောက်လိုက်ပစ္စည်း** |
|---|---|---|
| သူ | Ø | ဗင့် |
| မောင်မောင်လေး | Ø | ကား |
| နင်းရို့ | ဟာ | လန်း |
| အဘောင် | ရို့ | ယာ |
| ကျော်ကျော် | Ø | ကွာဒေ |
| ဘကြီး | Ø | မှောင်း |

ဟူ၍ တွေ့နိုင်ပါသည်။ နောက်လိုက်ပစ္စည်းများသည် နောက်ဆက်ပစ္စည်းများ၏ နောက်ကလိုက်သည်ကို တွေ့ရပါသည်။ နာမ်၏နောက်တွင် နာမ်နောက်ဆက်ပစ္စည်း မလိုက်ဘဲ မြုပ်၍သုံးထားသည်ကိုလည်း တွေ့ရပါသည်။

မာန်အောင်(တောင်ပိုင်း) ဒေသိယစကားရှိ ကြိယာပုဒ်များ၏ နောက်တွင် တွေ့ရသော နောက်လိုက်ပစ္စည်းများကို သာဓကပြရလျှင်–

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၆၊ ၁၆၅။

| **ရှေ့ဆက်** | **ကြိယာ** | **ကြိယာထောက်** | **ကြိယာနောက်ဆက်ပစ္စည်း** | **နောက်လိုက်ပစ္စည်း** |
|---|---|---|---|---|
| | ဟုတ် | Ø | ဝက် | တတ်ကွာ |
| | လား | Ø | Ø | အောင်ဖိ |
| မ | ယူ | ခ်ီ | Ø | Ø |
| | ပီး | လိုက် | ယင် | Ø |
| | ရီချိုး | နီ | Ø | ကား |
| မ | တွိ | ခ | Ø | လန်း |

ဟူ၍ တွေ့ရပါသည်။ ကြိယာ၏ နောက်ဆက်ပစ္စည်းနောက်က နောက်လိုက်ပစ္စည်း လိုက်သည်ကို တွေ့ရပါသည်။ ကြိယာ၏နောက်တွင် ကြိယာထောက်နှင့် နောက်ဆက်ပစ္စည်း ပါပြီး နောက်လိုက်ပစ္စည်း မြုပ်သုံးသည်ကိုလည်း တွေ့ရပါသည်။ ကြိယာ၏ နောက်တွင် ကြိယာထောက်နှင့် နောက်ဆက်ပစ္စည်း မပါဘဲ နောက်လိုက်ပစ္စည်း လိုက်သည်ကိုလည်း တွေ့ရပါသည်။ သို့ဖြစ်၍ နောက်လိုက်ပစ္စည်းများသည် နောက်ဆက်ပစ္စည်းများ၏ နောက်တွင်သာရှိပြီး ထိုနောက်လိုက်ပစ္စည်းများကို နာမ်ပုဒ်၊ ကြိယာပုဒ်တို့၏ အဆုံး (သို့မဟုတ်) ဝါကျ၏အဆုံးတွင်သာ တွေ့ရပါသည်။

ထို့ကြောင့် ပညာရှင်များ၏ အယူအဆနှင့် ဆက်စပ်၍ လေ့လာကြည့်လျှင် နောက်လိုက်ပစ္စည်းဆိုသည်မှာ ပြီးပြည့်စုံသော ဝါကျတစ်ခု (သို့မဟုတ်) ပုဒ်တစ်ခု၏ နောက်ဆက်ပစ္စည်း နောက်က ထပ်ကပ်ပြီး လိုက်ရသောကြောင့် နောက်လိုက်ပစ္စည်းဟု ခေါ်ခြင်းဖြစ်သည်ဟု ယူဆရပါသည်။

ပြီးပြည့်စုံသော ဝါကျ (သို့မဟုတ်) ပုဒ်တစ်ခုတွင် နောက်လိုက်ပစ္စည်းများကို ထည့်သုံးလျှင် ရသကဲ့သို့ ထည့်မသုံးလျှင်လည်း ရသည်။ နောက်လိုက်ပစ္စည်းများ ထည့်သုံးခြင်းဖြင့် ပြောသူ၏ခံစားချက်၊ စိတ်နေသဘောထား၊ ထင်မြင်ချက်တို့ကို ပိုမို၍ လေးနက်ထင်ရှားစေပါသည်။ နောက်လိုက်ပစ္စည်းများကို ထည့်မသုံးခြင်းဖြင့်လည်း မူလဝါကျတွင်ပါသော သဒ္ဒါတာဝန် ပျက်ယွင်းသွားခြင်း၊ မူလအဓိပ္ပာယ်မှ သွေဖည်သွားခြင်းမျိုး မရှိချေ။ ထို့ကြောင့် နောက်လိုက်ပစ္စည်းများသည် ဝါကျဖွဲ့ထုံး၏ နယ်ပယ်ထဲတွင် မရှိပေ။ ပြောသူ၏ အလေးအနက်ထားသော သဘောထားအပေါ်တွင်သာ မူတည်နေပါသည်။

## ၂။ ဝါကျအဆုံးတွင် တွေ့ရသော နောက်လိုက်ပစ္စည်းများ

နောက်လိုက်ပစ္စည်းနှင့်ပတ်သက်၍ မြန်မာသဒ္ဒါစာအုပ်တွင် 'ဝါကျ၏အဆုံး၌ သုံးလေ့ရှိသော (ကြိယာဝိဘတ် မဟုတ်သော) ပစ္စည်းကို ဝါကျနောက်လိုက်ပစ္စည်းဟု ခေါ်သည်။ ဝါကျနောက်လိုက်ပစ္စည်းတို့မှာ – ကွာ၊ ကွယ်၊ နော်၊ ပါ၊ ပေါ့၊ များ၊ ရှင်၊ လေ၊ လို့၊ ပေါ့ဗျာ၊ ပေါ့လေ၊ လေကွယ်'[၁] ဟူ၍ နောက်လိုက်ပစ္စည်း ၁၂ လုံး ရှိကြောင်းကို ဖော်ပြထားပါသည်။

ဂျွန်အိုကယ်က ဝါကျအဆုံးသတ် နောက်လိုက်ပစ္စည်းများအဖြစ် 'ပါ၊ ပေ၊ ပေါ့၊ ပဲ၊ ကိုး၊ ဆို၊ လေ၊ နော်၊ လား၊ လဲ၊ တုံး'[၂] စသည်ဖြင့် ၁၁ လုံး ရှိသည် ဟူ၍ ဖော်ပြထားပါသည်။

ထိုသို့ ပညာရှင်များ၏ အယူအဆများကို အခြေခံကာ မာန်အောင်(တောင်ပိုင်း) ဒေသိယစကားတွင် ပြောဆိုနေကြသော နောက်လိုက်ပစ္စည်းများကို လေ့လာတင်ပြပါမည်။ ထိုစကားလုံးများမှာ 'လန်း၊ ကွာ၊ ကား၊ မှောင်း၊ ဗင့်၊ အောင်ဖိ၊ ကွာဒေ၊ လေဝေ' ဟူ၍ ၈ လုံးကို လေ့လာတင်ပြပါမည်။

### 'လန်း' / l`ã / နောက်လိုက်ပစ္စည်းအသုံး

'လန်း' နောက်လိုက်ပစ္စည်းအသုံးကို ပြောသူ၏ တစ်ဖက်သားအပေါ် အလေးအနက်ထားမှုကို ပေါ်လွင်စေသော သဘောဖြင့် သုံးသည်ကို တွေ့ရပါသည်။

သာဓက–

| **ဒေသိယစကား** | **အဓိပ္ပာယ်** |
|---|---|
| မြို့ဆင်းလားယင် **လန်း**။ | မြို့ကိုသွားတယ်လေ။ |
| / mró sh`ɛ̃ là-jɛ̃ **l`ã** / | |
| မဟုတ် **လန်း**။ | မဟုတ်ဘူးလေ။ |
| / mə houʔ **l`ã** / | |

စသည်ဖြင့် တွေ့ရသည်။ 'လန်း' / l`ã /အသုံးသည် တစ်စုံတစ်ယောက်အား မိမိ ပြောလိုက်သည့် အကြောင်းအရာသည် တိကျသေချာသည့်သဘော၊ ပို၍ လေးနက်

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၀၅၊ ၂၅၆။

[၂] Okell, John, 1969, 196.

ထင်ရှားစေလိုသောသဘောဖြင့် သုံးနှုန်းလေ့ ရှိသည်။ထို့ပြင် အငြင်းသဘောဖြင့် မဟုတ်ကြောင်းကို ပြောလိုသည့်အခါမျိုးတွင် ပြောသူ၏ စိတ်ခံစားချက်ကို ပို၍ လေးနက်စေပါသည်။

မာန်အောင်ဒေသတွင် ပြောဆိုသော နောက်လိုက်ပစ္စည်း 'လန်း' / l`ã / အသုံးသည် မြန်မာတွင် 'လေ' / lē / နောက်လိုက်ပစ္စည်းအသုံးတို့နှင့် တူညီသည်ကို တွေ့ရပါသည်။

## 'ကွာ' / kwā / နောက်လိုက်ပစ္စည်းအသုံး

မာန်အောင်ဒေသတွင် 'ကွာ' / kwā / နောက်လိုက်ပစ္စည်းအသုံးကို တစ်ဦးနှင့် တစ်ဦး ရင်းနှီးသောသဘော၊ ပြေပြစ်လေးနက်စေလိုသောသဘောဖြင့် သုံးသည်ကို တွေ့ရပါသည်။

သာဓက–

| **ဒေသိယစကား** | **အဓိပ္ပာယ်** |
|---|---|
| ဒေမေ့ယူလားယင် **ကွာ**။ | သူယူသွားတယ်လေ။ |
| / dē mé jū là -jɛ̃ **kwā** / | |
| ဟုတ်ဝက် **ကွာ**။ | ဟုတ်တာပဲ။ |
| / houʔ wɛʔ **kwā** / | |

စသည်ဖြင့် သုံးနှုန်းပြောဆိုကြသည်ကို တွေ့ရပါသည်။ မြန်မာတွင် 'လေ' / lē /၊ 'ပဲ' / p`ɛ / နောက်လိုက်ပစ္စည်း အသုံးနှင့်တူသည်ကို တွေ့ရပါသည်။ 'ကွာ' / kwā / အသုံးသည် မြန်မာတွင်သုံးသော 'ကွာ' / kwā / နောက်လိုက်ပစ္စည်းအသုံးနှင့် သဘောထားကွဲလွဲမှု ရှိပါသည်။ နောက်လိုက်ပစ္စည်း ထည့်သုံးခြင်းဖြင့် ပြောသူ၏ တစ်ဖက်သားအပေါ် အလေးအနက်ထားမှုကို ပေါ်လွင်ထင်ရှားစေပါသည်။

## 'ကား' / gà / နောက်လိုက်ပစ္စည်းအသုံး

မာန်အောင်ဒေသိယစကားတွင် 'ကား' / gà / နောက်လိုက်ပစ္စည်းအသုံးကို တိကျသေချာသော သဘောကို ပြောဆိုလိုသည့်အခါ သုံးသည်ကို တွေ့ရပါသည်။

သာဓက–

| **ဒေသိယစကား** | **အဓိပ္ပာယ်** |
| --- | --- |
| နင်းဇောင်ပြောလိုက် **ကား**။ | အဲ့လိုပြောလိုက်တယ်လေ။ |
| / n`ɛ̃ -zaũ prò laiʔ **gà** / | |
| စီးစီးနန်းနန်းကြည့်နီဝင် **ကား**။ | သေသေချာချာကြည့်နေတယ်လေ။ |
| / sì sì n`ã n`ã ké nī -wɛ̃ **gà** / | |

စသည်ဖြင့် သုံးနှုန်းပြောဆိုကြသည်ကို တွေ့ရပါသည်။ မိမိပြောဆိုလိုသည့် အကြောင်းအရာကို လေးနက်ထင်ရှားစေလိုသည့်သဘော၊ တိကျသည့်သဘောဖြင့် ပြောဆိုကြသည်။ တစ်ခါတစ်ရံ အမိန့်ပေးသည့်သဘောဖြင့် သုံးသည်ကိုလည်း တွေ့ရပါသည်။ ပြောဆိုသူ၏ စိတ်ခံစားမှု၊ လေယူလေသိမ်းအပေါ် မူတည်၍ ပြောင်းလဲမှု ရှိပါသည်။ မြန်မာတွင် 'လေ' / lē / အသုံးနှင့် တူပါသည်။

## 'မှောင်း' / hm`aũ / နောက်လိုက်ပစ္စည်းအသုံး

မာန်အောင်ဒေသိယစကားတွင် 'မှောင်း' / hm`aũ / နောက်လိုက်ပစ္စည်း အသုံးကို အောက်ပါအတိုင်း သုံးသည်ကို တွေ့ရပါသည်။

သာဓက–

| **ဒေသိယစကား** | **အဓိပ္ပာယ်** |
| --- | --- |
| ငါ့စာရွက် **မှောင်း**။ | ငါ့စာရွက်ကိုး။ |
| / ŋá sā wɛʔ **hm`aũ** / | |
| အမတ် **မှောင်း**။ | မင်းကိုး။ |
| / ə maʔ **hm`aũ** / | |

စသည်ဖြင့် ပြောဆိုကြပါသည်။ တစ်စုံတစ်ခုကို ဟုတ်မှန်ကြောင်း ကောက်ချက်ချသည့် သဘော၊ အံ့ဩသွားသည့် သဘောမျိုးတွင် ပြောဆိုကြသည်။ မြန်မာ 'ကိုး' အသုံး သဘောသက်ရောက်မှု ရှိပါသည်။

**'ဗင့်' / bɛ̃´ / နောက်လိုက်ပစ္စည်းအသုံး**

မာန်အောင်(တောင်ပိုင်း) ဒေသိယစကားတွင် 'ဗင့်' / bɛ̃´ / နောက်လိုက်ပစ္စည်း အသုံးကို အောက်ပါအတိုင်း သုံးနှုန်းပြောဆိုကြပါသည်။

သာဓက–

| **ဒေသိယစကား** | **အဓိပ္ပာယ်** |
|---|---|
| အမတ်ကားကောင်းရတတ်တာ **ဗင့်**။ | မင်းကတော်တော်ကပ်စေးနှဲတာပဲ။ |
| / ə maʔ gà k`aũ rá daʔ tā **bɛ̃´** / | |
| ဟိုယိုးဟိမ့်ဟာ **ဗင့်**။ | သူ(ယောကျ်ား)ရှိတဲ့ဥစ္စာ။ |
| / hō jò heĩ´ hā **bɛ̃´**/ | |

စသည်ဖြင့် 'ဗင့်' / bɛ̃´ / အသုံးသည် ပြေပြစ်လေးနက်စေလိုသည့် သဘောဖြင့် လည်းကောင်း သုံးသည်ကို တွေ့ရပါသည်။ မြန်မာတွင် 'ပဲ' / p`ɛ /၊ 'ဥစ္စာ' / ouʔ sā / နောက်လိုက်ပစ္စည်းနှင့် အသုံးတူသည်။

**'အောင်ဖိ' / -aũ phí / နောက်လိုက်ပစ္စည်းအသုံး**

မာန်အောင်ဒေသိယစကားတွင်သုံးသော 'အောင်ဖိ' / -aũ phí / နောက်လိုက်ပစ္စည်း အသုံးကို အမိန့်ပေးစေခိုင်းလိုသည့် သဘော၊ တိုက်တွန်းပြောဆိုသည့် သဘော၊ တားမြစ်သည့် သဘောတို့ဖြင့် ပြောဆိုကြသည်ကို တွေ့ရပါသည်။

သာဓက–

| **ဒေသိယစကား** | **အဓိပ္ပာယ်** |
|---|---|
| စား **အောင်ဖိ**။ | စားတော့လေ။ |
| / sà **-aũ phí** / | |
| သူ့ကိုပီးလိုက် **အောင်ဖိ**။ | သူ့ကိုပေးလိုက်တော့လေ။ |
| / θú gō pì laiʔ **-aũ phí** / | |

စသည်ဖြင့် ပြောဆိုကြသည်။ ပြောဆိုသူ၏လေယူလေသိမ်း၊ စိတ်ခံစားမှုအပေါ်တွင် မူတည်၍ ပြောင်းလဲမှု ရှိပါသည်။ မြန်မာတွင် 'လေ' / lē / နှင့် အသုံးတူပါသည်။

**'ကွာဒေ' / kwā dē / နောက်လိုက်ပစ္စည်းအသုံး**

'ကွာဒေ' / kwā dē / နောက်လိုက်ပစ္စည်းအသုံးများကို အောက်ပါအတိုင်း ပြောဆိုကြသည်ကို တွေ့ရပါသည်။

သာဓက–

| **ဒေသိယစကား** | **အဓိပ္ပာယ်** |
|---|---|
| သူချည်းပြောနီဝင် **ကွာဒေ**။ | သူချည်းပဲပြောနေတယ်လေ။ |
| / θū dʒè prò nī -wɛ̃ **kwā dē** / | |
| လားပန်ရာ့ **ကွာဒေ**။ | သွားပြန်ပြီနော်။ |
| / là -bã já **kwā dē** / | |

ဟူ၍ တစ်စုံတစ်ရာကို အသိပေးလိုသည့်သဘော၊ မိမိပြောလိုက်သည့် စကားကို နားမထောင်ဘဲ ဆက်လုပ်နေသောအခါ မလုပ်စေလိုသော သဘောတို့ကို ဖော်ပြရာ၌ သုံးသည်ကို တွေ့ရပါသည်။ မြန်မာတွင် 'လေ' / lē /၊ နော် / nɔ̄ / နှင့် အသုံး တူသည်ကို တွေ့ရပါသည်။

**'လေဝေ' / lē wē / နောက်လိုက်ပစ္စည်းအသုံး**

'လေဝေ' / lē wē / နောက်လိုက်ပစ္စည်းအသုံးကို အောက်ပါအတိုင်း သုံးကြသည်ကို တွေ့ရပါသည်။

သာဓက–

| **ဒေသိယစကား** | **အဓိပ္ပာယ်** |
|---|---|
| ဝက်ခီကတ်မယ် **လေဝေ**။ | သွားသယ်ကြရအောင်။ |
| / wɛʔ khī gaʔ -mɛ̃ **lē wē** / | |
| ဘောလုံးခတ်ကတ်မယ် **လေဝေ**။ | ဘောလုံးကန်ကြမယ်နော်/လေ။ |
| / bò lò khaʔ kaʔ -mɛ̃ **lē wē** / | |

'လေဝေ' / **lē wē** / ဟူသော အသုံးသည် ခင်မင်ရင်းနှီးသူအချင်းချင်း ညှိနှိုင်းသည့် သဘော၊ ဆွေးနွေးတိုင်ပင်သည့် သဘော၊ စည်းရုံးဆွဲဆောင်သည့်

သဘောမျိုးတွင် သုံးသည်။ မြန်မာတွင် 'နော်' / nɔ /၊ 'ရအောင်' / já -aũ / နောက်လိုက်ပစ္စည်း သဘောနှင့် တူညီမှု ရှိပါသည်။

ထို့ကြောင့် ဝါကျအဆုံးတွင် တွေ့ရသော နောက်လိုက်ပစ္စည်းများကို ကြည့်လျှင် ဝါကျတွင် ထည့်၍မပြောဘဲ၊ မသုံးဘဲရသည်ကို တွေ့ရသည်။ ဝါကျ နောက်လိုက်ပစ္စည်းများသည် ဝါကျတစ်ခု တည်ဆောက်ရာ၌ ထည့်မသုံးသော်လည်း မူလအဓိပ္ပာယ်မှ သွေဖည်သွားခြင်း၊ ပျောက်ပျက်သွားခြင်း၊ သဒ္ဒါဖွဲ့ပုံ ပျက်သွားခြင်းမျိုး မရှိပေ။ သို့သော် နောက်လိုက်ပစ္စည်းများကို ထည့်၍ပြောခြင်းဖြင့် ပြောဆိုသူ၏ ခံစားချက်များ၊ သဘောထားများနှင့် အလေးအနက်ပြုလိုသည့် သဘောကို ပေါ်လွင် စေပါသည်။ ဝါကျအဆုံး၌ရှိသော နောက်လိုက်ပစ္စည်းများသည် အနက်အဓိပ္ပာယ် အထင်အရှား မရှိသော်လည်း ထိုဝါကျ၏ သဘောတရားသည် ပိုမို၍သေချာသော သဘော၊ ပိုမို၍လေးနက်ထင်ရှားစေသည့် သဘောတို့ကို တွေ့ရပါသည်။

## ၂။ ၁။ အမေးနောက်လိုက်ပစ္စည်းများ

ဝါကျ၏အဆုံးတွင် တွေ့ရသော နောက်လိုက်ပစ္စည်းများတွင် အမေးသဘောကို ဖော်ပြနေသော အမေးနောက်လိုက်ပစ္စည်းများကိုလည်း တွေ့ရပါသည်။

အမေးနောက်လိုက်ပစ္စည်းနှင့် ပတ်သက်၍ မောင်ခင်မင်(ဓနုဖြူ)က–

> "မြန်မာဝါကျများတွင် အမေးစကားပစ္စည်းများသည် ဝါကျအဆုံးသတ် ပစ္စည်း၏ နောက်ကလိုက်သော နောက်လိုက်ပစ္စည်းများ ဖြစ်သည်"[၁]

ဟူ၍ ဖွင့်ဆိုထားပါသည်။

မြန်မာစာအဖွဲ့က ထုတ်ဝေသော မြန်မာသဒ္ဒါတွင်–

> "သိလိုသော အကြောင်းအရာ၊ အချက်အလက်တို့ကို မေးမြန်း ရာ၌ အသုံးပြုသော ပစ္စည်းကို အမေးပစ္စည်းဟု ခေါ်သည်။ အမေးပစ္စည်းတို့မှာ **နည်း၊ လော၊ စ၊ လား၊ လဲ၊ တုံး** စသည်တို့ ဖြစ်သည်"[၂]

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၆၊ ၁၆၆။

[၂] မြန်မာစာအဖွဲ့၊ ၂၀၀၅၊ ၂၅၁။

ဟူ၍ အမေးနောက်လိုက်ပစ္စည်း ၆ လုံး ရှိသည်ဟု ဖော်ပြထားသည်။ မြန်မာဘာသာစကားတွင် 'နည်း၊ လော' ကို အရေးတွင် သုံးပြီး 'လား၊ လဲ၊ တုံး၊ စ' တို့ကို အပြောစကားတွင် သုံးသည်ကို တွေ့ရပါသည်။ ထိုနောက်လိုက်ပစ္စည်းများသည် အမေးသဘောဖြစ်အောင် ပြုလုပ်နိုင်သော အမေးနောက်လိုက်ပစ္စည်းများ ဖြစ်ကြသည်။

သာဓကပြရလျှင်–

"ဘာဝယ်သလဲ။"

"သွားမှာလား။"

စသည်ဖြင့် ' သ(သည် )၊ မှာ(မည်)' တို့သည် နောက်ဆက်ပစ္စည်းများ ဖြစ်ကြပြီး 'လား၊ လဲ၊ တုံး၊ နည်း၊ လော' တို့သည် အမေးနောက်လိုက်ပစ္စည်းများ ဖြစ်ကြသည်။

မာန်အောင်(တောင်ပိုင်း)ရှိ အမေးဝါကျဖွဲ့စည်းပုံတွင် ပါဝင်သော နောက်လိုက်ပစ္စည်းများကို သာဓကပြရလျှင်–

| **ရှေ့ဆက်** | **အမေးနာမ်စား** | **ကြိယာ** | **နောက်ဆက်ပစ္စည်း** | **နောက်လိုက်ပစ္စည်း** |
|---|---|---|---|---|
| | ဘာ | ပြော | ချင် | တုံ |
| | အမတ် | Ø | Ø | လောင် |
| | ဘာ | Ø | Ø | မင်း |
| မ | | လား | ရာ့ | မော |
| | | ဟုတ် | ဝက် | လောင် |

မာန်အောင်(တောင်ပိုင်း) ဒေသိယစကားတွင် အမေးနာမ်စား၏နောက်တွင် ကြိယာ၊ နောက်ဆက်ပစ္စည်း၊ အမေးနောက်လိုက်ပစ္စည်း လိုက်သည်ကို တွေ့ရပါသည်။ အညွှန်းနာမ်စားကို အမေးနာမ်စားအဖြစ်သုံးပြီး ကြိယာနှင့် နောက်ဆက်ပစ္စည်းများကို မြှုပ်ကာ အမေးနောက်လိုက်ပစ္စည်း လိုက်သည်ကို တွေ့ရပါသည်။ 'ဘာ' အမေးနာမ်စား၏နောက်တွင် ကြိယာကို မြှုပ်သုံးပြီး 'မင်း' နောက်လိုက်ပစ္စည်း လိုက်သည်လည်း ရှိသည်။ အမေးနာမ်စားကို မြှုပ်၍ ရှေ့ဆက်ထည့်ကာ အငြင်းပြ အမေးနောက်လိုက်ပစ္စည်း လိုက်သည်ကိုလည်း တွေ့ရပါသည်။ ထို့ပြင် ကြိယာ၊ နောက်ဆက်ပစ္စည်း၊ နောက်လိုက်ပစ္စည်းပါပြီး အမေးနာမ်စားကို မြှုပ်သုံးသည်ကိုလည်း တွေ့ရပါသည်။ ထူးခြားချက်မှာ 'မင်း' အမေးနောက်လိုက်ပစ္စည်းသည် 'ဇာ၊

ဘာ’ အမေးနာမ်စားတို့၏နောက်တွင် ကပ်၍လိုက်ပြီး ဝါကျ၏အလယ်တွင် ထည့်၍ ပြောဆိုကြပါသည်။

မာန်အောင်(တောင်ပိုင်း) ဒေသိယစကားတွင် ‘မင်း၊ တုံ၊ လောင်၊ ကား၊ မောင်၊ မော၊ လဲ၊ လား’ ဟူ၍ အမေးနောက်လိုက်ပစ္စည်း (၈)လုံး ရှိသည်ကို တွေ့ရပါသည်။ ထိုအမေးနောက်လိုက်ပစ္စည်းများထဲမှ ‘မင်း၊ တုံ၊ လောင်၊ ကား၊ မောင်၊ မော’ ဟူ၍ (၆)လုံးကို လေ့လာတင်ပြသွားပါမည်။ ‘မောင်၊ မော’ အသုံးကို အငြင်းပြ အမေးဝါကျ ပုံစံများကိုဖော်ပြရာ၌ သုံးသည်ကို တွေ့ရပါသည်။ ထို့ပြင် ‘မင်း’ / m`ɛ̃ / နောက်လိုက် ပစ္စည်းကို ဝါကျ၏နောက်ဆုံးတွင်ထားပြီး သုံးသကဲ့သို့ အများအားဖြင့် အမေးနာမ်စား နှင့် ကပ်၍သုံးသည်ကို တွေ့ရသည်။ ‘မင်း’ နှင့် ‘တုံ’ နောက်လိုက်ပစ္စည်းအသုံးကို မာန်အောင်မြို့နယ်တွင် တောင်ပိုင်းရော မြောက်ပိုင်းပါ သုံးနှုန်းပြောဆိုကြသည်။ သုံးပုံသုံးနည်းမှာ ကွဲပြားမှု ရှိပါသည်။ တောင်ပိုင်းတွင် ‘ဘာ’ အမေးနာမ်စားနှင့် ကပ်၍သုံးသည်ကို တွေ့ရပါသည်။ ‘လဲ နှင့် လား’ အသုံးမှာ မြန်မာအသုံးနှင့် တူသောကြောင့် ဤစာတမ်းတွင် ထည့်သွင်းဖော်ပြထားခြင်း မပြုလုပ်ထားပါ။

အမေးနောက်လိုက်ပစ္စည်း အသုံးများသည် အမေးဝါကျများတွင် မပါမဖြစ် ပါဝင်ရသည်။ အမေးနောက်လိုက်ပစ္စည်း မပါလျှင် ဝါကျအဓိပ္ပာယ် ပြီးပြည့်စုံမှု မရှိပေ။ ထိုအချက်သည်ပင် အမေးဝါကျများ၏ ချွင်းချက်တစ်ခု ဖြစ်ပါသည်။

**‘မင်း’ / m`ɛ̃ / အသုံး**

မာန်အောင်ဒေသိယတွင် ‘မင်း’ / m`ɛ̃ / နောက်လိုက်ပစ္စည်းအသုံးများကို အောက်ပါအတိုင်း တွေ့ရပါသည်။

သာဓက–

| **ဒေသိယစကား** | **အဓိပ္ပာယ်** |
|---|---|
| ဘာဒေ့လားဖို့ **မင်း။** | ဘယ်ကိုသွားမှာလဲ။ |
| / bā dé là phó **m`ɛ̃** / | |
| ဇာ **မင်း**။ | ဘာလဲ။ |
| / zā **m`ɛ** / | |

စသည်ဖြင့် တွေ့ရပါသည်။ ‘ ဘာ / bā / ၊ ဘယ် / bē / ’ ဟု အဓိပ္ပာယ်ရသော အမေးနာမ်စားနေရာတွင် ‘ဇာ’ / zā / ကို သုံး၍ အမေးနောက်လိုက်ပစ္စည်း ‘ လဲ’ / l`ɛ /

နေရာတွင် 'မင်း' / m`ɛ̃ / ကို ထည့်သုံးထားသောကြောင့် 'မင်း' / m`ɛ̃ / သည် အမေးနောက်လိုက်ပစ္စည်း ဖြစ်သည်။ 'မင်း' / m`ɛ̃ / အမေးနောက်လိုက်ပစ္စည်းကို 'ဘာ' / bā / အမေးနာမ်စားနှင့်လည်း တွဲသုံးသည်ကို တွေ့ရပါသည်။ အများအားဖြင့် အမေးနာမ်စားနှင့်ကပ်ပြီး အသုံးများသည်ကို တွေ့ရပါသည်။

သာဓက–

| **ဒေသိယစကား** | **အဓိပ္ပာယ်** |
|---|---|
| ဘာ**မင်း** လုပ်နီယင်။ | ဘာလုပ်နေတာလဲ။ |
| / bā **m`ɛ̃** louʔ nī -jɛ̃ / | |
| ဇာမှာ**မင်း** ဝဲပစ်ခီဝင်။ | ဘယ်နားမှာ လွှင့်ပစ်ခဲ့တာလဲ။ |
| / zā mā **m`ɛ̃** wè paiʔ khī -wɛ̃ / | |

စသည်ဖြင့် တွေ့ရပါသည်။ မြန်မာတွင် 'လဲ' / l`ɛ / အသုံးနှင့် တူပါသည်။ ထိုသို့ အမေးနောက်လိုက်ပစ္စည်း 'မင်း' / m`ɛ̃ / ကို အမေးနာမ်စား၏နောက်တွင် ကပ်၍ သုံးခြင်းသည်ပင် မာန်အောင်ဒေသိယစကား၏ ထူးခြားချက်တစ်ရပ်ပင် ဖြစ်ပါသည်။ မာန်အောင်တောင်ပိုင်းတွင် 'မင်း' / m`ɛ̃ / အမေးနောက်လိုက်ပစ္စည်းကို 'ဘာ' / bā / အမေးနာမ်စားနှင့် ကပ်၍သုံးသည်ကို တွေ့ရပါသည်။

## 'တုံ' / -doũ / အသုံး

'တုံ' / -doũ / နောက်လိုက်ပစ္စည်းအသုံးကို မာန်အောင်ဒေသိယစကားတွင် အောက်ပါအတိုင်း ပြောဆိုကြသည်ကို တွေ့ရပါသည်။

သာဓက–

| **ဒေသိယစကား** | **အဓိပ္ပာယ်** |
|---|---|
| ဘာပြောချင် **တုံ**။ | ဘာပြောချင်တာလဲ။ |
| / bā prò -ɕɛ̃ **-doũ** / | |
| ဘယ်လောက်ဟိမ့်သိမ့် **တုံ**။ | ဘယ်လောက်ရှိသေးလဲ။ |
| / bə louʔ heĩ́ θeĩ́ **-doũ** / | |

စသည်ဖြင့် ပြောဆိုကြသည်။ မာန်အောင်(တောင်ပိုင်း) ဒေသိယစကားတွင် ‘ဘယ်၊ ဘာ’ အမေးနာမ်စား၏နောက်တွင် ‘တုံ’ အမေးနောက်လိုက်ပစ္စည်းကို ထည့်၍ ပြောဆိုကြသည်။ ‘တုံ’ / -doũ / နောက်လိုက်ပစ္စည်းသည် မြန်မာတွင် ‘လဲ’ / l`ɛ / နောက်လိုက်ပစ္စည်းနှင့် အတူတူပင် ဖြစ်သည်။

**‘လောင်’ / -laũ / အသုံး**

‘လောင်’ / -laũ / နောက်လိုက်ပစ္စည်းအသုံးကို မာန်အောင်ဒေသိယစကားတွင် အောက်ပါအတိုင်း ပြောဆိုကြသည်ကို တွေ့ရပါသည်။

သာဓက–

| **ဒေသိယစကား** | **အဓိပ္ပာယ်** |
|---|---|
| စားပြီးရာ့ **လောင်**။ | စားပြီးပြီလား။ |
| / sà bì já **-laũ** / | |
| ဖိနပ်ဖဖို့ **လောင်**။ | ဖိနပ်လဲမှာလား။ |
| / phə naʔ phá phó **-laũ** / | |

စသည်ဖြင့် ပြောဆိုကြပါသည်။ ‘လောင်’ အသုံးကို ‘ဘယ်’၊ ‘ဘာ’ အမေးနာမ်စားတို့နှင့် တွဲ၍မသုံးပေ။ မြန်မာတွင် ‘လား’ အသုံးသဘောနှင့် ဆင်တူမှု ရှိသည်။

**‘ကား’ / gà / အသုံး**

ခင်မင်ရင်းနှီးသူအချင်းချင်း အမေးသဘောမျိုးဖြင့် ပြောဆိုသည့်အခါ သုံးလေ့ရှိပါသည်။

သာဓက–

| **ဒေသိယစကား** | **အဓိပ္ပာယ်** |
|---|---|
| ငါ့စာအုပ် **ကား**။ | ငါ့စာအုပ် ဘယ်မှာလဲ။ |
| / ŋá sā ouʔ **gà** / | |
| မိကလေး **ကား**။ | သမီးလေး ဘယ်မှာလဲ။ |
| / mí gə lè **gà** / | |

စသည်ဖြင့် ပြောဆိုကြသည်။ 'ကား' / **gà** / နောက်လိုက်ပစ္စည်းအသုံးကို အမေးသဘောအနေဖြင့် ပြောဆိုသောအခါတွင် အမြဲတမ်း နာမ်ပုဒ်၏နောက်တွင် ကပ်၍ ပြောလေ့ ရှိပါသည်။ အမေးနောက်လိုက်ပစ္စည်းသဘောပါ ဆောင်သည်ကို တွေ့ရပါသည်။

## ၂။ ၂။ အငြင်းပြအမေးနောက်လိုက်ပစ္စည်းများ

မာန်အောင်ဒေသိယစကားတွင် အဟုတ်ပြအမေးနောက်လိုက်ပစ္စည်းများ ရှိသကဲ့သို့ အငြင်းပြအမေးနောက်လိုက်ပစ္စည်းများလည်း ရှိကြသည်။ ထိုအမေးနောက်လိုက်ပစ္စည်းမှာ 'မောင် / -maũ /၊ 'မော' / mò / အသုံးများ ဖြစ်ကြပါသည်။

သာဓက–

| **ဒေသိယစကား** | **အဓိပ္ပာယ်** |
| --- | --- |
| ခရမ်းသီးမဝယ်ကတ် **မောင်/မော**။ | ခရမ်းသီးမဝယ်ကြဘူးလား။ |
| / khə r`ã ɵì mə wē gaʔ **-maũ ; mò** / | |
| အဖိုးပြောလို့မရ **မောင်/မော**။ | အဖိုးပြောလို့မရဘူးလား။ |
| / ə phò prò ló mə rá **-maũ ; mò** / | |

စသည်ဖြင့် တွေ့ရပါသည်။ 'မောင်' / -maũ / နှင့် 'မော' / mò / အသုံးမှာ အသုံးတူပါသည်။ သို့သော် တစ်ခါတရံ အငြင်းအမေးဝါကျတွင်လည်း 'လား' / là / နှင့် 'လဲ' / l`ɛ / အမေးနောက်လိုက်ပစ္စည်းကို ထည့်၍ ပြောဆိုကြသည်။

## ၃။ ဝါကျအလယ်တွင် တွေ့ရသော နောက်လိုက်ပစ္စည်းများ

နောက်လိုက်ပစ္စည်းများကို ဝါကျအလယ်တွင်လည်း သုံးသည်။ ဝါကျအလယ်တွင် တွေ့ရသော နောက်လိုက်ပစ္စည်းနှင့် ပတ်သက်၍ မြန်မာစာအဖွဲ့က ထုတ်ဝေသော မြန်မာသဒ္ဒါစာအုပ်တွင်–

> "နာမ်၊ နာမ်စားတို့၏ အဓိပ္ပာယ်ကို ထူးခြားလေးနက်အောင် ကူညီထောက်ပံ့ပေးသော ပစ္စည်းကို နာမ်ထောက်ပစ္စည်းဟု ခေါ်သည်"[၁]

---

[၁] မြန်မာစာအဖွဲ့။ ၂၀၀၅၊ ၁၉၁။

ဟူ၍ ဖော်ပြထားပြီး 'သာ၊ သာလျှင်၊ ချည်း၊ တော့၊ ပါ၊ ရော၊ လည်း၊ ပင်၊ တောင်၊ များ' စသည်ဖြင့် နာမ်ထောက်ပစ္စည်း ၁၀ လုံး ရှိကြောင်း ဖော်ပြထားပါသည်။

ဂျွန်အိုကယ်ကမူ 'တော့၊ ဖြင့်၊ က၊ တောင်၊ ပဲ၊ ကို ၊ မှ၊ သာ၊ ချည်း၊ လည်း၊ များ၊ ကော'[၁] ဟူ၍ ၁၂ လုံး ရှိကြောင်း ဖော်ပြထားပါသည်။

မြန်မာဘာသာစကား၌ ဝါကျအလယ်တွင်သုံးသော နောက်လိုက်ပစ္စည်းများ ရှိသကဲ့သို့ မာန်အောင်ဒေသိယတွင်လည်း တွေ့ရပါသည်။ ဤစာတမ်းတွင် မာန်အောင်ဒေသိယ၌ ဝါကျအလယ်တွင် တွေ့ရသော နောက်လိုက်ပစ္စည်းများမှ 'ပင်၊ ဗင့်၊ ဧ၊ သုတ်' ဟူ၍ ၄ လုံး ကိုသာ လေ့လာတင်ပြပါမည်။ အထက်တွင် ဖော်ပြထားသော စကားလုံးများသည် သက်ဆိုင်ရာပုဒ်၏ လေးနက်မှုသဘောကိုပြသော နောက်လိုက်ပစ္စည်းများအဖြစ် သုံးကြောင်းကို တွေ့ရပါသည်။

သာဓက–

| **ဒေသိယစကား** | **အဓိပ္ပာယ်** |
|---|---|

**'ပင်' / -bɛ̃ / အသုံး**

| | |
|---|---|
| ပြောပုံဆိုပုံက**ပင်** တစ်မျိုး။ | ပြောပုံဆိုပုံကလည်း တစ်မျိုး။ |

/ prò –boũ shō -boũ gá **-bɛ̃** tə mjò /

| | |
|---|---|
| အရင်က**ပင်** မပြောထားကား။ | အရင်ကတည်းက မပြောထားဘူး။ |

/ ə **jɛ̃** gá **-bɛ̃** mə prò dà gà /

**'ဗင့်' / -bɛ̃´ / အသုံး**

| | |
|---|---|
| ဒေမေ့ကို**ဗင့်** ခေါ်လီအောင်ဖိ။ | သူ့(မိန်းမ)ကိုပဲ ခေါ်သွားလိုက်တော့။ |

/ dē mé gō **bɛ̃´** khō laiʔ **-aũ phí** /

| | |
|---|---|
| ငါ့ကို**ဗင့်** မပြောဟာ။ | ငါ့ကိုပဲ မပြောတာ။ |

/ ŋá gō **bɛ̃´** mə prò hā /

[၁] Okell, John, 1969, 196.

**'ဇီ' / zī / အသုံး**

လူ**ဇီ** မှားရင်။ လူပဲမှားနေတယ်။

/ lū **zī** hmà -jɛ̃ /

မိကလေးကို**ဇီ** ခေါ်သံကြားကား။ သမီးလေးကိုပဲ ခေါ်သံကြားတယ်။

/ mí gə lè gō **zī** khō -θã krà gà /

**'သုတ်' / θouʔ / အသုံး**

ငါလည်း**သုတ်** လိုက်ချင်ရင်။ ငါလည်းပဲလိုက်ချင်တယ်။

/ ŋā lè **θouʔ** laiʔ -ɕɛ̃ -jɛ̃ /

အီးယင်လည်း**သုတ်** စားပြီးရာ့။ အမေလည်းပဲစားပြီးပြီ။

/ ì -jɛ̃ lè θ**ouʔ** sà brì já /

ထို့ကြောင့် မာန်အောင်ဒေသိယရှိ ဝါကျအလယ်တွင် တွေ့ရသော နောက်လိုက်ပစ္စည်းများကို လေ့လာကြည့်လျှင် ဝါကျအတွင်းတွင်ရှိသော နာမ်ပုဒ်တို့ကို အလေးအနက် ပြုလို၍ ၎င်းပုဒ်တို့၏နောက်တွင် လိုက်သည်ကို တွေ့ရပါသည်။ အထက်ပါ သာဓကများတွင် 'ဗင့် / bɛ̃´ /၊ ဇီ / zī /၊ သုတ် / θouʔ / ' နောက်လိုက်ပစ္စည်းတို့သည် ပေါင်းစည်းဆက်စပ်ခြင်းသဘော၊ ပါဝင်ပတ်သက်ခြင်းသဘောတို့ကို ဖော်ပြသည်။ 'ပင်' / -bɛ̃ / အသုံးသည် အခြေအနေကို စူးစမ်းသောသဘော၊ လေးနက်စေလိုသော သဘောတွင် သုံးသည်ကို တွေ့ရပါသည်။ မာန်အောင်ဒေသတွင်သုံးသော 'ပင်' / -bɛ̃ / သည် မြန်မာတွင် 'လည်း' / l`ɛ /၊ 'က' / gà / တို့နှင့် လည်းကောင်း၊ 'ဗင့်' / bɛ̃´/၊ 'ဇီ' / zī / ၊ 'သုတ်' / θouʔ / တို့သည် 'ပဲ' / p`ɛ / နှင့်လည်းကောင်း အသုံးတူသည်ကို တွေ့ရပါသည်။

## ခြုံငုံသုံးသပ်ချက်

မာန်အောင်(တောင်ပိုင်း) ဒေသိယစကားရှိ နောက်လိုက်ပစ္စည်းများကို သုံးသပ်ရာ၌ ဝါကျအဆုံးတွင် တွေ့ရသော နောက်လိုက်ပစ္စည်းများနှင့် ဝါကျအလယ်တွင် တွေ့ရသော နောက်လိုက်ပစ္စည်းများ ဟူ၍ တင်ပြထားပါသည်။

ဝါကျအဆုံးတွင် တွေ့ရသော နောက်လိုက်ပစ္စည်းများတွင် အမေးနောက်လိုက်ပစ္စည်းများနှင့် အငြင်းပြအမေးနောက်လိုက်ပစ္စည်းများ ဟူ၍ ခွဲခြားကာ တင်ပြထားပါသည်။ ဝါကျအဆုံးတွင်တွေ့ရသော နောက်လိုက်ပစ္စည်းများကို လေ့လာတင်ပြရာတွင် 'လန်း / l`ã /၊ ကွာ / kwā /၊ ကား / gà /၊ မှောင်း / hm`aũ /၊ ဗင့် / bɛ̃´ /၊ အောင်ဖိ / - aũ phí /၊ ကွာဒေ / kwā dē /၊ လေဝေ / lē wē / ' စသည်တို့အပြင် အမေးနောက်လိုက်ပစ္စည်းများအဖြစ် 'မင်း / m`ɛ̃ /၊ တုံ / -doũ /၊ လောင် / -laũ /၊ ကား / gà /၊ မော / mò /၊ မောင် / -maũ / 'ဟူ၍ တွေ့ရပါသည်။ 'မား' / -mà / နှင့် 'မောင်' / -maũ / အသုံးများကို အငြင်းပြအမေးဝါကျပုံစံများတွင် သုံးသည်ကို တွေ့ရပါသည်။ ဝါကျအလယ်တွင် တွေ့ရသော နောက်လိုက်ပစ္စည်းများအဖြစ် 'ပင် / -bɛ̃ /၊ ဗင့် / bɛ̃´ /၊ ဇီ / zī /၊ သုတ် / θouʔ / ' စသည့်အသုံးတို့ကို တွေ့ရပါသည်။

'ကား' / gà / နောက်လိုက်ပစ္စည်းအသုံးကို ဝါကျနောက်ဆုံးတွင် သုံးသည်သာမက အမေးဝါကျပုံစံတွင်လည်း သုံးသည်ကို တွေ့ရပါသည်။ 'ဗင့်' / bɛ̃´ / အသုံးကို ဝါကျအဆုံးတွင်ရော ဝါကျအလယ်တွင်ပါ သုံးသည်ကို တွေ့ရပါသည်။ မာန်အောင်(တောင်ပိုင်း) ဒေသိယစကားတွင် ပြောသူ၏ စိတ်ခံစားချက်ကို ဖော်ပြရာ၌ နောက်လိုက်ပစ္စည်းများကို နှစ်လုံးတွဲ၍ သုံးသည်ကိုလည်း တွေ့ရပါသည်။ 'မင်း / m`ɛ̃ / နှင့် တုံ / -doũ / 'အမေးနောက်လိုက်ပစ္စည်းများကို 'ဘာ၊ ဘယ်' အမေးနာမ်စားနှင့်တွဲ၍ သုံးသည်ကိုလည်း တွေ့ရပါသည်။ 'မင်း' / m`ɛ̃ / အသုံးကို ဝါကျ၏ အဆုံးတွင် သုံးသော်လည်း အများအားဖြင့် အမေးနာမ်စားနှင့်ကပ်၍ သုံးသည်ကို တွေ့ရပါသည်။

လူမှုဆက်ဆံရေးနယ်ပယ်တွင် စကားပြောဆိုသုံးနှုန်းကြရာ၌ သဒ္ဒါတာဝန်မရှိသော နောက်လိုက်ပစ္စည်းများကို များစွာထည့်သုံးပြီး ခံစားချက်၊ သဘောထား၊ ခံယူချက်၊ အလေးထားမှုများကို ဖော်ပြလေ့ရှိကြောင်း တွေ့ရသည်။ ဝါကျအတွင်း နောက်လိုက်ပစ္စည်းပါလျှင်သော် လည်းကောင်း၊ မပါလျှင်သော် လည်းကောင်း ထိုဝါကျ၏ သဒ္ဒါတာဝန် ပျက်မသွားသကဲ့သို့ အနက်အဓိပ္ပာယ် သွေဖည်သွားခြင်း၊ ပြောင်းလဲသွားခြင်း မရှိပေ။ သို့သော်လည်း နောက်လိုက်ပစ္စည်းများကို ထည့်သွင်းပြောဆိုခြင်းဖြင့် ခံစားချက်၊ အလေးအနက်ပြုလိုသော သဘောထားတို့ကို ပေါ်လွင်ထင်ရှားစေပါသည်။

ထူးခြားချက်မှာ အမေးသဘောကို ဖော်ပြလိုသည့်အခါတွင် ဝါကျထဲတွင်ရှိသော အမေးနောက်လိုက်ပစ္စည်းများကို ဖြုတ်ပြီး ပြောဆို၍မရသည်ကို တွေ့ရပါသည်။ မာန်အောင်ဒေသတွင် တွေ့ရသော အမေးနောက်လိုက်ပစ္စည်းများမှာ စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ **'မင်း'** / m`ɛ̃ / အမေးနောက်လိုက်ပစ္စည်းကို အမေးနာမ်စားနှင့်ကပ်၍ ပြောဆိုခြင်းသည်ပင် မာန်အောင်ဒေသ၏ ထူးခြားချက်တစ်ရပ် ဖြစ်ပါသည်။

## နိဂုံး

မာန်အောင်(တောင်ပိုင်း) ဒေသိယစကားရှိ နောက်လိုက်ပစ္စည်းများကို တင်ပြခဲ့သောကြောင့် မာန်အောင်ဒေသတွင် သုံးနှုန်းပြောဆိုသော နောက်လိုက်ပစ္စည်းများအကြောင်းကို အတန်အသင့် သိရှိနိုင်မည် ဖြစ်ပါသည်။ ဤစာတမ်းတွင်ဖော်ပြခဲ့သော နောက်လိုက်ပစ္စည်းများသည် မာန်အောင်ဒေသတွင် နေ့စဉ်ပြောဆိုနေကြသော စကားလုံးများကို လက်လှမ်းမီသလောက် လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ထိုသို့ လေ့လာမှုအရ မာန်အောင်ဒေသိယစကားတွင် နောက်လိုက်ပစ္စည်းများရှိသည်ကို အထင်အရှား သိနိုင်ပါသည်။ ဤစာတမ်းသည် ဒေသိယစကားကို လေ့လာလိုသော၊ လေ့လာနေသော သုတေသီများအတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုရန် မျှော်လင့်ပါသည်။ ထို့ပြင် ဘာသာစကားတစ်ခု၏ အသွင်ကွဲဖြစ်သော ဒေသ ဒေသိယ တစ်ရပ်အတွက် သိမှတ်စရာတစ်ခုကိုလည်း တိုးပွားစေပါသည်။

# ကျမ်းကိုးစာရင်း


## မြန်မာဘာသာ

ကိုလေး၊ မောင်။ (၂၀၁၃)။ ***မြန်မာသဒ္ဒါ***။ ရန်ကုန်တက္ကသိုလ် မြန်မာစာပါရဂူဘွဲ့အတွက် တင်သွင်းသော ကျမ်း။

ကိုလေး၊ ဒေါက်တာ။ (၂၀၁၈)။ ***မြန်မာသဒ္ဒါကောက်ကြောင်း***။ ရန်ကုန်၊ ဧရာဝဏ်စာပေတိုက်။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၃)။ ***ဘာသာစာပေ အသွေးအရောင် အဆင်အကွက်***။ ရန်ကုန်၊ ရာပြည့်စာပေ။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၄)။ ***ဘာသာအမြင် စာပေအမြင်***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၆)။ ***မြန်မာစကားအကြောင်း တစေ့တစောင်း***။ ရန်ကုန်၊ လင်းလွန်းခင်စာပေတိုက်။

ထွန်းမြင့်၊ ဦး။ (၂၀၀၇)။ ***ဘာသာဗေဒ***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

ထွန်းမြင့်၊ (ဦး)။ (၁၉၉၆)။ ***သဒ္ဒဗေဒ***။ ရန်ကုန်၊ တက်လမ်းစာပေ။

ပြည့်ပြည့်ဖြိုး၊ မ။ (၂၀၁၃)။ ***မြန်မာအပြောစကားရှိ ဝါကျအဆုံးသတ်ပစ္စည်းများ***။ ရန်ကုန်တက္ကသိုလ် မြန်မာစာပါရဂူဘွဲ့အတွက် တင်သွင်းသော ကျမ်း။

ဖေမောင်တင်၊ ဦး။ (၁၉၅၁)။ ***မြန်မာဝါကျဖွဲ့ထုံးကျမ်း***။ ရန်ကုန်၊ စကြဝဠာပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၅)။ ***မြန်မာသဒ္ဒါ***။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ ***မြန်မာအဘိဓာန်***။ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။

သာနိုး၊ မောင်။ (၂၀၁၀)။ ***ဘာသာဗေဒအခြေပြု***။ ရန်ကုန်၊ သင်းစာပေ။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၀၃)။ ***လူမှုဘာသာဗေဒမိတ်ဆက်***။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။

## အင်္ဂလိပ်ဘာသာ

Okell, John (1969). ***A Reference Grammar of Colloquial Burmese***. Vol 1,2. London: Oxford University Press.

Okell, John & Anna Allott (2001). ***Burmese/ Myanmar Dictionary of Grammatical Forms***. Richmond; Cuzo Press.

# မြန်မာဘာသာစကားပညာရှင် ဆရာဇော်ဂျီ

တင်မျိုးဟန် *

## စာတမ်းအကျဉ်း

ဤစာတမ်းသည် 'မြန်မာဘာသာစကားပညာရှင် ဆရာဇော်ဂျီ' အကြောင်း ဖြစ်ပါသည်။ ဆရာဇော်ဂျီဟု ဆိုလိုက်လျှင် ကဗျာစာဆိုကြီးတစ်ဦးအဖြစ် လည်းကောင်း၊ မြန်မာစာပေပညာရှင်ကြီးတစ်ဦးအဖြစ် လည်းကောင်း သိရှိကြသဖြင့် မြန်မာဘာသာစကားပညာရှင်ကြီး တစ်ဦးလည်း ဖြစ်ကြောင်း သိရှိကြစေရန် ရည်ရွယ်၍ ပြုစုရခြင်း ဖြစ်ပါသည်။ ဤစာတမ်းတွင် ဆရာဇော်ဂျီ ရေးသားပြုစုခဲ့သော ရသစာပေအဖွင့်၊ ရသစာပေအဖွင့်နှင့်နိဒါန်း၊ ရသစာပေ သဘောစသည့် စာအုပ်စာပေတို့ကို အလေ့လာခံနယ်ပယ်များအဖြစ် သတ်မှတ်ပါသည်။ ဆရာဇော်ဂျီသည် ကဗျာ၊ ဝတ္ထု၊ ပြဇာတ်စသည့် စာပေများကို ဖန်တီးရေးဖွဲ့ရာတွင် မြန်မာဘာသာစကား၏ အစွမ်းသတ္တိကို ထိရောက်ထက်မြက်စွာ အသုံးပြုရေးသားပြုစုခဲ့သော ဘာသာစကားပညာရှင်ကြီး တစ်ဦး ဖြစ်ကြောင်း ဘာသာစကားရှုထောင့်မှ လေ့လာတင်ပြပါမည်။ ဤစာတမ်းပါ တင်ပြချက်တို့သည် ဆရာဇော်ဂျီ ရေးသားပြုစုခဲ့သော စာပေတို့တွင် ထင်ဟပ်ပါရှိနေသော မြန်မာဘာသာစကားဆိုင်ရာ အတွေးအမြင် အယူအဆတို့ကို ဖော်ထုတ်ဂုဏ်ပြုနိုင်မည် ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ** – ***ဘာသာစကားအမြင်၊ ဘာသာစကားရှုထောင့်၊ မြန်မာစာရေးထုံး၊ သတ်ပုံ သတ်ညွှန်း၊ သတ်ထုံး၊ အဘိဓာန်၊ ဘာသာပြန်၊ သဒ္ဒါ၊ ဘာသာ၊ စာပေ၊ သုတေသန။***

## နိဒါန်း

ဤစာတမ်းသည် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ၁၈ ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲအတွက် ဖတ်ကြားတင်သွင်းသည့် 'မြန်မာဘာသာစကားပညာရှင် ဆရာဇော်ဂျီ' ဟူသော ဘာသာစကားဆိုင်ရာ သုတေသနစာတမ်း ဖြစ်ပါသည်။ ဆရာဇော်ဂျီ (ဦးသိန်းဟန်) ဟု ဆိုလိုက်လျှင် ခေတ်စမ်းကဗျာစာဆိုကြီး၊ ဘဝခံယူချက်ပြ 'ဗေဒါလမ်း' ကဗျာများ၏စာဆိုကြီး၊ မျိုးဆက်သစ်လူငယ်များ အတွက် လမ်းညွှန်ပြသော 'ညီသစ်ဆင်း' ကဗျာများ၏စာဆိုကြီး ဟူ၍ ထင်ရှားကျော်ကြားပြီး မြန်မာစာပေလောကအတွက် အထူးကျေးဇူးပြုခဲ့သူ ဖြစ်ပါသည်။

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ထို့ပြင် ရသစာပေသဘောတရားနှင့် ရသစာပေပညာရှင်၊ ဝေဖန်ရေးစာပေပညာရှင်၊ နိုဗဲလ်ဆုရ ကမ္ဘာ့ဝတ္ထုများနှင့် ပလေတိုနိဒါန်းတို့ကို ဘာသာပြန်ခဲ့သည့် ဘာသာပြန်ပညာရှင် စသည်ဖြင့် အမိမြန်မာစာပေ၏ဂုဏ်ကို မြှင့်တင်ပေးခဲ့သည့်သူလည်း ဖြစ်ပါသည်။ ဤသို့ စာပေဂုဏ်ကျေးဇူး အထူးရှိသည့် ဆရာဇော်ဂျီကို မြန်မာစာပေပညာရှင်တစ်ဦးအဖြစ်ဖြင့်သာ သိမြင်ကြသော်လည်း မြန်မာဘာသာစကားဆိုင်ရာ အတွေးအမြင်တို့ဖြင့် လမ်းညွှန်ပေးခဲ့သော ဘာသာစကားပညာရှင်အဖြစ် ကျေးဇူးပြုခဲ့သည်ကို ယေဘုယျအားဖြင့် ခံစားသိမြင်မှု နည်းကြပါသည်။ သို့ပါ၍ ဆရာဇော်ဂျီသည် မြန်မာဘာသာစကားဆိုင်ရာ ဘာသာစကားပညာရှင်အနေဖြင့် မြန်မာစာပေလောကကို အထူးကျေးဇူးပြုခဲ့ကြောင်း ဖော်ထုတ်တင်ပြလိုသဖြင့် ဤစာတမ်းကို ပြုစုရခြင်း ဖြစ်ပါသည်။ ဤသို့ပြုစုရာတွင် ဆရာဇော်ဂျီ ရေးသားပြုစုခဲ့သော စာပေများမှ မြန်မာဘာသာစကားဆိုင်ရာ အတွေးအမြင်များ ထင်ဟပ်ပါရှိနေသည့် မြန်မာမှုပထမတွဲ (၁၉၂၀–၁၉၇၀)၊ ရသစာပေသဘော၊ ရသစာပေအဖွင့်၊ ရသစာပေအဖွင့်နှင့်နိဒါန်း၊ မောင်ခင်မင်(ဓနုဖြူ)၏ မြန်မာဘာသာစကားပညာရှင်များနှင့် ဘာသာစကားအမြင် စသည်တို့အပြင် ဆရာဇော်ဂျီရေးသားပြုစုခဲ့သော စာတမ်းများ၊ ဆောင်းပါးများကို အလေ့လာခံနယ်ပယ်အဖြစ် သတ်မှတ်၍ ပြုစုထားပါသည်။ ထို့ပြင် ဆရာဇော်ဂျီသည် မြန်မာဘာသာစကားပညာရှင်ဖြစ်ကြောင်း တင်ပြရာတွင် ဘာသာစကား၏ အခြေခံသဘောဆိုင်ရာ အမြင်ရှိပုံ၊ ဘာသာစကားအသုံးဆိုင်ရာ အမြင်ရှိပုံနှင့် ဘာသာစကားလေ့လာနည်းဆိုင်ရာ အမြင်ရှိပုံတို့ကို သာဓကများဖြင့် ဘာသာစကားရှုထောင့်မှ သုံးသပ်တင်ပြ ပြုစုထားပါသည်။

## ၁။ ဘာသာစကား၏ အခြေခံသဘောဆိုင်ရာအမြင်

ဆရာဇော်ဂျီသည် ဘာသာစကား၏ အခြေခံသဘောဆိုင်ရာ အမြင်ရှိသော ဘာသာစကားပညာရှင် ဖြစ်ပါသည်။ ဘာသာစကား၏ အခြေခံသဘောဆိုသည်မှာ စကားပြောခြင်းနှင့် စာရေးခြင်း ဖြစ်ပါသည်။ ထို့ကြောင့် စာရေးခြင်းနှင့် စကားပြောခြင်း စသော ဘာသာစကား၏ အခြေခံသဘောဆိုင်ရာ ရည်ရွယ်ချက်ကို ရှုမြင်သုံးသပ်ပုံနှင့် ပတ်သက်၍–

> "စာရေးခြင်းသည် အဆန်းမဟုတ်ပါ။ စကားပြောခြင်းနှင့် အတူတူပင် ဖြစ်ပါသည်။ စာရေးခြင်းကို အဘယ်ကြောင့် ပြုသနည်းဟု မေးလျှင် စာရေးသူ၏ စိတ်ထဲ၌ရှိသော အနက်သဘောကို သူတစ်ပါး၏ နားနှင့်စိတ်တို့သို့ ရောက်အောင် ပို့ချင်သောကြောင့် ပြုသည်ဟု ဖြေရပေလိမ့်မည်။ ထိုနည်းတူစွာ စကားပြောခြင်းကို

> အဘယ်ကြောင့် ပြုသနည်းဟု မေးလျှင် ပြောသူ၏ စိတ်ထဲ၌ ရှိသော အနက်သဘောကို သူတစ်ပါး၏ နားနှင့်စိတ်တို့သို့ ရောက်အောင် ပို့ချင်သောကြောင့် ပြုသည်ဟုပင် ဖြေရပေလိမ့်မည်။ စာရေးခြင်းဆိုသည်ကား အရာဝတ္ထုတစ်ခုခုပေါ်၌ ရေးခြစ်ခြင်း ဖြစ်၍ စကားပြောဆိုခြင်းဆိုသည်က နှုတ်အာလျှာတို့ကို လှုပ်ရှား ရခြင်း ဖြစ်ရာ ပြုပုံခြင်းသာ ကွဲသည်။ ရည်ရွယ်ချက်ခြင်းကား အတူတူပင် ဖြစ်သည်"[၁]

ဟု 'ရသစာပေ ပုံသဏ္ဌာန်ပြဿနာ' အရ ဘာသာစကား၏ အခြေခံသဘော ရည်ရွယ်ချက်ဆိုင်ရာ ဆိုမိန့်ချက်များကို လေ့လာတွေ့ရှိရပါသည်။ တစ်ဦးနှင့်တစ်ဦး စကားပြောခြင်းဖြင့် ဆက်သွယ်လျှင် ပြောသူနှင့်နာသူ အစဉ်ဖြင့် လည်းကောင်း၊ စာရေးခြင်းဖြင့် ဆက်သွယ်လျှင် ရေးသူ – စာ– ဖတ်သူ အစဉ်ဖြင့် လည်းကောင်း အသိပေးရခြင်းဖြစ်ကြောင်း ဆိုလိုခြင်း ဖြစ်ပါသည်။ စာရေးခြင်းသည် အရာဝတ္ထု တစ်ခုခုပေါ်၌ ရေးခြင်းဖြစ်ပြီး၊ စကားပြောခြင်းသည် နှုတ်၊ အာ၊ လျှာ လှုပ်ရှားရခြင်း တို့သာဖြစ်၍ ရည်ရွယ်ချက်မှာ အတူတူပင်ဖြစ်ကြောင်း ဆိုမိန့်ချက် ဖြစ်ပါသည်။ ဆရာဇော်ဂျီ၏ ဤဆိုမိန့်ချက်သည် စကားပြောသူနှင့် ကြားနာသူ၊ စာရေးသူနှင့် စာဖတ်သူတို့၏ ကြားခံဆက်သွယ်မှုဖြစ်သော ဘာသာစကား၏ အခြေခံသဘော ဆိုင်ရာ ရိုးရှင်းသော ရှုမြင်သုံးသပ်ချက်ဖြစ်ကြောင်း တွေ့ရပါသည်။ ဤရိုးရှင်းတိကျ မှန်ကန်သော ရှုမြင်သုံးသပ်ချက်သည် ဘာသာစကား၏ အခြေခံသဘော ဖြစ်၍ ဆရာဇော်ဂျီသည် ဘာသာစကားအမြင်ရှိသော ဘာသာစကားပညာရှင်ဟု ဆိုနိုင် ပါသည်။

## ၂။ ဘာသာစကားအသုံးဆိုင်ရာအမြင်

ဆရာဇော်ဂျီသည် ဘာသာစကားပညာရှင်ဖြစ်ကြောင်း ဘာသာစကားအသုံး ဆိုင်ရာ အမြင်တို့ ထင်ဟပ်ပါရှိနေသည့် တင်ပြဆိုမိန့်ချက်တို့မှတစ်ဆင့် လေ့လာ သိရှိရပါသည်။ ဘာသာစကားအသုံးဆိုင်ရာအမြင်ဟု ဆိုရာတွင် အရေးဘာသာစကား ဆိုင်ရာ မည်သို့အသုံးပြုနေသည်ကို ရှုမြင်ကြဲဆပြသော ဆရာဇော်ဂျီ၏ အယူအဆကို တင်ပြမည် ဖြစ်ပါသည်။

---

[၁] ဇော်ဂျီ၊ ၁၉၆၆၊ ၁၂၁။

## ၂၊ ၁။ **အရေးဘာသာစကား**

ဆရာဇော်ဂျီသည် ဘာသာစကားအသုံးဆိုင်ရာဖြစ်သော အပြောဘာသာစကားကို အသုံးပြု၍ မိန့်ကြားသည့်နည်းတူ စာရေးခြင်းသည်လည်း စကားပြောအတိုင်းဖြစ်၍ စာရေးသားကြရာတွင် အသိပေးစာနှင့် စေတနာနှိုးစာ ဟူ၍ ရှိသည်ကို သိသင့်ကြောင်း–

> "စာရေးခြင်း ဆိုသည်မှာလည်း ပြောသည့်သဘောအတိုင်းပင် ဖြစ်ရာ စာပေအရာ၌လည်း (၁) အသိကိုပေးသော အသိပေးစာ ဟူ၍လည်းကောင်း၊ (၂) စေတနာကို နှိုးဆော်သော စေတနာနှိုး စာပေ ဟူ၍လည်းကောင်း ရှိသည်ဟု သိသင့်ပါသည်"[၁]

ဟူ၍ မိန့်ဆိုပါသည်။ ဤအချက်နှင့်ပတ်သက်၍–

> "ဘာသာစကားကို အသုံးပြုရာတွင် အချက်အလက်ကို အသံပေး ဖော်ပြသော အသိပေးအသုံး (informative use)နှင့် တင်ပြချက် ခံစားချက်ကို ဖော်ပြသော ဖော်ပြမှုအသုံး (expressive use) ဟူ၍ အခြေခံအားဖြင့် ကွဲပြားပါသည်။ ဆရာဇော်ဂျီက ထိုသဘောကို ရှင်းပြထားခြင်း ဖြစ်ပါသည်။"[၂]

ဟု ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)၏ သုံးသပ်ချက်ကလည်း ဘာသာစကားပညာရှင် ဆရာဇော်ဂျီ၏ အဆိုအမိန့်ကို ထပ်မံထောက်ခံသကဲ့သို့ လေ့လာတွေ့ရှိရပါသည်။

တစ်ဖန် အရေးဘာသာစကားကို အသုံးပြုသော စာပေကို စေတနာနှိုးစာပေ သို့မဟုတ် ရသစာပေဟူ၍ ခွဲခြားမိန့်ဆိုပြီး ထိုစာပေဖန်တီးရေးဖွဲ့မှုကို 'ရေးပုံရေးဟန် ရှိသောစာပေ'ဟု ဆရာဇော်ဂျီက ဆိုပါသည်။ စာဖတ်သူအား နှစ်သက်ခြင်းနှင့်အတူ ဘဝအသိတစ်ခု ရရှိစေရန် ရေးသားခြင်းသည် ရေးပုံရေးဟန်၏ အလုပ်ဖြစ်သည်ဟု ယူဆရှုမြင်ပြပါသည်။ ဤအချက်နှင့် ပတ်သက်၍–

> "ရသစာပေ၌ ရေးပုံရေးဟန် ရှိရခြင်းသည် ပရိသတ်၏ စေတနာကို နှိုးဆော်ရသော အလုပ်ကို လုပ်ရသောကြောင့် ဖြစ်ပါသည်။ တစ်နည်းဆိုရသော် ပရိသတ်အား နှစ်သက်ခြင်းကို ဖြစ်စေလျက် ထိုနှစ်သက်ခြင်းနှင့် တစ်ပါတည်း ဘဝအသိ တစ်ခုသည် ပရိသတ်၏စိတ်၌ အလိုအလျောက် ဝင်ရောက် လာအောင် အလုပ်လုပ်ရသောကြောင့် ဖြစ်သည်ဟု ဆိုနိုင်

---

[၁] ဇော်ဂျီ၊ ၁၉၆၆၊ ၁၂၃။

[၂] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၁၊ ၁၈၆။

> ပါသည်။ ဤကား ရေးပုံရေးဟန်၏ အလုပ်ဖြစ်သည်ဟု ယူဆသင့်ပါသည်။"[၁]

ဟူ၍ ဖြစ်ပါသည်။ ဤဆိုမိန့်ချက်အရလည်း ရသစာပေတွင် ရေးပုံရေးဟန် ရှိခြင်းနှင့် ပတ်သက်၍ ဆိုမိန့်ချက် ဖြစ်ပါသည်။ ဤတွင် စာရေးသားခြင်းအလုပ်သည် စာဖတ်သူအား နှစ်သက်ခြင်းနှင့်အတူ ဘဝအသိ တစ်ခုခု ရရှိစေသည့် ရေးပုံရေးဟန် ရှိသော စာပေ(ရသစာပေ)အဖြစ် ရေးသားတတ်ကြစေရန် လမ်းညွှန်ချက်ဟု ဆိုနိုင်ပါသည်။

ထို့ပြင် ဆရာဇော်ဂျီသည် အရေးဘာသာစကားဖြင့် စာရေးသားမှုပြုကြသော စာရေးဆရာများအတွက် 'စာရေးဆရာနှင့် စာရေးစရာ' ဟူသော ဆောင်းပါးဖြင့်လည်း စာရေးခြင်းနှင့် ပတ်သက်၍–

> "မိမိမြင်ဖူးသည်၊ ကြားဖူးသည်၊ ကြုံဖူးသည်၊ တွေးဖူးသည်၊ သိဖူးသည် တို့ကို တစ်ဖက်သား နားဝင်အောင် ပြောပြခြင်း မဟုတ်ပါလော"[၂]

ဟူသော ဆရာဇော်ဂျီ၏ အတွေးအမြင်ကို လေ့လာသိရှိရပါသည်။

ထို့ပြင် စာရေးဆရာတိုင်း ကျင့်သုံးလက်ကိုင်ပြုရမည့် ရေးသားနည်းဆိုင်ရာ လမ်းညွှန်မှုအဖြစ် ရှုမြင်သုံးသပ်ပုံမှာ–

> "လက်သမားကောင်း၊ လယ်သမားကောင်းတို့သည် စူးဆောက် ထွန်တုံး ထွန်တံ စသော မိမိတို့၏ လက်သုံးတန်ဆာပလာ ပစ္စည်းတို့၏ သဘောကိုသိ၍ ကျွမ်းကျင်မှု ရှိတတ်ကြသကဲ့သို့ စာရေးဆရာတို့သည်လည်း သဒ္ဒါနည်း၊ ဝါကျဖွဲ့နည်း၊ သဒ္ဒါ လင်္ကာရနည်း၊ အတ္ထာလင်္ကာရနည်း စသော မိမိတို့၏ တန်ဆာ ပလာ ပစ္စည်းတို့၏ သဘောကို သိအောင် ကျွမ်းကျင်အောင် အားထုတ်သင့်ကြပါသည်"[၃]

ဟူ၍လည်း စာရေးဆရာတို့ စာရေးနည်း ကျွမ်းကျင်အောင် အားထုတ်လုပ်ဆောင်ရမည့် စာရေးသားခြင်းဆိုင်ရာ နည်းနာများကို လမ်းညွှန်ထားသဖြင့် အရေးဘာသာ စကားဆိုင်ရာ ဆရာဇော်ဂျီ၏ အတွေးအမြင် အယူအဆကို လေ့လာသိရှိရပါသည်။

---

[၁] ဇော်ဂျီ၊ ၁၉၆၆၊ ၁၂၃။
[၂] ဇော်ဂျီ၊ ၁၉၆၆၊ ၇၂။
[၃] ဇော်ဂျီ၊ ၁၉၆၆၊ ၁၃၂။

တစ်ဖန် အရေးဘာသာစကားဖြစ်သော မြန်မာစကားပြေတို့၏ သဘောကို တင်ပြရာတွင် (၁၈၂၀ မှ ၁၉၇၀) ပြည့်နှစ်အထိ အနှစ် ၅၀ အတွင်း ပေါ်ပေါက်ခဲ့သော စကားပြေအရေးအသားတို့၏ အကြောင်းအချက်များနှင့် ပတ်သက်၍–

> "အနှစ် ငါးဆယ်အတွင်း စကားပြေဖြင့် ရေးခဲ့ကြသော အကြောင်းအချက်တို့သည် များလှပါသည်။ ထို့ကြောင့် ထိုစကားပြေတို့၏ သဘောကို တင်ပြရာတွင် အကြောင်းအချက်များကို အစုရှစ်စု ပြု၍ တင်ပြချင်ပါသည်။ (၁) ဝါဒရေးရာအစု၊ (၂) မျက်မှောက်ခေတ် အဖြစ်အပျက်အစု၊ (၃) လူမှုပြဿနာအစု၊ (၄) လူ့သဘာဝအစု (၅) မြန်မာနိုင်ငံတိုင်းရင်းသားအစု၊ (၆) မြန်မာ့ယဉ်ကျေးမှုနှင့် သိပ္ပံအစု၊ (၇) စာပေဝေဖန်မှုအစု၊ (၈) ပြည်ပခရီးသွားအစု တို့ ဖြစ်သည်။ ထိုအစု အသီးသီးသည် သီးခြားရပ်တည်နေကြသည် မဟုတ်ပါ။ ဆက်စပ်လျက်၊ ရောနှောလျက် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုလျက် ရပ်တည်နေကြပါသည်။"[၁]

ဟု မြန်မာစကားပြေအချို့တို့၏သဘောကို မိမိအမြင်ဖြင့် ခွဲခြားသုံးသပ်တင်ပြထားသည်ကို တွေ့ရှိရပါသည်။

ထို့ပြင် စကားပြေရေးသားနည်းဆိုင်ရာအတွက် လမ်းညွှန်ချက်အနေဖြင့် သာဓကဆောင်ထားသည်မှာ–

> "စကားပြေ ရေးကြရာတွင် စကားပြေဖတ်သူ ဘဝင်ခိုက်အောင် ရေးသောသဘော အမျိုးမျိုးရှိသည့်အနက် သုတိသာသော (ဝါ) စည်းဝါးသဘောပါသော မြန်မာစကားပြေ အရေးအသားတစ်ခုကို တင်ပြလိုခြင်း ဖြစ်သည်။ စည်းဝါးသဘောဆိုသည်မှာ ရေးသူ၏ အဆိုအမိန့်တွင် အသံကိုရော၊ အနက်ကိုရော ချီ၍ချ၍ တက်၍ သက်၍ စီစဉ်တတ်သောသဘောကို ယေဘုယျအားဖြင့် ဆိုလိုသည်။ ထိုသဘောပါသော စကားပြေအရေးအသားသည် အောက်ပါ အတိုင်း ဖြစ်သည်။
>
> ဗမာပြည်သည် တို့ပြည်၊ ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့စကား။ တို့ပြည်ကိုချစ်ပါ။ တို့စာကို ချီးမြှင့်ပါ၊ တို့စကားကို

---

[၁] ဝန်၊ ဦး နှင့် အများ၊ ၁၉၇၅၊ ၃၁။

> လေးစားပါ ဟု ကြွေးကြော်ခဲ့ဖူးသော တို့ဗမာအစည်းအရုံး၏ ကြွေးကြော်သံစကားပြေ ဖြစ်ပါသတည်း"[၁]

ဟူ၍ ဖြစ်ပါသည်။ ထို့ကြောင့် ဆရာဇော်ဂျီ နည်းပေးလမ်းညွှန်ပြုထားသော စကားပြေအရေးအသား ဆိုသည်မှာ စာဖတ်သူ နှစ်သက်လက်ခံ ကျင့်သုံးလိုက်နာစေရန် ရေးသားခြင်းတို့တွင် အသံရော အနက်ပါ အစီအစဉ်ကျနအောင် ရေးသားတတ်စေရန် ဖြစ်ကြောင်း နည်းယူဖွယ်ရာ လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် ဆရာဇော်ဂျီသည် အပြောဘာသာစကား၊ အရေးဘာသာစကားတို့နှင့် ပတ်သက်၍ သုတိသာသော စည်းဝါးပါသောအသံနှင့် အနက်အဓိပ္ပာယ်တို့ကို ပေးတတ်သော ပြောခြင်း၊ ရေးခြင်း ဟူ၍လည်းကောင်း၊ စေတနာကို နှိုးဆော်တတ်သော ပြောခြင်း ရေးခြင်းတို့ ဟူ၍လည်းကောင်း ရှိကြောင်း ဘာသာစကား အသုံးဆိုင်ရာ ရှုမြင်သုံးသပ်ချက်ကို တွေ့ရပါသည်။ ဤသို့ ဆိုမိန့်ချက်တို့ကို လေ့လာတွေ့ရှိရသဖြင့် ဆရာဇော်ဂျီ၏ ဘာသာစကားဆိုင်ရာ အမြင်တို့သည် လေးနက်ကျယ်ပြန့်မှု ရှိကြောင်း လေ့လာသိရှိရပါသည်။

## ၃။ ဘာသာစကားလေ့လာနည်းဆိုင်ရာအမြင်

ဆရာဇော်ဂျီသည် ဘာသာစကားပညာရှင် တစ်ဦးဖြစ်ကြောင်း ဘာသာစကားလေ့လာနည်းဆိုင်ရာ အမြင်ရှိပုံတို့ဖြင့် တင်ပြပြုစုထားပါသည်။ ဆရာဇော်ဂျီက စာရေးသူသည် မိမိတို့ဘာသာစကားဖြင့် ဖော်ပြရေးသားသည့် စာရေးနည်းကျွမ်းကျင်မှုအတွက် အတတ်ပညာရှိရန် လက်ကိုင်ပြုရမည့် နည်းနာများကို ဘာသာစကား လေ့လာနည်းဆိုင်ရာတို့ဖြင့် လမ်းညွှန်ခဲ့ပါသည်။ ဆရာဇော်ဂျီက−

> "စာရေးဆရာ၏ စိတ်ထဲ၌ရှိသော အနက်ကို မှန်ကန်အောင် ပြုပြင်ပေးနိုင်သော သဒ္ဒါနည်း၊ ဝါကျဖွဲ့နည်း၊ ကဗျာစပ်နည်းတို့ ဖြစ်သည်။ ပြေပြစ်အောင် ပြုပေးနိုင်သော သဒ္ဒါလင်္ကာရနည်း ဖြစ်သည်။ ဆန်းကြယ်အောင် ပြုပေးနိုင်သော အတ္ထာလင်္ကာရနည်းတို့ဖြစ်သည်။ ထိုနည်းတို့ကို သိထားလျှင် ကောင်းပါသည်။ လေ့ကျင့်မှုရှိလျှင် သာ၍ကောင်းပါသည်။ အကြိမ်ကြိမ် အဖန်ဖန် လေ့ကျင့်မှု ရှိလျှင် အကောင်းဆုံး ဖြစ်ပါသည်"[၂]

---

[၁] ဇော်ဂျီ၊ ၂၀၀၄၊ ၄၈။
[၂] ဇော်ဂျီ၊ ၂၀၀၄၊ ၃၀၉။

ဟူ၍ ဆိုမိန့်ပါသည်။ ဤအချက်ကိုပင် ထပ်မံရှင်းလင်းစေရန် သာဓကဆောင်ထားသည်မှာ–

> “စာရေးဆရာတို့သည်လည်း သဒ္ဒါနည်း၊ ဝါကျဖွဲ့နည်း၊ သဒ္ဒါလင်္ကာရနည်း၊ အတ္ထာလင်္ကာရနည်းစသော မိမိတို့၏ တန်ဆာပလာ ပစ္စည်းတို့၏သဘောကို သိအောင်၊ ကျွမ်းကျင်အောင် အားထုတ်သင့်ကြပါသည်။ ထိုသို့ အားထုတ်နိုင်ကြသည်ဖြစ်လျှင် မျက်မှောက်ခေတ် မြန်မာ့ရသစာပေ ပုံသဏ္ဌာန် အကောင်း အလှ ရရေးပြဿနာသည် တစ်စိတ်တစ်ဒေသအားဖြင့် ပြေလည်မည်ဟု ထင်ပါသည်”[၁]

ဟူ၍ ဖြစ်ပါသည်။ ဤသို့ စာရေးနည်းသဘောတရားကို သိရှိနားလည်ပြီး ကျွမ်းကျင်စွာ အသုံးချတတ်ရန် အားထုတ်သင့်ကြောင်း လမ်းညွှန်ချက် ဖြစ်ပါသည်။ ဤသို့ လမ်းညွှန်ချက်သည်ပင် ဘာသာစကား၏ သဘောကို သိရှိနားလည်၍ ကျွမ်းကျင်စွာ အသုံးချတတ်ရန် တိုက်တွန်းခြင်းဟု ဆိုနိုင်ပါသည်။ ဆရာဇော်ဂျီ၏ ဤသို့ ဘာသာစကားလေ့လာနည်းဆိုင်ရာ လမ်းညွှန်ချက်တို့တွင် စကားလုံးတို့၏ အနက်သဘောနှင့် စာပေသုံးဝေါဟာရများ ဖန်တီးခြင်းဆိုင်ရာတို့ဖြင့် ကုံးဆ မိန့်ဆိုပြရာ မိမိကိုယ်တိုင်သိမြင်သော ရှုမြင်သုံးသပ်ချက်တို့ဖြင့် ရှင်းလင်းမိန့်ဆိုကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၃၊ ၁။ စကားလုံးတို့၏အနက်သဘော

ဆရာဇော်ဂျီ၏ ဘာသာစကားလေ့လာနည်းဆိုင်ရာ အတွေးအမြင်တို့တွင် စကားလုံးတို့၏ အနက်သဘောနှင့်ပတ်သက်၍ ဘာသာစကားရှုထောင့်မှ ရှုမြင်သုံးသပ် မိန့်ဆိုပုံများကိုလည်း လေ့လာတွေ့ရှိရပါသည်။ စကားလုံးတို့၏ အနက်သဘောနှင့်ပတ်သက်၍–

> “စကားပြောကြရာတွင် ကြားသူ၌ စကား၏အနက်သဘော ထင်အောင် ပြောဆိုခြင်းမျိုးလည်း ရှိသည်။ ကြားဖူး မြင်ဖူး ကြုံဖူး သိဖူးသော အာရုံတစ်ခုခုကို သတိရသလိုလို ဖြစ်စေ၍ စိတ်လှုပ်ရှားမှုကိုပါ ဖြစ်စေသော အနက်ထင်အောင် ပြောခြင်းမျိုးလည်း ရှိသည်ဟု ဆိုကြပါသည်။ ‘အပြောရိုင်းသူ’ ဟု ပြောရာ၌ ထိုစကား၏ အနက်သည် အနက်သက်သက်သာ ဖြစ်၍

[၁] ဇော်ဂျီ၊ ၂၀၀၄၊ ၃၁၀။

> ထိုအနက်ကို အနက်ရိုးဟု ခေါ်ကြပါစို့။ 'နှုတ်ဖွေဆိုးသူ' ဟု ပြောလိုက်သောအခါ ကြားရသူသည် နွား မြင်းတို့၏ ပါပ လက္ခဏာ ဖြစ်သော ဖွေဆိုးကို သတိရ၍ စက်ဆုပ်ရွံ့ရှာသော စိတ်လှုပ်ရှားမှု ဖြစ်နိုင်ပါသည်။ ထိုသဘောသည် အနက်ရိုးကို အကြောင်းပြု၍ ဂယက်ရိုက်လာသော သဘော ဖြစ်ပါသည်။ ထိုသဘောရှိသော အနက်ကို ဂယက်အနက် (အန္တောဂဓအနက် ဟုလည်း ခေါ်သည်) ဟု ခေါ်ကြပါစို့။ ဤတွင် ထိုဂယက်အနက် ထွက်အောင် ပြောနိုင်ခြင်း၏ အကြောင်းရင်းသည် စက်ဆုပ်ရွံ့ရှာ ခဲ့သော ပြောသူ၏ စိတ်ကူးဉာဏ်ကြောင့် ဖြစ်သည်ဟု ယူဆသင့် ပါသည်"[၁]

ဟူ၍ 'အပြောရိုင်းသူ' ဟူသော စကားလုံးသည် အနက်ရိုး ဖြစ်ပြီး 'နှုတ်ဖွေဆိုးသူ' စကားလုံးသည် ဂယက်အနက်ဟူ၍ ခွဲခြားလေ့လာ ဖော်ပြထားပါသည်။ ဤတွင် အနက်ရိုးထွက်သော 'အပြောရိုင်းသူ' စကားလုံးထက် ဂယက်အနက်ထွက်သော 'နှုတ်ဖွေဆိုးသူ' စကားလုံးသုံးခြင်းဖြင့် နွား မြင်းတို့၏ ဖွေဆိုးပုံကို သတိရပြီး စက်ဆုပ်ရွံ့ရှာဖွယ်ကောင်းသော စိတ်လှုပ်ရှားမှု ဖြစ်နိုင်ပါသည်။ ထိုသို့ဖြစ်ခြင်းသည် အနက်ရိုးကို အကြောင်းပြု၍ ဂယက်ရိုက်လာသော သဘောဖြစ်ပြီး စက်ဆုပ်ရွံ့ရှာမှု ဖြစ်ခဲ့သော ပြောသူ၏ စိတ်ကူးဉာဏ်ကြောင့်ဟု ယူဆသင့်ကြောင်း ဆရာဇော်ဂျီ၏ အယူအဆ အတွေးအမြင်ကို လေ့လာတွေ့ရှိရပါသည်။

တစ်ဖန် ဤသို့သော အနက်ရိုးကို အကြောင်းပြုသော ဂယက်ရိုက်ခတ်လာသည့် စကားလုံးတို့၏ အနက်သဘောကို လူသားဖြစ်သည့် သားငယ် သမီးငယ်တို့ကို သတိရ၍ ကရုဏာသက်မိသော စိတ်လှုပ်ရှားမှုဖြင့် 'နွားသူငယ်' ဟူသော ဂယက်အနက်ထွက်သော စကားလုံးအနက်၏ သဘောကိုလည်းကောင်း၊ 'ကျွန်းဖိုနှစ်ပင် ရှင်အောင်မွေးပါ့' ဟု ကျွန်းပင်ဟူသော သစ်ပင်ကို သက်ရှိသတ္တဝါတို့၏ ကျွေးမွေးပြုစုစောင့်ရှောက်တတ်ပုံကို သိမြင်လာစေပြီး ချစ်ခင်သာယာ ကြည်နူးမှုဟူသောစိတ် လှုပ်ရှားလာစေနိုင်ပါသည်။ ထို့ကြောင့် ဆရာဇော်ဂျီ ကြံဆမိန့်ဆိုသော ဂယက်အနက်ထွက်သော စကားလုံးတို့ အနက်သဘောကို ဘာသာစကားရှုထောင့်မှ ရှင်းလင်းတင်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။ တစ်ဖန် စကားလုံးတို့၏ အနက်သဘောနှင့် ပတ်သက်သည့် ဆရာဇော်ဂျီ၏ ကြံဆမိန့်ဆိုချက်တစ်ရပ်ကို တင်ပြလိုပါသည်။ ဤမိန့်ဆိုချက်မှာ–

---

[၁] ဇော်ဂျီ၊ ၂၀၀၄၊ ၂၇၂။

> "တက္ကသိုလ်ဆိုသည်မှာ တက္ကသီလာမှ လာ၍ ကြံစည်ခြင်း အလေ့အကျင့် ဖြစ်သည်။ ကြံစည်ခြင်း အလေ့အကျင့်ရှိရာ အရပ်သည်သာလျှင် တက္ကသိုလ် ဖြစ်သင့်သည်။ ကြံစည်ခြင်း အလေ့အကျင့် မရှိလျှင် တက္ကသိုလ် အမည်ခံထားစေကာမူ တက္ကသိုလ် မဖြစ်နိုင်သည်ဟု လည်းကောင်း သတိပြုအပ် ပါသတည်း။"[၁]

ဟူသည့် 'တက္ကသိုလ်' ဟူသော ဝေါဟာရ၏ အနက်အဓိပ္ပာယ် မည်သို့ရှိပုံ၊ 'တက္ကသိုလ်' ဟူသော အသုံး၏သဘောသဘာဝကို မိမိအမြင်တို့ဖြင့် တင်ပြထားသည်မှာ မှတ်သားလိုက်နာဖွယ်ရာ ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ဆရာဇော်ဂျီ၏ ကြံမိန့်ဆိုချက်တို့သည် ဘာသာစကားဆိုင်ရာ လမ်းညွှန်ချက်တို့ ထင်ဟပ်ပါရှိနေကြောင်း တွေ့ရှိရသဖြင့် ဘာသာစကားပညာရှင်ဟု ခေါ်ဆိုထိုက်ပါသည်။

## ၃၊ ၂။ စာပေသုံးဝေါဟာရများပန်တီးခြင်း

ဆရာဇော်ဂျီ၏ ဘာသာစကားလေ့လာနည်းဆိုင်ရာ အမြင်ရှိပုံတို့တွင် စာပေသုံးဝေါဟာရများ ဖန်တီးခြင်းသည်လည်း ပါရှိပါသည်။ ဆရာဇော်ဂျီသည် ဘာသာစကားဆိုင်ရာ စာပေသုံးဝေါဟာရတို့ကို တီထွင်ဖန်တီးပေးခဲ့သော ပညာရှင်ကြီး ဖြစ်ပါသည်။ ဆရာဇော်ဂျီ တီထွင်ဖန်တီးပေးခဲ့သော စာပေသုံးဝေါဟာရများမှာ မြန်မာစာပေနယ်ပယ်တွင် မျက်မှောက်ခေတ်အထိ အသုံးတွင်ကျယ်နေပြီး အတည်တကျရှိသော ဝေါဟာရများ ဖြစ်နေသည်ကို တွေ့ရပါသည်။ စာပေသုံးဝေါဟာရများအဖြစ် 'ခံစားသိဂယက်အနက်၊ စာရေးဆရာနှင့် စာရေးစရာ၊ စေတနာရှိုးစာ၊ ဒိဋ္ဌဓမ္မထိုးဇာတ်သဘော၊ နိမိတ်ပုံ၊ ပဋိဘာန်ဉာဏ်၊ ပြောက်ကျား စာရေးဆရာ၊ ယထာဘူတသဘော၊ ယုံတမ်းဉာဏ်၊ ယုံတမ်းဝတ္ထု၊ အပြောက်အမွမ်း၊ အသိပေးစာ' စသည်တို့ကို တွေ့ရှိရပါသည်။ ယင်းဝေါဟာရများသည် မြန်မာစာပေလောကတွင် အသုံးရှိပြီး ဖြစ်သော်လည်း ဆရာဇော်ဂျီက စာပေသုံးဝေါဟာရများအဖြစ် ဖန်တီးရေးဖွဲ့ခဲ့ခြင်းဖြစ်သည်ကို တွေ့ရပါသည်။ ထို့ပြင် 'ရသ' စာပေဟူသည့် ဝေါဟာရနှင့်အတူ 'ရသနှစ်သက်ခြင်း သက်သက်၊ ဘဝသိအာနိသင်၊ အိုင်ကျင်းရသ၊ ပန်းတိုင်ရသ၊ အလွမ်းရသ၊ အဆွေးရသ၊ အသောရသ' စသည့် ရသစာပေသုံး ဝေါဟာရများကိုလည်း တွေ့ရပြီး

---

[၁] ဇော်ဂျီ၊ ၁၉၆၆၊ ၁၂၀။

မျက်မှောက်ခေတ် မြန်မာစာပေလောက၌ တွင်ကျယ်စွာ အသုံးပြုနေကြောင်းလည်း တွေ့ရှိနေရပါသည်။ ဤသည်ကို–

> "ယနေ့ ဆရာ စတင်သုံးခဲ့သည့် ရသစာပေဆိုသည့် ဝေါဟာရသည် အသုံးတွင်ကျယ်နေပါပြီ။ ဆရာကြီးပီမိုးနင်းသည် ရသစာပေ၏ သဘောကို ဖော်ပြသည့် ဝတ္ထု၊ ကဗျာ၊ ဇာတ် ဟူ၍သာ ဖော်ပြခဲ့သည်။ ဝေါဟာရတစ်ခုအဖြစ် မပြခဲ့ပါ။ နောက်ပိုင်းတွင် စိတ်ကူးစာပေ၊ ဖန်တီးမှုစာပေ၊ ဖန်တီးဆန်းသစ်သော စာပေ၊ အနုစာပေ စသည်ဖြင့် အမျိုးမျိုး သုံးကြသည်။ ယခုမူ ရသစာပေ ဟု တညီတညွတ်တည်း သုံးနေပါပြီ။"[၁]

ဟူသော ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)၏ မှတ်ချက် အဆိုအမိန့်သည်လည်း ဆရာဇော်ဂျီ၏ 'ရသစာပေ' ဟူသော ဝေါဟာရအသုံးနှင့် ပတ်သက်၍ မှတ်သားဖွယ်ရာ လေ့လာသိရှိရပါသည်။ ထို့ကြောင့် ဆရာဇော်ဂျီ ဖန်တီးရေးဖွဲ့ခဲ့သော စာပေသုံး ဝေါဟာရများ၏ အသုံးတွင်ကျယ်မှုသည် ဆရာဇော်ဂျီ၏ မြန်မာဘာသာစကား ကျွမ်းကျင်ပိုင်နိုင်ပုံဖြစ်၍ လေးနက်ခိုင်မာသော ဘာသာစကားအမြင် ရှိကြောင်း သုံးသပ်မိပါသည်။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းသည် မြန်မာစာပေပညာရှင် ကဗျာစာဆိုကြီးတစ်ဦးအဖြစ် သိရှိကြသော 'ဆရာဇော်ဂျီ' ကို ဘာသာစကားဆိုင်ရာအမြင်ရှိသော ဘာသာစကား ပညာရှင်ကြီးဖြစ်ကြောင်း သာဓက အထောက်အထားများဖြင့် လေ့လာတင်ပြပြုစုထားသော စာတမ်း ဖြစ်ပါသည်။

မြန်မာစာပေလောကတွင် ကဗျာ၊ ဝတ္ထု၊ ပြဇာတ်၊ အတ္ထုပ္ပတ္တိမှတ်တမ်းစာပေ၊ အတွေးအခေါ်စာပေ စသည်တို့ကို ပြောင်မြောက်စွာ ရေးဖွဲ့ပြုစုခဲ့သော ဆရာဇော်ဂျီ၏ ဘာသာစကားဆိုင်ရာအမြင်ရှိပုံ တင်ပြချက် ဖြစ်ပါသည်။ ဆရာဇော်ဂျီသည် ဘာသာစကားဆိုင်ရာ အခြေခံသဘောအမြင်ရှိခြင်း၊ ဘာသာစကားအသုံးများဖြစ်သော အပြောဘာသာစကားနှင့် အရေးဘာသာစကားတို့ကို ကျွမ်းကျင်နိုင်နင်းမှုရှိခြင်း၊ ဘာသာစကား လေ့လာနည်းဆိုင်ရာတွင် စကားလုံးတို့၏ အနက်သဘောနှင့် စာပေသုံး ဝေါဟာရများ တီထွင်ဖန်တီးခြင်းဆိုင်ရာတို့ကို ရှုမြင်သုံးသပ်သော ဘာသာစကားပညာရှင် အဖြစ် လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ဆရာဇော်ဂျီ၏ လေးနက်ကျယ်ပြန့်သော

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၁၊ ၁၈၉။

အတွေးအခေါ် အယူအဆ သုံးသပ်မှုတို့ဖြင့် မြန်မာစာပေနှင့် မြန်မာဘာသာစကားတို့အတွက် များစွာအကျိုးပြုခဲ့သော ဘာသာစကားပညာရှင်ကြီး တစ်ဦး ဖြစ်ပါသည်။

ဆရာဇော်ဂျီသည် ဘာသာစကား၏ အခြေခံသဘောဆိုင်ရာဖြစ်သော စကားပြောခြင်းနှင့် စာရေးခြင်းတို့သည် ပြောသူနှင့်နာသူ၊ ရေးသူနှင့်ဖတ်သူတို့ကြား ပြောသူနှင့်နာသူ၊ ရေးသူနှင့်ဖတ်သူ ဟူသော အစဉ်ဖြင့် အသိပေးခြင်းဖြစ်ကြောင်း ရှုမြင်သုံးသပ်ထားသော ဘာသာစကား အမြင်ရှိပုံကိုလည်း တွေ့ရှိရပါသည်။ တစ်ဖန် ဘာသာစကားကို အသုံးပြုရာတွင် အပြောဘာသာစကားနှင့် အရေးဘာသာစကားတို့ အကြောင်းတို့ဖြင့်လည်း ဘာသာစကားဆိုင်ရာ ရှုမြင်သုံးသပ်ပုံကို တွေ့ရပါသည်။ အပြောဘာသာစကားအရ အသိပေးလို၍ပြောခြင်း၊ စေတနာဖြစ်စေလို၍ ပြောခြင်း ဖြစ်ကြောင်း၊ အရေးဘာသာစကားတွင်လည်း ဤကဲ့သို့ သဘောမျိုး ဖြစ်ကြောင်း အရေးဘာသာစကားတွင် စေတနာရှိုးစာပေ သို့မဟုတ် ရသစာပေ ဖန်တီးရေးဖွဲ့ခြင်း ဆိုင်ရာ နည်းလမ်းကောင်းများကို လည်းကောင်း၊ စာရေးဆရာတို့ကို စာရေးစရာ ရအောင် လမ်းညွှန်မိန့်ဆိုပုံများကို လည်းကောင်း လေ့လာတွေ့ရှိရသဖြင့် ဆရာဇော်ဂျီ ညွှန်ပြထားသော ဘာသာစကားဆိုင်ရာ ရှုမြင်သုံးသပ်ပုံတို့မှာ ကျယ်ပြန့်လေးနက်မှု ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ထို့နောက် ဘာသာစကားလေ့လာနည်းဆိုင်ရာနှင့်ပတ်သက်၍ စကားလုံးတို့၏ အနက်သဘောကို ရှုမြင်သုံးသပ်တင်ပြရာတွင် အနက်ရိုးကို အခြေပြု၍ ဂယက်အနက် ထင်စေသော စကားလုံးများဖြင့် စာပေဖန်တီးရေးဖွဲ့ပုံအကြောင်း ကြံဆမိန့်ဆိုချက်တို့ သည်လည်း ဘာသာစကားပေါ် နက်ရှိုင်းစွာ ခံယူကျင့်သုံးသော အမြင်ရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။ တစ်ဖန် စာပေသုံးဝေါဟာရများ ဖန်တီးခြင်းဖြင့် စာပေနှင့် ဘာသာစကား အပြန်အလှန် ကျေးဇူးပြုပုံကို သိမြင်စေပြီး ဆရာဇော်ဂျီ ဖန်တီး အသုံးပြုခဲ့သော စာပေသုံးဝေါဟာရများနှင့် 'ရသစာပေ' ဟူသော ဝေါဟာရတို့သည် ယနေ့ မြန်မာစာပေလောကတွင် အသုံးတွင်ကျယ်နေကြောင်း တွေ့ရှိရသဖြင့် ဆရာဇော်ဂျီ၏ ဘာသာစကားဆိုင်ရာ အစွမ်းသတ္တိသည် ရှင်သန်ထက်မြက်မှုရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ထို့ကြောင့် ဆရာဇော်ဂျီ ရေးသားပြုစုခဲ့သော အလေ့လာခံ စာအုပ် စာပေတို့မှတစ်ဆင့် လေ့လာသိရှိခွင့်ရသည့် ဆရာဇော်ဂျီ၏ ဘာသာစကား အမြင်သည် လေးစားဖွယ်ရာ ဖြစ်ကြောင်း သိရှိမှတ်သားရပါသည်။ သို့ပါ၍ ဆရာ ဇော်ဂျီသည် မြန်မာစာပေပညာရှင် တစ်ဦးဖြစ်သကဲ့သို့ ဘာသာစကားပညာရှင် တစ်ဦး အဖြစ်လည်း လေးစားကြည်ညိုအတုယူဖွယ်ရာ ဖြစ်ကြောင်း ဤစာတမ်းဖြင့် ဂါရဝပြု အပ်ပါသည်။

## နိဂုံး

မြန်မာစာပေပညာရှင် ဆရာဇော်ဂျီသည် မြန်မာဘာသာစကားပညာရှင်တစ်ဦးလည်းဖြစ်ကြောင်း ဂုဏ်ယူစေလိုသော ရည်ရွယ်ချက်ဖြင့် ဤစာတမ်းကို ပြုစုထားပါသည်။ မြန်မာစာပေလောကတွင် ခေတ်အဆက်ဆက် ပေါ်ထွက်ခဲ့သော စာပေပညာရှင်များ ရှိသကဲ့သို့ မြန်မာဘာသာစကားဆိုင်ရာ စာပေပညာရှင်ကြီးများလည်း ပေါ်ထွက်ခဲ့ပါသည်။ သို့ပါ၍ ရှေးခေတ်မှသည် မျက်မှောက်ခေတ်တိုင် ဆရာဇော်ဂျီကဲ့သို့ အမျိုးသားစာပေပညာရှင်များနှင့် ဘာသာစကားပညာရှင်များ ရှိကြောင်း ဖော်ထုတ်တင်ပြရန် လိုအပ်သည်ဟု ထင်မြင်မိပါသည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်မှသာလျှင် မြန်မာစာပေလောကအတွက် တန်ဖိုးမဖြတ်နိုင်သော စံပြုဖွယ်ရာ မြန်မာစာပေနှင့် ဘာသာစကားတို့ တိုးတက်ရှင်သန်ဖွံ့ဖြိုးစေအောင် ကြိုးဆောင်နိုင်မည်ဖြစ်ကြောင်း သုတေသီတို့အား အကြံပြု တင်ပြအပ်ပါသည်။

## ကျမ်းကိုးစာရင်း


ခင်မင်၊ မောင်(ဓနုဖြူ)။ ၂၀၁၁။ *မြန်မာဘာသာစကားပညာရှင်များနှင့် ဘာသာစကားအမြင်*။ ကံ့ကော်ဝတ်ရည်စာပေ၊ ရန်ကုန်။

ဇော်ဂျီ။ ၁၉၆၆။ *ရသစာပေအဖွင့်*။ ရသစာပေတိုက်။

ဇော်ဂျီ။ ၂၀၀၄။ *ရသစာပေအဖွင့်နှင့်နိဒါန်း*။ စိတ်ကူးချိုချိုအနုပညာ၊ ရန်ကုန်။

ဇော်ဂျီ။ ၂၀၀၉။ *ရသစာပေ၏သဘော*။ ရှုဝံစာအုပ်တိုက်၊ ရန်ကုန်။

မြန်မာစာအဖွဲ့။ ၂၀၀၈။ *မြန်မာအဘိဓာန် (ဒု ကြိမ်)*။ မြန်မာစာအဖွဲ့ဦးစီးဌာန။

ဝန်၊ ဦး နှင့် အများ။ ၁၉၇၅။ *မြန်မာမှု ပထမတွဲ*။ တက္ကသိုလ်များစာအုပ်ပြုစုထုတ်ဝေရေးကော်မတီ။

# ကယားစာအရေးအသားစနစ်

ရီရီချို[*]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာတိုင်းရင်းသားတစ်မျိုးဖြစ်သည့် ကယားလူမျိုးတို့၏ စာအရေးအသားစနစ်ကို အများသိရှိနိုင်စေရန် ဖော်ထုတ်တင်ပြလိုသော ရည်ရွယ်ချက်ဖြင့် လေ့လာထားသော စာတမ်းဖြစ်ပါသည်။ လေ့လာရာတွင် အရေးရုပ်သွင်လေ့လာမှုခေါ် စာအရေးအသားစနစ်လေ့လာမှု သဘောတရားများကို အသုံးပြုပြီး အလေ့လာခံအဖြစ် ကယားစာအရေးအသားများကို ရွေးချယ်ထားပါသည်။ ယခင်က ကယားစာအရေးအသားသည် ရောမအက္ခရာကို အခြေခံသော အရေးအသားသာရှိခဲ့ပြီး ယခုအခါ အသစ်တီထွင်ထားသည့် ကိုယ်ပိုင်အက္ခရာကို အသုံးပြုရေးသားနေပြီ ဖြစ်သည်။ ဤစာတမ်းတွင် ကယားစာအရေးအသားစနစ်ရှိ အက္ခရာသင်္ကေတများကို ဗျည်းသင်္ကေတများ၊ သရသင်္ကေတများ၊ တက်ကျသံသင်္ကေတများ၊ ကိန်းဂဏန်းသင်္ကေတနှင့် အထွေထွေသင်္ကေတများ ဟူ၍ (၄)မျိုး ခွဲခြားတင်ပြထားသည်။ ထို့နောက် သင်္ကေတများကို တွဲစပ်ပြီး စာရေးသားပုံကို တင်ပြထားပါသည်။ ဤစာတမ်းပါ တင်ပြချက်များသည် တိုင်းရင်းသားစာပေပြန့်ပွားရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေး အတွက် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ – *အရေးရုပ်သွင်လေ့လာမှု၊ အရေးရုပ်၊ အက္ခရာစဉ် အရေးအသားစနစ်၊ ဗျည်းသင်္ကေတ၊ သရသင်္ကေတ၊ တက်ကျသံသင်္ကေတ။***

## နိဒါန်း

ဤစာတမ်းသည် မြန်မာတိုင်းရင်းသားတစ်မျိုးဖြစ်သည့် ကယားလူမျိုးတို့၏ **စာအရေးအသားစနစ်** [၁] ကို **အရေးရုပ်သွင်လေ့လာမှု** [၂] ရှုထောင့်မှ တင်ပြထားသော စာတမ်း ဖြစ်ပါသည်။ ယခင်က ကယားစာအရေးအသားသည် ရောမအက္ခရာကို အခြေခံသော အရေးအသားသာရှိခဲ့ပြီး ယခုအခါ အသစ်တီထွင်ထားသည့် ကိုယ်ပိုင် အက္ခရာကို အသုံးပြုရေးသားနေပြီ ဖြစ်သည်။ သို့သော် ကယားစာအရေးအသားကို သိရှိသူ နည်းပါကြောင်း တွေ့ရှိရသောကြောင့် ဤစာတမ်းကို ပြုစုတင်ပြရခြင်း

[၁] writing system

[၂] graphology

[*] ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ တောင်ငူတက္ကသိုလ်

ဖြစ်ပါသည်။ ဤသို့တင်ပြရာတွင် ကယားဘာသာစကားနှင့်စာပေ၊ အရေးရုပ်သွင် လေ့လာမှု သဘောတရား၊ ကယားစာအရေးအသားစနစ်ရှိ ဗျည်းသင်္ကေတများ၊ သရ သင်္ကေတများ၊ တက်ကျသံသင်္ကေတများ၊ ကိန်းဂဏန်းသင်္ကေတများနှင့် အထွေထွေ သင်္ကေတများ၊ သင်္ကေတများကိုတွဲစပ်ပြီး စာရေးသားပုံစနစ်ဟူ၍ ကဏ္ဍများ ခွဲခြား လေ့လာတင်ပြထားသည်။ ကယားအသံထွက်ဖော်ပြရာတွင် အပြည်ပြည်ဆိုင်ရာ သဒ္ဒဗေဒအက္ခရာကို အသုံးပြုဖော်ပြထားသည်။

## ၁။ ကယားဘာသာစကားနှင့်စာပေ

ကယားဘာသာစကားသည် တိဗက်တရုတ်အနွယ်ဝင် တိဗက်မြန်မာမျိုးရိုးမှ ဆင်းသက်လာသော ကရင်အစုငယ်တွင် ပါဝင်သည်။[၁] အများစုမှာ ကယားပြည်နယ်တွင် နေထိုင်သည်။ ကယားပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့ဘက်တွင် တည်ရှိပြီး မြောက်ဘက်တွင် ရှမ်းပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ တောင်ဘက်နှင့် အနောက်ဘက်တွင် ကရင်ပြည်နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။ ကယား ပြည်နယ်ကို ယခင်က ကရင်နီပြည်နယ်ဟု ခေါ်ဝေါ်ခဲ့ကြသည်။ ၁၉၅၁ ခုနှစ်၊ အောက်တိုဘာလ (၅)ရက်နေ့တွင် လွှတ်တော်က ကရင်နီပြည်နယ်ကို ကယားပြည်နယ်ဟု အမည်ပြောင်းလဲ သတ်မှတ်ပေးခဲ့ခြင်း ဖြစ်သည်။ [၂] ကယားတိုင်းရင်းသားတို့တွင် မျိုးနွယ်ခွဲများရှိပြီး ကိုယ်ပိုင်ဘာသာစကား အသီးသီး ရှိကြသည်။

ကယားမျိုးနွယ်ခွဲများမှာ–

၁။ ကယား

၂။ ကယန်းကခေါင် (ပဒေါင်)

၃။ ကယန်းကငန် (ယင်းဘော်)

၄။ ကယန်းကဲဒေါ (ဂေခို)

၅။ ကယန်းလထ (ခေါင်းတို)

၆။ ကယော (ပရဲ့)

၇။ ကယားမိုနု (မနုမနော)

၈။ ဂေဘား

[၁] ဘရှင်၊ ဦး၊ ၁၉၉၆၊ ၁၃၈။

[၂] *တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ၁၉၆၇၊ ၁၇။*

၉။ ယင်းတလဲ

တို့ဖြစ်ကြသည်။[၁]

ယင်းတို့အနက် ကယားစကားပြောဆိုသူ ကယားတိုင်းရင်းသားတို့မှာ အများစုဖြစ်သည်။ ကယန်းကခေါင်လူမျိုးတို့မှာ ပဒေါင်ဟု လူသိများသော လူမျိုးစုဖြစ်သည်။ ယင်းတို့ကိုယ်တိုင်ကမူ ပဒေါင်ဟု ခေါ်ခြင်းကို မနှစ်သက်ကြပေ။ ကယန်းဟု ခေါ်ခြင်းကိုသာ နှစ်သက်ကြသည်။ ကယန်းလထမျိုးနွယ်စုကို ဇယိမ် ဟုလည်း ခေါ်သည်။ ကယန်း၊ ဂေခို၊ ယင်းဘော်ဘာသာစကားတို့မှာ အနည်းငယ် ဆင်တူမှုရှိပြီး ဂေဘား၊ ပရဲ့၊ မနုမနော ဘာသာစကားတို့မှာလည်း တူညီနီးစပ်မှုများရှိကြောင်း သိရှိရသည်။ ယင်းတလဲလူမျိုးတို့ကို ယင်းတလိုင်း၊ ယန်းတလိုင်း ဟုလည်း ခေါ်ဝေါ်ကြသည်။ ယင်းတလဲဘာသာစကားသည် ကယားဘာသာစကားနှင့် အနည်းငယ်သာ ကွဲပြားကြောင်း သိရသည်။ လူမျိုးစုအလိုက်သုံးစွဲသည့် ဘာသာစကားကွဲပြားသော်လည်း အချင်းချင်း နားလည်ပြောဆိုနိုင်ကြသည်။

ကယားပြည်နယ်တွင် လွိုင်ကော်ခရိုင်နှင့် ဘောလခဲခရိုင် ဟူ၍ ခရိုင်နှစ်ခုရှိပြီး မြို့နယ် (၇)မြို့နယ်နှင့် ကျေးရွာအုပ်စုပေါင်း (၁၀၆)ခု ရှိသည်။[၂] လွိုင်ကော်သည် ကယားပြည်နယ်၏ မြို့တော် ဖြစ်သည်။ ကယားတို့သည် လွိုင်ကော်မြို့နယ်နှင့် ကယားပြည်နယ် အနှံ့အပြားတွင် နေထိုင်ကြပြီး ကယန်းနှင့် ယင်းဘော်တို့မှာ ဒီမော့ဆိုမြို့နယ်တွင် အများစုနေထိုင်ကြသည်။ မနုမနောနှင့်ပရဲ့တို့သည် ဖရူဆို မြို့နယ်၊ ယင်းတလဲတို့မှာ ဘော်လခဲမြို့နယ်နှင့် ဖားဆောင်းမြို့နယ်တို့တွင် အနေများသည်။ ဂေခို၊ ဂေဘားတို့သည် လွိုင်ကော်မြို့နယ်နှင့် ဒီမော့ဆိုမြို့နယ်တွင် အများစု နေထိုင်ကြောင်း သိရှိရသည်။ တိုင်းရင်းသားအချို့မှာ ရှမ်းပြည်နယ်ရှိ မိုးဗြဲမြို့နှင့် ဖယ်ခုံမြို့တို့တွင်လည်း နေထိုင်ကြောင်း တွေ့ရှိရသည်။ကယားပြည်နယ်တွင် ကယားတိုင်းရင်းသားများအပြင် ကရင်၊ ဗမာ၊ ရှမ်း၊ ပအိုဝ့်၊ အင်းသား စသော တိုင်းရင်းသားများလည်း အတူတကွနေထိုင်ကြသည်။ ရုံးသုံးစာသည် မြန်မာစာပင် ဖြစ်သည်။ မြို့နေတိုင်းရင်းသားများ၊ ကျောင်းသူ၊ ကျောင်းသားများနှင့် ခေတ်ပညာတတ်တို့မှာ မြန်မာစကား၊ မြန်မာစာကို ကောင်းမွန်စွာ တတ်မြောက်ကြသော်လည်း ကျေးလက်နေ ဒေသခံတိုင်းရင်းသားအချို့မှာ မြန်မာစကားလုံးဝမတတ်သူများရှိကြောင်း လေ့လာတွေ့ရှိရသည်။

---

[၁] *တိုင်းရင်းသားရိုးရာယဉ်ကျေးမှုလေ့ထုံးစံများ၊* ၁၉၆၇၊ ၁၉။

[၂] *Kayah state*.Retrieved May 5, 2018, fromhttp:// en.m. Wikipedia>kayah state.

စာအရေးအသားနှင့်ပတ်သက်၍ ဂေခိုနှင့်ဂေဘားလူမျိုးတို့တွင် ရောမအက္ခရာနှင့်ရေးသားသည့် စာအရေးအသား ရှိသည်။ အခြားမျိုးနွယ်စုတို့တွင် ကိုယ်ပိုင်စာပေမရှိပေ။ ကယားစာပေသည်လည်း ယခင်က ရောမအက္ခရာဖြင့် ရေးသားသော စာအရေးအသားသာ ရှိခဲ့သည်။ ထို့ကြောင့် ကယားတိုင်းရင်းသားပညာရှင်များနှင့် မြန်မာပညာရှင်တို့က ကယားစာပေအတွက် ကယားအက္ခရာ အသုံးပြုရေးသားနိုင်စေရန် ကြိုးစားတီထွင်ကြံဆခဲ့ကြသည်။

၁၉၅၁ ခုနှစ်တွင် ဒေါပီတရွာသား ခူးတူရယ်၏ အကူအညီဖြင့် သိပ္ပံဘထွေးက ကယားစာပေအတွက် ကယားအက္ခရာကို တီထွင်ခဲ့သည်။ မအောင်မြင်ခဲ့ပေ။ ၁၉၅၆ ခုနှစ်တွင် အင်းသားလူမျိုး ဦးအောင်မင်းက ထပ်မံတီထွင်ခဲ့သော်လည်း မအောင်မြင်ပြန်ပေ။ ထို့နောက် မော်လမြိုင်ဥပစာကောလိပ်တွင် အရှေ့တိုင်းဝိဇ္ဇာဘာသာရပ်အထူးပြုဖြင့် ပညာသင်ကြားခဲ့သော ဖရူဆိုမြို့နယ်၊ ကေးလျားကျေးရွာမှ စောပီတာခေါ် ခူးထဲဘူးဖဲက ထပ်မံတီထွင်ခဲ့သည်။ ဗြာဟ္မီအက္ခရာ၊ ဒေဝနာဂရီအက္ခရာနှင့် မြန်မာအက္ခရာတို့ကို အခြေခံပြီး တီထွင်ခဲ့သည့် ၎င်းကယားစာပေအက္ခရာကို ၁၉၆၄–၆၅ ခုနှစ်တွင် နိုင်ငံတော်အစိုးရထံ တင်ပြခဲ့သည်။ သို့သော် ခွင့်ပြုချက် မရရှိခဲ့ပေ။ ၁၉၇၃ ခုနှစ်တွင် ဖရူဆိုမြို့နယ်၊ မာခရော်ရှေ့ကျေးရွာမှ ခူးမီရယ်က ခူးထဲဘူးဖဲ၏ နည်းစနစ်ကိုယူကာ မြန်မာအက္ခရာကိုအခြေခံပြီး ကယားစာအရေးအသားကို ထပ်မံကြိုးပမ်းတီထွင်ခဲ့သည်။ အောင်မြင်မှုရရှိခဲ့ပြီး ထိုအက္ခရာကို နိုင်ငံတော်ကောင်စီက ၁၉၇၉ ခုနှစ်၊ မေလ ၃၀ ရက်၊ ရက်စွဲပါ စာအမှတ် (၂/၆.၅.၄နကစ)ဖြင့် အတည်ပြုပြဋ္ဌာန်းပေးခဲ့သည်။[၁]

ပညာရှင်တို့က ကယားစာအရေးအသားအက္ခရာကို တီထွင်ရာတွင် ဗြာဟ္မီအက္ခရာပွား မြန်မာအက္ခရာနှင့် ဒေဝနာဂရီအက္ခရာတို့ကို အခြေခံပြီး ကယားဘာသာစကားနှင့် ကိုက်ညီအောင် တီထွင်ခဲ့ကြခြင်း ဖြစ်သည်။ အက္ခရာပုံမှာ လေးထောင့်ဆန်သည်။ ရှေးမြန်မာအက္ခရာသည် ယခုကဲ့သို့ အဝိုင်း မဟုတ်ဘဲ လေးထောင့်ဆန်သည်ကို အတုယူကာ လေးထောင့်ဆန်ဆန် ပုံစံယူခဲ့ခြင်း ဖြစ်သည်။ မူလတီထွင်သူ ကြယ်ဖိုးကြီးနယ်၊ ကေးလျားရွာသား ခူးထဲဘူးဖဲကို ဂုဏ်ပြုသောအားဖြင့် ကယားအက္ခရာကို ကြယ်ဖိုးကြီးအက္ခရာဟုလည်း ခေါ်ကြသည်။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၈)ရက်နေ့တွင် ကြယ်ဖိုးကြီးအက္ခရာ အခြေခံကယားစာပေကို ကယားအမျိုးသားစာပေအဖြစ် ကယားပြည်နယ်လွှတ်တော်က အတည်ပြုခဲ့သည်။

---

[၁] *ကယားစာပေဖွံ့ဖြိုးတိုးတက်မှု*၊ ၂၀၁၈၊ ၂။

ကယားစာပေကို ကယားပြည်နယ်ရှိ အခြေခံပညာမူလတန်းကျောင်းများနှင့် စစ်ကိုင်းရှာသစ်ကြီး ပြည်ထောင်စုတိုင်းရင်းသားများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ကယား တိုင်းရင်းသားဘာသာ သင်ကြားရေး၌ ပြဋ္ဌာန်းစာအဖြစ် သတ်မှတ်သင်ကြားပေးလျက် ရှိသည်။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၉)ရက်တွင် သင်ရိုးညွှန်းတမ်းအသစ် (Grade 1, 2, 3)ကို ကယားအမျိုးသားစာပေနှင့် ယဉ်ကျေးမှုကော်မတီက ရေးဆွဲခဲ့ပြီး ကယားပြည်နယ် လွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးခဲ့သည်။[၁] ယခုအခါ ပြဋ္ဌာန်းစာအုပ်များ၊ ကယား ရိုးရာပုံပြင်များ၊ တေးသီချင်းများ၊ စကားပုံများ စသည့် စာအုပ်စာတမ်းများကို ကယားအက္ခရာဖြင့် ရေးသားပြုစုကာ ပုံနှိပ်ထုတ်ဝေနိုင်ပြီ ဖြစ်သည်။

ဤစာတမ်းတွင် လက်ရှိအသုံးပြုနေသည့် ကယားစာပေကို အခြေခံကာ ကယားစာအရေးအသားစနစ်ကို အရေးရုပ်သွင်လေ့လာမှုရှုထောင့်မှ တင်ပြသွားမည် ဖြစ်ပါသည်။

## ၂။ အရေးရုပ်သွင်လေ့လာမှုသဘောတရား

အရေးရုပ်သွင်လေ့လာမှုသည် ဘာသာဗေဒဆိုင်ရာ ပညာရပ်ခွဲတစ်ခု ဖြစ်သည်။ အရေးအသားနှင့် ပုံနှိပ်စာတို့တွင်အသုံးပြုသည့် သင်္ကေတများ၏စနစ်ကို လေ့လာခြင်း ဖြစ်သည်။ အရေးရုပ်သွင်လေ့လာမှုသည် အပြောဘာသာစကားကို အရေးအသား အဖြစ် အသွင်ကူးပြောင်းပေးသည့် ထုံးစံနည်းလမ်းများနှင့် သက်ဆိုင်သည်။ စာအရေးအသား စနစ်တစ်ခု၏ အခြေခံကျသော အစိတ်အပိုင်းများကို **အရေးရုပ်များ**[၂]ဟု ခေါ်သည်။[၃] အပြောဘာသာစကားကို ဘာသာဗေဒရှုထောင့်မှ လေ့လာသည့် **စကားသံဖွဲ့ပုံ လေ့လာမှု**[၄]တွင် အခြေခံအကျဆုံး အသေးဆုံး အသံအစိတ်အပိုင်းသည် **သံရင်း**[၅]များ ဖြစ်သည်။ အပြောဘာသာစကားရှိ သံရင်းတစ်ခုသည် အရေးအသားတွင် အရေးရုပ် တစ်ခု ဖြစ်လာသည်။ ဘာသာဗေဒလေ့လာမှုအရ သံရင်းကို ကိုယ်စားပြုသည့် အရေးရုပ်ကို လေ့လာခြင်းဖြစ်သောကြောင့် စာအရေးအသားစနစ်လေ့လာမှုကို ယခင်က Writing System ဟု ခေါ်ဆိုခဲ့ရာမှ Phonology နှင့်လိုက်ဖက်အောင် Graphology ဟု ပြောင်းလဲခေါ်ဆိုခဲ့ခြင်း ဖြစ်သည်။

---

[၁] *ကယားစာပေဖွံ့ဖြိုးတိုးတက်မှု*၊ ၂၀၁၈၊ ၂။

[၂] graphemes

[၃] *Definition and Discussion of Graphemics in Linguistics*. Retrieved may 11, 2018, from htpp://www.thoughtco.com>graphemics.

[၄] phonology

[၅] phoneme

အရေးရုပ်သွင်လေ့လာမှုကို ဘာသာဗေဒပညာရှင်အချို့က Graphemics ဟုလည်း ခေါ်ကြသည်။ Graphology ဟူသော ဝေါဟာရသည် စိတ်ပညာသုံး ဝေါဟာရဖြစ်ပြီး **လက်ရေးစာ** [၁] များကို လေ့လာ၍ ရေးသူ၏ စိတ်ပိုင်းဆိုင်ရာ သွင်ပြင်လက္ခဏာတို့ကို စိစစ်ဖော်ထုတ်သည့် ပညာရပ် ဖြစ်သည်။ ထို့ကြောင့် စာအရေးအသားလေ့လာမှုနှင့် မရောထွေးစေရန် သတိပြုသင့်ကြောင်း ဆွေးနွေးချက်များကိုလည်း လေ့လာတွေ့ရှိရသည်။ မည်သို့ဆိုစေ အရေးရုပ်သွင်လေ့လာမှု တစ်နည်း စာအရေးအသားစနစ်လေ့လာမှုသည် အပြောဘာသာစကားတစ်ခုရှိ စကားသံတို့ကို မျက်စိဖြင့်မြင်သာသည့် အရေးရုပ်များ၊ အရေးအက္ခရာများဖြင့် သင်္ကေတပြုကာ မည်သို့ရေးသားသည်ကို လေ့လာသည့် လေ့လာမှုပင် ဖြစ်သည်။

စာအရေးအသားစနစ်နှင့်ပတ်သက်ပြီး ဘာသာဗေဒပညာရှင်တို့က–

> "အရေးအသားသည် ဘာသာစကားမဟုတ်၊ မြင်သာသည့် အမှတ်အသားများဖြင့် ဘာသာစကားကို မှတ်တမ်းတင်သည့်နည်း ဖြစ်သည်။"[၂]

ဟုလည်းကောင်း၊

> "အရေးအသားပေါ် အခြေခံသည့် ဆက်သွယ်ရေးစနစ် အပေါင်းအစုကို အရေးဘာသာစကားဟု ခေါ်သည်။ အရေးဘာသာစကားတွင် ပါဝင်သော ၎င်း၏ဖွဲ့စည်းတည်ဆောက်မှု အဆင့်တစ်ဆင့်မှာ အရေးအသားစနစ် ဖြစ်သည်။"[၃]

ဟုလည်းကောင်း၊

> "အရေးအသားစနစ်ဆိုသည်မှာ အရေးဘာသာစကား တစ်ခုတွင် အများ သဘောတူ သတ်မှတ်ထားသော အရေးအက္ခရာ၊ အမှတ်အသားများကို အရေးသင်္ကေတများအဖြစ် စီစဉ်ထားသို အသုံးပြုမှုစနစ် ဖြစ်သည်။"[၄]

ဟုလည်းကောင်း၊

---

[၁] handwriting

[၂] Bloomfield, 1965, 21.

[၃] Gleason, 1967, 408.

[၄] အောင်မြင့်ဦး၊ မောင်၊ ၂၀၀၀၊ ၃။

> "အရေးအသားစနစ်၏ ယေဘုယျထူးခြားချက်မှာ **ဗျည်းသရအက္ခရာများ**[၁]၊ **ဝဏ္ဏသင်္ကေတများ**[၂]၊ **အမှတ်လက္ခဏာများ**[၃]ကဲ့သို့ **အမျိုးအစားများ**[၄] ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ပါဝင်နိုင်ခြင်း ဖြစ်သည်။ မည်သည့်အရေးအသားစနစ်တွင်မဆို အမျိုးအစား တစ်ခုထက် ပိုမိုပါဝင်နိုင်သည်။"[၅]

ဟုလည်းကောင်း၊ စာအရေးအသား၏ အရေးပါမှုကို–

> "စာအရေးအသားသည် ဘာသာစကားကို မှတ်တမ်းတင်ထားနိုင်ခြင်းကြောင့် အလွန်အရေးပါသော လူ့အသုံးအဆောင် ဖြစ်လာရသည်။ စကားသံမကြားနိုင်တော့ပြီဖြစ်သော အပြောတိမ် ဘာသာစကားများ (ပုံစံ ။ ရှေးဂရိဘာသာ၊ ပျူဘာသာ)၊ ပြောဆို သုံးစွဲနေသော ဘာသာစကား၏ အတိတ်ခေတ်သွင်ပြင်များ (ပုံစံ။ ဝိတိုရိယခေတ် အင်္ဂလိပ်ဘာသာ၊ ပုဂံခေတ် မြန်မာဘာသာ)ကို လေ့လာရာ၌ စာအရေးအသားကို များစွာ အားထားရသည်။ စာအရေးအသားသည် ဘာသာစကားကို အချိန်ကြာကြာခံအောင် နေရာဝေးဝေး ပျံ့နှံ့အောင် ပြုလုပ်နိုင်သည်။"[၆]

ဟုလည်းကောင်း အသီးသီး ဖွင့်ဆိုကြသည်။

ထို့အပြင် အရေးရုပ်သွင်လေ့လာမှုနှင့် ပတ်သက်၍လည်း–

> "ဘာသာစကားတစ်ခု၏ အရေးအသားစနစ်ကို လေ့လာရာတွင် writing system ဟူသော ဝေါဟာရအစား အသုံးပြုသော ပညာရပ်ဆိုင်ရာ ဝေါဟာရတစ်ခု ဖြစ်သည်။ ဘာသာဗေဒနယ်တွင် စကားသံဖွဲ့ပုံ လေ့လာမှုနှင့် ဆက်စပ်သည်။"[၇]

ဟုလည်းကောင်း၊

---

[၁] alphabet

[၂] syllabaries

[၃] logographies

[၄] categories

[၅] *writing system.*Retrieved May 5, 2018, from https://en.m.wikipedia.org>wikipedia>writing system.

[၆] ခင်အေး၊ ဦး၊ ၁၉၇၃၊ ၈၇။

[၇] Crystal, 2000, 176.

> "ဘာသာစကားလေ့လာမှု၏ ပညာရပ်ခွဲတစ်ခုဖြစ်ပြီး ဘာသာစကားတစ်ခုရှိ အပြောစကားများနှင့် အရေးအသားစနစ်တို့ကြားရှိ ဆက်သွယ်မှုသဘောများကို လေ့လာခြင်း ဖြစ်သည်။"[၁]

ဟုလည်းကောင်း၊

> "အရေးရုပ်သွင်လေ့လာမှုဟူသည် စာအရေးအသားစနစ်များနှင့် ၎င်းစနစ်တို့၏ အခြေခံအကျဆုံး အစိတ်အပိုင်းများဖြစ်သည့် အရေးရုပ်များကို လေ့လာသည့် ဘာသာဗေဒဆိုင်ရာ လေ့လာမှု တစ်ခု ဖြစ်သည်။"[၂]

ဟုလည်းကောင်း ဖွင့်ဆိုသတ်မှတ်ချက်များကို တွေ့ရသည်။

ထိုဖွင့်ဆိုချက်များအရ အရေးအသားစနစ်လေ့လာမှု ခေါ် အရေးရုပ်သွင်လေ့လာမှုသည် အပြောဘာသာစကားမှတစ်ဆင့် တိုးတက်ဖြစ်ထွန်းလာသည့် အရေးဘာသာစကားကို ဘာသာဗေဒနယ်ပယ်မှ လေ့လာသည့် လေ့လာမှုပင် ဖြစ်သည်။ လေ့လာရာ၌ အရေးအသားစနစ်တစ်ခုတွင် အရေးအစိတ်အပိုင်းများ အသုံးပြုပုံ၊ အစိတ်အပိုင်းများ၏ အရေအတွက်၊ အစိတ်အပိုင်းများ အချင်းချင်း ဆက်သွယ်ပုံ၊ ပေါင်းစပ်ပုံစနစ်များကို လေ့လာသည်။ အရေးအက္ခရာနှင့် စကားသံဆက်သွယ်မှု ပေါ်တွင် အခြေခံပြီး ကမ္ဘာ့စာအရေးအသားစနစ်များကို **စကားသံအခြေမပြုစနစ်**[၃] နှင့် **စကားသံအခြေပြုစနစ်**[၄] ဟု နှစ်မျိုး ခွဲခြားလေ့လာနိုင်သည်။ စကားသံအခြေမပြုစနစ်များကို အရေးအသားသမိုင်းခေတ်ဦးတွင် အဓိကတွေ့ရပြီး ယနေ့ခေတ်တွင်မူ စာအရေးအသားအများစုသည် စကားသံအခြေပြု အရေးအသားများ ဖြစ်ကြောင်း တွေ့ရပါသည်။ စကားသံအခြေပြု အရေးအသားများကို လေ့လာရာတွင် **ဝဏ္ဏစာအရေးအသားစနစ်**[၅]၊ **အက္ခရာစဉ်အရေးအသားစနစ်**[၆] **ဝဏ္ဏတစ်ပိုင်း အက္ခရာစဉ်တစ်ပိုင်း အရေးအသားစနစ်**[၇] ဟူ၍ (၃)မျိုး ခွဲခြားလေ့လာနိုင်သည်။

---

[၁] *GraphemicsDefinitionand Meaning.*Retrieved May 5, 2018, form https://www.collinsdictionary.com.

[၂] *Graphemics.*Retrieved May 5, 2018, form https:// en.m.wikipedia. org>wikipedia> graphemics.

[၃] *non-phonological system*

[၄] phonological system

[၅] syllabic writing system

[၆] alphabetic writing system

[၇] semi syllabic-semi alphabetic writing system

ဝဏ္ဏစာအရေးအသားစနစ်တွင် အရေးအက္ခရာများသည် ဝဏ္ဏသံကို ကိုယ်စားပြုသည်။ ဗျည်းသင်္ကေတ၊ သရသင်္ကေတဟု သီးခြားသတ်သတ်မှတ်မှတ် မရှိပေ။ အရေးအက္ခရာတစ်ခုသည် သရသံတစ်ခု သို့မဟုတ် ဗျည်းသရတွဲထားသည့် စကားသံစု တစ်ခုအတွက် ဖြစ်သည်။ အက္ခရာစဉ်အရေးအသားစနစ်တွင်မူ အရေးအက္ခရာတစ်ခုသည် သံရင်းတစ်ခုကို ကိုယ်စားပြုသည်။ ဗျည်းသင်္ကေတ၊ သရသင်္ကေတဟု သီးခြားသတ်သတ်မှတ်မှတ်ရှိပြီး သံရင်းများ တွဲဖွဲ့ထားသည့် ဝဏ္ဏများအတွက် ဗျည်းသရသင်္ကေတများကို စဉ်ပြီးရေးသည်။ အရေးအက္ခရာ နှစ်ဆယ်၊ သုံးဆယ်ခန့်ဖြင့် ဘာသာစကားတစ်ခုလုံးကို ရေးသားဖော်ပြနိုင်သောကြောင့် အလွယ်ကူဆုံး၊ အသုံးအများဆုံး အရေးအသားစနစ်လည်း ဖြစ်သည်။ ဝဏ္ဏတစ်ပိုင်း အက္ခရာစဉ်တစ်ပိုင်းအရေးအသားစနစ်မှာ ဝဏ္ဏစာအရေးအသားစနစ်၏သဘောနှင့် အက္ခရာစဉ် အရေးအသားစနစ်၏ သဘောလက္ခဏာများ ရောနှောပေါင်းစပ်နေသည့် အရေးအသားမျိုး ဖြစ်သည်။

အပြောဘာသာစကားကို အရေးအသားဖြင့် မှတ်တမ်းတင်ရာတွင် လူမျိုး အသီးသီးတို့သည် မိမိတို့ဘာသာစကား၏ သဘောသဘာဝနှင့် လိုက်ဖက်ကိုက်ညီမည့် အရေးအသား စနစ်များကို တီထွင်အသုံးပြုခဲ့ကြခြင်းသာ ဖြစ်သည်။ ထိုနည်းတူ ကယားတိုင်းရင်းသားတို့သည်လည်း ကယားစာအရေးအသား တီထွင်ရာတွင် မိမိတို့ ဘာသာစကားနှင့် ကိုက်ညီသည့် အရေးအသားစနစ်ကို တီထွင်အသုံးပြုခဲ့ကြမည်သာ ဖြစ်သည်။

ဘာသာစကားဟူသည် လူမျိုး၏ပုံရိပ်၊ ဘိုးဘွားအမွေအနှစ် ဖြစ်သောကြောင့် မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန် အရေးကြီးသည်။ ဘာသာစကား ထိန်းသိမ်းစောင့်ရှောက်ရေးတွင် စာအရေးအသားသည်လည်း အရေးပါသော ကဏ္ဍတစ်ရပ် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စာအရေးအသားမရှိသော ဘာသာစကားသည် ပျောက်ပျက်ရန် လွယ်ကူသောကြောင့် ဖြစ်သည်။ အရေးရပ်သွင် လေ့လာမှုသည် ရှိပြီးသား စာအရေးအသားများ၏ သဘောလက္ခဏာများနှင့် နည်းစနစ်များကို အများသိရှိနိုင်စေရန် လေ့လာဖော်ထုတ်ပေးနိုင်ရုံသာမက စာအရေးအသား မရှိသေးသော ဘာသာစကားများအတွက် စာအရေးအသား တီထွင်ရာတွင်လည်း များစွာအသုံးဝင်သော နည်းပညာတစ်ရပ်ဟု ဆိုနိုင်သည်။

## ၃။ ကယားစာအရေးအသားစနစ်ရှိ အက္ခရာသင်္ကေတများနှင့် ရေးသားပုံစနစ်

ကယားစာအရေးအသားစနစ်ကို တင်ပြရာတွင် ကယားစာအရေးအသားစနစ်ရှိ အက္ခရာသင်္ကေတများနှင့် သင်္ကေတများကို တွဲစပ်ပြီး စာရေးသားပုံစနစ် ဟူ၍ နှစ်ပိုင်း ခွဲခြားတင်ပြသွားပါမည်။

## ၃၊ ၁။ ကယားစာအရေးအသားစနစ်ရှိ အက္ခရာသင်္ကေတများ

ကယားစာအရေးအသားတွင် ဗျည်းသင်္ကေတများ၊ သရသင်္ကေတများ၊ တက်ကျသံသင်္ကေတများ၊ ကိန်းဂဏန်းသင်္ကေတများနှင့် အထွေထွေသင်္ကေတများကို စနစ်တကျ အသုံးပြုထားကြောင်း လေ့လာတွေ့ရှိရသည်။

### ၃၊ ၁၊ ၁။ ဗျည်းသင်္ကေတများ

ကယားစာအရေးအသားတွင် ဗျည်းသံ (၂၄)သံအတွက် ဗျည်းသင်္ကေတ (၂၄)ခု ရှိသည်။ ကယားဗျည်းသင်္ကေတ (၂၄)ခုမှာ အောက်ပါအတိုင်း ဖြစ်သည်။

**ကယားဗျည်းသင်္ကေတနှင့်အသံထွက်**

| | ၁ | ၂ | ၃ | ၄ |
|---|---|---|---|---|
| ၁ | ꤊ<br>/k/ | ꤋ<br>/kh/ | ꤌ<br>/g/ | ꤍ<br>/ŋ/ |
| ၂ | ꤎ<br>/s/ | ꤏ<br>/sh/ | ꤐ<br>/z/ | ꤑ<br>/ɲ/ |
| ၃ | ꤒ<br>/t/ | ꤓ<br>/th/ | ꤘ<br>/d/ | ꤔ<br>/n/ |
| ၄ | ꤕ<br>/p/ | ꤖ<br>/ph/ | ꤙ<br>/b/ | ꤗ<br>/m/ |
| ၅ | ꤛ<br>/j/ | ꤚ<br>/r/ | ꤜ<br>/l/ | ꤝ<br>/w/ |
| ၆ | ꤞ<br>/ʂ/ | ꤟ<br>/h/ | ꤠ<br>/v/ | ꤡ<br>/dʒ/ |

ကယားစာအရေးအသားစနစ်ရှိ ဗျည်းသင်္ကေတများကို လေ့လာကြည့်သောအခါ မြန်မာဗျည်းသင်္ကေတတို့နှင့် တူညီနီးစပ်မှုများရှိကြောင်း တွေ့ရသည်။ ‘ꤍ ၊ ꤎ ၊ ꤑ ၊ ꤔ ၊ ꤗ ၊ ꤚ’ သင်္ကေတတို့သည် ‘င၊ စ၊ ည၊ န၊ မ၊ ရ’ ဟူသော မြန်မာဗျည်းသင်္ကေတတို့နှင့် ထပ်တူနီးပါးတူသည်။ ခြားနားချက်မှာ /v/သံအတွက် အသုံးပြုထားသည့် ꤠ နှင့် /dʒ/သံအတွက် အသုံးပြုသည့် ꤡ သင်္ကေတတို့ ဖြစ်သည်။ မြန်မာဘာသာစကားတွင် /v/သံ မရှိ။ /b/သံသာ ရှိသည်။ ကယားဘာသာစကားတွင် ထိုဗျည်းသံ နှစ်သံလုံး ရှိသောကြောင့် ဗျည်းသင်္ကေတနှစ်ခု ကွဲပြားစွာ တီထွင်အသုံးပြု

ထားခြင်း ဖြစ်သည်။ မြန်မာစကားသံတွင် ဂျ /dʒ/သံ ရှိသော်လည်း အရေးအသား တွင် ကျ /tɕ/ကိုသာ အသုံးပြုသည်။ မြန်မာဗျည်းသင်္ကေတတွင် /tɕ/သံအတွက် ‘က’ ဗျည်းနှင့် ယပင့်၊ ရရစ် (ျ၊ ြ) သင်္ကေတကို တွဲစပ်သုံးသော်လည်း ကယား ဗျည်းတွင် /dʒ/သံအတွက် သင်္ကေတတစ်ခု သီးသန့်တီထွင်ထားကြောင်း တွေ့ရှိ ရသည်။

ကယားဘာသာစကားတွင် ဝဏ္ဏတစ်ခု၌ ဗျည်းတွဲ (၄)ခုအထိ ပါဝင်နိုင်သည်။ ထို့ကြောင့် ကယားစာအရေးအသားစနစ်တွင် ဗျည်းတွဲအဖြစ် အသုံးပြုသော ဗျည်း သင်္ကေတများ ရှိသည်။ အထက်တွင်ဖော်ပြခဲ့သော ဗျည်း(၂၄)လုံးသည် အစဗျည်းများ ဖြစ်ကြပြီး ဗျည်းတွဲအဖြစ် အသုံးပြုနိုင်သော ဗျည်းတို့မှာ ꤛ / j /၊ ꤚ / r /၊ ꤜ / l /၊ ꤝ / w /၊ ꤟ / h / တို့ဖြစ်သည်။ ထိုဗျည်း(၅)လုံးသည် ဒုတိယနေရာမှ တွဲနိုင်သော ဗျည်းများဖြစ်ပြီး တတိယနေရာတွင် ꤛ / j / နှင့် ꤝ / w /၊ စတုတ္ထနေရာတွင် ꤟ / h /သာ တွဲနိုင်သည်။ သို့သော် ရံဖန်ရံခါ ꤟ /h/ သည် တတိယနေရာ တွင်လည်း တွဲနိုင်ကြောင်း တွေ့ရသည်။

## ၃၊ ၁၊ ၂။ သရသင်္ကေတများ

ကယားစာအရေးအသားစနစ်တွင် သရသင်္ကေတ (၉)ခု ရှိသည်။ ၎င်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

**ကယားသရသင်္ကေတနှင့် အသံထွက်**

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
|---|---|---|---|---|---|---|---|---|
| ꤢ | ꤣ | ꤤ | ꤥ | ꤢꤦ | ꤢꤧ | ꤢꤨ | ꤢꤩ | ꤢꤪ |
| /a/ | /ə/ | /i/ | /o/ | /ɯ/ | /ɛ/ | /u/ | /e/ | /ɔ/ |

စာရေးသားရာတွင် ထိုသရသင်္ကေတ (၉)ခုကို ဗျည်းသင်္ကေတ တက်ကျသံ သင်္ကေတများနှင့် တွဲစပ်ကာ ကယားစာပေကို ရေးသားကြသည်။ ဗျည်းနှင့်သရ ယှဉ်တွဲကာ စာရေးသားပုံကို ပုံစံပြရလျှင်–

ꤢ꤭ꤒꤥ꤬/a˩to˧/ – မှန်သည် ꤚꤢ꤬ /ra˧/ – ရေးသည်

ꤥ꤭ /o˩/ – ရှိသည် ꤖꤛꤢꤩ꤬ /phje˧/ – အဖွား

စသည်ဖြင့် ရေးသားပုံမျိုး ဖြစ်သည်။

## ၃၊ ၁၊ ၃။ တက်ကျသံသင်္ကေတများနှင့် အသုံးပြုပုံ

ကယားဘာသာစကားတွင် တက်ကျသံ (၄)မျိုး ရှိသောကြောင့် ကယားစာ အရေးအသားစနစ်တွင် တက်ကျသံသင်္ကေတ (၄)မျိုး အသုံးပြုသည်။ တက်ကျသံ (၄)မျိုးမှာ **အမြင့်သံ** [၁]၊ **အလယ်မြင့်သံ** [၂]၊ **အလယ်သံ** [၃]၊ **အနိမ့်သံ** [၄] တို့ ဖြစ်သည်။ ထိုတက်ကျသံလေးမျိုးအတွက် အောက်ပါသင်္ကေတများကို အသုံးပြုသည်။

| **တက်ကျသံ** | **သင်္ကေတ** |
|---|---|
| အမြင့်သံ | –̣ |
| အလယ်မြင့်သံ | – |
| အလယ်သံ | ⊍̄ |
| အနိမ့်သံ | ⊔̄ |

တက်ကျသံသင်္ကေတများကို အသုံးပြုရာတွင် သက်ဆိုင်ရာသရ၏ အောက်တွင် ထား၍ အသုံးပြုသည်။ အလယ်မြင့်သံအတွက် တက်ကျသံသင်္ကေတ သီးခြားမရှိဘဲ သရသင်္ကေတတွင် ပါဝင်ပြီး ဖြစ်သည်။ ပုံစံပြရလျှင်–

ဧဲ့/ pɛ˥/ – အသည်

ဧဲ/ pe˦/ – အတွက်

လၯဲ့/ le˧/ – တောလည်သည်

လၯဲ/ le˩ / – ပြန်းတီးသည်

ဟု သုံးပုံမျိုး ဖြစ်သည်။

## ၃၊ ၁၊ ၄။ ကိန်းဂဏန်းသင်္ကေတနှင့် အထွေထွေသင်္ကေတများ

ကယားစာအရေးအသားတွင် အသုံးပြုသော သုညမှ ကိုးအထိ ကိန်းဂဏန်း သင်္ကေတများမှာ အောက်ပါအတိုင်း ဖြစ်သည်–

---

၁ high tone

၂ high level tone

၃ mid tone

၄ Low tone

| မြန်မာ | ၀ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
|---|---|---|---|---|---|---|---|---|---|---|
| ကယား | ꤀ | ꤁ | ꤂ | ꤃ | ꤄ | ꤅ | ꤆ | ꤇ | ꤈ | ꤉ |

ကိန်းဂဏန်းသင်္ကေတများကို အသုံးပြု၍ သင်္ချာအရေအတွက်များ ရေးသားရာတွင် မြန်မာစာအရေးအသားစနစ်ကဲ့သို့ပင် ဂဏန်းသင်္ကေတများကို စဉ်ပြီး '꤁꤀၊ ꤁꤁၊ ꤂꤀၊ ꤁꤀꤀' (၁၀၊ ၁၁၊ ၂၀၊ ၁၀၀) စသည်ဖြင့် ရေးသားသည်။

ဝါကျပြီးဆုံးကြောင်းပြ သင်္ကေတမှာ တစ်ချောင်းပုဒ် ' ၊ ' ဖြစ်သည်။ မြန်မာကဲ့သို့ နှစ်ချောင်းပုဒ် မဟုတ်ပေ။ ပုဒ်ဖြတ်၊ ပုဒ်ရပ်သင်္ကေတအဖြစ် ' –, '၊ မေးခွန်းဝါကျသင်္ကေတအဖြစ် ' ? 'ကို သုံးသည်။ သင်္ချာပညာရပ်ဆိုင်ရာ အပေါင်း၊ အနုတ် စသော သင်္ကေတများအဖြစ် '+ – x ÷ = ( ) ' စသည့် သင်္ကေတများကိုပင် သုံးစွဲသည်။

## ၃၊ ၂။ သင်္ကေတများတွဲစပ်ပြီး စာရေးသားပုံစနစ်

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကယားစာအရေးအသားစနစ်တွင် ဗျည်းသံရင်း၊ သရသံရင်းတစ်ခုစီကို ကိုယ်စားပြုသော အရေးအက္ခရာ တစ်ခုစီ ရှိသည်။ စာရေးသားရာတွင် ထိုအက္ခရာများကို ဗျည်းသရအစီအစဉ်ဖြင့် ရေးသားသည်။ မြန်မာမှာကဲ့သို့ ဗျည်းယှဉ်သရသင်္ကေတ မရှိပေ။ ဗျည်းနှင့်သရ တွဲစပ်ထားသည့် ဝဏ္ဏတစ်ခုကို ရေးရာတွင် ဗျည်းသရအစီစဉ်ဖြင့်သာ ရေးသည်။ သရသင်္ကေတကို ဗျည်းသင်္ကေတ၏နောက်တွင် တသမတ်တည်း စီစဉ်ရေးသားသည်။ ထို့ကြောင့် ကယားစာ အရေးအသားစနစ်သည် ကမ္ဘာ့စာအရေးအသားစနစ်များအနက် အက္ခရာစဉ် အရေးအသားစနစ်ပင် ဖြစ်သည်။ တက်ကျသံ အပြောင်းအလဲကို ဖော်ပြရန်အတွက် တက်ကျသံသင်္ကေတကို သရ၏အောက်တွင် ထားရေးသည်။ ပုံစံပြရလျှင် ꤘꤣ꤭ / va˧ /(ငါ)၊ ꤕꤤ꤭ / phɛ˧/ (အဖေ) စသည်ဖြင့် ရေးသားပုံမျိုး ဖြစ်သည်။

ဗျည်းတွဲပါသော စာလုံးကို ရေးသားရာတွင် 'အစဗျည်း၊ ယှဉ်တွဲဗျည်း၊ သရ' ဟူသော အစီအစဉ်ဖြင့် ရေးသည်။ ꤒꤛꤤ/ prɛ˥/ (ရှိသည်)၊ ꤟꤜꤟꤢ / mwi˧/ (နာမည်) စသည်ဖြင့် ရေးသားသည်ကို လေ့လာတွေ့ရှိရသည်။ မြန်မာစာအရေးအသားကဲ့သို့ ဗျည်းတွဲသင်္ကေတ သီးသန့် မရှိပေ။ အစဗျည်းအဖြစ် အသုံးပြုသော ꤚ /j /၊ ꤛ /r /၊ ꤜ /l /၊ ꤝ /w /၊ ꤞ /h / ဗျည်းသင်္ကေတ (၅)ခုကိုပင် ဗျည်းတွဲအဖြစ် အသုံးပြုသည်။

ကယားစာအရေးအသားစနစ်တွင် အရေးသင်္ကေတများကို စာလုံးအဖြစ် ဖွဲ့စည်းပြီးနောက် စာရေးသားရာတွင် အလျားလိုက် ဝဲဘက်မှ ယာဘက်သို့ ရေးသားသော စနစ်ကို အသုံးပြုသည်။

ကယားဝါကျရေးသားပုံကို ပုံစံပြရလျှင်–

- ဗဋ္ဌ ဋ္ဌ ဧဋ္ဌ၊

  / va˧ e˩ di˧ /

  ကျွန်တော် ထမင်းစားသည်။

- ဥ ဂ်ဲ ဥ နဟဋ္ဌ ဧရမှဲ ဧရဲ၊

  / a˩ phu˥ o˩ nje˧ prɛ˩ prɛ˥/

  သူ့မှာ ကလေးငယ်ရှိသည်။

- နမှဲရဋ္ဌ ဩမှဟဧအဋ္ဌဟဋ္ဌလှမှဥ လှဥဧလှဋ္ဌ မှမှဲ?

  / n̩ɛ˩ ra˧ dʒja˥ ka˩ ja˧ l̩i˩ li˩ plɔ˩ hɛ˧ /

  သင် ကယားစာ ရေးတတ်သလား။

ဤသို့ဖြင့် ကယားစာအရေးအသားစနစ်တွင် သင်္ကေတများကို စနစ်တကျ အသုံးပြုထားကြောင်း လေ့လာတွေ့ရှိရသည်။

## ခြုံငုံသုံးသပ်ချက်

အပြောစကားသာရှိပြီး အရေးအသား မရှိသေးသော ဘာသာစကားများအတွက် အရေးအသားစနစ် တီထွင်ဖန်တီးရခြင်းမှာ လွယ်ကူသောကိစ္စ မဟုတ်ပေ။ နှစ်ပေါင်းများစွာ ခွဲလုံ့လဖြင့် တီထွင်ဖန်တီးကြရသည်။ စာအရေးအသားစနစ် တီထွင်ရာတွင် ရှိနှင့်ပြီးသော ခိုင်မာသော အရေးအသားစနစ်များအနက် မိမိတို့နှင့် နီးစပ်ရာ၊ ကိုက်ညီရာ အရေးအသားတို့ကို နမူနာယူ၍ တီထွင်ဖန်တီးလေ့ ရှိကြသည်။ ရှေးမြန်မာတို့သည်လည်း မြန်မာစာအရေးအသားစနစ်ကို ဖန်တီးရာတွင် မိမိတို့နှင့် ယဉ်ကျေးမှုချင်း နီးစပ်သော မွန်တို့ထံမှ စာအရေးအသားကို နမူနာယူရသည်။ မွန်အက္ခရာသည် ဗြာဟ္မီအက္ခရာပွား ဖြစ်သောကြောင့် မွန်ကိုသာမက ဗြာဟ္မီမှ ဆင်းသက်လာသော ဒေဝနာဂရီ၊ ပျူစသော အရေးအသားများကိုလည်း လေ့လာခဲ့ကြသည်။ ထိုအရေးအသားများထဲမှ မိမိဘာသာစကားနှင့် ကိုက်ညီသည်ကိုယူပြီး အသစ်တီထွင်သင့်သည်ကို အသစ်တီထွင်ကာ မြန်မာစာအရေးအသားကို ဖန်တီးခဲ့ကြခြင်း ဖြစ်သည်။

ထိုနည်းတူ ကယားတိုင်းရင်းသားတို့သည်လည်း ကယားစာအရေးအသားကို တီထွင်ရာတွင် မြန်မာအက္ခရာ၊ ဒေဝနာဂရီအက္ခရာ အရေးအသားများနှင့် ၎င်းအက္ခရာများ မြစ်ဖျားခံရာ ဗြာဟ္မီအက္ခရာ အရေးအသားတို့ကိုပါ လေ့လာခဲ့ကြသည်။ ထို့နောက် မိမိတို့ဘာသာစကားနှင့် ကိုက်ညီသော အရေးအသားစနစ်တစ်ရပ်ကို တီထွင်ခဲ့ကြခြင်း ဖြစ်သည်။ ဤသို့တီထွင်ကြိုးပမ်းရာတွင် ၁၉၅၁ ခုနှစ်မှ စတင်ခဲ့ပြီး ၁၉၇၉ ခုနှစ်အထိ နှစ်ပေါင်း (၂၈)နှစ်တိုင် ကြာမြင့်ခဲ့ကြောင်း တွေ့ရသည်။

ကယားစာအရေးအသားစနစ်တွင် အသုံးပြုသည့် ဗျည်းသင်္ကေတ (၂၄)ခုသည် ကယားဘာသာစကားရှိ ဗျည်းသံ (၂၄)သံကို ကိုယ်စားပြုနိုင်သည်။ ကယားဘာသာစကားတွင် အဆုံးဗျည်းသံ မရှိသောကြောင့် အရေးအသားတွင်လည်း အဆုံးဗျည်းသင်္ကေတ မရှိပေ။ သရသင်္ကေတများမှာ လုံးချင်းသရသင်္ကေတများဖြစ်ပြီး မြန်မာမှာကဲ့သို့ ဗျည်းယှဉ်သရသင်္ကေတ မရှိပေ။ ဗျည်းနှင့်သရတွဲသော ဝဏ္ဏတစ်ခုကို ရေးသားလိုသည့်အခါ ဗျည်းကိုရှေ့ကထားပြီး သရကိုနောက်ကထားကာ စီစဉ်ရေးသားသည်။ အက္ခရာစဉ်အရေးအသားစနစ် ဖြစ်သောကြောင့် ရှင်းလင်းလွယ်ကူသည်ဟု ဆိုနိုင်သည်။ ဗြာဟ္မီမှ ဖြာထွက်လာသော မြန်မာအပါအဝင် အရှေ့တောင်အာရှရှိ အရေးအသားတို့တွင် ဗျည်းယှဉ်သရသင်္ကေတကို ဗျည်း၏ ထက်အောက်ဝဲယာတွင် ထားသည်။ ထိုနည်းကို ကယားအရေးအသားတွင် မယူဘဲ ဗျည်းသရအစီစဉ်ဖြင့် ရေးသားသည့် ဂရိ၊ လက်တင်တို့နည်းကို ယူခဲ့သည်။ ဤသို့

ယူသည်မှာလည်း ယခင်က ကယားစာပေကို ရောမအက္ခရာဖြင့် ရေးသားခဲ့ကြရာ အက္ခရာစဉ်အရေးအသားစနစ်နှင့် ကျွမ်းဝင်ပြီးဖြစ်သောကြောင့် ထိုနည်းကိုပင် ယူခဲ့ဟန်တူသည်ဟု ယူဆမိပါသည်။

ကယားစာအရေးအသားစနစ်တွင် ထူးခြားသည်မှာ အပြောစကားသံနှင့် အရေးအသား တူညီခြင်းပင် ဖြစ်သည်။ ရေးလိုသည့် စကားလုံးကို ဗျည်း၊ သရ၊ တက်ကျသံ ယှဉ်တွဲရေးသားလိုက်ရုံသာ ဖြစ်သည်။ 'ရေးတော့အမှန်၊ ဖတ်တော့အသံ' ဟူသော ကွဲပြားမှုမျိုး မရှိပေ။ သတ်ပုံအတွက် သီးသန့် မှတ်သားရန်မလိုဟု ဆိုနိုင်သည်။ ထို့ကြောင့် ကယားစာအရေးအသားသည် စနစ်ကျပြီး ရှင်းလင်းလွယ်ကူသော အရေးအသား စနစ်တစ်ရပ် ဖြစ်သည်ဟု သုံးသပ်လိုပါသည်။

## နိဂုံး

ဘာသာစကား ရေရှည်ရှင်သန်စေမှုနှင့် တည်ဆောက်မှုအဆင့်ကို နိုင်ငံရေးအဖွဲ့အစည်း၊ လူ့အဖွဲ့အစည်းတို့က ပညာရေးလုပ်ငန်းစဉ်၊ ဘာသာစကား ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်ကြရာတွင် တိုင်းရင်းသားစာပေများ ဖော်ထုတ်ပေးခြင်းသည်လည်း အရေးပါသော လုပ်ဆောင်မှုတစ်ခု ဖြစ်သည်။ ထို့ကြောင့် ဤစာတမ်းသည် မြန်မာတိုင်းရင်းသားဘာသာစကား၊ စာပေနှင့်ယဉ်ကျေးမှုထိန်းသိမ်းရေး၊ ပြန့်ပွားထွန်းကားစေရေးတို့အတွက် တစ်စိတ်တစ်ဒေသ အထောက်အကူပြုနိုင်မည်ဟု ယုံကြည်မိပါသည်။ ဤစာတမ်းပြုစုရာတွင် လိုအပ်သည်များကို ကူညီပေးသော ဦးခူးဖျားရယ် (နည်းပြ၊ သမိုင်းဌာန၊ လွိုင်ကော်တက္ကသိုလ်) နှင့် ဦးပလုရယ် (ဥက္ကဋ္ဌ၊ ကယားအမျိုးသားစာပေနှင့်ယဉ်ကျေးမှုကော်မတီ၊ လွိုင်ကော်မြို့)တို့ကို ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

# ကျမ်းကိုးစာရင်း


## မြန်မာဘာသာ

ကယားအမျိုးသားစာပေနှင့်ယဉ်ကျေးမှုကော်မတီ။ (၂၀၁၈)။ ***ကယားစာပေဖွံ့ဖြိုးတိုးတက်မှု***။ လွိုင်ကော်၊ ကယားအမျိုးသားစာပေနှင့်ယဉ်ကျေးမှုကော်မတီ၏ မှတ်တမ်းအတွက် ပြုစုသောစာတမ်း။

ခင်အေး၊ **ဦး**။ (၁၉၇၃)။ စာအရေးအသားစနစ်များ၏သဘောလက္ခဏာနှင့် မြန်မာစာအရေးအသားစနစ်၊ ***တက္ကသိုလ်ပညာပဒေသာစာစောင်*** (အတွဲ ၈၊ အပိုင်း ၄)။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

ဘရှင်၊ **ဦး**။ (၁၉၆၆)။ မြန်မာနိုင်ငံတိုင်းရင်းသားများ။ ***မြန်မာ့စွယ်စုံကျမ်း*** (အတွဲ ၁၀၊ ၁၃၁–၁၃၉)။ ရန်ကုန်၊ စာပေဗိမာန်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ။ (၁၉၆၇)။ ***တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ*** (ကယား)။ ရန်ကုန်၊ စာပေဗိမာန်။

အောင်မြင့်ဦး၊ မောင်။ (၂၀၀၀)။ ***ပုဂံခေတ်မြန်မာစာအရေးအသားစနစ်***။ ရန်ကုန်တက္ကသိုလ် မြန်မာစာပါရဂူဘွဲ့အတွက် တင်သွင်းသော ကျမ်း။

## အင်္ဂလိပ်ဘာသာ

Bloomfield, L. (1965). ***Language***. London: George Allen and Unwin Ltd.

Crystal, D. (2000). ***A Dictionary of Linguistics and Phonetics***. London: Blackwell Publishers Ltd.

*Definition and Discussion of Graphemics in Linguistics.* Retrieved may 11, 2018, from https://www.thoughtco.com>graphemics

Gleason, H. A. (1967). ***An introduction to descriptive linguistics.***New York: Holt, Rinehart & Winston Inc.

*Graphemics definition and meaning.* Retrieved May 5, 2018, from https://www.collinsdictionary.com.

Wikipedia. (2018). ***Wikipedia: Graphemics.***Retrieved May 5, 2018, from https:// en.m. wikipedia. org>wikipedia> graphemics.

Wikipedia. (2018). ***Wikipedia:Kayah state***. Retrieved May 5, 2018, from http;// en.m. Wikipedia> kayah state.

Wikipedia. (2018). ***Wikipedia:Writing system***. Retrieved May 5, 2018, from http;// en.m. Wikipedia> Writing system.

## ဖတ်ရှုလေ့လာသော စာအုပ်စာတမ်းများ


ကယားအမျိုးသားစာပေနှင့်ယဉ်ကျေးမှုကော်မတီ။ (၂၀၁၅)။ ***ကယားဘာသာစကား၏အခြေခံများ***။ လွိုင်ကော်၊ ကယားအမျိုးသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ၏ မှတ်တမ်းအတွက် ပြုစုသော စာတမ်း။

ကယားအမျိုးသားစာပေနှင့်ယဉ်ကျေးမှုကော်မတီ။ (၂၀၁၆)။ ***[illegible] Grade1, [illegible]***။ လွိုင်ကော်။

ခူးလုချေး၊ ကြယ်ဖိုးကြီး။ (၂၀၁၈)။ ***ကယားဆိုရိုးစကားနှင့် ရှေးဟောင်းဂန္ထဝင်တေးကဗျာများ***။ လွိုင်ကော်၊ ဒီးကူအသင်း။


## တွေ့ဆုံမေးမြန်းသူများ

ဦးခူးဖျားရယ် (နည်းပြ၊ သမိုင်းဌာန၊ လွိုင်ကော်တက္ကသိုလ်)

ကယားတိုင်းရင်းသား ကျောင်းသူ၊ ကျောင်းသားများ (လွိုင်ကော်တက္ကသိုလ်)

# တက္ကသိုလ်ဝင်းမွန်၏ ရသစာတမ်း ရေးဟန်

ဖြူဖြူငြိမ်းသွယ် *

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ကံ့ကော်မြိုင်စာတမ်းစာအုပ်တွင် တက္ကသိုလ်ဝင်းမွန် ရေးသားခဲ့သော 'ဆားဒယ်' ရသစာတမ်းကို လေ့လာထားသော စာတမ်း ဖြစ်ပါသည်။ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်ဖြစ်သော စာပေတန်ဖိုး မြင့်မားလာစေရန်နှင့်အတူ ရသစာပေတစ်ရပ်ကို ကိုယ်တိုင် ဖန်တီးချင်စိတ် ဖြစ်ပေါ်လာစေရန် ရေးဟန်ပညာရှုထောင့်မှ သုတေသနပြုကာ စနစ်တကျ ဖော်ထုတ်ထားခြင်း ဖြစ်ပါသည်။ လေ့လာရာတွင်လည်း ဦးစွာ စာရေးသူ၏ အတ္ထုပ္ပတ္တိ၊ ရသစာပေ၏ သဘောသဘာဝ၊ ရေးဟန်ပညာတို့ကို မိတ်ဆက်မျှ တင်ပြထားပါသည်။ ထို့နောက် စာရေးသူ၏ရေးဟန်ကို လေ့လာရာတွင် စာပေအသိ၊ စာသားအရိုပေါ် အခြေခံ၍ စကားအသုံးအနှုန်းဟန်၊ ဝါကျဖွဲ့ဟန်၊ စာပိုဒ်ဖွဲ့ဟန်၊ စာတစ်ပုဒ်လုံး၏ ထူးခြားသောဟန်များနှင့်အတူ ခြုံငုံသုံးသပ်ချက် ဟူ၍ ရေးဟန်ပေါ်လွင်စေရန် တစ်ဆင့်ပြီးတစ်ဆင့် တင်ပြထားပါသည်။ ဤသို့ လေ့လာခြင်းဖြင့် မြန်မာ့အမွေအနှစ် ထိန်းသိမ်းမှု၊ မြန်မာစာပေ ဖွံ့ဖြိုး တိုးတက်မှု၊ အကျိုးဖြစ်ထွန်းမှုတို့ကို ရည်ရွယ်ပါသည်။

**သော့ချက်ဝေါဟာရများ** – ***ရသစာတမ်း၊ ရေးဟန်ပညာ၊ စကားအသုံးအနှုန်း၊ ဝါကျဖွဲ့ဟန်၊ စာပိုဒ်ဖွဲ့ဟန်၊ ထူးခြားသောဟန်များ။***

## နိဒါန်း

ကံ့ကော်မြိုင်စာတမ်းစာအုပ်သည် ရန်ကုန်တက္ကသိုလ်နယ်မြေမှ စာရေးဆရာတို့၏ ဆန်းသစ်သော အနုပညာလက်ရာတစ်ခုပင် ဖြစ်သည်။ ကံ့ကော်မြိုင်စာတမ်းများသည် တစ်ချိန်က အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်တန်းများတွင် ပြဋ္ဌာန်းချက်အဖြစ် နေရာယူခဲ့သည်။ ယခုတိုင်တည်း နေရာယူထားဆဲပင် ဖြစ်သည်။ ဤသို့ စာဖတ်သူအများ၊ လေ့လာသူအများ၊ စာပေပညာရှင်အများ အစဉ်အဆက် နှစ်ခြိုက်လက်ခံလာကြသည်မှာ ကံ့ကော်မြိုင်စာတမ်းစာအုပ်တွင် ပါဝင်ရေးသားခဲ့ကြသော စာရေးဆရာတို့၏ ထူးခြားဆန်းသစ်သော ရေးဟန်နှင့် ခံစားမှုအတွေးအမြင်တို့ကြောင့်ပင် ဖြစ်ပါသည်။ ထိုစာရေးဆရာတို့အနက် တက္ကသိုလ်ဝင်းမွန်သည်လည်း တစ်ဦး အပါအဝင် ဖြစ်ပါသည်။ ကံ့ကော်မြိုင်စာတမ်းတွင် တက္ကသိုလ်ဝင်းမွန်၏ ဆန်းသစ်သော အရေးအသားကို ထူးခြားစွာ တွေ့ရှိရပါသည်။

---

* ဒေါက်တာ၊ လက်ထောက်ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

ဤကဲ့သို့ ကုံကော်မြိုင်စာတမ်းစာအုပ်မှ တက္ကသိုလ်ဝင်းမွန်၏ ရသစာတမ်း ရေးဟန်ကို ပြောဟန်၊ ရေးဟန်ပညာ နည်းနာနိဿယ အသုံးပြုပြီး သုတေသနပြု တင်ပြခြင်းဖြင့် မြန်မာစာပေ တိုးတက်မြင့်မားရေးအတွက် အထောက်အကူပြုနိုင် လိမ့်မည်ဟု ယုံကြည်မိပါသည်။

## ၁။ စာရေးသူ၏အတ္ထုပ္ပတ္တိ အကျဉ်းချုပ်

တက္ကသိုလ်ဝင်းမွန်ကို ၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ပဲခူး တိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ် ကမာစဲကျေးရွာနေ အဖ ဦးအောင်သန်းဝင်း၊ အမိ ဒေါ်သန်းကြည်တို့မှ ဖွားမြင်သည်။ အမည်ရင်းမှာ ဦးဝင်းမြင့် (ခေါ်) ဦးဝင်းဆွေ ဖြစ်သည်။

၁၉၅၆ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို ပဲခူးမြို့ အစိုးရအထက်တန်းကျောင်းမှ အောင်မြင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာသင်ယူခဲ့ရာ ၁၉၅၈ ခုနှစ်တွင် ဥပစာ အပိုင်း(ခ)တန်း၌ မြန်မာစာ ပထမ ရရှိပြီး ၁၉၅၉ ခုနှစ်တွင် သာဒိုးအောင်ဆုကို ရရှိခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် ဝိဇ္ဇာ(အထွေထွေဂုဏ်ထူးတန်း)ကို ဒုတိယတန်း၊ ပထမ အဆင့်မှ အောင်မြင်ပြီး မော်လမြိုင်ကောလိပ်၊ မြန်မာစာဌာနတွင် နည်းပြဆရာ အဖြစ် စတင်အမှုထမ်းသည်။

၁၉၈၀ ပြည့်နှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပီကင်းမြို့တော် နိုင်ငံခြား သိပ္ပံကျောင်း၌ ဧည့်ပါမောက္ခအဖြစ် ၂ နှစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလတွင် ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၌ တွဲဖက်ပါမောက္ခ၊ ဌာနမှူး တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် အငြိမ်းစားယူခဲ့သည်။ ဆက်လက်ပြီး ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန၌ ပါရဂူ သင်တန်းသားများကို စာပေပို့ချခဲ့သည်။

၁၉၅၉ ခုနှစ် မတ်လတွင် စာပေ စတင်ရေးသားခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ခေတ်သစ်ကဗျာ မိတ်ဖွဲ့စာအုပ်ဖြင့် အမျိုးသားစာပေ၊ စာပဒေသာဆုကို ရရှိခဲ့သည်။ ဂန္ထဝင်ဝတ္ထုများ၊ စွန့်စားခန်းများကို အောင်ခန့် ကလောင်အမည်ဖြင့် မြန်မာပြန်ဆို ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ရဲသွေးနီနီ ဘာသာပြန်ဝတ္ထုဖြင့် အမျိုးသားစာပေ၊ ဘာသာပြန်ဆုကို ရရှိခဲ့သည်။

တက္ကသိုလ်ဝင်းမွန်သည် ၁၀-၁၀-၂၀၁၇ အချိန်တွင် ကွယ်လွန်သည်။

## ၂။ အလေ့လာခံရသစာတမ်း အကျဉ်းချုပ်

ဆားဒယ် ရသစာတမ်းသည် (၁၉၆၄) ခုနှစ်၊ ကံ့ကော်မြိုင်စာတမ်းစာအုပ်ပါ ရသစာတမ်းများအနက် စာတမ်းတစ်စောင်ဖြစ်ပြီး စာရေးသူက သူ့ဘဝအကြောင်း တစ်စေ့တစ်စောင်းကို ဇာတ်ကြောင်းပြန်ထားသော ရေးဟန်ဟု ယူဆနိုင်ပါသည်။ စာရေးသူသည် ငယ်စဉ်က ဆားဒယ်စီး၍ ပျော်ခဲ့ရသည်။ ဆားဒယ်စီး၍ မြုပ်ခဲ့ ပေါ်ခဲ့ရသည်။ လူးခဲ့ လိမ့်ခဲ့ရသည်။ ချာချာလည်ခဲ့ရသည်။ သို့သော် ပျော်သည်။ ရွှင်သည်။ ကြည်နူးမိသည်။ အားမာန်အပြည့် ရှိသည်။ မိမိဆားဒယ်ကို ကျော်၍သွားသော ဖောက်တူလေ့များကိုလည်း အပြုံးမပျက် လက်ပြ၍ပင် နှုတ်ဆက်လိုက်သေးသည်။ စိတ်ဓာတ်မကျဘဲ မိမိရည်မှန်းရာ ပန်းတိုင်သို့ အရောက်သွားခဲ့သည်။ အချိန်တန် အရွယ်ရောက်၍ လူလားမြောက်သောအခါ ပညာအသင့်အတင့်ဖြင့် တာဝန်အဆင့်ဆင့်တို့ကို ထမ်းဆောင်ရပြန်သည်။ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် ရုန်းကန်လှုပ်ရှားရပြန်သည်။ ထိုကဲ့သို့ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင်လည်း မိမိနှင့် တန်းတူရည်တူ လုပ်ဖော်ကိုင်ဖက်များမှာ မိမိလောက် မကြိုးစား၊ မဆောင်ရွက်ပါဘဲနှင့် ရည်မှန်းချက် ပြည့်ဝ၍ အောင်မြင်မှုများ ရကြသည်။ ထို့ကြောင့်ပင် မိမိဘဝကို အလိုမကျ အားမရ ဖြစ်ခဲ့ရသလို မိမိကို ကျော်တက်သွားသူများကိုလည်း မကျေမနပ်ဖြစ်ခဲ့ရသည်။ ထိုအခါ ငယ်စဉ်က ဆားဒယ် စီးခဲ့ရသည်ကို တစ်စတစ်စ ပြန်မြင်ယောင်မိသည်။ သို့မှသာ အားသစ်တို့ ဝင်လာသည်။ စိတ်သစ်တို့ ဝင်လာသည်။ ကိုယ့်ဘဝကိုယ် အားမငယ်ဘဲ ရုန်းကန်ကြိုးစားတော့မည်ဖြစ်ကြောင်း ရေးဖွဲ့ထားပါသည်။

## ၃။ လေ့လာမှုနယ်ပယ်ကန့်သတ်ချက်

တက္ကသိုလ်ဝင်းမွန်သည် ကံ့ကော်မြိုင်စာတမ်းစာအုပ်တွင် 'ဗမာ့စွန်၊ မိဖြူ၊ ဆားဒယ်' ဟူ၍ ရသစာတမ်း (၃)ပုဒ် ရေးသားခဲ့သည်။ တက္ကသိုလ်ဝင်းမွန်၏ ရသစာတမ်း (၃)ပုဒ်အနက် 'ဆားဒယ်' ရသစာတမ်း တစ်ပုဒ်တည်းကိုသာ ရေးဟန်ပညာရှုထောင့်မှ လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။ ထိုသို့ တင်ပြရာတွင်လည်း စာပေအသိ၊ စာသားအရှိပေါ် အခြေခံ၍ စကားအသုံးအနှုန်းဟန်၊ ဝါကျဖွဲ့ဟန်၊ စာပိုဒ်ဖွဲ့ဟန်၊ စာတစ်ပုဒ်လုံး၏ ထူးခြားသောဟန်များနှင့် စာတစ်ပုဒ်လုံးအပေါ် သုံးသပ်ချက် ဟူ၍ ဦးတည်လေ့လာထားပါသည်။

## ၄။ ရေးဟန်

စကားပြေတစ်ခု၏ ရေးဟန်ကို လေ့လာရာတွင် ယင်းနှင့်တစ်သားတည်း ဆက်စပ်နေသည့် အကြောင်းအရာကိုပါ ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ တစ်ဖန် ရေးဟန်သည် စာရေးသူ၏ ခံစားမှု အတွေးအမြင် စသော စိတ်အစုတို့ကို အခြေခံ၍ ပေါ်ပေါက်လာခြင်း ဖြစ်၏။ စာရေးသူ၏စိတ်ကို အထင်းသား တွေ့မြင်နေရသည်။ ရေးဟန်ပညာနှင့် ပတ်သက်၍ ပါမောက္ခ လိ(ချ်)က–

> "ရေးဟန်ပညာဆိုသည်မှာ ဘာသာဗေဒပုံစံများနှင့် ရသစာပေဆိုင်ရာ ဆောင်ရွက်ချက်များကြားရှိ ဆက်နွယ်မှုကို လေ့လာသော ပညာကို ခေါ်ပါသည်။ ၎င်းကို ခံစားချက်ဆိုင်ရာများမှ လုံးဝကင်းလွတ်သွားသည်အထိ လျှော့ချလေ့လာရန်မှာ မဖြစ်နိုင်ပါ"[၁]

ဟု ဖွင့်ဆိုထားပါသည်။ ထို့အတူ ရေးဟန်၏ အဓိပ္ပာယ်ကို ရစ်ဒွန်ဟောက် အဘိဓာန်တွင်–

> "ရေးဟန်ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၏ ထူးခြားသော အပြော သို့မဟုတ် အရေးတွင် အတွေးများကို ဖော်ပြသည့် နည်းလမ်း"[၂]

ဟု လည်းကောင်း၊ ရေးဟန်ဟူသော ကျမ်းကို ပြုစုသူ လူးကပ်က–

> "ရေးဟန်ပညာသည် ရသစာပေတွင် ဘာသာစကားကို ရသတာဝန်အဖြစ် ဆက်စပ်အသုံးပြုပုံအား ရည်ရွယ်၍ လေ့လာသော ပညာရပ် ဖြစ်သည်။"[၃]

ဟု လည်းကောင်း၊ အလန်ဝါနာ[၄] က–

> "ရေးဟန်ဟူသည် တစ်စုံတစ်ဦး၏ အတွေးအခေါ်နှင့် ခံစားချက်ကို စကားလုံးများဖြင့် ဖော်ပြသော စာရေးခြင်း နည်းလမ်းတစ်ခု ဖြစ်ပါသည်။"[၅]

---

[၁] Leech,1990,4.

[၂] Random House, 1975.

[၃] Lucas, F.L, 1955, 10.

[၄] Alan Warner

[၅] Warner, Alan, 1961, 2.

ဟု လည်းကောင်း ဖွင့်ဆိုထားပါသည်။ ရေးဟန်နှင့် ပတ်သက်၍ ပညာရှင်အမျိုးမျိုး ရှုထောင့် အဖုံဖုံမှ ဖွင့်ဆိုခဲ့ကြသည်။

## ၅။ ရသစာတမ်း

ရသစာတမ်းသည် ပြင်သစ်နိုင်ငံတွင် ၁၆ ရာစုလောက်က စတင်ပေါ်ထွန်းလာသော စာပေတစ်ရပ် ဖြစ်သည်။ ပြင်သစ်ဘာသာဖြင့် essai ဟု အမည်တွင်ခဲ့သည်။ ထိုစာကို စတင်တည်ထောင်၍ အမည်ပေးခဲ့သူမှာ ပြင်သစ်စာရေးဆရာ မွန်တိန်း[၁] ဖြစ်သည်။ ရသစာတမ်းနှင့် ပတ်သက်၍ မွန်တိန်းက ဖွင့်ဆိုရာတွင်–

> "ရသစာတမ်းဟူသည် မရှည်လွန်းသော စာတမ်းကို ခေါ်သည်။ ပါဝင်သော အကြောင်းအရာများသည်လည်း အလေးအနက် ယုတ္တိနည်းကျကျ ဖွဲ့စည်းထားသော စာကြီးပေကြီးမျိုး မဟုတ်ပေ။ တွေ့ရကြုံရသော အပိုင်းအစများကို စုစည်းတင်ပြထားခြင်း ဖြစ်သည်"[၂]

ဟူ၍ ဖွင့်ဆိုထားပါသည်။ မြန်မာစာပေတွင် ရသစာတမ်းကို စာတမ်း၊ စာမွန်၊ စာတမ်း၊ စာတမ်းငယ်၊ အက်ဆေး၊ အစမ်းစာ စသည်ဖြင့် အမျိုးမျိုးခေါ်ဝေါ်ခဲ့ကြသည်။

မူလပြင်သစ်ဘာသာစကားဖြစ်သော essai မှ အင်္ဂလိပ်ဘာသာစကားတွင် essay ဖြစ်လာပြီးနောက် ထို essay ၏ အဘိဓာန်အနက်ဖြစ်သော စမ်းသပ်ခြင်း၊ စမ်းကြည့်ခြင်းတို့ကို အကြောင်းပြုလျက် မြန်မာစာပေတွင် အစမ်းစာဟု ခေါ်ခဲ့ပြီး တစ်စတစ်စ ဖွံ့ဖြိုးလာသော စာပေအဖွဲ့တစ်မျိုး ဖြစ်သည်။ ရသစာတမ်း ရေးဖွဲ့ရာတွင် အကြောင်းအရာထက် အကြောင်းအရာကို ပြောပြနေသည့် စာရေးသူနှင့် စာဖတ်သူတို့ စိတ်ချင်း တိုက်ရိုက်ထိတွေ့ဆက်သွယ်မှုကို အဓိကထား ရေးဖွဲ့တတ်ကြသည်။

---

[၁] Montaigne

[၂] Montaigne, Michel, de, 1580.

## ၆။ တက္ကသိုလ်ဝင်းမွန်၏ ရသစာတမ်းရေးဟန်

### ၆၊ ၁။ စကားအသုံးအနှုန်းဟန် လေ့လာချက်

စကားအသုံးအနှုန်းဟန် လေ့လာမှုသည် ရေးဟန်ဆိုင်ရာ လေ့လာမှုတွင် အဓိကအကျဆုံးအပိုင်း ဖြစ်သည်။ စာပေပုံသဏ္ဍာန်တစ်ရပ်တွင် ရေးဟန် ကောင်း မကောင်းကို စကားအသုံးအနှုန်းများက ဖော်ပြလျက်ရှိသည်။ စာပေကောင်းတစ်ခု ဆိုသည်မှာ စကားအသုံးအနှုန်းကောင်းခြင်းပင် ဖြစ်သည်။ စကားအသုံးအနှုန်း ကောင်းသည်နှင့်အမျှ ခံစားမှုကို ပုံဖော်နိုင်ပြီး ရေးဟန် ထင်ရှားလာမည်သာ ဖြစ်ပေသည်။

တေလာကယ်(လ်)ဝဲလ်[၁]၏ အဆိုတစ်ခုဖြင့် ပြရလျှင်–

> “စာကောင်းတစ်ခု၏ အနှစ်သာရဆိုသည်မှာ များသောအားဖြင့် တွေ့ရကြုံရသော အတွေ့အကြုံများကို ခံစားမှုအပြည့်ဖြင့် လတ်ဆတ်သော ဘာသာစကားကို အသုံးပြုလျက် သစ်လွင် သက်ဝင်သော နည်းလမ်းဖြင့် ဖော်ပြခြင်းပင် ဖြစ်သည်”[၂]

ဟု ဆိုထားပေသည်။

ထို့ကြောင့် စာကောင်းတစ်ခု၏ အနှစ်သာရဆိုသည်မှာ ဘာသာစကားကို ကောင်းစွာ ရွေးချယ်အသုံးပြုခြင်းပင် ဖြစ်သည်။ ဆားဒယ်ရသစာတမ်းမှ စကား အသုံးအနှုန်းဟန်ကို လေ့လာကြည့်လျှင် အကြောင်းအရာနှင့် လိုက်ဖက်ဆီလျော်ပြီး ရေးဟန်ကို ထင်ရှားစေသည့် အသုံးမျိုးကို တွေ့ရသည်။ ဦးစွာ လုံးချင်းအသုံးအနှုန်း များအဖြစ်–

- ဆားမြေ<u>တက်</u>ချိန် — စာပိုဒ် (၂)
- ဆားမြေ<u>ခြစ်</u>ချိန် — စာပိုဒ် (၂)
- ဆားတစ်ဒယ်<u>ကျ</u>တော့သည် — စာပိုဒ် (၂)
- အဆင်းလည်း <u>ခက်</u>သည်။ အတက်လည်း <u>ခက်</u>သည်။ — စာပိုဒ် (၅)
- ဆားဒယ်<u>မှောက်</u>မသွားရအောင် — စာပိုဒ် (၆)
- ဆားဒယ်စီး၍<u>ပျော်</u>ခဲ့ကြသည် — စာပိုဒ် (၈)

---

[၁] Caldwell.T

[၂] Caldwell.T, 1964, 22.

– တိမ်းမှာ စောင်းမှာ မှောက်မှာ အလွန်ပူရသည်။ စာပိုဒ် (၅)

စသည်ဖြင့် ဆားလုပ်ငန်းခွင်နှင့် ဆားဒယ်စီးခြင်းသရုပ်ကို လုံးချင်းအသုံးများဖြင့် ဖော်ထုတ်ပြလိုက်သောကြောင့် စာဖတ်သူ၏ စိတ်မျက်စိတွင် ထင်းခနဲ ရှင်းခနဲ မြင်ယောင်လာနိုင်သော ရေးဟန်ဟု ခေါ်ဆိုနိုင်ပေသည်။

ထို့ပြင် တွဲလုံးများအဖြစ်လည်း 'လှော်ခတ်၊ ညည်းတွား၊ အေးချမ်း' ဟူ၍ အဓိပ္ပာယ်တူ ကြိယာနှစ်လုံးကို တွဲထားသကဲ့သို့ ကြိယာတို့ကို နှစ်ထပ်ပြုခြင်းဖြင့် ကြိယာအထူးပြုများ ဖြစ်လာပုံမှာ–

"ဆားဒယ်စီးရသည်မှာ ပင်ပင်ပန်းပန်း ရှိလှသည်။" စာပိုဒ် (၅)

"ဟိုယိမ်းသည်ထိုး လှုပ်လှုပ်ရှားရှား လူးလူးလွန့်လွန့် ဖြစ်သေးသည်။" စာပိုဒ် (၅)

စသည်ဖြင့် ဆားဒယ်စီးရသည်မှာ ခက်ခဲပင်ပန်းလှကြောင်းကို တွဲလုံးများ၊ နှစ်ထပ် ပြုခြင်းဖြင့် ဝေဝေဆာဆာ ဖော်ပြလိုက်သောကြောင့် လှုပ်ရှားရုန်းကန်မှုသဘော ပါသော ဘဝအားမာန်ကို ပုံဆောင်နေသည့် ရေးဟန်ပင် ဖြစ်သည်။ ထိုကဲ့သို့ ဆားဒယ်စီးရသည်မှာ ခက်ခဲလှသော်လည်း ဖောက်တူများ၊ လှေကြီးလှေငယ်များကို စီးကြသူတို့မှာ–

"ရည်မှန်းရာသို့ ချောချောမောမော ဖြူးဖြူးဖြောင့်ဖြောင့် တန်းတန်းမတ်မတ် ရောက်သည်။" စာပိုဒ် (၅)

ဟူ၍ အနိမ့်အမြင့်မညီသော ဘဝအခြေနှစ်ခုကို ပေတံပြုကာ အတွဲလိုက်သုံးထားသော ကြိယာအထူးပြုများဖြင့် ဝေဝေဆာဆာ ဖော်ပြလိုက်သောကြောင့် ခွန်အားရှိသော ရေးဟန်ဟုပင် ဆိုချင်ပါသည်။

ထို့ပြင် ယေဘုယျသဘောမှ တဖြည်းဖြည်း ဝိသေသသဘောကို ဆောင်၍ စာဖတ်သူနှင့် ရင်းနှီးမှုရယူသော ရေးဟန်ကိုလည်းတွေ့ရသည်။ "လှည်း" သည် ယေဘုယျသဘောကို ဆောင်၍ 'နွားလှည်း' သည် ဝိသေသသဘောကို ဆောင်သည်။ ထိုထက် 'နွားလှည်းကြီး' က ပို၍ ဝိသေသသဘောကို ဆောင်သည်။ ထို့အတူ 'လူ၊ လူကြီး၊ သံဖြူဆရာကြီး ဦးလှ' စသည်ဖြင့် စာဖတ်သူ၏ စိတ်မျက်စိတွင် မြင်ယောင် လာစေရန် အနီးအဝေးသဘောကို ချိန်ဆ၍ ရေးဖွဲ့ထားသော ရေးဟန်ကို တွေ့ရသည်။ ထို့ပြင် နာမ်စကားလုံးများဖြစ်သော 'ဆားဒယ်၊ ရေ၊ အိမ်၊ ဖုံ၊ ခလောက်၊ ခြူ၊ လှေ၊ လှည်း' စသည့် အကောင်အထည်ပြစကားလုံးတို့က မြင်နိုင်စွမ်းကိုပေး၍ 'ခလောက်သံ၊ ခြူသံ၊ တကြော်ကြော်အော်ဟစ်၊ ဆူပူကြိမ်းမောင်း၊ တဝုန်းဝုန်း' စသည့် အသံ စကားလုံးတို့က ကြားနိုင်စွမ်းကို ပေးသည်။ ထို့ပြင် 'ဆင်း၊ တက်၊ တိမ်း၊ စောင်း၊

မှောက်၊ ချာချာလည်၊ ကြုံးယက်၊ တဝဲလည်လည်’ စသည့် ကြိယာစကားလုံးတို့က လှုပ်ရှားမှုကို မြင်ယောင်စေသည်။ ဤသို့ဖြင့် မြင်နိုင်စွမ်းကိုပေးသော အကောင်အထည်ပြ စကားလုံးများ [၁]၊ မြင်နိုင်စွမ်းကိုပေးသော အသံစကားလုံးများ [၂]၊ လှုပ်ရှားမှုကိုပြသော စိတ်လှုပ်ရှားမှုပြစကားလုံးများ [၃] ဖြင့် ဖျတ်ခနဲ ဖျတ်ခနဲ တစ်ကွက်ချင်း ရေးဖွဲ့သွားသောကြောင့် စာတစ်ပုဒ်လုံး အနိမ့်အမြင့် အဆုတ်အတက်နှင့် ခပ်ဆပ်ဆပ် မြူးမြူးကြွကြွရှိလှသော ရေးဟန်ကို ဆိုချင်ပါသည်။ အရပ်သုံးစကားများကို လေ့လာကြည့်လျှင်လည်း–

"သူတို့ကို ဝမ်းပန်းတသာအော်ဟစ်၍ နှုတ်ဆက်လိုက်ကြသေးသည်" စာပိုဒ် (၇)

ဟူသော ဝါကျတွင် ဝမ်းပန်းတသာ ဟူ၍ အရပ်သုံးစကားကို တိုက်ရိုက်သုံးစွဲလိုက်သောကြောင့် ရိုးသားပွင့်လင်းသော အသွင်၊ ရွှင်မြူးဝမ်းသာသော အသွင်တို့ကို ဖော်ဆောင်နေသည်။ ထို့အတူ ဆားဒယ်စီးရာတွင် မတော်တဆ မှောက်တတ်ကြောင်းကို ထင်ရှားစေရန် 'အခန့်မသင့်' ဟူသော အရပ်သုံးစကားကို သုံးထားသည်။ ထို့ပြင် ဆားဒယ်စီးရာ၌ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပြီး ဆန္ဒမစောသင့်ကြောင်းကို 'လောမကြီးနဲ့'ဟု အရပ်သုံးစကားကို တိုက်ရိုက်သုံးစွဲလိုက်သောကြောင့် တိုတို ရှင်းရှင်းနှင့် လိုရင်းကို ထိရောက်သော ရေးဟန်ဟု ဆိုချင်ပါသည်။

အပြောစကားနှင့် အရေးစကားတွင်လည်း အပြောစကားသည် တိုက်ရိုက်ကျပြီး အရေးစကားသည် ခံ့ထည်သည်။ သာမန်အားဖြင့် အပြောစကားကို ပြောဟန်ဟု သတ်မှတ်နိုင်ပြီး အရေးစကားကို ရေးဟန်ဟု သတ်မှတ်နိုင်သည်။ ရသစာတမ်းစာပေသည် စာရေးသူနှင့် စာဖတ်သူတို့အကြား ရင်းနှီးမှု ရရှိစေရန် ဆက်သွယ်ပေးလေ့ ရှိသည်။ ထို့ကြောင့်ပင် စာရေးသူ၏ ရင်းနှီးသော လေသံ [၄] ကို ကြားနေရသည်။ ရသစာတမ်းတစ်ပုဒ်ကို လေ့လာကြည့်လျှင်–

"ကျွန်တော်ဆိုချင်သော အရာမှာ ဤသို့ ဖြစ်သည်။ စာဖတ်သူ အနေဖြင့် မည်သို့မြင်ပါသနည်း။" စာပိုဒ် (၇)

ဟူသည့် စာရေးသူ၏ ရင်းနှီးသော လေသံမျိုးကို ကြားနိုင်ပေမည်။ ထို့ကြောင့် စာဟန်ကို ရှင်းလင်းစေရန်နှင့် မိမိ၏အတွေးအမြင်ကို ထင်ရှားစေရန် အပြောစကားများကို တိုက်ရိုက် အသုံးပြုကြသည်။ ထို့ပြင် အပြောစကားနှင့် အရေးစကားကို

---

[၁] concert word

[၂] sound word

[၃] emotive overtones

[၄] informal tone

ရောယှက်၍လည်း သုံးတတ်ကြသည်။ ဆားဒယ်ရသစာတမ်းကို လေ့လာကြည့်လျှင် တိုက်ရိုက်အပြောစကားများအဖြစ်–

> "မင်းက ရောက်လိုဇော အားကြီးပြီး သိပ်ကြုံးယက်တာကိုးကွ။ မှောက်မှာပေါ့။ ဖြေးဖြေးဟေ့ ဖြေးဖြေး။ လောမကြီးနဲ့။ ကိုယ့်ကိုယ်ကိုလဲ ထိန်းအုန်းကွ" စာပိုဒ် (၇)

ဟူ၍ စာဖတ်သူ စိတ်ဝင်စားမှုပိုလာစေရန် တိုက်ရိုက်ပြောစကားများဖြင့် ဆွဲဆောင်လိုက်သည်။ ထို့ကြောင့် စာဟန်မှာ သွက်လက်လာသည်နှင့်အမျှ ရေးဟန် ထင်ရှားလာသည်။

အထူးသဖြင့် ဆားဒယ်ရသစာတမ်းတွင် စာရေးသူသည် တိုတိုရှင်းရှင်းနှင့် လိုရင်းကို ထိရောက်စေမည့် စကားအသုံးအနှုန်းများကိုသာ ရွေးချယ်သုံးစွဲသွားသောကြောင့် စာတစ်ပုဒ်လုံး အစမှ အဆုံးတိုင် စာရေးသူနှင့် စာဖတ်သူတို့၏ အကွာအဝေးမှာ နီးနီးကပ်ကပ်ရှိနေပြီး ရယူသော ရေးဟန်ဟု ဆိုချင်ပါသည်။

## ၆၊ ၂။ ဝါကျဖွဲ့ဟန် လေ့လာချက်

ဝါကျသည် ဘာသာစကား၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ဘာသာစကားသည် ဝါကျဖွဲ့ပြီး သုံးမှသာလျှင် ပြီးမြောက်ပေသည်။ ထို့ကြောင့် ဝါကျသည် ဘာသာစကား၏ အခြေခံ ဖြစ်သည်။ ရေးဟန်တွင် စာပေကို ဘာသာစကားဖြင့် ဖွဲ့စည်းရသည်။ ဘာသာစကားကို အသုံးပြုရာတွင် ဝါကျရွေးချယ်မှု မတူခြင်းကြောင့် ဖြစ်သည်။ ဝါကျရွေးချယ်မှုဆိုသည်မှာ အကြောင်းအရာကို လိုက်၍ တင်ပြပုံ တင်ပြနည်း မတူညီခြင်းပင် ဖြစ်သည်။ တစ်နည်းအားဖြင့် စာရေးသူ၏ စေတနာဟုပင် ခေါ်ဆိုနိုင်ပေသည်။ ထို့ကြောင့် ဝါကျဖွဲ့ဟန်လေ့လာမှုသည် ရေးဟန်လေ့လာမှု၏ အစိတ်အပိုင်းတစ်ခုပင် ဖြစ်သည်။ ဆားဒယ်ရသစာတမ်းမှ ဝါကျဖွဲ့ဟန်ကို လေ့လာကြည့်လျှင်–

> "ဘယ်ညာမျှ၍ ထိန်းယက်နိုင်ပါမှ ဆားဒယ်သည် ဝဲကာ လည်ကာ ယိမ်းကာ ယိုင်ကာဖြင့် ရည်မှန်းရာသို့ တရွေ့ရွေ့ တဖြည်းဖြည်း ကွေ့၍ စောင်း၍ ရောက်သည်" စာပိုဒ် (၅)

> "မိမိရည်မှန်းရာသို့ မရောက်ခင် ဆားဒယ် မှောက်မသွားရအောင် ရည်မှန်းရာသို့လည်း ရောက်အောင် ဆားဒယ်ကို ယက်ရ လှော်ရသည်မှာ မလွယ်" စာပိုဒ် (၆)

ဟူ၍ ဝါကျရှေများဖြင့် အလျင်မပြတ် မြင်ကွင်းကို တစ်ဆက်တည်း မြင်ယောင်လာအောင် ရေးဖွဲ့သွားသကဲ့သို့ ဝါကျရိုးအသုံးများဖြင့်လည်း–

> "ကျွမ်းကျင်မှု လိုသည်။ ကိုယ်ကို တည်တည်ငြိမ်ငြိမ် ထားတတ်ဖို့ လိုသည်။ စိတ်ရှည်ဖို့ လိုသည်။ ခွဲကောင်းဖို့ လိုသည်။ လုံ့လရှိဖို့ လိုသည်။" စာပိုဒ် (၂)

ဟူ၍ အပြိုင်ဖွဲ့ကာ တစ်ချက်ပြီးတစ်ချက် ဖော်ပြသွားသောကြောင့် စာဖတ်သူ၏ စိတ်မျက်စိတွင် တစ်ကွက်ပြီးတစ်ကွက် ဖျတ်ခနဲ ဖျတ်ခနဲ ပုံပေါ်လာရသည်။ ဤသို့ဖြင့် စာပိုဒ်တစ်ပိုဒ် အတွင်းမှာပင် အလျင်မပြတ် မြင်စေလိုသော ဖြစ်ရပ်ကို ဝါကျရှေဖြင့် ဖော်ပြသွား၍ သွက်သွက်လက်လက် လျင်လျင်မြန်မြန် မြင်စေလိုသော အချက်များကို ဝါကျရိုးဖြင့် ရေးဖွဲ့သွားသောကြောင့် အကြောင်းအရာနှင့် လိုက်ဖက်ပြီး ထူးခြားကောင်းမွန်သော ရေးဟန်ဟု ဆိုချင်ပါသည်။ ထို့ပြင် အမေးဝါကျများဖြင့် အပြိုင်ဖွဲ့ကာ ရေးဖွဲ့သွားပုံမှာလည်း–

> "ငယ်စဉ်အခါကကဲ့သို့ သတ္တိမကောင်းတော့ပြီလော၊ ခွဲမကောင်းတော့ပြီလော။ ဆားဒယ်စီး၍ မပျော်နိုင်တော့ပြီလော။ ဤသို့ ကိုယ့်ကိုကိုယ် ကျွန်တော် ဆုံးမရသည်။" စာပိုဒ် (၁၁)

ဟူ၍ စာရေးသူသည် မိမိကိုယ်မိမိ ရောင့်ရဲဖြေသိမ့်သလိုလိုနှင့် စာဖတ်သူ၏ အတွေးကို လမ်းခင်းပေးထားသော ရေးဟန်ကို တွေ့ရသည်။

စာရေးသူသည် ကြိယာထောက်များကို အသုံးပြုပြီး ရည်ရွယ်ချက်ကို ပေါက်မြောက်အောင် ဖော်ထုတ်သွားပုံမှာလည်း–

> "ကောက်ရိုး ခြောက်ပွေ့၊ ခုနစ်ပွေ့ခန့် ကုန်လျှင်၊ ဆားတစ်ဒယ် ကျတော့သည်။" စာပိုဒ် (၂)
>
> "သူတို့တကြော်ကြော် အော်ဟစ်ခေါ်တော့သည်" စာပိုဒ် (၃)
>
> "ဖောက်တူနှင့် သွားစရာကိစ္စ သူတို့မှာ ပေါ်တော့သည်" စာပိုဒ် (၃)

ဟူ၍ 'တော့' ကြိယာထောက် [၁] ဖြင့် ရေးဖွဲ့သွားသောကြောင့် ပြီးဆုံးခြင်းသဘော၊ အလိုမကျသည့်သဘော ပေါ်လွင်နေသည်။ ထို့အတူ–

> "ဝေလီဝေလင်းတွင် နွားလှည်းကြီးများဖြင့် ထွက်သွားတတ်ကြသည်" စာပိုဒ် (၂)

---

[၁] auxiliary verb

"ညနေစောင်းတွင် နွားလှည်းကြီးများဖြင့်အပြည့် ဆားမြေများ တိုက်၍ လာတတ်ကြသည်" စာပိုဒ် (၂)

ဟူ၍ 'တတ်' ကြိယာထောက်ကို အသုံးပြုလိုက်သောကြောင့် လုပ်လေ့လုပ်ထရှိသော သဘောကို ပေါ်လွင်စေသည်။ ထို့ထက်ပို၍ ထင်ရှားသော ကြိယာထောက်မှာ 'ရှာ' ကြိယာထောက် ဖြစ်သည်။ သာဓကပြရလျှင်–

"လူတစ်ယောက်၏ ဝန်လောက်သာ ထမ်းနိုင်ရှာသည်။ လူတစ်ယောက် အပေါ်သို့ တက်မိသည်နှင့် ရေမျက်နှာပြင်ထက် သုံးလက်မခန့်သာ ခေါင်းဖော်နိုင်ရှာတော့သည်။" စာပိုဒ် (၅)

ဟူ၍ သက်မဲ့ကို သက်ရှိအသွင် သွေဖည်၍ 'ရှာ' ကြိယာထောက်ကို အသုံးပြု လိုက်သောကြောင့် စာဖတ်သူအနေဖြင့် ဆားဒယ်အပေါ် ကရုဏာသက်လိုစိတ်၊ သနား သည့်စိတ်တို့ ပေါ်ပေါက်လာစေရန် လှုံ့ဆော်ထားသော ရေးဟန်ဟု ဆိုချင်ပါသည်။ ထို့ပြင် ဝါကျတစ်ခုအတွင်း၌ပင် ဗျည်းအက္ခရာကို အလဲလဲအလှယ်လှယ် အသုံးပြု သွားပုံမှာလည်း–

"လှည်းတို့အစား လှေတို့ လူးလာနေပေပြီ" စာပိုဒ် (၁)

"ကိုယ့်အားကိုယ်ကိုး၍ ကိုယ့်လှေဖြင့် ကိုယ်ပျော်နိုင်သေးသည်" စာပိုဒ် (၁၁)

ဟူ၍ ပထမဝါကျတွင် 'လ' ဗျည်း (၄)လုံးဖြင့် ဖွဲ့သွားသကဲ့သို့ ဒုတိယဝါကျတွင် 'က' ဗျည်း အက္ခရာ (၅)လုံးဖြင့် အသုံးပြုသွားသည်ကို တွေ့ရသည်။

ထိုသို့ ဗျည်းတူအက္ခရာတို့ကို နီးနီးကပ်ကပ် မြိုင်မြိုင်ဆိုင်ဆိုင် အသုံးပြု သွားသောကြောင့် အသံချိုပြေမှုကို ဖြစ်စေပြီး စာဟန်ကို ပြေပြစ်ချိုသာစေပါသည်။ ဝါကျများကို ကတ္တားမြှုပ်၍ ရေးဖွဲ့သွားပုံမှာလည်း–

"တယက်ကန်ကန် ချွေးသံထွက်အောင် ကြိုးစားရသေးသည်။ ယက်ကန်ရ ပြန်သည်။ လော်ခတ်ရပြန်သည်။ ပျော်သည်။ ရွှင်သည်။" စာပိုဒ် (၉)

ဟူ၍ တွေ့ရသည်။ ကတ္တားမြှုပ်ရေးခြင်းသည် စာရေးသူအတွေးကို စာဖတ်သူ အနေဖြင့် ဝင်ပြီး ခံစားမိလာအောင် ရေးသားသည့် ရေးဟန်ဟု ဆိုနိုင်သည်။ ဝါကျ များကို အပြိုင်ဖွဲ့သွားပုံမှာလည်း–

"ကိုယ်ကို တည်တည်ငြိမ်ငြိမ် ထားတတ်ဖို့ လိုသည်။ စိတ်ရှည်ဖို့ လိုသည်။ ခွဲကောင်းဖို့ လိုသည်။ လုံ့လရှိဖို့ လိုသည်။" စာပိုဒ် (၆)

ဟူ၍ ပုံစံတူအပြိုင် ရေးဖွဲ့ထားသည်။ ဤသို့ဖြင့် ဆားဒယ်ကို စီးရာတွင် သတိ ဝီရိယ ရှိဖို့ လိုကြောင်း၊ စိတ်ရှည်ဖို့ လိုကြောင်း၊ ဇွဲကောင်းဖို့ လိုကြောင်းကို တိုက်တွန်း သတိပေးသော လေသံဖြင့် ဝါကျအဆုံးသတ်ပုဒ်များတွင် 'ဖို့လိုသည်၊ ဖို့လိုသည်' ဟူ၍ ပုံစံတူအပြိုင်အဖွဲ့ဖြင့် ပြလိုက်သောကြောင့် စာဟန်ချောမောပြေပြစ်ပြီး ဆိုလိုရင်းကို ထိရောက်ပေသည်။ ထို့အတူ စာပိုဒ်(၈)တွင်–

> "ရွာကိုခွာ၍ သူငယ်ချင်းများကို ခွဲ၍၊ ကျွန်တော်ထွက်လာခဲ့သည်မှာ ကြာပြီ"

ဟူ၍ ဟန်ချက်ညီဝါကျ[၁]ဖြင့် အစပျိုး ရေးဖွဲ့လိုက်ပြီးနောက်–

> "သို့သော် ရွာကို ကျွန်တော်မမေ့။ သူငယ်ချင်းများကိုလည်း ကျွန်တော်မမေ့။ သူတို့နှင့် ချောင်းရိုးတလျှောက် ဆားဒယ်စီး၍ ပျော်ခဲ့ကြသည်များကိုလည်း ကျွန်တော်မမေ့"

ဟူ၍ မမေ့နိုင်သော အတိတ်ဖြစ်ရပ်များကို ထင်ရှားပေါ်လွင်စေရန် 'ကျွန်တော်မမေ့' ဟု ဝါကျချင်း အပြိုင်ဖွဲ့ခဲ့သည်။ ထို့နောက်–

> "သို့သော် ရွာသို့ကား တစ်ခေါက်မျှပင် မရောက်နိုင်ခဲ့ သူငယ်ချင်းများနှင့်လည်း မတွေ့နိုင်ခဲ့"

ဟူ၍ လူ့လောက လူ့သဘာဝအရ ဖြစ်ချင်တိုင်း မဖြစ်ရ။ လုပ်ချင်တိုင်း မလုပ်ရသည့် သဘောကို အပြိုင်အဖွဲ့များဖြင့် နှောလိုက်သောကြောင့် စာဟန်ကို ညက်ညက်ညောညော ပြေဆင်းသွားစေပါသည်။ ထိုသို့ စာတစ်ပိုဒ်လုံးကိုပင် အပြိုင်အဖွဲ့များဖြင့် အလဲလဲအလှယ်လှယ် ရေးဖွဲ့သွားပြီး ပုံစံတူအပြိုင်အဖွဲ့ တစ်မျိုးနှင့်တစ်မျိုးကို 'သို့သော်' ဟူ၍ ဝါကျဆက်[၂] သမ္ဗန္ဓဖြင့် ချိတ်ဆက်လိုက်သောကြောင့် စာဖတ်သူ၏ စိတ်မျက်စိတွင် ရုပ်ရှင်ကားတစ်ကား ကြည့်ရသည့်နှယ် တစ်ကွက်ပြီးတစ်ကွက် မြင်ကွင်းကို ပြောင်းလဲသွားစေသည့် ချိတ်ဆက်ရေးဟန်[၃]ပင် ဖြစ်ပါသည်။

## ၆၊ ၃။ စာပိုဒ်ဖွဲ့ဟန် လေ့လာချက်

ဆားဒယ်ရသစာတမ်းသည် အခက်အခဲပေါင်းများစွာနှင့် လှုပ်ရှားရုန်းကန်နေရသော လူ့ဘဝ၊ အဆင့်အတန်း အနိမ့်အမြင့် မတူညီသော လူ့ဘဝကို ငယ်စဉ်အခါက

---

[၁] balance sentence

[၂] sentence linker

[၃] clipped style

ဆားဒယ်စီးရခြင်းနှင့် ပမာပြုကာ ရေးဖွဲ့ထားသော ရသစာတမ်းတစ်စောင် ဖြစ်သည်။ တင်ပြပုံအကြောင်းအရာ မတူညီသကဲ့သို့ စာပိုဒ်ဖွဲ့ဟန်လည်း မတူပေ။ စာပိုဒ်ဖွဲ့ခြင်းနှင့်ပတ်သက်၍ မယ်လင်(လ်)ဂျွန်[၁] ၏ အဆိုတစ်ခုဖြင့် ပြရလျှင်–

> "စာပိုဒ်ဖွဲ့ခြင်း၏ ရည်ရွယ်ချက်သည် စာဖတ်သူကို ကူညီရန် ဖြစ်သည်။ စာပိုဒ်သစ်တစ်ခုသည် စိတ်ကူးသစ်တစ်ခု ပြောင်းသွားသည် ဟူသော အချက်ကို ဖော်ပြနေသည်"[၂]

ဟု ဆိုထားပေသည်။ မှန်ပါသည်။ စာပိုဒ်တစ်ပိုဒ်စီသည် စာရေးဆရာ၏ စိတ်ကူးတစ်ခုစီကို ဖော်ဆောင်လျက် ရှိသည်။ တစ်မျိုးဆိုရသော် စိတ်ကူးတစ်ခုကို ပေါ်အောင် ဖော်ဆောင်နိုင်သော ဝါကျအစုအဝေးတစ်ခုပင် ဖြစ်သည်။ ထို့ကြောင့် စိတ်ကူးတစ်ခုကို ဖော်ဆောင်ရန်အတွက် ခေါင်းစဉ်တစ်ခု ရှိ၊ မရှိ လေ့လာသင့်ပေသည်။ ထိုအချက်ကို မယ်လင်(လ်)ဂျွန်ကပင်–

> "စာပိုဒ်တစ်ခုကို လေ့လာရာတွင် ခေါင်းစဉ်ဝါကျတစ်ခု ပါ မပါ လေ့လာသင့်သည်။ အကယ်၍ ခေါင်းစဉ်ဝါကျ မပါခဲ့လျှင် ဇဟိုပြုထားသော အတွေးအခေါ်သည် ခေါင်းစဉ်မပါဘဲ ရှင်း မရှင်းကို လေ့လာသင့်သည်"[၃]

ဟူ၍ အကြံပေးထားသည်။ ဆားဒယ်ရသစာတမ်းကို လေ့လာကြည့်လျှင် စာပိုဒ်ပေါင်း (၁၂)ပိုဒ် ဝါကျ (၁၄၉)ခုဖြင့် ဖွဲ့စည်းထားကြောင်း တွေ့ရှိရသည်။ စာပိုဒ် တစ်ပိုဒ်ချင်းစီအလိုက် အကြောင်းအရာ အချိတ်အဆက်မိမိ ရေးဖွဲ့သွားပုံကို လေ့လာတင်ပြပါမည်။

စာပိုဒ်(၁)တွင် ငယ်စဉ်အခါက ဆားဒယ်စီး၍ ပျော်ခဲ့ကြသည့်အကြောင်းကို ဝါကျ (၁၁)ခုဖြင့် ရေးဖွဲ့ထားသည်။ ဦးဆောင်ဝါကျအဖြစ် 'ငယ်စဉ်က ဆားဒယ်စီး၍ ပျော်သည်များကို––' ဟု အစပျိုးကာ စာပိုဒ်နိဂုံးဝါကျအဖြစ် 'ဆားဒယ်စီး၍ အပျော်ကြီး ပျော်ခဲ့ကြသည်' ဟု အဆုံးသတ်ထားသည်။ ထို့ကြောင့် စာပိုဒ်အစအဆုံးတိုင် အကြောင်းအရာနှင့် လိုက်ဖက်ပြီး ရည်ရွယ်ချက်ကို တိုက်ရိုက်ပို့ဆောင်နိုင်သော ရည်ရွယ်ချက်အလိုက် ရေးဟန်[၄]ပင် ဖြစ်သည်။

---

[၁] Mellie John

[၂] John, Mellie,1987.

[၃] Ibid.

[၄] modality

စာပိုဒ်(၂)တွင် ဆားဒယ်အသုံးဝင်ပုံနှင့် ဆားဒယ်ကို အနားမပေးဘဲ အလုပ်ခိုင်းကြပုံကို ဝါကျ (၁၄)ကြောင်းဖြင့် ဖော်ပြထားသည်။

စာပိုဒ်(၃)တွင် ဖောက်တူစီး၍ ပျော်ခွင့်မရဘဲ ဆားဒယ်စီး၍သာ ပျော်ခဲ့ရသောကြောင့် လူကြီးများအပေါ် အလိုမကျသည့်သဘောကို ‘ဗန်းစကား’[၁] အသုံးများဖြင့် ကလေးတို့သဘာဝအတိုင်း ထင်ပေါ်စေရန် ‘ဆော့လွန်းသည်။ ကမြင်းလွန်းသည်’ ဟု ခပ်ထေ့ထေ့ ငေါ့ငေါ့လေး ရေးဖွဲ့လိုက်သောကြောင့် ကလေးဘဝသရုပ်ကို ပီပြင်စေသည်။ စုစုပေါင်း ဝါကျ (၁၁)ခုဖြင့် ဖွဲ့စည်းထားပြီး ဦးဆောင်ဝါကျအဖြစ် ‘ကျွန်တော်တို့ရွာတွင် အိမ်တိုင်းလိုလိုပင် ဖောက်တူလှေများ ရှိကြပါသည်’ ဟူ၍ ရေးဖွဲ့ကာ နိဂုံးဝါကျအဖြစ် ‘ချောင်းရိုးတစ်လျှောက်၌ ကျွန်တော်တို့သည် ဖောက်တူစီး၍ ပျော်ခွင့်မရ’ ဟူ၍ ရေးဖွဲ့ထားသည်။

စာပိုဒ်(၄)တွင် ဆားဒယ်နှင့် ဖောက်တူတို့ စီးရပုံချင်း ကွာခြားပုံကို ဝါကျ (၁၂)ခုဖြင့် ရေးဖွဲ့ထားသည်။

စာပိုဒ်(၅)တွင် ဆားဒယ်စီးရသည်မှာ ခက်ခဲပုံကို ဝါကျ (၂၂)ခုဖြင့် ရေးဖွဲ့ထားပြီး ဦးဆောင်ဝါကျအဖြစ် ‘ဆားဒယ်စီးရသည်မှာ ပင်ပင်ပန်းပန်း ရှိလှသည်’ ဟုဆိုကာ နိဂုံးဝါကျအဖြစ် ဘယ်ညာမျှ၍ ထိန်းယက်နိုင်ပါမှ ဆားဒယ်မမှောက်ကြောင်းကို ဆိုထားသည်။ ထို့ကြောင့် စာပိုဒ်တစ်ပိုဒ်အတွင်း ဦးဆောင်ဝါကျနှင့် နိဂုံးဝါကျတို့ အချိတ်အဆက်မိသော ရေးဟန်ကို တွေ့ရသည်။

စာပိုဒ်(၆)တွင် ဆားဒယ်စီးသူတစ်ယောက်၌ ရှိသင့်ရှိထိုက်သော ပြင်ဆင်မှုများကို ဝါကျ(၈)ခုဖြင့် ရေးဖွဲ့အသိပေးထားသည်။

စာပိုဒ်(၇)အစတွင် ‘သို့သော်’ ဟူ၍ စာပိုဒ်ဆက် သမ္ဗန္ဓဖြင့် ချိတ်ဆက်လိုက်ပြီး ဆားဒယ်စီးရသည်မှာ ခက်ခဲပင်ပန်းလှသော်လည်း ဆားဒယ်စီး၍ ပျော်ခဲ့ကြကြောင်းကို ဝါကျ (၁၉)ခုဖြင့် ပုံဖော်ထားသည်။

စာပိုဒ်(၈)တွင် ‘ရွာကိုခွာ၍ သူငယ်ချင်းများကို ခွဲ၍’ ဟု အစပျိုးကာ ‘ကိစ္စများမြောင် လူတို့ဘောင်’ ဟူသော ဆိုရိုးစကားအတိုင်း မအားလပ်နိုင်သောကြောင့် ရွာသို့ မရောက်တော့ပုံကို အတွေးသစ်တစ်ခုပြောင်းကာ ဝါကျ (၇)ခုဖြင့် ရေးဖွဲ့လိုက်သည်။

စာပိုဒ်(၉)တွင် ဘဝလမ်းကြမ်းကို လျှောက်လှမ်းရသည်မှာ ဆားဒယ်စီးရသကဲ့သို့ ခက်ခဲပင်ပန်းလှကြောင်းကို ဝါကျ(၁၆)ခုဖြင့် ပုံဖော်ထားပေသည်။

---

[၁] slang

စာပိုဒ်(၁၀)တွင် 'သို့သော်' ဟူ၍ စာပိုဒ်ဆက်သမ္ဗန္ဓဖြင့်ပင် ဆက်လက်ရေးသားထားသည်။ ထို့နောက် မိမိဘဝသည် ရိုးသားကြိုးစားစွာဖြင့် ရုန်းကန်ရသော်လည်း အခြားသူများမှာ အလွယ်တကူ အောင်မြင်မှုရကြပုံကို ကြည့်၍ ငယ်စဉ်က ဆားဒယ်စီးခဲ့သည်များကို သတိရကြောင်းကို ဝါကျ (၇)ခုဖြင့် ဖော်ပြထားသည်။

စာပိုဒ်(၁၁)တွင် ဆားဒယ်စီးရစဉ်ကဲ့သို့ ပျော်ပျော်ပါးပါးနှင့် မကြောက်မရွံ့ အားမလျှော့ဘဲ မိမိဘဝကို ရပ်တည်သွားမည့်အကြောင်းကို ဝါကျ (၁၉)ခုဖြင့် ရေးဖွဲ့ထားသည်။

စာပိုဒ်(၁၂)တွင် ဝါကျ (၃)ခုဖြင့် 'ဘဝရေစီးကြောင်းတွင် ဆားဒယ်စီးရမည်ကို မကြောက်တော့ပြီ' ဟု ရေးဖွဲ့ထားပါသည်။

ဆားဒယ်ရသစာတမ်းမှ စာပိုဒ်ဖွဲ့ဟန်ကို လေ့လာကြည့်လျှင် စာပိုဒ် တစ်ပိုဒ်ချင်းစီအလိုက် စည်းလုံးမှုရှိခြင်း၊ အဖြစ်အပျက် အကြောင်းအရာ တစ်ခုကို ပုံဖော်နိုင်ခြင်း၊ အတွေးတစ်ခုစီကို ပုံဖော်နိုင်ခြင်း၊ စာပိုဒ် တစ်ပိုဒ်နှင့်တစ်ပိုဒ် အချိတ်အဆက်မိစွာ ရေးဖွဲ့နိုင်ခြင်းတို့ကို တွေ့ရှိရသည်။ ထို့ပြင် စာပိုဒ်တစ်ပိုဒ်ချင်းစီ၌ ဦးဆောင်ဝါကျနှင့် နိဂုံးဝါကျတို့ကို အဖွင့်အပိတ်ညီစွာ ရေးဖွဲ့ပြီး စာပိုဒ်အားလုံးပင် ခေါင်းစဉ်ကို ကိုယ်စားပြုဖော်ဆောင်သွားနိုင်ခြင်းကို တွေ့ရသည်။ အထူးသဖြင့် ရသစာတမ်းတစ်ပုဒ်လုံးတွင် စာရေးသူ၏ ရင်းနှီးသောလေသံကို အဆက်မပြတ် ကြားနေရခြင်းပင်ဖြစ်သည်။

ထို့ကြောင့် စာဖတ်သူသည် စာပေနှင့်လက်စုံကျကာ ဖတ်ရင်းရှုရင်း သိလိုစိတ်၊ ခံစားလိုစိတ်များ တိုးတိုးလာသည်နှင့်အမျှ စာရေးသူ၏ ရေးဟန်သည်လည်း တန်ဖိုးမြင့်လာရပါသည်။

## ၆၊ ၄။ စာတစ်ပုဒ်လုံး၏ ထူးခြားသောဟန်များ လေ့လာချက်

စာတစ်ပုဒ်လုံး၏ ထူးခြားသောဟန်များကို လေ့လာကြည့်လျှင် ဦးစွာ အများနှင့်မတူသော ထူးခြားသည့် အသုံးများကို တွေ့ရသည်။

"ဆားဒယ်မှာ ပက်ကလန်ကြီး ဖြစ်သည်" စာပိုဒ် (၅)

ဟု သုံးလိုက်သည့်အတွက် ရိုးရိုးရှင်းရှင်းနှင့် မြင်သာထင်သာစေရန် ရေးဖွဲ့သောဟန်ဖြစ်သည်။ ထို့အတူ စာပိုဒ်(၁၀) ဝါကျ(၅)တွင် 'စိတ်အားငယ်ခြင်း' ဟု မသုံးဘဲ

'စိတ်ဝမ်းငယ်ခြင်း' ဟု သုံးလိုက်သောကြောင့် စာဖတ်သူအနေဖြင့် ထူးခြားသောအသုံးနှင့်အတူ ရေးဟန်ကို အာရုံပြုမိလာစေသည်။

ထို့ပြင် နှစ်ထပ်ပြုစကားလုံးများဖြင့် အဓိပ္ပာယ် ဖော်ဆောင်သွားပုံမှာလည်း ဆားဒယ်ကို စီးရာတွင် အစီးမတတ်ပါက ဆားဒယ်နစ်မြုပ်တတ်ကြောင်းကို–

"မှောက်၍ မှောက်၍ သွားတတ်သည်" စာပိုဒ် (၆)

ဟု နှစ်ထပ်ပြုစကားလုံးကို သုံးလိုက်သောကြောင့် တစ်ခါတည်း ဆုံးဆုံးမြုပ် မှောက်သွားခြင်း မဟုတ်ဘဲ ခဏခဏ မှောက်လိုက် ပြန်ဆယ်လိုက် ပြန်စီးလိုက် သဘောသက်ရောက်သည်။ ထို့အတူ–

"ပန်းတိုင်သို့ဝင်၍ သွားကြသည်" စာပိုဒ် (၁၀)

ဟူသော ဝါကျတွင် နှစ်ထပ်ပြုစကားလုံးအသုံးက ပန်းတိုင်သို့ တစ်ဦးပြီးတစ်ဦး ဝင်ရောက်ခြင်း၊ တဖြည်းဖြည်းချင်း ဝင်ရောက်ကြခြင်း ဟူသော အဓိပ္ပာယ်ကို ဆောင်သည်။ ထို့ကြောင့် အသုံးထူးများက ရေးဟန်ထင်ရှားမှုသဘောကို ဆောင်၍ နှစ်ထပ်ပြုစကားလုံးများက အဓိပ္ပာယ်လေးနက်စေသော သဘောကို တွေ့ရသည်။

အသံတူစကားလုံးများကို နီးနီးကပ်ကပ် ရေးဖွဲ့သွားသောကြောင့် အသံချိုပြေမှု၊ စာဟန် ပေါ့ပါးမှုကို ဖြစ်စေပါသည်။ သာဓကပြရလျှင်–

> "ကိုယ်ရေးကိုယ်တာကိစ္စ၊ ဆွေရေးမျိုးရေးကိစ္စ၊ ရပ်ရေးရွာရေးကိစ္စ၊ သာရေးနာရေးကိစ္စ၊ ကိစ္စပေါင်း သောင်းခြောက်ထောင် ရှိသေးသည်။ လူ့ဘောင် လူ့အသိုင်းအဝိုင်းတွင် နေ၍ လူ့ကိစ္စများကို ရှောင်၍ တိမ်း၍ မရ" စာပိုဒ် (၂)

ဟူ၍ ဟန်ချက်ညီစွာ သံတူကပ်စကားလုံး[၁]များဖြင့် ရေးဖွဲ့သွားသောကြောင့် ကိစ္စများမြောင်သော လူ့ဘောင် လူ့လောကတွင် ချာချာလည်၍ မအားမလပ်ဘဲ ရှိနေပုံကို ထင်ရှားစေသော ရေးဟန်ပင် ဖြစ်သည်။ ထို့ပြင် အလေးပေးမှုသဘော၊ ထင်ရှားပြမှုသဘောပါသော သွေဖည်မှု အသုံးများကိုလည်း တွေ့ရသည်။ စကားလုံးများကို သုံးရိုးသုံးစဉ်မှ သွေဖည်ခြင်း[၂] သည် ပုံမှန်သဘောထက် ထင်ရှားပြမှုသဘောကို ဆောင်သည်။ ထိုကဲ့သို့သော အသုံးမျိုးကို ရှေ့ထွက်ပြမြင်ကွင်း[၃] ဟုလည်း ခေါ်ကြ

[၁] alliteration

[၂] deviation

[၃] foregrounded

သည်။ ဆားဒယ်ရသစာတမ်းတွင် ဆားဒယ်အပေါ် သနားသည့်စိတ်၊ ချစ်ခင်နှစ်သက်လိုသည့်စိတ်တို့ ပေါ်ပေါက်စေရန် ရေးဖွဲ့ထားပုံကို စာပိုဒ်ဖြင့် ပြရလျှင်–

> "ဆားဒယ်ကြီးများ အလုပ်စခန်းသည် မိုးတွင်းအခါ၌ သိမ်းပြီ။ အလုပ်အား၍ အနားယူပြီ။ ထမ်းစင်ပေါ်တွင် အမြိန့်သား ဇိမ်ခံနေပြီ။ သို့သော် ကျွန်တော်တို့က သူတို့ကို အနားမပေးနိုင်ပြီ။ ထမ်းစင်ပေါ်မှ သူတို့ကို အတင်းဆွဲခေါ်၍ ချောင်းရိုးတစ်လျှောက် အမှုထမ်းစေတော့သည်" စာပိုဒ် (၂)

ထိုသို့ ဆားဒယ်ကို အသုံးများကြသည်ဟု တိုက်ရိုက်မရေးဘဲ သက်မဲ့ဖြစ်သော ဆားဒယ်ကို သက်ရှိအသွင် သွေဖည်ကာ ရေးဖွဲ့လိုက်သောကြောင့် ဆားဒယ်အပေါ် အလေးပေးမှုသဘော ပေါ်လွင်ပေသည်။

ထို့အတူ ဝါကျအဆုံးသတ်ဝိဘတ် 'ပြီ' ဟူသော အသုံးကို အပြိုင်ဖွဲ့ကာ အဓိပ္ပာယ်ကိုပါ သွေဖည်လိုက်သောကြောင့် ဆားဒယ်ကို သက်ရှိလူနှင့် ထင်ယောင်ထင်မှား ဖြစ်စေသည်။ ထို့ပြင် 'အမြိန့်သားဇိမ်ခံနေ'၊ 'အတင်းဆွဲခေါ်'၊ 'အမှုထမ်းစေတော့သည်' စသည့် ဝိရောဓိအသုံးများက စာဖတ်သူ၏စိတ်ကို ပြုံးချင်စဖွယ် ဖြစ်အောင် နှိုးဆွထားသော ရေးဟန်ပင် ဖြစ်သည်။ ထိုကဲ့သို့ သွေဖည်ဝါကျများ၊ အပြိုင်အဖွဲ့များ၊ အဓိပ္ပာယ်သွေဖည်မှုများ၊ ဝိရောဓိအသုံးများဖြင့် ဆားဒယ်အပေါ် သနားလိုစိတ်၊ ချစ်ခင်လိုစိတ်၊ ပြုံးရွှင်ကြည်နူးလိုစိတ်များ တစ်စတစ်စ ယိုဖိတ်လာစေရန် ဆွဲဆောင်ရေးဖွဲ့သွားသော ရေးဟန်ကို တွေ့ရသည်။

စာတစ်ပုဒ်လုံးကို လေ့လာကြည့်လျှင် စာပိုဒ် (၁)မှ (၇)အထိ ငယ်စဉ်က ဆားဒယ်စီးခဲ့ရပုံအကြောင်းကိုသာ စာပိုဒ်ချင်း အချိတ်အဆက်မိမိ ရေးဖွဲ့သွားသည်ကို တွေ့ရသည်။ ထို့နောက် စာပိုဒ်(၈) အစတွင် 'ရွာကိုခွာ၍၊ သူငယ်ချင်းများကို ခွဲ၍' ဟု အစပျိုးကာ အချိန်တန် အရွယ်ရောက်၍ လူ့လောက ပတ်ဝန်းကျင်တွင် လူမှုကိစ္စများ ဆောင်ရွက်ရပုံကို စာပိုဒ်(၉)အထိ ရေးဖွဲ့ထားသည်။ ထိုသို့ ဘဝတွင် အခက်အခဲ အမျိုးမျိုးနှင့် ရိုးသားကြိုးစားစွာ အလုပ်တာဝန်တို့ကို ထမ်းဆောင်ခဲ့ပါသော်လည်း မိမိရည်မှန်းရာ ပန်းတိုင်သို့ ရောက်ခဲလှသည်။ မိမိနှင့် လုပ်ဖော်ကိုင်ဘက်အချို့မှာ မိမိလောက် မကြိုးစား မဆောင်ရွက်ပါဘဲ အောင်မြင်မှုများ ရကြသည်။ သို့အတွက် မကျေမနပ် အလိုမကျ ဖြစ်ခဲ့ရသည်။ ထိုအခါ ငယ်စဉ်က ဆားဒယ်စီးခဲ့ရသည့် အဖြစ်ကို ပြန်မြင်ယောင်မိသည်။ ငယ်စဉ်က ဖောက်တူစီး၍ မပျော်ခဲ့ရ။ ဆားဒယ်စီး၍သာ ပျော်ခဲ့ရပုံများကို သတိရလာသည်။ သို့မှသာ စိတ်ကျေနပ်မှု ရသည်။ ရောင့်ရဲမိသည်။ ကိုယ့်ဘဝကိုယ် အားမငယ်ဘဲ ရန်းကန်ကြိုးစားတော့မည်ဖြစ်ကြောင်းကို စာပိုဒ် (၃)ပိုဒ်ဖြင့် နိဂုံးချုပ်ထားသည်။

ထို့ကြောင့် ဆားဒယ်ရသစာတမ်းသည် စာတစ်ပုဒ်လုံး ခေါင်းစဉ်မှ ကင်းလွတ်မှု မရှိခြင်း၊ စာပိုဒ်ချင်း အချိတ်အဆက်မိခြင်း၊ စာပိုဒ် တစ်ပိုဒ်စီ၌ ဦးဆောင်ဝါကျနှင့် နိဂုံးဝါကျတို့ ရှိသကဲ့သို့ စာတစ်ပုဒ်လုံး၌လည်း ခေါင်းစဉ်၊ ဦးဆောင်စာပိုဒ်၊ စာကိုယ်၊ နိဂုံးစာပိုဒ်တို့ဖြင့် ပိုင်ပိုင်နိုင်နိုင် ရေးဖွဲ့ထားသောကြောင့် စာတစ်ပုဒ်လုံး စည်းရုံးမှုရှိပြီး ဆိုလိုရင်းကို ထိရောက်အောင်မြင်စွာ ဖော်ဆောင်နိုင်သော ရေးဟန်ပင် ဖြစ်ပါတော့သည်။

## ခြုံငုံသုံးသပ်ချက်

ဆားဒယ်ရသစာတမ်းကို လေ့လာရာတွင် စာပေအသိ စာသားအရှိပေါ်တွင်သာ အခြေခံ၍ လေ့လာဖော်ထုတ်ခဲ့ပါသည်။ လေ့လာရာတွင်လည်း စကားအသုံးအနှုန်း၊ ဝါကျဖွဲ့ဟန်၊ စာပိုဒ်ဖွဲ့ဟန်နှင့် စာတစ်ပုဒ်လုံး၏ ထူးခြားသောဟန်များ ဟူ၍ အစပျိုးခဲ့ပါသည်။

ဆားဒယ်ရသစာတမ်းသည် ကိစ္စများမြောင် ဤလူ့ဘောင်လောကတွင် အခက်အခဲ အမျိုးမျိုးနှင့် ရင်ဆိုင်ရပုံ၊ ရိုးသားကြိုးစားစွာ လုပ်ငန်းတာဝန်တို့ကို ထမ်းဆောင်ပါသော်လည်း ရည်မှန်းချက် မပြည့်ဝ ပန်းတိုင်သို့ ရောက်ခဲလှပုံတို့ကို ဖော်ပြထားသည်။ ထိုအခါ ကိုယ့်ဘဝကို အလိုမကျဖြစ်မိသည်။ ထိုမှ ငယ်စဉ်က ဆားဒယ်စီးခဲ့ရသည်ကို ပြန်မြင်ယောင်၍ ခွန်အားသစ်တို့ တိုးပွားလာရကြောင်းကို ဘဝအားမာန် ပေါ်လွင်စွာ ရေးဖွဲ့ထားသည်။

ထို့ကြောင့် သော့ချက်စကားလုံးအဖြစ် 'ဆားဒယ်' ဟူသော စကားလုံးကို (၃၇)ကြိမ် သုံးပြီး 'ဇောက်တူ' ဟူသော စကားလုံးကို (၁၃)ကြိမ် သုံးသည်။ စာဖတ်သူနှင့် ရင်းနှီးမှုကို ရယူသည့် 'ကျွန်တော်' ဟူသော နာမ်စားအသုံးကို (၃၄)ကြိမ် သုံးစွဲထားကြောင်းကိုလည်း တွေ့ရသည်။ စကားအသုံးအနှုန်းဟန်တွင်လည်း မြင်နိုင်စွမ်းကို ပေးသော အကောင်အထည်ပြ စကားလုံးများ၊ ကြားနိုင်စွမ်းကိုပေးသော အသံစကားလုံးများ၊ လှုပ်ရှားမှုကိုပြသော ကြိယာစကားလုံးများ၊ တိုက်ရိုက်ကျသော အပြောသုံး စကားများနှင့်အတူ ပွင့်လင်းထိရောက်သော အရပ်သုံးစကားဖြင့် အနိမ့်အမြင့် အဆုတ်အတက် အကွက်ကျကျ ခပ်ကြွကြွလေး ရေးဖွဲ့သွားသော ရေးဟန်ကို တွေ့ရသည်။

ဝါကျဖွဲ့ဟန်ကိုကြည့်လျှင် အလျင်မပြတ် မြင်ကွင်းကို ဝါကျရှေများဖြင့် ဖွဲ့ကာ တစ်ကွက်ပြီးတစ်ကွက် ဖျတ်ခနဲ ဖျတ်ခနဲ ပြလိုသည်များကို ဝါကျရိုးဖြင့် ရေးဖွဲ့သွားသည်။ စကားအသုံးအနှုန်းဟန်တွင်လည်း လုံးချင်းအသုံးများကြောင့်

စာဟန်ထိမိပြီး၊ တွဲလုံးများကြောင့် ရေးဟန်ကို ဝေဆာစေပါသည်။ ယေဘုယျအသုံးများဖြင့် သာမန်ဖော်ပြခြင်း၊ ဝိသေသအသုံးများဖြင့် ထင်ရှားဖော်ပြခြင်းတို့ကြောင့် စာပေ၏ အလင်းအမှောင်သဘော၊ အနီးအဝေးသဘောကို ပီပြင်စေပါသည်။ ထို့ပြင် အရပ်သုံးစကားများကို ကြားညှပ် သုံးစွဲသောကြောင့်လည်း ဆိုလိုရင်းကို သိလွယ်စေပြီး၊ ပါဠိသုံးစကားသည် စာဟန်ကို ခံ့ထည်စေသည့်အပြင် စာရေးသူ၏ ရင်းနှီးသော လေသံကိုလည်း မှန်းဆနိုင်ပါသည်။

ဝါကျဖွဲ့ဟန် လေ့လာမှုတွင်လည်း ကြိယာတစ်ခုတည်းပါသော ဝါကျရိုးအသုံးများဖြင့် တစ်ချက်ပြီးတစ်ချက် တင်ပြသွားမှုသည် စာဖတ်သူ၏ စိတ်မျက်စိတွင် တစ်ကွက်ပြီးတစ်ကွက် မြင်နိုင်သော တိုတိုရှင်းရှင်းရေးဟန်ပင် ဖြစ်သည်။ ဝါကျရိုးအသုံးများကြောင့် စာဟန်သွက်လက်စေပြီး၊ ဝါကျရောအသုံးများကြောင့်လည်း စာဟန်ကို ခံ့ထည်စေခဲ့ပါသည်။ ထို့ပြင် ဟန်ချက်ညီဝါကျများ၊ အပြိုင်ဝါကျများသည် စာဟန်ကို ညက်ညက်ညောညော ပေါ့ပါးစေသည်နှင့်အမျှ ဆိုလိုချက်ကို ထင်လင်းအောင် ဖော်ဆောင်နိုင်သော ရေးဟန်များအဖြစ် တွေ့ရပါသည်။ စာဖတ်သူနှင့် ရင်းနှီးမှုရှိစေရန်အတွက်လည်း အမေးဝါကျများ၊ အဆိုပြုဝါကျများ၊ အငြင်းဝါကျများကို အသုံးပြုသွားကြောင်း တွေ့ရှိရသည်။ ဝါကျများကို အဓိပ္ပာယ် မပြောင်းလွဲစေဘဲ တိုတိုရှင်းရှင်းဝါကျများကိုသာ ရွေးချယ်အသုံးပြုသွားကြောင်း တွေ့ရှိရသည်။ ထို့ပြင် ဝါကျ တစ်ကြောင်းနှင့်တစ်ကြောင်း သမ္ဗန္ဓများဖြင့် အချိတ်အဆက်မိစွာ ရေးဖွဲ့သွားခြင်းကြောင့် ပြေပြစ်မှုရှိသည်ဟု ဆိုချင်ပါသည်။

စာပိုဒ်တစ်ပိုဒ်ချင်းစီ၏ ရေးဟန်ကို လေ့လာကြည့်လျှင်လည်း ခေါင်းစဉ်နှင့် ကိုက်ညီပြီး မိုးရာသီ၏ သဘောကို ဖော်ဆောင်ထားသောကြောင့် တန်ပြန်အကျိုးသက်ရောက်သည့် ရေးဟန်ဟု ဆိုနိုင်ပါသည်။ ထို့ပြင် ရည်ရွယ်ချက်သို့ရောက်အောင် စာပိုဒ်ချင်း အချိတ်အဆက်မိစွာ ရေးဖွဲ့သွားကြောင့် စာဖတ်သူ၏အာရုံကို ဆွဲဆောင်နိုင်စွမ်းရှိသည့် ရေးဟန်ဟု ဆိုနိုင်ပါသည်။ စာတစ်ပုဒ်လုံး၏ ထူးခြားသော ရေးဟန်များကို လေ့လာကြည့်လျှင်လည်း သုံးရိုးသုံးစဉ်မှ သွေဖည်၍ ထင်ရှားပြမှုသဘောကို ဆောင်သော ရေးဟန်နှင့် လေးနက်မှုသဘောကိုဆောင်သော ရေးဟန်တို့ကို တွေ့မြင်ရသည်။ စကားလုံးများကို သွေဖည်လိုက်သောကြောင့် ရေးဟန်မှာ တစ်သမတ်တည်း တည်ငြိမ်မနေဘဲ မြုပ်လိုက်ပေါ်လိုက်သဘောကို သက်ရောက်ပေသည်။ ထို့နောက် ဝိရောဓိအသုံးများကြောင့်လည်း စာဟန်ကို မြူးကြွ၍ စာရေးသူ၏ သရော်တော်တော် လေသံကိုပါ ကြားနိုင်ပေသည်။ ဝါကျများကို ကတ္တားမြှုပ်ရေးဟန်၊ ဝါကျအဆုံးသတ်ဝိသတ် မြှုပ်ရေးသည့် ဝါကျကိုမူ တွေ့ရခဲပေသည်။ ဝါကျတစ်ခုတွင် ကြိယာမပါသော ဝါကျကို သွေဖည်ဝါကျဟု ခေါ်ပါသည်။ ဝါကျ သွေဖည်ခြင်းကိုပင် သဒ္ဒါ

သွေဖည်ခြင်းဟု ဆိုကြပြန်သည်။ တင်ပြလိုသည့်အရာမှာ ရေးဟန်တွင် သဒ္ဒါမြောက်ရေး၊ မမြောက်ရေးသည် အရေးမကြီးပေ။ ဘာသာစကားကို မည်ကဲ့သို့ ရွေးချယ်သုံးစွဲသောကြောင့် မည်မျှထိရောက်မှု ရှိသည်သာ အဓိကကျသည်ဟု ဆိုချင်ပါသည်။ ထို့ပြင် ဟန်ချက်ညီဝါကျများ အပြိုင်ဝါကျအဖွဲ့များက စာဟန်ကို ညက်ညော ပြေပြစ်သွားစေပါသည်။ ထို့အတူ စာပိုဒ်(၃) အဆုံးသတ်ဝါကျတွင်–

> "ချောင်းရိုးတစ်လျှောက်၌ ကျွန်တော်တို့သည် ဖောက်တူကို စီး၍
> ပျော်ခွင့်မရ။ ဆားဒယ်စီး၍သာ ပျော်ခဲ့ကြသည်"

ဟု အနက်နှစ်ခွထွက်သော အသုံးကို တွေ့ရသည်။ 'ဖောက်တူစီး၍ ပျော်ခွင့်မရ' ဟု ဆိုသည့်အတွက် 'ဖောက်တူမစီးရ' ဟုလည်းကောင်း၊ 'ဖောက်တူစီးရသော်လည်း မပျော်နိုင်' ဟုလည်းကောင်း အနက်နှစ်ခွ ထွက်လေသည်။ သို့သော် စာပိုဒ်၏ ဦးဆောင်ဝါကျတွင် 'အိမ်တိုင်းလိုလိုပင် ဖောက်တူလှေများ ရှိကြပါသည်' ဟု ဆိုထားသကဲ့သို့ 'ဖောက်တူကို လှော်၍ ပျော်ရသည်မှ မကြာသေး' စသော ဝါကျများကို ထောက်လျှင် 'ဖောက်တူကို လူကြီးများလစ်လျှင် စီးခွင့်ရကြသည်။ သို့သော် ကြာကြာမစီးရသဖြင့် မပျော်ခဲ့ကြ၊ ဆားဒယ်မှာမူ မိမိတို့စိတ်ရှိတိုင်း ကြာကြာစီးခွင့် ရှိသည့်အတွက် ပျော်ကြသည်။ ရှင်ကြသည်' ဟု ဆိုထားသော အနက်နှစ်ခွ ရေးဟန်ကို တွေ့ရသည်။

ဝါကျအဆုံးသတ်ပစ္စည်း [၁] များအဖြစ်လည်း 'သည်၊ ပြီ၊ သည်' တို့ကိုသာ အသုံးပြုသွားသည့်အတွက် အသံပြေပြစ်ချိုသာပေသည်။ သို့သော် ဝါကျအဆုံးသတ် ဝိဘတ်မြှုပ်၍ ရေးခြင်း၊ ဝါကျကို ရေးဟန်ဖြစ်သည်။ ထို့အတူ စာပိုဒ် (၁၁) နိဂုံးဝါကျတွင် 'အားမလျှော့ပြီ။ မဆုတ်နစ်ပြီ' ဟု ဝါကျအဆုံးသတ်ပစ္စည်း 'ပေ' အစား 'ပြီ' ကို သုံးလိုက်သောကြောင့် မလျှော့သော ဇွဲလုံ့လကို ပေါ်လွင်ပြီး အားမာန်ပိုရှိသွားသည်။ ထိုကဲ့သို့ မိမိ၏ ဆန္ဒအရှိအတိုင်းစွဲပြီး ရေးသော ရေးဟန်ကိုလည်း တွေ့ရပါသည်။

စာပိုဒ်တစ်ပိုဒ်ချင်းစီ၏ ရေးဟန်ကို လေ့လာကြည့်လျှင်လည်း 'ဆားဒယ်' ခေါင်းစဉ်နှင့် ကိုက်ညီပြီး လူ့ဘဝ၏သရုပ်ကို ဆားဒယ်စီးခြင်းဖြင့် ဖော်ထုတ်ထားသည့်အတွက် တန်ပြန်အကျိုးသက်ရောက်သည့် ရေးဟန်ဟု ဆိုနိုင်ပါသည်။ ထို့ပြင် စာပိုဒ် တစ်ပိုဒ်ခြင်းစီအလိုက် ဦးဆောင်ဝါကျ နိဂုံးဝါကျတို့ဖြင့် စည်းလုံးမှုရှိပြီး အတွေးကို ပုံဖော်ထားသောရေးဟန်ဟု ဆိုချင်ပါသည်။ စာပိုဒ် တစ်ပိုဒ်နှင့်တစ်ပိုဒ် အကြောင်းအရာ တစ်ခုနှင့်တစ်ခုကို အချိတ်အဆက်မိစွာ တစ်ချက်ပြီးတစ်ချက် ပုံဖော်

---

[၁] sentence final particle

ရေးပြသွားသောကြောင့် တိုတိုရှင်းရှင်းနှင့် လိုရင်းကို ထိရောက်သော ရေးဟန်ဟု ဆိုချင်ပါသည်။ စာတစ်ပုဒ်လုံး၏ ထူးခြားသောဟန်များကို လေ့လာကြည့်လျှင်လည်း အသုံးထူးများ၊ နှစ်ထပ်ပြစကားလုံးများဖြင့် သုံးရိုးသုံးစဉ်မှ သွေဖည်လိုက်သောကြောင့် ထင်ရှားမှုသဘောကိုဆောင်သော ရေးဟန်ဟု ဆိုချင်ပါသည်။ ထို့ပြင် စာပိုဒ်တစ်ပိုဒ်လုံးကို အနက်အဓိပ္ပာယ်မှ သွေဖည်လိုက်ခြင်း၊ ဝိရောဓိစကားလုံးများဖြင့် ပြုံးချင်စဖွယ်ဖွဲ့ခြင်း တို့က စာဟန်ကို မြူးကြွ၍ စာရေးသူ၏ သရော်တော်တော် လေသံကိုပါ မှန်းဆနိုင်ပါသည်။ အထူးသဖြင့် စာတစ်ပုဒ်လုံးအစမှ အဆုံးတိုင် စည်းလုံးညီညွတ်မှု ရှိပြီး ရည်ရွယ်ချက်ကို ပေါက်မြောက်အောင် ဖော်ဆောင်နိုင်သော ရေးဟန်ဟု ဆိုချင်ပါသည်။

ထို့ကြောင့် စာရေးသူသည် စာတစ်ပုဒ်လုံးတွင် အတွေးကို ရောင်ပြန်ဟပ်သော ရေးဟန်[၁]၊ သရုပ်ဖော် (ဖြစ်စဉ်ပြ)ရေးဟန်[၂] တို့ဖြင့် ခံစားချက်ကို ပုံဖော်ကာ ရေးဖွဲ့သွားသည်။ အထူးသဖြင့် ဆားဒယ်သည်ပင် ဘဝ၏နိမိတ်ပုံ ဖြစ်သည်။ 'ဆားဒယ်စီးသောအခါ ကိုယ်ကို တည်တည်ငြိမ်ငြိမ် ထားရသည်။ စိတ်ရှည်ရသည်။ ဇွဲကောင်းရသည်။ တပျော်တပါးပင် နှုတ်ဆက်လိုက်သေးသည်။ ထို့အတူ သုခ၊ ဒုက္ခများယှဉ်တွဲနေသော လူ့ဘောင် လူ့လောကကြီးတွင်လည်း လောကဓံကို ကြံ့ကြံ့ခံပြီး ရင်ဆိုင်ရာတွင် စိတ်ရှည်ရမည်၊ ဇွဲသန်ရမည်။ မိမိနှင့် လုပ်ဖော်ကိုင်ဖက်များမှာမူ မိမိလောက် မကြိုးစား မလုပ်ကိုင်ပါဘဲနှင့် အောင်မြင်မှုများရသည်ကို မနာလို မရှုစိတ် မဖြစ်တော့ပေ။ လောဘ၊ ဒေါသတို့ကို ထိန်းချုပ်ပြီး လောကဓံကို ရင်ဆိုင်သွားတော့မည်' ဟု ဘဝ၏နိမိတ်ပုံကို စာပန်းချီချယ်ထားသော ရေးဟန်ဟုပင် ဆိုချင်ပါသည်။ ထို့ပြင် 'ဆားဒယ်' သည် လူတစ်ယောက်သာ စီးနိုင်သည်။ ထိုနည်းတူ သံသရာလမ်းကို လျှောက်လှမ်းရာတွင်လည်း တစ်ယောက်တည်းသာ လျှောက်လှမ်းရမည်။ ထိုအခါ သံသရာဝဲဂယက်မှ လွဲထွက်နိုင်ဖို့အတွက် စိတ်ရှည်ရမည်၊ ဇွဲသန်ရမည်။ သို့မှသာ သံသရာတစ်ဖက်ကမ်းရှိ နိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်မည်ဖြစ်ကြောင်းကို ဖော်ညွှန်းထားပါသည်။ ထို့ကြောင့် တရားသဘော သက်ရောက်သော ရေးဟန်ဟုလည်း ဆိုချင်ပါသည်။

အထူးခြားဆုံးမှာ စာရေးသူသည် စာပိုဒ်တစ်ပိုဒ်၏အစကို စာပိုဒ်အဆုံးတွင် ပြန်ကောက်ခြင်း၊ စာတစ်ပုဒ်လုံး၏ အစကို စာတစ်ပုဒ်လုံး အဆုံးတွင် ပြန်ကောက်၍ ရေးသားခြင်းပင် ဖြစ်သည်။ ထိုကဲ့သို့သော အရေးအသားကို 'ဝလုံး' ရေးဟန်ဟု ပညာရှင်များ ဆိုမိန့်ကြသည်။

---

[၁] reflective style

[၂] narrative style

ထို့ကြောင့် ဆားဒယ်ရသစာတမ်းမှ ရေးဟန်ကို လေ့လာဖော်ထုတ်ရာတွင် စာပေအသိ၊ စာသားအရှိမှသာ လေ့လာဖော်ထုတ်ခဲ့သော်လည်း လေ့လာရင်း ဖော်ထုတ်ရင်းဖြင့်ပင် စာရေးသူ တက္ကသိုလ်ဝင်းမွန်၏ အသံ၊ တက္ကသိုလ်ဝင်းမွန်၏ ဟန်တို့ကို ကြားယောင် မြင်ယောင်လာရပါသည်။ ဤအချက်မှာ ရေးဟန်ပညာ၏ လျှို့ဝှက်ချက် တစ်ခုပင် ဖြစ်ကြောင်း ဆိုချင်ပါတော့သည်။

## နိဂုံး

ကံ့ကော်မြိုင်ရသစာတမ်းစာအုပ်မှ တက္ကသိုလ်ဝင်းမွန်၏ ရသစာတမ်းရေးဟန်ကို ရေးဟန်ပညာရှုထောင့်မှ လေ့လာတင်ပြခဲ့ပါသည်။ ထိုသို့ လေ့လာကြည့်ရာတွင် တက္ကသိုလ်ဝင်းမွန်၏ ရေးဟန်မှာ စကားလုံးများကို သူ့နေရာနှင့်သူ ရွေးချယ်သုံးစွဲသွားသော ရေးဟန်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဤသို့ လေ့လာခြင်းဖြင့် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာဘာသာစကား အကျိုးဖြစ်ထွန်းမှုတို့အတွက် မျှော်မှန်းမိပါသည်။

# ကျမ်းကိုးစာရင်း


## မြန်မာဘာသာ

ခင်မင်၊ **မောင်**၊ (ဓနုဖြူ)။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း***။ ရာပြည့်စာပေ၊ ရန်ကုန်။

ဇော်ဂျီနှင့်အများ။ (၂၀၁၂)။ ***ကုံကော်မြိုင်စာတမ်း(ပဥ္စမအကြိမ်)***။ ရာပြည့်စာပေ၊ ရန်ကုန်။

ဝင်းမွန်။ (၁၉၇၂)။ ***မြန်မာနိုင်ငံ စာပေဆုများ၊ ပ–တွဲ***။ စာပေဗိမာန်၊ ရန်ကုန်။

## အင်္ဂလိပ်ဘာသာ

Caldwell Taylar, (1964), ***The Essence of Good Writing, The Writer's Handbook***, The Writer, INC, U.S.A.

John, Mellie,(1965), ***Writing Paragraphs Building Better English***, Chapter-14.

Leech, Geoffrey, N and Michael H, Short, (1990), ***Style is Fiction***, Longman, Langon and New York.

Lucas. F.L.(1955), ***Style***. London: Pan Book Ltd.

Montaigne, Michel, de (1580). ***Essais***, Simon Millanges, Jean Richer, Kingdom of France.

Newbolt, Henry,(1925), ***Essays and Essayisis***, Thames Nelson and sons LTD, London.

Random House, (1982), ***The Integration of language and Literature in the English Curriculum***.

Warner, Alan, (1961), ***A Short Guide to English Style***, The English Book Society and Oxford University Press.

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# တာရာမင်းဝေ၏ 'ကျွန်တော်နှင့် အဝါရောင်မီးနပ်(စ်)' ဝတ္ထုမှ ဇာတ်ဆောင်တို့၏ အပြန်အလှန် နှုတ်ပြောစကားစဉ် ချိုးဖောက်မှုများကို လေ့လာခြင်း

ခင်သန္တာကျော်*

## စာတမ်းအကျဉ်း

လူမှုဆက်ဆံရေးကို အဆင်ပြေချောမွေ့စေရန် ဖန်တီးပေးသည့် အပြန်အလှန် နှုတ်ပြောစကားစဉ်များ ရှိသည်။ ထိုနှုတ်ပြောစကားစဉ်ထဲတွင် တစ်ခါတစ်ရံ ချိုးဖောက်၍ ပြောဆိုသော နေရာများ ရှိသည်။ ထို့ကြောင့် ဤစာတမ်းသည် အပြန်အလှန် နှုတ်ပြောစကားစဉ်ထဲရှိ ချိုးဖောက်ရာနေရာကို သိရှိလိုသော ရည်ရွယ်ချက်ဖြင့် လေ့လာထားသော စာတမ်း ဖြစ်သည်။ ထိုသို့ လေ့လာရာတွင် ချိုးဖောက်မှုနည်းလမ်း (၅)မျိုးပေါ် အခြေခံ၍ Co-Operative Principle သီအိုရီမှ နည်းလမ်း (၄)မျိုးဖြင့် လေ့လာသွားပါမည်။ ထို့ပြင် ထိုချိုးဖောက်မှု နည်းလမ်း (၅)မျိုးကို Literary သီအိုရီရှိ ပါမောက္ခ Martha Ramipton ၏ Four waves Feminisn ဖြင့် ချိတ်ဆက်၍လည်း လေ့လာပြသွားပါမည်။ နှုတ်ပြောစကားစဉ်ထဲရှိ ချိုးဖောက်မှုနေရာ အမြောက်အများကို စာပေ စာသား၏ အပြောစကားစဉ်ထဲတွင် တွေ့ရှိရသည့်အပြင် ဇာတ်ဆောင်တို့၏ စရိုက်လက္ခဏာတို့ကိုလည်း လေ့လာတွေ့ရှိလာရမည် ဖြစ်သည်။

## နိဒါန်း

ဘာသာစကားသည် ဆက်သွယ်ရေးအတွက် လက်နက်တစ်ခု ဖြစ်သည်။ ဘာသာစကား၏ အဓိကတာဝန်သည် အချက်အလက်များ ထုတ်လုပ်ပေးရန်နှင့် လူမှုဆက်ဆံရေးကို ဖန်တီးပေးရန်တို့ ဖြစ်သည်။ ဆက်သွယ်မှုကြားတွင် ပါဝင် သရုပ်ဆောင်မှုများ ဖြစ်ပေါ်လာသည်။ ထိုအရာများမှာ အပြန်အလှန် နှုတ်ပြော စကားစဉ်ပင် ဖြစ်ပါသည်။ ပါဝင်သူတို့သည် ချောမွေ့သော အပြန်အလှန် နှုတ်ပြော စကားစဉ်အတွက် ပူးပေါင်းဆောင်ရွက်နိုင်သည်။ တစ်ခါတစ်ရံတွင် လူတို့သည် ချိုးဖောက်မှုနေရာကို အပြန်အလှန် နှုတ်ပြောစကားစဉ်တွင် တွေ့ရှိနိုင်သည်။ အပြန် အလှန် နှုတ်ပြောစကားစဉ်ထဲရှိ ချိုးဖောက်မှုနေရာသည် မြောက်များစွာသော စာပေ စာသား၏ အပြောစကားထဲတွင် တွေ့ရှိနိုင်သည်။

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

## ၁။ လေ့လာရသည့် ရည်ရွယ်ချက်

ဤစာတမ်းသည် အပြန်အလှန် နှုတ်ပြောစကားစဥ်ထဲရှိ ချိုးဖောက်မှုနေရာများကို လေ့လာခြင်း ဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင် တာရာမင်းဝေ၏ 'ကျွန်တော်နှင့် အဝါရောင်ဗီးနပ်(စ်)' ဝတ္ထုမှနေ၍ အဓိကဇာတ်ဆောင် (၂)ဦး၏ ချိုးဖောက်မှုအတိုင်းအတာနှင့် ထိုချိုးဖောက်မှုအတိုင်းအတာ ရာခိုင်နှုန်းမှနေ၍ ဇာတ်ဆောင်နှစ်ဦး၏ စရိုက်လက္ခဏာကို ဖော်ပြလိုသော ရည်ရွယ်ချက်ဖြင့် လေ့လာထားပါသည်။

### ၁၊ ၁။ လေ့လာမှုနယ်ပယ် သတ်မှတ်ခြင်း

ဤစာတမ်းကို လေ့လာရာတွင် လက်တွေ့အတ္ထဗေဒနှင့် စာပေနယ်ပယ်မှနေ၍ လေ့လာထားသည်။ အလေ့လာခံဝတ္ထုမှာ တာရာမင်းဝေ၏ 'ကျွန်တော်နှင့် အဝါရောင်ဗီးနပ်(စ်)' ဝတ္ထုထဲမှ အဓိကဇာတ်ဆောင် (၂)ဦး၏ အပြန်အလှန် နှုတ်ပြောစကားစဥ်ကို လေ့လာထားပါသည်။

### ၁၊ ၂။ စာပေလေ့လာတွေ့ရှိချက်

ချိုးဖောက်မှုနည်းလမ်း အသုံးပြု၍ လေ့လာထားသော မြန်မာစာတမ်းများ၊ မြန်မာစာကျမ်းများကို မတွေ့ရှိရပါ။ အင်္ဂလိပ်စာကျမ်းများတွင်မူ တွေ့ရှိရသည်။

မကြည်ကြည်ဇင် (၂၀၁၁) ပြုစုထားသော မဟာဝိဇ္ဇာကျမ်းခေါင်းစဥ်မှာ 'An Analysis of Utterances in the Novel the Adventures of Tom Sowyer by Mark Twain Based of Grice's Co-Operative Principle' ဖြစ်ပါသည်။ ထိုမဟာဝိဇ္ဇာကျမ်းတွင် အဓိကဇာတ်ဆောင်ကို အရည်အသွေးနည်းလမ်း၊ အရေအတွက်နည်းလမ်း၊ အဆက်အစပ်နည်းလမ်းနှင့် အပြုအမူနည်းလမ်း ဟူ၍ နည်းလမ်း (၄)မျိုး အသုံးပြု၍ လေ့လာတင်ပြသွားပါသည်။

မဆင့်ဆင့်စမ်း (၂၀၁၂) ပြုစုထားသော မဟာဝိဇ္ဇာကျမ်းခေါင်းစဥ်မှာ 'A Study on Conversational Implicatures in the Novel The Invisible Man' ဖြစ်ပြီး အဓိကဇာတ်ဆောင်၏ စရိုက်လက္ခဏာကို နည်းလမ်း (၄)မျိုး အသုံးပြု၍ လေ့လာတင်ပြသွားပါသည်။

မခင်သန္တာမြင့် (၂၀၁၂) ပြုစုထားသော မဟာဝိဇ္ဇာကျမ်းခေါင်းစဥ်မှာ 'A Study of the Flouting and Violating of Maxims in The Twelve Chairs By Ilf and Petro' ဖြစ်ပြီး ထိုမဟာဝိဇ္ဇာကျမ်းတွင်လည်း နည်းလမ်း (၄)မျိုး အသုံးပြု၍ ဇာတ်ဆောင်

တို့၏ စကားခွန်းများကို စာရေးဆရာက မည်သို့ဖန်တီးထားသနည်း ဟူသော ရှုထောင့်မှ လေ့လာတင်ပြထားသည်။

မဆုရီမိုး (၂၀၁၃)၏ 'A Study of the Flouting of Conversational Maxims in the Adventures of Huckleberry Finn By Mark Twain' ၏ ကျမ်းခေါင်းစဉ်တွင် အဓိကဇာတ်ဆောင်ကို နည်းလမ်း (၄)မျိုးဖြင့် လေ့လာပြသွားပါသည်။ ထိုသို့ လေ့လာရာတွင် အဓိကဇာတ်ဆောင်က မည်သည့်နည်းလမ်းကို အများဆုံး မည်သို့ ပြုလုပ်သည်ကို လေ့လာပြသွားသည်။

မအေးစန္ဒာအောင် (၂၀၁၄)၏ 'A Study of The Flouting of Conversational Maxims in The Novel No, 144 the Mysterious stranger By Marke Twan' မဟာဝိဇ္ဇာကျမ်းတွင် နည်းလမ်း (၄)မျိုးအနက် ဇာတ်ဆောင်သည် မည်သည့်နည်းလမ်းကို အများဆုံး ချိုးဖောက်သည်ကို လေ့လာပြထားသည်။

ယခုလေ့လာမည့်စာတမ်းသည် ချိုးဖောက်မှု (၅)မျိုးပေါ် အခြေခံ၍ Co-Operative Principle သီအိုရီမှ နည်းလမ်း (၄)မျိုးဖြင့် လေ့လာသွားမည့်အပြင် Literary သီအိုရီရှိ ပါမောက္ခ Martha Ramipton ၏ Four waves Feminisn ဖြင့် ချိတ်ဆက်၍ အဓိကဇာတ်ဆောင် နှစ်ဦး၏ စရိုက်လက္ခဏာများကိုလည်း လေ့လာ တင်ပြထားပါသည်။

## ၁၊ ၃။ သုတေသနမေးခွန်း

- မည်သည့်ဇာတ်ဆောင်သည် နည်းလမ်း (၄)မျိုးအနက် မည်သည့်နည်းလမ်းကို ရာခိုင်နှုန်း အများဆုံး ပြုလုပ်သနည်း။
- မည်သည့်ဇာတ်ဆောင်သည် နည်းလမ်း (၄)မျိုးအနက် မည်သည့်နည်းလမ်းကို ရာခိုင်နှုန်း အနည်းဆုံး ပြုလုပ်သနည်း။
- Four waves Feminisn အရ ယောကျ်ားလေးစရိုက်လက္ခဏာ မည်သို့ ရှိသနည်း။
- Four waves Feminisn အရ မိန်းကလေးစရိုက်လက္ခဏာ မည်သို့ ရှိသနည်း။

## ၁၊ ၄။ အသုံးပြုမည့် သီအိုရီ

ဤစာတမ်းတွင် အသုံးပြုမည့် သီအိုရီမှာ Grice (၁၉၇၅)၏ Co-Operative Principle ကို အသုံးပြု၍ လေ့လာထားပါသည်။ ထိုသို့ လေ့လာရာတွင် ချိုးဖောက်မှု နည်းလမ်း (၅)မျိုးကို အခြေခံ၍ Co-Operative Principle သီအိုရီမှ နည်းလမ်း (၄)မျိုးဖြစ်သော အရည်အသွေးနည်းလမ်း၊ အရေအတွက်နည်းလမ်း၊ ဆက်သွယ်မှု နည်းလမ်း၊ အပြုအမူနည်းလမ်းတို့ဖြင့် လေ့လာသွားပါမည်။ ထို့အပြင် ချိုးဖောက်မှု နည်းလမ်း (၅)မျိုးကို Literary သီအိုရီရှိ ပါမောက္ခ Martha Rampton ၏ Four Waves Feminisn ဖြင့် ချိတ်ဆက်၍ လေ့လာတင်ပြသွားပါမည်။

အပြန်အလှန် နှုတ်ပြောစကားစဉ်တွင် ပြောသူ၊ နာသူ ဟူ၍ နှစ်ဦးရှိရာ ထိုပြောသူ၊ နာသူ နှစ်ဦးမှာလည်း ပူးပေါင်းဆောင်ရွက်မှ စကားလမ်းကြောင်းမှာ အဆင်ပြေ ချောမွေ့စေပါသည်။ သို့သော် တစ်ခါတစ်ရံတွင် မေးသောသူ မေးသည့် မေးခွန်းကို ပြန်ဖြေသူသည် မထိမဲ့မြင်ဖြင့် လည်းကောင်း၊ ရှောင်ဖယ်၍ လည်းကောင်း၊ မေးသော မေးခွန်းဖြစ်စဉ်ထဲမှ ထွက်၍ လည်းကောင်း၊ လိမ်ညာ၍ လည်းကောင်း ဖြေရခြင်းမျိုးလည်း ရှိသည်။ ထိုစကားလမ်းကြောင်းမှနေ၍ ချိုးဖောက်ပြောရသော နည်းလမ်းများမှာ–

၁။ မထီမဲ့မြင်ပြုရာတွင် သုံးသော စကားခွန်းနည်းလမ်း

၂။ ဆန့်ကျင်မှုပြုရာတွင် သုံးသော စကားခွန်းနည်းလမ်း

၃။ ချိုးဖောက်မှုပြုရာတွင် သုံးသော စကားခွန်းနည်းလမ်း

၄။ ရှောင်ဖယ်မှုပြုရာတွင် သုံးသော စကားခွန်းနည်းလမ်း

၅။ ဆိုင်းငံ့မှုပြုရာတွင် သုံးသော စကားခွန်းနည်းလမ်း

တို့ဖြစ်သည်။ ထိုချိုးဖောက်သော နည်းလမ်း (၅)မျိုးပေါ် အခြေခံ၍ Co-Operative Principle သီအိုရီမှ နည်းလမ်း (၄)မျိုးဖြင့် လေ့လာသွားမည့်အပြင် ချိုးဖောက်မှု နည်းလမ်း (၅)မျိုးကိုလည်း ပါမောက္ခ Martha Rampton ၏ Four Waves Feminisn ဖြင့် ချိတ်ဆက်၍ လေ့လာတင်ပြသွားပါမည်။

ပါမောက္ခ Martha Rampton ၏ Four Waves Feminisn မှာ–

First Waves – (၁၉)ရာစု နောက်ပိုင်း (၂၀)ရာစု အရှေ့ပိုင်းလောက်တွင် စတင်သည်။ မြို့ပြ စက်မှုလက်မှုလုပ်ငန်းများမှ စတင် ပေါ်ပေါက်လာသည်။

(၁) မိန်းမများ မဲပေးပိုင်ခွင့် ရှိရမည်။

(၂) သိက္ခာ၊ အသိပညာ၊ မိန်းမတစ်ယောက် ရှိသင့်သည့် အခွင့်အရေး ရှိရမည်။

Second Waves – (၁၉၆၀) နှင့် (၁၉၉၀) ဝန်းကျင်တွင် ပေါ်ပေါက်ခဲ့သည်။

(၁) ယောကျ်ားနှင့် မိန်းမ တန်းတူအခွင့်အရေး ရှိရန်။

Third Waves – (၁၉၉၀) ဝန်းကျင်တွင် ပေါ်ပေါက်သည်။

(၁) မိန်းမဖြစ်သည့်အတွက် မိန်းမပုံစံ ရှိရမည်။ မိန်းမစရိုက် လက္ခဏာ ရှိရမည်။ မိန်းမပီပီသသ ရှိရမည်။ မိန်းမ အလှတရားများ ရှိရမည်။ လွတ်လပ်မှု ရှိရမည်။

Fourth Waves – (၁) မိန်းမစရိုက်လက္ခဏာ ရှိရမည့်အပြင် ယောကျ်ားများနှင့် တန်းတူအခွင့်အရေး ရှိရမည်။

(၂) အိမ်မှာလည်း ရှိရမည်။ အလုပ်ခွင်တွင်လည်း ရှိရမည်။ အမြင့်ဆုံးပညာများ၊ ဘွဲ့များရ၍ အဖွဲ့အစည်းကို ဦးဆောင် နိုင်သော ခေါင်းဆောင် ဖြစ်ရမည်။

(၃) စီးပွားရေးလုပ်ငန်းများတွင်လည်း ဦးဆောင်နိုင်ရမည်။

တို့ ဖြစ်ပါသည်။

## ၂။ Co-Operative Principle သီအိုရီသုံး၍ လေ့လာခြင်း

တာရာမင်းဝေ၏ 'ကျွန်တော်နှင့် အဝါရောင်ဗီးနပ်(စ်)' ဝတ္ထုထဲရှိ အဓိက ဇာတ်ဆောင် (၂)ဦးဖြစ်သော ဗဂျမ်းနှင့် လင်းရှုပါတို့၏ ပြောစကားများကို လေ့လာ ထားခြင်း ဖြစ်ပါသည်။

## ၂၊ ၁။ မထီမဲ့မြင်ပြုရာတွင် သုံးသော စကားခွန်းနည်းလမ်း[၁]

မထီမဲ့မြင်ပြုသော လမ်းညွှန်တွင် ပြောသူသည် မထီမဲ့မြင် ဆန့်ကျင်နေသည့် အနေအထား ဖြစ်သည်။ ပြောသူသည် အကြောင်းအရာတစ်ခုကို တမင်ရည်ရွယ်ပြောခြင်း (သို့မဟုတ်) မထီမဲ့မြင်၊ မလေးမစား ပြောဆိုခြင်း ဖြစ်သည်။ ပြောသူသည် လိမ်ညာရန်အတွက် တမင်ရည်ရွယ်ခြင်းမျိုးလည်း ပါဝင်သည်။ ထိုပြောစကားသည် ခံစားမှုပေါ်တွင် အခြေခံ၍ ဖြစ်ပေါ်လာသည်။

ဥပမာ–

A – ဘယ်အချိန်ရှိပြီလဲ

B – (၂)နာရီ ရှိပြီ၊ အမှန်တကယ်ကတော့ (၂)နာရီ (၄)မိနစ် ရှိပြီ၊ ဒီနေ့က တနင်္ဂနွေနေ့လေ။

## ၂၊ ၁၊ ၁။ မထီမဲ့မြင်ပြုရာတွင် သုံးသော အရည်အသွေးနည်းလမ်း

ထိုအရည်အသွေးလမ်းညွှန်တွင် ပြောသူသည် သက်သေမရှိသော အချက်အလက်များ၊ မဖြစ်နိုင်သော အချက်အလက်များကို မထီမဲ့မြင်ပြု ကန့်လန့်ပြောခြင်းမျိုး ဖြစ်သည်။

ဇာတ်ဆောင်ယောကျ်ားလေးစကားခွန်း

| | |
|---|---|
| လင်းရှူပါ | ➢ ဟယ် |
| ဗဂျမ်း | ➢ ဘာဖြစ်လို့လဲ |
| လင်းရှူပါ | ➢ ဖိနပ် ... ဖိနပ်ပြတ်သွားပြီ |
| ဗဂျမ်း | ➢ ဘယ်လိုလုပ်မလဲ |
| လင်းရှူပါ | ➢ ဘယ်လိုလုပ်ရမလဲ မသိဘူး၊ ကားကလည်း ပန်းခြံအပြင်မှာ ရပ်ထားရတာ၊ ဒီလိုလုပ်ပါလား |
| ဗဂျမ်း | ➢ ဘယ်လိုလုပ်ရမလဲ |

[၁] Flouting a maxim

လင်းရူပါ ➢ ကျွန်မကို ဖိနပ်တစ်ရံ သွားဝယ်ပေးပါလား၊ ဘယ်လိုမှ သဘောမထားပါနဲ့လေ။

ဇဂျမ်း ➢ မထားပါဘူး

လင်းရူပါ ➢ ဒါဖြင့်

ဇဂျမ်း ➢ ဟင့်အင်း...ဝယ်မပေးပါဘူး[၁]

အထက်ပါ စကားခွန်းသည် ဇာတ်ဆောင်ယောက်ျားလေး၏ စကားခွန်း ဖြစ်သည်။ ဇာတ်ဆောင် ဇဂျမ်းနှင့် ဇာတ်ဆောင် လင်းရူပါတို့သည် ပန်းခြံထဲရှိ တံတားပေါ်တွင် လမ်းအတူလျှောက်ရာမှ လင်းရူပါ၏ဖိနပ် ပြတ်သွားသည်။ ထိုအခါ လင်းရူပါက ဇဂျမ်းအား ဖိနပ်သွားဝယ်ပေးရန် ပြောသောအခါ ဇဂျမ်း၏ ပထမ စကားခွန်းသည် ဝယ်ပေးမည့်ပုံစံနှင့်ပြောပြီးမှ နောက်ဆုံးစကားခွန်းတွင်မှ မထီမဲ့မြင် ကန့်လန့်ပုံစံဖြင့် မဝယ်ပေးနိုင်ကြောင်းပြောသော စကားခွန်း ဖြစ်ပါသည်။

## ၂၊ ၁၊ ၂။ မထီမဲ့မြင်ပြုရာတွင် သုံးသော အရေအတွက်နည်းလမ်း

ထိုအရေအတွက်နည်းလမ်းသည် ပြောသူက လိုအပ်သော စကားခွန်းထက် ပိုပြောခြင်းမျိုး (သို့မဟုတ်) လျှော့ပြောခြင်းမျိုး ဖြစ်သည်။

ဇာတ်ဆောင်ယောက်ျားလေးစကားခွန်း(၁)

ဦးတင်ကိုကို ➢ ဘာအလုပ်လုပ်သလဲ

ဇဂျမ်း ➢ မလုပ်

ဦးတင်ကိုကို ➢ အလုပ်မရှိဘူးလား

ဇဂျမ်း ➢ မရှိ

ဦးတင်ကိုကို ➢ ကျောင်းသားလား

ဇဂျမ်း ➢ ပြီး[၂]

---

[၁] စာ - ၅၃-၅၄။
[၂] စာ - ၁၁၁။

အထက်ပါစကားခွန်းမှာ ဇာတ်ဆောင်ဗဂျမ်းသည် လိုအပ်သော စကားခွန်းထက် လျော့ပြောခြင်း ဖြစ်သည်။ ဦးတင်ကိုကိုနှင့် လင်းရူပါတို့ကို အိမ်မှာ သဘောတူထားခြင်း ဖြစ်သည်။ ထို့ကြောင့် ဗဂျမ်းသည် ဦးတင်ကိုကိုအပေါ် အမြင်မကြည်မလင်ဖြစ်၍ စကားခွန်းကို လိုအပ်သည်ထက် လျော့ပြောခြင်း ဖြစ်သည်။ အထက်ပါစကားခွန်းမှာ မထီမဲ့မြင်ပြုရာတွင်သုံးသော အရေးအတွက်နည်းလမ်း ဖြစ်သည်။

ဇာတ်ဆောင်ယောကျ်ားလေးစကားခွန်း(၂)

လင်းရူပါ ➢ ရှင့်မှာ စက္ကူပါလား

ဗဂျမ်း ➢ ဟင့်အင် ... ရေပဲပါတယ်။ စက္ကူမသုံးဘဲ ရေပဲ သုံးလိုက်ပါလား။

လင်းရူပါ ➢ ဘာ ... ရှင်၊ ရှင်ဘာပြောပြန်တာလဲ

ဗဂျမ်း ➢ မဟုတ်ဘူးလေ ... ကျွန်တော်မှာ စက္ကူတော့ မပါဘူး။ အဲဒါကြောင့် ရေပဲ သုံးလိုက်ပါလားလို့၊ ဘာကိုသုံးသုံး ရည်ရွယ်ချက်အောင်မြင်ဖို့က အဓိက မဟုတ်လားဗျ[၁]

ဤစကားခွန်းတွင် လင်းရူပါသည် ရေးမှတ်ရန်အတွက် စက္ကူ၊ စာရွက် တောင်းခြင်းကို ဗဂျမ်းက မထီမဲ့မြင်ပုံစံဖြင့် လိုအပ်သည်ထက် စကားခွန်းကို ပိုပြောခြင်း ဖြစ်သည်။

ဇာတ်ဆောင်မိန်းကလေးစကားခွန်း

ဗဂျမ်း ➢ ကောင်းပါပြီလေ ... ဒီအတိုင်းပဲ ရပ်နေကြရမှာလား

လင်းရူပါ ➢ ဒီအတိုင်း မရပ်ဘဲ ရှင်က ကနေချင်လို့လား [၂]

အထက်ပါစကားခွန်းသည် ဗေဒင်ဆရာမမှ လင်းရူပါကို လမ်းမပေါ်ရပ်၍ ယတြာချေခိုင်းသဖြင့် လင်းရူပါသည် ဗဂျမ်းအား ခေါ်၍ လမ်းမပေါ်ရပ်ကာ ယတြာချေနေခြင်း ဖြစ်သည်။ လမ်းမပေါ် ရပ်နေရသည့် အချိန်ကာလ ကြာလာသောအခါ

---

[၁] စာ – ၄၇၁။

[၂] စာ – ၅၀။

ဗဂျမ်း မေးသည့် မေးခွန်းကို လင်းရူပါက မထီမဲ့မြင်ပြုကာ လိုအပ်သည်ထက် ပိုဖြေသွားသော စကားခွန်း ဖြစ်သည်။

## ၂၊ ၁၊ ၃။ မထီမဲ့မြင်ပြုရာတွင် သုံးသော အဆက်အစပ်နည်းလမ်း

ထိုအဆက်အစပ်နည်းလမ်းသည် နေ့စဉ်ပုံမှန်ပြောသော နှုတ်ပြောစကားစဉ်ထဲရှိ အပြုအမူထဲတွင် တစ်ခုအပါအဝင် ဖြစ်သည်။ ပြောသူနှင့်နာသူတို့၏ အပြန်အလှန် ပြောစကားသည် ဆက်စပ်မှု ရှိရမည်။ ဆက်စပ်မှုဆိုသည်မှာ ပြောသူ၏အမေးနှင့် ကြားသူ၊ နာသူ၏အဖြေသည် ဆက်စပ်မှုရှိရမည် ဖြစ်သည်။ အပြန်အလှန်နှုတ်ပြောစကားစဉ်ထဲတွင် တိကျမှု ရှိရမည်။

ဇာတ်ဆောင်ယောက်ျားလေးစကားခွန်း

| | |
|---|---|
| သူငယ်ချင်း | ➢ ငါ့ရည်းစားဟောင်းတွေကွာ၊ မိုးထွေးတို့ ... မာလာတို့ ဝတ်ရည်တို့ ... အကုန်လုံးကွာ |
| ဗဂျမ်း | ➢ ဘာဖြစ်သတုန်း |
| သူငယ်ချင်း | ➢ နောက်ဆုံးကျတော့ သူတို့ ငါ့ကို သစ္စာမရှိကြဘူး |
| ဗဂျမ်း | ➢ ဘယ်ကန္တားတွေလဲ |
| သူငယ်ချင်း | ➢ ဟင် |
| ဗဂျမ်း | ➢ မောင်းလွှတ်လိုက်တာပေါ့ |
| သူငယ်ချင်း | ➢ အဲ့လိုတော့မပြောပါနဲ့ကွာ |
| ဗဂျမ်း | ➢ မင်းကိုပြောတာမဟုတ်ဘူး၊ ဒေါ်ရွှေကိုပြောတာ |

သူငယ်ချင်း ➢ ဘာ

ဗဂျမ်း ➢ ဆိုင်ရှင်ဒေါ်ရွှေကို ပြောနေတာ၊ ဟိုနွားကြီး တွေကို ဘယ်လိုလုပ်ရမှန်း မသိဘူးဆိုလို့ မောင်းထုတ်လိုက်တာပေါ့လို့ ပြောနေတာ[၁]

အထက်ပါစကားခွန်းသည် ဗဂျမ်း၏သူငယ်ချင်းဖြစ်သူက သူ၏ရည်းစားဟောင်းများ သူ့အပေါ် သစ္စာမရှိကြသဖြင့် မည်သို့ပြုလုပ်ရမည်ကို ဗဂျမ်းထံမှ အကြံဉာဏ် လာတောင်းခြင်း ဖြစ်သည်။ ထိုသူငယ်ချင်းပြောသော စကားခွန်းများနှင့် ဆက်စပ်မှု မရှိ၊ ဆီလျော်မှုမရှိသည့် စကားခွန်းများကို ဗဂျမ်းမှ ပြန်ဖြေသွားသဖြင့် မထီမဲ့မြင်ပြု ရာတွင် သုံးသော အဆက်အစပ်နည်းလမ်းကို တွေ့ရပါသည်။

ဇာတ်ဆောင်မိန်းကလေးစကားခွန်း

စက်ဘီးသမား ➢ ကားဘယ်လိုမောင်းလာတာလဲ

လင်းရှုပ ➢ ကိုယ်ကရော စက်ဘီး ဘယ်လိုနင်းလာလဲ[၂]

ထိုစကားခွန်းမှာ လင်းရှုပသည် ကားမောင်းလာရာတွင် စက်ဘီးစီးလာသူကို တိုက်မိမလိုဖြစ်ရာ စက်ဘီးသမား၏အမေးနှင့် ဆက်စပ်သည့်အဖြေကို လင်းရှုပမှ ပြန်မဖြေပေ။ ထို့ကြောင့် မေးသူ၏စကားခွန်းနှင့် ဆက်စပ်မှု ဆီလျော်မှု မရှိသည့် မထီမဲ့မြင်ပြုရာတွင် သုံးသော အဆက်အစပ်နည်းလမ်း ဖြစ်သည်။

## ၂၊ ၁၊ ၄။ မထီမဲ့မြင်ပြုရာတွင် သုံးသော အပြုအမူနည်းလမ်း

ထိုနည်းလမ်းမှာ ပြောသူသည် နာသူကို အနက်အဓိပ္ပာယ် ထွေပြားသော၊ မရေရာသော မပြတ်သားသော စကားခွန်းပုံစံ ဖြစ်သည်။ တစ်ခုထက်ပိုသော အနက် အဓိပ္ပာယ်များ ပါဝင်သော စကားခွန်းပုံစံ၊ စေ့စပ်တိကျမှု မရှိသော စကားခွန်းပုံစံ တို့ကို သုံး၍ ပြောခြင်းမျိုး ဖြစ်သည်။

ဇာတ်ဆောင်ယောကျာ်းလေးစကားခွန်း

လင်းရှုပ ➢ ရှင်တို့ အဆင်ပြေပါ့မလား

ဗဂျမ်း ➢ ဖြစ်လာမှာပါ[၃]

---

[၁] စာ – ၆၂။

[၂] စာ – ၇၉။

[၃] စာ – ၁၁၆။

ဤစကားခွန်းသည် လင်းရှုပါအဖေနှင့် ဗဂျမ်းတို့ ကားပေါ်တွင် စကားပြော နေကြသည်ကို လင်းရှုပါက စိုးရိမ်ပြီး ဖုန်းနှင့်လှမ်းမေးသော စကားခွန်း ဖြစ်သည်။ လင်းရှုပါမေးသော မေးခွန်းကို ဗဂျမ်းက မပြတ်သားသော စကားခွန်းပုံစံနှင့် ပြန်ဖြေသည်။

## ၂။ ၂။ ဆန့်ကျင်မှုပြုရာတွင် သုံးသော စကားခွန်းနည်းလမ်း [၁]

ဤနည်းလမ်းမှာ ဥပဒေကို မလိုက်နာခြင်း၊ နာခံခြင်း မရှိသော ဥပဒေ ဖြစ်သည်။ ပြောသူသည် နာသူကို ပြည့်စုံလုံလောက်သော အချက်အလက် မပေးပေ။

ဥပမာ–

A – မင်းခွေး ကိုက်တတ်လား

B – မကိုက်တတ်ဘူး

A – မင်းခွေး မကိုက်တတ်ဘူးဆို၊ ခု မင်းခွေးကိုက်လိုက်ပြီ

B – အဲ့ဒါ ငါ့ခွေးမှ မဟုတ်တာ

## ၂။ ၂။ ၁။ ဆန့်ကျင်မှုပြုရာတွင် သုံးသော အဆက်အစပ်နည်းလမ်း

ဇာတ်ဆောင်ယောကျ်ားလေးစကားခွန်း

ဗဂျမ်း ➢ ခြင်ကိုက်လား

လင်းရှုပါ ➢ ကိုက်တယ်

ဗဂျမ်း ➢ အတော်ကိုက်လား

လင်းရှုပါ ➢ အင်း

ဗဂျမ်း ➢ ကျွန်တော် ရိုက်ပေးရမလား

လင်းရှုပါ ➢ အို မလိုပါဘူး

---

[၁] Violating a maxim

ဗဂျမ်း ➢ ဟို … ဒါဖြင့် ဟိုဒင်း

လင်းရှုပါ ➢ ဒါဖြင့် … ဘာဖြစ်လဲ

ဗဂျမ်း ➢ ပဲကြီးလှော်စားမလား

လင်းရှုပါ ➢ ဘာ [၁]

အထက်ပါစကားခွန်းသည် ဗေဒင်ဆရာမ၏ အကြံပေးချက်အရ လမ်းမပေါ်တွင် တစ်နေကုန်ရပ်၍ လူအများခံသည့် ယတြာချေနေခြင်း ဖြစ်သည်။ ညပိုင်းရောက်လာသောအခါ ခြင်ကိုက်လာသဖြင့် ဗဂျမ်းက 'ခြင်ကိုက်လား' ဟု မေးရာမှ နေ၍ မေးသော မေးခွန်းနှင့် အဆက်အစပ်မရှိ ဆန့်ကျင်သော စကားခွန်းကို မေးလိုက်ခြင်း ဖြစ်သည်။

## ၂။ ၂။ ၂။ ဆန့်ကျင်မှုပြုရာတွင် သုံးသော အပြုအမူနည်းလမ်း

ဇာတ်ဆောင်ယောကျ်ားလေးစကားခွန်း

လင်းရှုပါအဖေ ➢ မင်း ခုနက ငါ့ကို ဘယ်လိုပြောလိုက်တယ်

ဗဂျမ်း ➢ ခု ပါပါက ဘယ်သွားမှာတုန်းလို့

လင်းရှုပါအဖေ ➢ မင်းက ငါ့ကို ပါပါလို့ ခေါ်စရာလား

ဗဂျမ်း ➢ မဟုတ်ပါဘူး

လင်းရှုပါအဖေ ➢ ဘာမဟုတ်တာလဲ

ဗဂျမ်း ➢ ပါပါလို့ ခေါ်စရာ မဟုတ်တာ

လင်းရှုပါအဖေ ➢ ဒါဖြင့် ဘာလို့ ခေါ်တာလဲ

ဗဂျမ်း ➢ ဟင် … သူ့ခေါ်တာလဲ မဟုတ်ဘဲနဲ့

---

[၁] စာ – ၁၅၇။

လင်းရှူပါအဖေ ➤ ဒါဖြင့် ခုနက ပါပါ ဘယ်သွားမှာလဲလို့ ဘာကိစ္စ ငါ့ကိုမေးရတာလဲ

ဗဂျမ်း ➤ အန်ကယ်ကြီးနာမည်က ပါပါလား

လင်းရှူပါအဖေ ➤ ဟော့ကောင် မင်း အူကြောင်ကြောင် လုပ်မနေနဲ့

ဗဂျမ်း ➤ မလုပ်ပါဘူးဗျာ၊ ကျွန်တော် မေးတာက လင်းရှူပါက ဘယ်သွားမှာလဲလို့ မေးတာ၊ လင်းရှူပါကို ကျွန်တော်က အတိုကောက် ပါပါလို့ ခေါ်တာ [၁]

အထက်ပါစကားခွန်းသည် လင်းရှူပါ၏အဖေနှင့် ဗဂျမ်းတို့ အပြန်အလှန်ပြောသော စကားခွန်း ဖြစ်သည်။ လင်းရှူပါ၏အဖေသည် သူ့ကို ဗဂျမ်းမှ ပါပါဟု ခေါ်သည်ကို မကြိုက်သဖြင့် မခေါ်ရန် ဗဂျမ်းအား ပြောသည်။ ဗဂျမ်းသည်လည်း 'ပါပါ' စကားသည် လင်းရှူပါအဖေကိုခေါ်သည် မဟုတ်ကြောင်းနှင့် လင်းရှူပါကို ခေါ်ခြင်းသာဖြစ်ကြောင်း အပြန်အလှန်ပြောသော စကားခွန်း ဖြစ်ပါသည်။ ထိုစကားခွန်းများသည် လင်းရှူပါအဖေ မကြိုက်သည့်စကားကို ဆန့်ကျင်သော အပြုအမူနှင့် ပြောသော စကားခွန်း ဖြစ်သည်။

## ၂၊ ၃။ ချိုးဖောက်မှုပြုရာတွင် သုံးသော စကားခွန်းနည်းလမ်း[၂]

ဤနည်းလမ်းသည် ပြောသူက ရည်ရွယ်ချက် ရှိ၍သော် လည်းကောင်း၊ ရည်ရွယ်ချက် မရှိ၍သော် လည်းကောင်း၊ စကားနှင့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ပြောနေခြင်း ဖြစ်သည်။ စည်းမျဉ်းချိုးဖောက်ရခြင်း အကြောင်းအရင်းတစ်ခုမှာ ပြောသူသည် ဘာသာစကားကို အပြည့်အဝ နားမလည်သဖြင့် စည်းမျဉ်းချိုးဖောက်မှု မျိုးလည်း ရှိသည်။

ဥပမာ – ကလေး၊ နိုင်ငံခြားသား

မြန်မာနိုင်ငံသား – ကြက်ဥအသားညှပ်ယူမလား၊ တူနာအသားညှပ်ယူမလား

နိုင်ငံခြားသား – ဟုတ်ကဲ့

---

[၁] ဇာ – ၁၀၂။

[၂] Infringing a maxim

## ၂၊ ၃၊ ၁။ ချိုးဖောက်မှုပြုရာတွင် သုံးသော အပြုအမူနည်းလမ်း

ဇာတ်ဆောင်ယောကျ်ားလေးစကားခွန်း

| | |
|---|---|
| လင်းရူပါအဖေ | ➢ ငါ လင်းရူပါတို့အဖေ စကားပြော နေတယ် |
| ဗဂျမ်း | ➢ သြော် ပါပါရယ် |
| လင်းရူပါအဖေ | ➢ မင်းက ဘယ်လိုကောင်လဲကွ ဒီမယ် မင်းကို ငါ အရှင်းဆုံး ပြောမယ် |
| ဗဂျမ်း | ➢ ဟုတ်...ဟုတ်ကဲ့၊ ဒါထက် အန်ကယ် မျက်နှာသစ်ပြီးပြီလား |
| လင်းရူပါအဖေ | ➢ မင်း မသစ်ရသေးလို့လား |
| ဗဂျမ်း | ➢ ဘယ်သစ်ရဦးမလဲ ... ခုမှနိုးတာ၊ ကိစ္စ မရှိပါဘူး၊ အန်ကယ်နဲ့ ကျွန်တော်က ခုမှသိတဲ့သူတွေမှ မဟုတ်တာ၊ ကျွန်တော် မျက်နှာဟောင်းတွေပဲ ပြောလို့ ရပါတယ်[၁] |

အထက်ပါ စကားခွန်းသည် ပြောနေသော စကားစဉ်မှနေ၍ စည်းမျဉ်း ချိုးဖောက်သော အပြုအမူနည်းလမ်း ဖြစ်သည်။ လင်းရူပါ၏အဖေသည် သူ၏သမီးနှင့် မပတ်သက်ရန် ဗဂျမ်းကို ဖုန်းဆက်ပြောသော စကားခွန်း ဖြစ်သည်။ လင်းရူပါ၏အဖေ ဦးတည်ပြောသော စကားခွန်းကို ကြားမှဖြတ်၍ စည်းကမ်းချိုးဖောက်သော အပြုအမူ နှင့် ဗဂျမ်းက စကားလမ်းကြောင်းလွှဲသော စကားခွန်း ဖြစ်ပါသည်။

## ၂၊ ၄။ ရှောင်ဖယ်မှုပြုရာတွင် သုံးသော စကားခွန်းနည်းလမ်း[၂]

ဤနည်းလမ်းသည် လူ့အဖွဲ့အစည်းများနှင့်ဆိုင်သော ကိစ္စများ၊ လူ့ကျင့်ဝတ်နှင့် ဆိုင်သော ကိစ္စများတွင် ပြောသူက ရှောင်လွဲပြောဆိုခြင်းမျိုး ဖြစ်သည်။ တစ်နည်း လူအများနှင့် မပူးပေါင်းလိုသည့်အချိန်တွင် လည်းကောင်း၊ ခံစားမှုတစ်ခုခု ဖြစ်ပေါ်

---

[၁] စာ – ၁၄၅။

[၂] Opting out of a maxim

နေသည့်အချိန်တွင် လည်းကောင်း ပြောသူသည် စကားများ ရှောင်လွဲ၍ အမှားများ ထုတ်လုပ်ပြောဆိုခြင်းမျိုး ဖြစ်သည်။

ဥပမာ–

| | | |
|---|---|---|
| ရဲ | – | ဒီလူနာနဲ့ ပတ်သက်တဲ့ အချက်အလက်၊ ရောဂါအခြေအနေကို သိချင်လို့ပါ |
| ဆရာဝန် | – | ခွင့်လွှတ်ပါ၊ ကျွန်တော်တို့ လူနာနဲ့ ပတ်သက်တဲ့ ကိုယ်ရေးကိုယ်တာကိစ္စ၊ ရောဂါအကြောင်းတွေကို အသေးစိတ် မပြောနိုင်ပါဘူး၊ ကျွန်တော်တို့ ဆေးရုံစည်းကမ်းအရ လျှို့ဝှက်ပေးထားရမှာပါ။ |

## ၂၊ ၄၊ ၁။ ရှောင်ဖယ်မှုပြုရာတွင် သုံးသော အရေအတွက်နည်းလမ်း

ဇာတ်ဆောင်ယောကျ်ားလေးစကားခွန်း

| | |
|---|---|
| လင်းရှုပါ | ➢ ရှင် လူတကာကိုတော့ အကြံလျှောက် ပေးနေတယ် |
| ဗဂျမ်း | ➢ အဲဒါတွေ လျှောက်ပြောမနေနဲ့၊ အသာထား လိုက်ဦး၊ ခင်ဗျား ဒီဖိနပ်ပြတ်ကိုပဲ ခြေထောက်နဲ့ အတင်းစီးပြီး တံတားဆုံးတဲ့ အထိ လျှောက်လိုက်ပေါ့ လျှောက်နိုင်ပါ့ မလား[၁] |

ဤစကားခွန်းသည် ဗဂျမ်းက သူ၏သူငယ်ချင်းများ၊ မိတ်ဆွေများက အခက်အခဲ တွေ့သည့်အခါ ဗဂျမ်းထံ လာရောက်အကူအညီတောင်းကြသည်။ အကြံဉာဏ်တောင်း ကြသည်။ ဗဂျမ်းကလည်း လာရောက်အကူအညီတောင်းသမျှ အကြံဉာဏ်တောင်း သမျှကို အကြံပေးသည်။ ဤသည်ကို လင်းရှုပါတွေ့၍ မေးသောအခါ ဗဂျမ်းက ရှောင်ဖြေကာ လိုအပ်သည်ထက် ပိုပြောသော စကားခွန်း ဖြစ်သည်။

[၁] စာ – ၅၄။

## ၂၊ ၄၊ ၂။ ရှောင်ဖယ်မှုပြုရာတွင် သုံးသော အဆက်အစပ်နည်းလမ်း

လင်းရူပါ ➢ ဒါ…ဒါဆို ရှင်က လွတ် … လွတ်လပ်သူ မဟုတ်ဘူးပေါ့

ဗဂျမ်း ➢ ဟာ – လွတ်လပ်ပါတယ်ဗျာ၊ ကျွန်တော်နဲ့ ဒေါ်ရွှေနဲ့ ဘာမှ မပတ်သက်ပါဘူး၊ ဒေါ်ရွှေက အပျိုကြီးဆိုပေမဲ့ အသက်က (၆၀)နား ကပ်နေပြီ[၁]

လင်းရူပါသည် လူပျိုလူလွတ်ဆိုလျှင် အကြွေးကင်းရမည်ဟု ယူဆထားသူ ဖြစ်သည်။ ဗဂျမ်းသည် လက်ဖက်ရည်ဆိုင်တွင် အကြွေးယူသောက်နေသဖြင့် လင်းရူပါက ဗဂျမ်းကို အိမ်ထောင်သည်ဟု ထင်သွားသည်။ ဤသည်ကို ဗဂျမ်းသည် သူ့အား လင်းရူပါက ဒေါ်ရွှေနှင့် အထင်လွဲသွားသည်ဟုထင်ကာ ဒေါ်ရွှေနှင့် မပတ်သက်ကြောင်း၊ ဒေါ်ရွှေက အပျိုကြီး အသက်(၆၀)နား ကပ်နေပြီ ဖြစ်ကြောင်း၊ လင်းရူပါမေးသည့် စကားခွန်းနှင့် အဆက်အစပ်လွဲကာ ရှောင်ဖယ်ဖြေသော စကားခွန်း ဖြစ်ပါသည်။

ဇာတ်ဆောင်မိန်းကလေးစကားခွန်း

ဗဂျမ်း ➢ အာ … ခင်ဗျား လှလိုက်တာဗျာ

လင်းရူပါ ➢ ရှည်မနေနဲ့ လစ်မယ် လာလာ[၂]

ဤစကားခွန်းသည် ဗဂျမ်းသည် လင်းရူပါကိုတွေ့တွေ့ခြင်း အံ့အားသင့်၍ ပြောသောစကားကို လင်းရူပါက လက်သင့်မခံဘဲ စကားလမ်းကြောင်းလွဲ၍ ရှောင်ဖယ် ဖြေသော စကားခွန်း ဖြစ်သည်။

## ၂၊ ၄၊ ၃။ ရှောင်ဖယ်မှုပြုရာတွင် သုံးသော အပြုအမူနည်းလမ်း

ဇာတ်ဆောင်ယောကျ်ားလေးစကားခွန်း

ဗဂျမ်း ➢ ဘယ်ပန်းခြံလဲ

လင်းရူပါ ➢ ရောက်တော့တွေ့မှာပေါ့[၃]

---

[၁] စာ – ၄၇၁။
[၂] စာ – ၁၄၈။
[၃] စာ – ၄၇။

ဗဂျမ်းက သွားမည့်ပန်းခြံကို လင်းရှုပါအား မေးရာ လင်းရှုပါက အဖြေကို အတိအကျ မပေးပေ။ ထို့ကြောင့် ဤစကားခွန်းသည်လည်း ရှောင်ဖယ်ဖြေသော အပြုအမူနည်းလမ်းပင် ဖြစ်သည်။

## ၂၊ ၅။ ဆိုင်းငံ့မှုပြုရာတွင် သုံးသော စကားခွန်းနည်းလမ်း[၁]

ပြောသူသည် ဂရုမစိုက်သော နည်းလမ်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နားထောင်သူ ကျေနပ်လောက်အောင် မျှော်လင့်ထားသော စကားမျိုး မဟုတ်ပေ။ ထိုနည်းလမ်းသည် ဆိုင်းငံ့ ရပ်တံ့သော နည်းလမ်း ဖြစ်သည်။ အခြေအနေတစ်ခု (သို့မဟုတ်) ကွဲပြားသော ယဉ်ကျေးမှုအရ ဆိုင်းငံ့ထားရခြင်း ဖြစ်သည်။

ဥပမာ–

| | | |
|---|---|---|
| သတင်းထောက် | – | မတရားပြုကျင့် ခံရတဲ့ ကောင်မလေး အကြောင်း သိချင်လို့ပါ |
| မှူခင်းဆရာဝန် | – | ကောင်မလေးကငယ်သေးတယ်၊ ကောင်မလေး အလောင်းကို တံတားနားမှာ တွေ့တယ်။ ကောင်မလေးက နေ့လယ် နှစ်နာရီ လောက်က သေဆုံးတာ |

အထက်ပါစကားခွန်းအရ မှူခင်းဆရာဝန်သည် ယဉ်ကျေးမှုအရ အသတ်ခံရသော ကောင်မလေးနာမည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိ ဆိုင်းငံ့ထားခြင်း ဖြစ်သည်။

## ၂၊ ၅၊ ၁။ ဆိုင်းငံ့မှုပြုရာတွင် သုံးသော အရေအတွက်နည်းလမ်း

ဇာတ်ဆောင်မိန်းခလေးစကားခွန်း

| | |
|---|---|
| ဗေဒင်ဆရာမ | ➢ အမျိုးသားဇာတာပါလား |
| လင်းရှုပါ | ➢ အို ... ဟို မဟုတ်ပါဘူး[၂] |

အထက်ပါစကားခွန်းသည် ဗေဒင်ဆရာမက လင်းရှုပါအား အမျိုးသားဇာတာပါလားဟု မေးရာ လင်းရှုပါမှာ အိမ်ထောင်မရှိ အပျိုဖြစ်သဖြင့် ဗေဒင်ဆရာမ၏

---

[၁] Suspending a maxim

[၂] ဇာ – ၄၄။

အမေးကို ရုတ်တရက် မဖြေနိုင်ဘဲ ဆိုင်းငံ့သွားရာ ဘေးမှ အတူလိုက်ပါလာသူ အစ်မမှ ဗေဒင်ဆရာမကို လင်းရူပါမှာ အပျိုဖြစ်ကြောင်း ရှင်းပြရသည်။

## ၂၊ ၅၊ ၂။ ဆိုင်းငံ့မှုပြုရာတွင် သုံးသော အပြုအမူနည်းလမ်း

ဇာတ်ဆောင်မိန်းခလေးစကားခွန်း

ဗဂျမ်း ➢ ဒေါ်မြင့်မြင့်သိန်း ... ဟုတ်လား၊ သူက ဘယ်ကလဲ၊ ဘာဖြစ်လို့ ဒေါသထွက်နေရတာလဲ

လင်းရူပါ ➢ ဟိုလေ ... သူက သူ့ကိုယ်သူ မော်ဒန်ကဝေမကြီးလို့ထင်နေတာ[၁]

ဒေါ်မြင့်မြင့်သိန်းမှာ မည်သည့်အတွက်ကြောင့် ဒေါသထွက်နေရသလဲဟု ဗဂျမ်းမှမေးရာ လင်းရူပါက ဒေါသထွက်ရခြင်းအကြောင်းကို ဆိုင်းငံ့ထားပြီး အဖြေကို အတိအကျ မပေးပေ။ မော်ဒန်ကဝေမကြီးလို့ သူ့ကိုယ်သူထင်နေတာ ဟု မရေမရာ မတိကျသော အဖြေသာ ပေးသည်။

---

[၁] စာ – ၆၇။

## ဇာတ်ဆောင်ဗဂျမ်း၏ ချိုးဖောက်မှုနည်းလမ်းဇယား

| Co-operative Principle | မထိမဲ့မြင်ပြုသော နည်းလမ်း | ဆန့်ကျင်သော နည်းလမ်း | ချိုးဖောက်သော နည်းလမ်း | ရှောင်ဖယ်သော နည်းလမ်း | ဆိုင်းငံ့သော နည်းလမ်း | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| အရည်အသွေး | - | - | - | - | - | - | - |
| အရေအတွက် | ၂၀ | - | - | ၆ | - | ၂၆ | ၄၅.၆% |
| အဆက်အစပ် | ၆ | - | - | ၁၀ | - | ၁၆ | ၂၈.၁% |
| အပြုအမူ | ၆ | ၄ | ၂ | ၃ | - | ၁၅ | ၂၆.၃% |
| စုစုပေါင်း | ၃၂ | ၄ | ၂ | ၁၉ | - | ၅၇ | ၁၀၀% |
| ရာခိုင်နှုန်း | ၅၆.၁၄% | ၇.၀၂% | ၃.၅၁% | ၃၃.၃၃% | - | ၅၇ | ၁၀၀% |

## ဇာတ်ဆောင်လင်းရူပါ၏ ချိုးဖောက်မှုနည်းလမ်းဇယား

| Co-operative Principle | မထိမဲ့မြင်ပြုသော နည်းလမ်း | ဆန့်ကျင်သော နည်းလမ်း | ချိုးဖောက်သော နည်းလမ်း | ရှောင်ဖယ်သော နည်းလမ်း | ဆိုင်းငံ့သော နည်းလမ်း | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| အရည်အသွေး | - | - | - | - | - | - | - |
| အရေအတွက် | ၉ | - | - | ၅ | ၃ | ၁၇ | ၅၁.၆% |
| အဆက်အစပ် | - | ၃ | - | ၅ | - | ၈ | ၂၄.၂% |
| အပြုအမူ | - | - | - | ၆ | ၂ | ၈ | ၂၄.၂% |
| စုစုပေါင်း | ၉ | ၃ | - | ၁၆ | ၅ | ၃၃ | ၁၀၀% |
| ရာခိုင်နှုန်း | ၂၇.၃% | ၉.၁% | - | ၄၈.၅% | ၁၅.၁% | ၃၃ | ၁၀၀% |

## ခြုံငုံသုံးသပ်ချက်

အထက်ပါဇယား(၂)ခုကို Co-Operative Principle သီအိုရီမှ နည်းလမ်း (၄)မျိုးနှင့် ဇာတ်ဆောင်နှစ်ဦး ဖြစ်သော ဗဂျမ်းနှင့် လင်းရှုပါတို့၏ စကားခွန်းများကို လေ့လာကြည့်ရာတွင်–

ပထမဇာတ်ဆောင်ဖြစ်သော ဗဂျမ်းသည် နည်းလမ်း (၄)မျိုးတွင် အသုံးပြုသော စကားခွန်း စုစုပေါင်းမှာ (၅၇)ခွန်း ဖြစ်သည်။ ဒုတိယဇာတ်ဆောင်ဖြစ်သော လင်းရှုပါသည် နည်းလမ်း (၄)မျိုးတွင် အသုံးပြုသော စကားခွန်း စုစုပေါင်းမှာ (၃၃)ခွန်း ဖြစ်သည်။ ဗဂျမ်းသည် နည်းလမ်း (၄)မျိုးထဲတွင် အရေအတွက်နည်းလမ်းကို ရာခိုင်နှုန်း အများဆုံး အသုံးပြုသည်။ ရာခိုင်နှုန်းအားဖြင့် (၄၅.၆%) ဖြစ်သည်။ အပြုအမူနည်းလမ်းသည် ရာခိုင်နှုန်း အနည်းဆုံး ဖြစ်သည်။ ရာခိုင်နှုန်းမှာ (၂၆.၃%) ဖြစ်သည်။ အရည်အသွေးနည်းလမ်းမှာ လုံးဝမရှိပါ။ အလားတူ ဒုတိယဇာတ်ဆောင် ဖြစ်သော လင်းရှုပါသည်လည်း နည်းလမ်း (၄)မျိုးထဲတွင် အရေအတွက်နည်းလမ်းကို ရာခိုင်နှုန်း အများဆုံး အသုံးပြုသည်။ ရာခိုင်နှိုင်းမှာ (၅၁.၆%) ဖြစ်သည်။ အဆက် အစပ်နည်းလမ်းနှင့် အပြုအမူနည်းလမ်းသည် ရာခိုင်နှုန်း တူညီသည်။ ရာခိုင်နှုန်းမှာ (၂၄.၂%) ဖြစ်သည်။ အရည်အသွေးနည်းလမ်းမှာ လုံးဝမရှိပေ။

Four Waves Feminisn သီအိုရီ အသုံးပြု၍ ဤစာတမ်းတွင် တာရာမင်းဝေ၏ 'ကျွန်တော်နှင့် အဝါရောင်ဗီးနပ်(စ်)' ဝတ္ထုထဲမှ အဓိကဇာတ်ဆောင် (၂)ဦး၏ စရိုက် လက္ခဏာများကို လေ့လာကြည့်ရာတွင် ဗဂျမ်းသည် ချိုးဖောက်မှုနည်းလမ်း (၅)မျိုးတွင် မထီမဲ့မြင်ပြုရာ၌ သုံးသော နည်းလမ်းမှာ ရာခိုင်နှုန်း အများဆုံး ဖြစ်သည်။ ရာခိုင်နှုန်း အားဖြင့် (၅၆.၁၄%)ဖြစ်သည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ဗဂျမ်းသည် ယောကျ်ားလေးစရိုက်ရှိပြီး တစ်ဖက်လူကို တမင်တကာ မထီမဲ့မြင် ကန့်လန့်ပြောဆို တတ်သော စရိုက်ရှိသူ ဖြစ်သည်။ ဗဂျမ်းသည် ချိုးဖောက်မှုပြုရာတွင် သုံးသော နည်းလမ်းမှာ ရာခိုင်နှုန်းအားဖြင့် (၃.၅၁%)သာ ရှိသဖြင့် စကားစည်းမျဉ်းစည်းကမ်း များကို ချိုးဖောက်ပြောဆိုတတ်သော စရိုက်ရှိသူဖြစ်ကြောင်း တွေ့ရသည်။ ထို့အပြင် ဆိုင်းငံ့မှုပြုရာတွင် သုံးသော နည်းလမ်းမှာ ကြိမ်ရေမရှိသည့်အတွက် ဗဂျမ်းသည် ကြောက်ရွံ့တတ်သူမဟုတ်။ စကားကို မဆိုင်းမတွ ရဲရဲဝံ့ဝံ့ ပြောဆိုတတ်သော ယောကျ်ားစရိုက်လက္ခဏာ အပြည့်ရှိသူဖြစ်ကြောင်း တွေ့ရှိရသည်။

လင်းရှုပါ၏ စရိုက်လက္ခဏာကို လေ့လာကြည့်ရာတွင် ရှောင်ဖယ်မှုပြုရာတွင် သုံးသော နည်းလမ်းမှာ ရာခိုင်နှုန်း အများဆုံး ဖြစ်သည်။ ရာခိုင်နှုန်းအားဖြင့် (၄၈.၅%) ဖြစ်သည်။ ထို့ကြောင့် လင်းရှုပါသည် မိန်းကလေးစရိုက်ပီသစွာ ကိစ္စ

တစ်ခုခုကို ထိပ်တိုက်ရင်ဆိုင်ရန် ဝန်လေးသူ၊ မိန်းကလေးပီပီ ရှောင်လွဲကွေ့ပတ် ပြောတတ်သော မိန်းကလေး စရိုက်လက္ခဏာရှိသူ ဖြစ်သည့်အတွက် Four Waves Feminisn သီအိုရီထဲရှိ အချက်(၄)ချက်တွင် တတိယအချက်နှင့် စတုတ္ထအချက်တွင် ပါဝင်သော မိန်းကလေးတွင်ရှိသော စရိုက်လက္ခဏာနှင့် ကိုက်ညီမှုရှိသည်ကို တွေ့ရှိရသည်။ ထို့အပြင် ရာခိုင်နှုန်း အနည်းဆုံးမှာ ဆန့်ကျင်မှုပြုရာတွင် သုံးသော နည်းလမ်း ဖြစ်သည်။ ရာခိုင်နှုန်းမှာ (၉.၁%) ဖြစ်သည်။ လင်းရှုပါသည် ဆွေမျိုး သူငယ်ချင်းများ၊ မိတ်ဆွေများအပေါ်တွင် ဆန့်ကျင်မှုနည်းခြင်း၊ မိဘများ၏ဆိုဆုံးမမှုကို ဆန့်ကျင်မှု နည်းသော စရိုက်လက္ခဏာရှိသူ ဖြစ်ကြောင်း တွေ့ရသည့်အတွက် လင်းရှုပါသည် မိန်းကလေး စရိုက်အပြည့်ရှိသူဖြစ်ကြောင်း တွေ့ရှိရသည်။

ဝတ္ထုပါ ဇာတ်ဆောင် (၂)ဦး၏ စရိုက်လက္ခဏာကို ကျား၊မ မခွဲဘဲ နှိုင်းယှဉ် လေ့လာကြည့်သောအခါ လင်းရှုပါမှာ စိတ်ဓာတ်ပျော့ညံ့ပြီး ကိစ္စတစ်ခုခုကို ရှောင်လွဲ ကွေ့ပတ်ပြောဆိုတတ်သော စရိုက်လက္ခဏာ ရှိသည်။ ထို့အပြင် မိဘ၊ ဆွေမျိုး၊ သူငယ်ချင်းများ၏ သဘောဆန္ဒနှင့် ဆန့်ကျင်မှုပြုရမည်ကို ဝန်လေးတတ်သော စရိုက် လက္ခဏာ အပြည့်ရှိသည်။ ထို့အပြင် စကားစည်းမျဉ်း စည်းကမ်းများကိုလည်း ချိုးဖောက်ပြောသူ မဟုတ်ကြောင်း တွေ့ရှိရသည်။

ဗဂျမ်းသည် ယောကျ်ားလေး စရိုက်လက္ခဏာတွင်သာ အများဆုံးရှိသည့် တဖက်လူကို တမင်တကာ အရွဲ့တိုက်၍ မထီမဲ့မြင်ပြုတတ်သူ ဖြစ်သည်။ ထို့ပြင် စကားစည်းမျဉ်း စည်းကမ်းများကိုလည်း ချိုးဖောက်၍ ပြောဆိုတတ်သူ ဖြစ်သည်။ စကားပြောရာတွင်လည်း ကြောက်ရွံ့တွန့်ဆုတ်ခြင်း၊ ဆိုင်းငံ့ခြင်း မရှိ၊ ရဲရဲဝံ့ဝံ့ ပြောဆို တတ်သော ယောကျ်ားလေးစရိုက်လက္ခဏာရှိသူ ဖြစ်သည်။ Four Waves Feminisn သီအိုရီထဲရှိ အချက်(၄)ချက်နှင့် လေ့လာကြည့်ရာတွင် ဇာတ်ဆောင် လင်းရှုပါသည် မိန်းကလေးစရိုက်လက္ခဏာ အပြည့်ရှိသူ ဖြစ်၍ ဗဂျမ်းမှာ ယောကျ်ားပီသသော ယောကျ်ားလေးစရိုက်လက္ခဏာ အပြည့်ရှိသူဖြစ်ကြောင်း တွေ့ရှိရသည်။

## နိဂုံး

ဤစာတမ်းသည် တာရာမင်းဝေ၏ 'ကျွန်တော်နှင့် အဝါရောင်ဗီးနပ်(စ်)' ဝတ္ထုရှိ အဓိကဇာတ်ဆောင် (၂)ဦး၏ စကားခွန်းများကို လက်တွေ့အတ္ထဗေဒ လမ်းကြောင်းနှင့် စာပေသီအိုရီလမ်းကြောင်း နှစ်မျိုးမှ လေ့လာထားပါသည်။ ထိုသို့ လေ့လာရာတွင် အဓိကဇာတ်ဆောင်နှစ်ဦး၏ စရိုက်လက္ခဏာများ ပိုမိုပေါ်လွင်လာစေရန် လက်တွေ့အတ္ထဗေဒရှိ Co-Operative Principle သီအိုရီကို ပင်မထား၍ စာပေသီအိုရီနှင့် ချိတ်ဆက်၍ လေ့လာထားခြင်း ဖြစ်သည်။

## ကျမ်းကိုးစာရင်း

### မြန်မာဘာသာ


ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၀)။ ***လက်တွေ့အတ္ထဗေဒနိဒါန်း***။ ပထမအကြိမ်။ ရန်ကုန်၊ ဆန်းသဇင်ပုံနှိပ်တိုက်။


### အင်္ဂလိပ်ဘာသာ


Grice, H.P. (1975). ***Logic and Conversation***. New York, NY: Oxford University Press.

Leech, G.N. (1983). ***Principles of Pragmatics***. Longman: London.


### အင်တာနက်


https: // www. Pacilicu.eder/ about/ media/four-waves-feminism.

# မြန်မာဘာသာစကားနှင့် ပြောဆိုပိုင်ခွင့်ဆိုင်ရာနှုန်းစံ

နန်းဟွမ်အေး*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာဘာသာစကားနှင့် မြန်မာ့လူ့အဖွဲ့အစည်းကြား ပြောဆိုပိုင်ခွင့်အရ ဖြစ်ပေါ်လာသော နှုန်းစံအကြောင်းကို သိရှိစေရန် လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ ဤစာတမ်းတွင် လူမှုဘာသာဗေဒ နှုန်းစံ တို့ကို အခြေခံကာ စကားအသုံးအနှုန်းကဏ္ဍ၊ စကားအမျိုးအစားကဏ္ဍ၊ စကားပိုပြောခွင့်ရခြင်းကဏ္ဍတို့ကို လေ့လာတင်ပြထားပါသည်။ ယင်းကဏ္ဍတို့သည် စကားပြောဆိုပိုင်ခွင့်ဆိုင်ရာနှုန်းစံကို သက်ရောက်မှုရှိသည့်အကြောင်းကို လေ့လာဖော်ထုတ်တင်ပြထားပါသည်။ ထိုသို့လေ့လာတင်ပြရာတွင် စကားဖြစ်ရပ်တစ်ခုအတွင်း ပြောသူ၊ နာသူတို့၏ အပြန်အလှန်ပြောစကားများကို အခြေခံ၍ လေ့လာသောနည်းကို အသုံးပြုတင်ပြထားပါသည်။ ဘာသာစကားကို ပြောဆိုရာတွင် သူ့နေရာနှင့်သူ ဆီလျော်အောင် သုံးတတ်ခြင်းဖြင့် လူမှုဆက်ဆံရေး နယ်ပယ်တွင် အဆင်ပြေချောမွေ့မှုကို ဖြစ်ပေါ်စေပါသည်။ ထို့ပြင် ဘာသာစကား နှင့် လူ့အဖွဲ့အစည်းကြားရှိ ဆက်စပ်မှုကို လေ့လာသည့် လူမှုဘာသာဗေဒ လေ့လာမှုကိုလည်း ဤစာတမ်းက အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ** – ***လူမှုဘာသာဗေဒ၊ စကားဖြစ်ရပ်၊ လေယူလေသိမ်း လေသံ၊ စကားအသုံးအနှုန်း၊ စကားအမျိုးအစား၊ စကားပိုပြောခွင့်၊ ပြောဆိုပိုင်ခွင့်ဆိုင်ရာနှုန်းစံ။***

## နိဒါန်း

ဤစာတမ်းသည် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ပြောဆိုပိုင်ခွင့်အရ ဖြစ်ပေါ်လာသော နှုန်းစံအကြောင်းကို လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ ထိုသို့ လေ့လာတင်ပြရာတွင် လူမှုဘာသာဗေဒနှုန်းစံကို အခြေခံကာ စကားအသုံးအနှုန်း ကဏ္ဍ၊ စကားအမျိုးအစားကဏ္ဍ၊ စကားပိုပြောခွင့်ရခြင်းကဏ္ဍတို့ကို လေ့လာတင်ပြ ထားပါသည်။ ယင်းကဏ္ဍတို့သည် စကားပြောဆိုပိုင်ခွင့်ဆိုင်ရာ နှုန်းစံကို သက်ရောက်မှု ရှိသည့်အကြောင်းကို လေ့လာဖော်ထုတ် တင်ပြထားပါသည်။ ထိုသို့လေ့လာတင်ပြ ရာတွင် စကားဖြစ်ရပ်တစ်ခုအတွင်း ပြောသူ၊ နာသူတို့၏ အပြန်အလှန်ပြောစကား များကို အခြေခံ၍ လေ့လာသောနည်းကို အသုံးပြုတင်ပြထားပါသည်။ ဘာသာ စကားကို ပြောဆိုရာတွင် သူ့နေရာနှင့်သူ ဆီလျော်အောင် သုံးတတ်ခြင်းဖြင့် လူမှု

* ဒေါက်တာ၊ လက်ထောက်ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

ဆက်ဆံရေးနယ်ပယ်တွင် အဆင်ပြေချောမွေ့မှုကို ဖြစ်ပေါ်စေပါသည်။ ထို့ပြင် ဘာသာစကားနှင့် လူ့အဖွဲ့အစည်းကြားရှိ ဆက်စပ်မှုကို လေ့လာသည့် လူမှုဘာသာဗေဒ လေ့လာမှုကိုလည်း ဤစာတမ်းက အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

## ၁။ **လူမှုဘာသာဗေဒနှုန်းစံ**

လူ့အဖွဲ့အစည်းအတွင်း လူတို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဆက်သွယ်ရာတွင် **ဘာသာစကား**[၁]ကို ဆက်သွယ်ရေးကိရိယာအဖြစ် အသုံးပြုကြသည်။ ထိုသို့ အသုံးပြုရာတွင် ထိုဘာသာစကားနှင့် ပတ်သက်၍ လူ့အဖွဲ့အစည်းအလိုက် အများ သဘောတူ သတ်မှတ်ထားသော **ဘာသာစကားဆိုင်ရာနှုန်းစံ**[၂] သည် ဘာသာစကား အသုံးပြုမှုကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ဘာသာစကားဆိုင်ရာ နှုန်းစံများကို **လူမှုဘာသာဗေဒရှုထောင့်**[၃]မှ စိစစ်လေ့လာရာမှ လူမှုဘာသာဗေဒ နှုန်းစံများ ထွက်ပေါ် လာပါသည်။

**ဘာသာစကားနှင့် လူ့အဖွဲ့အစည်းကြားရှိ အပြန်အလှန်ဆက်စပ်မှုကို လူမှု ဘာသာဗေဒ**[၄] **ပညာရပ်က စူးစမ်းလေ့လာပါသည်။**[၅] တစ်နည်းဆိုရလျှင် လူ့အဖွဲ့ အစည်း အတွင်း၌ လူတို့ပြောဆိုနေသော ဘာသာစကားများတွင် ပြောသူ၊ နာသူတို့၏ စိတ်ခံစားမှု၊ လူမှုဆက်ဆံရေး အခြေအနေများ ထင်ဟပ်နေမှုကို ဖော်ထုတ်လေ့လာသော ပညာရပ်လည်း ဖြစ်သည်။

ဘာသာစကားနှင့် လူ့အဖွဲ့အစည်းကြားရှိ ဆက်စပ်မှုကို လေ့လာရာတွင် ထိုဘာသာစကားကို အသုံးပြုသော လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ အယူ ဝါဒ၊ သဘောထား၊ ဘာသာစကားအပေါ် ထားရှိသည့် အမြင်သဘောထားများ ကိုလည်း ထည့်သွင်းစဉ်းစားမှသာ ပြီးပြည့်စုံမှု ရှိနိုင်မည် ဖြစ်သည်။

မြန်မာလူမျိုးတို့သည် စကားပြောဆိုရာတွင် အခြေအနေ၊ အချိန်အခါ၊ နေရာ ဒေသ၊ နောက်ခံအခြေအနေများပေါ် မူတည်၍ မည်သူ့ကို မည်သည့်ပုံစံ၊ မည်သည့် အသုံးအနှုန်း၊ မည်သည့် လေယူလေသိမ်း(လေသံ)ဖြင့် ပြောဆိုရမည် ဟူသည့် နှုန်းစံသတ်မှတ်ချက်များဖြင့် အများဆုံး ပြောဆိုကြကြောင်း တွေ့ရသည်။

---

[၁] Language

[၂] linguistic norm

[၃] sociolinguistics point of view

[၄] sociolinguistics

[၅] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၃၊ ၁၆၅။

**နှုန်းစံ** [၁] ဟူသော ဝေါဟာရကို အင်္ဂလိပ်–မြန်မာအဘိဓာန်တွင် **စံ။ သတ်မှတ်ချက်။**[၂] ဟူ၍ ဖွင့်ဆိုထားပါသည်။ ဒေါက်တာကိုလေးကလည်း **သက်ဆိုင်ရာ အဖွဲ့အစည်းအတွင်းဖြစ်စေ၊ ယင်းအဖွဲ့ထဲမှ အုပ်စုကွဲများတွင်ဖြစ်စေ အစဉ်အလာ ပြောဆိုနေကြသော စံပုံစံ၊ ပြန်ဟန်ဆိုဟန်များကို ဆိုလိုသည်** [၃] ဟူ၍ ဖွင့်ဆို ထားပါသည်။ ထို့ပြင် **ပီတာအယ်လ်ပတ်ထရစ်**[၄] ကလည်း–

> "လူမှုဘာသာဗေဒတွင် နှုန်းစံများကို အဓိပ္ပာယ်အမျိုးမျိုးဖြင့် သုံးသည်။ အဓိကအဓိပ္ပာယ်မှာ လူ့အဖွဲ့အစည်းအတွင်း လက်ခံ သဘောတူထားသည့် အယူအဆပင် ဖြစ်သည်။"[၅]

ဟူ၍ လည်းကောင်း၊ **ဝီကီပီးဒီးယားအခမဲ့စွယ်စုံကျမ်း**[၆] တွင် နှုန်းစံကို–

> "သတ်မှတ်ထားသောအသတ်၊ နောက်ခံအခြေအနေရှိသောသူတို့ ယေဘုယျ အသုံးပြုနေကြသော သတ်မှတ်ထားသည့် နှုန်းစံ တစ်ခု"[၇]

ဟူ၍ လည်းကောင်း ဖွင့်ဆိုထားပါသည်။

အထက်ပါ ဖွင့်ဆိုချက်များအရ 'နှုန်းစံဆိုသည်မှာ လူ့အဖွဲ့အစည်း တစ်ခု အတွင်း အစဉ်အဆက်ကပင် အများသဘောတူကာ လိုက်နာကျင့်သုံးခဲ့သည့် အလေ့အထ (သို့မဟုတ်) ထုံးတမ်းများ (သို့မဟုတ်) အပြုအမူများ (သို့မဟုတ်) အပြောအဆိုများ ဖြစ်သည်။'ဟု ယူဆပါသည်။

လူတို့သည် တစ်ဦးနှင့်တစ်ဦး စကားပြောဆိုရာတွင် ထိုနှုန်းစံများနှင့် ကိုက်ညီအောင် ပြုမူနေထိုင်မှု မပြုလျှင် သက်ဆိုင်ရာ အသိုင်းအဝိုင်း၏ ပြက်ရယ်ပြုမှု၊ ကြဉ်မှု၊ အပြစ်ပေးမှုများကို ခံရတတ်ပါသည်။ နှုန်းစံများကို လူတိုင်းလူတိုင်းက တိတိကျကျသိပြီး လိုက်နာကျင့်သုံးသကဲ့သို့ တစ်ချိန်တည်းမှာပင် ထိုနှုန်းစံများကို သတိမထားမိဘဲ ကျင့်သုံးနေခြင်းမျိုးလည်း ဖြစ်နေတတ်သည်။ အများအားဖြင့်

---

[၁] norm

[၂] မြန်မာစာအဖွဲ့၊ ၂၀၀၁၊ ၉၂၃။

[၃] ကိုလေး၊ ဒေါက်တာ၊ ၂၀၀၈၊ ၉၂။

[၄] Peter L. Patrick

[၅] http://orb.essex.ac.uk/g/lg232/Standard.html

[၆] wikipedia, the free encyclopedia

[၇] wikipedia.org/wiki/Norm http://en

လူ့အဖွဲ့အစည်းတစ်ခုအတွင်း အခြေအနေနှင့် ကိုက်ညီသော အများလက်ခံသည့် သတ်မှတ်ချက်များကို နှုန်းစံဟု သတ်မှတ်ခြင်းပင် ဖြစ်သည်။

ဘာသာစကားဆိုင်ရာ နှုန်းစံများကို လူမှုဘာသာဗေဒရှုထောင့်မှ လေ့လာသောအခါ လူမှုဆက်ဆံရေးသည် သိမ်မွေ့နက်ရှိုင်းလှသည့်အလျောက် လူအချင်းချင်း ဆက်ဆံရာတွင် ကြားခံအဖြစ် အသုံးပြုသည့် ဘာသာစကား၏ နှုန်းစံများမှာလည်း သိမ်မွေ့နက်ရှိုင်းလှသည်ကို တွေ့ရှိရပါသည်။ လူမှုဘာသာဗေဒအရ ဘာသာစကားဆိုင်ရာ နှုန်းစံများကို သတ်မှတ်ပေးသည့် ပါဝင်ပြောဆိုသူဆိုင်ရာ အချက်အလက်များ၊ အခြေအနေ အဆက်အစပ်ဆိုင်ရာ အချက်အလက်များ၊ ဘာသာစကားဆိုင်ရာ အချက်အလက်များမှာလည်း ကျယ်ဝန်းလှပါသည်။ ပါဝင်ပြောဆိုသူဆိုင်ရာ အချက်အလက်များတွင် ပြောသူတစ်ဦးချင်းစီနှင့် သက်ဆိုင်သော လူမှုဆိုင်ရာ အချက်အလက်များ ပါဝင်သည်။ အခြေအနေ အဆက်အစပ်ဆိုင်ရာများတွင် ပါဝင်ပြောဆိုသူများ၏ လူမှုအဆက်အစပ်၊ စိတ်ပိုင်းဆိုင်ရာ အခြေအနေ၊ ရုပ်ပိုင်းဆိုင်ရာ အခြေအနေတို့ အကျုံးဝင်သည်။ ဘာသာစကားဆိုင်ရာ အချက်အလက်များတွင် လေယူလေသိမ်း၊ စကားအသုံးအနှုန်း၊ **စကားအမျိုးအစား**[၁] စသည်တို့ အကျုံးဝင်သည်။

မြန်မာဘာသာစကားနှင့် လူ့အဖွဲ့အစည်းကြားရှိ ဆက်စပ်မှုကို လေ့လာ၍ လူမှုဘာသာဗေဒနှုန်းစံများကို ဖော်ထုတ်မည်ဆိုပါက မြန်မာဘာသာစကားကို အသုံးပြုသော မြန်မာ့လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှု ဓလေ့ထုံးစံ၊ အယူဝါဒ၊ သဘောထား၊ ဘာသာစကားအပေါ် ထားရှိသည့် အမြင်သဘောထားများကိုလည်း ထည့်သွင်းစဉ်းစားမှသာ ပြီးပြည့်စုံမှု ရှိနိုင်မည် ဖြစ်သည်။

## ၂။ မြန်မာဘာသာစကားနှင့် ပြောဆိုပိုင်ခွင့်ဆိုင်ရာ နှုန်းစံ

ဘာသာစကားပြောဆိုမှုတွင် မည်သူက မည်သူ့ကို မည်သည့်နေရာ၊ မည်သည့်အချိန်တွင် မည်သို့သော စကားအသုံးအနှုန်းဖြင့် ပြောဆိုရမည် ဟူသော လူ့အဖွဲ့အစည်းအလိုက် သတ်မှတ်ထားချက်များ ရှိပါသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင်လည်း ထိုနည်းတူပင် ဖြစ်သည်။ ထို့ပြင် လူမှုဆက်ဆံရေးတွင် **ခေါက်ချိုးမညီလူမှုဆက်ဆံရေး**[၂] နှင့် **ခေါက်ချိုးညီလူမှုဆက်ဆံရေး**[၃] ဟူ၍ ရှိသည်။ ခေါက်ချိုးမညီလူမှုဆက်ဆံရေးမှာ မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ အလုပ်ရှင်နှင့်အလုပ်သမား၊

[၁] genre

[၂] asymmetrical social relationship

[၃] symmetrical social relationship

လူနာနှင့်ဆရာဝန်၊ အထက်လူကြီးနှင့်လက်အောက်ငယ်သား စသည့် ဆက်ဆံရေးမျိုး ဖြစ်ပြီး၊ ခေါက်ချိုးညီလူမှုဆက်ဆံရေးမှာ သူငယ်ချင်းအချင်းချင်း၊ လုပ်ဖော်ကိုင်ဖက် အချင်းချင်း စသည့် ဆက်ဆံရေးမျိုး ဖြစ်သည်။ ခေါက်ချိုးညီလူမှုဆက်ဆံရေးထက် ခေါက်ချိုးမညီလူမှုဆက်ဆံရေးသည် စကားအသုံးအနှုန်းရွေးချယ်မှုတွင် ပို၍တင်းကြပ်မှု ရှိကြောင်း တွေ့ရပါသည်။

စကားပြောဆိုရာတွင် သံဃာတော်များနှင့် ပြောဆိုသည့်အခါတွင်လည်းကောင်း၊ တရားရုံးများတွင် ပြောဆိုသည့်အခါတွင်လည်းကောင်း သုံးနှုန်းရမည့် အသုံးအနှုန်း များသည် တိကျစွာ သတ်မှတ်ထားသည်ကို တွေ့ရသည်။ သူငယ်ချင်း အချင်းချင်း ဖြစ်စေကာမူ ဆက်ဆံရသည့် ပတ်ဝန်းကျင်အနေအထားပေါ် မူတည်၍လည်း သုံးနှုန်းသည့် အသုံးအနှုန်း၊ အခေါ်အဝေါ်များ ကွဲပြားတတ်သည်ကို တွေ့နိုင်ပါသည်။

မြန်မာလူမျိုးတို့သည် ဟီရိဩတ္တပ္ပတရား (၂)ပါးကို လက်ကိုင်ထားသည့် လူမျိုးများပီပီ ‘ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား’ ကြသူများ ဖြစ်ကြပါသည်။ ထေရဝါဒဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသော မြန်မာလူမျိုး များသည် မိမိတို့ ပြောဆိုဆက်ဆံရသော မိဘ၊ ဆရာသမား၊ လူကြီးသူမများအပေါ်၌ အများအားဖြင့် ရိုသေယဉ်ကျေးစွာ ပြောဆိုတတ်ကြကြောင်း တွေ့ရသည်။

မြန်မာ့လူ့အဖွဲ့အစည်းတွင် မြန်မာလူမျိုးတို့သည် တစ်ဦးနှင့်တစ်ဦး ပြောဆို ဆက်ဆံသည့်အခါမျိုးတွင် ရိုင်းစိုင်းသည့် အသုံးအနှုန်းများကို တတ်နိုင်သမျှရှောင်၍ ယဉ်ကျေးစွာ ပြောလေ့ရှိကြသည်ကို တွေ့ရတတ်ပါသည်။ ထိုသို့မဟုတ်ဘဲ ရင့်သီး ကြမ်းတမ်းသည့် စကားများဖြင့် ပြောဆိုမိလျှင် ‘လူကြီးကို ဘယ်လိုပြောလိုက်တာလဲ’၊ ‘ဆရာသမားကို ဒီလို မပြောရဘူးလေ’၊ ‘မိဘကို ပြန်ခံပြောနေလိုက်တာ မြေမျိုမှာ မကြောက်ဘူးလား’ စသည်ဖြင့် ပြောဆိုကာ သတိပေး ဆုံးမတတ်ကြပါသည်။

လူတို့သည် ပြောဆိုပိုင်ခွင့်ရှိသည့် အတိုင်းအတာကို ကျော်လွန်၍ ပြောသည့် အခါတွင် တစ်ဦးနှင့်တစ်ဦး စကားများရခြင်း၊ အခင်အမင်ပျက်ရခြင်း စသည့် လူမှုရေး ဆိုးကျိုးများ ဖြစ်ပေါ်စေတတ်ပါသည်။ သို့ဖြစ်၍ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း၌ တစ်ဦးနှင့်တစ်ဦး စကားပြောဆိုသည့်အခါတွင် ပြောဆိုပိုင်ခွင့်ကို ကျော်လွန်၍ မပြောမိစေရန် တတ်နိုင်သမျှ စောင့်ထိန်းတတ်ကြကြောင်း တွေ့နိုင်ပါသည်။ ထိုသို့ စောင့်ထိန်းကြရာမှ ပြောဆိုပိုင်ခွင့်ဆိုင်ရာ နှုန်းစံတစ်ရပ် ပေါ်ထွက်လာရခြင်းပင် ဖြစ်ပါသည်။

ပြောဆိုပိုင်ခွင့်နှင့်ပတ်သက်သည့် ဖွင့်ဆိုချက်ကို လေ့လာကြည့်လျှင် **ဥပဒေ အရ (သို့မဟုတ်) လူမှုရေးအရ အသိအမှတ်ပြုသော ကိုယ်ကျင့်တရား (သို့မဟုတ်)**

**တရားဥပဒေအရ လူပုဂ္ဂိုလ်တစ်ဦးစီအတွက် ကြောင်းကျိုးခိုင်လုံ ညီညွတ်သည်ဟု သတ်မှတ်ထားသော အပြုအမူ**[၁] ဟူသည့် ဖွင့်ဆိုချက်မျိုးကို တွေ့ရပါသည်။ မြန်မာ့လူ့အဖွဲ့အစည်းမှ လူများသည် လူမှုပတ်ဝန်းကျင်နှင့်အညီ လိုက်လျောညီထွေဖြစ်အောင် ပြုမူပြောဆိုကြသည်က များပါသည်။ စကားဖြစ်ရပ်တစ်ခုအတွင်း ပြောသူနှင့်နာသူတို့၏ ဆက်ဆံမှုအခြေအနေ၊ လူမှုအဆင့်အတန်း၊ နောက်ခံပတ်ဝန်းကျင်စသည်တို့ကလည်း စကားပြောဆိုရာတွင် မည်သူက မည်သူ့ကို မည်သည့် လေယူလေသိမ်း(လေသံ)ဖြင့် ပြောဆိုရမည်၊ မည်သည့်စကားအသုံးအနှုန်းကို ရွေးချယ်သုံးနှုန်းမည်၊ မည်သည့်စကားအမျိုးအစားဖြင့် ပြောဆိုမည်၊ မည်သူက စကားပိုပြောခွင့်ရှိသည်ဟူသည့် အချက်များက ပြောဆိုပိုင်ခွင့်ဆိုင်ရာ နှုန်းစံများကို ဖြစ်ပေါ်လာစေပါသည်။

## ၂၊ ၁။ စကားအသုံးအနှုန်း

စကားအသုံးအနှုန်းသည် စကားလုံးများကို ရွေးချယ်အသုံးပြုပုံ ဖြစ်သည်။ စကားလုံးများကို ရွေးချယ်အသုံးပြုရာတွင် သူ့နေရာနှင့်သူ ဆီလျော်အောင် ရွေးချယ်မှသာ လူမှုရေးနယ်ပယ်တွင် အံဝင်ခွင်ကျဖြစ်ကာ အဆင်ပြေချောမွေ့စေမည် ဖြစ်သည်။ လူမှုရေးနယ်ပယ်တွင် မိမိရွေးချယ်သုံးနှုန်းမိသော စကားလုံးသည် မိမိ၏ အဆင့်အတန်းကိုလည်း တစေ့တစောင်း လှစ်ဟပြတတ်သောကြောင့် သတိထား၍ ရွေးချယ်သင့်ပါသည်။ စကားလုံးရွေးချယ်မှုပိုင်းတွင် ယောကျ်ားလေးများသည် ကြမ်းတမ်းသည့်စကားလုံးများကို မိန်းကလေးများထက် ပိုမိုသုံးတတ်ကြကြောင်း တွေ့ရသည်။ မိန်းကလေးများမှာမူ သိမ်မွေ့သော အသုံးအနှုန်းများကို ပိုမိုသုံးတတ်ကြပါသည်။ သို့သော် ဒေါသထွက်သည့်အခါမျိုးတွင်မူ မိန်းကလေးများသည်လည်း ရင့်သည်းသည့်အသုံးများကို သုံးတတ်ကြသည်ကို တွေ့ရသည်။

ခေါက်ချိုးမညီလူမှုဆက်ဆံရေးတွင် စကားလုံးများကို ရင့်သည်းစွာ သုံးမိလျှင် စကားများ ရန်ဖြစ်ရတတ်သည်ကို ထင်ရှားစွာ တွေ့နိုင်သည်။

သာဓက–

ပြောသူ (၁) ဒန်းပွင့် ညည်းလုပ်ချင်တာ လုပ်ခဲ့မှတော့ ညည်းထိုက်နဲ့ ညည်းကံပဲ တို့ကို အဒေါ်တွေလို့ မမှတ်နဲ့။ တို့ကလည်း ရှိတယ် မမှတ်ဘူး။ ညည်းရွှေတွေ ကုန်ပြီမှတ်လား။ တစ်သက်လုံးက

---

[၁] Hogan, M.O, 2005, 304

ရွှေရယ်လို့ မူးလို့ရှူစရာမရှိခဲ့တဲ့ ဟာတွေက မောင်ပိုင်စီးလိုက်ကြပြီ မှတ်လား။ လင်သည်လောက်ရှားလို့အေ မစင်ခြောက်ကောက်စားရတယ်လို့။

ပြောသူ (၂) မဒွေးမြ တော့်စကား ဆင်ခြင်ပြောပါ။ ကျုပ်တို့က ဆင်းရဲပေမယ့် စင်ကြယ်ပါသတော်။ ကနေ့ထိ တော်တို့ပစ္စည်း အပ်တိုတစ်ချောင်း ကျုပ်တို့ဆီ မရောက်သေးဘူး။ မက်လည်းမမက်ဘူး။ ကျုပ်သားနဲ့စပ်လို့ ကျုပ်က သမီးချွေးမတော်ရမှာ ငါ့သမီးတော့ အားနာပါရဲ့။ ကျုပ်တို့က ညည်းတို့လို နှုတ်ဝစီကြမ်းတွေနဲ့ ဘယ်လိုမှ မပတ်သက်ချင်တာတော်။ ဒါ့ထက်ရှင်းတာ ခေါင်းတုံးရှိတော့တယ်။[၁]

အထက်ပါပြောစကားသည် ဒန်းပွင့်အဒေါ် ဒေါ်ဒွေးမြနှင့် မောင်ပုညမိခင်တို့၏ အပြန်အလှန် ပြောစကားဖြစ်သည်။ ဒေါ်ဒွေးမြသည် တူမဖြစ်သူနှင့် မောင်ပုညကို သဘောမတူနိုင်ကြောင်း ပြောရာတွင် မောင်ပုညတို့ဘက်အား ရင့်သည်းကြမ်းတမ်းသည့် စကားလုံးများဖြစ်သော **ဟာတွေ**၊ **မောင်ပိုင်စီး**၊ **မစင်ခြောက်** ဟူသည့် စကားလုံးများနှင့် ပုတ်ခတ်စော်ကားပြောဆိုခဲ့သောကြောင့် တစ်ဖက်လူကိုလည်း စိတ်ဆိုးဒေါသထွက်စေခဲ့သည့်အပြင် ပြောဆိုသူကိုလည်း **နှုတ်ဝစီကြမ်းသူ** ဟု သတ်မှတ်ကာ တစ်ဖက်က အထင်သေး၍ အဆက်အဆံ မပြုချင်တော့ကြောင်း တွေ့နိုင်သည်။ သို့ဖြစ်၍ ရင့်သည်းကြမ်းတမ်းသည့် စကားလုံးများကို သုံးနှုန်း၍ ပြောဆိုခြင်းသည် မိမိအား တစ်ဖက်လူကလည်း အထင်အမြင်သေးစေနိုင်သကဲ့သို့ ပေါင်းသင်းဆက်ဆံရေးတွင်လည်း အဆင်မပြေဖြစ်စေနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။

စကားပြောဆိုရာတွင် သူ့နေရာပတ်ဝန်းကျင်နှင့် ဆီလျော်အောင် ပြောဆိုသုံးနှုန်းမှသာလျှင် လူမှုရေးနယ်ပယ်တွင် အဆင်ပြေနိုင်မည် ဖြစ်သည်။ ခေါက်ချိုးညီလူမှုဆက်ဆံရေးတွင် စကားပြောဆိုရာတွင် လွတ်လပ်စွာ ပြောဆိုလေ့ ရှိကြသည်။ ခေါက်ချိုးညီ လူမှုဆက်ဆံရေးတွင် တစ်ဦးပေါ်တစ်ဦး ဩဇာလွှမ်းမိုးသည့် အနေအထားများ ရှိသကဲ့သို့ ဩဇာလွှမ်းမိုးပိုင်ခွင့် မရှိသည့် အနေအထားများလည်း ရှိတတ်သည်။ သူစိမ်းတစ်ရံဆံချင်း ဆက်ဆံရေးမျိုးတွင် တစ်ဦးနှင့်တစ်ဦး ဩဇာလွှမ်းမိုးပိုင်ခွင့် မရှိပေ။ အထက်စီးလေသံ၊ ရင့်သီးသော အသုံးအနှုန်းများဖြင့် ပြောလျှင် အပြောခံရသူက လက်မခံနိုင်ဘဲ ပြဿနာတက်ကာ လူမှုနယ်ပယ်တွင် အဆင်မပြေဖြစ်နိုင်ကြောင်း တွေ့ရပါသည်။

[၁] ခင်ခင်ထူး၊ ၂၀၁၁၊ ၄၄၂-၄၄၃။

သာဓက–

ပြောသူ (၁) ဟဲ့ ငါထိုင်မလို့ကို ဘာလို့အတင်းပေးထိုင်ရတာတုန်း။ အဲ့ကလေးက ညည်း**လင်** မို့လို့လားဟဲ့ **ကောင်မ** ကိုက မပြောလိုက်ချင်ဘူး။

ပြောသူ (၂) အစ်မ မမိုက်ရိုင်းနဲ့နော်။ ကလေးက လက်မှာ ပတ်တီးနဲ့မို့ ထိမိမှာစိုးလို့ နေရာပေးလိုက်တာ စကားကို ဆင်ခြင်ပြီးပြောပါ။

အထက်ပါပြောစကားသည် ခရီးသည်တင်ကားတစ်စီးပေါ်ရှိ ခရီးသည်နှစ်ဦး ထိုင်ခုံနေရာ လုရာမှ ပြဿနာဖြစ်ကာ အပြန်အလှန်ပြောဆိုနေသော ပြောစကားများ ဖြစ်သည်။ ပြောသူ(၁)သည် ရင့်သည်းသည့် အသုံးဖြစ်သော **လင်**၊ **ကောင်မ** တို့ကို သုံးနှုန်းခဲ့ခြင်းကြောင့် ပြောသူ(၂)အား စိတ်ဆိုးဒေါသထွက်စေပြီး စကားအချေအတင် များခဲ့ကြကြောင်း တွေ့ရသည်။ ထို့ပြင် ကားပေါ်ရှိ လူများကလည်း ပြောသူ(၁)ကို လှမ်းကြည့်ကာ နှာခေါင်းရှုံ့ခဲ့ကြသည်ကိုလည်း တွေ့ရသည်။ သို့ဖြစ်၍ သူစိမ်း တစ်ရံဆံချင်း ဆက်ဆံရေးတွင် စကားအသုံးအနှုန်းရွေးချယ်မှုသည် အရေးပါကြောင်း တွေ့နိုင်ပါသည်။ စကားအသုံးအနှုန်း ရွေးချယ်ရာတွင် ဆီလျော်မှု မရှိခြင်းကြောင့် လူမှုရေးနယ်ပယ်တွင် အဆင်မပြေဖြစ်စေခဲ့သည့်အပြင် ပတ်ဝန်းကျင်၏ နှာခေါင်းရှုံ့မှု ကိုလည်း ခံခဲ့ရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ပြောဆိုပိုင်ခွင့်ဆိုင်ရာ နှုန်းစံတွင် စကားအသုံးအနှုန်း ရွေးချယ်မှုကလည်း အရေးပါကြောင်း တွေ့နိုင်သည်။

သံဃာနှင့် ဒကာဆက်ဆံရေးတွင် ပြောဆိုပိုင်ခွင့်ဆိုင်ရာ နှုန်းစံသည် တင်းကျပ်မှုရှိကြောင်း တွေ့ရသည်။ သံဃာတော်များနှင့် ပြောဆိုရာတွင်သာ သုံးနှုန်း ရမည့် အသုံးအနှုန်းများကို သာမန်လူများက ယူငင်သုံးလျှင် အပြစ်သင့်တတ်ကြောင်းကို သင်္ဇာဆရာတော်၏ 'တကာနှင့်ဆရာ လွဲမှားလျှင် ငရဲလားတတ်ပုံ' ဟူသော ပုံဝတ္ထုဖြင့် သာဓကဆောင်လိုပါသည်။

ရွာတစ်ရွာတွင် ဒကာတစ်ယောက်သည် ကျောင်းဆောက်လှူဒါန်းခဲ့ပါသည်။ ထိုဒကာ၏သမီးသည် ကျောင်းမှပြန်ခါနီးတိုင်း ဘုန်းကြီးအား ဦးချကာ **တပည့်တော်မ ကြွပါဦးမည်ဘုရား** ဟူသော စကားကို ပြောဆိုလေ့ ရှိသည်။ မိခင်အား တိုင်ပြော သောအခါတွင် **သည်သမီး အမိန့်ရှိက သည်ပုံချည်းပဲ** ဟူ၍ မိခင်ကပါ သမီး၏ အမှားပေါ် အမှားဆင့်ကာ ပြောဆိုလေသည်။ ထို့ကြောင့် ဘုန်းတော်ကြီးသည် စိတ်ဆိုးကာ ကျောင်းဒကာလာသောအခါ ထိုအကြောင်းကို မိန့်ဆိုရာ–

"သမီးမှားရာတွင် မိခင်ပါရောစ၍မှားလို့ သဘောထားသည်လောက်ရိုင်းတာတွေ ကျောင်းပရိဝုဏ် တစ်ဖန်လာ၍ ခြေတော်ရာမချပါစေနှင့် ဘုရား"

ဟူ၍ ဖခင်ကပါ အမှားပေါ်အမှားဆင့်ကာ ထပ်မှားပြန်လေသည်။[၁]

ဤပုံဝတ္ထုကိုကြည့်လျှင် ဒကာသားအဘသုံးယောက် သံဃာတော်နှင့် စကားပြောဆိုရာတွင် လိုက်နာရမည့် နှုန်းစံများကို သတိမမူမိဘဲ ပြောဆိုမိသည့်အတွက် အလွဲလွဲ အမှားမှားဖြစ်ကာ ဘုန်းတော်ကြီး စိတ်ဆိုးဒေါသထွက်ရခြင်း ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် **ကွဲသည်၊ အမိန့်ရှိသည်၊ ခြေတော်ရာချသည်** ဟူသောစကားများသည် သံဃာတော်များနှင့်သာဆိုင်သော စကားဖြစ်ပြီး သံဃာတော်အချင်းချင်းပြောလျှင် သုံးနိုင်ပါသည်။ သို့သော် သာမန်လူများနှင့်ဆိုင်သည့် ကိစ္စများတွင် ထိုအသုံးအနှုန်းများဖြင့် ပြောဆိုသုံးနှုန်း၍ မရပေ။ ထိုသို့ဖြစ်ရခြင်းမှာ ပြောဆိုပိုင်ခွင့်က သတ်မှတ်ထားသည့် နှုန်းစံတစ်ရပ်ကြောင့် ဖြစ်သည်။ သို့ဖြစ်၍ ပြောဆိုပိုင်ခွင့်ဆိုင်ရာ နှုန်းစံတွင် စကားအသုံးအနှုန်း ရွေးချယ်သုံးနှုန်းမှုကလည်း အရေးပါလှကြောင်း တွေ့နိုင်ပါသည်။

သံဃာတော်များနှင့် ပြောဆိုဆက်ဆံရာတွင် သာသနာရေးဆိုင်ရာ ဝန်းကျင်တွင် သုံးသော အသုံးအနှုန်းများဖြင့်သာ သုံးနှုန်းပြောဆိုရသကဲ့သို့ တရားရုံးများတွင်လည်း တရားစီရင်ရာတွင် တရားရေးဝန်းကျင်သုံး အသုံးအနှုန်းများဖြင့်သာ သုံးနှုန်းပြောဆိုကြရကြောင်း တွေ့ရသည်။

သာဓက–

"ဦးစော၊ သုခ၊ ခင်မောင်ရင်၊ မောင်နီနှင့် မှုံကြီးတို့အပေါ် **ရာဇသတ်ကြီးပုဒ်မ ၁၀၉** နှင့် ယှဉ်တွဲဖတ်ရသော **ရာဇသတ်ကြီး ပုဒ်မ ၃၀၂ (၁) (ခ)** အရ **ရာဇဝတ်ပြစ်မှု**များ ကျူးလွန်ရန် အားပေးကူညီမှုအတွက် အပြစ်ရှိကြောင်း **စီရင်ဆုံးဖြတ်**ပြီးလျှင် တစ်ဦးစီအပေါ် **သေစေပြစ်ဒဏ်** ချမှတ်လိုက်သည်။

**အထူးရာဇဝတ်ခုံရုံး**က **ပြစ်ဒဏ်စီရင်ချက်** များကို ဖတ်ကြားပြီးနောက် ထိုသို့ **ပြစ်မှု**ထင်ရှား **စီရင်ခြင်းခံရသူ**များသည် **အယူခံ** ဝင်လိုကြပါက **ပြစ်ဒဏ်စီရင်ချက်** ချမှတ်သည့်နေ့ဖြစ်သော

[၁] ဇော်ဝင်း၊ ဦး (ပုံနှိပ်သူ)၊ ၁၉၆၈၊ ၃၃။

၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့ မှစ၍ ခုနှစ်ရက်အတွင်း အယူခံဝင်နိုင်ကြသည်။"[၁]

အထက်ပါ သာဓကသည် နိုင်ငံတော်လုပ်ကြံမှုတွင် ပါဝင်သော တရားခံများကို ချမှတ်ထားသော အမိန့်စာ ဖြစ်သည်။ ဤအမိန့်စာတွင် **ရာဇသတ်ကြီးပုဒ်မ ၁၀၉၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁) (ခ)၊ ရာဇဝတ်ပြစ်မှု၊ စီရင်ဆုံးဖြတ်၊ သေစေ ပြစ်ဒဏ်၊ အထူးရာဇဝတ်ခုံရုံး၊ ပြစ်ဒဏ်စီရင်ချက်၊ ပြစ်မှု၊ စီရင်ခြင်းခံရသူ၊ အယူခံ** ဟူသည့် တရားရေးဝန်းကျင်သုံး အသုံးအနှုန်းများဖြင့်သာ သုံးနှုန်းပြောဆိုထားကြောင်း တွေ့ရသည်။ တရားဥပဒေနှင့်ဆိုင်သည့် အကြောင်းအရာများကို ပြောဆိုနေခြင်း ဖြစ်သောကြောင့် တရားရေးဝန်းကျင်သုံး အသုံးအနှုန်းများဖြင့် ပြောဆိုရခြင်းသည် ပြောဆိုပိုင်ခွင့်က သတ်မှတ်ထားသည့် နှုန်းစံတစ်ရပ်ပင် ဖြစ်ပါသည်။ သို့ဖြစ်၍ သာသနာရေးဝန်းကျင်နှင့် တရားရေးဝန်းကျင်တို့တွင် သုံးနှုန်းရသော အသုံးအနှုန်းများသည် တိကျသေချာစွာ သတ်မှတ်ထားကြောင်း တွေ့ရပါသည်။

## ၂။ ၂။ စကားအမျိုးစား

စကားဖြစ်ရပ်တစ်ခုအတွင်း တစ်ဦးနှင့်တစ်ဦး စကားပြောဆိုရာတွင် စကားအမျိုးအစားများစွာဖြင့် ပြောဆိုလေ့ ရှိကြပါသည်။ စကားအမျိုးအစား ဆိုသည်မှာ **စကားအပြုအမူ**[၂] ဟု အမည်တပ်ထားသည့် စကားအမျိုးအစားများအားလုံးကို ဆိုလိုခြင်း ဖြစ်သည်။ စကားအပြုအမူ အမျိုးမျိုးကို ဖြစ်ပေါ်စေသည့် **စကားခွန်းအမျိုးအစားများ**[၃] အမျိုးမျိုး ရှိနိုင်သည်။ စေခိုင်းခြင်း၊ တောင်းပန်ခြင်း၊ နှုတ်သိမ့်ခြင်း၊ နာခံခြင်း၊ ရင်ဖွင့်ခြင်း၊ ဖြေရှင်းခြင်း၊ သတိပေးခြင်း၊ အမိန့်ပေးခြင်း၊ ကတိပေးခြင်း၊ သဘောတူခြင်း စသည့် **စကားခွန်းများ**[၄] သည် စကားအပြုအမူများပင် ဖြစ်ပြီး စကားအမျိုးအစားတွင်လည်း အကျုံးဝင်ပါသည်။

လူတို့သည် တစ်ဦးနှင့်တစ်ဦး စကားပြောဆိုကြရာတွင် စကားဝိုင်းတစ်ခုအတွင်း၌ စကားအမျိုးအစားပေါင်းများစွာဖြင့် ပြောဆိုခြင်းမျိုးလည်း ရှိနိုင်သည်။

မိသားစုအချင်းချင်း အပြန်အလှန် ပြောဆိုနေသော စကားဖြစ်ရပ်တစ်ခုအတွင်း၌ စကားအမျိုးအစားများစွာ ပါဝင်နေတတ်ပါသည်။

---

[၁] မောင်မောင်၊ ဒေါက်တာ။ ၁၉၆၈၊ ၃၀၄။

[၂] speech acts

[၃] utterance type

[၄] utterance

သာဓက–

ပြောသူ (၁) ချစ်ခင် မင်းတို့လုည်းထွက်ရင် ရှင်ကြော့မေတို့ သားအမိ တစ်တွေကို ဝင်ခေါ်သွားဖို့ မမေ့နဲ့ဦး။ ခမျာများ မနေ့တုန်းကလည်း လာပြောထား ရှာသား။

ပြောသူ (၂) အမေကလည်းဗျာ ကိုယ့်လှည်းနဲ့ကိုယ် ချောင်ချောင်မသွားရဘူး။ အရီးကြော့က စကားများကများနဲ့။

ပြောသူ (၁) ဟဲ့ နင့်ပခုံးပေါ် ထမ်းသွားရသာ မှတ်ပါဘူး ချစ်ခင်ရဲ့။ သည်နှစ် ငါမလိုက်နိုင်တော့ ခင်နှောင်းအတွက် လူကြီးသူမ ရယ်လို့ အဖော်အလျော်လည်း ရသာပေ့ါ။ တစ်ခါတည်းမှာလိုက်ပါရဲ့နော်။ မောင်နှမ နှစ်ယောက် စကားများလာသံကြားလို့ကတော့ အသတ်ပဲ။ ငါ့သမီးက အငယ်ပေသိ သည်းခံသယ်။ နင့်မှာရသာ ကြားလား ချစ်ခင်။

ပြောသူ (၃) ကိုင်းနွားတပ်တော့။ ထွက်ကြ ထွက်ကြ။ တစ်ယောက်စောင့်တစ်ယောက်စောင့်နဲ့ နေမြင့်သွားလိမ့်မယ်။ ကူနီနန်းရောက်သုံးနာရီ လောက်မောင်းရသာ နွားတွေနေပူမိမှာစိုးရသယ်။[၁]

အထက်ပါပြောစကားသည် သားအမိ သားအဖ (၃)ဦး၏ အပြန်အလှန်ပြောစကား ဖြစ်သည်။ နတ်ပွဲသွားမည့် သားကို မိခင်က လမ်းတွင် အဒေါ်ဖြစ်သူအား လမ်းကြုံဝင်ခေါ်ရန် ပြောသည်ကို သားဖြစ်သူက မခေါ်ချင်သောကြောင့် ပြန်ပြောနေခြင်းဖြစ်သည်။ သားအမိနှစ်ဦး စကားအခြေအတင်ပြောနေသည့်အတွက် နေထွက်လာလျှင် နွားများနေပူမည်ကို စိုးသောကြောင့် အမြန်သွားကြရန် ဖခင်က တိုက်တွန်းပြောကြားနေသည်ကို တွေ့နိုင်ပါသည်။ အထက်ပါ စကားဖြစ်ရပ်တွင် သတိပေးစကားအမျိုးအစား၊ ဆန္ဒကို ဖော်ထုတ်ပြသည့် စကားအမျိုးအစား၊ ရှင်းပြသည့် စကားအမျိုးအစား၊ မေးမြန်းသည့် စကားအမျိုးအစား၊ အမိန့်ပေးသည့် စကားအမျိုးအစား၊ တိုက်တွန်းသည့် စကားအမျိုးအစား စသည်ဖြင့် စုံလင်စွာ ပါဝင်နေသည်ကို တွေ့ရပါသည်။ စကားဖြစ်ရပ်တစ်ခုတွင် ပြောသူများသည် စကားအမျိုးအစားပေါင်းများစွာဖြင့် ပြောဆိုပိုင်ခွင့် ရှိနေသည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။

အလွန်ရင်းနှီးသော သူငယ်ချင်းအချင်းချင်း စကားပြောဆိုရာတွင် ရင်ဖွင့်စကား အမျိုးအစားများဖြင့် ပြောတတ်ကြသည်ကို တွေ့ရပါသည်။

---

[၁] ခင်ခင်ထူး၊ ၂၀၀၈၊ ၂၃–၂၅။

သာဓက–

ပြောသူ (၁) ငါသည်လာဖို့တောင် အဖေတို့က ရွာက မြေကလေးတစ်ကွက် ပြေးရောင်းလိုက်ရတာပါပဲ။ ရွာက အမေကြီးရဲ့အမွေ မြေကလေး ရောင်းမယ်ဆိုတော့ ငါတော့ ငိုတာပဲ။ တက္ကသိုလ်ကို မသွားတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ ဟုတ်တယ်လေ ဘွဲ့ရတဲ့အထိဆိုရင် ကျန်တဲ့ မြေကလေးပါ ရောင်းရမှာ။

ပြောသူ (၂) မပူစမ်းပါနဲ့ခင်ခင်ရယ်။ နင့်ကျောင်းလခအားလုံး ငါသွင်းမယ်။ နင်တို့ အားလုံး ပိုက်ဆံမလောက်ရင်ပြော။ ငါ့လက်ကောက် တစ်ကွင်းပြီး တစ်ကွင်း ရောင်းပြီး သုံးကြမယ်။[၁]

အထက်ပါပြောစကားသည် သူငယ်ချင်းနှစ်ဦး၏ အပြန်အလှန်ပြောစကား ဖြစ်သည်။ ပြောသူ(၁)သည် သူတို့အိမ်၏ စီးပွားရေးအဆင်မပြေခြင်းကြောင့် ကျောင်းတက်ရန် မြေကွက်ကလေး ရောင်းခဲ့ရပုံကို ဝမ်းနည်းစွာ ရင်ဖွင့်ပြောပြနေကြောင်း တွေ့ရသည်။ ပြောသူ(၂)ကလည်း သူငယ်ချင်းကောင်း ပီသစွာဖြင့် ပြောသူ(၁)ကို ပြန်လည်နှစ်သိမ့်အားပေးခဲ့ကြောင်း တွေ့ရသည်။ စကားဖြစ်ရပ်တစ်ခုအတွင်းတွင် စကားအမျိုးအစားများစွာ ပါနိုင်သည်ဆိုသော်လည်း ရင်ဖွင့်စကားကဲ့သို့သော စကားအမျိုးအစားမျိုးသည် အလွန်ရင်းနှီးသော သူငယ်ချင်းများ၊ မိမိယုံကြည်စိတ်ချရသောသူများ၊ ယုံကြည်ရင်းနှီးသော ဆွေမျိုးသားချင်းများ၊ ယုံကြည်ရင်းနှီး အားကိုးရသော ဆရာသမား စသည့်သူများနှင့် ပြောဆိုရာတွင် အများအားဖြင့် တွေ့ရတတ်ပါသည်။ မိမိနှင့်မရင်းနှီးသူ၊ အနည်းငယ်သာ ရင်းနှီးသူများကို မိမိဘဝအခြေအနေကို ပြောဆိုရင်ဖွင့်မိပါက တစ်ဖက်က မိမိအား အထင်အမြင်သေးခြင်း ခံရနိုင်သောကြောင့် ရင်ဖွင့်စကားအမျိုးအစားများကို လူတိုင်းအား ပြောဆိုရန် မသင့်ခြင်း ဖြစ်သည်။ ထို့ကြောင့် ပြောဆိုပိုင်ခွင့်ဆိုင်ရာနှုန်းစံတွင် မည်သည့် စကားအမျိုးအစားဖြင့် ပြောဆိုသင့်သည်ကို ဆက်ဆံမှုကဏ္ဍဆိုင်ရာ နှုန်းစံကလည်း အဆုံးအဖြတ်ပေးနေသည်ဟု ဆိုနိုင်ပါသည်။

စကားဖြစ်ရပ်တစ်ခုတွင် ခံစားမှုကို လှစ်ဟပြသည့် စကားအမျိုးအစားများလည်း ပါဝင်တတ်ကြောင်း တွေ့နိုင်သည်။ ချစ်သူချင်း ပြောဆိုရာတွင် တစ်ခါတစ်ရံ မိမိတို့၏ ရင်တွင်းခံစားမှုများကို တစ်ဖက်လူသိအောင် ပြောဆိုလေ့ရှိသည်ကို တွေ့ရသည်။

---

[၁] ခင်ခင်ထူး၊ ၂၀၁၀၊ ၂၆–၂၇။

သာဓက–

ပြောသူ (၁) ကျုပ်တော့ ခင်နှောင်းကို သစ္စာမြဲဖို့သာ ပြောချင်တာပါပဲ။ ကျုပ်လုပ်ရမယ့်အလုပ် ကျုပ်သိပါရဲ့။ အချိန်ကလေးတော့ ပေးစေချင်သယ်။ ဖွဟဲ့ မဆိုကောင်း ဆိုကောင်း ကျုပ်လေ ခင်နှောင်းနဲ့ လွဲရမှာစိုးသယ်။

ပြောသူ (၂) အစ်ကိုရယ် ကျုပ်မေတ္တာကို လွယ်လွယ်ကူကူရခဲ့တာလို့များ တော် ထင်မိလို့လား။ နေ့နေ့ညည စဉ်းစားပြီးမှ ကျုပ်ချစ်ခဲ့သာ ပါတော်။ သစ္စာပျက်ဖို့များတော့ နောင်မပြောလေနဲ့ တော်ရေ။ ကျုပ်တို့နှစ်ယောက် ဖေကြီးကျော်ပွဲမှာ တွေ့ခဲ့ကြသာပါ။ နဂိုက လောကကြီးထဲ တော်ရှိမှန်းလည်း ကျုပ်မသိဘူး။ ကျုပ်ရှိမှန်းလည်း တော်မသိပါဘဲနဲ့။ ဖေကြီးကျော်က တမင် ဖူးစာဖက်ပေးခဲ့သာလို့ ကျုပ်ယုံကြည်ထားသာပါ။ ကျုပ်တို့ နှစ်ယောက်က နတ်ဖက်သဲ့ သူတွေပါတော် လူဖျက်လို့ ပျက်နိုင်ရိုးလား။ တော် လုပ်စရာ ရှိသာ ဆက်လုပ် ကျုပ် စောင့်ပါမယ် စိတ်သာချ။[၁]

အထက်ပါ ပြောစကားသည် ချစ်စခင်စ ချစ်သူနှစ်ဦး၏ အပြန်အလှန် ပြောစကား ဖြစ်သည်။ ဘဝ အခြေအနေချင်း မတူညီသောကြောင့် ပြောသူ(၂)၏ အသိုင်းအဝိုင်းကဖျက်၍ ဝေးရမည်ကို စိုးထိတ်နေသောကြောင့် တစ်ဦးနှင့်တစ်ဦး သစ္စာရှိရန် အပြန်အလှန် ပြောဆိုနေသော စကားဖြစ်သည်။ ဤစကားဖြစ်ရပ်တွင် ဝေးရမည့်အရေးကိုတွေး၍ စိုးထိတ်နေသည့် ခံစားမှုပြစကားအမျိုးအစား၊ မိမိအား အချိန်ပေးရန် တောင်းဆိုနေသည့် စကားအမျိုးအစား၊ နှစ်သိမ့်သည့် စကား အမျိုးအစား၊ ကတိပေးသည့် စကားအမျိုးအစား စသည့် စကားအမျိုးအစားများ ပါဝင်နေကြောင်း တွေ့ရသည်။ ဤစကားဖြစ်ရပ်တွင် ဘဝအခြေအနေကွာခြားသည့် ချစ်သူနှစ်ဦး၏ အပြန်အလှန်ပြောစကား ဖြစ်သောကြောင့် ပြောသူနှစ်ဦး၏ ခံစားချက် များကို လှစ်ဟပြနေသည့် စကားအမျိုးအစားများ တွေ့ရသောကြောင့် ကြားရသူအဖို့ ကရုဏာသက်မိစေသည့် ခံစားမှုကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် ပြောသူတို့ အပြန်အလှန်ပြောဆိုနေသော စကားအမျိုးအစားများသည် ပြောသူတို့၏ ခံစားမှု များကို လှစ်ဟပြနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

စကားဖြစ်ရပ်တစ်ခုအတွင်း ပြောသူနှစ်ဦး၏ အပြန်အလှန်ပြောစကားများတွင် စကားအမျိုးအစားပေါင်းများစွာ ပါဝင်နေတတ်သည်။ စကားအမျိုးအစားများသည်

---

[၁] ခင်ခင်ထူး၊ ၂၀၀၈၊ ၁၉၂။

ပြောသူတို့၏ဘဝအခြေအနေ၊ ခံစားမှုများစသည်တို့ကိုလည်း လှစ်ဟပြနိုင်သောကြောင့် တစ်ဖက်လူမှ မိမိ၏ဘဝတစ်စိတ်တစ်ဒေသကို သိရှိသွားစေနိုင်သည်။ သို့ဖြစ်၍ မိမိနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသောသူများနှင့် ပြောဆိုရာတွင်လည်းကောင်း၊ ရင်းနှီးမှု နည်းသောသူများနှင့် ပြောဆိုရာတွင်လည်းကောင်း ခံစားမှုပြ စကားအမျိုးအစား၊ ရင်ဖွင့်မှုပြ စကားအမျိုးအစားများဖြင့် ပြောဆိုမိပါက တစ်ဖက်လူက နားမထောင် လိုသည့်အခါ စိတ်ကသိကအောက်ဖြစ်ရခြင်း၊ မိမိနှင့်ဆက်ဆံရေး အဆင်မပြေဖြစ် သည့်အခါတွင် မိမိအကြောင်းကို အခြားသူများအား ပြန်လည်ပြောပြသည့်အခါတွင် မလိုလားအပ်ဘဲ သိက္ခာကျနိုင်ခြင်း၊ အထင်အမြင်သေးခံရနိုင်ခြင်း စသည့် ဆိုးကျိုး များကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ ပြောဆိုပိုင်ခွင့်ဆိုင်ရာ နှုန်းစံကို ကျော်လွန်၍ ပြောဆိုမိခြင်းကြောင့် ဖြစ်သည်။

သို့သော်လည်း မည်သည့်ကိစ္စတွင်မဆို အဆိုးရှိသကဲ့သို့ အကောင်းလည်း ရှိတတ်သည့် ထုံးစံအရ ရင်ဖွင့်စကားအမျိုးအစားများဖြင့် ပြောဆိုမိခြင်းကြောင့် အခြားသူများက မိမိဘဝကို သိမြင်ကာ စာနာသနားမှုဖြင့် ကူညီမစခံရခြင်း၊ မိမိခံစား နေရသည့် ခံစားချက်များကို လှစ်ဟပြခွင့်ရသောကြောင့် ခံစားမှုများ အနည်းငယ် ပြေလျော့သွားခြင်း၊ နှစ်သိမ့်ပေးမှုကြောင့် အားတက်လာခြင်း စသည့် ကောင်းကျိုး များကိုလည်း ဖြစ်ပေါ်စေနိုင်သည်။ ထို့ပြင် တောင်းပန်မှုပြ စကားအမျိုးအစား များကြောင့် ဆက်ဆံရေး ပြန်အဆင်ပြေစေခြင်း၊ ဂုဏ်ပြုဆုတောင်း၊ မေတ္တာပို့စကား အမျိုးအစားများကြောင့် တစ်ဖက်လူကို ဝမ်းမြောက်သွားစေခြင်း၊ ဖြေရှင်းပြ စကား အမျိုးအစားများကြောင့် မိမိအပေါ် အထင်လွဲနေမှုကို ဖြေရှင်းနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကိုလည်း ဖြစ်ပေါ်လာစေပါသည်။

သို့ဖြစ်၍ မြန်မာစကားရှိ ပြောဆိုပိုင်ခွင့်ဆိုင်ရာနှုန်းစံကို ဖော်ထုတ်ရာတွင် မည်သည့်ပတ်ဝန်းကျင်အနေအထားမျိုး၊ မည်သည့်ဆက်ဆံရေးမျိုးတွင် မည်သည့် ဘာသာစကားမျိုးဖြင့် ပြောဆိုရမည် ဟူသည့် အချက်များကိုလည်း ထည့်သွင်း စဉ်းစားသင့်ပါသည်။ ထို့ကြောင့် ပြောဆိုပိုင်ခွင့်ဆိုင်ရာ နှုန်းစံကို လေ့လာဖော်ထုတ် ရာတွင် စကားအမျိုးအစားသည်လည်း ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေကြောင်း လေ့လာ တွေ့ရှိခဲ့ရပါသည်။

### ၂။ ၃။ စကားပို့ပြောခွင့်

စကားဖြစ်ရပ်တစ်ခုတွင် အပြန်အလှန်စကားပြောရာ၌ မည်သူက စကားပို ပြောခွင့်ရှိသည်။ မည်သူက စကားပိုပြောခွင့်မရှိ ဟူသော သတ်မှတ်ထားချက်များ

ရှိပါသည်။ စကားဝိုင်းတစ်ခုတွင် ပြောဆိုနေသူများသည် ခေါက်ချိုးညီ လူမှုဆက်ဆံရေး အနေအထားရှိနေသောသူများ ဖြစ်ပါက အလှည့်ယူခြင်းဖြင့် ပြောဆိုကြသည်ကို တွေ့နိုင်သည်။ တစ်ခါတစ်ရံတွင် အာဝဇ္ဇန်းရွှင်သောသူက စကားဝိုင်းကို ဦးဆောင်သွားပြီး အခြားသူများက နောက်မှအလိုက်သင့် လိုက်ပါသွားတတ်ခြင်းမျိုးလည်း ရှိတတ်ပါသည်။ သင်တန်းခန်းမများတွင် ဝိုင်းဖွဲ့ကာ မေးခွန်းမေးခြင်း၊ ဖြေကြားခြင်းများ ပြုလုပ်သည့်အခါမျိုးတွင်မူ **အလှည့်ယူခြင်း**[၁] ဖြင့် ပြောဆိုကြကြောင်း လေ့လာတွေ့ရှိပါသည်။

သို့သော် ခေါက်ချိုးမညီ လူမှုဆက်ဆံရေးတွင်မူ စကားဝိုင်းတစ်ခုအား သြဇာကြီးသူ၊ အာဏာရှိသူ၊ ခေါင်းဆောင် စသည့်သူတို့က ဦးဆောင်ထားတတ်ကြပါသည်။ စာပေဟောပြောပွဲများ၊ တရားပွဲများ၊ စာသင်ခန်းများ၊ အစည်းအဝေးပွဲများ စသည်တို့တွင် ဟောပြောသူ၊ တရားပြသူ၊ စာသင်ပေးသူ၊ အကြီးအကဲတစ်ဦးဦး စသူတို့က စကားပိုပြောခွင့်ရှိကြောင်း တွေ့ရသည်။ စာတမ်းဖတ်ပွဲများတွင်လည်း စာတမ်းရှင်သည် စာတမ်းဖတ်နေစဉ် စကားပိုပြောခွင့်ရသူ ဖြစ်သည်။ ကျန်သူများသည် နာသူများဖြစ်ကြောင်း တွေ့နိုင်သည်။ မင်္ဂလာဆောင် အခမ်းအနားများတွင် ဘိသိက်သွန်းသူများသည် စကားပိုပြောခွင့်ရှိကြောင်း တွေ့နိုင်ပါသည်။ ထို့ပြင် တွေ့ဆုံမေးမြန်းခန်းများတွင် ဖြေဆိုသူက စကားပိုပြောခွင့်ရှိကြောင်း တွေ့ရသည်။ သို့ဖြစ်၍ မည်သည့်နေရာတွင် မည်သို့သော ပုဂ္ဂိုလ်မျိုးက စကားပိုပြောခွင့်ရှိသည်ဟူသည့် အချက်ကို အများသဘောတူ သတ်မှတ်ထားပြီးဖြစ်ကြောင်း တွေ့ရှိရသည်။

မိဘနှင့်သားသမီးတို့၏ အပြန်အလှန် ပြောဆိုရာတွင် အလှည့်ယူသည့်ပုံစံဖြင့် ပြောဆိုခြင်းလည်း ရှိနိုင်သကဲ့သို့ ဖခင် (သို့) မိခင် ကဲ့သို့သော မိသားစုတွင် သြဇာလွှမ်းမိုးနိုင်စွမ်းရှိသူက ပိုပြောခြင်းမျိုးလည်း ရှိနိုင်သည်။ ထို့ပြင် မိသားစုစကားဝိုင်းတွင် ဝါစဉ်ကြီးငယ် သတ်မှတ်ထားမှု ရှိသော်လည်း ထိုစကားဝိုင်းအတွင်း ပြောဆိုနေသည့် အကြောင်းအရာပေါ်မူတည်၍ ဗဟုသုတပိုရှိသူက စကားဝိုင်းတွင် စကားပိုပြောခွင့်ရနေခြင်းမျိုးလည်း ရှိတတ်သည်ကို တွေ့ရသည်။ မိသားစုစကားဝိုင်းတွင် မိဘများက သားသမီးများအား ဆုံးမနေခြင်းဖြစ်ပါက စကားပိုပြောခွင့်သည် မိဘထံတွင် ရှိနေပါသည်။

သာဓက–

ဖခင် တက္ကသိုလ်ဆိုတာ တက္ကနဲ့သီလကို ပေါင်းစပ်ထားတဲ့ ပါဠိစကား သမီးရဲ့။ တက္က ဆိုတာ ကြံစည်ခြင်း၊ ဆင်ခြင်ခြင်း၊ သုံးသပ်ခြင်းကို

---

[၁] turn-taking

ဆိုလိုတယ်။ သီလ ဆိုတာ အကျင့်သိက္ခာ၊ သုံးသပ်မှု၊ ဝေဖန်မှု ဆိုတဲ့ အလေ့အကျင့်တွေကို ပွားများခြင်းရယ်လို့ အနက်အဓိပ္ပါယ် ရတယ်။ ဒါကြောင့် တက္ကသိုလ်မှာ ပညာသွားသင်တယ်ဆိုတာ ဆရာ အာစရိယက သင်ကြားပြသလိုက်တာနဲ့တင် ပြီးပြည့်စုံပြီလို့ မယူဆရဘူး။ သမီးကိုယ်တိုင်လည်း ပညာကို ဉာဏ်နဲ့ထပ်ပြီး ဝေဖန်တတ်ရမယ်၊ ဆင်ခြင်သုံးသပ်တတ်ရမယ် သည်လိုပြောတာ။ ကိုင်း . . . စောစောအိပ် မနက်စောစော ထနိုင်အောင်။

သမီး သမီး မေမေတို့နဲ့ မခွဲချင်ဘူး မေမေရယ်။

မိခင် မေမေဒိုတာ တစ်မျိုးပါ သမီးရယ်။ သမီးက ငယ်သေးတော့ သမီး နေရမယ့် ပတ်ဝန်းကျင်နဲ့ အဆင်မှပြေပါ့မလား ဆိုတဲ့စိတ်နဲ့ပါ။ မခွဲနိုင်လို့ မဟုတ်ဘူး။ လူ့ဘဝဆိုတာ ခွဲခွာဖို့ရောက်လာကြတာ သမီးရဲ့။ တခြား ဘာအကြောင်းမှမရှိဘူး။ လူတွေက ဆုံစည်းဖို့ ရောက်လာကြတယ် ထင်တတ်ကြတယ်။ တကယ်ကျတော့ ခွဲခွာ ဖို့ပါ။ သမီးဘဝမှာ ခွဲခွာရတာတွေ အများကြီး ကြုံရဦးမှာပါလေ။ အဲသည်အခါမှာ သမီး ခံနိုင်ရည်ရှိဖို့ပဲ လိုတယ်။[၁]

အထက်ပါပြောစကားသည် မိသားစု(၃)ဦး၏ အပြန်အလှန် ပြောစကား ဖြစ်သည်။ သမီးဖြစ်သူသည် မန္တလေးဒေသကောလိပ်သို့ တက်ခွင့်ရသောကြောင့် မိဘများနှင့်ခွဲ၍သွားရမည်ကို မခွဲလိုကြောင်းပြောခြင်းကို မိဘနှစ်ပါးက ဖျောင်းဖျ ဆုံးမနေခြင်း ဖြစ်သည်။ မြန်မာ့လူ့ဘောင်တွင် မိဘသည် ဆုံးမပိုင်ခွင့်ရှိပြီး သားသမီး ကလည်း နာယူရမည့် ဝတ္တရားရှိသည်ဟူသည့် ဓလေ့ထုံးစံကို အများသဘောတူ နားလည်လက်ခံထားကြသည်။ သို့ဖြစ်၍ မြန်မာလူမျိုးတို့၏ ဓလေ့ထုံးတမ်း အစဉ် အလာအရ မိဘနှင့်သားသမီးဆက်ဆံရေးတွင် မိဘဖြစ်သူသည် စကားပိုပြောခွင့် ရှိနေသည်။ အပြန်အလှန်ပြောဆိုနေသော မိသားစုစကားဝိုင်းတစ်ခုသည် သားသမီးအား ဆုံးမလမ်းညွှန်မှု ပေးလိုသောကြောင့် ပြောဆိုနေသည့် စကားဝိုင်းမျိုးဖြစ်နေပါက မိဘ ဖြစ်သူသည် စကားပိုပြောခွင့် ပို၍ရှိနေသည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။

လုပ်ငန်းခွင်အတွင်း၌ အထက်လူကြီးနှင့် လက်အောက်ငယ်သားတို့တွင် အထက်လူကြီးသည် စကားပိုပြောပိုင်ခွင့်ရှိသည်ကို တွေ့နိုင်ပါသည်။ ထို့ပြင် လုပ်ငန်းခွင် အတွင်း၌ အထက်လူကြီးအား လက်အောက်ငယ်သားသည် ပြန်၍ပြောဆိုပိုင်ခွင့်

---

[၁] ခင်ခင်ထူး။ ၂၀၁၀၊ ၁၂–၁၃။

မရှိပေ။ အထူးသဖြင့် အထက်လူကြီး ဒေါသထွက်နေသော အချိန်မျိုးတွင် ပြန်မပြောမိအောင် ပို၍ဆင်ခြင်သင့်ပါသည်။

သာဓက–

ပြောသူ (၁) ဟေ့ကောင် ငါပြောတာမကြားဘူးလား၊ အဲ့ဒီကောင်ကို သွားခေါ်စမ်းပါ။ ငါက ခေါ်တယ်လို့။ အခုလာခဲ့။ လူပါးဝတဲ့ကောင် တွယ်ပစ်လိုက်အုန်းမယ်။ မှတ်လောက်သားလောက် တီးပစ်လိုက်အုန်းမယ်။ မင်းတို့လည်း သတိထားကြ။ အဲ့ဒီကောင် မကြာခင်ပြုတ်တော့မယ်။ မင်းတို့လည်း အဲ့ဒီကောင်လို ပြုတ်ချင်ရင် အဲဒီလိုလုပ်ကြ။ ဘာရမလဲ။ ငါကွ မင်းတို့ ငါ့အကြောင်း သိတယ် မဟုတ်လား။

ပြောသူ (၂) ဆရာ– သူ့မှာ ဘာအပြစ်ရှိလို့လဲ။ သူ့အလုပ်ကို သေသေချာချာ လုပ်တာဘဲ။

ပြောသူ (၁) ဘာကွ၊ အပြစ်မရှိဘူး၊ ဟုတ်လား။ ငါမကျေနပ်တာဟာ သူ့အတွက် အပြစ်ပေါ့ကွ။ နားမလည်ဘူးလား။ မင်းအခု ထွက်သွား မင်းပါ ဒီအထဲ ပါသွားမယ်။ နားလည်လား။[၁]

အထက်ပါပြောစကားသည် လုပ်ငန်းခွင်တစ်ခုမှ အထက်လူကြီးနှင့် လက်အောက်ငယ်သားတို့၏ အပြန်အလှန်ပြောစကား ဖြစ်သည်။ ပြောသူ(၂)သည် ဒေါသထွက်ကာ စိတ်ဆိုးနေသော ပြောသူ(၁)ဖြစ်သည့် အထက်လူကြီးအား ပြန်ပြောမိသောကြောင့် အော်ငေါက်ခံရခြင်းဖြစ်ကြောင်း တွေ့ရသည်။ ထို့ကြောင့် လက်အောက်ငယ်သား တစ်ဦးသည် မိမိ၏အထက်လူကြီးကို ပြန်လည်၍ ပြောခွင့်မရှိသည်ကို ပြန်လည် ပြောမိလျှင် ထိုကဲ့သို့ ဆူငေါက်ခံရတတ်ပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ ပြောဆိုပိုင်ခွင့် ဆိုင်ရာ နှုန်းစံတွင် ပါဝင်သော စကားပိုပြောခွင့်ဟူသည့် ကဏ္ဍတစ်ရပ်ကို ချိုးဖောက်မိခြင်းကြောင့် ဖြစ်ပေါ်လာသော သက်ရောက်မှုပင် ဖြစ်ပါသည်။

စကားဖြစ်ရပ်တစ်ခုတွင် ပြောသူနှစ်ဦးသည် လုပ်ဖော်ကိုင်ဖက်ချင်း ဖြစ်နေသော်လည်း ပြောသူတစ်ဦးက အခြားတစ်ဦးအား သူသိလိုသည့် အကြောင်းအရာ တစ်ခုအား မေးမြန်းသည့်အခါမျိုးတွင် ပြန်လည်ဖြေဆိုသူသည် ထိုမေးခွန်း၏ အဖြေအား ပိုင်နိုင်စွာ သိသူဖြစ်ပါက ထိုစကားဝိုင်းအတွင်း၌ စကားပိုပြောခွင့် ရတတ်သည့် အခြေအနေမျိုးလည်း ရှိတတ်ကြောင်း တွေ့ရသည်။

---

[၁] မြသန်းစံ၊ ၁၉၉၉၊ ဇူလိုင်၊ ၈။

သာဓက–

ပြောသူ (၁) အခု သာသနာသက္ကရာဇ် ဘယ်လောက်ရောက်နေပြီလဲဟင်

ပြောသူ (၂) ပြက္ခဒိန်မှာ ပါတယ်လေ ဦး။

ပြောသူ (၁) ဒီပြက္ခဒိန်မှာ မပါလို့လေ

ပြောသူ (၂) သြော် ဟုတ်လား။ အဲဒါ တွက်နည်းရှိတယ် ဦး။ အင်္ဂလိပ် သက္ကရာဇ် သိပြီး မြန်မာသက္ကရာဇ် လိုချင်ရင် ၆၃၈ နုတ်ပေး ရသလိုပဲ မြန်မာသက္ကရာဇ်ကိုသိရင် သာသနာသက္ကရာဇ်ကိုလည်း တွက်ထုတ်ယူလို့ ရတယ်လေ။

ပြောသူ (၁) ဟုတ်လား။ ဦးကို အဲ့တွက်နည်းလေး သိရင် ပြောပြပေးပါလား။

ပြောသူ (၂) ဟုတ်ကဲ့။ ရပါတယ် ဦး။ မြန်မာသက္ကရာဇ်သိရင် သာသနာ သက္ကရာဇ်ကို တွက်ယူလို့ ရပါတယ်။ မြန်မာသက္ကရာဇ်ကို ၁၁၈၂ ပေါင်းလိုက်ရင် သာသနာသက္ကရာဇ်ရပြီ ဦး။ အင်း . . ဒီနှစ်က ၁၃၇၃ ဆိုတော့ ၁၁၈၂ ပေါင်းရင် သာသနာ သက္ကရာဇ်က အခုဆိုရင် ၂၅၅၅ နှစ် ရှိပြီ ဦး။

ပြောသူ (၁) ဟုတ်လား။ ဒါနဲ့ မြန်မာသက္ကရာဇ်ထဲ ဘာလို့ ၁၁၈၂ ပေါင်းရ တာလဲ

ပြောသူ (၂) အော် . . . ဟုတ်ကဲ့။ မြန်မာရာဇဝင်မှာ သက္ကရာဇ်ဖြိုမင်း (၆)ပါး ရှိပါတယ်။ ဒွတ္တပေါင်မင်းဆက်ရဲ့ (၂၅)ဆက်မြောက် မင်းဆက်လက်ထက်မှာ ၆၂၄ ကို ၂ ကြွင်းထားပြီး ဖြိုခဲ့သလို ပုပ္ပါးစောရဟန်းမင်း လက်ထက်မှာလည်း သာသနာသက္ကရာဇ် ၅၆၂ ကို ၂ ကြွင်းထားပြီး ဖြိုခဲ့တယ်လေ။ ၆၂၂ နဲ့ ၅၆၀ ကို ပေါင်းလိုက်ရင် ၁၁၈၂ ရတယ်လေ။ အဲဒါကြောင့်မို့ အခုလက်ရှိ သာသနာသက္ကရာဇ်ကိုလိုချင်ရင် ဖြိုခဲ့တဲ့ သက္ကရာဇ်(၂)ခုကို ပေါင်းပြီး ရလာတဲ့ ၁၁၈၂ နဲ့ မြန်မာသက္ကရာဇ်ကို ပေါင်းပေး ရတာပါ ဦး။

အထက်ပါပြောစကားသည် စာကြည့်တိုက်တစ်ခုအတွင်း၌ လုပ်ဖော်ကိုင်ဖက် နှစ်ဦး၏ အပြန်အလှန် ပြောစကားများ ဖြစ်သည်။ ထို့အပြင် လုပ်ဖော်ကိုင်ဖက်ချင်း ဖြစ်ခြင်းကြောင့်လည်း ပြောသူနှစ်ဦးတွင် အခွင့်အရေးများသည်လည်း တန်းတူ

ရှိနေပါသည်။ ပြောသူ(၁)သည် ပြောသူ(၂)ထက် အသက်အရွယ်အားဖြင့် ကြီးသူဖြစ်ကြောင်း တွေ့ရသည်။ သို့သော်လည်း အထက်ပါ စကားဝိုင်းတွင်မူ ပြောသူ(၂)သည် ပြောသူ(၁) မေးမြန်းသည့် မေးခွန်း၏အဖြေကို သိသူဖြစ်သောကြောင့် အခွင့်အရေးတန်းတူ ဖြစ်နေသော်လည်း ထိုစကားဝိုင်းအား ဦးဆောင်ခွင့်ရကာ စကားပိုပြောခွင့် ရသွားကြောင်း တွေ့ရပါသည်။ သို့ဖြစ်၍ စကားဖြစ်ရပ်တစ်ခုအတွင်း တစ်ဦးတစ်ယောက်က စကားပိုပြောခွင့်ရခြင်းသည် တစ်ခါတစ်ရံတွင် ဂုဏဝုဍ္ဎိ၊ ဝယဝုဍ္ဎိတို့နှင့် မသက်ဆိုင်ဘဲ ပြောသူ၏အာဝဇ္ဇန်းရွှင်မှု၊ ပြောသူ၏ဗဟုသုတကြွယ်ဝမှု၊ ပြောသည့်အကြောင်းအရာ စသည်တို့နှင့်လည်း သက်ဆိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ပြောဆိုပိုင်ခွင့်ဆိုင်ရာနှုန်းစံကို ဖော်ထုတ်ရာတွင် စကားပိုပြောခွင့်ရှိခြင်းကိုလည်း ထည့်သွင်းစဉ်းစားမှသာ သင့်လျော်မှုရှိသည့် နှုန်းစံ တစ်ရပ် ရနိုင်မည် ဖြစ်သည်။

မင်္ဂလာဆောင်ကဲ့သို့သော အခမ်းအနားမျိုးတွင် မင်္ဂလာစကားပြောရသူသည် စကားပိုပြောခွင့် ရှိပါသည်။ ထိုသို့ စကားပိုပြောခွင့်ရနေခြင်းမှာ ထိုသူသည် ထိုနေရာ၊ ထိုစကားဖြစ်ရပ်အတွင်း၌ ထိုသို့ပြောရန် လုပ်ပိုင်ခွင့်၊ ပြောပိုင်ခွင့်ရှိသူ ဖြစ်နေခြင်းကြောင့်ပင် ဖြစ်ပါသည်။ မင်္ဂလာဆောင်ဟုပြောရာတွင် ဟိုတယ်များ၌ ခမ်းနားကြီးကျယ်စွာ ကျင်းပသော မင်္ဂလာအခမ်းအနားများမှစ၍ တောအရပ်ဒေသ၌ ကျင်းပသည့် သာမန်မင်္ဂလာအခမ်းအနားများအထိ အကျုံးဝင်ပါသည်။

သာဓက–

ပြောသူ (၁) ကိုင်း သည်ကနေ့တော့ မင်္ဂလာရှိပြီပေါ့ဗျာ။ ဟောသည် ကျုပ်တူမများ ဖြစ်တဲ့ မဒွေးမြတို့ မဒွေးပတို့ မဒွေးခတို့ဆိုတာ ကျုပ်တို့ မိတ်ဆွေများရဲ့ သမီးတွေကိုး။ ကျုပ်သားသမီးတွေလို့လည်း ပြောနိုင်ပါရဲ့။ အခု မဒွေးလှက မွေးတဲ့သမီး မဒန်းပွင့် အိမ်ထောင်စုံဖက်တဲ့ပွဲမှာ ကျုပ်ပါရပြန်ပြီ။ ရပ်သူရွာသားချင်းဆိုပေသိ မောင်ပုညရဲ့ဆရာက သစ်တောဝန်ထောက်မင်းဆိုတော့ လူကြီးလူကောင်းများက ကမကထပြုတဲ့ မင်္ဂလာပါဗျာ။ ရန်ကုန်မြို့က သစ်တောကုမ္ပဏီ စာရင်းစစ်ဆရာမဒေါ်ခင်စောမူကလည်း ပါလေတော့ ပိုလို့တောင် ခိုင်လုံရပါပြီ။ ရှေ့နေ ရှေ့ရပ်များနဲ့တကွ တရားဝင်အောင် ဆောင်ရွက်ပြီးတဲ့ အပြင် ရပ်ရွာလူကြီးမိဘများရှေ့မှာ ဗုဒ္ဓဘာသာထုံးတမ်းနဲ့အညီ ဖြစ်အောင် ကနေ့ ဘကြီးတို့ စီမံရတာပါ။ အထူးတလည် ပြောစရာ မရှိပါဘူး။ ကိုင်း . . . ရှောက်ပင်တောက ဒေါ်ကြီး

တော်သူ ဒေါ်ဒွေးမြနဲ့တကွ ဒန်းပွင့်အဒေါ်များ ရှေ့ကိုလာပါ။ မောင်ပုညအမေလည်း လာပါ။ မောင်ပုညနဲ့ ဒန်းပွင့်က ရိုရို သေသေ ကန်တော့ကြကွယ့်။

ပြောသူ (၂) အကန်တော့ခံတာ နေပါဦး ဘကြီးဒိုးရဲ့။ ကျုပ်တို့က လူငယ်ချင်း ကွယ်ရာမှာတွေ့ကြ။ ကွယ်ရာမှာ ဖြစ်ချင်တိုင်း ဖြစ်ကြတဲ့ဟာကို ဆွေမရှိ မျိုးမရှိတွေလို ငကန်းဖြစ်ဖြစ်၊ ငစွေ ဖြစ်ဖြစ် လက်ခံတာမျိုး အဖြစ်မခံနိုင်ဘူး။ ကျုပ်တို့တူမကို ကျုပ်တို့က သမုန်းကျင်းက ဆရာမကြီးကို အပ်ထားတာ။ ဆရာမကြီး မသိဘဲ ကျုပ်တို့ ဘာမှ လုပ်ဝံ့ပေါင်တော်။ ဆရာမကြီး ခွင့်ပြုမှ ဖြစ်မှာပဲ။

ပြောသူ (၁) ကိုင်းပါလေ သည်စကားတွေ ပြောရမယ့်အချိန်လည်း မဟုတ် တော့ပါဘူး။ ကာယကံရှင်များက အရွယ်ရောက်ကြပြီဖြစ်လို့ နှစ်ဦးသဘောတူတာနဲ့ အရာမြောက်ကြပါတယ်။ နင်တို့လည်း မလိုဘူး။ ငါတို့လည်း မလိုဘူး။ သမုန်းကျင်းက ဆေးကုစားတဲ့ မိန်းမ သာတောင် မလိုသေးတယ်။ ငါ့တူမများက သည်ပွဲမှာ ဘာဖြစ်ချင်တုံး။ ဘကြီး စီစဉ်ပေးမှာပေါ့။ တို့လည်း ပြန်ကြ ရဦးမှာ သည်ပွဲက ပြီးနေပြီ။ ဘိသိက်ဆရာ မလိုပေါင်ဗျာ။ ခရသင်း မလိုပေါင်ဗျာ။[၁]

အထက်ပါပြောစကားသည် မောင်ပုညနှင့်ဒန်းပွင့်တို့၏ မင်္ဂလာအခမ်းအနားတွင် မင်္ဂလာစကားပြောသူနှင့် ဒန်းပွင့်အဒေါ်ဖြစ်သူတို့၏ အပြန်အလှန် ပြောစကား ဖြစ်သည်။ နောက်ခံဝန်းကျင်မှာ မင်္ဂလာအခမ်းအနားကျင်းပရာအိမ်တွင် ဖြစ်ပြီး ရွာသူ ရွာသား အများအပြားလည်း ရှိနေသည်။ မင်္ဂလာစကားပြောကြားသည့် ပြောသူ(၁) သည် အသက်အရွယ်အားဖြင့် ကြီးသူဖြစ်ခြင်း၊ ဒန်းပွင့်အဒေါ်တို့နှင့်လည်း ယခင် ကပင် ခင်မင်ရင်း ရှိနေခြင်း၊ ကြီးသူကို ရိုသေတတ်သည့် တောသူ တောင်သားများ ဖြစ်ခြင်း စသည့် အချက်များအပြင် ယခုအခမ်းအနားတွင် တတ်သိနားလည်သူအဖြစ် အများက လက်ခံကာ ယင်းပွဲတွင် နေရာပေးထားခြင်းကြောင့် စကားပိုပြောခွင့် ရှိနေကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ ပြောဆိုပိုင်ခွင့်ဆိုင်ရာ နှုန်းစံကို လေ့လာ ကြည့်လျှင် ဝယဝုမိုရှိသူ ဖြစ်ခြင်း၊ ပြောပိုင်ခွင့်ရှိသူအဖြစ် အများသဘောတူလက်ခံကာ

[၁] ခင်ခင်ထူး၊ ၂၀၁၀၊ ၄၄၀–၄၄၂။

ခွင့်ပြုထားသူဖြစ်ခြင်း စသည့် အချက်များကြောင့် စကားပိုပြောခွင့်ရှိခြင်း ဟူသည့် နှုန်းစံတစ်ရပ် ဖြစ်ပေါ်နေကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။

ထို့ကြောင့် စာတမ်းဖတ်ပွဲများတွင် သဘာပတိသည်လည်းကောင်း၊ စာတမ်းရှင်သည်လည်းကောင်း၊ တရားပွဲများတွင် တရားဟောဆရာသည်လည်းကောင်း၊ စာသင်ကြားခြင်းကဲ့သို့သော ကိစ္စများတွင် သင်ကြားသူ ဆရာသည်လည်းကောင်း၊ အစည်းအဝေးခန်းမများတွင် ခေါင်းဆောင်သည်လည်းကောင်း၊ ဆုပေးပွဲ၊ ဖွင့်ပွဲကဲ့သို့သော အခမ်းအနားများတွင် အခမ်းအနားမှူးအဖြစ် တာဝန်ယူထားသူသည်လည်းကောင်း၊ အခမ်းအနားများတွင် အဖွင့်စကားပြောသူ၊ မိန့်ခွန်းပြောသူများသည်လည်းကောင်း ထိုအခမ်းအနားများ ကျင်းပနေချိန်တွင် စကားပို ပြောခွင့်ရှိနေသူများ ဖြစ်သည်ကို တွေ့နိုင်ပါသည်။ ထို့ပြင် တွေ့ဆုံမေးမြန်းခန်းများတွင်လည်း ဖြေဆိုသူသည် စကားပိုပြောခွင့်ရှိသူများဖြစ်ကြောင်း တွေ့ရသည်။

သို့ဖြစ်၍ အခမ်းအနားများတွင် အများသဘောတူတာဝန်ပေးထားခြင်းခံရသည့် သူများသည် စကားပိုပြောခွင့်ဟူသည့် နှုန်းစံတစ်ရပ် အလိုလိုရှိနေသူများဖြစ်ကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။

## ခြုံငုံသုံးသပ်ချက်

မြန်မာဘာသာစကားတွင် တွေ့ရသော ပြောဆိုပိုင်ခွင့်ဆိုင်ရာ နှုန်းစံကို ဖော်ထုတ်ရာတွင် စကားအသုံးအနှုန်း၊ စကားအမျိုးအစား၊ စကားပိုပြောခွင့်တို့ သည်လည်း အရေးပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ပြောဆိုပိုင်ခွင့်ဆိုင်ရာ နှုန်းစံတွင် စကားအသုံးအနှုန်းကဏ္ဍသည်လည်း အရေးပါသည်ကို တွေ့ရသည်။ ပြောသူတစ်ဦးက သုံးနှုန်းလိုက်သော အသုံးအနှုန်းသည် အခြားသူတစ်ဦးအတွက် စိတ်အနှောက်အယှက် ဖြစ်သွားစေသည့် အသုံးအနှုန်းဖြစ်သွားလျှင် ထိုသူနှစ်ဦးကြားတွင် ဆက်ဆံရေး အဆင်မပြေဖြစ်ခြင်း၊ မိတ်ပျက်ရခြင်း စသည့် လူမှုရေးနယ်ပယ်တွင် အဆင်မပြေဖြစ်မှုများ ကြုံရတတ်သည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ ထို့အပြင် ပတ်ဝန်းကျင်၏ ပြစ်တင်ကဲ့ရဲ့ခြင်း ခံရတတ်ပါသည်။ သို့ဖြစ်၍ ပတ်ဝန်းကျင်ကိုလိုက်၍ စကားအသုံးအနှုန်းများကို ရွေးချယ်၍ မသုံးနှုန်းမိလျှင် လူမှုဆက်ဆံရေးနယ်ပယ်တွင် အဆင်မပြေဖြစ်တတ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် စကားပြောဆိုရာတွင် စကားအသုံးအနှုန်းရွေးချယ်ခြင်းသည်လည်း များစွာ အရေးပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ထို့ပြင် ပြောဆိုပိုင်ခွင့်ဆိုင်ရာ နှုန်းစံတွင် ပြောသူ၊ နာသူတို့၏ ဆက်ဆံရေး အခြေအနေ၊ ပတ်ဝန်းကျင်အနေအထားတို့ပေါ် မူတည်၍ စကားအမျိုးအစားများ ကွဲပြားမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ စကားပြောဆိုရာတွင် မည်သည့်နေရာတွင် မည်သူအား မည်သည့်စကား အမျိုးအစားဖြင့် ပြောဆိုရမည်ဟူသည့် ကြိုတင် သတ်မှတ်ချက်မျိုး မရှိပေ။ နောက်ခံအခြေအနေနှင့် ဆက်ဆံမှုကဏ္ဍကိုလိုက်၍ ပြောဆိုသည့် အကြောင်းအရာနှင့်တကွ စကားအမျိုးအစားများ ကွဲပြားသွားခြင်း ဖြစ်သည်။ စကားပြောဆိုရာတွင် အစီအစဉ်မကျဘဲ ပြောချင်ရာပြော၍ မရပေ။ ပြောသည့်အကြောင်းအရာပေါ် မူတည်၍ စကားအမျိုးအစားကိုလည်း ရွေးချယ်သုံးနှုန်းမှ သာလျှင် ဆီလျော်မှုရှိမည် ဖြစ်သည်။ ထို့ကြောင့် ပြောဆိုပိုင်ခွင့်ဆိုရာ နှုန်းစံတွင် စကားအမျိုးအစားရွေးချယ်မှုကဏ္ဍသည်လည်း အရေးပါကြောင်း လေ့လာတွေ့ရှိရပါသည်။

ပြောဆိုပိုင်ခွင့်ဆိုင်ရာ နှုန်းစံတွင် ဆက်ဆံမှုကဏ္ဍကိုလိုက်၍ လည်းကောင်း၊ နောက်ခံဝန်းကျင်ကိုလိုက်၍ လည်းကောင်း၊ မည်သူက စကားပိုပြောခွင့် ရှိသည်။ မည်သူက ပိုပြောခွင့်မရှိ ဟူသည့် သတ်မှတ်ချက် ရှိပါသည်။ ခေါက်ချိုးမညီလူမှု ဆက်ဆံရေးတွင် ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိအားဖြင့် ကြီးမြင့်သူများက စကားပိုပြောခွင့် ရှိတတ်ကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ခေါက်ချိုးညီလူမှုဆက်ဆံရေးတွင်မူ မည်သူက စကားပိုပြောခွင့်ရှိသည်ဟူသော သတ်မှတ်ချက်မျိုး မရှိပေ။ သို့သော်လည်း စကားဖြစ်ရပ်တစ်ခုတွင် ပြောသူတစ်ဦးက ပြောဆိုသည့် အကြောင်းအရာအပေါ်တွင် ပိုင်နိုင်စွာ ပြောဆိုနိုင်ခြင်း၊ အာဝဇ္ဇန်းရွှင်ခြင်း စသည့်အချက်များအရ စကားပိုပြောခွင့် ရှိသည့် အနေအထားသို့လည်း ရောက်ရှိတတ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ခေါက်ချိုးမညီလူမှုဆက်ဆံရေးတွင် ထိုသို့ပြောဆိုပိုင်ခွင့်ဆိုင်ရာ နှုန်းစံတွင် ပါဝင်သော စကားပိုပြောခွင့်ရှိခြင်းတို့ကို သွေဖည်ကာ ပြောမိလျှင် လူမှုဆက်ဆံရေးနယ်ပယ်တွင် အဆင်မပြေဖြစ်တတ်သည့် သဘောကိုလည်း လေ့လာတွေ့ရှိရပါသည်။ သို့ဖြစ်၍ ပြောဆိုပိုင်ခွင့်ဆိုင်ရာ နှုန်းစံတွင် စကားပိုပြောခွင့်ရှိခြင်းကဏ္ဍသည်လည်း အရေးပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## နိဂုံး

မြန်မာဘာသာစကားရှိ ပြောဆိုပိုင်ခွင့်ဆိုင်ရာနှုန်းစံကို လေ့လာဖော်ထုတ်ရာတွင် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း လက်ခံကျင့်သုံးနေသည့် ဓလေ့ထုံးတမ်းများအရ လေ့လာဖော်ထုတ်ထားခြင်း ဖြစ်ပါသည်။ မြန်မာ့ဓလေ့ထုံးတမ်းများသည် မြန်မာလူမျိုးတို့၏ အတွေးအခေါ်များပေါ်တွင် အခြေခံထားခြင်းဖြစ်သောကြောင့် ဂါရဝ၊ နိဝါတတရားများအပေါ်တွင် အခြေခံနေသည်ကိုလည်း တွေ့နိုင်ပါသည်။ ထို့အပြင် မြန်မာဘာသာစကားတွင် တွေ့ရသော ပြောဆိုပိုင်ခွင့်ဆိုင်ရာ နှုန်းစံကို လေ့လာဖော်ထုတ်ရာတွင် စကားအသုံးအနှုန်း၊ စကားအမျိုးအစား၊ စကားပိုပြောခွင့်ရှိခြင်း စသည့် ကဏ္ဍများကိုလည်း ထည့်သွင်းလေ့လာသင့်ကြောင်း တွေ့ရှိရသည်။ စကားဖြစ်ရပ် တစ်ခုအတွင်း ပြောဆိုပိုင်ခွင့်ဆိုင်ရာ နှုန်းစံကို ခေါက်ချိုးညီလူမှုဆက်ဆံရေးနှင့် ခေါက်ချိုးမညီလူမှုဆက်ဆံရေးတို့ကလည်း ထိန်းချုပ်ထားသည်ကိုလည်း လေ့လာတွေ့ရှိရပါသည်။ မြန်မာဘာသာစကားကို ပြောဆိုသည့် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ပြောဆိုပိုင်ခွင့်ဆိုင်ရာ နှုန်းစံကို လိုက်နာ၍ ပြောဆိုသည့်အခါတွင် လူမှုဆက်ဆံရေးနယ်ပယ်တွင် အဆင်ပြေမှုများကို ဖြစ်ပေါ်စေပြီး ပြောဆိုပိုင်ခွင့်ဆိုင်ရာ နှုန်းစံကို သွေဖည်၍ ပြောဆိုမိလျှင် လူမှုဆက်ဆံရေးနယ်ပယ်တွင် အဆင်မပြေဖြစ်မှုများကို ကြုံတွေ့ရတတ်ကြောင်းကို လေ့လာတွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် မြန်မာဘာသာစကားပြောဆိုရာတွင် ပြောဆိုပိုင်ခွင့်ဆိုင်ရာ နှုန်းစံသည် လူမှုဆက်ဆံရေးနယ်ပယ်တွင် လွန်စွာ အရေးပါသည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။

## ကျမ်းကိုးစာရင်း

### မြန်မာဘာသာ


ကိုလေး၊ (၂၀၀၈) ။ ***လူမှုဘာသာဗေဒဝေါဟာရများအဖွင့်***။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်။

ခင်ခင်ထူး၊ (၂၀၀၈) ။ ***ဝတ်လဲတော်ရွှေပုဆိုး တန်းထိုးလို့ကြိုမယ်***။ (ဒု–ကြိမ်)။ ရန်ကုန်၊ ရှုဝံစာအုပ်တိုက်။

ခင်ခင်ထူး၊ (၂၀၁၀) ။ ***ပန်းကြာဝတ်မှုန်***။ (ဒု–ကြိမ်)။ ရန်ကုန်၊ ဇင်ရတနာစောစာပေ။

ခင်ခင်ထူး၊ (၂၀၁၁) ။ ***ခမည်းကြိုး***။ ရန်ကုန်၊ ရှုဝံစာအုပ်တိုက်။

ချစ်၊ **ဒေါက်တာ** ။ (၂၀၀၈) ။ ***လူမှုဆက်ဆံရေးဆိုင်ရာ ကမ္ဘာ့ထုံးတမ်းစဉ်လာများ***။ ရန်ကုန်၊ ဇင်ရတနာစာပေ။

စိုးမင်းဦး။ (၂၀၁၁) ။ ***လူမှုဗေဒ (သို့မဟုတ်) လူ့အဖွဲ့အစည်းကို လေ့လာခြင်း***။ ရန်ကုန်၊ သင်းစာပေ။

ဇော်ဝင်း၊ **ဦး**(ပုံနှိပ်သူ)။ (၁၉၆၈)။ ***သင်္ချာစကားပုံပေါင်းချုပ်*** (ဒု–ကြိမ်)၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

မောင်မောင်၊ **ဒေါက်တာ** (တရားသူကြီးချုပ်)။ (၁၉၆၈)။ ***နိုင်ငံတော်လုပ်ကြံမှု (ပြည်ထောင်စုနှင့် ဦးစော)***။ ရန်ကုန်။ ပုဂံစာအုပ်တိုက်။

***ယဉ်ကျေးမှုအသိလိမ္မာနီတိမာလာဆုံးမစာ***။ (၂၀၁၀)။ ရန်ကုန်။ စိတ်ကူးချိုချိုစာအုပ်တိုက်။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၀၃)။ ***လူမှုဘာသာဗေဒမိတ်ဆက်***။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၀၅)။ ***လူမှုဘာသာဗေဒသဘောတရား***။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၀၇)။ ***မြန်မာဘာသာစကားရှိ ဘာသာစကားဆိုင်ရာ နှုန်းစံ***။ သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့စာတမ်း။

## အင်္ဂလိပ်ဘာသာ

Hogan, M.O. (2005). ***Dictionary of Sociology.*** New Delhi: Academic (India) Publishers.

## အင်တာနက်အကိုးအကား

Peter L. Patrick**.** ***Standard Language & Prescription.*** Retrieved January 6, 2014, from http://orb.essex.ac.uk/lg/lg232/Standards.html.

Wikipedia.(2013). ***Norm or NORM.*** Retrieved January 6, 2014, from http://en. wikipedia.org/ wiki/ Norm.

## စာသားကိုးကားစာနယ်ဇင်းများ

မြသန်းစံ။ (၁၉၉၇၊ ဇူလိုင်လ၊ ၈ရက်)။ လွတ်လပ်သူအဖြစ် ခံယူလိုခြင်း။ *ပေါ်ပြူလာဂျာနယ်၊ အတွဲ (၁)၊ အမှတ် (၂)၊* ၈။

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# ရာဇကုမာရ်ပျူကျောက်စာမှအက္ခရာပုံများလေ့လာချက်

မောင်မောင်ဆွေ*

## စာတမ်းအကျဉ်း

ဤစာတမ်းကို ပျူစာသင်ကြားရေးနှင့် ပျူစာသုတေသနလုပ်ငန်းအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ကာ ရေးသားပြုစုခဲ့ပါသည်။ ကမ္ဘည်း ကျောက်စာပုံများကို သေချာစွာစိစစ်ဖတ်ရှုပြီး အခြားပျူစာများ၊ ရေးအိန္ဒိယ အက္ခရာ အရေးသွင်ပြင်များနှင့် နှိုင်းယှဉ်စိစစ်မှုများ ပြုခဲ့ပါသည်။ ယခင် ရှိပြီးသော အက္ခရာဖလှယ်မှုများနှင့် ထပ်မံညှိနှိုင်း ဖတ်ရှု စိစစ်ထားပါသည်။ ထို့သို့ဆောင်ရွက်မှုများကြောင့် ယခင်လေ့လာဖော်ပြမှုများတွင်ရှိသော အားနည်းချက် များကို တွေ့ရှိခဲ့ပါသည်။ ပြင်ဆင်ဖွယ်များ၊ ဖြည့်စွက်မှတ်သားဖွယ်များ၊ ရေးထုံးဆိုင်ရာ ကြံဆချက်များ၊ ကွယ်လုလုနှောင်းကာလ ပျူစာအနေအထား၊ ခေတ်ပြိုင်စာပေ၊ ဘာသာစကားနှင့် အရေးအသား လွှမ်းမိုးပုံများကို ထုတ်ဖော် တင်ပြထားပါသည်။ ထို့ကြောင့် ပျူစာသင်ကြားရေးနှင့် သုတေသနလုပ်ငန်းများ အတွက် အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်နိုင်သော သုတေသန ဖြစ်ပါသည်။

**သော့ချက်စကားလုံးများ** – ***ထိပ်မှတ်၊ ဗျည်းယှဉ်သရ၊ အက္ခရာပုံသွင်၊ အရေးပသွင်၊ ရေးသားမှုသွင်ပြင်၊ သရသင်္ကေတ၊ အသံပြသင်္ကေတ။***

## နိဒါန်း

အအေဒီ (၁၂)ရာစုသည် မြန်မာနိုင်ငံတွင် အရှိန်အဝါကောင်းကောင်းနှင့် ဖွံ့ဖြိုး နေသော ပါဠိစာပေ၊ မွန်စာပေတို့ကို မှီးလျက် မြန်မာစာပေသည်လည်း အရှိန်ရလာစ ကာလ ဖြစ်ပါသည်။ ထိုကာလတွင် ပျူတို့၏စာပေသည် ပုဂံခေတ်၏ လိုအပ်ချက် တစ်ခုအဖြစ် ရှိနေဆဲ ဖြစ်ပါသည်။ သို့သော် ကွယ်ပျောက်လုနီးပါး အခြေအနေ ဖြစ်ဟန်တူပါသည်။ ပျူစကားပြောဆိုနေကြသောသူများ ရှိနေသေးသော်လည်း ပျူစာ ရေးသားမှုကား အားနည်းလှပါသည်။ ထိုအခြေအနေကို သတိပြုမိသော အလှူရှင် ရာဇကုမာရ်က မိမိကောင်းမှုကိုဖော်ပြရာတွင် ပျူစာဖြင့်လည်း မှတ်တမ်းတင်ခဲ့ ပါသည်။ ထိုမှတ်တမ်းအရ ပျူတို့၏ စာပေနေဝင်ချိန်အရေးအသားနှင့် အက္ခရာသွင်ပြင် များကို လေ့လာနိုင်ပါသည်။ ထိုလေ့လာမှုသည် ပျူဘာသာစကားလေ့လာမှု၊ ပျူစာ သင်ကြားမှုတို့အတွက် များစွာ အထောက်အကူပြုနိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

---

* ဒေါက်တာ၊ ပါမောက္ခ၊ မြန်မာစာဌာန၊ စစ်ကိုင်းပညာရေးတက္ကသိုလ်

## ရာဇကုမာရ်ပျူစာ၏ ရေးသားမှုသွင်ပြင်

ပုဂံခေတ်ဦးကာလ ပျူစာများ၏ ရေးသားမှုသွင်ပြင်နှင့် ပတ်သက်၍ ပုဂံ ရာဇကုမာရ်ပျူကျောက်စာသည် ကဒံဗ၊ ပလ္လဝအက္ခရာများ[၁]မှ ဗုဒ္ဓစာပေကို အခြေခံ ရယူထားသော အက္ခရာများ မဟုတ်ကြောင်း ဆရာကြီး ဦးသာမြတ်က ဆိုထား ပါသည်။ ဖော်ပြရသော်–

> "မြစေတီပျူကျောက်စာကို ခရစ်နှစ်–၁၁၁၂ခု (မြန်မာကောဇာနှစ်– ၄၇၄ ခု)မှပင် ရေးထိုးငြားသော်လည်း ယင်းပျူအက္ခရာများသည် ခရစ်နှစ် (၈)ရာစု အစပိုင်းထက် နောက်ကျသော အိန္ဒိယ တောင်ပိုင်းသုံး ကဒံဗခေါ် တေလုဂု–ကနာဍီ အက္ခရာများကို မသုံးခြင်းပင် ဖြစ်ပါသည်။"

ဟူ၍ ဖော်ပြထားပါသည်။[၂] မြစေတီပျူကျောက်စာ–မြန်မာပြန်စာအုပ်၏ နိဒါန်းပိုင်းတွင် ပျူအက္ခရာများ၏ ထူးခြားချက် (၁၈)ချက် ဖော်ပြမှု[၃] ၌ ထူးခြားချက် အမှတ်(၁၅)တွင် ဖော်ပြထားမှု ဖြစ်ပါသည်။ ယင်းအမှတ်စဉ်(၁၅) ထူးခြားချက် ရှင်းလင်းမှုတွင် ရှေးအိန္ဒိယ စာအရေးအသားစာအုပ်ကြီးများ[၄] ကို အထောက်အထားပြု၍–

> "ပျူလူမျိုးတို့သည် ပုဂံပြည်ကို တည်ထောင်ပြီးနေစဉ်အခါ အိန္ဒိယတောင်ပိုင်းအက္ခရာများနှင့် အဆက်အသွယ် ပြတ်နေဟန် တူ၏။ မိမိတို့ သရေခေတ္တရာနေစဉ်အခါက၊ အသုံးပြုသော အက္ခရာများကိုပင် ပျူလူမျိုးတို့သည် မပြောင်းမလွဲဘဲ ဆက်လက် သုံးကြဟန် တူ၏။ မည်သို့ပင်ဖြစ်စေ မြစေတီကျောက်စာတွင် ခရစ်နှစ် ရှစ်ရာစုမှစ၍ ခရစ်နှစ် ၁၂ရာစုအထိ အသုံးပြုသော အိန္ဒိယတောင်ပိုင်းအက္ခရာများ မပါသည်မှာ ထင်ရှားပါ၏"

[၁] Kadamba, pallava scripts

[၂] သာမြတ်၊ ၁၉၅၈၊ ၇–၈။

[၃] သာမြတ်၊ ၁၉၅၈၊ ၆–၉။

[၄] သာမြတ်၊ ၁၉၅၈၊ ၈။ အိန္ဒိယရှေးအရေးအသားစာအုပ်ကြီးများ– ဒေါက်တာဗူလာရ်၏ ကျောက်စာချပ်များ ဟီရစန္ဒြသြဈ ရေးသော အိန္ဒိယရှေးအရေးအသား (ဟိန္ဒီဘာသာပြန်) သီဝရာမမုရတိ MA ရေးသော အိန္ဒိယကျောက်စာနှင့် အိန္ဒိယတောင်ပိုင်းအရေးအသား။

ဟု အခိုင်အမာ ဖော်ပြခဲ့ပါသည်။[၁] ထို့ကြောင့် ရာဇကုမာရ်ကျောက်စာသည် ခေတ်ပြိုင် အရေးအသားများနှင့် လည်းကောင်း၊ အိန္ဒိယတောင်ပိုင်း အရေးအသားများနှင့် လည်းကောင်း အရေးအသားသွင်ပြင် သိသာစွာ ကွဲပြားမှုကို တွေ့မြင်ရပါသည်။

ပျူကမ္ပည်းစာများကို လေ့လာကြည့်ပါက ဟန်လင်း၊ မိုင်းမော၊ သရေခေတ္တရာ ပျူကမ္ပည်းစာတို့သည် စာလုံးတစ်ခုနှင့်တစ်ခု ခပ်ဆင်ဆင် တူကြပါသည်။ သိသာစွာ ကွဲပြားခြားနားမှု မရှိပေ။ ပျူစာ စတင်ရေးစဉ်ကာလမှ ပျူစာနောက်ဆုံးရေးသားချိန် အထိ ရေးသားသော ခေတ်အလိုက် လက်ရေးစရိုက် ပြောင်းလဲမှုသဘောကြောင့် ရေးဟန် အနည်းငယ် ပြောင်းလဲသည်မှအပ ပြောင်းလဲမှုနည်းသော တည်ငြိမ်သည့် စာအရေးအသားဖြစ်ကြောင်း တွေ့ရပါသည်။ ဇယား(၁)ကို ကြည့်ပါ။ မှန်းဆနှစ်များဖြင့် ပျူစာအသွင်သဏ္ဌာန်များကို အစဉ်ပြု၍ ယှဉ်တွဲဖော်ပြထားပါသည်။

**ဇယား(၁) မြန်မာနိုင်ငံရှိ ပျူစာအရေးအသားများ**

| No. | Guess Era | Inscription | Pyu Character and (Bagan Era Character) |
|---|---|---|---|
| 1 | AD-3 | ဟန်လင်း၊ သင်္ချိုင်း ပျူကျောက်စာ |  |
| 2 | AD-4 | မိုင်းမော၊ မြနဒီပျူကျောက်စာ |  |
| 3 | AD-4-5 | သရေခေတ္တရာ၊သူရိယဝိကြမမင်း အရိုးအိုးအောက်ခံမျက်နှာပျူစာ (သရေခေတ္တရာအစောပိုင်း) |  |
| 4 | AD-5-6 | ဟန်လင်း၊ ဦးဆောင်းယာ ပျူကျောက်စာ |  |
| 5 | AD-6-7 | သရေခေတ္တရာ၊ ဘုရားထောင် အရိုးအိုးပတ်လည်ပျူစာ |  |

[၁] သာမြတ်၊ ၁၉၅၈၊ ၈။

| No. | Guess Era | Inscription | Pyu Character and (Bagan Era Character) |
|---|---|---|---|
| 6 | AD-7-8 | သရေခေတ္တရာ၊သူရိယဝိကြမမင်း အရိုးအိုးပတ်လည်ပျူစာ (သရေခေတ္တရာနှောင်းပိုင်း) |  |
| 7 | AD-10 | ဟန်လင်းမိဖုရား (ညိုကွဒ္ဒဥပ္ပမဟာဒေဝီ) ပျူကျောက်စာ |  |
| 8 | AD-11 | မြစ်သားမြို့၊ ပေတောကျောင်းမှ ပုဂံခေတ်စောလူးမင်း ပျူကျောက်စာ |  |
| 9 | AD-11 | သရပါတံခါးအနီး (တရုတ်စာကျောကပ်) ပျူကျောက်စာ |  |
| 10 | AD-12 | ရာဇကုမာရ်ကျောက်စာ(ပျူစာ) |  |

အထက်အောက်ရှည်လျားစွာ ဆွဲမှု၊ မဆွဲမှု ခြားနားခြင်းမျှသာရှိပြီး အက္ခရာစာလုံးတို့၏ ရေးသားမှုမှာ ကွဲပြားမှုမရှိကြောင်း တွေ့ရပါသည်။ တစ်ဆက်တည်းမှာပင် အိန္ဒိယကမ္ပည်းကျောက်စာ ရေးသားမှုများဖြင့်လည်း ယှဉ်၍ကြည့်နိုင်ပါသည်။ ဇယား(၂)ကို ကြည့်ပါ။ ပညာရှင်တို့၏ မှန်းဆနှစ်များဖြင့် စဉ်၍ ဖော်ပြထားပါသည်။

**ဇယား(၂) အိန္ဒိယကမ္ပည်းများနှင့် မွန်ကမ္ပည်းစာတို့မှ အရေးအသားများ**

| No. | Inscription | BC/AD | Script | Characters | Reference |
|---|---|---|---|---|---|
| 1 | Ashoka | BC-3 | Brahmi |  | စံသာအောင်၊ ၁၉၇၄ |
| 2 | Buddhistimage from Mathura | AD-2 | Kshactrapa |  | Epigraphia India Vol VIII, 1905, 175 |
| 3 | smath | AD-2 | Kusana (kushan) |  | Epi Indica Vol VIII, 1905, 171 |

| No. | Inscription | BC/AD | Script | Characters | Reference |
|---|---|---|---|---|---|
| 4 | Junnagadh | AD-2 | Andhra |  | Epi Indica Vol VIII, 1905, 179 |
| 5 | Amaravati | AD-3 | Iksvaku |  | သန်းထွန်း၊ ၂၀၀၄၊ ၉၅။ |
| 6 | Magada | AD-4 | N-India Gupta |  | သန်းထွန်း၊ ၂၀၀၄၊ ၉၆။ |
| 7 | Pallava (Telegu) | AD-5 | Pallava |  | သာမြတ်၊ ၁၉၅၆ နောက်ဆက်တွဲ(ဂ) |
| 8 | Kadamba (Kanarese) | AD-6 | Kadamba |  | သာမြတ်၊ ၁၉၅၆ နောက်ဆက်တွဲ(ဃ) |
| 9 | Rakhaing visali (sanskrit) | AD-6 | Rakhaing Gupta |  | စံသာအောင်၊ ၁၉၇၄ ၁၁၅/၆ (ကြေးပြားပုံ) |
| 10 | sriksetra kanwatkhungone Buddha image (sanskrit) | AD-6 | Sriksetra Gupta |  | Rubbing by Dr. Maung Maung Sway |
| 11 | Rakhaing Anandasandra (sanskrit) | AD-7 | Rakhaing Dervnagari |  | စံသာအောင်၊ ၁၉၇၅ ၅၁၊ ခတ်ပုံ |
| 12 | Chalukya (Kanarese Telegu) | AD-7 | Chalukya |  | သာမြတ်၊ ၁၉၅၆ နောက်ဆက်တွဲ(င) |
| 13 | Parapahtan (Mon) | AD-8 | Mon |  | သာမြတ်၊ ၁၉၅၆ နောက်ဆက်တွဲ(ဆ) |

ပျူစာတို့သည် ဖယား(၂) အမှတ်စဉ်(၄) အေဒီ(၂)ရာစုသုံး အန္ဓရစာလုံးများနှင့် လွန်စွာနီးနီးကပ်ကပ် ဆင်တူမှုရှိကြောင်း တွေ့ရပါသည်။ ထို့အပြင် ဖယား(၂) အမှတ်စဉ်(၃) အေဒီ (၂)ရာစုတွင် ထင်ရှားသော ကုရှန်(ကုသန) အရေးအသား နှင့်လည်း နီးစပ်မှုရှိကြောင်း တွေ့နိုင်ပါသည်။ အမှတ်စဉ်(၅)မှာ အေဒီ (၃)ရာစု

ဣလ္လခါက အက္ခရာစာလုံးများ ဖြစ်ပြီး၊ ထိုမှတစ်ဆင့် ပျူတို့က ရယူသည်ဟု အချို့က မှန်းဆကြပါသည်။

ကျွန်တော်၏မှန်းဆချက်မှာ အေဒီ(၃)ရာစု ဣလ္လခါက အက္ခရာစာလုံးများကို ရယူခြင်း မဟုတ်ဘဲ အေဒီ (၂)ရာစုလောက်က တောင်ပိုင်းအန္ဓရ၊ မြောက်ပိုင်းကုသန အရေးအသားတို့နှင့်အပြိုင် ခွဲထွက်လာသော ဗြာဟ္မီ အရေးအသားအသွင်ကွဲဟု ယူဆပါသည်။ အစောပိုင်း ပျူစာလုံးများသည် အေဒီ(၂)ရာစု စာလုံးများနှင့် ပို၍ဆင်တူပြီး ရေးဆွဲမှုဟန်ပန်မှာ အေဒီ(၃)ရာစု စာလုံးများထက် အောက်ရှည်လျားပုံ သဘောမျှသာ တူပါသည်။ သို့သော် ကိုယ်ပိုင်တီထွင်မှုဖြင့် ဖန်တီးထားသော စနစ်များ ပျူစာတွင် များစွာတွေ့ရှိရ၍ အေဒီ(၃)ရာစု ဣလ္လခါက အရေးအသားတို့နှင့် ခေတ်ပြိုင် ရေးဟန်ဟု မှန်းဆပါသည်။

အေဒီ(၄)ရာစုနှောင်းပိုင်း ကမ္ဗည်းစာသွင်ပြင်များကို ကြည့်လျှင် အစောပိုင်း ပျူစာများနှင့် ဆင်တူမှု မရှိရုံမျှမက အစောပိုင်းပျူစာတို့မှ ဖွံ့ဖြိုးလာသော ပျူစာတို့နှင့်လည်း ဆက်စပ်မှု မရနိုင်အောင် ကွဲပြားနေကြောင်း တွေ့မြင်နိုင်ပါသည်။ အေဒီ (၈)ရာစု ပရပထုံမွန်စာအရေးအသား (အမှတ်စဉ်–၁၃၊ ဇယား–၂)သာလျှင် ရာဇကုမာရ် မွန်–ပါဠိ–မြန်မာ စကားသုံးအက္ခရာများနှင့် ဆက်စပ်မှုရှိကြောင်း မှန်းဆနိုင်ပါသည်။ ထို့ကြောင့် ပုဂံခေတ်ဦး ပျူစာအရေးအသားသွင်ပြင်မှာ အေဒီ (၂)ရာစုသုံး အိန္ဒိယ ဗြာဟ္မီအက္ခရာပွား စာအရေးအသားတို့မှတစ်ဆင့် အိန္ဒိယဒေသ အရှေ့ဘက်တွင် တိုက်ရိုက် ဖွံ့ဖြိုးလာသော အရေးအသားဖြစ်ကြောင်း နားလည်မိပါသည်။

## အက္ခရာစာပုံများ လေ့လာစိစစ်မှု

ရာဇကုမာရ် ပျူကျောက်စာတွင် ဗျည်းအက္ခရာ (၂၇)မျိုး၊ သရအက္ခရာ (၂)မျိုးနှင့် ဂဏန်းသင်္ကေတ (၃)မျိုး ပါဝင်ပါသည်။ ဖော်ပြရသော်–

ဗျည်းအက္ခရာများမှာ – **က၊ ဂ၊ ဃ၊ င၊ ဆ၊ ဇ၊ ည၊ ဋ၊ ဍ၊ ဎ၊ ဏ၊ တ၊ ထ၊ ဒ၊ ဓ၊ န၊ ပ၊ ဖ၊ ဗ၊ ဘ၊ မ၊ ယ၊ ရ၊ ဝ၊ သ၊ ဟ၊ ဠ။**

သရအက္ခရာများမှာ – **အ၊ ဥ။**

ဂဏန်းသင်္ကေတမှာ – **၁၀၀၀၊ ၆၀၀၊ ၂၀**

တို့ ဖြစ်ပါသည်။ ဤစာတမ်းတွင် သရအက္ခရာများနှင့် ဂဏန်းသင်္ကေတစိစစ်မှုများကို အချိန်ငဲ့ကွက်၍ ချန်လှပ်ခဲ့ပါသည်။ ဗျည်းအက္ခရာ စိစစ်မှုတွင်လည်း ထူးခြားမှု

ရှိနေသော ဗျည်းအက္ခရာအချို့နှင့် ထူးခြားမှုရှိနေသော ဗျည်းယှဉ်သရ ရေးသားမှု အချို့ကိုသာ စာတမ်းတွင် စိစစ်ဖော်ပြသွားပါမည်။ စိစစ်မှုအရ ရာဇကုမာရ်ပျူ ကျောက်စာသည် ကွယ်လုလု ပျူစာအရေးအသားဖြစ်၍ အစဉ်အလာမဟုတ်သော ပျူစာရေးသားမှု ပုံသွင်များနှင့် အက္ခရာလှယ်သူ၏ အယူအဆအရ ဖော်ပြထားသော ပျူစာရေးသားမှု ပုံသွင်များဟု စိစစ်တွေ့ရှိရပါသည်။

## အစဉ်အလာမဟုတ်သော ပျူစာရေးသားမှု ပုံသွင်များ

### ၁။ ထူးခြားသော အရေးသွင်ပြင်စိစစ်မှု

အစဉ်အလာအားဖြင့် ပျူစာတို့တွင် လုံးဝရေးလေ့မရှိသော သရသင်္ကေတ သင်္ကေတများ ဖြစ်ပါသည်။ 'ဩူ' စာလုံးမှ (ူ) သရသင်္ကေတ၊ 'တော်၊ ဋ္ဌော်' မှ (ော်) နှင့် 'ဆဲ' မှ (ဲ)သရ သင်္ကေတ ရေးသားမှုများသည် အစဉ်အလာ ပျူကျောက်စာများ ဖြစ်သော ဟန်လင်း၊ မိုင်းမော၊ သရေခေတ္တရာတို့မှ ပျူကျောက်စာများတွင် ရေးထုံး လုံးဝ မတွေ့ရပါ။ ရာဇကုမာရ် ကျောက်စာတစ်ချပ်တွင်သာ တွေ့ရခြင်း ဖြစ်ပါသည်။ ဇယား (၁၇)ကို ကြည့်ပါ။

**ဇယား(၃) ဗျည်းယှဉ်သရ (အော်၊ အဲ)သင်္ကေတ စိစစ်လေ့လာချက်**

| စဉ် | သရ | ဗျည်းယှဉ် သင်္ကေတ | သာဓက | | | စိစစ်ချက် | |
|---|---|---|---|---|---|---|---|
| | | | ပုံညွှန်း | အက္ခရာ | မြန်မာ | တွေ့ရှိချက် | ညှိနှိုင်းချက် |
| ၁ | အူး |  | ရာ/က/၂၄ |  | ဂိဩူး | ပျူစာရေးသားမှုတွင် အစဉ်အလာ မရှိ၊ ခေတ်ပြိုင် အိန္ဒိယ တောင်ပိုင်းအသွင် ရေးသားမှုဖြစ်သည်။ | သာမြတ်၊ ၁၉၆၃၊ ၂-၃ |

| စဉ် | သရ | ဗျည်းယှဉ် သင်္ကေတ | သာဓက | | | စိစစ်ချက် | |
|---|---|---|---|---|---|---|---|
| | | | ပုံညွှန်း | အက္ခရာ | မြန်မာ | တွေ့ရှိချက် | ရည်ညွှန်းချက် |
| ၂ | အော: |  | ရာ/က/၁၁ |  | တော: | ရှေ့ထိုးပါသော ပုံစံ ဖြစ်သည်။ ပျူအစဉ် အလာတွင် မရှိ ပုဂံခေတ်မြန်မာဟန် ရေးထွေးလာပုံ ရသည်။ တက်ကျ သံပြ သင်္ကေတ ယှဉ်တွဲထားသည်။ | |
| ၃ | အော့ |  | ရာ/က/၂၀ |  | ဋ္ဌော့ | | |
| ၄ | အဲ | | ရာ/က/၂၂<br>ရာ/က/၂၃ | <br> | ဆဲ<br>ဆဲ | ပျူစာရေးထုံး မဟုတ် ရှေးအိန္ဒိယ သက္ကတစာတွင် တွေ့ရသော နာဂရီ ရေးထုံးဖြစ်သည်။ တက်ကျသံပြ သင်္ကေတမပါ။ ဤ(၂)ခုသာ တွေ့ရ သည်။ | |

'သြူ:'သည် အသစ်တိုးလာသော ရာဇကုမာရ်ပျူစာ၏ (ူ) သရသင်္ကေတ ဖြစ်ပြီး တက်ကျသံပြသင်္ကေတ ယာဘေးအစက်(၂)ခု (–း)ဖြင့် ယှဉ်တွဲရေးသားထား ပါသည်။ ပျူစာရေးသားမှုစနစ်တွင် အစဉ်အလာအားဖြင့် (ူ) သင်္ကေတရေးထုံး မရှိပါ။[၁] သို့သော် ရာဇကုမာရ်နှင့် သရေခေတ္တရာ ဘုရားကြီးအရိုးအိုးပျူစာများတွင် ပျူစာရေးထုံး တစ်ချောင်းငင် (ု)အသွင်ကို နှစ်ချောင်းငင် (ူ)သင်္ကေတအဖြစ် ယူဆကာ ဖတ်ခဲ့ကြကြောင်း တွေ့ရပါသည်။[၂] ထို့အပြင် ရာဇကုမာရ်ကျောက်စာ (ရာ/က/၂၄)တွင် 'သြူ –  'ဟူသော 'အဆွေ' အဓိပ္ပါယ်ထင်သည့် ပျူစာလုံးတွင် နှစ်ချောင်းငင်စနစ် သိသာစွာ ပါဝင်နေကြောင်းလည်း တွေ့ရပါသည်။[၃]

---

[၁] မောင်မောင်ဆွေ၊ ၂၀၁၇။

[၂] သာမြတ်၊ ၁၉၆၃၊ ၅၀–၅၁၊ ၅၈၊ ၆၁၊ ၆၈–၇၀။

[၃] ဤစာတမ်းဇယား(၁၄)၊ အမှတ်စဉ်(၈)ကို ကြည့်ပါ။

ပျူအစဉ်အလာတွင် 'ြ' အတွက်ရေးသော ဘေးအတက်တစ်ခုပါ တစ်ချောင်းငင်(ြု)စနစ် ရှိပါသည်။[၁] သို့သော် ထိုတစ်ချောင်းငင်စနစ် မတွေ့ရဘဲ ဘေးအတက်(၂)ခုပါသော နှစ်ချောင်းငင် (ြူ) ပုံစံဖြင့် ဖော်ပြပါစာလုံးကို တွေ့ရပါသည်။ ထိုပုံစံမျိုးကို ပျူစာမဟုတ်သော ပျူခေတ် ပါဠိစာပေ ရွှေပေလွှာတွင် တွေ့ရပါသည်။ 'ညျူ၊ ရူ' စာလုံးများတွင် ဖြစ်ပါသည်။[၂] ပျူဖတ်စာ 'က–မ–ချ' တွဲပုံတွင် 'ကူ၊ ရူ၊ အူ' အသုံးတွဲပုံ၌ တွေ့ရပါသည်။[၃] ယင်းပုံများသည် အေဒီ (၅–၆) ရာစု ကဒံပ၊ ပလ္လဝ ပုံစံများ ဖြစ်သည်။ ပျူစာပုံစံ မဟုတ်ပါ။ သို့သော် ရာဇကုမာရ်ပျူစာတွင် ယင်းပုံစံကို 'သြူ = အဆွေ' ၌ ထည့်သွင်းအသုံးပြုခဲ့သည်။ ယခင် (က၊ ည၊ ရ၊ ြ) တို့နှင့် တွဲသော (ု)သရ ရေးထုံးကွယ်နေ၍ ခေတ်ပြိုင် သို့မဟုတ် အိန္ဒိယတောင်ပိုင်း (ူ) သင်္ကေတစနစ်ကို ဖြည့်စွက်ခဲ့ဟန်တူကြောင်း မှန်းဆရပါသည်။

 'တော်း'နှင့် 'ဌွော့်' ရေးသားမှုတွင် 'ော' သရနှင့် 'တ၊ ဌ' စာလုံးတို့မှာ ပျူစာလုံးဟု ဆိုနိုင်သော်လည်း ဗျည်းယှဉ်သရ 'အော်း' နှင့် 'အော့်'မှာ အစဉ်အလာ ပျူရေးထုံးတွင် လုံးဝမရှိခဲ့ပါ။ ယင်းတို့အတွက် (ော)သင်္ကေတ၏ တက်ကျသံပြ အစက်သင်္ကေတ ယှဉ်တွဲဖော်ပြမှုတွင် ပါဝင်ပြီးဖြစ်သည်ဟု ယူဆဖွယ်ဖြစ်ပါသည်။ ယခု ရာဇကုမာရ်ပျူစာသည် ယနေ့ မြန်မာအခေါ် ရှေ့ထိုး (ော်)သင်္ကေတအရေး ထည့်သွင်းလာပုံမှာ မြန်မာဟန် ရောထွေးလာသောသဘော ယူဆနိုင်ပါသည်။

(ရာ/က/၂၂) (ရာ/က/၂၃) တွင် ရေးထိုးထားသော (ဆဲ)စာလုံး ရေးသားမှုသည် ပျူစာရေးထုံး မဟုတ်ပါ။ ရေးအိန္ဒိယသက္ကတစာတွင် တွေ့ရသော နာဂရီရေးထုံးရှိ အဲ (ဲ) သရသင်္ကေတသာ ဖြစ်ပါသည်။ ရာဇကုမာရ်ကျောက်စာတွင် ဤစာလုံး (၂)ခုသာ တွေ့ရပါသည်။ ဤတွင်လည်း လိုသောအနက်အတွက် ပျူစာရေးထုံးကွယ်၍ သက္ကတစာ ရေးထုံး ရောထွေးကာ ရေးသားခဲ့ဟန် ရှိပါသည်။

ဆရာဦးသောင်းလွင်က အေဒီ(၁၁၉၂) စောမွန်သင်ကျောက်စာမှစ၍ မြန်မာစာ ရေးထုံးတွင် (အဲ၊ အော်) သင်္ကေတ အသုံးပြုလာကြောင်း ပြဆိုထားပါသည်။ မွန်ကျောက်စာတွင် အေဒီ(၁၄၅၅) ကျိုက်မရော (ရှင်စောပုထိုး) ကျောက်စာ မှစ၍ (အဲ၊ အော်) အရေးကို တွေ့ရသည်။ မွန်ထက် မြန်မာက (အဲ၊ အော်) သင်္ကေတ အသုံး စောသည်ဟု ဖော်ပြမှု ရှိပါသည်။[၄] ထို့ကြောင့် ရာဇကုမာရ်မြန်မာကျောက်စာတွင် (အဲ၊ အော်) အသုံးမရှိပါ။ သို့သော် (အဲ၊ အော်) သရသံနှင့်ဆင်သော အသံကို မြန်မာ

[၁] မောင်မောင်ဆွေ၊ ၂၀၀၆(ခ)၊ ၂၃၇–၂၃၈။ ၂၀၀၆(က)၊ ၁၂–၁၃။
[၂] သန်းဆွေ၊ ၁၉၉၂၊ ၈၀၊ ၁၄၁–၁၄၂။
[၃] သာမြတ်၊ ၁၉၆၃၊ ၂–၃။
[၄] သောင်းလွင်၊ ၁၉၇၂၊ ၁၅၀–၁၆၄။

ရှေ့ထိုး (ᴗ)သင်္ကေတ၊ သက္ကတ၊ နာဂရီနောက်ပစ်သင်္ကေတတို့ဖြင့် (အဲ၊ အော်) သရ သင်္ကေတဖြစ်အောင် တိုးချဲ့အားထုတ်မှုပြုထားသည်ဟု ယူဆဖွယ် တွေ့ရပါသည်။

(အူ)နှင့် (အော်) ရေးထုံးတွင် ပျူအသံပြအစက်နှစ်ခု ယှဉ်တွဲထားသည်။ ထို့အပြင် (အော်)၌ အ–မြစ် သံကဲ့သို့ အစက်သင်္ကေတတစ်ခု ပါဝင်နေသည်။ ပျူ အစဉ်အလာသုံး စာလုံးအောက် အစက်တစ်ခုသင်္ကေတ (့)နှင့် နေရာကွဲလွဲမှု ရှိနေ ပါသည်။ (အဲ)သရတွင်မူ အသံပြသင်္ကေတ ယှဉ်တွဲမှုမရှိကြောင်း တွေ့ရပါသည်။ ထူးခြား၍ တိုးပွားလာသော ဗျည်းယှဉ်သရသင်္ကေတများအဖြစ် စိစစ်တွေ့ရှိရပါသည်။

## ၂။ စကားသံမဟုတ်သော သင်္ကေတအရေးအသားစိစစ်မှု

ထို့အပြင် အစဉ်အလာအားဖြင့် ပုဒ်မ(။)၊ ပုဒ်ဖြတ်(၊)၊ ပိုဒ်ခွဲ(။၀။) သင်္ကေတ တို့ကို သုံးလေ့မရှိပါ။ ပျူတွင် စာပုဒ်အစ  နှင့် အဆုံး  သော ပျူစာ အသွင်များသာ တွေ့ရပါသည်။

**ဇယား(၄) ပုဒ်မ၊ ပုဒ်ကြီး ပါဝင်နေခြင်း**

| ကျောက်စာတိုင် | ကမ္ပည်းစာပုံ | မှတ်ချက် |
|---|---|---|
| ရာဇကုမာရ် (က)တိုင် |  | ဝါကျဆုံးသင်္ကေတ ပုဒ်မ(။) ပါဝင်နေခြင်း |
| ရာဇကုမာရ် (ခ)တိုင် |  | စာပိုဒ်ခွဲ သင်္ကေတ (။၀။) ပါဝင်နေခြင်း |

ဟူသော ဇယားပါတွေ့ရမှုတွင် စာပုဒ်အတွင်း ပုဒ်မများ၊ စာပိုဒ်ခွဲပုဒ်ကြီးများ ပါဝင် နေသည်ကို တွေ့ရပါသည်။ ပုဂံခေတ် ရာဇကုမာရ်ပျူစာ၌ (မွန်၊ မြန်မာ၊ ပါဠိ) တို့ကဲ့သို့ ပုဒ်ဖြတ်၊ ပုဒ်မ၊ ပိုဒ်ခွဲများ ထည့်သွင်းရေးသားမှု ပါဝင်နေပါသည်။ ထို့ကြောင့် မွန်–မြန်မာ ဆန်နေသော စာအရေးအသားဖြစ်ကြောင်း ဖော်ပြရာ ရောက်နေပါသည်။ ထို့အတွက် ဖော်ပြပါ အထောက်အထားများသည် အစဉ်အလာ မဟုတ်သော ပျူစာရေးသားမှု ပုံသွင်များအဖြစ် စိစစ်တွေ့ရှိရပါသည်။

**အက္ခရာလှယ်သူ၏ အယူအဆအရ ဖော်ပြထားသော ပျူစာရေးသားမှု ပုံသွင်များ**

**၁။ လိုသောအနက်ရရန် ပြင်ဆင်ဖတ်ရှုမှု**

**( ရိုဖဒို့၊ တြးကြဖော၊ ကြတံ နှင့် ကုံးဒွ)**

ဇယား(၅)ကို ကြည့်ပါ။ မြန်မာနိုင်ငံ၏ ပျူခေတ်ကာလရှိ ပျူကမ္ပည်းများမှ ပျူ 'က' အက္ခရာသင်္ကေတများကို ထုတ်နုတ်၍ ရာဇကုမာရ်ပျူစာမှ 'က' အက္ခရာသင်္ကေတများနှင့် နှိုင်းယှဉ်ဖော်ပြထားပါသည်။

**ဇယား(၅) ရာဇကုမာရ်ပျူစာ 'က' အက္ခရာသွင်ပြင် စိစစ်မှု**

| | ပုံညွှန်း | ဟန်လင်း ပျူစာ | မိုင်းမော ပျူစာ | သရေခေတ္တရာပျူစာများ | | | | |
|---|---|---|---|---|---|---|---|---|
| ပျူခေတ် 'က' အက္ခရာပုံ | | | | သဲကုန်း | ဉာဏ်လျှ | ထောင်အိုး | ဝိအိုး | ကန်ပလ္လင် |
| | ပျူ အက္ခရာ ပုံ |  |  |  |  |  |  |  |
| | မြန်မာ | ကျော | က | ကိ | ကံ | က | ဝိကြ | ကိံ |
| ပုဂံခေတ် ရာဇကုမာရ် 'က' အက္ခရာပုံ | ပုံညွှန်း | ရာဇကုမာရ်ပျူစာ | | | | | | |
| | | က/၉ | က/၁၀ | က/၂၄ | က/၁၃ | က/၅ | ခ/၅ | က/၂၁ |
| | ပျူ အက္ခရာ ပုံ |  |  |  |  |  |  |  |
| | မြန်မာ | ကေား | ကး | ကုံးဒွ | ကိံ | တြးကြ | တြးကြ | ကြတံ |
| | သာမြတ် | ကေား | ကး | ကုံးဒွ | ရိံ | တြးရော | တြးဖော | ရောတံ |

ပျူခေတ်နှင့် ပုဂံခေတ် အရှည်အတို ခြားနားမှုမှတစ်ပါး ကွဲပြားမှု မရှိ၊ ရေးသားမှုသဘော အတူတူ ဖြစ်ပါသည်။ သို့သော်-

ရာ/က/၁၃ ကိံ ကို ရိံ (ဦးသာမြတ်)

ရာ/က/၅ ကြ ကို ရော (ဦးသာမြတ်)

| | | | | |
|---|---|---|---|---|
| ရာ/က/၂၁ | ကြ | ကို | ရော | (ဦးသာမြတ်) |
| ရာ/က/၂၄ | ကွံႏဒ္ဒု | ကို | ကုံးဒ္ဒု | (ဦးသာမြတ်) |

ဟူ၍ ဖော်ပြခဲ့ပါသည်။[၁] မိမိလိုသော အနက်ရရန် ကြံဆ၍ အက္ခရာသွင်ပြင်ကို ပြောင်းလဲဖတ်ရှုခဲ့ပါသည်။[၂] ပျူ 'ရ'တွင် မည်သည့်အခါမျှ ဖြတ်မျဉ်းပါဝင်မှု မရှိပါ။ ရှေးအိန္ဒိယ အက္ခရာသွင်ပြင်များတွင်လည်း ဖြတ်မျဉ်းမရှိပါ။[၃] သို့ဖြစ်ရာ ယခု တွေ့ရသော ရာ/က/(၁၃၊ ၅၊ ၂၁)တို့မှာ ရ–ဗျည်း မဟုတ်ကြောင်း သိသာလှပါသည်။ 'ရော' ဖြစ်ရန် သဝေထိုးရေးချစနစ်ကို ခါးလယ်မှဖြတ်ဆွဲရေးသားမှုသည် ဏ–ဗျည်း အက္ခရာတွင်သာ အသုံးပြုသည်။[၄] ဆရာဦးသာမြတ် ဖော်ပြသော (က–မ–ချ) တွင်လည်း 'ရော'သည် ခါးလယ်မှဖြတ်၍ဆွဲသော စနစ် မဟုတ်ပါ။[၅] ထို့ကြောင့် ပျူဖတ်စာမှ ရာဇကုမာရ်ပျူစာတွင်–

| | | | |
|---|---|---|---|
| ရာ/က/၁၃–၁၄ | ရိံဖဍုံ့ | ကို | ကိံဖဍုံ့ |
| ရာ/က/(၅၊ ၂၁) | တြးရောဟော | ကို | တြးကြဟော |
| ရာ/က/(၂၀၊ ၂၁) | ရောတံ | ကို | ကြတံ |

ဟူ၍ ပြင်ဆင်ဖတ်ရှုသင့်ပါသည်။ ရာ/က/၂၄ 'ကွံႏဒ္ဒု' မှ န–ဆွဲကို ဗျည်းယှဉ်သရ (အု) သင်္ကေတဖြင့် ဖတ်ရှုခဲ့သောကြောင့် ကွံႏ မှာ ကုံး ဖြစ်ခဲ့ရပါသည်။ 'ဒု' တွင် အောက်အသံပြအစက် ပါဝင်၍ 'ကုံးဒု့' ဖြစ်ခဲ့ပါသည်။

## (သိရိ နှင့် သိခ် အယူအဆ)

ဇယား(၆)ကို ကြည့်ပါ။ ပျူခေတ် 'ရ'– အသွင်ပြင်များနှင့် ရာဇကုမာရ် 'ရ'– သွင်ပြင်များကို နှိုင်းယှဉ်ဖော်ပြထားပါသည်။

[၁] မြစေတီ၊ ၁၉၆၀၊ ၅၊၇။ ၁၃–၁၆။ သာမြတ်၊ ၁၉၆၃၊ ၅၆၊ ၅၈၊ ၅၉၊ ၆၁၊ ၆၈–၇၁။
[၂] သာမြတ်၊ ၁၉၅၈၊ ၃၂၊ ၄၆(၈၈)(၉၀)။
[၃] ရှေးအိန္ဒိယအက္ခရာမျိုးစုံမှ ရ–အက္ခရာ၊ ပျူ ရ–အက္ခရာ၊ ရှေးမွန်မြန်မာ ရ–အက္ခရာများကို ယှဉ်ကြည့်ပါ။
[၄] သန်းဆွေ၊ ၁၉၉၂၊ ၈၃။
[၅] သာမြတ်၊ ၁၉၆၃၊ ၃။

### ဇယား(၆) ရာဇကုမာရ်ပျူစာ ‘ရ’ အက္ခရာသွင်ပြင် စိစစ်မှု

| ပျူခေတ် ‘ရ’ အက္ခရာပုံ | ပုံညွှန်း | ဟန်ဆောင်း ပျူစာ | မိုင်းမော ပျူစာ | သရေခေတ္တရာပျူစာများ | | | | |
|---|---|---|---|---|---|---|---|---|
| | | | | သဲကုန်း ပျူစာ | ဥဘဏ်လှု ပျူစာ | ထောင် ကျောက် | သူဝိ ပျူစာ | ထောင်အိုး ပျူစာ |
| | ပျူ အက္ခရာပုံ |  |  |  |  |  |  |  |
| | မြန်မာ | ရော | ရော | ရေး | ရော | ရော့း | ရိ | ရိ |
| **ပုဂံခေတ် ရာဇကုမာရ် ‘ရ’ အက္ခရာပုံ** | **ပုံညွှန်း** | **ရာဇကုမာရ်ပျူစာ** | | | | | | |
| | | က/၂ | က/၁၀ | က/၂၄ | က/၁၇ | က/၅ | ခ/၅ | က/၂၃ |
| | ပျူ အက္ခရာပုံ |  |  |  |  |  |  |  |
| | မြန်မာ | ရိ | ရ | ရ | ရော့း | ရ | ရ | ရော့း |
| | သာမြတ် | ရိ | ရ | ရ | ရော့း | ရ | ရ | ရော့း |

ဇယား(၇)ကိုကြည့်ပါ။ ဗြဟ္မီ(ခ)၊ ပျူ(ခ)၊ ရာဇကုမာရ်(ခ)တို့ကို ယှဉ်ပြထားပြီး ကဒံပ–ကမ္ဗည်းစာ၊ ပျူကမ္ဗည်းစာတို့၏အစ ( သိဒ္ဓမ ‖ ) ရေးသားမှုနှင့် ရာဇကုမာရ်ပျူစာ အစ (သိရိ)ရေးသားမှုတို့ကို နှိုင်းယှဉ်ပြထားပါသည်။

### ဇယား(၇) ရာဇကုမာရ် ‘ခ’ အက္ခရာနှင့် ‘သိရိ’ စိစစ်မှု

| ပုံညွှန်း | ဗြာဟ္မီ | ပျူ | မိုင်းမော မြနှဒီပျူစာ | ရာဇကုမာရ် | | | | |
|---|---|---|---|---|---|---|---|---|
| | | | | က/၂ | က/၁၀ | က/၁၁ | က/၂၂ | က/၁၅ |
| အက္ခရာပုံ |  |  |  |  |  |  |  |  |
| မြန်မာ | ခ | ခ | ဓိ | ခ | ခ | ခ | ခ | ခ |

| **ပုံညွှန်း** | **ကဒံဗ** | **ပျူ** | **ရာဇကုမာရ်/က/၁** | **ရာဇကုမာရ်/ခ/၁** |
|---|---|---|---|---|
| အက္ခရာပုံ |  |  |  |  |
| မြန်မာ | သိဒ္ဓ္မ ‖ | သိဒ္ဓ္မႆ ‖ | ၁ ‖ သိဓိ ‖ | ၁ ‖ သိဓိ ‖ |
| သာမြတ် | | | ၁ ‖ သိရိ ‖ | ၁ ‖ သိရိ ‖ |

ဖော်ပြပါ ဇယား(၆)နှင့်(၇)တို့ကို နှိုင်းယှဉ်စိစစ်မှုအရ ပျူတို့၏ လုံးကြီးတင်ရေးဆွဲမှုစနစ်သည် ထိပ်မှတ်၏ ယာစွန်းမှ အထက်သို့ လက်ဝဲရစ်စ၍တက်သော အသွင် ဖြစ်သည်။[၁] ရ–ဗျည်းအက္ခရာတွင် ထိပ်မှတ်ပါသည်။ ထို့ကြောင့် ယာစွန်းမှ လုံးကြီးတင်ဆွဲလျှင် ထိပ်မှတ်၏ဘယ်စွန်းသည် အတက်ငုတ်တိုတစ်ခုအဖြစ် တွေ့ရပါမည်။ ဇယား(၆) –ရာ/က/၂ ပါ 'ရိ' ပုံမျိုး ဖြစ်ပါသည်။ (ရာ/က/၂၆။ ရာ/ခ/၂။ ရာ/ခ/၂၈။) တို့တွင် တွေ့ရသော 'ရိ' တွင် ဝဲစွန်း၌ ထိပ်မှတ်အတက် ပါဝင်နေကြောင်း တွေ့ရသည်။[၂]

'သိရိ' ရေးထိုးမှုတွင်ပါသော 'ရိ' သဏ္ဌာန်သည် စာလုံး၏ဝဲစွန်းမှ အထက်သို့ တက်နေသည်ကို တွေ့ရသည်။ ထို့အပြင် စာလုံး၏လည်တံသည် တိုလွန်းပြီး အခြေအနားသတ်သည် ကြီးလွန်းနေသည်။ ထိပ်မှတ်ဝဲစွန်းအတက် ပါဝင်ခြင်း မရှိပါ။

မွန်၊ မြန်မာ၊ ပါဠိ ကမ္ပည်းစာတို့၏အစတွင် 'ဂြိ' ဟု သုံးလျှက် ပျူစာတွင် 'သိရိ' ဟု သုံးထားသည်မှာ ထူးခြားနေသည်။[၃] ပါဠိတွင် 'သိရိ' ဟု သုံးသင့်သော်လည်း မသုံးခဲ့ပါ။[၄] ဤထူးခြားမှုနှင့် ဖော်ပြပါ 'ရိ' အသွင် လွဲနေခြင်းမှာ 'သိရိ' မဟုတ်ကြောင်း ပြဆိုရာရောက်နေပါသည်။

ရှေးအိန္ဒိယကမ္ပည်းစာတို့နှင့် ပျူစာတို့တွင် ကမ္ပည်းစာ အစစကားကို (သိဒ္ဓ္မ ‖ ) ဖြင့် ရေးလေ့ရှိပါသည်။ ပျူခေတ် ကျောက်စာအားလုံးတွင်လည်း ဤသဘော အတိုင်းပင် တွေ့ရပါသည်။[၅] 'သိဒ္ဓမ်'နှင့် 'သိဒ္ဓိ'မှာ မူလ သဘောအနက် အတူတူ ဖြစ်ပါသည်။ 'သိဒ္ဓိ' ကို 'သိဓိ' ဟုလည်း ရေးနိုင်ကောင်းပါသည်။ ဤစိစစ်မှုအရ

---

[၁] မောင်မောင်ဆွေ၊ ၂၀၀၆(ခ)၊ ၂၂၉။
[၂] မြစေတီ၊ ၁၉၆၀၊ ၄၊ ၆၊ ၁၁၊ ၁၂။
[၃] သာမြတ်၊ ၁၉၆၈၊ ၆။
[၄] မြစေတီ၊ ၁၉၆၀၊ ၂၆၊ ၂၇၊ ၃၄။
[၅] မောင်မောင်ဆွေ၊ ၂၀၀၆(ခ)၊ ၂၅၀–၂၅၁။

ရာဇကုမာရ် ပျူကျောက်စာ အစ–စကားမှာ ‘သိရိ’ မဟုတ်ပါက ‘သိဓိ’ ဖြစ်ကောင်းပါလိမ့်မည်ဟု ကြံဆလိုပါသည်။

**(ဟ္ငူ–ဟ္င၊ ဟိမ်ုး–ဓိဝုး)**

ဇယား(၈)ကိုကြည့်ပါ။ ခ၊ ဇ၊ ငှ၊ ဌ၊ န၊ ယ အက္ခရာတို့၏ ပျူခေတ်အသွင်နှင့် ရာဇကုမာရ်ကျောက်စာပါ အသွင်များကို နှိုင်းယှဉ်ဖော်ပြထားပါသည်။

**ဇယား(၆) ရာဇကုမာရ် ‘င၊ ဇ၊ ငှ၊ ဌ၊ န၊ ယ’ အက္ခရာများ နှိုင်းယှဉ်စိစစ်မှု**

| ပုံညွှန်း | ပျူ | ရာဇကုမာရ်ကျောက်စာ | | | | | | |
|---|---|---|---|---|---|---|---|---|
| | | က/၂၅ | က/၁၄ | က/၁၇ | ခ/၁၇ | က/၇ | က/၇ | ခ/၈ |
| အက္ခရာပုံ |  |  |  |  |  |  |  |  |
| မြန်မာ | င | ့ငုး | ဗိ ⁝င | ဟ္င | ဟ္င | ဟ္မိုး | ဟိုး | ဟ္မိုး ဟိုး |
| သာမြတ် | | ငုး | ဗိ ⁝ငု | ဟ္ငူ | ဟ္ငူ | ဟ္မိုး | ဟိုး | ဟ္မိုး ဟိုး |
| ပုံညွှန်း | ပျူ | က/၄ | က/၃ | ခ/၂၁ | က/၂၂ | က/၃ | က/၂၃ | က/၂၀ |
| အက္ခရာပုံ |  |  |  |  |  |  |  |  |
| မြန်မာ | ဇ | ဇ | ဇ | ဓိဝုး | ဝံ | ဝံ့း | နး | နဋ္ဌော့် |
| သာမြတ် | ဇ | ဇ | ဇ | ဟိမ်ုး | ဝံ | ဝံ့း | နး | နဋ္ဌော့် |
| ပုံညွှန်း | ပျူ | ပျူ | က/၁၅ | က/၁၅ | ပါ/က/၃၁ | ပျူ | က/၁၁ | က/၁၆ |
| အက္ခရာပုံ |  |  |  |  |  |  |  |  |
| မြန်မာ | ငှ | ဌ | ဌေ | ဌေ | ဌ | ယ | ယံ | ယေား |

ဖော်ပြပါဇယားတွင်–

| | | | | | |
|---|---|---|---|---|---|
| ရာ/က/၁၄ | ဗိ းင – |  | အသွင်ကို | ဗိ းငု | (င>ငု) |
| ရာ/က/၁၇ | ဟင – |  | အသွင်ကို | ဟင္ငု | (င>ငု) |
| ရာ/ခ/၁၇ | ဟင – |  | အသွင်ကို | ဟင္ငု | (င>ငု) |
| ရာ/ခ/၂၁ | ဖိဝုး – |  | အသွင်ကို | ဟိဗှူး | (ဖ>ဟ၊ဝ>ဗ) |

ဟူ၍ ဦးသာမြတ်က အခိပ္ပါယ်ကိုငဲ့ကွက်ကာ[၁] ပြင်ဆင်ဖတ်ရှုထားပါသည်။ ဤတွင် (ရာ/က/၂၅)တွင် '့ငုး' ကို '့ငူး' ဟု ဦးသာမြတ်က ဖတ်ရှုပါသည်။ 'လျက်' ဟူ၍ အနက်ဖွင့်ပါသည်။[၂] (ရာ/က/၁၄)မှ 'င' ကို 'ငု' ဟု ဖတ်ပါသည်။ ဖော်ပြပါအတိုင်း အနက်တူပါသည်။ သို့သော် ရေးထုံး(၂)ခု ကွဲနေပါသည်။ (ရာ/က/၂၅)တွင် '  ' (ရာ/က/၁၄)တွင် ' 'တို့ ဖြစ်ပါသည်။ (ရာ/က/၂၅)သည် ပျူစာတို့တွင် ပုံမှန်သုံးသော တစ်ချောင်းငင်ရေးထုံးစနစ် မှန်ပါသည်။[၃] (ရာ/က/၁၄) ရေးထုံးသည် ပျူစာတို့တွင် အစဉ်အလာတွေ့ရသော ရေးထုံးမဟုတ်ပါ။ အေဒီ(၄)ရာစုမှ (၇)ရာစု အကြား အိန္ဒိယတောင်ပိုင်း တစ်ချောင်းငင်ရေးသားမှုပုံစံ ဖြစ်ပါသည်။[၄] ရာဇကုမာရ်ပျူ ကျောက်စာ အက္ခရာသွင်ပြင်မှာ ပျူရေးထုံးနှင့် အိန္ဒိယတောင်ပိုင်းရေးထုံး ရောဝင် နေသောသဘော တွေ့ရပါသည်။ ရာ/က/၁၇နှင့် ရာ/ခ/၁၇ တို့တွင် **င–စွဲရေးသားမှု**[၅] တွင် တွင် (ု) ဗျည်းယှဉ်သင်္ကေတ ပါပြီးဖြစ်၍ င'ဟဒိ့ဒ' မျက်မှောက်တွင်[၆] ဟု အနက်ထင် ပါသည်။

မြန်မာတွင် 'ဟောန်ဗိုဝ်' ဟု ဖော်ပြသောစာလုံးကို ပျူတွင် 'ဟိဗှူး' ဖြစ်ရန် ကြံဆထားပါသည်။ (ရာ/က/ ၂၀)တွင် ပျက်နေသောစာလုံးကို  (ဟိ)စကားလုံးနှင့် အစားထိုးဖော်ပြထားသည်။ သို့မှသာ  (ရာ/က/၂၁) အစမှ (ဗှူးရောတံ)ဖတ်မှုနှင့် ဆက်၍ဖတ်ပြီး၊   (ဟိဗှူးရောတံ) အသံရစေသည်။ မြန်မာမှ 'ဟောန်ဗိုလ်' နှင့် အသံနီးအောင် ပြုလေသည်။ လိုရာဆွဲလွန်းသည်ဟု ထင်မိပါသည်။ ထိုစာလုံးကို (ခ) မျက်နှာတွင်  'ဖိဝုး' ဟု တွေ့ရပါသည်။ ပျူသည် အသံလှယ်ရာတွင် အခြား

---

[၁] သာမြတ်၊ ၁၉၅၈၊ ၃၃(၁၄)၊ ၄၅(၈၃)၊ ၄၉(၁၀၇)။
[၂] သာမြတ်၊ ၁၉၅၈၊ ၃၃(၁၄)၊ ၄၂(၆၉)။
[၃] မောင်မောင်ဆွေ၊ ၂၀၀၆(ခ)၊ ၂၃၄–၂၃၇။
[၄] မောင်မောင်ဆွေ၊ ၂၀၀၆(ခ)၊ ၃၅(ဇယား–၆)။ (ဇယား–၁၇)။
[၅] စာလုံး၏အောက်မှ 'င' အက္ခရာဆင့်ခြင်း
[၆] သာမြတ်၊ ၁၉၅၈၊ ၄၉(၁၀၉)။

ဘာသာတို့နှင့် ခြားနားလွန်းသည်။ သာဓက–ကန်ဝက် ခေါင်းကုန်းဆင်းတုပလ္လင်စာမှ မင်းအမည်အသံလှယ်မှု [၁] တွင် အမည်နှစ်ခုဟု ထင်ရလောက်အောင် ကွဲလွဲပါသည်။ ထို့ကြောင့် မြန်မာနှင့်ပျူ စကားသံမတူ၊ အရေးမတူသည့်အတွက် ‘ဓိပုံး’ နှင့် ‘ပောာန်ဗိုဝ်’ အသံကွဲမှုကို အက္ခရာသွင်ပြင် နီးစပ်အောင် ပြင်၍ဖတ်ရန် မသင့်ဟု ထင်မြင်မိပါသည်။ ထို့အပြင် (ဟိံ) စကားလုံး ဖန်တီးထားမှုတွင်လည်း (ဟ) ပုံမှာ (ရာ/က/၁၅)ပါ (ဌ) နှင့် တူနေလေသည်။ ထို့ကြောင့် ဖော်ပြပါစိစစ်မှုတွင် ‘ဟိံပူး’ ဟု အသံလှယ်ထားမှုကို ‘ဓိပုံး’ ဟုသာ ဖတ်သင့်ကြောင်း ဖော်ပြအပ်ပါသည်။

## ၂။ ရာဇကုမာရ်ဗျည်းယှဉ်သရ (ု၊ ူ) ရေးသားမှုစိစစ်ချက်

အေဒီ (၂)ရာစုဝန်းကျင် ရှေးအိန္ဒိယအရေးအသားတို့မှ ရယူဖွံ့ဖြိုးလာသော သရေခေတ္တရာပျူစာ အရေးအသားများတွင် ဗျည်းယှဉ်သရသင်္ကေတအဖြစ် အတွင်းငုတ် သရ [၂]၊ ယနေ့ မြန်မာအခေါ် လုံးကြီးတင်ဟုဆိုသော ဗျည်းယှဉ်သရသင်္ကေတ (ိ)၊ ယနေ့ မြန်မာအခေါ် တစ်ချောင်းငင်ဟုဆိုသော ဗျည်းယှဉ်သရသင်္ကေတ (ု)၊ ယနေ့ မြန်မာအခေါ် သဝေထိုးဟုဆိုသော (ေ)၊ ယနေ့ မြန်မာအခေါ် သဝေထိုးရေးချဟု ဆိုသော (ော)တို့ကို ပျူစာတို့တွင် တွေ့ရပါသည်။ [၃] ယင်းတို့၏ အသံရှည် အရှည်အသွေးကိုပြသော (ာ၊ ီ၊ ူ)တို့ကို ပျူရေးသားမှုစနစ်တွင် မရှိပါ။ [၄] ရာဇကုမာရ်ပျူစာတွင်လည်း (အာ၊ အီ) ဗျည်းယှဉ်သရ ရေးသားမှုစနစ် မရှိကြောင်း ဦးသာမြတ်က ဆိုထားပါသည်။[၅]

**ဇယား(၉) ဗျည်းယှဉ်သရ (အု၊ အူ)သင်္ကေတ စိစစ်ချက်**

| စဉ် | သရ | ဗျည်းယှဉ် သင်္ကေတ | သာဓက | | | မှတ်စု | ရည်ညွှန်းချက် |
|---|---|---|---|---|---|---|---|
| | | | ပုံညွှန်း | အက္ခရာ | မြန်မာ | | |
| ၁ | အု |  | ရာ/က/၂၇ |  | ငုးပုး | ပျူစာရေးသားမှုတွင် တွေ့ရမြဲ ပုံမှန် တစ်ချောင်းငင် (ု/အု) သင်္ကေတ ဖြစ်သည်။ | မောင်မောင်ဆွေ၊ ၂၀၀၆၊ ၃၅၊ ဇယား (၆)။ ၂၃၅ |

[၁] မောင်မောင်ဆွေ၊ ၂၀၀၉(ခ)၊ ၈။

[၂] Inherant vowel, သရသင်္ကေတမပါသော အက္ခရာသက်သက် ရေးသားမှုအတွင်းရှိ အ–သရ

[၃] မောင်မောင်ဆွေ၊ ၂၀၀၆(ခ)၊ ၁၁။

[၄] မောင်မောင်ဆွေ၊ ၂၀၀၆(ခ)၊ ၂၅၈–၂၅၉။

[၅] သာမြတ်၊ ၁၉၅၈၊ ၆။

| **စဉ်** | **သရ** | **ဗျည်းယှဉ် သင်္ကေတ** | **သာဓက** | | | **မှတ်စု** | **ရည်ညွှန်းချက်** |
|---|---|---|---|---|---|---|---|
| | | | **ပုံညွှန်း** | **အက္ခရာ** | **မြန်မာ** | | |
| ၂ | |  | ရာ/က/၁၀ |  | ထတု | ဦးသာမြတ်က နှစ်ချောင်းငင် (အူ)ဟု ယူဆသည်။ | သာမြတ်၊ ၁၉၅၈၊ ၆။ |
| ၃ | |  | ရာ/က/၆ |  | ရာဇ ဂုမ | 'ဂ'ကို ဤ 'ု' စနစ်ဖြင့် ပျူစာတို့တွင် အစဉ် ရေးလေ့ ရှိသည်။ | မောင်မောင်ဆွေ၊ ၂၀၀၆ (ခ)၊ ၃၇။ ၂၀၀၆ (က)၊ ၁၅။ |
| ၄ | |  | ရာ/က/၁၅ |  | တုဗု | ပျူစာရေးသားမှုတွင် 'တ' ကို 'ဂု'၏ စနစ် နှင့် သုံးလေ့ မရှိပါ။ ထို့အတူ (ဘ) ကိုလည်း မသုံးပါ။ ရာဇကုမာရ်တွင်သာ သုံးပါသည်။ | မောင်မောင်ဆွေ၊ ၂၀၀၆၊ ၂၃၇။ |
| ၅ | |  | ရာ/က/၃ |  | ဘုဝန | | မောင်မောင်ဆွေ၊ ၂၀၀၆(ခ)၊ ၂၃၇။ |
| ၆ | |  | ရာ/က/၁၇ |  | ဟူ | အေဒီ (၅/၆) ရာစု အိန္ဒိယ တောင်ပိုင်းဟန် | |
| ၇ | အူ* |  | ရာ/က/၂၄ |  | ဂိဩူး | ပျူစာရေးသားမှုတွင် အစဉ်အလာ မရှိ၊ ခေတ်ပြိုင်အိန္ဒိယ တောင်ပိုင်းအသွင် ရေးသားမှု ဖြစ်သည်။ | သာမြတ်၊ ၁၉၆၃၊ ၂–၃။ |
| ၈ | | ပျူစာတွင် မရှိ | – | – | – | ပျူစာတွင် နှစ်ချောင်းငင် (အူ) အရေးစနစ် မရှိပါ။ | မောင်မောင်ဆွေ၊ ၂၀၀၆၊ ၂၄၀။ ၂၀၀၆(က)၊ ၁၀။ |

အမှတ်စဉ်(၁)နှင့်(၂)တွင် ပြထားသော – ငုး၊ ဗုး၊ တု – တို့မှာ ရှေးပျူစာတို့တွင် တွေ့ရသော တစ်ချောင်းငင် (ု) ဗျည်းယှဉ် သရပုံစံ ဖြစ်ပါသည်။ (က၊ ဂ၊

ည၊ ရ၊ ဩ)တို့တွင် ဖော်ပြပါတစ်ချောင်းငင်ကို အက္ခရာသဏ္ဌာန်အရ မသုံးပါ။[၁] သို့သော် ဦးသာမြတ်က ယင်းတစ်ချောင်းငင်ကို နှစ်ချောင်းငင်အဖြစ် ယူဆဖလှယ်ထားပါသည်။ ဖော်ပြမှုတွင်–

> "အူ–ဉူ (ဦ) ကာရန်ရေးရာ၌ အိန္ဒိယတောင်ပိုင်း ကျောက်စာများကဲ့သို့ ၂ချောင်းငင်များ၏ ထိပ်ချင်းကွဲမနေဘဲ ထိပ်ချင်းဆက်ထားသဖြင့် 'ဝ–ဆွဲ' ထားဘိသကဲ့သို့ ထင်ရသည်"

ဟူ၍ ဖော်ပြထားပါသည်။[၂] အေဒီ (၅–၆)ရာစု အိန္ဒိယတောင်ပိုင်း ကဒံပ၊ ပလ္လဝ၊ အရေးအသားတို့၏ က–မ–ချ စနစ်ကို အခြေခံရယူထားခြင်း ဖြစ်ပါသည်။ ရှေးအိန္ဒိယအက္ခရာ ဖွံ့ဖြိုးမှုတွင် လှပစွာ ရေးဆွဲမှုကြောင့် အက္ခရာများ အသွင်ပြောင်းရသည့်သဘော[၃]ကို အေဒီ(၃)ရာစုဝန်းကျင် အိန္ဒိယအက္ခရာများ၌ တွေ့နိုင်ရာ ယင်းသဘောဖြင့် စိစစ်ပါက ကွဲပြားစွာ သိမြင်နိုင်ပါသည်။[၄]

'ဂု' ရေးသားမှုပုံစံတွင် တွေ့ရသော (ု) ဗျည်းယှဉ်သရသွင်ပြင်သည် ပျူစာစတင်ရေးသားချိန်မှစ၍ ရာဇကုမာရ်ကျောက်စာအထိ တွေ့ရသော ပြောင်းလဲမှုမရှိသည့် အသွင် ဖြစ်ပါသည်။[၅] သို့သော် ထို 'ဂု' အသွင်မျိုးကို ရာဇကုမာရ်ပျူကျောက်စာတွင် 'တ၊ ဘ' တို့၌လည်း တွေ့ရပါသည်။[၆] ရှေးပျူစာစာလုံးတွင် မတွေ့ရဘဲ ရာဇာကုမာရ်ပျူကျောက်စာတွင်သာ တွေ့ရခြင်းမှာ ထူးခြားမှုတစ်ရပ် ဖြစ်ပါသည်။ ထို့အပြင် 'တ' မှာ တစ်ချောင်းငင် နှစ်မျိုး အသုံးပြုထားကြောင်း တွေ့ရပါသည်။

> "ဇယား(၁၄)။ ရာ/က/၁၀–တု (  )နှင့် ဇယား(၁၄)။ ရာ/က/၁၅–တု (  )"

တို့ကို ယှဉ်ကြည့်ပါ။ ထိုအချက်အရ ဆရာဦးသာမြတ်က အိန္ဒိယတောင်ပိုင်း အရေးအသွင်နှင့်ယှဉ်၍ (ရာ/က/၁၀)ပုံစံ 'တု' ကို 'တူ' ဟု ဖလှယ်၍ ကျန် 'တု' ကို 'တု' ဟုပင် ဖလှယ်သည်။ ထိုသဘောအတိုင်းပင် အခြားစာလုံးများကိုလည်း ယူဆထားပါသည်။

---

[၁] မောင်မောင်ဆွေ၊ ၂၀၀၆(က)၊ ၁၂–၁၃။ ၂၀၀၆(ခ)၊ ၂၃၄–၂၃၅။
[၂] သာမြတ်၊ ၁၉၅၈၊ ၆။
[၃] စံသာအောင်၊ ၁၉၇၄၊ ၆၃။
[၄] မောင်မောင်ဆွေ၊ ၂၀၀၉(က)၊ ဒီဇင်ဘာ၊ ၅၊ ၁၇–၁၉ (ဇယား–၅၊ ၆ ၊၇)။ ၂၀၀၆(က)၊ ၇–၁၁။ အမရဝတီ (ပု–ရေးပုံ)။
[၅] မောင်မောင်ဆွေ၊ ၂၀၀၆(ခ)၊ ၂၄၇ (ဇယား–၂၀)။
[၆] မောင်မောင်ဆွေ၊ ၂၀၀၆(က)၊ ၇။

ဇယား(၁၄) အမှတ်စဉ်(၆)တွင်ပါသော တစ်ချောင်းငင်ပုံစံကို 'ငု' ရေးသားမှုတွင် တွေ့ရပါသည်။

"ရာ/က/၁၄ –ငု=(  )   ရာ/က/၂၅ –့ငုး=(  )"

တို့၏ တစ်ချောင်းငင်အသွင်သည် ခြားနားလျက် ရှိပါသည်။ (ရာ/က/၂၅)သည် အသံအရည်အသွေးပြ အစက်များနှင့်ယှဉ်၍ ရေးထားသည်။ (ရာ/က/၁၄)မှာ င–ဆွဲဗျည်းကို လက်ဝဲဘက်ကွေး၍ အရှည်ဆွဲထားခြင်းဖြစ်သည်။ ယင်းပုံစံမျိုးကို ဋ္ဌေဗောဓိပင်ကြုတ် (အေဒီ–၄)တွင် 'နု(nu)' ဖော်ပြမှု၌ (   )သင်္ကေတ ရေးထိုးမှုကို တွေ့ရသည်။ ဆရာကြီးမွန်ဗိုလ်ကေ၏ ဆွဲပုံနှင့် မူရင်းပုံ ဖြစ်ပါသည်။ [၁] ပျူခေတ်တစ်လျှောက် ယင်းပုံတစ်ခုသာ တွေ့ရ၍ ပျူခေတ်တစ်ချောင်းငင်ဟု မဆိုသာပေ။ ထိုသင်္ကေတမျိုးကို ပျူခေတ် ပါဠိစာရေးထိုးမှုတွင် များစွာတွေ့ရသည်။ [၂] ယင်းကိုထောက်၍လည်း ပုံမှန် ပျူတစ်ချောင်းငင် (ု) သင်္ကေတကို ဦးသာမြတ်က (ူ) သင်္ကေတအဖြစ် ဖတ်ရှု ဖလှယ်ခဲ့ပါသည်။

ပုဂံခေတ် ပျူစာ ဗျည်းယှဉ်သရသင်္ကေတ (ု)တွင် အစဉ်အလာ ပျူအက္ခရာ သွင်ပြင်အရ (၃)မျိုးရှိပြီး [၃] (က၊ ည၊ ရ၊ ဠ)တို့တွင် ယှဉ်သော (ု) သင်္ကေတစာလုံး မပါရှိ၍ အစဉ်အလာမှ (၂)မျိုး တွေ့ရသည်။ အစဉ်အလာ မဟုတ်သော ကဒံပ၊ ပလ္လဝ (ု) သင်္ကေတ အသွင်ထူး တိုးလာမှုကို တွေ့ရပါသည်။ ထို့ကြောင့် ခေတ်ပြိုင် ရေးဟန် ရောထွေးပြီး၊ အက္ခရာလှယ်သူ၏ အယူအဆကြောင့် အစဉ်အလာမှ သွေဖီသော အက္ခရာလှယ်မှုများကိုလည်း တွေ့ရပါသည်။

## စိစစ်လေ့လာမှုအပေါ် ခြုံငုံသုံးသပ်ချက်

ရာဇကုမာရ်ပျူစာသည် ခေတ်ပြိုင် မွန်၊ မြန်မာ၊ ပါဠိ တို့နှင့် စာအရေးအသား အသွင်ကွဲနေခြင်းမှာ အေဒီ (၂)ရာစုဝန်းကျင်ရှိ ရှေးအိန္ဒိယ အရေးအသားအက္ခရာ အန္ဓရစာလုံးနှင့် ကုသန(ကုရှန်)စာလုံးတို့မှ ရယူခဲ့သော အသွင်ကို ပျူခေတ် တစ်လျှောက်လုံး အသုံးပြုခဲ့သည်။ ထိုအက္ခရာစာလုံးအသွင်များသည် အေဒီ (၁၂)ရာစု ရာဇကုမာရ် ရေးထိုးချိန်အထိ မူလအသွင်မပျက် ရှိနေသည်ကို တွေ့ရပါသည်။ သို့သော် အချို့သောစာလုံးများသည် ပျူတို့၏မူလအက္ခရာအသွင်မှ သွေဖီနေသည်ကို သတိပြုနိုင်ပါသည်။

---

[၁] မွန်ဗိုလ်ကေ၊ ၁၉၅၆၊ ၄၃။

[၂] သန်းဆွေ၊ ၁၉၉၂၊ ၇၆၊ ၉၄၊ ၁၀၈၊ ၁၀၅၊ ၁၂၇၊ ၁၇၁။

[၃] မောင်မောင်ဆွေ၊ ၂၀၀၆(ခ)၊ ၂၃၈။

ထူးခြားသော အရေးစနစ်အဖြစ် အူ–သရတွင် 'သြူး' ကို တွေ့ရခြင်း၊ (ဋ္ဌေ) ရေးသားမှုတွင် အော်(ော်) သရသင်္ကေတ ရေးထုံးသစ်များ ပါဝင်လာခြင်းနှင့် မြန်မာ ရေးထုံးဆန်သော သဘောကို တွေ့ရသည်။ (ဆဲ) ရေးသားမှုတွင် နာဂရီရေးထုံးမှာ သုံးသော အဲ(ဲ) သရ ပါဝင်လာခြင်းတို့ကို တွေ့ရပါသည်။ ဤအချက်များသည် အရေးသွင်ပြင်ပိုင်းတွင် အားနည်းချက်များရှိလာပြီး ခေတ်ကာလအလျောက် အသုံး များသော မွန်၊ မြန်မာ၊ ပါဠိ တို့၏သဘော၊ သက္ကတစာပေ၏သဘောတို့ကို ရယူ ဖြည့်စွက်ကာ မွမ်းမံ၍ ရေးထိုးထားမှုကို တွေ့ရပါသည်။

ထို့အပြင် အစဉ်အလာအားဖြင့် ပုဒ်မ(။)၊ ပုဒ်ဖြတ်(၊)၊ ပိုဒ်ခွဲ(။၀။) သင်္ကေတ တို့ကို သုံးလေ့မရှိသော ပျူစာတွင် ပုဂံခေတ် ရာဇကုမာရ်ပျူစာ၌ မွန်၊ မြန်မာ၊ ပါဠိ တို့ကဲ့သို့ ပုဒ်ဖြတ်၊ ပုဒ်မ၊ ပိုဒ်ခွဲများ ထည့်သွင်းရေးသားမှုသည် မွန်–မြန်မာ ဆန်နေသော စာအရေးအသားဖြစ်ကြောင်း ဖော်ပြရာရောက်နေပါသည်။

'ရိံဖဍုံ့' ကို 'ကိံဖဍုံ့' ဟု ဖတ်ခြင်း၊ 'တြကြဟော' ကို 'တြရောဟော' ဟု ဖတ်ခြင်း၊ 'ကြတံ' ကို 'ရောတံ' ဟု ဖတ်ခြင်း၊ 'ကွံ့းဒ္ဒု' ကို 'ကုံဒ္ဒု' ဟု ဖတ်ခြင်း၊ 'သိခ' ကို 'သိရိ' ဟု ဖတ်ခြင်း၊ 'ဟ္ဂ' ကို 'ဟ္ဂု' ဟု ဖတ်ခြင်း 'ဇိဝုး' ကို 'ဟိံဗုူး' ဟု ဖတ်ခြင်း တို့ကို လိုသောအနက်ရရန် ပြင်ဆင်ဖတ်ရှုထားမှုအဖြစ် တွေ့ရပါသည်။

ဗျည်းယှဉ်သရသင်္ကေတ အု (ု) ရေးသားမှုတွင် အစဉ်အလာအားဖြင့် အက္ခရာပုံကို လိုက်၍ (၃)မျိုးတွေ့ရသည်။ ထိုမှ (က၊ ည၊ ရ၊ ဩ နှင့် 'ဂ' အက္ခရာ)တို့ အတွက် သုံးသော တစ်ချောင်းငင်ပုံသွင်ကို တစ်ချောင်းငင်ဟု ဖတ်သော်လည်း ကျန်ပျူအက္ခရာများအတွက် သုံးသော တစ်ချောင်းငင်ကို အက္ခရာအရေးပုံသွင် အယူအဆ ကွဲလွဲမှုအရ နှစ်ချောင်းငင်ဟု ဖတ်ခြင်းကို တွေ့ရပါသည်။ မူလ ရေးထိုးမှု၌ပင် တစ်ချောင်းငင်ရေးထုံး မတည်ငြိမ်၍ ဖြစ်ပါသည်။

သရေခေတ္တရာ၊ မိုင်းမော၊ ဟန်လင်းတို့ရှိ ပျူစာများနှင့် ယှဉ်ကြည့်လျှင် ထိုပျူစာများသည် တစ်ခုနှင့်တစ်ခု ကွဲလွဲချက် ကြီးမားစွာ မရှိဘဲ စနစ်တစ်ခုတည်း ပေါ်တွင် တည်ငြိမ်စွာ ရေးသားနေကြကြောင်း တွေ့ရပါသည်။ ရာဇကုမာရ် ကျောက်စာပါ ပျူစာသည် အစဉ်အလာပျူစာအရေးစနစ်ကို ပုံဖော်ထားသော်လည်း ရှေးအိန္ဒိယတောင်ပိုင်းဟန်၊ နာဂရီရေးဟန်၊ မွန်မြန်မာရေးဟန်များ ရောထွေးယှက်တင် နေသောအသွင်ကို တွေ့မြင်နေရပါသည်။ ပါဠိသက်၊ သက္ကတသက်၊ မွန်သက်သော ပျူစာလုံးများလည်း ပါဝင်နေနိုင်ပါသည်။ ထို့ကြောင့် ရာဇကုမာရ်ပျူစာသည် ပျူစာဟု ဆိုနိုင်ရုံမျှသာ ဖြစ်ပြီး၊ အရောအနှောများ ရှိနေသော ပျူစာ ဖြစ်သည်။ အစဉ်အလာ ပျူစာများစွာနှင့် နှိုင်းယှဉ်ချိန်ဆကာ ဖတ်ရှုသင့်လှပါသည်။

## နိဂုံး

အချုပ်အားဖြင့်ဆိုသော် ရာဇကုမာရ်ပျူစာအက္ခရာများကို စိစစ်မှုပြုခြင်းအားဖြင့် ပျူစာရေးသားမှုအသွင်၏ သဘောသဘာဝ၊ ပျူအက္ခရာတို့၏ သွင်ပြင်အနေအထား၊ ရေးအိန္ဒိယကမ္ပည်းစာတို့၏ ဆက်စပ်မှုသဘောများကို များစွာသတိပြုမိစေပါသည်။ ကျွန်သုံးရွာ အခိပ္ပါယ်ရသော ပျူစာလုံးကို 'တြးရောဟော'ဟု ဖတ်မည့်အစား 'တြးကြရော'ဟု ဖတ်သင့်သည်ကို သိလာရပါသည်။ 'ဟိံဗူး' ဟူသောဖလှယ်မှုကို 'ဇိဝုး'ဟု ပြင်ဆင်ရမည်ဖြစ်ကြောင်း သိရပါသည်။ 'ဂြိ' မသုံးဘဲ 'သိရိ'ဟုကြံဆမှုမှာ 'သိဒ္ဓံ(မ်)' ရေးထုံးဓလေ့နှင့် ကွာဟသွားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် နှောင်းပိုင်းခေတ် မွန်၊ မြန်မာ၊ ပါဠိ၊ သက္ကတ စာဟန်များ လွှမ်းမိုးလာသော စာအရေးအသားဖြစ်ကြောင်း သတိပြုမိလာပါသည်။ ထို့ကြောင့် အကြိမ်ကြိမ်ဖတ်ရင်း ဆက်လက် သုတေသနပြုလုပ်မှုများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

# ကျမ်းကိုးစာရင်း

## မြန်မာဘာသာ

စံသာအောင်၊ ဦး။ (၁၉၇၄)။ ***အေဒီခြောက်ရာစုနှင့်ယင်းမတိုင်မီ ရခိုင်ပြည်သုံးအက္ခရာ (ပထမအကြိမ်)***။ ရန်ကုန်၊ ဥမ္မာအောင်စာပေ။

စံသာအောင်၊ ဦး။ (၁၉၇၅)။ ***အာနန္ဒစန္ဒြ (ရှစ်ရာစုရခိုင်ဝေသာလီမင်း)***။ ရန်ကုန်၊ ဥမ္မာအောင်စာပေ။

မောင်မောင်ဆွေ၊ ဦး။ (၂၀၀၆)(က)။ ***ပျူစာအရေးအသားများမှ ဗျည်းယှဉ်သရ (အုအူ) အသုံး။*** ပြည်မြို့၊ ပြည်တက္ကသိုလ်၊ မြန်မာစာဌာန၊ ၂၀၀၅–၂၀၀၆ ပညာသင်နှစ်အတွက် တင်သွင်းသော တစ်ဦးချင်း သုသေသနစာတမ်း။

မောင်မောင်ဆွေ။ (၂၀၀၆)(ခ)။ ***မြန်မာနိုင်ငံရှိ ပျူကမ္ပည်းစာများမှ ပျူအက္ခရာသင်္ကေတများနှင့် ပျူစာလုံးရေးသားပုံစနစ်များကို လေ့လာချက်***။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။ ပါရဂူဘွဲ့(၂၀၀၆)အတွက် တင်သွင်းသော ကျမ်း။

မောင်မောင်ဆွေ၊ ဒေါက်တာ။ (၂၀၀၉)(က)။ ***ရှေးအိန္ဒိယအက္ခရာများလေ့လာမှု***။ ပြည်မြို့၊ ပြည်တက္ကသိုလ် (၁/၂၀၀၉) သုတေသနစာတမ်းဖတ်ပွဲတွင် ဖတ်ကြားခဲ့သော စာတမ်း။

မောင်မောင်ဆွေ၊ ဒေါက်တာ။ (၂၀၀၉)(ခ)။ ***ပျူစာကြောင်းအခြေရှိ စာလုံးငယ်များလေ့လာမှု။*** ရန်ကုန်၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်အဖွဲ့၊ နဝမအကြိမ်သုတေသနစာတမ်းဖတ်ပွဲတွင် ဖတ်ကြားခဲ့သောစာတမ်း။

***မြစေတီကျောက်စာလေးဘာသာ***။ (၁၉၆၀)။ ရန်ကုန်၊ နိုင်ငံတော်ယဉ်ကျေးမှုဝိမာန်။

မွန်ဗိုလ်ကေ၊ ဗြဟ္မစာရီ။ (၁၉၅၆)။ "သရေခေတ္တရာခေတ်ဦးဆိုင်ရာ ရှေးဟောင်းပစ္စည်းတစ်ခု"၊ ***ပြည်ထောင်စုယဉ်ကျေးမှုစာစောင်၊ အတွဲ(၁)၊ အမှတ်(၉)***။ စာ၊ ၄၁–၄၄။

သာမြတ်၊ ဦး၊ သီရိပျံချီ။ (၁၉၅၈)။ ***မြစေတီပျူကျောက်စာ***။ ရန်ကုန်၊ ဒီမိုကရေစီစာအုပ်ထုတ်ဝေရေးကုမ္ပဏီ။

သာမြတ်၊ ဦး၊ သီရိပျံချီ။ (၁၉၆၃)။ ***ပျူဖတ်စာ***။ ရန်ကုန်၊ နေရှင်နယ်ပုံနှိပ်တိုက်။

သောင်းလွင်၊ ဦး၊ ဘီအေ။ (၁၉၇၂)။ ***မြန်မာအက္ခရာဗေဒ***။ ရန်ကုန်၊ နည်းသစ်စာအုပ်တိုက်။

သန်းဆွေ၊ ဒေါ်။ (၁၉၉၂)။ ***ပျူစာခင်ဘရွှေပေချပ်လေ့လာချက်***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

## အင်္ဂလိပ်ဘာသာ

Bhandarkar, D.R. (1905). "Inscribed pedestal of Buddhis image from Mathura", ***Epigraphia Indica Vol-VIII, Pt.5.***

Kielhorn, F. (Professor). (1905). "Junagadtha Rock Inscription of Ruaradman", ***Epigraphia Indica Vol-VIII, Pt.1.***

# မိုးကောင်းမြို့နယ်အတွင်းရှိ ရှမ်းနီဒေသိယစကား

ခင်မာအောင်[*]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် စံဘာသာစကား၏ အသွင်ကွဲတစ်မျိုးအဖြစ် ရှိနေသော မိုးကောင်းမြို့နယ်အတွင်းရှိ ရှမ်းနီတို့၏ ဒေသိယစကားကို လေ့လာထားသော စာတမ်း ဖြစ်ပါသည်။ ဘာသာစကားကို မှတ်တမ်းထားလိုသော ရည်ရွယ်ချက်ဖြင့် လေ့လာထားပါသည်။ ထိုသို့ လေ့လာရာတွင် ရှမ်းနီတို့ အများဆုံးနေထိုင်သော မိုးကောင်းမြို့နယ်အတွင်းရှိ ရှမ်းနီတို့၏ အပြောစကားများကို အလေ့လာခံ အဖြစ် သတ်မှတ်ကာ လေ့လာပါသည်။ ဤစာတမ်းပါ တင်ပြချက်များသည် ဒေသိယစကားကို လေ့လာထားသော စာအုပ်စာတမ်းများ ဘာသာစကား ပညာရှင်များ၏ နည်းနာများကို အခြေခံကာ တင်ပြထားချက်များ ဖြစ်ပါသည်။ ဒေသိယစကားကို လေ့လာသူများအတွက် တစ်စုံတစ်ရာ အကျိုးကျေးဇူး ရရှိနိုင်မည် ဖြစ်ပါသည်။

**သော့ချက်စကားလုံးများ** – ***ဗျည်းသံ၊ သရသံ၊ လေသံကွဲပြားမှု၊ ကွဲပြားသော သဒ္ဒါအသုံး၊ ဒေသိယဝေါဟာရများ၊ ဆွေမျိုးစပ် အခေါ်အဝေါ်များ၊ ရှမ်းဗမာအတွဲအစပ်စကားလုံးများ။***

## နိဒါန်း

ဤစာတမ်းသည် မိုးကောင်းမြို့နယ်အတွင်းရှိ တိုင်းလိုင် (ဝါ) ရှမ်းနီ[၁] တို့၏ ဒေသိယစကားများကို လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ ရှမ်းနီတို့သည် ကချင်ပြည်နယ် နေရာအနှံ့အပြားတွင် နေထိုင်ကြသည်။ ရှမ်းဗမာ[၂] လူမျိုး ဟုလည်း ခေါ်ဝေါ်ကြပါသည်။ ရှမ်းနီများသည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်နှင့် အင်းတော်ကြီး ပတ်ဝန်းကျင်တစ်ဝိုက်၊ မိုးကောင်းမြို့နယ်အတွင်းရှိ မန္တလေး–မြစ်ကြီးနား မီးရထား လမ်းဘေး ဝဲယာတစ်လျှောက်နှင့် ရွှေဘို–မြစ်ကြီးနားသွား လမ်းမကြီး (ဝါ) ပြည်ထောင်စုလမ်းမကြီးဘေး ဝဲယာ တစ်ဘက်တစ်ချက်တွင် အခြေချနေထိုင်ကြသော လူမျိုးများ ဖြစ်ကြသည်။ အလေ့လာခံ ရှမ်းနီလူမျိုးတို့မှာ သံလမ်းရိုးတလျှောက်တွင် နေထိုင်ကြသော ရှမ်းနီများ ဖြစ်ပါသည်။ သံလမ်းရိုးတလျှောက်တွင် နေထိုင်သော

---

[၁] စိုင်းထိန်လင်း၊ ဦး၊ ၁၉၉၂၊ ၄။

[၂] စိုင်းထိန်လင်း၊ ဦး၊ ၁၉၉၂၊ ၄။

[*] ဒေါ်၊ လက်ထောက်ကထိက၊ မြန်မာစာဌာန၊ မြစ်ကြီးနားတက္ကသိုလ်

ရှမ်းနီများကို ဒေသအခေါ်အားဖြင့် သံလမ်းရိုးသားဟု ခေါ်ကြပါသည်။ **ရှမ်းမျိုးနွယ်စုပေါင်း (၃၃)မျိုး** ရှိသည့်အနက်မှ ကချင်ပြည်နယ်တွင် **တိုင်းဆာရှမ်း (မိုင်းသာရှမ်း)၊ တိုင်းနေရှမ်း (အထက်ရှမ်း)၊ တိုင်းလုံ (ရှမ်းကြီး)၊ တိုင်းခန္တီး (ခန္တီးရှမ်း)၊ တိုင်းဖွန်း (ဖွန်းရှမ်း)၊ တိုင်းလိုင် (ရှမ်းနီ)**[၁]ဟူသော ရှမ်းမျိုးနွယ်စု (၆)စုတို့ အများဆုံး နေထိုင်ကြပါသည်။

ထိုမျိုးနွယ်စုများအနက် မိုးကောင်းမြို့နယ်တွင် နေထိုင်ကြသော တိုင်းလိုင် (ရှမ်းနီ)လူမျိုးများသည် မိမိလူမျိုး၏ ဘာသာစကားကို ပြောဆိုသူများမှာ အနည်းငယ်သာ တွေ့ရပြီး စံဘာသာစကားကို အများဆုံး ပြောဆိုကြသည်ကို တွေ့ရသည်။ ရှမ်းနီတို့သည် စကားပြောဆိုကြရာတွင် ရှမ်းဘာသာစကားနှင့် စံစကားကို ရောစပ်ကာ ပြောဆိုလေ့ ရှိကြသည်။ စံဘာသာစကားကို ပြောဆိုရာတွင် တိုင်းရင်းသားဘာသာစကား၏ လွှမ်းမိုးမှုကြောင့် အသံထွက်များ လေသံများမှာ စံဘာသာစကားနှင့် အနည်းငယ် ကွဲပြားနေသည်ကို တွေ့ရသည်။

ဤသုတေသနစာတမ်းအတွက် မိုးကောင်းမြို့နယ်အတွင်းရှိ ရှမ်းနီတို့၏ အပြောစကားများမှ အချက်အလက်များကို ရယူထားပါသည်။ ဒေသ အနည်းငယ် ကွဲသွားသည်နှင့်အမျှ ဝေါဟာရများ၊ လေသံများ ကွဲပြားသွားလေ့ရှိသောကြောင့် မိမိနှင့် အနီးစပ်ဆုံးဖြစ်သော မိုးကောင်းဒေသ၌သာ လေ့လာထားပါသည်။ ဤစာတမ်းတွင် ၎င်းဒေသ၌ ပြောဆိုကြသော ဒေသိယစကားကို စံဘာသာစကားနှင့် နှိုင်းယှဉ်ကာ လေ့လာတင်ပြမည် ဖြစ်ပါသည်။

## ၁။ ဒေသိယစကား၏ သဘောသဘာဝ

ဒေသိယ၏အဓိပ္ပာယ်ကို–

မြန်မာအဘိဓာန်တွင်

"ဒေသိယဝေါဟာရ/ဒေသိယဝေါဟာရ/န – ဒေသအလိုက် ပြောဆိုသုံးနှုန်းသော စကား။"[၂]

ဟူ၍ လည်းကောင်း၊

---

[၁] စိုင်းထိန်လင်း၊ ဦး၊ ၁၉၉၂၊ ၄။

[၂] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၉၀။

ဒေါက်တာအောင်မြင့်ဦး၏ လူမှုဘာသာဗေဒစာအုပ်တွင်–

"ဒေသိယဟူသည်ကား ဘာသာစကားတစ်ခု၏ အသွင်ကွဲ ဖြစ်သည်"[၁]

ဟူ၍ လည်းကောင်း၊

အင်းလေးဒေသိယစကားစာအုပ်တွင် ဒေသိယစကားဟူသည် ဘာသာစကားတစ်ခု၏ အသွင်ကွဲဖြစ်ကြောင်းကို ဒေါက်တာအောင်မြင့်ဦးက–

> "ဘာသာစကားတစ်ခုကို အသုံးပြုသူတို့သည် နေရာဒေသချင်း ဝေးကွာသွားသည့်အခါအသုံးပြုသည့် ဘာသာစကားမှာလည်း တစ်နေရာနှင့် တစ်နေရာ ပြောင်းလဲကွဲပြားသွားတတ်ပါသည်။ ထိုသို့ ဒေသကွာခြားမှုကြောင့် ပြောင်းလဲသွားသော ဘာသာစကားတစ်ခု၏ အသွင်ကွဲကို ဒေသိယစကားဟု ခေါ်ပါသည်။"[၂]

ဟူ၍ လည်းကောင်း၊

> "ဒေသိယစကားဟူသည် ဒေသသွင်ပြင်များ ထင်ဟပ်နေသော ဒေသဆိုင်ရာ အမှတ်လက္ခဏာတစ်ခု[၃] ဖြစ်သည်"

ဟူ၍ လည်းကောင်း ဒေသိယစကားနှင့်ပတ်သက်၍ ဖွင့်ဆိုထားကြပါသည်။

ထိုဖွင့်ဆိုထားချက်များအရ ဒေသိယစကားဟူသည် အရပ်ဒေသတစ်ခုစီတိုင်း၌ ပြောဆိုသုံးနှုန်းကြသော စကားများပင်ဖြစ်ကြောင်း ထင်ရှားပါသည်။ နိုင်ငံတစ်နိုင်ငံ အတွင်းရှိ စံဘာသာစကားအဖြစ် သတ်မှတ်ထားသော ဘာသာစကားကို အသုံးကွဲ၊ အသံကွဲဖြင့် ပြောဆိုကြသောစကားများကို ခေါ်ဆိုကြောင်း သိနိုင်ပါသည်။ ကွဲပြားအောင် ပြောဆိုခြင်းမဟုတ်ဘဲ ဒေသသွင်ပြင်၊ ဒေသဟန်တို့ လွှမ်းမိုးထားမှုနှင့် စံစကားနှင့် နီးစပ်မှုအားနည်းခြင်းတို့ကြောင့် အသုံးကွဲ၊ အသံကွဲသော ဒေသိယဝေါဟာရစကားများ ဖြစ်လာရခြင်း ဖြစ်ပါသည်။

ဒေသိယစကားများသည် မိမိတို့၏မူဟန်အတိုင်း အခိုင်အမာ ရပ်တည်နေနိုင်ကြပါသည်။ ထိုအချက်ကို ဆရာကြီးဦးခင်အေးက အင်းလေးဒေသိယစကားစာအုပ် အမှာစာတွင်–

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၀၃၊ ၃၄။
[၂] မြန်မာစာအဖွဲ့၊ ၂၀၀၆၊ ၉။
[၃] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၆၊ ၁၂။

> "ပထဝီဝင် အနေအထားအရ အခြားဒေသများနှင့် အရောအနှော အဆက်အဆံမများသော ဒေသများတွင် ဒေသိယစကားများသည် မိမိတို့၏ သွင်ပြင်လက္ခဏာများဖြင့် အထင်အရှား ရပ်တည်နေနိုင်ကြသည်။"[၁]

ဟူ၍ ရှင်းပြထားသည်။ ရှမ်းနီတို့သည်လည်း မိမိတို့၏ ကိုယ်ပိုင်ဝေါဟာရအသုံး၊ လေသံတို့ဖြင့် အထင်အရှား ရပ်တည်နေကြပါသည်။

## ၂။ ရှမ်းနီဒေသိယစကား

'ဒေသိယစကားများကို မှတ်တမ်းတင်မထားလျှင် တိမ်ကောပျောက်ကွယ်သွားမည့် အန္တရာယ်ရှိကြောင်း'[၂] 'အချို့ဘာသာစကားများသည် ယခင်က မြန်မာဒေသိယစကားတစ်ခု အဖြစ်ရှိခဲ့သော်လည်း ယခု ပျောက်ကွယ်သွားပြီဖြစ်ကြောင်း' ပညာရှင်တို့က ထောက်ပြကြပါသည်။ ထို့ကြောင့် ဤစာတမ်းသည် ဆက်သွယ်ရေး လွယ်ကူချောမွေ့လာသည်နှင့်အမျှ ဒေသိယစကားများကို အသုံးနည်းလာကြသည့် ရှမ်းနီတို့၏ ဒေသိယစကားကို မှတ်တမ်းတင်ခြင်း ဖြစ်ပါသည်။ ရှမ်းနီတို့သည် စံမြန်မာစကားကို အဓိကထားပြောဆိုကြသည့်အတွက် ဝေါဟာရအသုံးအနှုန်းများမှာ စံဘာသာစကားအသုံးနှင့် ကွဲပြားမှု နည်းပါသည်။ အသံထွက်များသည်သာ စံအသုံးနှင့် ကွဲပြားမှု ထင်ရှားပါသည်။

### ၂၊ ၁။ အသံထွက်ကွဲပြားမှုများ

နေရာဒေသဝေးကွာခြင်းကြောင့် ဘာသာစကားပြောင်းလဲမှုဖြစ်စဉ်တွင် စကားသံပြောင်းလဲမှုသည် အထင်ရှားဆုံး ဖြစ်သည်။ ကွဲပြားသောလေသံကို နားထောင်ရုံမျှဖြင့် ဒေသကို ခန့်မှန်းသိရှိနိုင်ကြသည်။ ဗျည်းသံအနေအထား ပြောင်းလဲနိုင်သကဲ့သို့ သရသံအနေအထားလည်း ပြောင်းလဲနိုင်ပါသည်။ နှစ်ခုလုံး ပြောင်းလဲပြောဆိုမှုများလည်း ရှိပါသည်။ ထိုသို့ ပြောင်းလဲမှုကို လေ့လာနိုင်ရန်အတွက် စံအဖြစ်သတ်မှတ်ထားသော ဘာသာစကားနှင့် နှိုင်းယှဉ်ကြည့်ကြရသည်။ ရှမ်းနီတို့၏ ဒေသိယစကားတွင် စံဘာသာစကားနှင့် ဗျည်းသံရော သရသံပါ ကွဲပြားမှုများစွာ ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၀၆၊ ခ။

[၂] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၀၆၊ က။

## ၂။ ၁။ ၁။ ဗျည်းသံကွဲပြားမှု

ရှမ်းနီတို့ ပြောဆိုကြသော စကားများထဲတွင် ဗျည်းသံကွဲပြားမှုသည် ထင်ရှားသော ဒေသိယလေသံတစ်ခုပင် ဖြစ်ပါသည်။ အဓိကအားဖြင့် ကွဲပြားမှုများမှာ 'ချ / tɕh / ' သံနှင့် ' ရှ / ʃ / 'သံ မကွဲခြင်း၊ ' တ / t / 'သံနှင့် ' သ / θ / 'သံ မကွဲခြင်း နှင့် ဟ / h / ထိုးသံ မပါခြင်းတို့ ဖြစ်ပါသည်။

### ရှ / ʃ / နှင့် ချ / tɕh /

ရှမ်းနီတို့၏ ဒေသိယစကားရှိ ချ / tɕh / သံသည် စံဘာသာစကားရှိ ရှ / ʃ / သံ၊ ဒေသိယစကားရှိ ရှ / ʃ / သံသည် စံဘာသာစကားတွင် ချ / tɕh / အသံထွက်နှင့် ပြောဆိုကြပါသည်။ စံစကားအသံထွက်နှင့် ပြောင်းပြန်ထွက်ဆိုပုံမျိုး ဖြစ်ပါသည်။ သာဓက–

| **ဒေသိယစကားသံ** | **စံစကားသံ** |
|---|---|
| ရှို / ʃhō / | ချို / tɕhō / |
| ချက် / tɕhɛʔ / | ရှက် / ʃhɛʔ / |
| ချစ် / tɕhiʔ / | ရှစ် / ʃhiʔ / |
| ရှဉ် / -ʃhĩ / | ချဉ် / -tɕhĩ / |

'ရှက်လိုက်တာ'၊ 'ခြောက်၊ ခုနစ်၊ ရှစ်'၊ 'ရှင်းလင်းနေတာပဲ' စသည့် စကားသံများကို ပြောသည့်အခါမျိုးတွင် ဒေသိယစကား၌ 'ချက်လိုက်တာ'၊ 'ရှောက်၊ ခွန်နစ်၊ ချစ်'၊ 'ချင်းလင်းနေတာပဲ' ဟူ၍ လည်းကောင်း၊ စံဘာသာစကားရှိ 'ချဉ်လိုက်တာ'၊ 'ရှွေဝယ်ချင်လို့' ဟူ၍ ပြောသောစကားများကို 'ရှဉ်လိုက်တာ၊ ချွေဝယ်ချင်လို့' ဟူ၍ လည်းကောင်း 'ချ' သံနှင့် 'ရှ' သံကို ပြောင်းပြန် အသံထွက်ကာ ပြောဆိုလေ့ ရှိကြပါသည်။

### တ / t / နှင့် သ / θ / ဗျည်း

'သ' သံနှင့် 'တ' သံတို့ကို ပြောဆိုရာတွင်လည်း စံစကားသံနှင့် ပြောင်းပြန် အသံထွက်ပါသည်။ ဒေသိယစကားတွင် ထိုဗျည်းသံနှစ်သံကို ကွဲကွဲပြားပြား ပြောဆိုနိုင်ရန် ခက်ခဲကြသည်ကို တွေ့ရသည်။ စာအရေးကို မှန်အောင် ရေးနိုင်သော်လည်း အသံထွက်ကို မှန်အောင် မပြောနိုင်ကြပေ။ သာဓက–

| **ဒေသိယ** | **ဒေသိယအသံထွက်** | **စံအသံထွက်** |
|---|---|---|
| /သိပ်သိပ်နေ/ | / θeiʔ θeiʔ nē / | တိတ်တိတ်နေ |
| /သော/ | / θɔ̀ / | တော |
| /တစ်တော/ | / tiʔ tɔ̀ / | သစ်တော |
| /တယ်တွားဘီ/ | / -tɛ twà bī / | သယ်သွားပြီ |

စံစကားသံနှင့် ပြောင်းပြန် အသံထွက်ခြင်း ဖြစ်သည်။ **တ** နှင့် **သ** သည် ဖြစ်ရာဌာန်ချင်း နီးစပ်ကြသည့်အတွက်ကြောင့်ဟုလည်း ဆိုနိုင်သည်။ အစဉ်အလာ အတိုင်း ပြောဆိုခဲ့ကြသည့် လေသံဖြစ်သည့်အတွက် စံအသံကဲ့သို့ ပြောဆိုနိုင်ရန် ခက်ခဲသည်။ တစ်လုံးချင်းကို အားယူပြောဆိုမှသာ ပီသအောင် ထွက်ဆိုနိုင်ကြသည်။ တိုင်းရင်းသားလေသံ၏ လွှမ်းမိုးမှုကြောင့်ဟု ကောက်ချက်ချနိုင်သည်။

**ဟ / há / ထိုးသံ ဖျောက်ပြောခြင်း**

ရှမ်းနီတို့သည် စံမြန်မာစကားကို ပြောဆိုကြသည့်အခါ ဟထိုးသံကို ဖျောက်၍ ပြောဆိုကြသည်။ သာဓက–

| **ဒေသိယစကား** | **စံစကား** |
|---|---|
| ငက် / ŋɛʔ / | ငှက် / hŋɛʔ / |
| မန် / -mã / | မှန် / -hmã / |
| လေလော် / lē lɔ̄ / | လှေလှော် / hlē hlɔ̄ / |

စသည်ဖြင့် အသံထွက်ပုံမျိုး ဖြစ်သည်။

ဤသို့ဖြင့် ရှမ်းနီတို့၏ ဒေသိယစကားတွင် ဗျည်းသံကွဲပြားမှုများအဖြစ် 'ရ'နှင့် 'ချ' ပြောင်းခြင်း၊ 'တ' နှင့် 'သ' ပြောင်းခြင်း၊ ဟထိုးသံ ဖျောက်ပြောခြင်းတို့ကို တွေ့ရပါသည်။

**၂၊ ၁၊ ၂။ သရသံကွဲပြားမှုများ**

မိုးကောင်းမြို့နယ်အတွင်းရှိ ရှမ်းနီတို့၏ ဒေသိယစကားတွင် အီး / ì / သရသံ နှင့် အေး / è / သရသံတို့ ပြောင်းလဲခြင်းသည် ထင်ရှားပါသည်။ အချို့ သရသံတို့ကို

ပြောဆိုသည့်အခါ စံစကားသံကဲ့သို့ ထင်ရှားသော လေသံမျိုး မဟုတ်သည့် အချို့ စကားသံတို့အတွက် အသံသင်္ကေတ ပြဆိုရာတွင် အသံထွက်၍ရသည့် ပုံစံသို့ ရောက်အောင် သင်္ကေတပြပါမည်။

**အီး / ì / သရသံ**

ရှမ်းနီဒေသိယတွင် အီး / ì / သရသံနှင့်ပြောသည့် စကားသံတို့သည် စံဘာသာစကားတွင် အေး / è / သရသံဖြင့် ပြောသောစကားသံများ ဖြစ်သည်။ သာဓက–

| **ဒေသိယစကား** | **အသံထွက်** | **စံစကား** |
|---|---|---|
| / ကတ်ကျီး / | / kaʔ tɕì / | ကတ်ကြေး |
| / မြီး/ | / mjì / | မြေး |
| / လဗျိ/ | / lá bjí / | လပြည့် |

**အေး / è / သရသံ**

ဒေသိယစကားတွင် အေး / è / သရသံနှင့် ပြောသည့်စကားတို့သည် စံဘာသာ စကားတွင်–

အီး / ì / သရသံဖြင့်ပြောသော စကားများ ဖြစ်သည်။ သာဓက–

| **ဒေသိယစကား** | **အသံထွက်** | **စံစကား** |
|---|---|---|
| / ဒဗျက်စေး/ | / də bjɛʔ sè / | တံမြက်စည်း |
| / ထင်းဇေး/ | / thĩ̀ zè / | ထင်းစည်း |

**အင်န် / ĩã / သရသံ**

စံဘာသာစကားတွင် နှုတ်ခမ်းပြန့်သရသံနှင့် ရွတ်ဆိုသော အင် / ĩ / သရသံကို ရှမ်းနီဒေသိယတွင် နှုတ်ခမ်းပြန့်သရ အင် / ĩ / သံ နှင့် နှုတ်ခမ်းဝိုင်းသရသံ အန် / ã / သရသံတို့ ပေါင်းပြီး ရွတ်ဆိုသကဲ့သို့ အင်န် / ĩã / ဟူသော အသံမျိုးဖြင့် ပြောကြသည်။ သာဓက–

| **ဒေသိယစကား** | **စံစကား** |
| --- | --- |
| ခင်န် / –င်န် / -khĩã / | ခင် / –င် / -khĩ / |
| ကင်န် / –င်န် / -kĩã / | ကင် / –င် / -kĩ / |
| ထင်န်/ –င်န် / -thĩã / | ထင် / –င် / -thĩ / |

/လူခင်န်ချင်းဒေဘအေး/၊ /ငါးကင်နံထားဒယ်/၊ /ထင်းနံးစည်းသယ်ခဲ့/ ဟူသော ဝါကျများရှိ /င်/သံကို ပြောဆိုကြရာတွင် တစ်လုံးချင်းအသံဖြစ်စေ၊ ဝါကျလိုက် အသံထွက်ဖြစ်စေ နှုတ်ခမ်းအပြန့်သရသံကို နှုတ်ခမ်းတစ်ဝက်ဝိုင်း တစ်ဝက်ပြန့်ဖြင့် နှုတ်ခမ်းကိုဖွင့်ပြီး ရွတ်ဆိုသည့်ပုံစံကို တွေ့ရသည်။ စံစကားနှင့် အဓိပ္ပာယ်ကွဲပြားမှုမရှိသော်လည်း သရသံအသံထွက်အနေဖြင့် အနည်းငယ် ကွဲပြားမှု ရှိကြောင်းကို တွေ့နိုင်ပါသည်။

## ၂၊ ၂။ **လေသံကွဲပြားမှုများ**

ရှမ်းနီဒေသိယတွင် လေသံအနေအထားအရ သံညင်းသံကို အသုံးများပြီး 'ဂ၊ ဂျ၊ ဒ၊ ဗ' ဟူသော သံပြင်းသံတို့ အသုံးနည်းသည်ကိုလည်း တွေ့ရပါသည်။

### ၂၊ ၂၊ ၁။ **သံညင်းသံ**

ရှမ်းနီတို့၏ ဒေသိယစကားများတွင် သံညင်းသံများ အသုံးများသည်ကို တွေ့ရသည်။ စံဘာသာစကားတွင် သံညင်းနှစ်လုံးထပ်ပါက ဒုတိယစကားလုံးသည် သံပြင်းသံသို့ ပြောင်းသွားသော စကားလုံးများကို ရှမ်းနီတို့က **သံညင်းကို သံပြင်းသို့ မပြောင်းဘဲ သံညင်းပီပီသသ**[၁] ပြောဆိုကြပါသည်။ သာဓက–

| **ဒေသိယစကား** | **စံစကားသံ** | **စံအရေး** |
| --- | --- | --- |
| ပါးပါးလေး / pà pà lè / | /ပါးဗားလေး / pà bà lè / | ပါးပါးလေး |
| လောလောဆယ် / lɔ` lɔ` -shɛ / | /လောလောဇယ် / lɔ` lɔzɛ / | လောလောဆယ် |
| ချောက် / ʃouʔ / | /ဂျောက် / dʒouʔ / | ချောက် |
| ကြံ့ကြိုက် / -tɕoũ tɕeiʔ / | / ကြံ့ဂျိုက် / -tɕoũ dʒeiʔ / | ကြံ့ကြိုက် |
| စပျစ်သီး / sə pjiʔ tì / | /စဗျစ်သီး / sə bjiʔ tì / | စပျစ်သီး |

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၀၄၊ ၉၇။

ဗျည်းသံ၏ အသံထွက်အတိုင်း၊ စံအရေးအသားအတိုင်း ရွတ်ဆိုမှုပင် ဖြစ်ပါသည်။ စံဘာသာစကားတွင် အသံပြောင်းရာ၌ **က၊ ခ မှ ဂ သို့ စ၊ ဆ မှ ဇ သို့ စသည့် အတွဲအဖက်တိုင်း အသံပြောင်း**[၁]သော်လည်း ဒေသိယစကားတွင် ပြောင်းလဲမှု နည်းသည်ကို တွေ့ရသည်။ စံဘာသာစကားတွင် **ချောက်** ကို **ဂျောက်** ဟု သံပြင်းသံဖြင့် ပြောဆိုသော်လည်း ရှမ်းနီတို့က ချောက်ကို /ချောက်/ ဟုသာ ပြောဆိုကြသည့်အတွက် စံစကားတွင် /ဂျောက်ဂဗား/ ဟု အသံထွက်သော 'ချောက်ကမ်းပါးကို' ရှမ်းနီတို့က '/ချောက်ကမ်းပါး/ /ရောက်ကမ်းဗား/'ဟုသာ ပြောဆိုကြသည်။

အချို့သော သံပြင်းသံတို့ကို သံညင်းသံဖြင့် ပြောခြင်းနှင့် ဟထိုးသံတို့ကို ဖျောက်၍ ပြောခြင်းသည် ရှမ်းနီတို့၏ အပြောစကားများတွင် တွေ့ရသည်။

## ၂၊ ၂၊ ၂။ သံရှည်အသုံး

ဒေသိယစကားသံအချို့တွင် သံရှည်အဖြစ် ရွတ်ဆိုလေ့ရှိသော စကားသံ အချို့သည် စံစကားသံတွင် မတြာဝက်အသံများအဖြစ် ရွတ်ဆိုသော စကားများ ဖြစ်သည်။ သာဓက–

| ဒေသိယစကားသံ | စံစကားသံ | စံအရေး |
|---|---|---|
| /ချောက်ကမ်းပါး/ | /ဂျောက်ဂဗား/ | ချောက်ကမ်းပါး |
| / ʃouʔ kã` bà / | / dʒouʔ gə bà / | |
| /ထန်းယေ / thã` jē / | /ထယေ / thə jē / | ထန်းရေ |

## ၂၊ ၂၊ ၃။ မတြာဝက်သံများ အသုံးပြုခြင်း

ရှမ်းနီတို့၏ ဒေသိယစကားသံတွင် မတြာဝက်အသံဖြင့် ရွတ်ဆိုသော စကားသံ အချို့သည် စံစကားသံတွင် သံရှည်အဖြစ် ရွတ်ဆိုသော စကားသံများ ဖြစ်သည်။ သာဓက–

| ဒေသိယစကားသံ | စံစကားသံ | စံအရေး |
|---|---|---|
| လပင်း / lə bĩ` / | လည်ဗင်း / lɛ bĩ` / | လည်ပင်း |
| စဘိန်း / sə beĩ` / | စက်ဘိန်း / sɛʔ beĩ` / | စက်ဘီး |
| သနတ် / θə naʔ / | သေနတ် / θē naʔ / | သေနတ် |

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၀၁၊ ၃၂။

## ၂၊ ၃။ သဒ္ဒါအသုံးများ

ရှမ်းနီတို့၏ အပြောစကားများတွင် စံဘာသာစကားနှင့် မတူကွဲပြားသော သဒ္ဒါအသုံးများကို တွေ့ရပါသည်။

### ၂၊ ၃၊ ၁။ လုံးချင်းကြိယာအသုံး၊ ကြိယာဝိသေသနအသုံး

'စပါးသွေ့ပြီ'၊ 'တစ်ခုစီစေ့သွားပြီလား'၊ 'မိုက်နေပြီ'၊ 'ထေမိသည်' တို့တွင် သုံးသော စေ့ / sé / ၊ သွေ့ / θwé / ၊ ထေ / thē / တို့သည် လောက်သည်၊ ခြောက်သွေ့သည်၊ ဝင်ငွေထွက်ငွေ မျှတသည် ဟူ၍ သုံးထားသော လုံးချင်းကြိယာ အသုံးမျိုး ဖြစ်ပါသည်။

**ပေါင်း** သည်ကို **ပေါင်** သည်၊ **မလုပ်ချင်ဘူး မရချင်ဘူး** ကို **အောက်တယ်** ဟူသော ထူးခြားစွာ သုံးနှုန်းသော အသုံးမျိုးကိုလည်း တွေ့ရပါသည်။

လုံးချင်းကြိယာအသုံး ဆိုသော်လည်း ဝါကျအနေအထားအရ စံဘာသာစကား နှင့် ကွဲပြားသော ဝါကျဖွဲ့ပုံမျိုး ဖြစ်သည့် **လိုက်ကူပေးပါဦး၊ စားကူပေးဦး၊ လိုက်ညွှန်ပေးဦး** ဟူသော အသုံးမျိုးကိုလည်း တွေ့ရပါသည်။ စံစကားတွင် **ကူစား ပေးပါ၊ ကူညီပြီး လိုက်ခဲ့ပေးပါလား** ဟူ၍ သုံးပုံမျိုးဖြစ်သည့်အတွက် ပုဒ်အထား အသိုသည် စံဘာသာစကားနှင့် ပြောင်းပြန်အနေအထားဖြင့် ပြောဆိုကြောင်း တွေ့ရသည်။

ပမာဏပြကြိယာဝိသေသနဖြစ်သော မြန်မာအပြောစကားများတွင် သုံးသည့် **အလွန်၊ အင်မတန်၊ သိပ်** ကို ဒေသိယအသုံးတွင် **အား** ဟူ၍ သုံးကြသည်။ သာဓက– တအားလှတယ်– / θəà hlá dē / ၊ မိုက်တအားဆာနေပြီ / baiʔθəà shā nē bī / ဟူ၍ သုံးပုံမျိုး ဖြစ်သည်။

### ၂၊ ၃၊ ၂။ ကြိယာထောက် ' ချေ / tɕē / ' အသုံး

| | |
|---|---|
| သွားကြည့်ချေဦး | / θwà tɕí dʒē oũ` / |
| ထမင်းချက်ချေဦးမယ် | / thəmĩ` ʃɛaʔ tɕhē oũ` / |

ကြိယာထောက် **လိုက်** နေရာတွင် **ချေ** ကို ထူးထူးခြားခြား သုံးနှုန်းပြောဆို ကြသည်ကို တွေ့ရသည်။

## **၂၊ ၃၊ ၃။ အငြင်းပြပစ္စည်း ‘မ’နှင့် ‘ဘူး’**

ရှမ်းနီတို့၏ နေ့စဉ်သုံးအပြောစကားများရှိ အငြင်းပြပစ္စည်း **မ–ဘူး** နှင့် တွဲပြောသော အငြင်းဝါကျများတွင် **ဘူး** အငြင်းနောက်ဆက်ကို မြှုပ်၍ ပြောဆိုကြသည်။ သာဓက–

| **ဒေသိယစကား** | **စံစကားသုံး** |
|---|---|
| မသိ / məθi` / | မသိပါဘူး |
| မပြောတတ် / mə pjɔ` daʔ / | မပြောတတ်ပါဘူး |
| မဆိုနိုင် / mə shō –naĩ / | မဆိုနိုင်ဘူး/မသိဘူး |

‘ဘူး’ ဟူသော အငြင်းပြပစ္စည်းကို ဖြုတ်၍ပြောသော်လည်း **သိ၊ တတ်၊ နိုင်** ဟူသော အဆုံးစကားသံများကို /**မသိတတ်** /ဟု အမြင့်သံဖြင့် အသံရှည်ရှည်ဆွဲပြောဆိုခြင်းဖြင့် အငြင်းစကားကို ပိုထင်ရှားစေသည်။ ၎င်းလေသံသည် စကားပြောသော လေသံအနေအထားကို ပြတ်တောင်းတောင်း ဖြစ်သွားစေသည့် အသံမျိုး ဖြစ်သည်။

အငြင်းစကားလုံးဖြစ်သော **ဘူး** ကို ထည့်ပြောသောအခါတွင်လည်း တစ်ချို့အသံများသည် ပြောင်းသွားသည်လည်း ရှိသကဲ့သို့ မြှုပ်သွားသည်လည်း ရှိပါသည်။ သာဓက–

| **စံအသံထွက်** | **ဒေသိယအသံထွက်** |
|---|---|
| ဘာမှမဟုတ်ဘူး | ဘားဟုတ်ဖူး / bà houʔ phu` / |
| လုံးဝမဟုတ်ဘူး | အားဟုတ်ပ / à houʔ pá / |
| မဟုတ်ပါဘူး | ဟုတ်မနေဘူး / houʔ mə nē bu` / |

ဟူသော အသုံးမျိုး ဖြစ်သည်။

## **၂၊ ၃၊ ၄။ ဝါကျနောက်လိုက်ပစ္စည်းများ**

ဝါကျအဆုံးသတ်များတွင် ညယ် / ɲɛ / မောင် / -maũ / နော / nɔ` / ကရို / kəjō / စသည့် ဝါကျနောက်လိုက်ပစ္စည်းများနှင့်ဆက်၍ ပြောခြင်းသည်လည်း ရှမ်းနီဒေသိယ၏ ထူးခြားသော လေသံတစ်ခုပင် ဖြစ်ပါသည်။

ဟုတ်ပါတယ်ဆိုမှနော / houʔ pā dē shō má nɔ` /

(အမှန်ဖြစ်ကြောင်း ထောက်ခံခိုင်းသည့်သဘော)

ဟုတ်သဘညယ် / houʔ tə bá ɲɛ /

(ထောက်ခံသည့်သဘော)

ဈေးကြီးတာကြီးကောမောင် / zè tɕì tā gj` gɔ` -maũ /

(ညည်းညူသည့်သဘော)

ဟုတ်သပ့်ါကရို / houʔ tə bá kəjō /

(သေချာသည့်သဘော)

ဟု စသည်ဖြင့် တွေ့ရပါသည်။ ‘သဘ၊ ဆိုမှနော၊ နောဟော့၊ ညယ်၊ မောင်၊ ကောမောင်၊ တာတဲ့လဲနောဟော့’ ဟူသော အသုံးများသည် ရှမ်းနီဒေသိယတွင် တွင်တွင်ကျယ်ကျယ် သုံးနှုန်းပြောဆိုနေကြသော ဝါကျနောက်လိုက်ပစ္စည်းများ ǐ ဖြစ်ကြသည်။

မိုးကောင်းမြို့နယ်အတွင်းရှိ ရှမ်းနီတို့၏ ဒေသိယစကားများထဲတွင်ရှိသော သဒ္ဒါအသုံးများတွင် ‘ညယ်၊ မောင်’ ဟူသော ဝါကျအဆုံးသတ်စကား၊ ပမာဏကို ဖော်ပြသည့် ‘တအား’ ဟူသော အသုံးတို့သည် ထူးခြားသော ဒေသိယစကားသံများ ဖြစ်ပါသည်။

## ၃။ မတူကွဲပြားသော ဒေသိယဝေါဟာရအသုံးများ

ကွဲပြားသော ဝေါဟာရ အခေါ်အဝေါ်များနှင့် ပတ်သက်၍ တင်ပြရာတွင် နေရာဒေသကို အစွဲပြုခေါ်ဝေါ်ကြသော ဒေသိယစကားများ၊ ပုံသဏ္ဌာန်ကို အစွဲပြု၍ ခေါ်ဝေါ်ကြသော ဒေသိယစကားများနှင့် အချို့သော မတူကွဲပြားသည် ဒေသိယအသုံး (နာမ်အသုံး၊ ကြိယာအသုံး၊ ကြိယာဝိသေသနအသုံး၊ ရွှေ့လျားဒေသိယအသုံး) ဟူ၍ အမျိုးအစားများ ခွဲခြားဖော်ပြသွားပါမည်။

### ၃၊ ၁။ နေရာဒေသကို အစွဲပြုခေါ်ဝေါ်သော စကား

မိုးကောင်းမြို့နယ်အတွင်းရှိ ရှမ်းနီတို့သည် မိမိတို့၏ကျေးရွာများကို အမည်မှည့်ခေါ်ရာတွင် နေရာဒေသကို အစွဲပြု၍ အမည်မှည့်ခေါ်လေ့ ရှိကြပါသည်။ သာဓက–

| **ရှမ်းဘာသာစကား** | **ရှင်းလင်းချက်** | **အဓိပ္ပာယ်** |
|---|---|---|
| ပင်လုံ | (ပန် / -pã /= ကွင်း၊ လုံ / -loũ /= ကြီး) | ကွင်းကြီးရွာ |
| ပင်းဘော | (ပန် / -pã /= ကွင်း၊ ဘော / bɔ` /= ဖော) | ကွင်းဖောရွာ (ကျယ်ပြန့်သော ကွင်းပြင်နေရာ) |

## ၃၊ ၂။ ပုံသဏ္ဍာန်ကို အစွဲပြု၍ ခေါ်ဝေါ်သောစကား

ပုံသဏ္ဍာန်ကိုအစွဲပြု၍ ပြောသောစကားများတွင် စံအသုံးနှင့် အနည်းငယ်သာ ကွဲပြားသော စကားများ၊ စံစကားနှင့် လုံးဝမတူသော စကားများ စသည်ဖြင့် တွေ့ရပါသည်။ သာဓက–

| **ဒေသိယဝေါဟာရ** | **ရှင်းလင်းချက်** |
|---|---|
| ကင်းပုစွန် / kĩ` pə -zwũ / | ကင်းမြီးကောက် |
| မှိုတုန်တုန် / mō -toũ -doũ / | ကြွက်နားရွက်မှို |
| ကိုယ်ကောင် / kō -gaũ / | ခန္ဓာကိုယ် |
| တိုက် / taiʔ / | သေတ္တာ |

ကြက်ပေါင်စေးဖြင့် ပြုလုပ်ထားသော သရေပင်ကွင်းလေးများကို 'ကြက်ပေါင်ကွင်း'၊ မိကျောင်းလျှာကဲ့သို့သော ပုံစံရှိသည့် ရှားစောင်းဟု ခေါ်သောအပင်ကို 'မိကျောင်းလျှာ'၊ ဒေသိယစကားတွင် သေတ္တာကို 'တိုက်' ဟု ခေါ်ဝေါ်ကြသည့်အတွက် 'ငါးသေတ္တာ' ကို 'ငါးတိုက်' စသည့်ဖြင့် ပုံသဏ္ဍာန်ကို အစွဲပြုကာ ခေါ်ဝေါ်ကြသည်ကို တွေ့ရသည်။

## မတူကွဲပြားသော ဒေသိယဝေါဟာရ (နာမ်စကားလုံး)

| **စံအသုံး** | **ဒေသိယအသုံး** |
|---|---|
| မုန့်ဗိုင်းတောင့် | ကြွေမုန့်၊ဘီးမုန့် |
| တံချူ | တံကြွေ၊ တုတ်ခနောင်း |
| အကြွေ(ငွေ) | အနုတ် |
| အသုဘ | ကိစ္စ |
| ကိုယ်ဝန် | ကိုယ်လုံး |

**မတူကွဲပြားသော ဒေသိယ ဝေါဟာရများ (ကြိယာအသုံး)**

| **ဒေသိယအသုံး အသံထွက်** | **စံအသုံး** |
|---|---|
| မီးသေ | မီးငြိမ်း |
| ကောက် | ရူးဆွတ် |
| ကော် | ထမင်း/ဟင်းများကို ခူးခတ်ခြင်း |
| ညား | တွေ့ |
| စစ်စေကုပ် | ကပ်စီးနည်း |
| ပေါင် | ပေါင်း |

**မတူကွဲပြားသောဒေသိယ ဝေါဟာရများ (ကြိယာဝိသေသနအသုံး)**

ကြိယာဝိသေသနအသုံးတွင် စိတ်အခြေအနေကို ဖော်ပြရာ၌ သုံးသော စကားသုံးများသည် အသုံးထူးပါသည်။ သာဓက–

| **ဒေသိယအသုံး** | **ရှင်းလင်းချက်** |
|---|---|
| ခြေဖဝါးလေဝင် | မြောက်ကြွကြွဖြစ်သည်။ |
| ကင်းပိုကင်းပင်း | အပိုလုပ်သည်။ |
| စနောင်စနင်၊ သွေးမနံ့ | စိတ်ကယောက်ကယက်ဖြစ်သည်။ |

ဟူသော စကားသုံးမျိုး ဖြစ်ပါသည်။

**အသွင်ကွဲဒေသိယဝေါဟာရ (ရွှေ့လျားဒေသိယ)**

ခေတ်အခြေအနေအရ ဆက်ဆံရသည့် ပတ်ဝန်းကျင်၊ ဆက်သွယ်ရသည့် ယဉ်ကျေးမှုချင်း ဖလှယ်ကြပြီး တစ်ခေတ်နှင့်တစ်ခေတ် မတူအောင် အမည်တပ်ခံ ရသော ဝေါဟာရမျိုးလည်း ရှိသည်။ သာဓက–

| **ဒေသိယဝေါဟာရ** | **ရှင်းလင်းချက်** |
|---|---|
| ကုလားသဘော်သီး/ ထိုင်ဝမ်သဘော်သီး/ ယိုးဒယားသဘော် | သဘော်သီး |
| ဗမာသီး၊ ထိုင်ဝမ်သီး | သံပရာသီး |
| အောက်ပိုင်းသီး/ ထိုင်ဝမ်သီး | ရုံးပတီသီး |

ရှမ်းနီဒေသိယတွင်သုံးသော မှောင်သည်ကို 'မိုက်' သည်၊ အတာလွတ်ဥကို 'တောင်စဥ်ဥ'[၁] ဟူသော အသုံးမျိုးကို ဓနုဒေသိယတွင်လည်း တွေ့ရပါသည်။ ဘာသာစကား မျိုးရိုးဆက်နွယ်ခြင်း၏ အထောက်အထားများပင် ဖြစ်ပါသည်။

## ၃၊ ၃။ ဆွေမျိုးစပ်ဝေါဟာရ အခေါ်အဝေါ်များ

ပြောဆိုခေါ်ဝေါ်ကြသော ဝေါဟာရများကို ကြားရုံဖြင့် မျိုးနွယ်စုကို သိသာစေနိုင်သော အချက်များထဲတွင် ဆွေမျိုးစပ်အခေါ်အဝေါ်များလည်း ပါဝင်ပါသည်။ ရှမ်းနီဒေသိယတွင် ခေါ်ဝေါ်သော ဆွေမျိုးစပ်အခေါ်အဝေါ်များသည် စံအသုံးနှင့် ကွဲလွဲမှု များစွာမရှိသော်လည်း ဆွေမျိုးမည်သို့တော်စပ်ကြောင်းကို ဖော်ကျူးထားနိုင်သည်က အမှတ်အသားတစ်ခုကဲ့သို့ ဖြစ်သည်။

| **ဒေသိယအခေါ်** | **ရှင်းလင်းချက်** |
|---|---|
| အဘိုးလဉ်း၊ အိုအိုလဉ်း | အဘေး |
| အဘိုး(ရင်)၊ အိုအို(ချစ်) | အဘိုး၊ အဘွား(အဖေ၏ အဖေနှင့်အမေ) |
| အဘိုးနိုင်း၊ အိုအိုနိုင်း | အဘိုး၊ အဘွား(အမေ့၏ အဖေနှင့်အမေ) |

စံဘာသာစကားနှင့် အခေါ်အဝေါ်အားဖြင့် ကွဲပြားမှု မရှိသော်လည်း အမေ့ဘက်မှ အဘိုးနှင့်အဘွားကို နာမည်အဖျားဆွတ်ကာ **အဘိုးရင်၊ အိုအိုချစ်** ဟု အခေါ်များ၍ မရသကဲ့သို့ အဖေ့ဘက်မှ အဘိုးအဘွားကိုလည်း **အဘိုးနိုင်း၊ အိုအိုနိုင်း** ဟု ခေါ်၍မရ၊ လက်မခံကြပေ။ ၎င်းအနေအထားသည်လည်း ရှမ်းနီတို့၏ တစ်မူကွဲပြားသော ဒေသိယအသုံးများပင် ဖြစ်ပါသည်။

## ၃၊ ၄။ ရှမ်းဗမာအတွဲစပ်စကားလုံးများ (ကြိယာနာမ်အသုံး)

တိုင်းလိုင် (ခေါ်) ရှမ်းနီတို့ကို **ရှမ်းဗမာ** ဟု ခေါ်ဆိုရခြင်း အကြောင်းရင်းကို လေ့လာကြည့်သည့်အခါ အပြောစကားများ၌ ရှမ်းစကားနှင့် စံမြန်မာစကားကို တွဲဖက်ပြောလေ့ရှိကြောင်းကိုလည်း အကြောင်းရင်းတစ်ရပ်အနေဖြင့် တွေ့ရပါသည်။ တစ်နည်းဆိုရသော် ရှမ်းတစ်ပိုင်း ဗမာတစ်ပိုင်း ပြောဆိုမှုမျိုးပင် ဖြစ်ပါသည်။ အများအားဖြင့် ကြိယာနာမ်အသုံးတွင် အသုံးများပါသည်။ သာဓက–

---

[၁] ခင်စန္ဒာတိုး၊ ၂၀၁၄၊ ၉၃။

| **ဒေသိယဝေါဟာရ** | **ပေါင်းစပ်ပုံ** | **ရှင်းလင်းချက်** |
|---|---|---|
| မုန့်ညင်းကျိုင်း | မုန့်ညင်း+ကျိုင်း / tɕaĩ` / | မုန့်ညင်းဟင်းချို |
| မုန့်ညင်းစော | မုန့်ညင်း+စော / sɔ` / | မုန့်ညင်းအချဉ်ရည် |
| ခရမ်းချဉ်သီးအောန် | ခရမ်းချဉ်သီး+အောန် /-aaũn/ | ခရမ်းချဉ်သီးငပိချက် |
| စည်းမယောင်းကမ်းမယောင်း | စည်းကမ်း+မယောင်း /mәjaũ`/ | စည်းကမ်းမရှိ |

စသည်ဖြင့် တွေ့ရပါသည်။ မုန့်ညင်းအချဉ်ရည်ဟင်းကို **မုန့်ညင်းစော** သည်ဟု ကချင်ပြည်နယ် တစ်နယ်လုံးနီးပါး သုံးစွဲကြသည်ကိုလည်း တွေ့ရပါသည်။ ထိုကဲ့သို့သော မတူကွဲပြားသော စကားလုံးမျိုးများစွာ ကျန်ရှိနေပါသေးသည်။ ဤစာတမ်းတွင်မူ လက်လှမ်းမီသလောက်သာ လေ့လာတင်ပြခြင်း ဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းသည် ရှမ်းနီတို့၏ဒေသိယစကားကို လေ့လာထားသော စာတမ်း ဖြစ်ပါသည်။ ရှမ်းနီဒေသိယတွင် စကားသံကွဲပြားမှုသည် ဒေသိယလေသံကို ပို၍ ပေါ်လွင်စေကြောင်း တွေ့ရပါသည်။ **အင်** သံကို **အင်န်** ဟူသော အသံဖြင့် ပြောခြင်း၊ **သ** သံကို **တ** သံနှင့် ပြောခြင်း၊ **ချ** သံကို **ရှ** သံနှင့် ပြောခြင်း၊ **ရှ** သံကို **ချ** သံနှင့် ပြောခြင်းတို့သည် ဒေသိယလေသံကို ပို၍ ပေါ်လွင်လာရသည်။

ဝါကျအဆုံးသတ်စကားတွင်လည်း **ညယ်** ဟူ၍ အဆုံးသတ်သောစကား၊ **မောင်** ဟူသော ဝါကျအဆုံးသတ်စကား တို့သည်လည်း ထူးခြားသော ဒေသိယ အသုံးပင် ဖြစ်ပါသည်။

ပုံသဏ္ဌာန်ကို အစွဲပြုခေါ်ဝေါ်သော ဝေါဟာရစကားများတွင် **ကိုယ်ခန္ဓာ – ကိုယ်ကောင်**၊ **သေတ္တာ – တိုက်**၊ **အသုဘ – ကိစ္စ** အသုံးများသည် ထူးခြားပါသည်။

အသွင်ကွဲကြိယာအသုံးများတွင် **ကိုယ်ဝန်** ကို **ကိုယ်လုံး** ဟူသော အသုံး၊ **တွေ့** သည်ကို **ညား** ဟူသော အသုံး၊ **ပေါင်း** သည်ကို **ပေါင်** သည် ဟူသောအသုံး၊ အငြင်းစကားလုံး **အောက်တယ်** ဟူသော အသုံးမျိုးတို့သည် ထူးခြားပါသည်။

ပမာဏပြကြိယာဝိသေသနအသုံးနေရာတွင် **တအား** ဟူ၍ သုံးနှုန်းထားခြင်း သည်လည်း ဒေသိယလေသံကို ပေါ်လွင်စေသည်။ စိတ်ခံစားမှုကို သရုပ်ဖော်သော

စကားလုံးများအဖြစ် **ကင်းပိုကင်းပင်း၊ ခြေဖဝါးလေဝင်** ဟူသော အသုံးသည် ထူးခြားပါသည်။

**အဘိုးလဉ်း၊ အိုအိုနိုင်း၊ အိုအို** ဟူသော ဆွေမျိုးစပ်ဝေါဟာရများ၊ **မုန့်ညင်းကျိုင်း၊ မုန့်ညင်းစော၊ ကျောက်ပွင့်ကော** စသည့် ရှမ်းဗမာဝေါဟာရ ကြိယာနာမ်အသုံးများသည် ရှမ်းနီတို့၏စကားအဖြစ် သိသာထင်ရှားစေသော စကားအသုံးအနှုန်းများပင် ဖြစ်ပါသည်။

ဒေသိယစကားများကို လေ့လာသည့်အခါ ဘာသာစကား၏ စိမ့်ဝင်ပျံ့နှံ့တတ်မှုသဘော၊ ရောထွေးတတ်သည့် သဘောတို့ကို တွေ့မြင်လာရသည်။ မိမိတို့ပြောဆိုနေသော ဘာသာစကားမျိုးရိုးသည် မည်သည့်မျိုးနွယ်တွင် ပါဝင်ကြောင်း သိရှိနိုင်ကြသည်။ ထို့ကြောင့် ဤစာတမ်းသည် တစ်စုံတစ်ရာ အကျိုးကျေးဇူး ဖြစ်ထွန်းလိမ့်မည်ဟု မျှော်လင့်မိပါသည်။

## နိဂုံး

ဤစာတမ်းသည် မိုးကောင်းမြို့နယ်အတွင်းရှိ ရှမ်းနီတို့၏ ဒေသိယစကားကို လေ့လာထားသော စာတမ်း ဖြစ်ပါသည်။ ဘာသာစကားလေ့လာမှုအရ ဖော်ထုတ်မှု အားနည်းနေသေးသည့် လူမျိုးတစ်မျိုး၏ အပြောစကားများလည်း ဖြစ်ပါသည်။ အပြောစကားတို့၏ တစ်စိတ်တစ်ဒေသကိုသာ ဖော်ထုတ်တင်ပြထားခြင်း ဖြစ်ပါသည်။ ထိုသို့ သုတေသနပြုဖော်ထုတ်ခြင်းဖြင့် ဒေသိယစကားလေ့လာသူတို့အတွက် အကျိုးဖြစ်ထွန်းစေနိုင်သကဲ့သို့ ဒေသိယစကားကို မှတ်တမ်းထားရာလည်း ရောက်မည်ဟု ယုံကြည်မိပါသည်။

# ကျမ်းကိုးစာရင်း

မြန်မာစာအဖွဲ့ ။ (၂၀၀၈)။ ***မြန်မာအဘိဓာန်***၊ (ဒုကြိမ်)။ ရန်ကုန်။ မြန်မာစာအဖွဲ့ဦးစီးဌာန။

ခင်စန္ဒာတိုး (၂၀၁၄)။ ***ဓနုဒေသိယစကားရှိ နေ့စဉ်သုံးစကားများလေ့လာချက်***။ MAAS။ Vol.XII, No.8။

ခင်အေး၊ ဒေါက်တာ၊ နှင့် အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၁၀)။ သုတေသနအခြေခံသုတေသနပုံစံ၊ (ဒုကြိမ်)။ ရန်ကုန်တက္ကသိုလ်၊ ***မြန်မာစာဌာန။***

စိုင်းထိန်လင်း၊ ဦး။ (၁၉၉၂)။ ၁၉၉၃ခုနှစ် ***အမျိုးသားညီလာခံသို့တင်သွင်းသည့် စာတမ်း***။ ဇန်းမော်။

တိုးလှ။ (၂၀၁၀)။ ***နန့်ကောင်းမြစ်လွင်ပြင်မဂ္ဂဇင်း***။ ရန်ကုန်၊ မိုးကောင်းမြို့နယ်အသင်း။

***ပါဠိ-မြန်မာအဘိဓာန်။ (၁၉၉၉)။*** ချမ်းသာရောင်စုံပုံနှိပ်တိုက်။ သာသနာရေးဦးစီးဌာန။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၀၃)။ ***လူမှုဘာသာဗေဒ***။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၀၆)။ ***အင်းလေးဒေသိယစကား***။ ရန်ကုန်၊ ရူပံစာပေ။

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# ဝေါဟာရတ္ထပကာသနီကျမ်းမှ အတ္ထဗေဒ၏ရှေ့ပြေးသီအိုရီများကို စိစစ်တင်ပြခြင်း

မိုးမိုး*

## စာတမ်းအကျဉ်း

ကုန်းဘောင်ခေတ်၏ ဘာသာစကားကျမ်းတစ်စောင်ဖြစ်သော 'ဝေါဟာရတ္ထပကာသနီကျမ်း'သည် ဝေါဟာရအဖွင့်ကျမ်း တစ်စောင် ဖြစ်ပါသည်။ ရေးသားပြုစုသူမှာ 'ဒုတိယကျော်အောင်စံထားဆရာတော်' ဟု ထင်ရှားသော အရှင်ဂုဏာစာရ ဖြစ်ပြီး ဆရာတော်သည် မြန်မာဝေါဟာရတို့ကို အနက်ဖွင့်ဆိုရင်း အနက်အဓိပ္ပာယ်ဆိုင်ရာ သဘောတရား အယူအဆများကို ထည့်သွင်းဖော်ပြထားရာ ယနေ့ခေတ် ပညာရှင်အများစု ဖော်ထုတ်တင်ပြထားသည့် အတ္ထဗေဒသီအိုရီများသည် 'ဝေါဟာရတ္ထပကာသနီကျမ်း'တွင် စုစည်းပါရှိနေကြောင်း လေးစားဖွယ်တွေ့ရှိရသည်။ ဤစာတမ်းသည် ဝေါဟာရတ္ထပကာသနီကျမ်းတွင် ပါရှိသော ခေတ်ရှေ့ပြေးနေသည့် အတ္ထဗေဒအမြင်နှင့် သဘောတရားများကို ယနေ့ခေတ်ပညာရှင်တို့၏ အတ္ထဗေဒသီအိုရီများနှင့် နှိုင်းယှဉ်စိစစ်၍ လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရ** – ***ဘာသာစကား၊ ဝေါဟာရအဖွင့်၊ အနက်အဓိပ္ပာယ်၊ အတ္ထဗေဒအမြင်၊ ခေတ်ရှေ့ပြေးခြင်း။***

## နိဒါန်း

'ဝေါဟာရတ္ထပကာသနီကျမ်း'သည် ကုန်းဘောင်ခေတ် ဒုတိယကျော်အောင်စံထားဆရာတော်၏ ဘာသာစကားကျမ်းတစ်စောင် ဖြစ်ပါသည်။ မြန်မာဝေါဟာရများကို အဓိပ္ပာယ် ဖွင့်ဆိုပြသောကြောင့် 'အဘိဓာန်ကျမ်း' ဟု အမည်ပေးနိုင်သကဲ့သို့ သင့်လျော်ရာနေရာများတွင် သဒ္ဒါနည်းနာများကို ညွှန်ပြမိန့်ဆိုထားသဖြင့် 'သဒ္ဒါကျမ်း' ဟုလည်း အမည်ရထားပါသည်။ ဝေါဟာရတို့ကို အနက်ဖွင့်ဆိုရင်း အနက်အဓိပ္ပာယ်ဆိုင်ရာ နည်းနာများကို ဖော်ထုတ်ကြံဆတင်ပြထားသဖြင့် ခေတ်မီဆန်းသစ်သော အနက်အဓိပ္ပာယ်အမြင်များ စုံလင်သည့် 'အတ္ထဗေဒကျမ်း' တစ်စောင်ဟုလည်း သတ်မှတ်နိုင်ပါသည်။ ဤသုတေသနစာတမ်းသည် နှစ်ဆယ်ရာစု အတ္ထဗေဒပညာရှင်များ၏ အတ္ထဗေဒဝါဒများ၊ သီအိုရီများသည် ထို 'သုံးမည်ရ' ကျမ်းတွင် ရှေ့ပြေးအဖြစ် စုစည်းပါဝင်လျက်ရှိကြောင်း နှိုင်းယှဉ်စိစစ်၍ တင်ပြထားခြင်း ဖြစ်ပါသည်။ ကုန်းဘောင်ခေတ် ဘာသာစကားကျမ်းတစ်စောင်၏ ဂုဏ်ရည်နှင့် ဘာသာစကားပညာရှင် တစ်ဦး၏

---

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ပဲခူးတက္ကသိုလ်

ခေတ်ရွေ့ပြေးနေသော အတ္တဗေဒသီအိုရီများကို သိရှိလေးစားဂုဏ်ယူနိုင်ပြီး ဘာသာစကား လေ့လာမှုအမြင် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် မျှော်မှန်းထားပါသည်။

## ၁။ ကျမ်းပြုဆရာတော်၏ထေရုပတ္တိအကျဉ်း

ဝေါဟာရတ္ထပကာသနီကျမ်းပြုဆရာတော်သည် 'ဒုတိယကျော်အောင်စံထား ဆရာတော်' ဟု အမည်တွင်သည့် 'ရှင်ဂုဏာစာရ' ပင် ဖြစ်သည်။ ဆရာတော် လောင်းလျာကို အင်းဝနယ် ငစရိုင်း (ဝါ) ငစင်ရိုင်းရွာတွင် အဘ ဦးမြတ်သာနှင့် အမိ ဒေါ်နှင်းမှုံတို့မှ (၁၀၈၀)ပြည့်နှစ် တပို့တွဲလဆန်း (၆)ရက် တနင်္လာနေ့တွင် ဖွားမြင်သည်။ ငယ်မည်မှာ မောင်ညိုထွေး ဖြစ်သည်။

ပထမကျော်အောင်စံထားဆရာတော်ကြီးထံတွင် ပိဋကတ်ကျမ်းဂန်တို့ကို သင်ယူလျက် သက္ကရာဇ် (၁၀၉၅)ခုနှစ်တွင် ရှင်သာမဏေဘဝသို့ ရောက်ရှိခဲ့သည်။ ရဟန်းဖြစ်ပြီး သောအခါ စာပေထူးချွန်သောကြောင့် ဆင်ဖြူရှင်မင်း၏ အရွတ်ဝန်မင်းက အင်းဝမြို့ အရှေ့တောင်ဘက်တွင် ဆောက်လုပ်လှူဒါန်းသော ကြေးနီကျောင်းတွင် သီတင်းသုံး သောကြောင့် 'ကြေးနီကျောင်းဆရာတော်' ဟုလည်း အမည်တွင်ခဲ့သည်။

ပထမကျော်အောင်စံထားဆရာတော်ကြီး ဘဝနတ်ထံပျံတော်မူသော (၁၁၁၅)ခုနှစ်၊ ရှင်ဂုဏာစာရ သက်တော် (၃၅)နှစ် သိက္ခာတော် (၁၅)ဝါအရတွင် ကျော်အောင်စံထား ကျောင်းတော်သို့ ပြောင်းရွှေ့သီတင်းသုံးခဲ့ရာမှ ဒုတိယကျော်အောင်စံထားဆရာတော်ဟု အမည်တွင်ခဲ့သည်။

ဒုတိယကျော်အောင်စံထားဆရာတော်ကြီးသည် ရာဇဝင်ဆရာကြီး ဦးကုလား၊ အရှင်ဥက္ကံသမာလာ၊ တွင်းသင်းမင်းကြီး ဦးထွန်းညို၊ စိန္တကျော်သူ ဦးဩ စသော ခေတ်ပြိုင်စာဆိုတော်များနှင့်အတူ ထင်ရှားခဲ့သည့် ကျမ်းပြုပုဂ္ဂိုလ်ကြီး ဖြစ်သည်။ ဆရာ၏ ပညာအမွေကို ဆက်ခံသူ ဖြစ်ရုံသာမက ပညာလက်စကို ချဲ့ထွင်ကာ ထွန်းကားအောင် စွမ်းဆောင်နိုင်သူလည်း ဖြစ်သည်။

ကျမ်းပြုဆရာတော်သည် ဘိုးတော်မင်းတရားကြီး ဆောက်လုပ်လှူဒါန်းသည့် ကျောင်းကြီး (၄)ကျောင်းနှင့် ကျောင်းပေါင်း (၄၀)ကျော် အရံရှိသော ရွှေကျောင်းတော်ကြီးကို အလှူခံတော်မူကာ 'ကျော်အောင်စံထားတိုက်တော်' ဟုပင် ခေါ်ဝေါ်လျက် ပြောင်းရွှေ့ သီတင်းသုံးတော်မူကြောင်း သိရသည်။

ထိုကျောင်းတော်ကြီးတွင် သီတင်းသုံးတော်မူရင်း (၁၁၄၈)ခုနှစ်တွင် 'အဘိဓာန် ဋီကာနိဿယ' (၁၁၅၁)ခုနှစ်တွင် 'ဝုတ္တောဒယဆန်းနိဿယနံကျယ်'နှင့် 'သာသနဝံသကျမ်း'

တို့ကို ပြုစုတော်မူသည်။ ထိုသို့ ဘာသာ သာသနာအကျိုးကို ဆောင်ရွက်တော်မူနေရာမှ (၁၁၆၉)ခု တပေါင်းလကွယ်နေ့ (သက်တော် ၈၉နှစ်)တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

ဆရာတော်၏ စွမ်းဆောင်မှုများအနက်တွင် ဘာသာစာပေအတွက် တန်ဖိုးမဖြတ်နိုင်သည့် စွမ်းဆောင်မှုတစ်ရပ်မှာ ဝေါဟာရတ္ထပကာသနီကျမ်းကို ပြုစုတော်မူခဲ့ခြင်းပင် ဖြစ်သည်။ နောင်အစဉ်အဆက် ဘာသာစကားလေ့လာသူ၊ ပညာရှင်တို့သည် ဝေါဟာရတ္ထပကာသနီကျမ်းကို စံပြုကိုးကားခဲ့ရသည်မှာ ယနေ့တိုင်ပင် ဖြစ်ပါသည်။

## ၁၊ ၁။ ဝေါဟာရတ္ထပကာသနီကျမ်းဟူသည်

ဝေါဟာရတ္ထပကာသနီကျမ်းသည် ကုန်းဘောင်ခေတ်၏ ဘာသာစကားကျမ်းတစ်စောင် ဖြစ်သည်။ ရေးသားပြုစုသူမှာ ဒုတိယကျော်အောင်စံထားဆရာတော် ဖြစ်သည်။ ဒုတိယကျော်အောင်စံထားဆရာတော်သည် ဝေါဟာရတ္ထပကာသနီကျမ်းကို သက္ကရာဇ် (၁၁၃၁)ခုနှစ် ဆင်ဖြူရှင်မင်းလက်ထက်တွင် ပြုစုပြီးစီးတော်မူခဲ့ပါသည်။

ဆရာတော်သည် ကျမ်းကို အမှားအယွင်း နည်းနိုင်သမျှနည်းရန် (၁၅)နှစ်ခန့် အချိန်ယူ၍ ကြိုးစားပြုစုတော်မူခဲ့သည်ဟု ဆိုကြသည်။ ထို့ကြောင့် ဆရာတော်သည် ၁၁၃၁–ခုနှစ်တွင် ကျမ်းပြီးစီးခဲ့၍ (၁၁၁၆)ခန့်တွင် စတင်ပြုစုခဲ့သည်ဟု တွက်ဆရပါသည်။

ဝေါဟာရတ္ထပကာသနီ ဟူသည်မှာ ဝေါဟာရ၊ အတ္ထနှင့် ပကာသနီ ဟူသော ပါဠိစကားသုံးရပ်ကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။ ယင်းတို့ကို အဓိပ္ပာယ်ဖွင့်လျှင်–

| | | |
|---|---|---|
| ဝေါဟာရ | = | အခေါ်အဝေါ်၊ စကားအသုံးအနှုန်း |
| အတ္ထ | = | အနက်အဓိပ္ပါယ်၊ ဆိုလိုရင်း |
| ပကာသနီ | = | တိကျထင်ရှား ပြတ်သားအောင် အကျယ်ဖွင့်ဆို ရှင်းပြခြင်း |

ဟူသော အဓိပ္ပာယ်ရှိကြသောကြောင့် ကျမ်းအမည်၏ ဆိုလိုရင်းအဓိပ္ပာယ် အပြည့်အစုံမှာ–

> "မြန်မာဝေါဟာရတို့၏ အနက်အဓိပ္ပာယ်ရင်းကို ရှင်းလင်းစေရန် အကျယ်ဖွင့်ဆို ဖော်ထုတ်ပြသောကျမ်း"

ဟူ၍ ဖြစ်ပါသည်။

ဝေါဟာရတို့၏အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုပြသော ကျမ်းဖြစ်၍ အဘိဓာန်ကျမ်းဟု အမည်တပ်နိုင်သကဲ့သို့ မြန်မာဘာသာစကား၏ သဒ္ဒါဆိုင်ရာ နည်းနာများကို သက်ဆိုင်ရာနေရာများတွင် ဖော်ပြရှင်းလင်းထားသောကြောင့် သဒ္ဒါကျမ်းဟုလည်း ခေါ်နိုင်ပါသည်။ ထို့မျှမက မြန်မာဝေါဟာရတို့၏ အနက်အဓိပ္ပာယ်ကို ကြံဆဖွင့်ဆိုရင်း အနက်အဓိပ္ပာယ်ဆိုင်ရာ သဘောတရားနည်းနာများကိုလည်း ကြံဆဖော်ထုတ်ပေးနိုင်ခဲ့သောကြောင့် ယနေ့ခေတ် အတ္ထဗေဒကျမ်းများ၏ ရှေ့ပြေးလည်း ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ဝေါဟာရတ္ထပကာသနီကျမ်းကြီးသည် ကုန်းဘောင်ခေတ်က ပေါ်ပေါက်ခဲ့သော 'သုံးမည်ရ' ဘာသာစကားကျမ်း ဖြစ်သည်ဟု ပညာရှင်များက သတ်မှတ်ခဲ့ကြပါသည်။

## ၁၊ ၂။ ဝေါဟာရတ္ထပကာသနီကျမ်း၏ ဦးတည်ချက်

ဒုတိယကျော်အောင်စံထားဆရာတော်သည် ဝေါဟာရတ္ထပကာသနီကျမ်းကို ပြုစုရခြင်း၏ ဦးတည်ချက်အဖြစ် ကျမ်း၏ပဏာမတွင် လည်းကောင်း၊ နိဂုံးတွင်လည်းကောင်း အတိအလင်း ဖော်ပြထားတော်မူပါသည်။ ကျမ်းဦး နိဒါန်းဂါထာတွင်–

> "မြမ္မာဘာသေသု–မြမ္မာဘာသာတို့၌နိုက်၊ ဝေါဟာရတ္ထပကာသနံ – ဝေါဟာရအနက်ကို ပြရာပြကြောင်းဖြစ်သော ကျမ်းကို၊ ယထာဗလံ – အစွမ်းအားလျော်စွာ၊ ကထေသာမိ – ဆိုပေအံ့"[၁]

ဟူ၍ လည်းကောင်း၊

> "ပင့်ခြင်း၊ ရစ်ခြင်း၊ သေးသေးတင်၊ န–သတ် စသော မြမ္မာဘာသာတို့၌ ပါဠိဝတ္တာယ–ခြားနားစိတ်ဖြာ သိလိမ္မာစေခြင်းအကျိုးငှာ၊ အက္ခရန္တော ပလက္ခိတံ–အစသော အက္ခရာအဆုံးရှိသော ဝေါဟာရဖြင့် မှတ်အပ်သော၊ နာနုပဒေသနိဿိတံ–အထူးထူးသော အရာနည်းကိုလည်း မှီထသော၊ က္လာဒံပကရဏံ–ဤကျမ်းကို၊ ဥတေသကာ–အကြားအမြင်ကိုရှာသော အမျိုးသားတို့သည်၊ ဂေါစရာ–အလေ့အကျက်၊ သမ္မာ–ကောင်းစွာ ဒက္ခန္တု–ရှုစေကုန်ခလို"[၂]

---

[၁] ဒုတိယကျော်အောင်စံထား၊ ၁၉၆၆၊ ၁။

[၂] ဒုတိယကျော်အောင်စံထား၊ ၁၉၆၆၊ ၂။

ဟူ၍လည်းကောင်း ဖော်ပြထားရာ မြန်မာဘာသာဝေါဟာရတို့၏ ရေးထုံးရေးနည်းနှင့် အနက်အဓိပ္ပာယ်တို့ကို မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် ရေးသားပြုစုထားကြောင်း၊ ဘာသာစကား သုတေသီတို့ စံထား၍ ကြည့်ရှုနိုင်ကြရန် ရည်ရွယ်ထားပါကြောင်း ရေးမှာတော်မူခြင်း ဖြစ်သည်။

မြန်မာဘာသာစကားနယ်ပယ်သည် ကျယ်ဝန်းလှသဖြင့် ဝေါဟာရတို့သည်လည်း များပြားလှပေသည်။ ထိုဝေါဟာရတို့၏ အနက်အဓိပ္ပာယ်ကို ရင်းမြစ်နှင့်တကွ အစုံအလင် ဖော်ထုတ်ရှင်းလင်းရန်မှာ မလွယ်ကူလှသကဲ့သို့ မြန်မာဝေါဟာရကို အခြားဘာသာတို့၏ လောင်းရိပ်ကင်းစွာ မြန်မာဆန်ဆန် အနက်ဖော်ထုတ်ခြင်းမှာလည်း ပထမဦးဆုံးဖြစ်၍ 'ကထေသာမိ ယထာဗလံ' ဟု ဆရာတော်က ဆိုထားခြင်း ဖြစ်သည်။

သို့သော်လည်း မြန်မာဝေါဟာရအသုံးအနှုန်းနှင့် ပတ်သက်၍ လည်းကောင်း၊ မြန်မာစာရေးထုံး၊ သတ်ပုံသတ်ညွှန်းနှင့် ပတ်သက်၍ လည်းကောင်း ဤဝေါဟာရတ္ထပကာသနီလောက် အားကိုးစံပြုရသော ကျမ်းမျိုး ယနေ့တိုင် မပေါ်ထွက်သေးကြောင်း ပညာရှင်တို့ ဆိုကြသည်။

ကျမ်း၏နိဂုံးတွင် ကျမ်းပြုဆရာတော်၏ စေတနာ ဆန္ဒနှင့် အာသီသတို့ကို မြင်ရပါသေးသည်။

> "ဓိရာ–ပညာရှိတို့သည်၊ အဝိဝါဒေန–မငြင်းခုံသဖြင့်၊ တနည်းကား–မစွပ်စွဲသဖြင့်၊ သုမနာ–ဝမ်းမြောက်ဝမ်းသာ၊ ယုတ္တာ ယုတ္တံ–သင့်မသင့်ကို၊ ဝိစိန္တေယျုံ–အထူးသဖြင့် ကြံစေကုန်သတည်း၊ သေကမ္ပိ–ကြွင်းကျန်သော အရာကိုလည်း သုပူရေန္တု–ကောင်းစွာပြည့်စေကုန်သတည်း"[၁]

ဟူ၍ ဆန္ဒပြုထားသကဲ့သို့–

> "မြမ္မာ ဝေါဟာ အဖြာဖြာကို ဤစာတံသား ထစ်စေသော်ဝ်"
>
> "ရင့်သန်ပညာ လူသမ္မာဝယ် ဤစာထံပါး ချစ်စေသော်ဝ်"
>
> "ဝေါဟာရတ္ထပကာသနီ ဂမ္ဘီသြဇာ နွတ်သညာသည် ဤစာစံထား ရစ်စေသော်ဝ်"[၂]

စသည့် နိဂုံးဂါထာငါးပုဒ်ကလည်း ဆရာတော်၏ အာသီသကို ပေါ်လွင်စေပါသည်။

---

[၁] ဒုတိယကျော်အောင်စံထား၊ ၁၉၆၆၊ ၈၁၁–၈၁၂။

[၂] ဒုတိယကျော်အောင်စံထား၊ ၁၉၆၆၊ နိဂုံး။

'ဤစာစံထားရစ်စေသော်' ဟု ဒုတိယကျော်အောင်စံထားဆရာတော်ဘုရား အာသီသ ပြုခဲ့သည့်အတိုင်းပင် ဆရာတော်၏ဝေါဟာရတ္ထပကာသနီကျမ်းသည် ရဟန်းရှင်လူ အကြားအမြင်ရှာသူ ခပ်သိမ်းတို့၏ စံထားရာ ကျမ်းတစ်ဆူဖြစ်နေသည်မှာ ယနေ့ ခေတ်တိုင်ဖြစ်၍ နောင်အရှည်လည်း တည်တံ့နေပေမည်။

## ၁၊ ၃။ အတ္ထဗေဒ[၁] ဟူသည်

အတ္ထဗေဒသည် ဘာသာဗေဒ၏ ဘာသာရပ်ခွဲတစ်ခု ဖြစ်သည်။ ဘာသာစကား၏ အဓိပ္ပာယ်ကို အဓိကထားလေ့လာသော ပညာရပ် ဖြစ်သည်။ ဘာသာစကားတစ်ခုကို လေ့လာရာတွင် သဒ္ဒဗေဒ၊ စကားသံဖွဲ့ပုံ၊ သဒ္ဒါ စသည့်နည်းများဖြင့် လေ့လာကြ သကဲ့သို့ အနက်အဓိပ္ပာယ်အပိုင်းမှလည်း လေ့လာသင့်ကြောင်း ဘာသာဗေဒပညာရှင်တို့ နားလည်လက်ခံလာကြသည်။

ဘာသာဗေဒဆိုင်ရာ အတ္ထဗေဒပညာရပ်ကို အစပြုခဲ့သူမှာ ပြင်သစ်လူမျိုး ဘာသာစကားပညာရှင် မိုက်ကယ်ဗရီး(လ်)[၂] ဖြစ်သည်။ ၁၈၈၃ ခုနှစ်တွင် ၎င်းက ဆောင်းပါးတစ်စောင်ဖြင့် အဓိပ္ပာယ်လေ့လာမှုသည် သိပ္ပံပညာရပ်တစ်ခုဖြစ်နိုင်ကြောင်း တင်ပြခဲ့သည်။ အဓိပ္ပာယ်လေ့လာမှုပညာကိုလည်း ပြင်သစ်ဘာသာဖြင့် 'La Semantique' အမည်ပေးခဲ့သည်။ ၎င်းကပင် ၁၈၉၇ ခုနှစ်တွင် 'Essaide Semantique' (အဓိပ္ပာယ် ပညာစာတမ်း)ကို ထုတ်ဝေခဲ့သည်။ ထိုအချိန်မှစ၍ ၁၉၀၀ ပြည့်နှစ်တွင် ထိုစာအုပ်ကို 'Semantics: Studies in the Science of Meaning' အမည်ဖြင့် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့သည်။ ထိုအချိန်မှစ၍ ဘာသာဗေဒလောကတွင် အဓိပ္ပာယ်လေ့လာမှုဟု မသုံးနှုန်းတော့ဘဲ အတ္ထဗေဒဟု အသုံးတွင်လာခဲ့ပြီး 'အတ္ထဗေဒ' ဟူသော ဝေါဟာရ ကိုလည်း 'ဘာသာစကားရှိ အဓိပ္ပာယ်ကို သိပ္ပံနည်းကျ ခွဲခြမ်းစိတ်ဖြာလေ့လာသော ပညာရပ်' ဟု အနက်ဖွင့်ဆိုခဲ့ပါသည်။

(၂၀)ရာစု ဘာသာဗေဒပညာရှင်များက အနက်အဓိပ္ပာယ်၏သဘောသဘာဝကို စူးစမ်းလေ့လာပြီး အဓိပ္ပာယ်ဖွင့်ဆိုချက်များ သတ်မှတ်ဖွင့်ဆိုခဲ့ကြသည်။ ယခုအခါ အတ္ထဗေဒဆိုင်ရာ သီအိုရီများ သတ်မှတ်ချက်များမှာ များစွာတိုးတက်ပြောင်းလဲခဲ့ပြီး ဖြစ်သည်။ ဆက်လက်၍လည်း ပြောင်းလဲတိုးတက်နေဦးမည် ဖြစ်သည်။

အတ္ထဗေဒပညာရပ်သည် (၂၀)ရာစု အစပိုင်းတွင်မှ စတင်ထွန်းကားခဲ့သော်လည်း (၁၈)ရာစု မြန်မာဘာသာစကားကျမ်းတွင် အတ္ထဗေဒသဘောတရားများ ရှေ့ပြေး

---

[၁] semantics

[၂] Michael Breal

သဖွယ် စုစည်းပါဝင်နေကြောင်း လေ့လာတွေ့ရှိရသဖြင့် အောက်ပါအတိုင်း နှိုင်းယှဉ်စိစစ်တင်ပြခြင်း ဖြစ်ပါသည်။

## ၂။ အတ္ထဗေဒသီအိုရီများနှင့် ဆရာတော်၏ အနက်အဓိပ္ပာယ်ဆိုင်ရာ ရှေ့ပြေးအမြင်များ

### ၂၊ ၁။ အတ္ထဗေဒ၏ 'စိတ်ဝါဒ' နှင့် ဆရာတော်၏အမြင်

သိပ္ပံနည်းကျသော အနက်အဓိပ္ပာယ်လေ့လာမှုကို အနောက်တိုင်းတွင် ၁၉၀၀ ပြည့်နှစ်တွင်မှ စတင်နိုင်ခဲ့သော်လည်း မြန်မာဘာသာစကားပညာရှင် ဒုတိယကျော်အောင်စံထားဆရာတော်ကမူ ၁၇၆၉ ခုနှစ် ကတည်းက ဝေါဟာရတ္ထပကာသနီကျမ်းဖြင့် စတင်နိုင်ခဲ့ကြောင်း တွေ့ရသည်။

၁၉၀၀ ပြည့်နှစ် နောက်ပိုင်းတွင် အနောက်တိုင်းဘာသာစကားပညာရှင်တို့က အနက်အဓိပ္ပာယ်ကို သိပ္ပံနည်းကျစွာ လေ့လာခဲ့ကြပြီး (၂၀)ရာစု အစပိုင်းလောက်မှ စတင်၍ မိမိတို့လက်ခံယုံကြည်ရာ အတ္ထဗေဒဝါဒများကို တင်ပြလာကြသည်။ တင်ပြလာကြသော အတ္ထဗေဒဝါဒများအနက် ထင်ရှားသော အတ္ထဗေဒဝါဒ (၃)မျိုးမှာ–

- စိတ်ဝါဒ[၁]
- အမူအရာဝါဒ[၂]
- အခြေအနေဝါဒ[၃]

တို့ဖြစ်ကြသည်။

စိတ်ဝါဒကို စတင်ဖော်ထုတ်ခဲ့သူမှာ ဖာဒီနန်ဒီဆောဆူး[၄] ဆိုသူ ဖြစ်သည်။ ဒီဆောဆူး၏အဆိုအရ ဘာသာစကားတိုင်း သင်္ကေတများကို စုဝေး၍ တည်ဆောက်ထားသော အဖွဲ့အစည်း ဖြစ်သည်။ သင်္ကေတတိုင်း သင်္ကေတတိုင်းတွင် အဆစ်အပိုင်း နှစ်ခု ပါရှိသည်။ တစ်ခုမှာ စိတ်ကူးဖြစ်၍ ကျန်တစ်ခုမှာ စကား(သံ) ဖြစ်ကြောင်း ဆိုပါသည်။ သင်္ကေတတစ်ခု ဖြစ်လာနိုင်ရန် အနည်းဆုံး ပြောသူနှင့် ကြားသူ ဟူ၍ နှစ်ယောက်ရှိမည် ဖြစ်ပါသည်။ ပြောသူကို A ဟု ထားလျက် ကြားသူကို B ဟု ထားပြီး A နှင့် B တို့ စကားပြောကြမည်ဆိုလျှင် စကားစတင်မပြောမီ A ၏

---

[၁] mentalism

[၂] behaviourism

[၃] contextualism

[၄] Saussure, Ferdinand. de

ဦးနှောက်ထဲတွင် စိတ်ကူးဖြစ်သည်။ ထိုစိတ်ကူးသည် မိမိကို ကိုယ်စားပြုကာ ဖော်ညွှန်းပေးမည့် သက်ဆိုင်ရာစကားနှင့် တွဲစပ်သည်။ ထိုသို့ တွဲစပ်ပြီးနောက် စိတ်ကူးနှင့် စကားသည် ဦးနှောက်အတွင်းထဲတွင် အဆင်သင့်ရှိနေရသည်။ စိတ်ကူးနှင့် စကားတို့ တွဲစပ်သည့်အဆင့်သည် ဦးနှောက်အတွင်း၌သာ ဖြစ်သည့် စိတ်ဆိုင်ရာအဆင့် ဖြစ်သည်။ ထိုအဆင့်နှင့် တစ်ဆက်တည်းပင် သက်ဆိုင်ရာ အာရုံကြောမှတဆင့် စကားသံပြုအင်္ဂါတို့ကို လှုပ်ရှားစေခြင်းအားဖြင့် အသံထွက်လာသည်။ ထွက်လာသည့် အသံသည် အသံလှိုင်းများဖြစ်ကာ ပြောသူ A ၏ နှုတ်မှတစ်ဆင့် ကြားသူ B ၏ နားဆီသို့ ရောက်သွားသည်။ ထိုအခါ A ၏ ဦးနှောက်ထဲ၌လည်း စိတ်ကူးပြန်ပေါ် လာသည်။ သို့ရာတွင် A ၌ဖြစ်သော ဖြစ်ရပ်နှင့် B ၌ဖြစ်သော ဖြစ်ရပ်တို့သည် ပြောင်းပြန် ဖြစ်ပေသည်။ ဒီဆောဆူးက ထိုဖြစ်ရပ်ကို စကားပတ်လမ်းကြောင်း ဖြစ်ရပ်ဟု ခေါ်ပြီး ပုံဖြင့် ဖော်ပြထားပါသည်။




**စကားပတ်လမ်းကြောင်းဖြစ်စဉ်ပြပုံ**

ထိုစကားပတ်လမ်းကြောင်းအတိုင်း ဖြစ်လာသည့် စိတ်ကူးနှင့် စကားသံ နှစ်ခုပေါင်းကို ဒီဆောဆူးက ဘာသာဗေဒသင်္ကေတဟု သတ်မှတ်ပြီး ဦးနှောက်က ပေါင်းစပ်ပေးရခြင်းဖြစ်ကြောင်း ဆိုထားပါသည်။

ဖာဒီနန်ဒီဆောဆူး၏ စိတ်ဝါဒနှင့် စကားပတ်လမ်းကြောင်းဖြစ်စဉ်၏ သဘောအတိုင်းပင် ဒုတိယကျော်အောင်စံထားဆရာတော်သည် (၁၈)ရာစုကတည်းက ဘာသာစကားဖြင့် ဆက်သွယ်ပြောဆိုမည့် ဖြစ်ရပ်အတွက် ပြောသူနှင့် နာသူအကြားရှိ စိတ်တွင်းအခြေအနေကို စေ့စေ့စပ်စပ် တင်ပြခဲ့သည်။ ဆရာတော်က–

> "ဝဒန္တဥ္စသော် လည်းကောင်း အနက်ရှိမှ အနက်ကိုစွဲ၍ ဉာဏ် ဖြစ်၏။ ဉာဏ်ဖြစ်မှ ထိုဉာဏ်သည် နာမ်၊ ဇာတ်၊ ဒြပ်၊ ကြိယာ၊ ဂုဏ် ဟူသော ပဝတ္တနိမိတ်ကို စွဲ၍ ယထာရဟ သဒ္ဒါ ဖြစ်၏။"[၁]

ဟူ၍ လည်းကောင်း၊

> "ဉာဏ်သည် ရှေးဦးစွာဖြစ်၏ဟူသော ဤစကား၌ 'ဆိုသောသူ'၏ ဉာဏ်ကို ပညာရှိတို့သည် လိုအပ်သည်ဟူလို"[၂]

ဟူ၍ လည်းကောင်း ဆိုထားရာ ဆရာတော်၏အဆိုအရ စကားသံ မထုတ်ဖော်မီ ပြောသူ၏ စိတ်တွင်းအခြေအနေကို သိနိုင်သည်။ ရှေးဦးစွာ စကားသံဖော်ထုတ်မည့် သူတွင် အနက်(သိမှု) ရှိရမည်။ ထိုအနက်(သိမှု)ကို စွဲကာ ဉာဏ်(စိတ်ကူး) ဖြစ်ပေါ် လာသည်။ ထိုဉာဏ်(စိတ်ကူး)သည် အကြောင်းနိမိတ်တို့ကို စွဲကာ ယထာရဟသဒ္ဒါ (စကားသံ) ဖြစ်လာခြင်းဖြစ်သည်ဟု ရှင်းလင်းစွာ သိသာနိုင်ပါသည်။

ထို့အပြင် ဆရာတော်က ဉာဏ်(စိတ်ကူး)ကို 'အနက်ကိုသိခြင်း'နှင့် 'အက္ခရာကို သိခြင်း' ဟူသော နှစ်ပါးစုံကို သိခြင်းသဘောသည် ဉာဏ်(သိမှု)ဖြစ်ကြောင်း ထပ်မံ ခွဲခြားတင်ပြထားခဲ့သည်။

> "အနက်ကား အာရုံ၊ အကြောင်း၊ ပစ္စည်း၊ နိမိတ်၊ ဉာဏ်ကား အာရမ္မဏိကအကျိုး . . ."[၃]

ဟူ၍ အကြောင်းအကျိုးသဘောဖြင့် ရှင်းလင်းတင်ပြခဲ့သည်။ 'အနက်' ဟူသည် အကြောင်းတရား အာရုံဖြစ်၍ 'ဉာဏ်' ဟူသည် အကျိုးတရား အာရမ္မဏိက ဖြစ်ကြောင်း၊ အကြောင်း အာရုံ(အနက်)ရှိမှသာ အကျိုးတရား အာရမ္မဏိက 'ဉာဏ်' ဖြစ်ပေါ်လာနိုင်ကြောင်း ခွဲခြားမိန့်ဆိုထားသည်။

တဖန် ပြောသူနှင့် နာသူအကြားရှိ ဘာသာစကားဖြစ်စဉ်ကို တင်ပြရာတွင် ပြောသူအတွက်–

> "ဝဒန္တပုဂ္ဂိုလ်အား အနက်ရှေးဖြစ်၏။ အနက်ဖြစ်ဦးမှ အနက်နှင့် လျော်စွာ–က–စသော သဒ္ဒါဖြစ်၏။ အနက် မရှိလင့်သော်

---

[၁] ဒုတိယကျော်အောင်စံထား၊ ၁၉၆၆၊ ၁၄။

[၂] ဒုတိယကျော်အောင်စံထား၊ ၁၉၆၆၊ ၁၅။

[၃] ဒုတိယကျော်အောင်စံထား၊ ၁၉၆၆၊ ၁၇။

> သဒ္ဒါကို ထားခြင်းငှာ မတတ်ကောင်း အနက်ရှိလင့်သော်
> သဒ္ဒါကို ထားခြင်းငှာ တတ်ကောင်း၏ . . .”[၁]

ဟူ၍ တင်ပြထားပြီး နာသူ(ကြားသူ)အတွက်မူ–

> “သုဏာန္တပုဂ္ဂိုလ်အား က–စသော အက္ခရာတို့၏ အသံဖြစ်ဦးမှ
> အက္ခရာအသံကို လျောက်၍ အနက်ကို သိသည်။ . . .”[၂]

ဟူ၍ တင်ပြထားပါသည်။

ထိုတင်ပြချက်များကို ပိုမိုသိသာစေရန် အောက်ပါပုံစံဖြင့် တင်ပြလိုပါသည်။




ဆရာတော်သည် ပြောသူ၏ အာရုံကိုစွဲကာ အနက် ဖြစ်ပေါ်လာခြင်း၊ ထိုအနက်ကိုစွဲ၍ ဉာဏ် ဟူသော သိမှုရှိလာကြောင်း၊ ထိုသိမှုသည် အနက်ကိုရော အက္ခရာကိုပါ သိခြင်း ဖြစ်ကြောင်း၊ ထိုဉာဏ်မှတဆင့် သဒ္ဒါ ဖြစ်လာကြောင်းကို သိသာစေ၍ နာသူ(ကြားသူ)အတွက်မူ ပြောသူ၏ သဒ္ဒါကိုစွဲ၍ ဉာဏ် ဖြစ်ကြောင်း၊ ထိုဉာဏ်ကိုစွဲ၍ အနက် ဖြစ်ကြောင်းတို့ကို အပြန်အလှန်သရုပ်ခွဲ၍ ကြံဆပြခဲ့သည်။ ထိုဖြစ်စဉ်သည် ဒီဆောဆူး၏ ‘စကားပတ်လမ်းကြောင်းဖြစ်စဉ်’နှင့် သဘောတူကြောင်း တွေ့ရသည်။ ဖာဒီနန်ဒီဆောဆူးက စကားပတ်လမ်းကြောင်းတွင် စိတ်ကူးနှင့် စကားသံ ဟူ၍ နှစ်မျိုးသာ ပြခဲ့သော်လည်း ဆရာတော်ကမူ ‘စိတ်ကူး’ကို အာရုံ (အနက်)နှင့် အာရမ္မဏိက (အနက်ကိုရော အက္ခရာကိုပါ သိ၍ ပေါင်းစပ်ပေးနိုင်သော ဉာဏ်) ဟူ၍

---

[၁] ဒုတိယကျော်အောင်စံထား၊ ၁၉၆၆၊ ၁၇။
[၂] ဒုတိယကျော်အောင်စံထား၊ ၁၉၆၆၊ ၁၈။

ထပ်ဆင့် ခွဲခြားပြထားပါသည်။ ဆရာတော်၏ ကြံဆခွဲခြားမှုကြောင့် စကားသံ မထုတ်ဖော်မီ ဦးနှောက်၏ စွမ်းဆောင်ချက်များသည် ပို၍ပေါ်လွင်လာစေပါသည်။

ထို့ပြင် 'စကားသံမဲ့အသံ' ဖြစ်ရပ်မျိုး ရှိကြောင်း၊ ဘာသာစကားပညာရှင်တို့က စိတ္တဇအသံဟု ဖော်ထုတ်ကြံဆခဲ့ကြသကဲ့သို့ပင် ဆရာတော်သည် ဝေါဟာရတ္ထပကာသနီကျမ်းတွင် 'စကားမဲ့အသံ' တစ်နည်းအားဖြင့် 'အသံမဲ့စကား'တို့ ရှိကြောင်းကို 'စိတ္တဇသဒ္ဒါ' ဟု အမည်ပေးကာ ရှင်းလင်းတင်ပြထားပါခဲ့သည်။ ထိုအသံမဲ့စကား (စိတ္တဇသဒ္ဒါ)တို့၏ သဘာဝကို ဆရာတော်က–

> "စိတ္တဇအသံကား စိတ်နှင့် 'အဖြစ်' ၊ 'အချုပ်' တူလေအံ့ဖြစ်၍ မရောက်ကောင်းသည် ဖြစ်သင့်၏"[၁]

ဟူ၍ လည်းကောင်း၊

> "စိတ္တဇဖြစ်သောအသံသည် စိတ်နှင့်အတူ ချုပ်ရလေသောကြောင့် ထိုအာရုံသည် အလွန်လျင်အံ့သည်။ နာသောသူ အာရုံယူခြင်းငှာ မခန့်သာသည် ဖြစ်ကောင်း၏။"[၂]

ဟူ၍ လည်းကောင်း တင်ပြထားရာ စိတ္တဇအသံသည် စိတ်ကူးဉာဏ်အဖြစ်၌ပင် ချုပ်ငြိမ်းလေသောကြောင့် စကားသံအဖြစ်သို့ မရောက်တော့ကြောင်း ဆိုထားခြင်းပင် ဖြစ်သည်။ 'စကားမဲ့အသံ' (စိတ္တဇသဒ္ဒါ) ဟူသည် ယနေ့ခေတ်စာပေတွင် အသုံးပြုနေသော 'စိတ်မျက်စိနှင့် မြင်သည်၊ စိတ်နားနှင့် ကြားသည်' ဟူသော သဘော၊ 'အတွေးတွင် မြင်ယောင် ကြားယောင်လာသည်' ဟူသော သဘောမျိုးနှင့် ထပ်တူကျလျက် ရှိသည်။

တစ်ခါတစ်ရံတွင် ငယ်စဉ်ဘဝ အဖြစ်အပျက်များ၊ ထူးခြားသော ဖြစ်ရပ်များ၊ ထူးခြားသော အသံများ ကျက်မှတ်ထားဖူးသော စာ၊ ကဗျာ၊ သီချင်းများကို မိမိအတွေးတွင် ပြန်၍ မြင်ကြားမိခြင်းတို့သည် ဤသဘောမျိုးပင် ဖြစ်ကြသည်။ ထို့ကြောင့် ဘာသာစကား(အသံ) ဖြစ်ပေါ်မှုအစဉ်ကို အနုစိတ်၍ ခွဲခြားရှင်းလင်း ကြံဆထားသည်မှာ လေးစားဖွယ်ပင် ဖြစ်သည်။

ဘာသာစကားဖြစ်စဉ်သည် စိတ်ကိုအခြေခံသည်ဟု 'စိတ်ဝါဒ'ကို ဖော်ထုတ်တင်ပြခဲ့သူ ဖာဒီနန်ဒီဆောဆူး၏ 'စကားပတ်လမ်းကြောင်းဖြစ်စဉ်' ကို ဝေါဟာရတ္ထ

---

[၁] ဒုတိယကျော်အောင်စံထား၊ ၁၉၆၆၊ ၈၅။

[၂] ဒုတိယကျော်အောင်စံထား၊ ၁၉၆၆၊ ၈၆–၈၇။

ပကာသနီကျမ်းပြု ဆရာတော်က ပိုမိုအနုစိတ်ကာ ခွဲခြားတင်ပြထားကြောင်း နှိုင်းယှဉ် စိစစ်၍ လေ့လာတင်ပြခြင်း ဖြစ်ပါသည်။

## ၂။ ၂။ စကားလုံးအမျိုးအစားခွဲခြားမှုနှင့် ဆရာတော်၏အမြင်

စကားလုံးအမျိုးအစားခွဲခြားမှုနှင့် ပတ်သက်၍ ဂရိခေတ်မှ ယနေ့ခေတ်အထိ အစဉ်အဆက် ဆွေးနွေးငြင်းခုံခဲ့ကြပါသည်။ စကားလုံးတစ်လုံးကို ဖန်တီးသည် ဆိုခြင်းမှာ စကားသံ၊ စကားလုံးနှင့် အနက်အဓိပ္ပာယ်တို့ကို တွဲစပ်သတ်မှတ်ခြင်း (ပညတ်ခြင်း)သာ ဖြစ်သည်။ ထိုအခါ စကားလုံးနှင့် ပညတ်ခံအကြောင်းအရာတို့ ကြောင်းကျိုးဆက်နွယ်မှု ရှိခြင်း၊ မရှိခြင်း ဟူ၍ စဉ်းစားစရာ ဖြစ်လာသည့်အတွက် ပတ်ဝန်းကျင်ရှိ စကားလုံးတို့ကို ခွဲခြားဖော်ထုတ်ကြည့်မိလာရာ အချို့မှာ စကားလုံး နှင့် ပညတ်ခံတို့၏ ဆက်သွယ်မှုကို ဖော်ထုတ်၍ မရနိုင်ကြောင်း တွေ့ရသည်။ ထို့ကြောင့် ယခုအခါ ဘာသာစကားတိုင်းတွင် စကားလုံးနှစ်မျိုး နှစ်စားရှိသည် ဟူသော အယူအဆကို လက်ခံထားကြပြီး ထိုစကားလုံးနှစ်မျိုးမှာ ပညတ်ခံသဘောနှင့် ကြောင်းကျိုးဆက်သွယ်မှုမရှိသော စကားလုံးနှင့် ကြောင်းကျိုးဆက်သွယ်မှုရှိသော စကားလုံးတို့ ဖြစ်ကြသည်။

အတ္ထဗေဒပညာရှင် ပါမောက္ခ စတီဖင်အူလ်မန်း[၁] က ထိုစကားလုံးနှစ်မျိုးကို–

(၁) ထွင်းဖောက်မမြင်ရသော စကားလုံးအနှောက်[၂]

(၂) ထွင်းဖောက်မြင်ရသော စကားလုံးအကြည်[၃]

ဟူ၍ သတ်မှတ်ခွဲခြားထားပါသည်။ ထိုသဘောကို ပိုမိုပေါ်လွင်စေသော ဖော်ပြချက် တစ်ရပ်မှာ–

> "လျှပ်စစ်မီးလုံးတွင် ထွင်းဖောက်မမြင်နိုင်သော နွားနို့ရောင် မီးလုံးအနှောက်နှင့် ထွင်းဖောက်မြင်နိုင်သော ဖန်ရောင်မီးလုံးအကြည် ဟူ၍ နှစ်မျိုးကွဲသကဲ့သို့ စကားလုံးတွင်လည်း စကားလုံးနှင့် ပညတ်ခံသဘောတို့၏ ဆက်သွယ်မှုကို ထွင်းဖောက်မမြင်ရသော 'နွားနို့ရောင်' စကားလုံးအနှောက်နှင့် ထွင်းဖောက်မြင်ရသော

[၁] Stephen Ullmann

[၂] opaque word

[၃] transparent word

> 'ဖန်ရောင်' စကားလုံးအကြည် ဟူ၍ သူ့ကဏ္ဍာနှင့်သူ ကွဲကွဲပြားပြား ရှိနေမည် ဖြစ်သည်။"[၁]

ဟူသော ဖော်ပြချက်ပင် ဖြစ်သည်။

ပညတ်ခံသဘောနှင့် ကြောင်းကျိုးဆက်သွယ်မှု မရှိသော စကားလုံးများတွင် စကားလုံးနှင့် ပညတ်ခံသဘောတို့ ဆက်သွယ်ပုံကို ထွင်းဖောက်မမြင်ရပေ။ နွားနို့ရောင် မီးလုံးကဲ့သို့ မီးလုံး၏ အတွင်းရှိ နန်းကြိုးလေးများ ဖွဲ့ယှက်နေပုံကို မမြင်ရသော သဘောပင် ဖြစ်သည်။ ထိုစကားလုံးမျိုးကိုပင် စကားလုံးအနောက်ဟု ခေါ်ခြင်း ဖြစ်သည်။ လူ၊ အိမ်၊ နေ၊ ကောင်းကင်၊ လ၊ ရေ၊ မြေ ကဲ့သို့သော စကားလုံးမျိုး ဖြူ၊ နီ၊ ညို၊ ပြာ စသော အရင်းခံအရောင်ပြစကားလုံးမျိုးတို့သည် ထိုစကားလုံးမျိုး ဖြစ်သည်။ ထိုသို့စကားလုံးနှင့် ပညတ်ခံသဘောတို့၏ ကြောင်းကျိုးဆက်သွယ်မှုကို မမြင်ရသော စကားလုံးအနောက်မျိုးကို ဖော်ထုတ်တင်ပြသူများရှိသကဲ့သို့ စကားလုံး မှန်သမျှသည် ပညတ်ခံသဘောနှင့် ကြောင်းကျိုးဆက်သွယ်မှု ရှိသည်ချည်းဖြစ်သည် ဟူသော အယူအဆကို စွဲကိုင်ကာ စကားလုံးတစ်မျိုးတစ်စားတည်းသာ ရှိသည်ဟု တင်ပြခဲ့ကြသူများလည်း ရှိသည်။

သာဓကအားဖြင့် ဝေါဟာရတ္ထပကာသနီကျမ်းပြု ဆရာတော်က 'ကွမ်း' ကို အကြောင်းမဲ့ပဲ ခေါ်ဝေါ်ရုံမျှ ပညတ်သော ဝေါဟာရဟု သတ်မှတ်ဆိုမိန့်ခဲ့သော်လည်း မြန်မာဘာသာစကားပညာရှင် 'ဝဇီရဗုဒ္ဓိ ဦးဖိုးစိန်' ကမူ–

> "အကြောင်းမဲ့ အစွဲမဲ့ ခေါ်ဝေါ်သော ဝေါဟာရ မရှိကောင်းဟု ကျွန်ုပ် ထင်ပေသည်။"[၂]

ဟူ၍ ဖော်ပြထားသကဲ့သို့ 'ကွမ်း' ကိုပင်လျှင် ကောင်းစွာကမ်းဆက်အပ်သော အရာ ဖြစ်၍ 'ကမ်း' ဟု ခေါ်ဝေါ်သင့်သည်ကို ဝဆွဲတိုးကာ 'ကွမ်း' ဟူ၍ ခေါ်ခြင်းဖြစ်ကြောင်း ကြောင်းကျိုးဆက်စပ်ပြခဲ့ဖူးပါသည်။

သို့သော်လည်း ဘာသာစကားကို လိုရာမဆွဲဘဲ စနစ်တကျလေ့လာသော အခါတွင်မူ စကားလုံးတိုင်းသည် ပညတ်ခံသဘောနှင့် ကြောင်းကျိုးဆက်သွယ်၍ မရနိုင်ကြောင်း လက်ခံသိမြင်လာသည့်အတွက် အတ္ထဗေဒပညာရှင် အူးလ်မန်း တင်ပြ ခဲ့သည့်အတိုင်း စကားလုံး နှစ်မျိုးရှိကြောင်း လက်ခံလာခဲ့ကြခြင်း ဖြစ်သည်။ အနောက်တိုင်းတွင် (၂၀)ရာစု အကုန်ပိုင်းတွင်မှ စကားလုံး နှစ်မျိုးရှိကြောင်း လက်ခံ

---

[၁] ခင်မင်၊ ၁၉၉၇၊ ၁၅၄။

[၂] ဖိုးစိန်၊ ဦး (ပုံနှိပ်နှစ်မပါ)၊ ၆၃။

တင်ပြခဲ့သော်လည်း မြန်မာဘာသာစကားပညာရှင် ဒုတိယကျော်အောင်စံထားကမူ စကားလုံးတို့ကို ပညတ်ခေါ်ဝေါ်ရာတွင် 'ရုဠှိ' နှင့် 'အန္ဝတ္ထ' ဟူသော အခြေခံ သဘောမတူသည့် ပညတ်ခြင်း နှစ်မျိုးဖြင့် စကားလုံး နှစ်မျိုး နှစ်စား ရှိကြောင်းကို (၁၈)ရာစု ကတည်းက ပြတ်သားစွာ ခွဲခြားရှုမြင် တင်ပြခဲ့ပြီး ဖြစ်သည်။

'ရုဠှိ' ဟူသည်မှာ အကြောင်းမဲ့ခေါ်ဝေါ်ခြင်းပင် ဖြစ်သည်။ ကြောင်းကျိုး ဆက်စပ်မှု မရှိဘဲ အမည်ခေါ်ဝေါ်သတ်မှတ်ရုံမျှ အမည်ပေးထားခြင်းကို ခေါ်သည်။ သာဓကအားဖြင့် 'မဖြူ'၊ 'မညို' ပါပဲနှင့် 'မိဖြူ' 'မိညို' ဟု ခေါ်ခြင်းမျိုး၊ အလွန် ဆင်းရဲသောသူကို 'ဦးချမ်းသာ' ဟု ခေါ်ခြင်းမျိုးတို့နှင့် အကြောင်းရင်းခံမရှိဘဲ အမှတ် သညာ တစ်ခုအဖြစ် လူ၊ ခွေး၊ သစ်ပင်၊ ပင်လယ် စသည်ဖြင့် ခေါ်ဝေါ်ရုံမျှ အမည်ပေး ထားခြင်းမျိုး ဖြစ်သည်။ စကားလုံးနှင့် အနက်အဓိပ္ပာယ် (ပညတ်ခံ)တို့ ကြောင်းကျိုး ဆက်သွယ်မှု မရှိသော စကားလုံးအနောက်တို့သည် ဆရာတော်၏ 'ရုဠှိ' ပင် ဖြစ်ကြသည်။

'အန္ဝတ္ထ' ဟူသည်မှာမူ အနက်အဓိပ္ပာယ်သို့ အစဉ်လိုက်သော စကားလုံးမျိုး၊ အနက်အဓိပ္ပာယ်ဖြင့် ခေါ်ဝေါ်ခြင်းမျိုး ဖြစ်သည်။

| | | | | |
|---|---|---|---|---|
| အနု | + | အတ္ထ | = | အန္ဝတ္ထ |
| အစဉ်လိုက်ခြင်း | + | အနက်အဓိပ္ပာယ် | = | အစဉ်လိုက်သော အနက်အဓိပ္ပာယ်၊ အနက်သို့ အစဉ်လိုက်ခြင်း |

ဟူ၍ ဖွင့်ဆိုနိုင်ပြီး ဂုဏ်နှင့်ဒြပ်တို့၏ ကြောင်းကျိုးဆက်စပ်မှုကို အရင်းခံ၍ အမည် သညာ မှည့်ခေါ်ထားခြင်းမျိုးကို ဆိုလိုသည်။ သာဓကအားဖြင့် ချမ်းသာသောသူကို 'ဦးချမ်းသာ' ဟု ခေါ်ခြင်းမျိုး၊ အရပ်ရှည်သောကြောင့် 'အရှည်ကြီး' ဟု ခေါ်ခြင်းမျိုး၊ ညဘက်တွင် မွှေးသောကြောင့် 'ညမွှေးပန်း' ဟု ခေါ်ခြင်းမျိုး ဖြစ်သည်။

ဆရာတော်သည် ပညတ်ခြင်း၏ အခြေခံနှစ်မျိုးမှ ရရှိသော စကားလုံးနှစ်မျိုး အဖြစ် 'ရုဠှိ' နှင့် 'အန္ဝတ္ထ' တို့ကို ခွဲခြားပြထားသကဲ့သို့ အတ္ထဗေဒပညာရှင် ပါမောက္ခ အူးလ်မန်းကလည်း ပညတ်ခံသဘောနှင့် ကြောင်းကျိုးဆက်သွယ်မှု မရှိသော 'စကားလုံး အနောက်' နှင့် ပညတ်ခံသဘောနှင့် ကြောင်းကျိုးဆက်သွယ်မှုရှိသော 'စကားလုံး အကြည်' ဟူ၍ နှစ်မျိုး ခွဲခြားထားပါသည်။

ပါမောက္ခ အူးလ်မန်း၏ 'စကားလုံးအနောက်' သည် ဆရာတော်၏ 'ရုဠှိ' ပင် ဖြစ်သည်။ စကားလုံးနှင့် ပညတ်ခံတို့၏ ကြောင်းကျိုးဆက်သွယ်မှုကို ထွင်းဖောက် မမြင်နိုင်သော အကြောင်းမဲ့ ခေါ်ဝေါ်ပညတ်သော စကားလုံးမျိုးဖြစ်၍ အထူးမရှိပေ။

'စကားလုံးအကြည်' မှာမူ စကားလုံးနှင့် ပုဒ်တိပ်ခံတို့ ဆက်သွယ်မှုနည်းနာ အမျိုးမျိုးဖြင့် ကြောင်းကျိုးဆက်သွယ်လျက် ရှိကြသည်။ ဖန်မီးလုံးအကြည်အတွင်းမှ နန်းကြိုးကလေးများ ဖွဲ့ယှက်နေပုံကို မြင်သာနိုင်သကဲ့သို့ ကြောင်းကျိုးဆက်သွယ်မှု အမျိုးမျိုးကို မြင်သာနိုင်သော သဘော ရှိသည်။

အတ္ထဗေဒပညာရှင် အူးလ်မန်းက စကားလုံးအကြည်ကို သုံးမျိုး ထပ်မံခွဲခြား ထားပြီး ကျမ်းပြုဆရာတော်ကမူ 'အန္တတ္ထ' သဘောဆောင်သော စကားလုံးကို (၇)မျိုး အထိ အနုစိတ် ခွဲခြားတင်ပြခဲ့သည်။ ထို့ကြောင့် ဆရာတော်ကြီး၏ ကြံဆဖော်ထုတ်မှု များသည် အနောက်တိုင်းမှ အတ္ထဗေဒပညာရှင် စတီဖန်အူးလ်မန်းထက် နှစ်များစွာ စောသော်လည်း ပိုမို၍ အနုစိတ်တိကျကြောင်း တွေ့ရပြီး ကျမ်း၏ဂုဏ်ရည်ကို ပိုမို ပေါ်လွင်စေပါသည်။

အတ္ထဗေဒပညာရှင် အူးလ်မန်း၏ စကားလုံးအမျိုးအစား ခွဲခြားထားမှုကို ဝေါဟာရတ္ထပကာသနီကျမ်းပြုဆရာတော်၏ စကားလုံးခွဲခြားမှုနှင့် နှိုင်းယှဉ်သောဇယားကို တစ်ဖက်တွင် စိစစ်တင်ပြထားပါသည်။



စကားလုံးအမျိုးအစားခွဲခြားမှုအမြင်ဇယား
ဒုတိယကျော်အောင်စံထား (၁၇၆၉)
Stephen Ullmann (1976)
ရုဋ္ဌီ
အနွတ္ထ
Opaque Word
Transparen Word
(၁)အကြောင်း တစ်စုံတစ်ရာ မရှိဘဲ အကြောင်းမဲ့ ပညတ် ခေါ်ဝေါ်ခြင်း
(၂)ဂုဏ်တို့ကို အစွဲပြု၍ ခေါ်ဝေါ်ပညတ်ခြင်း
(၃)ဂုဏ်၏ တည်ရာ ဝတ္ထုဒြပ်ကိုအစွဲပြု၍ ခေါ်ဝေါ်ပညတ်ခြင်း
(၄)ကြိယာအနက်ကို အစွဲပြု၍ ခေါ်ဝေါ် ပညတ်ခြင်း
(၅)ကြိယာ၏တည်ရာ ဝတ္ထုဒြပ်ကိုအစွဲပြု၍ ခေါ်ဝေါ်ပညတ်ခြင်း
(၆)ဝတ္ထုဒြပ်မရှိဘဲအသံ မျှသာရှိ၍ အသွင် သဏ္ဌာန်သတ်မှတ်ကာ ဒြပ်ဝတ္ထု စီရင်၍ ခေါ်ဝေါ်ပညတ်ခြင်း
(၇)အနက်ပြေပြစ်ရုံ ဖက်ဆိုသော ဝေါဟာရပညတ်ခြင်း
ပဒပူရဏ(ပုဒ်ဖြည့်ခြင်း)
ဝါစာသိလိဋ္ဌ(စကားဖြည့်ခြင်း)
(၁)စကားသံသဘောအရ စကားလုံးနှင့် ပညတ်ခံတို့ ကြောင်းကျိုး ဆက်သွယ် နေသော စကားလုံး
(၂)စကားလုံးဖွဲ့စည်းပုံအရ စကားလုံးနှင့် ပညတ်ခံတို့ ကြောင်းကျိုး ဆက်သွယ် နေသော စကားလုံး
(၃)အနက်အဓိပ္ပါယ်အရ စကားလုံးနှင့် ပညတ်ခံတို့ ကြောင်းကျိုး ဆက်သွယ် နေသော စကားလုံး

## ၂။ ၃။ အနက်အဓိပ္ပာယ်ဆန့်ကျင်မှုနှင့် ဆရာတော်၏အမြင်

စကားလုံးတို့၏ အနက်သဘောတို့သည် တစ်ခါတရံတွင် ဆန့်ကျင်ဘက် အနက်အဓိပ္ပာယ်မျိုး ရှိနေတတ်ပါသည်။ ထိုစကားမျိုးကို ဆန့်ကျင်ဘက်စကားဟု ခေါ်သည်။ အနက်အဓိပ္ပာယ် ဆန့်ကျင်မှုသဘောကို အနောက်တိုင်း အတ္ထဗေဒပညာရှင်တို့သည် (၂၀)ရာစု အဆုံးပိုင်းတွင်မှ ဖော်ထုတ်တင်ပြလာကြပြီး အောက်ပါအတိုင်း ခွဲခြမ်းစိတ်ဖြာ လေ့လာပြခဲ့သည်။

(၁) နယ်ပယ်ခြားနားမှု ပြတ်သားသော အနက်ဆန့်ကျင်မှု[၁]

(၂) အရှည်အသွေးအဆင့်ဆင့်ကွဲပြားသောအနက်ဆန့်ကျင်မှု[၂]

(၃) အပြန်အလှန်ဆက်သွယ်မှုရှိသော အနက်ဆန့်ကျင်မှု[၃]

ဟူ၍ ဖြစ်သည်။

မြန်မာဘာသာစကားပညာရှင် ဒုတိယကျော်အောင်စံထားဆရာတော်ကမူ (၁၈)ရာစုကတည်းက 'ပဋိပက္ခဝေါဟာရများ' ဟူ၍ အမည်ပေးကာ စိစစ်တင်ပြခဲ့ပါသည်။ ဆရာတော်သည် နှစ်ပါးတစ်စုံရှိသော ဆန့်ကျင်ဘက် ဝေါဟာရတို့ကို ဦးစွာ တင်ပြခဲ့သည်။ ယင်းသို့သော ပဋိပက္ခဝေါဟာရကို 'အဝတ္ထာသဒ္ဒါ' ဟု ခေါ်ကြောင်း–

'ရှည်ခြင်း၊ တိုခြင်း၊ ကြီးခြင်း၊ ငယ်ခြင်း၊ ယုတ်ခြင်း၊ မြတ်ခြင်း၊ တိုးခြင်း၊ ဆုတ်ခြင်း စသည့်ဖြင့် ပဋိပက္ခ ရကောင်းသော တစ်ခုမှ ထောက်၍ တစ်ခုအမည်ရသော အခိုက်အတန့်ကိုစွဲ၍ ခေါ်ဝေါ်သော ဝေါဟာရတို့သည်လည်း အဝတ္ထာသဒ္ဒါ ဖြစ်၏"[၄]

ဟူ၍ လည်းကောင်း၊

"အရှည်၏ပဋိပက္ခ အတို၊ အတို၏ပဋိပက္ခ အရှည် ဟူ၍ ပဋိပက္ခဖြစ်သော ၂–ပါးသော ဝေါဟာရတို့သည် အချင်းချင်း တစ်ခုမှ လွတ်သော် တစ်ခုသော ဝေါဟာရ ဖြစ်၏"[၅]

---

[၁] taxonomic opposition(Leech . 1974. 106) complementarity (Lyons.1969. 460)

[၂] polar opposition (Leech . 1974. 108 ) antonymy (Lyons. 1969. 463)

[၃] relative opposition (Leech .1974.110 ) converseness (Lyons. 1969. 467) relational opposites (Palmer . 1976. 81)

[၄] ဒုတိယကျော်အောင်စံထား၊ ၁၉၆၆၊ ၁၄၆။

[၅] ဒုတိယကျော်အောင်စံထား၊ ၁၉၆၆၊ ၁၄၈။

ဟူ၍လည်းကောင်း တင်ပြထားရာ အဝတ္ထာသဒ္ဒါသည် ပဋိပက္ခအနက် (ဆန့်ကျင်ဘက် အနက်) ရှိသော ဝေါဟာရသဒ္ဒါ နှစ်ပါး ရှိရကြောင်း၊ သဒ္ဒါတစ်ခု၏ ဆန့်ကျင်ဘက် အနက်သည် နောက်ထပ် သဒ္ဒါတစ်ခုဖြစ်ရကြောင်း ပေါ်လွင်သိသာစေသည်။

တစ်ဖန် ဆရာတော်သည် နှစ်ပါးတစ်စုံရှိသော ဆန့်ကျင်ဘက်ဝေါဟာရတို့ကို တင်ပြပြီးသောအခါ ပဋိပက္ခအနက်ဖြစ်ရန်အတွက် တစ်ပါးတည်းသာရှိသော ဝေါဟာရ နှင့် နှစ်ပါးမကရှိနေသော ဝေါဟာရတို့၏ ပဋိပက္ခဖြစ်ဟန်ကို တင်ပြထားပါသည်။ ထိုဝေါဟာရတို့ကို ပဋိပက္ခအနက်ဖြစ်ရန် 'မ' အက္ခရာဖြင့် တားမြစ်ဆန့်ကျင်ရကြောင်း ဖော်ထုတ်တင်ပြထားခြင်း ဖြစ်သည်။ ထိုသဘောကို–

> "ပဋိပက္ခဖြစ်သော ဝေါဟာရ ၂–ပါး မရှိ၊ တစ်ပါးတည်းသာသော် လည်းကောင်း၊ ၂–ပါးမကသော် လည်းကောင်း ဖြစ်ရာ၌ကား ပဋိသေဓအနက်ရှိသော 'မ' အက္ခရာဖြင့် မြစ်သည် ဖြစ်၏။"[၁]

ဟူ၍ ဖော်ပြထားပြီး၊

> "ပဋိပက္ခ ဝေါဟာရ ၂–ပါး မက ရှိရာ၌ကား သိ၏။ မြင်၏ ဟူသောအနက်ကို မသိ၊ မမြင် ဟူ၍ မ–အက္ခရာဖြင့် မြစ်သော်သာ ပဋိပက္ခအနက်ဖြစ်သော ဝေါဟာရ ဖြစ်၏။"[၂]

ဟူ၍ သာဓကနှင့်တကွ ရှင်းလင်းတင်ပြထားရာ 'သိ၏' ဟူသော ဝေါဟာရကို 'မသိ' ဟူသော အနက်ဖြင့် သီးခြားဝေါဟာရ မရှိသဖြင့် 'မ' ဖြင့် မြစ်၍ ဖန်တီးယူနိုင်ပုံ၊ ထိုအခါမှသာ 'သိ–မသိ' ဟူသော ပဋိပက္ခတစ်စုံ ရရှိလာပုံကို ပေါ်လွင်စွာ သိရှိနိုင် ပါသည်။

ထို့အပြင် ဆရာတော်သည် နှစ်ပါးမကရှိသော ဝေါဟာရတို့အတွက် ပဋိပက္ခ အနက်ရရှိရန် 'မ' ဖြင့်ပင် မြစ်ရပုံကို ဖော်ထုတ်မိန့်ဆိုထားပါသည်။ အဖြူ၊ အညို၊ အဝါ၊ အစိမ်း၊ အနီ၊ အပြာ စသည့် အရောင်များရှိရာတွင် 'ဖြူ၏' ဟူသော ဝေါဟာရ၏ ဆန့်ကျင်ဘက်ကို 'မဖြူ' ဟူ၍ 'မ' ဖြင့် မြစ်၍ ဆိုခြင်းသည်သာ အရှင်းဆုံးဖြစ်ပုံ၊ 'ဖြူ၏ ဟူလျှင် မညို ဟူသော အနက်သာ မပြီးမူ၍ မနီ၊ မဝါ၊ မစိမ်း၊ မပြာ' ဟူ၍ ရှိနိုင်ပုံ၊ ထို့ကြောင့် 'မ' ဖြင့် မြစ်၍ 'မဖြူ' ဟု ဆိုခြင်းသည်သာ အကောင်းဆုံးဖြစ်ပုံကို သိသာစေသည်။

---

[၁] ဒုတိယကျော်အောင်စံထား၊ ၁၉၆၆၊ ၁၄၉။။

[၂] ဒုတိယကျော်အောင်စံထား၊ ၁၉၆၆၊ ၁၄၈။

ထိုမျှသာမက ဆန့်ကျင်ဘက်အနက်တို့၏ အခိုက်အတန့်ဖြစ်ပုံ သဘောကိုလည်း–

"တိုသောဝတ္ထုသည် ထိုအောက်တိုသောဝတ္ထုနှင့် စံသော် အရှည် မည်၏။ ရှည်သောဝတ္ထုသည် ထိုထက်ရှည်သောဝတ္ထုနှင့် စံသော် အတို မည်၏။ ဤသို့ မူလဝတ္ထုထက် ရှည်သည်၊ မူလဝတ္ထုအောက် တိုသည်နှင့် စံသော် ဝေါဟာရအထူးဖြစ်၏"[၁]

ဟူသော ဖော်ပြချက်တွင် တွေ့နိုင်သည်။ ဆရာတော်၏ အဆိုအမိန့်အရ နှိုင်းယှဉ်နေစဉ် အခိုက်အတန့်၌ပင် ဆန့်ကျင်ဘက်အနက်သဘော ပြောင်းလဲသွားနိုင်ကြောင်း သိသာစေသည်။

ယနေ့ခေတ် အတ္ထဗေဒပညာရှင်တို့၏ အနက်ဆန့်ကျင်မှုသဘောတွင်လည်း နှိုင်းယှဉ်မှုဖြင့် အခိုက်အတန့်အမည်ရကာ ဆန့်ကျင်ဘက်ဖြစ်လေ့ရှိပုံကို တွေ့နိုင်သည်။ သာဓကအားဖြင့်–




A, B, C တုတ်သုံးချောင်းတွင် B သည် A နှင့် တွဲဖက်လျှင် A သည် 'အတို' B သည် 'အရှည်' ဖြစ်၍ B နှင့် C တွဲဖက်ပါမူ B သည် အတိုဖြစ်၍ C သည် အရှည်ဖြစ်ပါလိမ့်မည်။ ထိုပုံစံတွင် B တစ်ခုတည်းကပင် 'အတို' ဟူသော ဂုဏ်ရည်နှင့် 'အရှည်' ဟူသော ဂုဏ်ရည်တို့ကို လွှဲပြောင်း ပိုင်ဆိုင်နိုင်ကြောင်း တွေ့ရသည်။ ထိုနှိုင်းယှဉ်မှုကို ထပ်မံတွဲစပ်နှိုင်းယှဉ်ကြည့်လျှင်လည်း A နှင့် C သည်အတိုဆုံးနှင့် အရှည်ဆုံး ဟူသော ဆန့်ကျင်ဘက်တစ်စုံကို ရရှိစေနိုင်ကြောင်း သိနိုင်သည်။

အနောက်တိုင်းဘာသာစကားပညာရှင်တို့သည် အနက်အဓိပ္ပာယ် ဆန့်ကျင်မှုသဘောကို (၂၀)ရာစုတွင်မှ စနစ်တကျ လေ့လာပုံဖော်နိုင်ခဲ့သော်လည်း ကျမ်းပြုဆရာတော်ကမူ အနက်အဓိပ္ပာယ် ဆန့်ကျင်မှုဆိုင်ရာအမြင်ကို (၁၈)ရာစု (၁၇၆၉) ကတည်းကပင် စနစ်တကျ ဖော်ထုတ်ပြနိုင်ခဲ့ပါသည်။ နှစ်ပေါင်း နှစ်ရာကျော် ရှေးကျနေသော်လည်း ယနေ့ခေတ် ပညာရှင်တို့၏ အမြင်နှင့် ယှဉ်နိုင်လောက်အောင်ပင် ခေတ်မီ ဆန်းသစ်နေကြောင်းကို နှိုင်းယှဉ်စိစစ်၍ လေ့လာတင်ပြရခြင်း ဖြစ်ပါသည်။

---

[၁] ဒုတိယကျော်အောင်စံထား၊ ၁၉၆၆၊ ၁၅၀။

## ၂။ ၄။ ကြောင်းတူသံကွဲ[၁] သဘောနှင့် ဆရာတော်၏အမြင်

ကြောင်းတူသံကွဲ (အနက်တူရုပ်သွင်ကွဲ) ဆိုသည်မှာ အဓိပ္ပာယ်အကြောင်းအရာ တူပြီး အသံထွက်ကွဲပြားသော စကားလုံးမျိုး ဖြစ်သည်။ အဘိဓာန်များတွင် ကြောင်းတူသံကွဲစကားလုံးတို့ကို ညီမျှခြင်းထိုး၍ ဖော်ပြလေ့ရှိပြီး စာပေနယ်ပယ်တွင်မူ စကားပရိယာယ်ဟု ခေါ်ဝေါ်ကြသည်။ မြန်မာဘာသာစကားတွင် ကြောင်းတူသံကွဲအဖြစ် လက်ခံအသုံးပြုနေကြသော စကားလုံးများစွာ ရှိသည်။ ယင်းတို့မှာ 'အေး၊ ချမ်း'၊ 'ပျော်၊ ရွှင်' 'သေ၊ ဆုံး' 'လျင်၊ မြန်' 'အစဉ်၊ အမြဲ' 'တို၊ ပု' 'ရှည်၊ မြင့်' 'ဆင်းရဲ၊ ဒုက္ခ' 'အလှူ၊ ဒါန' စသည်တို့ ဖြစ်သည်။

ဘာသာဗေဒပညာရှင်တို့ကမူ 'မည်သည့်ဘာသာစကားတွင်မှ ကြောင်းတူသံကွဲ စစ်စစ် မရှိ' ဟူ၍ ဆိုကြပါသည်။ မည်သည့်စကားလုံးမှ အခြားစကားလုံးတစ်လုံးနှင့် ထပ်တူထပ်မျှ မတူနိုင်ဟု ဆိုပါသည်။ ကြောင်းတူသံကွဲဟု သတ်မှတ်ထားသော စကားလုံးတို့သည် အနက်ရိုး (အဘိဓာန်အနက်) တူသည့် စကားလုံးများသာ ဖြစ်ကြသည်။ သာဓကအားဖြင့် 'သေ၊ ဆုံး၊ ကွယ်လွန်၊ အနိစ္စရောက်၊ ကြွ၊ စန့်၊ ဂန့်' စသည်တို့တွင် အဘိဓာန်အနက်မှာ 'သေသည်' ဟူ၍ တူနိုင်သော်လည်း 'သေ' ထက် 'ဆုံး' က ပိုမိုယဉ်ကျေးသိမ်မွေ့သည့် သဘော ရှိသည်။ ၎င်းတို့ထက် 'ကွယ်လွန်' 'အနိစ္စရောက်' တို့က လေးစားမှုသဘော ပိုသည်။ 'ကြွ၊ စန့်၊ ဂန့်' တို့မှာမူ မလိုလား၊ မနှစ်သက်သော ခံစားမှုနှင့် ရိုင်းပျသောသဘော ပါဝင်နေကြောင်း တွေ့နိုင်သည်။ ထို့ကြောင့် အနက်ရိုးချင်းတူသော်လည်း ထပ်တူကျသည့် ကြောင်းတူသံကွဲမျိုး မဟုတ်နိုင်တော့ပေ။

စကားလုံးတို့ ကြောင်းတူသံကွဲ ဟုတ် မဟုတ်ကို အစားထိုးအသုံးပြုခြင်းအားဖြင့် စမ်းသပ်နိုင်သည်ဟု ဆိုသည်။ အစားထိုးအသုံးပြု၍ ကွဲပြားမှု မရှိလျှင် ကြောင်းတူသံကွဲစစ်စစ်ဖြစ်ပြီး အစားထိုး၍ လက်မခံလျှင် (သို့မဟုတ်) ကွဲပြားမှု ရှိလျှင် ကြောင်းတူသံကွဲ မဟုတ်ဟု ယူဆနိုင်သည်။ သာဓကအားဖြင့် 'အေး' နှင့် 'ချမ်း' ကို အစားထိုးသုံးကြည့်လျှင် 'ဒီနေ့အေးတယ်' ကို 'ဒီနေ့ချမ်းတယ်' ဟု သုံး၍ ရနိုင်သော်လည်း 'ရေအေးအေး' ကို 'ရေချမ်းချမ်း' ဟု သုံး၍မရနိုင်ပေ။ ထိုသို့ ဖြစ်ရသည်မှာ အနက်ရိုးတူသော်လည်း အတ္တဗေဒဂုဏ်ရည်များအားလုံး ထပ်တူထပ်မျှ မတူသောကြောင့် ဖြစ်သည်။

---

[၁] synonym

ဝေါဟာရတ္ထပကာသနီကျမ်းတွင်မူ အကြောင်းအနက်တူသော်လည်း အခြေအနေ သဘာဝကိုလိုက်၍ သုံးရသည့် ပရိယာယ်တူစကားများအဖြစ် တင်ပြထားရာ–

> "အိပ်ခြင်း ကြိယာမျှကိုသာ လူမင်းတို့၌ စက်၏။ ရဟန်းတို့၌ ကျိန်း၏။ လူသာမန်တို့၌ အိပ်၏။ စားခြင်း ကြိယာမျှကို လူတို့၌ စား၏၊ ရဟန်းတို့၌ကား ဘုဉ်းပေး၏ ဟူ၍ အရာအလိုက် အသီးသီး ခေါ်ဝေါ်၏။"[၁]

ဟူ၍ လည်းကောင်း၊

> "ကွသည်၊ ကွပ်သည်၊ နိမ့်သည်၊ ပျပ်သည်၊ ပုသည်၊ တိုသည် စသော စကားခွန်းတို့သည် ပရိယာယ်တူချည်း ဖြစ်သည်။ . . . ပရိယာယ်တူသော်လည်း နိမ့်သည်၊ ပျပ်သည်၊ ကွသည်၊ ပုသည်၊ တိုသည် စသည်ဖြင့် ဆိုအပ်သော ဝတ္ထုနှင့်လျော်စွာ အထူးထူးသော မြန်မာမှု ဖြစ်သည်။"[၂]

ဟူ၍ လည်းကောင်း ကြောင်းတူသံကွဲ (ပရိယာယ်တူစကား)တို့ နေရာရွေး၍ အသုံးပြုရကြောင်းကို ပေါ်လွင်စွာ သိမြင်စေသည်။

## ၂၊ ၅။ သံတူကြောင်းကွဲ[၃] သဘောနှင့် ဆရာတော်၏အမြင်

သံတူကြောင်းကွဲ (ရုပ်သွင်တူအနက်ကွဲ) ဟူသည်မှာ စကားသံ(သဒ္ဒါ) တူသော်လည်း အကြောင်းအရာ အနက်အဓိပ္ပာယ် မတူသဖြင့် ခွဲခြားအသုံးပြုရသော စကားများပင် ဖြစ်ပါသည်။ စကားလုံးတို့သည် နည်းအမျိုးမျိုးဖြင့် သံတူကြောင်းကွဲများ ဖြစ်လာကြသည်။ စကားလုံးတို့သည် ဘာသာစကားရေစီးကြောင်းတွင် ရွေ့လျားပြောင်းလဲလာကြရင်း တစ်နေရာရာတွင် အသံသဘော တူသွား၍ သံတူကြောင်းကွဲများ ဖြစ်သွားတတ်ကြောင်းကို ဆရာမောင်ခင်မင်က–

> "စိတ္တ ဟူသော ပါဠိစကား တစ်လုံး ရှိသည်။ အာရုံကို သိတတ်သော သဘောဟု အဓိပ္ပာယ်ရသည်။ မြန်မာစကားတွင်လည်း အကွဲကွဲ၊ အမွှာမွှာဖြစ်အောင် ခွဲသည်ဟု အဓိပ္ပာယ်ရသော 'စိတ်' ဆိုသော စကားတစ်လုံး ရှိသည်။ ထိုစကားနှစ်လုံးတို့သည် သူ့ချည်း

---

[၁] ဒုတိယကျော်အောင်စံထား၊ ၁၉၆၆၊ ၁၆၉။

[၂] ဒုတိယကျော်အောင်စံထား၊ ၁၉၆၆၊ ၂၁၀။

[၃] homonym

ဆိုလျှင် ဘာမှဆက်စပ်မိစရာ မရှိပါ။ သို့သော် 'စိတ္တ'ကို မြန်မာက မွေးစားယူလိုက်ပြီး 'စိတ်' ဟု မြန်မာမှုပြုလိုက်သောအခါ ထိုစကား နှစ်လုံးသည် အသံသဘောအရ ပေါင်းဆုံသွားရသည်။ အသံတူ သွားသည်။ ဤနည်းအားဖြင့် သံတူကြောင်းကွဲ ဘဝ ရောက်သွား ရပါတော့သည်။"[၁]

ဟူ၍ လေ့လာတင်ပြထားပါသည်။

သံတူကြောင်းကွဲတို့တွင် အသံတူ အရေးတူသော သံတူကြောင်းကွဲမျိုးနှင့် အသံတူသော်လည်း အရေးကွဲသော သံတူကြောင်းကွဲ ဟူ၍ နှစ်မျိုးကွဲပြားသည်။ အသံတူ အရေးတူသော သံတူကြောင်းကွဲများမှာ ခဲ( သတ္တုတစ်မျိုး၊ ခက်ခဲသည်)၊ စာ (အက္ခရာအရေးအသား၊ စာကလေး) စသည်ဖြင့် အများအပြားရှိပြီး အရေးမတူသော သံတူကြောင်းကွဲများမှာ 'စင်'နှင့်'စဉ်' 'နီး'နှင့်'နည်း' 'ခတ်'နှင့်'ခပ်' စသည်ဖြင့် များစွာ ရှိသည်။ ထိုအရေးမတူသော သံတူကြောင်းကွဲများကို ရှေးမြန်မာပညာရှင်တို့က 'ခွဲထား သတ်ပုံ' အဖြစ် ခွဲခြားပြခဲ့ကြသည်။

ဝေါဟာရတ္ထပကာသနီကျမ်းတွင်မူ အသံတူသော်လည်း အနက်သဘော ကွဲကြောင်းကို 'သဘောကွဲလျက် အသံထပ်သည်' ဟု သုံးနှုန်းထားပြီး 'ဆန်း' နှင့် 'ဆမ်း' တို့၏ သံတူကြောင်းကွဲဖြစ်ကြပုံသဘောကို–

"ထိုနှင့်အတူ 'မ' သတ်ကား . . . 'ဆမ်း' ၏ ဟူသည်ကား သွန်ကြဲခြင်း အနက်ဖြစ်၍ ယခင်ထူးဆန်း၊ ဖြစ်ဆန်း ဟူသော စကားအရနှင့် သဘောကွဲသာ ဖြစ်၏"[၂]

ဟူ၍ ဖော်ပြထားသည်။ ထို့ပြင် ဆရာတော်သည် အခြားသော ဝေါဟာရတို့ကို ကြံဆ ဆိုမိန့်ရာ၌–

'တန်း – တမ်း'၊ 'တံ့ — တန့်'

'ထံ – ထန်။ ထန်း – ထမ်း'

'ကံ – ကန် – ကမ်'

---

[၁] ခင်မင်၊ ၁၉၉၇၊ ၂၀၆။

[၂] ဒုတိယကျော်အောင်စံထား၊ ၁၉၆၆၊ ၅၂၃။

စသည်ဖြင့် အသံတူရာတို့ကို တွဲစပ်၍ ခေါင်းစဉ်ပြုကာ ဖွင့်ဆိုခဲ့ခြင်းမှာလည်း အနက်ကွဲ အသုံးကွဲပုံကို တစ်ပြိုင်နက်တည်း သိသာစေလိုသည့် ဆရာတော်၏ဆန္ဒပင် ဖြစ်ဟန်ရှိသည်။

ထို့ကြောင့် ဝေါဟာရတ္ထပကာသနီကျမ်းတွင် 'ကြောင်းတူသံကွဲ စကားလုံးများ' နှင့် 'သံတူကြောင်းကွဲ စကားလုံးများ' ၏ သဘောသဘာဝကို ပြည့်စုံစွာ ဆိုမိန့်ထား ခဲ့ကြောင်း၊ ယနေ့ခေတ် အတ္ထဗေဒပညာရှင်တို့ လေ့လာဖော်ထုတ်သည့် သဘော အတိုင်းပင် စောစီးစွာ ရှုမြင်တင်ပြနိုင်ခဲ့ကြောင်း လေးစားဖွယ် တွေ့ရှိရပါသည်။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းသည် ကုန်းဘောင်ခေတ်၏ ဘာသာစကားလေ့လာမှု ဖြစ်သော 'ဝေါဟာရတ္ထပကာသနီကျမ်း' မှ အတ္ထဗေဒ၏ ရှေ့ပြေးသီအိုရီများကို စိစစ်လေ့လာသော စာတမ်း ဖြစ်ပါသည်။ ကျမ်းပြုဆရာတော်၏ ထေရုပတ္တိအကျဉ်း၊ 'ဝေါဟာရတ္ထ ပကာသနီ' ဟူသော ကျမ်း၏အမည်သဘောနှင့် အတ္ထဗေဒပညာရပ်ပေါ်ပေါက်လာပုံ အကျဉ်းတို့ကို ဦးစွာ တင်ပြထားပါသည်။

ဝေါဟာရတ္ထပကာသနီကျမ်းသည် ဝေါဟာရအဖွင့်ကျမ်းဖြစ်၍ ဝေါဟာရတို့ကို ဖော်ထုတ်နိုင်ရန် ကြံဆရင်း အနက်အဓိပ္ပာယ်ဆိုင်ရာ နည်းနာတို့ကို ထုတ်ဖော်ပြီးသား ဖြစ်နေသဖြင့် ယနေ့ခေတ် ဘာသာဗေဒနည်းနာများ၊ အတ္ထဗေဒနည်းနာများနှင့် ယှဉ်ဟပ်လေ့လာနိုင်ခဲ့ပါသည်။ ထို့ကြောင့် ယနေ့ခေတ် အတ္ထဗေဒပညာရှင် 'ဖာဒီနန် ဒီဆောဆူး' ၏ စိတ်ဝါဒနှင့် ဆရာတော်၏ စကားသံထုတ်ဖော်မှုအစဉ်ကို နှိုင်းယှဉ် စိစစ်တင်ပြထားခြင်းအားဖြင့် ကျမ်းပြုဆရာတော်၏ အနုစိတ် ကြံဆနိုင်သော အတ္ထဗေဒ အမြင်ကို ဂုဏ်ယူဖွယ် သိရှိနိုင်ပါသည်။

အတ္ထဗေဒပညာရှင် စတီဖင်န်အူးလ်မန်း၏ စကားလုံးအမျိုးအစား သတ်မှတ် ခွဲခြားမှုအမြင်ကို ဝေါဟာရတ္ထပကာသနီကျမ်းမှ စကားလုံးခွဲခြားမှုအမြင်နှင့် နှိုင်းယှဉ် စိစစ်ရာတွင် အတ္ထဗေဒပညာရှင် အူးလ်မန်းက 'စကားလုံးအနောက်' နှင့် 'စကားလုံး အကြည်' ဟု အခြေခံ နှစ်မျိုးရှိကြောင်း တင်ပြသကဲ့သို့ ကျမ်းပြုဆရာတော်ကလည်း 'ရုဠီ'နှင့် 'အန္ဝတ္ထ' ဟူ၍ နှစ်မျိုး ခွဲခြားတင်ပြခဲ့သည်။ ပါမောက္ခ အူးလ်မန်းက စကားလုံးအကြည်ကို (၃)မျိုး ထပ်မံခွဲခြားပြပြီး ဆရာတော်က 'အန္ဝတ္ထ' စကားလုံးကို (၇)မျိုးကို ထပ်မံခွဲခြားပြခဲ့သည်။ ထို့ပြင် ပြေပြစ်ရုံဖက်သော ဝေါဟာရကို 'ပဒပူရဏ' နှင့် 'ဝါစာသိလိဋ္ဌ' ဟု ထပ်မံခွဲခြားပြထားရာ စကားလုံး သတ်မှတ်ခွဲခြားမှုအမြင် ပိုမို အနုစိတ်၍ တိကျကြောင်း ပေါ်လွင်စေသည်။

ထို့နောက် ယနေ့ခေတ် အတ္ထဗေဒပညာရှင်များဖြစ်ကြသော 'ဂျွန်လိုင်းယင်း'၊ 'ဂျက်ဖရီလိချ်'၊ 'ပါးလ်မား' တို့၏ အနက်အဓိပ္ပာယ် ဆန့်ကျင်မှုသဘောကို ကျမ်းပြုဆရာတော်၏ 'ပဋိပက္ခဝေါဟာရများ' နှင့် 'အဝတ္ထာသဒ္ဒါ' တို့ဖြင့် နှိုင်းယှဉ်တင်ပြထားရာ ခေတ်ရှေ့ပြေးနေသော အတ္ထဗေဒကျမ်းတစ်စောင်အဖြစ် လက်ခံသိရှိစေနိုင်ပါသည်။ ထို့ပြင် 'သံတူကြောင်းကွဲ' နှင့် 'ကြောင်းတူသံကွဲ' တို့၏ သဘောကိုလည်း ဆရာတော်၏ 'သဘောကွဲလျက် အသံထပ်သောစကား' နှင့် 'ပရိယာယ်တူစကား' တို့ဖြင့် လည်းကောင်း ယှဉ်ဟပ်ကာ စိစစ်လေ့လာထားပါသည်။ ဤသို့ဖြင့် အတ္ထဗေဒ ပညာရပ်ဟု အမည်မတပ်ခင်က အနက်အဓိပ္ပာယ်လေ့လာမှုဖြစ်သော ဝေါဟာရတ္ထပကာသနီကျမ်းတွင် အတ္ထဗေဒသဘောတရားများ၊ သီအိုရီများ စုစည်းပါရှိနေကြောင်း လက်ခံသိရှိနိုင်ပါသည်။ ကုန်းဘောင်ခေတ် ဘာသာစကား ကျမ်းတစ်စောင်သည် မည်မျှ ခေတ်မီဆန်းသစ်၍ စနစ်ကျ ကောင်းမွန်ကြောင်း ပေါ်လွင်လာစေပါသည်။

## နိဂုံး

ဝေါဟာရတ္ထပကာသနီကျမ်းသက်သည် ယနေ့ထိဆိုလျှင် (၂၄၉)နှစ် ရှိခဲ့ပြီ ဖြစ်ပါသည်။ နှစ်ပေါင်း နှစ်ရာကျော်၊ ရာစု နှစ်စုကျော် ကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း အတ္ထဗေဒ တိုးတက်ထွန်းကားလာသည့် နှစ်ဆယ်ရာစုတွင်မှ အသီးသီးဖော်ထုတ်တင်ပြလာခဲ့ကြသော အတ္ထဗေဒအမြင်များသည် ဝေါဟာရတ္ထပကာသနီကျမ်းတွင် ရှုမြင်တင်ပြထားပြီးဖြစ်သည်ကို လေးစားဖွယ် တွေ့ရပါသည်။ 'တစ်ဦးခေါင်း တစ်ပညာ' ဟူ၍ လည်းကောင်း 'အကြံတူလျှင် နောက်လူသာစမြဲ' ဟူ၍ လည်းကောင်း၊ ဆိုရိုးစကားများ ရှိနေသော်လည်း နှောင်းခေတ်ပညာရှင်များ၏ အတွေးအခေါ် အယူအဆများ သဘောတရားများကို တစ်ဦးတည်းပင် စောစီးစွာ ကြံဆဖော်ထုတ်မိနိုင်ခဲ့သော ကျမ်းပြုဆရာတော်ကြီး၏ **'ပညာရည်'** ကို အံ့ဩဂုဏ်ယူဖွယ် လေ့လာသိမြင်ခြင်းလည်း ဖြစ်ပါသည်။ ထို့ကြောင့် ကျမ်း၏ကျယ်ပြန့်ခြင်း၊ လေးနက်ခြင်း၊ ခေတ်ရှေ့ပြေးခြင်း တို့ကို ပေါ်လွင်စေလိုသော ဆန္ဒ၊ ဒုတိယကျော်အောင်စံထားဆရာတော်၏ ထူးခြားကောင်းမွန်သော၊ ခေတ်မီသော၊ ပိုမိုအနုစိတ်၍ တိကျသော အတ္ထဗေဒအမြင်များကို ထင်ရှားစေလိုသော ဆန္ဒ၊ မြန်မာဘာသာစကားပညာရှင်တစ်ဦး၏ ဘာသာစကားအမြင်သည် နှစ်ပေါင်းများစွာ ရှေးကျနေသော်လည်း ယနေ့ ကမ္ဘာနှင့်ပင် အဆင့်မီနေကြောင်း ပေါ်လွင်စေလိုသော ဆန္ဒတို့ဖြင့် ဤသုတေသနစာတမ်းကို လေ့လာတင်ပြထားပါသည်။

# ကျမ်းကိုးစာရင်း

## မြန်မာဘာသာ


ကျော်အောင်စံထားဆရာတော်၊ ဒုတိယ – ။ (၁၉၆၆)။ ***ဝေါဟာရတ္ထပကာသနီကျမ်း***။ ရန်ကုန်၊ လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်။

***ကျော်အောင်စံထား*** ။ (၁၉၇၀)။ ရန်ကုန်။ မြန်မာစာပြန့်ပွားရေးအသင်း။

ခင်မင်၊ **မောင်** (ဓနုဖြူ)။ (၁၉၈၅)။ ***စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ***။ ရန်ကုန်၊ မြန်မာစာအသင်း၊ ရန်ကုန်တက္ကသိုလ်။

ခင်မင်၊ **မောင်** (ဓနုဖြူ)။ (၁၉၉၇)။ ***စကားသမုဒ္ဒရာ၊ စာသမုဒ္ဒရာ***။ ရန်ကုန်၊ မြကန်။

ခင်မင်၊ **မောင်** (ဓနုဖြူ)။ (၂၀၁၄)။ ***ဘာသာအမြင်၊ စာပေအမြင်***။ (ဒုတိယအကြိမ်) ရန်ကုန်၊ စိတ်ကူးချိုချို။

ထွန်းမြင့်၊ **ဦး**။ (၁၉၉၅)။ ***ဘာသာဗေဒ***။ ရန်ကုန်၊ ဂျီ–အီး–စီ။

ဖိုးစိန်၊ **ဦး** (ဝဇီရဗုဒ္ဓိ)။ (ပုံနှိပ်နှစ်မပါ)။ ***မြန်မာစကားနက်ကျမ်း။*** ရန်ကုန်၊ တိုးပုံနှိပ်တိုက်။

***ဝေါဟာရတ္ထပကာသနီပို့ချချက်*** (ဒုတိယနှစ်)။ (၁၉၉၈)။ စတုတ္ထအကြိမ်။ ရန်ကုန်အဝေးသင် တက္ကသိုလ်၊ အဆင့်မြင့်ပညာဦးစီးဌာန။

***ဝေါဟာရတ္ထပကာသနီပို့ချချက်*** (တတိယနှစ်)။ (၁၉၉၈)။ စတုတ္ထအကြိမ်။ ရန်ကုန်အဝေးသင် တက္ကသိုလ်၊ အဆင့်မြင့်ပညာဦးစီးဌာန။


## အင်္ဂလိပ်ဘာသာ


Leech, Geffrey. (1974). Semantics. Harmond sworth: Penguin Book Ltd.

Palmer, F.R. (1981). ***Semantics; a new outline,*** 2nd ed. Cambridge: Cambridge University Press.

Saussure, Ferdinand. de. (1959). ***Course in General Linguistics,*** Paperback Edition. New York, U.S.A.

Ullmann, Stephen. (1967). ***Semantics.*** Oxford, Basil Black Well.

# မြန်မာလူ့နာမည်ညွှန်းခေါ်ပုံနှင့်မြန်မာ့လူမှုဆက်ဆံရေး

လွင်နီနီခိုင် *

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာ့လူမှုဝန်းကျင်တွင်အသုံးပြုနေသော မြန်မာနာမည် ညွှန်းခေါ်စကားများကို တုံ့လှယ်လူမှုဘာသာဗေဒအမြင်ဖြင့် စိစစ်လေ့လာခြင်း ဖြစ်ပါသည်။ ညွှန်းခေါ်စကားဆိုသည်မှာ တုံ့လှယ်ပြောဆိုမှုများ၊ တွေ့ဆုံမှုများ၊ ပေးစာများတွင် တစ်စုံတစ်ဦးကို ရည်ညွှန်းခေါ်ဝေါ်ရန် အသုံးပြုသည့် စကားလုံးများ သို့မဟုတ် ပုဒ်စုများကို ခေါ်သည်။ ညွှန်းခေါ်စကားတစ်ရပ် ဖြစ်သော နာမည်ညွှန်းခေါ်ပုံကို နာမည်နေရာအထားအသိုနှင့် ဆက်ဆံရေး၊ နာမည်ရှေ့ဆက်ညွှန်းခေါ်ပုံနှင့် ဆက်ဆံရေး ဟူ၍ ကဏ္ဍနှစ်ခု ခွဲကာ လေ့လာ ပါသည်။ နာမည်ရှေ့ဆက်ညွှန်းခေါ်ပုံနှင့် ဆက်ဆံရေးကဏ္ဍတွင် အမျိုးသား နာမည် ညွှန်းခေါ်ပုံနှင့် ဆက်ဆံရေး၊ အမျိုးသမီးနာမည် ညွှန်းခေါ်ပုံနှင့် ဆက်ဆံရေး၊ ဆွေမျိုးစပ်ဝေါဟာရ နာမည်ညွှန်းခေါ်ပုံနှင့် ဆက်ဆံရေး၊ ဂုဏ်ပုဒ် နာမည် ညွှန်းခေါ်ပုံနှင့် ဆက်ဆံရေးဟူ၍ ကဏ္ဍများ ထပ်မံခွဲကာ လေ့လာ တင်ပြထားပါသည်။ ဤစာတမ်းကိုလေ့လာခြင်းဖြင့် မြန်မာနာမည် ညွှန်းခေါ် စကားများနှင့် မြန်မာ့လူမှုဝန်းကျင်၏ အပြန်အလှန်ဆက်နွယ်မှု၊ မြန်မာဘာသာ စကား၏ သွင်ပြင်လက္ခဏာနှင့် မြန်မာဘာသာစကား ဖန်တီးမှုဂုဏ်ရည်ကို ချင့်တွက်နိုင်မည်ဖြစ်သည်။

**သော့ချက်ဝေါဟာရများ** – ***မြန်မာနာမည်၊ ညွှန်းခေါ်ပုံ၊ ဆက်ဆံရေး၊ နာမည်ရှေ့ဆက်။***

## နိဒါန်း

လူမှုဘာသာဗေဒ [၁] ၏ အကိုင်းအခက်တစ်ခုဖြစ်သော တုံ့လှယ်လူမှုဘာသာ ဗေဒ [၂] တွင် စိစစ်လေ့လာသည့် စကားသွင်ပြင်တစ်ရပ်မှာ ညွှန်းခေါ်စကား [၃] အသုံးအနှုန်းများ ဖြစ်သည်။ မြန်မာဘာသာစကားရှိ ညွှန်းခေါ်စကားများတွင် အသက်အရွယ်၊ ဆွေမျိုးတော်စပ်မှု၊ ရာထူး၊ အလုပ်အကိုင်၊ လူမှုဆက်ဆံရေးအခြေအနေတို့ အလိုက် သုံးသော ညွှန်းခေါ်စကားများရှိသကဲ့သို့ နာမည်ညွှန်းခေါ်စကားများလည်း

---

[၁] Sociolinguistics

[၂] Interactional Sociolinguistics

[၃] address term

* ဒေါက်တာ၊ လက်ထောက်ကထိက၊ မြန်မာဘာသာဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်

ရှိသည်။ နာမည်ညွှန်းခေါ်ခြင်းသည် တိုက်ရိုက်ဖြစ်သော ဘာသာစကားတုံ့လှယ်မှုတွင် တစ်စုံတစ်ယောက်ကို ဖော်ပြသည့် နည်းလမ်းတစ်ခု ဖြစ်သည်။ နာမည်ညွှန်းခေါ် စကားများမှာ အမျိုးမျိုးကွဲပြားသည်။ နာမည်ရှေ့ဆက်များလည်း အမျိုးမျိုးထွေပြား သည်။ ယင်းတို့ကို အသုံးပြုပုံနည်းစနစ်လည်း များပြားသည်။ ထိုသို့ထွေပြားလှသော နာမည်ညွှန်းခေါ်ပုံ အမျိုးမျိုးတို့သည် နာမည်ညွှန်းခေါ်သူနှင့် အခေါ်ခံသူတို့ကြားရှိ လူမှုဆက်ဆံရေးအခြေအနေအရပ်ရပ်ကို မီးမောင်းထိုးပြနေသည်။

ဤအခြင်းအရာများကို လေ့လာနိုင်ရန်နှင့် လေ့လာလိုစိတ်ထက်သန်ရန် မျိုးစေ့ချ မြေတောင်မြှောက်ပေးခဲ့ကြသော ဆရာကြီးဦးဖေမောင်တင်၊ ဆရာကြီးလှသမိန်၊ ဆရာမကြီးဒေါ်သန်းဆွေ၊ ဆရာကြီးဒေါက်တာခင်အေးနှင့် ဆရာကြီးဒေါက်တာအောင်မြင့်ဦး တို့၏ သုတေသနများနှင့် ပို့ချချက်များ၏ ဂုဏ်ကျေးဇူးမှာ ဖော်မပြတတ်အောင်ပင် ကြီးမားလှပါသည်။

ဤသုတေသနစာတမ်းအတွက် အလေ့လာခံနာမည်များကို ကျောက်စာ၊ မင်စာ၊ ဖြတ်ထုံး၊ ကြေးအုတ် . . . စသည့် ရှေးစာအဖုံဖုံမှလည်းကောင်း၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း . . . စသည့် စာပေအမျိုးမျိုး၊ မီဒီယာအသီးသီးနှင့် လူမှုနယ်ပယ် အရပ်ရပ်တို့မှလည်းကောင်း ရယူလေ့လာပါသည်။

သုတေသနပြုရာတွင် ဦးစွာ အလေ့လာခံနာမည်များကို အချက်အလက် ကောက်ယူပါသည်။ ရှေးကလေ့လာခဲ့သော ဆရာကြီး၊ ဆရာမကြီးများ၏ သုတေသန စာတမ်းများကို လည်းကောင်း၊ မြန်မာ့လူမှုဆက်ဆံရေးအခြေအနေကို လည်းကောင်း လေ့လာပါသည်။ ထို့နောက် အလေ့လာခံနာမည်များကို ဆရာကြီးဒေါက်တာအောင်မြင့်ဦး၏ လူမှုဘာသာဗေဒမိတ်ဆက်၊ လူမှုဘာသာဗေဒသဘောတရားများမှ သီအိုရီများဖြင့် ချိန်ထိုးလေ့လာ၍ ပြုစုရေးသားထားပါသည်။

ထို့ကြောင့် ဤသုတေသနစာတမ်းသည် ရှေးရှေးပညာရှင်ကြီးများ လမ်းပြခဲ့သော သုတေသနကို ချဲ့ထွင်ကာ အချိန်ကာလတစ်ခုအတွင်း ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် အားထုတ် စူးစမ်းလေ့လာထားသော စာတမ်း ဖြစ်ပါသည်။

## ၁။ နာမည်ညွှန်းခေါ်ပုံနှင့်ဆက်ဆံရေး

> 'ညွှန်းခေါ်စကားဆိုသည်မှာ တုံ့လှယ်ပြောဆိုမှုများ၊ တွေ့ဆုံမှုများ၊ ပေးစာများတွင် တစ်စုံတစ်ဦးကို ရည်ညွှန်းခေါ်ဝေါ်ရန် အသုံးပြုသည့် **စကားလုံးများ**[၁] သို့မဟုတ် **ပုဒ်စုများ**[၂] ကို ခေါ်သည်။'[၃]

အချိန်တိုင်း အချိန်တိုင်းတွင် လူတစ်ယောက်နှင့်တစ်ယောက် ရည်ညွှန်းခေါ်ဝေါ်နေကြသည်။ ညွှန်းခေါ်ခြင်းသည် တိုက်ရိုက်ဖြစ်သော **ဘာသာစကားတုံ့လှယ်မှု**[၄] တွင် တစ်စုံတစ်ယောက်ကို ရည်ညွှန်းဖော်ပြသည့် နည်းလမ်းတစ်ခု ဖြစ်သည်။ တစ်စုံတစ်ယောက်ကို ညွှန်းခေါ်ရာတွင် ထိုသူ၏အမည်၊ လူမှုဆက်ဆံမှုအမှတ်လက္ခဏာတစ်ရပ်ရပ်၊ တစ်ဦးချင်းစီ၏ ပုဂ္ဂလခံစားချက်စသည့် အသုံးများဖြင့် ညွှန်းခေါ်ကြသည်။

အင်္ဂလိပ်ဘာသာစကားတွင် ပထမအမည်၊ နောက်ဆုံးအမည်၊ ဂုဏ်ပုဒ်နှင့် နောက်ဆုံးအမည် စသည်ဖြင့် နာမည်ညွှန်းခေါ်ကြသည်။ မြန်မာဘာသာစကားကို အသုံးပြုသည့် မြန်မာ့လူ့အဖွဲ့အစည်းတွင် ဥရောပဘာသာစကားများကဲ့သို့ ပထမအမည်၊ နောက်ဆုံးအမည် အသုံးပြုသည့်စနစ် မရှိသော်လည်း မိမိတို့၏ ယဉ်ကျေးမှုဓလေ့အရ ညွှန်းခေါ်စကားအမျိုးမျိုး ရှိသည်။ မြန်မာဘာသာစကားရှိ ညွှန်းခေါ်စကားများကို အမျိုးအစားခွဲကြည့်လျှင် အရွယ်အလိုက် ညွှန်းခေါ်စကားများ၊ တော်စပ်မှုအလိုက် ညွှန်းခေါ်စကားများ၊ ရာထူးအလိုက် ညွှန်းခေါ်စကားများ၊ အလုပ်အကိုင်အလိုက် ညွှန်းခေါ်စကားများ၊ လူမှုဆက်ဆံရေးအခြေအနေအလိုက် ညွှန်းခေါ်စကားများ၊ နာမည်ညွှန်းခေါ်စကားများ စသည်ဖြင့် အမျိုးမျိုးတွေ့နိုင်သည်။

နာမည်ညွှန်းခေါ်စကားများမှာ နာမည်ရင်းညွှန်းခေါ်ပုံ၊ ငယ်နာမည်ညွှန်းခေါ်ပုံ၊ နာမည်ပြောင်ညွှန်းခေါ်ပုံ၊ ချစ်စနိုးနာမည်ညွှန်းခေါ်ပုံ၊ ယေဘုယျနာမည်ညွှန်းခေါ်ပုံ စသည်ဖြင့် အမျိုးမျိုး ကွဲပြားသည်။

ထိုကွဲပြားသော နာမည်ညွှန်းခေါ်ပုံ အမျိုးမျိုးတွင် ခေါ်သူနှင့် အခေါ်ခံသူတို့၏ လူမှုဆက်ဆံရေးအခြေအနေ အမျိုးမျိုး ထင်ဟပ်လျက် ရှိသည်။ ခေါ်သူနှင့် အခေါ်ခံသူတို့အကြားရှိ ရင်းနှီးကျွမ်းဝင်မှု၊ တစိမ်းဆန်မှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ ရင့်သီးမှု၊

---

[၁] words

[၂] phrases

[၃] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၅၊ ၃၇။

[၄] Linguistic interaction

ညဲဇာလွှမ်းမှု၊ တန်းတူရည်တူ ဖြစ်မှု၊ ထက်အောက်ကွာခြားမှု၊ အလုပ်သဘောဆန်မှု၊ အရိုအသေပေးမှု၊ မခန့်လေးစားပြုမှု စသည့်လူမှုဆက်ဆံရေး အခြေအနေအမျိုးမျိုး ထင်ဟပ်နေကြသည်ကို တွေ့နိုင်သည်။ ထို့ပြင် ပြောသူက မိမိကိုယ်ကို ညွှန်းခေါ် သုံးစွဲပုံမှာလည်း ပြောသူနှင့်နာသူတို့၏လူမှုအဆက်အစပ်ကို ထင်ဟပ်ပြသည်။

မြန်မာဘာသာစကားရှိ နာမည်ညွှန်းခေါ်ပုံများကို အောက်ပါအတိုင်း ကဏ္ဍ ခွဲခြားလေ့လာနိုင်သည်။

## ၁၊ ၁။ နာမည်ညွှန်းခေါ်ပုံ နေရာအထားအသို့နှင့် ဆက်ဆံရေး

လူတစ်ဦးတစ်ယောက်၏နာမည်ကို ညွှန်းခေါ်သည့်အခါ ညွှန်းခေါ်နာမည်ကို ပြောသောစကား၏ ရှေ့ဆုံး၌လည်းကောင်း၊ အလယ်၌လည်းကောင်း၊ နောက်ဆုံး၌ လည်းကောင်း နေရာအမျိုးမျိုး ကွဲပြားစွာ ထားသုံးခြင်းသည် ပြောသူ၏ရည်ရွယ်ချက်၊ ဦးစားပေးမှုအခြေအနေကို ဖော်ပြနေသည်။ သာဓက–

"သူရိန်ရေ လာဟေ့ မုန့်စားရအောင်။
လာဟေ့ သူရိန်ရေ မုန့်စားရအောင်။
မုန့်စားရအောင် လာဟေ့ သူရိန်ရေ။"

ဟူ၍ သုံးမျိုး တွေ့နိုင်သည်။ ပထမစကားသည် 'သူရိန်' ဟူသော ညွှန်းခေါ်နာမည်ကို အဓိကဦးစားပေး ဖော်ပြသည်။ 'သူရိန်'ဟူသော နာမည်ရှင်က အဓိကကျသည့်သဘော ဖြစ်သည်။ ဒုတိယစကားသည် ပထမစကားနှင့် အနက်တူသော်လည်း 'လာရန်' ကို အဓိကဦးစားပေးဖော်ပြသည်။ တတိယစကားသည် ပထမစကား၊ ဒုတိယစကားတို့နှင့် အနက်တူသော်လည်း 'မုန့်စားရန်'ကို အဓိကဦးစားပေး ဖော်ပြရာရောက်သည်။ ထို့ကြောင့် နာမည်ညွှန်းခေါ်ပုံ နေရာအထားအသိုကွဲပြားမှုသည် စကား၏ဦးစားပေး အနက်အဓိပ္ပာယ်ကို ပြောင်းလဲနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၁၊ ၂။ နာမည်ရှေ့ဆက်ညွှန်းခေါ်ပုံနှင့် ဆက်ဆံရေး

မြန်မာတို့သည် တစ်ဦးနှင့်တစ်ဦး နာမည်ညွှန်းခေါ်ရာတွင် ရှေ့ဆက်မပါဘဲ နာမည်ချည်းသက်သက် ညွှန်းခေါ်တတ်သကဲ့သို့ ရှေ့ဆက်များနှင့်လည်း နာမည် ညွှန်းခေါ်လေ့ရှိကြသည်။

ကြီးသူက ငယ်သူကို ရှေ့ဆက်မပါဘဲ နာမည်ချည်းသက်သက် ညွှန်းခေါ်လေ့ ရှိကြသည်။ ကြီးသူ ငယ်သူဟု ဆိုရာတွင် အသက်အရွယ်၊ စည်းစိမ်ဥစ္စာ၊ ရာထူး

ဌာနန္တရ ဂုဏ် . . . စသည် ကြီးသူငယ်သူများကို ဆိုလိုပါသည်။ အသက်ကြီးသူက အသက်ငယ်သူကို လည်းကောင်း၊ ဂုဏ်ကြီးသူက ဂုဏ်ငယ်သူကိုလည်းကောင်း ရှေ့ဆက်မပါဘဲ နာမည်ခေါ်တတ်ကြသည်။ သို့သော် ချစ်ခင်ရင်းနှီးသူအချင်းချင်း၊ ငယ်ပေါင်းကြီးဖော်အချင်းချင်းလည်း ကျားမ မရွေး တစ်ဦးကိုတစ်ဦး ရှေ့ဆက်မပါဘဲ နာမည်ခေါ်တတ်ကြသည်။ ထိုသို့ခေါ်ခြင်းကို တောဆန်သည်၊ ရိုင်းရာကျသည် ဟုလည်း ယူဆတတ်ကြသည်။ ထို့ကြောင့် ရှေ့ဆက်မပါဘဲ နာမည်ခေါ်ခြင်းသည် လူမှုအနေအထားအမျိုးမျိုးအလိုက် ဩဇာလွှမ်းမိုးသည့်သဘော၊ ရင့်သီးသည့်သဘော၊ ရိုင်းသည့်သဘော၊ ပိုင်စိုးပိုင်နင်းသဘော၊ ရင်းနှီးကျွမ်းဝင်သည့်သဘော . . . စသည် သဘောအသီးသီး သက်ဝင်နေပါသည်။ သို့သော် ရှေးခေတ်ကမူ ပုံမှန်အနေအထား မှာပင် ရှေ့ဆက်မပါဘဲ နာမည်ခေါ်သော အလေ့အထ တွင်ကျယ်ခဲ့သည်ဟု ဆိုနိုင် သည်။ ယေဘုယျအားဖြင့်ဆိုရလျှင် ယနေ့ခေတ်တွင် မြန်မာတို့သည် နာမည်ကို ရှေ့ဆက်ဖြင့်တွဲလျက်သာ ညွှန်းခေါ်လေ့ရှိကြသည်ကို လေ့လာတွေ့ရှိရပါသည်။

## ၁၊ ၂၊ ၁။ အမျိုးသားနာမည်ညွှန်းခေါ်ပုံနှင့် ဆက်ဆံရေး

မြန်မာအမျိုးသားနာမည်ရှေ့ဆက်များမှာ 'င၊ မောင်၊ ဦး၊ ကို၊ ဖိုလ်၊ ဖိုး၊ ကိုရင်၊ မောင်ရင်' စသည်တို့ကို တွေ့ရသည်။ ယနေ့မျက်မှောက်ကာလတွင်မူ 'မောင်၊ ဦး၊ ကို' အသုံးကိုသာ တွင်တွင်ကျယ်ကျယ်ဖြင့် အဓိကထားသုံးသည်ကို တွေ့နိုင်သည်။ 'င၊ ဖိုလ်၊ ဖိုး'တို့မှာ အသုံးမတွင်လှတော့သော်လည်း သုံးစွဲမှု အနည်းငယ် တွေ့နိုင် သေးသည်။ 'မောင်ရင်၊ ကိုရင်'ကိုမူ ရပ်သုံးရွာသုံး၊ မြန်မာ့ဓလေ့သုံးအနေဖြင့် တွေ့နိုင်ပါသည်။

ပုဂံခေတ်က အတွေ့ရအများဆုံးမှာ 'င' ဖြစ်သည်။ ပုဂံကျောက်စာများတွင် အမျိုးသား နာမည်ရှေ့ဆက် 'င' တပ်လေ့ ရှိသည်။ 'ငညို၊ ငအို' စသဖြင့် တွေ့နိုင်သည်။ ရိုးရိုးလူနာမည်များ ရှေ့တွင် 'င' အသုံးကိုသာ တွေ့ရသည်ကို ထောက်၍ အသက်အရွယ်၊ အဆင့်အတန်းမရွေး ကျယ်ကျယ်ပြန့်ပြန့် သုံးခဲ့သော ပုဂံခေတ်က နာမည်ရှေ့ဆက်စကားလုံးဟု မှတ်ယူနိုင်သည်။ သို့သော် နောက်ပိုင်းတွင် နှိမ့်ချသုံးသော စကားလုံး ဖြစ်လာသည်။ မြန်မာမင်းများလက်ထက်က 'ဘုရား ကျွန်တော်မျိုး ငဩ'[၁] ဟူသော အသုံးမှာ 'င'သည် မိမိကိုယ်ကို နှိမ့်ချသုံးသော စကားလုံး ဖြစ်သည်။ မြန်မာမင်းများလက်ထက်က အမှုအခင်းကိစ္စရပ်များကို ဖော်ပြ ရာ၌ တရားလို၊ တရားခံ စသည်ဖြင့် အမှုနှင့်ပတ်သက်သူများကို 'ငလုံး၊ ငသာ'[၂]

[၁] မောင်မောင်တင်၊ ဦး၊ ၁၉၈၉၊ ၄၅။

[၂] ရန္တမိတ်ကျော်ထင်၊ ၁၉၆၅၊ ၃၆။

စသဖြင့်သုံးနှုန်းသည်ကို တွေ့နိုင်သည်။ ကိုလိုနီခေတ်၌ပင် တရားခံနာမည်ရှေ့က ‘င’ ထည့်သည့်အလေ့ ရှိသေးသည်ကို တွေ့ရပါသည်။

‘င’ကို မိမိထက်အသက်ကြီးသူနာမည်ရှေ့မှာ တပ်လျှင် ရင့်ရင့်သီးသီးခေါ်ရာ ရောက်ပြီး အလွန်ရိုင်းပျရာကျသည်။ ခေါ်သူ၏ဒေါသနှင့် မကျေနပ်မှုကို တွေ့နိုင် သည်။ ရွယ်တူငယ်သူ အချင်းချင်းပင်လျှင် ‘င’အသုံးသည် ရိုင်းရာကျသည်ဟု ယူဆ သဖြင့် အသုံးမတွင်တော့ပါ။ စစ်ကဲတော်မင်း၏အိမ်တွင် အမှုထမ်းသော မောင်မြ ဆိုသူက–

> “သူတို့သားသမီးများတော့ မောင်မောင်ကြီးရေ၊ ခင်မောင်ကြီးရေ၊ ခင်ခင်ကြီးရေ နဲ့၊ ဒို့များကျတော့ဖြင့် ငမြ တဲ့၊ ဘာကောင်း သလဲ”[၁]

ဟု ညည်းတွားသော စကားတစ်လုံးသည် ထိုကာလက ‘င’ ရှေ့ဆက်အသုံးကို မနှစ်မြို့ကြောင်း ပြနေသည်။ သို့သော် ယနေ့ခေတ်တွင်ပင် ရင်းနှီးကျွမ်းဝင်မှု၊ မိသားစုသဘောရှိမှု၊ ချစ်ခင်မှုတို့ကို ‘င’ အသုံး အားရပါးရသုံးခြင်းဖြင့် ဖော်ပြရာ ရောက်သည်ဟု ယူဆသူတို့လည်း ရှိသည်။ ‘အေးပါ ငထက်ရာ’၊ ‘ငမောင်နော်’၊ ‘ငစောရော မထသေးဘူးလား’ စသဖြင့် သုံးခြင်းမျိုး ဖြစ်သည်။ အမျိုးသား ဂန္ထဝင်စာဆိုကြီး မင်းသုဝဏ်ဆိုလျှင် မိမိ၏တစ်နှစ်ကျော်ကျော်သားလေးကို ‘ငပို’ ဟု မြတ်မြတ်နိုးနိုးညွှန်းခေါ်ကာ ရက်ချုပ်မှတ်တမ်း ရေးခဲ့သည်ဟု မှတ်သားရဖူးပါသည်။[၂]

အမျိုးသားနာမည်ရှေ့ဆက် ‘မောင်’ ကို အသက်ကြီးသူတို့က ငယ်သူ ယောကျ်ားကို ခေါ်သည့်အခါ သုံးသည်။ ‘ချစ်မြတ်နိုးသော အမျိုးသားကို အမျိုးသမီးက ခေါ်သောအမည်’[၃] လည်း ဖြစ်သည်။ လူငယ်ပိုင်းအမျိုးသားများကို ‘မောင်’ ရှေ့ဆက်တပ်၍ ကြီးသူတို့က ခေါ်ကြသည်။ ‘မောင်’ ချည်းသက်သက် ‘မောင်က ဘယ်ကတုံး’ ဟု လူကြီးက သုံးပုံမျိုးလည်း ရှိသည်။ လူငယ် လူလတ် နာမည်များကို ရုံးသုံးကျောင်းသုံးပြုသည့်အခါ ‘မောင်’ ရှေ့ဆက်ကိုသာ သုံးသည်။ ‘မောင်’ ရှေ့ဆက်သည် အမျိုးသားနာမည်ရှေ့ဆက်များတွင် အရင်းခံကျသည်။ အသုံး အများဆုံး၊ ယေဘုယျအကျဆုံး နာမည်ရှေ့ဆက် ဖြစ်သည်။

‘ဦး’ ရှေ့ဆက်ကို လေးစားသည့်အနေဖြင့် ယောကျ်ားအမည်ရှေ့တွင် ထည့်သုံး သည်။ ရဟန်းဘွဲ့၏ ရှေ့တွင် သုံးသည်။ ဦးကြီး၊ ဦးလေးအရွယ် ယောကျ်ားကို

---

[၁] ရွှေဥဒေါင်း၊ ၁၉၆၈၊ ၁၈၀။
[၂] ဒလဘန်း၊ ၂၀၁၃၊ ၂၇၃–၂၇၄။
[၃] မြန်မာအဘိဓာန်၊ ၁၉၉၁၊ ၂၇၆။

ရှိသေသမှုဖြင့်လည်း 'ဦး' ဟု ခေါ်သည်။ အသက်၊ အရွယ်၊ ဂုဏ်၊ ရာထူးကြီးမြင့်သော ယောက်ျားတို့ကို ရှိသေလေးစားသည့်အနေဖြင့် နာမည်ရှေ့က 'ဦး' ရှေ့ဆက် တပ်ခေါ်ကြသည်။ အသက်(၂၀)ခန့်ရှိမှသာ 'ဦး' တပ်ခေါ်သည်ဟု ဆိုနိုင်သည်။ အသက်(၂၀)ပြည့်၍ ရဟန်းခံပြီးမှသာ ဦးပဉ္ဇင်း ဟု ခေါ်သည်။ လူယောက်ျား တို့ကိုလည်း လုပ်ငန်းခွင်ဝင်သည့်အခါ 'ဦး' တပ်ခေါ်ကြသည်။ လုပ်ဖော်ကိုင်ဖက် ရွယ်တူချင်းလည်း ယောက်ျားလေးအချင်းချင်းဖြစ်စေ၊ မိန်းကလေးကဖြစ်စေ 'ဦး' တပ်ခေါ်တတ်ကြသည်။ များသောအားဖြင့် မိန်းကလေးများက ယောက်ျားလေးများကို ညွှန်းခေါ်ဖို့ အရွေးရခက်နေလျှင် 'ဦး' တပ်ခေါ်လိုက်ခြင်းက မမှားနိုင်ဟု ခံယူတတ် ကြသည်။ ကျားမ မရွေး ကလေးများကမူ ထိုအရွယ်ကို နှစ်လုံးဆင့်၍ 'ဦးဦး' ဟု ခေါ်တတ်ကြသည်။ ကျားမ မရွေး အရွယ်ရောက်သူတို့ကလည်း မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံသဘောအရ အသက်အရွယ်ကြီးသူ၊ ဂုဏ်ကြီးမြတ်သူ ယောက်ျားများကို နာမည် မထည့်တော့ဘဲ လေးစားသမှုဖြင့် ရှေ့ဆက် 'ဦး' တစ်လုံးတည်းဆွတ်၍ ခေါ်တတ်ကြသည်။

'ကို' ကိုလည်း ယဉ်ကျေးသောအားဖြင့် ယောက်ျားအမည်ရှေ့က တပ်သုံး သည်။ လူကြီးနှင့် လူငယ်ကြားကအရွယ် လူလတ်ပိုင်းအရွယ်ကို နာမည်ရှေ့က 'ကို' တပ်ကြသည်။ ငယ်သူက လည်းကောင်း၊ သက်တူရွယ်တူချင်းတွင် လည်းကောင်း၊ ကြီးသူကလည်းကောင်း 'ကို' တပ်ခေါ်တတ်ကြသည်။ 'ကို' တစ်လုံးတည်းဖြင့် ခေါ်သည်လည်း ရှိသည်။ ချစ်သူရည်းစားမိန်းကလေးက လည်းကောင်း၊ ဇနီးသည်က လည်းကောင်း ခေါ်တတ်သည်။ ချွဲနွဲ့သည့်သဘော၊ ချစ်ခင်ကြင်နာသည့်သဘောဖြင့် နှစ်လုံးဆင့်၍ 'ကိုကို' ဟုလည်း ခေါ်ကြသည်။ 'ကိုကို' နှင့် နာမည်တစ်လုံးလုံး တွဲလျက် 'ကိုကိုကျော်၊ ကိုကိုတင့်' စသဖြင့်လည်း ခေါ်တတ်ကြသည်။ ထို့ကြောင့် 'ကို' အသုံးသည် တန်းတူရည်တူသဘော၊ ယဉ်ယဉ်ကျေးကျေးသဘော၊ ချစ်ခင် ကြင်နာသည့်သဘော၊ ရှိသေလေးစားသည့်သဘော၊ ချွဲချွဲနွဲ့နွဲ့သဘော၊ ယေဘုယျ သဘော၊ ပုံမှန်သဘော အသီးသီးကို လူမှုအနေအထားအလိုက် ထင်ဟပ်ပြနေသည်ဟု ဆိုနိုင်သည်။

'ဗိုလ်၊ ဖိုး' ဟူသော အမျိုးသားနာမည်ရှေ့ဆက်အသုံးများလည်း ရှိသည်။ ယခုအခါ အသုံးမတွင်လှသော်လည်း အသုံးရှိသေးသည်ကိုကား တွေ့ရသည်။ မြန်မာ့လွတ်လပ်ရေးသမိုင်းတွင် ရဲဘော်သုံးကျိပ်တို့ 'ဗိုလ်' အမည်ခံရာမှစ၍ ယနေ့တိုင် 'ဗိုလ်' နာမည်ရှေ့ဆက်ကို ချစ်ခင်စည်းလုံးသည့်သဘောဆောင်ကာ သုံးကြသည်။ 'ဗိုလ်လှ၊ ဗိုလ်စော၊ ဗိုလ်ထူး . . .' စသဖြင့် လုံးချင်းနာမည်များရှေ့က သုံးတတ် သကဲ့သို့ နာမည်ရှည်များမှ နှစ်သက်ရာ တစ်လုံးလုံးကိုဆွတ်၍လည်း 'ဗိုလ်' နှင့်

တွဲလျက် သုံးတတ်ကြသည်။ ရင်းနှီးကျွမ်းဝင်သည့်သဘောဖြင့် ညွှန်းခေါ်ခြင်း ဖြစ်သည်။ သာဓကအားဖြင့် ကိုကံထွန်းကို ဗိုလ်ကံ၊ ဦးလူလှကို ဗိုလ်လှ ဟု ခေါ်ခြင်းမျိုး ဖြစ်သည်။

'ဖိုး' ဟူသော နာမည်ရှေ့ဆက်မှာ ခင်မင်ရင်းနှီးသောသဘောဖြင့် ယောကျ်ား အမည်၏ရှေ့၌ တပ်ခေါ်သော စကားလုံး ဖြစ်သည်။[၁] ယနေ့ခေတ်တွင် အသုံးမတွင်လှ တော့သော်လည်း သုံးနေကြသေးသည်ကို တွေ့ရသည်။ ကြီးသူက ငယ်သူကိုဖြစ်စေ၊ ရင်းနှီးကျွမ်းဝင်ကြသူ အချင်းချင်းဖြစ်စေ သုံးတတ်ကြသည်။ အမျိုးသားကဖြစ်စေ၊ အမျိုးသမီးကဖြစ်စေ အမျိုးသားကို 'ဖိုး' တပ်ခေါ်တတ်ကြသည်။ အချို့နာမည်များမှာ နာမည်ရင်းမှာပင် 'ဖိုး' ပါနေခြင်း ဖြစ်သည်။ 'ဖိုးလှကြီး၊ ဖိုးပါကြီး၊ ဖိုးမောင် . . .' စသော နာမည်များမှာ ပါသော 'ဖိုး' မှာ နာမည်ရှေ့ဆက် မဟုတ်ပါ။ နာမည်ရှေ့ဆက် 'ဖိုး' တပ်ခေါ်ခြင်းကို မိသားစုဝင်အချင်းချင်းမှာပင် သုံးလေ့ရှိကြသည်။ ရင်းနှီး ကျွမ်းဝင်သည့် သဘောဖြင့်ဖြစ်စေ၊ ကြီးသူကငယ်သူကို ဖြစ်စေ၊ ရွယ်တူအချင်းချင်း ဖြစ်စေ ခေါ်ခြင်း ဖြစ်သည်။ 'ဖိုးမြမောင်၊ ဖိုးကျော်စံ၊ ဖိုးသား' စသဖြင့် 'ဖိုး' တပ်ခေါ် ကြသည်။

'ကိုရင်၊ မောင်ရင်' ဟူသော အမျိုးသားနာမည်ရှေ့ဆက်မှာလည်း 'မောင်ရင်' ဟူသော အသုံးမှာ ကြီးသူက ငယ်သူကို ညွှန်းခေါ်ခြင်း ဖြစ်သည်။ မြန်မာ့ ယဉ်ကျေးမှုအရ သားငယ်လေးများကို ရှင်သာမဏေဘောင်တွင်း သွတ်သွင်းရန် ရှင်ပြုသည့်အခါ 'မောင်ရှင်လောင်း' (မောင်ရင်လောင်း)မှ 'ရှင်သာမဏေ' 'မောင်ရှင်၊ ကိုရင်' ခေါ်ရာမှ 'မောင်ရင်' ဟူသော အသုံး သုံးဖြစ်လာခြင်း ဖြစ်သည်။ 'ကိုရင်' ဘဝဖြင့် ရှိနေသူကို 'ကိုရင်' ခေါ်ရာမှ လူဝတ်လဲသောအခါလည်း ဆက်လက်ခေါ်နေ တတ်ကြသည်။ ကျေးလက်များတွင် ကြီးပြင်းလာရသောအခါလည်း ငယ်စဉ်ခေါ်ကျင့် အတိုင်း ခေါ်နေတတ်ကြသည်။ ရပ်ရွာသားအချင်းချင်း လေးစားသမှုဖြင့် 'ကိုရင်' ဟု ခေါ်တတ်ကြသည်။ 'ကိုရင်သာလှ၊ ကိုရင်သာဝ' စသဖြင့် သက်တူရွယ်တူ အမျိုးသား အချင်းချင်း ခေါ်ကြသကဲ့သို့ အမျိုးသမီးများကလည်း သက်တူရွယ်တူ အမျိုးသား များကို ခေါ်တတ်ကြသည်။ ငယ်သူကို ကြီးသူက နာမည်မသိပါကလည်း 'မောင်ရင်က ဘယ်ကတုံး'၊ 'မောင်ရင့်နာမည်က ဘယ်လိုခေါ်တုံး' စသဖြင့် ကျေးလက်များတွင် ညွှန်းခေါ်တတ်ကြသည်။ 'လေး' ထည့်၍ 'ကိုရင်လေး၊ မောင်ရင်လေး' ဟုလည်း သုံးတတ်သည်။ ရဟန်းသာမဏေဘဝ ရောက်သည်အထိ လူနာမည်တွင်ကာ 'ကိုရင်မိုးကြီး၊ ဦးပဥ္စင်းစန်းမောင်' ခေါ်ကြသကဲ့သို့ ရဟန်းသာမဏေဘဝမှ လူ့ဘောင်

[၁] မြန်မာစာအဖွဲ့၊ ၁၉၉၁၊ ၂၀၉။

ပြန်ရောက်ပါကလည်း 'ကိုရင်၊ ဦးပဥ္စင်း' ရှေ့ဆက်များတွဲလျက်သာ ခေါ်ကျင့်ရနေတတ်ကြတော့သည်။

ယောနယ်ဘက်တွင် ကိုရင်ဝတ်၊ ဦးပဥ္စင်းဝတ်ကြသည့်အခါတွင် ရဟန်းဘွဲ့အပြင် ရင်းနှီးသည့် ဆွေမျိုးသားချင်းများက လူနာမည်ရှေ့က 'မင်း' တပ်ပြီး ခေါ်ကြသည်။ ရဟန်းသာမဏေထွက်သွားသည့်အခါတွင်လည်း နာမည်ရှေ့က 'မင်း' တပ်ပြီး ဆက်ခေါ်လေ့ ရှိကြသည်။ သာဓက– 'လူနာမည်က ပုတူးမောင် ဆိုလျှင် မင်းပုတူးမောင်' ဟူ၍ ခေါ်ကြသည်။[၁]

နာမည်ရှေ့ဆက် 'ဦး၊ ကို' မှလွဲ၍ ကျန်နာမည်ရှေ့ဆက်များဖြင့် ငယ်သူတို့က ကြီးသူကို ညွှန်းခေါ်လေ့ မရှိကြပါ။ မယဉ်ကျေးသော သဘောသက်ရောက်ခြင်းကြောင့် ဖြစ်သည်။ အမျိုးသားနာမည်ရှေ့ဆက်များ ပြောင်းလဲသွားပုံကို ဆရာကြီးရွှေဥဒေါင်း၏ စာတွင်–

> "ကျောင်းသားအရွယ်တစ်လျှောက်လုံးတွင် ကျွန်ုပ်အား ကျောင်းသားအချင်းချင်းက ဖေသိန်း ဟူ၍ချည်း ခေါ်ကြ၏။ မိဘဆရာသမားနှင့် ကျောင်းသားအချင်းချင်း မောင် တပ်၍ခေါ်သူ ရှားပါးလှသည်။ ကိုးတန်းအောင်၍ ကျောင်းမှထွက်သည်တွင် မိဘများကိုယ်တိုင်က မောင်ဖေသိန်း ဟု ပြင်ဆင်ခေါ်ငင်ခြင်းကို ကျွန်ုပ်မှတ်မိပေရာ ထိုအချိန်မှစ၍ လူတိုင်းက ဖေသိန်း မခေါ်တော့ဘဲ မောင်ဖေသိန်း ဖြစ်လာလေပြီ။ ထို့နောက် အသက်(၃၀)နီးလာ၍ အချင်းချင်းက ကိုဖေသိန်း ခေါ်ကြသည့်အရွယ်သို့ ရောက်လာရပြန်သည်။ (၅၀)ကျော်အရွယ် မှစ၍ ဦးဖေသိန်း ဖြစ်လာ၍ (၆၀)ကျော်သည့် နောက်တွင်မူကား 'ဆရာကြီး' ဟု ခေါ်ဝေါ်သူများလာလေပြီ။"[၂]

ဟူ၍ တွေ့နိုင်သည်။ မြန်မာ့လူမှုသဘောအရ အမျိုးသားနာမည်ရှေ့ဆက် အသုံးပြောင်းလဲသွားပုံ သဘောအချုပ်ကို ဖော်ပြနေသည်ကို လေ့လာတွေ့ရှိရပါသည်။

---

[၁] စိန်ဝင်း(လူထု–)၊ ၂၀၀၆၊ ၆၃။

[၂] ရွှေဥဒေါင်း၊ ၁၉၉၇၊ ၁၁၃။

### ၁၊ ၂၊ ၂။ အမျိုးသမီးနာမည်ညွှန်းခေါ်ပုံနှင့် ဆက်ဆံရေး

မြန်မာ့လူ့ဘောင်လောကတွင် အမျိုးသမီး နာမည်ရှေ့ဆက်များနှင့် နာမည်ညွှန်းခေါ်ပုံမှာလည်း သိမ်မွေ့ထွေပြားသည်။ ပုဂံခေတ်က 'အို့' အသုံး တွင်ကျယ်သည်။ 'အို့လှ၊ အို့ညို' စသည်ဖြင့် အမျိုးသမီးနာမည်များစွာ တွေ့ရသည်။ ပုဂံခေတ်က 'အို့ထန်း၊ အို့နွယ်' စသဖြင့် 'အို့' ရှေ့ဆက်အသုံး တွင်ကျယ်ခဲ့သည်။ ယခုခေတ်သုံး 'မ' နှင့် ဆင်တူသည်။

ထို့ပြင် ကုန်းဘောင်ခေတ်က အသုံးတွင်ခဲ့သော 'မယ်' ကိုလည်း သက်ကြီးပိုင်းတွင် အမျိုးသမီးအချင်းချင်းဖြစ်စေ၊ အမျိုးသားကဖြစ်စေ သုံးတတ်ကြသည်။ ယနေ့ခေတ် လူငယ် မိန်းကလေးအချင်းချင်းလည်း ရင်းနှီးကျွမ်းဝင် ချစ်ခင်သောသဘောဖြင့် နာမည်အဖျားတစ်လုံး သို့မဟုတ် နာမည်ထဲက တစ်လုံးလုံးနှင့် တွဲသုံးကြသည်။ 'လှလှ'ကို 'မယ်လှ'၊ 'ခင်ထားမေ' ကို 'မယ်ထား' ဟု ညွှန်းခေါ်ခြင်းမျိုး ဖြစ်သည်။ ထို့ကြောင့် 'မယ်'သည် မိန်းမကို ခေါ်ဝေါ်သည့် အာလုပ်စကား (အများအားဖြင့် ရွယ်တူချင်းနှင့် ကြီးသူက ငယ်သူကို ခေါ်ဝေါ်ရာ၌ သုံးသည်။) ဖြစ်သည်။ ထို့ပြင် မိန်းမ၏အမည်အစ (ရင်းနှီးစွာ ခေါ်ဝေါ်ရာ၌လည်း သုံးသည်။)တွင် သုံးသော စကားလုံးလည်း ဖြစ်သည်။[၁] ဟု အဘိဓာန်တွင် တွေ့နိုင်သည်။ ငယ်ရွယ်သူမိန်းမ၏ နာမည်ညွှန်းခေါ်စကားပင် ဖြစ်သည်။

အမျိုးသမီးနာမည်ရှေ့တွင် 'မိ' ထည့်၍ 'မိလှ၊ မိသန်း' စသည်ဖြင့် သုံးလေ့လည်း ရှိပါသည်။ နှိမ့်ချသည့်သဘောဖြင့် သုံးပုံမျိုးရှိသော်လည်း များသောအားဖြင့် မိမိရင်းနှီးသူချင်း၊ သူငယ်ချင်းချင်း အသုံးများပါသည်။[၂] မိန်းမငယ်လေးကို ချစ်စနိုးခေါ်၍သုံးသော နာမည်အစတွင် လည်းကောင်း၊ မိန်းမကို ရင့်သီးနှိမ့်ချ၍ ခေါ်ရာ၌သုံးသော အမည်အစတွင် လည်းကောင်း၊ မွန်မိန်းကလေး၏ အမည်အစတွင် လည်းကောင်း သုံးစွဲကြသော စကားလုံး ဖြစ်သည်။[၃] ရင်းနှီးချစ်ခင်၍သုံးသကဲ့သို့ နှိမ့်ချ ပြောဆိုလို၍သုံးခြင်း ဖြစ်သည်။ ခင်ပွန်းက 'မသက်မေ' နာမည်ရှိ ဇနီးကို ချစ်ချစ်ခင်ခင်သဘောဖြင့် 'မိသက်' ဟု ခေါ်တတ်သကဲ့သို့ စိတ်ဆိုးသည့်အခါ 'မိသက်မေ' ဟု ခေါ်တတ်ခြင်းမျိုး ဖြစ်သည်။ အိမ်နီးချင်း၊ ကျောင်းနေဖက် အမျိုးသမီးအချင်းချင်းလည်း 'မိနွယ်၊ မိဦး' ဟု ခေါ်တတ်ကြသည်။ များသောအားဖြင့် နာမည်အဖျား သို့မဟုတ် နာမည်တစ်လုံးလုံးနှင့်တွဲ၍ ညွှန်းခေါ်လေ့ ရှိသည်။ မိဘက

---

[၁] မြန်မာစာအဖွဲ့၊ ၁၉၉၁၊ ၁၇၅။

[၂] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၃၊ ၁၈၅။

[၃] မြန်မာစာအဖွဲ့၊ ၁၉၉၁၊ ၁၃၉။

သမီးကို လည်းကောင်း၊ အစ်ကို အစ်မတို့က ညီမကို လည်းကောင်း၊ ချစ်ခင်နှစ်သက်စွာ (သို့မဟုတ်) စိတ်ဆိုးစွာ ညွှန်းခေါ်တတ်ကြသည်။ ထို့ကြောင့် ကြီးသူကငယ်သူကို ဖြစ်စေ၊ ရွယ်တူအချင်းချင်း ဖြစ်စေ 'မိ' ရှေ့ဆက်နှင့် နာမည်တစ်လုံးလုံးတွဲ၍ ညွှန်းခေါ်တတ်ကြသည်။ အချစ်အခင်ကိုပြသကဲ့သို့ စိတ်ဆိုးစိတ်တိုနေသည်ကိုလည်း ပြတတ်သော သဘောရှိသည်။

'ရွှေ' ဟူသော စကားလုံးသည် မြတ်နိုးတန်ဖိုးထားရသော ပစ္စည်း၊ ဒေသ စသည်ကို ဂုဏ်တင်ခေါ်ရာ၌ အမည်ရှေ့၌တပ်တတ်သော စကားလုံး [၁] ဖြစ်သည်။ ထို့ကြောင့် မြတ်နိုးတန်ဖိုးထားရသောသူတို့၏ နာမည်ကို 'ရွှေ' ရှေ့ဆက်တပ်သုံးလေ့ ရှိကြသည်။

> "လူအမည်များရှေ့တွင် ရွှေ တပ်သုံးလျှင် ရင်းနှီးချစ်ခင်သော အငွေ့အသက် ထင်ဟပ်နေပါသည်။ ရှပ်ရှင်မင်းသမီးကြီး ဒေါ်ကြည်ကြည်မြေကို သူ့အပေါင်းအသင်းများက ရွှေကြည် ဟု ရင်းနှီးချစ်ခင်စွာ ခေါ်တတ်ကြသည်။ မိန်းကလေးများ သူငယ်ချင်းချင်း ခေါ်ရာတွင် ရွှေငြိမ်းရေ၊ ရွှေမာရေ၊ ရွှေမြင့်ရေ စသည်ဖြင့် ခေါ်ပုံမှာလည်း ထိုသဘောပင် ဖြစ်ပါသည်။ ထို့အတူ 'ကိုရွှေဝင်းမောင် တစ်ယောက် ဘယ်ရောက်နေပါလိမ့်'၊ 'မရွှေသီ ကတော့ ဒီလို ချည်းပဲ' စသည်ဖြင့် သုံးလျှင်မူ ထေ့သံငေါ့သံကလေးပါ ရိုးတိုး ရိပ်တိပ်ပါနေသည်ကို တွေ့နိုင်ပါသည်။ ရှေးက အပျိုတော် နာမည်တွေ ရွှေခါတို့၊ ရွှေစာတို့၊ ရွှေညှာတို့ ဆိုလျှင်လည်း ထိုသဘောမျိုးပင် ချစ်ခင်သော အငွေ့အသက် ပါပါသည်။ မိန်းကလေးချင်း မရွှေစာ ဟု သုံးခြင်းကလည်း ထိုသဘောပင် ဖြစ်ပါသည်။" [၂]

ရုံးသုံး ကျောင်းသုံးမဟုတ်ဘဲ လူမှုရေးရာသဘောအရ ယနေ့ထိ သုံးလေ့ ရှိသော အသုံးအနှုန်း ဖြစ်သည်။

တစ်ချိန်ကဆိုလျှင် အမျိုးသမီးများ၏အမည်များကို အဖျားဆွတ်ပြီး ရှေ့က 'အ' ကလေး တစ်လုံးတွဲကာ ခေါ်သည့်အလေ့ ခေတ်စားခဲ့ပါသည်။ မမြညွန့်ကို အညွန့်၊ မလှမွန်ကို အမွန်၊ မစိန်လှကို အလှ စသည် ခေါ်ပုံမျိုးဖြစ်သည်။ ထိုသို့ 'အ' ကလေး တွဲခေါ်ခြင်းမှာ ချစ်စနိုးခေါ်ခြင်း ဖြစ်သည့်အတွက် ကန့်ကလျရှိပြီး

[၁] မြန်မာစာအဖွဲ့၊ ၁၉၉၁၊ ၁၃၉။
[၂] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၀၁၊ ၁၅၃-၁၅၄။

နှစ်သက်ဖွယ်လည်းဖြစ်ပါသည်။ [၁] သို့သော် 'အတာ၊ အတူး၊ အတွတ်' တို့မှာ နာမည်ရင်းမှာပင် 'အ' တွဲပြီးသား နာမည်များဖြစ်ပြီး တစ်မျိုးချစ်စရာကောင်းသည်ပင် ဖြစ်ပါသည်။ နာမည်ကို ကနွဲ့ကလျဖြစ်စေနိုင်စွမ်းရှိသော 'အ' ကလေးများဟု ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)၏ မိန့်ဆိုချက်ကို မှတ်သားရပါသည်။

မြန်မာ့လူ့ဘောင်တွင် အမျိုးသမီးများအတွက် အဓိကအားဖြင့် အခြေခံကျသော နာမည်ရှေ့ဆက်နှင့် နာမည်ညွှန်းခေါ်ပုံမှာ 'မ' တပ်ခေါ်ခြင်း ဖြစ်သည်။ အမျိုးသမီး နာမည်ရှေ့ဆက် 'မ' သည် မမ၊ အစ်မ နှင့်ဆက်စပ်သည်။ 'မ' နာမည်ရှေ့ဆက်ကို သက်လတ်ပိုင်း၊ သက်ငယ်ပိုင်းတို့တွင် သုံးသည်။ ပုံမှန်အားဖြင့် သက်လတ်နှင့် သက်ငယ်ကို 'ဒေါ်' တပ်မခေါ်ကြပေ။ ပုံမှန်အနေအထားတွင် ရုံး၊ ကျောင်းတို့၌ သုံးသည်။ ကျောင်းတွင်းနာမည်၊ ဘွဲ့နှင်းသဘင်နှင့် ဘွဲ့လက်မှတ်တွင် သုံးသော နာမည် . . . စသဖြင့် တွေ့နိုင်သည်။ မိဘကလည်း မိမိတို့သမီးကို ချစ်ခင်လေးစားမှု၊ ဂုဏ်တင်မှု၊ ယဉ်ကျေးမှုကို ဖော်ပြသည့်သဘောဖြင့် 'မ'တပ်၍ ခေါ်တတ်ကြသည်။ ဆရာသမားများကလည်း ထိုသဘောပင် ဖြစ်သည်။ အသက်ငယ်သူတို့က 'မ' ကို နှစ်လုံးဆင့်၍ 'မမ' ပြုကာ 'မမဝါ၊ မမဖြူ' စသဖြင့် ခေါ်ခြင်းသည်လည်း ဤသဘောကို ပို၍အလေးအနက်ပြုခြင်းပင် ဖြစ်သည်။ အမျိုးသမီးနာမည်ရှေ့ဆက်ကို ပို၍အရင်းခံကျကျ သုံးမည်ဆိုပါက 'မ' သာ တပ်သုံးကြောင်း တွေ့နိုင်သည်။

အသက်အရွယ်ကြီးသော အမျိုးသမီးနာမည်များရှေ့တွင် 'ဒေါ်' တပ်၍ သုံးကြသည်။ ယဉ်ကျေးသောအားဖြင့် သုံးခြင်း ဖြစ်သည်။ ဒုတိယအရင်းခံကျသော နာမည်ညွှန်းခေါ်စကားဟု ဆိုနိုင်သည်။ အသက်ကြီးသူ၊ ဂုဏ်ကြီးသူတို့ကို 'ဒေါ်' တပ်ခေါ်သည်။ ဒေါ်ကြီး၊ ဒေါ်လေးအရွယ် ဖြစ်၍ 'ဒေါ်' ကို ရှေ့ကတပ်ခေါ်ခြင်း ဖြစ်သည်ဟု အဓိပ္ပာယ်ကောက်ယူနိုင်သည်။ ထို့ကြောင့် 'ဒေါ်ဒေါ်' ဟု ခေါ်ခြင်းသည်လည်း ယဉ်ကျေးလေးစားမှုကို ပိုမိုပြသညွှန်းခေါ်ခြင်းဟု ဆိုနိုင်သည်။

## ၁၊ ၂၊ ၃။ ဆွေမျိုးစပ်ဝေါဟာရ နာမည်ညွှန်းခေါ်ပုံနှင့် ဆက်ဆံရေး

မြန်မာလူနာမည်များရှေ့တွင် မြန်မာဆွေမျိုးစပ်ဝေါဟာရ နာမည်ညွှန်းခေါ်ပုံနှင့် ဆက်ဆံရေးမှာ မြန်မာတို့၏ ထူးခြားသော ဓလေ့သုံးဘာသာစကားနှင့် လူမှုအဆက်အစပ် ဖြစ်သည်။

အမျိုးသားနာမည်ရှေ့က 'အဘိုး၊ ဖိုးဖိုး၊ ဖိုးဖိုးကြီး၊ ဘဘ၊ အဘ၊ ဘကြီး၊ ဘဘကြီး၊ ဦးဦး၊ ဦးလေး၊ လေးလေး၊ အန်ကယ်၊ ကိုကို၊ အစ်ကို၊ အစ်ကိုကြီး၊ ကိုကြီး၊

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၀၁၊ ၁၀၇။

ကိုလေး၊ ညီညီ၊ ညီလေး၊ မောင်မောင်၊ မောင်လေး၊ သား၊ သားသား၊ ဖိုးသား' စသော ဆွေမျိုးစပ်ဝေါဟာရများ တွဲလျက် နာမည်ညွှန်းခေါ်ပုံနှင့် လူမှုဆက်ဆံရေးမှာ စိတ်ဝင်စားဖွယ်ကောင်းသည်။ ယင်းဆွေမျိုးစပ်ဝေါဟာရများနှင့် နာမည်ကို ပေါင်းခေါ်ရာတွင် နာမည်အပြည့်အစုံဖြစ်စေ၊ တစ်လုံးတည်း အဖျားဆွတ်၍ဖြစ်စေ၊ နာမည်တစ်လုံးလုံးကို လုံးထပ်ပြု၍ဖြစ်စေ ပေါင်းခေါ်ကြသည်။ သာဓက–

အဘိုးထိန် . . . နေကောင်းလား။
ဖိုးဖိုးသာ . . . ဥပုသ်စောင့်သွားတယ်။
ဘဘဝင်း ဒီနေ့မလာဘူး။
ဘကြီးအောင် ညာတယ်။
ဦးဦးစော ကားလာယူတယ်။
ဦးလေးထွန်းထွန်းက ရယ်ရတယ်။
လေးလေးကျော် မလာဘူး။
အန်ကယ်ဦးမြက ပိန်တယ်။
ကိုကိုအေးက သဘောကောင်းတယ်။
အစ်ကိုမြင့်က စကားနည်းတယ်။
ကိုလေးသာချို က စိတ်တိုတတ်တယ်။
ကိုကြီးသက် နေမကောင်းဘူး။
ညီညီဇော်လင်းမောင် ကျောင်းတက်တယ်။
ညီလေးညိုထွေး ကစားနေတယ်။
မောင်လေးညဏ်ညဏ် သိပ်ဆော့တယ်။
သားမောင်မိုးထက်က ထူးချွန်တယ်။
ဖိုးသားထူးအောင် ဒီနေ့မလာဘူး။

အထက်ပါ သာဓကများကဲ့သို့ ညွှန်းခေါ်ခြင်းသည် ရိုသေလေးစားမှု၊ ယဉ်ကျေးမှု၊ ချစ်ခင်ကြင်နာမှု၊ နှစ်လိုမှုသဘောများ သက်ဝင်နေပါသည်။ ဤတွင် ဆွေမျိုးစပ်ဝေါဟာရနှင့်တွဲသော နာမည်တွင် ဦး၊ မောင် စသော ရှေ့ဆက်များ ထည့်ခေါ်ခြင်းမျိုးလည်း တွေ့နိုင်သည်။ ပိုမိုယဉ်ကျေးရာရောက်သည့် သဘောဖြစ်သည်။

အမျိုးသမီးနာမည်ရှေ့ဆက်တွင်လည်း 'အဖွား၊ ဖွားဖွား၊ အမေ၊ မေမေ၊ ကြီးကြီး၊ ဒေါ်ကြီး၊ ဒေါ်ဒေါ်၊ ဒေါ်လေး၊ မမ၊ မမကြီး၊ မမလေး၊ ညီမ၊ ညီမကြီး၊ ညီမလေး . . .' စသော ဆွေမျိုးစပ်ဝေါဟာရများ တွဲလျက် နာမည်ညွှန်းခေါ်ကြသည်။ ဤတွင် နာမည်ရှေ့၌ ရှေ့ဆက် ထည့်သည်လည်း ရှိသည်။ ရှေ့ဆက်မထည့်ဘဲလည်း ခေါ်တတ်ကြသည်။

အဖွားလှ နေကောင်းလား။

ဖွားဖွားချော ဘယ်သွားမလို့လဲ။

အမေစု ကျန်းမာပါစေ။

မေမေမြ မပါဘူးလား။

ကြီးကြီးခင် ထမင်းစားပြီးပြီလား။

ဒေါ်ကြီးရွှေ အိပ်ရာနိုးပြီလား။

ဒေါ်ဒေါ်ခ ဘာသုံးဆောင်မလဲ။

ဒေါ်လေးမေ ဘယ်ဟာဝတ်မလဲ။

မမစောမေ သိပ်လှတယ်။

မမကြီးငွေငွေ ဝလာတယ်။

မမလေးအေးအေး ပိန်သွားတယ်။

ညီမရွှေရည် အသားဖြူလာတယ်။

ညီမလေးကြည်သိန်း ကျန်းမာရဲ့လား။

အထက်ပါ သာဓကကဲ့သို့ ညွှန်းခေါ်ခြင်းများသည် အသက်အရွယ်ပေါ်တွင် မူတည်သကဲ့သို့ ရင်းနှီးမှု၊ အကျွမ်းတဝင်ရှိမှု၊ လေးစားရိုသေမှုများပေါ်တွင်လည်း မူတည်သည်။

အရပ်ဒေသကိုလိုက်၍ ဆွေမျိုးစပ်ဝေါဟာရ အခေါ်ကွဲပြားတတ်သည်။ အထက်အညာအရပ်များတွင် ဖခင်ထက်ကြီးသော အမျိုးသားဆွေမျိုးများကို 'ဘကြီး' အမျိုးသမီးဆွေမျိုးများကို 'ဒေါ်ကြီး၊ ဒေါ်ဒေါ်' ဟု ခေါ်ကြသည်။ မိခင်ထက် ကြီးသော အမျိုးသားဆွေမျိုးကိုကား 'အရီးကြီး'၊ အမျိုးသမီးဆွေမျိုးကို 'ဒွေးကြီး' ဟု ခွဲခွဲခြားခြား ခေါ်ကြသည်။ ဖခင်ထက်ငယ်သော အမျိုးသားဆွေမျိုးကို 'ဘထွေး (ပထွေး၊ ပထွေးလေး)' ဟု ခေါ်ကြပြီး အမျိုးသမီးဆွေမျိုးကို 'ဒေါ်လေး' ဟု ခေါ်ကြသည်။ မမှားအောင်လည်း သတိပြု၍ မှန်မှန်ကန်ကန် ခေါ်နိုင်ကြသည်။ ဤတွင် 'ပထွေး'မှာ

အမေ၏နောက်အိမ်ထောင်ဟုသာ နားလည်ကြသော အောက်အရပ်တွင် နားလည်မှု တစ်မျိုး ဖြစ်တော့သည်။ မိခင်ထက်ငယ်သော အမျိုးသားဆွေမျိုးကို 'အရီးလေး' ခေါ်ပြီး အမျိုးသမီးဆွေမျိုးကို 'ဒွေးလေး' ခေါ်ကြသည်။ ယခုအခါ အောက်အရပ် တွင်ကား အဖေ အမေထက် ကြီးသူကို 'ဘဘ၊ ဘကြီး၊ ကြီးကြီး' ဟု ခေါ်ပြီး အဖေ အမေထက် ငယ်သူကို 'ဦးလေး၊ ဦးဦး၊ အန်ကယ်၊ အန်တီ၊ ဒေါ်ဒေါ်' ဟုသာ အခေါ်များတော့သည်။

မြန်မာတို့သည် ဆွေမျိုးစပ်ဝေါဟာရနှင့် နာမည်တွဲ၍ ညွှန်းခေါ်ရာတွင် အသက်အရွယ် ဂါရဝတရား ဝယဝုဒ္ဓိဂုဏ်ကို အလေးထား၍ ဆွေမျိုးတော်သည်ဖြစ်စေ၊ မတော်သည်ဖြစ်စေ ညွှန်းခေါ်တတ်ကြသည်။ အိမ်ထောင်ရှိသူများက ယောက္ခမတို့ကို အမေ၊ အဖေ ဟုပင် ခေါ်ကြသည်။ ဆွေမျိုးတော်စပ်ခြင်း မရှိသော်လည်း ဘကြီး အရွယ်ကို ဘကြီး၊ အမေအရွယ်ကို အမေ၊ အဒေါ်အရွယ်ကို အဒေါ်၊ ဦးလေးအရွယ်ကို ဦးလေး၊ အစ်ကိုအရွယ်ကို အစ်ကို၊ အစ်မအရွယ်ကို အစ်မ စသဖြင့် ရင်းရင်းနှီးနှီး ခေါ်တတ်ကြသည်။ နှစ်နှစ်လိုလို ဆက်ဆံတတ်ကြသည်။ အကျွမ်းတဝင် ပြုတတ် ကြသည်။ ဖက်လှဲတကင်း ရှိကြသည်။ ခြွင်းချက်အနေဖြင့် အမေအရွယ်ကို အမေ ဟု အခေါ်များသော်လည်း အဖေအရွယ်ကို အဖေ ဟု ခေါ်ခြင်းမှာမူ အခေါ်နည်းပြီး ကန့်သတ်ချက် ရှိနေသည်ကို တွေ့ရသည်။ တဖန် သားသမီးအရွယ်ကို သား၊ သမီး၊ တူ၊ တူမအရွယ်ကို တူ၊ တူမ၊ မြေးအရွယ်ကို မြေး ခေါ်ရာမှ မည်သည့်အရွယ်ကိုမဆို သား၊ သမီး ဟုသာ အခေါ်တွင်ကျယ်လာသည်ကို တွေ့ရပါသည်။

ဤသည်မှာ ဆွေမျိုးစပ်ဝေါဟာရနှင့် နာမည်ညွှန်းခေါ်ပုံနှင့် မြန်မာ့လူမှု ဆက်ဆံရေး၏ အနှစ်သာရ ဖြစ်သည်။ ထူးခြားသော မြန်မာဘာသာစကား အသုံး အနှုန်း ဝိသေသဟုလည်း ဆိုနိုင်သည်။ မြန်မာတို့၏ နှလုံးသား၊ မြန်မာတို့၏ ယဉ်ကျေးမှုကို မြန်မာနာမည်အသုံးအနှုန်းများက ဖော်ကျူးပြသနိုင်ခြင်း ဖြစ်သည်။

## ၁၊ ၂၊ ၄။ ဂုဏ်ပုဒ်နာမည်ညွှန်းခေါ်ပုံနှင့်ဆက်ဆံရေး

မြန်မာတို့သည် နာမည်ညွှန်းခေါ်ရာတွင် နာမည်ရှေ့တွင် 'ဦး၊ ကို၊ မောင်၊ ဒေါ်၊ မ၊ မိ' စသော ရှေ့ဆက်မျိုးသာမက အသက်မွေးမှုဆိုင်ရာ ဂုဏ်ပုဒ်နှင့် ရာထူး၊ အဆင့်ဆိုင်ရာ ဂုဏ်ပုဒ်များတွဲလျက် နာမည်ညွှန်းခေါ် ဆက်ဆံတတ်ကြသည်။ နာမည် ရှေ့ဆက်ဂုဏ်ပုဒ်များကို ဝယဝုဒ္ဓိဂုဏ်အရ သက်ကြီး၊ သက်လတ်၊ သက်ငယ် ခွဲခြားသုံးခြင်းကို ယေဘုယျအားဖြင့် ပြုတတ်ကြသော်လည်း ညွှန်းခေါ်သူ အသုံးပြုမှု ပေါ်တွင်သာ မူတည်ပါသည်။

အသက်မွေးမှုဆိုင်ရာဂုဏ်ပုဒ်နှင့် နာမည်တွဲ၍ ညွှန်းခေါ်ပုံများမှာ 'ဆရာမဒေါ်စံပယ်၊ ဆရာလေးဦးကျော်ကျော်၊ ဆရာမလေးဒေါ်သီဂီ၊ ဆရာကြီးဦးချို၊ ဆရာမကြီးဒေါ်အုန်း၊ ကားဆရာကိုဘသောင်း၊ ရဲသားကြီးကိုလှရွှေ၊ ဆိုင်းဆရာစိန်စတင်း၊ ဒေါက်တာမြတ်သုခ' စသဖြင့် ညွှန်းခေါ်ခြင်းမျိုး ဖြစ်သည်။

ရာထူး၊ အဆင့်ဆိုင်ရာ ဂုဏ်ပုဒ်များနှင့်တွဲသော နာမည်ညွှန်းခေါ်ပုံများမှာ ဗိုလ်ချုပ်အောင်ဆန်း၊ ဝန်ကြီးချုပ်ဦးနု၊ သက်တော်စောင့်မောင်အုန်း၊ သမ္မတကြီးဦးဝင်းမြင့်၊ နိုင်ငံတော်အတိုင်ပင်ခံဒေါ်အောင်ဆန်းစုကြည်၊ ပါမောက္ခဦးဇမောင် . . . စသည်ဖြင့် ညွှန်းခေါ်ခြင်းမျိုး ဖြစ်သည်။

ဂုဏ်ပုဒ်နှင့်နာမည်ညွှန်းခေါ်ရာတွင် အသက်မွေးမှု၊ ရာထူး၊ အဆင့်နောက်က နာမည် ရှေ့ဆက်လိုက်၍ 'ဒါရိုက်တာကြီးဦးသုခ၊ သံအမတ်ကြီးဦးသက်ထွန်း' ဟု ညွှန်းခေါ်ပုံမျိုးလည်း ရှိသည်။ 'ပါမောက္ခဒေါက်တာဦးဖေ' ဟူ၍ ရာထူး၊ အသက်မွေးမှု၊ နာမည်ရှေ့ဆက်နှင့် နာမည်တွဲ၍ ညွှန်းခေါ်ခြင်းမျိုးလည်း ရှိသည်။ ရာထူး၊ ဂုဏ်ထူး၊ အသက်မွေးမှု၊ နာမည်ရှေ့ဆက်နှင့် နာမည်တွဲလျက် 'ပါမောက္ခချုပ် ဆရာကြီးဒေါက်တာဦးမောင်မောင်ခ' ဟု ညွှန်းခေါ်ခြင်းမျိုးလည်း ရှိသည်။

ဂုဏ်ပုဒ်နှင့် နာမည်ညွှန်းခေါ်ပုံများသည် မြန်မာဘာသာစကားနှင့် မြန်မာ့လူ့အဖွဲ့အစည်း အကြားရှိ ယဉ်ကျေးမှုသဘော၊ ဂါရဝနိဝါတသဘော၊ ရိုသေလေးစားမှုသဘော၊ ဦးခိုက်ရိုကျိုးသည့်သဘော၊ မိမိကိုယ်ကိုနှိမ့်ချ၍ မိမိညွှန်းခေါ်သူကို ဂုဏ်တင်မြတ်နိုးသည့်သဘောများကို ထင်ရှားသိသာစေသည်။

## ၁၊ ၃။ နာမည်ညွှန်းခေါ်ပုံနှင့်စိတ်ခံစားမှု

မြန်မာလူနာမည်ညွှန်းခေါ်ပုံစနစ် ထွေပြားသိမ်မွေ့သည်ဆိုရာတွင် 'စိတ်ခံစားမှု' လည်း တစ်ပိုင်း ပါဝင်သည်။

> "အချို့မိဘများသည် မိမိတို့သားများအား မောင်ဘသန်း၊ မောင်ဘရင် စသည်ဖြင့် မောင် တပ်ခေါ်ပြီး သူတပါး၏ သားများအား ဘသန်း၊ ဘရင် စသည်ဖြင့် ခေါ်ကြခြင်းများ"[၁]

ရှိသည်။

> "အချို့မိဘများသည် နှုတ်ကျိုးနေသဖြင့် အမှတ်မဲ့ခေါ်ခြင်း ဖြစ်နိုင်ပါ၏။ သို့ရာတွင် ကိုယ့်သားများကို မောင် တပ်ခေါ်ဖို့

---

[၁] ရွှေဥဒေါင်း၊ ၁၉၆၈၊ ၁၈၁။

> နှုတ်ကျိုးတတ်ပြီး သူတပါး၏သားကိုမှ အသားလွတ်ခေါ်ခြင်းကို ကျွန်ုပ်ခွင့်မလွှတ်နိုင်ချေ"[၁]

ဟု ဆရာကြီးရွှေဥဒေါင်းက မိန့်ဆိုခဲ့သည်။

> "ကျွန်ုပ်၏မိဘများမှုကား ကျွန်ုပ်အား ဖေသိန်း ခေါ်သော်လည်း အခြားကျောင်းသားများအား မောင် တပ်၍ ခေါ်လေ့ရှိ၏။ ကျွန်ုပ် အလွန်ကျေနပ်သည်။"[၂]

ဟု ဆရာကြီးက ဆိုသည်။ မြန်မာ့လူမှုလောကတွင် ဆရာကြီးရွှေဥဒေါင်း ကျေနပ်ရသော မိဘဆွေမျိုး များပြားသကဲ့သို့ ဆရာကြီး ခွင့်မလွှတ်နိုင်ချင်စရာ မိဘမျိုးလည်း မနည်းချေ။ ထို့ကြောင့် နာမည်ညွှန်းခေါ်ပုံသည် ခေါ်သူနှင့် အခေါ်ခံရသူတို့၏ စိတ်ခံစားမှုနှင့်လည်း စပ်ဆိုင်နေပါသည်။

မိမိထက် အသက်များစွာကြီးသူ သို့မဟုတ် မည်သူ့ကိုမဆို 'င၊ မိ' တပ်ပြီး နာမည်သုံးလျှင် ထိုသူကို အလွန်ဒေါသဖြစ်နေကြောင်း၊ မနှစ်သက်မကျေနပ်ကြောင်း၊ စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း စသည့် မကောင်းသော စိတ်ခံစားမှုများကို ဖော်ပြသကဲ့သို့ ရှိနေပါသည်။

ကလေးသူငယ်နာမည်များကို 'ဦး၊ ဒေါ်' တပ်ပြီး 'ဦးညဏ်ထက်ကလည်း တယ်ကဲတာကိုး'၊ 'ဒေါ်အိမ့်ချစ်က တော်တော်ကြိုက်တယ်တဲ့လား' စသည်ဖြင့် ညွှန်းခေါ်လျှင် ချစ်ခင်မှုဖြင့် ကျီစယ်သည့်သဘောဖြစ်ကြောင်း 'ဦး၊ ဒေါ်' ရှေ့ဆက်များ မတော်မတည့်သုံးခြင်းက ဖော်ပြနေပါသည်။

နာမည်ကို အဖျားဆွတ်ခေါ်ခြင်းမျိုးကို အမျိုးသမီးနာမည်ရော၊ အမျိုးသား နာမည်မှာပါ တွေ့ရသည်။ 'မခင်မျိုးကြူ'ကို 'ကြူ' ဟု ခေါ်ခြင်းမျိုး၊ 'မောင်နေမျိုးကျော်'ကို 'ကျော်' ဟု ခေါ်ခြင်းမျိုး ဖြစ်သည်။ လုံးထပ်ပြု၍ 'ကြူကြူ၊ ကျော်ကျော်' ဟု ခေါ်ခြင်းမျိုးလည်း ရှိသည်။

နာမည်နောက်က 'ကြီး၊ လေး' ထည့်၍ခေါ်ခြင်းလည်း ပြုတတ်သည်။ 'ချိုချိုအောင်' ကို 'အောင်ကြီး'၊ 'မောင်နိုင်ဝင်း' ကို 'နိုင်ကြီး' ခေါ်ခြင်းမျိုး၊ 'မစံပယ်' ကို 'စံပယ်လေး'၊ 'ကိုဇော်မျိုး' ကို 'မျိုးလေး' ဟု ခေါ်ခြင်းမျိုး ဖြစ်သည်။ ခေါ်သူနှင့် အခေါ်ခံရသူတို့၏ ချစ်ခင်သောစိတ်ခံစားမှုကို မြင်သာစေသော နာမည်ညွှန်းခေါ်ပုံများ ဖြစ်သည်။

---

[၁] ရွှေဥဒေါင်း၊ ၁၉၆၈၊ ၁၈၁။

[၂] ရွှေဥဒေါင်း၊ ၁၉၆၈၊ ၁၈၁။

ချစ်ခင်ရင်းနှီးမှုဖြင့် 'ကျော်ကျော်၊ စံပယ်လေး' ခေါ်နေရာမှ စိတ်ခံစားမှု ပြောင်းသွားသည့်အခါ 'ငကျော်၊ မိစံပယ်' စသည်ဖြင့် ပြောင်းလဲညွှန်းခေါ်လေ့ ရှိကြသည်ကိုလည်း တွေ့ရှိရပါသည်။ လက်ရှိစိတ်ခံစားမှုကို မြင်သာထင်ရှားစေသော နာမည်ညွှန်းခေါ်ပုံပင် ဖြစ်ပါသည်။

ထို့ပြင် ပြောသူက မိမိကိုယ်ကို–

'အသက် က ဂရုစိုက်ပါတယ်။

ချိုသဲ က အချစ်ကြီးလို့ပါ။

မိမာတို့ကတော့ လုပ်ထည့်လိုက်ပြန်ပြီ။'

စသည်ဖြင့် 'အသက်၊ ချိုသဲ၊ မိမာ' ဟု နာမည်ညွှန်းခေါ်ပုံများသည် ပြောသူက ကြားနာသူတို့အပေါ်ထားသော စိတ်ခံစားမှုကို ထင်ဟပ်ပြနိုင်သည်။

ယခင်က ရင်းနှီးကျွမ်းဝင်သော ဆက်ဆံရေး ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လက်ရှိ စိတ်ခံစားမှုအပေါ်မူတည်၍ နာမည်ညွှန်းခေါ်ပုံများ ပြောင်းလဲသွားတတ်သည်။ မိဘနှင့်သားသမီးပင်ဖြစ်စေ စိတ်ခံစားမှုအပေါ်မူတည်၍ နာမည်ညွှန်းခေါ်ပုံများက ပြောင်းလဲနေသည်။ မိခင်၊ ဖခင်တို့က သားသမီးတို့ကို မိမိတို့စိတ်တိုင်းကျသည့်အခါ 'သား၊ ဖိုးသား၊ သမီး၊ မီးမီး' ဟု ညွှန်းခေါ်ကြသော်လည်း သားသမီးများက ဆိုးသွမ်း၍ စိတ်တိုင်းမကျသည့်အခါ 'ဟိုကောင်လေးရော၊ ဒီကောင်မလေးကတော့' စသဖြင့် ပြောင်းလဲညွှန်းခေါ်လေ့ရှိကြသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် နာမည်ညွှန်းခေါ်ပုံနှင့် စကားအဆက်အစပ်က ခေါ်သူနှင့် အခေါ်ခံရသူတို့၏ စိတ်ခံစားမှုကို ထင်ဟပ်ပြနိုင်သည်ဟု ဆိုနိုင်ပါသည်။

## ခြုံငုံသုံးသပ်ချက်

မြန်မာ့လူ့ဘောင်သုံး နာမည်ညွှန်းခေါ်ပုံများကို ခြုံကြည့်လျှင် ပုံမှန်အားဖြင့် အရင်းခံအကျဆုံးမှာ 'မောင်' နှင့် 'မ' ဖြစ်သည်။ အသက်အရွယ်နှင့် ဂုဏ်အရ 'ဦး' နှင့် 'ဒေါ်' သို့ ပြောင်းသုံးခြင်းသည် ဒုတိယအရင်းခံအကျဆုံး ဖြစ်သည်။ 'မောင်' နှင့် 'မ' ရှေ့ဆက်အရင်းခံကိုသာ နှစ်နှစ်သက်သက် ခုံခုံမင်မင်ဖြင့် သေတပန်သက်တစ်ဆုံး စွဲသုံးကြသော အလေ့လည်း ရှိသည်။

ထို့ပြင် လေးစားထိုက်သော အဆင့်အတန်းရှိလျှင် အသက်ပင်ငယ်စေကာမူ ရှေ့ 'ဦး၊ ဒေါ်' တပ်မြဲ ဖြစ်သည်။ ကျောင်းဆရာ၊ ဆရာမများ၊ ရုံး အရာရှိကြီးငယ်များ ရှေ့က 'ဦး၊ ဒေါ်' တို့သည် အသက်အရွယ်နှင့်မဆိုင်ပဲ ဂုဏ်အဆင့်အတန်းနှင့် ဆိုင်ပါ

သည်။ မြန်မာနာမည်ညွှန်းခေါ်စကားများသည် ပုံမှန်အားဖြင့် အသက်အရွယ်အလိုက် သုံးသော စကားလုံးများ ဖြစ်ကြသော်လည်း အသက်ကြီးခြင်း ငယ်ခြင်းသဘောသည် ရွှေ့လျားနေသည့်အတွက် ထိုစကားလုံးအသုံးများလည်း ရွှေ့လျားနေပါသည်။ 'မောင်ဘဖေ' ဆိုသူကို မိဘက 'မောင်ဘဖေ' ဟု ညွှန်းခေါ်သော်လည်း ရွယ်တူတို့က 'ကိုဘဖေ၊ ကိုရင်ဘဖေ' ဟု ညွှန်းခေါ်ပါမည်။ ရုံးတွင်၊ အခမ်းအနားတွင် 'ဦးဘဖေ' ဟု ခေါ်ပါလိမ့်မည်။ ထို့အတူ 'မမြမေ' ကိုလည်း မိဘနှစ်ပါးက 'မမြမေ' ဟု ခေါ်သော်လည်း သူငယ်ချင်း အချင်းချင်းက 'ရွှေမြ၊ မိမြ၊ မယ်မြ၊ မမြ' ဟု ခေါ်နိုင်သည်။

ထို့ကြောင့် မြန်မာနာမည်ရှေ့ဆက်အသုံးများကို အသက်အရွယ်ဖြင့် ပုံသေ သတ်မှတ်၍ မရနိုင်ပါ။ ရင်းနှီးကျွမ်းဝင်မှုအတိုင်းအတာအရလည်း အသုံးသိမ်မွေ့ လှသည်။ သို့ဖြင့် မြန်မာနာမည်ရှေ့ဆက်များနှင့် နာမည်ညွှန်းခေါ်ပုံမှာ မြားမြောင် ထွေပြားပြီး မြန်မာ့လူမှုနယ်ပယ်တွင် အသုံးသိမ်မွေ့သဖြင့် အလွန်စိတ်ဝင်စားဖွယ် ကောင်းပါသည်။ မြန်မာဘာသာစကားတွင် နာမည်ရှေ့ဆက်များ ဝေဝေဆာဆာ ရှိခြင်းသည် မြန်မာဘာသာစကား၏ တစ်မူထူးခြားသော သွင်ပြင်လက္ခဏာအဖြစ် ထင်ရှားပေါ်လွင်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

ဤစာတမ်းတွင် မြန်မာနာမည်ညွှန်းခေါ်ပုံ ရှေ့၊ လယ်၊ နောက် ခွဲခြား အသုံးပြုမှုသည် စကားအဓိပ္ပာယ်ဦးစားပေးမှုကို ကွဲပြားစေကြောင်း တွေ့နိုင်သည်။ နာမည်ရှေ့ဆက်များမှာလည်း အမျိုးသား၊ အမျိုးသမီးနာမည်ရှေ့ဆက်များ ကွဲပြား ခြားနားရုံမက ရှေ့ဆက်အမျိုးမျိုး ထွေပြားကြောင်း တွေ့နိုင်သည်။ ရှေ့ဆက်များသည် ခေတ်ကာလအလျောက် ကွဲပြားသည်။ ရှေးသုံး၊ ဓလေ့သုံး၊ ခေတ်သုံး၊ အရပ်သုံး စသဖြင့် ကွဲပြားသည်။ အသုံးအဓိပ္ပာယ်မှာလည်း ခေတ်ကိုလိုက်၍ လည်းကောင်း၊ အသုံးပြုသူ၏ အနေအထားကိုလိုက်၍ လည်းကောင်း အမျိုးမျိုးကွဲပြားသည်ကို တွေ့နိုင်သည်။ နာမည်ညွှန်းခေါ်ပုံမှာ ခေါ်သူ၏ နှိမ့်ချမှု၊ ချစ်ခင်မှု၊ လေးစားမှု၊ ရိုသေမှု၊ ယဉ်ကျေးမှု၊ မြတ်နိုးမှု၊ ကြင်နာမှု၊ ကိုယ်ချင်းစာမှု၊ စေတနာထက်သန်မှုတို့ကို တွေ့နိုင်သကဲ့သို့ ရင့်သီးမှု၊ ရိုင်းပျမှု၊ မကျေနပ်မှု၊ မနှစ်မြို့မှု၊ ဒေါသကြီးမှု စသည်တို့ကိုလည်း တွေ့နိုင်သည်။ ထို့ကြောင့် ခေါ်သူနှင့်အခေါ်ခံရသူတို့၏ ဆက်ဆံရေးမှာ ရင်းနှီးကျွမ်းဝင်မှု အခြေအနေ၊ အေးချမ်းသာယာမှု အခြေအနေ၊ မင်္ဂလာရှိမှု အခြေအနေများ သိသာသကဲ့သို့ မပြေမလည်ဖြစ်မှု၊ တင်းမာမှု အခြေအနေများကိုလည်း တွေ့နိုင်သည်။ မြန်မာဘာသာစကားရှိ နာမည်ညွှန်းခေါ်ပုံများမှာ ထွေပြားများပြားသည့် အလျောက် ခေါ်သူနှင့် အခေါ်ခံတို့ကြားရှိ စိတ်ခံစားမှုနှင့် ဆက်ဆံရေးအခြေအနေ အရပ်ရပ်ကို ကွဲပြားစွာ ဖော်ပြတတ်သည်။

မြန်မာနာမည်ညွှန်းခေါ်ပုံများသည် အသုံးပြုပုံ သိမ်မွေ့နက်နဲသည်ဟု ဆိုနိုင်သည်။ ဘာသာစကားတွင် စနစ်တကျ အသုံးချမှသာ မှန်ကန်ထိရောက်သော အနက်အဓိပ္ပာယ်ကို ဆောင်နိုင်မည်။ ထို့ကြောင့် မြန်မာနာမည်ညွှန်းခေါ်ပုံများကို စနစ်တကျ မှန်မှန်ကန်ကန် အသုံးပြုခြင်းဖြင့် မြန်မာဘာသာစကားအကျိုးကို ခံယူနိုင်ကြလျက် မြန်မာ့လူ့ဘောင်ဆက်ဆံရေး အခြေအနေကောင်းများ ဖန်တီးသက်ရောက်နိုင်စေမည် ဖြစ်ပါသည်။ မြန်မာနာမည်ညွှန်းခေါ်ပုံမှာ ခေတ်ကာလအလျောက် အသုံးရွှေ့လျား တတ်သောကြောင့် အနက်အဓိပ္ပာယ်လည်း ပြောင်းလဲတတ်ပါသည်။ ထို့ကြောင့် သက်ရောက်သော လူမှုအခြေအနေလည်း ပြောင်းလဲနိုင်ပါသည်။ ထို့ကြောင့် ဘာသာစကားရေစီးကြောင်းတွင် မျက်ခြည်မပြတ် လေ့လာသင့်သည်ဟု ထင်မြင် မှတ်ယူမိပါသည်။

## နိဂုံး

မြန်မာနာမည်ညွှန်းခေါ်ပုံနှင့် မြန်မာ့လူမှုဆက်ဆံရေးကို သုတေသနပြု လေ့လာခြင်းဖြင့် ဘာသာစကား စစ်ဆေးအကဲဖြတ်မှု ကဏ္ဍတစ်ရပ်ကို ဆောင်ရွက်နိုင်ပြီး ဘာသာစကား၏ ပင်ကိုသွင်ပြင်လက္ခဏာတစ်ရပ်ကို ဖော်ထုတ်ထားခြင်း ဖြစ်ပါသည်။ ထိုသို့ဖော်ထုတ်ထားသည့်အတွက် ဤစာတမ်းသည် မြန်မာဘာသာစကား ပြောဆိုရေးသားမှု၊ လေ့လာသင်ယူမှုတို့တွင် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

# ကျမ်းကိုးစာရင်း

## မြန်မာဘာသာ


ကြန်၊ **ဒေါ်၊** နှင့် ရီရီ၊ **ဒေါက်တာ**။ (၂၀၀၇)။ ***ရွှေတိဂုံစေတီတော်ကြီးမှကြေးအုတ်များ*** ။ ရန်ကုန်၊ သမိုင်းသုတေသနဦးစီးဌာန။

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၁၉၉၇)။ ***စကားသမုဒ္ဒရာ စာသမုဒ္ဒရာ*** ။ ရန်ကုန်၊ တက်လမ်းစာပေ။

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၀၁)။ ***တစ်သံ နှစ်သံ သုံးလေးသံ*** ။ ရန်ကုန်၊ ရှုဝံစာပေ။

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၃)။ ***ဘာသာနှင့်စာပေ၊ စာပေနှင့်ဘာသာ***။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည် စာပေ။

ခင်အေး၊ **ဒေါက်တာ**၊ နှင့် အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၁၀)။ ***သုတေသနအခြေခံသုတေသနပုံစံ***၊ (ဒုကြိမ်)။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။

ငြိမ်းမောင်၊ **ဦး**။ (၁၉၇၂)။ ***ရှေးဟောင်းမြန်မာကျောက်စာများ (ပထမတွဲ)***။ ရန်ကုန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန။

ငြိမ်းမောင်၊ **ဦး**။ (၁၉၈၂)။ ***ရှေးဟောင်းမြန်မာကျောက်စာများ (ဒုတိယတွဲ)***။ ရန်ကုန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန။

ငြိမ်းမောင်၊ **ဦး**။ (၁၉၈၃)။ ***ရှေးဟောင်းမြန်မာကျောက်စာများ(တတိယတွဲ)***။ ရန်ကုန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန။

ငြိမ်းမောင်၊ **ဦး**။ (၁၉၉၈)။ ***ရှေးဟောင်းမြန်မာကျောက်စာများ (စတုတ္ထတွဲ)***။ ရန်ကုန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန။

ငြိမ်းမောင်၊ **ဦး**။ (၁၉၉၈)။ ***ရှေးဟောင်းမြန်မာကျောက်စာများ (ပဉ္စမတွဲ)***။ ရန်ကုန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန။

စိန်ဝင်း(လူထု–)။ (၂၀၀၆)။ ***နန်းစကား မန်းစကား မြန်မာတို့ရဲ့မြန်မာစကား***။ ရန်ကုန်၊ လင်းဦးစာပေ။

ဒလဘန်း။ (၂၀၁၃)။ ***အဘဘဝ အဘအကြောင်း တစေ့တစောင်း***(ဒုကြိမ်)။ ရန်ကုန်၊ နဝဒေးစာပေ။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန်***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

***မှန်နန်းမဟာရာဇဝင်တော်ကြီး၊ သုံးတွဲပေါင်း***။ (၂၀၀၈)။ ရန်ကုန်၊ သီဟရတနာစာပေ။

ရန္တမိတ်ကျော်ထင်။ (၁၉၆၅)။ ***ရေစကြိုခုံတော်ဖြတ်ထုံး***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ရွှေဥဒေါင်း၊ **ဆရာကြီး**။ (၁၉၆၈)။ ***တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ***။ ရန်ကုန်၊ အလိမ္မာစာပေ။

သန်းဆွေ၊ **ဒေါ်**။ (၁၉၈၀)။ ***မြန်မာဘာသာစကား မြန်မာကျောက်စာ စာတမ်းဆောင်းပါး***။ ရန်ကုန်၊ ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၀၃)။ ***လူမှုဘာသာဗေဒမိတ်ဆက်*** ။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

အောင်မြင့်ဦး၊ **ဒေါက်တာ**။ (၂၀၀၅)။ ***လူမှုဘာသာဗေဒသဘောတရား***။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

## အင်္ဂလိပ်ဘာသာ

Central Intelligence Agency. (1961). ***Burmese personal name***. Washinton, D.C.

Lwin Lwin Soe, Ma. (1994). ***Myanmar Terms of Address***.Unpublished; Master of Arts Linguistics dissertion, University Yangon.

## အင်တာနက်အကိုးအကား

Ba Kaung, Maung. (2008, July 14). ***Myanmar(Burmese) Names or Our Custom***. Retrieved July 3, 2013, from http://bakaung.blogspot.com/2008/07/myanmar burmese-names-or-our-custom-Maung Ba Kaung: Myanmar(Burmese)Names or Our Custom

Wikipedia. (2013, September 20). ***Personal name***. Retrieved October 1, 2013, from http://en.wikipedia.org/wiki/Personal name-Wikipedia, the free encyclopedia

Wikipedia. (2013, September 23). ***Name***. Retrieved October 1, 2013, from http://en. wikipedia.org/wiki/Name-Wikipedia, the free encyclopedia

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# ဘာသာစကားထိတွေ့မှုကြောင့် ထားဝယ်ဒေသိယစကားသံ ပြောင်းလဲမှုသဘော

မိုးမိုးစံ *


## စာတမ်းအကျဉ်း

ဤစာတမ်းတွင် ဘာသာစကားထိတွေ့မှုကြောင့် ထားဝယ်ဒေသိယစကား၏ မူလစကားသံများ ပြောင်းလဲဖြစ်ပေါ်နေပုံကို လေ့လာတင်ပြထားပါသည်။ လေ့လာတင်ပြရာတွင် ပြောင်းလဲမှုများသော စကားသံအပိုင်းကိုသာ သုံးသပ်တင်ပြထားပါသည်။


**သော့ချက်ဝေါဟာရများ – *စကားသံပြောင်းလဲမှု၊ ဗျည်းသံ၊ သရသံ၊ ဝဏ္ဏအရေအတွက်၊ မွေးစားစကားလုံး၊ လေယူလေသိမ်း။***

## နိဒါန်း

လူ့အဖွဲ့အစည်း တစ်ခုနှင့်တစ်ခု ကူးလူးဆက်သွယ်ရာမှ ဘာသာစကားချင်းလည်း ထိတွေ့လာကြမည်ဖြစ်သည်။ ဘာသာစကားထိတွေ့မှု ဖြစ်ပေါ်လာလျှင် ဘာသာစကားတို့၏ အခြေခံဖြစ်သည့် စကားသံပိုင်းသည် သက်ရောက်မှုဧရိယာအတွင်း ပြောင်းလဲလာမည်သာ ဖြစ်သည်။ ထားဝယ်ဒေသိယစကား ပြောဆိုသည့် လူ့အဖွဲ့အစည်းနှင့် အခြားလူ့အဖွဲ့အစည်း ကူးလူးဆက်သွယ်မှု များပြားလာမှုကြောင့် ထားဝယ်ဒေသိယစကား၏ မူလစကားသံများ ပြောင်းလဲမှု ဖြစ်ပေါ်နေသည်ကို တွေ့ရပါသည်။

ထားဝယ်ဒေသိယစကားသံပြောင်းမှုကို ဖော်ထုတ်ရာတွင် ထားဝယ်မြို့ပေါ်ဒေသကိုသာ အလေ့လာခံနယ်ပယ်အဖြစ် သတ်မှတ်ထားပါသည်။ အလေ့လာခံပုဂ္ဂိုလ်များအဖြစ် အသက် ၇၀ ကျော် ပုဂ္ဂိုလ်များနှင့် အသက် ၂၀ ကျော် လူငယ်လူရွယ်များကိုသာ ရွေးချယ်မေးမြန်းထားပါသည်။ မေးမြန်းရာတွင် မြန်မာအဘိဓာန်ပါ အသံထွက်ကို စံအသံထွက်အဖြစ် သတ်မှတ်ထားပါသည်။ အသံဖလှယ်ရာတွင် ဦးထွန်းမြင့်၏ သဒ္ဒဗေဒအက္ခရာကို အသုံးပြုထားပါသည်။

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်

## ၁။ စကားသံပြောင်းလဲခြင်းသဘော

ဘာသာစကားတို့၏ စကားသံ၊ သဒ္ဒါ နှင့် အဓိပ္ပာယ်တို့သည် အမြဲပြောင်းလဲနေသည်။ [၁] ထိုသို့ပြောင်းလဲရာတွင် စကားသံသည် လူတစ်ဦးနှင့်တစ်ဦး၊ လူ့အဖွဲ့အစည်း တစ်ခုနှင့်တစ်ခု၊ နိုင်ငံ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးလူးဆက်သွယ်ရာတွင် အဓိကကျသောကြောင့် ဘာသာစကားဆိုင်ရာ အခြားအစိတ်အပိုင်းတို့ထက် ပြောင်းလဲမှု ပိုမြန်လိမ့်မည် ဖြစ်သည်။

စကားသံပြောင်းလဲခြင်းမှာလည်း အလျဉ်းသင့်သလို ပြောင်းနေခြင်းမျိုး မဟုတ်ပေ။ ဘက်ပေါင်းစုံ ပေါင်းစည်းကာ စနစ်ကျပြောင်းနေခြင်းသာ ဖြစ်သည်[၂] ဟု ဆိုသည်။

အချို့ပညာရှင်တို့က စကားသံပြောင်းလဲခြင်း၏ အကြောင်းရင်းအစစ်အမှန်သည် ဌာန်ပြောင်းရွေ့ခြင်းပင် ဖြစ်သည်ဟုဆို၏ စကားသံတစ်ခုအတွက် ဖြစ်နေကျဌာန်တွင် မဖြစ်ဘဲ အခြားဌာန်တစ်ခုသို့ ပြောင်းရွေ့သွားရခြင်းသည် အသံထွက်သူ၏ သတိမထားမှုကြောင့်သော် လည်းကောင်း၊ ပျင်းရိမှုကြောင့် လည်းကောင်း ဖြစ်သည်[၃] ဟု ဆိုသည်။

သဒ္ဒဗေဒပညာရှင်တို့ကမူ ဘာသာစကားတို့ရှိ စကားသံပြောင်းလဲသွားခြင်းသည် လူတို့၏ ဆန္ဒပြုပြင်ထားခြင်းမျိုး မဟုတ်၊ သဘာဝအလျောက် ပြောင်းလဲဖြစ်ပေါ်ခြင်းမျိုးသာ ဖြစ်သည်ဟု ဆိုသည်။

အချို့ကမူ လူမျိုးချင်း ထွေးရောယှက်တင်ဖြစ်ခြင်း၊ သွေးသားရောစပ်ခြင်း၊ အတူတကွ ယှဉ်တွဲနေထိုင်ခြင်းတို့ကြောင့် မူလစကားသံများ ပြောင်းလဲသွားရသည်ဟု ဆိုသည်။

အချို့ပညာရှင်တို့ကမူ ခက်ခဲသောအသံကို လွယ်ကူသောအသံသို့ ပြောင်းလဲရွတ်ဆိုခြင်းကြောင့် စကားသံများ ပြောင်းလဲလာသည်[၄] ဟု ဆိုသည်။

လူမှုဘာသာဗေဒပညာရှင် ဝီလီယံလဖော့ကမူ အချိန်တိုအတွင်း စကားသံပြောင်းလဲရခြင်းသည် သဘာဝဖြစ်စဉ်နှင့် လူမှုဆက်ဆံရေးတို့ကြောင့် ဖြစ်သည် [၅] ဟု ဆိုသည်။

---

[၁] Aitchison, Jean, 1972, 119.

[၂] Aitchison, Jean, 1972, 119.

[၃] တင်ထွန်း၊ ဦး၊ ၁၉၈၀၊ ၄၁။

[၄] ဘာသာလောကကျမ်း၊ ၁၉၈၀၊ ၄၆။

[၅] http//en-wikipedia-org/wiki/sound-change

သို့ဖြစ်ရာ ဘာသာစကားတို့၏ စကားသံများပြောင်းလဲနေသည်မှာ အမှန်ပင် ဖြစ်သော်လည်း မည်သည့်အချက်ကြောင့် ပြောင်းလဲနေသည်ကိုမူ အတိအကျ သတ်မှတ်၍ ရနိုင်မည် မဟုတ်ကြောင်း တွေ့ရပါသည်။

ဤစာတမ်းတွင်မူ ဘာသာစကားထိတွေ့မှုကြောင့် ထိတွေ့မှု ဖြစ်ပေါ်နေသည့် လူ့အဖွဲ့အစည်းအတွင်းရှိ စကားသံများသည် ပြောင်းလဲမှု ဖြစ်ပေါ်နေမှုသဘောကို လူမှုဘာသာဗေဒရှုထောင့်က လေ့လာတင်ပြထားပါသည်။

## ၂။ ဘာသာစကားထိတွေ့မှုကြောင့် ထားဝယ်ဒေသိယစကားသံ ပြောင်းလဲခြင်းသဘော

ထားဝယ်ဒေသိယစကားတွင် ဘာသာစကားထိတွေ့နေမှုကြောင့် ထားဝယ်ဒေသိယ စကား၏ စကားသံပြောင်းလဲမှု ဖြစ်ပေါ်နေသည်ကို တွေ့ရပါသည်။ စကားသံများ ပြောင်းလဲမှု ဖြစ်ပေါ်နေသည့် အကြောင်းအရင်းများမှာ–

(၁) စံမြန်မာဘာသာစကား၏ စကားသံသည် ကျောင်းသုံး၊ ရုံးသုံးစကားသံ ဖြစ်ခြင်း၊

(၂) ယခင်က အခြေခံပညာသင်ကျောင်းများတွင် စာပေသင်ကြားရာ၌ ဆရာ၊ ဆရာမ အများစုသည် ဒေသိယစကားသံများဖြင့် သင်ကြားခဲ့သော်လည်း ယခုအခါ စံမြန်မာဘာသာစကား၏ စကားသံများဖြင့်သာ သင်ကြားရန် ညွှန်ကြားထားခြင်း။

(၃) မြို့ပေါ်ဒေသတွင် နေထိုင်ကြသည့် အစိုးရဝန်ထမ်း အများစုမှာလည်း စံမြန်မာ ဘာသာစကားပြောသူများ ပိုမိုများပြားနေခြင်း။

(၄) ယခင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ထားဝယ်ဒေသသို့ အခြား လူ့အဖွဲ့အစည်းမှ လူများ လာရောက်မှု အလွန်နည်းပါးကြပါသည်။ သို့သော် ယခုအခါ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့နေပြီဖြစ်၍ အခြားလူ့အဖွဲ့အစည်းမှ လူများသည် ထားဝယ်ဒေသသို့ အလွယ်တကူ လာရောက်လည်ပတ်နေခြင်း၊ စီးပွားလာရောက်ရှာဖွေ လုပ်ကိုင်နေကြခြင်းနှင့် အတည်တကျနေထိုင်သူ များပြားလာခြင်းတို့ကို တွေ့ရပါသည်။ ထိုအခါ ထားဝယ်ဒေသိယစကားပြောသူတို့သည် အခြား လူ့အဖွဲ့အစည်းတို့ နားလည်လွယ်သော စံမြန်မာဘာသာစကားရှိ စကားသံများကို လေ့ကျင့်ပြောဆိုနေမှု ပိုမိုများပြားလာခြင်း။

(၅) ထို့ပြင် တီဗွီ၊ အင်တာနက် စသည့် မီဒီယာတို့မှ တစ်ဆင့်သော်လည်းကောင်း၊ နိုင်ငံရပ်ခြားတိုင်းပြည်များသို့ ကိုယ်တိုင်သွားရောက်ခဲ့ခြင်းမှသော်လည်းကောင်း၊ အခြားဘာသာရှိ စကားသံများကို အလွယ်တကူ ထိတွေ့မှု ပိုမိုများပြားလာခြင်း။

စသည့်အချက်များကြောင့် ထားဝယ်ဒေသိယစကား၏ မူလစကားသံများ ပြောင်းလဲမှု ဖြစ်ပေါ်နေသည်ကို တွေ့ရပါသည်။ ထိုပြောင်းလဲမှုကို မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် ပိုမိုလက်ခံလာခဲ့ပါက မိမိတို့၏ ထားဝယ်ဒေသိယစကားသံများ ပျောက်ကွယ်သွားနိုင်ပါသည်။

သို့ဖြစ်၍ ဤစာတမ်းတွင် ဘာသာစကားထိတွေ့မှုကြောင့် ထားဝယ်ဒေသိယ စကားသံပိုင်း ပြောင်းလဲမှုကို လေ့လာရာတွင် ပြောင်းလဲမှုများသော ဗျည်းသံ၊ သရသံ၊ ဝဏ္ဏအရေအတွက်၊ မွေးစားစကားလုံးတို့ရှိ ဒေသိယအသံနှင့် ဒေသိယလေယူလေသိမ်း အပိုင်းတို့ကိုသာ သုံးသပ်တင်ပြထားပါသည်။

## ၂၊ ၁။ ဗျည်းသံပြောင်းလဲမှု

မည်သည့်ဘာသာစကားတွင်မဆို ဗျည်းသံ၊ သရသံသည် အခြေခံကျသော စကားသံပိုင်းဆိုင်ရာ အစိတ်အပိုင်းများ ဖြစ်ပေသည်။ ထိုအခြေခံကျသော ဗျည်းသံသည် ဘာသာစကားထိတွေ့မှုကြောင့် ပြောင်းလဲမှု ဖြစ်ပေါ်နေသည်ကို တွေ့ရပါသည်။

### ၂၊ ၁၊ ၁။ သံညင်း[၁] ဗျည်းသံ ပြောင်းလဲမှု

မူလထားဝယ်ဒေသိယစကားတွင် စကားလုံးအများစုကို သံညင်းဗျည်းသံဖြင့် ပြောဆိုကြပါသည်။ သို့သော် ယခုအခါ မျက်မှောက်ခေတ်သုံး စံမြန်မာဘာသာစကား၏ လွှမ်းမိုးမှုကြောင့် သံညင်းဗျည်းသံမှ စံအသံအတိုင်း သံပြင်းဗျည်းသံသို့ ပြောင်းလဲ ပြောဆိုလာနေသည်ကို တွေ့ရသည်။

---

[၁] voieless

သာဓက–

| **စံ** | **မူလဒေသိယ** | **ပြောင်းလဲလာသောဒေသိယ** |
|---|---|---|
| ကမ်းခြေ | ကမ်းခြေ | ကန်းဂျေ |
| / k`ã dʒē / | / k`ã tɕhē / | / k`ã dʒē / |
| ခန်းဆီး | ခန်းဆီး | ခန်းဇီး |
| / kh`ã z`i / | / kh`ã sh`i / | / kh`ã z`i / |
| ဆေးခန်း | ဆေးခန်း | ဆေးဂန်း |
| / shè g̀ ã / | / shè kh` ã / | / shè g` ã / |
| တန်ဖိုး | တန်ဖိုး | တန်ဘိုး |
| / -tã bò / | / -tã phò / | / -tã bò / |
| ဓာတ်ဖူး | ဓာတ်ဖူး | ဓာတ်ဘူး |
| / daʔ bù / | / daʔ phù / | / daʔ bù / |
| ရေကန် | ရေကန် | ရေဂန် |
| / jē -gã / | / jē -kã / | / jē -gã / |
| ဒိန်ခဲ | ဒိန်ခဲ | ဒိန်ဂဲ |
| / -deĩ gɛ̄ / | / -deĩ khɛ̄ / | / -deĩ gɛ̄ / |

စသည်ဖြင့် စံအသံအတိုင်း သံပြင်းဗျည်းသံသို့ ပြောင်းလဲပြောဆိုနေသည်ကို တွေ့ရသည်။

## ၂၊ ၁၊ ၂။ ရှဗျည်းသံ ပြောင်းလဲမှု

မူလထားဝယ်ဒေသိယစကားတွင် 'ရှ' /ɕ/ ဗျည်းသံဖြင့် ပြောသော စကားလုံး အချို့ကို ယခုအခါ ဘာသာစကားထိတွေ့မှုကြောင့် စံအသံအတိုင်း 'ချ' /tɕh/ ဗျည်းသံသို့ ပြောင်းလဲပြောဆိုနေပါသည်။

သာဓက–

| **စံ** | **ဒေသိယ** | **ပြောင်းလဲလာသောဒေသိယ** |
|---|---|---|
| ချဉ်ဖတ် | ရှင်ဖတ် | ချဉ်ဘတ် |
| / -tɕhĩ baʔ / | / -ɕĩ phaʔ / | / -tɕhĩ baʔ / |
| ချဉ်ပေါင် | ရှင်ဘွန် | ချဉ်ဘောင် |
| / -tɕhĩ baũ / | / -ɕĩ -bũ / | / -tɕhĩ -baũ / |
| ချို | ရှို | ချို |
| / -tɕho / | / -ɕō / | / -tɕhō / |
| ချပ် | ရှပ် | ချပ် |
| / tɕhaʔ / | / ɕaʔ / | / tɕhaʔ / |
| ချစ် | ရှစ် | ချစ် |
| / tɕhiʔ / | / ɕiʔ / | / tɕhiʔ / |
| ချက်ချင်း | ရှစ်ရှင်း | ချက်ချင်း |
| / tɕhɛʔ tɕh`ĩ / | / ɕiʔ ɕ`ĩ / | / tɕhɛʔ tɕh`ĩ / |

စသည်ဖြင့် စံအသံ၏ လွှမ်းမိုးမှုကြောင့် စံသံအတိုင်း ‘ချ’ / tɕh / ဗျည်းသံသို့ ပြောင်းလဲ ပြောဆိုနေသည်။ ထိုသို့ပြောင်းလဲပြောဆိုမှု များလာလျှင် ထားဝယ်ဒေသိယ စကားဟု ထင်ရှားစွာ သိနိုင်သည့် ‘ရှ’ / ɕ / ဗျည်းသံများ ပျောက်ကွယ်သွားနိုင်ပါသည်။

အသံဖြစ်ပုံအရကြည့်လျှင် ‘ရှ’ / ɕ / ဗျည်းသံသည် သံပြင်း သွားရင်းအာခေါင်ပွတ်တိုက်သံ[၁] ဖြစ်သည်။ ‘ချ’ မှာမူ သံတင်း သွားရင်းအာခေါင် ရှန်းပွင့်ပွတ်တိုက်[၂] ဗျည်းသံ ဖြစ်သည်။ သို့ဖြစ်ရာ ထားဝယ်ဒေသိယစကားတွင် ရှ / ɕ / မှ ချ / tɕh / သို့ ပြောင်းလဲပြောခြင်းသည် ဌာန်တူခြင်းကြောင့် ပြောင်းလဲသည်ဟု မဆိုနိုင်ပေ။ စံအသံ၏ လွှမ်းမိုးမှုကြောင့်သာ ဖြစ်နိုင်ပါသည်။

---

[၁] voice alveolo-palatal fricative

[၂] aspirated alveolo-palatal affricate

## ၂.၂။ ဗျည်းတွဲ[၁] ပြောင်းလဲမှု

ဘာသာစကားထိတွေ့မှုကြောင့် ထားဝယ်ဒေသိယစကားရှိ ဗျည်းတွဲသံများ ပြောင်းလဲပြောဆိုလာပါသည်။ ပြောင်းလဲပြောဆိုသော ဗျည်းတွဲသံတို့အနက် 'လ'ဆွဲ ဗျည်းတွဲသံအကြောင်းကိုသာ လေ့လာတင်ပြထားပါသည်။

### ၂.၂.၁။ လဆွဲဗျည်းတွဲသံ ပြောင်းလဲမှု

စံမြန်မာဘာသာစကားတွင် ယပင့်၊ ရရစ် ဗျည်းတွဲသံပါသော စကားလုံး အချို့ကို မူလထားဝယ်ဒေသိယစကားတွင် လဆွဲ ဗျည်းတွဲသံဖြင့် ပြောဆိုကြပါသည်။ ထိုလဆွဲ ဗျည်းတွဲသံသည်ပင် ထားဝယ်ဒေသိယစကား၏ အထင်ရှားဆုံးလက္ခဏာ တစ်ခုဟု ဆို၍ရပါသည်။ ထို့ပြင် လဆွဲ ဗျည်းတွဲသံပါသော စကားလုံးမျိုးကို ရှေးခေတ် မြန်မာကျောက်စာများတွင် တွေ့ရှိရခြင်းကြောင့်လည်း ထားဝယ်ဒေသိယစကားသည် ရှေးမြန်မာဘာသာစကား၏ သွင်ပြင်လက္ခဏာအချို့ကို ထိန်းသိမ်းကာ ပြောဆို နေသည်ဟု ဆိုနိုင်ပါသည်။

သို့သော် ယခုအခါ ဘာသာစကားထိတွေ့မှု များပြားလာခြင်းကြောင့် ထိုလဆွဲ ဗျည်းတွဲသံနေရာတွင် စံမြန်မာဘာသာစကားအတိုင်း ယပင့်၊ ရရစ်၊ ဗျည်းတွဲသံ များဖြင့် ပြောဆိုနေကြပါသည်။

သာဓက –

| **စံ** | **ဒေသိယ** | **ပြောင်းလဲလာသောဒေသိယ** |
|---|---|---|
| ကျောင်း | က္လောင်း | ကျောင်း |
| / -tɕàũ / | / klàũ / | / tɕàũ / |
| ကျီးကန်း | က္လီးဂန်း | ကျီးဂန်း |
| / -tɕ` i g̀ã / | / -kl` i g̀ã / | / -tɕ` i g̀ã / |
| ဆပ်ပြာ | ဆပ်ပ္လာ | ဆပ်ပြာ |
| / shaʔ pjā / | / shaʔ plā / | / shaʔ pjā / |
| ဖားပြုတ် | ဖားဖ္လု | ဖားဗျုတ် |
| / phə bjouʔ / | / phà blú / | / phà bjouʔ / |

[၁] consonant cluster

| | | |
|---|---|---|
| မြစ် | မ္လစ် | မြစ် |
| / mjiʔ / | / mliʔ / | / mjiʔ / |
| မြိန် | မ္လီ | မြိန် |
| / -mjeĩ / | / -mj̄ī / | / -mjẽĩ / |
| မြေး | မ္လေး | မြေး |
| / mjè / | / mlè / | / mjè / |
| ပြေး | ပ္လေး | ပြေး |
| / pjè / | / plè / | / pjè/ |

စသည်ဖြင့် စံအသံအတိုင်း ပြောင်းလဲပြောဆိုနေသည်ကို တွေ့ရသည်။ ထိုသို့ ပြောင်းလဲပြောဆိုရာတွင် နာမ်စကားလုံးနှင့် ကြိယာစကားလုံးတို့ကို အများဆုံး တွေ့ရပါသည်။ ဘာသာစကားတိုင်းတွင် နာမ်နှင့်ကြိယာစကားလုံးတို့သည် အခြေခံကျသော စကားလုံးများဟု ဆိုနိုင်သည်။ အကြောင်းမှာ မည်သည့်ဘာသာစကားကို ပြောသည်ဖြစ်စေ လူတစ်ဦးနှင့်တစ်ဦး ပြောဆိုဆက်ဆံရာတွင် အရာဝတ္ထုတို့၏ အမည်နာမများ၊ ခံစားမှုများနှင့် လှုပ်ရှားပြုမူဆောင်ရွက်မှုတို့ကို အကြောင်းပြုကာ အဓိကဆက်သွယ်ကြလိမ့်မည်။ ထိုအခါ ၎င်းတို့နှင့် သက်ဆိုင်သော စကားလုံးများ ဖြစ်သည့် နာမ်နှင့်ကြိယာစကားလုံးတို့ကို အဓိကအခြေခံအသုံးပြု ပြောဆိုလာကြမည် ဖြစ်သည်။ သို့ဖြစ်ရာ ဘာသာစကားထိတွေ့မှုကြောင့် ထားဝယ်ဒေသိယ 'လ'ဆွဲ ဗျည်းတွဲသံများ ပြောင်းလဲပြောဆိုရာတွင် နာမ်နှင့်ကြိယာစကားလုံး အများဆုံး ဖြစ်နေခြင်း ဖြစ်နိုင်ပါသည်။

## ၂၊ ၃။ သရသံ ပြောင်းလဲမှု

ဘာသာစကားထိတွေ့မှုကြောင့် ထားဝယ်ဒေသိယသရသံ ပြောင်းလဲမှုကို တင်ပြရာတွင် ထင်ရှားသော သရသံပြောင်းလဲမှုကိုသာ တင်ပြထားပါသည်။

### ၂၊ ၃၊ ၁။ ရိုးရိုးသရသံ ပြောင်းလဲမှု

စံမြန်မာဘာသာစကားတွင် အေ၊ အေ့၊ အေး / ē, é, è / သရသံဖြင့် ပြောသော စကားကို မူလထားဝယ်ဒေသိယစကားတွင် အီ၊ အိ၊ အီး / ī, í, ì / သရသံဖြင့်

ပြောဆိုကြပါသည်။ သို့သော် ယခုအခါ စံအသံလွှမ်းမိုးလာမှုကြောင့် စံသရသံအတိုင်း ပြောင်းလဲပြောဆိုလာကြပါသည်။

| **စံ** | | **ဒေသိယ** |
|---|---|---|
| / e / | ယခင် →<br>← ယခု | / i / |

သာဓက –

| **စံ** | **ဒေသိယ** | **ပြောင်းလဲလာသောဒေသိယ** |
|---|---|---|
| ခွေး | ခွီး | ခွေး |
| / kwè / | / kwì / | / kwè / |
| ဆွေး | ဆွီး | ဆွေး |
| / shwè / | / shwì / | / shwè / |
| နွေး | နွီး | နွေး |
| / nwè / | / nwì / | / nwè / |
| ပွေ့ | ပွီ့ | ပွေ့ |
| / pwé / | / pwí / | / pwé / |
| တွေ့ | တွီ့ | တွေ့ |
| / twé / | / twí / | / twé / |
| နွေ | နွီ | နွေ |
| / nwē / | / nwī / | / nwē / |

စသည်ဖြင့် ပြောင်းလဲပြောဆိုနေသည်ကို တွေ့ရပါသည်။ ပြောင်းလဲပြောရာတွင်လည်း ‘ဝ’ဆွဲ ဗျည်းတွဲသံပါသော စကားလုံးမျိုးကိုသာ အများဆုံးတွေ့ရပါသည်။

အသံဖြစ်ပုံအရကြည့်လျှင် မူလဒေသိယအသံ အိ၊ အိ၊ အီး / ī, í, ì / အသံသည် လျှာရှေ့ပိုင်းအမြင့်ဆုံး အပိတ်အပြန့်သရဖြစ်ပြီး ပြောင်းလဲလာသော သရသံ အေ၊ အေ့၊ အေး / ē, é, è / အသံမှာမူ လျှာရှေ့ပိုင်း ဒုတိယအမြင့်ဆုံး ရှေ့တစ်ဝက်အပိတ် အပြန့်သရ ဖြစ်သည်။ သို့ဖြစ်ရာ မူလဒေသိယသရသံဖြင့် ပြောလျှင် ပိုမိုအားထုတ်ရနိုင်မည်ဖြစ်ပြီး အသံအားဖြင့်လည်း ပြေပြစ်ချိုသာဟန်

မရှိပေ။ ပြောင်းလဲလာသော သရသံမှာမူ မူလထက်အားထုတ်မှု လျော့နည်းပြီး အသံအားဖြင့်လည်း ပြေပြစ်ချိုသာဟန် ရှိပါသည်။ ထို့ကြောင့် ဘာသာစကား ထိတွေ့မှုကြောင့် စံသရသံဘက်သို့ ပြောင်းလဲပြောဆိုရသော်လည်း အားထုတ်မှု သက်သာပြီး အသံပြေပြစ်ချိုသာဟန် ရှိလာသည်ဟု ထင်ရပါသည်။

## ၂။ ၃။ ၂။ နှာသံသရ[၁] ပြောင်းလဲမှု

ဘာသာစကားထိတွေ့မှုကြောင့် သရသံများ ပြောင်းလဲရာတွင် နှာသံသရ ပြောင်းလဲမှုကိုလည်း တွေ့ရပါသည်။ မူလဒေသိယတွင် အန်၊ အန်း / -ā,`ã / သရသံဖြင့် ပြောသော စကားလုံးအချို့သည် ယခုအခါ စံအသံ၏ လွှမ်းမိုးလာမှုကြောင့် စံသရသံအတိုင်း အင်၊ အင် / -ĩ, `ĩ / သို့ ပြောင်းလဲပြောဆိုလာကြပါသည်။

**စံ** **ဒေသိယ**

/ ĩ / ⇄ / ã / (ယခင် →, ← ယခု)

သာဓက –

| **စံ** | **ဒေသိယ** | **ပြောင်းလဲလာသောဒေသိယ** |
|---|---|---|
| ပင် | ပန် | ပင် |
| / -pĩ / | / -pã / | / -pĩ / |
| ခင်ဗျာ | ခန်ဗျာ | ခင်ဗျာ |
| / khə pjā / | / -khã pjā / | / -khĩ pjā / |
| ထင် | ထန် | ထင် |
| / -thĩ / | / thã / | / -thĩ / |
| ကင်း | ကန်း | ကင်း |
| / k`ĩ / | / k`ã / | / k`ĩ / |
| ပင်လယ် | ပန်လယ် | ပင်လယ် |
| / -pĩ lɛ̄ / | / -pã lɛ̄ / | / -pĩ lɛ̄ / |

[၁] nasalized vowel

စသည်ဖြင့် သရသံများ ပြောင်းလဲနေသည်ကို တွေ့ရသည်။ သို့ရာတွင် စံမြန်မာဘာသာစကားတွင် အင့် / ĩ́ / သရသံဖြင့်ပြောသော စကားလုံးတို့ကိုမူ အန့် / ã́ / သရသံဖြင့် မပြောဘဲ မူလကပင် အင့် / ĩ́ / သရသံဖြင့်သာ ပြောဆိုကြပါသည်။

| စံ | ဒေသိယ |
|---|---|
| ဆင့် | ဆင့် |
| / shĩ́ / | / shĩ́ / |
| ထင့် | ထင့် |
| / thĩ́ / | / thĩ́ / |
| ပင့် | ပင့် |
| / pĩ́ / | / pĩ́ / |
| ရင့်သီး | ရင့်သီး |
| / jĩ́ θ̀i / | / jĩ́ θ̀i / |
| တင့်တယ် | တင့်တယ် |
| / tĩ́ tɛ̄ / | / tĩ́ tɛ̄ / |

စသည်ဖြင့် စံအသံအတိုင်း ပြောဆိုသည်ကို တွေ့ရပါသည်။ သို့သော် ဒေသိယဝဲသံ[၁]ကမူ ပါနိုင်ပါသည်။

## ၂။ ၃။ ၃။ အသက်အောင့်သံ သရပြောင်းလဲမှု

မူလထားဝယ်ဒေသိယစကားတွင် အစ် / iʔ / သရသံဖြင့် ပြောဆိုနေမှုကို ယခုအခါ ဘာသာစကားထိတွေ့မှုကြောင့် စံသံအတိုင်း အက် / ɛʔ / သရသံသို့ ပြောင်းလဲပြောဆိုနေသည်ကို တွေ့ရပါသည်။

| စံ | | ဒေသိယ |
|---|---|---|
| / ɛʔ / | ယခင် → / ← ယခု | / iʔ / |

[၁] accent

သာဓက–

| **စံ** | **ဒေသိယ** | **ပြောင်းလဲလာသောဒေသိယ** |
|---|---|---|
| ကြက် | ကြစ် | ကြက် |
| / tɕɛʔ / | / tɕiʔ / | / tɕɛʔ / |
| မျက်စိ | မျစ်စိ | မျက်စိ |
| / mjɛʔ sí / | / mjiʔ sí / | / mjɛʔ sí / |
| ရက်စွဲ | ရစ်စွဲ | ရက်စွဲ |
| / jɛʔ swɛ̄ / | / jiʔ swɛ̄ / | / jɛʔ swɛ̄ / |
| ခေတ်ပျက် | ခေတ်ပျစ် | ခေတ်ပျက် |
| / khiʔ pjɛʔ / | / khiʔ pjiʔ / | / khiʔ pjɛʔ / |
| ခဲဖျက် | ခဲဖျစ် | ခဲဖျက် |
| / khɛ̄ pjɛʔ/ | / khɛ̄ phjiʔ/ | / khɛ̄ pjɛʔ/ |

စသည်ဖြင့် ပြောင်းလဲပြောဆိုနေသည်ကို တွေ့ရပါသည်။

ထို့အတူပင် ထားဝယ်ဒေသိယစကားတွင် မူလက အိ / í / သရသံဖြင့် ပြောသော စကားလုံးအချို့ကို ယခုအခါ စံသံအတိုင်း အိတ် / eiʔ / သရတွဲသံဖြင့် ပြောဆိုလာကြပါသည်။

**စံ** **ဒေသိယ**

/ eiʔ / ⇄ (ယခင် →, ← ယခု) / í /

သာဓက –

| **စံ** | **မူလဒေသိယ** | **ပြောင်းလဲလာသောဒေသိယ** |
|---|---|---|
| လိပ် | လိ | လိပ် |
| / leiʔ / | / lí / | / leiʔ / |
| အိပ် | အိ | အိပ် |
| / eiʔ / | / í / | / eiʔ / |

| | | |
|---|---|---|
| ရိတ် | ရိ | ရိတ် |
| / jeiʔ / | / ji´ / | / leiʔ / |
| ဖိတ်ခေါ် | ဖိခေါ် | ဖိတ်ခေါ် |
| / pheiʔ khɔ̄ / | / phi´ khɔ̄ / | / pheiʔ khɔ̄ / |
| ဆိပ်ဖြေဆေး | ဆိဖြေဆေး | ဆိပ်ဖြေဆေး |
| / seiʔ phjē shè / | / si´ phjē shè / | / seiʔ phjē shè / |

စသည်ဖြင့် ပြောင်းလဲပြောဆိုလာကြောင်း တွေ့ရသည်။ မူလထားဝယ်ဒေသိယစကားတွင် အိ / i´ / သရသံဖြင့် ပြောဆိုခြင်းသည်ပင် ရှေးမြန်မာဘာသာစကား၏ သွင်ပြင်လက္ခဏာတစ်ခုကို ထိန်းသိမ်းကာ ပြောဆိုနေသည်ဟု ဆိုနိုင်သည်။ ထိုသို့ ဆိုရခြင်းမှာ ရှေးမြန်မာဘာသာစကားတွင် အဆုံးဗျည်း ရှေ့က သရသံသည် ရေးသည့်အတိုင်း ပကတိအသံထွက်ခဲ့သည်ဟု ပညာရှင်တို့က ခန့်မှန်းပြောဆိုခဲ့ကြသည်။ ထိုအချက်သည် မှန်ကန်မှုရှိနိုင်ကြောင်း ထားဝယ်ဒေသိယစကားတွင် အဆုံးဗျည်းရှေ့က အိ / i´ / သရသံသည် ရေးသည့်အတိုင်း ပကတိအသံ ထွက်ခဲ့ခြင်းက သက်သေပြုနေပါသည်။ ထို့ကြောင့် ဒေသိယစကားများတွင် ရှေးမြန်မာဘာသာစကား၏ သွင်ပြင်လက္ခဏာများ ထင်ဟပ်နေသည်ဟု ဆိုနိုင်ပါသည်။

## ၂။ ၄။ ဝဏ္ဏ[၁] အရေအတွက် ပြောင်းလဲမှု

ဝဏ္ဏအရေအတွက် ပြောင်းလဲမှုဆိုရာတွင် ထားဝယ်ဒေသိယစကား၏ စကားလုံးအတွင်းရှိ ဝဏ္ဏအရေအတွက်တို့သည် ဘာသာစကား ထိတွေ့နေမှုကြောင့် မူလဝဏ္ဏအရေအတွက်အောက် လျော့၍သော်လည်းကောင်း၊ တိုး၍သော်လည်းကောင်း၊ ပြောင်းလဲပြောဆိုလာမှုကို ဆိုလိုပါသည်။ ထားဝယ်ဒေသိယစကားတွင် ဘာသာစကား ထိတွေ့မှုကြောင့် ဝဏ္ဏအရေအတွက် ပြောင်းလဲမှုတွင် ဝဏ္ဏတိုး၍ ပြောဆိုလာမှုကို အများဆုံး တွေ့ရပါသည်။

| **စံ** | | **ဒေသိယ** |
|---|---|---|
| ဝဏ္ဏ ၂ ခု | ယခင် ⇄ ယခု | ဝဏ္ဏ ၁ ခု |
| ဝဏ္ဏ ၃ ခု | ယခင် ⇄ ယခု | ဝဏ္ဏ ၂ ခု |

[၁] syllable

သာဓက –

| **စံ** | **မူလဒေသိယ** | **ပြောင်းလဲလာသောဒေသိယ** |
|---|---|---|
| ကတိ | ဒိ | ကတိ |
| / gə di´ / | / di´ / | / gə di´ / |
| ကုလား | လား | ကုလား |
| / kə la´ / | / la´ / | / kə la´ / |
| ကြံ့သကာ | ကြံ့ဂါ | ကြံ့သကာ |
| / -tɕã θə gã / | / -tɕã gã / | / -tɕã θə gã / |
| လေယာဉ်ပျံ | လေဗျံ | လေယာဉ်ပျံ |
| / lē -jĩ -bjã / | / lē -bjã / | / lē -jĩ -bjã / |
| မိခင် | မိ | မိခင် |
| / mi´ -khĩ / | / mi´ / | / mi´ -khĩ / |
| ဖခင် | ဖ | ဖခင် |
| / phá -khĩ / | / pha´ / | / phá -khĩ / |

စသည်ဖြင့် ဝဏ္ဏအရေအတွက်တိုး၍ ပြောဆိုနေသည်ကို တွေ့ရပါသည်။ တိုး၍ ပြောဆိုရာတွင် ရှေ့ဝဏ္ဏတို့၏ လည်းကောင်း၊ အလယ်ဝဏ္ဏတို့၏သော် လည်းကောင်း နောက်ဝဏ္ဏတို့၏သော် လည်းကောင်း ပြောဆိုကြောင်း တွေ့ရပါသည်။ သို့ရာတွင် ရှေ့ဝဏ္ဏတို့၏ ပြောဆိုလာမှုကို အများဆုံး တွေ့ရပါသည်။ အထူးသဖြင့် ဝဏ္ဏ အရေအတွက် တိုး၍ပြောဆိုမှုတွင် ရှေ့ဝဏ္ဏ ‘အ’ တိုး၍ ပြောဆိုမှုမျိုး အများဆုံး တွေ့ရပါသည်။

သာဓက–

| **စံ** | **မူလဒေသိယ** | **ပြောင်းလဲလာသောဒေသိယ** |
|---|---|---|
| အကောင်း | ကွန်း | အကောင်း |
| / ə kàũ / | / k`ũ / | / ə kàũ / |

| | | |
|---|---|---|
| အသီး | သီး | အသီး |
| / ə θ̀ i / | / θ̀ i / | / ə θ̀ i / |
| အစား | စား | အစား |
| / ə s̀ a / | / s̀ a / | / ə s̀ a / |
| အပင် | ပန် | အပင် |
| / ə -pĩ / | / -pã / | / ə -pĩ / |
| အသား | သား | အသား |
| / ə θà / | / θà / | / ə θà / |

စသည်ဖြင့် စံအတိုင်း ပြောင်းလဲပြောဆိုလာသည်ကို တွေ့ရပါသည်။ ရှေ့တွင် 'အ' ပါသည့်အတွက် နောက်အသံသည် သံပြင်းဖြစ်စေကာမူ အသံအားလျော့နည်းသွားကြောင်း တွေ့ရသည်။ သို့ဖြစ်၍ စကားပြောဆိုရာတွင် ပြေပြစ်ချိုသာမှု ရှိနိုင်သည်။ မူလဒေသိယအသံမှာမူ 'အ' မပါသည့်အတွက် အသံအားဖြင့် ပြတ်တောက်ဟန် ရှိပါသည်။ ထို့ကြောင့် ဒေသိယအသံမှ စံအသံသို့ ပြောင်းလဲပြောဆိုခြင်းသည် လူမှုဆက်ဆံရေးအရ ချောမွေ့ပြေပြစ်လာနိုင်ဖွယ် ရှိပါသည်။

## ၂၊ ၅။ မွေးစားစကားလုံး[၁] တို့၏ စကားသံပြောင်းလဲမှု

ထားဝယ်ဒေသိယစကားနှင့် အခြားဘာသာစကားတို့ ထိတွေ့မှုကြောင့် ထားဝယ်ဒေသိယစကားတွင် မွေးစားစကားလုံးတို့ကို အများအပြား တွေ့ရပါသည်။ မွေးစားရာတွင် ယခင်က ဒေသိယအသံထွက်ဟန်ဖြင့်သာ မွေးစားခဲ့ကြပါသည်။ သို့သော် ယခုအခါ စံမြန်မာဘာသာစကားနှင့် ထိတွေ့မှု ပိုမိုများပြားလာခြင်းအရသော်လည်းကောင်း၊ အခြားဘာသာစကားတို့နှင့် တိုက်ရိုက်ထိတွေ့မှု ပိုမိုများပြားလာခြင်းအရသော် လည်းကောင်း ဒေသိယမွေးစားစကားတို့၏ စကားသံများ ပြောင်းလဲနေသည်ကို တွေ့ရပါသည်။ မွေးစားစကားလုံးတို့၏ စကားသံ ပြောင်းလဲမှုကို တင်ပြရာတွင် ဗျည်းသံပြောင်းလဲမှုနှင့် သရသံပြောင်းလဲမှုတို့ကိုသာ တင်ပြထားပါသည်။

---

[၁] loan word

## ၂၊ ၅၊ ၁။ ဗျည်းသံ ပြောင်းလဲမှု

မူလထားဝယ်ဒေသိယစကားတွင် ‘လ’ ဗျည်းသံဖြင့် ပြောဆိုသော စကားလုံးအချို့ကို ယခုအခါ ဘာသာစကားထိတွေ့မှုကြောင့် ‘ရ’ ဗျည်းသံသို့ ပြောင်းလဲပြောဆိုနေသည်ကို တွေ့ရပါသည်။

**စံ** **ဒေသိယ**

ရ / r / ⇄ (ယခင် →, ← ယခု) လ / l /

သာဓက –

| **အင်္ဂလိပ်** | **စံ** | **မူလဒေသိယ** | **ပြောင်းလဲလာသောဒေသိယ** |
|---|---|---|---|
| camera | ကင်မရာ | ကင်မလာ | ကင်မရာ |
| / 'kæmәra / | / -kĩ mә rā / | / -kĩ mә lā / | / -kĩ mә rā / |
| concrete | ကွန်ကရစ် | ကွန်ကလစ် | ကွန်ကရစ် |
| / 'kɒŋkri:t / | / -kũ kә riʔ / | / -kũ kә liʔ / | / -kũ kә riʔ / |
| maralton | မာရသွန် | မာလသွန် | မာရသွန် |
| / 'mærәθәn / | / mā rә -θũ / | / mā lә -θũ / | / mā rә -θũ / |
| spring | စပရင် | စပလင် | စပရင် |
| / sprinŋ / | / sә pә -rĩ / | / sә pә -lĩ / | / sә pә -rĩ / |
| brake | ဘရိတ် | ဘလိတ် | ဘရိတ် |
| / breik / | / bә reiʔ / | / bә leiʔ / | / bә reiʔ / |

စသည်ဖြင့် မူလထားဝယ်ဒေသိယစကားတွင် အင်္ဂလိပ်ဘာသာစကားမှ စကားလုံးအချို့ကို ‘လ’ ဗျည်းသံဖြင့် ဖလှယ်ကာ ပြောဆိုကြပါသည်။ သို့သော် ယခုအခါ ဘာသာစကားထိတွေ့မှုကြောင့် ‘ရ’ ဗျည်းသံကို ပြောင်းလဲပြောဆိုလာသည်ကို တွေ့ရသည်။ ထိုသို့ ပြောင်းလဲပြောဆိုလာခြင်းမှာ မိမိတို့၏ မူလဒေသိယအသံကို လက်မခံလို၍ ပြောခြင်းဟု မဆိုနိုင်ပေ။ စံအသံသည် အင်္ဂလိပ်အသံထွက်နှင့် အနီးစပ်ဆုံးတူသည်ဟု ဒေသိယစကားပြောသူတို့ ထင်မှတ်ကြဟန် ရှိသည်။

ထို့ကြောင့် စံအသံလွှမ်းမိုးလာမှုအရ စံအသံနှင့်တူအောင် ပြောင်းလဲပြောဆိုလာခြင်း ဖြစ်နိုင်ပါသည်။ ထို့ပြင် အင်္ဂလိပ်အသံထွက်ဟန်နှင့်တူလျှင် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရနိုင်သည်ဟု လည်းကောင်း၊ လူမှုဆက်ဆံရေးအရလည်း ပိုမိုအဆင်ပြေချောမွေ့သည်ဟု လည်းကောင်း ဒေသိယစကားပြောသည့် ခေတ်လူငယ်အချို့တို့၏ ခံယူမှုအရ ပြောင်းလဲပြောဆိုလာခြင်း ဖြစ်နိုင်သည်။

ထို့ပြင် အင်္ဂလိပ်မွေးစားစကားလုံးမှ မဟုတ်ပေ။ အခြားဘာသာစကားမှ မွေးစားထားသော စကားလုံးတို့တွင်လည်း မူလ 'လ' ဗျည်းသံမှ 'ရ' ဗျည်းသံသို့ပင် ပြောင်းလဲပြောဆိုလာကြပါသည်။

| **စံ** | | **ဒေသိယ** |
|---|---|---|
| ရ / r / | ယခင် ⇄ ယခု | လ / l / |

သာဓက –

| | **စံ** | **မူလဒေသိယ** | **ပြောင်းလဲလာသောဒေသိယ** |
|---|---|---|---|
| **မလေး–** kalambok | ကရမက် | ကလမက် | ကရမက် |
| | / kə rə mɛʔ / | / kə lə mɛʔ / | / kə rə mɛʔ / |
| **ပါဠိ–** ကရဝိတ | ကရဝိတ် | ကလဝိတ် | ကရဝိတ် |
| | / kə rə weiʔ / | / kə lə weiʔ / | / kə rə weiʔ / |
| **ပြင်သစ်–** brassiere | ဘရာစီယာ | ဘလာဇီယာ | ဘရာဇီယာ |
| | / bə rā zī jā / | / bə lā zī jā / | / bə rā zī jā / |

## ၂၊ ၅၊ ၂။ သရသံပြောင်းလဲမှု

ဘာသာစကားထိတွေ့မှုအရ ထားဝယ်ဒေသိယစကားရှိ မွေးစားစကားလုံးအချို့တို့၏ သရသံများ ပြောင်းလဲလာသည်ကို တွေ့ရပါသည်။

| **စံ** | | **ဒေသိယ** |
|---|---|---|
| / eiʔ / | ယခင် ⇄ ယခု | လ / í / |

သာဓက –

| **အင်္ဂလိပ်** | **စံ** | **မူလဒေသိယ** | **ပြောင်းလဲလာသောဒေသိယ** |
|---|---|---|---|
| cake | ကိတ် | ကိ | ကိတ် |
| / keik / | / keiʔ / | / kí / | / keiʔ / |
| gate | ဂိတ် | ဂိ | ဂိတ် |
| / geit / | / geiʔ / | / gí / | / geiʔ / |

| **ပါဠိ** | **စံ** | **မူလဒေသိယ** | **ပြောင်းလဲလာသောဒေသိယ** |
|---|---|---|---|
| စိတ္တ | စိတ် | စိ | စိတ် |
| | / seiʔ / | / sí / | / seiʔ / |
| နိစ္စ | နိစ္စ | နိစ | နိစ္စ |
| | / neiʔ sá / | / ní sá / | / neiʔ sá / |
| ဗျာဒိတ | ဗျာဒိတ် | ဗျာဒိ | ဗျာဒိတ် |
| | / bjā deiʔ / | / bjā dí / | / bjā deiʔ / |

စသည်ဖြင့် အင်္ဂလိပ်ဘာသာ၊ ပါဠိဘာသာမှ မွေးစားထားသော စကားလုံးအချို့တွင် သရသံ ပြောင်းလဲပြောဆိုနေသည်ကို တွေ့ရပါသည်။ ပြောင်းလဲပြောဆိုရာတွင် မူလ အိ / í / သရသံမှ အိတ် / eiʔ / သရသံကို ပြောင်းလဲပြောသည်ကို တွေ့ရသည်။

ထို့ပြင် မူလထားဝယ်၏ ဒေသိယမွေးစားစကားလုံးတွင် အန် / -ã / သရသံဖြင့် ပြောသော်လည်း ယခုအခါ အင် / -ĩ / သရသံသို့လည်းကောင်း၊ မူလက /-ũ / သရသံဖြင့် ပြောသော်လည်း ယခုအခါ / -ãu / သရသံဖြင့် ပြောင်းလဲပြောဆိုလာကြပါသည်။

| **စံ** | | **ဒေသိယ** |
|---|---|---|
| / -ĩ / | ယခင် → <br> ← ယခု | / ã / |

| **စံ** | | **ဒေသိယ** |
|---|---|---|
| / aũ / | ယခင် → <br> ← ယခု | / ũ / |

သာဓက –

| **အင်္ဂလိပ်** | **စံ** | **မူလဒေသိယ** | **ပြောင်းလဲလာသောဒေသိယ** |
|---|---|---|---|
| **pension** | ပင်စင် | ပန်ဇင် | ပင်ဇင် |
| / 'penʃn / | / -pĩ -zĩ / | / -pã -zĩ / | / -pĩ -zĩ / |
| **ping-pong** | ပင်ပေါင် | ပန်ပွန် | ပင်ပေါင် |
| / 'piŋgɒŋ / | / -pĩ -baũ / | / -pã -pũ / | / -pĩ -baũ / |
| **brochure** | ဘောင်ချာ | ဘွန်ချာ | ဘောင်ချာ |
| / 'brəʊʃə(r) / | / -baũ tɕhā / | / -bũ tɕhā / | / -baũ tɕhā / |
| **form** | ဖောင် | ဖွန် | ဖောင် |
| / fɔ:m / | / -phaũ / | / -phũ / | / -phaũ / |

စသည်ဖြင့် အင်္ဂလိပ်စကားမှ မွေးစားစကားလုံးတို့ကို မူလထားဝယ်ဒေသိယ သရသံများဖြင့် ပြောဆိုကြပါသည်။ သို့သော် ယခုအခါ စံမြန်မာဘာသာစကား၏ လွှမ်းမိုးမှုကြောင့် စံသရသံဘက်သို့ ပြောင်းလဲပြောဆိုနေသည်ကို တွေ့ရသည်။

## ခြုံငုံသုံးသပ်ချက်

ဘာသာစကားထိတွေ့မှုကြောင့် ထားဝယ်ဒေသိယမူလစကားသံများ ပြောင်းလဲမှုဖြစ်ပေါ်နေသည်ကို တွေ့ရပါသည်။ မူလစကားသံများ ပြောင်းလဲရာတွင် ဘာသာစကားတို့၏အခြေခံ အဓိကကျသည့် ဗျည်းသံများ ပြောင်းလဲနေသည်ကို တွေ့ရပါသည်။ မူလက လဆွဲ ဗျည်းသံ၊ ယပင့်၊ ရရစ် မပါသော ဗျည်းသံ၊ သံညင်းဗျည်းသံတို့ဖြင့် ပြောဆိုနေမှုသည်ပင် ထားဝယ်ဒေသိယစကား၏ ထင်ရှားသော ဗျည်းသံဆိုင်ရာလက္ခဏာများဟု ဆိုနိုင်သည်။ အထူးသဖြင့် လဆွဲ ဗျည်းသံသုံး၍ ပြောဆိုသောစကားသံမျိုးကိုကြားလျှင် ပြောသူသည် ထားဝယ်သူ/ ထားဝယ်သားများဖြစ်မည်ဟု ထစ်ထစ်ချ ပြောနိုင်လောက်သော စကားသံပင် ဖြစ်ပေသည်။ သို့သော် ယခုအခါ စံမြန်မာဘာသာစကားနှင့် ထိတွေ့မှု ပိုမိုများပြားလာမှုကြောင့် ထိုမူလဗျည်းသံတို့နေရာတွင် စံဗျည်းသံများ အစားထိုး ပြောင်းလဲပြောဆိုလာကြပါသည်။ ထိုအခါ မိမိတို့၏ ဒေသိယမူလဗျည်းသံများ တဖြည်းဖြည်း ပျောက်ကွယ်သွားနိုင်သည်။

ထို့အတူ သရသံများလည်း ပြောင်းလဲလာပါသည်။ စံမြန်မာဘာသာစကားတွင် ‘ဝ’ဆွဲ ဗျည်းတွဲပါသော စကားလုံးအချို့ကို အေ့၊ အေ၊ အေး / ē, é, è / သရသံဖြင့် ပြောသော စကားလုံးတို့ကို ထားဝယ်ဒေသိယတွင် အီ၊ အိ၊ အီး / ī, í, ì / သရသံဖြင့်ပြောခြင်း၊ အင်၊ အင်း / -ĩ, `ĩ / သရသံဖြင့်ပြောသော စကားလုံးအချို့ကို အန်၊ အန်း / -ã,`ã / သရသံဖြင့် ပြောခြင်း၊ အက် / ɛʔ / သရသံဖြင့်ပြောသော စကားလုံးအချို့ကို အစ် / iʔ / သရသံဖြင့် ပြောခြင်း၊ အိတ် / eiʔ / သရသံဖြင့် ပြောသော စကားလုံးအချို့ကို အိ /`i / သရသံဖြင့် ပြောဆိုခြင်းမျိုးတို့သည် မူလ ထားဝယ်ဒေသိယစကား၏ သရသံဆိုင်ရာ ထင်ရှားသော အသံများဟု ဆိုနိုင် ပါသည်။ သို့သော် ယခုအခါ စံမြန်မာဘာသာစကားနှင့် ထိတွေ့မှု ပိုမို များပြား နေမှုကြောင့် စံသရသံဘက်သို့ ရွေ့လျားနေသည်ကို တွေ့ရပါသည်။

ထို့ပြင် ဝဏ္ဏအရေအတွက်မှာလည်း ပြောင်းလဲလာနေပါသည်။ မူလထားဝယ် ဒေသိယစကားတွင် စံစကားထက် ဝဏ္ဏအရေအတွက် လျော့၍သာ ပြောဆိုကြ ပါသည်။ အထူးသဖြင့် ‘အ’ ဝဏ္ဏ လျော့၍ ပြောဆိုမှုကြောင့်လည်း ထားဝယ်ဒေသိယ စကားပြောလျှင် မြန်သည်၊ ပြတ်သည်၊ ချိုသာမှုမရှိ စသည်ဖြင့် အခြားလူ့အဖွဲ့အစည်း တို့က သုံးသပ်တတ်ကြသည်မှာ မှန်ကန်နိုင်ဖွယ် ရှိပါသည်။

ထို့အတူ ထားဝယ်ဒေသိယစကားတွင် မူလက ဒေသိယအသံဖြင့်သာ မွေးစား ထားသော စကားလုံးအချို့ကို ယခုအခါ စံအသံ၏ လွှမ်းမိုးလာမှုကြောင့် စံအသံ အတိုင်း ပြောင်းလဲပြောဆိုလာကြပါသည်။

ထိုသို့ ပြောင်းလဲနေမှုကြောင့် ထားဝယ်ဒေသိယစကားပြောသည့် လူ့အဖွဲ့အစည်း အတွင်းတွင် ကောင်းကျိုးနှင့် ဆိုးပြစ်များ ဒွန်တွဲဖြစ်ပေါ်လာနေပါသည်။ ကောင်းကျိုး အနေဖြင့် မူလဒေသိယစကားတွင် မရှိသည့် ‘ရ’ / r / သံရင်း တိုးပွားလာပါသည်။ ထို့ပြင် အခြားလူ့အဖွဲ့အစည်းနှင့် ဆက်ဆံရသည့်အခါ ချိုသာပြေပြစ်မှု လိုအပ်ပုံ၊ အပြောအဆို အပြုအမူ ယဉ်ကျေးသိမ်မွေ့ရန် လိုအပ်ပုံ၊ စကားအပြောအဆိုသည် လူမှုဆက်ဆံရေးတွင် အဓိကကျပုံ၊ တစ်ဖက်သားနှင့် ဆက်ဆံလျှင် စကားသံသည် များစွာ အရေးပါပုံ စသည့် လူမှုဆက်ဆံရေးဆိုင်ရာ ကောင်းကျိုးများကို ရရှိစေ ပါသည်။

ဆိုးပြစ်အနေဖြင့် မိမိတို့ ဒေသိယစကားသံများ တဖြည်းဖြည်း စံအသံ ဘက်သို့ ရွေ့လျားနေခြင်းသည် စိုးရိမ်စရာ ဖြစ်နေပါသည်။ ခေတ်လူငယ်အချို့သည် ပေါ်ပင်ကို လိုက်လို၍ဖြစ်စေ၊ အများ အထင်ကြီးစေလို၍ဖြစ်စေ မိမိတို့၏ ဒေသိယ စကားသံများကို မပြောချင်ကြဘဲ ဖြစ်လာနေကြသည်။ မိမိတို့ ဒေသိယစကားသံဖြင့်

ပြောလျှင် အခြားလူ့အဖွဲ့အစည်းတို့ နားမလည်နိုင်သည်မှာ မှန်သော်လည်း ထိုအသံများသည်ပင် မိမိတို့ဒေသိယ စကားပြောသူများကို ကောင်းကျိုးပြုနိုင်သည်ကို သတိပြုသင့်သည်ဟု ထင်ရသည်။ အထူးသဖြင့် အခြားအရပ်ဒေသသို့ ရောက်လျှင် ဒေသိယစကားပြောသူတို့သည် မိမိတို့၏ ဒေသိယစကားသံဖြင့် ပြောနေသည်ကို ကြားရလျှင် အချင်းချင်း မိတ်ဆက်တတ်ကြသည်။ ကူညီရိုင်းပင်းတတ်ကြသည်။ အခက်အခဲများကို ကူညီဖြေရှင်းပေးတတ်သည်။ လိုအပ်ချက်များကို ဖြည့်ဆည်းပေးတတ်ကြသည်။ အချင်းချင်း စည်းလုံးညီညွတ်ကြသည် စသည့် အချက်များသည် ဒေသိယစကားသံများ၏ ကောင်းကျိုးရလဒ်ဟု ဆိုနိုင်ပါသည်။

ထို့ပြင် ဒေသိယစကားဟူသည် မိရိုးဖလာ ရိုးရာအမွေအနှစ် တစ်ရပ်ဖြစ်သည်။ ဒေသသွင်ပြင်လက္ခဏာ ထင်ဟပ်လျက်ရှိပြီး ဒေသဆိုင်ရာ အမှတ်လက္ခဏာ တစ်ခုလည်း ဖြစ်သည်။ ထို့ကြောင့် မိမိတို့၏ ဒေသိယစကားသံကို ဘိုးဘွား အမွေအနှစ်အဖြစ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သင့်သည်ဟု သုံးသပ်မိပါသည်။

## နိဂုံး

ဤစာတမ်းသည် ဘာသာစကားထိတွေ့မှုကြောင့် သက်ရောက်မှုဧရိယာ အတွင်း ထားဝယ်ဒေသိယစကားသံများ ပြောင်းလဲနေမှုသဘောကို သုံးသပ်တင်ပြထားပါသည်။ မိမိတို့၏ မူလစကားသံသည်လည်း အရေးပါပုံ၊ ကောင်းကျိုးရရှိနိုင်ပုံ၊ ပြောင်းလဲလာသော စကားသံသည်လည်း လူ့အဖွဲ့အစည်းနှင့် ဆက်ဆံသည့်အခါ လိုအပ်ပုံတို့ကို တင်ပြထားပါသည်။

# ကျမ်းကိုးစာရင်း


## မြန်မာဘာသာ

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၀၅)။ ***သက်တံ့ရောင်စုံဘာသာစကား***။ ရန်ကုန်၊ ဓာတုလင်္ကာ စာပေ။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၀၉)။ ***ဘာသာအမြင် စာပေအမြင်***။ ရန်ကုန်၊ ပုဂံပုံနှိပ်တိုက်။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၁)။ ***လူငယ်အတွက် စကားအကြောင်း စာအကြောင်း***။ ရန်ကုန်၊ ကောင်းသန့်ပုံနှိပ်တိုက်။

တင်ထွန်း၊ ဦး။ (၁၉၈၀) ။ ***စကားသံပြောင်းလဲရသော အကြောင်းရင်းများ၊ တက္ကသိုလ်ပညာပဒေသာစာစောင်၊ အတွဲ ၁၄၊ အပိုင်း(၂)***။ ရန်ကုန်၊ ရန်ကုန်တက္ကသိုလ်ပုံနှိပ်တိုက်။

ထွန်းမြင့်၊ ဦး။ (ခုနှစ်မပါ)။ ***ဘာသာဗေဒ***။ ရန်ကုန်၊ တက်လမ်းစာပေ။

ဖေမောင်တင်၊ ဦး။ (၁၉၅၈)။ ***ဘာသာလောကကျမ်း*** ။ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန်***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

မြန်မာစာအဖွဲ့။ (၂၀၀၃)။ ***အင်္ဂလိပ်-မြန်မာအဘိဓာန်*** (ဒု-ကြိမ်)။ မြန်မာစာအဖွဲ့ဦးစီးဌာန။

အောင်မြင့်ဦး၊ မောင်။ (၂၀၀၀)။ ***ပုဂံခေတ် မြန်မာစာအရေးအသားစနစ်***။ ရန်ကုန်တက္ကသိုလ် မြန်မာစာပါရဂူဘွဲ့အတွက် တင်သွင်းသောကျမ်း။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၀၆)။ ***အင်းလေးဒေသိယစကား***။ ရူပံစာအုပ်တိုက်။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၁၀)။ ***ဘာသာစကားသုတေသန***။ ရန်ကုန်၊ ရူပံစာအုပ်တိုက်။

အောင်သောင်း၊ ဦး။ (၁၉၇၇)။ ***နှာခေါင်းသံနှင့် လသံ ပေါင်းက နသံ ဖြစ်သည်။ မြန်မာစာသုတေသနဂျာနယ်၊ အတွဲ ၂၊ အမှတ် ၁။*** ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

## အင်္ဂလိပ်ဘာသာ

Aitchison, J. (1972). ***General Linguistics*** : The English Universities Press Ltd.

Coulmas, F(ed). (2002). ***The Handbook of Sociolinguistics***. Massachusetts: Blackwell Publisher.

Crystal, D. (2000). ***A Dictionary of Linguistics and Phonetics*** (4th.edn): Massachusetts: Blackwell Publisher.

## အင်တာနက်အကိုးအကား

Accent. Retireved (May 10, 2018) From http://en.wikipedia, org/wiki/Accent.

Language-contact. Retireved (Mar 5, 2018) from http: // en Wikipedia, org/ wiki/ language-contract

Sound.change.Retireved (May 10, 2018) from http://en. Wikipedia, org. wiki/sound-change.

# ကုန်းဘောင်ခေတ်ကျောက်စာများမှ အထူးပြုနာမ်ပုဒ်များဖွဲ့စည်းပုံ လေ့လာချက်

ခင်ခင်လတ်*

## စာတမ်းအကျဉ်း

ဤစာတမ်းတွင် ကုန်းဘောင်ခေတ် (မြန်မာသက္ကရာဇ် ၁၁၁၄ မှ ၁၂၄၇ အထိ) မြန်မာကျောက်စာများမှ ကျောက်စာအချပ် (၂၀)ကို အလေ့လာခံနယ်ပယ် အဖြစ် သတ်မှတ်ခဲ့ပါသည်။ ဤအလေ့လာခံကျောက်စာများမှ အထူးပြုနာမ်ပုဒ် များ၏ ဖွဲ့စည်းပုံကို ဘာသာဗေဒနည်းဖြင့် လေ့လာခဲ့သည်။ လေ့လာရာ တွင်လည်း အခြေခံသဒ္ဒါယူနစ် ငါးမျိုးဖြစ်သော ဝါကျ၊ ဝါကျခွဲ၊ ပုဒ်၊ စကားလုံး၊ ရုပ်ရင်း ဟူသော အဆင့်ငါးမျိုးရှိရာ ပုဒ်အဆင့် ဖြစ်သော အပိုင်းမှ အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းပုံအကြောင်းကို သရုပ်ဖော်ဘာသာဗေဒနည်းဖြင့် လေ့လာဆန်းစစ် တင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ – *အထူးပြုနာမ်ပုဒ်၊ နာမ်အထူးပြု၊ ဦးဆောင်နာမ်၊ နာမ်ဝိဘတ်၊ ပစ္စည်း။***

## နိဒါန်း

ဤစာတမ်းတွင် ကုန်းဘောင်ခေတ်ကျောက်စာများရှိ ‘အထူးပြုနာမ်ပုဒ်များ’ ဖွဲ့စည်းထားပုံကို ဘာသာဗေဒနည်းဖြင့် လေ့လာတင်ပြခဲ့ပါသည်။ မြန်မာသက္ကရာဇ် (၁၁၁၄ မှ ၁၂၄၇) အထိ မြန်မာကျောက်စာများမှ အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်း ထားပုံကို ‘အထူးပြုနာမ်ပုဒ်များဟူသည်’ နှင့် ‘ကုန်းဘောင်ခေတ်ကျောက်စာများရှိ အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းပုံ’ ဟူ၍ အပိုင်း(၂)ပိုင်းခွဲကာ လေ့လာတင်ပြထား ပါသည်။

ကုန်းဘောင်ခေတ် မြန်မာကျောက်စာများမှ ကျောက်စာအချပ် (၂၀)ကိုသာ အလေ့လာခံနယ်ပယ်အဖြစ် သတ်မှတ်၍ ဤအလေ့လာခံကျောက်စာများမှ အထူးပြု နာမ်ပုဒ်များ၊ ဖွဲ့စည်းထားရှိပုံကိုလည်း ကဏ္ဍ(၃)ခုခွဲကာ လေ့လာတင်ပြခဲ့ပါသည်။ အလေ့လာခံ သဒ္ဒါအမျိုးအစားဖြစ်သော နာမ်၊ ကြိယာ၊ ဝိဘတ်တို့ကို အခြေခံ၍ အထူးပြုနာမ်ပုဒ်များကိုလည်း သဒ္ဒါစည်းကမ်းအရ မည်သို့ ဖွဲ့စည်းထားရှိပုံကိုလည်း လေ့လာဆန်းစစ်တင်ပြခဲ့ပါသည်။ အလေ့လာခံ ကုန်းဘောင်ခေတ် ကျောက်စာများ စာရင်းနှင့် အထူးပြုနာမ်ပုဒ်များ၏ အကြိမ် အရေအတွက်ကိုသာ ဖော်ပြထားရှိခဲ့ပြီး

* ဒေါ်၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်

ဖော်ပြထားရှိခြင်း မရှိခဲ့သော အထူးပြုနာမ်ပုဒ်များကို နောက်ဆက်တွဲတွင် ဆက်လက်ဖော်ပြသွားပါမည်။

## ၁။ အထူးပြုနာမ်ပုဒ်ဟူသည်

'အထူးပြုနာမ်ပုဒ်' [၁] ဆိုသည်မှာ နာမ်အထူးပြုစကားလုံးတစ်ခု၊ တစ်ခုထက်ပိုသော အထူးပြုစကားလုံးများနှင့် ဖွဲ့စည်းထားသော စကားလုံးအစုအဝေးကို ခေါ်သည်။ ယင်းစကားလုံးအစုအဝေးတွင် ပါဝင်သော စကားလုံးများအနက် အနည်းဆုံး စကားလုံးတစ်ခုသည် 'ဦးဆောင်နာမ်'[၂] ဖြစ်ရမည်။ ယင်းဦးဆောင်နာမ်၏ ရှေ့တွင်လည်းကောင်း၊ ဦးဆောင်နာမ်၏ နောက်တွင်လည်းကောင်း၊ ဦးဆောင်နာမ်၏ ရှေ့ရော နောက်၌ပါ လည်းကောင်း 'နာမ်အထူးပြု' [၃] များ အကန့်အသတ်မရှိ ပါဝင်နိုင်ပါသည်။ ယင်းစကားလုံးအစုအဝေး၏ နောက်ဆုံးနေရာတွင် 'နာမ်ဝိဘတ်' [၄] ပါသည်လည်းရှိ၍ မပါသည်လည်း ရှိနိုင်ပါသည်။ ယင်းကို ပုံသေနည်းဖြင့် ပြလျှင်–

အထူးပြုနာမ်ပုဒ် $\rightarrow$ $\pm$ နာမ်အထူးပြု... + ဦးဆောင်နာမ် $\pm$ နာမ်အထူးပြု... $\pm$ နာမ်ဝိဘတ်

ဟူ၍ ပြနိုင်သည်။ သင်္ကေတဖြင့် ပြရလျှင်–

$$MN \rightarrow \pm \text{ adj} \ldots + \text{ hn} \pm \text{ adj} \ldots \pm \text{ np}$$

ဟူ၍ ပြနိုင်ပါသည်။

### ၁၊ ၁။ ကျောက်စာများရှိ အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းပုံ

နာမ်အထူးပြုများကို အခြေခံ၍ ကျောက်စာများရှိ အထူးပြုနာမ်ပုဒ်များကို ဖွင့်ဆိုသတ်မှတ်ရာတွင် အထူးပြုနာမ်ပုဒ်တစ်ခု၌–

(က) ဦးဆောင်နာမ်တစ်ခု ပါရှိရမည်။ ဦးဆောင်နာမ်နောက်တွင် နာမ်ဝိဘတ် ပါသည်လည်း ရှိ၍ မပါသည်လည်း ရှိနိုင်ပါသည်။

---

[၁] Modifier noun

[၂] head noun

[၃] adjectival

[၄] Noun particle

(ခ) ဦးဆောင်နာမ်၏ရှေ့တွင် အနည်းဆုံး နာမ်အထူးပြုတစ်ခု ပါရှိသည်။ နာမ်အထူးပြုပုဒ်၏ နောက်တွင် ပုဒ်ဖြစ်ကြောင်းပြပစ္စည်း ပါသည်လည်း ရှိ၍ မပါသည်လည်း ရှိနိုင်ပါသည်။

(ဂ) နာမ်အထူးပြုသည် ဦးဆောင်နာမ်၏ ရှေ့တွင်သာမက နောက်တွင်လည်း တစ်ပြိုင်နက် ရှိနိုင်ပါသည်။

(ဃ) အထူးပြုနာမ်ပုဒ်တစ်ခုတွင် ဦးဆောင်နာမ် တစ်ခု ပါဝင်ပြီး နာမ်အထူးပြု တို့မှာ တစ်ခုထက်မက နှစ်ခု သုံးခု လေးခု ငါးခု စသည်ဖြင့် ပါရှိနိုင်သည်။

ထိုဖွဲ့စည်းပုံကို ပုံသေနည်းထုတ်၍ သင်္ကေတဖြင့် ဖော်ပြရလျှင်–

အထူးပြုနာမ် $\rightarrow \pm$ နာမ်အထူးပြု...+ဦးဆောင်နာမ် $\pm$ နာမ်အထူးပြု...$\pm$ နာမ်ဝိဘတ်

ဟူ၍ ပြနိုင်သည်။ သင်္ကေတဖြင့်ပြရလျှင်–

$$MN \rightarrow \pm \text{ adj } \ldots + \text{ hn } \pm \text{ adj } \ldots \pm \text{ np}$$

ဟူ၍ ဖြစ်ပါသည်။ ဖော်ပြပါဖွဲ့စည်းပုံအရ အလေ့လာခံကျောက်စာများရှိ အထူးပြုနာမ်ပုဒ်များ၏ ဖွဲ့စည်းထားပုံကို လေ့လာတင်ပြပါမည်။

## ၂။ ကုန်းဘောင်ခေတ် ကျောက်စာများရှိ အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းပုံ

အလေ့လာခံကျောက်စာများရှိ အထူးပြုနာမ်ပုဒ်များအတွင်း ပါဝင်ဖွဲ့စည်းထားသော ဦးဆောင်နာမ်ကို အထူးပြုထားသည့် နာမ်အထူးပြုများ၏ ဖွဲ့စည်းပုံကို ဖော်ပြရာတွင်–

(၁) ဦးဆောင်နာမ်၏ ရှေ့မှ နာမ်အထူးပြုပါသော အထူးပြုနာမ်ပုဒ်များ

(၂) ဦးဆောင်နာမ်၏ နောက်မှ နာမ်အထူးပြုပါသော အထူးပြုနာမ်ပုဒ်များ

(၃) ဦးဆောင်နာမ်၏ ရှေ့နှင့်နောက်မှ နာမ်အထူးပြုပါသော အထူးပြုနာမ်ပုဒ်များ

ဟူ၍ ဖော်ပြပါမည်။

အလေ့လာခံ ကျောက်စာများရှိ အထူးပြုနာမ်ပုဒ်များတွင် ပါဝင်သော နာမ်အထူးပြုများကို ဖော်ပြရာတွင် ဦးဆောင်နာမ်ကို အထူးပြုပုံအရ အရေအတွက်အလိုက်

ဖော်ပြသွားပါမည်။ အထူးပြုနာမ်ပုဒ်တစ်ခုတွင် ဦးဆောင်နာမ်ကို အထူးပြုနိုင်သော နာမ်အထူးပြုသည် အရေအတွက် တစ်ခုမက ပါရှိနိုင်ပါသည်။ သို့ဖြစ်ပါ၍ နာမ်အထူးပြုများကို အရေအတွက်အလိုက် ဖော်ပြရခြင်း ဖြစ်ပါသည်။

## ၂၊ ၁။ ဦးဆောင်နာမ်၏ ရှေ့မှ နာမ်အထူးပြုပါသော အထူးပြုနာမ်ပုဒ်များ

ဤအထူးပြုနာမ်ပုဒ် ဖွဲ့စည်းပုံတွင် ဦးဆောင်နာမ်သည် တစ်ခုသာ ပါရမည် ဖြစ်သည်။ ဦးဆောင်နာမ်၏ရှေ့မှ အထူးပြုသော နာမ်အထူးပြုသည် တစ်ခုမက နှစ်ခု၊ သုံးခု စသည်ဖြင့် ပါဝင်နိုင်သည်။ ဦးဆောင်နာမ်၏နောက်တွင် နာမ်ဝိဘတ် ပါသည်လည်း ရှိသည်။ မပါဘဲနှင့်လည်း ရှိနိုင်သည်။ ယင်းဖွဲ့စည်းပုံကို ပုံသေနည်းထုတ်၍ သင်္ကေတဖြင့် ပြရသော်–

အထူးပြုနာမ်ပုဒ် ⟶ နာမ်အထူးပြု… + ဦးဆောင်နာမ် ± နာမ်ဝိဘတ်

MN ⟶ adj … + hn ± np

ဟူ၍ ဖော်ပြပါမည်။ ယင်းဖွဲ့စည်းမှုအတိုင်း အလေ့လာခံကျောက်စာများမှ အထူးပြုနာမ်ပုဒ်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

### ၂၊ ၁၊ ၁။ ဦးဆောင်နာမ်၏ရှေ့တွင် နာမ်အထူးပြုတစ်ခုနှင့် ဦးဆောင်နာမ်၏ နောက်တွင် နာမ်ဝိဘတ်ပါသော အထူးပြုနာမ်ပုဒ်များ

အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းပုံတွင် ဦးဆောင်နာမ်၏ရှေ့တွင် နာမ်အထူးပြု တစ်ခုပါရှိပြီး ဦးဆောင်နာမ်၏နောက်တွင် နာမ်ဝိဘတ် ပါဝင်ဖွဲ့စည်းထားသည်။ ယင်းဖွဲ့စည်းပုံကို ပုံသေနည်းထုတ်၍ သင်္ကေတဖြင့် ဖော်ပြရလျှင်–

အထူးပြုနာမ်ပုဒ် ⟶ နာမ်အထူးပြု + ဦးဆောင်နာမ် + နာမ်ဝိဘတ်

MN ⟶ adj + hn + np

ဟူ၍ ဖော်ပြပါသည်။ ဦးဆောင်နာမ်ရှေ့မှ နာမ်အထူးပြုတစ်ခုနှင့် ဦးဆောင်နာမ် နောက်မှ နာမ်ဝိဘတ် ပါဝင်ဖွဲ့စည်းပုံကို အလေ့လာခံကျောက်စာတို့တွင် အောက်ပါ အတိုင်း တွေ့ရသည်။

– မုတ်ဆိုဝ်ဘိုဝ်မည်သောရှာကိုဝ် ရှေး၊ စာ–၁၄ ၊ က–၉
- – မုတ်ဆိုဝ်ဘိုဝ်မည်သော adj
- – ရှာ hn
- – ကိုဝ် np

– အမင်မင်တိုဝ်၏အရှင် ရာဇာဓိပတိဖြစ်တော်မူသော အလောင်းမင်းတရားကြီးသည် ရှေး၊ စာ–၁၄၊ က–၁၂
- – အမင်မင်တိုဝ်၏အရှင်ရာဇာဓိပတိ ဖြစ်တော်မူသော adj
- – အလောင်းမင်းတရားကြီး hn
- – သည် np

– ငါဘုရားဗေယ်ကိုယ်စားဖြစ်သဝ် မွိယ်တ်ခတ်တ်တို့သည် ရှေး၊ စာ–၂၄၊ က–၂၆
- – ငါဘုရားဗေယ်ကိုယ်စားဖြစ်သဝ် adj
- – မွိယ်တ်ခတ်တ်တို့ hn
- – သည် np

– အဆုံးစွန်သဝ် နိဗ္ဗာန်ပြည်ကို မြင်တ်မူသဝ် ဘုရားသခင်သည် ရှေး၊ စာ–၂၅၊ က–၂၆
- – အဆုံးစွန်သဝ် နိဗ္ဗာန်ပြည်ကို မြင်တ်မူသဝ် adj
- – ဘုရားသခင် hn
- – သည် np

– ထူးခြားတော်စွာသော တရားတော်ကို ရှေး၊ စာ–၄၆၊ က–၅၀

– ထူးမြတ်စွာသော adj

– တရားတော် hn

– ကို np

အထက်ဖော်ပြပါ ဦးဆောင်နာမ်၏ ရှေ့တွင် နာမ်အထူးပြုတစ်ခုနှင့် ဦးဆောင်နာမ်၏ နောက်တွင် နာမ်ဝိဘတ် ပါဝင်သော အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းပုံကို အလေ့လာခံကျောက်စာတို့တွင် (၃၉)ကြိမ် အသုံးပြုရေးထိုးထားသည်။ ဖော်ပြပါ ကျန်ရှိနေသော အထူးပြုနာမ်ပုဒ်အဖွဲ့များကို နောက်ဆက်တွဲတွင် ဖော်ပြပါမည်။

## ၂၊ ၁၊ ၂။ ဦးဆောင်နာမ်၏ ရှေ့တွင် နာမ်အထူးပြု နှစ်ခု နှင့် ဦးဆောင်နာမ်၏ နောက်တွင် နာမ်ဝိဘတ်ပါသော အထူးပြုနာမ်ပုဒ်များ

အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းပုံတွင် ဦးဆောင်နာမ်၏ရှေ့တွင် နာမ်အထူးပြု နှစ်ခုနှင့် ဦးဆောင်နာမ်၏နောက်တွင် နာမ်ဝိဘတ်ပါရှိသော ဖွဲ့စည်းထားပုံကိုလည်း တွေ့ရသည်။ ယင်းဖွဲ့စည်းပုံကို ဘာသာဗေဒအရ ပုံသေနည်းထုတ်၍ သင်္ကေတဖြင့် ဖော်ပြရသော်–

အထူးပြုနာမ်ပုဒ် → နာမ်အထူးပြု$^{၁–၂}$ + ဦးဆောင်နာမ် + နာမ်ဝိဘတ်

MN → adj$^{1-2}$ + hn + np

ဟူ၍ ဖော်ပြပါမည်။ အလေ့လာခံကျောက်စာတို့တွင်လည်း ဤသို့သော ဖွဲ့စည်းမှုကို တွေ့ရှိရသည်။

– ဇမ္ဗူဒီပါတစ်ကျွန်းလုံး၌ ရှိသော ၈၄၀၀၀ သော ထီးဆောင်းမင်းတို့သည် ရှေး၊ စာ–၂၀၊ က–၂၅

– ဇမ္ဗူဒီပါတစ်ကျွန်းလုံး၌ ရှိသော adj

– ၈၄၀၀၀ သော adj

– ထီးဆောင်းမင်းတို့ hn

– သည် np

– မြတ်သောနှလုံးတော်ဟိသော သီရိ သုဓမ္မမဟာ ရာဇာဓိပတိအမည်တော်ရှိသော မင်းတရားကြီးသည် ရှေး၊ စာ–၃၅ ၊ က–၃၆

- – မြတ်သောနှလုံးတော်ဟိသော adj
- – သီရိသုဓမ္မမဟာရာဇာဓိပတိ အမည်တော်ရှိသော adj
- – မင်းတရားကြီး hn
- – သည် np

– အောင်သူတိုင် အဓိပတိဖြစ်သော ငါဘုရား၏ သာသနာတ်ကိုင် ခြီးမြှင့် ပြုစု သဝ် မင်းဇကေရာဇ်တိုဝ်သည် ရှေး၊ စာ–၇၇ ၊ က–၉

- – အောင်သူတိုဝ် အဓိပတိ ဖြစ်သော adj
- – ငါဘုရား၏ သာသနာတ်ကိုဝ် ခြီးမြှင့်ပြုစုသဝ် adj
- – မင်းဇကေရာဇ်တိုဝ် hn
- – သည် np

– နတ်နန်းဗိမာန်နှင့်တူသဝ် ရွှေနန်းရွှေဘုံမှ ပဒုံမာနှင့် တူသဝ်စက်စုံ ရွှေကြွာပွင့်ကိုဝ် ရှေး၊ စာ–၉၅ ၊ က–၁၆

- – နတ်နန်းဗိမာန်နှင့်တူသဝ် adj
- – ရွှေနန်းရွှေဘုံမှ ပဒုံမာနှင့်တူသဝ် adj
- – စက်စုံရွှေကြွာပွင့် hn
- – ကိုဝ် np

အထက်ဖော်ပြပါ နာမ်အထူးပြု နှစ်ခုနှင့် ဦးဆောင်နာမ်၏ နောက်တွင် နာမ်ဝိဘတ် ပါဝင်သော အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းထားရှိပုံကို အလေ့လာခံ ကျောက်စာတို့တွင် (၆)ကြိမ် ရေးထိုးထားသည်။ ကျန်ရှိနေသော အထူးပြုနာမ်ပုဒ်အဖွဲ့ များကို နောက်ဆက်တွဲတွင် ဖော်ပြပါမည်။

### ၂၊ ၁၊ ၃။ ဦးဆောင်နာမ်၏ရှေ့တွင် နာမ်အထူးပြု သုံးခုနှင့် ဦးဆောင်နာမ်၏ နောက်တွင် နာမ်ဝိဘတ်ပါသော အထူးပြုနာမ်ပုဒ်များ

အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းပုံတွင် ဦးဆောင်နာမ်၏ ရှေ့တွင် နာမ်အထူးပြု သုံးခုနှင့် ဦးဆောင်နာမ်၏နောက်တွင် နာမ်ဝိဘတ်ပါသော ဖွဲ့စည်းပုံမျိုးကိုလည်း တွေ့ရသည်။ ယင်းဖွဲ့စည်းပုံတွင် ဘာသာဗေဒအရ ပုံသေနည်းထုတ်၍ သင်္ကေတဖြင့် ဖော်ပြရလျှင်–

အထူးပြုနာမ်ပုဒ် → နာမ်အထူးပြု ၁–၃ + ဦးဆောင်နာမ် + နာမ်ဝိဘတ်

MN → adj $^{1-3}$ + hn + np

ဟူ၍ ဖော်ပြပါမည်။ ဤဖွဲ့စည်းပုံအရ အလေ့လာခံကျောက်စာများမှ အထူးပြုနာမ်ပုဒ်များကို တင်ပြရလျှင်–

– ဆင်မြတ်ယဉ်သာအပေါင်း ခြံရံအပ်သော ဆင်ဖြူရတနာမြတ်သခင် သိကြား ဘေးဘိုး ရွှေနန်းစိုးသား နေမျိုးဇာတိ မဟိဒ္ဓိလည်း ဖြစ်တော်မူထသော ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသဝ် အရှင်ဘဝရှင် မင်းတရားကြီးဘုရားသည် — ရှေး၊ စာ–၄၂၊ က–၂၂

| | |
|---|---|
| – ဆင်မြတ်ယဉ်သာအပေါင်း ခြံရံအပ်သော | adj |
| – ဆင်ဖြူရတနာမြတ်သခင်ဘေးဘိုး ရွှေနန်း စိုးသား နေမျိုး ဇာတိ မဟိဒ္ဓိလည်း ဖြစ်တော်မူထသော | adj |
| – ဘုန်းတော်အလွန်ကြီးမြတ်တော် မူလှသဝ် | adj |
| – အရှင်ဘဝရှင်မင်းတရားကြီးဘုရား | hn |
| – သည် | np |

– ကောင်မွှတ်စွာ သင် ကျန်လက္ခဏာရှိ သင် မွှေး စွာသင် ဆင်တိုင့်ကိုင် ရှေး၊ စာ–၉၃၊ က–၆

- – ကောင်မွှတ်စွာ သင် adj
- – ကျန်လက္ခဏာ ရှိသင် adj
- – မွှေး စွာ သင် adj
- – ဆင်တိုင့် hn
- – ကိုင် np

– တကောင်ပြည်ကြီး ရွှေထီး ဘွင့် သင် သတိုင် မင်း မဟာ ဇမ္ဗူ ဒီပဓဇ အမည် ဟိသိင် မင်းတရားကြီး၏ အနွယ်အရိုးအမျိုဝ်ရင်း ဖြစ်သင် သတိုးမင်းဖျား မင်းတရားသည် ရှေး၊ စာ–၇၇၊ က–၁၀

- – တကောင်ပြည်ကြီး ရွှေထီးဘွင့်သင် adj
- – သတိုင် မင်း မဟာ ဇမ္ဗူဒီပဓဇ အမည်ဟိသိင် adj
- – မင်းတရားကြီး၏ အနွယ်အရိုး အမျိုဝ်ရင်း ဖြစ်သင် adj
- – သတိုးမင်းဖျား မင်းတရား hn
- – သည် np

ဖော်ပြပါ ဦးဆောင်နာမ်၏ရှေ့မှ နာမ်အထူးပြု (၃)ခုနှင့် ဦးဆောင်နာမ်၏ နောက်မှ နာမ်ဝိဘတ် ပါဝင်သော အထူးပြုနာမ်ပုဒ် ဖွဲ့စည်းပုံကို အလေ့လာခံ ကျောက်စာတို့တွင် (၈)ကြိမ် ရေးထိုးထားသည်။ ကျန်အထူးပြုနာမ်ပုဒ်များ အဖွဲ့ကိုမူ နောက်ဆက်တွဲတွင် ဖော်ပြပါမည်။

### ၂၊ ၁၊ ၄။ ဦးဆောင်နာမ်၏ ရှေ့တွင် နာမ်အထူးပြုလေးခုနှင့် ဦးဆောင်နာမ်၏ နောက်တွင် နာမ်ဝိဘတ်ပါသော အထူးပြုနာမ်ပုဒ်များ

အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းပုံတွင် ဦးဆောင်နာမ်၏ရှေ့တွင် နာမ်အထူးပြုလေးခုနှင့် ဦးဆောင်နာမ်၏နောက်တွင် နာမ်ဝိဘတ်ပါသော ဖွဲ့စည်းထားပုံကိုလည်း တွေ့ရသည်။ ယင်းဖွဲ့စည်းပုံကို ပုံသေနည်းပြ၍ သင်္ကေတဖြင့်ပြသော်–

အထူးပြုနာမ်ပုဒ် → နာမ်အထူးပြု ၁–၄ + ဦးဆောင်နာမ် + နာမ်ဝိဘတ်

MN → adj $^{1\text{-}4}$ + hn + np

ဟူ၍ ဖော်ပြပါမည်။ ထိုဖွဲ့စည်းပုံအရ အလေ့လာခံကျောက်စာတို့တွင်–

– လယ်တွင်းကိုးခရိုင်ကိုစီရင်သော ပညာသတ္တိနှင့်ပြည့်စုံသော သာသနဝုဒ္ဓိ အတ္တဝုဒ္ဓိ ပရဝုဒ္ဓိတို့ကိုဝ် အလိုရှိသော သူတော်ကောင်း သဘောရှိသဝ် အမတ်တော်ကိုဝ် ရှေး၊ စာ–၁၄၊ က–၁၉

| | |
|---|---|
| – လယ်တွင်းကိုးခရိုင်ကိုစီရင်သော | adj |
| – ပညာသတ္တိနှင့် ပြည့်စုံသော | adj |
| – သာသနဝုဒ္ဓိ အတ္တဝုဒ္ဓိ ပရဝုဒ္ဓိ တို့ကိုဝ် အလိုရှိသော | adj |
| – သူတော်ကောင်းသဘောရှိသော | adj |
| – အမတ်တော် | hn |
| – ကိုဝ် | np |

– ဇမ္ဗူဒိပ်ကျွန်းတွင် အတုမရှိသဝ် ဘုန်တန်ခိုဝ် ပညာသဒ္ဓါနှင့် ပြည့်စုံမ်တ်မူသဝ် ဘုန်း၏ အလွန်ကြီးမြတ်တ်မူလှသဝ် ဆင့်ဖွူသခင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရားသည် ရှေး၊ စာ–၇၇၊ က–၁၅–၁၆

| | |
|---|---|
| – ဇမ္ဗူဒိပ်ကျွန်းတွင် အတုမရှိသော | adj |
| – ဘုန်းတန်ခိုဝ်ပညာသဒ္ဓါနှင့် ပြည့်စုံမ်တ်မူသဝ် | adj |
| – ဘုန်း၏ အလွန်ကြီးမြတ်တ် မူလှသဝ် | adj |
| – ဆင့်ဖွူသခင် | adj |
| – အသျှင်ဘဝရှင်မင်းတရားကြီး ဘုရား | hn |
| – သည် | np |

ဦးဆောင်နာမ်၏ရှေ့တွင် နာမ်အထူးပြု လေးခုနှင့် ဦးဆောင်နာမ်၏ နောက်တွင် နာမ်ဝိဘတ် ပါဝင်သော အထူးပြုနာမ်ပုဒ် ဖွဲ့စည်းပုံကို အလေ့လာခံ ကျောက်စာတို့တွင် (၂)ကြိမ်သာ ရေးထိုးထားသည်ကို တွေ့ရှိရသည်။

### ၂၊ ၁၊ ၅။ ဦးဆောင်နာမ်၏ရှေ့တွင် နာမ်အထူးပြု ငါးခုနှင့် ဦးဆောင်နာမ်၏ နောက်တွင် နာမ်ဝိဘတ်ပါသော အထူးပြုနာမ်ပုဒ်များ

အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းပုံတွင် ဦးဆောင်နာမ်၏ ရှေ့တွင် နာမ်အထူးပြု ငါးခုနှင့် ဦးဆောင်နာမ်၏နောက်တွင် နာမ်ဝိဘတ်ပါသော ဖွဲ့စည်းပုံကိုလည်း တွေ့ရှိရသည်။ ယင်းဖွဲ့စည်းပုံကို ပုံသေနည်းဖြင့် သင်္ကေတဖြင့် ပြရသော်–

အထူးပြုနာမ်ပုဒ် → နာမ်အထူးပြု $^{၁-၅}$ + ဦးဆောင်နာမ် + နာမ်ဝိဘတ်

MN → adj $^{1-5}$ + hn + np

ဟူ၍ ဖော်ပြပါမည်။ အလေ့လာခံကျောက်စာတွင်လည်း ဤသို့သော နာမ်အထူးပြု များစွာနှင့် ဖွဲ့စည်းပုံကိုလည်း တွေ့ရသည်။

– တတိယရာဇဝင်မင်းတရားကြီး ဘုရား၏ ရှေး၊ စာ–၈၉၊ က–၂၃
သးတ် အစစ် မြွတ် ရင်နှစ်လျှင် ဖွစ်တ်
မူထသဝ် ဘုန်းတန်ခိုဝ်အာဏာ ကွက်သရေ
နေလကဲ့သို့ဝ် ဝင်ဝင်ပရယ် သာသနာ
ဝုမ္မိ လောကဝုမ္မိ ဟူသဝ် ပွည်သူတိုင်သးစီပွး
အပေါင်တိုဝ်ကိုဝ် ရွက်ဆောင်တော်မူသဝ်
သုနာပရန် တမ္ဗဒီပစသဝ်တိုင်ကြွီး ၁၆ တိုင်၏
အရှင် ရတနာတွင် မတ် မး သွိင် အသျှင်
ဘဝရှင် မင်းတရားသည်

- တတိယရာဇဝင်ဘဝရှင် မင်းတရားကြွီး ဘုရား၏ သားတော်အစစ်မြွတ် ရင်နှစ်လျှင် ဖွစ်တ်မူထသင် — adj
- ဘုန်တန်ခိုဝ်အာဏာ ကွက်သရေ နေလကဲ့သိုဝ် ဝင်ဝင်ပရယ် — adj
- သာသနာ ဝုမ္မိ လောကဝုမ္မိ ဟူသဝ် ပွည်သူတိုဝ် သးစီးပွား အပေါင် တိုဝ်ကိုဝ် ရွက်ဆောင် တော်မူသဝ် — adj
- သုနာပရန် တမ္ဗဒိပစသဝ် တိုင်းကြွီး၁၆တိုဝ်၏အရှင် — adj
- ရတနာတွင် မတ်မးသွိင် — adj
- အသျှင်ဘဝရှင် မင်းတရား — hn
- သည် — np

ဤကဲ့သို့ နာမ်အထူးပြုပေါင်းများစွာတို့နှင့် ဖွဲ့စည်းထားရှိမှုကို ရှေးစာပေရေးဖွဲ့မှုတို့တွင် အများဆုံး တွေ့ရှိရသည်။ နာမ်အထူးပြုပေါင်းများစွာနှင့် ဖွဲ့စည်းထားရှိသောကြောင့် အဓိက ဆိုလိုချက်ကို ချက်ချင်းမသိနိုင်ပေ။

## ၂။ ၁။ ၆။ ဦးဆောင်နာမ်၏ ရှေ့တွင် နာမ်အထူးပြု တစ်ခု၊ နှစ်ခု နှင့် ဦးဆောင်နာမ်၏ နောက်တွင် နာမ်ဝိဘတ် မပါသော အထူးပြုနာမ်ပုဒ်များ

အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းပုံတွင် ဦးဆောင်နာမ်၏ ရှေ့တွင် နာမ်အထူးပြု တစ်ခု သို့မဟုတ် နှစ်ခု ပါဝင်ပြီး ဦးဆောင်နာမ်၏နောက်တွင် နာမ်ဝိဘတ် မပါဝင်သော ဖွဲ့စည်းမှုမျိုးကိုလည်း တွေ့ရသည်။ ဤဖွဲ့စည်းပုံကို ဘာသာဗေဒအရ ပုံသေနည်းထုတ်၍ သင်္ကေတဖြင့် ဖော်ပြရသော်–

အထူးပြုနာမ်ပုဒ် → နာမ်အထူးပြု (၁–၂) + ဦးဆောင်နာမ်

MN → adj (1-2) + hn

ဟူ၍ ဖော်ပြပါမည်။ အလေ့လာခံ ကျောက်စာတို့တွင် ဦးဆောင်နာမ်၏ ရှေ့တွင် နာမ်အထူးပြု တစ်ခု၊ နှစ်ခု နှင့် ဦးဆောင်နာမ်၏ နောက်တွင် နာမ်ဝိဘတ် မပါဝင်သော အထူးပြုနာမ်ပုဒ် အဖွဲ့များကို လေ့လာတင်ပြပါမည်။

– ဘုရားရှင်ကိုဝ် ကွ္သည်လင် တုပ်ပ္သပ် ညွှတ်ဆည် ကပ် သဝ် သုဒဿနမင်း ရှေး၊ စာ–၈၆၊ က–၂
  - ဘုရားရှင်ကို ကွ္သည်လင် တုပ်ပ္သပ် ညွှတ်ဆည် ကပ်သဝ် adj
  - သုဒဿနမင်း hn

– မရ် ဤးကိုဝ်ထွးထွးညက်ညက် ပယ်ဘျက် ခုတ်တွင် အောင်မ္ဂင်တော် မူသဝ် ဘုရားသ္ခိင် ရှေး၊ စာ–၈၇၊ က–၅
  - မာရ်ဤးကိုဝ်ထွးထွးညက်ညက် ပယ်ဘျတ်ခုတ်ထွင် အောင်မ္ဂင် တော်မူသဝ် adj
  - ဘုရားသ္ခိင် hn

– ရတနာမိုယ်းကွ္သိး အလ္ဖိးလ္ဖိးသဝ် စေတနာ ရှေး၊ စာ–၉၈၊ က–၃၅
  - ရတနာမိုယ်းကွ္သိး အလ္ဖိးလ္ဖိးသဝ် adj
  - စေတနာ hn

- သစ်စေးဟင်သပတား ရွှေငွေ အစရှိသည် ရေး၊ စာ–၁၄၊ က–၂၅
  တိုဝ်ဖြင့်တင့်တယ်ရှုဘွယ်လှစွာသော လျှပ်စစ်
  ရွှေတောင်ထွင့်မှု ကဲ့သိုဝ်သော စေတီတော်
  - သစ်စေးဟင်သပတား ရွှေငွေ အစရှိသည်တိုဝ်ဖြင့် တင့်တယ် ရှုဘွယ်လှစွာသော adj
  - လျှပ်စစ်ရွှေတောင်ထွင့်မှု ကဲ့သိုဝ်သော adj
  - စေတီတော် hn

- အသဇာနည်မြင်းပျံကသေဝ် နတ်ရထားကဲ့သို့ ရေး၊ စာ–၄၅၊ က–၂၅
  အလွန်လျှင် ရှုဘွယ်ရှိသေဝ် ရွှေငွေ ပတ္တမြား
  ဖန်မှန်အထိ ဆန်းကြယ်စွာ တန်ဆာဆင်
  အပ်သော မြင်းရထား
  - အသဇာနည် မြင်းပျံကသေဝ် နတ်ရထားကဲ့သို့ အလွန်လျှင် ရှုဘွယ်ရှိသေဝ် adj
  - ရွှေငွေပတ္တမြား ဖန်မှန်အတိ ဆန်းကြယ်စွာ တန်ဆာဆင် အပ်သော adj
  - မြင်းရထား hn

- ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော စကြာ ရေး၊ စာ–၄၅၊ က–၂၅
  ဆင်ဖြူများသခင် ဘဝရှင် အလောင်းမင်းတရားကြီး
  - ဘုန်းတော်အလွန်ကြီးမြတ်တော် မူလှသော adj
  - စကြာဆင်ဖြူများ သခင် adj
  - ဘဝရှင်အလောင်းမင်းတရားကြီး hn

ဦးဆောင်နာမ်၏ နောက်တွင် နာမ်ဝိဘတ် မပါဝင်သော အထူးပြုနာမ်ပုဒ်များကို အလေ့လာခံကျောက်စာတို့တွင် (၂၈)ကြိမ် ရေးထိုးထားသည်ကို တွေ့ရသည်။ ဖော်ပြထားခြင်း မရှိသော အထူးပြုနာမ်ပုဒ်များကို နောက်ဆက်တွဲတွင် ဆက်လက်ဖော်ပြပါမည်။

## ၂၊ ၁၊ ၇။ ဦးဆောင်နာမ်၏ ရှေ့မှ နာမ်အထူးပြုသော ကိန်းဂဏန်းဆိုင်ရာ အထူးပြုနာမ်ပုဒ်များ

အထူးပြုနာမ်ပုဒ်များ တည်ဆောက်ရာတွင် ဦးဆောင်နာမ်၏ ရှေ့တွင် ကိန်းဂဏန်းဆိုင်ရာ နာမ်အထူးပြုများလည်း ပါရှိသည်။ ဦးဆောင်နာမ်၏ရှေ့မှ အထူးပြုရာတွင် အရေအတွက်ကိုပြသော မျိုးပြစကားလုံးကိုသုံး၍ ကိန်းဂဏန်းဆိုင်ရာ အထူးပြုခြင်းမျိုးကို အများဆုံး တွေ့ရသည်။ ဦးဆောင်နာမ်၏နောက်တွင် နာမ်ဝိဘတ် ပါသည်လည်းရှိ၍ မပါသည်လည်း ရှိပါသည်။ ယင်းဖွဲ့စည်းပုံကို ပုံသေနည်းထုတ်၍ သင်္ကေတဖြင့် ဖော်ပြရသော်–

အထူးပြုနာမ်ပုဒ် → နာမ်အထူးပြု ... + ဦးဆောင်နာမ် ∓ နာမ်ဝိဘတ်

MN → adj … + hn ∓ np

ဟူ၍ ဖော်ပြပါမည်။ ဦးဆောင်နာမ်၏ရှေ့မှ နာမ်အထူးပြုတစ်ခုနှင့် ဦးဆောင်နာမ်၏ နောက်မှ နာမ်ဝိဘတ် ပါဝင်သော အထူးပြုနာမ်ပုဒ်များကို ဦးစွာတင်ပြပြီးမှ ဦးဆောင်နာမ်၏ နောက်မှ နာမ်ဝိဘတ် မပါဝင်သော ဖွဲ့စည်းပုံကို တင်ပြသွားမည် ဖြစ်ပါသည်။

- သုံးပါးသဝ် သာသနာတ်ကို ရှေး၊ စာ–၂၃၊ က–၃၆
  - သုံးပါးသဝ် adj
  - သာသနာတ် hn
  - ကို np

- ၃၀ သဝ် ပါရမီတိုဝ် ကိုဝ် ရှေး၊ စာ–၇၉၊ က–၄
  - ၃၀ သဝ် adj
  - ပါရမီတိုဝ် hn
  - ကိုဝ် np

| | | |
|---|---|---|
| – ၈၄၀၀၀ သော စေတီအပေါင်းတို့တွင် | | ရှေး၊ စာ–၁၉၊ က–၃၃ |
| – ၈၄၀၀၀ သော | adj | |
| – စေတီအပေါင်းတို့ | hn | |
| – တွင် | np | |
| – ခြောက်ပါးသင် ရောင်ခြည်တော် | | ရှေး၊ စာ–၃၂၊ က–၁၅ |
| – ခြောက်ပါးသင် | adj | |
| – ရောင်ခြည်တော် | hn | |
| – သုံမ်သွယ်သောကပ် | | ရှေး၊ စာ–၇၁၊ က–၁၀ |
| – သုံမ်သွယ်သော | adj | |
| – ကပ် | hn | |

အထက်ဖော်ပြပါ ဦးဆောင်နာမ်၏ရှေ့မှ ကိန်းဂဏန်းဆိုင်ရာ အထူးပြုနာမ်ပုဒ် ဖွဲ့စည်းထားပုံတွင် ဦးဆောင်နာမ်၏နောက်မှ နာမ်ဝိဘတ် ပါဝင်သော ဖွဲ့စည်းပုံကို (၅)ကြိမ် တွေ့ရပြီး နာမ်ဝိဘတ် ပါဝင်မှုမရှိသော ဖွဲ့စည်းပုံအကြိမ် (၂၀) ရေးထိုးထား သည်ကို တွေ့ရသည်။ ဖော်ပြထားခြင်းမရှိသော အထူးပြုနာမ်ပုဒ်တို့ကို နောက်ဆက်တွဲတွင် ဖော်ပြပါမည်။

## ၂၊၂။ ဦးဆောင်နာမ်၏နောက်မှ နာမ်အထူးပြုပါသော ကိန်းဂဏန်းဆိုင်ရာ အထူးပြုနာမ်ပုဒ်များ

အထူးပြုနာမ်ပုဒ်များ တည်ဆောက်ရာတွင် ဦးဆောင်နာမ်၏ ရှေ့တွင်သာမက ဦးဆောင်နာမ်၏ နောက်ကပါ အထူးပြုနိုင်ပါသည်။ ထိုကဲ့သို့ ဦးဆောင်နာမ်၏ နောက်မှ အထူးပြုနိုင်သော နာမ်အထူးပြုသည် အနည်းဆုံး တစ်ခု ပါရှိရမည်။ နှစ်ခု သုံးခု စသည်ဖြင့်လည်း ပါဝင်နိုင်သည်။ အကန့်အသတ် မရှိပေ။ ဦးဆောင်နာမ်၏ နောက်မှနေ၍ အထူးပြုရာတွင်လည်း မျိုးပြစကားလုံးကို သုံး၍ ကိန်းဂဏန်းဆိုင်ရာ အသုံးပြုခြင်းအပြင် နာမ်အထူးပြုကိုလည်း ထပ်မံတွေ့ရှိရသည်။ ယင်းအဖွဲ့အစည်းပုံ တို့ကို ပုံသေနည်းထုတ်၍ သင်္ကေတဖြင့် ဖော်ပြရသော်–

အထူးပြုနာမ်ပုဒ် $\longrightarrow$ ဦးဆောင်နာမ် + နာမ်အထူးပြု ... $\pm$ နာမ်ဝိဘတ်

MN → hn + adj … ± np

ဟူ၍ ဖော်ပြပါမည်။ ဤဖွဲ့စည်းပုံအရ အလေ့လာခံကျောက်စာများရှိ ကိန်းဂဏန်းဆိုင်ရာ အထူးပြုနာမ်ပုဒ်များကို တင်ပြပါမည်။ ဤတွင် နာမ်အထူးပြု၏နောက်တွင် နာမ်ဝိဘတ် မပါရှိသော အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းထားရှိမှုကို ဦးစွာတင်ပြပြီးမှ နာမ်ဝိဘတ်ပါသော အထူးပြုနာမ်ပုဒ် ဖွဲ့စည်းပုံနှင့် ကိန်းဂဏန်းဆိုင်ရာ အထူးပြုခြင်း အပြင် နာမ်အထူးပြု ထပ်မံပါရှိသော ဖွဲ့စည်းပုံကို ဖော်ပြပါမည်။

| | | |
|---|---|---|
| – သာသနာသုံးပါး | | ရှေး၊ စာ–၂၃၊ ကာ–၁၃ |
| – သာသနာ | hn | |
| – သုံးပါး | adj | (Num+CL) |
| – စရပ်တော် ၄ဆောင် | | ရှေး၊ စာ–၂၃၊ ကာ–၄၂ |
| – စရပ်တော် | hn | |
| – ၄ဆောင် | adj | (Num+CL) |
| – ပရိက္ခရာရှစ်ပါး | | ရှေး၊ စာ–၃၀၊ ကာ–၁၄ |
| – ပရိက္ခရာ | hn | |
| – ရှစ်ပါး | adj | (Num+CL) |
| – ဘဝသုံးပါးနှိုက် | | ရှေး၊ စာ–၄၃၊ ကာ–၅၃ |
| – ဘဝ | hn | |
| – သုံးပါး | adj | (Num+CL) |
| – နှိုက် | np | |
| – ရတနာမြတ် ၃ပး | | ရှေး၊ စာ–၁၀၂၊ ကာ–၃၁ |
| – ရတနာ | hn | |
| – မြတ် | adj | |
| – ၃ပး | adj | (Num+CL) |

ကုန်းဘောင်ခေတ် အလေ့လာခံကျောက်စာများတွင် ဦးဆောင်နာမ်နောက်မှ နာမ်အထူးပြုပါသော ကိန်းဂဏန်းဆိုင်ရာ အထူးပြုနာမ်ပုဒ်များတွင် နာမ်ဝိဘတ် ပါသော ဖွဲ့စည်းပုံကို အနည်းငယ်သာ တွေ့ရှိရ၍ နာမ်ဝိဘတ် မပါသော ဖွဲ့စည်းမှုကို အများဆုံး တွေ့ရသည်။ ဦးဆောင်နာမ်၏နောက်မှ ကိန်းဂဏန်းဆိုင်ရာ အထူးပြု နာမ်ပုဒ်အဖွဲ့များကို (၃၃)ကြိမ် တွေ့ရသည်။ ဦးဆောင်နာမ်၏နောက်တွင် နာမ်အထူးပြု နှစ်ခုသာ အများဆုံးထည့်၍ ရေးဖွဲ့သည်။ ဖော်ပြရန် ကျန်ရှိသော အထူးပြုနာမ်ပုဒ် များကို နောက်ဆက်တွဲတွင် ဆက်၍ ဖော်ပြပါသည်။

## ၂။ ၃။ ဦးဆောင်နာမ်၏ ရှေ့နောက်တို့မှ နာမ်အထူးပြုပါသော အထူးပြုနာမ်ပုဒ်များ

ဤဖွဲ့စည်းပုံ၌ အထူးပြုနာမ်ပုဒ်တွင် ဦးဆောင်နာမ်သည် မပါမဖြစ် ပါရမည်။ ဦးဆောင်နာမ်ကို အထူးပြုသော နာမ်အထူးပြုများသည်လည်း ဦးဆောင်နာမ်၏ ရှေ့နှင့် နောက်တို့တွင် တစ်ပြိုင်နက်တည်း ပါရမည်ဖြစ်သည်။ ဦးဆောင်နာမ်၏ ရှေ့တွင် နာမ်အထူးပြုတစ်ခုမက နှစ်ခု သုံးခု စသည်ဖြင့် ပါဝင်ဖွဲ့စည်းနိုင်သော်လည်း ဦးဆောင်နာမ်၏ နောက်တွင် နာမ်အထူးပြု တစ်ခုသာ အများဆုံး တွေ့ရသည်။ နာမ်အထူးပြု၏ နောက်တွင် နာမ်ဝိဘတ် ပါသည်လည်းရှိ၍ မပါသည်လည်း ရှိနိုင် သည်။ ယင်းကို ပုံသေနည်းပြ၍ သင်္ကေတဖြင့် ပြရသော်–

အထူးပြုနာမ်ပုဒ် ⟶ နာမ်အထူးပြု ... + ဦးဆောင်နာမ် + နာမ်အထူးပြု... + နာမ်ဝိဘတ်

MN ⟶ adj… + hn ± adj…. + np

ဟူ၍ ဖော်ပြပါမည်။ ဦးဆောင်နာမ်၏ ရှေ့နောက်မှ နာမ်အထူးပြုတစ်ခုစီ ပါဝင်ပြီး နာမ်ဝိဘတ် ပါဝင်ဖွဲ့စည်းထားသောအဖွဲ့ကို အလေ့လာခံကျောက်စာတို့တွင် အောက်ပါ အတိုင်း တွေ့ရသည်။ ၎င်းတို့ကို သင်္ကေတပြ၍ ဖော်ပြသွားမည် ဖြစ်သည်။

MN ⟶ adj + hn + adj + np

– နိဗ္ဗာန်ဆိပ်ဦးအမည်တ်ဟိသေဝ် စေတီတော်ကြီးကို    ရေး၊ စာ–၃၅၊ က–၃၈

– နိဗ္ဗာန်ဆိပ်ဦး အမည်တ်ဟိသေဝ်   adj

– စေတီတော်   hn

– ကြီး   adj

– ကို   np

- သံတောင်၁၂၀ မွှင့် သဝ် ပြသာဒ်တ်ကြီးကို ရှေး၊ စာ–၈၇၊ က–၁၃
  - သံတောင် ၁၂၀ မွှင့်သဝ် adj
  - ပြသာဒ်တ် hn
  - ကြီး adj
  - ကို np

- နိဗ္ဗာန်တည်းဟူသောဝ် ထိုမှာဘက်ကမ်းသို့ ဆောင်ကယ်ယူနိုင်သေဝ် သမ္မာသမ္ဗောဓိဆုမြတ်ကို ရှေး၊ စာ–၄၆၊ က–၅၄
  - နိဗ္ဗာန်တည်းဟူသေဝ် ထိုမှာဘက်ကမ်းသို့ ဆောင်ကယ်ယူနိုင်သေဝ် adj
  - သမ္မာသမ္ဗောဓိဆု hn
  - မြတ် adj
  - ကို np

- မဟာနိဗ္ဗာန်တည်းဟူသော ရွှေပြည်ကြီးကိုဝ် ရှေး၊ စာ–၅၈၊ က–၉
  - မဟာနိဗ္ဗာန်တည်းဟူသော adj
  - ရွှေပြည် hn
  - ကြီး adj
  - ကိုဝ် np

MN → adj… + hn + adj

– ဝေဇယန္တာ ရတနာနတ်နန်း ဗိမာန်ကဲ့သိုဝ် အလွန် ဆန်းက္လယ်စွာ အဆောင် ၄၀ ဖ္လင့် ရံသဝ် ရွှေနန်းတ်က္လီး — ရှေး၊ စာ–၈၇၊ က–၁၃

- – ဝေဇယန္တာ ရတနာ နတ်နန်း ဗိမာန်ကဲ့သိုဝ် အလွန် ဆန်းက္လယ်စွာ အဆောင် ၄၀ ဖ္လင့်ရံသဝ် — adj
- – ရွှေနန်းတော် — hn
- – က္လီး — adj

– အလျး အႏ္လင့် သံတာ ၂၅၀ အနံအႏ္လင့် လူ ၄၀အပြိုင် သွားသာသဝ်တန်တးတ်က္လီး — ရှေး၊ စာ–၉၀၊ က–၃၅

- – အလျးအႏ္လင့် သံတာ ၂၅၀ အနံ အႏ္လင့် လူ၄၀အပြိုင် သွားသာသဝ် — adj
- – တန်တးတ် — hn
- – က္လီး — adj

– မြေိယ်ကြီးငလျင်ပွဲ့တင်တ်လည်း ရိုက်ကြည်း ယေဉ်ဝန်းကျင် စကြဝဠာပြင်းစွာ တုန်လှုပ်ခြင်းဟူသဝ် နိမိတ်တ်ကြီး — ရှေး၊ စာ–၂၅၊ က–၂၈

- – မြေိယ်ကြီးငလျင်ပွဲ့တင်တ်လည်း ရိုက်ကြည်း ယေဉ်ဝန်းကျင် စကြဝဠာပြင်းစွာ တုန်လှုပ်ခြင်း ဟူသဝ် — adj
- – နိမိတ်တ် — hn
- – ကြီး — adj

– ဘုံမ်အဆင့်ဆင့် မှန်ကင် ၁၂ဆူ ဖြင့် ဆန်က္လွယ်စွာ ရွှေတောင်ပေါက်သကဲ့သိုဝ် သဝ် ပိဋကတ်တိုက်တ်က္လီး — ရှေး၊ စာ–၉၀၊ က–၃၄

– ဘုံအဆင့်ဆင့် မှန်ကင် ၁၂ဆူ ဖြင့် ဆန်က္လွယ်စွာ ရွှေတောင်ပေါက်သကဲ့သိုဝ်သဝ် — adj

– ပိဋကတ်တိုက်တ် — hn

– က္လီး — adj

MN $\rightarrow$ adj$^{1}$ + adj$^{2}$ + hn + adj + np

– ကြီးစွာသော က္လူန္ဒနီလာ အဆင်းဟိသော ကျောက်ကြီးကို — ရှေး၊ စာ–၃၃၊ က–၂၂

– ကြီးစွာသော — adj

– က္လူန္ဒနီလာ အဆင်းဟိသော — adj

– ကျောက် — hn

– ကြီး — adj

– ကို — np

– ကြီးကျယ်တင့်တယ်လှစွာ သေဝ် ဘုံအဆင့်ဆင့် အရံ အဆောင်ဆောင်ဖြင့် ဆန်းကျယ် တင့်တယ်သေဝ် ကျောင်းတော်ကြီးသည် — ရှေး၊ စာ–၄၃၊ က–၃၃

– ကြီးကျယ်တင့်တယ်လှစွာသေဝ် — adj

– ဘုံအဆင့်ဆင့်အရံ အဆောင်ဆောင်ဖြင့် ဆန်းကျယ်တင့်တယ်သေဝ် — adj

– ကျောင်းတော် — hn

– ကြီး — adj

– သည် — np

MN → adj$^1$ + adj$^2$ + hn + adj

– မှန်ကင်း ၂၄ဆူ စိန့်ပွံ ၄၀ မုတ်နန့်ဥကင် ဧရက် စိန့်ပွံ ၁၆ဆူ ဖ္ဍင့်တင့်တယ်စွာ သဝ် ၂ထပ်သဝ် မဟာရုံတံတိုင်းတ် ဏ္ဍီး ရေး၊ စာ–၉၀၊ က–၃၅

– မှန်ကင်း ၂၄ဆူ စိန့်ပွံ ၄၀ မုတ်နန့်ဥကင်ဧရက် စိန့်ပွံ ၁၆ ဆူ ဖ္ဍင့်တင့်တယ်စွာ သဝ် adj

– ၂ထပ်သဝ် adj

– မဟာရုံတံတိုင်းတ် hn

– ဏ္ဍီး adj

– ဂုဏာဝယအဒးဖ္ဍင့်သဃ်မိဖ္ဍစ်သဝ် တိပိဋကလက်ာရ သာမိမဟာဓမ္မရာဇာဓိရာဇာ ဂုရုဟူသဝ် တံဆိပ်တ်ရှိသဝ် ဆရာတ်မ္ဍတ် ရေး၊ စာ–၉၇၊ က–၂၉

– ဂုဏာဝယအဒးဖ္ဍင့် သဃ်မိဖ္ဍစ်သဝ် adj

– တိပိဋကလက်ာရသာမိ မဟာဓမ္မရာဇာဓိရာဇာ ဂုရုဟူသဝ် တံဆိပ်တ်ရှိသဝ် adj

– ဆရာတ် hn

– မ္ဍတ် adj

MN → $adj^{(1-6)}$ + hn + adj + np

- ရွှေးချယ်စိစစ်ရယ်ချီးမြှင့်ကိုးကွယ်တော်မူသေဝ် ရှေး၊ စာ–၄၄၊ က–၃၈
  စတုပါရိ သုဒ္ဓိလေးပါး ဖြူထွားသန့်ရှင်း
  စင်ကြယ် ပြည့်စုံသေဝ် သာသနာတော်၏
  အမြစ်ပင်စည် သဘွယ် ဖြစ်တော်မူသေဝ်
  ဇမ္ဗူဒိပ်ဝယ် အကြေအညာ ဒိသာရှစ်ရပ်
  နှံ့စပ် ကျော်စောသေဝ် ပရိယတ်ပဋိပတ်
  စသေဝ် အထူးထူးသဝ် ဂုဏ်နှင့် ပြည့်စုံသေဝ်
  ဇမ္ဗူဒီပ အနန္တဓဇမဟာဓမ္မရာဇာဂုရုဟူသေဝ်
  နာမံ တံဆိပ်တော်ဖြင့် ချီးမြှင့်ကိုးကွယ်တော်
  မူသေဝ် ဆရာတော်မြတ်အား

| | |
|---|---|
| – ရွှေးချယ်စိစစ်ရယ် ချီးမြှင့် ကိုးကွယ်တော်မူသေဝ် | adj-1 |
| – စတုပါရိသုဒ္ဓိလေးပါးဖြူထွား သန့်ရှင်း စင်ကြယ်ပြည့်စုံသေဝ် | adj-2 |
| – သာသနာတော်၏အမြစ်ပင်စည် သဘွယ်ဖြစ်တော်မူသေဝ် | adj-3 |
| – ဇမ္ဗူဒိပ်ဝယ် အကြေအညာ ဒိသာ ရှစ်ရပ်နှံ့စပ် ကျော်စောသေဝ် | adj-4 |
| – ပရိယတ် ပဋိပတ် စသေဝ် အထူးထူးသေဝ် ဂုဏ်နှင့် ပြည့်စုံသေဝ် | adj-5 |
| – ဇမ္ဗူဒီပ အနန္တဓဇမဟာဓမ္မရာဇာ ဂုရုဟူသေဝ် နာမံတံဆိပ်တော်ဖြင့် ချီးမြှင့်ကိုးကွယ်တော်မူသေဝ် | adj-6 |
| – ဆရာတော် | hn |
| – မြတ် | adj |
| – အား | np |

ဦးဆောင်နာမ်၏ ရှေ့နောက်မှ နာမ်အထူးပြုပါသော ဖွဲ့စည်းပုံကို အလေ့လာခံကျောက်စာများတွင် အထက်ဖော်ပြခဲ့သည့်အတိုင်း တွေ့ရှိရသည်။ အလေ့လာခံကျောက်စာများတွင် ဦးဆောင်နာမ်၏ ရှေ့နောက်မှ နာမ်အထူးပြုတစ်ခုစီ ပါဝင်ပြီး ဦးဆောင်နာမ်၏ နောက်မှ နာမ်ဝိဘတ် ပါဝင်သော အထူးပြုနာမ်ပုဒ် (၈)ခုနှင့် နာမ်ဝိဘတ် မပါဝင်သော အထူးပြုနာမ်ပုဒ် (၁၂)ခု၊ ဦးဆောင်နာမ်၏ ရှေ့မှ နာမ်အထူးပြု နှစ်ခုနှင့် ဦးဆောင်နာမ်၏ နောက်မှ နာမ်အထူးပြု တစ်ခု ပါဝင်ပြီး နာမ်ဝိဘတ် ပါဝင်သော အထူးပြုနာမ်ပုဒ် (၄)ခုနှင့် နာမ်ဝိဘတ် မပါဝင်သော အထူးပြုနာမ်ပုဒ် (၃)ခုအပြင် ဦးဆောင်နာမ်၏ ရှေ့မှ နာမ်အထူးပေါင်း (၆)ခုနှင့် ဦးဆောင်နာမ်၏ နောက်မှ နာမ်အထူးပြု (၁)ခုအပြင် နာမ်ဝိဘတ် ပါဝင်သော အထူးပြုနာမ်ပုဒ်ကိုလည်း တွေ့ရသည်။

နာမ်အထူးပြုကို ဦးဆောင်နာမ်၏ ရှေ့နှင့်နောက်တို့၌ တစ်ပြိုင်နက်ထား၍ ဖွဲ့စည်းထားသော အထူးပြုနာမ်ပုဒ်များတွင် ဦးဆောင်နာမ်၏ ရှေ့၌ နာမ်အထူးပြု နှစ်ခု သုံးခု လေးခု ငါးခု စသည်ဖြင့် ဖွဲ့စည်းထားသော်လည်း ဦးဆောင်နာမ်၏ နောက်တွင်မူ နာမ်အထူးပြု တစ်ခုသာ အများဆုံး တွေ့ရသည်။ ဖော်ပြရန် ကျန်ရှိနေသော အထူးပြုနာမ်ပုဒ်အဖွဲ့များကို နောက်ဆက်တွဲတွင် ဆက်လက်ဖော်ပြပါမည်။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းသည် ကုန်းဘောင်ခေတ် သက္ကရာဇ် (၁၁၁၄ မှ ၁၂၄၇) ခုနှစ်အတွင်း တွေ့ရှိရသော အလှူမှတ်တမ်းတင်ကျောက်စာများမှ အထူးပြုပါသော အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းထားပုံကို ဘာသာဗေဒနည်းအရ လေ့လာတင်ပြထားပါသည်။ ဘာသာစကားတွင် အပြောဘာသာစကားနှင့် အရေးဘာသာစကား ဟူ၍ (၂)မျိုးရှိရာ အရေးဘာသာစကားကို အခြေခံ၍ လေ့လာတင်ပြထားပါသည်။ ဘာသာစကားကို အခြေခံ၍ စာပေဖွဲ့စည်းတည်ဆောက်ရာတွင် သဒ္ဒါဖွဲ့စည်းပုံကို လည်းကောင်း၊ အဓိပ္ပါယ်ထည့်သွင်းဖွဲ့စည်းပုံကို လည်းကောင်း လေ့လာရပါသည်။ ထို့ကြောင့် သဒ္ဒါဖွဲ့စည်းပုံဖြစ်သော အထူးပြုနာမ်ပုဒ်များ၏ ဖွဲ့စည်းထားပုံကို သဒ္ဒါစည်းကမ်းနှင့် လေ့လာတင်ပြခဲ့သည်။

အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းထားရှိပုံကို လေ့လာရာတွင်လည်း နာမ်အထူးပြုကို ဦးဆောင်နာမ်၏ ရှေ့တွင်ထား၍ ဖွဲ့စည်းထားသော အထူးပြုနာမ်ပုဒ်များ၊ နာမ်အထူးပြုကို ဦးဆောင်နာမ်၏ နောက်တွင်ထား၍ ဖွဲ့စည်းထားသော အထူးပြုနာမ်ပုဒ်များနှင့် နာမ်အထူးပြုကို ဦးဆောင်နာမ်၏ ရှေ့နှင့်နောက်တွင်ထား၍ ဖွဲ့စည်း

ထားသော အထူးပြုနာမ်ပုဒ်များဟု သုံးမျိုးခွဲ၍ ပုံသေနည်းများထုတ်ကာ ဘာသာဗေဒ အမြင်ဖြင့် သုံးသပ်တင်ပြခဲ့ပါသည်။

အလေ့လာခံကျောက်စာတို့တွင် နာမ်အထူးပြုအဖြစ် နာမ်၊ ကြိယာ စကားလုံးများနှင့် အတွဲများသောပစ္စည်းမှာ 'သော' ဖြစ်ပြီး မျိုးပြနှင့်အရေအတွက်ကို တွဲ၍ သုံးသော ကိန်းဂဏန်းဆိုင်ရာ အထူးပြုများကိုလည်း တွေ့ရသည်။

ဦးဆောင်နာမ်၏ရှေ့တွင်ရှိသော နာမ်အထူးပြုများကို လေ့လာကြည့်လျှင် တစ်ခုမက တိုးချဲ့ဖွဲ့စည်းထားသည်ကို တွေ့ရသည်။ ဦးဆောင်နာမ်၏ရှေ့တွင် အထူးပြုနာမ်ပေါင်းများစွာ ထည့်သွင်းရေးဖွဲ့ထားသော်လည်း ဦးဆောင်နာမ်၏ နောက်တွင်မူ နာမ်အထူးပြုတစ်ခုသာ အများဆုံး ထည့်သွင်းရေးဖွဲ့ထားရှိမှုကို တွေ့ရသည်။

ဤသို့ဖြင့် ဦးဆောင်နာမ်၏ရှေ့မှ နာမ်အထူးပြုပေါင်းများစွာဖြင့် ရေးဖွဲ့လေ့ရှိသည့် ကုန်းဘောင်ခေတ် မြန်မာစာပေရေးဖွဲ့မှုကို သိရှိနိုင်သည့်ပြင် ထိုခေတ်၏ ရေးဟန်ကိုလည်း ပေါ်လွင်စေခဲ့ပါသည်။ ရှေးမြန်မာစာရေးဖွဲ့မှုတို့တွင် များသောအားဖြင့် မြန်မာသဒ္ဒါအရ အနက်အဓိပ္ပာယ်အရ ဆက်စပ်နေသည့် အထူးပြုများဖြင့် ရေးဖွဲ့ထားသည့် အရေးအသားများ များစွာပါဝင်နေကြောင်းကိုလည်း လေ့လာမိပါသည်။ ဤစာတမ်းသည် ကုန်းဘောင်ခေတ် မြန်မာကျောက်စာများလာ အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းထားရှိမှုကို လေ့လာမှုပြုခဲ့သည့် စာတမ်းဖြစ်ပြီး ကုန်းဘောင်ခေတ် မြန်မာစာရေးဖွဲ့မှုကို လေ့လာလိုသူများအတွက် တစ်ထောင့် တစ်နေရာမှ အထောက်အကူ ပြုနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

## နိဂုံး

ဤစာတမ်းသည် ကုန်းဘောင်ခေတ် မြန်မာသက္ကရာဇ် (၁၁၁၄ မှ ၁၂၄၇) ခုနှစ်အတွင်းရှိ အလှူမှတ်တမ်းတင်ကျောက်စာများလာ အထူးပြုနာမ်ပုဒ်များကို ဘာသာဗေဒ အမြင်ဖြင့် လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ကုန်းဘောင်ခေတ် မြန်မာကျောက်စာများတွင် ရေးဖွဲ့ခဲ့သော အထူးပြုပုဒ်အဖွဲ့များသည် ယနေ့ခေတ် အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းထားရှိမှုနှင့် အနည်းငယ်သာ ကွာခြားမှုရှိသည်။ ဤကွာခြားမှုမှာ ကုန်းဘောင်ခေတ်ထိုး ကျောက်စာတို့တွင် တစ်ခုမကသော နာမ်အထူးပြုများ များစွာဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ယနေ့ခေတ် မြန်မာစာရေးဖွဲ့မှုတွင်မူ ဤသို့သော နာမ်အထူးပြုပေါင်းများစွာဖြင့် ရေးဖွဲ့မှုကို မတွေ့ရသလောက်ပင် နည်းပါးသည်။ ရှည်လျားစွာသော နာမ်အထူးပြုများဖြင့် ရေးဖွဲ့မှုသည် အဓိကဆိုလိုချက်ကို ချက်ချင်း မသိနိုင်ဘဲ ဖြစ်စေသည်။ မည်သို့ပင်ဆိုစေကာမူ ကုန်းဘောင်ခေတ် မြန်မာကျောက်စာများမှ

အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းပုံကို လေ့လာခြင်းသည် ကုန်းဘောင်ခေတ်တွင် ရေးထိုးခဲ့သည့် မြန်မာကျောက်စာများမှ မြန်မာစာရေးဖွဲ့မှုဆိုင်ရာ သဘောသဘာဝကို လေ့လာခွင့်ရပါသည်။ ကုန်းဘောင်ခေတ်သည် စာပဒေသာခေတ်ဟု တင်စားခေါ်ရလောက်အောင် ဝိသေသ အဖွဲ့အနွဲ့များဖြင့် လက်စွမ်းပြရေးဖွဲ့ခဲ့ကြခြင်း ဖြစ်ရာ ကျောက်စာစကားပြေအရေးအသားများ၌ပါ ဝိသေသအဖွဲ့အနွဲ့များ ပါဝင်နေသည်ကို တွေ့ရှိရသည်။ ဘာသာစကားလေ့လာမှုရှုထောင့်မှ ကြည့်လျှင် ဝါကျရှည်အဖွဲ့များကြောင့် ကျောက်စာစကားပြေ၏ ရှင်းလင်းခြင်းဂုဏ်ရည်ကို ထိခိုက်နိုင်သော်လည်း ကုန်းဘောင်ခေတ် စာပေရေစီးကြောင်းအတိုင်း ရေးထိုးခဲ့ခြင်း ဖြစ်သည်ဟု ယူဆနိုင်ပါသည်။

## ကျမ်းကိုးစာရင်း


### မြန်မာဘာသာ

ခင်မင်၊ မောင်(ဓနုဖြူ)။ (၁၉၉၂)။ ***မြန်မာဘာသာစကားပညာရှင်များနှင့် ဘာသာစကားအမြင်***။ ရန်ကုန်၊ ဆုစာပေ။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၃)။ ***ဘာသာစာပေ အသွေးအရောင် အဆင်အကွက်*** (ပကြိမ်)။ ရန်ကုန်၊ ရာပြည့်စာပေ။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၆)။ ***မြန်မာစကားအကြောင်း တစေ့တစောင်း***။ ရန်ကုန်။ လင်းလွန်းခင်စာပေတိုက်။

ထွန်းမြင့်၊ ဦး။ (၁၉၉၅)။ ***ဘာသာဗေဒ***။ ရန်ကုန်တက္ကသိုလ်၊ ဂျီအီးစီ (ပညာရေး)၊ သမဝါယမဘဏ်လိမိတက်။

မြန်မာစာအဖွဲ့။ (၂၀၁၆)။ ***မြန်မာသဒ္ဒါ*** (တ–ကြိမ်)။ မြန်မာစာနှင့်ဘာသာစကား ပညာရေးဦးစီးဌာန။

ယဉ်ကျေးမှုဝန်ကြီးဌာန။ (၂၀၁၃)။ ***ရှေးဟောင်းမြန်မာကျောက်စာ*** (ဆဌမတွဲ)။ ရန်ကုန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၁၀)။ ***ဘာသာစကားသုတေသန***။ ရန်ကုန်၊ ရှုဝံစာအုပ်တိုက်။

### အင်္ဂလိပ်ဘာသာ

Okell, John and Anna Allott. (2001). ***Burmese/ Myanmar Dictionary of Grammatical Forms***. Richmord; Curzon Press.

Okell, John. (1969). ***A REFERENCE GRAMMAR OF COLLOQUIAL BURMESE***. LONDON; Oxford University Press.

## အတိုကောက်အညွှန်း

| | | |
|---|---|---|
| adj | = | adjectival |
| CL | = | classifier |
| hn | = | head noun |
| MN | = | modifier noun phrase |
| Num | = | numberal |
| np | = | noun particle |
| ရှေး | = | ရှေးဟောင်းမြန်မာကျောက်စာများ |
| စာ | = | စာမျက်နှာ |
| က–၁ | = | ကျောက်စာကြောင်းရေ – ၁ |

## စာမဲ့အမှတ်အသား

| | | |
|---|---|---|
| → | = | ဖွဲ့စည်းပုံပြသင်္ကေတ |
| ± | = | ရှိနိုင် မရှိနိုင် သင်္ကေတ |
| ... | = | တစ်ခုထက်ပိုကြောင်းပြ သင်္ကေတ |

နောက်ဆက်တွဲ(က)

## အလေ့လာခံကုန်းဘောင်ခေတ်ကျောက်စာများ

| စဉ် | ကျောက်စာအမည် | ကျောက်စာ အမျိုးအစား | ခုနှစ် |
|---|---|---|---|
| ၁ | ဂေါတမဂူ ကျောက်စာ | မူလထိုး | ၁၁၁၉ |
| ၂ | ခြေတော်ရာ ကျောက်စာ | ॥ | ၁၁၂၂ |
| ၃ | ရွှေတန်ဆာဘုရား ကျောက်စာ | ॥ | ၁၁၂၄ |
| ၄ | ရွှေကြက်ယက်မုတ္ထောဘုရား ကျောက်စာ | ॥ | ၁၁၂၅ |
| ၅ | ရွှေမုတ္ထောစေတီ ကျောက်စာ | ॥ | ၁၁၂၆ |
| ၆ | နိဗ္ဗာန်ဆိပ်ဦးဘုရား ကျောက်စာ (က) | ॥ | ၁၁၂၆ |
| ၇ | နိဗ္ဗာန်ဆိပ်ဦးဘုရား ကျောက်စာ (ခ) | ॥ | ၁၁၂၆ |
| ၈ | ဘုံစံတုလွတ်ကျောင်း ကျောက်စာ(က) | ॥ | ၁၁၂၇ |
| ၉ | ဘုံစံတုလွတ်ကျောင်း ကျောက်စာ(ခ) | ॥ | ၁၁၂၇ |
| ၁၀ | ရန်အောင်မင်္ဂလာစေတီ ကျောက်စာ | ॥ | ၁၁၂၉ |
| ၁၁ | ပုဂံရွှေစည်းခုံ ကျောက်စာ | ॥ | ၁၁၃၀ |
| ၁၂ | သိမ်အောင် ကျောက်စာ | ॥ | ၁၁၃၃ |
| ၁၃ | ပန်စွာဆရာတော် အရိုးအိုး ကျောက်စာ | ॥ | ၁၁၃၅ |
| ၁၄ | ပြည်နိဗ္ဗာန်ဘုရား ကျောက်စာ | ॥ | ၁၁၃၅ |
| ၁၅ | မြင်မိမုတ္ထောဘုရား ကျောက်စာ (အထက်ပိုင်း) | ॥ | ၁၁၃၈ |
| ၁၆ | မြင်မိမုတ္ထောဘုရား ကျောက်စာ (အောက်ပိုင်း) | ॥ | ၁၁၃၈ |

| **စဉ်** | **ကျောက်စာအမည်** | **ကျောက်စာ အမျိုးအစား** | **ခုနှစ်** |
|---|---|---|---|
| ၁၇ | အင်းဝဆင်ဖြူရှင်မင်း အလှူပြုသော ကျောက်စာ | ။ | ၁၁၃၈ |
| ၁၈ | အင်းဝမိုးထိကျောင်း ကျောက်စာ (က) | ။ | ၁၁၃၉ |
| ၁၉ | အင်းဝမိုးထိကျောင်း ကျောက်စာ (ခ) | ။ | ၁၁၃၉ |
| ၂၀ | မဟာသိမ်တော် ကျောက်စာ | ။ | ၁၁၃၉ |

နောက်ဆက်တွဲ(ခ)

**အလေ့လာခံကျောက်စာများမှ အထူးပြုနာမ်ပုဒ်များ**

**MN → adj + hn + np**

| | | |
|---|---|---|
| – | သဗ္ဗညုရှင်တော်ဘုရား၏ သာသနာတော်သည် | ရှေး၊ စာ–၁၃၊ က–၉၀ |
| – | နှလုံတ်မရောင်ရဲထူးကဲသဝ်စေတနာဖြင့် | ရှေး၊ စာ–၉၀၊ က–၃၀ |
| – | အမြင်တထောင်ဆောင်သဝ်သိကြားနတ်သည် | ရှေး၊ စာ–၆၆၊ က–၆၂ |
| – | ရွှိယ်ထီးရွှေယ်နန်းပြောင်ပြောင် ထွန်းရှယ့် ပွင့်လင်းစွာသော သာသနာတော်သည် | ရှေး၊ စာ–၂၄၊ က–၁၉ |
| – | သံသရာဝယ် နစ်မွန်းကုန်သဝ်သတ္တဝါ အပေါင်းတိုဝ်အား | ရှေး၊ စာ–၇၀၊ က–၂၈ |
| – | သဗ္ဗညုရှင်တော်ဘုရား၏ သာသနာတော်သည် | ရှေး၊ စာ–၁၃၊ က–၅ |
| – | မြေပြင်သာယာ ဩဇာရှိသောအရပ်၌ | ရှေး၊ စာ–၁၄၊ က–၂၁ |
| – | မြတ်သော ထီးဆောင်းပြည်ထောင်မင်းတို့ကို | ရှေး၊ စာ–၂၀၊ က–၃၀ |
| – | ခံတွင်းမှထွက်သော အခိုးအလျှံသည် | ရှေး၊ စာ–၂၅၊ က–၃၁ |
| – | သီလနှင့်ပြည့်စုံသဝ်သူတော်ကောင်းတို့ကို | ရှေး၊ စာ–၃၀၊ က–၄ |
| – | မဂ္ဂင်ရှစ်ပါးဟူသော သင်္ဘောလှေဖြင့် | ရှေး၊ စာ–၃၈၊ က–၆၀ |
| – | သန့်ရှင်းစင်သော မြေပြင်ကို | ရှေး၊ စာ–၄၂၊ က–၂၈ |
| – | ထူးမြတ်စွာသောတရားတော်ကို | ရှေး၊ စာ–၄၆၊ က–၅၀ |
| – | ဘဝသုံးပါးနှိုက်ဖြစ်သော သမုဒယသစ္စာကို | ရှေး၊ စာ–၄၆၊ က–၅၃ |
| – | နိဗ္ဗာန်ဟူသော ဘေးမယ့်ပြည်သိုဝ် | ရှေး၊ စာ–၆၅၊ က–၅၅ |
| – | ပြည်နိဗ္ဗာန်အမည်ရှိသဝ်ဘုရားရှင်အား | ရှေး၊ စာ–၇၇၊ က–၁၃ |
| – | အနန္တစက္ကဝဠာနှိုက်နေကုန်သဝ် သတ္တဝါ အပေါင်းတိုဝ်အား | ရှေး၊ စာ–၈၂၊ က–၁၆ |
| – | တရုပ်တရက် လူမျှိုဝ်တိုဝ့်ကို အစိုးရသဝ် ဥဒေည်ပွးသည် | ရှေး၊ စာ–၈၇၊ က–၁၄ |
| – | ၃၂ပါး ထင်ရှားလက္ခဏာ အင်္ဂါရှစ်ဆယ်ရောင် ခြော်သွယ်ဖြင့် တင့်တယ်စွာသဝ် ဘုရားသခင်သည် | ရှေး၊ စာ–၂၄၊ က–၁၉ |

| | | |
|---|---|---|
| – | ရာဇာဓိရာဇာဖြစ်တ်မူသဝ် အလောင်းမင်းတရား ဘုရားကြီးသည် | ရေး၊ စာ–၂၅၊ က–၂၃ |
| – | ဇမ္ဗူဒိပ်တကျွန်းလုံးကို အစိုးရသဝ် သီရိဓမ္မာသောကမင်းသည် | ရေး၊ စာ–၄၄၊ က–၄၁ |
| – | ကြီးစွာသောသဘင်ကို | ရေး၊ စာ–၃၀၊ က–၁၃ |
| – | သဗ္ဗညုတ အထွတ်မြတ်သောဆုကို | ရေး၊ စာ–၃၈၊ က–၆၁ |
| – | သာသနာတ်ကိုဝ်ဆောင်ရွက်သဝ်သိန်းဃိုဝ်ရောက် မထေရ်သည် | ရေး၊ စာ–၆၃၊ က–၄၇ |
| – | ဘုံမ်သမ္ပါန္နိုက်ကျင်လည် ကုန်သဝ် သတ္တဝါ အပေါင်းတိုဝ်အား | ရေး၊ စာ–၆၉၊ က–၈၃ |
| – | ရွှေအက္ခရာ ရွှေစာရေသဝ် ပိဋကတ်တ် ၃ပုံကိုဝ် | ရေး၊ စာ–၉၀၊ က–၃၀ |
| – | ရာဇူဆယ်ဝင် အမင်မင်တိုဝ္အ နင်နိုပ်ပိုင်သ အစိုဝ်ရသဝ် ဘဝသခင် အသျှင်မင်းတရားကြီးသည် | ရေး၊ စာ–၁၁၂၊ က–၃၀ |
| – | နတ်တကာတို့ကို အစိုးရသေဝ် သိကြားနတ်မင်း တို့၏ စည်းစိမ်ချမ်းသာကို | ရေး၊ စာ–၄၇၊ က–၅၆ |
| – | အောင်သူတကါနိုင်ရာ ဘက်ကင်းတရားမင်း၏ သ္နာတ်ကိုဝ် | ရေး၊ စာ–၆၇၊က–၁၁ |
| – | ပညာသတ္တိဗျတ္တိဗလနှင် စုံအမ်အင် ညီညွတ်စွာသဝ် ဆရာတ် သဃ်ာတ်မြတ်တိုဝ်သည် | ရေး၊ စာ–၁၀၂၊ က–၃၇ |
| – | သ္နာတ်စီးပွးပ္လည်သူ လူတကာတိုဝ် စီးပွးကိုဝ် ရွက်ဆောင်နိုင်သဝ် အလောင်းမင်းတရားသည် | ရေး၊ စာ–၈၇၊ က–၆ |
| – | အတ္တဟိတ ပရဟိတ၊ ပဏ္ဍိတလက္ခဏာ အမစ္စအမည်ရှိသော အမတ်ကိုဝ် | ရေး၊ စာ–၁၄၊ က–၁၄ |
| – | တြိဘဝနာ တိတျာ ပဝရ ပဏ္ဍိတ မဟာရာဇာဓိပတိ အမည်ရှိသော သားတော်ဥပရာဇာသည် | ရေး၊ စာ–၁၄၊ က–၁၆ |
| – | ရတနာသိဃ်အမည်ရှိသော ကုန်းဘောင်ပြည်ကြီးကိုဝ် | ရေး၊ စာ–၁၄၊ က–၁၇ |

**MN → adj$^{1}$ + adj$^{2}$ + hn + np**

– အထူးထူးသဝ်ကျေးဇူးအပေါင်းနှင့်ပြည့်စုံမ်တ် ရှေး၊ စာ–၇၆၊ က–၆
မူထသဝ် သမ္မာသမ္ဗုဒ္ဓသုံမ်လောကဇယ်
အဓိပတိ မုနိပုင်္ဂဝ ဂေါတမဟုအမည်တ်
ရသဝ် ဘုရားသခင်သည်

– ဘုန်းတေဝ်အလွန်ကြီးမှတ်တော်မူလှသဝ်ဆင့်ဖွှူ ရှေး၊ စာ–၈၄၊ က–၁၃
သခင် အသျှင်ဘဝရှင်မင်းတရားကီးဘုရားသည်

**MN → adj$^{1}$ + adj$^{2}$ + adj$^{3}$ + hn + np**

– ၁၆း သဝ်ညဏ်တ်ကို အစိုးရတ်မူရှယ်အောင်သူတို့ ရှေး၊ စာ–၈၆၊ က–၂
ထွက်ဖွှး ၅မာရ်အောင်မှင် ဘုရားရှင်ကိုဝ်

– အချင်းယူဇနာ ၁၂၀၃၄၅၀၊ အဝန်းယူဇနာ ရှေး၊ စာ–၂၂၊ က–၅–၆
၃၆၁၀၃၅၀ ဟိသော သုံးဆယ်တဘုံနှင့်တကွ
စကြာဝဠာ တိုက်ပေါင်းကုဋေ တသောင်းမျှသော
ထက်ဝန်းကျင်အရပ်တို့နှိုက် သက္ကဒေဝန္ဒ
သဟာသနေတ္တိဟူသော အမည်ဖြင့် ကျော်စော
ထင်ရှား သိကြား တစ်သောင်းလိယ်ထောင်သော
စတုမဟာရာဇ်နတ်မင်းတို့သည်

– တိုင်ကြွီး ၁၆ တိုင်ကိုဝ် အစိုးရတ် မူရှယ် ရှေး၊ စာ–၈၆၊ က–၄
ရန်သူအပေါင်းကိုဝ် အောင်တ်မူလျက် ဇမ္ဗူဒိပ်
ထက်တည်သဝ် ရွှေတွင် ငွေတွင် ပတ္တမးတွင်
ပယင်တွင် စသေဝ် ရတနာတွင် မွှး သခင်
အသျှင် ဘဝရှင် ဖိုဝ်တ် အလောင်းမင်းတရားကြွီး
ဘုရားသည်

– ဒုတိယရာဇဝင်တွင် ဘဝရှင်မင်းတရား၏ ရှေး၊ စာ–၈၇၊ က–၁၀
ညီတ်ရင် အစစ် ဇေကရာဇ်လျှင် ဖွှစ်တ်မူရှယ်
ရန်သူအပေါင်းကို မွှက်စောင်ရည်ကာ
အသာလွယ်ကူအောင်တ် မူသဝ် ဆင့်ဖွှူရတနာ
သွှိုင်အသျှင် ဘဝရှင်မင်းတရားကြွီး
ဘုရားသည်

| | | |
|---|---|---|
| – | မင်းတို့၏အရှင် ရတနာတို့၏သခင် အထွဋ်အမြတ် ဖြစ်တော်မူထသော သားတော် အလောင်းဘုရားသည် | ရှေး၊ စာ–၁၄၊ က–၁၈ |

**MN → adj + hn**

| | | |
|---|---|---|
| – | ဇမ္ဗူဒီပါတကျွန်းလုံးကို အစိုးရသော ဓမ္မာသောကမင်း | ရှေး၊ စာ–၂၀၊ က–၂၄ |
| – | သာသနာတော်ကို ထွန်းဝင်းစေနိုင်သဝ် အနော်ရထာဒေဝမင်း | ရှေး၊ စာ–၂၆၊ က–၃၆ |
| – | ရတနာ၇ပါးနှင့်တကွ လိယ်းကျွန်းလုံးကို အစိုးရသဝ်စကြာမင်း | ရှေး၊ စာ–၃၈၊ က–၆၃ |
| – | ရွှေယ်မြို့တော် ရွှေယ်နန်းတော်ထီးချက်တော် စောင့်သောနတ် | ရှေး၊ စာ–၃၈၊ က–၆၅ |
| – | ရတနာ ၇ပါးနှင့်တကွ ၄ကျွန်းလုံးကို အစိုးရသော စကြာမင်း၏စည်းစိမ်ချမ်းသာ | ရှေး၊ စာ–၄၇၊ က–၅၆ |
| – | ရာဇာဓိပတိဖြစ်တော်မူသော အလောင်းမင်းတရားကြီး | ရှေး၊ စာ–၁၄၊ က–၁၅ |
| – | ဇမ္ဗူဒိပ်တကျွန်းလုံးကို အစိုးရသဝ် အသဝ်က ဓမ္မရာဇာမင်း | ရှေး၊ စာ–၂၆၊ က–၃၆ |
| – | သာသနာတော်ကို ထွန်းဝင်းစေနိုင်သဝ် အနော်ရထာဒေဝမင်း | ရှေး၊ စာ–၂၆၊ က–၃၆ |
| – | အင်္ဂတေ သစ်စေရွှေငွေတို့ဖြင့် တန်ဆာဆင်၍ တည်သော ရန်အောင်မင်္ဂလာစေတီတော် | ရှေး၊ စာ–၅၄၊ က–၅ |
| – | နတ်တကာတိုဝ်ထက် မြတ်သဝ် သိကြာနတ် | ရှေး၊ စာ– |
| – | လူတကာတိုဝ်ကို အစိုးရသဝ် စကြာမန္ဓာတ်မင်း | ရှေး၊ စာ–၇၈၊ က–၂၆ |

– အဆုံမ်စွန်သဝ်ကိုယ်တ်အလွှစ်နိုက်ဘွားတ်မူသဝ် ရှေး၊ စာ–၈၃၊ က–၅
နိယ်နှင့် တလ္ပိုင်နက်ပေါက်ရယ်ထောက်သဝ်
ရွှေညောင်ဗုဒ္ဓဟောပင်

– ဗောဓိသမ္ဘာရဖြစ်သော ပါရမီ ကိုဝ်ဖြည့်စွမ်း ရှေး၊ စာ–၇၈၊ က–၂၇
ဆောင်ရွက်ရသည် ဖြစ်လိုဝ်သဝ်
အရိမိတ္တေယျရှင်တ်ဘုရား

– ဇမ္ဗူဒိပ်ကျွန်းလုံမ်းနှင့်တကွ အောက်ထက် ရှေး၊ စာ–၇၉၊ က–၆
ဖီလာနှစ်ယူဇနာကို အစိုးရသဝ် အသောက
ဓမ္မရာဇာမင်း

– လူတကာတိုဝ်ဖယ် အဇ္ဈသယကိုဝ်ပေကမ် ရှေး၊ စာ–၈၅၊ က–၂၃
ဖွည့်စွမ်နိုင်သဝ် သူကြွယ်မင်

– ထက်ဩက်တယူဇနာ အစိုဝ်ရသဝ် ရှေး၊ စာ–၈၇၊ က–၅
သီရိဓမ္မာသောကမင်း

– ဘုရားသ္ခင်၏ အသမ္ဘိန္နနဖူးသင် က္လစ်တ်ဓာတ်ကိုဝ် ရှေး၊ စာ–၈၇၊ က–၁၇
ထာပနာတ်မူသဝ် ရွှေစည်းခုံမ်စေတီတော်

– အမ္လှင်တထောင်ဆောင်သဝ် သိက္လွားနတ်မင်း ရှေး၊ စာ–၉၀၊ က–၃၁

– အောင်သူအပေါင်တိုဝ်၏ အဓိပတိဖြစ်တ်မူသဝ် ရှေး၊ စာ–၁၀၂၊ က–၂၉
ဘုရားသ္ခိင်

**MN → adj¹ + adj² + hn**

– ဥစ္စေ လ္ပည်ဝယ် နေမမူ၍ ပါတလိပုတ်လ္ပည် ရှေး၊ စာ–၈၇၊ က–၁၀
တည်သဝ် သီရိဓမ္မာသောကမင်း

– ဘုရားအလေါင်တ် စံလ္ပတ်မူသဝ် ဒေဝဒဟ ရှေး၊ စာ–၈၇၊ က–၁၀
ကောလိတ ကပ္ပိယ ဟူသေဝ် ၃လ္ပည်က္လီး

– ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရှေး၊ စာ–၉၊ က–၁
စကြာဆင်ဖြူများ သ္ခိင်ဘဝရှင်
အလောင်းမင်းတရားကြီး

**MN → adj (Num + CL) + hn**

| | | |
|---|---|---|
| – | သမွါးသဝ် မင်္ဂလာကြီးတို့သည် | ရှေး၊ စာ– ၊ က– |
| – | ၅ကျိတ် ၅ယောက် သဝ် သူဌေးသားတို့ကို | ရှေး၊ စာ–၃၂၊ က–၁၈ |
| – | ၉ ဆူသော စေတီတော် | ရှေး၊ စာ–၃၂၊ က–၄၁ |
| – | အချပ်တရာရှိသဝ် ကုမုဒ္ဒရာကြာပွင့် | ရှေး၊ စာ–၃၀၊ က–၉ |
| – | ရှစ်ပြည်ထောင်သော မင်းတို့ | ရှေး၊ စာ–၃၀၊ က–၃၄ |
| – | သုံမ်ဆယ်တထပ် ဘဝရပ် | ရှေး၊ စာ–၇၈၊ က–၃၀ |
| – | ခြောက်ဆင့်နတ်ရွာ | ရှေး၊ စာ–၃၉၊ က–၈ |
| – | သုံးကျိပ်သုံးယေ်သေဝ် သိကြားနတ်မင်းတို့ | ရှေး၊ စာ–၂၊ က–၁၆ |
| – | ၃ပုံသေဝ် ပိဋကတ်တော် | ရှေး၊ စာ–၄၄၊ က–၃၄ |
| – | ၄းသဝ်ပစ္စည်း | ရှေး၊ စာ–၉၂၊ က–၄၅ |
| – | ၃၁၅း သဝ် ကျွန် လက္ခဏာ | ရှေး၊ စာ–၉၄၊ က–၈ |
| – | ၃တန် သဝ် စေတနာ | ရှေး၊ စာ–၉၇၊ က–၃၀ |
| – | သုံးပါးသော သဝ် စေတနာ | ရှေး၊ စာ–၂၁၊ က–၄၁ |
| – | ၃အင် စေတနာ | ရှေး၊ စာ–၉၇၊ က–၃၁ |
| – | လိယ်ပါသော အပါယ်ငရယ် | ရှေး၊ စာ–၃၂၊ က–၁၅ |

**MN → hn + adj (Num + CL)**

| | | |
|---|---|---|
| – | သာသနာ တော် ၅ ထောင် | ရှေး၊ စာ–၃၀၊ က–၆ |
| – | စစ်အင်္ဂါ ၄ပါး | ရှေး၊ စာ–၃၀၊ က–၁၂ |
| – | ကျော်ခြောက်ချပ်တို့ | ရှေး၊ စာ–၃၀၊ က–၈ |
| – | စတုမဟာရာဇ်နတ်မင်းလေးယောက် | ရှေး၊ စာ–၃၀၊ က–၁၆ |
| – | ပစ္စည်းလေးပါး | ရှေး၊ စာ–၃၀၊ က–၄၇ |
| – | ရတနာ ၇ပါး | ရှေး၊ စာ–၄၃၊ က–၅၆ |

| | | |
|---|---|---|
| – | စရိယ ၃ပါး | ရှေး၊ စာ–၃၈၊ က–၆၄ |
| – | အမတ် ၄ယောက် | ရှေး၊ စာ–၃၇၊ က–၅၂ |
| – | အမတ် ၂ ယောက် | ရှေး၊ စာ–၃၇၊ က–၅၂ |
| – | မဂ္ဂင် ၈ပါး | ရှေး၊ စာ–၃၈၊ က–၆၀ |
| – | ဒိဿရှစ်ရပ် | ရှေး၊ စာ–၄၄၊ က–၃၇ |
| – | သစ္စာလေးဆင့် | ရှေး၊ စာ–၄၆၊ က–၅၄ |
| – | အုန်းပေါက်စွာမြေနယ် ၈ရပ် | ရှေး၊ စာ–၄၈၊ က–၁ |
| – | သတ္တိ ၃ပါး | ရှေး၊ စာ–၂၇၊ က–၄၉ |
| – | ရာဇဓမ္မ ၁၀ပါး | ရှေး၊ စာ–၂၇၊ က–၄၉ |
| – | သင်္ဂဟတရား ၄ပါး | ရှေး၊ စာ–၂၇၊ က–၄၉ |
| – | အပရိဟာနိယတရား ၇ပါး | ရှေး၊ စာ–၂၇၊ က–၄၉ |
| – | ရပ်ပြစ် ရှစ်ပါး | ရှေး၊ စာ–၇၁၊ က–၁၀ |
| – | အရပ် ၈ မွှက်နှာ | ရှေး၊ စာ–၉၁၊ က–၄၀ |
| – | သဘင်သည် ၃၇ ရပ် | ရှေး၊ စာ–၉၇၊ က–၃၃ |
| – | ဘုံ ၃ ရပ် | ရှေး၊ စာ–၉၈၊ က–၃၆ |
| – | ပရိသတ်ရှစ်ပါး | ရှေး၊ စာ–၃၁၊ က–၃၁ |
| – | ပါရမီ ၁၀ပါး | ရှေး၊ စာ–၄၃၊ က–၅၆–၁၄ |
| – | အပယ် ၄ပါး | ရှေး၊ စာ–၈၁၊ က–၂၄ |
| – | ရတနာ ၇ပါး | ရှေး၊ စာ–၄၆၊ က–၅၆ |
| – | ပိဋကတ် ၃ပုံ | ရှေး၊ စာ–၉၀၊ က–၃၀ |
| – | အရပ်ကြီး ၆ပါး | ရှေး၊ စာ–၂၃၊ က–၆၄ |
| – | စွန်းခြင်းကြီး ၅ပါး | ရှေး၊ စာ–၃၇၊ က–၆၄ |

**MN → adj + hn + adj + np**

– သုခမ္မာနတ်သဘင်ကဲ့သို့ အလွန်တင့်တယ်စွာသေဝ် ရှေး၊ စာ–၄၅၊ က–၄၅
မဟာဝိဟာရကျောင်းတော်ကြီးကို

– နိဗ္ဗာန်တည်းဟူသော ခေမာဘက်သိုဝ် ရှေး၊ စာ–၄၆၊ က–၅၄
တင်ပို့နိုင်သဝ် သမ္မာသမ္ဗောဓိဆုမြတ်ကို

– မဟာနိဗ္ဗာန်တည်းဟူသော ရွှေပြည်ကြီးကိုဝ်

– အဆောင်ဆောင်ဖြင့် ဆန်းကြယ်စွာသေဝ် ရှေး၊ စာ–၄၄၊ က–၃၆
မဟာဝိဟာရ ကျောင်းတော်ကြီးကို

**MN → adj + hn + adj**

– မှန်ကင်း ၃၂ ဆူ စိန်ပုံ ၃၂ဆူ မုတ်နန်း ရှေး၊ စာ–၉၀၊ က–၃၄
ဥကင် ၃ဆင့်နှင့်တကွ တင့်တယ်စွာသဝ်
က္လောင်တ်ဦးပ္လာဿဒ်တ်က္လီး

– တာပေါင်း ၃၂၀၆ တာရှိသော ရွှေမြို့တော်ကြီး ရှေး၊ စာ–၄၁၊ က–၁၈

– ဘုံ ၇ ဆင့် ဟိသော ရွှေနန်းပြဿဒ်တော်ကြီး ရှေး၊ စာ–၄၁၊ က–၁၉

– အဆောင်ဆောင်သေဝ် အရံဖြင့် ဆန်းကြယ်သေဝ် ရှေး၊ စာ–၄၁၊ က–၃၁
ကျောင်းတော်ကြီး

– ဘုံမ်အဆင့်ဆင့် မှန်ကင် ၁၂ဆူ ဖ္လင့် ဆန်က္လယ်စွာ ရှေး၊ စာ–၉၀၊ က–၃၄
ရွှေတောင်ပေါက် သကဲ့သိုဝ် ပိဋကတ်တိုက်တ်က္လီး

– အလွန်သဖ္လင့်စင်က္လယ်သဝ် ရေကန်တ်က္လီး ရှေး၊ စာ–၉၀၊ က–၃၅

– သင်္ဃာတ် ၂၅၀၀ ရန်သဝ် အလှူတ်က္လီး ရှေး၊ စာ–၉၀၊ က–၃၆

– ကြည့်ရွှင်စွာသဝ် စေတနာမြတ် ရှေး၊ စာ–၁၀၂၊ က–၃၅

**MN → adj¹ + adj² + hn ± np**

– ချမ်းသာခိုင်ပြီး အမြိုက်သီးကိုဝ် မငြီးလိုရာ ရှေး၊ စာ–၅၈၊ က–၉
ရွှေးဆွတ်ရာဖြစ်သော မဟာနိဗ္ဗာန်တည်းဟူသော
ရွှေပြည်ကြီးကို

– မဟာမင်္ဂလာရွှေအုပ် ကမ္ဗည်းမော်ကွန်းတပ်သဝ် ရှေး၊ စာ–၉၇၊ က–၂၉
ဘုံမ် ၅ထပ် အဦ ပြဿဒ်အရံကျောင်တ် မဟာရံ
၂ထပ်ဖွင့် တင့်တယ်သဝ် ကျောင်တ်ကြီးကို

– အဓိပတိ ပုင်္ဂဝ သမ္ဗုဒ္ဓ အမည်တ် ရသဝ် ဘုရး ရှေး၊ စာ–၈၄၊ က–၇
သ္ဒိုင်ဇယ် သာသနာတ်လွှတ်

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# မြိတ်ဒေသိယစကားမှ နေ့စဉ်သုံးစကားများလေ့လာချက်

ခင်စိုးဦး*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြိတ်ဒေသိယစကားမှ နေ့စဉ်သုံးစကားများကို လေ့လာဖော်ထုတ်ထားသော စာတမ်း ဖြစ်ပါသည်။ ထိုသို့လေ့လာရာ၌ မြိတ်ဒေသိယစကားမှ နေ့စဉ်သုံးစကားများကို ဖော်ထုတ်ရန် ရည်ရွယ်ပါသည်။ ဤစာတမ်းကို အခန်း နှစ်ခန်းခွဲ၍ လေ့လာတင်ပြထားပါသည်။ အခန်း (၁) မြိတ်ဒေသယိစကားတွင် ဒေသိယဖွင့်ဆိုချက်၊ မြိတ်ဘာသာစကားနှင့် နောက်ခံသမိုင်းတို့ကို လေ့လာတင်ပြပြီး အခန်း (၂)တွင် မြိတ်ဒေသိယစကားမှ နေ့စဉ်သုံးစကားများ လေ့လာချက်တွင် ဆွေမျိုးစပ်ဆိုင်ရာဝေါဟာရများ၊ အစားအသောက်ဆိုင်ရာ ဝေါဟာရများ၊ အသီးအနှံဆိုင်ရာ ဝေါဟာရများ၊ အသုံးအဆောင်ဆိုင်ရာ ဝေါဟာရများနှင့် နေ့စဉ်သုံး အပြောစကားများကို လေ့လာတင်ပြထားပါသည်။ ဤစာတမ်းပါ အချက်အလက်များသည် မြိတ်ဘာသာစကား ဖော်ထုတ်လေ့လာမှုကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ** – ***ဆွေမျိုးစပ်ဆိုင်ရာ ဝေါဟာရများ၊ အစားအသောက်ဆိုင်ရာ ဝေါဟာရများ၊ အသီးအနှံဆိုင်ရာ ဝေါဟာရများ၊ အသုံးအဆောင်ဆိုင်ရာ ဝေါဟာရများ၊ နေ့စဉ်သုံး အပြောစကားများ။***

## နိဒါန်း

မြိတ်ဒေသိယစကားမှ နေ့စဉ်သုံးစကားများလေ့လာချက် စာတမ်းသည် မြိတ်ဒေသိယစကားမှ နေ့စဉ်သုံးစကားများကို လေ့လာဖော်ထုတ်ထားခြင်း ဖြစ်ပါသည်။ ထိုသို့ လေ့လာဖော်ထုတ်ရာတွင် ရန်ကုန်၌ တာဝန်ထမ်းဆောင်နေကြသော မြိတ်သူမြိတ်သားများထံမှ အချက်အလက်များကို ကောက်ယူ၍ လေ့လာဖော်ထုတ်ထားခြင်း ဖြစ်ပါသည်။ ဒေသိယစကားဖြစ်၍ မြန်မာစကားနှင့် အသံထွက်အားဖြင့်လည်းကောင်း၊ စာလုံးပေါင်းအားဖြင့် လည်းကောင်း ကွဲလွဲနေသော စကားလုံးများကို လေ့လာဖော်ထုတ်ထားပါသည်။

* ဒေါ်၊ နည်းပြ၊ မြန်မာစာဌာန၊ သက်န်းကျွန်းပညာရေးကောလိပ်

## ရည်ရွယ်ချက်

မြိတ်ဒေသိယစကားမှ စံဘာသာစကားနှင့် ကွဲပြားစွာသုံးသည့် နေ့စဉ်သုံးစကားများကို ဖော်ထုတ်ရန် ရည်ရွယ်ပါသည်။ မြန်မာဘာသာစကားကို လေ့လာသူတို့သည် ဒေသိယစကားများကိုပါ သိရှိထားရန် လိုအပ်သောကြောင့် ဘာသာစကားကို စိတ်ဝင်စားစွာ လေ့လာသူတို့အတွက် တစ်စိတ်တစ်ဒေသ အထောက်အကူပြုနိုင်ရန် ရည်ရွယ်ထားခြင်း ဖြစ်သည်။

## ၁။ မြိတ်ဒေသိယစကား

မြိတ်ဒေသိယစကားသည် ရေမြေပထဝီအနေအထားအရ မြန်မာစကားနှင့် ကွဲပြားသွားသော မျိုးကွဲ ဖြစ်သည်။ တစ်နည်းအားဖြင့် စံမြန်မာစကားနှင့် အသံထွက်၊ ဝေါဟာရ၊ ဓလေ့သုံး၊ အဓိပ္ပာယ်အားဖြင့် ကွဲပြားသော စကားဖြစ်သည်။

### ၁၊ ၁။ ဒေသိယဖွင့်ဆိုချက်

ဒေသိယဝေါဟာရဆိုသည်မှာ 'ဒေသအလိုက် ပြောဆိုသုံးနှုန်းသောစကား'[၁] ဖြစ်ပါသည်။ ဒေသိယဟူသည် ဘာသာစကားတစ်ခု၏ မျိုးကွဲဖြစ်ပြီး ထိုဘာသာစကား၏ စံမျိုးကွဲနှင့် အသံထွက်အားဖြင့်လည်းကောင်း၊ သဒ္ဒါအားဖြင့်လည်းကောင်း၊ ဝေါဟာရအားဖြင့်လည်းကောင်း ကွဲပြားသော မျိုးကွဲ ဖြစ်သည်။

> "ဘာသာစကားတစ်ခုတည်းတွင် နေရာဒေသအရသော်လည်းကောင်း၊ လူမှုရေးအဆင့်အတန်းအရသော်လည်းကောင်း ကွဲပြားသွားသော ဒေသိယစကား (ဘာသာစကားတစ်ခု၏ အသွင်ကွဲများ) ရှိသည်ပင် ဖြစ်သည်။"[၂]

### ၁၊ ၂။ မြိတ်ဒေသိယစကားနှင့် နောက်ခံသမိုင်း

မြိတ်မြို့သည် တနင်္သာရီတိုင်းအတွင်း တည်ရှိသော မြို့တစ်မြို့ ဖြစ်သည်။ တနင်္သာရီတိုင်းတွင် ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ကော့သောင်းခရိုင် ဟူ၍ ခရိုင်(၃)ခု ရှိရာ မြိတ်မြို့သည် မြိတ်ခရိုင်တွင် ပါဝင်သော မြို့တစ်မြို့ ဖြစ်သည်။ မြိတ်မြို့တွင် ပြောဆိုနေသော စကားများသည် စံဟု သတ်မှတ်ထားသော ဘာသာစကားနှင့် မတူဘဲ

---

[၁] မြန်မာအဘိဓာန်၊ ၂၀၀၈၊ ၁၇၉။
[၂] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၇၊ ၂၅။

စကားသံအရလည်းကောင်း၊ ဝေါဟာရအရလည်းကောင်း၊ သဒ္ဒါအရလည်းကောင်း၊ အဓိပ္ပာယ်အရလည်းကောင်း ကွဲပြားခြားနားလျက်ရှိသော အသွင်ကွဲ မြန်မာဘာသာစကားပင် ဖြစ်သည်။ မြိတ်ဒေသသည် ပထမမြန်မာနိုင်ငံ ထူထောင်သော အနော်ရထာမင်း လက်ထက်ကပင် အခြေတည်နေပြီဖြစ်ကြောင်း သိရှိရသည်။

> "အနော်ရထာမင်းကြီးသည် သက္ကရာဇ် (၄၁၉)၊ အေဒီ (၁၀၅၇) ခုနှစ်တွင် သထုံပြည်ကို တနင်္သာရီအထိ သိမ်းသွင်းခဲ့ပြီးဖြစ်ကြောင်း တွေ့ရသည်။"[၁]

> "အနော်ရထာမင်းကြီးသည် အင်အား တောင့်တင်းသော နိုင်ငံတော်ကြီးကို တည်ထောင်ရန်အလို့ငှာ နိုင်ငံခြား ကူးသန်း ရောင်းဝယ်ရေး အခြေစိုက်ရာ တနင်္သာရီနယ် (ယခုမြိတ်ဒေသ)ကို ချုပ်ကိုင်ထားခဲ့သည်။ ထိုအထောက်အထားအရ မြိတ်ဒေသသည် ပုဂံခေတ် အစောပိုင်းကာလပင် အခြေစိုက်တည်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ သို့သော် မြိတ်ဒေသသည် ထိုအချိန်အခါက တနင်္သာရီအရံမြို့ (၃၀)တွင် ပါဝင်သော မြို့တစ်မြို့ ဖြစ်၍ မထင်ရှားသေးဟု ဆိုနိုင်သည်။ သို့ရာတွင် မြိတ်မြို့သည် အိန္ဒိယ၊ အီတလီ၊ ပြင်သစ်၊ ပေါ်တူဂီစသော နိုင်ငံရပ်ခြား ကုန်သည်တို့၏ ကုန်သွယ်မှုပြုခဲ့သော မြို့တစ်မြို့ ဖြစ်ခဲ့ပေသည်။"[၂]

ကုန်းဘောင်ခေတ်သို့ ရောက်သောအခါ တနင်္သာရီမြို့တွင် ကျောက်ဘွားမြစောစံမင်း အုပ်စိုးစဉ် သက္ကရာဇ် (၈၉၃)၊ ခရစ်နှစ် (၁၅၃၁)ခန့်တွင် သင်္ဘောဆိပ်ကို သန္တုတ်မြို့၊ ယခု တောနောက်လယ်ရွာမှ ခယ်တောင် (ယခု သိမ်တော်ကြီးတောင်)သို့ ပြောင်းရွှေ့ခဲ့သည်။ သက္ကရာဇ် (၁၀၉၃)ခုနှစ်၊ (၁၇၃၁)ခုနှစ် တနင်္ဂနွေမင်းလက်ထက်တွင် ကိုးတောင်မြင့်သော သစ်တပ်တိုင်ပတ်လည်စိုက်၍ မြိတ်သင်္ဘောဆိပ်မြို့သစ်တည်ကာ ဖရာမံကို မြို့ဝန်ခန့်ထားသည်။ ထို့နောက် မြို့ဝန် ဦးဒိန်းကျော်လက်ထက် သက္ကရာဇ် (၁၁၂၄)၊ ခရစ်နှစ် (၁၇၆၂)ခုနှစ်တွင် မြို့အင်္ဂါရပ်နှင့်အညီ ပြန်လည်တည်ဆောက်ပြီး မြိတ်မြို့ဟု အမည်တွင်စေခဲ့သည်။

မြိတ်ဟူသော ဝေါဟာရကို မာရိတ်(ယိုးဒယားစကား)မှ မြိတ်ဖြစ်လာသည်ဟု လည်းကောင်း၊ အစွန်အဖျားတွင်ရှိသောကြောင့် မြိတ်ဟု ခေါ်သည်ဟု လည်းကောင်း၊ မြိတ်ထောင်အရပ်ကို အစွဲပြု၍ မြိတ်ဟု လည်းကောင်း၊ တနင်္သာရီဒေသသို့ ရေးယခင်

---

[၁] မောင်ရွှေ၊ ၁၉၉၀၊ ၂၁။

[၂] မောင်ရွှေ၊ ၁၉၉၀၊ ၂၁။

ကတည်းက ရောက်နှင့်နေပြီဖြစ်သော ဆလုံလူမျိုးတို့က 'မွိတ်' ဟုခေါ်သည်ကို ထောက်၍ ('မွိတ်' ဆလုံဘာသာတွင် မြို့ဟု အဓိပ္ပာယ်ရသည်) လည်းကောင်း၊ မြိတ်ဝေါဟာရကို အမျိုးမျိုး ယူဆခဲ့ကြသည်။

အထက်ပါအယူအဆတွင် မြိတ်မြို့သည် ထိုင်း(ယိုးဒယား)တို့ မရောက်မီ ကတည်းကပင် တည်ရှိခဲ့ပြီး ဖြစ်သည်။ ထိုင်းတို့က မိမိတို့ကြားရသည့်အသံကို လိုက်၍ မြိတ်ကို မာရိတ်ဟု ခေါ်ခြင်း ဖြစ်တန်ရာသည်။ မြိတ်ဝေါဟာရသည် မူလက မွိတ်ဟု ယူဆခြင်းမှာ ဖြစ်တန်ရာသည်။ မွိတ်သည် ရှေးခေတ်ကျောက်စာရေးထုံး သဏ္ဌာန်ဖြစ်သည်။

မြိတ်မြို့သည် တနင်္သာရီတိုင်း တောင်ဘက်အစွန်းတွင် တည်ရှိသော ကျွန်းမြို့တစ်မြို့ ဖြစ်သည်။ အကျယ်အဝန်းမှာ (၅၄၇.၄၄၈) စတုရန်းမိုင် ရှိသည်။ နယ်နိမိတ်ထိစပ်မှုမှာ အရှေ့ဘက်နယ်နိမိတ်တွင် တနင်္သာရီနှင့် တနင်္သာရီရိုးမ တောင်တန်း၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ်၊ တောင်ဘက်နယ်နိမိတ်တွင် ဘုတ်ပြင်းမြို့၊ မြောက်ဘက်နယ်နိမိတ်တွင် ပုလောမြို့တို့ တည်ရှိကြပေသည်။

## ၂။ မြိတ်ဒေသိယစကားမှ နေ့စဉ်သုံးစကားများ

လူတစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပြောဆိုရန် ဘာသာစကားသည် မရှိမဖြစ် လိုအပ်ပေသည်။ တစ်ဦး၏ဆိုလိုချက်ကို တစ်ဦးက နားလည်စေရန် အပြောစကား ဖြင့်သော်လည်းကောင်း၊ အရေးဖြင့်သော်လည်းကောင်း ဆက်သွယ်ပြောဆိုကြရ ပေသည်။ ထိုသို့ ပြောဆိုဆက်ဆံကြရာတွင် မိမိတို့၏ ခံစားချက်များ၊ သက်ရှိ၊ သက်မဲ့၊ ဒြပ်ရှိ၊ ဒြပ်မဲ့ အရာဝတ္ထုများကို အများသဘောတူ သတ်မှတ်ခေါ်ဝေါ်ပြောဆို နေကြခြင်း ဖြစ်သည်။

ဘာသာစကားတစ်ခုတွင် အပြောဘာသာစကားနှင့် အရေးဘာသာစကား ဟူ၍ နှစ်မျိုး ခွဲခြားလေ့လာနိုင်သည်။ နေ့စဉ်သုံးဝေါဟာရဆိုသည်မှာ ဘာသာစကားတစ်ခုကို ပြောဆိုနေကြသော သူတို့သည် နေ့စဉ် လုပ်ငန်းဆောင်တာအမျိုးမျိုးအတွက် ပြောဆို သုံးနှုန်းသော စကားများကို ဆိုလိုခြင်း ဖြစ်သည်။ ထိုသို့ ပြောဆိုကြသောစကားထဲတွင် ဝေါဟာရများသည် အသုံးပေါ်တွင် အခြေခံကာ အနက်အဓိပ္ပာယ်ပွားလာသည်လည်း ရှိသကဲ့သို့ ပြောင်းသွားသည်လည်း ရှိသည်။

မြိတ်ဒေသတွင် နေ့စဉ်သုံးဝေါဟာရတို့၏ အနက်ကို အသွင်အမျိုးမျိုး၊ အနက် အဓိပ္ပာယ်အမျိုးမျိုးဖြင့် အသုံးပြုနေကြသည်။ ထိုဒေသိယစကားများကို လေ့လာခြင်းဖြင့် မြိတ်ဒေသ၏ ဓလေ့ထုံးတမ်းများ၊ ဘာသာစကားသုံးနှုန်းပုံများကို သိရှိရပါသည်။

မြိတ်ဒေသိယစကားမှ နေ့စဉ်သုံးစကားများကို အောက်ပါအတိုင်း ပိုင်းခြား လေ့လာတင်ပြပါမည်။

## ၂။ ၁။ မြိတ်ဒေသိယစကားမှ ဆွေမျိုးစပ်ဆိုင်ရာဝေါဟာရများ

မြိတ်ဒေသိယစကားမှ ဆွေမျိုးစပ်ဆိုင်ရာ ဝေါဟာရများကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။

| စံဘာသာစကား | မြိတ်ဒေသိယစကား |
|---|---|
| အမေ | မယ်မယ် |
| /ə mē/ | /mɛ̄ mɛ̄/ |
| အဖေ | ဘဘ |
| /ə phē/ | /bá bá/ |
| မိထွေး | မိငယ် |
| /mí dwè/ | /mí ŋɛ̄/ |
| ပထွေး | ဖငယ် |
| /pə htwè/ | /phə ŋɛ̄/ |
| အစ်ကိုကြီး | နောင်နောင် |
| /ə kō dʑì/ | /-naũ -naũ/ |
| မောင်လေး | မောင်မောင် |
| /-maũ lè/ | /-maũ -maũ/ |
| အဖွား | ဖွားလေး |
| /ə phwà/ | /bwà lè/ |
| အိမ်ထောင်ရှိသောမိန်းမ | လင်ရှင် |
| /eĩ -daũ ɕí θɔ̄ mèĩ má/ | /-lĩ -ɕĩ/ |

| | |
|---|---|
| ကလေး (ယောက်ျားလေးကိုခေါ်) | သားငယ် |
| /khə lè/ | /θà ŋɛ̄/ |
| မယားညီအစ်ကို | အကျိုချင်း |
| /mə jà ɲī əkō/ | /ə tɕō tɕh`ĩ/ |
| လင်မယား | မုန့်ခွက်သား |
| /-lǐ mə jà/ | /moṹ khwɛʔ θà/ |

မြိတ်ဒေသိယစကားမှ ဆွေမျိုးစပ်ဆိုင်ရာ ဝေါဟာရများတွင် အမေကို မယ်မယ်၊ အဖေကို ဘဘ၊ မိထွေးကို မိငယ်၊ ပထွေးကို ဖငယ်၊ အစ်ကိုကြီးကို နောင်နောင်၊ မောင်လေးကို မောင်မောင်၊ အဖွားကို ဖွားလေး၊ အိမ်ထောင်ရှိသော မိန်းမကို လင်ရှင်၊ ကလေးကို သားငယ်၊ မယားညီအစ်ကို ကို အကျိုချင်း၊ လင်မယားကို မုန့်ခွက်သားဟု စံစကားနှင့် ကွဲပြားစွာ သုံးထားသည်ကို တွေ့ရပါသည်။ ဗျည်းသံ၊ သရသံ ကွဲပြားမှုမျိုးမဟုတ်ဘဲ ဝေါဟာရစကားလုံးပါ ကွဲပြားသည်ကို တွေ့ရပါသည်။

မြိတ်ဒေသိယစကား ‘မယ်မယ်’မှ ‘မယ်’ကို မြန်မာအဘိဓာန်တွင် ‘မိခင်၊ ချစ်မြတ်နိုးသူ အမျိုးသမီးကို အမျိုးသားက ခေါ်သောအမည်၊ မယ်ဘွဲ့ရသော အမျိုးသမီး’ ဟု ဖွင့်ဆိုထားပါသည်။ စံဘာသာစကားနှင့် အခေါ်အဝေါ် ကွဲပြားသော်လည်း ရည်ညွှန်းသောအဓိပ္ပာယ် တူသည်ကို တွေ့ရသည်။ ထို့အတူ မြိတ်ဒေသိယစကား ‘ဘဘ’မှ ‘ဘ’ ကို မြန်မာအဘိဓာန်တွင် ‘အဖေ၊ အဖ’ ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားရာ စံဘာသာစကားနှင့် အခေါ်အဝေါ် ကွဲပြားသော်လည်း ရည်ညွှန်းသော အဓိပ္ပာယ် တူသည်ကို တွေ့ရသည်။

ထို့ပြင် မြိတ်ဒေသိယစကား ‘နောင်နောင်’ မှ ‘နောင်’ ကို မြန်မာအဘိဓာန်တွင် ‘အစ်ကို၊ အများအနက် အကြီးအကဲဖြစ်သူ’ ဟူ၍ ဖော်ပြထားရာ စံဘာသာစကားနှင့် အခေါ်အဝေါ်ကွဲပြားသော်လည်း ရည်ညွှန်းသော အဓိပ္ပာယ်တူသည်ကို တွေ့ရသည်။ ထို့ကြောင့် မြိတ်ဒေသိယစကားမှ ဆွေမျိုးစပ်ဆိုင်ရာဝေါဟာရများသည် စံဘာသာစကားနှင့် အခေါ်အဝေါ် ကွဲပြားသော်လည်း ရည်ညွှန်းလိုသော အဓိပ္ပာယ်မှာ တူသည်ကို တွေ့ရပါသည်။ မြိတ်ဒေသိယစကားများသည် ခမ်းနားသော၊ လေးနက်သော၊ နန်းဆန်သော ရှေးခေတ်အခေါ်အဝေါ်များ လွှမ်းမိုးနေသည်ဟုလည်း ယူဆရပါသည်။

## ၂။ ၂။ မြိတ်ဒေသိယစကားမှ အစားအသောက်ဆိုင်ရာဝေါဟာရများ

မြိတ်ဒေသိယစကားမှ စံစကားနှင့် ကွဲပြားသော အစားအသောက်ဆိုင်ရာ ဝေါဟာရများကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။

| စံဘာသာစကား | မြိတ်ဒေသိယစကား |
|---|---|
| ချိုချဉ်ကြော် | ကေဆ |
| /tɕhō tɕhĩ tɕɔ̀/ | /kē shá/ |
| ငါးသေတ္တာ | ငါးစည် |
| /ŋà θiʔ tā/ | /ŋà zī/ |
| ပဲပြား | တောင်ဟွာ |
| /pɛ̄ pjà/ | /-taũ hwā/ |
| မုန့်ကျွတ် | ဒူးမုန့် |
| /moṹ tɕuʔ/ | /dù moṹ/ |
| ငါးပိသုပ် | ပိဖျော် |
| /ŋə pí θouʔ/ | /pí phjɔ̀/ |
| တို့စရာ | ပိရှာ |
| /tó zə jā/ | /pí ɕā/ |
| ပဲငံပြာရည် | ပဲဆီ |
| /pɛ̄ ŋã pjā jē/ | /pɛ̀ shī/ |
| သာကူ | ပင်ပွား |
| /θā gū/ | /-pĩ bwà/ |
| ဖက်ထုပ် | ပြန်းရှက် |
| /phɛʔ thouʔ/ | /pj̀ ã ɕɛʔ/ |

| | |
|---|---|
| သရက်သီးသနပ် | ဘင်္ဂလားအစပ် |
| /θə jɛʔ θì ð nɛʔ/ | /bì̃ gə là ə sɛʔ/ |
| မုန့်ဖက်ထုပ် | မုန့်ကမဲနို့ |
| /mou᷉´ phɛʔ thouʔ/ | /mou᷉´ kə mé nó/ |
| ငှက်ပျောသီးမုန့် | မုန့်စောင်ခြုံ |
| /hŋɛʔ pjɔ̀ θì mou᷉´/ | /mou᷉´ -saũ -tɕoũ/ |
| မုန့်လက်ဆောင်း | မုန့်ဖားလောင်း |
| /mou᷉´ lɛʔ shàũ/ | /mou᷉´ phə làũ/ |
| ကန်စွန်းသ | မျောက်ခေါင်း |
| /gə ʑ̀ũ ú/ | /mjauʔ gàũ/ |
| အစိမ်းကြော် | ဟင်းလျော် |
| /ə sèĩ tɕɔ̀/ | /h`ĩ hlɔ̀/ |
| ရေနွေးကြမ်း | ရေပူကြမ်း |
| /jē nwè dʑ̀ã/ | /jē pū dʑ̀ã/ |
| မုန့်ပျားသလက် | ခေါက်မုန့် |
| /mou᷉´ pjɛʔ ðlɛʔ/ | /khauʔ mou᷉´/ |
| မုန့်လင်မယား | မုန့်ခွက်သား |
| /mou᷉´ -lĩ ma jā/ | /mou᷉´ khwɛʔ θà/ |
| ထမင်း | မင်း |
| /thə mì̃/ | /mì̃/ |

မြိတ်ဒေသိယစကားမှ အစားအသောက်ဆိုင်ရာ ဝေါဟာရများတွင် ချိုချဉ်ကြော်ကို ကေဆ၊ ငါးသေတ္တာကို ငါးစည်၊ ပဲပြားကို တောင်ဟွာ၊ မုန့်ကျွတ်ကို ဒူးမုန့်၊ ငါးပိသုပ်ကို ပိဖျော်၊ တို့စရာကို ပိရှာ၊ ပဲငံပြာရည်ကို ပဲဆီ၊ သာကူကို ပင်ပွား၊

ဖက်ထုပ်ကို ပြန်းရက်၊ သရက်သီးသနပ်ကို ဘင်္ဂလားအစပ်၊ မုန့်ဖက်ထုပ်ကို မုန့်ကမဲနို့၊ ငှက်ပျောသီးမုန့်ကို မုန့်စောင်ခြုံ၊ မုန့်လက်ဆောင်းကို မုန့်ဖားလောင်း၊ ကန်စွန်းဥကို မျောက်ခေါင်း၊ အစိမ်းကြော်ကို ဟင်းလျော်၊ ရေနွေးကြမ်းကို ရေပူကြမ်း၊ မုန့်ပျားသလက်ကို ခေါက်မုန့်၊ မုန့်လင်မယားကို မုန့်ခွက်သား၊ ထမင်းကို မင်းဟု စံစကားနှင့် ကွဲပြားစွာ သုံးသည့် ဒေသိယဟန်ကို တွေ့ရပါသည်။ အစားအသောက်ဆိုင်ရာ ဝေါဟာရများတွင်လည်း စကားလုံးအဆင့်၌ ကွဲပြားစွာ သုံးသည်ကို တွေ့ရပါသည်။

မြိတ်ဒေသိယစကားမှ အစားအသောက်ဆိုင်ရာ ဝေါဟာရများတွင် 'မုန့်ဖားလောင်း'သည် စံဘာသာစကားတွင် 'မုန့်လက်ဆောင်း' ကို ဆိုလိုသည်။ မြိတ်ဒေသိယစကားတွင် 'မုန့်ဖားလောင်း' ကို မုန့်ဖတ်ကလေးများသည် တိရစ္ဆာန် ဖားလောင်းမဖြစ်မီ ဖားလောင်းကောင်ကလေးများနှင့် အသွင်သဏ္ဍာန်တူသောကြောင့် 'မုန့်ဖားလောင်း' ဟု ခေါ်ဝေါ်ခြင်း ဖြစ်သည်။

မြိတ်ဒေသိယစကားရှိ 'မျောက်ခေါင်း'ကို မြန်မာအဘိဓာန်တွင် 'စောင်းကောက်တွင် ပွဲပိုင်းဖလားနှင့် ခင်တံကြားရှိ အစိတ်အပိုင်း' ဟု အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။ မြိတ်ဒေသိယစကားရှိ 'မျောက်ခေါင်း' မှာ စံဘာသာစကားတွင် 'ကန်စွန်းဥ' ကို ခေါ်ဆိုခြင်း ဖြစ်သည်။ စံဘာသာစကားနှင့် ဝေါဟာရအသုံးအနှုန်း ကွဲပြားရုံသာမက ရည်ညွှန်းသော အဓိပ္ပာယ်ပါ ကွဲပြားသွားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် မြိတ်ဒေသိယစကားမှ အစားအသောက်ဆိုင်ရာ ဝေါဟာရများတွင် စံဘာသာစကားနှင့် ဝေါဟာရအသုံးအနှုန်းသာမက အဓိပ္ပာယ်ပါ ကွဲပြားသည်ကို တွေ့ရသည်။

## ၂၊ ၃။ မြိတ်ဒေသိယစကားမှ အသီးအနှံဆိုင်ရာဝေါဟာရများ

မြိတ်ဒေသိယစကားမှ စံစကားနှင့် ကွဲပြားသော အသီးအနှံဆိုင်ရာ ဝေါဟာရများကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။

| **စံဘာသာစကား** | **မြိတ်ဒေသိယစကား** |
|---|---|
| ဇီးဖြူသီး | ရှားသီး |
| /zì bū ðì/ | /ɕà ðì/ |
| သဘော်သီး | ရှိန်းခိုသီး |
| /θ̃ì bɔ̀ ðì/ | /ɕẽ̀ĩ khō ðì/ |

| | |
|---|---|
| နှင်းသီး | ရေမွှေးသီး |
| /hǹĩ ðì/ | /jē mwè ðì/ |
| မိုးမျှော်ငရုတ်သီး | ရုပ်မတ်တပ်သီး |
| /mò hmjɔ̀ ŋə jouʔ ðì/ | /jouʔ maʔ tɛʔ ðì/ |
| သီဟိုဠ်သီး | ခရုသီး |
| /θī hō ðì/ | /kə jú ðì/ |
| ဖရဲသီး | စိန်သခွားသီး |
| /phə jɛ̀ ðì/ | /seĩ ðkhwà ðì/ |
| သီးမွှေးငှက်ပျောသီး | ဆင်အံသီး |
| /θì hmwè hŋɛʔ pjɔ̀ ðì/ | /shĩ ã ðì/ |
| ဆောင်းလျားသီး | ဆောင်းပါးသီး |
| /shàũ ljà ðì/ | /shàũ bà ðì/ |
| ကျွဲကောသီး | တာအိုးသီး |
| /tɕwɛ̀ gɔ́ ðì/ | /tā ò ðì/ |
| စပါးစေ့ | ကောက်သီး |
| /zə bɛ̄ sé / | /kauʔ θì/ |
| သစ်ချသီး | သစ်တစေ့ |
| /θiʔ tɕh ðì/ | /θiʔ tə sè/ |
| ကနစိုသီး | စန်းဇွန်းသီး |
| /kə nə sō ðì / | /s̀ã zũ ðì/ |
| ဖီးကြမ်းငှက်ပျောသီး | ဘီလားသီး |
| /phì tɕã hnɛʔ pjɔ̀ ðì/ | /bí là ðì/ |

မြိတ်ဒေသိယစကားမှ အသီးအနှံဆိုင်ရာ ဝေါဟာရများတွင် ဇီးဖြူသီးကို ရှားသီး၊ သဘော်သီးကို ရှိန်းခိုသီး၊ နှင်းသီးကို ရေမွှေးသီး၊ မိုးမျှော်ငရုတ်သီးကို ရုပ်မတ်တပ်သီး၊ သီဟိုဠ်သီးကို ခရုသီး၊ ဖရဲသီးကို စိန်သခွားသီး၊ သီးမွှေး ငှက်ပျောသီးကို ဆင်အံသီး၊ ဆောင်းလျားသီးကို ဆောင်းပါးသီး၊ ကွဲကောသီးကို တာအိုးသီး၊ စပါးစေ့ကို ကောက်သီး၊ သစ်ချသီးကို သစ်တစေ့၊ ကနစိုသီးကို စန်းခွန်းသီး၊ ဖီးကြမ်းငှက်ပျောသီးကို ဘီလားသီးဟု စံစကားနှင့် ကွဲပြားသော ဒေသိယအသုံးများကို တွေ့ရပါသည်။

မြိတ်ဒေသိယစကားမှ အသီးအနှံဆိုင်ရာ ဝေါဟာရများတွင် မြိတ်ဒေသိယစကား 'ရှားသီး' မှ 'ရှား' သည် မြန်မာအဘိဓာန်တွင် 'အနှစ်သားကို ကျိုချက်၍ အရသာ ဖန်သော နီညိုရောင်အစေး ထုတ်ယူနိုင်သည့် အသားမာအပင်ကြီး' ဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။ မြိတ်ဒေသိယစကား 'ရှားသီး'မှာ စံဘာသာစကားတွင် 'ဇီးဖြူသီး' ကို ခေါ်ဆိုခြင်း ဖြစ်သည်။ ဝေါဟာရအသုံးအနှုန်းသာမက အဓိပ္ပာယ်ပါ ကွဲပြားသွားသည်။ ထို့အတူပင် မြိတ်ဒေသိယစကားမှ အသီးအနှံဆိုင်ရာ ဝေါဟာရများတွင် အများ အားဖြင့် စံဘာသာစကားနှင့် စကားလုံးအသုံးအနှုန်းသာမက အဓိပ္ပာယ်ပါ ကွဲပြား သွားသည်ကို တွေ့ရပါသည်။

## ၂၊ ၄။ မြိတ်ဒေသိယစကားမှ အသုံးအဆောင်ဆိုင်ရာဝေါဟာရများ

မြိတ်ဒေသိယစကားမှ အသုံးအဆောင်ဆိုင်ရာ ဝေါဟာရများကို အောက်ပါ အတိုင်း လေ့လာတွေ့ရှိရပါသည်။

| **စံဘာသာစကား** | **မြိတ်ဒေသိယစကား** |
|---|---|
| ပိုက်ဆံ | ကြေးပြား |
| /paiʔ -shã/ | /tɕè bjə̀/ |
| ဆပ်ပြာ | သာပူ |
| /shɛʔ pjā/ | /θā bū/ |
| ပန်းကန်ပြား | ဇန်ပြား |
| /bə -gã pjà/ | /-zã bjə̀/ |

| | |
|---|---|
| အုပ်ဆောင်း | မင်းပွဲချုပ် |
| /ouʔ shàũ/ | /m̀ĩ pwɛ̀ tɕhouʔ/ |
| မျက်နှာသုတ်ပုဝါ | ဖားဥပိုင်း |
| /mjɛʔ hnɛʔ θouʔ pə wā / | /phà ú bàĩ/ |
| မိုးကာအင်္ကျီ | မိုးခံအင်္ကျီ |
| /mò gā`ĩdʑī/ | /mò -khã `ĩdʑī/ |
| မီးပူ | ကြွေအိုး |
| /mì pū/ | /tɕwē ò/ |
| အထက်ဆင် | ခုတင် |
| /ə thɛʔ -shĩ/ | /ga -dĩ/ |
| ပရုတ်ဆီ | ခေါင်းကိုက်ဆီ |
| /pə jouʔ shī/ | /khàũ kaiʔ shī/ |
| လက်နှိပ်ဓာတ်မီး | ဓာတ်ပြောင်း |
| /lɛʔ hneiʔ daʔ mì/ | /daʔ pjàũ/ |
| စက်ဘီး | ခြေနင်းဘီး |
| /sɛʔ bèĩ/ | /tɕhē ǹĩ bèĩ/ |
| ရုပ်ရှင် | ဓာတ်ရှင်ပွဲ |
| /jouʔ -ɕĩ/ | /deaʔ -ɕĩ pwɛ̀/ |
| တံမြက်စည်း | မြက်စည်း |
| /də bjɛʔ sì/ | /mjɛʔ sì/ |
| တူ | စာပေါ်တံ |
| /tū/ | /sā pɔ̄ -tã/ |

| | |
|---|---|
| ပန်းကန်လုံး | ဟင်းစား |
| /bə -gã lòũ/ | /h`ĩ zà/ |
| ကုလားပဲ | ပဲခြမ်း |
| /kə lɛ̄ pɛ̀/ | /pɛ̀ dʑ̀ã / |
| ညောင်ရေအိုး | တာအိုး |
| /-ɲaũ jē ò/ | /tā ò/ |
| ငါးဖမ်းကိရိယာ | စန္ဒား |
| /ŋà phầ kə ri´ jā/ | /-sã dà/ |
| ဆာလာအိတ် | ဆားအိတ် |
| /shā lā eiʔ/ | /shà eiʔ/ |
| ဆေးပြင်းလိပ် | ကုလားဆေးလိပ် |
| /shè `bjĩ leiʔ/ | /kə là shē leiʔ/ |

မြိတ်ဒေသိယစကားမှ အသုံးအဆောင်ဆိုင်ရာ ဝေါဟာရများတွင် ပိုက်ဆံကို ကြေးပြား၊ ဆပ်ပြာကို သာပူ၊ ပန်းကန်ပြားကို ဇန်ပြား၊ အုပ်ဆောင်းကို မင်းပွဲချုပ်၊ မျက်နှာသုတ်ပုဝါကို ဖားဥပိုင်း၊ မိုးကာအင်္ကျီကို မိုးခံအင်္ကျီ၊ မီးပူကို ကြွေအိုး၊ အထက်ဆင်ကို ခုတင်၊ ပရုတ်ဆီကို ခေါင်းကိုက်ဆီ၊ လက်နှိပ်ဓာတ်မီးကို ဓာတ်ပြောင်း၊ စက်ဘီးကို ခြေနင်းဘီး၊ ရုပ်ရှင်ကို ဓာတ်ရှင်ပွဲ၊ တံမြက်စည်းကို မြက်စည်း၊ တူကို စာပေါ်တံ၊ ပန်းကန်လုံးကို ဟင်းစား၊ ကုလားပဲကို ပဲခြမ်း၊ ညောင်ရေအိုးကို တာအိုး၊ ငါးဖမ်းကိရိယာကို စန္ဒား၊ ဆာလာအိတ်ကို ဆားအိတ်၊ ဆေးပြင်းလိပ်ကို ကုလား ဆေးလိပ်ဟု စံဘာသာစကားနှင့် မတူကွဲပြားသော မြိတ်ဒေသိယအသုံးများကို တွေ့ရ ပါသည်။

မြိတ်ဒေသိယစကားမှ အသုံးအဆောင်ဆိုင်ရာ ဝေါဟာရများတွင် မြိတ်ဒေသိယ စကား 'ကြေးပြား' မှ 'ကြေး' ကို မြန်မာအဘိဓာန်တွင် 'အသပြာ၊ တန်ဖိုး၊ ပေးဆောင်ရန် သတ်မှတ်ထားသော အဖိုးအခ' ဟု အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။ မြိတ်ဒေသိယစကား 'ကြေးပြား' မှာ စံဘာသာစကားတွင် 'ပိုက်ဆံ' ကို ခေါ်ဆိုခြင်း ဖြစ်သည်။ ထို့ကြောင့် ဝေါဟာရအသုံးအနှုန်း ကွဲပြားသော်လည်း ရည်ညွှန်းလိုသော

အဓိပ္ပာယ်မှာ ဆင်တူသည်ဟု ဆိုနိုင်ပါသည်။ 'ပိုက်ဆံ' ကို 'ကြေးပြား' ဟု ခေါ်ဆိုခြင်းမှာ ရှေးခေတ်အသုံးကို ဆက်လက်သုံးစွဲနေခြင်း ဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။

ထို့ပြင် မြိတ်ဒေသိယစကား 'ကြွေအိုး' မှ 'ကြွေ' ကို မြန်မာအဘိဓာန်တွင် 'ကြွေထည်ပစ္စည်းပြုလုပ်ရာတွင် အကြမ်းထည်ကို ဖြူဖွေးချောမွတ်စေရန် သုတ်လိမ်းရသော ကျောက်မှုန့်အရည်' ဟု လည်းကောင်း၊ 'အိုး' ကို 'မြေ၊ ကြေး၊ ဒန် စသည်ဖြင့် ပြုလုပ်ထားသော ရေ၊ အရည် စသည် ထည့်စရာ၊ ချက်ပြုတ်ကြော်လှော်စရာ ပစ္စည်း' ဟု လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ထို့ကြောင့် 'ကြွေအိုး' ကို စံဘာသာစကားတွင် ကြွေဖြင့်ပြုလုပ်ထားသောအိုးဟု အဓိပ္ပာယ်ရပါသည်။ မြိတ်ဒေသိယစကား 'ကြွေအိုး' မှာ စံဘာသာစကားတွင် 'မီးပူ' ကို ခေါ်ဆိုခြင်း ဖြစ်သည်။ ထို့ကြောင့် စံဘာသာစကားနှင့် ဝေါဟာရအသုံးအနှုန်းသာမက အဓိပ္ပာယ်ပါ ကွဲပြားသည်ကို တွေ့ရပါသည်။

ထို့အတူ မြိတ်ဒေသိယစကား 'ခုတင်'ကို မြန်မာအဘိဓာန်တွင် 'အခြေတပ်ထားသော အိပ်စရာခုံ' ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ မြိတ်ဒေသိယစကား 'ခုတင်' မှာ စံဘာသာစကားတွင် 'အထက်ဆင်' ကို ခေါ်ဆိုခြင်း ဖြစ်သည်။ စံဘာသာစကားနှင့် စကားလုံးအသုံးအနှုန်းသာမက အဓိပ္ပာယ်ပါ ကွဲပြားသွားသည်ကို တွေ့ရသည်။

မြိတ်ဒေသိယစကား 'ဓာတ်ရှင်ပွဲ' မှ 'ဓာတ်ရှင်' ကို မြန်မာအဘိဓာန်တွင် 'ရုပ်ရှင်၊ ဘိုင်စကုတ်' ဟူ၍လည်းကောင်း၊ 'ပွဲ' ကို 'ပရိသတ် စုဝေးရာ သဘင်၊ လူအများ စုဝေးဆင်နွှဲသော အရာ'ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် မြိတ်ဒေသိယစကား 'ဓာတ်ရှင်ပွဲ' မှာ စံဘာသာစကားတွင် 'ရုပ်ရှင်' ကို ဆိုလိုခြင်း ဖြစ်သည်။ စံဘာသာစကားနှင့် ရည်ညွှန်းသော အဓိပ္ပာယ်တူသည်ကို တွေ့ရသည်။ 'ဓာတ်ရှင်' မှာ ရှေးခေတ်အသုံးဟုလည်း ဆိုနိုင်ပါသည်။ စံဘာသာစကားတွင် ဓာတ်ရှင်ကို ရှေးခေတ်က ခေါ်ဆိုသုံးနှုန်းခဲ့ကြသော်လည်း ယနေ့ခေတ်တွင် အသုံးမပြုကြတော့ပေ။ ထို့ကြောင့် မြိတ်ဒေသိယစကား 'ဓာတ်ရှင်' သည် ရှေးခေတ်အသုံး အတိုင်း ဆက်လက်သုံးစွဲနေခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။

ထို့ပြင် မြိတ်ဒေသိယစကား 'ခြေနင်းဘီး' မှ 'ခြေနင်း' ကို မြန်မာအဘိဓာန်၌ 'အပ်ချုပ်စက်၊ စက်ဘီး၊ ရက်ကန်းစင် စသည်တို့တွင် ခြေဖြင့်နင်းရသော အစိတ်အပိုင်း' ဟူ၍လည်းကောင်း၊ 'ဘီး' ကို 'ဝင်ရိုးကို ဗဟိုပြု၍ လည်ပတ်သော အပြားအဝိုင်း၊ ခွေ' ဟူ၍လည်းကောင်း အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။ ထို့ကြောင့် စံဘာသာစကားတွင် ခြေနင်းဘီးမှာ 'စက်ဘီး' ကို ခေါ်ဆိုခြင်း ဖြစ်သည်။ မြိတ်ဒေသိယစကား 'ခြေနင်းဘီး' မှာ စံဘာသာစကားတွင် 'စက်ဘီး' ကို ခေါ်ဆိုခြင်း ဖြစ်သည်။ စံဘာသာ

စကားတွင် 'စက်ဘီး' ကို 'ခြေနင်းဘီး' ဟု သုံးနှုန်းခေါ်ဆိုခြင်း မရှိသော်လည်း ရည်ညွှန်းသော အဓိပ္ပာယ်မှာ တူသည်ကို တွေ့ရသည်။

စံဘာသာစကားရှိ 'ညောင်ရေအိုး' ကို မြန်မာအဘိဓာန်တွင် 'ဘုရားပူဇော်ရန် ပန်းစိုက်သည့်အိုး' ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ စံဘာသာစကားရှိ 'ညောင်ရေအိုး' ကို မြိတ်ဒေသိယစကားတွင် 'တာအိုး' ဟု ခေါ်ဆိုသည်ကို တွေ့ရသည်။ ရှေးခေတ်လူကြီးများသည် သင်္ကြန်အချိန်အခါတွင် ညောင်ရေအိုးတွင် ပန်းများထိုး၍ အန္တရာယ်ကင်း ပရိတ် ရွတ်ဖတ်ကြလေ့ ရှိသည်။ ကျေးလက်တွင် 'ညောင်ရေအိုး' ကို 'အတာအိုး' ဟု သုံးနှုန်းလေ့ ရှိကြသည်။ ထို့ကြောင့် မြိတ်ဒေသိယစကားရှိ 'တာအိုး' ဟူသော အသုံးသည် စံဘာသာစကားနှင့် ဝေါဟာရအသုံး၊ ရည်ညွှန်းသော အဓိပ္ပာယ် သွားတူသည်ကို တွေ့ရသည်။ ထို့ပြင် 'ပန်းကန်လုံး' ကို 'ဟင်းစား'၊ 'ဆာလာအိတ်' ကို 'ဆားအိပ်' စသည့် စံဘာသာစကားနှင့် ဝေါဟာရအသုံးအနှုန်းသာမက အဓိပ္ပာယ်ပါ ကွဲပြားသည့် စကားလုံးများလည်း တွေ့ရသည်။

## ၂၊ ၅။ မြိတ်ဒေသိယစကားမှ နေ့စဉ်သုံးအပြောစကားများ

မြိတ်ဒေသိယစကားမှ နေ့စဉ်သုံးအပြောစကားများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

| **စံဘာသာစကား** | **မြိတ်ဒေသိယစကား** |
|---|---|
| ကောင်းသည် | ကောင်းစ |
| /kàũ ðī/ | /kàũ sá/ |
| ကောင်းကောင်းမွန်မွန် | ကောင်းကောင်းတေတေ |
| /kàũ gàũ -mũ -mũ/ | /kàũ kàũ tē tē/ |
| မီးပူတိုက်(သည်) | ကြွေတိုက် |
| /mì bū taiʔ/ | /tɕwē taiʔ/ |
| လှည်း(သည်) | ခါ |
| /hlɛ̄ ðī/ | /khā/ |

| | |
|---|---|
| ဘဝင်မြင့်သည် | စခန်းကြီးဟယ် |
| /bə -wĩ mjĩ´ ðī/ | /sə kh`ã dʑì hɛ̄/ |
| သိတတ်သည် | စေ့ဟယ် |
| /θi´ taʔ ðī/ | /sé hɛ̄ / |
| လူကြုံပေး(သည်) | ဆောင်းပါးပေး |
| /lū -dʑoũ pè ðī/ | /shàũ bā pè/ |
| တစ်ခါတစ်ရံ | ဆပ်လီဆပ်ဖယ် |
| /tə khā tə -jã/ | /shɛʔ lī shɛʔ phɛ̄/ |
| သတ္တိကောင်းသည် | ဇက်ကောင်း |
| /θaʔ tí kàũ ðī/ | /zɛʔ kàũ/ |
| ဈေးကြီး(သည်) | ဈေးစွန် |
| /zè tɕì ðī/ | /zè -sũ/ |
| ဈေးပေါ | ဈေးသင့် |
| /zè pɔ̀/ | /zè θĩ´/ |
| ထမိတစ်ထည် | ထမိန်တစ်လုံး |
| /thə -meĩ tə thɛ̀/ | /thə -meĩ tə lòũ/ |
| မိုးချုပ် | ညမိုက် |
| /mò tɕhouʔ/ | /ɲá maiʔ/ |
| နားထောင် | နားခံ |
| /nà -thaũ/ | /nà -khã/ |
| ခဏကြာတုန်းက | နန့်ကြာတုံးက |
| /kə ná tɕā dòũ gá/ | /nã´ tɕā dòũ gá/ |

| | |
|---|---|
| စိတ်ကောက်သည် | ပဆော့ဟယ် |
| /seiʔ kauʔ ðī/ | /pə shɔ́ hɛ̀/ |
| ဖျတ်ဖျတ်လတ်လတ်လတ်ရှိသည် | ဖင်ပေါ့ဟယ် |
| /phjɛʔ phjɛʔ lɛʔ lɛʔ ɕi´ ðī/ | /phĩ pɔ́ hɛ̀/ |
| မကြာခဏ | ပန်းကြဲပန်းကြဲ |
| /mə tɕā kə ná/ | /p̀ã tɕɛ̀ p̀ã tɕɛ̀/ |
| ကိုယ်ဝန်ဆောင်သည် | ဗိုက်ရှင် |
| /kō wũ shàũ ðɛ̀/ | /baiʔ ɕĩ/ |
| ရှိ | ဟိ |
| /ɕì/ | /hi´/ |
| မီးငြိမ်းသည် | မီးသေဟယ် |
| /mì ɲèĩ ðī/ | /mì θē hɛ̄/ |
| နားရှင်းသည် | နားပေါက်ဟယ် |
| /nà ɕ`ĩ ðī/ | /nà pauʔ hɛ̄/ |
| အရပ်ရှည်(သည်) | ကလန်ကလား |
| /ə jɛʔ ɕē ðī/ | /gə -lã gə là/ |
| မငြိမ်မသက် | ကယောက်ဂယက် |
| /mə-ɲeĩ mə θɛʔ/ | /gə jauʔ gə jɛʔ/ |

မြိတ်ဒေသိယစကားမှ နေ့စဉ်သုံးဝေါဟာရများတွင် ကောင်းသည်ကို ကောင်းစ၊ ကောင်းကောင်းမွန်မွန်ကို ကောင်းကောင်းတေတေ၊ မီးပူတိုက်သည်ကို ကြွေတိုက်၊ လှည်း(သည်)ကို ခါ၊ ဘဝင်မြင့်သည်ကို စခန်းကြီးဟယ်၊ သိတတ်သည်ကို စေ့ဟယ်၊ လူကြုံပေး(သည်)ကို ဆောင်းပါးပေး၊ တစ်ခါတစ်ရံကို ဆပ်လီဆပ်ဖယ်၊ သတ္တိကောင်း(သည်)ကို ဇက်ကောင်း၊ ဈေးကြီး(သည်)ကို ဈေးစွန်၊ ဈေးပေါကို ဈေးသင့်၊ ထမီတစ်ထည်ကို ထမိန်တစ်လုံး၊ မိုးချုပ်ကို ညမိုက်၊ နားထောင်ကို နားခံ၊ ခဏကြာတုန်းကကို နန့်ကြာတုံးက၊ စိတ်ကောက်သည်ကို ပဆော့ဟယ်၊ ဖျတ်ဖျတ်

လတ်လတ်ရှိသည်ကို ဖင်ပေါ့ဟယ်၊ မကြာခဏကို ပန်းကြဲပန်းကြဲ၊ ကိုယ်ဝန်ဆောင်သည်ကို ဗိုက်ရှင်၊ ရှိကို ဟိ၊ မီးငြိမ်းသည်ကို မီးသေဟယ်၊ နားရှင်းသည်ကို နားပေါက်ဟယ်၊ အရပ်ရှည်(သည်)ကို ကလန်ကလား၊ မငြိမ်မသက်ကို ကယောက်ကယက်ဟု စံဘာသာစကားနှင့် ကွဲပြားသော မြိတ်ဒေသိယအသုံးများကို တွေ့ရပါသည်။

စံဘာသာစကားတွင် ဝါကျအဆုံးသတ်ပုဒ်အနေဖြင့် 'သည်၊ ၏၊ ပြီ' ဟူ၍ သုံးသော်လည်း မြိတ်ဒေသိယစကားတွင် 'စ၊ ဟယ်' တို့ကို သုံးသည်ကို တွေ့ရသည်။ ထို့ပြင် 'ရှိ' ကို 'ဟိ' ဟု သုံးသည်ကိုလည်း တွေ့ရသည်။ ထမီတစ်ထည်ကို 'ထမိန်တစ်လုံး' ဟူ၍ ထူးခြားစွာ သုံးထားသည်ကို တွေ့ရပါသည်။ ထို့ပြင် မြိတ်ဒေသိယစကား 'ညမိုက်' မှ 'ည' ကို မြန်မာအဘိဓာန်တွင် 'နေဝင်မှ နေထွက်ထိအချိန်' ဟုလည်းကောင်း၊ 'မိုက်' ကို 'အလင်းရောင်ကင်းမဲ့သော၊ မှောင်သော' ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ မြိတ်ဒေသိယစကား 'ညမိုက်'မှာ စံဘာသာစကားတွင် 'ည' ကို ခေါ်ဆိုခြင်း ဖြစ်သည်။ ထို့ကြောင့် ရည်ညွှန်းလိုသော အဓိပ္ပာယ်မှာ အတူတူပင်ဖြစ်သည်။

## ခြုံငုံသုံးသပ်ချက်

မြိတ်ဒေသိယစကားတွင် 'အမေ' ကို 'မယ်မယ်'၊ 'အဖေ' ကို 'အဘ'၊ 'အစ်ကိုကြီး' ကို 'နောင်နောင်'ဟု သုံးသည်ကို တွေ့ရသည်။ ရေးခေတ်နန်းတွင်းယဉ်ကျေးမှုအသုံးအနှုန်းများ လွှမ်းမိုးသည်ဟု ဆိုနိုင်သည်။ ယဉ်ကျေးသိမ်မွေ့သော အသုံးများဟုဆိုနိုင်ပါသည်။ မြိတ်ဒေသိယစကားမှ အစားအသောက်ဆိုင်ရာ ဝေါဟာရများတွင်လည်း 'မုန့်လက်ဆောင်း' ကို 'မုန့်ဖားလောင်း'၊ 'ကန်စွန်းဥ' ကို 'မျောက်ခေါင်း' စသည်ဖြင့် စံဘာသာစကားနှင့် စကားလုံး၊ အဓိပ္ပာယ်ပါ ကွဲပြားသော အသုံးများကို တွေ့ရသည်။ မြိတ်ဒေသိယစကားမှ အသီးအနှံဆိုင်ရာ ဝေါဟာရများတွင်လည်း 'ဇီးဖြူသီး' ကို 'ရှားသီး'၊ 'သဘော်သီး' ကို 'ရှိန်းခိုသီး' စသည်ဖြင့် စံဘာသာစကားနှင့် ဝေါဟာရအသုံးအနှုန်းသာမက အဓိပ္ပာယ်ပါ ကွဲပြားသွားသည့် စကားလုံးများကို တွေ့ရသည်။ မြိတ်ဒေသိယစကားမှ အသုံးအဆောင်ဆိုင်ရာ ဝေါဟာရများတွင်လည်း 'မီးပူ' ကို 'ကြွေအိုး'၊ 'အထက်ဆင်' ကို 'ခုတင်' စသည်ဖြင့် စံဘာသာစကားနှင့် ဝေါဟာရအသုံးအနှုန်းသာမက အဓိပ္ပာယ်ပါ ကွဲပြားသွားသည့် စကားလုံးများကို တွေ့ရသည်။ ထို့ပြင် 'စက်ဘီး' ကို 'ခြေနင်းဘီး'၊ 'ရပ်ရှင်'ကို 'ဓာတ်ရှင်ပွဲ'၊ 'ညောင်ရေအိုး' ကို 'တာအိုး' စသည့် အခေါ်အဝေါ် ကွဲပြားသော်လည်း ရည်ညွှန်းသော အဓိပ္ပာယ်တူညီသော စကားလုံးများကိုလည်း တွေ့ရသည်။ ထို့ပြင် စံဘာသာစကားတွင် ဝါကျ

အဆုံးသတ်ပုဒ်အနေဖြင့် 'သည်၊ ၏၊ ပြီ' ကိုသုံးသော်လည်း မြိတ်ဒေသိယစကားတွင် 'စ၊ ဟယ်' တို့ကို သုံးသည်ကို တွေ့ရသည်။ ဒေသိယစကားသည် စံစကားနှင့် စကားသံအရ လည်းကောင်း၊ ဝေါဟာရအရ လည်းကောင်း၊ သဒ္ဒါအရ လည်းကောင်း ကွဲပြားသော မျိုးကွဲ ဖြစ်သည်။ မြိတ်ဒေသိယစကားသည် လေ့လာခဲ့သော စကားလုံး အဆင့်တွင် စံစကားနှင့် ဗျည်းသံကွဲပြားမှု၊ သရသံကွဲပြားမှု၊ အသံဖြစ်ရာဌာန် ပြောင်းလဲရွှတ်ဆိုမှုမျိုး မဟုတ်ဘဲ စကားလုံး၊ ဝေါဟာရ ကွဲပြားစွာသုံးသည်ကို တွေ့ရ ပါသည်။ ကြိယာဝိဘတ် သည် / ð ̄i / ကို မြိတ်ဒေသိယစကားတွင် ဟယ် / hɛ̄ / ဟု ပြောင်းသုံးသည်။ ရှိ / ɕi ́ / ကို မြိတ်ဒေသိယစကားတွင် / hi ́ / ဟု သုံးထားသည်ကို တွေ့ရသည်။ ယင်းအသုံးသည် ရခိုင်ဒေသိယစကားနှင့် သွားတူသည်ကို တွေ့ရပါသည်။ စကားလုံးများကို သုံးစွဲရာတွင် မြိတ်လူမျိုးတို့၏ အမြင်အတွေးနှင့် ဆက်စပ်၍ သုံးသည်ကို တွေ့ရသည်။ စပါးစေ့ / zə bɛ̄ sé / ကို ကောက်သီး / kauʔ θì / ဟု သုံးခြင်းတွင် ကောက်ပင်မှသီးသော အသီးဖြစ်၍ ကောက်သီးဟု အမြင်အတိုင်း ရိုးရှင်းစွာ သုံးသွားသည်ကို တွေ့ရပါသည်။ ပရုတ်ဆီ /pə jouʔ shī/ ကို ခေါင်းကိုက်လျှင် သုံးသော အဆီဖြစ်၍ ခေါင်းကိုက်ဆီ /khàũ kaiʔ shī/၊ စက်ဘီး /sɛʔ bèĩ/ ကို ခြေနှင့်နင်းရသော ဘီးဖြစ်၍ ခြေနင်းဘီး /tɕhē ǹĩ bèĩ/၊ ကုလားပဲ /kə lɛ̄ pɛ̀/ ကို ထက်ခြမ်းခွဲထားသော ပဲဖြစ်၍ ပဲခြမ်း /pɛ̀ dʑ̀ã/၊ နားထောင် /nà□thaũ/ ကို နာယူခြင်း ဖြစ်၍ နားခံ / nà -khã / ဟု သုံးသော အသုံးများက မြိတ်လူမျိုးတို့၏ ကွဲပြားသော အတွေးအမြင် စိတ်ကူးကို ပေါ်လွင်စေသော စကားလုံးများ ဖြစ်ပါသည်။ မည်သို့ပင် ဆိုစေ မြိတ်ဒေသိယစကားသည် မြိတ်လူမျိုးတို့၏ ရိုးသားမှုကို ဖော်ပြနေသော ဒေသိယ စကားများအဖြစ် လေ့လာတွေ့ရှိရပါသည်။

## နိဂုံး

မြိတ်ဒေသိယစကားမှ နေ့စဉ်သုံးစကားများလေ့လာချက် စာတမ်းသည် မြိတ်လူမျိုးတို့ ပြောဆိုသုံးနှုန်းသော စကားများကို စံဘာသာစကားနှင့် နှိုင်းယှဉ်၍ လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ဤစာတမ်းသည် မြိတ်ဒေသိယစကား လေ့လာမှု အတွက် အထောက်အကူပြုရန် မျှော်လင့်ပါသည်။

# ကျမ်းကိုးစာရင်း


ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၁၉၉၇)။ ***စကားသမုဒ္ဒရာ စာသမုဒ္ဒရာ***။ ရန်ကုန်၊ မြကန်စာအုပ်တိုက်။

ခင်မင်၊ **မောင်** (ဓနုဖြူ)။ (၂၀၀၁)။ ***တစ်သံ နှစ်သံ သုံးလေးသံ***။ ရန်ကုန်၊ ရှုဝံစာအုပ်တိုက်။

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၇)။ ***သက်တံ့ရောင်စုံဘာသာစကား***။ ရန်ကုန်။ စိတ်ကူးချိုချို ပုံနှိပ်တိုက်။

ခင်စန္ဒာတိုး၊ ဒေါက်တာ။ (၂၀၁၇)။ ***နောင်ချိုဒေသရှိ ဓနုဒေသိယစကားမှ နေ့စဉ်သုံးစကားများ လေ့လာချက်။*** မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ တစ်ဆယ့်ခုနစ်ကြိမ်မြောက် စာတမ်းဖတ်ပွဲအတွက် တင်သွင်းမည့် သုတေသနစာတမ်း၊ ရန်ကုန်တက္ကသိုလ်။

ထွန်းမြင့်၊ **ဦး**။ (၂၀၀၇)။ ***သဒ္ဒဗေဒ***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

မောင်ရွှေ၊ **မောင်**။ (၁၉၉၀)။ ***အခြေပြမြို့တော်မှတ်တမ်းအကျဉ်း*** ။ ရန်ကုန်၊ သမီးနှင့်သား ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ ***မြန်မာအဘိဓာန်*** ။ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၁၁)။ ***မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းနှင့် ခွဲထား***။ နေပြည်တော်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

**နောက်ဆက်တွဲ**

**တွေ့ဆုံမေးမြန်းသည့် ပုဂ္ဂိုလ်များစာရင်း**

| **စဉ်** | **အမည်** | **အသက်** | **အလုပ်အကိုင်** | **နေရပ်** |
|---|---|---|---|---|
| ၁ | မစံပယ်ဦး | ၃၁ နှစ် | နည်းပြ | သဘွတ်ကျေးရွာအုပ်စု၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။ |
| ၂ | မစုမွန်လွင် | ၂၉ နှစ် | စာရင်းကိုင် | သဘွတ်ကျေးရွာအုပ်စု၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။ |
| ၃ | မသဇင် | ၂၇ နှစ် | ကုန်သည် | သဘွတ်ကျေးရွာအုပ်စု၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။ |
| ၄ | မအေးအေးမြတ် | ၂၀ နှစ် | ပထမနှစ် | သဘွတ်ကျေးရွာအုပ်စု၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။ |
| ၅ | မောင်မြတ်မင်းစိုး | ၁၇ နှစ် | ပထမနှစ် | သဘွတ်ကျေးရွာအုပ်စု၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။ |

# မြိတ်ဒေသိယစကားနှင့် စံဘာသာစကားနှိုင်းယှဉ်လေ့လာခြင်း

အိအိထွေး*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြိတ်ဒေသတွင် နေ့စဉ်ပြောဆိုသုံးစွဲနေသော ဒေသိယစကားနှင့် စံစကားတို့၏ တူညီမှု၊ ကွာခြားမှုများ သိရှိစေရန် ရည်ရွယ်ပြီး လေ့လာတင်ပြထားပါသည်။ မြိတ်ဒေသိယစကား လေ့လာရာတွင် ဘာသာဗေဒ၏ ပညာရပ်ခွဲဖြစ်သော အတ္ထဗေဒ၏ အနက်အဓိပ္ပာယ်ကို အဓိကထားကာ လေ့လာတင်ပြထားပါသည်။ မြိတ်ဒေသိယစကားနှင့် စံစကားတို့ တစ်ထပ်တည်းတူညီနေသော ဒေသိယများ၊ အနက်တူ ရုပ်သွင်ကွဲ ဒေသိယစကားများသာမက တူညီမှု ဆက်စပ်မှုတို့ဖြင့် တင်စားထားသော ဒေသိယစကားများ၊ မြိတ်ဒေသတွင် ပျောက်ကွယ်လုနီးပါးဖြစ်နေသော စကားလုံးများကိုလည်း စိတ်ဝင်စားဖွယ် လေ့လာတင်ပြထားပါသည်။ ဤစာတမ်းသည် ဒေသိယစကားကို ဆက်လက် လေ့လာလိုသူတို့အတွက် တစ်စိတ်တစ်ဒေသ အထောက်အပံ့ ဖြစ်မည်ဟု ယုံကြည်မိပါသည်။

**သော့ချက်စကားလုံး** – ***ဒေသိယ၊ စံစကား၊ အတဗေဒ။***

## နိဒါန်း

တနင်္သာရီတိုင်း မြိတ်မြို့တွင် နေထိုင်ကြသော မြိတ်သူမြိတ်သားအချင်းချင်း ပြောဆိုဆက်ဆံရာတွင် အားလုံးနားလည်သော မြန်မာစကားဖြင့် ပြောဆိုကြသည်။ သို့သော် မူရင်းစံစကားနှင့် အနည်းငယ် ကွဲပြားမှု ရှိပါသည်။ မြိတ်ဒေသိယစကားသည် မြန်မာဘာသာစကား၏ ထူးခြားထင်ရှားသည့် အသွင်ကွဲမြန်မာစကား ဖြစ်သည်။ မြိတ်ဒေသတွင် အသွင်ကွဲမြန်မာဘာသာစကားကို ပြောဆိုနေကြခြင်းသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ တောင်ကုန်းတောင်တန်းများ ကာဆီးနေခြင်း၊ မြစ်ချောင်းများ တည်ရှိနေခြင်းတို့ကြောင့် ရေးကပင် စံစကားကို အသုံးပြုနေသော်လည်း စကားသံ ကွဲပြားမှု ရှိနေပါသည်။ ယခုအခါ ရေဒီယို၊ ရုပ်မြင်သံကြား၊ ရုပ်ရှင်၊ အင်တာနက် စသည့် စက်မှုနည်းပညာ ဖွံ့ဖြိုးတိုးတက်လာသောအခါ သိသိသာသာ စံစကား လွှမ်းမိုးမှု ရှိလာပါသည်။ ထို့အတူ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေး စသည်တို့ကြောင့် စံစကားပျံ့နှံ့လာကာ ဒေသိယစကားများ၏ မူလသံများ ပျောက်ကွယ်လာပါသည်။ မျက်မှောက်ခေတ် မြိတ်ဒေသတွင် စံစကားလွှမ်းမိုးမှု အားကောင်းလာသည့်အတွက် လူငယ်များသည် နားလည်လွယ်သော တင်စားထားသည့် စကားများသာ ပြောဆို

---

* ဒေါက်တာ၊ လက်ထောက်ကထိက၊ မြန်မာစာဌာန၊ မြိတ်တက္ကသိုလ်

လာကြသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် မြိတ်ဒေသိယစကား မပျောက်မပျက် ဆက်လက်ထိန်းသိမ်းစေလိုသော ရည်ရွယ်ချက်ဖြင့် မြိတ်နေ့စဉ်သုံးစကားနှင့် စံဘာသာစကား၏ ကွာခြားမှုများကို အတ္ထဗေဒရှုထောင့်မှ လေ့လာတင်ပြထားပါသည်။

## ၁။ လေ့လာရသည့် ရည်ရွယ်ချက်

ဤစာတမ်းသည် စံစကားနှင့်မတူ ကွဲပြားစွာ ပြောဆိုသုံးနှုန်းနေသော မြိတ်ဒေသိယစကားကို စိတ်ဝင်စားနှစ်သက်သည့်အတွက် လေ့လာဖော်ထုတ်ထားခြင်း ဖြစ်ပါသည်။ မြိတ်ဒေသ အကျိုးဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် ရေးသားထားခြင်း ဖြစ်သည်။

## ၁၊ ၁။ လေ့လာမှုနယ်ပယ် သတ်မှတ်ခြင်း

တနင်္သာရီတိုင်းအတွင်းမှာပင် နေထိုင်ရာဒေသကွဲပြားမှုကြောင့် ဒေသိယစကား ကွဲပြားမှု ရှိပါသည်။ ထားဝယ်စကား၊ မြိတ်စကား၊ ပုလောစကား၊ ကျွန်းစုစကား သာမက မြို့ပေါ်တွင် ပြောဆိုသောစကား၊ တောဘက်တွင် ပြောဆိုသောစကား၊ စသည်ဖြင့် အနည်းငယ် ကွဲပြားမှု ရှိပါသည်။ မြိတ်ဒေသတွင် ပုလော၊ ထားဝယ်၊ ကျွန်းစု၊ တနင်္သာရီတို့မှ လာရောက်နေထိုင်ကြရာ ဒေသိယစကားတို့မှာလည်း အနည်းငယ် ကွာခြားမှု ရှိကြပါသည်။ မြိတ်ဒေသတွင် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံစကားပြောရာတွင် မြိတ်ဒေသိယစကားကို အသုံးပြုပြောဆိုကြသည်။ သို့သော် ရုံး၊ ဌာန၊ ကျောင်း၊ ဈေး စသည့် လူအများနှင့် ဆက်သွယ်ရာဒေသများတွင် စံစကားကိုသာ ပြောဆိုကြသည်။ ဤစာတမ်းကို သုတေသနပြုသူသည် မြိတ်မြို့တွင်နေထိုင်စဉ် ဒေသိယစကားများကို ဝေါဟာရစာရင်းများ ကောက်ယူခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ ရှောင်တခင်မေးမြန်းခြင်းများ အကြိမ်ကြိမ်ပြုလုပ်၍ လိုအပ်သော အချက်အလက်များ၊ အမျိုးအစားများ ခွဲခြားကာ လေ့လာထားပါသည်။

## ၁၊ ၂။ မြိတ်ဒေသ သမိုင်းအကျဉ်း

မြိတ်မြို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တောင်ဘက်စွန်းတွင် တည်ရှိပါသည်။ မြိတ်မြို့သည် ရေပတ်လည်ဝန်းရံနေသော ကျွန်းပေါင်း(၈၀၀)ကျော် တည်ရှိသော ကျွန်းမြို့လေး ဖြစ်ပါသည်။ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်မြို့၊ မြိတ်မြို့၊ တနင်္သာရီမြို့တို့ တည်ရှိပါသည်။

မြိတ်ဟူသည်–

ထိုင်းစကား မာရိတ်မှ ဆင်းသက်လာသည်ဟု မှတ်သားရပါသည်။[၁] ထိုင်းတို့က မိမိတို့ ကြားရသည့် အသံကိုလိုက်၍ မြိတ်ကို မာရိတ်ဟု ခေါ်ဟန်တူပါသည်။ 'မာ' မှာ 'မြင်း'၊ 'ရိတ်' မှာ 'ချည်၊ ချည်တိုင်' ဖြစ်သည်။ ထို့ကြောင့် မာရိတ်သည် မြင်းခယ်တိုင် (မြင်းချည်တိုင်)ဟု အဓိပ္ပာယ်ရသည်။

မြန်မာနိုင်ငံတောင်ဘက်စွန်းတွင်ရှိသော မြို့ဖြစ်ပြီး အစွန်အဖျားအမြိတ်တွင် ရှိသောကြောင့် (ဘိတ်) မြိတ်ဟု ခေါ်သည်။ မာရိတ်ကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးနောက် မြိတ်မြို့ကို မာဂွီး (Mergui)ဟု ခေါ်သည်။ အင်္ဂလိပ်တို့ မြန်မာနိုင်ငံသို့ ဝင်ရောက်စဉ် ရခိုင်ပြည်နယ်ဘက်မှ ဝင်ရောက်လာပြီး ရခိုင်ဘာသာပြန်များ၏ အသံထွက်အတိုင်း မြိတ်ကို မာဂွီး (Mergui)ဟု ခေါ်ခြင်း ဖြစ်သည်။ ဘိတ်သည် အသံထွက်အာလုပ်စကားဖြစ်ပြီး ယခုခေတ် မြန်မာအစိုးရလက်ထက်တွင် 'မြိတ်' (Myeik) ဟု တရားဝင်သတ်မှတ်လိုက်ကြောင်း လေ့လာသိရှိရပါသည်။

## ၁၊ ၃။ ဒေသိယစကားဟူသည်

> "ဒေသိယစကားသည် သီးခြားဘာသာစကား မဟုတ်ဘဲ မူလ ဘာသာစကားနှင့် အသွင်ကွဲပြားသော စကားတစ်ခု ဖြစ်ပါသည်။ ပင်မဘာသာစကား၏ အသွင်ကွဲများအနက် တစ်ခုကို စံစကား အဖြစ် သတ်မှတ်ထားပြီး ကျန်အသွင်ကွဲများကို ဒေသိယစကားဟု သတ်မှတ်ထားခြင်း ဖြစ်ပါသည်။"[၂]

စံစကားဆိုသည်မှာ ဘာသာစကားတစ်ခုကို ပြောဆိုအသုံးပြုသူများက စံအဖြစ် လက်ခံသတ်မှတ်ထားသော စကားဖြစ်ပါသည်။[၃] ဘာသာစကားတိုင်းတွင် ဒေသိယစကား များစွာရှိသကဲ့သို့ မြန်မာဘာသာစကားတွင်လည်း ဒေသိယစကား များစွာရှိပါသည်။ မြန်မာဘာသာစကားတွင် 'ရခိုင်၊ ထားဝယ်၊ မြိတ်၊ အင်းသား၊ တောင်ရိုး' စသည်ဖြင့် နေရာဒေသကိုလိုက်၍ ကွဲပြားသည့် အသွင်ကွဲ ဒေသိယစကား များစွာ ရှိပါသည်။

---

[၁] ကြီးစိန်၊ ဦး၊ ၁၂၉၁၊ ၁၇။

[၂] မောင်မောင်ဦး၊ ၂၀၀၉၊ ၃။

[၃] အောင်မြင့်ဦး၊ ဒေါက်တာ၊ ၂၀၀၃၊ ၃၄။

ဒေသိယစကားသည် 'ဒေသအလိုက် ပြောဆိုသုံးနှုန်းသောစကား' ဖြစ်သည်။ 'နေရာဒေသ၊ ပထဝီဝင်အနေအထား၊ လူမှုအဆင့်အတန်း [၁] ကွဲပြားခြားနားမှုတို့ကြောင့် စကားသံ [၂]၊ ဝေါဟာရ [၃]၊ အသုံးအနှုန်း၊ သဒ္ဒါ [၄] စသည်တို့သည် ကွဲပြားနေသော ဘာသာစကားတစ်ခု၏ အသွင်ကွဲ ဖြစ်သည်။[၅] မြိတ်ဒေသတွင် မြန်မာစကားပြောသည်ဟု သတ်မှတ်ထားသော်လည်း ရန်ကုန်တိုင်းဒေသကြီးနှင့် အလှမ်းကွာဝေးခြင်း၊ ပထဝီဝင် အနေအထားတို့ကြောင့် အချိန်ကာလကြာမြင့်သောအခါ မြိတ်ဒေသတွင် ပြောဆို နေသော စကားများသည် စံစကားနှင့်မတူ၊ ဒေသိယစကား ဖြစ်သည်။ မြိတ်ဒေသိယ စကားသည် အသွင်ကွဲမြန်မာစကား ဖြစ်ပါသည်။ တစ်နည်းအားဖြင့် မြိတ်ဒေသတွင် ပြောဆိုနေသော စကားများသည် ဒေသကွာခြားမှုကြောင့် ကွဲပြားသော ဒေသိယစကား တစ်ခု ဖြစ်ပါသည်။[၆]

## ၂။ စံဘာသာစကားနှင့် ကွဲပြားသော မြိတ်ဒေသိယစကားများ

မြိတ်မြို့သည် မြန်မာစကားကို ပြောဆိုကြသော်လည်း အချို့သော စကားသံများ၊ ဝေါဟာရများသည် ပြောဆိုသုံးနှုန်းရာ၌ ကွဲပြားမှု အတန်အသင့် ရှိပါသည်။ မြိတ်မြို့တွင် နေထိုင်သော လူမျိုးစုအားလုံးသည် မြိတ်ဒေသိယစကားကို ပြောဆိုကြသည်။ မြိတ်ဒေသိယစကားကို စံဘာသာစကားနှင့် နှိုင်းယှဉ်ကြည့်ရာ အချို့စကားသံ၊ အချို့ ဝေါဟာရများသည် စံစကားနှင့် ကွဲပြားမှုရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် မြိတ်ဒေသိယစကားတွင် ဒေသဆိုင်ရာ သွင်ပြင်လက္ခဏာများ ထင်ဟပ်လျက်ရှိသည်ကို အထင်အရှား တွေ့မြင်ရပါသည်။

### ၂.၁။ အနက်တူ ရုပ်သွင်ကွဲ ဒေသိယစကားများ

ဘာသာစကားတစ်မျိုးတည်းကို သုံးစွဲသည့် စကားတူစုအတွင်း၌ ဘာသာ စကား အသွင်ကွဲများစွာ ရှိပါသည်။ ထိုသို့ ကွဲပြားရခြင်းသည် ဘာသာစကား သုံးစွဲသူ၏ နေရာဒေသ၊ ပထဝီဝင်အနေအထားအရ ဘာသာစကားအသွင်ကွဲရခြင်း

---

[၁] Social class

[၂] speech

[၃] lexis

[၄] grammar

[၅] တင်ဇေ၊ ဦး၊ ၂၀၀၉၊ ၃။

[၆] Regional dialect

ဖြစ်သည်။ မြိတ်ဒေသတွင် အနက်အဓိပ္ပာယ်တူ ရုပ်သွင်ကွဲ ဒေသိယစကားများစွာ တွေ့ရှိရပါသည်။

| **စံစကား** | **မြိတ်ဒေသိယစကား** |
| --- | --- |
| ကလေးမွေး | သားမွေး |
| ဆံပင်ညှပ် | ခေါင်းညှပ် |
| အသုဘပို့ | မသာချ |
| ခေါင်းသွင်း | တလားသွင်း |
| အမလေး | အမိဝေး |
| ရာဘာ | ကော်ဘတ် |
| အထက်သား | ပုဂံသား |
| အနည်းငယ် | တတစ်ငယ် |
| အများကြီး | တပုံကြီး |
| စပါးလုံး | ကောက်သီး |
| ပုစွန်ငယ် | ဝွေး |
| မီးပူအိုး | ကြွေအိုး |
| အထက်ဆင် | ထမီခါးတင်၊ ထမီကုတင် |
| အမြီး | ဖင်မွေး |
| ဖက်လုံး | ပိုက်ခေါင်းအုံး |
| မီးပျက် | မီးသေ |
| စွန်လွှတ် | ငှက်လွှတ် |
| အဆူခံသည် | ဆဲသည် |
| ဘောပင် | မင်တံ |
| ကော်ဘတ် | သဲစက္ကူ |

## ၁။ သားမွေး

စံစကားတွင် 'ကလေးမွေး' သည်ကို မြိတ်ဒေသတွင် 'သားမွေး' ဟု ပြောဆို သုံးနှုန်းသည်။ ကလေးမွေးဖွားလာခြင်းကို 'ကလေးမွေး' ဟု ပြောဆိုခြင်းသည် သာမန်သုံးဖြစ်ပြီး သားမွေးသည်ဟု ပြောဆိုခြင်းသည် ဝိသေသသဘော သက်ဝင် နေသည်ကို တွေ့ရသည်။

## ၂။ မသာချ

စံစကားတွင် 'အသုဘပို့' ဟူသော စကားကို မြိတ်ဒေသတွင် 'မသာချ' ဟု ပြောဆိုကြသည်။ အသုဘပို့ ဟူသော စကားသည် အယဉ်သုံးစကားဖြစ်ပြီး မသာချ ဟူသော စကားသည် မနှစ်လိုမှု၊ ရိုင်းသည့် အငွေ့အသက် ထင်ဟပ်စေသော စကားဖြစ်ပါသည်။

## ၃။ တလားသွင်း

စံစကားတွင် 'ခေါင်းသွင်း' ဟူသော စကားကို မြိတ်ဒေသတွင် 'တလားသွင်း' ဟု သုံးနှုန်းသည်။ 'ခေါင်းသွင်း' ဟူသော စကားသည် သာမန်သုံးစကားဖြစ်ပြီး 'တလားသွင်း' ဟူသော စကားသည် အလေးအနက်သဘောဖြင့် တင်စားပြောဆိုခြင်း ဖြစ်သည်။

## ၄။ အမိဝေး

စံစကားတွင် စိုးရိမ်ခြင်း၊ ထိတ်လန့်ခြင်းကြောင့် နှုတ်မှ ရွတ်ဆိုတတ်သော အာမေဋိတ်စကား 'အမလေး' ကို မြိတ်ဒေသတွင် 'အမိဝေး' ဟု သုံးနှုန်းလေ့ ရှိပါသည်။ ဒေသိယအငွေ့အသက် ပေါ်လွင်သော အာမေဋိတ်အသုံးအနှုန်း ဖြစ်ပါသည်။

## ၅။ ကော်ဘတ်

စံစကားတွင် 'ရာဘာ' ကို မြိတ်ဒေသတွင် 'ကော်ဘတ်' ဟု ပြောဆိုသည်။ စံဘာသာစကားတွင် ကော်ဘတ်သည် သံ၊ သစ်သားတို့ကို ချောမွတ်အောင်ပြုရာတွင် သုံးသည့် အပြားအချပ်သာ ဖြစ်သည်။ သို့သော် မြိတ်ဒေသတွင် 'ရာဘာ' ကို 'ကော်ဘတ်' ဟုသာ ခေါ်ဆိုပြီး 'ရာဘာခြစ်သည်' ကို 'ကော်ဘတ်ခြစ်သည်' ဟုလည်းကောင်း၊ 'ရာဘာအစေး' ကို 'ကော်ဘတ်ချေး' ဟုလည်းကောင်း၊ 'ရာဘာအပြား' ကို 'ကော်ဘတ်ပြား' ဟုလည်းကောင်း ခေါ်ဝေါ်ခြင်းသည် ဒေသအလိုက် ကွဲပြားသော

အနက်တူ ရုပ်သွင်ကွဲစကား ဖြစ်ပါသည်။ စံစကားတွင် ပြောဆိုအသုံးပြုနေသော 'ကော်ဘတ်' ကို မြိတ်တွင် 'သဲစက္ကူ' ဟု ခေါ်ကြောင်း သိရှိရပါသည်။

## ၆။ **ပုဂံသား**

စံစကားတွင် အထက်ဘက်တွင် နေထိုင်သူ 'အထက်သား' ကို မြိတ်ဒေသတွင် 'ပုဂံသား' ဟု ခေါ်သည်။ မြိတ်ဒေသသည် မြန်မာနိုင်ငံတောင်ဘက်စွန်းတွင် တည်ရှိသောကြောင့် ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း စသည့် မြိတ်မြို့အထက်ဘက်တွင် နေထိုင်သူတို့ကို 'ပုဂံသား' ဟု ခြုံငုံခေါ်ဝေါ်ကြောင်း လေ့လာသိရှိရပါသည်။

မြိတ်ဒေသတွင် ပြောဆိုသုံးနှုန်းနေသော အနက်တူ ရုပ်သွင်ကွဲစကားလုံး တော်တော်များများသည် တစ်စိတ်တစ်ပိုင်းအရသော် လည်းကောင်း၊ နီးနီးစပ်စပ်သော် လည်းကောင်း စံဘာသာစကားနှင့် အနက်တူသော စကားလုံးများဖြစ်ကြောင်း တွေ့ရှိရပါသည်။

## ၂။ ၂။ **မျိုးပြကွဲပြားသော ဒေသိယစကားများ**

စံစကားနှင့်မတူ ကွဲပြားသော မျိုးပြစကားလုံးအသုံးအနှုန်းများကို မြိတ်ဒေသိယစကားတွင် စိတ်ဝင်စားဖွယ် တွေ့ရသည်။

| **စံစကား** | **မြိတ်ဒေသိယစကား** |
|---|---|
| ထမီ(၁)ထည် | ထမီ(၁)လုံး |
| ကွမ်း(၁)ယာ | ကွမ်း(၁)လက် |
| ထမင်း(၁)ပန်းကန် | မင်း(၁)ဇုန် |
| ဒူးရင်းသီး(၁)မွှာ | ဇရင်းသီး(၁)အိမ် |
| သီဟိုဠ်စေ့(၁)ထုပ် | ခရုသီး(၁)ကြုပ် |
| ရေသန့်(၁)ဘူး | ရေသန့်(၁)ပိုင်း |
| ကျွဲရိုင်း(၁)ဘူး | ကျွဲရိုင်း(၁)ပုံး |
| ထမင်း(၁)ဘူး | မင်း(၁)ပုံး |
| (ဆန်)နို့ဆီ(၁)ဘူး | (ဆန်)နို့ဇုန်(၁)ပုံး |

## ၁။ ထမီ(၁)လုံး

စံစကားတွင် ‘ထမီ (၁)ထည်’၊ ‘ထမီ (၁)ကွင်း’ ကို မြိတ်ဒေသတွင် ‘ထမီ (၁)လုံး’ ဟု ခေါ်ကြသည်။ အခေါ်အဝေါ် ဆန်းသစ်မှုရှိသည်ကို လေ့လာတွေ့ရှိရသည်။ ထမီအစနှစ်ဘက်ကို ပူး၍ချုပ်လိုက်သောအခါ အကွင်းအဝိုင်းသဏ္ဌာန်ဖြစ်လာသည့်အတွက် ထမီ(၁)ကွင်းဟု စံဘာသာစကားပြောသူတို့က သုံးနှုန်းပြောဆိုကြသည်။ များသောအားဖြင့် ထမီကို မျိုးပြစကား ‘ထည်’ နှင့်သာတွဲ၍ (၁)ထည်၊ (၂)ထည်ဟု သုံးလေ့ရှိကြပါသည်။ မြိတ်ဒေသတွင်မူ ထမီကို မျိုးပြစကား ‘လုံး’ နှင့် တွဲစပ်ကာ ထမီ(၁)လုံးဟု သုံးနှုန်းပြောဆိုခြင်းသည် လုံးဝန်းသည့်သဘော သက်ရောက်မှု မရှိသည့်အတွက် တွဲစပ်မှု ဆန်းသစ်ကြောင်း သိရသည်။ ထမီနှစ်စကို ပူး၍ ချုပ်လိုက်သောအခါ အကွင်းအဝိုင်းသဏ္ဌာန် တည်ရှိသောကြောင့် ထမီကို (၁)လုံးဟု တင်စားကာ ခေါ်ဝေါ်ကြသည်။ စံဘာသာစကားနှင့် မတူကွဲပြားသော မျိုးပြအသုံး ဖြစ်ပါသည်။

## ၂။ ကွမ်း(၁)လက်

စံစကားတွင် ‘ကွမ်း (၁)ယာ’ ကို မြိတ်ဒေသတွင် ‘ကွမ်း (၁)လက်’ ဟုသာ သုံးနှုန်းပြောဆိုကြပါသည်။ မြိတ်ဒေသတွင် မျိုးပြစကားလုံး ‘ကွမ်း (၁)လက်’ ဟု စံစကားနှင့် ကွဲပြားစွာ သုံးနှုန်းထားသည့် အသုံးထူးခြားမှုကို တွေ့ရှိရပါသည်။

## ၃။ ဇရင်းသီး(၁)အိမ်

စံစကားတွင် ‘ဒူးရင်းသီး (၁)မွှာ’ ကို မြိတ်ဒေသတွင် ‘ဇရင်းသီး (၁)အိမ်’ ဟု သုံးနှုန်းပြောဆိုသည်။ စံဘာသာစကားတွင် ဒူးရင်းသီးနှင့်ပတ်သက်၍ မျိုးပြစကားလုံး ခြုံငုံခေါ်ဝေါ်သော်လည်း မြိတ်ဒေသတွင် တစ်မွှာနှင့် တစ်အိမ် ဟူ၍ ခွဲခြားသုံးနှုန်းထားသည်။ အသားပါဒူးရင်းသီးအမြောင်းလိုက်ကို ‘တစ်မွှာ’ ဟု ခေါ်ပြီး အခွံပါအခွက်ကလေး နှစ်ခွက်အုပ်ကာ အခန်းငယ်သဖွယ် အမွှာပါသော ဒူးရင်းသီးကို ‘တစ်အိမ်’ ဟု ခေါ်သည်။ အိမ်သဖွယ် ဖြစ်နေသော ဒူးရင်းသီးအမွှာကို (၁)အိမ် ဟု တင်စားခေါ်ဝေါ်ထားခြင်းသည် တူညီမှုကိုဆက်စပ်ကာ တင်စားသုံးနှုန်းသော ဒေသိယ မျိုးပြစကားလုံး အသုံးအနှုန်း ဖြစ်ပါသည်။

## ၄။ ခရုသီး(၁)ကြုတ်

စံဘာသာစကားတွင် 'သီဟိုဠ်စေ့ (၁)ထုပ်'ကို မြိတ်ဒေသတွင် 'ခရုသီး (၁)ကြုတ်' ဟု သုံးနှုန်းကြသည်။ စံဘာသာစကားတွင် ကြုတ် ဆိုသည်မှာ အဖုံး ပါသော ခွက်အုပ်တစ်မျိုးဖြစ်၍ ရွှေကြုတ်၊ ငွေကြုတ်ဟု သုံးနှုန်းပါသည်။ မြိတ်ဒေသတွင် ထူထပ်သောအရာဖြင့် သပ်ရပ်စွာ ထုတ်ပိုးထားခြင်းကို 'ကြုတ်' ဟု ခေါ်ပါသည်။ ဥပမာ – ပုဇွန်ခြောက်ဝယ်ရာ 'သေချာထုတ်ပေး၊ လက်ဆောင်ပေးမလို့'ဟု ပြောရာ 'ကြုတ်နဲ့ သေချာထည့်ပေးမယ်' ဟု ပြောလေသည်။ ကြုတ်ဆိုသည်မှာ ပလပ်စတစ် အကြည်ဗူး၊ ဖော့ဗူး၊ စက္ကူဗူးစသည်တို့ကို ဆိုလိုကြောင်း တွေ့ရပါသည်။ ထို့ကြောင့် (၁)ထုပ်ကို (၁)ကြုတ်ဟု ခေါ်ဝေါ်ခြင်းသည် ထူးခြားသော ဒေသိယအသုံးဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

စံဘာသာစကားပြောသူတို့နှင့် ကူးလူးဆက်သွယ်မှု မြန်ဆန်လာသည်နှင့်အမျှ စံဘာသာစကားရှိ စကားလုံးများလွှမ်းမိုးလာသည်ကို လေ့လာတွေ့ရှိရပါသည်။ မြိတ်ဒေသရှိ မျိုးပြစကားလုံးအသုံးများကို လေ့လာကြည့်ရာတွင် အများအားဖြင့် စံဘာသာစကားနှင့် တူညီမှုရှိသည်ကို တွေ့ရှိရပါသည်။ အချို့သော မျိုးပြစကားလုံး တို့သည်သာ စံဘာသာစကားနှင့်မတူ ကွဲပြားနေကြောင်း တွေ့ရပါသည်။ ကွဲပြား နေသော မျိုးပြစကားလုံးများကို လေ့လာကြည့်ရာ စကားလုံး တင်စားမှု ဆန်းသစ်မှု ရှိခြင်း ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၂။ ၃။ ကွယ်ပျောက်လုနီးပါးဖြစ်နေသော ဒေသိယစကားများ

ဘာသာစကားသည် ပြောင်းလဲတတ်သော သဘောရှိသည်။ မြိတ်ဒေသိယ စကားသုံးတို့သည် ခေတ်ကာလအလျောက် ပြောင်းလဲသွားသည်များ ရှိသကဲ့သို့ ယနေ့တိုင် မပြောင်းလဲဘဲ ဆက်လက်တည်ရှိနေသော စကားသုံးများလည်း ရှိပါသည်။ ခေတ်ကာလအလျောက် ဘာသာခြားစကားများ၊ ဗန်းစကားများ၊ အတိုကောက် အသုံးများ ဝင်ရောက်လာသောအခါ ရှေးလူကြီးတို့ ပြောဆိုသုံးနှုန်းခဲ့ကြသော အခေါ် အဝေါ်တို့ကို ယနေ့ခေတ်လူငယ်တို့ မသိကြတော့ပေ။ ထို့ကြောင့် ပျောက်ကွယ်လုနီးပါး ဖြစ်နေသော ဒေသိယစစ်စစ်များလည်း များစွာ ရှိပါသည်။

| **စံစကား** | **မြိတ်ဒေသိယစကား** |
|---|---|
| ညို့သကျည်း | မိမရိုက်ရိုး |
| မြင်းခွာရွက် | ယောက္ခမရေကြောက်ရွက် |

| | |
|---|---|
| ဘဝမြင့်သည် | ချီးခံကျယ် |
| လုံချည် | သလောင် |
| ချိုင်း | လက်ကတီး |
| နှာစေးသည် | ဆောင်းပြေးသင့် |
| တူ | စားပေါ်တံ |
| မိတ် | ချွေးပျိုးသီး |
| ပိုက်ဆံ | ကြေးပြား |
| ယောက်ျားလျာ | ကဒွေးလောင် |
| ရုပ်ရှင် | ဓာတ်ရှင်ပွဲ |
| ပေတံ | မျဉ်းခြားတံ |
| ပုဆိန် | ကပ်ပါး |
| ရတ်တရက် | ဖတ်တလတ် |
| မျက်နှာသုတ်ပဝါ | ဖားဥပိုင်း |
| သက်တံ | ပဇင်းရေသောက် |
| ပုတ်သင်ညို | ဖွတ်သတ်ခေါင်းကြီး |
| တံတွေး | ငွေရယ်ဖိမ် |
| ပဲပြား | တောင်ကွာ |
| ရှက် | အန်ဇရယ်ဖြစ် |
| အရှက်ရ | ဥရောင်ကန်း |
| အတင်းအကျပ်လုပ် | ဥဇုမခတ် |
| လောဘကြီး | မြင်းခေါစီး |
| အရှုံးပေး | အုန်းရေချည်အိုးကွဲ |
| အနီးအနား | ဂေါစကန် |

| | |
|---|---|
| မျက်စိရှုပ် | သိုင်းတက် |
| တစ်ခါတစ်ရံ | ပန်းကြားပန်းကြား |
| မီးချောင်း | ဘားချောင်း |
| တရုတ်ကပြား | ဘာဘာ |
| လက်သမား | ဗိသကာ |

## ၁။ မိမရိုက်ရိုး

စံစကားတွင် 'ညှို့သကျည်း' (ခြေသလုံးရိုး)ကို မြိတ်ဒေသရှိ ရေးမြန်မာတို့က 'မိမရိုက်ရိုး' ဟု ခေါ်သည်။ 'ညှို့သကျည်း' သည် ခိုက်မိရိုက်မိလျှင် အလွန်နာတတ်သောကြောင့် သားသမီးတို့ကို ရိုက်နှက်ဆုံးမရာတွင် ခြေသလုံး၏ အရှေ့ဘက်အရိုးကို မိခင်ဖြစ်သူ မရိုက်ရက်သည့်အတွက် အမိ မရိုက်ရက်သောအရိုး 'မိမရိုက်ရိုး' ဟု တင်စားကာ ခေါ်ဝေါ်ခြင်း ဖြစ်သည်။ ဆက်စပ်တင်စား ပြောဆိုသုံးနှုန်းခြင်းဖြစ်ရာ စကားလုံး ဆန်းသစ်၍ နှစ်သက်မှုကို ဖြစ်စေပါသည်။

## ၂။ ယောက္ခမရေကြောက်ရွက်

စံစကားတွင် 'မြင်းခွာရွက်' ကို မြိတ်ဒေသတွင် 'ယောက္ခမရေကြောက်ရွက်' ဟု ရေးမြန်မာတို့က ပြောဆိုသုံးစွဲကြသည်။ မည်သည့်အနက်အဓိပ္ပာယ်နှင့် မည်သို့ခေါ်ဝေါ် သုံးစွဲမှန်း မသိနိုင်သော ပေါရာဏစကား ဖြစ်သည်။ ယခုအခါ 'မြင်းခွာရွက်' ကို 'ရိုးငယ်ရွက်' ဟု ခေါ်ဝေါ်လာကြသည်။ အရိုးသေးသောအပင်မှ ပေါက်သော အရွက်ဖြစ်၍ အပင်၏ အရွယ်အစားကိုကြည့်ပြီး ခေါ်ဝေါ်လာကြသည်။ 'ယောက္ခမရေကြောက်ရွက်'သည် ယခုအခါ ပျောက်ကွယ်လုနီးပါး ဖြစ်နေသော အသုံးအနှုန်း ဖြစ်ပါသည်။

## ၃။ ချီးခံကျယ်

စံစကားတွင် 'ဘဝင်မြင့်သည်' ကို မြိတ်ဒေသတွင် 'ချီးခံကျယ်' ဟု ပြောဆိုသုံးစွဲကြသည်။ လူအများ၏ ချီးမြှင့်မြှောက်စားခြင်း၊ မိသားစု၏ မြှောက်စားခြင်းခံရ၍ မိမိကိုယ်ကို စိတ်ကြီးဝင်ကာ မောက်မောက်မာမာ ကြီးကြီးကျယ်ကျယ် ပြောဆိုတတ်သူကို 'ချီးခံကျယ်' ဟု ပြောဆိုကြသည်။

## ၄။ သလောင်

စံစကားတွင် 'လုံချည်' ကို မြိတ်ဒေသတွင် 'သလောင်' ဟု ပြောဆိုသုံးစွဲကြသည်။ ယခုအခါ 'သလောင်' ဟူသော စကားကို ခေါ်ဝေါ်သုံးစွဲခြင်း မရှိတော့ဘဲ အမျိုးသားဝတ်လုံချည်၊ ပုဆိုးဟုသာ ခေါ်ဝေါ်ကြပါသည်။ 'သလောင်' ဟူသော စကားသည် ပျောက်ကွယ်လုနီးပါး ဖြစ်နေသော ဒေသိယစကား ဖြစ်ပါသည်။

## ၅။ လက်ကတီး

စံစကားတွင် 'ချိုင်း' ဟူသော စကားကို မြိတ်ဒေသတွင် 'လက်ကတီး' ဟု ပြောဆိုသုံးနှုန်းခဲ့ကြသည်။ 'လက်ကတီး' ဟူသော စကားသည် အလွန်ရှေးကျသော စကားအသုံးအနှုန်း ဖြစ်သည်။ ယခုခေတ်တွင် 'လက်ကတီး' စကားသုံးကို အသုံးမပြုတော့ဘဲ 'ချိုင်း' ဟုသာ ခေါ်ဝေါ်ကြသည်။ လက်ကတီးသည် တိမ်မြုပ်ပျောက်ကွယ်နေပြီ ဖြစ်သော ပေါရာဏစကား ဖြစ်ပါသည်။

## ၆။ ဆောင်းပြေးသင့်

စံဘာသာစကားတွင် 'နှာစေးသည်' ဟူသော စကားကို မြိတ်ဒေသတွင် 'ဆောင်းပြေးသင့်'ဟု ပြောဆိုသုံးစွဲကြသည်။ ရှေးမြန်မာကြီးတို့က ဆောင်းဦးကာလ ရာသီဥတုအကူးအပြောင်းတွင် အအေးမိ၊ နှာစေးရောဂါ ဖြစ်တတ်သည်ကို ဆက်စပ်တင်စားကာ 'ဆောင်းပြေးသင့်' ဟု ခေါ်ဝေါ်ခဲ့ကြသည်။ ယခုအခါ ထိုစကားသည် တိမ်မြုပ်ပျောက်ကွယ်နေပြီဖြစ်သော ပေါရာဏစကား ဖြစ်ပါသည်။ ယခုအခါ 'နှာစေးသည်' ဟုသာ ပြောဆိုသုံးနှုန်းကြတော့သည်။

## ၇။ စားပေါ်တံ

စံစကားတွင် 'တူ' ကို မြိတ်ဒေသတွင် 'စားပေါ်တံ' ဟု သုံးနှုန်းကြသည်။ ထမင်း၊ ခေါက်ဆွဲ စသည်တို့ ယူငင်စားရသော အချောင်းအတံကို 'စားပေါ်တံ' ဟု ခေါ်ကြောင်း အနက်အဓိပ္ပာယ်ကို ဆက်စပ်ပြီးမှ အနက်ဖော်ယူရသည်။ ယနေ့ခေတ် လူငယ်တို့ကမူ 'တူ' ဟုသာ ပြောဆိုသုံးနှုန်းလာကြသည်ကို လေ့လာတွေ့ရှိရပါသည်။

## ၈။ ချွေးပျိုးသီး

စံဘာသာစကားတွင် ပူအိုက်သောရာသီတွင် ခန္ဓာကိုယ်အနှံ့ မျက်နှာ၊ ကျောစသည်တို့တွင် ထွက်လေ့ရှိသည့် အဖုငယ်များ 'မိတ်' ဟူသော စကားကို မြိတ်ဒေသတွင်

'ချွေးပျိုးသီး' ဟု ခေါ်ကြသည်။ ချွေးသီးချွေးပေါက်များ ချွေးများပျိုးရာမှ အပြွတ်လိုက် ထွက်လာသော အဖုငယ်ကို 'ချွေးပျိုးသီး' ဟု တင်စားခေါ်ဝေါ်ကြခြင်း ဖြစ်သည်။

## ၉။ ကြေးပြား

စံဘာသာစကားတွင် 'ပိုက်ဆံ' ဟူသော စကားကို မြိတ်ဒေသတွင် 'ကြေးပြား' ဟု ခေါ်ဝေါ်ကြသည်။ ရှေးခေတ်ငွေကြေးသုံးစွဲမှုတွင် ငါးပြား၊ ဆယ်ပြား စသည့် ကြေးပြားအကြွေစေ့တို့ကို အသုံးပြုခဲ့ကြသည်။ မြိတ်ဒေသတွင် ရှေးယခင်က အသုံးပြု ခဲ့ကြသော ကြေးပြားအစေ့ကို တင်စားကာ ယနေ့တိုင် 'ပိုက်ဆံ'ကို 'ကြေးပြား' ဟု ဆက်လက်ပြောဆိုကြသည်။ 'ကြေးပြားမရှိရင် မျက်နှာငယ်ရတယ်' 'ကြေးပြားမရှိဘူး' စသည်ဖြင့် ပြောဆိုကြသည်။ ရှေးမြန်မာကြီးတို့ ပြောဆိုသောစကားကို ဆက်လက် ထိန်းသိမ်းထားကြောင်း လေ့လာတွေ့ရှိရသည်။

## ၁၀။ မိတကာ

စံဘာသာစကားတွင် 'လက်သမား' ဟူသော စကားကို မြိတ်ဒေသတွင် 'ဗိတကာ' ဟု ပြောဆိုသုံးစွဲကြသည်။ စံဘာသာစကားတွင် အဆောက်အဦးဆိုင်ရာ ဆောက်လုပ်မှုပညာကို 'ဗိသုကာ' ဟု ခေါ်သည်။ ရှေးက မြိတ်ဒေသတွင် အဆောက်အဦး ဆောက်လုပ်သူ အင်ဂျင်နီယာ မပေါ်သေးပါ။ အိမ်တစ်အိမ်လုံးကို လက်သမားများ ကသာ အစအဆုံး ကြီးကြပ်ဆောက်လုပ်ပေးကြရသည်။ လက်သမားအတတ်ပညာဖြင့် အိမ်ဆောက်လုပ်ပေးသူကို ဗိသုကာ > ဗိဿကာ > ဗိတကာ ဟု ခေါ်ဝေါ်ကြသည်။ လက်သမားနှင့် ဗိသုကာ အနက်တန်ဖိုးချင်း မတူညီပါ။ အထူးပြုတင်စားမှု အားကောင်းကြောင်း တွေ့ရသည်။ 'ဗိတကာ' ဟူသော စကားသည် ရှေးလူကြီးတို့ ပြောဆိုသောစကားကို ယနေ့တိုင် ဆက်လက်အမွေဆက်ခံကြောင်း သိရသည်။

မြိတ်ဒေသိယစကားများတွင် ကွယ်ပျောက်လုနီးပါးဖြစ်သော ဒေသိယစကား များစွာ ရှိပါသည်။ ဒေသိယစကားများကို မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ခြင်းသည် ဘာသာစကား မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းပင် ဖြစ်သည်။ ဘာသာစကားထိန်းသိမ်းခြင်းသည် ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းရာ ရောက်ပါသည်။

## ၂။ ၄။ နေ့စဉ်သုံး ဒေသိယစကားများ

နိစ္စရူပအကြောင်းအရာအမျိုးမျိုးအတွက် ခေါ်ဝေါ်သုံးနှုန်းနေကြသော နေ့စဉ်သုံး ဒေသိယစကားများကို စိတ်ဝင်စားဖွယ် တွေ့ရသည်။ ဒေသိယစကားတို့သည် လေယူ လေသိမ်း ကွာခြားမှုကြောင့် ရုတ်တရက် နားမလည်နိုင်ပေ။ ဒေသိယစကားနှင့် ထိတွေ့မှုများလာသော် ဆိုလိုရင်းသဘောကို နားလည်လာစေသည်။ နေ့စဉ်သုံး မြိတ်ဒေသိယစကားသုံးတို့သည်လည်း စံဘာသာစကားနှင့် တူညီမှု၊ ကွဲပြားမှုတို့ ရှိသည်ကို သိရှိလာစေပါသည်။

| **စံစကား** | **မြိတ်ဒေသိယစကား** |
|---|---|
| ကိုယ်ပူ | အကောင်ပူ |
| ကိုယ်စားလှယ် | မျက်နှာလွှဲ |
| အလွန်ကောင်း | အားကောင်း |
| နှစ်ဆယ် | နဲဆယ် |
| ဂေါ်ပြား | သစ်မှိုက်ခပ် |
| သီလရှင် | မိရှင် |
| မနက်ဖြန် | မိုးလင်း |
| လမ်းထွက်သည် | လမ်းလည်ထွက်သည် |
| ငယ် | လေး |
| ဆာ | ငတ် |
| ကျွေး | ပေးစား |
| ခေါ်သွားသည် | ခေါ်ဆောင်သည် |
| ရှဉ့်ကိုက် | ရှဉ့်ပေါက် |
| ပြန်အမ်းငွေလိုသည် | ကြေးပြား(စူး) |
| ပန်းကန်ပြား | ဇုန်ပြား |
| ပန်းကန်လုံး | ဟင်းစား |
| မင်္ဂလာပွဲ | အိမ်တက်ပွဲ |

| | |
|---|---|
| ခြေကြွခ | ခြေကတော့ခ |
| စဥ့်နီးတုံး | ငါးသစ်တုံး |
| စိတ်တိုလွယ် | အားဆတ် |
| အရမ်းချစ်စရာကောင်း | မျက်ချစ်ရှိ |

## ၁။ အကောင်ပူ

စံစကားတွင် 'ကိုယ်ပူသည်' ကို မြိတ်ဒေသတွင် 'အကောင်ပူ' ဟု ခေါ်ဝေါ်ကြသည်။ အဖျားရှိ၍ ခန္ဓာကိုယ်တစ်ကိုယ်လုံးပူသည်ကို စံဘာသာစကားတွင် 'ကိုယ်ပူသည်'ဟု သုံးနှုန်းပြီး မြိတ်ဒေသတွင် 'အကောင်ပူ' ဟု သုံးနှုန်းကြသည်။ စံစကားပြောသူအဖို့ လူကို 'အကောင်' ဟု သုံးနှုန်းထားခြင်းသည် ရိုင်းသည့် အငွေ့အသက် ထင်ဟပ်စေသော စကားဖြစ်သည်။ သို့သော် ဒေသခံတို့က ရိုးသားပွင့်လင်းသော စရိုက်ကို သိရှိလာသောအခါ ရိုးရှင်းသောသဘောဖြင့် ပြောသည့် စကားဖြစ်ကြောင်း သိရှိလာစေပါသည်။

## ၂။ မျက်နှာလွှဲ

စံစကားတွင် 'ကိုယ်စားလှယ်' ကို မြိတ်ဒေသတွင် 'မျက်နှာလွှဲ' ဟု သုံးနှုန်းကြသည်။ မြိတ်ဒေသတွင် 'မျက်နှာလွှဲ' ဟူသော စကား၏အဓိပ္ပာယ်မှာ မိမိဆောင်ရွက်ရမည့် တာဝန်ကို တစ်စုံတစ်ဦးအား ယုံကြည်စွာ လွှဲအပ်ဆောင်ရွက်စေသည်ဟု ဆိုလိုသည်။ စံဘာသာစကားတွင် 'မျက်နှာလွှဲ' ဟူသော စကားမှာ လျစ်လျူရှုသည်၊ ကွယ်လွန်သည်ဟု အနက်ရသည်။ ဒေသကွာခြားခြင်းကြောင့် အနက်ရင်းမှ ပွားလာသော စကားများ ဖြစ်ပါသည်။

## ၃။ အားကောင်း

စံစကားတွင် 'အလွန်ကောင်း' ကို မြိတ်ဒေသတွင် 'အားကောင်း' ဟု သုံးနှုန်းကြသည်။ 'အား' ကို 'အလွန်' ဟူသော အနက်ဖြင့် သုံးသည်။ ဘာသာစကားသည် ဆက်သွယ်မှုကြားခံဖြစ်ရာ နေ့စဉ်နှင့်အမျှ ဘာသာစကားကို အသုံးပြုဆက်သွယ်ကြသည်။ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံလျှင် အားလှ(အလွန်လှ)၊ အားချော(အလွန်ချော)၊ အားကောင်း(အလွန်ကောင်း) စသည်ဖြင့် အပြန်အလှန် ပဋိသန္ဓာရစကားအဖြစ် ပြောဆိုလေ့ရှိသော ဒေသိယစကား ဖြစ်ပါသည်။

## ၄။ သစ်မှိုက်ခပ်

စံစကားတွင် ကော်ရခပ်ရသောအရာ 'ဂေါ်ပြား' ကို မြိတ်ဒေသတွင် 'သစ်မှိုက်ခပ်' ဟု သုံးနှုန်းကြသည်။ သစ်ရွက်၊ အမှိုက် စသည်တို့ကို ကော်ခပ်ရသည့် အရာကို အစွဲပြု၍ 'သစ်မှိုက်ခပ်' ဟု သုံးဟန်တူသည်။ 'ဂေါ်ပြား' ဟူသော စကား အသုံးအနှုန်းထက် 'သစ်မှိုက်ခပ်' ဟူသော စကားအသုံးအနှုန်းက အနက်အဓိပ္ပာယ် လေးနက်မှု ပိုစေသည်။

## ၅။ မိရှင်၊ ဖွားရှင်မ

စံစကားတွင် 'သီလရှင်' ကို မြိတ်ဒေသတွင် 'မိရှင်၊ ဖွားရှင်မ' ဟု သုံးနှုန်း ကြသည်။ ဝတ်ကြောင်ကိုပယ်၍ ခေါင်းတုံးတုံးကာ မြေနီဆိုးသော အဝတ်ကို ဝတ်လျက် သီလစောင့်သူ အမျိုးသမီးကို မြိတ်တွင် 'မိရှင်၊ ဖွားရှင်မ' ဟု ခေါ်ဝေါ်ကြောင်း သိရှိရပါသည်။ ကွဲပြားသော ဒေသိယစကား ဖြစ်သည်။

## ၆။ မယားရှင်

စံစကားတွင် 'အိမ်ထောင်ရှိသောယောက်ျား' ကို မြိတ်ဒေသတွင် 'မယားရှင်' ဟု သုံးနှုန်းကြသည်။ မယားရှိသော ယောက်ျား၊ ပိုင်ရှင်ရှိသော ယောက်ျား ဟူသော အဓိပ္ပာယ်ဖြင့် မြိတ်ဒေသိယစကားတွင် 'မယားရှင်' ဟု သုံးနှုန်းကြောင်း တွေ့ရသည်။

## ၇။ လင်ရှင်

စံစကားတွင် 'အိမ်ထောင်ရှင်အမျိုးသမီး' ကို မြိတ်ဒေသတွင် 'လင်ရှင်' ဟု သုံးနှုန်းကြသည်။ ယောက်ျား(လင်)ရှိသော မိန်းမ၊ ပိုင်ရှင်ရှိသော မိန်းမဖြစ်၍ မြိတ်ဒေသိယစကားတွင် 'လင်ရှင်' ဟု သုံးနှုန်းကြောင်း တွေ့ရသည်။

## ၈။ ဗိုက်ရှင်

စံစကားတွင် 'ကိုယ်ဝန်သည်' ကို မြိတ်ဒေသတွင် 'ဗိုက်ရှင်' ဟု သုံးနှုန်း ကြသည်။ ပဋိသန္ဓေရှိနေသူ၊ ကိုယ်ဝန်ဆောင်နေသူကို မြိတ်ဒေသိယစကားတွင် 'ဗိုက်ရှင်' ဟု ခေါ်ဝေါ်ကြောင်း တွေ့ရသည်။

## ၉။ မုန့်ရှင်

စံဘာသာစကားတွင် 'မုန့်သည်' ကို မြိတ်ဒေသတွင် 'မုန့်ရှင်' ဟု သုံးနှုန်းကြသည်။ မုန့်များကို ပြုလုပ်ရောင်းချသူ (ဈေးသည်)မုန့်သည်ကို မြိတ်ဒေသိယစကားတွင် 'မုန့်ရှင်' ဟု သုံးနှုန်းခေါ်ဝေါ်သည်။

ထိုသို့ 'မီရှင်၊ လင်ရှင်၊ မယားရှင်၊ ဗိုက်ရှင်၊ မုန့်ရှင်' ဟု 'ရှင်' ဟူသော အသုံးနှင့် တွဲစပ်ကာ ပိုင်ရှင်(ပိုင်ဆိုင်)သည့် အနက်ဖြင့် တင်စားသုံးနှုန်းထားသည်။ စံဘာသာစကားနှင့် အသုံးမတူ၊ တမူထူးခြားခြင်းသည် အသွင်ကွဲဒေသိယစကား၏ လက္ခဏာတစ်ရပ် ဖြစ်သည်။

## ၁၀။ မိုးလင်း

စံစကားတွင် 'မနက်ဖြန်' ဟူသော စကားကို မြိတ်ဒေသတွင် 'မိုးလင်း' ဟု သုံးနှုန်းကြသည်။ စံစကားတွင် 'မိုးလင်း' ဟူသော စကားသည် 'နံနက်ပိုင်း' ကို ဆိုလိုခြင်း ဖြစ်သည်။ မြိတ်ဒေသတွင် 'မိုးလင်း' ကို 'နောက်တစ်နေ့' ဟူသော အနက်ဖြင့် သုံးနှုန်းသည်။ ထို့ကြောင့် တစ်နေ့ကုန်ဆုံးပြီး နောက်တစ်နေ့ကို 'မနက်ဖြန်' ဟု မသုံးဘဲ 'မိုးလင်း' ဟုသာ ပြောဆိုကြသည်။ ဥပမာ 'မနက်ဖြန် ကျူတိုရီရယ် ရှိတယ်နော်' ဟု ပြောရာ ကျောင်းသားကျောင်းသူတို့က 'မိုးလင်းလား ဆရာမ' ဟု ပြန်မေးသည်။ 'မိုးလင်း မဟုတ်ဘူး၊ နေ့လယ်လေ' ဟု ဒေသအသုံးကို မသိဘဲ ပြန်ပြောရာ ကလေးတို့ရှင်းပြမှ ဒေသိယစကားသုံးဖြစ်ကြောင်း နားလည်လာသည်။ မနက်ဖြန်ကို 'မိုးလင်း'၊ သဘက်ခါကို 'မိုးလင်းနောက်ရက်' ဟု ခေါ်ဝေါ်ကြောင်း သိလာရပါသည်။

## ၁၁။ လမ်းလည်

စံစကားတွင် 'လမ်းထွက်သည်' ကို မြိတ်ဒေသတွင် 'လမ်းလည်သည်' ဟု သုံးနှုန်းကြသည်။ ဟိုနားဒီနား လျှောက်သွားသည်ကို မြိတ်ဒေသိယစကားတွင် 'လမ်းလည်ထွက်သည်' ဟု ပြောခြင်းသည် ယေဘူယျဆန်သော စကားဖြစ်သည်။

## ၁၂။ ငယ်

စံစကားတွင် 'လေး' ဟူသော စကားလုံးကို မြိတ်ဒေသတွင် မသုံးဘဲ 'ငယ်' ဟုသာ သုံးနှုန်းသည်ကို ထူးခြားစွာ တွေ့ရသည်။

| **စံစကား** | **မြိတ်ဒေသိယစကား** |
| --- | --- |
| သွားလေး | သွားငယ် |
| ညီမလေး | ညီမငယ် |
| ကားလေး | ကားငယ် |
| ချောချောလေး | ချောချောငယ် |
| ကောင်းကောင်းလေးပေး | ကောင်းကောင်းငယ်ပေး |
| လှလှလေးပြင်ပေး | လှလှငယ်ပြင်ပေး |
| နည်းနည်းလေး ဘေးတိုးပေး | နည်းနည်းငယ် ဘေးတိုးပေး |
| ခဏလေးစောင့် | ခဏငယ်စောင့် |
| ကြီးကြီးလေး ပေးပါ | ကြီးကြီးငယ် ပေးနား |
| ဓားသေး | ဓားပါးငယ် |

ထို့ကြောင့် မြိတ်ဒေသတွင် စံဘာသာစကားတွင်ပြောသည့် ‘လေး’ ဟူသော စကားကို ‘ငယ်’ ဟု အသုံးပြုထားကြောင်း လေ့လာတွေ့ရှိရပါသည်။ ‘ငယ်’ ကို ငယ်ရွယ်သော သေးငယ်သည့် သဘောအပြင် နောက်ဆက်အဖြစ် ထည့်သုံးလေ့ ရှိပါသည်။ စကားအသုံးအနှုန်းလှပပြီး စံဘာသာစကားနှင့် မတူကွဲပြားသည့် နှစ်သက်ဖွယ် ကောင်းသော ဒေသိယအသုံးအနှုန်း ဖြစ်ပါသည်။

## ၁၃။ ငတ်

စံစကားတွင် ‘ဆာသည်’ ကို မြိတ်ဒေသတွင် ‘ငတ်သည်’ ဟု ပြောဆိုကြသည်။ ‘ငတ်’ ဟူသော စကားသည် စံဘာသာစကားတွင် အနက်နှစ်ခွထွက်သော စကား ဖြစ်သည်။ ‘အစားအသောက် အလွန်အကျွံ စားသည်။ စားစရာ သောက်စရာ မရှိဖြစ်သည်’ ဟူသော သဘောသက်ရောက်စေသောကြောင့် အသုံးနည်းသည်။ မြိတ်ဒေသိယစကားတွင် အစားအသောက်ဆာသည်ကို ‘ငတ်’ ဟု တွင်တွင်ကျယ်ကျယ် သုံးနှုန်းကြောင်း တွေ့ရသည်။

## ၁၄။ ပေးစား

စံစကားတွင် စားစရာပေးသည်၊ ထမင်းကျွေးသည်၊ မုန့်ကျွေးသည်ကို 'ကျွေးသည်' ဟုသာ ပြောဆိုကြသည်။ မြိတ်ဒေသတွင် အစားအသောက်စားစေသည်ကို 'ပေးစား' ဟူ၍ သုံးနှုန်းလေ့ရှိသည်။ မိမိကျွေးချင်သည့် အစားအစာကိုပေး၍ စားစေသည့် အနက်ဖြင့် ပြောဆိုကြောင်း၊ ပြောဆိုသောစကားကို အနက်အဓိပ္ပာယ်ပြန်ယူရသည်။ စံဘာသာစကားတွင် 'ပေးစားသည်' ဟု ဆိုပါက ယောက်ျားနှင့်မိန်းမ မင်္ဂလာဆောင်သည် ဟူသောအနက်သဘော သက်ရောက်စေပါသည်။

## ၁၅။ ခေါ်ဆောင်သည်

စံစကားတွင် 'ခေါ်သွားသည်' ဟူသော စကားကို မြိတ်ဒေသတွင် 'ခေါ်ဆောင်သည်' ဟု သုံးနှုန်းကြသည်။ 'သွား' ဟူသော စကားနေရာတွင် 'ဆောင်' ဟူသော စကားကို သုံးနှုန်းထားခြင်းသည် ယဉ်ကျေးသိမ်မွေ့သည့်ဟန် ပေါ်လွင်စေသည့်အပြင် နှစ်သက်မှုကိုပါ ဖြစ်စေသော စကားအသုံးအနှုန်း ဖြစ်ပါသည်။

## ၁၆။ ခမောက်

စံစကားတွင် 'ဦးထုပ်' ကို မြိတ်ဒေသတွင် 'ခမောက်' ဟု သုံးနှုန်းကြသည်။ စံဘာသာစကားတွင် ဝါးနှင့်ပြုလုပ်ထားသည့် ဦးခေါင်းတွင် ဆောင်းသောအရာကို ခမောက်ဟု ခေါ်သည်။ မြိတ်ဒေသတွင် လျှာထိုးဦးထုပ်၊ ဆိုင်ကယ်ဦးထုပ် စသည်ဖြင့် ဦးထုပ်မှန်သမျှကို 'ခမောက်' ဟုသာ ခေါ်သည်။ ပုဂံခေတ်ကဗျာအရ ဦးထုပ် (သို့) ခမောက် ဟူသော စကားသည် ရှေးမြန်မာကြီးတို့ ပြောဆိုခဲ့သောစကား ဖြစ်ပြီး မြိတ်ဒေသတွင် ယနေ့တိုင် ဘာသာစကားအမွေခံ ဆက်လက်ထိန်းသိမ်းပြောဆိုနေကြောင်း လေ့လာသိရှိရပါသည်။

## ၁၇။ ရှဉ့်ပေါက်

စံစကားတွင် သရက်သီး၊ ဒူးရင်းသီးတို့ ဝင်းမှည့်လာသော် ရှဉ့်ကလေးတို့သည် အပင်ထက်တွင် လာရောက်ကိုက်ဖောက် စားသောက်ကြသည်ကို 'ရှဉ့်ကိုက်သည်' ဟု ပြောလေ့ရှိသည်။ မြိတ်ဒေသတွင် 'ရှဉ့်ကိုက်သည်' ဟု မသုံးဘဲ 'ရှဉ့်ပေါက်သည်' ဟု သုံးနှုန်းကြသည်။ စံစကားတွင် 'ရှဉ့်၊ ခွေး၊ ကျား' စသည့် သတ္တဝါတို့နောက်တွင် 'ကိုက်' ဟူသော စကားကို ပုံသေတွဲရိုးတွဲစဉ်အတိုင်း တွဲဖက်သုံးနှုန်းလေ့ ရှိသည်။

မြိတ်ဒေသတွင်မူ စံဘာသာစကားရှိ တွဲရိုးတွဲစဉ်အတိုင်း မတွဲဘဲ 'ရှဥ့်ပေါက်' ဟု သုံးနှုန်းထားပုံမှာ ဆန်းသစ်မှုရှိသည်ဟု ဆိုနိုင်ပါသည်။

### ၁၈။ ကြေးပြား(စူး)

စံစကားတွင် 'ပြန်အမ်းငွေလိုသည်' ကို မြိတ်ဒေသတွင် 'ကြေးပြားစူးသည်' ဟု သုံးနှုန်းကြသည်။ ပြန်အမ်းရမည့်ငွေ မအမ်းနိုင်သည့်အတွက် တစ်ဖက်တွင် အကြွေးတင်သွားသည်ကို နစ်ဝင်သွားသည့်သဘောဖြင့် မြိတ်ဒေသိယစကားတွင် 'ကြေးပြားစူး' ဟု သုံးနှုန်းကြောင်း တွေ့ရသည်။ စကားလုံးရွေးချယ်မှု ဆန်းသစ်ပြီး စံစကားနှင့်မတူ၊ တမူထူးခြားသည့် အသွင်ကွဲစကားတစ်ခု ဖြစ်ပါသည်။

မြိတ်နေ့စဉ်သုံးစကားများသည် မြိတ်သူမြိတ်သားတို့၏ စိတ်ကူး၊ အတွေးအခေါ် ကောင်းမွန်မှု၊ ပုံဆောင်ခိုင်းနှိုင်းခြင်း အားကောင်းမှုတို့ကို တွေ့မြင်စေသော လုပဆန်းသစ်သည့် ဒေသိယစကားသုံးများ၊ အသွင်ကွဲများဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဒေသကွာခြားခြင်းကြောင့် အနက်အဓိပ္ပာယ်တို့ ကွာခြားမှုရှိကြောင်း နေ့စဉ်သုံးစကားလုံးများ ပွားများခြင်းသည်လည်း ဘာသာစကား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်စေပါသည်။

## ၂။ ၅။ အစားအသောက်ဆိုင်ရာ ဒေသိယစကားများ

မြိတ်ဒေသတွင် အစားအသောက်ဆိုင်ရာ ဒေသိယစကားတို့သည် စံဘာသာစကားနှင့် ကွဲပြားမှုရှိကြောင်း စိတ်ဝင်စားဖွယ် လေ့လာတွေ့ရှိရပါသည်။

| **စံဘာသာစကား** | **မြိတ်ဒေသိယစကား** |
|---|---|
| ပင်လယ်စာ | ရေစာ |
| ကြေးအိုးဆီချက် | အိုးချက် |
| သဘော်သီးထောင်း(ယိုးဒယား) | ရှမ်းထောင်း |
| ထမင်းကြော် | မင်းဆီလော် |
| ကြက်ရေခွံကြော် | ကြက်သားရေကြော် |
| အချဉ်ဟင်း | သောက်စားဟင်း |
| ဆီပြန်ဟင်း | ဟင်းစပ် |

| | |
|---|---|
| တို့စရာ | ပိရှာ(လျှာ) |
| ရေနွေးကြမ်း | ရေပူကြမ်း |
| ဆေးကုလားမ | ငွေလရောင် |
| ပင်ပွား | လုံးစေ့ |
| မုန့်လင်မယား | မုန့်ခွက်သား |
| မုန့်လက်ဆောင်း | မုန့်ဖလောင်း |
| ငှက်ပျောသီးမုန့် | မုန့်စောင်ခြုံ |
| မုန့်ကြာစေ့ | မုန့်စာဥ |
| သာကူ | ပင်ပွား |
| မုန့်ဖက်ထုပ် | မုန့်ကမဲနို့ |
| ကောက်ညှင်းခွက်ကြော် | မုန့်ခွာ |
| ကောက်ညှင်းခေါပျဉ် | ကောက်ညှင်းကျောက်ပျဉ် |
| မုန့်ဖတ်သုပ် | မုန့်တီလော် |
| ခေါက်ဆွဲကြော်/ သုပ် | ခေါက်ဆွဲလော် |
| ဆန်ပြုတ် | မင်းပြုတ် |
| လက်ဖက်ရည်(နှပ်ရေ) | ဖက်ဆီ |
| ငှက်ပျောပေါင်း | ပျောသီးပျားပအုန်း |
| ငှက်ပျောသီးကောက်ညှင်းထုပ် | မုန့်မီးတိုင် |
| ဖက်ထုပ် | ပြန်ရှက် |
| ခေါက်ဆွဲပြုတ် | ကော်မီ |
| ဝက်သားကောက်ညှင်းထုပ် | ဖောင်းဆန် |

## ၁။ ရေစာ

စံဘာသာစကားတွင် 'ပင်လယ်စာ' ကို မြိတ်ဒေသတွင် 'ရေစာ' ဟု သုံးနှုန်းကြသည်။ ပင်လယ်မှရသော ရေထွက်အစားအစာ ငါး၊ ပုဇွန်၊ ကင်းမွန် စသည့် အစားအစာတို့ကို မြိတ်ဒေသတွင် 'ရေစာ' ဟု ခေါ်သည်။ စကားလုံးရွေးချယ်မှု တိကျကောင်းမွန်သော ဒေသိယစကားလုံး ဖြစ်ပါသည်။

## ၂။ အိုးချက်

စံစကားတွင် 'ကြေးအိုးဆီချက်' ဟူသော စကားကို မြိတ်ဒေသတွင် 'အိုးချက်' ဟု လွယ်လင့်တကူ ခေါ်ဆိုသုံးနှုန်းကြသည်။ ကြေးအိုးမှ 'ကြေး'၊ ဆီချက်မှ 'ဆီ' ကို မြှုပ်ကာ 'အိုးချက်' ဟု စကားကို ချုံ့၍ ပြောဆိုသော်လည်း အဓိပ္ပာယ်မှာ မပျောက်မပျက် ပေါ်လွင်မှု ရှိပါသည်။ စကားကို ချုံ့ခြင်း၊ ချဲ့ခြင်းသည် မြန်မာဘာသာစကား၏ သွင်ပြင်လက္ခဏာတစ်ခု ဖြစ်ပါသည်။

## ၃။ ရှမ်းထောင်း

စံစကားတွင် 'ယိုးဒယားသဘော်သီးထောင်း' ဟူသော စကားကို မြိတ်ဒေသတွင် 'ရှမ်းထောင်း' ဟု ခေါ်သည်။ မြိတ်တို့က ယိုးဒယားလူမျိုးကို 'ရှမ်း' ဟု ခေါ်သည်။ ထို့ကြောင့် ယိုးဒယားအစားအစာ သဘော်သီးထောင်းကို 'ရှမ်းထောင်း' ဟု ခေါ်ခြင်းဖြစ်သည်။ ဒေသအလျောက် အခေါ်အဝေါ် ကွဲပြားခြင်းသာ ဖြစ်သည်။

## ၄။ မင်းဆီလော်

စံစကားတွင် 'ထမင်းကြော်' ဟူသော စကားကို မြိတ်ဒေသတွင် 'မင်းဆီလော်' ဟု ပြောဆိုကြသည်။ 'ထမင်း' ကို 'မင်း' ဟု ပြောခြင်း၊ 'ထမင်းဆီကြော်' ကို 'မင်းဆီလော်' ဟု ပြောခြင်းသည် ဒေသိယစကား၏ ထူးခြားချက်ပင် ဖြစ်ပါသည်။ ရှေ့ဗျည်း ဟထိုးသံကို ဖြုတ်၍ ပြောဆိုတတ်ကြသည်။ 'မင်းဆီလော်' ဟူသော အသုံးသည် ဒေသိယအငွေ့အသက် ပေါ်လွင်စေသော အသုံး ဖြစ်ပါသည်။

## ၅။ ကြက်သားရေကြော်

စံစကားတွင် 'ကြက်ရေခွံကြော်' ဟူသော စကားကို မြိတ်ဒေသတွင် 'ကြက်သားရေကြော်' ဟု ခေါ်ဝေါ်ကြသည်။ ကျွဲ၊ နွားအရေခွံကို ကျွဲသားရေ၊ နွားသားရေ

စသည်ဖြင့် ခေါ်ကြသည့်အတွက် 'ကြက်' ကိုလည်း ဆက်စပ်ခေါ်ဝေါ်ဟန် တူပါသည်။ ပုသိမ်၊ ဟင်္သာတနယ်တွင်လည်း 'ကြက်သားရေကြော်' ဟု ခေါ်ဆိုကြသည်။

## ၆။ သောက်စားဟင်း

စံစကားတွင် 'အချဉ်ဟင်း၊ ချဉ်ရည်ဟင်း' ဟူသောစကားကို မြိတ်ဒေသတွင် 'သောက်စားဟင်း' ဟု ခေါ်ဝေါ်ကြသည်။ အသီးအရွက်၊ အသား၊ ငါးတို့ဖြင့် ဟင်းရည်သောက်ရန် ချက်ပြုတ်ထားသော 'ဟင်းရည်' ကို ဆမ်းစား၊ သောက်စားရသည်ကို အခြေခံ၍ 'သောက်စားဟင်း' ဟု လွယ်လင့်တကူ ခေါ်ဆိုခြင်း ဖြစ်သည်။ စံစကားထက် ပို၍ အနက်အဓိပ္ပာယ် လေးနက်မှုပိုသည်ကို တွေ့ရပါသည်။

## ၇။ ပိရှာ(လျှာ)

စံစကားတွင် 'တို့စရာ' ဟူသော စကားကို မြိတ်ဒေသတွင် 'ပိရှာ' ဟု သုံးနှုန်းခေါ်ဝေါ်ကြသည်။ ငါးပိရည်နှင့် တွဲဖက်တို့စားရသော တို့စရာအစုံအလင်ကို 'ပိရှာ' ဟု စကားကို ချုံ့၍ ပြောဆိုခြင်း ဖြစ်သည်။ 'ငါးပိ' ကို 'ပိ'၊ 'ငါးပိရည်' ကို 'ပိရည်'၊ 'တို့စရာ' ကို 'ပိရှာ' ဟု စကားချုံ့၍ ပြောခြင်းသည် မြိတ်ဒေသ၏ ပင်ကိုဟန် တစ်ခုဖြစ်ပါသည်။

## ၈။ ရေပူကြမ်း

စံစကားတွင် 'ရေနွေးကြမ်း' ဟူသော စကားကို မြိတ်ဒေသတွင် 'ရေပူကြမ်း' ဟု သုံးနှုန်းကြသည်။ 'ပူ' နှင့် 'နွေး' သည် အနက်နီးစပ်မှုရှိသော်လည်း အနက်ချင်းထပ်တူမကျပါ။ နွေးသောအနေအထား မဟုတ်သော ပွက်ပွက်ဆူနေသော ရေကိုလက်ဖက်ခြောက်ခတ်လိုက်ခြင်းကို မြိတ်တွင် 'ရေပူကြမ်း' ဟု ခေါ်သည်။ ပူနွေးသောစမ်းချောင်းကို ရေပူစမ်း ဟု ခေါ်ခြင်းမျိုး ဖြစ်သည်။ 'ရေပူကြမ်း' ဟူသော မြိတ်ဒေသိယစကားအခေါ်အဝေါ်က ပို၍ အသုံးအနှုန်းမှန်ကန်သည်ဟု လေ့လာတွေ့ရှိရပါသည်။

## ၉။ ငွေလရောင်

စံစကားတွင် 'ဆေးကုလားမ' ကို မြိတ်ဒေသတွင် 'ငွေလရောင်' ဟု ခေါ်သည်။ စံဘာသာစကားတွင် အသုံးတွင်နေသော 'ဆေးကုလားမ' ဟူသော စကားသည် မည်သည့်အနက်ကိုစွဲ၍ ခေါ်မှန်းမသိရပါ။ သို့သော် မြိတ်တွင် 'ဆေးကုလားမ'၏ ကြည်လင်သန့်ရှင်းဖြူစင်သော အသွင်အပြင်ကို လရောင်၏ ဖြူစင်သန့်ရှင်းခြင်း

အသွင်အပြင်နှင့် ထပ်တူပြုကာ 'ငွေလရောင်' ဟု တင်စားခေါ်ဝေါ်သော အသုံးအနှုန်း ဖြစ်ပါသည်။

**၁၀။ လုံးစေ့**

စံစကားတွင် 'ပင်ပွား' ဟူသော စကားကို မြိတ်ဒေသတွင် 'လုံးစေ့' ဟု ခေါ်ကြသည်။ ရေစိမ်၍ ပွားများလာသော အမဲအစေ့အလုံးကို စံဘာသာစကားတွင် 'ပင်ပွား' ဟု ခေါ်သော်လည်း မြိတ်ဒေသတွင် 'လုံးစေ့' ဟု စိတ်ကူးထင်ရာ အမည်ပေး တင်စားခေါ်ဝေါ်သော အသုံးအနှုန်း ဖြစ်သည်။

**၁၁။ မုန့်ဖလောင်း**

စံစကားတွင် မုန့်လက်ဆောင်းကို မြိတ်ဒေသတွင် မုန့်ဖလောင်းဟု ခေါ်သည်။ မုန့်ဖလောင်းဟု ခေါ်ရခြင်းမှာ တိရစ္ဆာန်ဖားကောင်မဖြစ်ခင် ဖားလောင်းလေးများ ရေကူးနေသော ပုံသဏ္ဌာန်နှင့် တူသောကြောင့် မုန့်ဖလောင်းဟု တင်စားခေါ်ဝေါ် ကြသည်။ အနက်အဓိပ္ပာယ် လေးနက်မှုရှိပြီး တင်စားမှု ဆန်းသစ်ကြောင်း လေ့လာ သိရှိရပါသည်။

**၁၂။ မုန့်စောင်ခြုံ**

ငှက်ပျောသီးမုန့်ကို မြိတ်ဒေသတွင် မုန့်စောင်ခြုံဟု ခေါ်သည်။ ငှက်ပျောသီးနှင့် ကောက်ညှင်းကို ဆလူရွက်နှင့်ထုပ်ကာ ပေါင်းထားသော မုန့် ဖြစ်သည်။ မုန့်၏ ပုံသဏ္ဌာန်မှာ ကိုယ်ပေါ်တွင် စောင်ခြုံထားသကဲ့သို့ ဖြစ်နေသောကြောင့် မုန့်စောင်ခြုံဟု တင်စားခေါ်ဝေါ်သည်။ ဆက်စပ်တွေးယူကာ ပုံဖော်ယူရသည့် မုန့်အမည် ဖြစ်ပါသည်။

**၁၃။ မုန့်ခွက်သား**

မုန့်လင်မယားကို မြိတ်ဒေသတွင် မုန့်ခွက်သားဟု ခေါ်သည်။ မုန့်ကို ခွက်သားလေးများဖြင့် ထည့်ကာ ပြုလုပ်သောကြောင့် မုန့်ခွက်သားဟု ခေါ်ဆိုခြင်း ဖြစ်သည်။ ဒေသတစ်ခုနှင့်တစ်ခု မုန့်အမျိုးအစား အခေါ်အဝေါ်သည် စိတ်ကူးထင်ရာ ဆက်စပ်တင်စားသတ်မှတ်လေ့ရှိကြောင်း ဗဟုသုတဖြစ်ဖွယ် သိရှိရပါသည်။

## ၁၄။ မုန့်စာဉ

မုန့်နှစ်သားကို ကြာစေ့အရွယ်လုံးကာ ပြုတ်ပြီး ထန်းလျက်ရည်၊ အုန်းနို့ရည် ရောကာ အုန်းသီးဖြူး၍ စားရသော မုန့်ကို မုန့်ကြာစိဟု ခေါ်သည်။ မြိတ်တွင် မုန့်အရွယ်အစားမှာ စာကလေးဉအရွယ် ရှိသောကြောင့် မုန့်စာဉဟု ခေါ်ကြသည်။ ဒေသအလျောက် မုန့်ပြုလုပ်ပုံ အနည်းငယ်သာ ကွာခြားပြီး အမှတ်သညာပေးပုံလည်း ဆန်းပြားကြောင်း သိရှိရပါသည်။

အစားအသောက်ဆိုင်ရာ ဝေါဟာရတို့ကို လေ့လာရာတွင် 'မုန့်ကမဲနို့'၊ 'မုန့်ဖက်လောင်း' စသည့် စကားတို့သည် စံစကားနှင့် ကွဲပြားသော စကားဖြစ်၍ ဆက်စပ်ကာ အဓိပ္ပာယ်ဖော်ယူရသည်။ 'ရေစာ'၊ 'အိုးချက်'၊ 'ပီရှာ' စသည်တို့သည် ရှေ့ဗျည်းကိုဖြုတ်၍ ပြောလေ့ရှိသော်လည်း အချင်းချင်း နားလည်လက်ခံကာ အသုံးပြု ခေါ်ဝေါ်သော စကားများ ဖြစ်ပါသည်။ သူ့အရပ်၊ သူ့ဓလေ့ အခေါ်အဝေါ်တို့သည် စိတ်ဝင်စားဖွယ် ကောင်းပါသည်။

## ၂၊ ၆။ အသီးအနှံဆိုင်ရာ ဒေသိယစကား

စံဘာသာစကားနှင့် မတူကွဲပြားသော မြိတ်ဒေသိယ အသီးအနှံဆိုင်ရာဝေါဟာရ စကားတို့ကိုလည်း စိတ်ဝင်စားဖွယ် လေ့လာတွေ့ရှိရသည်။

| **စံဘာသာစကား** | **မြိတ်ဒေသိယစကား** |
|---|---|
| သီဟိုဠ်သီး | ခရုသီး |
| လိမ္မော်သီး | ချဉ်သီး |
| သီးမွှေးငှက်ပျောသီး | ဆွဲအံသီး |
| ဒူးရင်းသီး | ဇရင်းသီး |
| ကျွဲကောသီး | တာအိုးသီး |
| သဘော်သီး | ရှိန်းခိုသီး |
| ဆီးဖြူသီး | သျှားသီး |
| ဖရဲသီး | စိန်ခွားသီး |
| ဖီးကြမ်းငှက်ပျောသီး | ဘီလားသီး |

| | |
|---|---|
| သခွားမွှေး | တောင်ယာခွားသီး |
| နှင်းသီး | ရေမွှေးသီး |
| ကနစိုသီး | စမ်းဇော့သီး |
| ကန့်စွန်းဥ | မျောက်ခေါင်းသီး |
| ပျားလိမ္မော်(အသေး) | ခြံချဉ်သီး |
| မာလကာချဉ်သီး | ခမောင်းချဉ်သီး |
| မကျည်းသီး | မဂျဲသီး |
| စောင်းလျားသီး | စောင်းပါးသီး |

## ၁။ **ခရုသီး**

စံစကားတွင် 'သီဟိုဠ်သီး' ကို မြိတ်ဒေသတွင် 'ခရုသီး' ဟု ခေါ်ကြသည်။ ခရု၏ ကွေးကွေးဝိုင်းဝိုင်းသဏ္ဌာန်ကို တင်စားကာ သီဟိုဠ်သီးကို 'ခရုသီး' ဟု ခေါ်ခြင်း ဖြစ်သည်။ ပုံသဏ္ဌာန်တူညီမှုကို တင်စားထားသော ဒေသိယစကား ဖြစ်သည်။

## ၂။ **ချဉ်သီး**

စံစကားတွင် 'လိမ္မော်သီး' ဟူသော စကားကို မြိတ်ဒေသတွင် 'ချဉ်သီး' ဟု ခေါ်ကြသည်။ ချဉ်သည့်အရသာရှိသည့် အသီးဖြစ်၍ 'ချဉ်သီး' ဟု အရသာကို အစွဲပြုတင်စားထားသော စကား ဖြစ်သည်။ အရသာတူညီမှုကို ဆက်စပ်ကာ တင်စား ပြောဆိုသည့် ဒေသိယစကား ဖြစ်သည်။

## ၃။ **ဆွဲအံသီး**

စံစကားတွင် 'သီးမွှေးငှက်ပျောသီး' ဟူသော စကားကို မြိတ်ဒေသတွင် 'ဆွဲအံသီး'(ဆင်အံသီး)ဟု ခေါ်ကြသည်။ စံစကားတွင် သီးမွှေးငှက်ပျောသီးကို ဆင်၏ အစွယ်နှင့် ပုံသဏ္ဌာန်တူညီမှုကို ဆက်စပ်တင်စားထားကာ ဆင်စွယ်ငှက်ပျောသီးဟု ခေါ်ဝေါ်သကဲ့သို့ မြိတ်ဒေသတွင် ဆင်၏အစွယ်(အံ)နှင့် ပုံသဏ္ဌာန်တူညီမှုကို တင်စားကာ 'ဆွဲအံသီး' ဟု မြိတ်အသံထွက်အတိုင်း ခေါ်ဝေါ်ထားသော ဒေသိယစကား ဖြစ်ပါသည်။

## ၄။ တာအိုးသီး

စံစကားတွင် 'ကျွဲကောသီး' ဟူသော စကားကို မြိတ်ဒေသတွင် 'တာအိုးသီး' ဟု ခေါ်ကြသည်။ မြိတ်ဒေသတွင် ကျွဲကောသီး၏ အသွင်ပုံသဏ္ဍာန်သည် အတာအိုး နှင့်တူသော အသီးဖြစ်သောကြောင့် (အတာအိုးသီး)ဟု ပုံသဏ္ဍာန် တူညီမှုကို ဆက်စပ်ကာ တင်စားထားခြင်း ဖြစ်ပါသည်။

## ၅။ ဇရင်းသီး

စံစကားတွင် 'ဒူးရင်းသီး' ဟူသော စကားကို မြိတ်ဒေသတွင် 'ဇရင်းသီး' ဟု ခေါ်ကြသည်။ စံဘာသာစကားအတိုင်း ခေါ်ခြင်းဖြစ်သော်လည်း နေရာဒေသ ကွာခြားမှုကြောင့် လေယူလေသိမ်း၊ စကားသံတို့အရ ဝေါဟာရ အနည်းငယ် ကွဲပြား သွားခြင်း ဖြစ်သည်။ ဒူးရင်းသီးကို ဇရင်းသီးဟု ' ဒ > ဇ ' အသံပြောင်း၍ ပြောဆိုခြင်း ဖြစ်ပါသည်။

စံစကားတွင် စကားလုံးဖန်တီးရာတွင် မူလအနက်နှင့် နီးစပ်အောင် စကားလုံး ဖန်တီးလေ့ ရှိသည်။ ဒေသိယစကားအများစုသည် စကားလုံးဖန်တီးရာတွင် တူညီမှု၊ ဆက်စပ်မှုဖြင့် တင်စားကာ ခေါ်ဝေါ်သော စကားအသုံးအနှုန်းများဖြစ်ကြောင်း လေ့လာ တွေ့ရှိရပါသည်။ စံဘာသာစကားနှင့် လေယူလေသိမ်း အနည်းငယ် ကွဲပြားသော ဒေသိယစကားများကို တွေ့ရသကဲ့သို့ အနက်အဓိပ္ပာယ် ဆက်စပ်မှု မထင်ရှားသော ဒေသိယစစ်စစ်များကိုလည်း တွေ့ရှိရပါသည်။

## ၂၊ ၇။ ပန်းဆိုင်ရာ ဒေသိယစကား

မြိတ်ဒေသတွင် ပန်းနှင့်ပတ်သက်သော ဒေသိယစကားများ လေ့လာတွေ့ရှိ ရပါသည်။

| **စံဘာသာစကား** | **မြိတ်ဒေသိယစကား** |
|---|---|
| ဆိပ်ဖလူးပန်း | ရိုးနီပန်း |
| သဇင်ပန်း | ဇဗူပန်း |
| စိန်ပန်းနီ | ရုံးဒေါ်ပြန်ပန်း |
| ဖော်စိမ်းပန်း | ညောင်ရေအိုးပန်း |
| စံပယ်ပန်း | မလိပန်း |

| | |
|---|---|
| စကြော်ပန်း | ကလပ်စကြော်ပန်း |
| ခရေပန်း | ခရားပန်း |
| စိန်ပန်းကလေး | ဒေါင်းစုတ်ပန်း |
| နွယ်ခေါင်းလောင်းပန်း | ပုံးပန်း |
| စံကားစိမ်းပန်း | ဒတ်ကာပန်း |
| ထပ်တရာပန်း | ရှမ်းပန်း၊ ကုလားပန်း |
| လီလီပန်း | မင်္ဂလာပန်း |
| ပုဏ္ဏာရိပ်ပန်း | နတ်ပန်း |
| သုံးရောင်ခြယ်ပန်း | ခြောက်လမညှိုးပန်း |

## ၁။ ရိုးနီပန်း

စံစကားတွင် အဆိပ်ပြေသောပန်းပင် 'ဆိတ်ဖလူးပန်း' ကို မြိတ်ဒေသတွင် 'ရိုးနီပန်း' ဟု ခေါ်သည်။ ထူးထွေတင်စားသုံးထားခြင်းမျိုး မဟုတ်ဘဲ ပန်းပွင့်အရိုးမှ နီမြန်းသည်ကိုကြည့်၍ အရောင်နီးစပ်မှုကို ဆက်စပ်ကာ 'အရိုးနီပန်း'၊ 'ရိုးနီပန်း' ဟု ခေါ်ကြခြင်း ဖြစ်သည်။

## ၂။ ဇဗူပန်း

စံစကားတွင် 'သဇင်ပန်း' ကို မြိတ်ဒေသတွင် ဇမ္ဗူဒီပါတစ်ကျွန်းလုံးတိုင် ပန်းရနံ့ဂုဏ်သတင်း မွှေးပျံ့သောပန်းအဖြစ် 'ဇဗူပန်း' ဟု အလေးအမြတ်တင်စား ခေါ်ဝေါ်ထားခြင်း ဖြစ်သည်။ ယနေ့ခေတ် လူငယ်တို့က စံစကားအတိုင်း 'သဇင်ပန်း' ဟု ခေါ်ဆိုကြသည်။ 'ဇဗူပန်း' ဟူသော စကားသည် တိမ်မြုပ်ပျောက်ကွယ်နေပြီ ဖြစ်သော ဒေသိယစကား ဖြစ်သည်။

## ၃။ ရုံးခေါ်ပြန်ပန်း

စံစကားတွင် 'စိန်ပန်းနီ' ကို မြိတ်ဒေသတွင် ရှေးလူကြီးတို့က 'ရုံးခေါ်ပြန်ပန်း' ဟု ခေါ်သည်။ ရှေးအခါက အဝေးတစ်နေရာ၌ အမှုထမ်းနေသော ချစ်သူမောင်သည် မိန်းကလေးအတွက် အလွမ်းပြေလက်ဆောင်အဖြစ် လမ်းတွင်ပွင့်နေသော အနီရောင် အဆင်းရှိသည့် ပန်းကို ခူး၍ပေးသည်။ ထိုအခါ မိန်းကလေးက ချစ်သူပေးသော

ပန်းခက်ကို အလွမ်းပြေ မိမိအိမ်ရှေ့တွင်စိုက်သည်။ ထိုပန်းအမည်ကို မသိသော်လည်း ချစ်သူမောင် ရုံးအပြန် လက်ဆောင်ပေးသော ပန်းဖြစ်၍ 'ရုံးဒေါ်ပြန်ပန်း' ဟု တင်စား ခေါ်ဝေါ်သည်။ ယနေ့ခေတ် လူငယ်များက ထိုပန်းကို 'စိန်ပန်းနီ' ဟုသာ သိကြသည်။

## ၄။ ဘုရားေညာင်ရေအိုးပန်း

စံစကားတွင် 'ဇော်စိမ်းပန်း' ကို မြိတ်ဒေသတွင် 'ညောင်ရေအိုးပန်း' ဟု ခေါ်လေ့ ရှိပါသည်။ ညောင်ရေအိုးပန်းဟု ခေါ်ရခြင်းမှာ ဘုရားစေတီပုထိုးများတွင် များသောအားဖြင့် ကပ်လှူပူဇော်လေ့ရှိသောကြောင့် ဖြစ်သည်။ ဇော်စိမ်းပန်းကို ကပ်လှူရာ အိမ်ကို အေးချမ်းစေသည်ဟု ယူဆကြသည်။ ရေမှန်မှန်လဲပေးပါက စိမ်းလန်းကာ အမြစ်တွယ်လာသည့်အထိ ရေရှည် ကပ်လှူထားနိုင်သောကြောင့် ဖြစ်သည်။ ဘုရားညောင်ရေအိုးတွင် အစဉ်တွေ့မြင်ရသော ပန်းဖြစ်သောကြောင့် ညောင်ရေအိုးပန်းဟု ခေါ်ရခြင်း ဖြစ်သည်။

## ၅။ မလိပန်း၊ လိပန်း

စံစကားတွင် 'စံပယ်ပန်း' ကို မြိတ်ဒေသတွင် 'မလိပန်း' ဟု ခေါ်သည်။ မလိ >မလိယ် ဟူသော စကားသည် မွန်ဘာသာမှ အသွင်ပြောင်းမွေးစားထားသော စကား ဖြစ်ပါသည်။ 'မလိပန်း' ဟူသော စကားသည် မြိတ်ဒေသတွင် ရှေးလူကြီးတို့ ပြောဆိုသော စကား ဖြစ်သည်။ ယနေ့ခေတ် လူငယ်တို့က 'စံပယ်ပန်း' ဟုသာ ခေါ်ဝေါ်ကြသည်။

## ၆။ ကလပ်စကြာပန်း

စံစကားတွင် 'စကြာပန်း' ဟု ခေါ်သော ပန်းကို မြိတ်ဒေသတွင် 'ကလပ် စကြာပန်း' ဟု ခေါ်သည်။ စကြာနှင့် အသွင်ပုံသဏ္ဌာန်တူသောကြောင့် 'စကြာပန်း' ဟု စံဘာသာစကားအတိုင်း ခေါ်ဝေါ်ခြင်း ဖြစ်သည်။ သို့သော် စကြာပန်းသည် ခရေပန်း၊ စံပယ်ပန်းတို့ကဲ့သို့ ကြိုးဖြင့် သီလေ့မရှိ။ ဘုရားကပ်လှူ ပူဇော်သော ကလပ်ဖြင့်သာ ပူဇော်သော ပန်းဖြစ်သောကြောင့် 'ကလပ်စကြာပန်း' ဟု ခေါ်သည်။

## ၇။ ပုံးပန်း

စံစကားတွင် ခေါင်းလောင်းပုံသဏ္ဌာန် အဝါရောင်ပန်းပွင့်ကို 'နွယ်ခေါင်းလောင်းပန်း' ဟု ခေါ်သည်။ မြိတ်ဒေသတွင် 'နွယ်ခေါင်းလောင်းပန်း' ကို 'ပုံးပန်း' ဟု ခေါ်သည်။

ပန်းပွင့်အရိုးလေးကို မှုတ်ရာ ပူဖောင်းလေးများထွက်လာသည့်အတွက် 'ပူဖောင်းပန်း၊ ပုံးပန်း' ဟု ခေါ်ခြင်း ဖြစ်သည်။

ရှေးလူကြီးတို့ အသုံးပြုခဲ့သော ပန်းဆိုင်ရာဒေသိယစကားတို့သည် ခေတ်ကာလ ကြာလာသည်နှင့်အမျှ ပျောက်ကွယ်မှု ရှိလာပါသည်။ ရှေးက အခေါ်အဝေါ် အသုံး အနှုန်းများ ပျောက်ကွယ်လာပြီး ယခုအခါတွင် စံဘာသာစကားအတိုင်း ခေါ်ဝေါ် သုံးနှုန်းမှု အမည်မှည့်ခေါ်မှုများ ရှိလာသည်ကို တွေ့ရှိရသည်။

## ခြုံငုံသုံးသပ်ချက်

မြိတ်ဒေသတွင် နေ့စဉ်ပြောဆိုသုံးနှုန်းနေသော စကားသံတို့သည် နေရာ ဒေသကို လိုက်၍ ကွဲပြားသွားသော အသွင်ကွဲမြန်မာစကားပင် ဖြစ်ပါသည်။ မြိတ်ဒေသတွင် မြန်မာစကားကို ပြောဆိုနေသော်လည်း စကားသံများမှာ ထူးခြားမှု ရှိပါသည်။ စံစကားနှင့် တစ်ထပ်တည်းတူညီသော၊ ကွဲပြားသော ဒေသိယစကားများ တွေ့ရှိရပါသည်။ ကွဲပြားသော ဒေသိယစကားများ လေ့လာရာ အနက်တူ ရုပ်သွင်ကွဲ ဒေသိယစကားများ မီးပူ(ကြွေအိုး)၊ မီးပျက်(မီးသေ)ဟု သုံးနှုန်းကြောင်း တွေ့ရ ပါသည်။ ထမီတစ်ထည်(ထမီတစ်လုံး)၊ ကွမ်းတစ်ယာ(ကွမ်းတစ်လက်)၊ သီဟိုဠ်သီး တစ်ထုပ်(ခရသီးတစ်ကြုပ်)၊ ထမင်းတစ်ဘူး(မင်းတစ်ပုံး) ဟူသော မျိုးပြကွဲပြားသော ဒေသိယစကားများ ထူးခြားပုံ တွေ့ရသည်။ မြင်းခွာရွက်(ယောက္ခမရေကြောက်ရွက်)၊ ရတ်တရက်(ဖတ်တလက်)၊ နှာစေး(ဆောင်းပြေးသင့်) ဟူသော ပျောက်ကွယ်လုနီးပါး ဖြစ်သော ပုဂံခေတ် အသုံးအနှုန်းများ၊ ပိုက်ဆံ(ကြေးပြား)၊ ဦးထုပ်(ခမောက်)၊ လက်သမား(ဗိသကာ) ဟူ၍ ရှေးမြန်မာကြီးတို့ ပြောဆိုသော ဒေသိယစကားများကို ယနေ့တိုင် သုံးစွဲနေကြောင်း လေ့လာတွေ့ရှိရပါသည်။ ရှေးမြန်မာတို့ ခေါ်ဝေါ်ပြောဆိုသော မိန်းကလေး အမည်ရှေ့ဆက် 'အိုဝ်၊ အို့' စကားကို မြို့နှင့်ဝေးသော ကျေးလက် ဒေသတွင် ပြောဆိုနေကြောင်း သိရပါသည်။ ဆေးကုလားမ(ငွေလရောင်)၊ ပင်ပွား (လုံးစေ့)၊ မုန့်ဖက်ထုပ်(မုန့်ကမဲနို့)၊ မုန့်လက်စောင်း(မုန့်ဖလောင်း) စသည်ဖြင့် တူညီမှု၊ ဆက်စပ်မှုအရ တင်စားထားသော မုန့်အမည်များကို စိတ်ဝင်စားဖွယ် လေ့လာတွေ့ရှိ ရပါသည်။ သဘော်သီးထောင်း(ရှမ်းထောင်း)၊ ခေါက်ဆွဲပြုတ်(လော်မီ)၊ ဝက်သား ကောက်ညှင်းထုပ်(ဖောင်းဆန်) စသည်ဖြင့် မွေးစားယူငင်သုံးစွဲထားသော အစားအသောက် အမည်များကို လေ့လာတွေ့ရှိရပါသည်။ စံဒေသ မုန့်ပြုလုပ်ရာ ထန်းလျက်၊ မြိတ်ဒေသ မုန့်ပြုလုပ်ရာ ဓနိချိုရည်ခဲ ဟု အသုံးပြုလေ့ ရှိပါသည်။ ဓနိရည်ကို အချဉ်ဖောက်၍ ရသော ပအုံးရည်ကို ဗာနီကာအဖြစ် အစားအသောက်ထည့်သွင်းအသုံးပြုသကဲ့သို့ ဓနိရည်ချိုခဲကို ကျိုချက်ကာ အစားအသောက်တွင် ပျားရည်ထည့်သွင်း အသုံးပြုလေ့

ရှိပါသည်။ ခနိရည်သည် ပျားရည်ကဲ့သို့ ချိုသောကြောင့် ပျားရည်ဟု ခေါ်သည်။ မြိတ်ဒေသ ထူးခြားသော ဒေသထွက်အစားအသောက်ဆိုင်ရာ ဒေသိယစကားများ အဖြစ် လေ့လာတွေ့ရှိရပါသည်။

ကျွဲကောသီး(တာအိုးသီး)၊ ဖရဲသီး(စိန်ခွားသီး) စသည်ဖြင့် အနက် အဆက်အစပ် ဖော်ယူနိုင်သော ဒေသိယစကားများ၊ သဘော်သီး(ရှိန်းခိုသီး)၊ ဖီးကြမ်းငှက်ပျောသီး (ဘီလားသီး) စသည်ဖြင့် အနက်ဆက်စပ်မရသော ဒေသိယစကားများလည်း တွင်တွင် ကျယ်ကျယ် အသုံးပြုနေကြောင်း သိရှိရပါသည်။

အကြောင်းအရာ ပုံသဏ္ဍာန် တူညီမှု၊ ဆက်စပ်မှုအရ တင်စားခေါ်ဝေါ်သော ပန်းနှင့်ပတ်သက်သော ဒေသိယစကားတို့ကိုလည်း စိတ်ဝင်စားဖွယ် လေ့လာတွေ့ရှိ ရပါသည်။

မြိတ်ဒေသတွင် ရှေးသုံးစကားကို အသက်အရွယ်ကြီးရင့်သော မိအိုဖအို များသာ ပြောဆိုကြပြီး လူငယ်များအကြားတွင် ပြောဆိုမှု နည်းပါးလာပါသည်။ ရှေးလူကြီးတို့ ပြောဆိုသော ဒေသိယစကား အတော်များများ တိမ်မြုပ်ပျောက်ကွယ် လုနီးပါး ဖြစ်လာပါသည်။ စံစကား လွှမ်းမိုးမှုအားကောင်းလေလေ ဒေသိယစကား စစ်စစ်တို့ မနှေးမမြန် ပျောက်ကွယ်လေလေ ဖြစ်မည်ဟု ထင်မြင်မိပါသည်။

## နိဂုံး

ဒေသိယစကားသည် ဘိုးဘွားစဉ်ဆက် ပြောဆိုလာကြသော ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ် ဖြစ်ပါသည်။ မြိတ်ဒေသိယစကားကို လေ့လာခြင်းသည် မြိတ်ဒေသ၏ ယဉ်ကျေးမှု တစ်စိတ်တစ်ဒေသကို လေ့လာရာ ရောက်ပေသည်။ မြိတ်သူမြိတ်သားတို့ ပြောဆိုသုံးနှုန်းနေကြသော ဒေသိယစကားလုံးတို့၏ အနက်ထူးကို ခေတ်ကာလ ပြောင်းလဲလာသောအခါ ခေတ်လူငယ်တို့ မသိကြတော့သည်များ ရှိလာ ကြပါသည်။ ထို့ကြောင့် ဤစာတမ်းသည် ဘာသာစကားယဉ်ကျေးမှု အမွေအနှစ်များ ဆက်လက် ထိန်းသိမ်းစောင့်ရှောက်စေသကဲ့သို့ မြိတ်ဒေသ အကျိုးပြုစာတမ်း ဖြစ်ပါသည်။

## **နောက်ဆက်တွဲ**

## **အမေးခံပုဂ္ဂိုလ်များ**

| **စဉ်** | **အမည်** | **အသက်** | **အလုပ်အကိုင်** |
|---|---|---|---|
| ၁။ | ဒေါ်အေးကြည် | (၈၅)နှစ် | အိမ်ထောင်ဦးစီး |
| ၂။ | ဦးကျော်သာ | (၆၅)နှစ် | အလုပ်သမား |
| ၃။ | ဦးတင်ဦး | (၆၀)နှစ် | ဆိုင်ကယ်ကယ်ရီ |
| ၄။ | ဒေါ်ဥမ္မာသောင်း | (၄၅)နှစ် | ကထိက |
| ၅။ | ဒေါ်နီနီစိုး | (၄၅)နှစ် | ဈေးသည် |
| ၆။ | မမီးမီး | (၂၈)နှစ် | ကွမ်းသီးနှင့် သီဟိုဠ်စေ့ပွဲရုံ |
| ၇။ | မပြည့်ဖြိုးဦး | (၂၇)နှစ် | သူနာပြု |
| ၈။ | မောင်စိုးထွေး | (၂၃)နှစ် | မဟာကျမ်းပြု |
| ၉။ | မနန္ဒာဖြိုး | (၂၂)နှစ် | မဟာကျောင်းသူ |
| ၁၀။ | မဝင့်ဝါဖူး | (၂၂)နှစ် | မဟာကျောင်းသူ |
| ၁၁။ | မသော်ဇင်မြင့်မြတ် | (၂၀)နှစ် | ဂုဏ်ထူးတန်းကျောင်းသူ |
| ၁၂။ | မောင်အာကာ | (၁၇)နှစ် | ပထမနှစ်ကျောင်းသား |
| ၁၃။ | မသန္တာထွေး | (၁၇)နှစ် | ပထမနှစ်ကျောင်းသူ |

# ကျမ်းကိုးစာရင်း


## မြန်မာဘာသာ

ကျော်အောင်စံထားဆရာတော်၊ (ဒုတိယ)။ (၁၉၆၆)။ ***ဝေါဟာရတ္ထပကာသနီကျမ်း***။ ဒုတိယအကြိမ်။ ရန်ကုန်၊ လယ်တီပဏ္ဍိုင်ပုံနှိပ်တိုက်။

ခင်ခင်ယု၊ ဒေါက်တာ။ (၂၀၀၄)။ ***မြိတ်နှင့် ပုလောဒေသိယစကားများ နှိုင်းယှဉ်လေ့လာချက်***။ မြိတ်တက္ကသိုလ်။

ခင်အေး၊ ဒေါက်တာ။ (၂၀၀၄)။ ***အတ္ထဗေဒနိဒါန်း***။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

ဇင်မိုစံ။ (၂၀၁၆)။ ***ရှေးခေတ်သုံး မြိတ်ဒေသိယစကားကို စံဘာသာစကားနှင့် နှိုင်းယှဉ်လေ့လာချက်***။ မြိတ်တက္ကသိုလ်။

တင်ဇေ၊ (ဦး)။ (၁၉၇၅)။ ***မြန်မာဘာသာစကား၏ဒေသိယစကားများ လေ့လာမှု***။

ဖြူစင်ဖွေး၊ ဒေါ်။ (၂၀၁၈)။ ***မြိတ်ဒေသမှ မုန့်ဝေါဟာရ၏အမည်များကို ဥပစာတင်စားမှုဖြင့် လေ့လာခြင်း***။ မြိတ်တက္ကသိုလ်။

မောင်ရွှေ၊ မောင်။ (၁၉၇၅)။ ***အခြေပြမြိတ်မှတ်တမ်းအကျဉ်း***။ ရန်ကုန်၊ သမီးနှင့်သားပုံနှိပ်တိုက်။

မောင်မောင်ဦး။ (၂၀၀၉)။ ***ရမည်းသင်းမြို့နယ် ဒေသိယစကားလေ့လာချက်***။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။

***မြိတ်မြို့လေးကျွန်းဆီမီးသိမ်တော်ကြီးသမိုင်းအကျဉ်းချုပ်***။ မြိတ်မြို့။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန်***။ ပထမအကြိမ်။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

အောင်မြင့်ဦး၊ (ဒေါက်တာ)။ (၂၀၀၃)။ ***လူမှုဘာသာဗေဒမိတ်ဆက်***။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။

## အင်္ဂလိပ်ဘာသာ

Myeik University, (2009). Research Journal. Vol.1, No.1, Myeik University of Education.

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# ထိုင်း၊ မြန်မာ နှစ်ဘာသာ၏ စကားလုံးအသုံးပြုပုံ၊ ဝါကျတည်ဆောက်ပုံ တွေးခေါ်ယူဆချက်များကို အတ္ထဗေဒ၊ လက်တွေ့အတ္ထဗေဒ ရှုထောင့်မှ လေ့လာတင်ပြခြင်း

ခိုင်ချိုလတ် *

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ထိုင်းဘာသာနှင့် မြန်မာဘာသာအသုံးများတွင် ကြိယာစကားလုံးများ အသုံးပြုရာ၌ အချို့နေရာများတွင် အတွေးအခေါ် အယူအဆ ကွဲလွဲချက်များ ရှိသကဲ့သို့ တူညီမှုများ ရှိနေကြောင်းလည်း တွေ့ရှိရပါသည်။ ယင်းကြိယာစကားလုံးအသုံးများအပြင် နာမ်စကားလုံး တည်ဆောက်ပုံများသည်လည်း မြန်မာဘာသာစကားနှင့် ကွဲလွဲချက်များ၊ တူညီချက်များကို စိတ်ဝင်စားဖွယ် တွေ့ရှိရပါသည်။ ဝါကျတည်ဆောက်ပုံအပိုင်းတွင်လည်း မြန်မာဘာသာ ဝါကျတည်ဆောက်ပုံနှင့် တူညီမှု မရှိကြောင်း တွေ့ရှိရသဖြင့် ထိုင်း၊ မြန်မာဘာသာ အသုံးများ၏ တူညီမှု ကွဲလွဲမှုများကို နှိုင်းယှဉ်လေ့လာတင်ပြထားပါသည်။ ဤသုတေသနကို ပြုစုရာတွင် ၂၀၁၅ ခုနှစ် မှ ၂၀၁၈ခုနှစ် အထိ ထိုင်းနိုင်ငံ မဟာစာရက်ခမ်တက္ကသိုလ် မြန်မာစာဌာန၌ ထိုင်းလူမျိုး တက္ကသိုလ်ကျောင်းသားများအား မြန်မာစာပေ သင်ကြားပို့ချခဲ့သည့် (၃)နှစ်တာကာလအတွင်း လေ့လာတွေ့ရှိချက်များကို သုတေသနပြုလုပ် တင်ပြထားပါသည်။ ဤသုတေသနသည် ထိုင်းဘာသာ သင်ကြားနေသည့် မြန်မာလူမျိုးများနှင့် မြန်မာဘာသာ သင်ကြားနေသည့် ထိုင်းလူမျိုးများအတွက် အကျိုးရှိမည့် သုတေသနတစ်ခု ဖြစ်မည်ဟု ယူဆမိပါသည်။

**သော့ချက်ဝေါဟာရများ – *အတ္ထဗေဒ၊ လက်တွေ့အတ္ထဗေဒ၊ ထိုင်းစကားလုံးအသုံးများ။***

## နိဒါန်း

ယခုအခါတွင် နိုင်ငံခြားသားများ မြန်မာဘာသာစကားများကို တွင်တွင်ကျယ်ကျယ် သင်ကြားနေကြပါသည်။ ကမ္ဘာနိုင်ငံအချို့ရှိ တက္ကသိုလ်များတွင်လည်း အဓိကအထူးပြုဘာသာရပ်အနေနှင့် မြန်မာစာဘာသာရပ်ကို သင်ကြားနေကြပြီး အထူးပြုဘာသာရပ်၊ ဒုတိယအထူးပြု ဘာသာရပ်များအဖြစ် အသီးသီး ပို့ချလျက် ရှိကြပါသည်။ ထိုသို့ နိုင်ငံခြားသားများကို သင်ကြားပို့ချရာတွင် မြန်မာစာပေကို သင်ယူနေကြသူများ၌ ဖြစ်ပေါ်လာသော အခက်အခဲများနှင့် အမှားအယွင်းများကို လေ့လာတွေ့ရှိ

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ မဟာစာရက်ခမ်တက္ကသိုလ်၊ ထိုင်းနိုင်ငံ

ရပါသည်။ ထိုအခက်အခဲများနှင့် အမှားအယွင်းများသည် မြန်မာစာပေ သင်ယူနေကြသော နိုင်ငံခြားသားကျောင်းသားများက မိမိတို့နိုင်ငံနှင့် လူမျိုးတို့၏ ဓလေ့ထုံးစံယဉ်ကျေးမှုများကို အခြေခံ၍ လည်းကောင်း၊ မိမိတို့စာပေ ဘာသာစကားများကို အခြေခံ၍ လည်းကောင်း၊ လေ့လာမှုပြုလုပ်သည်ကို တွေ့ရှိရသည့်အပြင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ သုံးစွဲပုံ အသုံးအစွဲများ အယူအဆများ ကွာခြားမှုများကို သဘောပေါက်နားလည်မှု မရှိ၍လည်း အမှားအယွင်းများ ဖြစ်ပေါ်လာကြပါသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ ဘာသာနှင့်စာပေကို လေ့လာသင်ယူလိုလျှင် လည်းကောင်း၊ သင်ကြားပို့ချရာ၌ လည်းကောင်း၊ ယင်းနိုင်ငံ၏ ဓလေ့ထုံးစံ အယူအဆများနှင့် အသုံးအစွဲများအကြောင်းကို သိရှိထားရန် လိုအပ်ပါသည်။ သို့မှသာ စာပေသင်ကြားပို့ချခြင်း၊ လေ့လာဆည်းပူးခြင်းတို့၌ အခက်အခဲ အမှားအယွင်းများကို သိရှိကျော်လွှားနိုင်မည်ဖြစ်သည်။ ယခုသုတေသနသည် ထိုင်းနိုင်ငံ၏ ဘုရင့်တက္ကသိုလ် တစ်ခုဖြစ်သော မဟာစာရက်ခမ်တက္ကသိုလ်တွင် သုံးနှစ်ကျော် သင်ကြားပို့ချလျက်ရှိသော အတွေ့အကြုံအခက်အခဲများအပေါ်တွင် မူတည်၍ ဤသုတေသနကို ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။

## ၁။ သုတေသနပြုရခြင်း ရည်ရွယ်ချက်

ထိုင်းနိုင်ငံ မဟာစာရက်ခမ်တက္ကသိုလ် မြန်မာစာဌာနတွင် (၃)နှစ်ကျော် တာဝန်ထမ်းဆောင်နေချိန်အတွင်း သင်ကြားနေကြသော ကျောင်းသားများသည် မြန်မာစာပေ ရေးသားခြင်း၊ မြန်မာစကား ပြောကြားခြင်းများ၌ အမှားအယွင်းများ လွဲချော်မှုများသည် အများစု တူညီနေသည်ကို သတိပြုမိပါသည်။ ကျောင်းသားများသည် အမှားများ ဘာကြောင့် တူညီနေကြသည်ကို လေ့လာကြည့်မိပါသည်။

ထိုအခါတွင် ကျောင်းသားများသည် မိမိတို့၏ဘာသာစာပေ သဒ္ဒါအရေးအသားများနှင့် ညှိနှိုင်းလေ့လာခြင်း၊ မိမိတို့၏ စကားလုံးအသုံးအနှုန်းများကို အဘိဓာန်တွင်ကြည့်၍ တိုက်ရိုက်ဘာသာပြန်ဆိုခြင်း၊ မိမိတို့လူမျိုး၏ ဓလေ့ထုံးစံများ အတွေးအခေါ်အယူအဆများကို ထည့်သွင်းလေ့လာခြင်းတို့ကြောင့် ဘာသာစကားအမှားများ၊ လွဲချော်မှုများဖြစ်ပေါ်လာကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ဤအမှားအယွင်း လွဲချော်မှုများကို ပြုပြင်ရန် မိမိနိုင်ငံရှိ ဘာသာစာပေ အယူအဆများနှင့် ပို့ချသင်ကြားနေသော နိုင်ငံနှင့်လူမျိုး၏ ဘာသာစာပေ အယူအဆများကို ယှဉ်တွဲလေ့လာကြည့်ပါက ဘာသာစကားများသင်ယူမှု၊ သင်ကြားမှုအပေါ်တွင် များစွာ အထောက်အကူပြုနိုင်ကြောင်း တွေ့ရှိရသဖြင့် ဤသုတေသနကို ပြုလုပ်ရန် ရည်ရွယ်ခဲ့ပါသည်။

ထိုသို့ ညှိနှိုင်းလေ့လာရာတွင် မြန်မာဘာသာစကားနှင့် စာပေကို လေ့လာနေကြသော နိုင်ငံခြားသားများသည် မြန်မာစာပေ၊ ဘာသာစကားနှင့် မြန်မာလူမျိုးတို့၏ တွေးခေါ်ယူဆပုံများကို အတန်အသင့် သိရှိနားလည်ခဲ့လျှင် မြန်မာစာပေကို ဆက်လက်လေ့လာရာ၌ များစွာ အကျိုးကျေးဇူးရှိမည်ဟု ယုံကြည်သဖြင့် ဤသုတေသနကို ပြုလုပ်ခဲ့ပါသည်။

## ၂။ သုတေသနပြဿနာနှင့် မေးခွန်း

(၁) နိုင်ငံတစ်နိုင်ငံ၏ ဘာသာစကားနှင့် စာပေကို မည်သို့လေ့လာနိုင်သနည်း။

(၂) နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ၏ အတွေးအခေါ် အယူအဆများ မတူညီမှုကြောင့် တိုင်းခြားဘာသာစကားကို သင်ယူရာ၌ မိမိတို့လူမျိုး၊ စာပေ၊ အတွေးအခေါ်၊ အယူအဆများက မည်သို့လွှမ်းမိုးမှုများ ရှိနေနိုင်သနည်း။

(၃) ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံဖြစ်သဖြင့် ဘာသာစကားနှင့် စာပေများ အတွေးအခေါ် အယူအဆများ စကားလုံးအသုံးပြုမှုများ နီးစပ်တူညီမှုများ ရှိပါသလား။

(၄) ထိုင်းနိုင်ငံလူမျိုးများသည် မြန်မာစာပေကို လေ့လာရာ၌ လည်းကောင်း၊ မြန်မာလူမျိုးများသည် ထိုင်းစာပေကို လေ့လာရာ၌ လည်းကောင်း မည်သည့်အခက်အခဲများ ရှိနိုင်ပါသနည်း။

## ၃။ သုတေသနနယ်ပယ်

ထိုင်းနိုင်ငံ မဟာစာရက်ခမ်မြို့ရှိ မဟာစာရက်ခမ်တက္ကသိုလ်တွင် သုတေသနပြုသူသည် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန လက်အောက်ရှိ အာဆီယံနိုင်ငံများ ဘာသာစကားသင်ကြားမှုဌာနမှ မြန်မာစာဌာနတွင် ကထိကအဖြစ် တာဝန်ထမ်းဆောင်နေသည်မှာ ယခုအချိန်အထိ (၃)နှစ်ကျော် ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။

ထိုင်းနိုင်ငံ မဟာစာရက်ခမ်မြို့သည် ထိုင်းနိုင်ငံ၏ မြို့တော်ဖြစ်သည့် ဘန်ကောက်မြို့နှင့် (၅၅၀)ကီလိုမီတာခန့် ကွာဝေး၍ ဘန်ကောက်မှတစ်ဆင့် ကားနှင့်လာလျှင် (၇)နာရီခန့် ကြာမြင့်ပါသည်။ လာအို၊ ကမ္ဘောဒီးယားနှင့် နယ်နိမိတ်ခြင်းဆက်စပ်နေသည်။ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား နယ်စပ်မြို့ တစ်မြို့လည်း ဖြစ်ပါသည်။ ယင်းမဟာစာရက်ခမ်မြို့လေးသည် တက္ကသိုလ်ကြီး (၈)ခုနှင့် ပြည့်လျက်ရှိပြီး ထိုင်းနိုင်ငံ၏

ပညာရေးဖုံ နယ်မြေတစ်ခုဟု သတ်မှတ်နိုင်ပါသည်။ စာပေသင်ကြားနေကြသော ကျောင်းသားများသည်လည်း ထိုင်းလူမျိုးများအပြင် လာအို၊ ကမ္ဘောဒီးယားလူမျိုးများ ထိုင်း–လာအို၊ ထိုင်း–ကမ္ဘောဒီးယား ကပြားများလည်း ရှိပါသည်။ ယင်းဒေသရှိ လာအို၊ ကမ္ဘောဒီးယားလူမျိုးအများစုမှာ ထိုင်းစကားပြော၍ ထိုင်းစာပေ တတ်ကြပါသည်။ ထိုင်းနိုင်ငံ၏ အရှေ့မြောက်ပိုင်းဒေသ **အီစံဒေသ၊ အီစံ** လူမျိုး ဟူ၍ သိရှိကြပါသည်။

သုတေသနပြုသူသည် မဟာစာရက်ခမ်တက္ကသိုလ်တွင် မြန်မာစာပေကို သင်ကြားပို့ချပေးနေချိန်တွင် ကျောင်းသားများ၏ မှားယွင်းစွာ ပြောကြားမှုများ၊ စာပေအရေးအသား အမှားများ တွေ့ရှိခဲ့ပါသည်။ ထိုအမှားများသည် ကျောင်းသား အများစု၏ တူညီသော အမှားများဖြစ်သဖြင့် စစ်တမ်းကောက်ယူခဲ့ပါသည်။

ယခုအခါတွင် သုတေသနပြုသူသည် ယင်းတက္ကသိုလ်ရှိ မြန်မာစာဌာန အတွက် မြန်မာစာသင်ရိုးစာအုပ်များကို ရေးသားပြုစုလျက် ရှိပါသည်။ ထိုသင်ရိုး များကိုလည်း ကျောင်းသားများ၏ အမှားများအပေါ် အခြေခံ၍ ရေးဆွဲနေပါသည်။

ဤသုတေသနသည် မဟာစာရက်ခမ်တက္ကသိုလ်ရှိ မြန်မာစာအထူးပြုနှင့် အဓိကသင်ကြားခဲ့ကြသော၊ ကျောင်းသား အယောက် (၅၀)ကျော်အပေါ် စစ်တမ်း ကောက်ယူ၍ ထိုကျောင်းသားများကို ဤသုတေသနနယ်ပယ်ဟု သတ်မှတ်ပါသည်။ ထိုကျောင်းသားများ၏ အမှားအယွင်းအပေါ် အချက်အလက်များ စုဆောင်းခဲ့ပါသည်။

## ၄။ သုတေသန အစီအစဉ်

ဤသုတေသနတွင် စစ်တမ်းကောက်ယူထားသော အချက်အလက်များအပေါ်တွင် မူတည်၍ အပိုင်းများ ခွဲခြားတင်ပြသွားပါမည်။ ဝါကျဖွဲ့စည်းပုံများ၊ ပေါင်းစပ်နာမ် ဖွဲ့စည်းပုံ၊ ပေါင်းစပ်နာမဝိသေသန ဖွဲ့စည်းပုံ၊ ကြိယာအသုံးများ၊ ကြိယာထောက် အသုံး၊ ကြိယာဝိသေသနအသုံးများနှင့် ပေါင်းစပ်ကြိယာ ဖွဲ့စည်းပုံများကို မြန်မာ ဘာသာနှင့် ထိုင်းဘာသာ နှိုင်းယှဉ်၍ တင်ပြသွားပါမည်။ ထို့အပြင် ထိုင်း၊ မြန်မာ နှစ်ဘာသာ၏ မျိုးပြအသုံးများနှင့် တွေးခေါ်ယူဆပုံများ၊ ထိုင်းလူမျိုး၊ မြန်မာလူမျိုး များတို့၏ အတွေးအခေါ် အယူအဆများကို အတ္ထဗေဒရှုထောင့်၊ လက်တွေ့ အတ္ထဗေဒ ရှုထောင့်တို့မှ တွေးခေါ်၍ ယှဉ်တွဲလေ့လာတင်ပြသွားပါမည်။

ထိုင်း၊ မြန်မာ နှစ်ဘာသာ၏ စကားလုံးအသုံးပြုပုံ၊ ဝါကျတည်ဆောက်ပုံ တွေးခေါ်ယူဆချက်များကို အတ္ထဗေဒ လက်တွေ့အတ္ထဗေဒရှုထောင့်မှ လေ့လာသော ဤသုတေသနတွင်–

၁။ ထိုင်း မြန်မာ ဝါကျတည်ဆောက်ပုံများ

၂။ ပေါင်းစပ်နာမ်၊ ပေါင်းစပ်နာမဝိသေသန အသုံးများ

၃။ (က) ထိုင်း မြန်မာ ကြိယာစကားလုံး အသုံးပြုပုံများ

(ခ) ထိုင်း မြန်မာ ပေါင်းစပ်ကြိယာ အသုံးများ

(ဂ) ထိုင်း မြန်မာ ကြိယာထောက် အသုံးများ

(ဃ) ထိုင်း မြန်မာ ကြိယာဝိသေသန အသုံးများ

၄။ ထိုင်း မြန်မာ မျိုးပြနာမ်အသုံးနှင့် အတွေးအခေါ်များ

၅။ ထိုင်း မြန်မာ လူမျိုးတို့၏ တွေးခေါ်ယူဆချက်များ

၆။ သုံးသပ်ချက်

ဟူ၍ ခွဲခြားတင်ပြသွားပါမည်။

## ၁။ ဘာသာစကား လေ့လာခြင်း

ရှေးယခင်ကပင် နိုင်ငံအချင်းချင်း ဘာသာစကားကို လေ့လာခဲ့ကြပါသည်။ စိတ်ဝင်စားခဲ့ကြပါသည်။ ဘာသာစကားကို လူသားတို့ စိတ်ဝင်စားခဲ့ကြသည်မှာ ကာလကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။ ခေါမခေတ်၊ ရောမခေတ်က စတင်ခဲ့ခြင်း ဖြစ်ပါသည်။ ခေါမနိုင်ငံ၏ ဒဿနပညာရှင် **ပလာတုန်း** သည် နာမ်နဲ့ ကြိယာကို ပထမဆုံး စတင်ခွဲခြားသိမြင်ခဲ့သူ ဖြစ်သည်ဟု မှတ်သားဖူးပါသည်။

အိန္ဒိယပြည်ကို ဗြိတိသျှတို့ သိမ်းပိုက်ပြီးနောက် **ဝီလျံဂျုံး** ဆိုသူ ဗြိတိသျှလူမျိုး အရာရှိကြီးသည် အိန္ဒိယ တိုင်းရင်းဘာသာစကားများကို လေ့လာခဲ့ရာ 'သင်္သကရိုက်'[၁] ခေါ် သက္ကတ(သက္ကဋ္ဌ)စကားမှ စကားလုံးများသည် အင်္ဂလိပ်၊ ပြင်သစ်၊ အီတလီ စသော ဥရောပစကားများနှင့် သွားတူနေသည်ကို တွေ့ရသဖြင့် ဆက်လက်လေ့လာပြီး တွေ့ရှိချက်များကို ၁၇၈၆ တော်ဝင်အာရှအသင်းကြီး အစည်းအဝေးတွင် စာတမ်းတစ်စောင် ရေးသားဖတ်ရှုခဲ့ပါသည်။ သက္ကတ၊ ခေါမ၊ လက်တင်၊ ကဲလတစ်၊ ဂျာမန် အားလုံးမှာ ထူးထူးခြားခြား အဆောက်အအုံ တူညီမှုကို တွေ့ရှိရပြီး ဘုံဘာသာစကားတစ်ခုမှ ဆင်းသက်လာခြင်း ဖြစ်ရမည်ဟု ထိုစာတမ်းဖြင့် ထောက်ပြထားပါသည်။

---

[၁] Sanskrit

ထိုစဉ်ကတည်းကစပြီး–

> "ဥရောပပညာရှင်များသည် ဥရောပစကားများနှင့် အိန္ဒိယစကား များကို နှိုင်းယှဉ်လေ့လာကြပြီး သူတို့ဆင်းသက်ရာ မိခင်ဘာသာ စကားကို ပြန်လည်တည်ဆောက်ရန် ကြိုးစားနေကြခြင်းဖြင့် အလွန် အလုပ်ရှုပ်ကုန်ကြပါတော့သည်။ ဤအလုပ်ရှုပ်ပုံသည် နောက်နှစ်ပေါင်း သုံးရာတိုင်တိုင် အပတ်တကုတ် ဆက်လက် လုပ်ကိုင်နေကြမည့် လုပ်ငန်းကိစ္စ ဖြစ်သည်"[၁]

ဟု ဘာသာဗေဒအခြေပြစာအုပ်တွင် ဆရာမောင်သာနိုးက ဖော်ပြထားပါသည်။

ထို့ကြောင့် ဘာသာစကားကို လူတို့ စိတ်ဝင်စားလေ့လာခဲ့ကြသည်မှာ အလွန်ရှေးကျသော အချိန်အခါမှ စတင်နေကြပြီး ခေါမ၊ ရောမခေတ်ကပင်စ၍ နာမ်၊ ကြိယာများ ခွဲခြားကာ လေ့လာမှုပြုကြပါသည်။ ၁၇၈၆ ခုနှစ် တော်ဝင်အာရှအသင်းကြီး အစည်းအဝေးစာတမ်းမှ စတင်၍ ဥရောပပညာရှင်များက ဘာသာစကားများကို နှိုင်းယှဉ် လေ့လာနေကြပြီ ဖြစ်သည်။

**၁၊ ၁။ အတ္ထဗေဒသဘော**

အတ္ထဗေဒဟူသည် ဘာသာစကားအတွင်းရှိ 'အနက်အဓိပ္ပာယ်ကို လေ့လာသည့် ပညာရပ်'[၂] တစ်ခု ဖြစ်သည်။ အနက်အဓိပ္ပာယ် လေ့လာမှုသည် ဘာသာစကား လေ့လာမှုတွင် အလွန်အရေးပါသည်။ ဘာသာစကား၏ အသက်မှာ အနက်အဓိပ္ပာယ် ဖြစ်သည်။ ဘာသာစကားတစ်ခုအဖြစ် ရပ်တည်နိုင်သည်မှာ ထိုဘာသာစကားတွင် အနက်အဓိပ္ပာယ်ရှိ၍ ဖြစ်သည်။ ဘာသာစကားလုံးထဲမှ အနက်အဓိပ္ပာယ်ကို နှုတ်ပယ်လျှင် အသံသာ ကျန်မည် ဖြစ်သည်။ အဓိပ္ပာယ်သည် စကားလုံးအသုံးပြုပုံ (တာဝန်)ပင် ဖြစ်ပါသည်။

> "အနက်အဓိပ္ပာယ်ကို စနစ်တကျ လေ့လာသော ပညာရပ်ဖြစ်သည့် အတ္ထဗေဒသည် ဘာသာဗေဒပညာရပ်တွင် အကျုံးဝင်သည်"[၃]

အနက်အဓိပ္ပာယ် လေ့လာမှုသည် နောက်ပိုင်း၌ ပညာရပ်အမျိုးမျိုးနှင့် သက်ဆိုင်သည်။ အထူးသဖြင့် ဒဿနိကဗေဒပညာရှင်၊ စိတ်ပညာရှင်၊ ဘာသာဗေဒ

[၁] သာနိုး၊ မောင်၊ ၂၀၁၀၊ ၂၃။

[၂] The study of meaning

[၃] ခင်အေး၊ ဒေါက်တာ၊ ၂၀၁၄၊ ၁။

ပညာရှင်၊ စာပေပညာရှင် အမျိုးမျိုးက အနက်အဓိပ္ပာယ်ကို လေ့လာကြသည်။ ထို့ကြောင့် အနက်အဓိပ္ပာယ် လေ့လာမှုသည် ကျယ်ပြန့်နက်ရှိုင်းလာသည်။ နောက်ပိုင်း၌ **Semantics** ဆိုသည့် စကားလုံးကို မိမိလေ့လာသည့် ပညာရပ်ဆိုင်ရာ ဝေါဟာရနှင့် တွဲဖက်၍ အမျိုးမျိုးလေ့လာကြသည်။ **Semantics** ဟူသော ဝေါဟာရသည် ပါဠိ ဝေါဟာရ အတ္ထဗေဒဟု အသုံးတွင်ကျယ်၍ မြန်မာမှုပြုလျှင် 'အနက်အဓိပ္ပာယ်' ပညာဟု ဆိုနိုင်ပါသည်။

အတ္ထဗေဒသည် ဘာသာစကားတစ်ခုအတွင်းရှိ အနက်အဓိပ္ပာယ်များကို စူးစမ်းလေ့လာခြင်းပင် ဖြစ်ပါသည်။

> "ထိုထက်ပို၍ မြင်သာအောင် ဖွင့်ဆိုရမည်ဆိုလျှင် အတ္ထဗေဒသည် ဘာသာစကား၏ အစိတ်အပိုင်းများဖြစ်သော ရုပ်ရင်း[၁]၊ စကားလုံး[၂]၊ ပုဒ်[၃]၊ ဝါကျခွဲ[၄]၊ ဝါကျ[၅] တို့၏ အနက်အဓိပ္ပာယ်ကို လေ့လာသော ပညာရပ် ဖြစ်သည်"

ဟူ၍ ဖွင့်ဆိုနိုင်သည်။[၆]

ထို့ကြောင့် ဤသုတေသနတွင် ထိုင်း မြန်မာ နှစ်ဘာသာ၏ ဝါကျတည်ဆောက်ပုံများ၊ စကားလုံး အသုံးပြုပုံများကို နှိုင်းယှဉ်၍ အနက်အဓိပ္ပာယ်ဖြစ်ပေါ်လာပုံ၊ တွေးခေါ်ယူဆပုံများကို လေ့လာတင်ပြသွားပါမည်။

## ၁၊ ၂။ လက်တွေ့အတ္ထဗေဒသဘော

ဘာသာစကား၏ ဖွဲ့စည်းတည်ဆောက်ပုံကို 'သဒ္ဒါ'[၇] က လေ့လာသည်။ သဒ္ဒါကို စကားလုံးဖွဲ့ပုံ[၈] နှင့် ဝါကျဖွဲ့ပုံ[၉] ဟူ၍ အကြမ်းအားဖြင့် နှစ်ပိုင်း ခွဲနိုင်သည်။ ခွဲနိုင်သည်။ သဒ္ဒါတွင် အသေးဆုံး အစိတ်အပိုင်းဖြစ်သော ရုပ်ရင်းမှသည် အကြီးဆုံး အစိတ် အပိုင်းဖြစ်သော ဝါကျအထိ အစိတ်အပိုင်းများ အဆင့်ဆင့်ကို လေ့လာသည်။

---

[၁] Morpheme

[၂] Word

[၃] Phrase

[၄] Clause

[၅] Sentence

[၆] ခင်အေး၊ ဒေါက်တာ၊ ၂၀၁၄၊ ၁။

[၇] Grammar

[၈] Morphology

[၉] Syntax

ယင်းအစိတ်အပိုင်းများ၏ အနက်အဓိပ္ပာယ်ကို လေ့လာသော ပညာရပ်ခွဲကား အတ္ထဗေဒ ဖြစ်သည်။ ဘာသာစကားကို လက်တွေ့အသုံးပြုရာတွင် အနက်အဓိပ္ပါယ်နှင့် အသုံးပြုသည်။ ပြောသူ နာသူတို့၏ နောက်ခံအခြေအနေ အဆက်အစပ်အရ ထွက်ပေါ်လာသော အနက်အဓိပ္ပာယ်ဆိုင်ရာ သဘောများကို လက်တွေ့အတ္ထဗေဒ[၁] ပညာရပ်ခွဲက သီးခြား လေ့လာသည်။[၂]

> "လက်တွေ့အတ္ထဗေဒသည် အတ္ထဗေဒမှ တစ်ဆင့်ပွားလာသော ပညာရပ် ဖြစ်သည်ဟု ဆိုနိုင်သည်။"[၃]

အနက်အဓိပ္ပာယ်ကို အရှိအတိုင်းထက်ပိုလွန်ပြီး လက်တွေ့ပြောဆို ရေးသား သုံးနှုန်းသော အခြေအနေများကို ဆက်စပ်လေ့လာသောအခါ လေ့လာမှုနယ်ပယ် ပို၍ ကျယ်ပြန့်လာပါသည်။

မိမိဘာသာစကား မဟုတ်သည့် အခြားဘာသာစကားကို သင်ကြားထား၍ တတ်မြောက်နိုင်သော်လည်း လက်တွေ့အသုံးချပြောဆိုရလျှင် အသိုင်းအဝိုင်း မတူသော နေရာသို့ ရောက်ပြီး ပုံမှန်ပြောဆိုသုံးနှုန်းပုံ နည်းလမ်းများကို အကျွမ်းမဝင်သေးလျှင် အခက်အခဲ ရှိနိုင်ပါသည်။

ထို့ကြောင့် ဤသုတေသနတွင် ထိုင်း မြန်မာ နှစ်ဘာသာ အသုံးအနှုန်းများကို နှိုင်းယှဉ်၍ ထိုင်း မြန်မာ အတွေးအခေါ် အယူအဆများနှင့် ဓလေ့ထုံးစံ အသုံးအနှုန်း များကို လက်တွေ့အတ္ထဗေဒရှုထောင့်မှ တင်ပြသွားပါမည်။

## ၂။ ဘာသာစကား နှိုင်းယှဉ်လေ့လာမှု

ဘာသာစကားတစ်ခုကို လေ့လာသင်ယူရာတွင် မိမိဘာသာစကားနှင့် နှိုင်းယှဉ် လေ့လာမှုသည်လည်း အလွန်အရေးပါပါသည်။ မိမိဘာသာစကား၌ အသုံးပြုသော ပုံစံ၊ အသုံးပြုသော စကားလုံးများနှင့် အခြားဘာသာစကားတွင် အသုံးပြုသည့် ပုံစံ၊ အသုံးပြုသည့် စကားလုံးများကို နှိုင်းယှဉ်လေ့လာကြည့်လျှင် ဘာသာစကားတစ်ခုကို ပိုမိုတတ်ကျွမ်းလာခြင်း၊ ယင်းဘာသာ၏ သဘောတရား အနက်အဓိပ္ပာယ်များကို ပိုမို နားလည်လာခြင်း၊ ယင်းလူမျိုးတို့၏ အတွေးအခေါ် အယူအဆများကို ပိုမိုသိမြင်လာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်သည်ဟု ယူဆမိပါသည်။

---

[၁] Pragmatics

[၂] ခင်အေး၊ ဒေါက်တာ၊ ၂၀၁၄၊ ၆။

[၃] ခင်မင်၊ မောင်၊ ၂၀၁၀၊ ၈။

သို့မှသာ မိမိတို့ လူမျိုးအသိုင်းအဝိုင်းနှင့် မတူညီသည့် အခြားလူမျိုးတို့၏ ဘာသာစကားကို လက်တွေ့အသုံးချရာတွင်လည်း များစွာအထောက်အကူပြုနိုင်ပါသည်။

## ၂၊ ၁။ ထိုင်း မြန်မာ ဝါကျတည်ဆောက်ပုံများ

ထိုင်းသဒ္ဒါနှင့် မြန်မာသဒ္ဒါကို ယှဉ်တွဲလေ့လာကြည့်လျှင် ဝါကျဖွဲ့စည်းတည်ဆောက်ပုံ ကွဲပြားကြောင်း တွေ့ရှိရပါသည်။ ထိုင်းသဒ္ဒါတွင် 'က ကို ၌၊ မှာ တွင်' အစရှိသည့် ဝိဘတ်စကားလုံးများ လုံးဝမရှိခြင်းကို တွေ့ရှိရပါသည်။ နာမ်ဝိဘတ်အသုံးများလည်း မရှိ၊ ကြိယာဝိဘတ်အသုံးများလည်း မရှိပါ။ မြန်မာသဒ္ဒါကို လေ့လာကြည့်လျှင် ဝိဘတ်အသုံးများ အလွန်အရေးကြီးကြောင်း တွေ့ရပါသည်။ မြန်မာသဒ္ဒါတွင် ဝိဘတ်များ ပြောင်းလဲအသုံးပြုလျှင် အဓိပ္ပာယ်ပါ ပြောင်းလဲသွားပါသည်။ ထိုင်းသဒ္ဒါတွင်မူ ဝိဘတ်အသုံးများ မရှိသဖြင့် ကတ္တားနှင့် ကံကိုသာ အမြဲပြောင်းလဲ အသုံးပြုကြပါသည်။ ထိုင်းသဒ္ဒါသည် အများအားဖြင့် ပုံသေနည်းအတိုင်း အသုံးပြုရသည်ကို တွေ့ရှိရပါသည်။ မြန်မာသဒ္ဒါတွင် နာမ်၊ ကြိယာအသုံးဖြစ်သော်လည်း ထိုင်းသဒ္ဒါတွင် ကြိယာနာမ်အသုံး ဖြစ်သည်။

သာဓက–

| | | | |
|---|---|---|---|
| ကျွန်မ | ကျောင်း | သွား | (မြန်မာသဒ္ဒါ) |
| ကျွန်မ | သွား | ကျောင်း | (ထိုင်းသဒ္ဒါ) |
| ကျွန်တော် | ထမင်း | စား | (မြန်မာသဒ္ဒါ) |
| ကျွန်တော် | စား | ထမင်း | (ထိုင်းသဒ္ဒါ) |

မြန်မာသဒ္ဒါတွင် ဝိဘတ်များကြောင့် အနက်အဓိပ္ပါယ် ပြောင်းလဲသွားသော်လည်း ထိုင်းသဒ္ဒါတွင်မူ ဝိဘတ်များ မရှိသဖြင့် ကတ္တားနှင့် ကံကိုသာ နေရာပြောင်း၍ သုံးကြောင်းကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

**မြန်မာသဒ္ဒါအသုံးတွင်**

| | | | | |
|---|---|---|---|---|
| ကျွန်မ | က | ခွေးလေး | ကို | ချစ်သည်။ |
| ကျွန်မ | ကို | ခွေးလေး | က | ချစ်သည်။ |
| ကျွန်မ | က | ညီမလေး | ကို | ကူညီသည်။ |
| ကျွန်မ | ကို | ညီမလေး | က | ကူညီသည်။ |

ထိုဝါကျများတွင် ဝိဘတ်စကားလုံးများဖြစ်သည့် က နှင့် ကို စကားလုံး နှစ်လုံးကို ပြောင်းလဲ၍ သုံးလျှင် အဓိပ္ပာယ်ပြောင်းသွားသော်လည်း ထိုင်းသဒ္ဒါတွင် ဝိဘတ်များ မရှိသဖြင့် ကတ္တားနှင့် ကံကိုသာ အမြဲပြောင်းလဲသုံးရပါသည်။

**ထိုင်းသဒ္ဒါတွင်**

ကျွန်မ ချစ် ခွေးလေး

ခွေးလေး ချစ် ကျွန်မ

ကျွန်မ ကူညီ ညီမလေး

ညီမလေး ကူညီ ကျွန်မ

စသဖြင့် **Subjective** နှင့် **Objective** ကိုသာ အမြဲပြောင်းလဲသုံးကြပါသည်။ ထိုင်းသဒ္ဒါတွင် နာမ်ဝိဘတ်များ မရှိသကဲ့သို့ ကြိယာဝိဘတ်များ ဖြစ်သည့် အဆုံးသတ် ဝါကျ 'တယ် ပါ မယ် သည် ၏' စသည့် အသုံးများလည်း မရှိကြောင်း တွေ့ရှိရပါသည်။ အနာဂတ်ကာလကိုပြသည့် ကြိယာဝိဘတ် 'မယ်' စကားလုံး အနည်းငယ်ကိုသာ တွေ့ရပါသည်။

| **Ja** | **Pai** | **Kin** | **Khout** |
|---|---|---|---|
| ကျ | ပိုင် | ကင် | ခေါက် |
| မယ် | သွား | စား | ထမင်း |

ထမင်း သွား စားမယ်

မယ် သွား ကုန်တိုက်

ကုန်တိုက်သွား မယ်

၎င်းအပြင် မြန်မာအသုံးတွင်ရှိသည့် ကြိယာနောက်ဆက်ပစ္စည်း 'စားရတာ၊ သွားရတာ (ရတာ) ကြိယာနောက်ဆက်ပစ္စည်း မရှိသည့်အတွက် ထိုင်းလူမျိုးတို့က 'မြန်မာအစားအစာ စားကြိုက်တယ်'၊ 'အားကစား လုပ်ကြိုက်တယ်' 'ရုပ်ရှင်ကြည့်ကြိုက်တယ်' ဟု အမြဲသုံးစွဲကြပါသည်။

ထို့နောက် ထိုင်းသဒ္ဒါတွင် ပိုင်ဆိုင်ခြင်းကိုပြသောပုဒ်ကို ရေးရာ၌ မြန်မာသဒ္ဒါနှင့် ဆန့်ကျင်ဘက်အသုံးမျိုးကို တွေ့ရသည်။

မြန်မာသဒ္ဒါတွင် 'ကျွန်မ ရဲ့ အိမ်'၊ 'ကျွန်မ ၏ အမေ' 'ကျွန်မ ၏ သုတေသန' ထိုကဲ့သို့ သုံးသော်လည်း ထိုင်းသဒ္ဒါတွင်မူ 'အိမ် ရဲ့ ကျွန်မ' 'အမေ ၏ ကျွန်မ' 'သုတေသန ၏ ကျွန်မ' ဟူ၍ သဒ္ဒါအသုံးများကို တွေ့ရှိရပါသည်။ ထို့ကြောင့် မြန်မာဘာသာစကားကို လေ့လာနေကြသော ထိုင်းနိုင်ငံသားများသည် ထိုကဲ့သို့ အသုံးများကို အမြဲမှားယွင်း သုံးစွဲနေကြောင်း တွေ့ရှိရပါသည်။

ထို့ကြောင့် ဘာသာစကားတစ်မျိုးမျိုးကို သင်ယူကြသူများသည် မိမိတို့ ဘာသာစကားမှ တွေးခေါ်ယူဆမှုများ၏ လွှမ်းမိုးမှု များစွာရှိကြောင်း တွေ့ရှိရပါသည်။ သုတေသနပြုသူသည် မြန်မာဘာသာစကားစာပေကို သင်ကြားပေးရင်း ထိုအမှားအယွင်းများကို တွေ့ရှိခဲ့သဖြင့် ထိုင်းသဒ္ဒါကို လေ့လာကြည့်မိခြင်း ဖြစ်ပါသည်။

ထိုင်းသဒ္ဒါတွင် ကြိယာ နာမ် အသုံးများဖြစ်သဖြင့် မြန်မာဘာသာကိုလည်း ထိုင်းလူမျိုးများက ကြိယာ နမ် တွဲ၍ မှားယွင်းအသုံးပြုနေကြသည်များမှာ–

"ကျွန်မ ပင်လယ် ကို သွားပြီး ကောက် ခရုတယ်"

"ကျွန်မ သိမ်း ပစ္စည်းတယ်"

"အခု ကျွန်တော် ပြန် အဆောင် မယ်"

"ကျွန်မ သွား စာကြည့်တိုက်"

"ကျွန်တော်တို့မြို့ကို မောင်း ကား သွားတယ်"

"အမေ ချက် ဟင်း အရမ်း ကောင်းတယ်"

ထိုကဲ့သို့ အသုံးများကို အမြဲလို မှားယွင်းသုံးစွဲကြောင်း တွေ့ရှိရပါသည်။

ယင်းသို့ ထိုင်းကျောင်းသား အများစု သုံးစွဲနေခြင်းမှာ ထိုင်းသဒ္ဒါ အသုံးများ အတိုင်း မှား၍ အသုံးပြုနေကြောင်း တွေ့ရှိရပါသည်။

## ၂။ ၂။ ပေါင်းစပ်နာမ် ပေါင်းစပ်နာမဝိသေသန အသုံးများ

စကားလုံးများကို ပေါင်းစပ်၍ ဖြစ်ပေါ်လာသော ပေါင်းစပ်နာမ်၊ စကားလုံး များကို ပေါင်းစပ်၍ အထူးပြုထားသော ပေါင်းစပ်နာမဝိသေသန အသုံးများတွင်လည်း ထိုင်း မြန်မာ စကားလုံးပေါင်းစပ် အသုံးပြုပုံများမှာ ဆန့်ကျင်ဘက် အသုံးပြုပုံများကို အများဆုံး တွေ့ရှိ၍ တချို့စကားလုံးများတွင် တူညီမှု ရှိနေသည်ကို တွေ့ရပါသည်။

စကားလုံးများကို စိစစ်ကြည့်သော် ပေါင်းစပ်နာမ်စကားလုံးများတွင် ဆန့်ကျင်ဘက် အသုံးများကို တွေ့ရ၍ ပေါင်းစပ်နာမဝိသေသန စကားလုံးအသုံးများတွင် အများအားဖြင့် တူညီနေသည်ကို တွေ့ရပါသည်။

| **မြန်မာပေါင်းစပ်နာမ်** | **ထိုင်းပေါင်းစပ်နာမ်** |
|---|---|
| ရေဖူး | ဖူးရေ (Khuwat-nan) |
| ရေအိုး | အိုးရေ |
| ပင်လယ်ငါး | ငါးပင်လယ် |
| ရေချိုငါး | ငါးရေချို |
| တောသရက်သီး | သရက်သီးတော |
| ရွှေထည် | ပစ္စည်းရွှေ |
| ငွေထည် | ပစ္စည်းငွေ |
| ယွန်းထည် | ပစ္စည်းယွန်း |

(မြန်မာ၌ ထည်(အထည်) အသုံးကို ထိုင်းစကားလုံးတွင် ပစ္စည်းဟု သုံးပါသည်။)

| **မြန်မာပေါင်းစပ်နာမဝိသေသန** | **ထိုင်းပေါင်းစပ်နာမဝိသေသန** |
|---|---|
| ရေအေး | ရေအေး (nam-Yin) |
| ရေပူ | ရေပူ |
| ရေခဲ | ရေခဲ |
| ငါးကြော် | ငါးကြော် |
| ကြက်ကြော် | ကြက်ကြော် |
| ရေသန့် | ရေသန့် |
| ဈေးကြီး | ဈေးကြီး |
| ဈေးလေး | ဈေးလေး |
| ကလေးငယ် | ကလေးငယ် |
| ကလေးကြီး | ကလေးကြီး |

| | |
|---|---|
| အသားဖြူ | အသားဖြူ |
| သောက်ရေ | ရေသောက် |
| သုံးရေ | ရေသုံး |

ပေါင်းစပ်နာမ် အသုံးများတွင် ထိုင်း မြန်မာ စကားလုံးအသုံးများသည် ဆန့်ကျင်ဘက်ပုံစံဖြစ်၍ ပေါင်းစပ်နာမဝိသေသန စကားလုံးများတွင် ထိုင်း မြန်မာ စကားလုံး အသုံးပြုပုံများသည် အများအားဖြင့် တူညီနေသည်ကို တွေ့ရပါသည်။ ထိုသို့ ပေါင်းစပ်အသုံးပြုသော နာမ်စကားလုံးများကို မြန်မာစာသင်ကြားနေကြသော ထိုင်းလူမျိုးများသည် များစွာ မှားယွင်းအသုံးပြုကြသော စကားလုံးများပင် ဖြစ်ပါသည်။ ပေါင်းစပ်အသုံးပြုရသော စကားလုံးများ ပြောင်းပြန်ပုံစံလည်း ရှိ၍ တိုက်ရိုက်တူညီနေသည့် စကားလုံးများလည်း ရှိပါသည်။

## ၂။ ၃။ ထိုင်း မြန်မာ ကြိယာစကားလုံး အသုံးပြုပုံများ

တစ်နိုင်ငံနှင့် တစ်နိုင်ငံ တွေးခေါ်ယူဆချက်များ ကွဲပြားသဖြင့် ကြိယာစကားလုံးများ အသုံးပြုပုံခြင်းလည်း ကွာခြားကြောင်း တွေ့ရှိရပါသည်။ ကြိယာစကားလုံး အသုံးပြုပုံများကို နှိုင်းယှဉ်လေ့လာကြည့်လျှင် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ တွေးခေါ်ယူဆမှုများ ကွဲပြားကြသည်ကို တွေ့ရှိရပါသည်။ ကြိယာစကားလုံး အသုံးကွဲမှုများကြောင့်လည်း မြန်မာဘာသာသင် ထိုင်းလူမျိုးများသည် မြန်မာဝါကျများ၌ ကြိယာအသုံးများကို မှားယွင်းစွာ အသုံးပြုကြောင်း တွေ့ရှိရပါသည်။ ထိုကဲ့သို့ မှားယွင်းစွာ အသုံးပြုကြခြင်းမှာ မြန်မာဘာသာစကားကို ပြောဆိုရေးသားရာ၌ အချို့အသုံးများတွင် အဘိဓာန်ကိုကြည့်၍ တိုက်ရိုက်ဘာသာပြန်သုံးခြင်းကြောင့် ဖြစ်ပါသည်။ ထိုင်းမြန်မာ ကြိယာအသုံးများကို နှိုင်းယှဉ်လေ့လာကြည့်လျှင်–

| **မြန်မာကြိယာအသုံး** | **ထိုင်းကြိယာအသုံး** |
|---|---|
| ခေါင်း လျှော် | ခေါင်း ဆေး၊ ခေါင်း လျှော် |
| မျက်နှာ သစ် | မျက်နှာ ဆေး |
| မိတ်ကပ် လိမ်း | မိတ်ကပ် ခါ |
| အင်္ကျီ လဲ | အင်္ကျီ ပြောင်း |
| မျက်မှန် တပ် | မျက်မှန် ထည့် |

| | |
|---|---|
| ခေါင်း ဖြီး | ခေါင်း ဖြီး |
| လက်စွပ် စွပ် | လက်စွပ် ဆောင်း၊ လက်စွပ် ထည့် |
| ဦးထုပ် ဆောင်း | ဦးထုပ် ဆောင်း၊ ဦးထုပ် ထည့် |
| ထီး ဆောင်း | ထီး ဖွင့် |
| ကျောင်း ပိတ် ရက် | ကျောင်း ရပ် ရက် |
| ဆေးလိပ် သောက် | ဆေးလိပ် စုပ် |
| ရေ သောက် | ရေ စား၊ ရေ သောက် |
| ကော်ဖီ သောက် | ကော်ဖီ စား၊ ကော်ဖီ သောက် |
| ဆေး သောက် | ဆေး စား၊ ဆေး သောက် |
| စက်ဘီး နင်း | စက် ဘီး လှည့် |

စသည်ဖြင့် ကြိယာစကားလုံး အသုံးကွဲများကို တွေ့ရသကဲ့သို့ အသုံးတူသော ကြိယာစကားလုံးများကိုလည်း တွေ့ရှိရပါသည်။ ကြိယာစကားလုံးများသည် မိမိတို့ ဓလေ့ထုံးစံ အသုံးများနှင့် ဆီလျော်ကိုက်ညီသည့် အသုံးများ ဖြစ်သော်လည်း အခြား ဘာသာစကားနှင့် စာပေကို သင်ကြားနေသူများအတွက် နားလည်ရန် အလွန်လိုအပ် ပါသည်။ မိမိတို့ ဘာသာစကားနှင့် ညှိနှိုင်းစဉ်းစားလျှင် အသုံးမှားများ ဖြစ်ပေါ်လာ တတ်ပါသည်။

မြန်မာဘာသာကို သင်ကြားနေကြသော ထိုင်းလူမျိုးများသည် မြန်မာဘာသာ စကားရှိ ကြိယာစကားလုံးဖြစ်သည့် 'သွား' 'လာ' စသည့် စကားလုံးနှစ်လုံးကို အသုံးပြုရာ၌ မကွဲပြားကြောင်း တွေ့ရပါသည်။ သာဓကအားဖြင့် 'ဆရာမဆီ လာနေပြီ' အသုံးတွင် 'ဆရာမဆီ သွားနေပြီ' ဟုသာ အမြဲသုံးစွဲကြသည်။ 'ဆရာမကို သွားကြို နေပြီ' 'ဆရာမ အခု ဆရာမဆီ သမီးသွားနေပြီနော်' စသည်ဖြင့်သာ ပြောဆိုကြ ရေးသားကြသည်။ ထိုသို့ အသုံးပြုနေခြင်းမှာလည်း ထိုင်းဘာသာစကားရှိ Pai (ပိုင်) 'သွား' ဟူသော အသုံးသည် ၎င်းတို့ ဘာသာစကားအတွင်း အသုံးပြုပုံအတိုင်း သုံးစွဲ လိုက်ခြင်းပင် ဖြစ်သည်။ ထိုင်းဘာသာစကားရှိ Maa (မား) 'လာ' ဟူသော စကားလုံး အသုံးလည်း ရှိပါသည်။ ထို 'လာ' ဟူသော စကားလုံးအသုံးသည် မြန်မာဘာသာတွင် သုံးသော 'ကျွန်မ ဆရာမဆီ လာနေတယ်' 'ကျွန်မလာနေပါပြီ' ဆိုသည့် အသုံးမျိုး မရှိပါ။ အချင်းချင်း မျက်နှာချင်းဆိုင် တွေ့ဆုံမှသာ သုံးနှုန်းကြသည့် 'လာ၊ လာ' 'လာလိုက်' စသည့် အသုံးအနှုန်းနှင့်

| | |
|---|---|
| khun maa jak nai | chan maa jak Myanmar |
| ခင်ဗျား လာ က ဘယ် | ကျွန်ုပ် လာ က မြန်မာ |
| (ခင်ဗျား ဘယ်ကလာသလဲ) | (ကျွန်ုပ် မြန်မာက လာပါတယ်) |

စသည်ဖြင့် သုံးကြပါသည်။

## ၂၊ ၃၊ ၁။ ထိုင်း မြန်မာ ပေါင်းစပ်ကြိယာအသုံးများ

ကြိယာစကားလုံးများကို တွဲစပ်၍ လေးနက်အောင် အသုံးပြုသော ပေါင်းစပ်ကြိယာ စကားလုံးများတွင် ထိုင်းနှင့်မြန်မာ ကြိယာစကားလုံး အသုံးပြုပုံများသည် အများစု ကွဲလွဲသဖြင့် ပေါင်းစပ်ကြိယာ အသုံးများလည်း ကွဲလွဲသုံးကြောင်း တွေ့ရှိရပါသည်။ ကြိယာစကားလုံးများကို ထပ်၍ လေးနက်အောင် အသုံးပြုသည့် မြန်မာ ပေါင်းစပ် ကြိယာ အသုံးများမှာ–

"ဝင်ရောက်၊ ဖောက်ထွင်း၊ ကြည့်ရှု၊ နားဆင်၊ ဆွဲဆောင်၊
သွားလာ၊ စားသောက်၊ တီးမှုတ်၊ ကခုန်၊ တီးခေါက်၊ ရိုက်ပုတ်"

စသည်ဖြင့် အသုံးများ ဖြစ်ပါသည်။

ထိုင်း ပေါင်းစပ်ကြိယာစကားလုံးများကို လေ့လာကြည့်လျှင် 'နှိမ့်တွန်း၊ ဝယ်ရောင်း၊ သွားပြန်၊ ဆွဲဆောင်၊ ခြစ်ရေး၊ သွားလာ၊ လှဲအိပ်၊ ရွေးချယ်ခန့်အပ်' စသည့် အသုံးများ ဖြစ်ပါသည်။ 'နှိမ့်တွန်း' ပေါင်းစပ်ကြိယာသည် မြန်မာအသုံး 'စိတ်ဖိစီးသည်' နှင့်တူသည်။ ထိုင်းအသုံး 'သွားပြန်' သည် မြန်မာအသုံး 'သွားလာ' နှင့်တူသည်။ 'ဆွဲဆောင်' အသုံးသည် မြန်မာနှင့်ထိုင်း သုံးစွဲပုံ တူညီသည်ကို တွေ့ရပါသည်။ 'ခြစ်ရေး' သည် မြန်မာအသုံး 'ရေးခြစ်ခြင်း' ဖြစ်သည်။ 'လှဲအိပ်' အသုံးသည် မြန်မာအသုံး 'အိပ်သည်' ကို ထိုင်းအသုံး 'လှဲအိပ်သည်' ဟု သုံးပါသည်။ အိပ်ယာပေါ်တွင် အိပ်ခြင်း ဖြစ်သည်။ ထိုင်လျက်အိပ်ခြင်းကို မဆိုလိုပါ။

'ရွေးချယ်ခန့်အပ်' အသုံးသည် မြန်မာအသုံး 'ရွေးကောက်သည်' နှင့် တူပါသည်။ မြန်မာ 'ရွေးကောက်ပွဲ'၊ ထိုင်း 'ရွေးချယ်ခန့်အပ်ပွဲ' ဟု သုံးပါသည်။ စသည့် အသုံးများ ရှိသကဲ့သို့ မြန်မာဘာသာစကားနှင့် ထပ်တူညီအသုံးများလည်း တွေ့ရပါသည်။

သို့သော် မြန်မာဘာသာ သင်ကြားနေကြသော ထိုင်းလူမျိုးများသည် မြန်မာ ပေါင်းစပ်ကြိယာများကိုလည်း တစ်ခါတရံ ပြောင်းပြန်သုံးစွဲလျက် ရှိကြပါသည်။

ဆွဲဆောင်–ဆောင်ဆွဲ၊ ဖိစီး–စီးဖိ၊ တိုက်တွန်း–တွန်းတိုက်၊ စားသောက်–သောက်စား စသည့် အမှားများကို ရေးသားကြပါသည်။ မြန်မာစာနှင့် ထိုင်းစာသည် ပြောင်းပြန်သင်္ကေတများ များလွန်းသဖြင့် ထိုကဲ့သို့ အမှားအယွင်းများ ဖြစ်ပေါ်လာကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၂၊ ၃၊ ၂။ ထိုင်း မြန်မာ ကြိယာထောက်အသုံးများ

ကြိယာထောက်အသုံးများတွင်လည်း မြန်မာသဒ္ဒါတွင် ကြိယာထောက်အသုံးကို ကြိယာ၏ နောက်တွင်ထား၍ အသုံးပြုသော်လည်း ထိုင်းသဒ္ဒါတွင် ကြိယာထောက်စကားလုံးများသည် ကြိယာ၏ ရှေ့၌ထား၍ အသုံးပြုကြောင်း တွေ့ရှိရပါသည်။

| **မြန်မာကြိယာထောက်အသုံးပြုပုံ** | **ထိုင်းကြိယာထောက်အသုံးပြုပုံ** |
|---|---|
| စောင့် နေ | နေ စောင့် |
| လုပ် နေ | နေ လုပ် |
| သွား နေ | နေ သွား |
| စောင့် ကြည့် | ကြည့် စောင့် |
| သွား ကြည့် | ကြည့် သွား |
| ချစ် ကြည့် | ကြည့် ချစ် |
| လုပ် နိုင် | နိုင် လုပ် |
| စား နိုင် | နိုင် စား |

အစရှိသဖြင့် အသုံးပြုကြပါသည်။ ထို့ကြောင့် မြန်မာဘာသာရှိ ကြိယာထောက်အသုံးများကိုလည်း မြန်မာစာပေသင်ကြားနေသော ထိုင်းလူမျိုးများသည် အများစု ပြောင်းပြန်သုံးစွဲနေကြောင်း တွေ့ရှိရပါသည်။

## ၂၊ ၃၊ ၃။ ထိုင်း မြန်မာ ကြိယာဝိသေသန အသုံးများ

ထိုင်း မြန်မာ ကြိယာဝိသေသန အသုံးများတွင်လည်း မြန်မာသဒ္ဒါရှိ ကြိယာဝိသေသန အသုံးပြုပုံနှင့် ထိုင်းသဒ္ဒါရှိ ကြိယာဝိသေသန အသုံးပြုပုံများသည်လည်း ပြောင်းပြန်ပုံစံပင် ဖြစ်ပါသည်။

သာဓကအားဖြင့် –

| **မြန်မာကြိယာဝိသေသန** | **ထိုင်းကြိယာဝိသေသန** |
|---|---|
| လှပတဲ့/သော မိန်းကလေး | Puying thae Swe |
| | ပုရင် ထဲ ဆွေ |
| | မိန်းကလေး တဲ့/သော လှပ |
| ကြီးသော အိမ် | အိမ်သော ကြီး |
| ဝသော လူ | လူသော ဝ |

စသည့် သုံးစွဲပုံစံပင် ဖြစ်ပါသည်။

အထက်ပါ ကြိယာအသုံးပုံစံကဏ္ဍများတွင် ထိုင်း မြန်မာ နှစ်ဘာသာ ပုံစံများကို နှိုင်းယှဉ်တင်ပြ၍ အသုံးပြုမှားယွင်းပုံ အကြောင်းများကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

## ၂၊ ၄။ ထိုင်း မြန်မာ မျိုးပြပစ္စည်း အသုံးများနှင့် တွေးခေါ်ယူဆချက်များ

ထိုင်း မြန်မာ ဘာသာစကားကို နှိုင်းယှဉ်လေ့လာကြည့်လျှင် မျိုးပြပစ္စည်းစကားလုံးအသုံးများသည်လည်း စိတ်ဝင်စားဖွယ် တွေ့ရှိရပါသည်။ ထိုင်းနှင့်မြန်မာ တူညီမှုရှိသော မျိုးပြပစ္စည်းအသုံးနှင့် ကွဲပြားမှုရှိသော မျိုးပြပစ္စည်းအသုံးများကိုလည်း တွေ့ရှိရပါသည်။ ဂဏန်းသင်္ချာနှင့် တွဲစပ်၍ အသုံးပြုရသော နာမ်ပစ္စည်းတစ်မျိုးဖြစ်သည့် မျိုးပြအသုံးများသည်လည်း လူမျိုးတစ်မျိုးနှင့်တစ်မျိုး၏ တွေးခေါ်ယူဆချက်များကို သိရှိနိုင်ပါသည်။

| **မြန်မာမျိုးပြပစ္စည်းအသုံး** | **ထိုင်းမျိုးပြပစ္စည်းအသုံး** |
|---|---|
| ပန်းသီး (၂) လုံး | ပန်းသီး (၂) လုံး |
| ဖရဲသီး (၁) လုံး | ဖရဲသီး (၁) လုံး |
| လိမ္မော်သီး (၅) လုံး | လိမ္မော်သီး (၅) လုံး |
| ငှက်ပျောသီး (၂) ဖီး | ငှက်ပျောသီး (၂) ဖီး |

အသီးအနှံများကို ခေါ်ဆိုသော မျိုးပြအသုံးများတွင် ထိုင်းနှင့်မြန်မာသည် လုံး၊ ဖီး စသည်ဖြင့် တူညီသော်လည်း လိမ္မော်သီးအတွင်းရှိ အမြွှာများကိုမူ မြန်မာအသုံး

၁ မြွာ၊ ၂ မြွာ သုံးသော်လည်း ထိုင်းအသုံးမှာ ပန်းပွင့်ရှိ ပွင့်လွှာဖတ်များနှင့်တူသဖြင့် ၁ ဖတ်၊ ၂ ဖတ် အစရှိသဖြင့် သုံးကြောင်း တွေ့ရှိရပါသည်။

| | |
|---|---|
| စားပွဲ (၃) လုံး | စားပွဲ (၃) ကောင် |
| ကုလားထိုင် (၅) လုံး | ကုလားထိုင် (၅) ကောင် |
| အင်္ကျီ (၄) ထည် | အင်္ကျီ (၄) ကောင် |
| ဘောင်းဘီ (၄) ထည် | ဘောင်းဘီ (၄) ကောင် |
| ခွေး (၂) ကောင် | ခွေး (၂) ကောင် |
| ကြောင် (၃) ကောင် | ကြောင် (၃) ကောင် |
| ကွန်ပျူတာ၊ ရေခဲသေတ္တာ၊ ဖုန်း၊ တီဗွီ၊ မီးပူ | ကွန်ပျူတာ၊ ရေခဲသေတ္တာ၊ ဖုန်း၊ တီဗွီ၊ မီးပူ |
| (၁) လုံး၊ (၂) လုံး | (၁) စက်၊ (၂) စက် |
| ဦးထုပ်၊ လွယ်အိတ်၊ ကျောပိုးအိတ် | ဦးထုပ်၊ လွယ်အိတ်၊ ကျောပိုးအိတ် |
| (၄) လုံး၊ (၅) လုံး | (၄) ရွက်၊ (၅) ရွက် |
| စာရွက် (၅) ရွက် | စာရွက် (၅) ရွက် |
| ပိတ်စ (၂) စ | ပိတ်စ (၂) ထည် |
| ပုဝါ၊ လုံချည်၊ ထမီ (၃) ထည် | ပုဝါ၊ လုံချည်၊ ထမီ (၃) ထည် |
| ပလပ်စတစ်အိတ် (၁၀) အိတ် | ပလပ်စတစ်အိတ် (၁၀) အိတ် |
| ထမင်းအိုး၊ ရေအိုး (၂) အိုး | ထမင်းအိုး၊ ရေအိုး (၂) အိုး |
| ဘုရား (၃) ဆူ | ဘုရား (၃) ဆူ |
| ဘုန်းကြီး (၅) ပါး | ဘုန်းကြီး (၅)ပုံ |
| ဓာတ်ပုံ (၂) ပုံ | ဓာတ်ပုံ (၂) ပုံ |
| ကော်ဖီ (၃) ခွက် | ကော်ဖီ (၃) ခွက် |
| ပန်းကုံး၊ (၅) ကုံး | ပန်းကုံး (၅) ကုံး |
| ဆွဲကြိုး (၅) ကုံး | ဆွဲကြိုး (၅) မျှင် |
| ကြိုး (၅) မျှင် | ကြိုး (၅) မျှင် |

| | |
|---|---|
| ပေတံ၊ခဲတံ၊ဘောပင်၊မီးချောင်း(၄)ချောင်း | ပေတံ၊ခဲတံ၊ဘောပင်၊မီးချောင်း(၄)မီးချောင်း |
| မီးလုံး (၄) လုံး | မီးလုံး (၄) မီးလုံး |
| အိမ်၊ တိုက် (၂) လုံး | အိမ်၊ တိုက် (၂) မိုး |
| အိမ်သာ (၂) လုံး | အိမ်သာ (၂) ခန်း |
| ပြတင်းပေါက် (၃) ပေါက် | ပြတင်းပေါက် (၃) ရွက် |
| တက္ကသိုလ် (၈) ခု | တက္ကသိုလ် (၈) နေရာ |
| မီးခလုတ် (၅) ခု | မီးခလုတ် (၅) ခလုတ် |
| ကိတ်မုန့် (၁) တုံး | ကိတ်မုန့် (၁) တုံးကြီး |
| ကိတ်မုန့် (၅) ချပ် | ကိတ်မုန့် (၅)တုံးသေး၊ ကိတ်မုန့် (၅)ခု |

အစရှိသည့် မျိုးပြအသုံးများကို တွေ့ရှိရပါသည်။

မြန်မာစကားတွင် စားပွဲ၊ ကုလားထိုင်များကို အလုံးအထည်ရှိ၍ (၁)လုံး၊ (၂)လုံးဟု သုံးသော်လည်း ထိုင်းစကားတွင် အကောင်အထည်ရှိ၍ (၁)ကောင်၊ (၂)ကောင် သုံးခြင်းဖြစ်သည်ဟု ယူဆပါသည်။ မြန်မာအသုံး အင်္ကျီ၊ ဘောင်းဘီများကို အထည်ဖြစ်၍ (၁)ထည်၊ (၂)ထည် သုံးသော်လည်း ထိုင်းအသုံးတွင် အထည်မှ အကောင်အထည် ဖြစ်လာ၍ (၁)ကောင်၊ (၂)ကောင်ဟု သုံးခြင်းပင် ဖြစ်သည်။ မြန်မာအသုံး ဦးထုပ်၊ လွယ်အိတ်၊ ကျောပိုးအိတ်များကို အလုံးအထည်သဘော (၁)လုံး (၂)လုံးဟု သုံးသော်လည်း ထိုင်းအသုံးတွင် အရွက်အထည်သဘော (၁)ရွက် (၂)ရွက်ဟု သုံးခြင်းဖြစ်မည်ဟု ယူဆမိပါသည်။

မြန်မာတို့က အိမ်၊ တိုက်ကို အလုံးအထည်ရှိ၍ (၁)လုံး၊ (၂)လုံး သုံးသော်လည်း ထိုင်းတို့က အမိုးရှိ၍ (၁)မိုး၊ (၂)မိုး သုံးပါသည်။ ထို့ကြောင့် ဘာသာစကားတစ်ခု အတွင်းရှိ အတွေးအခေါ် အယူအဆများသည်လည်း တူညီမှုများ ရှိနိုင်၍ ကွဲလွဲမှုများလည်း ရှိနိုင်ပါသည်။ မျိုးပြပစ္စည်းအသုံးများကို ကြည့်၍လည်း လူမျိုးဘာသာတစ်ခု၏ အတွေးအခေါ် အယူအဆများကို ခန့်မှန်းနိုင်ပါသည်။

## ၂၊ ၅။ ထိုင်းလူမျိုး၊ မြန်မာလူမျိုးတို့၏ တွေးခေါ်ယူဆချက်များ

သုတေသနပြုသူသည် ထိုင်းနိုင်ငံတက္ကသိုလ်တွင် မြန်မာအတ္တဗေဒ၊ မြန်မာလက်တွေ့အတ္တဗေဒများကို သင်ကြားပို့ချရင်း ထိုင်းလူမျိုးတို့၏ ဓလေ့စကား၊ ဆိုရိုးစကား၊ စကားပုံတို့ကို လေ့လာကြည့်မိပါသည်။

ထိုင်းနိုင်ငံ မဟာစာရက်ခမ်မြို့တွင် 'ဝက်သားနှင့် အမဲသား စားချင်ပါသည်' ဟု ပြောဆိုခြင်းသည် 'ဘယ်တော့မင်္ဂလာဆောင်မလဲ' ဟု ပြောခြင်း ဖြစ်သည်။ မြန်မာလူမျိုးတို့၏ 'ဘယ်တော့စားရမလဲ' ဟူသော အသုံးမျိုးပင် ဖြစ်သည်။ သုတေသနပြုသူယခုလက်ရှိ နေထိုင်နေသော ထိုင်းနိုင်ငံ ကျေးလက်ဒေသတစ်ခုဟု ဆိုနိုင်သည့် မဟာစာရက်ခမ်မြို့ငယ်လေးနှင့် အနီးရှိ မြို့များသည် အီစံဒေသဟု ခေါ်ပါသည်။ ထိုဒေသတွင် မင်္ဂလာပွဲများ၌ ဝက်သားနှင့် အမဲသားကို ၎င်းတို့၏ ရိုးရာဓလေ့အဖြစ် အမြဲတစေ ကျွေးမွေးသည့် အလေ့ရှိခြင်းကြောင့် ဖြစ်သည်။

ထို့အတူ ထိုင်းနိုင်ငံရှိ ဓလေ့ဆိုရိုးစကားများကို မြန်မာဘာသာနှင့် နှိုင်းယှဉ်လေ့လာကြည့်လျှင် ထိုင်းစကားပုံတစ်ခုဖြစ်သည့် 'ဆင်ပေါ် ကျောပိုးစီး၍ နံ့ကောင်ကိုဖမ်းသည်' ဆိုသည်မှာ မြန်မာစကားပုံ 'အလုပ်မရှိ ကြောင်ရေချိုး' နှင့် တူသည်။ အကျိုးမရှိ အလုပ်လုပ်ခြင်းပင် ဖြစ်သည်။ ထိုင်းစကားပုံ 'ဆန်အသစ်၊ ငါးအစိမ်း' သည် အိမ်ယာထူထောင်စ မင်္ဂလာဦးဟု ဆိုခြင်းဖြစ်သည်။ မြန်မာအယူအဆအနေဖြင့် ချစ်စ၊ ခင်စ၊ ကြင်နာစဟု မှတ်သားမိသည်။ ထိုင်းအသုံး 'ဆန္ဒွင်းနှင့်ထုံး' သည် မြန်မာအသုံး 'တစောင်းဆေးနှင့် မျက်ချေး' ဟု ဆိုခြင်းပင် ဖြစ်သည်။ ထိုင်းအသုံး 'ရွှေကအပူဒဏ်ကိုခံနိုင်တယ်' ဆိုခြင်းသည် မြန်မာအသုံး 'ကြွေးထူ မပူ' ဟု ဆိုခြင်းပင် ဖြစ်သည်။ ထိုင်းအသုံး 'ဝက်နှင့် အတူတူနေသည်၊ ခွေးနှင့် အတူတူစားသည်' အသုံးသည် မြန်မာအသုံး 'အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစား' ဟု ဆိုခြင်းဖြစ်သည်။ စနစ်မရှိနေထိုင်ခြင်းဟုလည်း အဓိပ္ပာယ်ရပါသည်။

ထိုင်းအသုံး 'ကြက်ပေါက်စ' ဟု ဆိုခြင်းသည် မြန်မာအသုံး 'သိုးငယ်' သဘောပင် ဖြစ်သည်။ ဘာမှ မသိနားမလည်သူ၊ သူတစ်ပါး လှည့်ဖြားလျှင် ခံရမည့်သူဟု တင်စားသုံးခြင်း ဖြစ်ပါသည်။

ထိုင်းအသုံး 'နံနံပင်ကို မျက်နှာပြင်တွင် ထားသည်' ဟု ဆိုခြင်းသည် 'နံနံပင်ဖြူးသည်' ဟု ဆိုလိုခြင်း ဖြစ်သည်။ မြန်မာအသုံး 'နှမ်းဖြူးသည်' ဟု ဆိုနိုင်ပါသည်။ ထိုင်းအသုံး 'သစ်ပင်နှင့် ကမ်းနီးပါသည်' ဆိုခြင်းသည် မြန်မာစကားပုံ 'ကမ်းနားသစ်ပင်' နှင့် ပုံစံချင်းတူသော်လည်း အဓိပ္ပာယ်ယူဆပုံ ကွာခြားပါသည်။ မြန်မာတို့က 'ကမ်းနားသစ်ပင်' ဆိုသည်မှာ ရာထူးကြီးကြီး မင်းမှုထမ်း အစိုးရဝန်ထမ်းကို ခေါ်ဆို၍

အချိန်မရွေး ရာထူးပြုတ်ကျပြီး စွန့်လွှတ်ခြင်းသို့ ရောက်နိုင်သည့် အဓိပ္ပါယ် ဖြစ်သော်လည်း ထိုင်းလူမျိုးတို့၏ 'သစ်ပင်နှင့် ကမ်းနားနီးပါသည်' ဆိုသည်မှာ အသက်အရွယ်ကြီးရင့်ပြီး အချိန်မရွေး သေဆုံးနိုင်သည့်အရွယ်ကို ဆိုလိုခြင်းပင် ဖြစ်သည်။

ထို့ကြောင့် ထိုင်း မြန်မာ ဆိုရိုး၊ စကားပုံများတွင်လည်း အတွေးအခေါ် အယူအဆ ဓလေ့ထုံးစံများနှင့် သုံးစွဲပုံ သဘောအဓိပ္ပာယ်များ ကွဲလွဲသည်ကိုလည်း တွေ့ရှိရ ပါသည်။ အဓိပ္ပာယ်အယူအဆတူပုံများ ကွာခြားပုံများကိုလည်း သုံးသပ်နိုင်ပါသည်။

## ၃။ သုံးသပ်ချက်

လူမျိုးတစ်မျိုးနှင့်တစ်မျိုး နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ဘာသာစကား ကိုးကွယ် ယုံကြည်မှု ဓလေ့ထုံးစံ စရိုက်သွင်ပြင်လက္ခဏာများ တွေးခေါ်ယူဆချက်များသည် အမျိုးမျိုး ကွဲပြားလျက် ရှိပါသည်။ ဘာသာစကားတစ်ခုကို လေ့လာကြည့်လျှင် ထိုသဘောတရားများစွာကို တွေ့ရှိရပါသည်။ နိုင်ငံနှင့်လူမျိုး ကွဲပြားခြားနားနေသော်လည်း အချို့ဝေါဟာရ အသုံးအနှုန်းများတွင် တိုက်ဆိုင်တူညီမှုများရှိသကဲ့သို့ အချို့နေရာ များတွင် ကွဲလွဲချက်များ ရှိနေသည်ကို တွေ့ရပါသည်။

ဘာသာစကားတစ်ခုကို တတ်မြောက်အောင် သင်ကြား၍ ထိုဘာသာစကားကို ပြီးပြည့်စုံတတ်မြောက်သည်ဟု မဆိုနိုင်သေးပါ။ ထိုဘာသာစကားကို ယင်းနိုင်ငံနှင့် လူမျိုးများထံ သွားရောက်၍ လက်တွေ့အသုံးချပြောဆိုသည့်အခါ၌ ယင်းလူမျိုးတို့နှင့် တသွေးတသား တညီတညွတ်ထဲရှိရန် လိုအပ်လှပါသည်။ ထိုအခါတွင် ယင်းလူမျိုး တို့၏ တွေးခေါ်ယူဆချက်များ ဓလေ့ထုံးတမ်းများသည် အလွန်အရေးပါလှပါသည်။ ထိုဘာသာစကားကို တတ်မြောက်ထားပြီး ယင်းလူမျိုးတို့၏ ပြောဆိုသော အယူအဆ အတွေးအခေါ်များကိုလည်း သိရှိထားရန် လိုအပ်လှပါသည်။

ဤသုတေသနတွင် သုတေသနပြုသူသည် ထိုင်းနိုင်ငံ မဟာစာရက်ခမ် တက္ကသိုလ်တွင် မြန်မာသဒ္ဒါ၊ မြန်မာအတ္ထဗေဒ၊ မြန်မာလက်တွေ့အတ္ထဗေဒ ဘာသာရပ်များကို သင်ကြားပေးရင်း ကျောင်းသားများ၏ မြန်မာသဒ္ဒါဖွဲ့စည်းပုံ၊ စကားလုံး အသုံးချပုံ၊ တွေးခေါ်ယူဆပုံများသည် မှားယွင်းသော ယူဆချက်များ ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ ထိုမှားယွင်းယူဆချက်များသည် ကျောင်းသား အများစု အမှားများ တူညီနေကြသည်ကို တွေ့ရှိရပါသည်။ ထိုမှားယွင်းမှုများကို စစ်တမ်းကောက်ယူလျက် ဘာကြောင့်မှားသနည်းဟု လေ့လာကြည့်ခဲ့ပါသည်။ ထိုအခါတွင် ကျောင်းသားအများစုသည် မိမိတို့ ဘာသာစကားများ၏ တွေးခေါ်ယူဆချက်များကို ထည့်သွင်းစဉ်းစားခြင်းကြောင့် ဖြစ်ပေါ်လာသော မှားယွင်းမှုများပင် ဖြစ်ပါသည်။

ထို့ကြောင့် ဤသုတေသနသည် ထိုင်း မြန်မာ နှစ်ဘာသာ ဝါကျတည်ဆောက်ပုံ၊ စကားလုံး အသုံးပြုပုံ၊ တွေးခေါ်ယူဆပုံတို့ကို သုတေသနပြုသူ လက်လှမ်းမီသမျှ တင်ပြထားပါသည်။ ကျောင်းသားအများစု မှားယွင်းချက်များအပေါ်တွင် စစ်တမ်းကောက်ယူ၍ ထိုင်း မြန်မာ နှစ်ဘာသာကို နှိုင်းယှဉ်ဖော်ပြထားပါသည်။

ဝါကျဖွဲ့စည်းတည်ဆောက်ပုံ အပိုင်း၌လည်း ထိုင်းသဒ္ဒါ၊ မြန်မာသဒ္ဒါ ဖွဲ့စည်းတည်ဆောက်ပုံများကို နှိုင်းယှဉ်ဖော်ပြ၍ ပေါင်းစပ်နာမ်၊ ပေါင်းစပ်နာမဝိသေသနတည်ဆောက်ပုံများကိုလည်း လေ့လာဖော်ပြခဲ့ပါသည်။ ကြိယာအပိုင်း၌လည်း ကြိယာစကားလုံး အသုံးပြုပုံများ၊ ပေါင်းစပ်ကြိယာများ၊ ကြိယာထောက်၊ ကြိယာဝိသေသနတို့ကို နှိုင်းယှဉ်တင်ပြထားပါသည်။ ထို့နောက် နာမ်ပစ္စည်းတစ်ခုဖြစ်သည့် မျိုးပြပစ္စည်း အခေါ်အဝေါ် အသုံးပြုပုံ၏ ထူးခြားချက်များကို နှိုင်းယှဉ်၍ အတွေးအခေါ်အယူအဆအမျိုးမျိုးကို သုံးသပ်ပြခဲ့ပါသည်။

နောက်ဆုံးပိုင်းတွင် ထိုင်း မြန်မာ နှစ်ဘာသာ၏ တွေးခေါ်ယူဆပုံများကိုလည်း ထိုင်း မြန်မာ ဆိုရိုးစကား၊ စကားပုံများနှင့် နှိုင်းယှဉ်တင်ပြထားပါသည်။

ဤသုတေသနသည် ပြီးပြည့်စုံသော သုတေသနတစ်ခု မဟုတ်သေးပါ။ ဆက်လက်လေ့လာလျှင် လေ့လာစရာများ အများအပြားရှိပါသည်။ သုတေသနပြုသူသည် ထိုင်းနိုင်ငံတက္ကသိုလ်တွင် (၃)နှစ်ကျော် တာဝန်ထမ်းဆောင်ရင်း တွေ့ရှိခဲ့ရသည့် တူညီသည့် အမှားများကို စစ်တမ်းကောက်ယူ၍ နှိုင်းယှဉ်တင်ပြထားခြင်းသာ ဖြစ်ပါသည်။

ကျန်ရှိနေသည့် အပိုင်းများကိုလည်း ဆက်လက်လေ့လာလျက်ရှိပါသည်။

## နိဂုံး

ဤသုတေသနသည် ထိုင်း မြန်မာ နှစ်ဘာသာ၏ ဝါကျတည်ဆောက်ပုံ စကားလုံး အသုံးပြုပုံ၊ တွေးခေါ်ယူဆပုံများကို လက်လှမ်းမီသမျှ တင်ပြထား၍ ထိုင်း မြန်မာ နှစ်ဘာသာ၏ ဝါကျဖွဲ့ပုံ၊ စကားလုံးအသုံးချပုံများ တွေးခေါ်ယူဆချက်များကို အတန်အသင့် သိရှိနိုင်ပါသည်။ ထိုင်း မြန်မာ နှစ်ဘာသာကို သင်ကြားနေကြသော ကျောင်းသားများအတွက်လည်း များစွာ အထောက်အကူရနိုင်မည်ဟု ယုံကြည်မိပါသည်။ ထို့အပြင် အခြားဘာသာစကားများကို သင်ကြားနေသော ကျောင်းသားများအတွက်လည်း လေ့လာပုံနည်းစနစ်များ တွေးခေါ်ပုံ အယူအဆကောင်းများကို အသုံးချလေ့လာနိုင်မည်ဟုလည်း ထင်မြင်မိပါသည်။

# ကျမ်းကိုးစာရင်း


## မြန်မာဘာသာ

ခင်မင်၊ မောင် (ဓနုဖြူ)။ (၁၉၉၇)။ ***စကားသမုဒ္ဒရာ စာသမုဒ္ဒရာ။*** ရန်ကုန်၊ မြကန်စာအုပ်တိုက်။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၀)။ ***လက်တွေ့အတ္ထဗေဒနိဒါန်း။*** ရန်ကုန်၊ သင်းစာပေ။

ခင်အေး၊ ဒေါက်တာ။ (၂၀၀၄)။ ***အတ္ထဗေဒနိဒါန်း။*** ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

ခိုင်ချိုလတ်၊ မ ။ (၂၀၀၃)။ ***မြန်မာစကားလုံးများ၏ အနက်အဓိပ္ပါယ် ပြောင်းလဲမှုသဘော။*** ရန်ကုန်တက္ကသိုလ် မဟာသုတေသန၊ မြန်မာစာဘွဲ့အတွက် တင်သွင်းသော ကျမ်း။

မြန်မာစာသုတေသနဂျာနယ်။ (၁၉၉၇)။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။

မြန်မာသဒ္ဒါ။ (၂၀၀၅)။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

မြန်မာအဘိဓာန်။ (၂၀၀၈)။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

သာနိုး၊ မောင်။ (၂၀၁၀)။ ***ဘာသာဗေဒအခြေပြု။*** ရန်ကုန်၊ သင်းစာပေ။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၁၅)။ ***ဘာသာစကား သုတ။*** ရန်ကုန်၊ ရှုဝံစာအုပ်တိုက်။

## အင်္ဂလိပ်ဘာသာ

Hartman, R.RK & Strok F.C, (1972). *Dictionary of language and linguistics.*

Palmer, F.R, (1981) ***Secondedn*** Cambridge: CUP

Yule, George (2002) ***Pragmatics***. Orford: CUP

## ထိုင်းသဒ္ဒါ စာအုပ်

First Year (BA) Listening & Speaking (Part One), Thai Language, Yangon University of Foreign Languages.

Wittayasakphan.S

Ninprapatsorn.R

Krasaesin.R

Kaewsuwan.U (2002) Introduction to Thai Language For Foreigners, Bangkok, Thai Language Development Project Ministry of University Affairs.

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# ပုဂံခေတ်မြန်မာကျောက်စာများတွင်တွေ့ရသောဂယက်အနက် ထင်ဟပ်နေသည့်စကားလုံးများလေ့လာချက်

အေးအေးမြင့်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေ၏ အဦးအစဖြစ်သော ပုဂံခေတ်ကျောက်စာ စကားပြေ အရေးအသားတွင် တွေ့ရသော စကားအသုံးအနှုန်းများအနက် ဂယက်အနက် ထင်ဟပ်နေသော စကားလုံးများကို အတ္ထဗေဒရှုထောင့်မှ လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ ထိုသို့လေ့လာတင်ပြရာတွင် ပုဂံကျောက်စာစကားလုံးများသည် မူရင်းအနက်(အဘိဓာန်အနက်)၊ ခံစားမှုပြ အနက်တို့အပြင် ဂယက်အနက် ထင်ဟပ်မှုရှိခြင်းကြောင့် အတ္ထဗေဒရှုထောင့်မှ ချဉ်းကပ်၍ လေ့လာတင်ပြလိုပါသည်။ ဤစာတမ်းသည် ပုဂံခေတ် မြန်မာ ကျောက်စာ ဝေါဟာရများကို လေ့လာရာတွင်လည်းကောင်း၊ ဘာသာစကား ရှုထောင့်တို့ကို လေ့လာရာတွင်လည်းကောင်း အထောက်အကူပြုနိုင်ရန် ရည်ရွယ်ပါသည်။

## နိဒါန်း

လူမှုအဖွဲ့အစည်းအသီးသီးဆက်သွယ်ရာ၌ ဘာသာစကား၏ အခန်းကဏ္ဍသည် အဓိကကျပါသည်။ ဘာသာစကားဖြင့် ဆက်သွယ်ရာတွင် အနက်အဓိပ္ပာယ်သည် ဆက်သွယ်ရေးလမ်းကြောင်းကို ပွင့်စေသည်။ အနက်အဓိပ္ပာယ်သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှသာ ဆက်သွယ်ပြောဆိုလုပ်ကိုင် ဆောင်ရွက်နိုင်ကြမည် ဖြစ်သည်။ အနက်အဓိပ္ပာယ်သည် ဘာသာစကားတစ်ခု၏ အသက်တမျှ အရေးပါ လှပါသည်။ ထိုအနက်အဓိပ္ပာယ်တွင် ပြောဆိုသုံးစွဲသူ၏ အခြေအနေ အချိန်အခါ အလိုက် မူရင်းအနက်နှင့်အတူ အခြားအနက်များ တွဲဖက်ပါလာသည်။ ပြောသူ၏ စိတ်ကူးစိတ်သန်း ခံစားချက်အလျောက် အသုံးပြုသော စကားအသုံးအနှုန်းတွင် ဂယက်ရိုက်သကဲ့သို့ အခြားခံစားမှုအနက်များလည်း ထင်ဟပ်လာတတ်ပါသည်။ စကားလုံးများတွင် ပြောဆိုလိုသော အခြေအနေ အဆက်အစပ်တို့ကို ဂယက်အနက် အဖြစ် တွေ့မြင်နိုင်ပါသည်။

---

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ စစ်ကိုင်းတက္ကသိုလ်

ဤစာတမ်းတွင် ပုဂံခေတ် ကျောက်စာများတွင် တွေ့ရသော ဂယက်အနက် ထင်ဟပ်နေသည့် စကားလုံးများကို အတ္ထဗေဒရှုထောင့်မှ လေ့လာထားသဖြင့် ရှေးဟောင်းမြန်မာစာပေမှ အနက်အဓိပ္ပာယ်ကို လေ့လာသုံးသပ်ထားခြင်း ဖြစ်ပါသည်။

## ဂယက်အနက်၏ သဘောသဘာဝ

လူတစ်ဦးနှင့်တစ်ဦး ခံစားချက် စိတ်ကူးစိတ်သန်း အသိချင်းဖလှယ်ရာတွင် ဘာသာစကားသည် အဓိကအရေးပါသော ဆက်သွယ်မှုကြားခံအဖြစ် အသုံးပြုကြသည်။ ဆက်သွယ်မှုကြားခံဖြစ်သော ဘာသာစကားသင်္ကေတသည် ဘာသာစကား တစ်ခု၏ အခြေခံအကျဆုံး ဖြစ်သည်။ ထိုသင်္ကေတစကားလုံးများဖြင့် ရည်ညွှန်းသော အညွှန်းခံများ၏ သဘောလက္ခဏာများကို အဘိဓာန်တွင် အနက်ဖွင့်ဆိုထားသော အနက်ဖြစ်သည်။ 'အနက်ရိုး' (သဘောလက္ခဏာပြအနက်) ဖြစ်သည်။ ဘာသာစကား ဆက်သွယ်ရာတွင် လွန်စွာအရေးပါ၍ အဓိကကျသော အနက်ပင် ဖြစ်သည်။ ပညတ်အနက်၊ သရုပ်ဖော်အနက်၊ သိမှုအနက် ဟူ၍ အမျိုးမျိုးခေါ်ကြသည်။

ဘာသာစကားအသုံးပြုရာတွင် အနက်ရိုး(အဘိဓာန်အနက်) သဘောပြအနက် အပြင် လူမှုကိစ္စအမျိုးအမျိုးအတွက် တင်စားရည်ညွှန်း ခေါ်ဝေါ်သုံးစွဲရာမှ ထိုလူမှုကိစ္စနှင့် ဆက်စပ်သော ခံစားမှုများသည် ထိုစကားလုံးတွင် ထင်ဟပ်လာသည်။ အနက်ရိုးမှ ပွဲတင်သံကဲ့သို့ လည်းကောင်း၊ ဂယက်ရိုက်သကဲ့သို့ လည်းကောင်း ခံစားမှုအဆင့်သို့ရောက်အောင် ဆင့်ကဲဆင့်ကဲ ပို့ဆောင်ပေးသော အနက်အထူးကို ဂယက်အနက်ဟု ခေါ်ဆိုနိုင်ပါသည်။

ဂယက်အနက်၏ သဘောကို ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)က 'အနက်ရိုး (အဘိဓာန်အနက်၊ သဘောလက္ခဏာပြအနက်)ကို အကြောင်းပြု၍ ဂယက်ရိုက် လာသော သဘောဖြစ်သည့်အတွက် ဂယက်အနက်ဟု ခေါ်ခြင်းဖြစ်သည်။ ဂယက် အနက် ဟူသော စကားနှင့်အညီ အညွှန်းခံ၏ဂုဏ်ရည်များ၊ ပြောသူ၏ခံစားမှုများ၊ သဘောထားများ လူမှုအခြေအနေများ ဆက်စပ်နေသော အနက်များသည် သက်ဆိုင်ရာ စကားလုံး၏ နောက်ကွယ်တွင် ဂယက်ရိုက်၍ ကပ်ပါလာသော သဘောရှိကြောင်း'[၁] ဖွင့်ဆိုသတ်မှတ်ထားသည်။

ထို့ပြင် ဂယက်အနက်နှင့်ပတ်သက်၍ 'တွဲဖက်အနက်သည် စကားလုံးနှင့် ဆက်စပ်တွဲဖက်ကာ ဖြစ်ပေါ်လာရသော စိတ်လှုပ်ရှားမှု၊ ခံစားမှုဖြစ်သည့်အလျောက် စကားလုံးနှင့် ခံစားမှုတို့၏ ဆက်သွယ်ပုံကို စူးစမ်းကြည့်သင့်ပါသည်။ စကားလုံး

[၁] ခင်အေး၊ ၂၀၀၄၊ ၉၅

များကို ကြားရဖတ်ရရုံနှင့် စိတ်လှုပ်ရှားခံစားမှု ဖြစ်ပေါ်လာရခြင်းမှာ ဆန်းလည်း ဆန်းကြယ်ပါသည်။ သိမ်လည်း သိမ်မွေ့ပါသည်။ စကားလုံးသည် လူမှုကိစ္စများကို ရည်ညွှန်းဖော်ပြနိုင်သော သင်္ကေတဖြစ်သည်။ ထိုသင်္ကေတကို ထိုလူမှုကိစ္စနှင့် ပတ်သက်၍ ဖြစ်ပေါ်လာရသော စိတ်လှုပ်ရှားခံစားမှုသည် သင်္ကေတဖြစ်သော စကားလုံးကိုပါ အရှိန်အငွေ့ဟပ်ပြီး စွဲထင်သွားရာမှ စကားလုံးကို ဖတ်ရ၊ ကြားရ ရုံနှင့် ထိုစိတ်လှုပ်ရှားမှုကိုပါ ပေါ်ပေါက်လာရခြင်း ဖြစ်သည်။"[၁] ဟူ၍ လည်းကောင်း ဖွင့်ဆိုပြခဲ့ပါသည်။

ထို့ကြောင့် ဂယက်အနက်ဟုဆိုရာ၌ စကားလုံးတစ်လုံး၏ မူလအနက်နှင့် ဆက်စပ်၍ ပေါ်ပေါက်လာသော အတွေးများ၊ ခံစားမှုများ၊ ခံယူချက်များကို ဆိုလိုခြင်း ဖြစ်ပါသည်။ ဂယက်အနက်သည် အသစ်အသစ် တိုးပွားလာနိုင်သော သဘော ရှိသည်။ လူမှုအလွှာအမျိုးမျိုး၊ အခြေအနေအမျိုးမျိုး၊ အချိန်အခါအမျိုးမျိုးတို့၏ အဆင့်အမျိုးမျိုး၊ အဓိပ္ပာယ်အမျိုးမျိုး ကွဲပြားနိုင်သော သဘောတရားပင် ဖြစ်သည်။ ဂယက်အနက်သည် အနက်ရိုးကဲ့သို့ တည်ငြိမ်မှု မရှိပေ။

ထို့ကြောင့် စာပေထဲတွင်သော်လည်းကောင်း၊ စကားပြောဆိုရာတွင်လည်းကောင်း ဂယက်အနက်များ ကိန်းအောင်းလျက်ရှိသည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။ စာ၊ စကားတို့တွင် ထင်ဟပ်နေသော ဂုဏ်ရည်ပြအနက်၊ ခံစားမှုပြအနက်၊ လူမှုအခြေပြ အနက်၊ ဒွန်တွဲအနက်၊ နှစ်ဖက်သွားအနက် ဟူ၍ အနက်(၅)မျိုးကို ဂယက်အနက်ဟု ခြုံငုံ၍ ခေါ်နိုင်ပါသည်။

## မြန်မာ့ကျောက်စာရှိ ဂယက်အနက် ထင်ဟပ်နေသော စကားလုံးများ

ပုဂံခေတ်တွင် ရှေးမြန်မာကြီးများသည် ဘုရားတည် ကျောင်းဆောက် စသည်ဖြင့် ကုသိုလ်ကောင်းမှု အလှူဒါနပြုကြသည်။ အလှူအဓွန့်ရှည်စေရန် အလှူမှတ်တမ်းတင် ကျောက်စာများ ရေးထိုးထားကြသဖြင့် ထိုကျောက်စာအရေးအသားများတွင် အလှူရှင် တို့၏ စကားအသုံးအနှုန်း အဆက်အစပ်အရ ဂယက်အနက် ထင်ဟပ်နေသော စကားလုံးတို့ကို လေ့လာတင်ပြသွားပါမည်။

---

[၁] ခင်အေး၊ ၁၉၈၂၊ ၃၁။

## ၁။ သိစင်မြင်နှံ့သောဉာဏ် [၁]

ဤစကားလုံးသည် ပုဂံခေတ်သုံး စကားလုံး ဖြစ်ပါသည်။ ပါဠိစကားလုံး 'သဗ္ဗညုတဉာဏ'ကို မြန်မာမှုပြုထားခြင်း ဖြစ်ပါသည်။ သာမန်အားဖြင့် ဘာသာပြန်စကားလုံးဖြစ်သော်လည်း ပုဂံသားတို့၏ စိတ်ခံစားမှုအခြေအနေများ ထင်ဟပ်နေပါသည်။ နှံ့နှံ့စပ်စပ် ကြွင်းကျန်မရှိ သိနေသည်ဟူသော သဘောဖြစ်သည်။ ကြည်ညိုမှု၊ ယုံကြည်မှု၊ မြတ်နိုးမှု၊ အားကိုးမှု ဟူသော ခံစားမှုအရိပ်များ ပုဂံသားတို့၏ နှလုံးသားတွင် ထင်ဟပ်နေကြောင်း တွေ့ရပါသည်။ ထို့ပြင် ပါဠိစကားလုံးထက် မြန်မာမှုကို အလေးထားသော ပုဂံသားတို့၏ မြန်မာစာချစ်သော သဘောအရိပ်များကို တွေ့ရပါသည်။ မြန်မာစာအတွက် အလေးထား အားထုတ်နေသော ပုဂံသားတို့၏ ခံစားမှုအနက်များလည်း ထင်ဟပ်နေပါသည်။ ထို့ကြောင့် အတ္ထဗေဒလေ့လာမှုအရ ခံစားမှုပြအနက်များ ယှဉ်တွဲနေ၍ ဂယက်အနက်အနေဖြင့် ပို၍အားကောင်းလာပါသည်။

## ၂။ ဆိုငြယ် [၂]

ဆိုးဝါးသော ငရဲ ဟူ၍ အဓိပ္ပါယ်ဆောင်ပါသည်။ မြန်မာအဘိဓာန်တွင် 'မကောင်းမှုပြုသူများ နောင်တစ်မလွန်ဘဝ၌ ဆင်းရဲကြီးစွာ ခံရရာအရပ် (ပါ-နိရယ)' ဟု ဖော်ပြထားသည်။ ဤတွင် 'ဆိုး' ဟူသော စကားလုံးကို ကြောက်မက်ဖွယ်သော သဘောဖြစ်သည်။ သို့ဖြစ်၍ ပုဂံသားတို့အတွက် မကောင်းမှုကို ကြောက်လန့်နေသော ကြောက်လန့်စေလိုသော ခံစားမှုအနက် ထင်ဟပ်နေပါသည်။ ဆိုးဝါးသောနေရာ၊ ကြောက်လန့်ဖွယ်ရာနေရာအဖြစ် ဂုဏ်ရည်ပြအနက် ထင်ရှားနေသည်။ 'ငရဲ' ဟူသော စကားလုံး ကြားသိတိုင်း မကောင်းမှုပြုလျှင် ခံစားရမည့်နေရာဖြစ်သည် ဟူသော ကြောက်ရွံ့စေသည့် ခံစားမှုပြဂယက်အနက် ထင်ရှားပါသည်။

## ၃။ နိဗ္ဗာန်ပြည်သို့ရောက်စိယ် [၃]

နိဗ္ဗာန်ကို ဒုက္ခအပေါင်းမှ ကင်းငြိမ်းရာအဖြစ် ကောင်းစွာနားလည်သည် နိဗ္ဗာန (နိ+ဝါ+ယျ) (န)ငြိမ်းအေးခြင်း။ နိဗ္ဗာန်ဟူ၍ ပါဠိအဘိဓာန်တွင် ဖော်ပြထား

---

[၁] ရှေးဟောင်းမြန်မာကျောက်စာ။ (ပဌမ)တွဲ
[၂] ရှေးဟောင်းမြန်မာကျောက်စာ။ (ပဌမ)တွဲ
[၃] ရှေးဟောင်းမြန်မာကျောက်စာ။ (ပဌမ)တွဲ

သည်။ တိုင်းပြည်အဖြစ် တင်စား၍ 'ပြည်'ကို ဖြည့်စွက်ကာ ခေါ်ဆိုခြင်း ဖြစ်ဟန်တူသည်။

(ရောက်စိယ် = ရောက်စေသည်) ဟူသော စကားအရ ရည်မှန်းအရပ်အဖြစ် ခံစားမှုပြအနက်များ ထင်ဟပ်နေပါသည်။ သံသရာဆင်းရဲအားလုံး ချုပ်ငြိမ်းရာအဖြစ် ဗုဒ္ဓဘာသာဝင်တို့ အလေးအမြတ်ထားသော မျှော်မှန်းစေသော ခံစားမှုပြဂုဏ်ယက် ထင်ဟပ်နေပါသည်။

## ၄။ အတည်မဟိယ်[၁]

ညောင်ရမ်းကြီးသမီးကျောက်စာတွင်–

"အတည်မဟိယ်သော တရျာကိုဝ် ထိတ်လန့်လတ်ရှယ်"

ဟူ၍ ရေးထိုးထားပါသည်။ အလှူရှင် ညောင်ရမ်းကြီးသမီးသည် ခင်ပွန်းသည် ရုတ်တရက်ကွယ်လွန်သောအခါ တည်မြဲခြင်းမရှိသော တရားသဘောကို ဆင်ခြင်သုံးသပ်မိလာသည်။ ပါဠိဘာသာစကား (အနိစ္စ)စကားလုံးကို မြန်မာဘာသာပြန် မြန်မာမှုပြုကာ 'အတည်မဲ့သော' ဟူ၍ ထင်ရှားမြင်သာအောင် ရေးထိုးထားပါသည်။ လောကကြီးတွင် တည်မြဲခြင်းမရှိသော တရားသဘောကို ဆင်ခြင်နှလုံးသွင်းစေပါသည်။ လူတို့ကျင်လည်ရာ ဘဝသံသရာတွင် 'အတည်မရှိခြင်းတရား'ကို ထိတ်လန့်ခံစားမှုဖြစ်စေသော ခံစားမှုပြဂုဏ်ယက် ထင်ဟပ်နေပါသည်။

## ၅။ ရမ္မက်ကျွန်[၂]

တောင်ဂူနီဘုရားကျောက်စာတွင်–

"ရမ္မက်ကျွန်အဖြစ်မှ တော်လှန်လိုရကား"

ဟု ရေးထိုးထားပါသည်။ အလှူရှင်အမတ်ကြီးသည် တဏှာရမ္မက်ဘေးကို ကောင်းစွာသိမြင်၍ လွတ်မြောက်လိုသော ဆန္ဒရှိသူဖြစ်သောကြောင့် တဏှာရမ္မက် ကျေးကျွန်အဖြစ်မှ လွတ်မြောက်လိုသည်ကို 'တော်လှန်လိုရကား'ဟု ကျစ်လျစ်စွာ သုံးထားပါသည်။ မိမိ၏စိတ်တွင်လည်းကောင်း၊ ကိုယ်တွင်လည်းကောင်း တဏှာရမ္မက်များ ထိတွေ့ငြိတွယ်ခြင်းမရှိ ရှင်းသန့်စေလိုသော အနက်ထင်ပါသည်။

---

[၁] ရှေးဟောင်းမြန်မာကျောက်စာ။ (ပဌမ)တွဲ

[၂] ရှေးဟောင်းမြန်မာကျောက်စာ။ (ပဌမ)တွဲ

'ရမ္မက်'သည် ပါဠိဝေါဟာရ (ရမ)မှ ဆင်းသက်လာသော ပါဠိသက်ဝေါဟာရ ဖြစ်သည်။ 'မက်မောမှု၊ လိုချင်မှု'ကို ဆိုလိုသည်။ လောဘဟုလည်း ဆိုနိုင်သည်။ ရမ္မက်ကျွန်သည် ရမ္မက်၏ကျေးကျွန် တင်စားသုံးထားသည်။ ရမ္မက်ကျွန်မှ 'ကျွန်'သည် သာမန်ကျွန်မျိုးမဟုတ် 'လောဘရမ္မက်၏သားကောင်' လောဘရမ္မက်၊ တဏှာရမက်တို့တွင် နစ်မျောနေသူ၏ ခံစားမှုအနက် ထင်ဟပ်နေပါသည်။ အလှူရှင်၏ စိတ်ဖြူစင်ရှင်းသန့်ပုံ တဏှာရမ္မက်တို့ကို စက်ဆုပ်မိစေသော ခံစားမှုပြ ဂယက်အနက်တို့ ထင်ဟပ်နေပါသည်။

## ၆။ အနှစ်မောင်နှံ[၁]

ဇနီးမောင်နှံမေတ္တာကို ကျစ်လျစ်စွာ ဖော်ပြသော စကားလုံးဖြစ်သည်။ မေတ္တာအနှစ်ဖြင့် ချစ်ခင်ပေါင်းသင်းသော မောင်နှံနှစ်ဦး ဟူ၍ အနက်ဆောင်ပါသည်။ နှစ်သက်ကြည်နူးဖွယ်ကောင်း၍ ယဉ်ကျေးသိမ်မွေ့သော ခံစားမှု ထင်ဟပ်နေသော စကားလုံး ဖြစ်သည်။ ဇနီးမောင်နှံ(၂)ဦး၏ တစ်ယောက်နှင့်တစ်ယောက် စိတ်တူကိုယ်တူ အပြန်အလှန်မေတ္တာတရားမှာ ကြည်နူးနှစ်သက်ဖွယ် အေးချမ်းသာယာသော ခံစားမှုပြဂယက်အနက်များ ထင်ဟပ်နေပါသည်။

## ၇။ ပယ်မယာ[၂]

ရာဇကုမာရ်ကျောက်စာတွင်–

"ထိုပါယ်မယားသား သာတမုလေဟ် ရာဇကုမာရ်မည်၏"

ဟူ၍ ရေးထိုးထားသည်။ 'ပါယ်မယား'သည် ပါဠိဘာသာစကား ပိယ (ချစ်မြတ်နိုးအပ်သော) နှင့် မြန်မာဘာသာစကား မယား၊ မိယာ (ကြုံတွေ့ပေါင်းဖက်ရသော အမျိုးသမီး)တို့ကို ပေါင်းစပ်ရေးဖွဲ့ထားသော စကားလုံး ဖြစ်ပါသည်။ 'ချစ်မြတ်နိုးအပ်သော မယား' ဟူ၍ အနက်ရပါသည်။ ပုဂံခေတ် မြန်မာစာ စတင်ချိန်တွင် သုံးစွဲရေးထားသော 'ပယ်မယား' ဟူသော စကားလုံးသည် နှစ်သက်မြတ်နိုးဖွယ်ကောင်းသော၊ သိမ်မွေ့သော ခံစားချက်ကို ဖြစ်ပေါ်စေပါသည်။ ထိုစကားတွင် ဇနီးမယားတစ်ယောက်၏ ချစ်မြတ်နိုးအပ်သော ဂုဏ်ရည်တို့ မြတ်နိုးတန်ဖိုးထားသော ခံစားမှုပြဂယက်အနက် ထင်ဟပ်နေပါသည်။

---

[၁] ရှေးဟောင်းမြန်မာကျောက်စာ။ (ပဌမ)တွဲ

[၂] ရှေးဟောင်းမြန်မာကျောက်စာ။ (ပဌမ)တွဲ

## ၈။ ပယ်မယာသာ[၁]

ရာဇကုမာရ်ကျောက်စာတွင်–

"ထိဝ်ပါယ်မယာ အသာရာဇကုမာရ်မည်သောမင် ပိယ်တုံအော်"

ဟူ၍ ရေးထိုးထားရာ ပယ်မယာ(သမ္ဘုလ) ကွယ်လွန်သောအခါ ကျွန်သုံးရွာနှင့် အဆင်တန်ဆာတို့ကို ရာဇကုမာရ်မင်းသားကို မင်းပေးတုံ၏ ဟု ဖော်ပြထားသည်။ ရာဇကုမာရ်ကို 'ပယ်မယာသာ' ဟူ၍ ညွှန်းခေါ်စကားကို တွေ့ရပါသည်။ အလှူရှင် ရာဇကုမာရ်သည် မိခင်ဂုဏ်ပုဒ်ကို ဦးတည်ခေါ်ဆိုသောကြောင့် ဂုဏ်ရည်ပြအနက် ထင်ဟပ်နေသကဲ့သို့ မိခင်ကို အလေးအမြတ်ထားသည့် ခံစားချက်အနက်လည်း ထင်ဟပ်နေပါသည်။ 'ပယ်မယာသာ'သည် 'ယနေ့ခေတ်တွင် မေမေ့သား' ဟူ၍ သုံးထားခြင်းပင် ဖြစ်သည်။ မိခင်ကို ကြည်ညိုလေးစားတန်ဖိုးထားသော ချစ်ခင် နှစ်သက်သော ကြည်နူးအေးချမ်းသော ဂယက်အနက်များ ထင်ဟပ်နေပါသည်။

## ၉။ ဤငါသူဖြစ်သရော[၂]

ပေါ်တော်မူဘုရားကျောက်စာတွင်–

"ဤငါသူဖြစ်သရောအား ဘုရားလေးသုံးခု ပြုခဲ့ဖူး၏"

ဟူ၍ ဦးစွာရေးထိုးထားသည်။ ဤငါ လူ့အဖြစ်ကိုရသောအခါ အဓိပ္ပါယ်ရပါသည်။ ရခဲလှသော လူ့ဘဝကို ရခဲ့ပါက အလှူဒါနပြုနိုင်မည်ကို ဖော်ညွှန်းထားပါသည်။ ဤနေရာတွင် 'သူ' မှာ'လူ' ဟူသော အနက်သဘောကို ဆောင်ပါသည်။ ဤငါသူ ဖြစ်သရောသည် လူ့ဘဝရရန် မလွယ်ကူပုံ၊ လူ့ဘဝရမှသာ ဒါနကုသိုလ် သီလ၊ ဘာဝနာ စသည်တို့ကို စွမ်းဆောင်နိုင်မည်နှင့် လူ့ဘဝတန်ဖိုး အရေးကြီးပုံ အနက်များ ထင်ဟပ်နေပါသည်။ ဂုဏ်ရည်ပြအနက်၊ ခံစားမှုပြအနက်များ ပါဝင်နေသော ဂယက် အနက်ဟု ဆိုနိုင်ပါသည်။

---

[၁] ရှေးဟောင်းမြန်မာကျောက်စာ။ (ပဥ္စမ)တွဲ

[၂] ရှေးဟောင်းမြန်မာကျောက်စာ။ (ပဥ္စမ)တွဲ

**၁၀။ ပျံ့**[၁]

ညောင်ရမ်းကြီးသမီးကျောက်စာတွင်–

"အတို့သခင် မင်းကကၠ်သူ ပျံတော်မူ၍"[၂]

ညောင်ရမ်းကြီးသမီးသည် ခင်ပွန်း ကကၠ်သူ ကွယ်လွန်သည်ကို 'ပျံ' ဟု သုံးထားသည်။

ဥစ္စနာမင်းသည် အောက်မြန်မာပြည် ဒလအရပ်သို့ ကြွတော်မူရာတွင် ကွယ်လွန်သည်ကို–

"အကြေဒလလားရာ ပျံတော်မူ၍"[၃]

ဟူ၍ ရေးထိုးထားပါသည်။

ကြီးကဲမြင့်မြတ်သူ ဘုရင်၊ မိဖုရား၊ မင်းသား စသည်တို့ သေဆုံးသည်ကို ပျံတော်မူသည်ဟူ၍ သုံးထားခြင်း ဖြစ်ပါသည်။ သို့သော် နောင်အခါတွင် နတ်ရွာလားသည်၊ နတ်ရွာစံသည်ဟု ပြောင်းလဲသုံးစွဲခဲ့သည်။ ယခုအခါ ရဟန်းသံဃာတို့ သေဆုံးသည်ကို ပျံတော်မူသည် ဟူ၍ သုံးစွဲကြသော လူမှုအခြေအနေပြ အနက်များကို တွေ့နိုင်ပါသည်။

ထို့အပြင်–

"မိမိလင် နတ်ရွာလားသော မင်ကိုလည်း မြတ်နိုးစွာသောဖြစ်၍"[၄]

ဟူ၍ ကကၠ်သူ သေဆုံးသည်ကို နတ်ရွာလားသည်ဟု သုံးခြင်းမှာ နတ်ပြည်သို့ လားသည် နတ်ပြည်သို့ ပျံတက်သည် ဟူသော သဘောယူဆနိုင်ပါသည်။ ပျံတော်မူသည် နတ်ရွာလားသည် ဟူသော စကားလုံးတို့တွင် ညောင်ရမ်းကြီးသမီး၏ ခင်ပွန်းသည်အပေါ် လေးစားမြတ်နိုး တန်ဖိုးထားသော ခံစားမှု ဂယက်အနက်များ ထင်ဟပ်နေပါသည်။

---

[၁] ရှေးဟောင်းမြန်မာကျောက်စာ။ (ပဋ္ဌမ)တွဲ
[၂] ရှေးဟောင်းမြန်မာကျောက်စာ။ (ပဋ္ဌမ)တွဲ
[၃] ရှေးဟောင်းမြန်မာကျောက်စာ။ (ပဋ္ဌမ)တွဲ
[၄] ရှေးဟောင်းမြန်မာကျောက်စာ။ (ပဋ္ဌမ)တွဲ

## ‘ငါ’ အသုံး၏ ဂယက်အနက် ထူးခြားမှု

ပုဂံခေတ် ကျောက်စာများတွင် ‘ငါ’ ဟူသော အသုံးကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနေသည်။ ‘ငါ’သည် ရိုင်းပျသည့်သဘော၊ ရင်းနှီးသည့်သဘော အနက်ဆောင်ပါသည်။ ပုဂံခေတ် ကျောက်စာတို့တွင် ‘ငါ’ကို သာမန်နာမ်စားအနေနှင့် သုံးသော်လည်း ပြောဆိုသော စကားအဆက်အစပ်အရ ခံစားချက်မတူသော ဂယက်အနက် ထင်ဟပ်နေပါသည်။

ရာဇကုမာရ်ကျောက်စာ၌ပင်–

> “ဤရွှေဘုရားကား ငါ့သခင်အဖို့ အတို့ကျွန်ပြုသောတေး”[၁]

ဟူသော ရေးထိုးရာတွင် — ငါ့သခင်(ခမည်းတော်)၏ ကုသိုလ်ရေးကို ခမည်းတော်ကိုယ်စား မိမိပြုပါကြောင်း ဖော်ပြထားသည်။ ‘ငါ့သခင်အဖို့’ ဟူသော စကားရပ်သည် ရည်စူးချက်ပါသည်။ လူမှုအခြေပြအနက်ဖြစ်သော မင်းနှင့်ရာဇကုမာရ်၏ ဆက်ဆံရေးများ ထင်ဟပ်နေသည်။ ထို့အတွက် ခံစားမှုပြအနက်၊ လူမှုအခြေပြအနက်တို့ပါသော ဂယက်အနက်များအဖြစ် ဖော်ပြနိုင်ပါသည်။

ထို့အပြင် ရာဇကုမာရ်ကျောက်စာ၌ ကျိန်စာရေးထိုးမှုတွင်–

> “ငါ့သားလည်းကောင်း၊ ငါ့မြေးလည်းကောင်း၊ ငါ့ဆွေလည်းကောင်း၊
> သူတစ်ထူးလည်းကောင်း ဤငါဘုရားအားလှူခဲ့သော ကျွန်အနိုပ်စက်
> တေးမူမူကား အရိမေတ္တယျဘုရားသခင် အဖူးရစေ”[၂]

ဟူ၍ ရေးထိုးရာတွင်လည်း အလှူရှင် ရာဇကုမာရ်မင်းသား၏ မည်သို့သော ဖျက်ဆီးသူကိုမျှ လက်မခံသော ခံစားမှု၊ မိမိအလှူကို တန်ဖိုးထားမှု ဂယက်အနက်များ ထင်ဟပ်နေပါသည်။ ‘အရိမေတ္တယျဘုရားသခင် အဖူးရစေ’ ဟူ၍ နောင်ပွင့်မည့် ဘုရား မဖူးရစေရန် ကျွတ်တန်းမဝင်နိုင်စေရန် ဟူသော ဒေါသစိတ်ကလေးများလည်း ထင်ဟပ်နေသည်။ ကုသိုလ်ရေးနှင့်ယှဉ်သော သောမနဿ ဒေါသဂယက်ကလေးများ ထင်ဟပ်နေပါသည်။ ဤဝါကျတွင် ‘ငါ့သား၊ ငါ့မြေး၊ ငါ့ဆွေ’ ဟူသော စကားအသုံးအနှုန်းတို့သည် ပိုင်ဆိုင်ခြင်းပြသော်လည်း အလှူဖျက်ဆီးသူသည် ငါ၏ သား၊ မြေး၊ အဆွေဖြစ်ကာမူ ခွင့်မလွှတ်နိုင်ကြောင်း၊ အလှူအပေါ် လေးစား တန်ဖိုးထားသည် အထောက်အပံ့ပြုစေလိုသည်။ ‘ငါ’ ဟူသော စကားလုံးကလေးကလည်း

---

၁ ရှေးဟောင်းမြန်မာကျောက်စာ။ (ပဌမ)တွဲ

၂ ရှေးဟောင်းမြန်မာကျောက်စာ။ (ပဌမ)တွဲ

ဖျက်ဆီးသူမှန်လျှင် မည်သူကိုမျှ လက်မခံကြောင်း ခိုင်မာစေသော ဒွန်တွဲနေသည့် အနက်များ ပူးတွဲနေသော ဂယက်အနက်အဖြစ် ရှုမြင်နိုင်ပါသည်။

ကြီးကဲမြင့်မြတ်သူ ဘုရင်၊ မင်း၊ မိဖုရား၊ မင်းသား စသည်တို့ သေဆုံးသည်ကို ပျံတော်မူ ဟူ၍ သုံးထားခြင်း ဖြစ်ပါသည်။ သို့သော် နောင်အခါတွင် နတ်ရွာလား၊ နတ်ရွာစံသည် ပြောင်းလဲသုံးစွဲခဲ့သည်။ ရဟန်း၊ သံဃာတို့ သေဆုံးသည်ကို ယခုအခါ ပျံတော်မူသည် ဟူ၍ သုံးစွဲကြသော လူမှုအခြေအနေပြအနက်များကို တွေ့နိုင်ပါသည်။

မိဖုရားဖွားစောကျောက်စာတွင်–

“ငါ့လင်သခင်မင်းကြီး၊ ငါ့သားမင်းကြီး၊ ငါ့မြေးမင်းကြီး”[၁]

ဟူ၍ ရေးထိုးထားသည်။ လင်၊ သား၊ မြေး မင်းသုံးပါးအပေါ် ဂုဏ်ယူလေးစားသော စိတ်သဘောကို တွေ့မြင်နိုင်သည်။ ပြောသူ၏ စကားအသုံး အနှုန်းအဆက်အစပ်အရ မိမိနှင့်သက်ဆိုင်သော၊ ပိုင်ဆိုင်သော မင်းသုံးပါးအတွက် အားရကျေနပ်စိတ် ဂုဏ်ယူသော ဂယက်အနက်ကို ထင်ဟပ်နေပါသည်။ ငါအသုံးသည် မိဖုရားကြီး ‘ရာဇသံ၊ မာနသံ’များ ထင်ဟပ်သောကြောင့် လူမှုအခြေအနေပြအနက်၊ ခံစားမှုအနက်များ ထင်ဟပ်နေသည်။

ကျစွာမင်း မိထွေးတော်ကျောက်စာတွင်–

“ငါမိကား ငါမသိလိုက် ငါမိထွေးမွေး၍ ငါကြီး၏

ငါ့မိထွေးလျှင် ငါ့မိတည်း”[၂]

ဟူ၍ ရေးထိုးထားပါသည်။

ကျစွာမင်းသည် မိထွေးကို မိခင်ရင်းသဘောထား၍ တုန့်ပြန်ကျေးဇူးဆပ်ပုံကို ဖော်ညွှန်းထားသော စကားအသုံးအနှုန်းများပင် ဖြစ်သည်။ ဤစကားအသုံးများ လေ့လာကြည့်လျှင်–

‘ငါ့မိကိုကား ငါမသိလိုက်’ တွင် ‘ငါ့မိခင်ကိုကား’ ဟူ၍ အလေးပေးညွှန်းဆို ရေးဖွဲ့ထားသည်။ မိခင်ရင်းကို မတွေ့၊ မသိလိုက်ရသော သားတစ်ယောက်၏ ခံစားချက်ကို တွေ့ရပါသည်။ မိခင်ကို တွေ့ချင်၊ သိချင်သော တမ်းတနေသော သားတစ်ယောက်၏ ကြေကွဲမှု ဂယက်အနက်ကို ထင်ရှားမြင်သာစေပါသည်။

---

[၁] ရှေးဟောင်းမြန်မာကျောက်စာ။ (ပဋ္ဌမ)တွဲ

[၂] ရှေးဟောင်းမြန်မာကျောက်စာ။ (ပဋ္ဌမ)တွဲ

သို့သော် 'ငါ့မိထွေးမွေး၍ ငါကြီး၏' ဟူသော စကားအသုံးတွင် မိထွေးက ကျွေးမွေးစောင့်ရှောက်၍ ကြီးပြင်းကာ ဘုရင်အဖြစ် စိုးစံနေထိုင်နိုင်သည်မှာ မိထွေး၏ စေတနာ၊ မေတ္တာကို ဖော်ညွှန်းထားသည်။ မိထွေးမွေး၍ ကြီးရခြင်း ဖြစ်သည်။ ငါဟူသော အသုံးသည် မိထွေးကို မိမိဘဝကျေးဇူးရှင်အဖြစ် လေးစားတန်ဖိုးထားသော မိမိဘဝကို ကျေနပ်အားရသော ဂယက်အနက်များ ထင်ဟပ်နေပါသည်။

'ငါ့မိထွေးလျှင် ငါ့မိတည်း'ဟူသော စကားအသုံးအနှုန်းတွင် မိခင်ရင်းနှင့် မခြား ကျွေးမွေးစောင့်ရှောက်သော မိထွေးကို မိခင်ရင်းကဲ့သို့ သတ်မှတ်ကြောင်း ဖော်ညွှန်းထားသည်။ ကျစွာမင်း၏ မိထွေးအပေါ် ရှိသေလေးစားတန်ဖိုးထားသော အားကိုးသော မိထွေး၏မေတ္တာကို လိုလားသော အရိပ်များ ထင်ဟပ်ကာ ဂယက် အနက် ထင်ရှားစေပါသည်။ ထို့ပြင် မိထွေးတော် ဂေါတမီကဲ့သို့ပင် ကျစွာမင်း၏ မိထွေးသည် မိခင်ရင်းနှင့်မခြား ကြင်နာစွာ စောင့်ရှောက်တတ်သော နှစ်လိုဖွယ် ခံစားမှုအနက်ကို ဂယက် ထင်ဟပ်နေသည်။

ကြံသိုင်းကြီးသမီးကျောက်စာတွင်–

"ငါ့သားလည်းမရှိ၊ ငါမွေးစားတန်သော သူလဲမရှိ
မရှိရကား မြတ်စွာဘုရားသို့ခင် ငါ့ကိုယ်စားကျွေးရစ်စေသတေး"[၁]

ဟူ၍ ကြံသိုင်းကြီးသမီးကျောက်စာတွင် အလှူရှင်၏သဘောထားကို ဖော်ထုတ်ပြထားသည်။ အလှူရှင်သည် အမွေစားအမွေခံ သားသမီးမရှိ၍ သေလွန်ပြီးသောအခါ ပိုင်ဆိုင်သော စည်းစိမ်တို့ကို ဘုရားအား လှူဒါန်းမည့်ကြောင်း ပြောဆိုသော စကား အသုံးအနှုန်းများပင် ဖြစ်ပါသည်။

'ငါ့သားလည်းမရှိ ငါမွေးစားတန်သောမရှိ' [၂] ဟူသော အသုံးအနှုန်းတွင် အလှူရှင်သည် သားသမီးမရှိ မွေးစားထားသူလည်းမရှိ အမွေစားအမွေခံမည့်သူ မရှိကြောင်း ဖော်ပြထားရာ ငါဟူသော အသုံးအရ အလှူရှင်၏ အားငယ်စိတ်၊ ဝမ်းနည်းစိတ် ခံစားမှုဂယက်အနက်များ ထင်ဟပ်နေပါသည်။

ထို့ပြင် 'ငါ့ကိုယ့်စား ကျွေးရစ်စေသတေး' ဟူသော စကားအသုံးသည် အလှူရှင်သည် သေလွန်ပြီးသောအခါ အလှူဒါနပြုပေးမည့် သားသမီး ဆွေမျိုးမရှိ ကိုယ်တိုင်လည်း လှူခွင့်မရသောကြောင့် မိမိကိုယ်စား ပေးလှူခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားရာ ဤသို့ဖြစ်ရသည့် မိမိဘဝကို အားမရ မကျေနပ်စိတ် အရိပ်များ

---

[၁] ရှေးဟောင်းမြန်မာကျောက်စာ။ (ပဉ္စမ)တွဲ
[၂] ရှေးဟောင်းမြန်မာကျောက်စာ။ (ပဉ္စမ)တွဲ

ထင်ဟပ်နေသကဲ့သို့ ဘုရားကိုသာ ကိုးကွယ်ရာအစစ် ယုံကြည်အားကိုးသော ဘာသာရေးခံယူချက် အရိပ်များ ထင်ဟပ်နေပါသောကြောင့် ဂယက်အနက် အားကောင်းမှု ရှိပါသည်။

ရာဇကုမာရ်ကျောက်စာတွင်–

> "ဤရွှေဘုရားကား ငါ့သခင်အဖို့ အတို့ကျွန်ပြုသောတေး ကျွန်သုံးရွာ အတို့ကျွန် ငါ့သခင်ပေးသောမည်ကား ဤရွှေဘုရားအား အတို့ကျွန်ပေးသတေး"[၁]

ဟူ၍ ရေးထိုးထားသည် ရာဇကုမာရ်သည် ဖခင် ဘဝကူးကောင်းစေရန် ရည်ရွယ်၍ ရွှေဆင်းတုတစ်ဆူ သွန်းလုပ်လှူဒါန်းခြင်း ဖြစ်သည်။ ဝေဒနာခံစားနေရသော ခမည်းတော်မင်းကြီးကို ဤရွှေဘုရားကား ငါသခင် (ခမည်းတော်)အဖို့ သွန်းလုပ်လှူဒါန်းကြောင်း မိမိအားပေးထားသော ကျွန်(၃)ရွာကိုလည်း ဤရွှေဘုရားအား ပေးလှူကြောင်း လျှောက်ထားခြင်း ဖြစ်သည်။

'ငါ့သခင်အဖို့ အတို့ကျွန်ပြုသောတေး' ဟူသော စကားအသုံးအနှုန်းတွင် မိမိကျေးဇူးရှင် ဖခင်ကို လေးစားတန်ဖိုးထားသော လေးစားသော အနက်များ ထင်ဟပ်နေပါသည်။ ရာဇကုမာရ်မင်းသား၏ ဖခင်ကို ရှိသေလေးစားသော မိဘကျေးဇူးဆပ်လိုသည့် ဆန္ဒသဘောများ ဂယက်အနက်များ ထင်ဟပ်နေပါသည်။ ဘဝကူးကောင်းရေးကိုသာ ရည်ရွယ်၍ အမွန်မြတ်ဆုံး အမှန်ကန်ဆုံးနည်းဖြင့် ကျေးဇူးဆပ်သော သားလိမ္မာအဖြစ် အရိပ်ထင်ဟပ်နေသည့် စကားအသုံးများ ဖြစ်ပါသည်။

ထိုဂယက်အနက်ထင်ဟပ်မှုကြောင့် မြန်မာ့လူမှုဝန်းကျင်တွင် လိုက်နာကျင့်သုံးရမည့်အချက်ကို မီးမောင်းထိုးပြသကဲ့သို့ ထင်ရှားလာစေပါသည်။

ကျစွာမင်းမိထွေးတော်ကျောက်စာတွင်–

> "အိမ်လည်းငါနေ၏၊ ကျွန်လည်းငါစေ၏ အိမ်ငါနေသော ထက်ကား သီတင်းပညာရှိသော သံဃာနေသော် မြတ်၏ ဟူ၍ ငါကြံမိရကား"[၂]

---

[၁] ရှေးဟောင်းမြန်မာကျောက်စာ။ (ပဥ္စမ)တွဲ

[၂] ရှေးဟောင်းမြန်မာကျောက်စာ။ (ပဥ္စမ)တွဲ

ဟူ၍ ရေးထိုးထားသည်။ ကျစွာမင်းသည် မိထွေးတော်ကို အိမ်၊ ကျွန်၊ လယ်တို့ကို ပေးသည်။ မိထွေးတော်သည် ရဟန်းသံဃာတို့ကို ပြန်လည်လှူဒါန်းကြောင်း ရေးထိုးထားခြင်း ဖြစ်ပါသည်။ ကျောက်စာပါ စကားအသုံးအနှုန်း အဆက်အစပ်အရ ကျစွာမင်းပေးသည်ကို ရယူပြီးကြောင်း သို့သော် ငါနေသောအိမ်ကို ကျောင်းအဖြစ် လှူဒါန်းလိုသည်။ မိမိနေခြင်းထက် မြင့်မြတ်သော ရဟန်းသံဃာများနေခြင်း (သီတင်းသုံးခြင်း)က ပိုမိုမြတ်သည်ဟု ဆင်ခြင်မိသည်။ 'ငါ'သည် သံဃာနှင့် ဂုဏ်မတူ ခြားနားသည် ဟူသော ခံစားမှုပြအနက်ထင်သည်။ ဂုဏ်မတူကြောင်း နှိုင်းယှဉ်ပြသည့် ခံစားချက်ကို တွေ့ရသည်။ သာသနာတော် တိုးတက်စေလိုသည်။ တိုးတက်အောင် ဆောင်ရွက်ပေးနိုင်မည် ရဟန်းသံဃာတို့ကို မိမိထက် ပို၍တန်ဖိုးကြီးသူကို ပေးလှူလိုသည်။ သီတင်းသုံးစေချင်သဖြင့် မိမိနှင့်မသင့်တင့် ဟူသော သဘောနိမ့်ချ ပြောဆိုခြင်း ဂုဏ်ရည်ပြအနက်ကို တွေ့ရသည်။ ထိုစကားစုတွင် 'ငါ' ဟူသော စကားလုံးသည် ကိုယ်ပိုင်အတွေး၊ ကြံစည်မှုသက်သက်သာ ဖြစ်သည်။ ဤ 'ငါ' အသုံးတွင် မာန်မာန မပါခြင်း၊ ကောင်းသည့် စိတ်စေတနာကို ထင်ရှားစေသည့် ဂယက်အနက် ထင်ဟပ်နေပါသည်။

သိဃ်သူ့သမီးကျောက်စာတွင်–

"ငါလည်း ရမ္မက်ကြီးသော၊ မရောင့်ရဲတတ်သော"[၁]

ဟူ၍ ရေးဖွဲ့ထားရာ အလှူရှင်၏ နူးညံ့သိမ်မွေ့မှုကို သီလစင်ကြယ်မှု ဟူသော ဂယက်အနက်ကို တွေ့ရသည်။ ညွှန်းဆိုစကားအရ ကောင်းမွန်သော အကျင့်သီလကို 'ငါ'၏ကိုယ်တွင် ကိန်းအောင်းရှင်သန်နေရန် သတိပြုနေထိုင်သွားရမည် ဟူသော သဘောဂယက်အနက် ထင်ဟပ်နေပါသည်။ မိမိကိုယ်တိုင် ကျင့်ကြံအားထုတ်မည် ဟူသော အလေးအနက်ပြုလိုသည်။ ဆန္ဒဂယက်အနက်ကို တွေ့ရပါသည်။

ထို့ကြောင့် 'ငါ'အသုံးသည် အသုံးတွင်သော အသုံးအများဆုံးသော စကားလုံး ဖြစ်ပါသည်။ 'ငါ'အသုံးသည် ထူးခြားလှပါသည်။ ရိုင်းသည်လည်း မဟုတ်။ ယဉ်သည်လည်း မဟုတ်၊ ပြောဆိုသူ အခြေအနေ အဆက်အစပ် စကားအသုံးအနှုန်း အဆက်စပ်တို့ပေါ် မူတည်၍ ရင်းနှီးမှု ခိုင်မာမှု ရဲရင့်မှုစသည့် တွဲဖက်အနက်များ ထင်ဟပ်နေသောကြောင့် 'ငါ'စကားလုံးနောက်ကွယ်တွင် ထင်ဟပ်နေသော ဂယက်အနက်များမှာ အမျိုးမျိုး အထွေထွေ သက်ဝင်နေသည်ကို တွေ့ရပါသည်။

---

[၁] ရှေးဟောင်းမြန်မာကျောက်စာ။ (ပဌမ)တွဲ

**ဂယက်အနက် ထင်ဟပ်နေသော စကားစုများ**

စကားလုံးများတွင် ဂယက်အနက်များ ထင်ဟပ်နေသကဲ့သို့ စကားစုများတွင် ဂယက်အနက်များ ထင်ဟပ်နေကြောင်း ပုဂံကျောက်စာလာ စကားစုအချို့တွင် တွေ့မြင်နေရပါသည်။ ပေါ်တော်မူဘုရားကျောက်စာ၊ ရာဇကုမာရ်ကျောက်စာ၊ တောင်ဂူနီဘုရား၊ ကြံသိုင်းကြီးသမီးကျောက်စာ၊ ညောင်ရမ်းကြီးသမီးကျောက်စာ၊ သိင်္ဃသူ့သမီးကျောက်စာ၊ မိဖုရားဖွားစောကျောက်စာ၊ ကျစွာမင်းမိထွေးတော်ကျောက်စာတို့တွင် အထင်အရှား တွေ့မြင်နိုင်ပါသည်။

ပေါ်တော်မူဘုရားကျောက်စာတွင်–

"တစ်နှစ်မခြားတံခွန်ထီးပူဇော်၏"

"နေ့ရက်မခြားသီတင်းသုံး၏"[၁]

ရေးထိုးဖော်ပြထားသော စကားစုများတွင် အလှူရှင်၏ ဝတ္တရားမပျက်ခဲ့သောကုသိုလ်ရေးကို ဂုဏ်ယူသော ခံစားမှုများ ထင်ဟပ်နေကြောင်း တွေ့ရပါသည်။ ဤတွင် 'မခြား' ဟူသော အသုံးသည် အကြားမလပ်ရှိနေခြင်း၊ ဖြစ်နေခြင်းသဘောကို ဆောင်လေသည်။ ပုဂံသားမြန်မာတို့၏ ဒါန၊ သီလ ထက်သန်ပုံကို ပို၍ပေါ်လွင်လာစေပါသည်။ စကားစုဝင် ကျန်စကားလုံးများသည် မူလအနက်သဘောသာ ထင်သည်။ 'မခြား' ဟူသော စကားအသုံးကြောင့် ဒါန၊ သီလတို့၏ မြဲမြံခြင်းသဘော၊ ခိုင်မြဲခြင်းသဘောကိုလည်း ပိုမိုပေါ်လွင်စေပါသည်။ 'မခြား' ဟူသော စကားလုံးလေးကား စကားစုတစ်ရပ်လုံး၏ ဂုဏ်ရည်ပြဆိုနိုင်မှု၊ ခံစားချက်ကိုဖော်ပြနိုင်မှု ဟူသော အနက်များကို ထင်ဟပ်စေကာ ဂယက်အနက်ထင်နေသော စကားစုများအဖြစ် နားလည်ရပါသည်။

ရာဇကုမာရ်ကျောက်စာတွင်လည်း–

"မင်းမိမိကို မွေးသောကျေးဇူးကိုအောက်မေ့ရကား"

"မင်းနှစ်လိုရကား"

"မင်းရေသွန်း၏"[၂]

ဟူသော စကားအသုံးများသည် ခံစားမှုပြအနက်များ ယှဉ်တွဲနေသော ဂယက်အနက်ထင် စကားစုများဟု ဆိုနိုင်ပါသည်။ 'အောက်မေ့'တွင် ကျေးဇူးတရားကို

---

[၁] ရှေးဟောင်းမြန်မာကျောက်စာ။ (ပဌမ)တွဲ

[၂] ရှေးဟောင်းမြန်မာကျောက်စာ။ (ပဌမ)တွဲ

သိနားလည်ခြင်း၊ သိတတ်ခြင်း ဟူသော ဂယက်အနက်များ ထင်ဟပ်နေပါသည်။ 'နှစ်လို' ဟူသော စကားရပ်တွင်လည်း နှစ်သက်သည်၊ ကျေနပ်သည်၊ ဝမ်းမြောက်သည် ဟူသော ခံစားမှုပြ ဂယက်အနက်များ ထင်ဟပ်နေသည့်အတွက် ခံစားမှုကို ဖော်ပြနိုင်သော ဂယက်အနက်အဖြစ် ညွှန်းဆိုနိုင်ပါသည်။

တောင်ဂူနီဘုရားကျောက်စာတွင်လည်း–

"ပဉ္စဂ်တူရ်မည်သော စည်ငြင်းဖြင့် နိုးထသောစည်းစိမ်ကို လိုရကား"

"မွတ်သိပ်သောဆင်းရဲကို မလိုရကား"

"ရမ္မက်ကျွန်အဖြစ်မှ တော်လှန်လိုရကား"[၁]

ဟူသော ရေးထိုးမှုများကို တွေ့ရပါသည်။ ဤစကားစုများတွင် '–လိုရကား'၊ '–မလိုရကား' ဟူသော စကားလုံးတို့တွင် အလှူရှင်၏ လိုသောဆန္ဒ၊ မလိုသောဆန္ဒများကို အထင်အရှား တွေ့မြင်နေရပါသည်။ ခံစားချက်များ ထင်ဟပ်နေသော ဂယက်အနက် ထင်လာစေသည့် စကားစုများ ဖြစ်ပါသည်။

တစ်ဖန် 'စည်ငြင်းဖြင့် နိုးထသောစည်းစိမ်'ဟု ဖော်ပြရာတွင်လည်း စည်းစိမ်ကို အဆန်းတကျယ် ခံစားလိုသော အလှူရှင်၏ စိတ်ခံစားမှုလည်း ထင်ဟပ်နေသည်။ ထို့အတွက် ဂယက်အနက်ထင်စေသော စကားစုအဖြစ် ဖော်ပြနိုင်ပါသည်။ 'တော်လှန်'သည် ဟူသော စကားရပ်သည်လည်း တဏှာရမ္မက်ကို စက်ဆုပ်ရွံရှာ၍ ကင်းလွတ်လိုသည်၊ မကြုံဆုံလို မခံစားလိုသောစသည့် ခံစားမှုတို့ကို ဖော်ကျူးနိုင်၍ ဂယက်အနက် ထင်ဟပ်နေသော စကားစုဖြစ်ကြောင်း ဖော်ပြနိုင်ပါသည်။

သိဃ်သူ့သမီးကျောက်စာတွင်–

အချင်းအချင်း အမျက်အဤ တစေ့မရှိ ချစ်သောမျက်စိဖြင့် ရှုကြည့်ကြကုန်၏။ သိဃ်သူ့သမီးသည် နန်းတော်အတွင်းရှိ မိဖုရား မောင်းမမိဿံအားလုံး အမျက်ရန်လိုခြင်း မရှိရန် မေတ္တာထားကြရန် အမြော်အမြင်ကြီးစွာ ရေးထိုးထားသည်။ မေတ္တာတရားထား၍ ချစ်သောမျက်စိဖြင့် တစ်ဦးနှင့်တစ်ဦး နားလည်ကြည့်ရှုလျှင် အရာရာ ငြိမ်းချမ်းသာယာမည် ဟူသော အဓိပ္ပါယ်ကို ဖော်ကျူးပြသည့် စကားအသုံးအနှုန်းကောင်းလေးများပင် ဖြစ်ပါသည်။ အမျက်ဒေါသ ရန်လိုခြင်း မရှိအောင် နေထိုင်ကြရမည်ဟူသော ခံစားမှုအနက် ထင်ဟပ်နေပါသည်။ မေတ္တာတရားနှင့် ဆက်ဆံကြပါလျှင် ကြည်နူးချမ်းမြေ့ခြင်း၊ အေးချမ်းသာယာခြင်းများကို ခံစားကြ

[၁] ရှေးဟောင်းမြန်မာကျောက်စာ။ (ပဠမ)တွဲ

ရမည်။ ငြိမ်းချမ်းမှုကို လိုလားသော စေတနာခံစားမှုပြ ဂယက်အနက် ထင်ဟပ်နေသည့် စကားသုံးအသုံးအနှုန်းများ ဖြစ်ပါသည်။

သက္ကရာဇ် ၆၂၈ ခုနှစ်တွင် ရေးထိုးသော သိဃ်သူ့သမီးကျောက်စာတွင် အလှူရှင် သိဃ်သူ့သမီးသည် နိဗ္ဗာန်ဆုတောင်းပုံမှာ 'ဖြစ်သော ဆင်းရဲ၊ အိုမင်းသော ဆင်းရဲ၊ သေသော ဆင်းရဲ၊ မချစ်သောသူနှင့် အတူတကွနေရသော ဆင်းရဲ၊ ချစ်သောသူနှင့် ကွေကွင်းရသော ဆင်းရဲ၊ လို၍မရသော ဆင်းရဲ ဤသို့ အတိုင်းမသိသော ဆင်းရဲတို့သည် နှိပ်စက်သော ခန္ဓာကိုစွန့်ထားခဲ့၍ ဆင်းရဲခပ်သိမ်းကင်းသော ချမ်းသာစွာသော မြတ်နိဗ္ဗာန်ကိုလျှင် ငါလိုသတည်း' ဟူ၍ ရေးထိုးထားသည်။ သိဃ်သူ့သမီး၏ ဆုတောင်းသော စကားအသုံးအနှုန်းကိုကြည့်လျှင် မြတ်စွာဘုရား ဟောကြားခဲ့သည့် ဓမ္မစကြာတရားတော်မှ ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ ဗျာဓိပိဒုက္ခော၊ မရဏံပိဒုက္ခံ ဆိုသည့် သံသရာကျင်လည်နေသမျှ ခန္ဓာကိုယ်၏ ဒုက္ခဆင်းရဲခြင်း သဘောတရားကို ဖော်ထုတ်ပြထားသော စကားအသုံးအနှုန်းများ ဖြစ်ပါသည်။ ဤသို့ လေးနက်ကျယ်ပြန့်လှသော ဓမ္မစကြာတရားတော်ကို ပါဠိမှနိဿယ မြန်မာမှုပြု ရေးထိုးထားပါသည်။ သံသရာကျင်လည်နေသရွေ့ ခန္ဓာကိုယ်ကြီးသည် ဒုက္ခဆင်းရဲ အပေါင်းနှင့် တပ်မက်တွယ်စရာမရှိကြောင်း တရားသဘောကို နားလည်လွယ်အောင် သုံးနှုန်းရေးထိုးထားပါသည်။ ဖြစ်သောဆင်းရဲ၊ အိုသောဆင်းရဲ၊ သေသောဆင်းရဲ စသည့် ဒုက္ခတို့ကို ကြောက်လန့်မိစေသကဲ့ မချစ်သောသူနှင့် နေရသောဆင်းရဲ၊ ချစ်သောသူနှင့် ကွေကွင်းရသောဆင်းရဲ မကြုံဆုံလိုပေ။ သို့ဖြစ်၍ ဤစကားလုံး အဆက်အစပ်များတွင် သံသရာကျင်လည်ရမည်ကို ကြောက်ရွံ့စိတ်၊ ဆင်းရဲဒုက္ခ များကို မလိုလားသော ခံစားမှုအတွေးများ ထင်ဟပ်နေသော စကားအသုံးအနှုန်း များပင် ဖြစ်ပါသည်။

ထို့ပြင်–

> "ငါလည်းရမ္မက်ကြီးသော၊ မရောင့်ရဲတတ်သော၊ အမျက်ကြီးသော၊ သူတစ်ပါးကို ညှင်းဆဲတတ်သော၊ ပညာမရှိသော၊ မိုက်သော၊ ဝန်တိုသော၊ အပေးအကမ်းမရှိသော၊ သစ္စာမရှိသော၊ ပျက်တတ်သော၊ မေ့လျော့သော၊ အောက်မေ့တသကင်းသော မဖြစ်မူ၍ ရမ္မက်နည်းသော၊ ရောင့်ရဲလွယ်သော၊ အမျက်နည်းသော၊ သနားတတ်သော၊ ပညာရှိသော၊ အကြောင်းကိုသိတတ်သော၊ ဝန်မတိုသော၊

အပေးအကမ်းရှိသော၊ သစ္စာရှိသော၊ မပျက်တတ်သော၊ မမေ့လျော့သော၊
အောက်မေ့တတ်သော၊ ဖြစ်လိုကြောင်း"[၁]

ဟူ၍ ရေးထိုးထားသည်။ အထက်ပါ စကားအသုံးအနှုန်း အဆက်အစပ်ကို ကြည့်လျှင် ရမ္မက်၊ အမျက်၊ ပညာ၊ ဝန်တို၊ သစ္စာ စသည်တို့သည် ဂယက်အနက် မထင်ပါ။ ထိုစကားလုံးကို အကြောင်းပြု၍ ညွှန်းဆိုသော ဖြစ်လို၊ မဖြစ်လို ဟူသော စကားလုံးတို့တွင် ဂယက်အနက် ထင်ဟပ်နေပါသည်။ မကောင်းသော အရာအားလုံးကို လက်မခံလို၊ မရှိလို ကောင်းသောအရာတို့ကိုသာ လက်ခံလို၊ ရှိလိုခြင်း ဖြစ်သည်။ 'ဖြစ်လို' 'မဖြစ်လို'ခြင်းဟူသော အလျှုရှင်၏ဆန္ဒကို ထုတ်ဖော်ပြသော ခံစားချက် အနက်များကြောင့် အလျှုရှင်သည် ရမ္မက်ကြီး၊ အမျက်ကြီးခြင်း၊ ညှဉ်းဆဲတတ်ခြင်း၊ ပညာမရှိခြင်း၊ မိုက်မဲခြင်း၊ သစ္စာမရှိခြင်း စသည်တို့ကို စက်ဆုပ်ရွံရှာခြင်း ဟူသော ဂယက်အနက် ထင်ဟပ်နေပါသည်။

ညောင်ရမ်းကြီးသမီးကျောက်စာတွင်–

"သခင်ကင်္ကသူကား အမိမျိုး၊ အဖမျိုး (၇)ဆက် ကဲ့ရဲ့ရာမရှိ
မြတ်စွာသောအမျိုးတည်း"[၂]

ဟူ၍ ရေးထိုးထားသည်။

ကင်္ကသူ၏ အမိမျိုး၊ အဖမျိုး မျိုးရိုး(၇)ဆက်တိုင်အောင် ကဲ့ရဲ့ပြစ်တင်မှု တစ်စုံတစ်ရာမရှိကြောင်း ဖော်ပြထားသည်။ အမျိုးဂုဏ် အမျိုးအနွယ် မြင့်မြတ်ပုံကို ပေါ်လွင်စေသည့် စကားအသုံးအနှုန်းပင် ဖြစ်ပါသည်။ အလျှုရှင်၏ အမျိုးဂုဏ်ရည် တန်ဖိုးထားမှု၊ သူတစ်ပါး၏ အပြစ်တင်မှု မရှိရအောင် ကိုယ်ကျင့်သီလစင်ကြယ်အောင် ထိန်းသိမ်းနေထိုင်သူဖြစ်ကြောင်း ဂယက်အနက်ထင်ဟပ်နေသည့် စကားအသုံးများပင် ဖြစ်ပါသည်။

ညောင်ရမ်းကြီးသမီးကျောက်စာတွင်–

"မိမိအသက်နှင့်တူသော၊ မျက်စေ့မျက်ဆန်နှင့်တူသော
မိမိချစ်စွာသောလင်၊ အတို့သခင် ကင်္ကသူ ပျံတော်မူခဲ့ရကာ"

ဟူ၍ ရေးထိုးထားသည်။ ညောင်ရမ်းကြီးသမီး၏ ခင်ပွန်းအပေါ်ထားရှိသည့် ချစ်ခြင်းမေတ္တာကို တင်စားရေးဖွဲ့ထားသည်။

[၁] ရေးဟောင်းမြန်မာကျောက်စာ။ (ပဥ္စမ)တွဲ

[၂] ရေးဟောင်းမြန်မာကျောက်စာ။ (ပဥ္စမ)တွဲ

ဤစကားအသုံးအနှုန်းသည် ခင်ပွန်းအပေါ်ထားရှိသည့် မေတ္တာအတိမ်အနက်ကို ခံစားသိရှိစေသော အသုံးကောင်းတစ်ခု ဖြစ်သည်။ 'မိမိအသက်နှင့်တူသော' 'မျက်စေ့ မျက်ဆန်နှင့်တူသော' ဟူ၍ 'မိမိချစ်စွာသောလင်' ဟူ၍ ဖော်ပြထားရာ ခန္ဓာကိုယ်တွင် အဓိကအစိတ်အပိုင်းများနှင့် တင်စားရေးဖွဲ့ထားသည်မှာ နှစ်သက်ဖွယ်ကောင်းလှပါသည်။ ခင်ပွန်းအပေါ်ထားသည့် ဇနီးမယားတစ်ဦး၏ မေတ္တာတရားသည် ကြည်နူးနှစ်သက်မှုကို ခံစားရရှိသော ဂယက်တစ်ခုပင် ဖြစ်ပါသည်။

အသက်နှင့်တူသော မျက်စေ့ မျက်ဆန်နှင့်တူသော ချစ်လှစွာသောလင် ဟူသော အသုံးများသည် ခင်ပွန်းအပေါ်ထားရှိသော ဇနီးတစ်ယောက် မြတ်နိုးလေးစားမှု ခံစားမှုအနက်များ ထင်ဟပ်နေပါသည်။ ထိုခံစားမှုအနက်ကြောင့် ရှေးမြန်မာအမျိုးသမီး၏ မေတ္တာတရား၊ သစ္စာတရား၊ ကိုယ်ကျင့်တရား လေးစားဖွယ်ကောင်းသော ဂယက်အနက် ထင်ဟပ်နေပါသည်။

သို့ဖြစ်၍ ပုဂံခေတ်ကျောက်စာများတွင် တွေ့ရသော စကားအသုံးအနှုန်း အဆက်အစပ်တို့ကြောင့် ခံစားမှုအနက်များ ထင်ရှားလေးနက်စေကာ ဂယက်အနက် ပို၍အားကောင်းလာသည်ကို တွေ့ရပါသည်။

## ခြုံငုံသုံးသပ်ချက်

ရှေးမြန်မာကြီးများသည် ကုသိုလ်ကောင်းမှုပြုကာ အလှူမှတ်တမ်းတင်ကျောက်စာများ ရေးထိုးခဲ့ကြသည်။ ထိုကျောက်စာအရေးအသားတို့ရှိ စကားလုံးများတွင် ဂယက်အနက်ထင်ဟပ်မှုရှိသကဲ့သို့ စကားအသုံးအနှုန်း အဆက်အစပ်အရလည်း ဂယက်အနက် ထင်ဟပ်မှုကို တွေ့ရှိနိုင်ပါသည်။ အလှူရှင်တို့သည် မိမိတို့ ညွှန်းဆိုလိုသော အလှူပစ္စည်း၊ အလှူပြုပုံ၊ ဆုတောင်း၊ ကျိန်စာ၊ အလှူပြုရသည့် ရည်ရွယ်ချက် ရည်မှန်းချက်တို့တွင် အလှူရှင်တို့၏ ဘာသာရေးခံယူချက်၊ ဂုဏ်ရည်ပြ အနက်များကို တွေ့နိုင်ပါသည်။ ထို့ပြင် အလှူမှတ်တမ်းတင်ကျောက်စာ စကားအသုံးအနှုန်း အဆက်စပ်တို့ကြောင့် ဖော်ပြသုံးစွဲထားသော စကားတို့နောက်ကွယ်မှာ ထင်ဟပ်နေသော လူမှုဆက်ဆံရေးဆိုင်ရာ ခံစားချက် အတွေးအမြင်တို့သည် ဂယက်ရိုက်သကဲ့သို့ ထင်ဟပ်နေမှုများလည်း ရှိပါသည်။ ပြောသူ၊ ညွှန်းဆိုသူတို့၏ နူးညံ့သောစိတ်၊ အားငယ်သောစိတ်၊ တမ်းတသောစိတ်တို့သည် စကားလုံးတို့၏ နောက်တွင် ယှဉ်တွဲဖြစ်ပေါ်နေသည်ကိုလည်း တွေ့မြင်ခံစားမိစေပါသည်။

'ငါ' အသုံးသည် နေ့စဉ်ပြောစကားတွင် အသက်အရွယ်မရွေး၊ အဆင့်အတန်းမရွေး၊ လူမျိုးဘာသာမရွေး ပြောဆိုသော ပြောသူနာမ်စား ဖြစ်ပါသည်။ စကားပြောသူ

မှန်သမျှ တွင်ကျယ်စွာသုံးသော အသုံးတစ်ခု ဖြစ်ပါသည်။ ပင်ကိုယ်အားဖြင့် 'ငါ'သည် ရင်းနှီးကျွမ်းဝင်မှု၊ မာန်မာနခက်ထန်မှု၊ မောက်မာမှု ဟူသော အနက် ထင်ဟပ်နေသည်ဟူ၍ သက်မှတ်လေ့ ရှိကြပါသည်။ သို့သော် ပြောသူ၊ နာသူတို့၏ အကြောင်းအရာ စကားအဆက်အစပ်အရ 'ငါ'၏နောက်ကွယ်တွင် ဂုဏ်ယူဟန်၊ အားရဟန်၊ မာန်ဝင့်ဟန်၊ ကျေနပ်ဟန်၊ အားငယ်ဟန်၊ ဝမ်းနည်းဟန် စသည့် ဂယက်အနက် အမျိုးမျိုးထင်နေကြောင်းကို ကျောက်စာစကားအသုံးအနှုန်း အဆက်အစပ်တို့ကြောင့် လေ့လာတွေ့ရှိရပါသည်။ နေ့စဉ်သုံးစကားများတွင်လည်း ငါ့နှယ်နော်၊ ငါ့နှယ်၊ ငါ့ကွာ၊ ငါတော့၊ ငါပဲ၊ ငါလောက်၊ ငါသာ ဟူ၍ အခြေအနေ အဆက်အစပ်အရ တွင်ကျယ်စွာ သုံးကြပါသည်။ ဤတွင် 'ငါ' စကားလုံး၏နောက်ကွယ်တွင် ထင်ဟပ်နေသော ဂယက်အနက်အရ 'ငါ' စကား၏တန်ဖိုးသည်လည်း အမျိုးမျိုး ကွဲပြားသွားနိုင်ပါသည်။

လူတစ်ဦးနှင့်တစ်ဦး ခံစားချက်ကွဲပြားလျှင် ဂယက်အနက်လည်း ကွဲပြားစေပါသည်။ စကားသုံးသော အခြေအနေ အဆက်အစပ်ကိုလိုက်၍ ဂယက်အနက်လည်း ပြောင်းလဲနေသည်။ ဘာသာစကားအသုံးပြုသူတို့သည်လည်း မိမိတို့အတွေးအခေါ် အယူအဆ ခံစားချက်တို့အရ ရွေးချယ်အသုံးပြုကြခြင်း ဖြစ်သည်။ သို့ဖြစ်၍ ခံစားချက်ကိုလိုက်၍ အနက်အမျိုးမျိုး ထင်ဟပ်နိုင်ပါသည်။

ပုဂံခေတ်ကျောက်စာများမှ စကားလုံး၊ စကားအသုံးအနှုန်း အဆက်အစပ်တို့သည် အနက်အဓိပ္ပာယ်ကို လေ့လာကြည့်သော သာမန်အမြင်မျိုးဖြင့်သာ မဟုတ်ဘဲ အတ္တဗေဒရှုထောင့်မှ လေ့လာဆန်းစစ်ကြည့်နိုင်ပါသည်။ သို့မှသာ ပို၍တိကျသော အနက်ကို ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။ လက်တွေ့အတ္တဗေဒနယ်ပယ် အကျိုးပြုစေပါသည်။

## နိဂုံး

ပုဂံကျောက်စာများတွင် တွေ့ရသော ဂယက်အနက် ထင်ဟပ်နေသော စကားလုံးများကို လေ့လာဆန်းစစ်မှုအရ ဘာသာစကားတွင် အနက်အဓိပ္ပာယ် အခန်းကဏ္ဍသည် များစွာအရေးပါလှပါသည်။ ဂယက်အနက်သည် အဘိဓာန်အနက် ကဲ့သို့ တည်ငြိမ်မှုမရှိဘဲ လူတစ်ဦးချင်းစီ၏ ခံစားမှု၊ အတွေးအခေါ်၊ ဂုဏ်အရည်အချင်း၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ လူမှုဝန်းကျင် အရှိန်အဝါများ ထင်ဟပ်လျက် ရှိပါသည်။ သို့ဖြစ်၍ မြန်မာဘာသာစကားသော်လည်းကောင်း၊ မြန်မာစာပေသော်လည်းကောင်း အနက်အဓိပ္ပာယ်ဆိုင်ရာကို လေ့လာရာ၌ အနက်ဂယက်သည် အရေးပါသော အနက် ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း


ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၀၄)။ အတ္တဗေဒနိဒါန်း။ ရန်ကုန်၊ ပညာတန်ဆောင်ပုံနှိပ်တိုက်။

မြန်မာအဘိဓာန်။ (၁၉၉၁)။ မြန်မာစာအဖွဲ့။ ရန်ကုန်၊ ဖိုတိုလစ်သိုပုံနှိပ်တိုက်။

ရှေးဟောင်းမြန်မာကျောက်စာ ပဌမတွဲ၊ ရှေးဟောင်းသုတေသနဦးစီးဌာန။

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# မြန်မာစကားပုံများနှင့်အသုံးဆင်တူသော တရုတ်စကားပုံများ လေ့လာချက်

အိအိခိုင် *

## စာတမ်းအကျဉ်း

ဤစာတမ်းသည် နေ့စဉ်အသုံးပြုနေသော မြန်မာဘာသာစကားအတွင်းရှိ စကားပုံများနှင့် အသုံးဆင်တူသော တရုတ်စကားပုံများကို လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ တရုတ်လူမျိုးတို့ နေ့စဉ်ပြောဆိုသုံးစွဲနေသော ဘာသာစကား ထဲတွင်ရှိသည့် စကားပုံများအနက်မှ တိရစ္ဆာန်နှင့် ပုံခိုင်းပြောဆိုသော စကားပုံများ၊ လူ့အကျင့်နှင့်ဆိုင်သော စကားပုံများ၊ ကံ ဉာဏ် ဝီရိယနှင့်ဆိုင်သော စကားပုံ များကို မြန်မာလူမျိုးတို့ ပြောဆိုသုံးနှုန်းသည့် စကားပုံများနှင့် ယှဉ်တွဲလေ့လာ နိုင်ရန် တင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ** – ***စကားပုံ၊ သုံးနှုန်း၊ ခိုင်းနှိုင်း၊ ဘာသာစကား၊ အတွေ့အကြုံ။***

## နိဒါန်း

လူမျိုးတိုင်းတွင် နေ့စဉ်ပြောဆိုသုံးနှုန်းနေသော ဘာသာစကားအတွင်း၌ လူမှု ဆက်ဆံရေးနှင့် ပတ်သက်သော အကြောင်းအရာများ၊ မှတ်သားလိုက်နာဖွယ်ရာ များနှင့် ရှောင်ရှားသတိပြုအပ်သော အကြောင်းအရာများကို စကားပုံများဖြင့် ပြောဆို ခိုင်းနှိုင်းကာ ဆုံးမလမ်းညွှန်လေ့ ရှိကြသည်။ စကားပုံဟူသည် မိမိဆိုလိုရင်းကို အနှိုင်းခံတစ်ရပ်နှင့် ပုံခိုင်းပြောဆိုကြသည့် စကားရပ်ကို စကားပုံဟု ခေါ်သည်။ ထို့ကြောင့် စကားပုံသည် စကားကို တိုတိုကျဉ်းကျဉ်းဖြင့် လိုရင်းရောက်အောင် ပုံဆောင်ဖွဲ့ဆိုထားသော စကားစု ဖြစ်သည်။

စကားပုံများသည် လူတို့၏ အတွေ့အကြုံ၊ အတွေးအခေါ် အယူအဆ၊ စာပေ၊ ယဉ်ကျေးမှု စသည်တို့ကို အခြေပြု၍ ပေါ်ပေါက်လာခဲ့ကြခြင်း ဖြစ်သည်။ မိဘက သားသမီးကို ဆုံးမလမ်းညွှန်သောအခါတွင် လည်းကောင်း၊ ဆရာက တပည့်ကို ဆုံးမ လမ်းညွှန်သောအခါတွင် လည်းကောင်း၊ လူကြီးတို့က လူငယ်တို့အား ဆုံးမလမ်းညွှန် သောအခါတွင် လည်းကောင်း၊ အချင်းချင်း ပြောဆိုဆက်ဆံရာတွင် လည်းကောင်း တိုတိုနှင့် ထိမိစေရန် ပုံဆောင်ရာတွင် စကားပုံများကို အသုံးပြုလေ့ ရှိကြသည်။

ဘာသာစကားအသီးသီးရှိ စကားပုံများတွင် သက်ဆိုင်ရာလူမျိုးတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် အတွေးအခေါ် အယူအဆများ ထင်ဟပ်နေသည်။

* ဒေါ်၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်

မြန်မာလူမျိုးများကဲ့သို့ပင် တရုတ်လူမျိုးတို့သည်လည်း စကားပြောဆိုရာတွင်လည်းကောင်း၊ စာရေးသားရာတွင် လည်းကောင်း၊ အလျဉ်းသင့်သလို စကားပုံများကို ထည့်သွင်းပြောဆို ရေးသားလေ့ ရှိကြသည်။ တရုတ်လူမျိုးတို့ ပြောဆိုသုံးနှုန်း ရေးသားကြသော တရုတ်စကားပုံများသည် ရှေးခေတ်ယဉ်ကျေးမှုဆိုင်ရာ အမှတ်တရဖြစ်ရပ်များနှင့် ကဗျာ၊ လင်္ကာ၊ ဆောင်းပါးများမှ ဆင်းသက်လာသကဲ့သို့ အချို့သော စကားပုံများမှာ သမိုင်းဖြစ်စဉ် အဖြစ်အပျက်များမှ ဆင်းသက်လာသည်။

ဤစာတမ်းတွင် တရုတ်လူမျိုးများ နေ့စဉ်ပြောဆိုရေးသားကြသော တရုတ်စကားပုံများထဲမှ မြန်မာလူမျိုးတို့နှင့် အတွေးအခေါ် အယူအဆ အသုံးဆင်တူသော စကားပုံအချို့ကို လေ့လာတင်ပြထားပါသည်။

## ၁။ တိရစ္ဆာန်နှင့် ပုံခိုင်းဖော်ပြသော စကားပုံများ

မြန်မာလူမျိုးများကဲ့သို့ပင် တရုတ်လူမျိုးသည်လည်း မိမိပတ်ဝန်းကျင်တွင် မြင်တွေ့နေရသော တိရစ္ဆာန်လေးများ၏ ထူးခြားသော အမူအကျင့်၊ အလေ့အထများဖြင့် ပုံခိုင်းပြောဆိုသော စကားပုံများ ရှိပါသည်။

### ၁၊ ၁။ 'စရိုက်လက္ခဏာတူသောသူများ အချင်းချင်း သင့်လျော်ညီညွတ်ကြသည့်သဘော' ကို တရုတ်စကားပုံတွင်–

yī qiū zhi hè

"အသိုက်တစ်ခုထဲမှ မြေခွေးအချင်းချင်း အနံ့မနံ"

ဟူသော စကားပုံဖြင့် ဖော်ပြသည်။ မြန်မာစကားပုံတွင်–

"သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့"[၁]

"သည်ပုတ်ထဲက သည်ပဲ"[၂]

ဟူသော စကားပုံနှင့် အသုံးဆင်တူသည်ကို တွေ့ရပါသည်။

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၂၄၁။
[၂] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၂၄၈။

**၁၊ ၂။ 'မိမိတွင် မရှိဘဲ ဟန်ထုတ်ကြွားဝါသည့် သဘော' ကို တရုတ်စကားပုံတွင်–**

góu zhàng rén shì

"ခွေးက လူယောင်ဆောင်"

ဟူသော စကားပုံဖြင့် ဖော်ပြသည်။ မြန်မာစကားပုံတွင်–

"ဝမရှိဘဲ ဝိလုပ်"[၁]

ဟူသော စကားပုံနှင့် အသုံးဆင်တူသည်ကို တွေ့ရပါသည်။

**၁၊ ၃။ 'အရာဌာနနှင့် လိုက်လျောညီထွေခြင်း မရှိဘဲ အမြင်မတော်ဖြစ်သည့် သဘော' ကို တရုတ်စကားပုံတွင်–**

niú tóu bú duì mā jiǎo

"နွားထမ်းပိုးကို မြင်းကိုယ်မှာ တပ်သလို"

ဟူသော စကားပုံဖြင့် ဖော်ပြသည်။ မြန်မာစကားပုံတွင်–

"အမြင်မတော် ဆင်တော်နှင့် ခလောက်"[၂]

ဟူသော စကားပုံနှင့် အသုံးဆင်တူသည်ကို တွေ့ရပါသည်။

**၁၊ ၄။ 'သူတစ်ပါးအား ဒုက္ခရောက်စေလိုသည့် စိတ်ဖြင့် ပြုမူလိုက်သော အရာသည် ဒုက္ခမရောက်ရုံသာမက သူ့အလိုကျပင် ဖြစ်သွားတတ်သည့် သဘော' ကို တရုတ်စကားပုံတွင်–**

ròu bāo zi dá gǒu yōu qù wú huí

"အသားပေါက်စီနဲ့ ခွေးကိုပစ်"

ဟူသော စကားပုံဖြင့် ဖော်ပြသည်။ မြန်မာစကားပုံတွင်–

"စူဠလိပ် ရေထဲလွှတ်"[၃]

ဟူသော စကားပုံနှင့် အသုံးဆင်တူသည်ကို တွေ့ရပါသည်။

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၂၂၆။
[၂] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၂၆၉။
[၃] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၅၉။

**၁၊ ၅။ ‘ပြောင်းပြန်ဖြစ်တတ်သည့် သဘော’ ကို တရုတ်စကားပုံတွင်–**

kǒu yáng kèn rén dī

“ခွေးကလူကို အထင်သေးတဲ့ မျက်စိဖြင့်ကြည့်”

ဟူသော စကားပုံဖြင့် ဖော်ပြသည်။ မြန်မာစကားပုံတွင်–

“သူခိုးက လူဟစ်”[၁]

“ဒေါင်းတုလို့ စာသူငယ်လှမ်း”[၂]

ဟူသော စကားပုံနှင့် အသုံးဆင်တူသည်ကို တွေ့ရပါသည်။

**၁၊ ၆။ ‘မဖြစ်နိုင်သောအရာကို မတန်မရာ စိတ်ကူးသည့်သဘော’ ကို တရုတ်စကားပုံတွင်–**

là há mā xiáng zhi tiān ér ròu

“ဖားပြုတ်က နတ်သမီးယူ၊ လှလိုက်တဲ့ စိတ်ကူး”

ဟူသော စကားပုံဖြင့် ဖော်ပြသည်။ မြန်မာစကားပုံတွင်–

“အမဲရိုးနှယ် ဟင်းအိုးမှ အားမနာ”[၃]

ဟူသော စကားပုံနှင့် အသုံးဆင်တူသည်ကို တွေ့ရပါသည်။

**၁၊ ၇။ ‘တစ်စုံတစ်ခုကို မဖြစ်မနေ အားသွန်ခွန်စိုက်ပြုလုပ်ရန် ရည်မှန်းသော်လည်း ပင်ကိုယ်အားနည်းချက်ကြောင့် မစွမ်းဆောင်နိုင်သည့် သဘော’ ကို တရုတ်စကားပုံတွင်–**

táng bì dāng chē

“ဓားခုတ်ကောင် ကိုယ့်ခွန်အား မသိဘဲ၊ လှည်းကို ခြေနဲ့တား”

ဟူသော စကားပုံဖြင့် ဖော်ပြသည်။ မြန်မာစကားပုံတွင်–

[၁] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၂၃၇။
[၂] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၁၁၂။
[၃] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၂၆၆။

"ခါချဉ်ကောင်မာန်ကြီး တောင်ကြီးဖြိုမယ့်ကြံ ခါးကမသန်"[၁]

ဟူသော စကားပုံနှင့် အသုံးဆင်တူသည်ကို တွေ့ရပါသည်။

**၁၊ ၈။ 'မဖြစ်နိုင်သောအရာကို ဖော်ပြသည့်သဘော' ကို တရုတ်စကားပုံတွင်–**

gōng jī xià dàng

"ကြက်ဖ ဥ ဥ"

ဟူသော စကားပုံဖြင့် ဖော်ပြသည်။ မြန်မာစကားပုံတွင်–

"လေဖမ်း ဒန်းစီး"[၂]

ဟူသော စကားပုံနှင့် အသုံးဆင်တူသည်ကို တွေ့ရပါသည်။

**၁၊ ၉။ 'အခက်အခဲနှစ်ခုကြားတွင် မတိုးသာ မဆုတ်သာ ဖြစ်နေသောသဘော' ကို တရုတ်စကားပုံတွင်–**

qí hú nán xià

"ကျားကျောပေါ် စီးနေရသလို ကြိုက်သလို မလုပ်နိုင်"

jìn tuì liǎng nán

"ရှေ့တိုးထမ်းပိုး နောက်ဆုတ်လှည်းထုပ်"

ဟူသော စကားပုံဖြင့် ဖော်ပြသည်။ မြန်မာစကားပုံတွင်လည်း–

"ရှေ့တိုးထမ်းပိုး နောက်ဆုတ်လှည်းထုပ်"[၃]

ဟူသော စကားပုံနှင့် အသုံးဆင်တူသည်ကို တွေ့ရပါသည်။

**၁၊ ၁၀။ 'အကောင်းအဆိုးမသိသူအား တန်ဖိုးရှိသောစကားကို နားဝင်အောင် မည်မျှပင် ပြောစေကာမူ ထိုသူအဖို့ အချည်းနှီးသာဖြစ်သည့်သဘော' ကို တရုတ်စကားပုံတွင်–**

dùi niú tán qín

"နွားရှေ့တွင် စောင်းတီး"

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၃၄။

[၂] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၂၁၇။

[၃] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၂၀၇။

ဟူသော စကားပုံဖြင့် ဖော်ပြသည်။ မြန်မာစကားပုံတွင်–

"ကျွဲပါး စောင်းတီး"[၁]

ဟူသော စကားပုံနှင့် အသုံးဆင်တူသည်ကို တွေ့ရပါသည်။

**၁၊ ၁၁။ 'အချိန်မရွေး အန္တရာယ်ပေးနိုင်သည့်သူကို အတွင်းလူအဖြစ် ထားသည့် သဘော' ကို တရုတ်စကားပုံတွင်–**

yíng láng lù wū

"ဝံပုလွေကို အိမ်ခန်းထဲ ဝင်စေသည်"

ဟူသော စကားပုံဖြင့် ဖော်ပြသည်။ မြန်မာစကားပုံတွင်–

"မြွေပွေး ခါးပိုက်ပိုက်"[၂]

ဟူသော စကားပုံနှင့် အသုံးဆင်တူသည်ကို တွေ့ရပါသည်။

## ၂။ လူ့အကျင့်နှင့်ဆိုင်သော စကားပုံများ

လူတို့၏နေထိုင်မှုဘဝမှ ဖြစ်တည်လာသော လူ့အကျင့်နှင့်ဆိုင်သည့် စကားပုံများလည်း ရှိသည်။ လူမှုဘဝနှင့်ပတ်သက်၍ လူတို့၏ စိတ်ထား၊ အကျင့်၊ အပြုအမူတို့သည် လောကီလူမှုဆက်ဆံရေးတွင် ရှောင်ရန်၊ ဆောင်ရန်များပင် ဖြစ်ပါသည်။ ထိုဆောင်ရန် ရှောင်ရန်များကို စကားပုံများက လမ်းညွှန်ဖော်ပြနေပေသည်။

**၂၊ ၁။ 'မိမိပြုသော ကောင်းကျိုး၊ မကောင်းကျိုးကို မိမိသာ ခံရမည့် သဘော' ကို တရုတ်စကားပုံတွင်–**

zǐ zuò zì shòu

"ကိုယ်လုပ် ကိုယ်ခံ"

ဟူသော စကားပုံဖြင့် ဖော်ပြသည်။ မြန်မာစကားပုံတွင်–

"ကိုယ့်ရှူး ကိုယ်ပတ်"[၃]

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၃၀။
[၂] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၁၈၉။
[၃] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၁၂။

“ကိုယ့်အတတ် ကိုယ်စူး”[၁]

ဟူသော စကားပုံနှင့် အသုံးဆင်တူသည်ကို တွေ့ရပါသည်။

**၂။ ၂။ ‘ကိစ္စတစ်ခု အောင်မြင်ပြီးမြောက်သွားသောအခါ အောင်မြင်အောင် ဆောင်ရွက်ပေးသူအား ပစ်ပယ်သည့် သဘော’ ကို တရုတ်စကားပုံတွင်–**

guò hé chāi qiáo

“မြစ်ကူးပြီး တံတားဖျက်”

ဟူသော စကားပုံဖြင့် ဖော်ပြသည်။ မြန်မာစကားပုံတွင်–

“ဘုရားပြီး ငြမ်းဖျက်”[၂]

ဟူသော စကားပုံနှင့် အသုံးဆင်တူသည်ကို တွေ့ရပါသည်။

**၂။ ၃။ ‘အတွေ့အကြုံမရှိသဖြင့် မိမိရရှိပိုင်ဆိုင်သော တန်ရုံသင့်ရုံမျှလောက်ကိုပင် အလွန်ဟုတ်လှပြီဟု ထင်မှတ်သည့်သဘော’ ကို တရုတ်စကားပုံတွင်–**

zoù jǐng kàn tiān

“ရေတွင်းထဲမှာထိုင်တဲ့ဖား ကောင်းကင်ကိုမော့ကြည့်သလို”

ဟူသော စကားပုံဖြင့် ဖော်ပြသည်။ မြန်မာစကားပုံတွင်–

“မမြင်ဖူး မူးမြစ်ထင်”[၃]

ဟူသော စကားပုံနှင့် အသုံးဆင်တူသည်ကို တွေ့ရပါသည်။

**၂။ ၄။ ‘အရည်အချင်းအပြည့်ရှိသူက တည်ကြည်ငြိမ်သက်သော်လည်း၊ အရည်အချင်း မပြည့်ဝသူက တည်ကြည်ငြိမ်သက်မှု မရှိသည့် သဘော’ ကို တရုတ်စကားပုံတွင်–**

yì pīng jiǔ bú dòng , bàng pīng jiǔ huàng dāng

“အပြည့်ရှိသော ပုလင်းက မလှုပ်၊ တစ်ဝက်သာရှိသော ပုလင်းက လှုပ်”

ဟူသော စကားပုံဖြင့် ဖော်ပြသည်။ မြန်မာစကားပုံတွင်–

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၁၃။

[၂] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၁၅၀။

[၃] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၁၆၁။

"မပြည့်သည့်အိုး ဘောင်ဘင်ခတ်"[၁]

ဟူသော စကားပုံနှင့် အသုံးဆင်တူသည်ကို တွေ့ရပါသည်။

**၂၊ ၅။ 'မိမိတွင် အခြေအနေ မရှိပါဘဲ ကြီးကြီးကျယ်ကျယ် ပြုမူသည့်သဘော' ကို တရုတ်စကားပုံတွင်–**

wú mǐ zhī chuī

"ဆန်မရှိဘဲ ထမင်းချက်ချင်"

ဟူသော စကားပုံဖြင့် ဖော်ပြသည်။ မြန်မာစကားပုံတွင်–

"ဆန်မရှိ အစားကြီး"[၂]

ဟူသော စကားပုံနှင့် အသုံးဆင်တူသည်ကို တွေ့ရပါသည်။

**၂၊ ၆။ 'မိမိ မကျွမ်းကျင်၊ မနိုင်နင်းသော အလုပ်ကို လုပ်ဆောင်သည့် သဘော' ကို တရုတ်စကားပုံတွင်–**

zì bú liàng lì

"ကိုယ့်ခွန်အား ကိုယ်မသိ"

ဟူသော စကားပုံဖြင့် ဖော်ပြသည်။ မြန်မာစကားပုံတွင်–

"ဖင်မနိုင်ဘဲ ပဲကြီးဟင်းသောက်"[၃]

ဟူသော စကားပုံနှင့် အသုံးဆင်တူပါသည်။

**၂၊ ၇။ 'မိမိအပေါ် ကျေးဇူးရှိသူအား နစ်နာအောင် ပျက်စီးရာပျက်စီးကြောင်း ပြုမူသည့် သဘော' ကို တရုတ်စကားပုံတွင်–**

fū chàng fù suí

"ကျေးဇူးရှိသူကို ရန်ငြိုးထား"

ဟူသော စကားပုံဖြင့် ဖော်ပြသည်။ မြန်မာစကားပုံတွင်–

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၁၆၁။

[၂] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၇၇။

[၃] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၁၄၃။

“အရိပ်နေနေ အခက်ချိုးချိုး”[၁]

“သွားရေပေါ်အိပ် သွားရေနှာ:စား”[၂]

ဟူသော စကားပုံနှင့် အသုံးဆင်တူသည်ကို တွေ့ရပါသည်။

**၂။ ၈။ ‘မိမိနှင့်သက်ဆိုင်သော အရာကိုမှ ကောင်းသည် ဟူသော သဘော’ ကို တရုတ်စကားပုံတွင်–**

zì mài zì kuā

“ကိုယ့်ပစ္စည်းကိုယ်ကောင်းကြောင်းပြော”

ဟူသော စကားပုံဖြင့် ဖော်ပြသည်။ မြန်မာစကားပုံတွင်–

“ကိုယ့်ငါးချဉ် ကိုယ်ချဉ်”[၃]

ဟူသော စကားပုံနှင့် အသုံးဆင်တူသည်ကို တွေ့ရပါသည်။

**၂။ ၉။ ‘အပေါ်ယံ၊ အပြင်ပန်းအားဖြင့် ကောင်းသော်လည်း အတွင်းစိတ်မှာ မကောင်းသော သဘော’ ကို တရုတ်စကားပုံတွင်–**

kǒu shì xīng feī

“ပါးစပ်ကဟုတ်သော်လည်း စိတ်ကမဟုတ်”

ဟူသော စကားပုံဖြင့် ဖော်ပြသည်။ မြန်မာစကားပုံတွင်–

“အပေါ်ယံရွှေမှုန်ကြဲ၊ အထဲကနွားချေးခံ”[၄]

ဟူသော စကားပုံနှင့် အသုံးဆင်တူသည်ကို တွေ့ရပါသည်။

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၂၇၄။
[၂] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၂၃၅။
[၃] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၁၀။
[၄] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၂၆၂။

**၂၊ ၁၀။ 'အမျိုးအစား၊ အသိုင်းအဝိုင်း၊ အတန်းအစားတူသော်လည်း အသွင်၊ စိတ်ချင်း မတူညီသည့်သဘော' ကို တရုတ်စကားပုံတွင်–**

jǐng shuǐ bú fàn hé shuǐ

"မြစ်ရေ တွင်းရေ အချင်းချင်းမထိ"

ဟူသော စကားပုံဖြင့် ဖော်ပြသည် မြန်မာစကားပုံတွင်–

"လူချင်းတူသော်လည်း အသက်ရှူချင်းကွဲ"[၁]

ဟူသော စကားပုံနှင့် အသုံးဆင်တူသည်ကို တွေ့ရပါသည်။

**၃။ ကံ၊ ဉာဏ်၊ ဝီရိယနှင့်ဆိုင်သော စကားပုံ**

လောကတွင် အကြံ၊ ဉာဏ်၊ ဝီရိယ အတွေးအခေါ်နှင့် အလုပ်အဆောင်တို့ အောင်မြင်နိုင်ရန် ကံ၊ ဉာဏ်၊ လုံ့လဝီရိယတို့ ရှိရန်လိုအပ်သည်။ မိမိတို့ခံစားရသော အဆိုးအကောင်းတို့သည် မိမိတို့ လုပ်ဆောင်မှုအပေါ်တွင် မှီတည်သည်။ ကံ၊ ဉာဏ်၊ ဝီရိယတို့ကို မျှတစွာ အသုံးချတတ်မှသာလျှင် လောကတွင် အောင်မြင်မှုပန်းတိုင်ကို ရောက်ရှိမည် ဖြစ်သည်။ ကံ၊ ဉာဏ်၊ ဝီရိယကို မျှတစွာ ထားတတ်ရန် စကားပုံများက လမ်းညွှန်လျက် ရှိပေသည်။

**၃၊ ၁။ 'အခက်အခဲများ မည်မျှပင် ကြီးမားစေကာမူ ကြိုးစားအားထုတ်လျှင် အောင်မြင်သည့် သဘော' ကို တရုတ်စကားပုံတွင်–**

yǒu zhì zhě shì jìng chéng

"ဆန္ဒရှိပါက အောင်မြင်မည်"

ဟူသော စကားပုံဖြင့် ဖော်ပြသည်။ မြန်မာစကားပုံတွင်–

"တောင်ကြီးဖဝါးအောက် လှိုင်းကြီးလှေအောက်"[၂]

ဟူသော စကားပုံနှင့် အသုံးဆင်တူသည်ကို တွေ့ရပါသည်။

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၂၁၃။
[၂] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၈၈။

**၃၊ ၂။ 'အရည်အချင်းရှိသောသူသည် မည်သည့်အခက်အခဲကိုမျှ မကြောက်ရွံ့တတ်ဘဲ အောင်မြင်အောင် လုပ်ဆောင်နိုင်သည့်သဘော' ကို တရုတ်စကားပုံတွင်–**

zhēn jīn bú pà huǒ

"ရွှေမှန်လျှင် မီးကိုမကြောက်"

ဟူသော စကားပုံဖြင့် ဖော်ပြသည်။ မြန်မာစကားပုံတွင်–

"ပတ္တမြားမှန် နွံမနစ်"[၁]

ဟူသော စကားပုံနှင့် အသုံးဆင်တူသည်ကို တွေ့ရပါသည်။

**၃၊ ၃။ 'အစွမ်းအစ မရှိသော်လည်း ကံအကြောင်းတရား အခွင့်သာလာပါက မထင်မှတ်ဘဲ အဆင်ပြေသွားတတ်သည့် သဘော' ကို တရုတ်စကားပုံတွင်–**

xiā māo pèng shang sǐ hào zi

"မျက်မမြင်ကြောင် ကြွက်သေတွေ့"

ဟူသော စကားပုံဖြင့် ဖော်ပြသည်။ မြန်မာစကားပုံတွင်–

"ကြက်ကန်း ဆန်အိုးတိုး"[၂]

ဟူသော စကားပုံနှင့် အသုံးဆင်တူသည်ကို တွေ့ရပါသည်။

**၃၊ ၄။ 'နောင်အခါ ကောင်းရန်အတွက် ယခု ဒုက္ခခံရသည့် သဘော' ကို တရုတ်စကားပုံတွင်–**

xiān kǔ hoù tián

"ရှေ့ပိုင်းခါးသော်လည်း နောက်ပိုင်းချို"

ဟူသော စကားပုံဖြင့် ဖော်ပြသည်။ မြန်မာစကားပုံတွင်–

"အရိပ်မလာခင် နေပူကစောင့်"[၃]

ဟူသော စကားပုံနှင့် အသုံးဆင်တူသည်ကို တွေ့ရပါသည်။

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၁၃၅။

[၂] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၂၄။

[၃] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၂၇၅။

**၃၊ ၅။ 'အလုပ်တစ်ခု လုပ်ရုံဖြင့် ကိစ္စနှစ်ခု ပြီးမြောက်သည့် သဘော' ကို တရုတ်စကားပုံတွင်–**

yí jiàn shuāng diāo

"ခဲတစ်လုံးဖြင့် ငှက်နှစ်ကောင်ပစ်"

ဟူသော စကားပုံဖြင့် ဖော်ပြသည်။ မြန်မာစကားပုံတွင်–

"တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်"[၁]

ဟူသော စကားပုံနှင့် အသုံးဆင်တူသည်ကို တွေ့ရပါသည်။

## ခြုံငုံသုံးသပ်ချက်

မြန်မာစကားပုံများနှင့် အသုံးဆင်တူသော တရုတ်စကားပုံများ လေ့လာချက်တွင် မြန်မာလူမျိုးတို့ နေ့စဉ်ပြောဆိုသုံးနှုန်းနေသော စကားများတွင် ပါဝင်ထည့်သွင်း ပြောလေ့ရှိသော စကားပုံများကဲ့သို့ပင် တရုတ်လူမျိုးတို့သည်လည်း နေ့စဉ်သုံး အပြောစကားတွင် စကားပုံများကို အလျဉ်းသင့်သလို ထည့်သွင်းပြောဆိုလေ့ ရှိကြသည်။ မြန်မာလူမျိုးတို့ ပြောဆိုသုံးနှုန်းသည့်အခါ ပုံပြခိုင်းနှိုင်းလေ့ရှိသော အရာများနှင့် တရုတ်လူမျိုးတို့ ပြောဆိုသုံးနှုန်းသည့်အခါ ပုံပြခိုင်းနှိုင်းလေ့ရှိသော အရာများသည် အများအားဖြင့် ဆင်တူမှုရှိသည်ကို တွေ့ရပါသည်။ တရုတ်လူမျိုးတို့၏ စကားပုံများတွင် မြင်လွယ်သော တိရစ္ဆာန်လေးများ၏ အမူအကျင့်များ၊ အလေ့စရိုက်များနှင့် ဖော်ပြခိုင်းနှိုင်းလေ့ရှိသော စကားပုံများအနက်မှ စကားပုံ(၁၁)ခု၊ လူ့အကျင့်နှင့်ဆိုင်သော စကားပုံများအနက်မှ စကားပုံ(၁၀)ခု၊ ကံ၊ ဉာဏ်၊ ဝီရိယနှင့် ပတ်သက်သော စကားပုံများအနက်မှ စကားပုံ(၅)ခု၊ စုစုပေါင်း စကားပုံ(၂၈)ခုကို လေ့လာတင်ပြခဲ့ပါသည်။ အသုံးတူဆင်တူသော စကားပုံများကို ဖော်ပြရာတွင်လည်း မြန်မာလူမျိုးတို့ သုံးလေ့ရှိသော စကားပုံများနှင့် တူညီမှု၊ နီးစပ်မှုများ ရှိသည်ကို လေ့လာတင်ပြခဲ့ခြင်း ဖြစ်ပါသည်။

## နိဂုံး

စကားပုံများသည် လူမျိုးတစ်မျိုး၏ အတွေးအခေါ် အယူအဆ၊ ယုံကြည်မှု၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု စသည့် သွင်ပြင်စရိုက်များကို ဖော်ပြနေသည်။ လူမှုဆက်ဆံရေး

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၁၆၊ ၉၃။

နယ်ပယ်တွင် တစ်ဦးနှင့်တစ်ဦး ပြောဆိုဆက်ဆံရေးတွင် စကားပုံကို ထည့်သွင်းပြောဆိုလိုက်သည်နှင့် ရှည်ရှည်ဝေးဝေး ပြောစရာ မလိုတော့ဘဲ ဆိုလိုရင်းကို သဘောပေါက် မြင်သာစေသည်။ စကားပုံတို့သည် ဆိုလိုသည့်အဓိပ္ပာယ်ကို သိလွယ်၊ နားလည်လွယ်စေနိုင်သည်။ ထို့ကြောင့်လည်း စကားပုံတို့၏ အခန်းကဏ္ဍမှာ ဘာသာစကား လေ့လာရာတွင် အရေးပါလှသည်။ ထို့ပြင် မြန်မာစကားပုံများနှင့် အသုံးဆင်တူသော တရုတ်စကားပုံကို လေ့လာခြင်းဖြင့် မြန်မာလူမျိုးနှင့် တရုတ်လူမျိုးတို့၏ အတွေးအခေါ်၊ အယူအဆ၊ ယဉ်ကျေးမှု၊ ဓလေ့တို့သည် များစွာ တူညီမှုရှိနေသည်ကိုလည်း လေ့လာသိရှိရပါသည်။ မြန်မာလူမျိုးတို့ အသုံးပြုသော စကားပုံများနှင့် အသုံးဆင်တူသည့် တရုတ်စကားပုံများကို လေ့လာခြင်းအားဖြင့် ဘာသာစကား သင်ကြားရာတွင်လည်းကောင်း၊ လူမျိုးတစ်မျိုး၏ အယူအဆ၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ အတွေးအခေါ် စသည်တို့ကို လေ့လာရာတွင်လည်းကောင်း များစွာ အကျိုးသက်ရောက်မှု ရှိစေမည် ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း


ထွန်းသန်း၊ ဦး။ (၂၀၁၅)။ ***စကားပုံနှင့် ဆိုရိုးစကား စာစီစာကုံးများ***။ ပထမအကြိမ်။ ရန်ကုန်၊ ရှုဝံ့ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၁၆)။ ***မြန်မာစကားပုံ***။ မြန်မာစာနှင့်ဘာသာစကားပညာရေးဦးစီးဌာန။ အဋ္ဌမအကြိမ်။ ရန်ကုန်၊ မြန်မာစာနှင့်ဘာသာစကားပညာရေးဦးစီးဌာန။

မြန်မာစာအဖွဲ့။ (၂၀၁၆)။ ***မြန်မာဆိုရိုးစကား***။ မြန်မာစာနှင့်ဘာသာစကားပညာရေးဦးစီးဌာန။ အဋ္ဌမအကြိမ်။ ရန်ကုန်၊ မြန်မာစာနှင့်ဘာသာစကားပညာရေးဦးစီးဌာန။

မြန်မာတိုင်းရင်းသားစကားပုံများ။ (၁၉၈၁)။ ပညာရေးဝန်ကြီးဌာန၊ အထက်တန်းပညာဦးစီးဌာန၊ တက္ကသိုလ်ပို့ချစာစဉ်(၇၄)။ တက္ကသိုလ်များပုံနှိပ်တိုက်။

ယူနန်၊ အမှတ်စဉ်–၆။ (၂၀၁၅)။ ***မင်္ဂလာမဂ္ဂဇင်း***၊ ပထမအကြိမ်။ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ သတင်းပြန်ကြားရေးဌာန။

ယူနန်၊ အမှတ်စဉ်–၇။ (၂၀၁၅)။ ***မင်္ဂလာမဂ္ဂဇင်း***၊ ပထမအကြိမ်။ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ သတင်းပြန်ကြားရေးဌာန။

ယူနန်၊ အမှတ်စဉ်–၈။ (၂၀၁၅)။ ***မင်္ဂလာမဂ္ဂဇင်း***၊ ပထမအကြိမ်။ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ သတင်းပြန်ကြားရေးဌာန။

ယူနန်၊ အမှတ်စဉ်–၉။ (၂၀၁၅)။ ***မင်္ဂလာမဂ္ဂဇင်း***၊ ပထမအကြိမ်။ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ သတင်းပြန်ကြားရေးဌာန။

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# ဇော်ဂျီနှင့်မင်းသုဝဏ်တို့၏ ဘဝအားမာန်ကဗျာများ လေ့လာချက်

ခင်နှင်းအောင် *

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ်ရှိ ခေတ်ကဗျာကဏ္ဍတွင် ပါဝင်သည့် ဇော်ဂျီနှင့် မင်းသုဝဏ်တို့၏ကဗျာများမှ ဘဝအားမာန်ကဗျာများကို လေ့လာဆန်းစစ်ထားသော စာတမ်း ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ ဘဝအားမာန်ကဗျာများ၏ အာနိသင်ကို ဖော်ထုတ်တင်ပြလိုခြင်း ဖြစ်ပါသည်။ အလေ့လာခံအဖြစ် ဆရာဇော်ဂျီ၏ 'ပန်းပန်လျက်ပဲ' ကဗျာနှင့် ဆရာမင်းသုဝဏ်၏ 'ပျဉ်းမငုတ်တို' ကဗျာတို့ကိုသတ်မှတ်ကာ ကဗျာရေးဖွဲ့တင်ပြပုံဆိုင်ရာ နည်းနာများဖြင့် ချဉ်းကပ် လေ့လာတင်ပြထားပါသည်။ ဘဝအားမာန်ကဗျာများသည် လူသားတို့အား ဘဝအားမာန်ကို ပေးစွမ်းနိုင်သည်။ ထိုသို့ဖြစ်စေရန် ကဗျာစာဆို၌ ထက်မြက်သော ကဗျာရေးဖွဲ့ဖန်တီးမှုစွမ်းရည် ရှိရပါသည်။ ဤစာတမ်းသည် ခေတ်ကဗျာလေ့လာလိုသူများအတွက် အထောက်အကူပြုနိုင်မည်ဟု ထင်မြင်မိပါသည်။

**သော့ချက်ဝေါဟာရများ** – *ခေတ်ကဗျာ၊ ဘဝအားမာန်၊ နိမိတ်ပုံ၊ သင်္ကေတ၊ နရီ၊ စည်းဝါး။*

## နိဒါန်း

ခေတ်ကဗျာများသည် စာဆိုတို့၏အတွေးသစ်၊ အမြင်သစ်များဖြင့် ဖွဲ့ဆိုထားသော ကဗျာများဖြစ်ပြီး စာဖတ်သူတို့အား အတွေးသစ်၊ အမြင်သစ်၊ ခံစားမှုအသစ်နှင့် ဘဝအသိများ၊ ဘဝအားမာန်များကို ဖြစ်ပေါ်စေပါသည်။ ခေတ်ကဗျာများစွာထဲမှ ဆရာဇော်ဂျီ၏ 'ပန်းပန်လျက်ပဲ' ကဗျာနှင့် ဆရာမင်းသုဝဏ်၏ 'ပျဉ်းမငုတ်တို' ကဗျာတို့သည် စာဖတ်သူတို့အား ဘဝအားမာန် ဖြစ်ပေါ်စေသော ကဗျာကောင်းများ ဖြစ်ကြောင်းနှင့် ဘဝအားမာန်ကို မည်သို့မည်ပုံပေးထားကြောင်းတို့ကို ဆန်းစစ်တင်ပြလိုသဖြင့် ဤစာတမ်းကို ပြုစုရခြင်းဖြစ်ပြီး ကဗျာသဘောတရားနည်းနာများဖြင့် ဆန်းစစ်လေ့လာတင်ပြထားပါသည်။ ဆရာဇော်ဂျီ၏ 'ပန်းပန်လျက်ပဲ' ကဗျာနှင့် ဆရာမင်းသုဝဏ်၏ 'ပျဉ်းမငုတ်တို' ကဗျာများမှ ဘဝအားမာန်ပေးကြပုံချင်းကွာခြားပုံများကိုလည်း တင်ပြထားပါသည်။

---

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ရတနာပုံတက္ကသိုလ်

## ၁။ ဇော်ဂျီနှင့် မင်းသုဝဏ်တို့၏ အတ္ထုပ္ပတ္တိအကျဉ်း

### ဇော်ဂျီ၏အတ္ထုပ္ပတ္တိအကျဉ်း

ဆရာဇော်ဂျီ၏ အမည်ရင်းမှာ ဦးသိန်းဟန် ဖြစ်သည်။ ၁၉၀၇ ခုနှစ် ဧပြီလတွင် ဖျာပုံမြို့၌ ဖွားမြင်သည်။ အဖမှာ ဦးယောဖြစ်၍ အမိမှာ ဒေါ်စိန်ညွန့် ဖြစ်သည်။ ဖျာပုံမြို့ တိုင်းရင်းသားအထက်တန်းကျောင်း၊ ရန်ကုန်မြို့ မြို့မတိုင်းရင်းသား အထက်တန်းကျောင်း၌ ပညာသင်ပြီး၊ ၁၉၂၄–၂၅ ခုနှစ်၌ ရန်ကုန်တက္ကသိုလ်သို့ ရောက်သည်။ ၁၉၃၀ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့၊ ၁၉၃၄ ခုနှစ်တွင် အင်္ဂလိပ်စာ မဟာဝိဇ္ဇာဘွဲ့ နှင့် မြန်မာစာ မဟာဝိဇ္ဇာဘွဲ့များကို ရရှိခဲ့သည်။ လန်ဒန်တက္ကသိုလ်၊ ဒပ်ဗလင် တက္ကသိုလ်တို့တွင် ပညာသင်ကြား၍ စာကြည့်တိုက်ပညာ ဒီပလိုမာဘွဲ့ကို ၁၉၄၀ ခုနှစ်တွင် ရရှိခဲ့သည်။

ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန နည်းပြဆရာ၊ မြို့မတိုင်းရင်းသား အထက်တန်းကျောင်း အထက်တန်းပြဆရာ၊ မန္တလေးကောလိပ် မြန်မာစာဌာန နည်းပြ ဆရာ၊ ဂျပန်ခေတ် မြန်မာအစိုးရပညာရေးဌာန ဒုတိယညွှန်ကြားရေးဝန်၊ ရန်ကုန် တက္ကသိုလ် စာကြည့်တိုက်မှူး၊ နိုင်ငံတော်အစိုးရပညာရေးဌာန (ကျောင်းသုံးစာအုပ် ပြုစုရေးဆိုင်ရာ) ညွှန်ကြားရေးဝန် တာဝန်များကို အဆင့်ဆင့် ဆောင်ရွက်ခဲ့သည်။ မြန်မာစွယ်စုံကျမ်းအဖွဲ့ဝင်လည်း ဖြစ်သည်။ အထက်တန်းပညာဦးစီးဌာန ပညာရေး အရာရှိ(၁)အဖြစ် ဆောင်ရွက်ရင်း မြန်မာနိုင်ငံသမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး အဖြစ်လည်းကောင်း၊ ဝေါဟာရကော်မတီ သဘာပတိအဖြစ်လည်းကောင်း ဆောင်ရွက် ခဲ့သည်။

၁၉၂၃ ခုနှစ်ကစ၍ ကဗျာများ ရေးသည်။ ၁၉၂၈ ခုနှစ် ရန်ကုန်တက္ကသိုလ်၌ ဝိဇ္ဇာတန်း ပညာသင်ကြားနေစဉ် ဟံသာကြေးမုံ ခေါ် လက်ရေးစာစောင်ကို ထုတ်ဝေ ခဲ့သည်။ ထိုစာစောင်တွင် 'ပိတောက်ပန်း' ကဗျာကို စရေးသည်။ ထိုအခါမှစ၍ ကဗျာ၊ ဝတ္ထုတို၊ ပြဇာတ်၊ စာပေယဉ်ကျေးမှုဆောင်းပါး စာပေဝေဖန်ရေးနှင့် ဆောင်းပါးများကို ယနေ့တိုင် ရေးသားပြုစုလျက် ရှိသည်။ ခေတ်စမ်းစာပေ ခေတ်စမ်းကဗျာကို ဦးဆောင် ရေးဖွဲ့ခဲ့သူတစ်ဦး ဖြစ်သည်။

ရေးသားပြုစုခဲ့သော စာများမှာ ပိတောက်ရွှေဝါကဗျာများ၊ ဗေဒါလမ်းကဗျာများ၊ ဇော်ဂျီ၏စာ၊ ဇော်ဂျီကဗျာပေါင်းချုပ်၊ မဟာဆန်ချင်သူပြဇာတ်၊ ကာလီဒါသ၏ သကုန္တလာ၊ ရသစာပေအဖွင့်နှင့်နိဒါန်း၊ သခင်ကိုယ်တော်မှိုင်းဋီကာ၊ မိုးကြယ်မို့လား၊ လမ်းသစ်နှင့်အခြားဝတ္ထုများ၊ ပလေတိုနိဒါန်း စသည်တို့ ဖြစ်သည်။ မင်းသုဝဏ်နှင့် တွဲဖက်၍ စာပေလောက(ပထမတွဲ)နှင့် ခရီးသည်စာအုပ်များလည်း ရေးသားထုတ်ဝေ

ခဲ့သည်။ ဆရာဇော်ဂျီသည် ခေတ်စမ်းကဗျာခေတ်ကို 'ပိတောက်ပန်း' ကဗျာဖြင့် ဦးဆောင်ခဲ့သူ ဖြစ်သည်။ ဆရာဇော်ဂျီကို နိုင်ငံတော်က ဝဏ္ဏကျော်ထင်ဘွဲ့နှင့် သီရိပျံချီဘွဲ့များ ချီးမြှင့်ခဲ့သည်။ စာပဒေသာဆု၊ အမျိုးသားစာပေဆုများကိုလည်း ချီးမြှင့်ခြင်း ခံခဲ့ရသည်။ ဆရာဇော်ဂျီသည် ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလ (၂၆) ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။

## မင်းသုဝဏ်၏ အတ္ထုပ္ပတ္တိအကျဉ်း

မင်းသုဝဏ်၏ အမည်ရင်းမှာ ဦးဝန် ဖြစ်သည်။ ၁၉၀၉ ခုနှစ်တွင် ဟံသာဝတီခရိုင်၊ ကွမ်းခြံမြို့၌ ဖွားမြင်သည်။ အဘမှာ ဦးလွမ်းပင် ဖြစ်၍ အမိမှာ ဒေါ်မိ ဖြစ်သည်။ ကွမ်းခြံကုန်းမြို့၊ ရွှေကျင်ကျောင်း အင်္ဂလိပ်–မြန်မာ နှစ်ဘာသာသင် အမျိုးသားအလယ်တန်းကျောင်း၊ ရန်ကုန်မြို့ ခရစ်ယာန်သာသနာပြု စိန့်ဂျွန်း အထက်တန်းကျောင်းများ၌ ပညာသင်ခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ကို ရယူခဲ့သည်။ အင်္ဂလန်ပြည် အောက်စဖို့တက္ကသိုလ်သို့ သွား၍ သက္ကတဘာသာ၊ တိဗက်ဘာသာနှင့် အထွေထွေဘာသာဗေဒတို့ကို ဆက်လက် သင်ယူရာ ၁၉၃၈ ခုနှစ်တွင် ဘီလစ်ဘွဲ့ ရသည်။ ထို့နောက် လန်ဒန်တက္ကသိုလ်၊ အာဖရိကနှင့် အရှေ့တိုင်းဘာသာရပ်များကျောင်းသို့ ကူးပြောင်းပညာသင်ယူသည်။ အမေရိကန်ပြည် နယူးဟေဗင်မြို့ ဆေးတက္ကသိုလ်တွင်လည်း အတန်ကြာမျှ အထွေထွေ ဘာသာဗေဒ ပညာဆည်းပူးသည်။

တက္ကသိုလ်များအုပ်ချုပ်ရေးရုံး၊ ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးဌာန၏ ဌာနမှူး၊ တက္ကသိုလ်မြန်မာအဘိဓာန်၏ စာတည်းမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ရန်ကုန် တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

ခေတ်စမ်းစာပေလောကကို တည်ထောင်ခဲ့သူတစ်ဦးအဖြစ် ထင်ရှားသည်။ ကဗျာကို ၁၃ နှစ်အရွယ်ခန့်တွင် စတင်ရေးသားသည်။ ကဗျာအပြင် ဝတ္ထုတို၊ ပုံပြင်၊ ယဉ်ကျေးမှု ဆိုင်ရာ ဆောင်းပါးများ၊ ဝေဖန်စာများ ရေးသားခဲ့သည်။

ရေးသားပြုစုခဲ့သော စာအုပ်အချို့မှာ တက္ကသိုလ်မြန်မာစာအဘိဓာန်၊ ငါးပိုင်း၊ သပြေညိုနှင့် အခြားကဗျာများ၊ မောင်ခွေးဘို့ကလေးကဗျာများ၊ ပန်းနှင့်ပင်စည်၊ မြန်မာစာမြန်မာမှု တို့ဖြစ်သည်။ ဇော်ဂျီနှင့်တွဲဖက်၍ စာပေလောကစာအုပ် (ပထမတွဲ)၊ ခရီးသည် စာပေဆောင်းပါးများ ရေးသား ထုတ်ဝေခဲ့သည်။

## ၂။ ကဗျာဝေါဟာရ၏ သဘောသဘာဝ

ကဗျာဟူသော ဝေါဟာရကို ပုဂံဝန်ထောက်ဦးတင်၏ ကဗျာဗန္ဓသာရကျမ်းတွင်–

> "ကဗျာဆိုသည်မှာ သက္ကဋဘာသာ ကာဗျ၊ ကးဗျာ၊ မာဂဓ ဘာသာ ကာဝေယျ၊ ကဗျ၊ ကဗ္ဗမှ မြန်မာဘာသာ ကဗျာဟူ၍ ပြန်ဆိုခေါ်ဝေါ်ကြသည်။ ကဗျာဟူသော သဒ္ဒါမှာ မြန်မာဘာသာ တိုက်ရိုက် တိုတိုလိုရင်း အဓိပ္ပာယ်ပြန်ခဲ့လျှင် ဘွဲ့သည် ဆိုလို သည်။ သဒ္ဒါနက်ပြန်ခဲ့လျှင် ပညာရှိတို့ စီသီကုံးသော စာ ဆိုလိုသည်"[၁]

ဟူ၍ ဖော်ပြထားပါသည်။

မြန်မာအဘိဓာန်တွင် ကဗျာဟူသော ဝေါဟာရ၏ အဓိပ္ပာယ်ကို–

> "စည်းမျဉ်းများနှင့်အညီ စာလုံး၊ စာပိုဒ်အရေအတွက် ကာရန် အချိတ်အဆက်၊ အသံအနေအထား စသည်ဖြင့် စီကုံးထားသော အဖွဲ့အနွဲ့"[၂]

ဟူ၍ ဖွင့်ဆိုထားပါသည်။

ထို့ပြင် ကဗျာဆိုသည့် ဝေါဟာရနှင့်စပ်လျဉ်း၍ မြန်မာကဗျာစာတမ်း ဒုတိယတွဲတွင် ဆရာမြဇင်က–

> "နရီနိမိတ်ပုံတို့ဖြင့် ကောင်းသောအတွေး၊ ကောင်းသောအတွေ့ တို့ကို ဖော်ကျူးသော စကားအဖွဲ့အစည်းသည် ကဗျာ ဖြစ်သည်"[၃]

ဟု ဆိုထားပါသည်။

ထို့ကြောင့် ကဗျာဆိုသည်မှာ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ဖွဲ့နွဲ့သော အဖွဲ့အနွဲ့၊ နရီနိမိတ်ပုံတို့ဖြင့် အတွေးကို ဖော်ကျူးထားသော စကားအဖွဲ့အစည်းဟု ဆိုနိုင်ပါသည်။

ကဗျာ့သဘောသဘာဝနှင့် စပ်လျဉ်း၍ ဆရာဇော်ဂျီက ရသစာပေအဖွင့်နှင့် နိဒါန်းစာအုပ်တွင်–

---

[၁] တင်၊ ဦး၊ ၁၉၀၀၊ ၂၄။
[၂] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၄။
[၃] မြဇင်၊ ၁၉၈၂၊ ၂၅၀။

"ဖန်ပြာခွက်နှင့် ကျောက်စက်ရေသည် ကဗျာ့သဘောနှင့် တူသည် ဟုလည်းကောင်း၊ အမောပြေအောင် တိုက်ပါမမသည် ကဗျာ့ ရည်ရွယ်ချက်နှင့် တူသည် ဟုလည်းကောင်း ဆိုချင်ပါသည်"[၁]

ဟု ဆိုထားပါသည်။

ထို့ပြင် မြန်စာဂုဏ်စာမြုတေစာအုပ်တွင် မောင်ဟုန်ဝမ်က ကဗျာ့သဘောကို–

စာဖတ်သူ၊ စာနာသူအား နှစ်သက်ခြင်းနှင့်တကွ ဘဝဝန်းကျင်၊ လောကဝန်းကျင်ကို ဆင်ခြင်နိုင်သော အာနိသင်တစ်ခုခုကို ပေးနိုင်လေသည်"[၂]

ဟု တင်ပြထားပါသည်။

ထို့ကြောင့် ကဗျာ့သဘောသဘာဝမှာ ကဗျာစာဆိုတို့၏ အတွေးစိတ်ကူးကို ပုံဖော်သည့် အဖွဲ့အနွဲ့စွမ်းရည်ဖြစ်ပြီး စာဖတ်သူတို့အား ဘဝအသိ အာနိသင်တစ်ခုခု ပေးနိုင်ခြင်းပင် ဖြစ်ပါသည်။

## ၃။ ဇော်ဂျီ၏ 'ပန်းပန်လျက်ပဲ' အားမာန်ကဗျာလေ့လာချက်

လူသားတို့သည် လဲကျပါက ပြန်လည်ထနိုင်ရန် လိုသည်။ ကျရှုံးပါကလည်း အောင်မြင်မှု ပြန်လည်ရရှိရန် လိုအပ်သည်။ အခက်အခဲများ ကြုံပါကလည်း ရင်ဆိုင် ကျော်လွှားနိုင်ရန် မလွဲမသွေ လိုအပ်ပေမည်။ ထိုသို့သော လောကဓံကို ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်ရန် ဘဝအားမာန်ရှိရမည် ဖြစ်ပါသည်။ ဘဝအားမာန်သည် လူသားတို့ ဘဝရပ်တည်နိုင်ရေးအတွက် မရှိမဖြစ် လိုအပ်သော စွမ်းအား ဖြစ်ပါသည်။ သို့ဖြစ်ရာ စာပေပညာရှင်တို့သည် လူသားတို့အတွက် ဘဝအားမာန်ကို အကြောင်းအရာအမျိုးမျိုး၊ စာပေပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ရေးသားကာ ဘဝအားမာန်ကို ပေးကြပါသည်။

'အားမာန်' ဟူသော သဘောနှင့်စပ်လျဉ်း၍ ဆရာတိုက်စိုးက–

"လူ့ဘဝသည် အားမာန်နှင့်ကင်း၍ မရပ်တည်နိုင်၊ ချစ်ရေး ကြိုက်ရေးတွင်လည်း အားမာန်ပါသည်။ တိုင်းရေးပြည်ရေးတွင်လည်း အားမာန်ပါသည်။ စားရေးသောက်ရေးတွင်လည်း အားမာန်ပါသည်။"[၃]

---

[၁] ဇော်ဂျီ၊ ၂၀၀၄၊ ၂၆၅။
[၂] မြန်မာစာအသင်း၊ ၁၉၆၆၊ ၂၂၁။
[၃] တိုက်စိုးနှင့်မင်းယုဝေ၊ ၁၉၈၅၊ ၅၀။

ဟုလည်းကောင်း၊

> "အားမာန်၏ သဘောသည်လည်း အသွင်အမျိုးမျိုး ရှိ၏။ ထိုတွင် မိမိ၏ဆန္ဒနှင့်ဆန့်ကျင်ကာ ဖြစ်သောကြောင့် မခံချင်စိတ် ကြွကာ ပေါက်ထွက်လာသော အားမာန်အခက်အခဲကို အဖွဲ့လိုက် အသင်းလိုက် ကြုံတွေ့ရ၍ ထိုအခက်အခဲကို သူရောကိုယ်ပါ စု၍တင်း၍ ရင်ဆိုင်သောအားမာန် ဘဝကိုစိုးရွံ့ခြင်းမရှိဘဲ ရဲရဲနေခြင်းဖြစ်သော အားမာန် ဟူ၍ အကြမ်းအားဖြင့် ခွဲခြားနိုင်ပေသည်"[၁]

ဟုလည်းကောင်း ဆိုထားပါသည်။

ထို့ကြောင့် အားမာန် ဟူသည်မှာ လောကဓံကြုံသမျှကို ကြိုးစားရင်ဆိုင် အံတုနိုင်ခြင်း၊ ဖြစ်ရာ၊ ရောက်ရာဘဝကို ရင်ဆိုင်ရဲခြင်းဟု ဆိုရပါမည်။ ထိုသို့သော အားမာန်များကို ဆရာဇော်ဂျီနှင့် ဆရာမင်းသုဝဏ်တို့၏ ကဗျာများက ပေးစွမ်းထားပါသည်။

ဆရာဇော်ဂျီသည် ဘဝအားမာန်ကဗျာများဖြင့် လူသားတို့ကို အားမာန်များ ပေးစွမ်းခဲ့ပါသည်။ လောကတွင် လူတစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့အလိုက် သော်လည်းကောင်း တစ်နိုင်ငံချင်းစီသော်လည်းကောင်း အခက်အခဲ အကြပ်အတည်း၊ လောကဓံအလှည့်အပြောင်းများကို မလွဲမသွေ ခံကြရသည်သာ ဖြစ်ပါသည်။ ထိုသို့သော လောကဓံနှင့်ကြုံပါက အံတုကာ ကျော်လွှားနိုင်ရန် ဆရာဇော်ဂျီက 'ပန်းပန်လျက်ပဲ' ဟူသော ဗေဒါလမ်းကဗျာဖြင့် လမ်းပြခဲ့ပါသည်။ 'ပန်းပန်လျက်ပဲ' ကဗျာသည် အခက်အခဲများကို ရဲရဲရင်ဆိုင်ဝံ့သော သတ္တိများ ဖြစ်ပေါ်လာစေသည့် အားမာန်ကဗျာ ဖြစ်ပါသည်။

ဆရာဇော်ဂျီ၏ 'ပန်းပန်လျက်ပဲ' ကဗျာမှာ–

ညိုပြာပြာလတာပြင်ခြေရင်း

လှိုင်းတက်ရာဗေဒါတက်၊ လှိုင်းသက်ရာဆင်း။

ဆင်းရလဲမသက်သာ။

အုန်းလက်ကြွေရေပေါ်လော၊ မျောစုန်လို့လာ။

အဆင်းနဲ့အလာ၊ ဗေဒါမအတွေး။

---

[၁] တိုက်စိုးနှင့်မင်းယုဝေ၊ ၁၉၈၅၊ ၅၀။

အုန်းလက်ကြွေသူ့နံဘေး၊ ဆောင့်ခဲ့ရသေး။
ဆောင့်ခဲ့လဲမသက်သာ။
နောက်တစ်ချီ ဒီတစ်လုံးက ဖုံးလိုက်ပြန်ပါ။
မြုပ်လေပေါ့ပေါ်မလာ မဗေဒါအလှ
တစ်လံကွာလှိုင်းအကြွ၊ ပေါ်လိုက်ပြန်ရ။
ပေါ်ပြန်လဲမသက်သာ
ချောင်းအဆွယ်မြောင်းငယ်ထဲက၊ ဘဲထွက်လို့လာ။
ဘဲအုပ်မှာ တစ်ရာနှစ်ရာ၊ ဗေဒါကတစ်ပင်ထဲ။
အယက်အကန်ခံလို့
ဗေဒါပုံ့အံကိုခဲ၊ ပန်းပန်လျက်ပဲ ……။

တက္ကသိုလ်အိုးဝေမဂ္ဂဇင်း၊ ၁၉၆၀။[၁]

ဟူ၍ ဖြစ်ပါသည်။

ဤကဗျာသည် ခေတ်ကဗျာတစ်ပုဒ်ဖြစ်သည့် အားလျော်စွာ ဒိဋ္ဌဓမ္မလောက၌ တွေ့နေရသော ဗေဒါ၊ အုန်းလက်၊ ဒီရေ၊ ဘဲအုပ်၊ လတာပြင်၊ ချောင်း၊ မြောင်း၊ လှိုင်း ဟူသော စာဆို မြင်တွေ့နေကျပတ်ဝန်းကျင်မှ အရာများကို ထည့်သွင်းဖွဲ့ဆို ထားသည်။ ၎င်းတို့ကို အခက်အခဲများအဖြစ်ထားပြီး အခက်အခဲကို ရင်ဆိုင်ရသူအဖြစ် ဗေဒါကို သင်္ကေတပြု တင်စားကာ ကဗျာ့ပရိယာယ်ဖြင့် ဖွဲ့ဆိုထားပါသည်။

ကဗျာဖွဲ့ဆိုရာတွင် စာဆိုရွေးချယ်ဖွဲ့ဆိုသည့် အကြောင်းအရာနှင့်စပ်လျဉ်း၍ ဆရာမြဇင်က–

> "အကြောင်းအရာဆိုသည်မှာ ကဗျာဖြင့် အကျယ်ချဲ့ထွင် ဖော်ကျူး အပ်သော ခေါင်းစဉ်၊ ထုတ်ဖော်သရုပ်ပြအပ်သော သဘောတရား၊ တဆင့်ပေးကမ်းအပ်သော သင်ခန်းစာတို့ ဖြစ်သည်။"[၂]

ဟု ဆိုထားပါသည်။

---

[၁] ဇော်ဂျီ၊ ၁၉၉၈၊ ၁၇၀။
[၂] မြဇင်၊ ၁၉၈၂၊ ၂၅၀။

ဆရာဇော်ဂျီသည် လူတစ်ဦးစီ တစ်ဦးစီတွင် တွေ့ကြုံနေရသည့် လောကဓံ အခက်အခဲ၊ နိုင်ငံတစ်နိုင်ငံစီ၏ ခေတ်စနစ်ပြောင်းလဲရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများကို မြင်တွေ့ကြားသိရပေမည်။ ထို့ကြောင့် ထိုအခက်အခဲများကို ရင်ဆိုင်ကျော်လွှား၍ အောင်မြင်မှုပန်းတိုင်သို့ အရောက်လှမ်းနိုင်စေရန် အားပေးချင်ခဲ့ပေမည်။ ထိုအခါ ဆရာဇော်ဂျီ မြင်တွေ့နေကျ ဗေဒါ၊ ဒီလှိုင်း၊ အုန်းလက်တို့ဖြင့် ပုံဖော်ခဲ့ခြင်း ဖြစ်ပေမည်။

ဆရာဇော်ဂျီသည် 'ပန်းပန်လျက်ပဲ' ကဗျာအပါအဝင် 'ဗေဒါလမ်း' ကဗျာများကို လွတ်လပ်ရေးခေတ်နှင့် ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးခေတ်တို့တွင် ရေးဖွဲ့ခဲ့ခြင်း ဖြစ်သည်။ ဆရာဇော်ဂျီသည် မိမိတို့ မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးရရန် ကြိုးပမ်းခဲ့ကြရာတွင် လည်းကောင်း၊ လွတ်လပ်ရေးရပြီးချိန် မိမိတို့နိုင်ငံ ပြန်လည်ထူထောင်ရန် ကြိုးပမ်းရာတွင်လည်းကောင်း အခက်အခဲပေါင်းများစွာ ကြုံခဲ့ပုံကို မြင်ခဲ့သိခဲ့ကြားခဲ့ပေမည်။ ထိုအခါ မိမိတို့တစ်မျိုးသားလုံး လောကဓံကို အရှုံးမပေးဘဲ ရင်ဆိုင်ကျော်လွှားစေလိုသောကြောင့် 'ပန်းပန်လျက်ပဲ' ကဗျာကို ဖွဲ့ဆိုကာ အားမာန်ပေးခဲ့ပါသည်။ 'ဗေဒါလမ်း' ကဗျာများနှင့် စပ်လျဉ်း၍ ဆရာ တက္ကသိုလ်ဝင်းမွန်က–

> "ဗေဒါလမ်းကဗျာများကို ဖွဲ့ဆိုခြင်းမှာ သူ့အတွေ့အကြုံတွင် လာခိုက်၍ စိတ်တွင်း၌ ဖြစ်ပေါ်လာသော ဘဝအအသိအမြင်ကို အများလက်ခံနိုင်အောင် ဖွဲ့ဆိုခြင်းဖြစ်သည် ရှုခင်းပြသက်သက် မဟုတ်ဘဲ လောကအကြောင်း၊ လူ့အကြောင်း ဖွဲ့ဆိုခြင်းဖြစ်ကြောင်း ထင်ရှားလာပါသည်။"[၁]

ဟု ဆိုထားပါသည်။ ဆရာတိုက်စိုးကလည်း–

> "စာဆိုဇော်ဂျီသည် မြစ်ထဲ၊ ချောင်းထဲတွင် တွေ့ရမြဲ၊ မြင်ရမြဲ အခြင်းအရာကို မှီ၍၊ မှီရာမှကျော်၍ အမြင်အသိတစ်ခုကို ရခဲ့ဟန် တူသည်။ ထိုအမြင်အသိနှင့် ယှဉ်ဖက်၍လည်း အားမာန် ဖြစ်ခဲ့ဟန် ရှိလေသည်။ ဇော်ဂျီသည် ထိုအကြောင်းကို ကဗျာ ဖတ်လို၊ နာလိုသူမှန်သမျှအား မိမိကဲ့သို့ အမြင်ပေါက်ကာ နှစ်သိမ့်ရလေအောင် ရေးဖွဲ့ပြ၊ သီဆိုပြလိုသည့် လက္ခဏာ ရှိပေသည်။"[၂]

ဟု ဆိုထားပါသည်။

---

[၁] ဝင်းမွန်၊ တက္ကသိုလ်၊ ၁၉၇၄၊ ၄၉။
[၂] တိုက်စိုးနှင့်မင်းယုဝေ၊ ၁၉၈၅၊ ၃၈၀။

လူသားတို့သည် အသက်ရှင်သမျှ ကာလပတ်လုံး လောကခံအခက်အခဲ တစ်မျိုးပြီးတစ်မျိုး၊ တစ်ခုပြီးတစ်ခု၊ တစ်ခါတစ်ရံ အစုလိုက်အပြုံလိုက်ကို တစ်ပြိုင်နက် တွေ့ကြုံရင်ဆိုင်ကြရသည်။ ထိုသဘောကို 'ဗေဒါပင်' တွေ့ကြုံနေရသော ပင်လယ်ဝမှ ရေကျော်၊ ရေကျော်မှ ပင်လယ်ဝတစ်လျှောက် စုန်ချည်၊ ဆန်ချည် သွားလာမျောပါစဉ် လှိုင်းပုတ်သည့်ဒဏ်ကို ခံစားရပုံ၊ လှိုင်းသက်ပါက လိုက်ပါသက်ဆင်းရပြီး လှိုင်းတက်ပါက လိုက်ပါတက်လိုက်ရပုံ၊ လမ်းတွင် အုန်းလက်ကြွေများ၏ ဆောင့်ခြင်း ခံခဲ့ရပုံ၊ ထိုနှင့်မပြီးသေးဘဲ ဘဲအုပ်နှင့် တွေ့ရပြန်ရာ ဘဲတို့၏ အဆိတ်အဆွခံရပုံတို့ဖြင့် ဖွဲ့ပြထားပါသည်။ ဆရာဇော်ဂျီသည် လူသားတို့တွေ့ကြုံရသော ဘဝကို ဗေဒါ၏ဘဝနှင့် ပုံဖော်ခဲ့ကြောင်းကို တက္ကသိုလ်ဝင်းမွန်က–

> "ဗေဒါသည် လူသားတစ်ဦး ဖြစ်သည်။ ဗေဒါလမ်းသည် လူ့ဘဝခရီးလမ်း ဖြစ်သည်။ လူ့လောက ဖြစ်သည်။ ဗေဒါကျင်လည်ရသော ပတ်ဝန်းကျင်လောက၊ ကြုံတွေ့ရသော အခြေအနေတို့သည် လူသားတို့ ကျင်လည်ရသော ဝန်းကျင်လောက၊ လူသားတို့ ကြုံတွေ့ရသော အခြေအနေနှင့် သဘောမကွဲပြားသည်ကို သဘောပေါက်နိုင်သည်။ ဗေဒါအဖြစ်အပျက်သည် မိမိအဖြစ်အပျက်နှင့်တူပါကလည်း ဗေဒါကြုံတွေ့ရသလို မိမိကြုံတွေ့ဖူးပါသလားဟု သဘောပေါက်နိုင်သည်။"[၁]

ဟု ဆိုထားပါသည်။

ဆရာဇော်ဂျီသည် ဗေဒါကြုံတွေ့ရသည့် အခက်အခဲများကို မြင်တွေ့ကာ လူသားတို့ဘဝကို မြင်လာသည်။ လူသားအချို့မှာ လောကခံကို အန်တုနိုင်စွမ်းမရှိဘဲ ဘဝကို အရှုံးပေးသွားကြသည်။ အချို့မှာ ဘဝကို ရေစုန်မျှောပစ်ကြသည်။ လူသားအချို့က ဘဝကို အရှုံးပေးကြသော်လည်း ဗေဒါမှာ အရှုံးမပေးစတမ်း ယက်ကာကန်ကာဖြင့် လိုရာကို အံခဲပြီး ကျော်ဖြတ်နိုင်ခဲ့ပါသည်။ ထိုအဖြစ်အပျက်များကို ကြားရမြင်ရသော ဆရာဇော်ဂျီသည် လူသားတို့ကို ဗေဒါကဲ့သို့ လောကခံကို အံတုနိုင်စေရန် ဗေဒါဘဝ၊ ဗေဒါဝန်းကျင်ကို ကဗျာဖွဲ့ခံ အကြောင်းအရာအဖြစ် ရွေးချယ်ကာ 'ပန်းပန်လျက်ပဲ' ကဗျာဖြင့် အားမာန်ကို ပေးခဲ့ခြင်း ဖြစ်သည်။ လူတိုင်းမြင်လွယ်သိလွယ်သော အကြောင်းအရာ ဖြစ်သောကြောင့်လည်း လူသားတိုင်းအဖို့ အားမာန်ကို ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် ဆရာဇော်ဂျီ၏ ကဗျာဖွဲ့ခံ အကြောင်းအရာ ရွေးချယ်မှု ကောင်းမွန်လိုက်ဖက်မှုရှိကြောင်း တွေ့ရပါသည်။

---

[၁] ဝင်းမွန်၊ တက္ကသိုလ်၊ ၁၉၇၄၊ ၄၇။

ဆရာဇော်ဂျီသည် အကြောင်းအရာရွေးချယ်မှု လိုက်ဖက်ဆီလျော်မှုရှိရုံသာမက ကဗျာအဖွဲ့ခံပုံစံမှာလည်း လိုက်ဖက်မှု၊ လွယ်ကူရှင်းလင်းမှု၊ သိမြင်လွယ်မှု ဖြစ်စေပါသည်။

ခေတ်စမ်းကဗျာများ ရေးဖွဲ့ပုံနှင့် စပ်လျဉ်း၍ ဆရာမြဇင်က–

> "ခေတ်စမ်းကဗျာစာဆိုများသည် ရတုပုံစံကို ပြုပြင်ပြောင်းလဲကာ ခေတ်၏ လိုအပ်ချက်အတွက် အသုံးပြုခဲ့ကြသည်။ အစတွင် အချီညီ အချညီ ရေးစပ်ကြသေးသည်။ သို့သော် ရတုအချီအချပါဒများ ကာရန်တူညီလှေ ရှိသော်လည်း အမြဲမဟုတ်ကြောင်း တွေ့ရသည့်အလျောက် အချီညီ အချညီကို စွန့်လာသည်။ တောလားပုံစံတွင် သုံးပိုဒ်ထက်ပို၍ သုံးကြောင်းတွေ့သည့် အလျောက် သုံးပိုဒ်မကပါသော ရတုအခြေခံကဗျာများကိုလည်း ရေးလာသည်"[၁]

ဟုလည်းကောင်း၊

> "ဇော်ဂျီသည် ထိုကဗျာစုတွင် ဒွေးချိုး၊ တြိချိုး၊ လေးဆစ်ပုံစံ တို့ကို အစဉ်အလာလည်း မပယ်၊ ခေတ်နှင့်လည်းညီ၊ အတွေ့အကြုံအသစ်တို့နှင့်လည်း သင့်မြတ်အောင် အသုံးပြုထားသည်။"[၂]

ဟုလည်းကောင်း ဆိုထားပါသည်။

ဆရာဇော်ဂျီ၏ 'ပန်းပန်လျက်ပဲ' ကဗျာတွင်–

ညိုပြာပြာ

လတာပြင်ခြေရင်း။

လှိုင်းတက်ရာဗေဒါတက်

လှိုင်းသက်ရာဆင်း။

ဟူ၍ ပထမအချိုး၏အချကို 'ရင်း'၊ ဒုတိယအချိုး၏အချကို 'ဆင်း' ဟူ၍ 'အင်း' ဟူသော ကာရန်ဖြင့် အချညီအောင် ဖွဲ့ဆိုထားသည်။

---

[၁] တင်မိုးနှင့်အများ၊ ၁၉၈၂၊ ၂၆၇။

[၂] တင်မိုးနှင့်အများ၊ ၁၉၈၂၊ ၂၆၈။

တစ်ဖန်–

ဆင်းရလဲမသက်သာ။

အုန်းလက်ကြွေရေပေါလော

မျောစုန်လို့လာ။

အဆင်းနဲ့အလာ

ဗေဒါမအတွေး

အုန်းလက်ကြွေသူ့နဘေး

ဆောင့်ခဲ့ရသေး။

ဟူ၍ 'သာ'နှင့်'လာ'၊ 'တွေး'နှင့်'သေး' တို့ကိုလည်း လေးချိုးဖွဲ့နည်းအတိုင်း ကာရန်ညီအောင် ဖွဲ့ဆိုထားပါသည်။

ထို့ပြင်–

ဆောင့်ခဲ့လဲ မသက်သာ။

နောက်တစ်ချီ ဒီတစ်လုံးက ဖုံးလိုက်ပြန်ပါ။

မြုပ်လေပေ့ါ ပေါ်မလာ မဗေဒါအလှ။

တစ်လံကွာ လှိုင်းအကြွ၊ ပေါ်လိုက်ပြန်ရ။

ဟူသော အဖွဲ့တွင်လည်း 'သာ'နှင့်'ပါ'၊ 'လှ'နှင့်'ရ' တို့ကို အချညီအောင် ကာရန်ယူထားပါသည်။

ပေါ်ပြန်လည်း မသက်သာ။

ချောင်းအဆွယ် မြောင်းငယ်ထဲက၊ ဘဲထွက်လို့လာ။

ဘဲအုပ်မှာ တစ်ရာ နှစ်ရာ၊ ဗေဒါက တစ်ပင်ထဲ။

အယက်အကန်ခံလို့

ဗေဒါပျံ့အံ့ကိုခဲ ပန်းပန်လျက်ပဲ။

ဟူသော အဖွဲ့တွင်လည်း ‘သာ’နှင့်‘လာ’၊ ‘ထဲ’နှင့်‘ပဲ’ တို့ကို အချညီအောင် ဖွဲ့ဆိုထားရာ လေးချိုး (လေးဆစ်)ပုံစံကို အခြေခံကာ အချိုးတွဲအဖြစ် ဖွဲ့ဆိုထားပါသည်။ ထို့ကြောင့် အသံပြေပြစ်မှုရှိကြောင်း တွေ့ရပါသည်။

ကဗျာဖွဲ့ဆိုရာတွင် အသံနှင့်စပ်လျဉ်း၍လည်း ဆရာမြဇင်က–

> “နရီ၊ နမိတ်ပုံတို့ဖြင့် ကောင်းသောအတွေး၊ ကောင်းသောအတွေ့တို့ကို ဖော်ကျူးသော စကားအဖွဲ့အစည်းသည် ကဗျာဖြစ်သည်”[၁]

ဟု ဆိုထားပါသည်။ ဤတွင် ‘နရီ’ ကို ဆရာမြဇင်က–

> “နရီဟူသည်မှာ အသံစီးဆင်းမှု ဖြစ်သည်။ နရီသည် ကာရန်မဟုတ်။ နရီသည် စည်းဝါးမဟုတ်။ မြန်မာကဗျာတွင် တက်ကျသံရှိသကဲ့သို့ သံတို၊ သံရှည်လည်း ရှိသည်။ ကဗျာတွင် အသံများလှုပ်ရှားခြင်းဖြင့် နရီ ဖြစ်ပေါ်လာသည်။ ကဗျာစာဆိုသည် သံတိုသံလတ် သံရှည် သံပေါ့တို့ကို စီစဉ်ခြင်းဖြင့် ထူးခြားသောစကားသံအသွားအလာ၊ ထူးခြားသော အသံစီးဆင်းမှု၊ ထူးခြားသောနရီကို ဖန်တီးသည်”[၂]

ဟု တင်ပြထားသည်။

‘ပန်းပန်လျက်ပဲ’ ကဗျာ၏ အသံစီးဆင်းမှုနရီမှာ–

၊ ၊ ၊ ဝ ၊ – ၊ +

\+ – ၊ ၊ ၊ – + – ၊ +

\+ – ၊ ဝ – ၊

\+ – ၊ ၊ ၊ ၊ ၊ ၊ – ၊

ဝ + – ဝ ၊ ၊ ၊ – ဝ +

\+ – ၊ – ဝ + – – – +

– – + ဝ – ၊

– ဝ ၊ ၊ ဝ + – + – ၊ ၊

---

[၁] မြဇင်၊ ၁၉၈၂၊ ၂၅၀။

[၂] မြဇင်၊ ၁၉၈၂၊ ၂၅၃။

− ၊ − ၊ ဝ ၊ − ၊ ၊ ဝ −

ဝ ၊ ၊ + ဝ − ၊ − ၊ −

၊ ၊ ၊ ဝ − ၊

+ ဝ ၊ + ၊ + − + − − ၊

+ − ၊ ဝ ၊ ဝ ၊ ၊ ၊ − ဝ ၊ +

ဝ − ဝ ၊ ၊ −

၊ ၊ ၊ ၊ ၊ + + ၊ − +

ဟူ၍ ဖြစ်ပါသည်။ အသံအမှတ်အသားများမှာ−

ဝ = သံပေါ့

− = သံတို

၊ = သံလတ်

+ = သံရှည်[၁] တို့ ဖြစ်ပါသည်။

ကဗျာတွင် သံလတ်ကို အများဆုံး သုံးထားသည်။ သံတိုကို ဒုတိယအများဆုံး သုံးထားသည်။ သံပေါ့နှင့် သံရှည်ကို အသုံးနည်းကြောင်း တွေ့ရသည်။ ထို့ကြောင့် နရီအသံစီးဆင်းမှုသည် ချိုသာပြေပြစ်မှုနှင့် မပြေပြစ်မှုနှစ်မျိုးသာ ထင်ရှားလာပါသည်။ အသံပြေပြစ်မှုရှိခြင်းသည် သာမန်ကြုံတွေ့ရသည့် လောကဓံအခက်အခဲကို ရင်ဆိုင်ရကြောင်းကို ဖော်ပြပြီး အသံမပြေပြစ်ခြင်းသည် လောကဓံကို ခက်ခဲစွာ ရင်ဆိုင်ရကြောင်းကို ဖော်ပြနေပါသည်။ ထို့ကြောင့် ဗေဒါသည် ရေကြောင်းတစ်လျှောက် စုန်ဆန်သွားလာရာတွင် သာမန်မျှခက်ခဲသော အခက်အခဲများတစ်လှည့်၊ ပြင်းထန်ကြမ်းတမ်းသော အခက်အခဲများကတစ်လှည့် ရင်ဆိုင်ကျော်ဖြတ်သွားရပုံမှာ ပေါ်လွင်လာရပါသည်။

ဆရာဇော်ဂျီသည် 'ပန်းပန်လျက်ပဲ' ကဗျာဖြင့် လူသားတို့အား ဘဝအားမာန်ကို ပေးရာတွင် သင်္ကေတအသုံး အားကောင်းမှုကြောင့်လည်း အားမန် ဖြစ်ပေါ်စေပါသည်။ သင်္ကေတနှင့် စပ်လျဉ်း၍ မောင်ခင်မင်(ဓနုဖြူ)က−

---

[၁] မြဇင်၊ ၁၉၈၂၊ ၂၅၄။

"သင်္ကေတဆိုသည်မှာ အကြောင်းအရာတစ်ခုခုကို ကိုယ်စားပြု ရည်ညွှန်းသော အမှတ်အသား ဖြစ်သည်။"[၁]

ဟု ဆိုထားပါသည်။ ထို့ပြင် ဗေဒါလမ်းကဗျာများမှ ဗေဒါကို သင်္ကေတတစ်ခုအဖြစ် သုံးကာ ဖွဲ့ဆိုထားကြောင်းကိုလည်း–

"ဗေဒါလမ်းကဗျာကို ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ မြစ်ချောင်းများတွင် ဒီရေအတက်အကျအလိုက် ဆန်စုန်နေသော ဗေဒါအကြောင်းဖွဲ့သော ကဗျာအဖြစ် အနက်ကောက်ရသည်။ လူ့ဘဝတွင် နိမ့်လိုက်၊ မြင့်လိုက်၊ တက်လိုက်၊ ကျလိုက် ရုန်းကန်လှုပ်ရှားရသော လူ့သဘာဝကိုဖွဲ့သော ကဗျာအဖြစ်လည်း အနက်ကောက်၍ ရသည်။ ကဗျာဆရာသည် လူ့သဘာဝကို ကိုယ်စားပြုရည်ညွှန်းသော သင်္ကေတအဖြစ် 'ဗေဒါ' ကို ဖန်တီးအသုံးပြုထားခြင်း ဖြစ်သည်။"[၂]

ဟုလည်း ဆိုထားပါသည်။

ဆရာဇော်ဂျီသည် 'ပန်းပန်လျက်ပဲ' ဗေဒါလမ်းကဗျာတွင် လူ့လောက၏ အခက်အခဲ၊ အကျပ်အတည်း၊ နိမ့်တုံ၊ မြင့်တုံ ကြုံတွေ့ရသော သဘောတရားများကို လူသားတို့ မြင်နိုင်တွေ့နိုင် သတိပြုမိနိုင်သော ဗေဒါဖြင့် သင်္ကေတပြုထားသည်။ ထို့ပြင် လူသားတို့ တွေ့ကြုံရသော အခက်အခဲမျိုးစုံကို 'ဗေဒါ'၏ အတိုက်အခိုက်မျိုးစုံဖြစ်သော ဒီလှိုင်း၊ အုန်းလက်ကြွေ၊ ဘဲအုပ်တို့ဖြင့် သင်္ကေတပြုထားပြန်ရာ လူ့လောက၏ လောကဓံသဘောတရားမှာ ထင်ရှားလာရပါသည်။

တစ်ဖန် နိမိတ်ပုံအဖွဲ့ကောင်းများဖြင့်လည်း လူသားတို့အား အားမာန်ကို နှိုးဆွပေးထားပြန်ပါသည်။ နိမိတ်ပုံနှင့် စပ်လျဉ်း၍လည်း မောင်ခင်မင်(ဓနုဖြူ)က–

"နိမိတ်ပုံသည် စာပေရေးဖွဲ့ရာတွင် အကျယ်ပြန့်ဆုံးနည်းနာတစ်ခု ဖြစ်သည်။ နိမိတ်ပုံကို 'စိတ်လှုပ်ရှားမှုတစ်ခုခုဖြင့် မြင်သော သိသောစိတ်ဖြင့် စိတ်သိပုံသဏ္ဌာန်' ဟူ၍ ဖွင့်ဆိုသည်။ 'စာဖြင့်ဖွဲ့ထားသော ရုပ်ပုံ' ဟူ၍လည်း ဖွင့်သည်။ 'ကဗျာတွင် နိမိတ်ပုံသည် ဥပမာအလင်္ကာအဖြစ်ဖြင့် ဖြစ်စေ၊ ရူပကအလင်္ကာအဖြစ်ဖြင့် ဖြစ်စေ၊ သင်္ကေတအဖြစ်ဖြင့် ဖြစ်စေ၊ သရုပ်ဖော်သော နိမိတ်ပုံ

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၁၊ ၁၇၄။

[၂] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၁၊ ၁၇၄။

> သက်သက်အဖြစ်ဖြင့် ဖြစ်စေ ပေါ်ထွက်၍ ဖော်ကျူးမှုကို အထောက်
> အပံ့ ပြုစေသည်။"[၁]

ဟူ၍ ရေးဟန်ပညာနိဒါန်းစာအုပ်တွင် ဖော်ပြထားပါသည်။

ဆရာဇော်ဂျီ၏ အားမာန်ကဗျာဖြစ်သော 'ပန်းပန်လျက်ပဲ' ကဗျာတွင် ဗေဒါသည် အတိုက်အခိုက်များ အခက်အခဲများကို အံတုရင်ဆိုင်ကျော်လွှားခဲ့၍ နောက်ဆုံးတွင် အောင်ပွဲခံခဲ့ပုံအဖွဲ့သည် အရှုံးမပေးဘဲ ရင်ဆိုင်ကျော်လွှားနိုင်မည် ဆိုလျှင် အောင်မြင်မှုပန်းတိုင်သို့ မလွဲမသွေရောက်မည်ဖြစ်ကြောင်း သိစေသည့် နိမိတ်ပြအဖွဲ့ကောင်းဟု ဆိုနိုင်ပါသည်။ ဤနိမိတ်ပြအဖွဲ့၏ အားကောင်းမှုကြောင့်လည်း လူသားတို့အား အားမာန်ကို ပိုမိုဖြစ်စေပါသည်။

'ပန်းပန်လျက်ပဲ' ကဗျာတွင် စကားအသုံးအနှုန်းများမှာလည်း လိုက်ဖက် ဆီလျော်ကြောင်း တွေ့ရပါသည်။ စကားအသုံးအနှုန်းနှင့် စပ်လျဉ်း၍ ဆရာမြဇင်က–

> "စကားအသုံးအနှုန်းဆိုသည်မှာ ကဗျာတွင် သူ့နေရာနှင့်သူ ဆီလျော်သင့်မြတ်သော စကားလုံးများ ရွေးချယ်အသုံးပြုခြင်း ဖြစ်သည်။ လှရန်လိုလျှင် အလှကို ရွေးသည်။ အားအင်လိုလျှင် အားအင်ပြစကားလုံးကို ရွေးချယ်ပေးသည်။"[၂]

ဟု ဆိုထားပါသည်။

ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)က–

> "စကားအသုံးအနှုန်းလေ့လာမှုသည် စကားလုံးများကို မည်သည့် နေရာတွင် မည်သို့မည်ပုံ သုံးနှုန်းကြောင်း လေ့လာမှုပင် ဖြစ်ပါသည်။"[၃]

ဟု ဆိုထားပါသည်။ ထို့ကြောင့် စကားအသုံးအနှုန်း ဟူသည်မှာ စကားလုံးများကို သူ့နေရာနှင့်သူ လိုက်ဖက်အောင်၊ ဆီလျော်အောင်၊ အကောင်းဆုံးဖြစ်အောင် သုံးနှုန်း ထားခြင်းဟု ဆိုရပါမည်။

ဆရာဇော်ဂျီသည် 'ပန်းပန်လျက်ပဲ' ကဗျာတွင် ဗေဒါ၏အကြောင်းကို ဖွဲ့ဆို ထားရာ ဒီလှိုင်း၊ လတာပြင်၊ အုန်းလက်ကြွေ၊ ဘဲအုပ် ဟူသော အသုံးတို့ဖြင့်

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၁၊ ၁၈၃။
[၂] တင်မိုးနှင့်အများ၊ ၁၉၈၂၊ ၂၅၇။
[၃] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၁၉၉၄၊ ၈၇။

အောက်မြန်မာနိုင်ငံဒေသ ဖြစ်ကြောင်း၊ အထက်အညာဒေသ မဟုတ်ကြောင်းကို သိစေသည်။ ထိုဒေသသည် ဆရာဇော်ဂျီ၏ပတ်ဝန်းကျင် ဖြစ်သည်။ ထိုပတ်ဝန်းကျင်၏ ပကတိအခြေအနေတို့ကို ပိုင်နိုင်မှန်ကန်စွာ ဖော်ပြကာ စကားလုံးတို့ကို ဆီလျော် လိုက်ဖက်အောင် အသုံးပြုရေးဖွဲ့ထားပါသည်။ ထို့ပြင် 'ဇေဒါ'သည် ဒီလှိုင်း ပုတ်သော ဒဏ်၊ အုန်းလက် ကြွေဆောင့်သော ဒဏ်၊ ဒီလှိုင်း ဖုံးအုပ်ခံလိုက်ရပြန်သော ဒဏ်တို့ကို နာကျင်စွာ ခံစားခဲ့ရပုံကို 'မသက်သာ' ဟူသော အသုံးဖြင့် ပေါ်လွင်လာစေပါသည်။ ထို့ပြင် ဘဲအုပ်ကြားထဲ၌ အထိုး အဆိတ် အယက် အကန် ခံရပုံကိုလည်း မြင်ယောင်လာအောင် 'အယက်အကန်ခံ' ဟူသော အသုံးကို သုံးထားသည်မှာလည်း ဘေးရန်အန္တရာယ် အနှောင့်အယှက်၊ အတိုက်အခိုက် အမျိုးမျိုးကို အံတုမာန်တင်းကာ ခံခဲ့ရပုံကို မြင်ယောင်လာစေပါသည်။

ထို့ပြင် 'အံကိုခဲ' ဟူသော အသုံးကြောင့် အန္တရာယ်ရန်စွယ် အခက်အခဲ၊ အတားအဆီး အမျိုးမျိုး ကြုံရမှုကို မာန်တင်းကာ ကြံ့ကြံ့ခံခဲ့ရပုံကို ပေါ်လွင်လာ စေပါသည်။ အခက်အခဲအမျိုးမျိုးကို အံကြိတ်ခံကာ ကျော်လွှားနိုင်ခဲ့သောကြောင့် နောက်ဆုံးတွင် အောင်ပန်းဆင်နိုင်ခဲ့ပုံကိုလည်း 'ပန်းပန်လျက်ပဲ' ဟူသော ဝက်ဝုတ္တိ အသုံးဖြင့် ထင်ရှားစေခဲ့ပါသည်။

'ပန်းပန်လျက်ပဲ' ကဗျာသည် အကြောင်းအရာရွေးချယ်မှု လိုက်ဖက်ဆီလျော်ခြင်း၊ ကဗျာအဖွဲ့ပုံသဏ္ဌာန် လိုက်ဖက်မှုရှိခြင်း၊ သင်္ကေတ၊ နိမိတ်ပုံအသုံးများ ထိမိဆီလျော်မှု ရှိခြင်း၊ အသံစီးဆင်းမှုနှင့် ကဗျာအကြောင်းအရာ လိုက်ဖက်ခြင်း၊ စကားအသုံးအနှုန်း ထိမိပိုင်နိုင်မှုရှိခြင်းတို့ကြောင့် လောကဓံ အခက်အခဲကို ဖွဲမလျှော့ဘဲ အံတုရန် ဖျောင်းဖျောင်းဖျဖျဖြင့် အားမာန်ပေးနေသော ကဗျာတစ်ပုဒ်ဟု ဆိုရမည် ဖြစ်ပါသည်။

## ၄။ မင်းသုဝဏ်၏ 'ပျဉ်းမငုတ်တို' အားမာန်ကဗျာလေ့လာချက်

ဆရာမင်းသုဝဏ်သည်လည်း ဘဝအားမာန်ကဗျာများကို ဖွဲ့ဆိုခဲ့ပါသည်။ ထိုကဗျာများထဲတွင် 'ပျဉ်းမငုတ်တို' ကဗျာသည် ထင်ရှားသော ကဗျာတစ်ပုဒ် ဖြစ်ပါ သည်။ ၁၉၄၉ ခုနှစ်တွင် ရေးဖွဲ့ခဲ့ခြင်းဖြစ်ပြီး လွတ်လပ်ရေးခေတ် အားမာန်ပေးသော ကဗျာတစ်ပုဒ် ဖြစ်ပါသည်။ ဤကဗျာနှင့်စပ်လျဉ်း၍ တက္ကသိုလ်ဝင်းမွန်က–

> **"ပျဉ်းမငုတ်တို** ကဗျာသည် မင်းသုဝဏ်၏ အထူးကျော်ကြားသော
> ကဗျာတစ်ပုဒ် ဖြစ်သည်။ လူသားတို့၏ အားမာန်၊ လူသားတို့၏

သတ္တဝါ၊ လူသားတို့၏စွမ်းရည်ကို အပေါ်လွင်ဆုံး ဖော်နိုင်သော ကဗျာအဖြစ် အများ နှစ်သက်ခြင်း ခံရသည်။”[၁]

ဟူ၍လည်းကောင်း၊ ဆရာမင်းယုဝေ၏ ပျဉ်းမငုတ်တိုနှင့် ကမ္ဘာ့သက်ရှိ ကဗျာဆရာကြီးများစာအုပ်တွင် ဖော်ပြထားချက်ကို ခေတ်သစ်ကဗျာမိတ်ဖွဲ့စာအုပ်တွင်–

“အမေရိကန်ပြည်က ထုတ်ဝေသည့် The World's Great Living Poets ကမ္ဘာ့သက်ရှိ ကဗျာဆရာကြီးများ စာအုပ်၌ ပျဉ်းမငုတ်တို ကဗျာ ပါသည်ဟု သိရသည်။”[၂]

ဟူ၍လည်းကောင်း ဆိုထားပါသည်။

တစ်ဖန် တက္ကသိုလ်ဝင်းမွန်က ‘ပျဉ်းမငုတ်တို’ ကဗျာဖြစ်လာရခြင်းအကြောင်းနှင့်စပ်လျဉ်း၍–

“ဒုတိယကမ္ဘာစစ်ကြီး၏ဒဏ်ကို မြန်မာပြည် အလူးအလိမ့် ခံရသည်။ ရန်ကုန်တက္ကသိုလ်လည်း အလူးအလိမ့် ခံရရှာသည်။ စစ်ကြီးပြီး၍ တက္ကသိုလ်ကျောင်း ပြန်ဖွင့်သောအခါ မင်းသုဝဏ်လည်း တက္ကသိုလ် ပြန်ရောက်လာသည်။ ထိုအခါ တက္ကသိုလ်ဝန်းကျင်၌ စစ်၏ ဒဏ်ရာဒဏ်ချက်ကို အနှံ့အပြား တွေ့ရတော့သည်။ ‘ပျဉ်းမငုတ်တို’ ကဗျာမှာ တက္ကသိုလ်သို့ မင်းသုဝဏ် ပြန်ရောက်စဉ် တွေ့ရသော အတွေ့အကြုံ အခြေအနေမှ ပေါက်ဖွားသော ကဗျာ ဖြစ်သည်။”[၃]

ဟု တင်ပြထားပါသည်။ ဆရာမင်းသုဝဏ်ကိုယ်တိုင်ကလည်း စစ်ဘေးဒဏ်ကို ခံခဲ့ရသော ပျဉ်းမငုတ်တိုပင်ကြီးကို မြင်သောအခါ စစ်ဒဏ်ကိုခံခဲ့ရသော အမိမြန်မာပြည်နှင့် ပြည်သူပြည်သားများဘဝနှင့် ထပ်တူဖြစ်ပုံ၊ ပျဉ်းမငုတ်တိုကြီးသည် နွေဦးပေါက်သောအခါ ပုရစ်ဖူးရွက်နု၊ ရွက်သစ်များထွက်ကာ တစ်ဖြည်းဖြည်း ရှင်သန်ဝေဆာလာပုံကို မြင်သောအခါ အမိမြန်မာပြည်နှင့် ပြည်သူပြည်သားများကိုလည်း လောကဓံကို စိတ်ပျက်အားလျှော့ အရှုံးမပေးဘဲ ပြန်လည် နိုးကြားတက်ကြွလန်းဆန်းစေချင်သောကြောင့် ဤ‘ပျဉ်းမငုတ်တို’ ကဗျာကို ဖွဲ့ဆိုခဲ့ခြင်းဖြစ်ကြောင်းကို–

[၁] ဝင်းမွန်၊ တက္ကသိုလ်၊ ၁၉၇၄၊ ၇၂။

[၂] ဝင်းမွန်၊ တက္ကသိုလ်၊ ၁၉၇၄၊ ၇၂။

[၃] ဝင်းမွန်၊ တက္ကသိုလ်၊ ၁၉၇၄၊ ၇၂။

> "အော် – အာဂ ပျဉ်းမငုတ်တိုပါတကား။ ငါတို့၏ မြန်မာပြည်ကြီးသည်လည်း ဤနည်းအတိုင်း ရှက်သစ်လဲ၍ ပျော်ပွဲဝင်နိုင်ကြပါစေသော်ဝ်၊ ငါတို့အမျိုးသား တိုင်းရင်းသားတို့သည်လည်း ကျိုးရာမှကောင်း၊ ပင်းရာမှကြား၊ ကန်းရာမှမြင်နိုင်ပါစေသော။ ဤသို့ ဆုတောင်းပဋ္ဌာနပြုကာ အာရုံစောမိသဖြင့် 'ပျဉ်းမငုတ်တို' ကဗျာကို ရေးဖွဲ့ခဲ့ပါသည်။"[၁]

ဟူ၍ ဆိုထားရာ ဆရာမင်းသုဝဏ်၏ တိုင်းပြည်နှင့်လူမျိုးအပေါ် ထားရှိသော စေတနာမှာ ကွက်ကွက်ကွင်းကွင်း မြင်လာရပါသည်။ ဆရာမင်းသုဝဏ်၏ 'ပျဉ်းမငုတ်တို' ကဗျာမှာ–

"ပျဉ်းမငုတ်တို

ဖုထစ်ရှုတ်တွ၊ ငှက်လင်းတသို့

ပျဉ်းမငုတ်တို၊ သက်ကျားအိုသည်

ကုန်းမိုထက်တွင် တစ်ပင်တည်း။

ခွဆုံအကွေး၊ သစ်ခေါင်းဆွေးလည်း

အဖေးတက်လာ၊ အိုင်းအမာသို့

ကျယ်စွာဟက်ပက် ခြအိမ်ပျက်။

ကုန်းမိုကမ်းပါး၊ မြေပပ်ကြားတွင်

စစ်သားခမောက်၊ ပိန်ခြောက်ခြောက်လည်း

စစ်ရောက်စခန်း၊ လက်ပြည့်ွန်း။

ထိုပင်ငုတ်တို၊ ပျဉ်းမအိုသည်

စစ်ကိုလည်းကြုံ၊ ခြအုံလည်းဖြစ်

ဓားထစ်လည်းခံ၊ နေလျှံလည်းတိုက်

လေပြင်းခိုက်လျက်၊ မငိုက်ဦးခေါင်း

နွေသစ်လောင်းသော်

---

[၁] မင်းသုဝဏ်၊ ၁၉၅၉၊ ၂၃။

ရွက်ဟောင်းညှာကြွေ၊ ရွက်သစ်ဝေ၍
လေပြည်ထဲတွင်၊ ငယ်ရုပ်ဆင်သည်
အသင်ယောကျ်ားကောင်းတကား။ ။
(၁၉၄၉)[၁]

ဟူ၍ ဖြစ်ပါသည်။

ဆရာမင်းသုဝဏ်သည် စစ်ဘေးဒဏ်ကို ခံခဲ့ရသော မြန်မာနိုင်ငံကို ဗလာနတ္တိ ငုံးတိတိအနေအထားမှ တိုးတက်စည်ပင်လာစေလိုသည်။ ထိုအခါ စစ်ဒဏ်ကို ခံခဲ့ရသည့် 'ပျဉ်းမငုတ်တိုပင်ကြီး' နှင့် ထင်ဟပ်ကာ ရေးဖွဲ့ထားသည်မှာ အကြောင်းအရာရွေးချယ်မှု လိုက်ဖက်ထိမိမှုရှိကြောင်း သိရပါသည်။ ပတ်ကြားအက်နေသော မြေပြင်ထက် စစ်သားခမောက်ရှိပုံ၊ ပျဉ်းမငုတ်တိုကြီးသည် စစ်ဒဏ်ကြောင့် ခြောက်သွေ့နွမ်းလျပုံတို့မှာ လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံ၏ စစ်တလင်းဖြစ်ခဲ့ရပုံ၊ ပျက်စီးဆုံးရှုံးမှုများဖြင့် ပြည့်နှက်နေပုံဆိုသော အကြောင်းအရာနှင့် လိုက်ဖက်မှု ရှိလှပါသည်။ ခေတ်စမ်းကဗျာတို့၏ သဘာဝအတိုင်း စာဆို ခိဋ္ဌဓမ္မ မြင်တွေ့နေရသော သစ်ငုတ်၊ ဋ္ဌင်းတ၊ မြေပတ်ကြား ဟူသော အဖြစ်အပျက်၊ ပတ်ဝန်းကျင်အနေအထားတို့ကို ဖွဲ့ဆိုထားသော ကဗျာ ဖြစ်ပါသည်။

ဤကဗျာကိုရေးဖွဲ့ရာတွင် ခေတ်ကဗျာများ ဖွဲ့ဆိုကြသည့် နည်းကိုလိုက်၍ လေးလုံးစပ်နည်းသုံးကာ အပိုဒ်လေးပိုဒ်ဖြင့် တင်ပြဖွဲ့ဆိုထားပါသည်။ ၄-၃-၂ ကာရန်၊ ၄-၂ ကာရန်တို့ဖြင့် ဖွဲ့ဆိုထားသည်။ ၄-၃-၂ ကာရန်မှာ အစဉ်မပြတ်သည့် သဘောသက်ရောက်ကာ အသံကို ပြေပြစ်စေပါသည်။ ဤကာရန်ကြောင့် ပျဉ်းမငုတ်တိုပင်ကြီးသည် ပင်အိုငုတ်တိုကြီးမှ ရွက်သစ်များ တဖြည်းဖြည်း ဝေဆာလာမည့် အဖြစ်သည် ဖြေးဖြေးမှန်မှန် ရောက်ရှိလာမည့်သဘောကို ဖော်ပြနေပါသည်။ ထို့အတူ အမိမြန်မာနိုင်ငံတော်ကြီးသည်လည်း ပြည်သူပြည်သားအားလုံး တက်ညီလက်ညီနှင့် တဖြည်းဖြည်း ကုန်းထခဲ့ပါက တစ်ချိန်တွင် ခေါင်းမော့လာနိုင်မည့် သဘောကို ပေါ်လွင်စေပါသည်။ ၄-၂ ကာရန်၏သဘောမှာ အဖြစ်အပျက်များ လျင်မြန်သည့် သဘော ရှိပါသည်။ ထို့အတူ စစ်တလင်းဟူသော အဖြစ်အပျက်မှ သာယာဝေဖြာသော အနေအထားသို့ အလျင်အမြန် ရောက်တော့မည်ဖြစ်ကြောင်း သိသာလာစေပါသည်။

---

[၁] မင်းသုဝဏ်၊ ၁၉၉၇၊ ၈၁။

'ပျဉ်းမငုတ်တို' ကဗျာ၏ အသံစီးဆင်းမှုတည်း ဟူသော နရီကို လေ့လာသော် အကြောင်းအရာနှင့် အသံစီးဆင်းမှု လိုက်ဖက်ကြောင်း တွေ့ရသည်။ ဤကဗျာ၏ အသံစီးဆင်းပုံကို အောက်ပါအတိုင်း လေ့လာကြည့်နိုင်ပါသည်။

* − − − −

− + − −

+ − − ।

− + । ।

+ । − ।

○ । +

* − । ○ +

− + + +

○ + − ।

+ ○ । −

। ।  − −

− । −

* + । + +

। − + ।

− + ○ −

। − − +

− − ○ +

− − +

* । । − ।

+ − । ।

− । + ।

− ၊ + −

+ ၊ + ၊

၊ ၊ + −

၊ + − −

○ − + +

၊ − + ၊

− + + ၊

− − + −

၊ ၊ ၊ ၊

၊ − ၊ ၊

○ ၊ − ၊

+ ၊ +

ဟူ၍ တွေ့ရှိရမည် ဖြစ်ပါသည်။ ကဗျာတွင် ပထမသုံးပိုဒ်၌ သံတိုများကို အများဆုံး သုံးထားပါသည်။ ထို့ကြောင့် ပျဉ်းမငုတ်တိုကြီး၏ စစ်ဘေးဒဏ် ဟူသော ကြမ်းတမ်းခက်ခဲမှုခံရပုံနှင့် မတင့်တယ်သော အဆင်းသွင်ပြင်မှာ ပေါ်လွင်လာပါသည်။ စတုတ္ထပိုဒ်တွင် သံပြေအသုံးသည် သံတိုအသုံးထက် များကြောင်း တွေ့ရသည်။ ထို့ကြောင့် အခက်အခဲမျိုးစုံကို ကြံ့ကြံ့ခံကျော်လွှားနိုင်ခဲ့ပြီး အောင်ပွဲဝင်နိုင်သည့် အဖြစ်အပျက်နှင့် လိုက်ဖက်သော အသံစီးဆင်းမှုဖြစ်ကြောင်း တွေ့ရပါသည်။

'ပျဉ်းမငုတ်တို' ကဗျာတွင် လူသားတို့၏ဒုက္ခအဖုံဖုံ၊ အခက်အခဲမျိုးစုံကြုံရပုံကို သဘာဝဘေးဒဏ်ခံရပုံ၊ စစ်ဘေးဒဏ်ခံရသော 'ပျဉ်းမငုတ်တို' ကြီးဖြင့် သင်္ကေတပြုထားပါသည်။ 'ပျဉ်းမငုတ်တို' ကြီးသည် လောကဓံကို ကြံ့ကြံ့ခံရင်း နွေဦးပေါက်သော် ရွက်သစ်ရွက်နုများ ဝေဆာလာပုံမှာ လောကဓံကို အနိုင်ယူနိုင်စွမ်းသော ယောကျ်ားကောင်း တစ်ယောက်အလား ဖြစ်သည်။ ထို့အတူ အမိမြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့ သည်လည်း လောကဓံအခက်အခဲများကို ပျဉ်းမငုတ်တိုကြီးကဲ့သို့ ကြံ့ကြံ့ခံ ရင်ဆိုင်နိုင်စွမ်းပါက တစ်နေ့တွင် ရွက်နုရွက်သစ်တည်း ဟူသော တိုးတက်အောင်မြင်မှု အသီးအပွင့်များ ပွင့်လန်းလာမည်ဖြစ်ကြောင်း အားမာန်ကို ပေးစွမ်းထားပါသည်။

စကားအသုံးအနှုန်းပိုင်းတွင် အကြောင်းအရာနှင့် လိုက်ဖက်ဆီလျော်သော အသုံးများကို သုံးထားကြောင်း တွေ့ရပါသည်။ 'ပျဉ်းမငုတ်တို' ကြီးသည် ခက်ခဲကြမ်းတမ်းသော အခြေအနေကို ရင်ဆိုင်နေရပုံကို ဖော်ပြရာတွင် 'ဖုထစ်ရွတ်တွ'၊ 'ငုက်ဥွင်းတ'၊ 'သက်ကျားအို' ဟူသော အသုံးများက 'ပျဉ်းမငုတ်တို' ကြီး၏ မနှစ်မြို့ဖွယ်၊ စိတ်ပျက်အားလျော့ဖွယ် ပုံပန်းကို မြင်ယောင်လာစေပါသည်။ ထို့ပြင် လွတ်လပ်ပြီးစ အမိမြန်မာနိုင်ငံ၏ စိတ်ပျက်အားလျော့ဖွယ် အခြေအနေ၊ အဖက်ဖက်က နိမ့်ကျနေကာ သုညဘဝမှစတင်ရမည့် ခက်ခဲကြမ်းတမ်းသည့် အခြေအနေများကို မြင်ယောင်လာစေပါသည်။ တစ်ဖန် 'လေပြည်ထဲတွင် ငယ်ရုပ်ဆင်သည်၊ အသင် ယောကျ်ားကောင်းတကား' ဟူသော အသုံးကလည်း အနိုင်မခံ အရှုံးမပေးလိုသည့် အားမာန်ကို ဖြစ်ပေါ်စေပါသည်။

ဆရာမင်းသုဝဏ်၏ 'ပျဉ်းမငုတ်တို' ကဗျာသည် အကြောင်းအရာရွေးချယ်မှု လိုက်ဖက်ဆီလျော်ခြင်း၊ ကဗျာအဖွဲ့ပုံစံ ဆီလျော်ခြင်း၊ သင်္ကေတ၊ နိမိတ်ပုံအသုံးများ ထိမိပေါ်လွင်ခြင်း စကားအသုံးအနှုန်း လိုက်ဖက်ဆီလျော်မှုရှိခြင်းတို့ကြောင့် လောကဓံ နှိပ်စက်မှုတို့ကို မတုန်မလှုပ် ကြံ့ကြံ့ခံလျက် ရင်သန်ရေးအတွက် ရုန်းကန်နိုင်စွမ်း ရှိပုံတို့ ပေါ်လွင်ကာ အံ့ဩချီးမွမ်းဖွယ်၊ အတုယူဖွယ် ခံစားချက်များ ဖြစ်ပေါ်စေသဖြင့် အားကောင်းသော ဘဝအားမာန် ကဗျာတစ်ပုဒ်ဟု ဆိုရမည် ဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

ဇော်ဂျီနှင့်မင်းသုဝဏ်တို့၏ ဘဝအားမာန်ကိုပေးသော ကဗျာများကို လေ့လာ တင်ပြရာတွင် ဆရာဇော်ဂျီ၏ 'ပန်းပန်လျက်ပဲ' ကဗျာနှင့် ဆရာမင်းသုဝဏ်၏ 'ပျဉ်းမငုတ်တို' ကဗျာ နှစ်ပုဒ်ကို လေ့လာတင်ပြထားပါသည်။ ဤကဗျာနှစ်ပုဒ်သည် ဘဝအားမာန်ကို ပေးရာတွင် အထိရောက်ဆုံး အထင်ရှားဆုံး ကဗျာများ ဖြစ်ပါသည်။ ဤကဗျာများ၏ ထင်ရှားထိရောက်ရခြင်း အကြောင်းအရင်းမှာ အကြောင်းအရာ ရွေးချယ်မှု လိုက်ဖက်မှုရှိခြင်း၊ ကဗျာအဖွဲ့ပုံစံ လိုက်ဖက်ဆီလျော်ခြင်း၊ ခေတ်ကဗျာ ဖြစ်သည့် အားလျော်စွာ သိသာထင်ရှားစေသည့် သင်္ကေတအသုံး၊ နိမိတ်ပုံအဖွဲ့များ သုံးထားခြင်း၊ လွယ်ကူရှင်းလင်းပြီး အားမာန်ကိုပေးနိုင်သည့် အသုံးများသုံးထားခြင်းတို့ တွေ့ရှိရပါသည်။ ဆရာဇော်ဂျီ၏ 'ပန်းပန်လျက်ပဲ' ကဗျာသည် ပျော့ပျောင်းညင်သာစွာ စည်းရုံးဆွဲဆောင်ကာ အားမာန်ကို ပေးထားပါသည်။ ဆရာမင်းသုဝဏ်၏ 'ပျဉ်းမ ငုတ်တို' ကဗျာသည် အားမာန်ကို ပြတ်ပြတ်သားသား ပေးထားကြောင်း လေ့လာ တွေ့ရှိရပါသည်။

## နိဂုံး

ကဗျာသည် ရသစာပေ ဖြစ်သည်။ 'ပန်းပန်လျက်ပဲ'နှင့် 'ပျဉ်းမငုတ်တို' ကဗျာများသည် ရသပေးစွမ်းရုံသာမက ဘဝအသိအမြင်၊ ဘဝအားမာန်နှင့် မျိုးချစ်စိတ်များကိုပါ ဖြစ်ပေါ်စေသည့် ရတနာကဗျာများပင် ဖြစ်ပါသည်။ ဒိဋ္ဌဓမ္မလောကတွင် ရှိသော အခြေအနေ အဖြစ်အပျက် အကြောင်းအရာများကို ဆင်ခြင်ဖွယ်၊ လိုက်နာဖွယ်၊ မှတ်သားဖွယ်၊ အတုယူဖွယ်ဖွဲ့ဆိုထားရာ ခေတ်အဆက်ဆက် အခြေအနေအမျိုးမျိုး၊ လောကဓံအမျိုးမျိုးနှင့် ကြုံတွေ့နေရမည့် လောကလူသားအားလုံးအတွက် အနိုင်မခံ အရှုံးမပေး၊ ရဲဝံ့စွာ ရင်ဆိုင်ရဲသော အားမာန်ပေးထားသည့် ကဗျာကောင်းများပင် ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း


ခင်မင်၊ မောင်(ဓနုဖြူ)။ (၁၉၉၄)။ ***စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ***။ ရန်ကုန်၊ စာပေလောကပုံနှိပ်တိုက်။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ချစ်ဦးညိုနှင့်ထီလာစစ်သူ။ (၁၉၈၅)။ ***ဝေဖန်ရေးစာဟောတမ်းများ(ဒုတွဲ)***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ဇော်ဂျီ။ (၁၉၉၈)။ ***ဇော်ဂျီကဗျာပေါင်းချုပ်***။ ရန်ကုန်၊ စာပေလောကပုံနှိပ်တိုက်။

ဇော်ဂျီ။ (၂၀၀၄)။ ***ရသစာပေအဖွင့်နှင့်နိဒါန်း***။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

တိုက်စိုးနှင့်မင်းယုဝေ။ (၁၉၈၅)။ ***မြန်မာစာမိတ်ဖွဲ့***။ ရန်ကုန်၊ တောက်တောက်ဝင်းပုံနှိပ်တိုက်။

တင်၊ ဦး(ပုဂံဝန်ထောက်မင်း)။ (၁၉၀၀)။ ***ကဗျာဗန္ဓသာရကျမ်း***။ မန္တလေး၊ မြန်မာတာရာ သတင်းစာပုံနှိပ်တိုက်။

တင်မိုးနှင့်အများ။ (၁၉၈၂)။ ***မြန်မာကဗျာစာတမ်းများ(ဒုတွဲ)***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

မင်းသုဝဏ်။ (၁၉၉၇)။ ***မင်းသုဝဏ်ကဗျာပေါင်းချုပ်***။ ရန်ကုန်၊ စာပေလောကပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ ***မြန်မာအဘိဓာန်***။ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။

မြန်မာစာအသင်း။ (၁၉၆၆)။ ***မြန်စာဂုဏ်စာမြုတေ***။ ရန်ကုန်၊ ယုံကြည်ချက်စာပေ။

ဝင်းမွန်၊ တက္ကသိုလ်။ (၁၉၇၄)။ ***ခေတ်သစ်ကဗျာမိတ်ဖွဲ့***။ ရန်ကုန်၊ နှလုံးလှစာပေ။

## ပတ်ရှုလေ့လာသောစာအုပ်စာရင်း

ကျော်စိန်၊ ဒေါက်တာ။ (၁၉၉၇)။ ***ဇော်ဂျီကာ၊ ဒုတိယတွဲ(ပ-ကြိမ်)***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ကျော်စိန်၊ ဒေါက်တာ။ (၁၉၉၇)။ ***ဇော်ဂျီကာ၊ တတိယတွဲ(ပ-ကြိမ်)***။ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

မင်းယုဝေ။ (၁၉၉၁)။ ***အမျိုးသားစာဆိုဆရာဇော်ဂျီ၏ကဗျာများမိတ်ဖွဲ့***။ ရန်ကုန်၊ တင်ရွှေပုံနှိပ်တိုက်။

ဟုန်ဝမ်၊ မောင်။ (၂၀၀၅)။ ***ဗေဒါလမ်းကဗျာများအဖွင့်***။ ရန်ကုန်၊ ရူဝံပုံနှိပ်တိုက်။

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# လွတ်လပ်ရေးခေတ်ဦးတွင် ပေါ်ထွန်းခဲ့သော ခေတ်နောက်ခံဝတ္ထုတိုများ

အေးသူဇာ*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် လွတ်လပ်ရေးခေတ်ဦးတွင် ပေါ်ထွန်းခဲ့သော ခေတ်နောက်ခံ ဝတ္ထုတိုများကို လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ လွတ်လပ်ရေး ခေတ်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြဿနာအရပ်ရပ်အပေါ် အခြေတည်၍ ပြည်သူ့ဘဝများကို သရုပ်ဖော်ထားသည့် ခေတ်နောက်ခံ ဝတ္ထုတိုများကို လေ့လာတင်ပြရာတွင် ခေတ်နောက်ခံအကြောင်းအရာကိုမှီး၍ ဝတ္ထုတိုများ ဖြစ်ပေါ်လာပုံ၊ ခေတ်နောက်ခံအဖွဲ့များက ဇာတ်လမ်း၊ ဇာတ်ဆောင်တို့ကို ပေါ်လွင်ထင်ရှားလာစေပြီးလျှင် ရသမြောက်အောင် ထောက်ကူပံ့ပိုးပေးပုံတို့ကို အလေးထား၍ ဆွေးနွေးတင်ပြသွားမည် ဖြစ်ပါသည်။ အခန်း(၁)တွင် ဝတ္ထုတို နှင့်နောက်ခံအဖွဲ့ဆက်စပ်မှု၊ အခန်း(၂)တွင် လွတ်လပ်ရေးခေတ်တွင် ပေါ်ထွန်း ခဲ့သော ဗန်းမော်တင်အောင်၏ 'ရန်ကုန်မြို့ရဲ့ညတစ်ည'၊ ကျော်အောင်၏ 'ငါးကျပ်တန်တစ်ရွက်'၊ လင်းယုန်သစ်လွင်၏ 'စုန်ရေနှင့်ဆန်ရေ' ဝတ္ထုတို များကို လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ** – ***ဇာတ်လမ်း၊ ဇာတ်ဆောင်၊ လူမှုနောက်ခံ၊ ခေတ်နောက်ခံ၊ လှည့်ကွက်၊ အရင်းရှင်လူတန်းစား၊ ပစ္စည်းမဲ့လူတန်းစား။***

## နိဒါန်း

စာရေးသူတို့သည် ခေတ်ကို ကျော်လွှားဖြတ်သန်းခဲ့ကြရာ ခေတ်၏ အတွေ့ အကြုံများကို ရခဲ့သည်။ ခေတ်၏ခံစားမှုများကို ရခဲ့သည်။ ထိုအတွေ့အကြုံနှင့် ခံစားမှုတို့သည် ဝတ္ထုရေးသူတို့အား ဝတ္ထုတစ်ပုဒ်အဖြစ် ဖန်တီးဖြစ်အောင် လှုံ့ဆော် တိုက်တွန်းပေးသော အရာများဖြစ်သည်။ မိမိနှင့်တကွ မိမိပတ်ဝန်းကျင်ရှိ ပြည်သူ အများစု၏ ဖြစ်ပျက်မှုများ၊ ခံစားမှုများကို မျက်ဝါးထင်ထင် တွေ့မြင်ခံစားခဲ့ရာမှ မျက်မှောက်ခေတ် စာဖတ်သူတို့ကိုသာမက ခေတ်အဆက်ဆက် စာဖတ်သူတို့ကိုပါ လက်ဆင့်ကမ်း မျှဝေခံစားစေလိုသော စေတနာရည်ရွယ်ချက်များ ဖြစ်ပေါ်ခဲ့ဟန် တူပါသည်။ ဝတ္ထုတိုဖြစ်သည့်အလျောက် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသ နောက်ခံအဖွဲ့တို့သည် စည်းစည်းလုံးလုံး တစ်သားတည်း ပေါင်းစပ်ပါဝင်နေတတ် ပါသည်။ ဤစာတမ်းတွင် လွတ်လပ်ရေးခေတ်ကို ဖြတ်သန်းရင်း အမှန်တကယ်

---

* ဒေါက်တာ၊ နည်းပြ၊ မြန်မာစာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

ခံစားမှု ပြင်းထန်ခဲ့သော စာရေးဆရာတို့၏ လွတ်လပ်ရေးခေတ် ဝတ္ထုတိုများကို လေ့လာတင်ပြထားပါသည်။ အလေ့လာခံဝတ္ထုတိုများအဖြစ် ဗန်းမော်တင်အောင်၏ 'ရန်ကုန်မြို့ရဲ့ညတစ်ည'၊ ကျော်အောင်၏ 'ငါးကျပ်တန်တစ်ရွက်'၊ လင်းယုန်သစ်လွင်၏ 'စုန်ရေနှင့်ဆန်ရေ' စသည့် ဝတ္ထုတိုများကို ရွေးချယ်ထားပါသည်။

## ၁။ ဝတ္ထုတိုနှင့်နောက်ခံအဖွဲ့ဆက်စပ်မှု

ဝတ္ထုတိုနှင့်ပတ်သက်၍ စာပေပညာရှင်တို့က အဆိုအမိန့်အမျိုးမျိုးဖြင့် ရှင်းလင်းတင်ပြခဲ့ကြပါသည်။ ဝတ္ထုတိုရေးသူသည် လောဘကြီး၍ မရပေ။ ဝတ္ထုရှည်ကဲ့သို့ အဖြစ်အပျက် အကြောင်းအရာမျိုးစုံကို ထည့်သွင်းရေးဖွဲ့၍ မဖြစ်နိုင်ပေ။ သို့ရာတွင် လူ့ဘောင်တစ်ခုလုံးနှင့် ပတ်သက်သည့် လေးနက်သော ဘဝအတွေးအမြင်တစ်ရပ်ကို ဝတ္ထုတိုတစ်ပုဒ်အတွင်း၌ပါအောင် ဖော်ကျူးတင်ပြနိုင်ပါသည်။ ထိုသို့ လေးနက်သော အကြောင်းအရာကို ဝတ္ထုတိုတစ်ပုဒ်နှင့် တင်ပြသည်ဆိုရာ၌ စာရေးသူတွင် ဖန်တီးမှု အတတ်ပညာပိုင်း၌ ကျွမ်းကျင်ရန် လိုအပ်သည်ဟု ထင်မြင်မိပါသည်။

ဝတ္ထုတိုနှင့်ပတ်သက်၍ အိပ်ဂျီဝဲလ်၏အဆိုကို ထင်လင်းက ဘာသာပြန်ဆိုရာတွင်–

> "ဝတ္ထုတိုသည် ရိုးရိုးရှင်းရှင်းအဖွဲ့မျိုး ဖြစ်သည် (သို့) ဖြစ်သင့်သည်။ ဝတ္ထုတို၏ရည်ရွယ်ချက်မှာ တစ်ခုတည်းသော အခြင်းအရာကို ကွက်ကွက်ကွင်းကွင်း ထင်မြင်လာအောင် ဖော်ပြဖို့ပင်ဖြစ်သည်။ ဝတ္ထုတိုသည် စထွက်ကတည်းက စာဖတ်သူ၏အာရုံကို ဖမ်းစားကာ တစ်ချက်ကလေးမျှ မလျော့စေဘဲ အထွတ်အထိပ်သို့ ရောက်သည့်တိုင် တမြေ့မြေ့ချင်း ဆွဲငင်စုစည်းမြင့်တင်၍ ယူသွားရမည်။ ဝတ္ထုတို၏အတိုင်းအရှည်သည် စာဖတ်သူ၏အာရုံစူးစိုက်မှု ကြာသင့်သလောက်သာ ရှိသင့်သည်။ စာဖတ်သူ၏အာရုံဝယ် အခြားသော အခြင်းအရာများ ထပ်ဝင်မလာခင် စာဖတ်သူ စိတ်မညောင်းခင် ဒိုင်းကနဲ ပြီးဆုံးလိုက်ရ ပေသည်"[၁]

ဟု ဆိုထားပါသည်။

အထက်ဖော်ပြပါ အဆိုအမိန့်တွင် ဝတ္ထုတိုဖန်တီးသူ၏ အတတ်ပညာအရေးပါမှုသဘောကို အရိပ်အမြွက်မျှ ဖော်ပြထားသည်ဟု ထင်မြင်မိပါသည်။

---

[၁] ထင်လင်း၊ ၁၉၇၉၊ ၂၇၁–၂၇၂။

ဝတ္ထုတိုဖတ်သူသည် ဝတ္ထုရှည်ကဲ့သို့ ရပ်နားဆိုင်းငံ့၍မဖတ်ဘဲ ဇာတ်လမ်းမဆုံးမချင်း၊ လက်မှမချလိုသည်အထိ စာဖတ်သူ၏အာရုံကို ကောင်းစွာ စည်းရုံးဆွဲဆောင်နိုင်စွမ်း ရှိရမည့်သဘောကို ဖော်ပြနေသည်။

ဆရာအောင်သင်းက–

> "ဝတ္ထုတိုဆိုသည်မှာ ဇာတ်ဆောင်၏ အဖြစ်အပျက်များကို တင်စားခြင်းဖြင့် စာဖတ်သူတွင် တစ်စုံတစ်ခုသော ခံစားမှု ပေါ်ပေါက်လာအောင် စာလုံးရေ တစ်ထောင်မှရှစ်ထောင်အတွင်း ရှည်လျားသည့် စိတ်ကူးဖြင့် ရေးသားထားသော စာ ဖြစ်သည်"[၁]

ဟု ဆိုထားပါသည်။ ဝတ္ထုတိုတစ်ပုဒ်အတွင်း၌ စာရေးသူ ခံစားခဲ့ရသော ခံစားမှု များကို ဖတ်သူထံသို့ အရောက်ပို့ဆောင်ပေးရမည့် အတတ်ပညာမျိုး ပါဝင်ရပါသည်။

စာရေးဆရာ တက်တိုးကလည်း–

> "ဝတ္ထုတိုသည် ဘဝ၏အစိတ်ငယ်မျှသာ ဖြစ်သည်။ သို့သော် ထိုအစိတ်ငယ်သည် ဘဝတစ်ခုလုံးကို ကိုယ်စားပြုနိုင်ရပေမည်။ ဘဝအခြေအနေကို ညွှန်းဆိုနိုင်ရပေမည်။ သို့မှသာလျှင် ဝတ္ထုတို ကောင်းဟု ဆိုနိုင်ပေလိမ့်မည်"[၂]

ဟု ဖော်ပြထားပါသည်

ထို့အတူပင် လော်ရေးအီးရိုဇကီးက ဝတ္ထုတိုရေးသူ စတီဗင်ဗင်းဆင့်ဘင်းနက်၏ အဆိုကို 'ဝတ္ထုတို ရေးသားခြင်း' စာအုပ်တွင် အောက်ပါအတိုင်း ဖော်ပြထားပါသည်။

> "ဝတ္ထုတိုတစ်ပုဒ်သည် တစ်နာရီတည်းနှင့် ပြီးအောင်ဖတ်နိုင် သော်လည်း တစ်သက်တာလုံး သတိရစေနိုင်သည်"[၃]

ဟု ဆိုထားပါသည်။ ဝတ္ထုတိုသည် တိုသော်လည်း စာရေးသူ၏အတတ်ပညာ စွမ်းအားမြင့်မားသလောက် လူ့စိတ်၊ လူ့နှလုံးသားကို ကာလကြာရှည်စွာ ဆွဲဆောင် နိုင်စွမ်းရှိသည်ဟု ဆိုလိုပါသည်။

ခေတ်နောက်ခံဝတ္ထုတိုများသည် စာရေးသူတို့အနေနှင့် မိမိတို့ရင်တွင်း၌ မေ့မရနိုင်သော ခေတ်အဖြစ်အပျက် ခံစားမှုတို့ကို ရေးဖွဲ့ခြင်းဖြစ်သည့်အလျောက်

---

[၁] အောင်သင်း၊ ၁၉၇၈၊ ၉။

[၂] တက်တိုး၊ ၁၉၆၅၊ ၁၀–၁၁။

[၃] Rozakis, 2004, 78.

ထိုဖြစ်ရပ်များကို တင်ပြရာ၌ ကာလဒေသနောက်ခံနှင့်ကင်း၍ မတင်ပြနိုင်ပေ။ ခေတ်နောက်ခံဝတ္ထုတိုများတွင် နောက်ခံအဖွဲ့သည် ဝတ္ထု၏ဇာတ်လမ်း၊ ဇာတ်ဆောင်များနှင့်အတူ ရောနှောပေါင်းဖွဲ့၍ ရွှေ့လျားနေသည်ကို တွေ့နိုင်ပါသည်။

ကာလဒေသနောက်ခံနှင့်ပတ်သက်၍ မာဂျိုရီဘော်တန်က–

> "နောက်ခံဝန်းကျင် ဟူသည် နောက်ခံရှုခင်းသက်သက်မျှသာ မဟုတ်ဘဲ ပတ်ဝန်းကျင်တစ်ခုလုံးနှင့် သက်ဆိုင်နေပေသည်။ နောက်ခံဝန်းကျင်တွင် မြို့နယ်၊ တောနယ်၊ မြို့ကြီးပြကြီး၊ ကျေးလက်တောရွာ၊ ရာသီဥတု၊ အချိန်၊ နာရီ၊ နေ့စွဲ၊ ခလေ့ထုံးစံ၊ စီးပွားရေးအခြေအနေနှင့် အဆင့်အတန်း၊ အလုပ်အကိုင်၊ လူတန်းစား အလွှာများ၊ အဆောက်အအုံများ၊ အစားအသောက်များ၊ မိသားစု နေထိုင်ပုံများ၊ ဘာသာရေး၊ နိုင်ငံရေး၊ အကျင့်စာရိတ္တ၊ ယဉ်ကျေးမှု ဆိုင်ရာ ဘဝ၊ ပညာရေး၊ ပျော်ရွှင်မှု၊ လူနေမှုအဆင့်အတန်း စသည်တို့ ပါဝင်သည်"[၁]

ဟုဆိုထားပါသည်။ ဝတ္ထုတစ်ပုဒ်တွင် ကာလဒေသနောက်ခံ၏ အရေးပါမှုနှင့် ပတ်သက်၍ စာရေးဆရာ နတ်နွယ်က–

> "ကာလဒေသနှင့် လုပ်ငန်းအငွေ့အသက်များ အင်မတန် လျော့ပါး ချို့တဲ့နေလျှင် ယင်းဝတ္ထုသည် စိတ်ကူးယဉ်အဆင့်၊ ပုံပြင်အဆင့်၊ အခြေအမြစ်မရှိသော အဆင့်တွင်သာ ရှိနေပေလိမ့်မည်"[၂]

ဟု ဆိုမိန့်ခဲ့ပါသည်။ ကာလဒေသနောက်ခံအဖွဲ့သည် စာဖတ်သူတို့အား ရသခံစားမှု ဖြစ်စေရန် အထောက်အပံ့ပြုနိုင်သည်။ နောက်ခံကြောင့် ဇာတ်လမ်းနှင့် ဇာတ်ဆောင်သည် ပိုမိုသက်ဝင်လှုပ်ရှားလာပြီးလျှင် စာဖတ်သူ၏စိတ်အာရုံတွင် ထင်ယောင်မြင်ယောင် ဖြစ်လာစေသည်။ ခေတ်၏ဆင်းရဲမှု၊ ကြမ်းတမ်းမှုများကို နောက်ခံအဖွဲ့ဖြင့် ထည့်သွင်း ပေးခြင်းဖြင့် ဇာတ်ဆောင်၏ဘဝသရုပ်သည် ပို၍ထင်မြင်လာစေပြီးလျှင် စာဖတ်သူ၌ ကရုဏာရသခံစားမှု ဖြစ်ပေါ်လာစေသည်။

နောက်ခံဝန်းကျင်၏ အရေးပါပုံကို သိန်းဖေမြင့်က–

> "ဇာတ်လမ်းနှင့်ဇာတ်အိမ် တည်ဆောက်ရန် ရေခံမြေခံလိုသည်။ ရေခံမြေခံကိုမှီ၍သာ အဆင်ပြေသော ဇာတ်အိမ်၊ ဇာတ်လမ်းများ

---

[၁] Boulton, Marjorie, 1975, 126.

[၂] နတ်နွယ်၊ ၁၉၇၅၊ ၁၈၅။

> တည်ဆောက်နိုင်သည်။ ထိုရေခံမြေခံသည်ကား လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး စသော လူ့လောက၏ အရေးအရာများကို ထင်ဟပ်ဖော်ပြထားသော ဝတ္ထုတည်ရာ ရေခံမြေခံ ဖြစ်သည်။ ရေခံမြေခံကောင်းသည်နှင့်အမျှ ဇာတ်လမ်း၊ ဇာတ်အိမ် ခမ်းနားသည်။ ထို့ကြောင့် ဝတ္ထုရေးလိုလျှင် လူ့လောက၏ အရေးအရာများကို လူတို့အတွက် အဓိပ္ပာယ်ရှိသော ရေခံမြေခံ အကွက်ကျကျ ရွေးချယ်တတ်ဖို့လိုသည်"[၁]

ဟု ဆိုထားပါသည်။

နောက်ခံအဖွဲ့များသည် ရှုခင်းသက်သက်သာ မဟုတ်ဘဲ ဇာတ်ဆောင်၏ ခံစားမှုများနှင့် ဆက်စပ်နေသည်။ ဇာတ်ဆောင်ကို လှုပ်ရှားမည့် လှုပ်ရှားမှု အတွက်လည်း ဩဇာသက်ရောက်မှု ရှိသည်။ ထိုသဘောကို မာဂရက်လု(ခ်)က–

> "နောက်ခံသည် ရှုခင်းသက်သက် မဟုတ်ပါ။ ဖြစ်ရပ်ဖြစ်ပေါ်သည့် နောက်ခံရှုခင်းကို ဆေးခြယ်ပြခြင်းထက် ပို၍အရေးပါသည်။ နောက်ခံက ဇာတ်ဆောင်နှင့် သူတို့၏အခြေအနေအပေါ် ထိခိုက်မှု ဖြစ်ပေါ်အောင် အရေးပါသော တွန်းအားဖြစ်သည်။ နောက်ခံသည် ဇာတ်ဆောင်တို့၏ အပြုအမူနှင့် သူတို့ဖြတ်ကျော်ရမည့် အတားအဆီး ဖြစ်ပေါ်ရန်အတွက် ဩဇာသက်ရောက်မှု ရှိသည်"[၂]

ဟု ဆိုခဲ့ပါသည်။

ဝတ္ထုသည် ဒိဋ္ဌဓမ္မလောကကို အခြေခံရသည်။ ဇာတ်ဆောင်ကို လူသားပီသသည့် ဇာတ်ဆောင်တစ်ဦးအဖြစ် ဖန်တီးရာ၌ လူမှုနောက်ခံအဖွဲ့ကို ထည့်ရသည်။ ထိုသဘောကို စာရေးဆရာ အန်ဒရီမောရစ် ရေးသားသော 'စာရေးခြင်း အနုပညာ' စာအုပ်ကို မြသန်းတင့် ဘာသာပြန်ဆိုသည့် 'စာရေးခြင်း အတတ်ပညာ' စာအုပ်တွင်–

> "တကယ်ကောင်းတဲ့ ဝတ္ထုတစ်ပုဒ်ဟာ စိတ်ကူးယဉ်မှုနဲ့ ဘယ်တော့မှ မကင်းနိုင်ဘူး။ ဒါပေမဲ့ အဲဒီစိတ်ကူးယဉ်မှုဟာ အမှန်ဘဝရဲ့ ထောက်ပံ့မှု ရှိရတယ်။ တကယ်တည်ရှိနေတဲ့ လူ့အဖွဲ့အစည်းရဲ့ နောက်ခံရှိရမယ်။ ဒါတွေမရှိရင် ဒီဝတ္ထုဟာ ခိုင်ခိုင်မာမာ မရပ်တည်နိုင်ဘူး။ ဝတ္ထုတစ်ပုဒ်ဟာ သက်ဝင်

[၁] သိန်းဖေမြင့်၊ ၁၉၆၈၊ ၁၈၃။

[၂] Lucke, 1998,99.

> လူပ်ရှားစေချင်ရင် ဘဝနဲ့နီးကပ်စေချင်ရင် လူ့အဖွဲ့အစည်းရဲ့ တကယ့် အဖြစ်အပျက်များနဲ့ ဆက်စပ်ရလိမ့်မယ်။ လှုပ်ရှားနေတဲ့ ပတ်ဝန်းကျင်နဲ့ ဆက်စပ်နေရလိမ့်မယ် တကယ်ရှိတဲ့ ပြင်ပ လောကကြီးနဲ့ ဆက်စပ်နေရလိမ့်မယ်"[၁]

ဟု ဖော်ပြထားသည်။ ဝတ္ထုသည် လူမှုအဖွဲ့အစည်းရဲ့နောက်ခံ၏ အရေးပါမှုသဘောကို တင်ပြထားခြင်း ဖြစ်ပါသည်။ ဤစာတမ်းတွင် လွတ်လပ်ရေးခေတ်ဦး ခေတ်နောက်ခံ ဝတ္ထုတိုများကို ကာလဒေသနောက်ခံအဖွဲ့များက အထောက်အကူပြုပုံကို ဆက်လက် လေ့လာတင်ပြသွားပါမည်။

## ၂။ လွတ်လပ်ရေးခေတ်ဦးတွင် ပေါ်ထွန်းခဲ့သော ခေတ်နောက်ခံဝတ္ထုတိုများ လေ့လာချက်

ဝတ္ထုတိုသည် ဒိဋ္ဌဓမ္မလူ့လောကကို အခြေခံသောကြောင့် ဇာတ်ဆောင်တို့ ရှင်သန်လှုပ်ရှားရာ နေရာဒေသနောက်ခံ၊ အချိန်ကာလနောက်ခံများ ပါဝင်သင့် သည်သာဖြစ်သည်။ လွတ်လပ်ရေးခေတ်ဦးဝတ္ထုတိုများတွင် တိုင်းပြည်နိုင်ငံရေး အခြေ အနေသည် တည်ငြိမ်ခြင်းမရှိ၊ ဝန်ကြီးချုပ်ဦးနုခေါင်းဆောင်သော ဖဆပလအစိုးရ အုပ်ချုပ်နေသော်လည်း အစိုးရ၏သြဇာသည် တစ်နိုင်ငံလုံး ငြိမ်ဝပ်ပိပြားအောင် အုပ်ချုပ်နိုင်စွမ်းမရှိ၊ လွတ်လပ်ရေးကြိုးပမ်းမှုတွင် အတူလက်တွဲခဲ့သော ကွန်မြူနစ်များ တောခိုသွားကြသည်။ စီးပွားရေးမကောင်း၍ ဓားပြများ ပေါများလာသည်။ ပြည်သူ တို့သည် ပြည်တွင်းစစ်အမျိုးမျိုးကို ရင်ဆိုင်နေရသည်။ တောရွာများတွင် လယ်ယာ လုပ်ငန်းဖြင့် ရိုးသားစွာ လုပ်ကိုင်စားသောက်နေထိုင်ကြသော မြန်မာမိသားစုများသည် သူပုန်များ လုယက်သတ်ဖြတ်ခြင်းကို ခံစားရသည်။ ကျေးလက်တွင် မနေနိုင်ဘဲ မြို့သို့ တိမ်းရှောင်ကြရသည်။ မြို့တွင် စားဝတ်နေရေးခက်ခဲကြသည်။ အရင်းရှင်နှင့် ဆင်းရဲသားလူတန်းစားတို့ ကွာဟချက်ကြီးလာသည်။ ဆင်းရဲသားလူတန်းစားဘက်မှ ရပ်တည်၍ ဒီမိုကရေစီအခွင့်အရေး ခံစားနိုင်အောင် ဦးဆောင်၍ တော်လှန်သူများသည် လက်ရှိအစိုးရ၏ ထောင်သွင်းအကျဉ်းချနှိပ်စက်ခြင်းကို ခံစားနေရသည်။ လွတ်လပ်ရေး ခေတ်ဦး ဝတ္ထုတိုရေးသူတို့သည် ခေတ်ကိုတွေ့မြင်ရာမှ ဆင်းရဲသားလူတန်းစားတို့ကို စာနာ၍ ခံစားရေးဖွဲ့သည့် ခေတ်နောက်ခံဝတ္ထုများလည်း ပေါ်ထွက်လာသည်။ အချို့ စာရေးသူများသည် ပြည်သူ့ဘဝကို အပြင်းအထန် နာကျင်ခံစားကာ ပြည်သူ့ ဘက်တော်သားအဖြစ် ကလောင်အစွမ်းဖြင့် တွန်းလှန်ကြသည်။ ထိုခေတ်ဝတ္ထုများကို

---

[၁] မြသန်းတင့်၊ ၂၀၀၅၊ ၃၅။

လေ့လာသောအခါ ပြည်သူ့ဘဝများကို ရင်နင့်ဖွယ် တွေ့မြင်ခံစားကြရသည်။ ဗန်းမော်တင်အောင်ကဲ့သို့ ပြည်သူ့ဘက်မှ ရဲရဲတောက်ရပ်တည်သော စာရေးဆရာများသည် ထောင်အကြိမ်ကြိမ် ကျခဲ့သည်။ ကျွန်းလည်း ကျခဲ့သည်။ သို့ရာတွင် မျိုးချစ်စိတ်၊ ပြည်သူ့ဘဝလွတ်လပ်ရေးစိတ်တို့ဖြင့် ကလောင်လက်နက်စွဲကာ ရဲရဲဝံ့ဝံ့ တွန်းလှန်ခဲ့ကြသည်။ အဆိုပါစာရေးဆရာများသည် ခေတ်ကို အမှန်တကယ် ခံစား၍ ခေတ်အဆက်ဆက် မမေ့နိုင်သော ရသမြောက် ဝတ္ထုတိုများကို ရေးဖွဲ့ခဲ့ကြပါသည်။

## ၂၊ ၁။ ဗန်းမော်တင်အောင်၏ 'ရန်ကုန်မြို့ရဲ့ညတစ်ည' ဝတ္ထုတို (၁၉၄၉)

ဗန်းမော်တင်အောင်သည် ၁၉၂၀ ခုနှစ်တွင် မွေးဖွားခဲ့သူ ဖြစ်သည်။ ၁၉၇၈ ခုနှစ်၊ အောက်တိုဘာလ (၂၈)ရက်တွင် ကွယ်လွန်ခဲ့သည်။ သူမွေးဖွားရှင်သန်ရာခေတ်များသည် ခက်ခဲကြမ်းတမ်းလှပါသည်။ နယ်ချဲ့စစ်ဒဏ်ကိုလည်း ခံခဲ့ရသည်။ ဒုတိယကမ္ဘာစစ်ကြီးကိုလည်း ကြုံခဲ့ရသည်။ သူ၏ဝတ္ထုများ ပေါ်ထွန်းသော ကာလသည် လွတ်လပ်ရေးမရမီနှင့် လွတ်လပ်ရေးရပြီး ပြည်တွင်းစစ်ဒဏ်ကို ခံရသောအချိန်များဖြစ်သည်။ ဗန်းမော်တင်အောင်ကိုယ်တိုင်မှာလည်း သူပုန်ကြီး၊ အမေ၊ ပြည်တော်သာ ခင်ခင်ဦး ဝတ္ထုများကို ရေးသားခဲ့သောကြောင့် လွတ်လပ်ရေးခေတ် ဖဆပလအစိုးရ၏ ဖမ်းဆီးချုပ်နှောင်ခြင်းကို အကြိမ်ကြိမ် ခံခဲ့ရသည်။ ဝတ္ထုများ ရေးသားရုံသာမက လင်းယုန်ဂျာနယ်ကို ထုတ်ဝေ၍လည်း ဖဆပလအစိုးရ၏ အားနည်းချက်များကို ရဲရဲတောက် ဝေဖန်ခဲ့သည်။

ဗန်းမော်တင်အောင်၏ 'ရန်ကုန်မြို့ရဲ့ညတစ်ည' သည် စာရေးသူ တွေ့မြင်ခဲ့ရသော ရန်ကုန်မြို့၏ မညီမျှသော နောက်ခံမြင်ကွင်းမှ မွေးဖွားလာခြင်း ဖြစ်ပါသည်။ အရင်းရှင်ဝါဒကြီးစိုးသည့် လွတ်လပ်ရေးခေတ်ဦးတွင် ရန်ကုန်မြို့ကြီး၌ အရင်းရှင်တို့သည် စိန်ရောင်၊ ရွှေရောင် တောက်နေကြသည်။ စတူဒီဘေကာကားကြီးများကို စီး၍ ဇိမ်ခံနေကြသည်။ ဟိုတယ်များတွင် အဆိုအကများ၊ တေးသံသာများဖြင့် တငြိမ့်ငြိမ့် ရှိသည်။ ဝမ်းစာအတွက် ဘဝကိုရင်းရရှာသော အပျော်မယ်ကလေးများလည်း ရှိပါသည်။ လမသာသော်လည်း ရန်ကုန်မြို့သည် အရင်းရှင်တို့၏ စိန်ရောင်၊ ရွှေရောင်၊ ကားမီးရောင်များဖြင့် တောက်ပလင်းလက်နေသည်။ ထိုကဲ့သို့ တောက်ပနေသော ရန်ကုန်မြို့ကြီးတွင် အရင်းရှင်တို့နှင့်အတူ ယှဉ်တွဲနေရသော်လည်း ဘဝချင်းလားလားမျှမတူသော ပစ္စည်းမဲ့လူတန်းစားတို့၏ဘဝကို–

"ခံ့ညားသော ပျော်ပွဲစားရုံကြီးများအတွင်းမှ နှုတ်ခမ်းနီ ပါးနီနှင့်
အမောက်ရှင်ကလေးများကတော့ ကိုကို့ကို အရက်ငှဲ့ပေးနေကြ

> ပေသည်။ သည်ဟာနှင့်မပြီးသေးဘဲ ကိုကိုများအတွက် သူတို့ တောင့်တသော ချစ်သူခေါ်သံသီချင်းကို ဆိုပြနေရပါသေးသည်။ တကယ်ဆိုတော့ သီချင်းဆိုနေခြင်းမဟုတ်ဘဲ အနုပညာတစ်ရပ်ကို အတင်းလုပ်နေခြင်းပါ”[၁]

ဟု ရေးဖွဲ့ထားသည်။ ထိုနောက်ခံအဖွဲ့ဖြင့် အရှင်းရှင်လူတန်းစားဘဝ၏ အဖျော်ဖြေခံ ဖြစ်နေသော ပစ္စည်းမဲ့လူတန်းစားတို့၏ဘဝကို တင်ပြထားသည်။ အရင်းရှင်လူတန်းစား နှင့် ပစ္စည်းမဲ့လူတန်းစားတို့၏ ဆုံစည်းမှုကို လွတ်လပ်ရေး ခေတ်လူမှုနောက်ခံအဖြစ် ထင်ဟပ်ပြထားသည်။ အရှင်းရှင်လူတန်းစားအဖို့ အလွန်စိတ်ကူးယဉ်ဖွယ် ကောင်းလှသော ခေတ်အနေအထားကို ပျော်ပွဲစားရုံမှ သီချင်းသံပြန့်လာပုံဖြင့် ပြထားသည်။

> “Rose softly blooming နှင်းဆီပန်းကလေးရယ် ... သက်သောင့် သက်သာ ပွင့်လာပြီတဲ့ ...
>
> ဒါပေမဲ့ ခပ်ထွေထွေကလေးနှင့်မို့ ဆူဆူကလေး ရယ်မောနေကြသော အသံများအကြားမှ ချစ်သူခေါ်သံကိုလည်း မကြားနိုင်။ နှင်းဆီပန်းကလည်း ကြွေကျသွားရှာပါပြီ”[၂]

ဟု နောက်ခံသရုပ်ကို ဖော်ထုတ်တင်ပြထားပါသည်။

ဝတ္ထုတို၏ ဗဟိုပြဇာတ်ဆောင်ကို လွတ်လပ်ရေးခေတ်၏ စစ်ဘေးစစ်ဒဏ် သင့်လာသော ကျေးလက်မှလူတန်းစားနှင့် ထပ်ဆင့်ဆုံတွေ့စေသည်။ သူပုန်များကြောင့် ထွက်ပြေးလာရာ မိန်းမနှင့်သားကြီးမှာ ပျောက်ဆုံးနေသည်။ သမီးကလေးနှင့် ပြေးမိပြေးရာ ပြေးလာခဲ့ခြင်း ဖြစ်သည်။ နှစ်ရက်ခန့်တောင်းသော်လည်း ထမင်းဖိုး မရသဖြင့် သမီးလေးအား မုန့်သာ ဝယ်ကျွေးနိုင်ခဲ့သည်။ ထမင်းမစားရသည်မှာ ငါးနပ်ရှိပြီဟုဆိုကာ ငွေတောင်းခံလာသောကြောင့် ငွေတစ်ကျပ်သာရှိသော ဇာတ်ဆောင်မှာ သားအဖနှစ်ဦးအား ထမင်းဆိုင်သို့ခေါ်၍ ကျွေးမွေးလေသည်။ ငွေမပြည့်သဖြင့် အကျႌချွတ်၍ ထမင်းဖိုးပေးခဲ့ရသည်။

ဇာတ်လမ်း၏အဖွင့်တွင် ရန်ကုန်မြို့၏ နောက်ခံအဖွဲ့ကို ဖော်ပြထားသည်။ ထိုနောက်ခံဝန်းကျင် အခင်းအကျင်းတွင်းသို့ မည်သို့မျှမလိုက်ဖက်သည့် လူတစ်ယောက်နှင့် စစ်ပြေး သားအဖနှစ်ယောက်ကို ထည့်သွင်းပေးလိုက်သည်။ ထိုအပိုင်းများသည် ဇာတ်တက်ပိုင်း ဖြစ်သည်။ ငွေရောင်၊ ရွှေရောင်၊ မီးရောင် တောက်ပသော နောက်ခံကို

---

[၁] တင်အောင်(ဗန်းမော်–)၊ ၂၀၀၅၊ ၁၇၅။

[၂] တင်အောင်(ဗန်းမော်–)၊ ၂၀၀၅၊ ၁၇၅။

အသေးစိတ်ခြယ်မှုန်းပြီးမှ ထိုနောက်ခံနှင့်မလိုက်ဖက်သော ပစ္စည်းမဲ့လူတန်းစား၊ စစ်ပြေးလူတန်းစားများကို ထည့်သွင်းလိုက်သည့်အတွက် စာဖတ်သူတို့သည် သိလိုစိတ်ဖြစ်ပေါ်လာရသည်။ ထိုအပိုင်းသည် ဇာတ်တက်ပိုင်း ဖြစ်သည်။

ဇာတ်ထွတ်ပိုင်းတွင်မူ စာရေးသူသည် အရင်းရှင်လူတန်းစားတို့က ပစ္စည်းမဲ့လူတန်းစားပေါ်တွင် အထင်သေးမှု၊ မယဉ်ကျေးသော ဆက်ဆံမှုကို ဇာတ်ကွက်တစ်ကွက်ဖြင့် တင်ပြလိုက်သည်။ ဇာတ်ကွက်၏အဆုံးတွင် လှည့်ကွက် ပါဝင်သည်။ ပရိသတ် မျှော်လင့်မထားသော လှည့်ကွက် ဖြစ်သည်။ ထမင်းဖိုးမပေးနိုင်၍ အင်္ကျီကို ချွတ်ပေးခဲ့ရပြီးနောက် ဇာတ်ဆောင်သည် စတူဒီဘေကာကားကြီးနှင့် တိုက်မိပြီး လမ်းဘေးသို့ လွင့်ထွက်သွားသည်။ အရင်းရှင်နောက်လိုက် ဒရိုင်ဘာက ရိုင်းစိုင်းစွာ ဆက်ဆံသည်။ ကားပေါ်တွင် ပါလာသော အမျိုးသမီးက ဆင်းကြည့်ပြီး ငွေတစ်ကျပ်ပေးသည်။ အရင်းရှင်လူတန်းစား၏ ရိုင်းပျစွာဆက်ဆံမှုကြောင့် နာကျင်ခံစားရ၍ မိမိအတွက် များစွာအသုံးဝင်သော ငွေတစ်ကျပ်ကို လွှင့်ပစ်ခဲ့သည်။ ကားကြီးသည် အဝေးသို့ ထွက်သွားသည်။ အမျိုးသမီး စူးစူးစိုက်စိုက်ဖတ်နေသော စာအုပ်မှာ ရွှေဥဒေါင်း ရေးသားသော မုန်တိုင်းထဲကလူ ဖြစ်နေသည်။ ရွှေဥဒေါင်းသည် ငွေတစ်ကျပ်ကို ဝမ်းနည်းစွာ ကြည့်ရင်း ပြုံးမိသည်။ ရွှေဥဒေါင်း ဆက်လက်ရယ်မောနေပါသည်။

ရန်ကုန်မြို့၏ညတစ်ည ဝတ္ထုတိုကို ကြည့်လျှင် နောက်ခံအဖွဲ့သည်သာ ဇာတ်လမ်း၊ ဇာတ်ဆောင် ဖြစ်နေသည်ကို တွေ့ရသည်။ ဇာတ်လမ်းတွင် ထူးခြားသော အဖြစ်အပျက်များ၊ ဇာတ်ကွက်များ မပါပေ။ လွတ်လပ်ရေးခေတ်ဦး ရန်ကုန်နောက်ခံ ရှုခင်းနှစ်ရပ်ကိုသာ အနုစိတ် အထပ်ထပ်အခါခါ ဖော်ကျူးရေးဖွဲ့ထားသည်။ ဇာတ်ဆောင်များဖြစ်သော စာရေးဆရာ ရွှေဥဒေါင်းနှင့် စစ်ပြေးသားအဖတို့သည်လည်း ခေတ်အရိပ်ကို ပြနေသော နိမိတ်ပုံအဖွဲ့များဟုသာ ဆိုနိုင်သည်။ ဝတ္ထုတိုပီပီဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံဝန်းကျင်တို့ကို တစ်ပေါင်းတစ်စည်းတည်း ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ ဇာတ်ဆောင်နှင့်နောက်ခံ ပေါင်းစည်းလိုက်သောအခါ ဝတ္ထုတို၏ဇာတ်လမ်း ဖြစ်ပေါ်နေသည်ဟု ဆိုရပါမည်။ ဇာတ်ထွတ်ပိုင်းတွင် တင်ပြသော ဇာတ်ကွက်တွင် စာရေးဆရာ၏ အနုပညာကို ခံစားနေကြသော်လည်း စာရေးသူကို တန်ဖိုးထားကြရမှန်း မသိအောင် ခေတ်ကတွန်းပို့ပေးနေသည့် အရင်းရှင်လူတန်းစားကိုယ်စားပြု အမျိုးသမီးဇာတ်ဆောင်ကို ထည့်သွင်းဖန်တီးထားသည်။ ထို့ကြောင့်ပင် စာရေးဆရာ ရွှေဥဒေါင်းသည် မိမိအနုပညာကို တန်ဖိုးထားခြင်းခံရ၍ ရယ်မောရသည်။ အင်္ကျီမပါသော လူတစ်ယောက်ကို ပစ္စည်းမဲ့လူတန်းစားအဖြစ် သဘောထားနှိမ့်ချဆက်ဆံ၍ ဝမ်းနည်းရသည်။ စာရေးဆရာသည် ကိုလိုနီခေတ်ဦး ပြည်သူအများစု ဆင်းရဲနေကြသည်။ တောနေလူတန်းစားသာမက စာရေးဆရာ အနုပညာရှင်များလည်း ဆင်းရဲနေရသည်ဟု ဇာတ်လမ်းနှင့် ဇာတ်ဆောင်ကို

ခပ်ပါးပါးရေးခြယ်ပြီး တင်ပြထားသည်။ ခမ်းနားသော နောက်ခံထဲသို့ ဆင်းရဲသားများကို ထည့်သွင်းရေးဖွဲ့ခြင်း၊ အရင်းရှင်စိတ်ဝင်နေသော ထမင်းဆိုင်ပိုင်ရှင်က အင်္ကျီချွတ်ယူလိုက်ခြင်း၊ ကားတိုက်မိသောသူကို ငွေတစ်ကျပ်ပေးခဲ့ခြင်း စသည့် အရင်းရှင်တို့၏ လုပ်ရပ်များကို နောက်ခံထဲ၌ ထည့်သွင်းဖော်ပြ၍ ဇာတ်လမ်းသည် အသက်ဝင်လာပြီး ခေတ်သရုပ်သည်လည်း စာဖတ်သူအာရုံသို့ ရောက်ရှိလာရသည်ဟု ထင်မြင်မိပါသည်။ ဗန်းမော်တင်အောင်သည် ခေတ်ကိုတကယ်ခံစား၍ ခေတ်နောက်ခံဝတ္ထုတိုများကို ဖန်တီးခဲ့သည်ဟု ထင်မြင်မိပါသည်။

## ၂။ ၂။ ကျော်အောင်၏ 'ငါးကျပ်တန်တစ်ရွက်' ဝတ္ထုတို (၁၉၄၉)

'ငါးကျပ်တန်တစ်ရွက်' ဝတ္ထုတိုကို ၁၉၄၉ ခုနှစ်တွင် ကျော်အောင် ရေးသားခဲ့ပါသည်။ လွတ်လပ်ရေးခေတ်ဦးကာလ မြန်မာပြည်သူတို့ဘဝကို ထင်ဟပ်ပြထားပါသည်။ သူပုန်တို့၏ရန်ကြောင့် တောမှတက်လာသော ဆင်းရဲသားတို့သည် အိုးမဲ့၊ အိမ်မဲ့၊ မြေမဲ့၊ ယာမဲ့ဘဝကို ကြုံတွေ့ရသည်။ ရန်ကုန်မြို့တွင် ချမ်းသာခြင်းနှင့် ဆင်းရဲခြင်းတို့သည် မမျှမတ ပေါင်းစပ်နေသည်။ ကျော်အောင်သည် ငါးကျပ်တန်တစ်ရွက် ဝတ္ထုတိုမရေးမီ ဝတ္ထု၏အခင်းအကျင်းဖြစ်သော နောက်ခံကို ရှေးဦးစွာ တင်ပြသည်။ နောက်ခံမြင်ကွင်းကို–

> "အဝေးတွင် မှိုင်းမှိုင်းမှုန်နေသော လရောင်အောက်၌ ပြားပြားဝပ်နေကြသော လမ်းဘေးတဲဆိုင်ကလေးများကို မြင်နေရသည်။ တစ်ဖန် ပြားပြားဝပ်နေသော တဲအိမ်ကလေးများ အထက်ကမူ လေးထပ်တိုက်၊ သုံးထပ်တိုက်များက မိုးထားကြသည်။ မျက်မှောက်လောက၏ သင်ခန်းစာများ၊ ပစ္စည်းမဲ့ငရဲဘုံ၏ပြယုဂ် တဲကုတ်ကလေးများ၊ ၎င်းခနရှင်တို့၏ မိုးသို့မျှော်နေသည့် ထပ်ဆင့်တိုက်တန်းများ"[၁]

ဟု သရုပ်ဖော်ရေးဖွဲ့ တင်ပြထားသည်။ ဆင်းရဲသူများတွင် နေစရာအိမ် မရှိ၍ လမ်းဘေး၌ပင် အဆောက်အဦးများကိုမှီ၍ အိပ်ကြရသည်။ ထိုကဲ့သို့သော ရန်ကုန်မြို့၏ အခြေအနေကို ကျော်အောင်က–

> "မြို့မကျောင်းတံခါးပေါက်မှ မီးရောင်ဖြင့် ၁၅ကိုက် ပတ်လည်ကို ဘစိန် ထင်ထင်ရှားရှား မြင်ရသည်။ မီးရောင်အောက် တံခါးဘေးတွင် လဲလျောင်းနေသည့် တစ်ဦးတစ်ယောက်၏သဏ္ဍာန်ကို

[၁] ကျော်အောင်၊ ၂၀၀၅၊ ၂၀၁။

> သူမြင်ရသည်။ ဘစိန်သည် အနီးသို့ ကပ်သွားသည်။ ဟယ် – မိန်းကလေး တစ်ယောက်တည်း အိပ်နေလိုက်တာ”[၁]

ဟုလည်းကောင်း၊

> “မိန်းကလေးတစ်ယောက်သည် တံခါးတွင် ခွေခွေကလေး အိပ်ပျော်နေသည်။ နှင်းထုနှင့်မြောက်လေအေးဒဏ်ကို တုန်လှုပ်ဟန် မရှိ။ သူ့တွင် စောင်မပါ၊ ဘယ်လက်ကိုခေါင်းတင်၍ ညာဘက်သို့ တစောင်းလှည့်ကာ အိပ်ပျော်နေသည်။ ဘေးတွင် ဒန်ခွက်တစ်ခုကို တွေ့ရသည်၊ အင်္ကျီမှာလည်း စုတ်ပြတ်နေသည်။ လုံချည်မှာလည်း ဟောင်းနွမ်းလှသည်။ ‘သူ့ကို လေလွင့်နေသောမိန်းမဟု ခေါ်ရမလား’ မဟုတ်နိုင်၊ သူတောင်းစားမလေးဟုပင် အသိအမှတ်ပြုလိုက်သည်”[၂]

ဟုလည်းကောင်း ရေးဖွဲ့တင်ပြထားပါသည်။ ထိုသူတောင်းစားမလေးသည် ဇာတ်လမ်းအတွက် ဇာတ်ဆောင် ဖြစ်သည်။ ထိုဇာတ်ဆောင်၏ ဖြစ်ရပ်သည်ပင် ဇာတ်လမ်းဖြစ်သည်။ သူတောင်းစားမလေး၏ ဘဝသရုပ်ကို စစ်ပြီးခေတ် ရန်ကုန်မြို့ရှုခင်းနောက်ခံနှင့် တွဲဖက်တင်ပြထားသည့်အတွက် ကရုဏာသက်ဖွယ် ဖြစ်လာသည်။ ဘဝသရုပ်မှာလည်း ပေါ်လွင်ပီပြင်လာသည်။ ဇာတ်လမ်း၊ ဇာတ်ဆောင်ကို ခေတ်နောက်ခံနှင့် တွဲဖက်တင်ပြခြင်းဖြင့် တစ်ခုကတစ်ခုကို အပြန်အလှန် အထောက်အကူပြုကာ စစ်ပြီးခေတ် မြန်မာနိုင်ငံ၏အနေအထားသည် ထင်ရှားလာပါသည်။ သူတောင်းစားမလေး၏ ကရုဏာသက်ဖွယ် အနေအထားသည် စာဖတ်သူရင်ထဲသို့ ကူးစက်ရောက်ရှိလာသည်နှင့်အမျှ ခေတ်အနေအထားသည်လည်း ထင်မြင်လာရပါသည်။

ကျော်အောင်သည် နောက်ခံအဖွဲ့များနှင့် ဇာတ်ဆောင်ကို ပေါင်းစပ်သရုပ်ဖော်ပြီးနောက် ဘစိန်ဆိုသည့် ဖဲကစားခြင်း၌ အလွန်ဝါသနာကြီးသူ ဇာတ်ဆောင်ကို နောက်ခံတွင် ပါဝင်လှုပ်ရှားစေသည်။ ဘစိန်သည် တရုတ်များ တည်ထောင်ထားသော လောင်းကစားဝိုင်းတွင် ငွေငါးဆယ်ခန့် ရှုံးခဲ့သည်။ နာရီ၊ ရွှေကြိုးတို့ပါ ကုန်သွားသည်။ ထိုအခန်း၌လည်း တရုတ်တို့၏ စီးပွားရေးမှိုင်းမိနေသော လွတ်လပ်ရေးခေတ်မြန်မာတို့အဖြစ်ကို လှစ်ပြထားသည်။ ဖဲရှုံးပြန်လာသော ဘစိန်သည် သူတောင်းစားမလေးကို တွေ့ခဲ့သည်။ သူတောင်းစားမလေး၏ ညာလက်၌ ငါးကျပ်တန်တစ်ရွက်တွေ့သည်။ ကာလဒေသနောက်ခံကို အခြေခိုင်အောင် တည်ဆောက်ပြီးနောက် သူတောင်းစားမလေး၏ ငွေငါးကျပ်နှင့် လောင်းကစားစရိုက် ပေါင်းစပ်ကာ ဇာတ်လမ်း၊

---

[၁] ကျော်အောင်၊၂၀၀၅၊ ၂၀၃–၂၀၄။

[၂] ကျော်အောင်၊၂၀၀၅၊ ၂၀၄။

ဇာတ်ကွက်ကို ဆင်လိုက်သည်။ ဘစိန်သည် ငါးကျပ်တန်ကိုယူကာ ကစားဝိုင်းသို့ ပြန်လာသည်။ နိုင်လာလျှင် ငွေတစ်ဆယ်ပေးမည်ဟု တွေးလိုက်သည်။

ကျော်အောင်သည် ဇာတ်လမ်းဖန်တီးရာတွင် ပရိသတ် မမျှော်လင့်ထားသော ဇာတ်လမ်း၊ ဇာတ်ကွက်ကို ဖန်တီးယူလိုက်သည်။ ဘစိန်သည် အနိုင်ရသည့်ငွေ နှစ်ထောင်နီးပါး ရလာသည်။ သူတောင်းစားမလေး ရင်းနှီးစားသောက်ရန် ငွေတစ်ရာ ပေးမည်ဟု တွေးကာ အမြန်ပြေးလာသည်။ စာဖတ်သူတို့၌လည်း ဘစိန်နှင့်အတူ သူတောင်းစားမလေးအတွက် အားတက်လာသည်။ ဇာတ်ထွတ်ပိုင်းတွင် စာရေးသူသည် ပါးနပ်လိမ္မာစွာ ဇာတ်လမ်းကို အလှည့်အပြောင်းပြုလိုက်သည်။ သူတောင်းစားမလေးသည် သေဆုံးနေလေပြီ။ ဘစိန်သည် မျက်ရည်ကျခဲ့ရသည်။ ဇာတ်သိမ်းတွင် သူတောင်းစား မလေးကို သေစေခြင်းဖြင့် ဇာတ်လမ်းသည် ပို၍ရသခံစားမှုကို ဖြစ်ပေါ်စေသည်။ ကြေကွဲဖွယ်ကောင်းသည့် ခေတ်၏ပုံရိပ်ကို ပို၍ထင်မြင်လာစေသည်။ ကျော်အောင်သည် ဒိဋ္ဌလောကကိုအခြေခံ၍ ဆန်းကြယ်သော အနုပညာဖြင့် တစ်ကြိမ်ဖတ်လျှင် မေ့မရ နိုင်သည့် ရသမြောက်ဝတ္ထုတိုတစ်ပုဒ်ကို ဖန်တီးတင်ပြခဲ့ပါသည်။

## ၂။ ၃။ လင်းယုန်သစ်လွင်၏ 'စုန်ရေနှင့်ဆန်ရေ' ဝတ္ထုတို (၁၉၅၅)

'စုန်ရေနှင့်ဆန်ရေ' ဝတ္ထုတိုကို ၁၉၅၅ ခုနှစ်တွင် လင်းယုန်သစ်လွင် ရေးသား ခဲ့ပါသည်။ ဗန်းမော်တင်အောင်သည် ထောင်အကြိမ်ကြိမ်ကျသည့်ကြားမှ လင်းယုန် ဂျာနယ်ကို ထုတ်ဝေခဲ့သည်။ လင်းယုန်သစ်လွင်သည် ဗန်းမော်တင်အောင်၏ လင်းယုန် ဂျာနယ်နှင့် ဆက်စပ်ပတ်သက်နေသူဖြစ်ကြောင်း အမည်ကိုကြည့်၍ ခန့်မှန်းရ ပါသည်။ စုန်ရေနှင့်ဆန်ရေဝတ္ထုတိုမှာ လွတ်လပ်ရေးခေတ်ဦးကာလ ဆင်းရဲသား ပြည်သူများဘက်မှ ရပ်တည်သော စာရေးဆရာတစ်ဦး၏ဘဝကို ထိုစာရေးဆရာ၏ အမေရှုထောင့်မှ ခံစားရေးဖွဲ့တင်ပြထားခြင်း ဖြစ်သည်။ ဝတ္ထုပါအမေ၏သားသည် အစိုးရအား ကလောင်လက်နက်ဖြင့် တွန်းလှန်တိုက်ခိုက်မှုကြောင့် ထောင်အကြိမ်ကြိမ် ကျရသည်။ အမေအိုကြီးသည် သားထံသို့ မကြာခဏ သွားတွေ့ရသည်။ ထောင်က လွတ်မည့်နေ့ကို သိရသောအခါတွင် ရန်ကုန်သို့လိုက်သွားသည်။ အမေနှင့်သား တွေ့ခိုက်မှာပင် ထောင်ဝန်ထမ်းများက သားဖြစ်သူသည် နောက်ထပ်စာအုပ်တစ်အုပ် အတွက် ယခုပင်ပြန်၍ ထပ်မံအဖမ်းခံရပါမည်ဟု ပြောဆိုလိုက်သည်။ ထိုဇာတ်လမ်းသည် ဗန်းမော်တင်အောင်၏ ဖြစ်ရပ်နှင့်တူသည်ဟု ထင်မြင်မိပါသည်။ ဗန်းမော်တင်အောင်ကဲ့သို့ စာရေးဆရာများကိုယ်စား ရေးဖွဲ့ခဲ့သည်ဟုလည်း ထင်မြင်မိလာပါသည်။ စာရေးဆရာ လင်းယုန်သစ်လွင်သည် ပြည်သူ့ဘက်က ရပ်တည်သော မျိုးချစ်နိုင်ငံရေးသမား များသာ ပင်ပန်းဆင်းရဲလှသည်မဟုတ် ထိုသူတို့၏မိခင်များမှာလည်း ပင်ပန်းဆင်းရဲ

လုပုံ၊ ထိုမိခင်များ၏ခံစားမှုကို စာနာထောက်ထားသင့်သည် ဟူသော အတွေးအသိကို ပေးလိုသောကြောင့် အမေဖြစ်သူ၏ရှုထောင့်မှ သိခွင့်ယူကာ စာရေးသူအနေဖြင့် တင်ပြထားသည်။ ကန့်သတ်သိရှုထောင့် ဖြစ်သည့်အလျောက် စာရေးသူက အမေဖြစ်သူ၏ စိတ်တွင်းခံစားမှုအားလုံးကို သိခွင့်ယူ၍ အနုစိတ် ခြယ်မှုန်းတင်ပြထားသည်။ ဇာတ်လမ်းအဖွင့်တွင်–

> "အမေ ရန်ကုန်သို့ ဒီတစ်ခေါက်လာရောက်ခဲ့ရသည်မှာ အတော်တော့ ကသိကအောက်နိုင်လှသည်။ ဒါပေမဲ့ အမေက စိတ်များမှမပျက်မိ၊ ဟိုအရင် အခေါက်အခါများက လာရောက်ခြင်း ပြုခဲ့ရသည် ထက်ပင် ပိုလို့များ စိတ်အားတက်မိသည်"[၁]

ဟု ဖော်ပြထားသည်။ တောရွာ၌နေ၍ ရန်ကုန်ထောင်သို့ လာတွေ့ရသော အမေအို၏ ဒုက္ခနှင့် အစပျိုးထားသည်။ အမေ၏အနေအထားကို–

> "အမေ၏အသက်အရွယ်မှာ အတော်ချည်း အိုမင်းခဲ့ပေပြီ။ အမေ၏ နဖူးရေ၊ ပါးရေတို့သည်လည်း ရှုံ့တွကာ လျော့ရဲခဲ့ပေပြီ။ အမေ၏ ဦးခေါင်းထက်မှ နည်းပါးသော ဆံပင်တို့သည်လည်း ဖြူဆွတ်ဆွတ် ရှိအပ်ခဲ့ပေပြီ။ အမေ၏နားတို့သည်လည်း ခပ်ထိုင်းထိုင်းရှိခဲ့သည် မျှမက အမေ့ခါးတို့သည်လည်း ကိုင်းရရှိင်း ရှိအပ်ခဲ့ပေပြီ"[၂]

ဟု ကရုဏာရသမြောက်အောင် အနုစိတ် ရေးဖွဲ့တင်ပြထားပါသည်။ ထိုကဲ့သို့ အမေ၏ရုပ်လုံးကို သရုပ်ဖော်ပြီးမှ သားထံသို့လာရောက်ရာတွင် အခက်အခဲများရှိပုံကို တင်ပြသည်။ ငွေကြေးအခက်အခဲရှိပုံ၊ သို့ရာတွင် ယခင်က ရွာရှိလူများထံမှ တောင်းပန်ပြောဆို၍ စရိတ်ရခဲ့သည်။ ယခုချိန်တွင်မူ စရိတ်အတွက် ချေးငှားရန် မလွယ်ပေ။ အမေအတွက် ထပ်ဆင့်အခက်အခဲကြုံရပုံဇာတ်ကွက်ကို တင်ပြရာတွင် စာရေးသူက လွတ်လပ်ရေးခေတ်ဦး အုပ်ချုပ်ရေးတွင် ပေါ်ထွန်းလာသော ပျူစောထီးစစ်ဆင်ရေးကို ခေတ်နောက်ခံအဖြစ် တင်ပြခဲ့သည်။ လက်ရှိအစိုးရခေတ်တွင် ပျူစောထီးစီမံကိန်းကြောင့် ရွာသားများမှာ အလုပ်ကိုဖြောင့်အောင် မလုပ်ကြရပေ။ သူကြီးမောင်းသံ ကြားလျှင် ပြေးလွှားသွားကြရသည်။ ပျူစောထီးတို့တောင်းသမျှ ရှာဖွေပေးရ၍ ကြပ်တည်းလာရသည်။ ထိုသို့သော ခေတ်နောက်ခံအနေအထားကို–

> "လက်ရှိအစိုးရတို့က တစ်ဖက်မှ လွတ်ငြိမ်းခွင့်ကို အသံကုန် ကြွေးကြော်လျက် တစ်ဖက်မှလည်း ပျူစောထီးစစ်ဆင်ရေးကို

[၁] သစ်လွင်(လင်းယုန်)၊ ၂၀၁၇၊ ၁၀၆။
[၂] သစ်လွင်(လင်းယုန်)၊ ၂၀၁၇၊ ၁၀၆။

> အစွမ်းကုန် လုံးပမ်းလျက်ရှိကြသဖြင့် အမေတို့ရွာမှာလည်း ထိုမည်သော ပျူစောထီးစစ်ဆင်ရေးမှာ ဆိုင်းမပါ၊ ဗုံမပါနှင့် စေတစ်လုံး ပခုံးထမ်းကာ ရွာသူကြီးထံမှ တစ်ဆင့်ခံ ရောက်လာပြန်ချေသည်"[၁]

ဟု ရေးသားထားသည်။ ထိုနောက်ခံအဖွဲ့တွင် လွတ်ငြိမ်းခွင့်ကို အသံကုန်ကြွေးကြော်လျက် ပျူစောထီးစစ်ဆင်ရေးမှာ ဆိုင်းမပါ၊ ဗုံမပါနှင့် စေတစ်လုံးပခုံးထမ်းကာ အသုံးအနှုန်း အရေးအဖွဲ့များသည် နောက်ခံအဖွဲ့ကို ပို၍ပီပြင်လာသည်။ လွတ်လပ်ရေးခေတ်ဦး ပျူစောထီးစီမံကိန်းသည် ရွာသားတို့အား စေခိုင်းအသုံးပြုရန်သာ ဖြစ်နေသည့် သဘောကို ထင်ဟပ်ပြသည်။ ရွာသားများနှင့်တကွ သူကြီးအခြေအနေကိုလည်း–

> "တစ်အိမ်တစ်ယောက် လာရမည်ဆိုသော ရွာသူကြီးမင်း၏ ဆင့်ဆိုချက်နှင့်အတူ အမေတို့တစ်ရွာလုံးမှာ ဘုမသိဘမသိနှင့် ပျူစောထီးကို ခရီးဦးကြိုပြုရတော့၏။ ဧည့်ခံရတော့၏။ အမေတို့လို ရွာသူရွာသားတွေသာဘုမသိဘမသိမဟုတ်ရွာသူကြီးကိုယ်တိုင်က လည်း ပျူစောထီးကို ဘာရယ်ဟု ကွဲကွဲပြားပြား မသိ၊ လုံးစေ့ ပတ်စေ့ နားမလည်။ ဒါပေမဲ့ ရွာသူကြီး ဆိုသူတွေမှာလည်း စေသည့်ကျွန် ထွန်သည့်နွားတွေပင် မဟုတ်ပါလား"[၂]

ဟု ရေးဖွဲ့တင်ပြထားပါသည်။ ဖဆပလအစိုးရခေတ် ပျူစောထီးစီမံကိန်းအနေအထား နှင့် ရွာသူရွာသားတို့၏ ခံယူချက်သဘောထားများကို ပေါင်းစပ်တင်ပြထားသည်။ 'ဘုမသိ ဘမသိ'၊ 'လုံးစေ့ပတ်စေ့ နားမလည်'၊ 'ဘာရယ်ဟု ကွဲကွဲပြားပြား မသိ' ဆိုသည့် စကားအဖွဲ့အနွဲ့က ထိုခေတ် ကျေးလက်နေပြည်သူတို့ နားလည်သိရှိခြင်း မရှိဘဲ ပျူစောထီးရန် ကြောက်နေရသော ခေတ်သရုပ်ကို ပေါ်စေသည်။ သူကြီး ကလည်း ပျူစောထီးဆိုသည်မှာ ပုဂံပြည်၌ ကြက်ကြီး၊ ငှက်ကြီးတို့ မင်းမူသောကြောင့် ထိုကြက်ကြီး၊ ငှက်ကြီးတို့ကို တွန်းလှန်နှိမ်နင်းသော လူစွမ်းကောင်း ဖြစ်သည်။ ကျွန်ုပ်တို့ရွာ၌လည်း တစ်အိမ်တစ်ယောက် ယောကျ်ားများသည် ပျူစောထီးတပ်ဖွဲ့ဝင် များအဖြစ် ကာကွယ်ရမည်။ အိမ်တိုင်းတွင် မီးတုတ်၊ မီးကွင်း၊ မီးကပ်၊ နှစ်ဖက်ချွန်၊ ဝါးရင်းတုတ်တို့ အသင့်ပြင်ထားကြရမည်ဟု ညွှန်ကြားထားသည်။ သူကြီး၏ မသိ ဝိုးတဝါးပြောစကားကို ရွာသားတစ်ယောက်က–

---

[၁] သစ်လွင်(လင်းယုန်)၊ ၂၀၁၇၊ ၁၀၇။
[၂] သစ်လွင်(လင်းယုန်)၊ ၂၀၁၇၊ ၁၀၇။

> "ဟုတ်ပါဘူး သူကြီးမင်းရဲ့၊ ကျုပ်တို့မှာ ဘယ်ကလာ ဝက်ကြီးတွေ၊ ကြက်ကြီးတွေ မင်းမူရမှာလဲ။ ကရင်ဘိုးပန်းဖံအိမ်မယ် မွေးထားတဲ့ ဝက်ကြီးတွေဆိုရင်လည်း မြို့ပေါ်က တရုတ် 'လောစံ' ကို ရောင်းလို့တောင် မလောက်ဘူး၊ တောင်ပိုင်းက ကုလား 'ဘာစံမြား' အိမ်က ကြက်ကြီးတွေဆိုရင်လည်း ကာလသားတွေ ညညခိုးစားလို့ ကုန်နေပြီ။ အဲဒီထဲ ခင်ဗျားပျူစောထီးက ဘာများ အရေးကြီး လာပြန်တာလဲ၊ ကျုပ်တို့တွေ အလုပ်ပဲ ကောင်းကောင်းမလုပ်ရဘူး၊ မနှစ်ကလည်း ပြည်တော်သာဆိုပြီး ဖောက်လိုက်တဲ့လမ်းတွေ၊ တူးလိုက်တဲ့ရေတွင်းတွေ ဖတ်ဖတ်ကိုမောသွားတာပဲ"[၁]

ဟု ပြန်ပြောသည်။ ထိုအခါ သူကြီးက ကြက်ကြီးတို့ ဝက်ကြီးတို့ဆိုသည်မှာ သူပုန်များကို ဆိုလိုသည်ဟု ပြန်ပြောသည်။ ထိုအခါ ဆယ်အိမ်ခေါင်း ဖိုးပန်းသာက–

> "ဟင် – သူပုန်တွေ၊ ဟုတ်လား၊ နို့ – တစ်လောတုန်းက သူကြီး မြို့က ပြန်လာတော့ အစိုးရက လွတ်ငြိမ်းခွင့်ပေးလို့ ပြည်တွင်းစစ် ရပ်စဲတော့မယ်ဆို၊ အခုတော့ တစ်မျိုးဖြစ်လာပြန်ပလား၊ ခင်ဗျားတို့ ဟာကလည်း ရေမှုတ်တစ်ဖက်၊ မီးစတစ်ဖက် ဖြစ်နေပါကလား"[၂]

ဟု ပြန်ပြောသည်။

ထိုသို့အားဖြင့် အမေနေထိုင်ရသော ရွာ၏အခြေအနေကို ဝတ္ထု၏နောက်ခံ အဖြစ် တင်ပြရာ၌ ခေတ်အခြေအနေပါ ပါဝင်လာသည်။ ဖဆပလအစိုးရလက်ထက်တွင် ပြည်တွင်းစစ် ဖြစ်ပွားသည်။ သူပုန်များကို ကြောက်ရသည်။ အစိုးရကလည်း ငြိမ်းချမ်းရေး ရအောင် မဖြေရှင်းနိုင်ပေ။ လွတ်ငြိမ်းခွင့်ပေးမည်၊ ပြည်တွင်းစစ်ရပ်စဲတော့မည်ဆိုသော သဘောအမျိုးမျိုး ဖြစ်နေသည်။ ပြည်တော်သာစီမံကိန်းဆိုသည်မှာ ဖဆပလ လက်ထက် အမည်တပ်ခေါ်ဝေါ်ချမှတ်သော စီမံကိန်း ဖြစ်သည်။ ထိုစီမံကိန်းမှာလည်း အကောင်အထည် မပေါ်ပေ။ အစိုးရအားနည်းချက်များနှင့် ပြည်သူတို့ ပင်ပန်းဆင်းရဲ ရပုံများကို နောက်ခံအဖြစ် တင်ပြထားသည့်အတွက် ဝတ္ထုသည် ဖြစ်ရပ်မှန်နှင့်နီးစပ်ပြီး အသင့်ယုတ္တိ အားကောင်းလာသည်။ ထိုနောက်ခံများကြောင့် အမေ၏အခက်အခဲ များသည် ပို၍ လေးလံဖိစီးလာရသည်။

သူပုန်များကြောင့် မြို့တက်လာရသောသူများသည် မင်းမနိုင်ရပ်ကွက်သစ်၌ နေသူများ ရှိသည်။ အမေနှင့်အမျိုးတော်စပ်သူရှိ၍ ထိုရပ်ကွက်၌ တည်းရသည်။

---

[၁] သစ်လွင်(လင်းယုန်)၊ ၂၀၁၇၊ ၁၀၈။

[၂] သစ်လွင်(လင်းယုန်)၊ ၂၀၁၇၊ ၁၀၈။

မင်းမနိုင်ရပ်ကွက် မီးလောင်သည့်အတွက် ရပ်ကွက်ကို ဖျက်သိမ်းခြင်း ခံရသည်။ အခြားနေရာသို့ ပြောင်းရွှေ့ရသည်။ အစိုးရကလည်း မင်းမနိုင်ရပ်ကွက်ကို ဖျက်သိမ်းရန်အတွက် နေထိုင်သူများ ဖယ်ပေးစေရန် မျက်ရည်ယိုဗုံးဖြင့် ပစ်သည်။ ထိုကဲ့သို့သော လွတ်လပ်ရေးခေတ်ဦး၏ တိုင်းရေးပြည်ရေး အခြေအနေများကိုလည်း ရန်ကုန်ရောက် အမေ၏ အတွေ့အကြုံအခက်အခဲဖြင့် ပေါင်းစည်းဆက်စပ်ကာ ထည့်သွင်းတင်ပြထားပါသည်။ အမေသည် မင်းမနိုင်ရပ်ကွက် မရှိတော့၍ ဆိုက်ကားသမားအား ပြောင်းရွှေ့သွားသော ရပ်ကွက်ကို လိုက်ပို့စေသည်။ မင်းမနိုင်ရပ်ကွက်နှင့်ပတ်သက်၍ ဖြစ်ရပ်များကို ဆိုက်ကားဆရာ၏ ပြောကြားဟန်ဖြင့် တင်ပြထားသည်။

အမေသည် မိမိ၏အသိရှိရာသို့ ရောက်သောအခါ၌လည်း ငြိမ်းမယ်က မျက်ရည်ယိုဗုံးဖြင့် အပစ်ခံရကြောင်း ပြောဆိုခန်း၌–

> "ဘယ်သူက ပစ်ရမလဲ အမေ၊ အစိုးရက ပစ်တာပေါ့၊ မီးလောင်ခံရလို့ ဟိုဘက်က ကွက်လပ်ထဲမှာ တဲအိမ်တွေ သွားဆောက်နေကြတာ၊ ဖျက်မပေးကောင်းလားလို့ မျက်ရည်ယိုဗုံးနဲ့ ပစ်တာပေါ့"[၁]

ဟူသော ပြောစကားဖြင့် ဆင်းရဲသားတို့၏ ဘဝအခြေအနေကို ထင်ဟပ်ပြသည်။ လက်လုပ်လက်စား အလုပ်သမားတို့၏ဘဝတွင် ဒုက္ခမျိုးစုံနှင့်ကြုံတွေ့ရပုံကို ငြိမ်းမယ်၏ အပြောဖြင့်–

> "သင်္ဘောကြီးဆင်းပြီး ကူလီထမ်းရင်းက ဆန်အိတ်ပိလိုက်တာ ကံကောင်းလို့ မသေတယ်။ အခု အလုပ်မဆင်းနိုင်တာ တစ်လကျော်သွားပြီ အမေ၊ အဲဒါနဲ့ သူ့ကိုအိမ်မှာ ကလေးတွေနဲ့ထားပြီး ကျွန်မက ပဲပြုတ်ထွက်ရောင်းနေရတယ်။ ဘုတ်ဆုံတော့ အကြော်စုံလည်ရောင်းခိုင်းရတယ်။ အမေ့မြေး တော်တော်ကြာရင် အကြော်ဗန်းနဲ့ ပေါက်လာပါလိမ့်မယ်"[၂]

ဟု တင်ပြထားသည်။

စာရေးသူသည် ခေတ်နောက်ခံ အဖြစ်အပျက်များကို တင်ပြရာ၌ အဓိက ဇာတ်ဆောင် အမေနှင့် ဆက်စပ်တင်ပြထားသည်။ အမေနေထိုင်ခဲ့သော ရွာ၏ အနေအထား၊ ရန်ကုန်တွင် အမေတည်းခိုရသော ရပ်ကွက်နေသူများ၏ အနေအထားများ ဖြစ်သည်။ ခေတ်နောက်ခံအဖွဲ့ သဘောဆောင်သော ဇာတ်ကွက်များကို ချဲ့ထွင်

---

[၁] သစ်လွင် (လင်းယုန်)၊ ၂၀၁၇၊ ၁၁၁။
[၂] သစ်လွင် (လင်းယုန်)၊ ၂၀၁၇၊ ၁၁၁။

တင်ပြပြီး ပင်မဇာတ်ကွက်နှင့် ချိတ်ဆက်ယူထားသည်။ ဖြစ်ရပ်မှန်နောက်ခံအဖွဲ့များကြောင့် ဝတ္ထုသည် အသင့်ယုတ္တိ အားကောင်းလာပြီး၊ ရသခံစားမှု ဖြစ်ပေါ်လာစေပါသည်။ ပြည်တော်သာထောင်ကြီးအတွင်း၌ အကျဉ်းချခံနေရသော သား၏ဖြစ်ရပ်ကို တင်ပြရာတွင် ရန်ကုန်မြို့တော် ပြည်တော်သာထောင်ကြီးအတွင်း လက်ရှိအစိုးရတို့အား ထိခိုက်နစ်နာစေသည်ဆိုသော စာပေတို့ကို ရေးသားသည့်အတွက် ပုဒ်ထီး၊ ပုဒ်မ အမျိုးမျိုးတို့ဖြင့် ဖမ်းဆီးအကျဉ်းချခဲ့သည်မှာ သုံးနှစ်သုံးမိုးကြာခဲ့ပြီ ဖြစ်သည်။ အဖိနှိပ်ခံဆင်းရဲသား လူတန်းစားဘက်မှ ရပ်တည်သော စာရေးဆရာများကို အစိုးရက ထောင်သွင်းအကျဉ်းချနေသည်။ ထိုသို့ ထောင်သွင်းအကျဉ်းချရာ၌လည်း တစ်ကြိမ်နှင့်မပြီး စာအုပ်တွင်ပါရှိလာတိုင်း ထပ်ခါထပ်ခါ ဖမ်းဆီးလေ့ ရှိသည်။ အမေသည် ထောင်ဗူးအပေါက်ဝကို စောင့်ကြည့်ပြီး သားကိုမျှော်နေသည်။ သားကိုတွေ့ရ၍ အမေနှင့်သား ဝမ်းမြောက်ခိုက်တွင်ပင်–

> "ဒီမယ် ဝမ်းနည်းပါတယ်ဗျာ၊ ခင်ဗျားကို နောက်ထပ် စာအုပ် တစ်အုပ်အတွက် အခုပဲ ပြန်ဖမ်းဖို့ အမိန့်ပါလာပါတယ်"[၁]

ဟု ပြောဆိုလာသည်။

သားထံသို့ အမေ အရောက်လာခန်းသည် ဇာတ်တက်ပိုင်း ဖြစ်သည်။ သားလွတ်မြောက်ရေးသည် အမေ၏ပန်းတိုင် ဖြစ်သည်။ အကြီးမားဆုံးမျှော်လင့်ချက် ဖြစ်သည်။ ဇာတ်ထွတ်၌ ထိုမျှော်လင့်ချက် ပျက်စီးခဲ့သည်။ ထိုကဲ့သို့ အစိုးရက မိမိတို့အစိုးရအား ထိပါးရေးသားသော စာရေးဆရာတို့ကို အဆက်မပြတ် ပြင်းပြင်းထန်ထန် နှိပ်ကွပ်နေသော်လည်း စာရေးဆရာတို့သည် အားမာန်မလျော့ဘဲ ပြည်သူဘက်မှ ဆက်လက်၍ ရပ်တည်သည်။ ဒီမိုကရေစီအခွင့်အရေးကို မျှော်လင့်နေကြောင်း ဇာတ်သိမ်း၌ စာရေးဆရာဇာတ်ဆောင် အပြောဖြင့် တင်ပြခဲ့သည်။ စာရေးဆရာဇာတ်ဆောင်က–

> "ပြန်ပါ အမေရယ်၊ ကျွန်တော့အတွက် အမေ ဒုက္ခမခံပါနဲ့၊ ရေဆိုတာ အမြဲတမ်း ဆန်မနေပါဘူး အမေ။ တစ်နေ့ ပြည်သူတွေက အာဏာရတဲ့အခါတော့ စုန်ရေကို အမေတွေ့လာပါလိမ့်မယ်"[၂]

ဟူသော ပြောစကားဖြင့် တင်ပြထားသည်။ ထိုပြောစကားသည် လက်ရှိအစိုးရ၏ အဖိနှိပ်ခံနေရသော်လည်း မျှော်လင့်ချက်မပျက်သော ပြည်သူတို့၏စိတ်ဓာတ်ကို ထင်ဟပ်

---

[၁] သစ်လွင်(လင်းယုန်)၊ ၂၀၁၇၊ ၁၁၃။

[၂] သစ်လွင်(လင်းယုန်)၊ ၂၀၁၇၊ ၁၁၃။

ပြသည်။ ဇာတ်ဆောင်တို့၏စရိုက်ကို ဖော်ပြခြင်း၊ ဆုံးရှုံးရသော်လည်း မျှော်လင့်ချက်ဖြင့် ရှင်သန်ခြင်းတို့ဖြင့် ဇာတ်သိမ်းထားသည်။ ပြောစကားက ဇာတ်ဆောင်၊ ဇာတ်လမ်းကို ပုံဖော်လိုက်ခြင်းဖြစ်သော်လည်း ထိုဇာတ်ဆောင်၊ ဇာတ်လမ်းပင် ခေတ်နောက်ခံဖြစ်သည်။ ထိုဝတ္ထုတွင် ခေတ်နောက်ခံကြောင့် ဇာတ်လမ်း၊ ဇာတ်ဆောင်တို့ကလည်း ခေတ်သရုပ်ကို ထင်ဟပ်ဖော်ကျူးနိုင်သည့် သဘောကို တွေ့ရပါသည်။

## ခြုံငုံသုံးသပ်ချက်

လွတ်လပ်ရေးခေတ်ဦးကာလများသည် တိုင်းပြည်မငြိမ်းချမ်းသော အချိန်အခါ ဖြစ်သည်။ ပြည်တွင်းစစ်များကြောင့် ပြည်သူတို့သည် ဆယ်စုနှစ်ကျော်ခန့် ဘဝဒုက္ခ အမျိုးမျိုးကို ခံစားခဲ့ကြရသည်။ ထိုအချိန်ကာလတွင် ပြည်သူ့ဘက်တော်သား စာရေး ဆရာများ ပေါ်ထွန်းလာခဲ့သည်။ ထိုထဲတွင် ဇန်းမော်တင်အောင်သည် ထိပ်ဆုံးက ဖြစ်သည်။ ပြည်တွင်းစစ်ကြောင့် ကျေးလက်နေပြည်သူတို့သည် တောရွာများ၌ မနေ နိုင်ဘဲ မြို့သို့ ထွက်ပြေးခဲ့ကြရသည်။ ထိုသို့သော အခြေအနေများကို ဇန်းမော် တင်အောင်၏ 'ရန်ကုန်မြို့ရဲ့ညတစ်ည'၊ ကျော်အောင်၏ 'ငါးကျပ်တန်တစ်ရွက်'၊ လင်းယုန်သစ်လွင်၏ 'စုန်ရေနှင့်ဆန်ရေ' ဝတ္ထုတိုများတွင် ထင်ဟပ်နေပါသည်။ ဇန်းမော်တင်အောင်၏ 'ရန်ကုန်မြို့ရဲ့ညတစ်ည' ဝတ္ထုတို၌ အရင်းရှင်လူတန်းစားတို့ ပျော်မွေ့ရာ ရန်ကုန်မြို့၏ညတွင် စိန်ရောင်၊ ရွှေရောင်၊ ကားမီးရောင်တို့ တောက်ပ လင်းလက်နေချိန်တွင် သူပုန်ရန်ကြောင့် ထွက်ပြေးလာရသော ငတ်မွတ်နေသည့် သားအဖ နှစ်ဦး၏ ဒုက္ခနှင့် အနုပညာသည်တစ်ဦး၏ မေတ္တာစေတနာတို့ကို ပေါင်းဖွဲ့၍ ဇာတ်လမ်းဆင် တင်ပြထားသည်။ အနုပညာရှင်တစ်ဦးအပေါ်တွင် အရင်းရှင်လူတန်းစား တို့၏ အပေါ်ယံအခြေအနေကို ကြည့်ပြီး နှိမ့်ချဆက်ဆံပုံကိုလည်း ထည့်သွင်း ရေးဖွဲ့ထားပါသည်။ ထိုဝတ္ထုဇာတ်သိမ်းတွင် စာရေးဆရာအား ငွေတစ်ကျပ်ကို ပေးခဲ့သော ကားကြီးထဲမှ မိန်းမပျိုသည် ထိုစာရေးဆရာ ရေးဖွဲ့ခဲ့သော မုန်တိုင်းထဲက လူဝတ္ထုကို နှစ်နှစ်သက်သက် ဖတ်ရှုနေသည်ဆိုသည့် မတူညီသော အနေအထား တစ်ရပ်ကို တင်ပြလိုက်ခြင်းမှာ စိတ်ကူးကောင်းမွန်လှပါသည်။ လွတ်လပ်ရေး ခေတ်ဦးကာလတွင် ကျေးလက်တောရွာနေ ဆင်းရဲသားတို့ဘဝဒုက္ခကို တင်ပြရာ၌ ကာလဒေသနောက်ခံအဖွဲ့ အခင်းအကျင်းများဖြင့် ဇာတ်လမ်းဆင်တင်ပြထားသည်ကို တွေ့ရသည်။

ကျော်အောင်၏ 'ငါးကျပ်တန်တစ်ရွက်' ဝတ္ထုတိုမှာလည်း ကျေးလက်နေ ဆင်းရဲသား လူတန်းစားတို့၏ဘဝဒုက္ခကို ထင်ဟပ်ရေးဖွဲ့ထားသော ဝတ္ထုတိုတစ်ပုဒ် ဖြစ်သည်။ လောင်းကစားသမားတစ်ဦးနှင့် လမ်းဘေးတွင် အိပ်ပျော်နေသော

သူတောင်းစားမကလေးတို့ကို ဆက်စပ်၍ ဇာတ်လမ်းဆင်ပုံမှာ စိတ်ကူးကောင်းသည်။ ဆင်းရဲသားတို့ဘဝကို ဇာတ်နာအောင် တင်ပြထားသည်။ လင်းယုန်သစ်လွင်၏ 'စုန်ရေနှင့်ဆန်ရေ' ဝတ္ထုတိုမှာလည်း ဆင်းရဲသားလူတန်းစားတို့ဘက်မှ ရပ်တည်သော စာရေးဆရာတို့ကို အုပ်ချုပ်သူအစိုးရက ဖိနှိပ်ညှဥ်းဆဲပုံတို့ကို တင်ပြထားသည်။ တိုင်းပြည်မငြိမ်းချမ်းသောကြောင့် မြို့တက်၍လာရသော ဆင်းရဲသားလူတန်းစားတို့ ကြုံတွေ့ရသည့် ဘဝဒုက္ခများပါဝင်အောင် ဇာတ်လမ်းဆင်ထားသည့်အပြင် ထိုခေတ်တွင် ပေါ်ထွန်းခဲ့သော ပျူစောထီးအဖွဲ့နှင့် ပြည်တော်သာစီမံကိန်းများကိုလည်း ထင်ဟပ်ပြထားသည်။ ဇန်းမော်တင်အောင် ရေးဖွဲ့ခဲ့သည့် 'အမေ' ဆိုသည့် ဝတ္ထုရှည်နှင့် တူညီသည့် သဘောများ ပါဝင်ပါသည်။ ဇန်းမော်တင်အောင်၏ ဝတ္ထုမှာလည်း သူ၏ဘဝဖြစ်ရပ်မှန်ကို ဇာတ်လမ်းဆင်တင်ပြထားခြင်း ဖြစ်သည်။ လင်းယုန်သစ်လွင်သည်လည်း ဇန်းမော်တင်အောင်၏ဇာတ်လမ်းလိုပင် စာရေးသူဘက်မှရပ်တည်၍ ခံစားရေးဖွဲ့ခြင်းဖြစ်သည်ဟု ထင်မြင်မိပါသည်။

အဆိုပါ ဝတ္ထုတိုသုံးပုဒ်သည် စာရေးသူတို့၏ ခေတ်အတွေ့အကြုံ၊ ဘဝအတွေ့အကြုံပေါ် အခြေခံပြီးလျှင် လွတ်လပ်ရေးခေတ်ဦး ဆင်းရဲသားလူတန်းစားတို့ဘဝကို ကရုဏာရသမြောက်အောင် ဇာတ်လမ်းဆင်တင်ပြထားသည်ကို တွေ့ရပါသည်။ စာရေးသူ၏ ဆင်းရဲသားလူတန်းစားဘက်မှ နာကျင်ခံစားမှုနှင့် ခေတ်နောက်ခံကို ပီပြင်အောင် ရေးဖွဲ့ထားသည့်အတွက် ခေတ်သရုပ်ဖော်၊ ဘဝသရုပ်ဖော် ဝတ္ထုကောင်းများအဖြစ် ရပ်တည်နိုင်ခြင်းဖြစ်သည်ဟု ထင်မြင်မိပါသည်။

## နိဂုံး

စာရေးသူတို့သည် ခေတ်ကိုဖြတ်သန်းကျော်လွှားရင်း ဘဝအတွေ့အကြုံများ၊ ခေတ်အတွေ့အကြုံများကို ခံစားမှုနှင့်ယှဥ်၍ ဝတ္ထုတိုများအဖြစ် ဇာတ်လမ်းဆင်ရေးဖွဲ့ခဲ့ကြပါသည်။ လွတ်လပ်ရေးခေတ်ဦး အခြေအနေများကို ရန်ကုန်ဘဆွေသည် 'တဟီဟီလမ်းကြား'၊ 'ရေချိုမလေး'၊ 'အခွဲခံမလေး'၊ 'တောအပျို' စသည့် ဝတ္ထုတိုများဖြင့် ရေးဖွဲ့တင်ပြခဲ့သည်။ တက္ကသိုလ်မြစိမ်း၏ 'မိုးရွာသောညများ' ဝတ္ထုတိုတွင်လည်း ထိုခေတ်၏သဘောများ ထင်ဟပ်လျက် ရှိပါသည်။ ရန်ကုန်ဘဆွေ၏ ဝတ္ထုတိုများမှာမူ အုပ်ချုပ်သူလူတန်းစားကို သရော်သည့်သဘောများ ပါဝင်သည်ကို တွေ့ရပါသည်။ စာရေးသူတို့၏ ခေတ်အပေါ် ခံစားမှုအပြင် အသီးသီးပါဝင်နေသော အခြားသော ခေတ်နောက်ခံဝတ္ထုများကိုလည်း ဆက်လက်လေ့လာတင်ပြသင့်သည်ဟု ထင်မြင်မိပါသည်။

## ကျမ်းကိုးစာရင်း


### မြန်မာဘာသာ

ကျော်အောင်။ (၂၀၀၅)။ ငါးကျပ်တန်တစ်ရွက်၊ ***(၂၀)ရာစု မြန်မာဝတ္ထုတို ၁၀၀ စာရေးဆရာ ၁၀၀***။ ရန်ကုန်၊ သီဟရတနာစာပေ။

တက်တိုး။ (၁၉၆၅–ခ)။ ***ကမ္ဘာကျော်ဝတ္ထုတိုများနှင့် တက်တိုး၏ရှင်းပြချက်***။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်။

တင်အောင်(ဗန်းမော်–)။ (၂၀၀၅)။ ရန်ကုန်မြို့ရဲ့ညတစ်ည၊ ***(၂၀)ရာစု မြန်မာဝတ္ထုတို ၁၀၀ စာရေးဆရာ ၁၀၀***။ ရန်ကုန်၊ သီဟရတနာစာပေ။

ထင်လင်း။ (၁၉၇၉)။ ***ဘာသာပြန်ဝတ္ထုတို၊ ဝတ္ထုတိုစာတမ်းများ(ဒုတိယတွဲ)***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

နတ်နွယ်။ (၁၉၇၅)။ ***ကာလဒေသနှင့်လုပ်ငန်းအငွေ့အသက်၊ တော်လှန်စာပေ***။ ရန်ကုန်၊ စံပယ်ဦးစာပေ။

မြသန်းတင့်။ (၂၀၀၅)။ ***စာရေးခြင်းအတတ်ပညာ***။ ရန်ကုန်၊ စစ်သည်တော်စာပေ။

သစ်လွင်(လင်းယုန်)။ (၂၀၀၇)။ စုန်ရေနှင့်ဆန်ရေ၊ ***မြန်မာဝတ္ထုတိုစုစည်းမှု ၁၀၀***။ ရန်ကုန်၊ လင်းလွန်းခင်စာပေ။

သိန်းဖေမြင့်။ (၁၉၆၈)။ ***ဝတ္ထုတိုပေါင်းချုပ်***။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်။

အောင်သင်း။ (၁၉၇၈)။ ***စာပေရေးရာဆောင်းပါးများ***။ ရန်ကုန်၊ အမေ့အိမ်စာစဉ်။

### အင်္ဂလိပ်ဘာသာ

Laurie E . Rozakis, Ph.D, (2004). THE COMPLETE IDIOT'S GUIDE TO CREATIVE WRITTING. Alpha books, 375 Hudson street, New York, NY 10014.

Lucke, Margaret. (1998). Schaum's Quick Guide To writing Great Short Stories, New York Me Graw, Hill, 11, West 19 th street.

Boulton, Majorie, (1975), The Anatomy of the Novel London and Boston Routledge & Kegan Paul Ltd.

# မော်ဘီဆရာသိန်း၏ 'ဗဟုသုတ ဟင်းလေးအိုး' စာအုပ်မှ လူ့သဘာဝစရိုက် သရုပ်ဖော်အဖွဲ့များ

ပပဝင်း*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မော်ဘီဆရာသိန်းဘရေးသားသော 'ဗဟုသုတဟင်းလေးအိုး' စာအုပ်မှ 'လူ့သဘာဝစရိုက် သရုပ်ဖော်အဖွဲ့များ' ကို လေ့လာတင်ပြထားသော စာတမ်း ဖြစ်ပါသည်။ 'ဗဟုသုတဟင်းလေးအိုး' စာအုပ်တွင် ဖော်ပြထားသော ပုဂ္ဂိုလ်ထူးတို့၏ မွန်မြတ်လှသော စိတ်နေသဘောထားတို့ကို အတုယူလိုစိတ်၊ နှစ်သက်စိတ် ဖြစ်ပေါ်လာအောင် တင်ပြနိုင်သော မော်ဘီဆရာသိန်း၏ စရိုက်သရုပ်ဖော် အဖွဲ့စွမ်းရည်ကို ထုတ်ဖော်တင်ပြထားပါသည်။ ဤစာတမ်းတွင် အခန်း(၁) မော်ဘီဆရာသိန်း၏ ဘဝနှင့်စာပေ၊ အခန်း(၂) မော်ဘီဆရာသိန်း၏ 'ဗဟုသုတဟင်းလေးအိုး' စာအုပ်မှ လူ့သဘာဝစရိုက် သရုပ်ဖော်အဖွဲ့များ လေ့လာချက်တို့ ပါဝင်ပါသည်။

**သော့ချက်ဝေါဟာရများ** – ***အရိုးခံစကားလုံး၊ ရေးဟန်စကားပြေ၊ ပြောဟန်စကားပြေ၊ လေသံ၊ စရိုက်။***

## နိဒါန်း

စာရေးသူတို့သည် မိမိတို့ပတ်ဝန်းကျင်ကို စိတ်ဝင်စားရာမှ စာကောင်းပေကောင်းများ ပေါ်ထွန်းလာတတ်ပါသည်။ မော်ဘီဆရာသိန်းသည် ရာဇဝင်ကျမ်းများထဲ၌ မပါသော်လည်း တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ကြားခဲ့ပြောခဲ့ကြသော စကားများကို ဖတ်ချင်နာချင်ဖွယ်ဖြစ်အောင် ရေးသားပြီးလျှင် ပါးစပ်ရာဇဝင်စာအုပ်ကို ပြုစုခဲ့သည်။ ပါးစပ်ရာဇဝင်သည် ရာဇဝင်ကဲ့သို့ အချက်အလက်များ မှန်ကန်တိကျသည်ဟု တပ်အပ်သေချာစွာ မဆိုနိုင်သော်လည်း ရာဇဝင်ထက်ပြည့်စုံသည်ဟု ခံစားရစေသည်။ ရာဇဝင်ပါပုဂ္ဂိုလ်တို့၏စရိုက်များ ပို၍ပေါ်လွင်နေသောကြောင့် နှစ်သက်ဖွယ် ဖြစ်သည်။ ရသမြောက်သည်။ ထိုပါးစပ်ရာဇဝင်တွင် မော်ဘီဆရာသိန်းသည် ရာဇဝင်ထဲမှပုဂ္ဂိုလ်များ၏ စရိုက်အဖွဲ့များကို ပေါ်လွင်အောင် ရေးဖွဲ့ခဲ့သည်။

'ဗဟုသုတဟင်းလေးအိုး' စာအုပ်တွင်မူ စာရေးသူ တွေ့ဖူး ကြုံဖူး သိမီဖူးသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များ၏ ထူးခြားသောစရိုက်များကို နှစ်သက်ဖွယ်ဖြစ်အောင် စုစည်းရေးသားထားသည်။ ပုဂ္ဂိုလ်တစ်ဦးချင်း၏ ရိုးဂုဏ်၊ သည်းခံခွင့်လွှတ်သည့်ဂုဏ်၊ ရောင့်ရဲတတ်သည့် ဂုဏ်၊ ညှာတာထောက်ထားတတ်သည့် ဂုဏ်၊ အကောင်း

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

မြင်တတ်သည့်ဂုဏ်၊ စာနာထောက်ထား ကရုဏာထားတတ်သည့် ဂုဏ်များကို ဖတ်ချင်စဖွယ်၊ အတုယူဖွယ်ဖြစ်အောင် စရိုက်ဖော် တင်ပြထားပါသည်။

အရှုးလွယ်အိတ်စာတမ်းတွင်လည်း မြန်မာစာအရေး၊ အဖတ်အရွတ်နှင့် အမှတ်အသား မှန်ကန်ရန် အရေးပါကြောင်းကို သံတော်ဆင့်မင်း၊ နာခံတော်မင်း၊ စာရေးတော်ကြီးမင်း၊ စာဆိုတော်မင်း၊ စာတော်ဖတ်မင်း၊ အမှာတော်ရေးမင်း ခြောက်ဦးတို့သည် သံတော်ဆင့်မင်း အိမ်ဝန်းအတွင်း၌ လက်ဖက်ရည်ဝိုင်းဖွဲ့၍ အပျင်းပြေဆွေးနွေးကြဟန် တင်ပြထားပါသည်။ ယျလေးလုံးပုံပြင်၊ ဗိုျင်းနားမင်္ဂလာစာတမ်း၊ မြန်မာမင်းလက်ထက် ပညာရှိများအကြောင်း၊ မြန်မာဝန်ကြီး မှူးကြီး အတ္ထုပ္ပတ္တိစာတို့သည် မြန်မာရာဇဝင်နှင့် ပျို့လင်္ကာဆိုင်ရာ ဗဟုသုတများဖွယ်ဖြစ်အောင်နှင့် နှစ်သက်ဖွယ်ဖြစ်အောင် ရေးသားထားသည့် စာအုပ်များဖြစ်သည်။ ဗဟုသုတဟင်းလေးအိုး ဆောင်းပါးများမှာမူ စာရေးသူ၏ဘဝအတွေ့အကြုံနှင့် ဘဝအမြင်ပါဝင်သော ဆောင်းပါးများ ဖြစ်ပြီး နှစ်သက်မှုရသကိုပါ ပေးစွမ်းနိုင်သောစာပေဖြစ်သည်။

ဤစာတမ်းကို ပြုစုရာ၌ မှော်ဘီဆရာသိန်း၏စာအုပ်များကို လေ့လာပြီး ‘ဗဟုသုတဟင်းလေးအိုး’ စာအုပ်ပါ ပုဂ္ဂိုလ်သုံးဦး၏ စရိုက်သရုပ်ဖော်အဖွဲ့များကို လေ့လာတင်ပြထားပါသည်။

## ၁။ မှော်ဘီဆရာသိန်း၏ ဘဝနှင့်စာပေ

မှော်ဘီဆရာသိန်းကို သက္ကရာဇ် ၁၂၂၃ ခု နှောင်းတန်ခူးလဆန်း (၂)ရက် တနင်္လာနေ့ မှော်ဘီမြို့နှင့် သုံးမိုင်ခန့်ကွာဝေးသော မင်းရွာ၌ ဦးရွှေကြူ၊ ဒေါ်ငွေတို့မှ ဖွားမြင်ခဲ့သည်။ မွေးချင်း လေးယောက် ရှိသည်။ ဒုတိယမြောက် သား ဖြစ်သည်။ ငယ်မည်မှာ မောင်ဖိုးသိန်း ဖြစ်သည်။ ဆင်းရဲသောကြောင့် သူများလယ်တွင် သူရင်းငှား လုပ်ခဲ့ရသည်။ စပါးကြိတ်၊ မောင်းထောင်း၊ ဆန်ဖွတ်၊ ဆန်ရောင်း၊ လှေထိုး၊ တက်ခတ်၊ ကျွဲကျောင်း၊ စပါးနယ်အလုပ်များကိုလည်း လုပ်ကိုင်ခဲ့ရသည်။ ငယ်စဉ်ဘဝတွင် ဘုန်းကြီးကျောင်းပညာရေးကိုပင် စဉ်ဆက်မပြတ် သင်ခွင့်မရခဲ့ချေ။ ခွင့်ရခိုက်တွင်သာ ခေတ္တမျှ သင်ခဲ့ရသည်။ မင်းရွာကန်ကုန်းကျောင်း ဆရာတော်ထံ၌ သင်္ကန်းတစ်ခါဝတ်စဉ် ပရိတ်ကြီး၊ ရှင်ကျင့်ဝတ်၊ ဇာတ်အဋ္ဌကထာနိဿယ၊ ဇနကဇာတ်၊ တေမိဇာတ်၊ ဝေဿန္တရာဇာတ် စသည့် စာပေဗဟုသုတများကို ကြိုးစားလေ့လာခဲ့သည်။ ဝါသနာအလျောက် ဆိုင်းနောက်ထိုင်၊ ဝါးလက်ခုတ်တီး၊ စည်တီး၊ လူပြက်လုပ်၍လည်း ကခဲ့ဖူးသည်။ ရုပ်စုံစင်၌ အပျိုတော်ရုပ် ကိုင်ခဲ့ဖူးသည်။ မြန်မာသက္ကရာဇ်

၁၂၃၉ တွင် သံလျင်မြို့ ညောင်ဝိုင်းကျောင်းဘုန်းကြီး ဦးနန္ဒမာလာထံ၌ ပညာဆက်လက်သင်ကြားခဲ့သည်။ ဦးပုညမေတ္တာစာ၊ ကန်တော်မင်းကျောင်းမေတ္တာစာ၊ လောကနီတိနိသျ၊ ဇာတ်ကြီးဆယ်ဘွဲ့ဝတ္ထု၊ မြန်မာကဗျာလင်္ကာတို့ကို လေ့လာခွင့်ရခဲ့သည်။ ဦးပုည၏တရားဟောစာများဖြစ်သည့် ဆဒ္ဒန်ဆင်မင်းဝတ္ထု၊ ဝိသယျသူဌေးဝတ္ထု၊ ခင်ပုပ်ငှက်ဝတ္ထု၊ သိဝိမင်းဝတ္ထု၊ လောကပါလဝတ္ထုများကို အရကျက်စေ၍ သီတင်းနေ့တိုင်း တရားဟောခိုင်းသည်။ ဝိဂ္ဂရပျို့၊ ဓမ္မသတ်၊ ရာဇသတ်၊ ဖြတ်ထုံးတို့ကို ကျက်မှတ်ရင်း မေတ္တာစာ အရေးသင်ရသည်။

ဆရာသိန်းသည် စားပွဲထိုး၊ စာရေး စသည်ဖြင့် အလုပ်မျိုးစုံ လုပ်ခဲ့ရသည်။ ၁၈၈၀ ပြည့်နှစ်တွင် ကြေးတိုင်ဝန် ပဲရှော့ထံ၌ လျှောက်လွှာစာရေးအဖြစ် လုပ်ကိုင်ခဲ့ရသည်။ ထိုသို့လုပ်ကိုင်ရင်း ရုံးရှေ့ဖတ် စာရေး ဦးဆိုင်၊ ဘီးလစ်စာရေး ဦးခင်၊ ရှေ့နေ ဦးစံသူ၊ ဦးပုတ်နီ၊ ဆရာဦးသံမှိုတို့နှင့် သိကျွမ်းရင်းနှီး၍ နန်းတွင်းနှင့် ရာဇဝင်ဗဟုသုတများ တိုးပွားလာသည်။ ပေါရာဏဒီပနီကျမ်းကို ၁၂၅၇ ခု၊ တပို့တွဲလဆန်း (၁၅)ရက်နေ့တွင် ရေးသားပြီးစီးခဲ့သည်။ ဆရာသိန်းသည် မိသားစုဝမ်းရေးအတွက် ဟံသာဝတီပုံနှိပ်တိုက်၌ စာပြင်ဆရာ လုပ်ခဲ့သည်။ မြန်မာနိုင်ငံတော် ကမ္ဘည်းကျောက်စာရုံးတွင် ကမ္ဘည်းကျောက်စာ အဖတ်အပြန် အရေးအသားတို့ကို ကူးရင်းဝင်ငွေရှာရသည်။ ဇာတ်ရုပ်သေးပညာသည်များနှင့် ဆက်သွယ်ကာ ဇာတ်ထုပ်၊ ဇာတ်လမ်းသီချင်းရေးပေးရသည်။

၁၉၀၀ ပြည့်နှစ်တွင် ပျဉ်းမနားသို့သွား၍ မြန်မာမင်းလက်ထက်တွင် အမှုထမ်းဖြစ်ခဲ့သော တောအုပ်ကြီး ဦးပန်းဒွေးနှင့် တွေ့ဆုံခဲ့သည်။ ဦးပန်းဒွေးအိမ်၌ ပုရပိုက်မှ ရကန်ဖျက်ဦးလန်း၏ ကဗျာများကို ကူးယူရရှိခဲ့သည်။ စာပေဗဟုသုတရှာမှီးရန် ခရီးဆက်ခဲ့ရာ စစ်ကိုင်းတွင် ညောင်ပင်သာ ဦးပုညနှင့် တွေ့ဆုံ၍ ဖိုးသူတော်ဦးမင်းနှင့် လူဦးမင်းတို့ အပြိုင်အဆိုင် စာချိုးကြပုံ၊ ဘိုးတော်မင်းတရားနှင့် ရောင်းရင်းများဖြစ်သော ဦးမော် ဒေါ်တုတ်တို့အကြောင်းကို ပြည့်စုံစွာ သိရှိမှတ်သားခဲ့ရသည်။ ကင်းဝန်မင်းကြီး ဦးကောင်းထံမှလည်း ဦးပုည၏ပြဇာတ်များကို နန်းတွင်းနန်းပြင် ကပြခဲ့သည့် အကြောင်းတို့ကို သိရှိမှတ်သားခဲ့ရသည်။ စာတော်ဖတ် ဦးအုံထံမှ ရတု၊ ရကန်၊ သာချင်း၊ မော်ကွန်း၊ ပျို့၊ ရေစက်ချ၊ ဆုတောင်းစာဆိုပုံတို့ကို သင်ယူခဲ့သည်။ အလုံ မုံရွာ အနှံ့ရောက်ရှိပြီး စာပေဗဟုသုတများကို ဆည်းပူးခဲ့သည်။ ထိုမှတစ်ဆင့် မောင်းထောင်ကြီးရွာ ရောက်ရှိပြီး ဦးပေါ်ဆယ်နှင့် မောင်းထောင်ဦးကျော်လှတို့နှင့် တွေ့ဆုံခဲ့သည်။ ဦးပေါ်ဆယ်ထံမှ စိန္တကျော်သူဦးဩ၏ ဗဒုံမြို့နယ်နိမိတ်အကြောင်းကို ဖတ်ရှုခွင့်ရခဲ့သည်။ မုံရွာမြို့ ကြေးမုံရွာဘက်သို့သွား၍ လူကြီးသူမများထံ နန်းမတော်မယ်နုအကြောင်း စုဆောင်း၍ ရန်ကုန်သို့ ပြန်ရောက်ခဲ့သည်။ အင်းစိန်၌ ဘုန်းကြီး

ဦးနာရဒထံတွင် ပညာဆက်လက်ဆည်းပူးခဲ့သည်။ ၁၉၁၁ ခုနှစ်တွင် ဘီလူးကျွန်း သင်္ကောဆရာတော်ထံ၌ မွန်ရာဇဝင်ကို မေးမြန်းခဲ့သည်။ ၁၉၁၃ ခုနှစ်တွင် ပေါရာဏ ဒီပနီကျမ်း ဒုတိယတွဲကို ပြီးစီးခဲ့သည်။ ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၁ရက်၊ မြန်မာနှစ် ၁၃၀၃ ခု၊ ပြာသိုလပြည့်ကျော် (၁)ရက် ကြာသပတေးနေ့ အသက်(၈၀)နှစ်တွင် ကွယ်လွန်ခဲ့သည်။

မော်ဘီဆရာသိန်း၏ ဘဝနှင့်စာပေကို ဆက်စပ်ကြည့်လျှင် ဆရာသိန်းသည် နွားကျောင်းရင်း ပညာရှာခဲ့ရသည်။ ပညာကို စဉ်ဆက်မပြတ်သင်ယူခွင့် မရခဲ့ပေ။ ဘုန်းကြီးဝတ်ခိုက်တွင်ပင် ပညာကို ရအောင်သင်ယူခဲ့သူ ဖြစ်သည်။ မော်ဘီဆရာသိန်း ပြုစုရေးသားခဲ့သော ပါးစပ်ရာဇဝင်၊ ဗဟုသုတဟင်းလေးအိုး၊ အရှုးလွယ်အိတ်ကဲ့သို့သော စာအုပ်များတွင် ပါဝင်သော အကြောင်းအရာများသည် ရာဇဝင်များထက်ပို၍ ပြည့်စုံပြီး ထူးခြားဆန်းကြယ်၍ ဖတ်ချင့်စဖွယ် ဖြစ်သည်။ ထိုအကြောင်းအရာများကို အလွယ်တကူနှင့် ရရှိခဲ့ခြင်း မဟုတ်ကြောင်းကိုလည်း သိရသည်။ ဆရာသိန်း၏ စိတ်ကူးသက်သက်ဖြင့် ဖန်တီးရေးသားခြင်း မဟုတ်ကြောင်းကိုလည်း သိလာရသည်။ ဆရာသိန်းသည် ရှေးဟောင်းမြန်မာရာဇဝင် အကြောင်းအရာ ပညာရှိအကြောင်း၊ ရှေးစာပေ အကြောင်းတို့ကို သိမီလိုက်သောပုဂ္ဂိုလ်များကို လိုက်လံရှာဖွေ စူးစမ်းမေးမြန်းခဲ့ခြင်း ဖြစ်သည်။ ပါးစပ်ရာဇဝင်တွင် ပါဝင်သော ဘိုးတော်ဘုရားနှင့် ရောင်းရင်းဘက် ဟူသော အကြောင်းအရာများသည် စိတ်ကူးယဉ်ဆန်သည်ဟု မဆိုနိုင်။ ရာဇဝင် မှတ်တမ်း မတင်ခဲ့သော်လည်း ဆရာသိန်းမေးမြန်း၍ သိရှိခဲ့ရသော သူတို့သည် ဘိုးတော်ဘုရားခေတ်ကို သိမီခဲ့သူများ ဖြစ်သည်။ ပါးစပ်ရာဇဝင်စာအုပ်နှင့် ပတ်သက်၍ ဟံသာဝတီဦးဘရင်က 'ပါးစပ်ရာဇဝင်' သည် ဆရာကြီး၏ကိုယ်တွေ့ကဲ့သို့ လက်လှမ်း မီရာ ရှေးရှေးသောပညာရှိကြီးများနှင့် အဆင့်ဆင့်ဆွေးနွေးရာမှ ရရှိခဲ့သော ရာဇဝင် ဗဟုသုတများ ဖြစ်သည်။ ရာဇဝင်စာအုပ်များတွင် မပါဝင်သော အချက်အလက် အကြောင်းအရာပေါင်း မြောက်မြားစွာကို ဤစာအုပ်တွင် တွေ့မြင်ဖတ်ရှုရလိမ့်မည်။ ရာဇဝင်သုတေသီများနှင့် စာပေလိုက်စားသူများအတွက် တန်ဖိုးရှိလှသည့်အပြင် 'ဟာသရသ၊ အတ္ထာလင်္ကာရဂုဏ်' မြောက်အောင် ရေးသားထားသဖြင့် စာဖတ်သူတို့၏ ဟဒယနှလုံးကို ရွှင်ပြုံးစေနိုင်သော စာအုပ်ကောင်း ဖြစ်ပါသည်[၁] ဟု ဆိုခဲ့သည်။

မော်ဘီဆရာသိန်းနှင့်ပတ်သက်၍ ဆရာဇော်ဂျီကလည်း–

'ဆရာကြီး၏ ပေါရာဏဒီပနီ နှစ်တွဲသည် ဆရာကြီး၏ခေတ်၌ သာမက ယခုခေတ်၌လည်း မှီခိုအားထားရာကျမ်း ဖြစ်သည်။

---

[၁] သိန်း၊ ဆရာ၊ မော်ဘီ၊ ၂၀၀၇၊ ၁၂။

ဆရာကြီးရေးခဲ့သော ပါးစပ်ရာဇဝင်သည် ဘိုးတော်ဘုရားလက်ထက် အဖြစ်အပျက်တို့ကို အရပ်သူ၊ အရပ်သားများမှ တစ်ဆင့်စကား တစ်ဆင့်ကြား၍ မှတ်သားခဲ့ကြသည့်အတိုင်း ပြန်လည်ရေးသားထားသည်ဖြစ်ရာ ရာဇဝင်သည် အသက်ဝင်၍ နှစ်သက်ဖွယ် ဖြစ်သည်။ 'ဗဟုသုတဟင်းလေးအိုး' စာအုပ်ပါ ဆောင်းပါးများသည် လူကိုလေ့လာထားသော ဆရာကြီး၏ ဘဝ အတွေ့အကြုံဆောင်းပါးများ ဖြစ်သဖြင့် ဆရာကြီး၏ ဘဝအမြင်၊ ဘဝသဘောထား ပါသည်။ မော်ဘီဆရာသိန်းသည် အမှတ်အသား ကောင်းသူလည်း ဖြစ်သည်။ စိတ်ကူးဉာဏ်ရှိသူလည်း ဖြစ်သည်။ စကားပြောရာတွင် အကြွားအဝါ မပါ။ ဟိတ်ဟန် မထုတ်တတ်၊ ရိုးရိုးမတ်မတ် စာရေးသူလည်းဖြစ်ရာ ဆရာကြီး၏စာများသည် ချစ်ခင်နှစ်သက်ဖွယ် ဖြစ်သည်"[၁]

ဟုဆိုခဲ့သည်။

အရှုးလွယ်အိတ်စာတမ်းနှင့်ပတ်သက်၍လည်း ဆရာဇော်ဂျီက–

"ဆရာကြီး မှတ်သားစုဆောင်းခဲ့သော စာတိုစာစ၊ ကဗျာတို ကဗျာစတို့၌ စိတ်ဝင်စားခဲ့သည်။ စာမဖတ်တတ်လျှင် လူရယ်စရာ ဖြစ်တတ်ပုံ သာဓကအမျိုးမျိုး၌ စိတ်ဝင်စားခဲ့သည်။ ဆရာကြီး၏ စာများသည် ဗဟုသုတအဖြစ်သာမက မြန်မာစာပေသမိုင်းတွင် ခေတ်ဟောင်းနှင့်ခေတ်သစ်ကို ဆက်ပေးနိုင်သော စာပေကွင်းဆက် တစ်ခုအဖြစ် မြင်မိပါသည်"[၂]

ဟုဆိုခဲ့သည်။

ထို့ကြောင့် 'ဗဟုသုတဟင်းလေးအိုးစာအုပ်' တွင် ပါဝင်သော ဦးပုတ်နီကဲ့သို့သော ပုဂ္ဂိုလ်မျိုးသည် ဆရာသိန်း၏ဘဝတွင် အမှန်တကယ်တွေ့ကြုံဖူးသော ပုဂ္ဂိုလ်များဖြစ်ပြီး ကြည်ညိုလေးစားဖွယ် စရိုက်မှန်ဖြစ်နေသည်ကို သိမြင်ခွင့် ရခဲ့ပါသည်။ ဆရာသိန်းသည် ဆင်းရဲသော်လည်း အားမလျှော့ဘဲ ပညာကို အမှန်တကယ် လိုလားသူ ဖြစ်ကြောင်းနှင့် ပညာကို လက်တွေ့လိုက်လံရှာဖွေရာမှ လူ့စရိုက်ကို ဖော်ထုတ်တင်ပြနိုင်သော စာအုပ်ကောင်းများ ပေါ်ထွက်လာရခြင်းဖြစ်ကြောင်း နားလည်

---

[၁] သိန်း၊ ဆရာ၊ မော်ဘီ၊ ၂၀၀၇၊ ၁–၂။
[၂] သိန်း၊ ဆရာ၊ မော်ဘီ၊ ၂၀၀၇၊ ၂–၃။

သိရှိလာရပါသည်။ မော်ဘီဆရာသိန်း၏ စာအုပ်များသည် သူ၏ဘဝပတ်ဝန်းကျင်ကို စိတ်ဝင်စားရာမှ ပေါက်ဖွားလာသည်ဟု ဆိုနိုင်ပါသည်။

## ၂။ မော်ဘီဆရာသိန်း၏ 'မဟုသုတဟင်းလေးအိုး' စာအုပ်မှ လူ့သဘာဝစရိုက် သရုပ်ဖော်အဖွဲ့များ

စရိုက်သရုပ်ဖော်အဖွဲ့နှင့် ပတ်သက်၍ ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)က စကားပြေသဘောတရား၊ စကားပြေအတတ်ပညာစာအုပ်တွင်–

> "ဝတ္ထုဇာတ်ဆောင်တစ်ဦး၊ အတ္ထုပ္ပတ္တိအဖွဲ့ခံပုဂ္ဂိုလ်တို့၏ ရုပ်ဆင်း သဏ္ဌာန်၊ ဝတ်စားဆင်ယင်ပုံ၊ ဟန်ပန်အမူအရာ၊ အပြုအမူ အပြောအဆိုတို့မှ သူ့စရိုက်လက္ခဏာကို ကောက်ချက်ချနိုင်သည်။ လူတစ်ယောက်၏ စကားကို နားထောင်ခြင်းဖြင့် သူ့စရိုက်ကို အကဲခတ်နိုင်သည်။ ထိုသူ၏စိတ်ထားကို ဖော်ထုတ်နိုင်သည်။"[၁]

ဟု ဆိုထားသည်။ မော်ဘီဆရာသိန်းသည် စာဖွဲ့ခံပုဂ္ဂိုလ်တို့၏ လေးစားဖွယ်စရိုက် တို့ကို သရုပ်ဖော်ရာတွင် ထိုသူတို့၏ ဟန်ပန်အမူအရာ၊ အပြုအမူ၊ အပြောအဆို တို့ဖြင့် သရုပ်ဖော် ရေးဖွဲ့ထားသည်။

> "သရုပ်ဖော်အဖွဲ့ကောင်းတို့သည် မြင်နိုင်သော ပုံပန်းသွင်ပြင် တို့ကိုသာမက မမြင်နိုင်သော စိတ်နေသဘောထား စရိုက် လက္ခဏာတို့ကိုပါ ဖော်ပြနိုင်စွမ်း ရှိသည်။"[၂]

ဟု ဆရာကြီး မောင်ခင်မင်(ဓနုဖြူ) ဆိုထားသကဲ့သို့ပင် မော်ဘီဆရာသိန်းသည် သူနှင့်ရင်းနှီးခဲ့သော ပုဂ္ဂိုလ်ထူးတို့၏စရိုက်ကို သရုပ်ဖော်ရာတွင် ရုပ်ဆင်းသွင်ပြင်ကို ဖော်ပြထားခြင်း မရှိသော်လည်း စာဖွဲ့ခံပုဂ္ဂိုလ်တို့၏ သွင်ပြင်နှင့် စိတ်နေသဘောထား တို့ကို စာဖတ်သူတို့ စိတ်မျက်စိတွင် မြင်ယောင်လာအောင် သရုပ်ဖော် အဖွဲ့ကောင်း တို့ဖြင့် ဖော်ပြသွားနိုင်ခဲ့သည်။

စာရေးဟန်နှင့်ပတ်သက်၍လည်း ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)က ရေးဟန် ပညာနိဒါန်းစာအုပ်တွင်–

> "ရေးဟန်ပညာသည် ရေးဟန်ကိုလေ့လာသော ပညာရပ်ဖြစ်သည်ဟု အရိုးဆုံး ဖွင့်ဆိုနိုင်သည်။ ရေးဟန်ဆိုရာ၌ ဘယ်လိုဘယ်ပုံ

---

[၁] ခင်မင်၊ မောင် (ဓနုဖြူ)၊ ၂၀၀၄၊ ၂၀၄ ။

[၂] ခင်မင်၊ မောင် (ဓနုဖြူ)၊ ၂၀၀၄၊ ၂၀၈ ။

> ရေးသည်ဟူသော ရေးသားပုံကို ဆိုလိုခြင်းဖြစ်သည်။ စာရေးရာတွင် 'ဘာကိုရေးသည်' ဆိုသောအဆင့်နှင့် 'ဘယ်လိုရေးသည်' ဆိုသော အဆင့်ဟူ၍ နှစ်ဆင့် ရှိသည်။ ဘာကိုရေးသည်ဆိုသော အဆင့်သည် အကြောင်းအရာနှင့်ဆိုင်၍ ဘယ်လိုရေးသည်ဆိုသော အဆင့်သည် ရေးဟန်နှင့်ဆိုင်သည်။"[၁]

> "**ရေးဟန်** ဟူသည် နေရာတကျသုံးထားသော အသုံးအနှုန်း ဟူသော ဖွင့်ဆိုချက်တွင် ရွေးချယ်မှုသဘော ထင်ရှားပြီးဖြစ်သည်။ အဆီလျော် အလိုက်ဖက်ဆုံး စကားသုံးမျိုး၊ ဝါကျမျိုးရအောင် ရွေးချယ်ရမည်သာ ဖြစ်သည်။"[၂]

ဟု ဆိုထားသည်။ မော်ဘီဆရာသိန်းသည် သူတွေ့ခဲ့ဖူးသော မြတ်နိုးလေးစားဖွယ် ပုဂ္ဂိုလ်တို့၏စရိုက်ကို သရုပ်ဖော်ရာတွင် ထိုပုဂ္ဂိုလ်တို့နှင့်လိုက်ဖက်သည့် စကားသုံး၊ ဝါကျများကို ရွေးချယ်၍ သရုပ်ဖော်ထားသည်ကို တွေ့ရပါသည်။

## ၂၊ ၁။ သည်းခံနိုင်စွမ်းကြီးမားသော မတ္တရာဆရာတော်

မော်ဘီဆရာသိန်းသည် မတ္တရာဆရာတော်၏ အံ့ဩဖွယ်ကောင်းအောင် အရာရာကို သည်းခံနိုင်စွမ်းရှိသော စိတ်ထားကို ဖော်ပြရာတွင် ရှေးဦးစွာဆရာတော်နှင့် ကျောင်းသား ကလေးများအကြောင်းကို ဖော်ပြထားသည်။ ဆရာတော်သည် နေ့အခါ၌ ကျောင်းခါးပန်းကို ခေါင်းအုံး၍ ကျိန်းတော်မူရာ ကျောင်းသားကလေးများသည် လိုက်တမ်းပြေးတမ်း ကစားကြ၍ ကျောင်းခါးပန်းကို နင်းပြီးခုန်ချသည်ကို ဦးပဥ္ဇင်းမြင်သောအခါ ရိုက်မည် ပြုရာ ဆရာတော်က–

> "အောင်မာ ကိုပဥ္ဇင်းတို့၊ မရိုက်ကြနဲ့။ ကလေးတွေ ဘာသိမလဲ။ တို့ငယ်ငယ် ကျောင်းသားတုန်းကလဲ သူတို့ထက်ပဲ ဆော့သေးတယ်။ မရိုက်ကြပါနဲ့၊ သည်းခံပါ။ ငါလည်း အကျိန်းမပျက်ပါဘူး"[၃]

ဟု တောင်းပန်သည်။

ထိုရေးဟန်တွင် ကလေးများအပေါ် အပြစ်မယူဘဲ စာနာစိတ်ဖြင့် ခွင့်လွှတ် သည်းခံတတ်သော ဆရာတော်၏စိတ်ထားကို ပေါ်လွင်စေသည်။ ဝါကျတိုများကို

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၁ ၊ ၁။

[၂] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၁ ၊ ၁၆။

[၃] သိန်း၊ ဆရာ၊ မော်ဘီ၊ ၂၀၁၃၊ ၂၀။

သုံး၍ အရိုးဆုံး အရှင်းဆုံး ရေးဖွဲ့ထားသော စကားပြေရေးဟန်က အရိုးခံစိတ်အလှကို ဖော်ပြနိုင်သည်။ ကိုယ်ချင်းစာစိတ်၊ ခွင့်လွှတ်စိတ်တို့၏အလှကို ရိုးရှင်းသောစာဟန်က ဖော်ကျူးနိုင်ခဲ့သည်။ အတိုဆုံးဝါကျများက အရှင်းဆုံးစိတ်ကို ထင်ဟပ်စေသည်။

ဆက်လက်၍ စာဆိုက ဆရာတော်၏သည်းခံနိုင်သောစိတ်ကို ရေးသား ဖော်ပြရာတွင် ပစ္ဆိမသင်္ဂါယနာတင် မင်းတရားကြီး၏ အထောက်တော်များက အမျိုးမျိုး စမ်းသပ်ရာ၌ ဆရာတော်၏ တုံ့ပြန်ပုံတို့ဖြင့် ဖော်ပြထားသည်။

> "အထောက်တော်တို့က ကပ္ပိယပြုလုပ်၍ ဆွမ်းချက်ကပ်ရာတွင် ဆွမ်းကို ပျော့ပျော့ကြီးပြုလုပ်၍ ကပ်သောအခါ ဆရာတော်က ဆွမ်းကိုဘုန်းပေးပြီး 'အင်း–အဝါးရသက်သာသည်။ အစာကြေ လွယ်သည်' ဟု မိန့်တော်မူခဲ့သည်။ ထို့နောက် ဆွမ်းကို မာမာ ချက်၍ ကပ်ရာတွင်လည်း 'ဒီလိုဝါးပြီး ဘုန်းပေးရတာ အရသာ ပေါ်ပေသည်။' ဟု မိန့်ဆိုသည်။ ဟင်းကို ဆားမခတ်ဘဲချက်၍ ကပ်ရာတွင်လည်း 'အင်း–ရေငတ်ပြေတယ်' ဟု မိန့်တော်မူသည်။ ထို့နောက် ဆားများများထည့်၍ ကပ်ပြန်ရာတွင်လည်း 'အင်း– သွေးကြေတယ်' "[၁]

ဟူ၍ မိန့်ဆိုပုံတို့တွင် ဆရာတော်၏ အရာရာကို ရောင့်ရဲတင်းတိမ်စိတ်ဖြင့် သည်းခံ နိုင်သောစိတ်ထားကို ပေါ်လွင်အောင် ရေးဖွဲ့တင်ပြထားခြင်းပင် ဖြစ်သည်။ အပြော စကားပြေဝါကျတိုများက သည်းခံတတ်သည့်စိတ်၊ ရိုးရှင်းသည့်လေသံကို ဖော်ပြနိုင် သည်။ 'အဝါးရသက်သာသည်။ အစာကြေလွယ်သည်၊ အရသာပေါ်သည်၊ ရေငတ် ပြေတယ်၊ သွေးကြေတယ်' ဆိုသော စကားအသုံးအနှုန်းများမှာ အကြောင်းအရာနှင့် အံဝင်ခွင်ကျ ဖြစ်သည့်အတွက် ဆရာတော်၏သည်းခံစိတ်ကို ပို၍ထင်ရှားလာစေပါသည်။

မင်းတရားကြီး၏အမိန့်အရ အိမ်ရှေ့မင်းသည် ဆရာတော်အား သွားရောက် ပင့်ဆောင်ရန် လျှောက်ထားရာတွင် ဆရာတော်က 'သာသနာ့ဒါယကာပင့်သည်ကို ငြင်းဖွယ်မရှိ'[၂] ဟု မိန့်တော်မူသည်။

မော်ဘီဆရာသိန်းကြီးသည် လူ့သဘာဝစရိုက်အဖွဲ့များကို ရေးသားရာ၌ အရေးဖွဲ့ခံပုဂ္ဂိုလ်တို့၏စရိုက်ကို ဖော်ပြနိုင်သည့် စကားလုံးများကို ရွေးချယ်သုံးနှုန်း တတ်သည်။ သူ၏စကားသုံးများနှင့် အရေးဖွဲ့ခံပုဂ္ဂိုလ်၏စရိုက်သည် လိုက်ဖက်သည့် အတွက် လူ့သဘာဝအဖွဲ့ကောင်းများ ဖြစ်လာရခြင်း ဖြစ်သည်။ အရေးဖွဲ့ခံပုဂ္ဂိုလ်၏

---

[၁] သိန်း၊ ဆရာ၊ မော်ဘီ၊ ၂၀၁၃၊ ၂၀။

[၂] သိန်း၊ ဆရာ၊ မော်ဘီ၊ ၂၀၁၃၊ ၂၀–၂၁။

စရိုက်သည် စာဖတ်သူတို့၏စိတ်ကို ဆွဲဆောင်နိုင်လာသည်။ 'သာသနာ့ဒါယကာ ပင့်သည်ကို ငြင်းဖွယ်မရှိ' ဆိုသောစကားသည် အပိုမမိန့်ဆိုတတ်သော အရိုးခံ သဘာဝကို ပေါ်လွင်စေသည်။ သာသနာ့ဒါယကာဆိုသော အသုံးက ဘုရင်မင်းမြတ်အား လေးစားသည့်လေသံ ပါသည်။ သို့ရာတွင် မြှောက်ပင့်သည့်သဘော မပါပေ။

ဆရာတော်အား မဟာဒါန်က လှေတော်ဖြင့် ပင့်ဆောင်လာရာ ဝါးရင်းတုတ်ရွာသို့ အရောက်တွင် မင်းတရားကြီး၏အမိန့်အရ ဆရာတော်အား သက်ရှယ်ကြီးရင့်ပြီဖြစ်၍ မတ္တရာမြို့၌ပင် သီတင်းသုံးရန် လျှောက်ထားသောအခါ–

> "အင်း–အင်း၊ ဟုတ်ပေတယ်၊ ဟုတ်ပေတယ်၊ ငါ့မလဲ ခွေးနို့စို့ သလို ပညာသင်ကြသော တပည့်များတို့သည် ပညာတည်း ဟူသော နို့ရည်ငတ်နေကြရင် သူတို့ဝမ်းနည်းကြပေမယ် ပြန်၍ နေရလျှင် ၎င်းတို့ဝမ်းမြောက် ကြပေလိမ့်မယ်"[၁]

ဟု မိန့်တော်မူခဲ့သည်။ ထိုပြောစကားတွင် ဘုရင်မင်းမြတ်၏ မေတ္တာ ကရုဏာကို ဥပေက္ခာပြုရာမရောက်အောင် 'အင်း–ဟုတ်ပေတယ်' ဆိုသည့် စကားနှင့် ဖော်ပြသည်။ တပည့်များ၏အားကိုးမှု၊ တပည့်များ၏ခံစားချက်တို့ကို တင်ပြရာ၌ ခွေးကလေး များနှင့် ဥပမာပေးပုံမှာ ရိုးရိုးနှင့် ဆိုလိုချက်ပေါ်လွင်စေသည်။ ဆရာတော်၏ တပည့်စာသင်သားများအပေါ်တွင် ထားရှိသည့် မေတ္တာ၊ ကရုဏာစိတ်ကိုလည်း အပိုအလို မရှိ ဖော်ပြနိုင်သည်။

ထို့နောက် သံတော်ဆင့်များကိုလွှတ်၍ ပင့်ဆောင်စေပြန်ရာ ဆရာတော်က–

> "အင်း မဟာမုနိဘုရားကြီးကို မဖူးမြော်ရတာ အတော်ကြာပေပြီ၊ သည်တစ်ခါဖြင့် ဆိုက်ဆိုက်မြိုက်မြိုက် ဖူးရပေတော့မည်"[၂]

ဟုဆိုကာ လိုက်ပါလာခဲ့ပုံတို့တွင်လည်း သူတစ်ပါးအပေါ် အပြစ်မမြင်ဘဲ ကောင်းသည့် ဘက်မှပင် ကြည့်တတ်မြင်တတ်သော စိတ်ထားကိုလည်း ပေါ်လွင်စေသည်။

မင်းတရားကြီးက နန်းဦးကျောင်းတွင် သီတင်းသုံးစေရာမှ ဆရာတော်ဘုရားအား ကျောင်းကြီးပေါ်၌ သီတင်းသုံးရသည်မှာ တက်ရဆင်းရနှင့် ပင်ပန်းလှသည်၊ အောက်၌ ဆောက်ထားသော ထန်းရွက်ကျောင်းငယ်သို့ဆင်း၍ သီတင်းသုံးရန် လျှောက်ထား သောအခါတွင်လည်း ဆရာတော်က–

---

[၁] သိန်း၊ ဆရာ၊ မော်ဘီ၊ ၂၀၁၃၊ ၂၁။

[၂] သိန်း၊ ဆရာ၊ မော်ဘီ၊ ၂၀၁၃၊ ၂၂။

> "အင်း–ဟုတ်ပေတယ်၊ တက်ရဆင်းရဆိုတာ လူ့အိုဖြစ်တော့ သတိထားရတယ်။ တရားနာသူများလည်း တက်ရဆင်းရ တာဝန် လေးပေမည်။ အောက်မြေပြင်မှာပဲ သင့်လျော်ပေမည်။"[၁]

ဟု မိန့်တော်မူသည်။ အရာရာကိုမဆန့်ကျင်ဘဲ အကောင်းမြင်စိတ်ဖြင့် လက်ခံပေး တတ်သော စိတ်အလှကို စာဖတ်သူတို့နှစ်သက်လာအောင် စကားသုံးရိုးရိုး၊ ဝါကျ ရိုးရိုး၊ ရေးဟန်ရိုးရိုးဖြင့် တင်ပြရေးသားထားသည်။ ဆရာတော်၏ပြောစကားများ အစတွင် 'အင်း–ဟုတ်ပေတယ်' ဟု အမြဲထည့်သွင်းရေးသားခြင်းဖြင့် သူတစ်ပါး၏ အလိုကျ လိုက်လျောသည်းခံတတ်သောစိတ်ကို ဖော်ပြထားသည်။ မင်းတရားကြီးက ဆရာတော်ဘုရား ဤကျောင်းကလေး၌ သီတင်းသုံး၍ သင့်မည်မထင်ပါ။ ကျောင်းကြီးပေါ် တက်၍ သီတင်းသုံးမှတော်မည်ထင်ပါကြောင်း လျှောက်တင်ရာ ဆရာတော်က–

> "ကျောင်းကြီးပေါ်မှာတော့ လေလုံမိုးလုံ ကောင်းပေတယ် သည်ထန်းရွက်ကျောင်းမှာတော့ လေလုံမိုးလုံ မဟုတ်။ တရားနာ လာသော ပရိသတ်များလည်း မြေပြင်မှာ တရားနာကြရသောကြောင့် အအေးမိ၍ ဥတုပျက်မည်ကို စိုးရိမ်ရသည်။"[၂]

ဟု မိန့်တော်မူပုံကိုရေးဖွဲ့ထားရာ ဆရာတော်၏စရိုက်အဖွဲ့များကို စာဖတ်သူတို့ အနေဖြင့် လေးစားလာရာမှ အတုယူကျင့်သုံးလိုစိတ်များ ဖြစ်လာစေရန်နှင့် စိတ်ကောင်းစိတ်မြတ် မွေးတတ်လာစေရန် ရည်ရွယ်ဟန်ရှိသည်။ ရိုးသားဖြူစင် သည်းခံတတ်သော စိတ်အလှကို ပေါ်လွင်အောင် အရိုးခံစကားလုံးများ၊ မြင်သာ ထင်သာသော စကားလုံးများကို ရွေး၍သုံးသည်။ ဤပြောစကား၌ 'လေလုံမိုးလုံ' ဆိုသော စကားသည် ထိထိမိမိနှင့် အကောင်းမြင်စိတ်ကို ပေါ်လွင်စေသည်။ မိမိအတွက်သာမက အများပရိသတ်အတွက်ပါ ထည့်၍တွက်တတ်သော ကရုဏာစိတ်ကိုလည်း ပါအောင် ရေးသည်။ 'ဥတုပျက်မည်' ဟူသော အသုံးသည် မြန်မာဆန်သည်။ မြန်မာ့ဓလေ့ ထုံးတမ်း အတွေးအခေါ်များနှင့်အညီ ကျင့်သုံးနေထိုင်သော စရိုက်ကို ပေါ်လွင် စေသည်။

ဆရာတော်၏ သည်းခံနိုင်သောစိတ်သည် ပုထုဇဉ်လူသားအချင်းချင်းအပေါ်၌ သာမက တိရစ္ဆာန်များအပေါ်တွင်လည်း သနားကြင်နာ၍ သည်းခံနိုင်သော စိတ်ထား ရှိနိုင်ပုံကိုလည်း ဖော်ပြထားသည်။ ဆရာတော်အား ညဉ့်အချိန်တွင် ဝတ်ဖြည့်ကြသော ဦးပဥ္စင်းတို့သည် ဆရာတော်ဘုရား၏ ညာဘက်ခြေသလုံးကြွက်သားကို နှိပ်မိသော

---

[၁] သိန်း၊ ဆရာ၊ မှော်ဘီ၊ ၂၀၁၃၊ ၂၂။

[၂] သိန်း၊ ဆရာ၊ မှော်ဘီ၊ ၂၀၁၃၊ ၂၂။

အခါ ခြေဆတ်ခနဲလှုပ်သောကြောင့် သင်းပိုင်လှန်ကြည့်ရာ လောက်များ အိမ်ဖွဲ့ ထိုးဖောက်စားသောက်နေသော လက်သီးဆုပ်ခန့်ရှိသော အနာကြီး ထွက်ပေါ်နေသည်ကို မြင်၍ ရှင်းလင်းသုတ်သင်ရန် လျှောက်ထားရာ ဆရာတော်က–

"အောင်မယ် မောင်ပဉ္စင်းတို့၊ သူတို့အိုးအိမ်နှင့်တကွ အဆောက် အဦးကြီး တည်၍နေကြသည်ကို မဖျက်ဆီးကြနှင့် ပျက်စီး သွားလျှင် ၎င်းတို့ ဒုက္ခကြီးစွာ ဖြစ်ပါလိမ့်မယ်၊ သည်းခံကြပါ"[၁]

ဟု တောင်းပန်လေသည်။ ဆရာတော်၏ သတ္တဝါများအပေါ် ကြင်နာတတ်သော စိတ်ထား၊ သူတစ်ပါးအကျိုးအတွက် ကိုယ်တိုင် ဆင်းရဲဒုက္ခကြီးစွာခံယူပြီး ကိုယ်ကျိုးစွန့် အနစ်နာခံတတ်သော စိတ်ထားကို ပေါ်လွင်စေသည်။ 'အောင်မယ်' ဆိုသည့် အာမေဋိတ်သည် လှိုက်လှဲမှုကို ပြသည်။ လောက်များ စုနေသည်ကိုပင် 'အိုးအိမ်နှင့်တကွ အဆောက် အဦးကြီး တည်နေကြသည်' ဆိုသောအသုံးက တိရစ္ဆာန်ကိုပင် လူကဲ့သို့ စာနာစိတ်ဖြင့် ခံစားရှုမြင်တတ်ပုံ၊ မေတ္တာ ကရုဏာထားတတ်ပုံတို့ကို ထင်ဟပ်စေသည်။ စာရေးသူသည် မတ္တရာဆရာတော်၏ အရာရာကို အပြစ်မမြင် အကောင်းဘက်ကပင်မြင်၍ သည်းခံ နိုင်စွမ်းရှိသော စိတ်ထားကို ပေါ်လွင်အောင် ဖော်ပြရာ၌ စာဖတ်သူတို့အား အံ့သြဖွယ်၊ ကြည်ညိုဖွယ်၊ ဂရုဏာသက်ဖွယ်ဖြစ်အောင် ရေးဖွဲ့သွားသည်ကို တွေ့ရသည်။

## ၂။ ၂။ ရွှေနေထူး ဦးပုတ်နီ

ရွှေနေထူး ဦးပုတ်နီသည် မော်ဘီဆရာသိန်း၏ 'ဗဟုသုတဟင်းလေးအိုး' စာအုပ်မှ စာဖွဲ့ခံ ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ စာရေးသူသည် 'ဗဟုသုတဟင်းလေးအိုး' စာအုပ်တွင် ကျောက်တံတားရပ်ဇာတိဖြစ်သော အမိန့်တော်ရ ဦးပုတ်နီအကြောင်းကို အတ္ထုပ္ပတ္တိစာပေကဲ့သို့ အချက်အလက် အပြည့်အစုံ မဟုတ်သော်လည်း အတ္ထုပ္ပတ္တိရှင်၏ စိတ်နေသဘောထား အမူအကျင့်တို့ကို ပေါ်လွင်အောင် ရေးဖွဲ့ထားသည်။ စာရေးသူသည် ဦးပုတ်နီ၏ ပျော်ပျော်နေတတ်သော စရိုက်၊ စိတ်ချမ်းသာမှုကိုသာ လိုလားသော စရိုက်၊ မိမိ၏ဇနီးဖြစ်သူ စိတ်ကျေနပ်ပျော်ရွှင်အောင် ပြောဆိုတတ်သော စရိုက်၊ ဆုံးရှုံးမှုတို့နှင့် ကြုံတွေ့ရသည့်အခါတွင်လည်း အကောင်းဘက်မှတွေး၍ အသင့်အတင့် နှလုံးသွင်းပြီး စိတ်ကိုဖြေသိမ့်တတ်သော စရိုက်တို့ကို တင်ပြထားသည်။

ဦးပုတ်နီ၏စိတ်ထားကို ဖော်ပြရာတွင် ရှေးဦးစွာ စာရေးသူက 'ပျော်ပျော် စိတ်ကိုချမ်းသာအောင် နေတတ်သူ'[၂] ဟု စတင်၍ မိတ်ဆက်ပေးထားသည်။ ထို့နောက်မှ

---

[၁] သိန်း၊ ဆရာ၊ မော်ဘီ၊ ၂၀၁၃၊ ၂၂–၂၃။

[၂] သိန်း၊ ဆရာ၊ မော်ဘီ၊ ၂၀၁၃၊ ၂၈။

စိတ်ချမ်းသာမှုကိုသာ ရှာလို၍ စိတ်ဆင်းရဲစရာကို ရှောင်ချင်သော ဦးပုတ်နီ၏ စိတ်သဘောထားကို ပေါ်လွင်အောင် ဦးပုတ်နီ၏ အပြုအမူအပြောအဆိုတို့ဖြင့် ဖော်ပြခဲ့သည်။ ဦးပုတ်နီသည် ပူပန်သောစကား လာ၍ပြောသူကို ငွေတစ်ကျပ်မှ သုံးကျပ်တိုင် ပေး၍–

> "ရော့ အလိုရှိရာ သုံးစွဲလေ၊ နောက်ကို ကျုပ်နားလာ၍ ဤသို့
> မညည်းညူပါနှင့်"[၁]

ဟူ၍ ပြောသောစကား၊ ဇနီးဖြစ်သူ၏ဖခင် အနိစ္စရောက်သောအခါတွင်လည်း–

> "မသိုင်း ကျုပ်အပူကိုမကြိုက်တာ ကိုယ်အသိပဲ ဘယ်လိုမှစိတ်မရှိနဲ့၊
> ကိုယ့်အဘလဲ ကျုပ်အဘပဲ၊ ဘာမျှပြောပြရန်မလို ကိုယ့်သဘော
> အတိုင်း ဈာပနကိစ္စကို ဆောင်ရွက်ပါ။ ရှိတဲ့ပစ္စည်း ကုန်ပစေ၊
> ကျုပ်တော့ ကိုယ်အခွင့်ပေးနော် တော်ရာကိုရွှေ့၍ နေပါရစေ"[၂]

ဟူ၍ ဦးပုတ်နီ၏ ပြောစကားတို့တွင် စိတ်မချမ်းမြေ့ဖွယ် အကြောင်းအရာတို့ကို မကြားချင်၊ မတွေ့ချင်၊ မမြင်ချင်ပဲ ၎င်းတို့နှင့်လွတ်ရာသို့သာသွား၍ နေလိုသော သဘောကို တွေ့ရသည်။ တစ်ဖက်မှကြည့်လျှင် ကိုယ်လွတ်ရုန်း၍ စိတ်ချမ်းသာမှုကို ရှာလိုသူဟု ယူဆနိုင်သကဲ့သို့ တစ်ဖက်မှကြည့်လျှင်လည်း ရိုးသားပွင့်လင်းပြီး အေးချမ်းစွာ နေလိုသောသဘောကို တွေ့ရသည်။

စာရေးသူသည် ဦးပုတ်နီ၏ ရုပ်ဆင်းသွင်ပြင်ကိုထည့်၍ ဖော်ပြထားခြင်း မရှိသော်လည်း ပျော်ရွှင်သွက်လက်နေသော ဦးပုတ်နီ၏သွင်ပြင်ကို စာဖတ်သူတို့ စိတ်မျက်စိတွင် မြင်ယောင်လာစေသည်။ ဦးပုတ်နီသည် အတီးအမှုတ်၊ အဆို၊ အက တို့၌လည်း ဝါသနာပါသူ ဖြစ်သည်။ ထိုသို့ ဝါသနာကြီးသည့်အလျောက်၊ မိမိ၏ ဇရပ်၌ သံဃာတော်များကို ဆွမ်းကပ်ရန် စီစဉ်သောအခါ ဇနီးသည်ဒေါ်သိုင်းအား အသိမပေးဘဲ တီးဝိုင်းငှားလိုက်သည်။ တီးဝိုင်းရောက်သောအခါ အကြောင်းရှာ၍ ကိုယ်တိုင်ဝိုင်း၍ တီးမှုတ်ရုံသာမက ကိုယ်တိုင်ကနိုင်အောင်လည်း ဖန်တီးခဲ့သည်။ ထိုအဖြစ်အပျက်ကို ပေါ်လွင်အောင် ဆရာသိန်းက–

> " 'ကြေးဝိုင်းမှထွက်၍ ကိုင်းဆရာတို့ကိုယ်တိုင် အရိုင်လေးတီးကြစမ်း
> ဟု ခိုင်းသည့်အတိုင်း တီးကြသောအခါ အမိန့်တော်ရက
> တိုက်သူကြီးကတော် တစ်ယောက်ကို ကိုင်း ကစမ်းပါဗျာ' ဟု

---

[၁] သိန်း၊ ဆရာ၊ မှော်ဘီ၊ ၂၀၁၃၊ ၃၀။
[၂] သိန်း၊ ဆရာ၊ မှော်ဘီ၊ ၂၀၁၃၊ ၃၀။

> လက်ကိုဆွဲလေသည်။ တိုက်သူကြီးကတော်က ‘အမယ် ရှက်ပါတယ် မကတတ်ပါဘူး’ ဟု ပြောသောအခါ ကတတ် မကတတ် ဘာရှက်စရာရှိသလဲဗျ အလှူကို ဝမ်းမြောက်၍ ရတနာသုံးပါးကို ချီးမြှောက်ပူဇော် ကကြခုန်ကြတာ ငရဲကြီးတယ် မမှတ်ပါနဲ့၊ ပုပ္ပာရုံကျောင်းအမ ဝိသာခါတောင် မြတ်စွာဘုရားရှေ့တော်မှာ ဝမ်းဗိုက်ကြီးကို လက်ဝါးနဲ့ရိုက်ပြီးတော့ သူ့ကျောင်းကို သုံးပတ်လှည့်ပြီး ကတာတောင် ဘုရားချီးမွမ်းတော်မူသေးတယ် ခင်ဗျား တို့က ရှက်ရသေးသလား၊ ကသည်ဆိုတာ ဟောသည်လို ကရတယ်၊ ကြည့်နော် ဆို၍ အဆိုနှင့်ကပြလေသည်”[၁]

ဟု ရေးဖွဲ့တင်ပြထားသည်။ ထိုမျှသာမက ယိုဒယား၊ ပတ်ပျိုး၊ သီချင်းတို့ကိုလည်း ကျွမ်းကျင်စွာ တီးခတ်ပြခဲ့သည်။ အနုပညာများကို ဝါသနာပါ၍ တတ်ကျွမ်းသူပီပီ မိမိပတ်ဝန်းကျင်ကို ပျော်ရွှင်အောင် ဖျော်ဖြေပြုမူတတ်သူ၏စရိုက်ကို သရုပ်ဖော်ရာတွင် ရေးဟန်စကားပြေထဲတွင် ပြောဟန်စကားပြေကို ရော၍ရေးထားသည်။ ပြောဟန်စကားပြေမှာ ဦးပုတ်နီ၏စရိုက်နှင့် လိုက်ဖက်သည့်အတွက် လူ့သဘာဝ အဖွဲ့ကောင်း ဖြစ်လာသည်။ ဝိသာခါ၏ အမူအရာကို သရုပ်ဖော်ရာ၌ ရှင်းလင်းပေါ်လွင်သည်။ သဒ္ဓါစိတ်ဖြင့် မြူးကြွပျော်ရွှင်နေသော အလှူရှင်ကျောင်းအစ်မကြီး၏ အပြုအမူပေါ်လွင်ပြီး နှစ်သက်ဖွယ် ဖြစ်စေသည်။

စာရေးသူသည် ဦးပုတ်နီ၏စကားအရာတွင် သူတစ်ပါး စိတ်ကျေနပ်အောင်၊ လိမ္မာကျွမ်းကျင်စွာ ပြောတတ်ပုံကိုလည်း နှစ်သက်ဖွယ် ဖော်ပြခဲ့သည်။ ဦးပုတ်နီသည် ကိုယ်တိုင် တီးဝိုင်းကို ပိုက်ဆံပေး၍ငှားပြီး တီးဝိုင်းအဖွဲ့လာသည့်အခါ ပြောဟန်ကို တင်ပြရာ၌–

> “ဟေ့ ဘယ်က ကြေးဝိုင်းတုန်းကွဲ့”
>
> “ဘယ်သူက ငှားလဲဟေ့”
>
> “မသိုင်းမကြိုက်မှန်း အသိသားနဲ့ ဟဲ့ ရန်ကွင်း ဉဏ်ကြွယ်တို့ သွားခေါ်သလား”
>
> “ခက်နေပါပြီ ဘယ်သူများ ဖြစ်ပါလိမ့်မတုန်း”

---

[၁] သိန်း၊ ဆရာ၊ မော်ဘီ၊ ၂၀၁၃၊ ၃၄။

> "မသိုင်းက မကြိုက်လို့ မတီးရဘူးလို့ ပြန်လွှတ်လိုက်လျှင် ငှားသောသူဟာ၊ ဝမ်းနည်းစရာ ဖြစ်သွားလိမ့်မယ် သည်းခံပါ မသိုင်းရယ် သည်းခံပါ"[၁]

ဟူ၍ ဇနီးဖြစ်သူ လက်ခံလာအောင် ပြောသောစကားတွင် စကားကြွယ်ကြွယ်ဖြင့် မိမိအလိုသို့ပါအောင် စည်းရုံးပြောဆိုနိုင်သော ဦးပုတ်နီ၏ အရည်အချင်းတစ်ရပ်ကို ပေါ်လွင်စေသည်။ ဝါကျတိုလေးများကိုသုံး၍ ရေးဖွဲ့ထားပြီး မသိုင်း ခွင့်လွှတ်လာစေရန် ကြိုတင်၍ အရှုံးပေးကာ စည်းရုံးသည့်လေသံ ပေါ်လွင်သည်။ ဝါကျတိုများနှင့် ဖွဲ့စည်းထားသော ပြောဟန်စကားပြေကို ပြောသူမှာ ဦးပုတ်နီတစ်ဦးတည်း ဖြစ်သည်။ တစ်ဦးတည်းပြောရာ၌ သိလို၍မေးဟန်၊ ဇနီးအား နေရာပေးဟန်၊ ချော့မော့ဟန်၊ တောင်းပန်ဟန် သူ့ဘက်ကိုယ့်ဘက်တွေးဟန် လေသံမျိုးစုံပါဝင်သော ရေးဟန် ဖြစ်သည်။ ဦးပုတ်နီ၏ စိတ်ထားနူးညံ့မှုကို လေသံက ဖော်ပြနေသည်။

ဦးပုတ်နီသည် ဘာသာတရားကိုင်းရှိုင်းသူလည်း ဖြစ်ကြောင်းကို ဆူးလေစေတီတွင် ဘုရားဖူးလာသူတို့ကို ခေါက်ဆွဲတစ်ပန်းကန်ဖိုး လှူ၍ လူစည်ကားအောင် ပြုလုပ်ခဲ့ပုံဖြင့် ဖော်ပြခဲ့သည်။ အလှူတွင်ကျွေးရန် သယ်ဆောင်လာသော ဝက်သားတောင်း လှည်းပေါ်မှ ပြုတ်ကျသောအခါ–

> "ကိုယ်တို့ ကျုပ်တို့လဲ ဤဝက်သားတောင်းကဲ့သို့ အတည်မမြဲ ပျက်စီးခြင်း၊ ကုန်ခန်းခြင်းသဘောသည် စရပ်သို့မရောက်ခင်သော် လည်းကောင်း၊ ရောက်မှသော်လည်းကောင်း အမှန်တွေ့ကြုံကြမည် ဖြစ်တယ်နော်"[၂]

ဟု ပြောဆိုသောစကားဖြင့် မမြဲသောတရားသဘောကို နားလည်၍ ဆင်ခြင်နှလုံးသွင်းနိုင်သော ဦးပုတ်နီ၏စိတ်ကို ဖော်ပြထားသည်။ မိမိလက်အောက်ငယ်သားတို့အပေါ်တွင်လည်း အပြစ်မယူတတ်သည့် စိတ်ထားကို ပေါ်လွင်စေသည်။ ပြောစကားကို အရေးစကားပြေပြဟန်များ သုံး၍ ရေးထားသည်။ စာသံပေသံပါ၍ ဦးပုတ်နီ၏ ပညာရှိစရိုက်နှင့် လိုက်ဖက်သည်။

နောက်ဆုံးတွင် စာရေးသူက ဦးပုတ်နီ၏အရာရာကို အကောင်းဘက်ကပင် မြင်တတ်ကြားတတ်၊ တွေးတတ်ပုံကိုလည်း မြင်အောင်ပြခဲ့သည်။ ဦးပုတ်နီတို့၏ ကျောက်တင်ပေးလိုက်သော သင်္ဘော ပျက်စီးသည့်အခါ–

---

[၁] သိန်း၊ ဆရာ၊ မှော်ဘီ၊ ၂၀၁၃၊ ၃၂–၃၃။

[၂] သိန်း၊ ဆရာ၊ မှော်ဘီ၊ ၂၀၁၃၊ ၃၂။

"သဘော်ပျက်လို့ ကျောက်တစ်သောင်းဘိုးသာ ဆုံးသည်။ မသိုင်းစကားကို နားထောင်၍ သဘော်ာနဲ့ကျူပ်လိုက်သွားရင် သဘော်ာပျက်၍ ပုတ်နီ သေရော၊ မသိုင်းလဲ မုဆိုးမဖြစ်ရော မဟုတ်လား။ အခုကိုယ့်စကားကို နားမထောင်၍ မလိုက်ဘဲ နေတော့ ပုတ်နီမဆုံးတော့ မသိုင်း အပူလုံးကြီးမတိုးဘဲ အေးချမ်းစွာ နေရသည်ကို အမြတ်ထားပါ"[၁]

ဟူ၍ ဦးပုတ်နီ ပြောလိုက်သောစကားသည် စာဖတ်သူတို့အတွက် ပြုံးချင်စဖွယ် ဖြစ်ရသကဲ့သို့ ဦးပုတ်နီ၏ဆုံးရှုံးမှုအပေါ် အသင့်အတင့်နှလုံးသွင်း၍ စိတ်ဖြေ တတ်သည့် သဘောကိုလည်း ပေါ်လွင်စေခဲ့သည်။ သမ္ဗန္ဓ '၍' ကို ဆက်တိုက် သုံးခြင်းကြောင့် အပြောဟန်တွင် အရေးဟန် ရောနေသည်။ အရေးဟန်ဆန်သော စကားပြေက တစ်မျိုးထူးခြားနေပြီး စိတ်ထားနူးညံ့သော ဦးပုတ်နီ၏ စိတ်ဓာတ်နှင့် လိုက်ဖက်သည့် လေသံဖြစ်အောင် ဖန်တီးရေးသားဟန် တူသည်။

မော်ဘီဆရာသိန်းသည် သူ့ပတ်ဝန်းကျင်တွင် တွေ့မြင်ခံစားရသော ကြည်ညို လေးစားဖွယ် ပုဂ္ဂိုလ်ထူးတစ်ဦးအကြောင်းကို ပုံဖော်လိုသည့်အတွက် သူကြားသမျှ မြင်သမျှ ခံစားရသမျှကို သရုပ်ဖော်ရေးနည်းဖြင့် ရေးသားထားသည်ကို တွေ့ရသည်။ ဦးပုတ်နီ၏ စရိုက်သဘာဝများကို ဖော်ပြရာတွင် ဟန်ပန်အမူအရာများ၊ ပြောစကား များဖြင့် ဖော်ပြထားသည့်အတွက် စာဟန်မှာသွက်လက်ပြီး နှစ်သက်ဖွယ် ဖြစ်သည်။ လူ့ဘဝတစ်ခဏကို ပစ္စုပ္ပန်သံသရာ အကျိုးများအောင် အသင့်အတင့်နှလုံးသွင်းကာ နေထိုင်တတ်သော ဦးပုတ်နီ၏စရိုက်များမှာ အားကျအတုယူဖွယ် ဖြစ်လာရပါသည်။

## ၂၊ ၃။ အမိန့်တော်ရ ဦးကြွင်ဥ

အမိန့်တော်ရ ဦးကြွင်ဥသည်လည်း မော်ဘီဆရာသိန်းနှင့် ရင်းနှီးစွာဆက်ဆံခဲ့ ဖူးသော ရှေ့နေခုနစ်ဦးအနက် တစ်ဦးအပါအဝင် ဖြစ်သည်။ စာရေးသူက ဦးကြွင်ဥ၏ စရိုက်သဘာဝကို ဖော်ပြရာတွင် လူအများနှင့်ဆက်ဆံရာ၌ မေတ္တာပါ၍ ဆက်ဆံရေး ကောင်းမွန်သောစရိုက်ကို ပေါ်လွင်အောင် ဖော်ပြခဲ့သည်။

ဦးကြွင်ဥသည် လူအများနှင့် ပြောဆိုဆက်ဆံရာတွင် မိမိလက်အောက် ငယ်သူ များ၏ နာမည်များကို ထုတ်ဖော်၍မခေါ် 'မောင်' ဟု ခေါ်လေ့ရှိသည်။ မိန်းမများကို 'အမိကြီး၊ အမိကလေး' ဟု ခေါ်လေ့ရှိသည်ဟု ဖော်ပြထားရာ လူအချင်းချင်း လေးစား

[၁] သိန်း၊ ဆရာ၊ မော်ဘီ၊ ၂၀၁၃၊ ၃၀။

မြတ်နိုးတန်ဖိုးထားတတ်သော မြန်မာမှုမြန်မာဟန်ကို လေးစားတတ်သော ဦးကြင်ဥ၏ စရိုက်သဘာဝကို ပေါ်လွင်စေသည်။

သူတစ်ပါး၏ဆန္ဒကို လိုက်လျောစွာ ပြောတတ်သော ဦးကြင်ဥ၏စရိုက်ကိုမူ ဦးကြင်ဥနှင့် စာရေးတော်မင်းတို့ အမေးအဖြေပြု၍ အပြန်အလှန်ပြောဆိုပုံဖြင့် ဖော်ပြခဲ့သည်။

စာရေးတော်မင်းက အမိန့်တော်ရမင်း ဦးကြင်ဥအား–

"အမိန့်တော်ရမင်း၊ ဖိုးတုတ်ကြံဟာ တယ်ပြီးချိုတယ်လို့ ကျော်ပါတယ်၊ အဟုတ်လား ခင်ဗျာ"

"မောင်စာရေးတော်မင်း၊ ဖိုးတုတ်ကြံ ကျော်တာ ချိုလို့ ကျော်တာပေါ့ မောင်၊ ၎င်းကြံကို စုပ်လိုက်လျှင် သဘောကျနေတယ် မောင်။ ဒါကြောင့် ကျော်ပေတာပဲ စာရေးတော်မင်း"

"ဒါဖြင့် ကြံခင်းရှိသောဆိပ်ကို လှေကပ်၍ ကြံဝယ်စုပ်ရအောင်"

"ကောင်းပမောင်၊ မောင်လိုသလောက် ဝယ်သွားတာပ"

ဆို၍ ကြံဝယ်ပြီး လှေပေါ်တွင် ကြံစုပ်၍သွားကြလေသည်။

စာရေးတော်မင်းက အမိန့်တော်ရမင်းအား–

"ဖိုးတုတ်ကြံက ကျော်သာကျော်၊ စုပ်လိုက်တော့ ငန်ငြိငြိနဲ့ ပါလားဗျ"

ဟု ပြောသောအခါ အမိန့်တော်ရဦးကြင်ဥက–

"အလကားကျော်ချင်လို့ ကျော်နေတာပဲ မောင်၊ ရေငန်ထဲ ပေါက်နေတဲ့ ကြံပဲ၊ ဘယ်ချိုနိုင်မလဲ မောင်ရဲ့"[၁]

ဟုပြောလေသည်။

ဤအပြန်အလှန်ပြောဆိုပုံများကို ကြည့်ခြင်းအားဖြင့် ဦးကြင်ဥသည် သူတစ်ပါးနှင့် အတိုက်အခံပြု၍ ငြင်းခုံရန်ဝါသနာမပါဘဲ သူတစ်ပါး စိတ်ကျေနပ်အောင် ပြောဆိုတတ်သော စိတ်ထားကို ပေါ်လွင်စေသည်။ 'မောင်စာရေးတော်မင်း' ဆိုသည့် အခေါ်အဝေါ်သည် သူတစ်ပါးကို အလွန်လေးစားတန်ဖိုးထားတတ်သည့် စရိုက်ကို

[၁] သိန်း၊ ဆရာ၊ မှော်ဘီ၊ ၂၀၁၃၊ ၄၀–၄၁။

ဖော်ပြနိုင်သည်။ ဖိုးတုတ်ကြံ ချိုကြောင်း ပြောသောအခါ 'ဖိုးတုတ်ကြံ ချိုတာ ကျော်လို့ ချိုတာ" ဟု အလိုက်သင့်ပြောခဲ့သည်။ ကြံဟာငန်ငြိငြိနဲ့ဟု ဆိုသောအခါ 'အလကားကျော်ချင်လို့ ကျော်နေတာပဲမောင်' ဟု ပြန်ပြောပုံတို့မှာ သူတစ်ပါး၏ဆန္ဒ သဘောထားကို လိုက်လျောတတ်သည့်စိတ်ကို ဖော်ပြခြင်းဖြစ်သည်။ မော်ဘီဆရာသိန်းက အပြန်အလှန်ပြောစကားများဖြင့် ဖန်တီးကာ တင်ပြခဲ့သည်။ စိတ်ကူးဉာဏ် ထက်မြက်ပြီး လူ့သဘော၊ လူ့သဘာဝကို ကျွမ်းကျင်ကာ အပြောစကားပြေအရေးအဖွဲ့၌လည်း ကျွမ်းကျင်သောကြောင့် စရိုက်ပေါ်လွင်ပြီး စာဖတ်သူတို့အား နှစ်သက်မှုကို ဖြစ်ပေါ် စေသည်။

မော်ဘီဆရာသိန်းက ဦးကြင်ဥ၏ အမူသည်များနှင့်ဆက်ဆံရာတွင် ညာတာ ထောက်ထား သနားလေ့ရှိသောစရိုက်ကို ဖော်ပြရာတွင် ပျဉ်ထောင်ကျောင်းရွာသား မောင်ညို၏အမှုကို လိုက်ပေးပုံနှင့် ဖော်ပြထားသည်။ မောင်ညိုဆိုသူက ငနီဆိုသူအား စပါးတစ်ရာ ငွေ ၅၀ကျပ်ဖြင့် စပါးပေးငွေ ၅၀ကျပ် ချေးငှားရာမှ ပေးချိန်ကျ၍ ပြန်တောင်းရာ မရသဖြင့် ဦးကြင်ဥအား ရှေ့နေငှား၍ တရားစွဲဆိုခဲ့သည်။ ထိုအမှုကို ဦးကြင်ဥက ရုံးမင်းသို့တင်သွင်းရာ ရုံးမင်းက ငနီသည် သူ၏လူဖြစ်သောကြောင့် ဦးကြင်ဥ၏အဆိုပြုလွှာကို ပယ်ချလိုက်သည်။ ထိုအခြေအနေတွင် ဦးကြင်ဥနှင့် မောင်ညိုတို့၏ အပြန်အလှန်ပြောဆိုပုံများမှတစ်ဆင့် ဦးကြင်ဥ၏စိတ်ထားကို ပေါ်လွင် စေခဲ့သည်။ ဦးကြင်ဥက မောင်ညိုအား ပြောဆိုပုံတွင်–

> "မောင် သူက တရားသူကြီး ရုံးမင်းဖြစ်ပေတယ် မောင်ရဲ့၊ သို့သော် မောင့်အမှုစရိတ်မကုန်ဘဲ စပါးကိုဖြစ်စေ၊ ငွေကိုဖြစ်စေ ရပါလိမ့်မယ်၊ မောင်ဘာမျှမပူပါနဲ့ မောင်ရှေ့နေခငွေကို ပြန်ယူသွား ရော့"
>
> "ဟာ ဘယ့်နှယ် ရှေ့နေခကို ပြန်ပေးတာတုံး၊ ကျွန်တော် ပြန်မယူဘူး၊ ရှိပါစေတော့၊ ဦးမင်းသာသုံးပါ၊ ကျွန်တော် အနေရ ကျပ်ပါတယ် ခင်ဗျာ"
>
> "မဟုတ်ဘူး၊ မဟုတ်ဘူး၊ ပြန်ယူပါမောင်၊ မောင်တို့မှာ ဆင်းရဲ ပင်ပန်းကြသူများ ဖြစ်တယ်။ အကျိုးမခံစားရဘဲနှင့် စရိတ်ပန်း၊ လူပန်း မဖြစ်ကြစေနဲ့။ ကြားလား၊ ပြန်ယူသွား နောက်အကျိုး

> ခံစားကြရတော့ မိလိုဖလိုသဘောထား၍ ကန်တော့လိုက ကန်တော့ ကြတာပေါ့မောင်”[၁]

ဟုဆိုပြီး အမှုသည်ကို ပြန်လွှတ်လိုက်သည်။ အမှုသည်တစ်ဦးအပေါ် ညှာတာ ထောက်ထားသော ရှေ့နေကောင်းတစ်ဦး၏စိတ်ထားကို ကြည်ညိုဖွယ် တွေ့ရသည်။ မိမိဆောင်ရွက်မပေးနိုင်သည့် ကိစ္စအတွက် သူတစ်ပါး၏ပိုက်ဆံကို အလကား မယူ လိုသော ဖြောင့်မတ်သည့် စိတ်ထားကိုလည်း ဖော်ပြနေပေသည်။ ‘မဟုတ်ဘူး --- မဟုတ်ဘူး’ ဟူသော အငြင်းပြစကားကို နှစ်ကြိမ်သုံးခြင်းဖြင့် ဟန်ဆောင်ငြင်းခြင်း မဟုတ်၊ ပြတ်သားစွာ ဆုံးဖြတ်ထားသည့်စိတ်ကို ဖော်ပြနေသည်။ ‘ဆင်းရဲပင်ပန်း၊ စရိတ်ပန်း၊ လူပန်း’ ဆိုသည့်အသုံးများက အမှုသည်တို့၏ ဒုက္ခများကို ပေါ်လွင်စေသည့် အတွက် ဦးကြင်ဉ၏ ကရုဏာစိတ်သည် ပြောစကားတွင် ထင်ဟပ်နေပါသည်။ ‘ကြားလား၊ ပြန်ယူသွား’ ဆိုသည့် ဝါကျတိုများက ရိုးရှင်းပြတ်သားသောစိတ်ကို ဖော်ပြနေသည်။ ‘မိလိုဖလို သဘောထား’ ‘ကန်တော့လိုက ကန်တော့’ ဆိုသည့် စကားများမှာ မြန်မာဆန်ပြီး လှိုက်လှဲနွေးထွေးမှုရှိသည့် လေသံဖြစ်သည်။

ထို့နောက် မောင်ညိုက ငနီထံမှ ပေါက်ဈေးအတိုင်း ငွေရစ်ဆယ်ရသောအခါ ဝမ်းမြောက်စွာဖြင့် အမိန့်တော်ရမင်းထံ လာရောက်ပြီး ပြန်ပေးခဲ့သော ရှေ့နေခကို ကန်တော့သောအခါ အမိန့်တော်ရဦးကြင်ဉ ပြန်ပြောပုံတွင်လည်း ဦးကြင်ဉ၏ စရိုက်ကို ဖော်ပြနေပေသည်-

> “ဟဲ့ မောင်ညို၊ မင်းအတွက် ဘကြီး ပင်ပန်းရသည်မဟုတ်၊ တရားသူကြီးရှေ့၌ စပါးဈေးကို ဆဲဆိုရခြင်းမျှသာ ဖြစ်သည်။ ဒါကြောင့် အားလုံး မယူပါဘူး၊ တစ်ဝက်သာ ဘကြီးယူမယ်၊ သဒ္ဓါရင် ကန်တော့ခဲ့”[၂]

ဟု ပြောဆိုပုံဖြင့် အမှုသည်များထံမှ မတရားသောနည်းလမ်းဖြင့် ရသောငွေကို လက်မခံလိုဘဲ သဒ္ဓါ၍ပေးသော ငွေကိုသာ လိပ်ပြာသန့်သန့်ဖြင့် လက်ခံလိုသော စိတ်ထားကို ပေါ်လွင်စေသည်။

---

[၁] သိန်း၊ ဆရာ၊ မှော်ဘီ၊ ၂၀၁၃၊ ၄၃။

[၂] သိန်း၊ ဆရာ၊ မှော်ဘီ၊ ၂၀၁၃၊ ၄၄။

## ခြုံငုံသုံးသပ်ချက်

'ဗဟုသုတဟင်းလေးအိုး' စာအုပ်တွင် မှော်ဘီဆရာသိန်းသည် ရှေ့နေထူး (၇)ဦးနှင့် ထူးခြားသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့၏အကြောင်းများကို ရေးသား တင်ပြရာ၌ ရေးဟန်မှာ စကားပြောဟန်များပြီး ရေးဆန်သော်လည်း သွက်လက်သည်။ လူ့သဘော လူ့သဘာဝများကို ပေါ်လွင်အောင် တို့ကာထိကာ ရေးသွားပုံမှာလည်း ထူးခြားနှစ်လိုဖွယ် ကောင်းပါသည်။

ပြောစကား၊ ဟန်ပန်အမူအရာတို့ဖြင့် အဖွဲ့ခံပုဂ္ဂိုလ်တို့၏ စိတ်သဘောထားကို ဖော်ပြသွားနိုင်ခဲ့သည်။ မတ္တရာဆရာတော်၏ ကိုယ်ချင်းစာစိတ်၊ ခွင့်လွှတ်သည်းခံစိတ်တို့ကို ဖော်ပြရာ၌ အတိုဆုံးဝါကျများကို အရိုးရှင်းဆုံးရေးဖွဲ့ပြီး ပေါ်လွင်အောင် ဖော်ပြနိုင်ခဲ့သည်။ အရာရာကို အကောင်းမြင်စိတ်ဖြင့် လက်ခံပေးသော စိတ်အလှကို စကားသုံးရိုးရိုး၊ ဝါကျရိုးရိုး၊ ရေးဟန်ရိုးရိုးဖြင့် တင်ပြထားသည်။ ရိုးသားဖြူစင်သော စိတ်အလှကို ထင်ရှားစေရန် အရိုးခံစကားလုံးများ၊ မြင်သာထင်သာသောစကားလုံး များကို ရွေးချယ်သုံးသည်။ စကားအသုံးအနှုန်းများမှာ အကြောင်းအရာနှင့် အံဝင် ခွင်ကျ ဖြစ်သည့်အတွက် ဆရာတော်၏သည်းခံစိတ်တို့မှာ ပို၍မြင်သာလာသည်။ တိရစ္ဆာန်ကိုပင် လူကဲ့သို့ စာနာစိတ်ဖြင့်ရှုမြင်ပြီး မေတ္တာ ကရုဏာ ထားတတ်သော ဆရာတော်၏စိတ်ထားကို ဖော်ပြရာ၌ အံ့သြဖွယ်၊ ကြည်ညိုဖွယ်၊ ကရုဏာသက်ဖွယ် ဖြစ်အောင် ရေးဖွဲ့သွားနိုင်သည်။ ရှေ့နေထူး ဦးပုတ်နီ၏အကြောင်းကို ရေးဖွဲ့ရာတွင် ရေးဟန်စကားပြေထဲတွင် ပြောဟန်စကားပြေကိုရော၍ ရေးထားသော်လည်း ပြောဟန် စကားပြေမှာ ဦးပုတ်နီ၏စရိုက်နှင့် လိုက်ဖက်သည့်အတွက် လူ့သဘာဝအဖွဲ့ကောင်း ဖြစ်လာသည်။ ပုံပန်းသွင်ပြင်ကိုဖော်ပြထားခြင်း မရှိသော်လည်း ပျော်ရွှင်သွက်လက် နေသော ဦးပုတ်နီ၏သွင်ပြင်ကို စာဖတ်သူတို့ စိတ်မျက်စိတွင် မြင်ယောင်လာ စေသည်။ ဝါကျတိုများကိုသုံး၍ အပြောစကားပြေဖြင့်ရေးဖွဲ့ပြီး ပြောသူ၏လေသံကို ထင်ဟပ်စေသည်။ ပြောစကားကို အရေးစကားပြေဟန်ဖြင့် ရေးသားထားသော ရေးဟန်ကြောင့်လည်း ပြောသူ၏စရိုက်တို့မှာ ပေါ်လွင်လာရသည်။ ဦးကြင်ဥ၏ စရိုက်ကို ပုံဖော်ရာ၌ စာရေးသူသည် အပြန်အလှန်ပြောစကားများဖြင့် ဖော်ပြခဲ့သည်။ ဦးကြင်ဥ၏ရိုးသားစိတ်၊ စာနာစိတ်၊ ကရုဏာထားတတ်သော စိတ်နှင့် ပြတ်သားသော စိတ်တို့ကို ဖော်ကျူးရာတွင် ရိုးရှင်းသောလေသံ၊ ပြတ်သားသောလေသံ၊ မေတ္တာ ကရုဏာလေသံပါသည့် စကားလုံးများကိုရွေးချယ်၍ အံဝင်ခွင်ကျသုံးစွဲထားသောကြောင့် စရိုက်သဘာဝများမှာ ပို၍ထင်ရှားလာရပါသည်။ မြန်မာဆန်သောအသုံးများက စာဖွဲ့ခံ ပုဂ္ဂိုလ်တို့၏ နူးညံ့၍နွေးထွေးသော ကြင်နာစိတ်ကို ဖော်ကျူးပြနေပေသည်။ 'ဗဟုသုတ ဟင်းလေးအိုး' တွင် မှော်ဘီဆရာသိန်းသည် စာဖွဲ့ခံပုဂ္ဂိုလ်တို့၏စရိုက်ကို သရုပ်ဖော်

ရေးဖွဲ့ရာ၌ စိတ်ကူးဉာဏ်ထက်မြက်ပြီး လူ့သဘော၊ လူ့သဘာဝကို ပေါ်လွင်အောင် ဖော်ကျူးနိုင်ခဲ့သည်။

## နိဂုံး

မောင်ဘီဆရာသိန်း၏ 'ဗဟုသုတဟင်းလေးအိုး' စာအုပ်သည် စာဖွဲ့ခံပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိကို အပြည့်အစုံဖော်ပြထားခြင်း မရှိသော်လည်း စာဖွဲ့ခံပုဂ္ဂိုလ်၏ အတုယူဖွယ်စိတ်ထားကို စာရေးသူ သိမြင်ခံစားရသကဲ့သို့ စာဖတ်သူများပါ ခံစားသိရှိစေရန် ဖတ်ချင့်စဖွယ် ရေးဖွဲ့ထားသည်ကို တွေ့ရပါသည်။ စာဖွဲ့ခံပုဂ္ဂိုလ်တို့၏ စိတ်ထားစရိုက်တို့ကို စာဖတ်သူအနေဖြင့် အတုယူဖွယ်ခံစားမိသကဲ့သို့ ပြုံးရယ်ချင်ဖွယ် ဖြစ်အောင်လည်း ရေးသားနိုင်ခဲ့သည်။ ရသမှတစ်ဆင့် ဘဝအသိကို ပေးနိုင်သည့် စာဆို၏ အရေးအဖွဲ့စွမ်းရည်သည် လေးစားဖွယ် ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၀၄)၊ ***စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ***။ ရန်ကုန်၊ မြနန္ဒာစာအုပ်တိုက်။

ခင်မင်၊ မောင် (ဓနုဖြူ)။ (၂၀၁၁)၊ ***ရေးဟန်ပညာနိဒါန်း***။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

ဝင်းမွန်၊ တက္ကသိုလ်။ (၁၉၈၇)။ ***စာတမ်းငယ်စာပေစာတမ်းများ***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

သိန်း၊ ဆရာ၊ မောင်ဘီ။ (၂၀၀၇)။ ***ပါးစပ်ရာဇဝင်***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

သိန်း၊ ဆရာ၊ မောင်ဘီ။ (၂၀၀၇)။ ***အရှုံးလွယ်အိတ်***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

သိန်း၊ ဆရာ၊ မောင်ဘီ။ (၂၀၁၃)။ ***"မောင်ဘီဆရာသိန်း၏ ဗဟုသုတဟင်းလေးအိုး"***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

သိန်း၊ ဆရာ၊ မောင်ဘီ။ (၂၀၁၅)။ ***ဖျိုင်းနားမင်္ဂလာစာတမ်း***။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

သိန်း၊ ဆရာ၊ မောင်ဘီ။ (၂၀၁၆)။ ***ပေါ်ရာဏဒီပနီပေါင်းချုပ်***။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# အင်းဝခေတ်ပျို့များမှ မြန်မာမှုအဖွဲ့များ

မောင်မောင်ခင်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် အင်းဝခေတ် ပျို့စာပေများတွင် တွေ့ရသော မြန်မာ့ယဉ်ကျေးမှုနှင့်ဆိုင်သော မြန်မာမှုအဖွဲ့များကို သိစေလိုသော ရည်ရွယ်ချက်ဖြင့် တင်ပြထားသော စာတမ်း ဖြစ်ပါသည်။ ပျို့စာပေ၏ သဘောသဘာဝကို အခြေခံ၍ အင်းဝခေတ် ပျို့များကို လေ့လာခံအဖြစ် တင်ပြထားပါသည်။ စာတမ်းတွင် ပျို့သဘောသဘာဝ၊ အင်းဝခေတ် ပျို့စာရင်းနှင့် အင်းဝခေတ် ပျို့များမှ မြန်မာမှုအဖွဲ့များ ဟူ၍ အပိုင်းသုံးပိုင်းဖြင့် လေ့လာတင်ပြမည် ဖြစ်ပါသည်။ အင်းဝခေတ်၏အခြေအနေနှင့် မြန်မာမှုအခြေအနေကိုလည်း ဆက်စပ်တင်ပြသွားမည် ဖြစ်ပါသည်။

**သော့ချက်ဝေါဟာရများ** – ***မြန်မာမှု၊ စာကိုး၊ စကားပုံ၊ နီတိ၊ နိပါတ်။***

## နိဒါန်း

ပျို့ဟူသော စာပေအဖွဲ့သည် အင်းဝခေတ်တွင် စတင်ပေါ်ပေါက်ခဲ့ပြီး ‘ပျို့ခေတ်’ ဟု ဆိုရလောက်အောင် တစ်ခေတ်လုံး ဆက်လက်ထွန်းကားခဲ့သည်။ ပထမအင်းဝခေတ်တွင် မြန်မာမှုသည်လည်း တစ်ရှိန်တည်း တိုးတက်ထွန်းကားလာသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာဘုရင်မင်းများကိုယ်တိုင်ကပင် မြန်မာမှုကို အားပေးလာသည့်အပြင်၊ စာဆိုပုဂ္ဂိုလ်တို့သည်လည်း တစ်ဦးနှင့်တစ်ဦး အပြိုင်ရေးသားပြုစု၍ ဉာဏ်ရည်ပြ ရေးဖွဲ့လာကြသောကြောင့်ပင် ဖြစ်သည်။ မြန်မာစာပေနယ်ပယ်တွင် အစဉ်အလာကြီးမားသော အင်းဝခေတ် ပျို့အစောင်(၂၀)မှ ပျို့စာဆို ခုနစ်ဦး ဖွဲ့ဆိုသော ကောင်းနိုးရာရာ ပျို့ (၇)စောင်၏ဂုဏ်ကို ဖော်ထုတ်ကြည့်ခြင်းဖြင့် မြန်မာမှုများကို လေ့လာတင်ပြသွားမည် ဖြစ်သည်။ ဇာတက၊ ဗုဒ္ဓဝင်တို့မှ ဖြစ်ရပ်များ၊ ကျမ်းဂန်လာ အကြောင်းအရာများ၊ ဩဝါဒနီတိများကို ပျို့အဖြစ် ရေးဖွဲ့ရာတွင် အင်းဝခေတ်၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ ထင်ဟပ်နေသည့် မြန်မာမှုအဖွဲ့များကို လေ့လာဖော်ထုတ်သွားမည် ဖြစ်ပါသည်။

---

* ဒေါက်တာ၊ ပါမောက္ခ(ဌာနမှူး)၊ မြန်မာစာဌာန၊ သမဝါယမတက္ကသိုလ်(စစ်ကိုင်း)

**ပျို့ဝေါဟာရ**

ပျို့ဟူသော ဝေါဟာရကို ပင်းယခေတ်၌ အစောဆုံး တွေ့ရပါသည်။ သက္ကရာဇ် (၇၁၄)ခုနှစ် လေးစီးရှင်ကျော်စွာ (ခေါ်) သီဟသူမင်းလက်ထက်တွင် ကျော်စော ထင်ရှားသော စတုရင်္ဂဗလအမတ်ကြီးသည် အဘိဓမ္မာ ခဲရာခဲဆစ်တို့ကို 'ရွှေဖဝါးတော်အောက်' အစချီရတုကဗျာဖြင့် ဆူးတွင်းပစ်ဆရာတော်အား မေးလျှောက်ခဲ့ရာ ဆရာတော်က–

> "နှုတ်မင်္ဂလာပျို့ဖြင့် မေးသည်ကို ကဗျာလင်္ကာပျို့ဖြင့်သာ ဖြေလျှင်းပေအံ့"[၁]

ဟု ပြန်ကြားဖြေဆိုသောစကားအရ ပျို့ဝေါဟာရကို ပင်းယခေတ်၌ အစောဆုံး တွေ့ရပြီဟု ဆိုနိုင်ပါသည်။

ပျို့ဟူသော ဝေါဟာရ၏ အနက်အဓိပ္ပာယ်ကို ပညာရှင်အသီးသီးတို့က အမျိုးမျိုး ကွဲဆဖွင့်ဆိုခဲ့ကြပါသည်။ မြန်မာစာပေသမိုင်းတွင် ဆရာကြီးဦးဖေမောင်တင်က–

> "ပျို့ဟူသည်မှာ ပို့– ဟူသော စကားမှ ဆင်းသက်ပျက်ပြားလာ၍ ပြည့်လျှမ်းခြင်း၊ နှစ်သက်ခြင်း၊ အရောင်တောက်ပခြင်း အနက်များ ရမည်ထင်၏။ တရားအဆီအနှစ်များနှင့် ပြည့်လျှမ်း၍နေသော ကဗျာသည် ပို့–မည်၏။ ဥပမာ–တောင်ပို့ ဟူရာ၌ မြေကြီးများ ပြည့်လျှမ်းမို့မောက်၍နေခြင်းကြောင့် တောင်ပို့ဟူ၍ ခေါ်သကဲ့သို့ ပင်တည်း။ ပို့–ကို အသံပျော့စေရန် ယပင့်လိုက်ခြင်းကြောင့် ပို့–မှ ပျို့– ဟူ၍ ပြောင်းလဲလာသည်။"[၂]

ဟု ပို့– မှ –ပျို့– ပြောင်းလဲလာပုံကို ဖော်ပြထားပါသည်။

လေ့သင်းအတွင်းဝန် ဦးချိန်က ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင်–

> "မနံပိနေတီတိပျို့၊ ယံကဗျံ–အကြင်ကဗျာသည်၊ မနံ–စိတ်ကို၊ ပိနေတိ–နှစ်သက်စေတတ်၏။ ဣတိ–ထို့ကြောင့်၊ တံကဗျံ– ထိုကဗျာသည်၊ ပျို့ – ပျို့ မည်၏။"[၃]

---

[၁] လွန်း၊ ဆရာ၊ ၁၉၂၃၊ ၁၃၂။
[၂] ဖေမောင်တင်၊ ဦး၊ ၂၀၀၃၊ ၉၂။
[၃] ချိန်၊ ဦး၊ လေ့သင်းအတွင်းဝန်၊ ၁၉၆၃၊ ၃၇၇။

ဟူ၍ သူတစ်ပါးတို့ နှစ်သက်စေတတ်သောကြောင့် ပျို့ဟု ခေါ်ဝေါ်ရေးသားကြောင်း ရှင်းလင်းတင်ပြထားသည်။ ပုဂံဝန်ထောက်မင်း ဦးတင်က ကဗျာဗန္ဓသာရကျမ်းတွင်–

> "ဖတ်နာကြည့်ရှုသူတို့ စိတ်နှလုံးကိုယူကျုံးသည့်အသွင် ကြည်လင်နှစ်သက်စေသော စာဖြစ်သောကြောင့် ပျို့မည်၏"[၁]

ဟူ၍ သမုတ်ပညတ်ရေးမှတ်ခေါ်ဝေါ်ကြောင်း ဖော်ပြထားသည်။

> "ပျို့၊ န – ပိုဒ်ရေပေါင်းများစွာ ဖွဲ့ဆိုသော လေးလုံးစပ် လင်္ကာရှည်တစ်မျိုး"[၂]

ဟူ၍ ပျို့ဝေါဟာရ၏ အနက်အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် ဖော်ပြထားပါသည်။

> "ပျို့သည် လေးလုံးစပ်လင်္ကာတစ်မျိုးဖြစ်သည်။ အကြောင်းအရာ အတ္ထုပ္ပတ္တိ တစ်ခုခုကို အတ္တာလင်္ကာရ၊ သဒ္ဒါလင်္ကာရ၊ အနက်နှင့် အသံတည်း ဟူသော တန်ဆာအဆင်တို့နှင့် စုံလင်ပြည့်လျှမ်းစေလျက် နှစ်သက်စရာ ညင်သာငြိမ့်ညောင်း နာပျော်ဖွယ်ကောင်းအောင် ပိုဒ်ရေပေါင်းများစွာဖြင့် စီခြယ်စပ်ဆိုထားသည်ကို ပျို့ဟု ခေါ်သည်"[၃]

ဟူ၍ မြန်မာ့စွယ်စုံကျမ်းတွင် ဖွင့်ဆိုထားကြောင်း တွေ့ရသည်။

> "ပျို့သည် ပိုဒ်ရေများစွာ ပါဝင်သော လေးလုံးစပ် ကဗျာရှည်ဖြစ်သည်။ ရေးဖွဲ့သည့် အကြောင်းအရာကို စကားတန်ဆာ၊ အနက်တန်ဆာများဖြင့် နှစ်သက်ဖွယ်ကောင်းအောင် ဝေဝေဆာဆာ ရေးဖွဲ့သည့်အတွက် ထိုကဗျာမျိုးကို 'နှစ်သက်ဖွယ်' ဟု အဓိပ္ပာယ်ရသော ပျို့ဟူသည့် ဝေါဟာရဖြင့် အမည်သညာပြုထားခြင်း ဖြစ်သည်။"[၄]

ဟု ဆရာမလိခ၏ ပျို့အညွှန်းတွင် ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)က ပျို့ဝေါဟာရကို အမည်သညာပြုခဲ့ပါသည်။

ပညာရှင်တို့၏ အယူအဆများအရ ပျို့ဝေါဟာရကို လေ့လာကြည့်လျှင် ပျို့သည် နှစ်သက်ဖွယ် မှတ်သားဖွယ်တို့နှင့် ပြည့်လျှမ်းနေသော လင်္ကာရှည်ကြီး

---

[၁] တင်၊ ဦး၊ ပုဂံဝန်ထောက်၊ ၁၉၆၉၊ ၂၅။
[၂] မြန်မာစာအဖွဲ့၊ ၁၉၉၉၊ ၁၉၈။
[၃] စွယ်စုံကျမ်း၊ ၂၀၁၂၊ ၉၇။
[၄] မလိခ၊ ၂၀၁၅၊ ၁။

ဖြစ်ပါသည်။ ပျို့တွင် ဓမ္မကြောင်း၊ ရာဇကြောင်း၊ လောကကြောင်းနှင့် မြန်မာမှုတို့ပါ ထင်ဟပ်နေကြောင်း လေ့လာသုံးသပ်မိပါသည်။

## အင်းဝခေတ်ပျို့များ

ပင်းယခေတ်တွင် စတင်တွေ့ရှိရသော ပျို့လင်္ကာသည် အင်းဝခေတ်သို့ ရောက်သော် ကျယ်ပြန့်ထွန်းကားခဲ့ပါသည်။ ထိုကဗျာ၊ လင်္ကာ ပျို့လင်္ကာ ပင်မကြီးထဲမှ ခွဲထွက်လာသော ပျို့စာပေသည် အင်းဝခေတ်တွင် စတင်အခြေခိုင်မာလာခဲ့ပြီး စာပေမှတ်တိုင်တစ်ခုအဖြစ် ရပ်တည်နေနိုင်ခဲ့ပြီး ဖြစ်ပါသည်။ အစောဆုံးတွေ့ရသော ပျို့မှာ ဘူရိဒတ်လင်္ကာကြီး ဖြစ်သည်။ ရှင်မဟာရဋ္ဌသာရ အသက် ၁၆ နှစ် အရွယ် (၁၄၈၄)ခုတွင် ရေးဖွဲ့ခဲ့ပါသည်။ မြန်မာ့ပျို့သမိုင်းတွင် ပထမဆုံးပျို့ဟု သတ်မှတ်ခဲ့ပါသည်။ မြန်မာစာပေညွှန့်ခံစာတမ်းတွင် ဆရာကြီး ဒေါက်တာလှသောက–

> "ရှင်မဟာရဋ္ဌသာရက သီဟိုဠ်ရောက် ဆရာတော်ကြီးများထံမှာ နည်းနာ ခံယူခဲ့တယ်။ သီဟိုဠ်မှာ ၁၃ ရာစု လောက်ကတည်းက ဘုရားဟောဇာတ်တော်တွေကို ကဗျာဖွဲ့ဆိုနေကြပြီ"[၁]

ဟု မိန့်ဆိုဖူးပါသည်။ ထိုပျို့မှစ၍ ပေါ်ပေါက်ခဲ့သော ပျို့များအနက် ယနေ့တိုင် ပျို့စာကိုယ် အထောက်အထားနှင့်တွေ့ရသော ပျို့များမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | | | |
|---|---|---|---|
| ၁။ | ရှင်မဟာရဋ္ဌသာရ၏ | ဘူရိဒတ်လင်္ကာကြီး | (၁၄၈၄) |
| ၂။ | ရှင်မဟာသီလဝံသ၏ | ပါရမီတော်ခန်းပျို့ | (၁၄၉၁) |
| ၃။ | ရှင်မဟာရဋ္ဌသာရ၏ | ဘူရိဒတ်ဇာတ်ပေါင်းပျို့ | (၁၄၉၄) |
| ၄။ | ရှင်မဟာသီလဝံသ၏ | ဆုတောင်းခန်းပျို့ | (၁၄၉၈) |
| ၅။ | ရှင်မဟာသီလဝံသ၏ | တောင်တွင်းလာပျို့ | |
| ၆။ | ရှင်မဟာသီလဝံသ၏ | ဓမ္မပါလပျို့ | |
| ၇။ | ရှင်မဟာရဋ္ဌသာရ၏ | ဂမ္ဘီသာရပျို့ | |
| ၈။ | ရှင်တေဇောသာရ၏ | ရွှေဟင်္သာမင်းပျို့ | (၁၅၀၉) |
| ၉။ | ရှင်အုန်းညို၏ | ဂါထာခြောက်ဆယ်ပျို့ | (၁၅၁၇) |
| ၁၀။ | ရှင်မဟာရဋ္ဌသာရ၏ | ကိုးခန်းပျို့ | (၁၅၂၆) |

---

[၁] လှသော၊ ဒေါက်တာ၊ ၂၀၁၆၊ ၁၃၁။

| | | | |
|---|---|---|---|
| ၁၁။ | ရှင်အဂ္ဂသမာဓိ၏ | သုဝဏ္ဏသျှံသူဌေးခန်းပျို့ | (၁၅၂၇) |
| ၁၂။ | ရှင်အဂ္ဂသမာဓိ၏ | သုဝဏ္ဏသျှံမြားမှန်ခန်းပျို့ | (၁၅၂၇) |
| ၁၃။ | ရှင်အဂ္ဂသမာဓိ၏ | သုဝဏ္ဏသျှံသစ္စာခန်းပျို့ | (၁၅၂၇) |
| ၁၄။ | ရှင်အဂ္ဂသမာဓိ၏ | နေမိင်ရဲခန်းပျို့ | (၁၅၂၈) |
| ၁၅။ | ရှင်မဟာရဋ္ဌသာရ၏ | သံဝရပျို့ | (၁၅၂၉) |
| ၁၆။ | ရှင်အဂ္ဂသမာဓိ၏ | နေမိဘုံခန်းပျို့ | (၁၅၃၂) |
| ၁၇။ | ရှင်အဂ္ဂသမာဓိ၏ | နေမိမဂ္ဂဇိုးခန်းပျို့ | (၁၅၃၅) |
| ၁၈။ | ရှင်တေဇောသာရ၏ | ပြာဋ္ဌိဟာခန်းပျို့ | (၁၅၃၆) |
| ၁၉။ | ကန်တော်မင်းကျောင်းဆရာတော်၏ | လောကသာရပျို့ | |
| ၂၀။ | ရှင်ဣန္ဒဂုတ္တ၏ | နဝရတ်ပျို့ | (၁၅၅၅) |

အင်းဝခေတ်တွင် ပျို့စာကိုယ် အထင်အရှားတွေ့ရသော ပျို့အစောင် နှစ်ဆယ် ရှိပါသည်။ စာဆိုတစ်ဦးတည်းက ပျို့(၆)စောင်အထိ ရေးဖွဲ့သကဲ့သို့ ပျို့တစ်စောင်တည်း ရေးဖွဲ့သော စာဆိုလည်း ရှိပါသည်။ ထူးခြားသည်မှာ အင်းဝခေတ်ပျို့စာဆို (၇)ဦးရှိ၍ အားလုံးမှာ ရဟန်းစာဆိုများအဖြစ်သာ တွေ့ရှိရပါသည်။

## အင်းဝခေတ်ပျို့များမှ မြန်မာမှုအဖွဲ့များ

### ပါရမီတော်ခန်းပျို့

'ဗောဓိမဏ္ဍိုင်၊ ခန်းဝါပိုင်' ချီပါရမီတော်ခန်းပျို့ကို (၁၄၉၁)တွင် ရေးသား စပ်ဆိုခဲ့ပါသည်။ 'သဒ္ဒါတွင် ရှင်မဟာကစ္စည်း၊ ကဗျာတွင် ရှင်မဟာသီလဝံသတည်း' ဟု ယခုတိုင် ဥဒါန်းတွင်လျက်ရှိပေသော ရဟန်းစာဆိုအကျော် ရှင်မဟာသီလဝံသ (၈၁၅–၈၈၀) ရေးဖွဲ့ပါသည်။

ဆရာတော်သည် 'ပေလေးပင် ရှင်လေးပါး' အပါအဝင်ဖြစ်သည်။[၁] ရှင်ဥတ္တမကျော် နှင့် ရှင်အုန်းညိုတို့ထက် (၆)ရက် ငယ်၍၊ ရှင်ခေမာထက် (၄)ရက်မျှ ကြီးလေသည်။ ဖွားရာဇာတိမှာ တောင်တွင်းကြီးမြို့ မြောက်ဘက် မြို့လုလင်ရွာဇာတိ ဖြစ်သည်။ အသည်မျိုးဖြစ်သူ အဖ ဦးကြည်၊ အမိ နတ်ထိန်းကြီး ဒေါ်ဒွေးတို့တွင် ဖွားမြင်သည်။ ငယ်မည်မှာ မောင်ညို ဖြစ်သည်။ အင်းဝခေတ်နှင့်တကွ မြန်မာစာပေသမိုင်း

---

[၁] ဘသောင်း၊ ဗိုလ်မှူး၊ ၂၀၀၂၊ ၅၃။

တစ်လျှောက်တွင် ရှင်မဟာသီလဝံသဆရာတော်အရှင်သည် ပျို့စာဆိုအဖြစ် ထင်ရှား ခဲ့သည်။[၁]

ပါရမီတော်ခန်းပျို့သည် မြတ်စွာဘုရားအလောင်းတော် သုမေဓာရှင်ရသေ့၏ ပါရမီဆယ်ပါး ဆင်ခြင်တော်မူခန်းကို အဓိကပြုလျက် ပျို့ဖွဲ့ထားခြင်း ဖြစ်သည်။ လူတို့ပေါင်းသင်းဆက်ဆံရာ၌ ကတိသစ္စာ တည်ကြည်ရန်မှာ အရေးကြီးလှသည်။ သစ္စာတည်လျှင် လုပ်ငန်းဆောင်တာကိစ္စ အဝဝအောင်မြင်နိုင်သကဲ့သို့ သစ္စာမတည်လျှင် မအောင်မြင်နိုင်ကြောင်းကို ပါရမီတော်ခန်းပျို့တွင်–

> "ပေါ်စိုရသာ၊ မြေသြဇာလျက်၊ တစ်ထွာတစ်ထောင်၊ လက်ခုပ်
> ဘောင်လျှင်၊ နက်ချောင်ငုပ်နစ်၊ အောက်လျှိုးဖြစ်၍၊ ခါးချစ်
> ဆေးဝါး၊ လူတို့စားလည်း၊ နာဖျားမလွတ်၊ ဥပ္ပဒ္ဒဝေါ၊
> ဘေးဘျမ်းပြော၏"[၂]

ဟု ရေးဖွဲ့ထားပါသည်။ ထိုအဖွဲ့တွင် သစ္စာမတည်ပါက အရသာကိုဖြစ်စေသော မြေသြဇာတို့သည် ကွယ်ပျောက်ပုံကို 'နက်၊ ချောင်၊ ငုပ်၊ နစ်၊ အောက်၊ လျှိုး' ဟူသော အဓိပ္ပါယ်တူ စကားလုံးများကပ်၍ ဖွဲ့ဆိုထားပါသည်။ ထိုသို့သစ္စာမတည်သော အချိန်တွင် ရောဂါဖြစ်၍ စားသောက်ပါကလည်း ဒုက္ခရောက်နိုင်ပုံကို 'နာဖျားမလွတ်၊ ဥပ္ပဒ္ဒဝေါ၊ ဘေးဘျမ်းပြော၏' ဟု ထင်ရှားစွာ ဖွဲ့ဆိုထားပါသည်။ ထိုအဖွဲ့ကောင်းများကြောင့် အင်းဝခေတ်ပြည်သူတို့ မုသားမသုံးစွဲကြရန် ဆရာတော်၏ လူမှုရေး လမ်းညွှန်ချက်သည် ပေါ်လွင်ထင်ရှားလာစေပါသည်။

အလှူရှင်တို့သည် အလှူပြုသည့်အခါ 'ပုဗ္ဗ၊ မုဉ္စ၊ ပရ' ဟူသော စေတနာ (၃)တန်ကို ပြဋ္ဌာန်းပြီး လှူမှသာ မြတ်နိုင်ပေသည်။ ထိုသို့ စေတနာ (၃)တန်နှင့် အလှူပြုလျက်ရှိကြောင်းကို မျက်နှာအနေအထား၊ အလှူ၌တိမ်းညွတ်သည့် စိတ်ဖြင့် အလှူပြုရန် ကြည်ညိုသောအသံဖြင့် ပြောရန်တို့ကို–

> "မလှူခင်၌၊ ရှေ့တွင်ခင်းကျင်း၊ မျက်မှာန်ကင်းလျက်၊ ရွှင်းရွှင်း
> ရပ်ဓာတ်၊ ဇောစိတ်ညွတ်၍၊ သံတွတ်နူတ်ရည်၊ လှူအံ့သည်ဟု၊
> အကြည်အညို၊ ဆို၍လည်းကောင်း၊ လှူဆဲဆဲ၌၊ သုံးစွဲစေလို၊
> အစ်ကိုမည်မှည့်၊ သည်ကောင်း၏ဟု၊ ပေးတည့်လက်စမ်း၊

---

[၁] မျိုးဆွေ၊ ဦး၊ ၁၉၆၇၊ ၄၂၄။

[၂] သီလဝံသ၊ ရှင်မဟာ၊ ၁၉၆၅၊ ၁၂၂။

> ကမ်း၍လည်းကောင်း၊ လှျုပြီးနှောင်းလည်း၊ ထပ်လောင်းလေလေ၊
> လက်ယက်ရေသို့"[၁]

ဟု အနုစိတ် ရေးဖွဲ့ထားပါသည်။

လှျုပြီးသည့် အချိန်ကာလတွင် မိမိအလှုအတွက် ဝမ်းသာကြည်နူးနေပြီး ထပ်တိုး၍သာ လှုလိုသော ဆန္ဒဖြစ်ပွားနေပုံကို လက်ယက်တွင်းရေသည် ယက်လေ ထွက်လေဖြစ်ပုံနှင့် ခိုင်းနှိုင်းဖွဲ့ဆိုထားသည်။

## ရွှေဟင်္သာမင်းပျို့

ရွှေဟင်္သာမင်းပျို့ကို ရှင်တေဇောသာရ (၈၅၀–၉၁၀)ခန့်က ၁၅၀၉ ခုနှစ်တွင် ရေးသားပြီးပါသည်။ အင်းဝမြို့ဇာတိဖြစ်သော ရှင်မဟာရဋ္ဌသာရ၏ တပည့်ရင်း ဖြစ်လေသည်။

ရွှေဟင်္သာမင်းပျို့ကို ရေးသားပြီးစီးသည့်နှစ်မှာ သက္ကရာဇ် (၈၁၇)ခုနှစ်ဟု ဆိုသောကြောင့် ထိုနှစ် ထိုခေတ်၏အခြေအနေကို ဆန်းစစ်ကြည့်ရှုလျှင် ရွှေနန်း ကြော့ရှင် ဘုရင် နရပတိအား နိုင်ငံတွင် မြို့စားတို့ အကြိမ်ကြိမ် အဖန်ဖန် ပုန်ကန် သောင်းကြမ်းလျက်ရှိကြောင်း တွေ့ရသည်။ ဘိုးတော်၊ ညီတော် စသော မင်းဆွေစိုးမျိုး ထဲကပင်လျှင် ဘုရင့်သစ္စာတော်ကို ကောင်းစွာ မစောင့်ကြ။

> "မိုးညှင်းစလုံ၏ ရန်သည် နီးကပ်နေရကား မင်းမှုထမ်းတို့ သစ္စာရှိရန် အရေးကြီးသော အချိန်တွင် သတိပေးသောပျို့ ဖြစ်သည်။"[၂]

ဟု ဒေါ်စီစီဝင်းက မြန်မာကဗျာစာတမ်း ပထမတွဲ၌ ဖော်ပြခဲ့သည်။

ဓတရဋ္ဌ သုဝဏ္ဏဟံသဇာတ်တော်လား စစ်သူကြီးသုမုခသည် တိရစ္ဆာန် ငှက်ပင်ဖြစ်လင့်ကစား အရှင်သခင်၏ ကျေးဇူးတရားကို စောင့်သိပါသေး၏။ လူတို့ မူကား အဘယ်ဆိုဖွယ်ရာရှိတော့အံ့နည်း ဟူသော စိတ်ဓာတ်မျိုး ပေါ်ပေါက် လာအောင် ဤရွှေဟင်္သာမင်းပျို့ကို သတိပေးသောအားဖြင့် သွယ်ဝိုက်ရေးသားထား ခြင်းပင် ဖြစ်ပေသည်။ မြန်မာတို့သည် ကျေးဇူးတရားကို အလေးထားသူများ ဖြစ်ကြသည်။ ခေတ်ပျက်ချိန်တွင် ကျေးဇူးတရားကို ပို၍အလေးထားသင့်သည်ဆိုသော မြန်မာတို့၏ခံယူချက်ကို ရေးဖွဲ့ခဲ့ခြင်း ဖြစ်သည်။

---

[၁] သီလဝံသ၊ ရှင်မဟာ၊ ၁၉၆၅၊ ၈၈။
[၂] စီစီဝင်း၊ ဒေါ်၊ ၁၉၈၃၊ ၂၉။

"ရှေးမင်းမြတ်တို့၊ ကျင့်မှတ်တရား၊ ကျင့်ရာများကို၊ မင်းဖျား
ဘုန်းဟော့၊ ကျင့်ခလေ့ဖြင့်၊ မမေ့မလျော့၊ မပေါ့လင့်မင်း၊
လှူသီတင်းလည်း၊ စင်းလျင်းဆောက်တည်၊ စိတ်သံကြည်လျက်၊
သုံးမည်စရိုက်၊ ကိုယ်၌မကွေ၊ မြဲလှစေလော့"[၁]

မင်းတို့ကျင့်အပ်သည့် ဒါနသီလတရားတို့ကို မမေ့စေရန် 'မမေ့မလျော့ မပေါ့လင့်မင်း'၊ 'စင်းလျင်းဆောက်တည်' ဟုလည်းကောင်း ဒါန၊ သီလ၊ ဘာဝနာ ဆောက်တည်ခြင်းနှင့်အတူ ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက် ဟူသော စရိုက်သုံးပါး၊ ဆောက်တည်ရမည်ကို 'စင်းလျင်ဆောက်တည်၊ စိတ်သံကြည်လျက်၊ သုံးမည်စရိုက်'ဟု ဖွဲ့ဆိုထားပြီး ထိုစရိုက်တို့ကို ကျင့်သုံးစေရန် 'ကိုယ်၌မကွေ၊ မြဲလှစေလော့' ဟု လည်းကောင်း ညွှန်ပြဖွဲ့ဆိုခဲ့ပါသည်။ ဒါန၊ သီလ၊ ဘာဝနာ မြတ်စွာဘုရား၏ အဆုံးအမတို့ကို မေ့လျော့မနေစေရန် မြန်မာ့ယဉ်ကျေးမှုနှင့်ဆိုင်သော မြန်မာ့စိတ်ဓာတ်ကို ဖွဲ့ဆိုခဲ့သည်။

မိဘနှင့်သားသမီးဆက်ဆံရေးတွင် သားသမီးတို့သည် မိဘစကားကို ရိုသေစွာ နားထောင်သင့်ကြောင်းကို ရွှေဟင်္သာမင်းပျို့တွင်–

"သမီးတော်တို့၊ နတ်လျော်ရောင်ဆင်း၊ အချင်းကောင်းမြတ်၊
လွန်ညီညွတ်လျက်၊ သေသပ်နှလုံး၊ ကျင့်သုံးသီလ၊ အာစာရနှင့်၊
မိဘထားသို၊ ကိုယ်လိုမစိုး၊ ကျိုးကျိုးနွံနွံ၊ ဆုံးမခံ၍၊
ခြွေရံပတ်ဝန်း၊ ရွှေထီးနန်းနှိုက်၊ တဲခန်းကိုယ်စီ၊ အညီထိန်းယ၊
မ–စပဲ့ပြင်၊ လိမ်မာသင်လျက်"[၂]

ဟု ဖွဲ့ဆိုထားပါသည်။ မင်း၏သမီးတော်များအနေနှင့်လည်း အခြေမြင့် အနေတင့်သည့်အလျောက် စိတ်နေမမြင့်ကြဘဲ မိန်းကလေးကောင်း (ခ) သမီးကောင်း ပီသအောင် နေတတ်ထိုင်တတ်အောင် လမ်းညွှန်ဆုံးမထားပါသည်။ 'သမီးတော်တို့' ဟု စာဆိုက တိုက်ရိုက်ခေါ်ဝေါ်၍ မြန်မာ့ခလေ့ကို တင်ပြသည်။ ရုပ်အဆင်း လှပသည်နှင့်အညီ စိတ်နှလုံး ကောင်းမွန်သင့်ကြောင်းကို 'နတ်လျော်ရောင်ဆင်း၊ အချင်းကောင်းမြတ်၊ လွန်ညီညွတ်လျက်' ဟု ဆိုဆုံးမထားပါသည်။ လောဘ၊ ဒေါသ၊ မောဟ၊ မာန တစ်ခုခု၌ အစွန်းမရောက်ဘဲ နှလုံးသား တည်ငြိမ်အေးဆေးသင့်သည်ဆိုသော သဘောကို 'သေသပ်နှလုံး' ဟု သုံးနှုန်းသည်။ ထိုသို့ စိတ်နှလုံး ကောင်းမွန်သေသပ်ရန် အကျင့်သီလကို စောင့်ထိန်းသင့်သည်ဟု ဆိုသည်။ ပျို့ကဗျာအတွင်းရှိ ပဒများသည် ရှေ့နောက်

[၁] တေဇောသာရ၊ ရှင်၊ ၁၉၆၅၊ ၉၅။

[၂] တေဇောသာရ၊ ရှင်၊ ၁၉၆၅၊ ၆၉။

အဆက်အစပ် ကောင်းမွန်သည်။ သမီးတော်များအနေနှင့် မိဘတို့၏ အဆုံးအမကို ကျိုးကျိုးနွံနွံ ခံယူသင့်သည်။ မိမိအလိုဆန္ဒကို ရှေ့တန်းတင်၍ နေထိုင်ပြုမူခြင်း မပြုသင့်ပုံကို 'မိဘထားသို၊ ကိုယ်လိုမစိုး၊ ကျိုးကျိုးနွံနွံ၊ ဆုံးမခံ၍' ဟု ဖွဲ့ဆိုသည်။ 'ကိုယ်လိုမစိုး' ဆိုသည့် စကားသုံးက ဆိုလိုရင်းကို တိတိကျကျ၊ ကျစ်ကျစ်လျစ်လျစ် ဖော်ပြနိုင်သည်။ မိမိတို့အခန်းများ၌ အထိန်းတော်များနှင့် နေထိုင်ရာတွင် လိမ္မာအောင် သွန်သင်ပေးရသည်။ သွန်သင်မှုကိုခံယူရမည်ဟု လမ်းညွှန်ထားသည်။ အင်းဝခေတ် ဘုရင့်သမီးတော်များ လိမ္မာယဉ်ကျေးအောင် နေမှု၊ ထိုင်မှု၊ ဆုံးမမှုဆိုသည့် မြန်မာ့ ဓလေ့များကို ရေးဖွဲ့တင်ပြထားပါသည်။

## ဂါထာခြောက်ဆယ်ပျို့

ဂါထာခြောက်ဆယ်ပျို့ကို ရှင်အုန်းညို (၁၈၅–၈၉၀)ခန့်က ၁၅၁၇ ခုနှစ်တွင် ရေးသားဖွဲ့ဆိုခဲ့ပါသည်။ 'ပေလေးပင် ရှင်လေးပါး' သိုက်ဝင် ရှင်အုန်းညိုသည်ကား ရှင်ဥတ္တမကျော်၊ ရှင်မဟာသီလဝံသနှင့် ရှင်ခေမာတို့ကဲ့သို့ပင် သက္ကရာဇ် ၈၁၅ ခုနှစ် ဖွားဖြင်သည်။ ဇာတိအားဖြင့် တောင်တွင်းကြီးမြို့နယ်၊ သတိုးထမ်းရွာ ဇာတိ ဖြစ်ပြီး မိဘမည်ရည်ကိုမူ မသိရပါ။ ရွှေနန်းကြော့ရှင်လက်ထက် အင်းဝမပျက်ခင် ရေးဖွဲ့ ခဲ့သောပျို့ ဖြစ်သည်။

ဂါထာခြောက်ဆယ်ပျို့သည် ဘုရားရှင် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွမြန်းတော်မူပါရန် ကာဠုဒါယီထေရ်က တပေါင်းလတွင် လမ်းခရီးသာယာပုံများကို ဖော်ပြချီးကျူးလျက် လျှောက်ထားသော ဂါထာများကို မှီငြမ်းပြု၍ ရေးဖွဲ့ထားသည်။ အပဒါန် အဋ္ဌကထာလာ ၆၃ ဂါထာကို မှီငြမ်းပြုသည်။[၁] ဗုဒ္ဓဝင်ပျို့ တစ်စောင် ဖြစ်ပါသည်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံသွားသော်လည်း ဘုရားရှင်၏တရားတော်များ၊ တပည့်သား ရဟန်းသံဃာများ ကျန်ရစ်ခဲ့သေးသည် ဖြစ်သည့်အတွက် အလှူပြုရာတွင် တူသောအကျိုးကို ပေးနိုင်ကြောင်းကို–

> "လောကဗန္ဓု၊ သဗ္ဗညုကို၊ မြတ်ရှုဦးတိုက်၊ မမီလိုက်လည်း၊
> မကြိုက်ပါသည်၊ တစ်ဖို့မည်သာ၊ သာသနာနှင့်၊ သင်္ဃာဓမ္မ၊
> မွေတော်စသား၊ ဒါနလှူရေး၊ ဇော့ပျိုးပေးမှ၊ လိုရုံရ၏။"[၂]

---

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၄၊ ၇၅။

[၂] အုန်းညို၊ ရှင်၊ ၁၉၆၅၊ ၃။

ဟု ဖွဲ့ဆိုထားပါသည်။ ထိုအဖွဲ့တွင် ဘုရားရှင်ကိုယ်စား ဘုရားရှင် ဟောကြားတော်မူခဲ့သော တရားတော်များအတိုင်း ရဟန်းသံဃာတော်တို့အား လှူဒါန်းပါက ဘုရားရှင်အား လှူသကဲ့သို့ အကျိုးထူးပေးနိုင်ကြောင်း ဖွဲ့ဆိုပါသည်။ မြတ်စွာဘုရားရှင်ဟု တိုက်ရိုက်မရေးဘဲ လောက၏ဆွေမျိုး သဗ္ဗညုတဉာဏ်ရှင် 'လောကဗန္ဓု၊ သဗ္ဗညု' ဟု ဖွဲ့ဆိုထားပါသည်။ အင်းဝခေတ် သာသနာတည်တံ့ရေး၊ အလှူဒါနပြုရေးတွင် နှလုံးသွင်းသင့်သော မြန်မာမှုတစ်မျိုးကို မီးမောင်းထိုးပြသော အဖွဲ့ကောင်းအဖြစ် တွေ့ရပါသည်။

သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းနား ဟူသော လူအများစံပြု ပုံခိုင်းပြောဆိုလေ့ရှိသည်နှင့်အညီ တတ်နိုင်သော သူကြွယ်တို့သည် ဆွေမျိုးများအပေါ် ဝတ္တရားကျေပွန်အောင် ဆောင်ရွက်သင့်ပုံကို ဂါထာခြောက်ဆယ်ပျို့တွင်–

> 'ကောင်းကြွယ်ကုံ၊ မြောက်မြားကလျှင်၊ နိမ့်ကျမျိုးဆွေ၊ ရှိလေရာရာ၊ စီးပွားရာ၍၊ ဆရာဦးထား၊ ဘိုးဘွားသက်ကြီး၊ ဦးရီးဘထွေး၊ ချစ်ရေးကြည်ညို၊ အစ်ကိုနှမ၊ မိဘအလျဉ်၊ သားစဉ်မြေးဆက်၊ နွယ်ယှက်မတော်၊ သူစိမ်းသော်လည်း၊ ပေါင်းဖော်ရရ၊ အာမိသဖြင့်၊ ဝေငှပစ္စည်း၊ သိမ်းဆည်းကြည့်ရှု၊ သင်္ဂြိုဟ်ပြုလျက်၊ အမှုကြီးငယ်၊ ချမ်းအောင်ကယ်၍၊ ကိုးကွယ်ချီချ၊ ရိပ်ခိုရလျက်၊ ဗြေပျံ့ဝှန်၊ သရက်ခန့်၍၊ လေသွန်ညင်းညင်း၊ ထိလေလျင်းက၊ ပင်ချင်းလှိုင်ပေ၊ ကြိုင်နံ့ဝေသို့၊ မိဘဆွေမျိုး၊ အရိုးမပျက်၊ ခုနှစ်ဆက်ကို၊ ပွားတက်စေကြောင်း၊ တစ်ယောက်ကောင်းသော်၊ တစ်သောင်းကုဋေ၊ ငြိမ်းကုန်လေသည်"[၁]

ဟု ဖွဲ့ဆိုထားပါသည်။ ပစ္စည်းဥစ္စာ ပြည့်စုံချမ်းသာသူ ဆိုသည့် သဘောကို 'ကောင်းကြွယ်ကုံ၊ မြောက်မြား' ဟူသော အနက်ချင်းတူသည့် စကားလုံးများကို စုစည်းရေးဖွဲ့ခြင်းဖြင့် ဆိုလိုချက် ထင်ရှားစေသည်။ ဆွေမျိုးများ၊ မိတ်ဆွေများကို ပေးကမ်းခြင်းသည် ၃၈ ဖြာ မင်္ဂလာတရားတော်၌ ပါရှိသည်။ ဘုရားဟောတရားတော်ကို နှလုံးသွင်း၍ မြန်မာမှုအတွေး၊ မြန်မာမှုဓလေ့အဖြစ် ရေးဖွဲ့တင်ပြထားသည်။ နိမ့်ကျသော ဆွေမျိုးများကို ပေးကမ်းရာ၌လည်း ဆရာကို ဦးထိပ်ထားရမည်ဟု ပါရှိသည်။ မြန်မာ့လူမှုအဖွဲ့အစည်းတွင် ဆရာကို ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမား ဟူ၍ အနန္တော၊အနန္တငါးပါးထဲတွင် တစ်ပါးအပါအဝင်အဖြစ် အလေးထားရှိသေကြသည့် မြန်မာဓလေ့သဘောပါအောင် ဖွဲ့သည်။ ကြီးစဉ်ငယ်လိုက် ရိုသေ

---

[၁] အုန်းညို၊ ရှင်၊ ၁၉၆၅၊ ၂၄။

ဂါရဝထားတတ်ရန်လည်း ညွှန်ပြထားသည်။ စာဆို ရှင်အုန်းညိုသည် ဆွေမျိုး အချင်းချင်းကို ရိုင်းပင်းကူညီတတ်သည့် မြန်မာမှုစိတ်ထားနှင့် မြန်မာမှု အမူအရာကို ပေါ်လွင်အောင် 'အမှုကြီးငယ်၊ ချမ်းအောင်ကယ်၍၊ ကိုးကွယ်ချီချ၊ ရိပ်ခိုရလျက်' ဟု အလွန်သိမ်မွေ့လှသော စကားလုံးများနှင့် ရေးဖွဲ့ခဲ့သည်။

ပုဂံခေတ် ညောင်ရမ်းကြီးသမီးကျောက်စာ၌ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက် ကဲ့ရဲ့ရာ မရှိသော ဟု သုံးထားသည်။ ပုဂံခေတ်မှစ၍ မြန်မာတို့သည် အမျိုးဂုဏ်ကို ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်ဖြင့် ချီ၍ ပြောလေ့ရှိသည့် သဘောပါသည့် ဥပမာ အလင်္ကာက အကြောင်းအရာနှင့် လိုက်ဖက်သည်။ မေတ္တာတရားကို အရင်းခံသည်။ မင်္ဂလာတရားတော်နှင့်အညီ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား မိမိတို့တတ်စွမ်းသမျှ ထောက်ပံ့လေ့ရှိသည်ကို တွေ့ရပါသည်။ လူသားအချင်းချင်း၊ ရိုင်းပင်းကူညီတတ်ကြောင်း ကောင်းသတင်းသည် သရက္ခန်စန္ဒကူး ရနံ့မွှေးပျံ့နေကြောင်း သရက္ခန်ရနံ့ဖြင့် ဥပမာပေး ရေးဖွဲ့ထားသည်။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်း နားရသကဲ့သို့ လူသား အချင်းချင်း တစ်ယောက်ကောင်းက တစ်သောင်းကုဋေ ငြိမ်းကုန်လေသည်ဟု အသိပေး ထားသည်မှာ အင်းဝခေတ် အချင်းချင်း ရိုင်းပင်းကူညီတတ်သော မြန်မာမှုဓလေ့ကို တွေ့ရှိနိုင်ပါသည်။

**ကိုးခန်းပျို့**

ကိုးခန်းပျို့ကို ရှင်မဟာရဋ္ဌသာရ (၈၃၀–၈၉၂)က ၁၅၂၆ ခုနှစ်တွင် ရေးသား ဖွဲ့ဆိုပြီးပါသည်။ ဆရာတော်သည် ဇာတကပျို့ ကဗျာလမ်းသစ်ကို ဦးဆောင် ဖောက်လုပ်ခဲ့သည်။ စတုဓမ္မသာရ ကိုးခန်းပျို့သည် ပျို့စာပေသမိုင်းတွင် အထူး ထင်ရှားသော ပျို့တစ်စောင် ဖြစ်ပါသည်။ ခမည်းတော်မှာ ဟံသာဝတီ ရာဇာဓိရာဇ်မင်း၏ သမီးတော်၊ မွန်ဘုရင်မ ရှင်စောပု၏တူသမက်၊ ပုသိမ်စား ဗညားအိမ်၏မြေး၊ ဓမ္မပါလအမတ်၊ မယ်တော်မှာ အင်းဝမြို့ ပထမမြို့တည်နန်းတည် ဘုရင် သတိုးမင်းဖျား၏ သမီးတော်စောနန်း၏မြစ် ဖြစ်၏။ အင်းဝဇာတိဖြစ်ပြီး ငယ်အမည်မှာ မောင်မောက် ဖြစ်သည်။

ဆရာတော်သည် မိမိ၏မိဘသဖွယ်ဖြစ်သော ဒုတိယဘုရင်မင်းခေါင်၏ တိုက်တွန်းမှုကြောင့် ဤပျို့ကို ရေးသားခဲ့ကြောင်း သိရသည်။ ဆရာတော်သည် သာသနာ့ဝန်ထမ်း ရဟန်းတစ်ပါးဖြစ်သော်လည်း ငယ်စဉ်ကပင် နန်းရင်ပြင်တွင် ကြီးခဲ့ရသူလည်း ဖြစ်သည်။ သံယောဇဉ် အနှောင်အဖွဲ့ရှိခဲ့သူလည်း ဖြစ်သည်။ ရှင်မဟာရဋ္ဌသာရ၏ စာပေများသည် လောကကြောင်းနှင့် ဓမ္မကြောင်း ပူးတုံခွာတုံ

ရှိသည့်အတွက် ထန်းသမားရင်ဘတ်နှင့်တူကြောင်း၊ ရှင်မဟာသီလဝံသ၏ စာပေများမှာမူ ဓမ္မကြောင်းနှင့် အမြဲကပ်နေသည့်အတွက် လိပ်ရင်ဘတ်နှင့်တူကြောင်း ဆိုစကား ရှိသည်။

စာဆို ရှင်မဟာရဋ္ဌသာရသည် စတုဓမ္မသာရခေါ် ကိုးခန်းပျို့ကို ရေးဖွဲ့ခဲ့သည်။ ဘုရားလောင်း ဟတ္ထိပါလနှင့်တကွ ညီနောင်လေးပါး ဟောကြားသော တရားတော်များကို ရည်ရွယ်၍ စတုဓမ္မသာရပျို့ဟု ခေါ်သည်။ အခန်း(၉)ခန်းပါ၍ ကိုးခန်းပျို့ဟုလည်း ခေါ်သည်။ ထိုပျို့၏ ရည်ရွယ်ချက်မှာ တောထွက်ခြင်း ပါရမီကို ဦးတည်သည်။ သို့ရာတွင် စာဆိုသည် အင်းဝခေတ်လူငယ်များ ပညာကို အလေးထားစေလိုသော စေတနာဖြင့် ဖခင် ပုဏ္ဏားကြီးနှင့် ဘုရားလောင်း ဟတ္ထိပါလတို့ အပြန်အလှန် စကားပြောခန်းတွင် ပညာရှိခြင်း၏အကျိုးနှင့် ပညာမဲ့ခြင်း၏ဆိုးကျိုးတို့ကို အကျယ်တဝင့် ဖွဲ့ဆိုလမ်းညွှန်ခဲ့သည်။ ထို့အပြင် ပုဏ္ဏားကြီး၏ ဇနီးမယားဖြစ်သော ဟတ္ထိပါလ၏ မိခင် ပုဏ္ဏေးမကြီး၏ အိမ်မှုကိစ္စအဝဝကို ကြီးကြပ်စီမံပုံများကို ထည့်သွင်းရေးဖွဲ့ ထားသည်။ အင်းဝခေတ်တွင် ရက်ကန်းရက်ခြင်းလုပ်ငန်း စသည့် မြန်မာ့မှုများ ပါအောင် ဖွဲ့သည့်အပြင် အင်းဝခေတ် အမျိုးသမီးများ၏ပုံရိပ်ကိုလည်း ထင်ဟပ် ရေးဖွဲ့ထားသည်။ ပုဏ္ဏေးမကြီးက ကြီးကြပ်စီမံ၍ အိမ်တွင်းမှုလုပ်ငန်းဖြစ်သည့် မြန်မာ့ ရက်ကန်းလုပ်ငန်းမှ ဝါဖန်သံ၊ ဝါကြိတ်၊ ချည်ဝင့်သံတို့ဖြင့် တစ်ရံမပြတ် တညံညံ ရှိပုံ၊ ချည်ချခြင်း၊ ရက်ကန်းရက်ခြင်း၊ အမှုသုံးပါးလုံး စုံလင်စွာ လုပ်ကိုင်ကြပုံတို့ကိုလည်း ဖွဲ့ဆိုထားသည်မှာ လွန်စွာနှစ်သက်ဖွယ်ကောင်းလှသည်။[၁]

> “ဗိုင်းမှုဝါမှု၊ မြည်စေတုသို့၊ ဖန်ပြုဖျစ်ကြိတ်၊ အိမ်လုံးဆိတ်မျှ၊
> မဆိတ်မညံ၊ ချည်ဝင့်သံလည်း၊ တစ်ရံမပြတ်၊ ချားရဟတ်နှင့်၊
> ချည်သွတ်မချာ၊ ချည်စာယူထ၊ မအားကြတည့်၊ ချည်ချချည်ရှယ်၊
> လုပ်ဖွယ်မပျက်၊ လက်ရက်ယှဉ်ခုံ၊ သုံးပါးစုံလျက်၊ ပြောဟုံများစွာ၊
> ပြောက်ထိုးမှာလည်း၊ အဝါအရွှေ၊ ပြာချေဖြူနီ၊ ဤကားဤနှင့်
> ဤသို့တင့်ဟု”[၂]

အင်းဝခေတ် အမျိုးသမီးတို့၏ ရက်ကန်းပညာ အတတ်ဆိုင်ရာ ချည်ငင်ပုံ၊ ချားရဟတ်တွင် ချည်သွတ်ပုံ၊ ချည်ချ ချည်ရှယ်ကြပုံ၊ အထည်တွင် ချည်ရောင်စုံတို့ဖြင့် ပန်းပြောက်ထိုးကြပုံ စသည့် အိမ်တွင်းမှု၊ မြန်မာမှု မြန်မာ့ဟန်ကို အနုစိတ် ရေးဖွဲ့ထားပါသည်။

---

[၁] မင်းယုဝေ၊ ၂၀၀၅၊ ၁၃။

[၂] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၅၈၊ ၁၄၇။

အရောင်းအဝယ်ရာတွင် အကြွေးကို ခုနှစ်၊ လ၊ ရက် အတိအကျ မှတ်သားကာ ရောင်းဝယ်လေ့ရှိကြောင်းကို ဟတ္ထိပါလ၏မိခင် ပုဏ္ဏေးမကြီး၏ စီးပွားရေး၌ ကျွမ်းကျင်ပုံ အဖြစ်–

"လယ်ခွန်လယ်နက်၊ ကုန်တွက်သိလှ၊ ကြွေးမြီချသည်၊ ဤမျှမည်သူ၊ ယူသည်သက္ကရာဇ်၊ ဤနှစ်အစ၊ ဤလဆန်းဆုတ်၊ ဥပုသ်ပဝါ၊ ဤအခါဟု၊ မှန်စွာရေးထပ်၊ ကမ္ပည်းတပ်၍၊ အဝင်အကြွေး၊ အရင်းအပွား၊ မှတ်သားမိအောင်၊ သတိဆောင်လျက်"[1]

ဟု ဖွဲ့ဆိုထားပါသည်။ ထိုအဖွဲ့တွင် ကြွေးမြီချခြင်းနှင့် ပတ်သက်၍ ခုနှစ်၊ လ၊ ရက် အတိအကျ မှတ်သားပုံကို 'ယူသည့် သက္ကရာဇ်၊ ဤနှစ်အစ၊ ဤလဆန်းဆုတ်၊ ဥပုတ်ပဝါ' ဟု အသေးစိတ် ရေးဖွဲ့ထားပြီး ၊ စာချုပ်စာတမ်းသဖွယ် မှတ်ပုံတင်ပုံကို 'မှန်စွာရေးထပ်၊ ကမ္ပည်းတပ်' ဟူသော အသုံးဖြင့် တိကျစွာ ရေးသားဖွဲ့ထားပါသည်။ ငွေအရင်းအမြတ်စာရင်းကိုလည်း သတိထားစဉ်းစားချင့်ချိန် လုပ်ဆောင်ပုံကို 'မှတ်သားမိအောင်၊ သတိဆောင်လျက်' ဟူသော စကားသုံးတို့ဖြင့် ဖွဲ့ဆိုထားပါသည်။ ထိုအဖွဲ့ကောင်းတို့ကြောင့် အင်းဝခေတ်က ကုန်ရောင်းရာတွင် လက်ငင်းသာမက အကြွေးချရောင်းပုံ၊ ရောင်းသည့်အခါ စာချုပ်သဖွယ် ကမ္ပည်းမှတ်တမ်းတင်ကြပုံ၊ အယူအပေး အတိုးအပွားကိစ္စများကိုလည်း မှတ်တမ်းတင်ထားပုံ စသည့် စီးပွားရေးလုပ်ငန်းဆောင်ရွက်ပုံ ဆောင်ရွက်နည်း အခြေအနေ၊ မြန်မာ့ယဉ်ကျေးမှုနှင့်ဆိုင်သော အကြောင်းအရာ ဓလေ့များဖြင့် သိရှိမှတ်သားရပါသည်။

ဤပို့တွင် ရဟန်းပြု တောထွက်လိုသော သားများနှင့် ပညာသင်ယူပြီး၍ တိုင်းပြည်ကို မင်းပြုအုပ်ချုပ်စေလိုသော ဖခင်တို့၏ အခြေအတင်အကြောင်းပြချက်များသည် လောကုတ္တရာရေးရာနှင့် လောကီရေးရာတို့ကို နှိုင်းယှဉ်တင်ပြထားသည်မှာ ထင်ရှားပြည့်စုံလှသည်။ ယနေ့တိုင် မြန်မာတို့လက်သုံးပြုနေသည့် 'ပညာရဲရင့်၊ ပွဲလယ်တင့်'[2] ၊ 'သားတို့ရုပ်ရည်၊ သီတာမည်သား၊ ရေကြည်ချမ်းမြ၊ တစ်ပေါက်ကျက၊ မိဘတို့ဝမ်း၊ ငြိမ်းစတမ်း'[3] ဟူသော ဆိုရိုးစကားတို့သည် ကိုးခန်းပျို့လာ မြန်မာမှုစကားများပင် ဖြစ်သည်။

---

[1] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၅၈၊ ၁၅၀။
[2] မြန်မာစာအဖွဲ့၊ ၁၉၉၆၊ ၁၁၇။
[3] မြန်မာစာအဖွဲ့၊ ၂၀၁၇၊ ၆၀။

## ဘုံခန်းပျို့

ဘုံခန်းပျို့ကို ရှင်မဂ္ဂသမာဓိ (၈၄၁–၉၁၄)က ၉၀၄ ခုနှစ်တွင် ရေးဖွဲ့စပ်ဆိုပြီး ပါသည်။ အဖမှာ နတ်မောက်မြို့စား ဘယကျော်သူ ဖြစ်၏။ အမိအမည်ကိုကား မသိရ။ ဒီပဲယင်းမြို့ အရှေ့တောင် လက်ကန်ဖျားရွာဇာတိ၊ ငယ်မည် မောင်နိုး ဖြစ်၏။

ဘုံခန်းပျို့သည် နိပါတ်တော်လာ နေမိဇာတ်တော်ကြီးကို ဖွဲ့ဆိုထားခြင်း ဖြစ်သည်။ မာတလိက ငရဲပြည်နှင့်နတ်ပြည်ကို ဖြတ်သွားရမည်ဖြစ်၍ မည်သည့်အရပ် ဒေသကို ဦးစွာလေ့လာလိုကြောင်း မေးမြန်းလျှောက်ထားလေလျှင် နေမိမင်းသည် မကောင်းမှုပြု၍ ငရဲရောက်ခြင်း ငရဲပြည် ဦးစွာလေ့လာ၍ မိဘလုပ်ကျွေးခြင်း၊ ကောင်းမှုပြု၍ နတ်ပြည်ရောက်ခြင်းဖြစ်သည့် နတ်ပြည်ကို လေ့လာလိုကြောင်း ပြန်ကြား၏။ ပါရမီတော်ခန်းနှင့် နေမိဘုံခန်းပျို့သည် ခက်ခဲနက်နဲသည့်အတွက် 'ပါရမီ မသီနှင့်၊ ဘုံခန်း မစမ်းနှင့်' ဟု ဆိုရိုးရှိသကဲ့သို့ နေမိဘုံခန်းပျို့နှင့် ငရဲခန်းပျို့ တို့၏ရေးပုံကို 'ဘုံခန်းလည်း မြောက်လွန်းသည်၊ ငရဲခန်းလည်း ခြောက်လွန်းသည်' ဟု ဆိုရိုးရှိပါသည်။

ဘုံခန်းကမြောက်လွန်းသည်ဟူသော ရေးအစဉ်အလာစကားကို ထောက်ခြင်း အားဖြင့် ရှင်အဂ္ဂသမာဓိ၏စာ ကျော်စောကြောင်း၊ ရှင်လူအများ နှစ်သက်ကြကြောင်း ထင်ရှားလှသည်။ သူ၏စာဆိုဉာဏ်သည် သဘောအားဖြင့် ပန်းချီဆရာတို့၏ ဉာဏ်နှင့် တူသည်ဟု ယူဆသည်။ ရုပ်လုံးဖော်ခြင်း၊ အရောင်စပ်ခြင်း အရာတို့တွင် အထူးသဖြင့် တူသည်။[၁]

သက္ကရာဇ် (၈၈၈)တွင် အင်းဝ ပျက်သည်။ အင်းဝကို သိုဟန်ဘွား အုပ်ချုပ်သည်။ သိုဟန်ဘွား အုပ်ချုပ်မှုအောက်တွင် သာသနာမှေးမှိန်၍ လူတို့အကျင့်ပျက်လာသည်ကို နေမိငရဲခန်းပျို့ သက္ကရာဇ် (၉၀၀)ပြည့်နှစ်နှင့် ခြောက်လုန့်ပြီးနောက် သာသနာဖွံ့ဖြိုးရေး အတွက် ကုသိုလ်တရားကို လှုံ့ဆော်သောအားဖြင့် ယခု နေမိဘုံခန်းပျို့ သက္ကရာဇ် (၉၀၄)ကို ရေးသားခြင်း ဖြစ်သည်။ ကုသိုလ်မှုကို ဦးတည်၍ သာသနာတော် အရောင် ပြန်လည်ထွန်းလင်းရေးကို ရေးရှုရေးဖွဲ့သော ပျို့ဖြစ်သည်။ တိုင်းပြည်ပျက်၍ ခေတ်ဆိုး ခေတ်ကျပ်၌ နေရစဉ်တွင် ပြည်သူများအနေနှင့် ကောင်းမှုပြု၍နေတတ်ရန် လမ်းညွှန် ထားသည်။ ဗီရဏီနတ်သမီးအလောင်း မိန်းကလေးသည် သူတစ်ပါး၏ကျေးကျွန် ဖြစ်ပါလျက်နှင့် ဒါန သီလတို့ကို ဆောက်တည်ကျင့်သုံးပုံကို ပေါ်လွင်အောင် ဖွဲ့သည်။ ထိုသဘောကို–

---

[၁] ဇော်ဂျီ၊ ၂၀၀၄၊ ၁၇။

"သူ့ကျွန်ဖြစ်လျက်၊ သူ့အိမ်ထက်ဝယ်၊ သူ့လက်မကင်း၊ သူ့အချင်းလည်း၊ ဝါတွင်းဝါပ၊ စောင့်သီလနှင့်၊ ညဟူသရွေ့၊ သြဇာငွေ့လည်း၊ မတွေ့မွတ်သိပ်၊ သူ့အိမ်ရိပ်တွင်၊ အိပ်လည်းရှိခိုး၊ ဆောက်တည်နိုးက၊ ပုထိုးစာတီ၊ လက်အုပ်ချီ၍၊ ပီပီလာလာ၊ မေတ္တာတိုးလျက်၊ လေ့ကျက်တွတ်တွတ်"[၁]

ဟု ဖွဲ့ဆိုထားပါသည်။ ထိုအဖွဲ့တွင် အစေအပါးဖြစ်လင့်ကစား ဝါတွင်း ဝါပ ဥပုသ် သီလ စောင့်ထိန်းလျက်ရှိပုံ၊ သူ့အရိပ်ကို ခိုကိုးရသည့်အတွက် ကျေးဇူးသိတတ်ပုံတို့ကို ဖွဲ့ဆိုထားပါသည်။ ဥပုသ်စောင့်ပုံကို 'ဝါတွင်း ဝါပ၊ စောင့်သီလ' ဟူ၍လည်းကောင်း၊ ညအခါ၌ မည်မျှပင် ဆာလောင်မွတ်သိပ်ပါသော်လည်း စားလေ့မရှိပုံကို 'ညဟူသရွေ့၊ သြဇာငွေ့လည်း၊ မတွေ့မွတ်သိပ်' ဟူ၍လည်းကောင်း၊ ညတိုင်း ဘုရားရှိခိုး၍ မေတ္တာဘာဝနာ ပွားများရွတ်ဆိုနေပုံကို 'ပီပီလာလာ'၊ 'တွတ်တွတ်' ဟူသော အသံပြလုံးထပ်စကားသုံးတို့ဖြင့်လည်းကောင်း ဖွဲ့ဆိုထားပါသည်။ ထိုအဖွဲ့ကောင်းများကြောင့် မြန်မာတို့၏ ချစ်စဖွယ်မြန်မာမှုဓလေ့ကို မြင်တွေ့လာစေပါသည်။

"ရတတ်သမျှ၊ ဒါနပေးစွန့်၊ ဝေခြမ်းဖြန့်လျက်၊ သန့်သန့်သက်သက်၊ စိတ်ထက်ဖြောင့်ဖြောင့်၊ သီလစောင့်ဟု၊ မင်းကောင်းအရိုး၊ စောသတိုးလျှင်၊ စေ့ပျိုးဝန်းလျား၊ လူအများကို၊ တရားထိန်းကျောင်း၊ ညှိရုံးပေါင်းသည်"[၂]

သီလစင်ကြယ်စွာဆောက်တည်ပုံကို လုံးထပ်စကားလုံးတို့ဖြင့် ဖွဲ့သည်။ လူအများအား သီလဆောက်တည်ရန် ညွှန်ပြသည်ကို သစ်ပင်မျိုးစေ့ချ စိုက်ပျိုးပုံ၌ တင်စားကာ 'စေ့ပျိုးဝန်းလျား' ဟု ဖွဲ့သည်။

မင်းကြီးက ပြည်သူတို့အား ညှိနှိုင်းစည်းရုံးစေသည်ကို 'ညှိရုံးပေါင်းသည်' ဟု ကျစ်လျစ်ထိမိသော သြဇဂုဏ်မြောက်အသုံးဖြင့် ဖွဲ့သည်။ ထိုသို့ဖွဲ့ဆိုထားသည့်အတွက် ပြည်သူတို့အပေါ် မင်း၏လမ်းညွှန်ချက် ပေါ်လွင်ထင်ရှားလာပေသည်။ တိုင်းပြည်ပျက်စီးပြိုလဲနေချိန်တွင် မင်းရောပြည်သူပါ ဒါန၊ သီလ စောင့်စည်းကျင့်သုံးရန် ဗုဒ္ဓဘာသာ မြန်မာတို့၏ အတွေးအမြင်များနှင့် ဆောင်ရွက်ကြပုံ၊ စည်းရုံးကြပုံများကို ရေးဖွဲ့ထားသည်။ ထိုအဖွဲ့ကောင်းများသည် မြန်မာ့ချစ်စဖွယ် လူမှုဓလေ့ မြန်မာမှုစရိုက်ကို ထင်ရှားလာစေပါသည်။ နတ်ဘုံနတ်နန်းကို ဖွဲ့ရာ၌လည်း–

---

[၁] အဂ္ဂသမာဓိ၊ ရှင်၊ ၂၀၁၅၊ ၅၈။

[၂] အဂ္ဂသမာဓိ၊ ရှင်၊ ၂၀၁၅၊ ၁၃၅။

> "မိုးဝပြင်ဝယ်၊ တုရင်ကမောင်း၊ မွန်ခေါင်းစုလစ်၊ သရစ်သွန်းသွန်း၊ ထက်ဝန်းပြဲ့ပြဲ့၊ ကောင်းကင်နွဲ့မျှ၊ တစ်ဆယ့်နှစ်ယူဇန၊ အခန့်တလျက်၊ ကျယ်စွာနံလျား၊ တစ်ကျွန်းအားသို့၊ ပတ္တမြားစီဖြောင့်၊ ခြသေ့်စောင့်သား၊ ရစ်ထောင့်ခုံမြင့်၊ ကျည်းရွက်ဖွင့်လျက်၊ ငါးဆင့်ဘုံမွန်၊ ရွှေဗိမာန်နှင့်"[၁]

ဟု ဖွဲ့ဆိုခဲ့သည်။

ဘုံခန်းပျို့၌ ဗီရဏီနတ်သမီး၏ ဘုံဗိမာန်သို့ နေမိမင်းကြီးသည် ကောင်းကင်ခရီးဖြင့် ရောက်ရှိသွားသည်။ နေမိမင်း၏ ရှေ့မိုးကောင်းကင်တစ်ခွင်၌ ဒေါင်းရင်ဘတ်ပုံ တုရင်၊ ကမောင်းအချွန်ကလေးများ၊ စုလစ်အထွတ် အဆင်တန်ဆာများကို တွေ့ရသည်။ သရစ်တို့မှာ ထောင်နေပြီးလျှင် ကမောင်းတို့ လဲနေသည်။ ဗိသုကာအဆင်တန်ဆာတို့မှာ များပြားလှသည်။ ကောင်းကင်တစ်ခွင်လုံး ယိမ်းနွဲ့လှမျှ ဖြစ်နေသည်။ ထိုသို့ တန်ဆာဆင်ထားသော တန်ဆောင်းပြာသာဒ်ကြီးသည် တစ်ဆယ့်နှစ်ယူဇနာမျှ ရှိပါသည်။ ကျွန်းကြီးတစ်ကျွန်း ကောင်းကင်၌ ဖြစ်ပေါ်နေသကဲ့သို့ ဖြစ်သည်။ ပတ္တပြားတို့ အမြောင်းမြောင်း စီခြယ်ထားသော ထောင့်ချိုးတစ်ခုစီ၌ ခြသေ့်တစ်ကောင်စီ စောင့်နေပါသည်။ ထိုသို့အားဖြင့် ထောင့်ရှစ်ခု ရှိပါသည်။ ထိုကဲ့သို့သော နတ်ဘုံနတ်နန်း အဆင်တန်ဆာများကို စာဆို ရှင်အဂ္ဂသမာဓိသည် အင်းဝခေတ်၏ နန်းတော်၌ရှိသော မြန်မာ့ယဉ်ကျေးမှု အဆင်တန်ဆာများကို ထည့်သွင်းရေးဖွဲ့ထားခြင်းဖြင့် ဗီရဏီဘုံခန်းလာ နတ်ဘုံနတ်နန်းများသည် အင်းဝခေတ် မြန်မာမှုလက်ရာမှတ်တမ်းများ အဖြစ် တွေ့ရပါသည်။

> "သွေးစုန်းမျက်မည်း၊ ခြည်းရရည်းလျှင်၊ စုလည်းငုံသစ်၊ ကုံးသွယ်နစ်လျက်၊ သရစ်ရွှေညွှန့်၊ တွန့်ရရွှန့်တည့်၊ စီတန့်မျက်ကောင်း၊ ရွှေနားတောင်းလည်း၊ ရောင်မောင်းပြက်ပြက်"[၂]

စာဆို ရှင်အဂ္ဂသမာဓိသည် အင်းဝခေတ် အမျိုးသမီးတို့၏ ဆင်ယင်ထုံးဖွဲ့ပုံကို နေမိဘုံခန်းပျို့တွင် ဗီရဏီနတ်သမီးနှင့် ရံရွှေတော်တို့၏ ဝတ်စားဆင်ယင်မှုများနှင့် ဖော်ပြထားပါသည်။ နတ်သမီးသည် စုလည်းထုံးကို ထုံးထားသည်။ ထိုစုလည်းထုံးတွင် အသွယ်သွယ်သော နဝရတ်ကိုးပါးတို့ စီခြယ်မြှုပ်နှံထားသည်။ ထိုစုလည်းထုံး ဆံပင်ပုံလေးသည် ကျောက်မျက်ရတနာ ကိုးပါးကြောင့် အရောင်တဝင်းဝင်းနှင့် လှူပ်လှူပ်ရှားရှား ရှိနေသည်။ ထိုကဲ့သို့သော အင်းဝခေတ် အမျိုးသမီးတို့၏

---

[၁] အဂ္ဂသမာဓိ၊ ရှင်၊ ၂၀၁၅၊ ၂။

[၂] အဂ္ဂသမာဓိ၊ ရှင်၊ ၂၀၁၅၊ ၅။

ခေတ်ကြေးမုံပြ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုအလှ မြန်မာမှုအချို့ကို စာဆိုက မီးမောင်းထိုး ပြသည်။

"အဆန်းဆန်း၊ ရွှေကြီးရန်းနှင့်၊ မကန်းခံတွင်း၊ ခြသေ့်နင်းလျက်၊
ပြောက်ကွင်းရေးချဲ့၊ နွဲ့ရတွဲ့တုံ၊ ကယ်တဲ့ရောင်တွေ၊ ခြူးညွန့်
ခွေလျက်၊ ရဝေစိုက်ထား၊ မိုက်မှောင်တားလည်း၊ ဝန်းလျားနံညီ"[၁]

ဗီရဏီနတ်သမီး၏ဘုံခန်းတွင် ကြီးရန်းဟုခေါ်သော ပြာသာဒ်အဖျားတွင် ထုလုပ်ထားသော အပြောက်အမွမ်းတို့သည် အလွန်ဆန်းကြယ်လှသည်။ စုလစ်မွန်းချွန်တို့တွင် မကာရဟူသော မကန်းငါး၏ ခံတွင်း၌ ခြသေ့်နင်းထားသကဲ့သို့ ပုံများဖြင့် တန်ဆာဆင်ထားသည်။ ကြီးရန်းအားလုံးရှိ ပန်းများသည် အမြှောင်းလိုက် အကျင်းလိုက် ရှိသည်။ ပန်းလက်ရာများသည် ပျော့ပျော့ပျောင်းပျောင်း ရေးခြယ်ထားကြောင်း တွေ့ရသည်။ ထို့ပြင် ခြူးပန်းတို့ရှိ အုံကြွနေသော အညွန့်တို့မှာလည်း အခွေလိုက် ရှိသည်။ နန်းတော်ထိပ်တွင် စိုက်ထားသော ရဝေတိုင်လည်း ရှိသည်။ စိန်ဖူးငှက်မြတ်နားတို့ စိုက်ထားသော ထိုရဝေတိုင်သည် နန်းတော်တစ်ခုလုံးကို လင်းလက်နေစေသည်။ ဤသို့လျှင် ပျို့စာဆိုသည် အလျဉ်းသင့်ရာရာတို့ကို အနုစိတ်၊ အသေးစိတ်ဖွဲ့၍ နတ်ဘုံနတ်နန်းတို့၏ အဆောက်အအုံဖွဲ့ပုံ မြန်မာတို့၏ ဗိသုကာပညာမျိုးစုံကိုပါ ချီးမြောက်သော ပျို့ဟုလည်း ယူနိုင်ပါသည်။

## နဝရတ်ပျို့

နဝရတ်ပျို့ကို ရှင်ဥက္ကဋ္ဌဂုတ္တ (၈၆၀–၉၂၀ခန့်)က ၁၈၈၈တွင် နီတိပျို့အဖြစ် ရေးပြီးပါသည်။ ရှင်မဟာသီလဝံသ၏ တပည့်ဖြစ်ကြောင်းမှအပ မိဘမည်ရည် မျိုးရိုးဇာတိကို မသိရပါ။

မဇ္ဈိမဒေသ ဥဇ္ဇေနီပြည်တွင် သီရိဝိကြမာဒိတျမင်းကြီး စိုးစံတော်မူသည်။ ဝိကြမမင်းကြီးတွင် ပညာရှိသုခမိန် ကိုးပါးရှိသည်။ ထိုသုခမိန်ဆရာကြီးများက မင်းကြီးအား မိမိတို့ အဆုံးအမပေးလိုရာကို တစ်ဦးလျှင် တစ်ဂါထာစီ လျှောက်တင်ကြသည်။ ဤသြဝါဒကိုးခု နီတိကိုးခုကို နဝရတ်ကိုးပါးဟု တင်စားခေါ်ကြသည်။ နီတိကျမ်းကိုလည်း နဝရတ်ကျမ်းဟု ခေါ်ကြသည်။ ရှင်ဥက္ကဋ္ဌဂုတ္တသည် သက္ကတဘာသာဖြင့်ရှိသော နဝရတ်ကျမ်းကိုမှီး၍ ပျို့ကို ရေးသည်။[၂]

---

[၁] အဂ္ဂသမာဓိ၊ ရှင်၊ ၂၀၁၅၊ ၅။

[၂] တင်မောင်ဌေး၊ ဦး၊၂၀၀၇၊၂၉၂။

နဝရတ်ပျို့သည် ရတနာနှင့်တူသော ကိုးပါးသော ဂါထာတို့ကို အကြောင်းပြု၍ ပျို့ရေးဖွဲ့ထားသောကြောင့် နဝရတ်ပျို့ဟု အမည်တွင်ခြင်း ဖြစ်ပါသည်။ ရှင်ဣန္ဒဂုတ္တသည် မင်းဆရာကိုးပါး၏စကားကို စစ်ကိုင်းစည်သူကျော်ထင်မင်းကြီးအား ရှေးဆရာများ နည်းတူ ထပ်ဆင့်ညွှန်ကြားပြခြင်းသာ ဖြစ်သည်။

လူတို့ ဒေါသတရား ထိန်းချုပ်တတ်စေရန်သာမက ဒေါသကြီးသူ၊ မိုက်သောသူ တို့လည်း ပေါင်းသင်းဆက်ဆံနိုင်စေရန် လမ်းညွှန်ချက်ကို နဝရတ်ပျို့တွင်–

"မိုက်ရှာမောဟ၊ ဒေါသဖျက်ဆီး၊ သူအိုကြီးမူ၊ မီးမီးလည်လည်၊
ချီးမွမ်းရည်နှင့်၊ နှုတ်ချည်လျော့က်လျား၊ လိုလိုက်ငြားက၊
ထိုအားမကြာ၊ ရွှရွှပါသည်၊ ယှဉ်လာတွယ်တွယ်မှီမှီတည်း"[၁]

ဟုလည်းကောင်း

"လွန်မြတ်ဒေါသ၊ ဥမ္မတ္တာသို့၊ မိုက်လှတုံငြား၊ သူတို့အားကား၊
စကားသံချို၊ အလိုလိုက်လိုက်၊ ဆိုကကြိုက်၏"[၂]

ဟုလည်းကောင်း ဖွဲ့ဆိုထားပါသည်။ ထိုအဖွဲ့တွင် ဒေါသကြီးသူတို့အား အထိုက် အလျောက် ချီးမြှောက်ပြောဆိုခြင်း၊ ထိုသူတို့၏ အလိုကိုလိုက်၍ အညင်အသာ ပြောဆိုခြင်းဖြင့် မိမိအလိုသို့ ပါနိုင်မည်ဖြစ်ကြောင်း ညွှန်ပြထားပါသည်။ ပထမ အဖွဲ့တွင် ဒေါသကြီးသော လူမိုက်ကို လည်လည်ပတ်ပတ်နှင့် ချီးမွမ်းစကားဆိုပြီး အလိုလိုက်ပါက ထိုသူသည် မိမိအလိုသို့ ပါနိုင်ပုံကို 'မီးမီးလည်လည်'၊ 'ရွှရွှပါသည်'၊ 'ယှဉ်လာ တွယ်တွယ်မှီမှီ' ဟူသော လုံးထပ်အသုံးတို့ဖြင့် သိသာထင်ရှားလာစေ ပါသည်။ ဒုတိယအဖွဲ့တွင် အလွန်ဒေါသကြီးသူ ဖြစ်ပျက်တတ်ပုံကို အရူးနှင့်ခိုင်းနှိုင်း ဥပမာပေးကာ 'ဥမ္မတ္တာသို့' ဟု ဥပမာအလင်္ကာဖြင့် ဖွဲ့ဆိုတန်ဆာဆင်ထားပါသည်။ အထက်ပါ လုံးထပ်အသုံး၊ အလင်္ကာမြောက်အသုံးတို့ဖြင့် ဖွဲ့ဆိုထားသည့်အတွက် ထိုခေတ်က ဒေါသကြီးသောသူတို့အား ဆက်ဆံရာ၌ အဆင်ပြေစေရန် ညွှန်ကြား ထားသည့် လမ်းညွှန်ချက်များ ပေါ်လွင်လာစေပါသည်။ စရိုက်ဖော်အဖွဲ့များနှင့် လိုက်ဖက်သော စကားသုံးများကြောင့် ဆိုလိုချက်ထင်ရှားလာပါသည်။

"သိပညာဟု၊ ဖွေလာမကြွင်း၊ စီးနင်းဟန်ပန်၊ မပွန်မမီ၊
ရှေးချီနောက်မေ့၊ ဆိုလေ့မကျွမ်း၊ ခပ်နှမ်းထွေးယူ၊ အတလူသား၊

---

[၁] ဣန္ဒဂုတ္တ၊ ရှင်၊ ခုနှစ်မပါ၊ ၂၄။
[၂] ဣန္ဒဂုတ္တ၊ ရှင်၊ ခုနှစ်မပါ၊ ၂၅။

ထိုသူမျိုးပြား၊ သူကောင်းသားတို့၊ စီးပွားမကျန်း၊ ပွင့်ပေါက်ပန်းနှင့်၊
နှုန်းနှန်းကြံထိုက်၊ မောဟမိုက်သည်၊ လူ၌ညံ့သည် ရယ်ဘွယ်တည်း"[၁]

ဟု ဖွဲ့ဆိုထားပါသည်။

ပညာမသင် မလေ့လာသူတို့ကို နှိမ့်ချ၍ အသောသူ၊ အရူးဟု သဘောထားကြောင်းကို 'ခပ်နှမ်းထွေးယူ၊ အတလူသား' ဟူသောအသုံး၊ ထိုသူတို့၏ စီးပွားခိုင်မာမှု မရှိပုံကို 'စီးပွားမကျန်' ဟူသောအသုံး၊ လှပပြီး အသုံးမဝင်သော ပန်းနှင့်ခိုင်းနှိုင်းကာ 'ပွင့်ပေါက်ပန်းနှင့်၊ နှုန်းနှန်းကြံထိုက်' ဟူသောအသုံးတို့ဖြင့် ရေးဖွဲ့ထားသောကြောင့် ပညာမသင်သူတို့ လူ့ဘဝ၌ တန်ဖိုးမဲ့ပုံမှာ ပေါ်လွင်ထင်ရှားလာပါသည်။ ထိုအဖွဲ့၏ နောက်ဆုံးတွင် ပညာမတတ်သူတို့သည် မောဟမှောင်မိုက် ဖုံးလွှမ်းတတ်ပြီး လူအပေါင်း၏ ရယ်ဖွယ်ဖြစ်ကြောင်းကို ရေးဖွဲ့ထားသည့်အတွက် ပို၍ပေါ်လွင်ထင်ရှားလာစေပါသည်။

ပညာမဲ့ခြင်းအပြစ်ကို ဖော်ပြ၍ ပညာသင်ချင်လာအောင် စည်းရုံးဆွဲဆောင်ထားသော မြန်မာ့ပညာရေးဆိုင်ရာ မြန်မာမှုအသိအမြင် တိုးပွားစေပါသည်။

**လောကသာရပျို့**

လောကသာရပျို့ကို ကန်တော်မင်းကျောင်းဆရာတော် ဖွဲ့ဆိုပါသည်။ ဆရာတော်သည် စစ်ကိုင်းစီရင်စု မြင်းမူမြို့မှ နှစ်တိုင်ခန့်အကွာ ထီးဆောင်းရွာ မြောက်ဘက် ကန်တော်ရွာဇာတိ ဖြစ်ပါသည်။ ဖွားသက္ကရာဇ်နှင့် မယ်တော် ခမည်းတော်တို့၏ အမည်နာမများကိုမူ မသိရပါ။

လောကသာရပျို့ဆိုသည်မှာ 'လောကအတွက် အနှစ်သာရရှိသော ပျို့' ဟု အနက်ဆောင်ပါသည်။ ဆရာကောင်းထံ၌ ကြိမ်းမောင်းသမျှကိုလည်း သည်းခံ၍ သင်ယူရမည်။ လုံ့လဝီရိယ စိုက်ထုတ်ရမည်ဟု ဆုံးမသည်။ မင်းဆရာဖြစ်သည်အထိ လုံလောက်အောင် ကြိုးစားရမည်ဟု ဆုံးမထားသည်။ ငယ်စဉ်ကတည်းက ရိုးရိုးသားသား ကြိုးကြိုးစားစားဖြင့် ပညာသင်ယူကြောင်းကိုသာ လမ်းညွှန်ထားခြင်းဖြစ်ပါသည်။[၂]

ဆရာဆိုဆုံးမသမျှလည်း လိုက်နာခံယူရင်း ဆရာ့ဂုဏ်ကျေးဇူးကိုလည်း အောက်မေ့နေရမည် ဖြစ်ကြောင်းကို–

---

[၁] ဣန္ဒဂုတ္တ၊ ရှင်၊ ခုနှစ်မပါ၊ ၁၉။
[၂] ခင်မမ၊ ဒေါက်တာ၊ ၂၀၁၀၊ ၈၉။

> "တုပ်ကွပုဆစ်၊ ဆရာစစ်၌၊ ကြောက်ချစ်ရိုသေ၊ လုပ်ကျွေးထွေဖြင့်၊ စာပေတတ်ကြောင်း၊ တချောင်းချောင်းလျှင်၊ ခြိမ်းမောင်းသည်းခံ၊ ဆရာထံ၌၊ သင်အံကျက်လေ့၊ တစ်နေ့တစ်ပါး၊ မှတ်သားလေလေ၊ ဝမ်းထဲခွေ၍၊ အထွေအထူး၊ ဂုဏ်ကျေးဇူးကို၊ ဆည်းပူးသန့်ရှင်း၊ ကြွယ်စေမင်း"[၁]

ဟု ဖွဲ့ဆိုထားသည်။ ဆရာအား ချစ်ကြောက်ရိုသေရပုံ၊ ဆရာ့အရိပ်အခြေကို ကြည့်၍ ကျိုးနွံစွာသင်ရပုံ စသည်ဖြင့် တပည့်ဝတ်များကို စုံလင်စွာဖော်ပြထားသည်မှာ မြန်မာမှု ဆုံးမစာပျို့အဖြစ် ယနေ့တိုင် မြန်မာလူထုကို အကျိုးပြုလျက်ရှိပါသည်။ 'တုပ်ကွပုဆစ်' ဆိုသည့် အမူအရာပြစကားလုံးသည် ကျစ်လျစ်ပြီး အင်းဝခေတ် မြန်မာစာသင်သား တို့၏ အမူအရာ ပေါ်လွင်သည်။ 'ကြောက်ချစ်ရိုသေ' ဆိုသော အနက်နှင့် ဆက်စပ် နေသော စကားဖွဲ့စည်းမှုက မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဆရာကို ချစ်ကြောက်ရိုသေသော စိတ်ထားအလှကို ပေါ်လွင်စေသည်။ 'စာပေတတ်ကြောင်း၊ တချောင်းချောင်း' ဆိုသော အဖွဲ့က ပညာစစ်ကို ရရန်ကြိုးစားရသော ကိုယ်စိတ်အမူအရာအားလုံးကို ဖော်ပြနိုင် သည်။ 'ခြိမ်းမောင်းသည်းခံ' ဟူသော စကားတွဲအဖွဲ့ကလည်း ဆရာ့အပိုင်းနှင့် တပည့် အပိုင်းဆိုသည့် ဆန့်ကျင်ဘက်စကားလုံးများတို့ကို ဖွဲ့၍ ကျစ်လစ်စွာ ရေးဖွဲ့ထားသည်။

> "သူစိမ်းသူကျက်၊ ပေါင်းဖက်သရွေ့၊ မိဘတွေ့သို့၊ မွေ့မွေ့ လျော်လျော်၊ ပျော်ပျော်ပါးပါး၊ နှုတ်ချိုပျားနှင့်၊ ဝတ်စားထောက်ပံ့၊ ပြည့်ဖြိုးဖြန့်လျက်၊ အနံ့ကျွန်ကျေး၊ ဆွေသားမြေးကို၊ ကျွေးမွေး မညှိုးငယ်စေနှင့်မင်း"[၂]

ဟု လမ်းညွှန်ထားပါသည်။ ထိုအဖွဲ့တွင် အမျိုးအဆွေ ကျေးကျွန်တို့ကို မညှိုးငယ် ရအောင် ထောက်ပံ့ရန် ညွှန်ကြားထားပါသည်။ လူတိုင်းကို သူစိမ်းသူကျက် မခွဲဘဲ အလေးထားသင့်ပုံကို 'မိဘတွေ့သို့' ဥပမာဖြင့် ထင်ရှားအောင် ဖွဲ့ဆိုထားပါသည်။ ချိုသာသောစကားဆိုရမည်ကို 'နှုတ်ချိုပျား' ဟူသောအဖွဲ့ဖြင့် လိုရင်းကို သိသာအောင် ဖွဲ့ဆိုထားပါသည်။ 'မွေ့မွေ့လျော်လျော်၊ ပျော်ပျော်ပါးပါး' ဆိုသော ဝိစ္ဆာစကားသုံး များကြောင့် သူစိမ်းသူကျက်မရွေး ဖော်ရွေပျူငှာသော အမူအရာနှင့် စိတ်ထားသည် ထင်ရှားလာရပါသည်။ ပေါင်းသင်းဆက်ဆံရာ၌ လိုက်နာရမည့် လမ်းညွှန်ချက်ကို ဖတ်ရှုသူ၊ စာနာသူတို့ သာယာမှုရှိစေမည့် မဓုရတာဂုဏ်မြောက်အဖွဲ့က ပေါ်လွင်အောင် ပံ့ပိုးပေးလျက်ရှိသော မြန်မာမှုစလေ့များအဖြစ် တွေ့ရှိရပါသည်။

---

[၁] ကန်တော်မင်းကျောင်းဆရာတော်၊ ခုနှစ်မပါ၊ ၁၃။
[၂] ကန်တော်မင်းကျောင်းဆရာတော်၊ ခုနှစ်မပါ၊ ၂၂။

## ခြုံငုံသုံးသပ်ချက်

ပါရမီတော်ခန်းပျို့ စာဆိုသည် မိမိတို့တွေ့ကြုံဖြတ်သန်းခဲ့ရသော ခေတ်နှင့် ဆက်စပ်၍လည်းကောင်း ခေတ်အပေါ် စေတနာထား၍လည်းကောင်း၊ စာပေများကို ခံစားရေးဖွဲ့လေ့ ရှိပါသည်။ အင်းဝခေတ်တွင် စာပေအမျိုးအစားအားဖြင့် ပျို့ကဗျာများ ထွန်းကားခဲ့သည်။ စာဆိုများမှာ ရဟန်းစာဆိုများ ဖြစ်သည်။ ရဟန်းစာဆိုများ ဖြစ်သည်နှင့်အညီ မိမိတို့ကျွမ်းကျင်သော ဗုဒ္ဓစာပေကျမ်းဂန်များကို မှီ၍ မိမိတို့ခေတ် ပြည်သူများကို စိတ်အလှဆင်ပေးလိုသော စေတနာ ဖြစ်ပေါ်လာခဲ့ဟန် ရှိသည်။ အင်းဝခေတ်သည် ဗုဒ္ဓသာသနာ အရှိန်အဝါနှင့် ထွန်းကားနေသောအချိန်ဖြစ်သည်။ ပုဂံခေတ်ထက် ပို၍ထူးခြားမှုမှာ ဗုဒ္ဓစာပေကျမ်းဂန်များကို အများပြည်သူတို့အနေနှင့် နှစ်သက်ခံစား၍ ဘဝအတွေးအမြင်များ ရရှိလာစေသည့် ပျို့များကို ရေးသားလာခဲ့ကြခြင်း ဖြစ်ပါသည်။ ဤစာတမ်းတွင် ဖော်ပြထားသော ရဟန်းစာဆို ခုနစ်ပါးတို့သည် ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးနှင့် ဗုဒ္ဓ၏တရားတော်နှင့်အညီ ပြည်သူအများ လိုက်နာကျင့်သုံးခြင်းဖြင့် မျက်မှောက်ခေတ် ပြည်သူ့ဘဝများ ငြိမ်းချမ်းပျော်ရွှင်ပြီးလျှင် တမလွန်၌ ချမ်းသာကို ရရှိစေလိုသည်။ ထိုစေတနာရည်ရွယ်ချက်တို့ကို တွေ့ရသည်။ ပုဂံခေတ်မှ အစပျိုးခဲ့သော ဗုဒ္ဓသာသနာနှင့်အတူ မြန်မာတို့နှလုံးသား၌ ဗုဒ္ဓအဆုံးအမ ရှိနေခဲ့ပြီ ဖြစ်သည်။ အဆုံးအမနှင့်အညီ နှလုံးသွင်း၍ ပြုမူကျင့်ကြံကြသော မြန်မာတို့၏ စိတ်ဓာတ်နှင့်အပြုအမူတို့သည် မြန်မာ့ယဉ်ကျေးမှု အဖြစ် ရပ်တည်နိုင်သည်။ စာဆိုတို့သည် အင်းဝခေတ်၏ လူမှုဘဝအခြေခံ အတွေးအမြင် ခံယူချက်များနှင့် အလှူဒါန၊ သီတင်းသီလ ပြုကြပုံများကို ထည့်သွင်းဖွဲ့ဆိုခဲ့သည်။ စာဆိုတို့သည် အင်းဝခေတ်ပြည်သူတို့အား ယဉ်ကျေးလိမ္မာအောင် ဆုံးမသွန်သင်သည့်အပြင် ဗုဒ္ဓတရားတော်နှင့်အညီ ကျင့်ကြံနေထိုင်ကြသော မြန်မာတို့၏ မြန်မာမှုအလှများကို ပျို့များအဖြစ် မှတ်တမ်းတင်ခဲ့သည်ဟု ယူဆပါသည်။

## နိဂုံး

အင်းဝခေတ် ပျို့စာပေကို ရေးဖွဲ့သော စာဆိုတို့မှာ ရဟန်းတော်များဖြစ်၍ စာဆို(၇)ပါး၏ ပျို့(၇)စောင်ကို ဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။ ဇာတကဗုဒ္ဓဝင်ဝတ္ထုများကို ဖွဲ့သောပျို့၊ ဖြစ်ရပ်မှတ်တမ်းပျို့၊ သြဝါဒပျို့ ဟူ၍ ခွဲခြားနိုင်ကြောင်း တွေ့ရမည် ဖြစ်ပါသည်။ ယခုခေတ်အမြင်အရဆိုလျှင် ဇာတ်ဝတ္ထုကိုဖွဲ့သော ပျို့များမှ ကဗျာဝတ္ထုရှည်ကြီးများပင် ဖြစ်ပါသည်။ ဇာတ်လမ်းမပါဘဲ အဆုံးအမ သြဝါဒများကို ဖွဲ့သော ပျို့များမှာလည်း သြဝါဒလမ်းညွှန် ကဗျာရှည်ကြီးများပင် ဖြစ်ပါသည်။ အင်းဝခေတ် ပျို့များမှ မြန်မာမှုတို့သည် ဘယ်သောအခါမှ ပျက်ပြယ်လိမ့်မည် မဟုတ်သော အင်းဝခေတ်၏ မြန်မာမှုသမိုင်းမှတ်တိုင်များ ပင်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ အင်းဝခေတ် မြန်မာ့လူမှုအဖွဲ့အစည်းကို ပြန်လည်ခံစားစေသော ပျို့များလည်း ဖြစ်ပါသည်။

## ကျမ်းကိုးစာရင်း


ကန်တော်မင်းကျောင်းဆရာတော်။ (ခုနှစ်မပါ)။ ***လောကသာရပျို့***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ခင်မမ၊ ဒေါက်တာ။ (၂၀၁၀)။ ***မင်းပွဲဝင်ပျို့ကဗျာ***။ ရန်ကုန်၊ ရွှေကံ့ကော်စာပေ။

ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၄)။ ***မြန်မာစာပေခရီး (ပုဂံခေတ်မှ ကိုလိုနီခေတ်အထိ)***။ ရန်ကုန်၊ ရာပြည့်စာပေ။

ချိန်၊ **ဦး၊** လှေသင်းအတွင်းဝန်။ (၁၉၆၃)။ ***ဝေါဟာရလိနတ္ထဒီပနီ***၊ ဒုအကြိမ်။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

စီစီဝင်း၊ ဒေါ်နှင့်အများ။ (၁၉၈၃)။ ***မြန်မာကဗျာစာတမ်းများ***(ပထမတွဲ)။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ဇော်ဂျီ။ (၂၀၀၄)။ ***ရသစာပေအဖွင့်နှင့်နိဒါန်း***၊ ဒုအကြိမ်။ ရန်ကုန်၊ စိတ်ကူးချိုချို။

တေဇောသာရ၊ **ရှင်**။ (၁၉၆၅)။ ***ရွှေဟသ်ာမင်းပျို့***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

တိုက်စိုးနှင့်မင်းယုဝေ။ (၂၀၀၅)။ ***မြန်မာစာဖိတ်ဖွဲ့***၊ စတုတ္ထအကြိမ်။ ရန်ကုန်၊ စိတ်ကူးချိုချို။

တင်၊ **ဦး**၊ (ပုဂံဝန်ထောက်)။ (၁၉၆၉)။ ***ကဗျာဗန္ဓသာရကျမ်း***။ ရန်ကုန်၊ လယ်တီမဏ္ဍိုင်၊ ပုံနှိပ်တိုက်။

တင်မောင်ဌေး၊ **ဦး**။ (၂၀၀၇)။ ***အင်းဝခေတ်ကဗျာများ။*** ရန်ကုန်၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်။

ဖေမောင်တင်၊ **ဦး**။ (၂၀၀၃)။ ***မြန်မာစာပေသမိုင်း၊ ပဉ္စမအကြိမ်***။ ရန်ကုန်၊ စံပယ်ဦးစာပေ။

ဘသောင်း၊ **ဗိုလ်မှူး**။ (၂၀၀၂)။ ***စာဆိုတော်များအထ္ထုပ္ပတ္တိ၊ ပဉ္စမအကြိမ်***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

မလိခ။ (၂၀၁၅)။ ***ပျို့အညွန်း***၊ တအကြိမ်။ ရန်ကုန်၊ ပုဂံစာအုပ်တိုက်။

မျိုးဆွေ၊ **ဦး**နှင့်အများ။ (၁၉၆၇)။ ***မြန်မာဂုဏ်စာညီလာ***။ ရန်ကုန်၊ မျိုးညွန့်စာပေ။

မြန်မာစာအဖွဲ့။ (၁၉၉၆)။ ***မြန်မာဆိုရိုးစကား။*** ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၁၉၉၉)။ ***ခရီးဆောင်မြန်မာအဘိဓာန်။*** ရန်ကုန်၊ ဥက္ကာကျော်ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၁၇)။ ***စာကိုးအဘိဓာန်၊ အင်းဝခေတ်(အတွဲ-၂)***။ ရန်ကုန်၊ ဘိုးသိကြားပုံနှိပ်တိုက်။

***မြန်မာ့စွယ်စုံကျမ်း(တွဲ-၇)၊ ဒုအကြိမ်***။ (၂၀၁၂)။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ရဋ္ဌသာရ၊ ရှင်မဟာ။ (၁၉၅၈)။ ***စတုဓမ္မသာရကိုးခန်းပျို့***။ ရန်ကုန်၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်။

လွန်း၊ ဆရာ။ (၁၉၂၃)။ ***ကဗျာသာရတ္ထသင်္ဂြိုလ်။*** ရန်ကုန်၊ သူရိယသတင်းစာတိုက်။

လှသော၊ ဒေါက်တာ။ (၂၀၁၆)။ ***မြန်မာစာပေသွေ့ခံစာတမ်း***၊ ပဉ္စမအကြိမ်။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

သီလဝံသ၊ ရှင်မဟာ။ (၁၉၆၅)။ ***ပါရမီတော်ခန်းပျို့***။ ရန်ကုန်၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်။

အဂ္ဂသမာဓိ၊ **ရှင်**။ (၂၀၁၅)။ ***နေမိဘုံခန်းပျို့***၊ တအကြိမ်။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

ဣန္ဒဂုတ္တ၊ **ရှင်**။ (ခုနှစ်မပါ)။ ***နဝရတ်ပျို့***။ ရန်ကုန်၊ ရှေးဟောင်းစာပေနှင့်ယဉ်ကျေးမှုဌာနစု။

အုန်းညို၊ **ရှင်**။ (၁၉၆၅)။ ***ဂါထာခြောက်ဆယ်ပျို့***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

# ဂျပန်ခေတ်မြန်မာစာပေ

နှင်းနှင်းရည် *

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ဂျပန်ခေတ်တွင် ပေါ်ထွန်းခဲ့သော မြန်မာစာပေ၏ကဏ္ဍအသီးသီးကို စုစည်း၍ လေ့လာတင်ပြထားသော စာတမ်း ဖြစ်သည်။ လေ့လာတင်ပြရာတွင် အခန်း(၁) ဂျပန်ခေတ်မြန်မာဝတ္ထုရှည်၊ အခန်း(၂) ဂျပန်ခေတ်မြန်မာဝတ္ထုတို၊ အခန်း(၃) ဂျပန်ခေတ်မြန်မာကဗျာ၊ အခန်း(၄) ဂျပန်ခေတ်မြန်မာဂီတစာပေ(သီချင်း)နှင့် အခန်း(၅) ဂျပန်ခေတ်မြန်မာပြဇာတ် ဟူ၍ အခန်း(၅)ခန်း ခွဲကာ တင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ** – ***ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ၊ ဂီတစာပေ၊ သီချင်း၊ ပြဇာတ်။***

## နိဒါန်း

မြန်မာစာပေဖွံ့ဖြိုးမှု တိုးတက်မှုလမ်းကြောင်း တစ်နည်းအားဖြင့် မြန်မာစာပေ၏ သမိုင်းကြောင်းကို လေ့လာရာတွင် ဂျပန်ခေတ်ကို ချပ်လုပ်ထား၍ မဖြစ်ပေ။ ဂျပန်က မြန်မာနိုင်ငံကိုသိမ်းယူခဲ့သည့် ၁၉၄၂ ခု မှ ၁၉၄၅ ခု ထိ ကာလကို ဂျပန်ခေတ်ဟု သတ်မှတ်ပါသည်။ ဒုတိယကမ္ဘာစစ်ဖြစ်ပွားနေသော ဂျပန်ခေတ်သည် စာပေဆိတ်သုဉ်းသည့် အမှောင်ခေတ်ဟု ဆိုသော်လည်း လုံးဝအမှောင်ကျနေခြင်း မဟုတ်ပေ။ အမှောင်ထဲတွင် လင်းလက်ခဲ့သော စာပေရောင်ခြည်လေးများကို စုစည်းတင်ပြလိုသည့်အတွက် ဤစာတမ်းကို ပြုစုခဲ့ခြင်း ဖြစ်သည်။

ဤစာတမ်းကိုပြုစုရာတွင် ဂျပန်ခေတ်တွင်ပေါ်ထွန်းခဲ့သော မြန်မာစာပေ၏ကဏ္ဍများကို ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ၊ ဂီတစာပေ(သီချင်း)နှင့် ပြဇာတ် ဟူ၍ ကဏ္ဍ (၅)ရပ် ခွဲခြားကာ လေ့လာတင်ပြထားပါသည်။

## ၁။ ဂျပန်ခေတ်မြန်မာဝတ္ထုရှည်

ဒုတိယကမ္ဘာစစ်ဖြစ်ပွားနေသော ဂျပန်ခေတ်သည်ကား စာပေယဉ်ကျေးမှုဆိတ်သုဉ်းသော စာပေအမှောင်ကျနေသည့် ကာလကြီး ဖြစ်ပေသည်။ စက္ကူကရှားပါးသည့်အထဲတွင် ရှိသမျှစက္ကူများကိုလည်း ဂျပန်စစ်ရုံးက ချုပ်ကိုင်ထားသည်။ စက္ကူရှိသမျှကို ဂျပန်ကလိုက်လံသိမ်းယူပြီး စက္ကူထုပ်တွေ့လျှင် အပြစ်ပေးခံကြရသည်။

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

ဆင်ဆာဖြတ်တောက်မှုနှင့် စက္ကူရှားပါးမှုကြောင့် ဝတ္ထုစာအုပ်များလည်း မထုတ်နိုင်ခဲ့ပေ။

> “စာအုပ်ထုတ်ဝေရေးလုပ်ငန်း မရှိသဖြင့် ဝတ္ထုရေးဆရာများစွာ အသက်မွေးဝမ်းကျောင်းအတွက် ကျပ်တည်းခြင်းကို ကြုံတွေ့ကြရလေသည်။”[၁]

ဆင်ဆာဖြတ်တောက်မှုကြား၊ စက္ကူရှားပါးသည့်ကြားထဲကပင် မဟာဆွေ၊ မင်းဆွေ၊ မြဒေါင်းညို၊ မောင်ဘသောင်းနှင့် စောဦးတို့၏ ဝတ္ထုတစ်ပုဒ်စ၊ နှစ်ပုဒ်စကို ဖတ်ရသည်။ ထုတ်ဝေရာတွင်လည်း မြေပုံစာရွက် တစ်ဖက်လွတ်စက္ကူ၊ ရုံးသုံးစာရွက် တစ်ဖက်လွတ်စက္ကူ၊ စွန်စက္ကူ စသည့် စက္ကူတစ်ဖက်လွတ်များတွင် ရိုက်၍ ထုတ်ဝေခဲ့ရသည်။

ထိုသို့ ‘ဂျပန်ခေတ်တွင် စာပေအမှောင်ကျသည် ဆိုသော်လည်း စာအုပ်တော်တော်များများ ထွက်ခဲ့ပေသေးသည်။’[၂] သို့သော် ကာလပေါ်ဝတ္ထုတွင်မူ မည်မည်ရရ မရှိခဲ့ပေ။ ဂျပန်ခေတ်ဦး၌ ပီမိုးနင်း၏ ဘုန်းမောင့်တွက်တာဝတ္ထုကို ကြီးပွားရေးမှ ထုတ်ဝေခဲ့သည်။ ထိုဝတ္ထုသည် ဇာတ်ကွက်၊ ဇာတ်လမ်း ကောင်းကောင်းနှင့် ရေးသားထားသော ပီမိုးနင်း၏လက်ရာကောင်း ဝတ္ထုတစ်ပုဒ် ဖြစ်သည်။

> “ဂျပန်ခေတ်ဦးတွင် နောက်တစ်အုပ်မှာ ဟံသာဝတီတိုက်မှ ဆရာကြီးရွှေဥဒေါင်း ပြန်ဆိုသည့် ‘အိုင်ဗင်ဟို’ ဝတ္ထု ဖြစ်သည်။”[၃]

ထိုဝတ္ထုကို တက္ကသိုလ်ဝင်တန်း ပြဋ္ဌာန်းစာအဖြစ် သင်ကြားစေခဲ့သည်။ ထိုဝတ္ထုသည် အလယ်ခေတ်လူစွမ်းကောင်းတို့၏ စွမ်းရည်သတ္တိနှင့် စိတ်နေသဘောထားကို ဖော်ကျူးထားပြီး စွန့်စားခန်းဝတ္ထုများကို ဆက်၍ဖတ်ချင်လာအောင် ဆွဲဆောင်နိုင်ခဲ့သည်။

ထိုဝတ္ထုစာအုပ်များသည် စစ်ကြိုခေတ်က ရိုက်နှိပ်ပြီးသည်များကို ဂျပန်ခေတ်တွင်မှ ထုတ်ရောင်းခြင်းလည်း ဖြစ်နိုင်ပါသည်။ ဂျပန်ခေတ်ဦးတွင် ပေါ်ထွက်ခဲ့သော ဝတ္ထုနောက်တစ်ပုဒ်မှာ သခင်နု၏ နာမည်ကျော် ‘ရက်စက်ပါပေ့ကွယ်’ ထောင်ဝတ္ထု ဖြစ်သည်။ ထိုဝတ္ထုသည် ထောင်စနစ်၏ဆိုးဝါးပုံကို သရုပ်ဖော်ထားသည့် ဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။ ထို့နောက် သုခ၏ ‘လင်ယူရတာ’ ဝတ္ထု ထွက်ခဲ့သည်။

---

[၁] တာရာ ၊ ဒဂုန်၊ ၁၉၆၉၊ ၃၂၃။
[၂] ငွေဥဒေါင်း၊ ၁၉၆၄၊ ၁၆၁။
[၃] ငွေဥဒေါင်း၊ ၁၉၆၄၊ ၁၆၃။

ဂျပန်ခေတ်မတိုင်မီကတည်းကပင် တိုက်ရိုက်ဘာသာပြန်ဝတ္ထုများတွင် ပါသည့် အင်္ဂလိပ်နာမည်များ၊ အနောက်တိုင်းဓလေ့ထုံးစံများသည် မြန်မာစာဖတ်ပရိသတ်နှင့် အံဝင်ခွင်ကျမှု မရှိ၊ ပလဲနံပမသင့်၍ ဖွံ့ဖြိုးမှု မရှိခဲ့ပေ။ ဂျပန်ခေတ်တွင်လည်း တိုက်ရိုက်ဘာသာပြန်စာအုပ်များ ထွက်လာခဲ့သည်။ ဆရာကြီးပီမိုးနင်း၏ ကမ္ဘာကျော် ပြင်သစ်စာရေးဆရာကြီး အဲလက်ဇန္ဒားဒူးမားစ်၏ ကျော်ဇောခဲ့သော ဝတ္ထုကြီးကို တိုက်ရိုက်ဘာသာပြန်သော 'သူရဲကောင်းသုံးယောက်' ဘာသာပြန်စာအုပ်သည် ကျောင်းသုံး အဖြစ် ပြဋ္ဌာန်းခဲ့သောကြောင့် မြန်မာလူငယ်တို့ မဖတ်မဖြစ် ဖတ်ခဲ့ရသည်။

သို့ရာတွင် ဂျပန်ခေတ်တွင် စာငတ်နေသောအချိန်ဖြစ်၍ ကြိုးစား၍ ဖတ်ကြ ရင်းနှင့် မြန်မာစာဖတ်ပရိသတ်နှင့် ဘာသာပြန်ဝတ္ထုများ ပလဲနံပသင့်လာကြသည်။ ဤသည်မှာ ဂျပန်ခေတ်တွင် ဘာသာပြန်ဝတ္ထုစာပေ ဖတ်ရှုမှု တိုးတက်လာခြင်းပင် ဖြစ်သည်။ ထိုမျှသာမက ဂျပန်ခေတ်တွင် ဝတ္ထုသစ်များထွက်ရှိမှု နည်းလွန်းလှ၍ စစ်မဖြစ်မီက ထွက်ရှိခဲ့သော စာအုပ်ဟောင်းများကို ပြန်လည်ဖတ်ရှုခဲ့ကြသည်မှာလည်း ဂျပန်ခေတ်၏ ထူးခြားသောအကျိုးအမြတ်ဟု ဆိုနိုင်ပါသည်။

ဂျပန်ခေတ်တွင် ပေါ်ထွက်ခဲ့သော ထူးခြားသောစာအုပ်မှာ ဒဂုန်ခင်ခင်လေး၏ ပါးလ်ဘတ်ဝတ္ထုကို ဘာသာပြန်သည့် 'အမေ' ဝတ္ထုကြီး ဖြစ်သည်။ စက္ကူကောင်း၊ အရွယ်ကြီးနှင့် ဂျပန်ခေတ်တွင် ထူးထူးခြားခြား ထုတ်ဝေခဲ့သည့် စာအုပ်ကြီး ဖြစ်ပါသည်။

ဒဂုန်ခင်ခင်လေး၏ ဂျပန်ခေတ်အတွင်း ပေါ်ထွက်ခဲ့သော ဘာသာပြန်ဝတ္ထု နောက်တစ်ပုဒ်မှာ Pearls Buck ၏ The Good Earth ဝတ္ထုကို ဘာသာပြန်ထားသည့် 'မြေပဒေသာ' (၁၉၄၃)ဝတ္ထု ဖြစ်သည်။ တရုတ်ဆင်းရဲသား၊ လယ်သမားတို့၏ဘဝ၊ ၎င်းတို့လယ်မြေအပေါ် တန်ဖိုးထားပုံ၊ တရုတ်ပြည်ကြီး၏ အယူအဆ၊ လုပ်ပုံကိုင်ပုံ၊ ဓလေ့ထုံးစံများကို မြန်မာများ သိရှိနားလည်လျက် တစ်ဦးနှင့်တစ်ဦး ပိုမိုချစ်ခင် ပူးပေါင်းနိုင်ကြစေရန် ရည်ရွယ်၍ ရေးသားခဲ့ခြင်းဖြစ်ကြောင်း အမှာစာတွင် ဖော်ပြ ပါရှိသည်ကို တွေ့ရသည်။

စစ်အတွင်းကာလ ၁၉၄၂ တွင် လူထုဦးလှသည် ရွှံ့နှင့်စစ်သား နှင့် ပန်းနှင့် စစ်သား ဝတ္ထု (၂)ပုဒ်ကို ရေးသားထုတ်ဝေခဲ့သည်။

> "ဂရိတ်တားအေရှ သတင်းစာတိုက်မှ ၁၉၄၃ ခု၊ ဩဂုတ်လ
> (၁)ရက်နေ့တွင် ဂျပန်တို့က မြန်မာနိုင်ငံအား လွတ်လပ်ရေး

ပေးသည့် အထိမ်းအမှတ်စာပေဆုအဖြစ် ဆောင်းပါး၊ ဝတ္ထုနှင့် ကဗျာပြိုင်ပွဲများကို ကျင်းပခဲ့သည်။"[၁]

ဦးတည်ရေးသားရန် ပေးထားသော အကြောင်းအရာမှာ 'မဟာအရှေ့အာရှ အကျိုးတူ ကြီးပွားရေး နယ်ပယ်အတွင်း မြန်မာနိုင်ငံ၏အခန်းကဏ္ဍ' ဟူ၍ဖြစ်သည်။ မည်သူမဆို ပါဝင်ယှဉ်ပြိုင်ခွင့်ပြုပြီး အင်္ဂလိပ်၊ မြန်မာ၊ နိပွန် မည်သည့်ဘာသာ နှင့်မဆို ယှဉ်ပြိုင်ခွင့်ပြုခဲ့သည်။

ထိုစာပေပြိုင်ပွဲတွင် ဆရာရွှေပိန်သောင်း၏ 'ဗိုလ်အေရှ' ဝတ္ထုသည် ပထမဆု ရခဲ့သည်။ ထိုဝတ္ထုတွင် အာရှတိုက်နှင့်တကွ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်ကျိုးစွန့်ဆောင်ရွက်ရာတွင် ထင်ရှားကျော်ကြားလာသော လူတစ်ယောက်အကြောင်းကို ဇာတ်လမ်းဖွဲ့ထားခြင်း ဖြစ်သည်။ ဂရိတ်တားအေရှသတင်းစာသည် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော သတင်းစာဖြစ်၍ ဂရိတ်တားအေရှ အယ်ဒီတာအဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးယုမောင်က အင်္ဂလိပ်ဘာသာဖြင့်ပြန်ဆို၍ အခန်းဆက်ဝတ္ထုရှည်အဖြစ် ဖော်ပြခဲ့သည်။ မြန်မာဘာသာနှင့်မူ မထွက်ခဲ့ပေ။

၁၉၄၃ ခုနှစ်တွင်ပင် အင်္ဂလိပ်တော်လှန်ရေးကို ဦးတည်သည့် မင်းဆွေ၏ 'ဓား' ထွက်လာပါသည်။ ဓားဝတ္ထုသည် အချစ်ဇာတ်လမ်းဖြစ်သော်လည်း မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သော မင်းကြီးရန်နောင်ထံမှ ဆွေစဉ်မျိုးဆက် ဆက်ခံရရှိသော ယိမ်းနွဲ့ပါး ဓားကို အမွှန်းတင်ကာ အမျိုးသားရေးစိတ်ဓာတ်၊ သူ့ကျွန်ခံမလိုသော စိတ်ဓာတ်၊ မဟုတ်မခံစိတ်ဓာတ်နှင့် ရဲရဲတောက်စိတ်ဓာတ်တို့ကို လှုံ့ဆော်ထားပုံမှာ နှစ်သက်ဖွယ် ဖြစ်သည်။ မြန်မာ့ဓားစွမ်းနှင့် မြန်မာ့မျိုးချစ်စိတ်ကို လှုံ့ဆော်ရာတွင် အောင်မြင်ခဲ့သော ဝတ္ထုဖြစ်ပြီး ဂျပန်ခေတ် (၁၉၄၃)တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းက ချီးမြှင့်သော ပထမဆုံးအကြိမ် စာပေဆုရဝတ္ထု ဖြစ်သည်။

မဟာဆွေကလည်း ၁၉၄၃ ခုနှစ်တွင် 'မောင်တို့ပြည်၊ မယ်တို့ပြည်' စိတ်ကူးယဉ် အချစ်ဝတ္ထုတစ်ပုဒ်ကို ရေးသားခဲ့သည်။ ထိုဝတ္ထုမှာ အနာဂတ်တွင် မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံကြီးများနှင့်တန်းတူ ရင်ဘောင်တန်းနိုင်၍ သိပ္ပံပညာများ ကြီးကျယ်ထွန်းကားပုံတို့ကို စိတ်ကူးဖြင့်ရေးဖွဲ့ထားသော ဝတ္ထုဖြစ်သည်။ မဟာဆွေ၏ အချစ်ဝတ္ထုဖြစ်သည့် ချစ်သူပုန်(၁၉၄၃) ဇာတ်လမ်းမှာလည်း မိမိချစ်မြတ်နိုးသော မိန်းကလေး၏အချစ်ကို မရရအောင် ကြံဆောင်၍ယူပုံ၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိပါက မည်သည့်အရာမဆို ရနိုင်ကြောင်း ဇာတ်လမ်းဖွဲ့၍ ရေးသားထားခြင်း ဖြစ်သည်။

---

[၁] တင်ဦး ၊ ဦး၊ (စံပြ–)၊ ၁၉၇၄၊ ၃၁၇။

၁၉၄၃ တွင် 'အပျိုပေါက်' ဝတ္ထုဖြင့် စာပေလောကကို စတင်ဝင်ရောက်ခဲ့သည့် တက်ထွန်း၏ အထင်ရှားဆုံးဝတ္ထုမှာ 'ပိတောက်ရွှေဝါ' ဝတ္ထု ဖြစ်သည်။

မဟာဆွေ၏ကြိုက်တာရွေးယူ (၁၉၄၄)ဝတ္ထုတွင်လည်း မိန်းမပျိုတစ်ဦးအား ယောကျ်ားပျိုသုံးဦးက ချစ်ရေးဆိုရာ မိန်းကလေးမှာ အဆုံးအဖြတ်ပေးရခက်နေပုံ၊ နောက်ဆုံး၌ မိမိနှစ်သက်သော အမျိုးသားအား အဆုံးအဖြတ်ပေးလိုက်ပုံကို ရေးသား ထားသည်။

၁၉၄၄ ခုနှစ်တွင် အမျိုးသမီးတစ်ဦး၏ အိမ်ထောင်ထိန်းသိမ်းမှုနှင့် ဘဝ ရုန်းကန်မှုကို သရုပ်ဖော်သော ဂျာနယ်ကျော်မမလေး၏ 'သူမ' ဝတ္ထု ထွက်ပေါ်လာ ခဲ့သည်။ ထိုဝတ္ထုသည် အမျိုးသမီးများ၏ အိမ်မှုကိစ္စရေးရာများနှင့် ပတ်သက်၍ အသိဉာဏ် ကျယ်ပြန့်လာစေလိုသော ရည်ရွယ်ချက်ဖြင့် ရေးသားထားခြင်း ဖြစ်သည်။ 'သူမ' ဝတ္ထုသည် သမားရိုးကျဝတ္ထုများအကြားတွင် ထူးခြားခဲ့သည်။

ထိုသို့ 'စာအုပ်အထွက်နည်းသည့်အတွင်းမှာ စောဦး၏ 'တို့နှင့်မတန်' လုံးချင်း ဝတ္ထုစာအုပ် ထွက်ခဲ့သေးသည်။ စာမျက်နှာ တစ်ရာလောက်သာရှိမည့် စာအုပ်ပါး ကလေး ဖြစ်သည်။' [၁] ဇာတ်ကောင်များ ဖြစ်ကြသော သက်တင်၊ ရှိန်းမောင်နှင့် အကြော့တို့၏ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းကို ရေးသားထားခြင်း ဖြစ်သည်။ အချစ် ဇာတ်လမ်းဟု ဆိုသော်လည်း တကယ်တမ်း သမီးရည်းစားဖြစ်ကြ၊ ညားကြသည့် အကြောင်းကို ရေးသားထားခြင်း မဟုတ်ပေ။ အကြော့၏ အာရလူငယ်အစည်းအရုံးတွင် ပါဝင်ပြီး ပရဟိတလုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်သည့် အကြောင်းများကို အဓိကထား ရေးသားထားခြင်း ဖြစ်သည်။ ဤနည်းဖြင့် မြန်မာလူငယ်များကို စစ်အောင်နိုင်ရေးအတွက် ဆောင်ရွက်နေသော အာရှလူငယ်အစည်းအရုံးတွင် ပါဝင် လာအောင် လှုံ့ဆော်ခဲ့ပါသည်။

ဂျပန်ခေတ်တွင် မြို့မမောင်ရေးသားသည့် 'ခေတ်သစ်ရန်ကုန်ဆိုတာ' ဟူသော လေးကျပ်တန်ဝတ္ထုကို သူရိယတိုက်တွင် ဦးမောင်မောင်က ရိုက်နှိပ်နေသည်။ သို့သော်–

> "ဂျပန်ခေတ်တွင် ဂျပန်၏ အကူအညီမရလျှင် မည်သည့်စာအုပ်
> မဆို ရိုက်နှိပ်ထုတ်ဝေဖို့မှာ မဖြစ်နိုင်သောလုပ်ငန်း ဖြစ်သည်။" [၂]

---

[၁] ငွေးမောင်၊ ၂၀၀၃၊ ၅၃။

[၂] ငွေဥဒေါင်း၊ ၁၉၆၄၊ ၁၀၇–၁၀၈။

သို့ဖြစ်၍ ဂျပန်အကူအညီဖြင့် ထုတ်ဝေသော စာရေးဆရာ မဂ္ဂဇင်းမှတစ်ပါး မည်သည့်စာအုပ်မှ မထုတ်ဝေနိုင်ခဲ့ပေ။ သို့ဖြင့် ဂျပန်ခေတ်တွင် စာအုပ်လောကကြီး တစ်ခုလုံး အမှောင်ကျလျက် စာအုပ်ငတ်ခဲ့ကြလေသည်။

ထိုသို့ ဂျပန်ခေတ်သည် စာပေဆိတ်သုဉ်းသည့် အမှောင်ခေတ်ဟု ဆိုသော်လည်း လုံးဝအမှောင်ကျနေခြင်းကား မဟုတ်ပေ။ အမှောင်ထဲတွင် လင်းရောင်ခြည်များ ပြိုးပြိုးပြက်ပြက် ဟိုတစ်ပွင့် သည်တစ်ပွင့် လင်းလက်လျက်ကား ရှိနေသည်ဟု ဆိုနိုင်ပါသေးသည်။

## ၂။ ဂျပန်ခေတ် မြန်မာဝတ္ထု

၁၉၄၁ ဒီဇင်ဘာ မှစ၍ ဒုတိယကမ္ဘာစစ်ကြီးသည် အရှေ့အာရှသို့ ကူးစက်လာခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်ခေတ်ကာလသည်ကား စာပေယဉ်ကျေးမှု ဆိတ်သုဉ်းသော အမှောင်ကျသောကာလကြီး ဖြစ်ပါသည်။ ထိုကာလတွင် မြန်မာနိုင်ငံသည် ဖက်ဆစ်စနစ်အောက်သို့ ကျရောက်ခဲ့ရာ စက္ကူရှားပါး၍ စာပေလွတ်လပ်ခွင့်လည်း မရှိသောကြောင့် မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်များ မထွက်သလောက် ဖြစ်ခဲ့ပြီး ဝတ္ထုတိုများလည်း အဆက်ပြတ်သွားခဲ့သည်။

ဝတ္ထုရှည်များ အထိုက်အလျောက် ထွက်ခဲ့သော်လည်း ဝတ္ထုတိုအနေဖြင့် ပြောပလောက်အောင် မရှိခဲ့ပါ။ အကြောင်းမှာ ဝတ္ထုတိုများ ကျက်စားရာနေရာသည် 'စာရေးဆရာမဂ္ဂဇင်း' မှတစ်ပါး အခြားနေရာ မရှိသောကြောင့် ဖြစ်သည်။

> "စာရေးဆရာမဂ္ဂဇင်းမှာလည်း ဂျပန်အလိုတော်ရိ သက်သက် ဖြစ်ပေသည်။"[၁]

ယင်းမဂ္ဂဇင်းသည်လည်း အချိန်အနည်းငယ်နှင့် ရပ်ဆိုင်းသွားခဲ့သည်။

ဂျပန်ခေတ်တွင် ရှားပါးသော ဝတ္ထုတိုများအနက် ပြောစမှတ်ပြုခဲ့သော ဝတ္ထုတိုတစ်ပုဒ်မှာ စာရေးဆရာမဂ္ဂဇင်းပါ မန်းတင်၏ 'စေတနာတွေပိုတယ်' ဟူသော ဝတ္ထုတိုပင် ဖြစ်သည်။ ထိုဝတ္ထုပါအကြောင်းအရာမှာ စေတနာသည် တော်ရုံသင့်ရုံသာ ကောင်းသည်။ ပိုလွန်းလျှင် ဒုက္ခဖြစ်တတ်သည့် အကြောင်းကို ရေးသားထားခြင်း ဖြစ်သည်။ ထိုအကြောင်းကိုပြရာ၌ ရှမ်းဘောင်းဘီကို တစ်ယောက်နှင့်တစ်ယောက် မသိစေဘဲ ခိုး၍သုံးခါဖြတ်မိရာ ဘောင်းဘီရှင် ဒုက္ခရောက်ရပုံဖြင့်ပြသော ဝတ္ထုတို

[၁] တာရာ၊ ဒဂုန် ၊၁၉၆၉ ၊ ၃၂၃ ။

ဖြစ်သည်။ ထိုခေတ်က ဖက်ဆစ်ဂျပန်များအပေါ် စေတနာပိုသူများကို ဆင်ခြင်စေလိုသည့်အတွက် ရေးသားခဲ့ဟန် တူပါသည်။

ဝတ္ထုတိုဖန်တီးသည့် အတတ်ပညာပိုင်းအနေဖြင့် အမေရိကန်စာရေးဆရာ အိုဟင်နရီ၏ အလှည့်ကလေးမျိုး ပါဝင်သည်ကို တွေ့ရသည်။ လှည့်ကွက်ဖြင့် ဇာတ်လမ်းဆင်သည့် အတတ်ပညာကို သုံးခဲ့သည်ဟု ဆိုရပေမည်။ ထို့နောက်တွင် ထိုသို့လှည့်ကွက်ဖြင့် ဇာတ်လမ်းဆင်ထားသော ဝတ္ထုများ ခေတ်စားလာခဲ့သည်ကို တွေ့ရသည်။

ငွေတာရီ၏ 'မင်ဆေးရည်ပဲ မှန်သလား' နှင့် 'ကဗျာရှင်' ဝတ္ထုတို(၁၉၄၄)၊ ဗန်းမော်တင်အောင်၏ 'နော်မူဂေး' ဝတ္ထုတိုတို့သည်လည်း နှစ်သက်ဖွယ် ကောင်းလှသည်။

## ၃။ ဂျပန်ခေတ် မြန်မာကဗျာ

ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် စာရေးဆရာများအနေဖြင့် စာရေးသားမှု အလွန်ပင် နည်းပါးခဲ့ပါသည်။ ထို့ကြောင့် ကဗျာများလည်း အတွေ့ရနည်းခဲ့ပါသည်။ ထွက်သမျှ ကဗျာအတိုအစများမှာလည်း 'စာရေးဆရာမဂ္ဂဇင်း' တစ်ခုထဲမှာပင် အများဆုံး တွေ့နိုင်ပါသည်။

စစ်ကာလအတွင်း ၁၉၄၂ ခု (၁၃၀၄ ခု၊ နတ်တော်လ)တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်းက စာရေးဆရာလစဉ်စာစောင်၊ အမှတ်(၁)ကို စတင်ထုတ်ဝေခဲ့သည်။ စာရေးဆရာစာစောင် ပထမအကြိမ်ထုတ်၏ ထူးခြားချက်မှာ မြန်မာ 'ကဗျာ' တစ်ပုဒ်မှ မပါခြင်း ဖြစ်သည်။ မြန်မာကဗျာသက်သက် မပါသော်လည်း ဇေယျ၏ ဟရကုနင်အစ်ကူး ခေါ် နိပွန်ကဗျာကျမ်းမှ ကဗျာအချို့ကို ကောက်နုတ်၍ မြန်မာဘာသာအဖြစ် ဘာသာပြန်ဖွဲ့ဆိုထားသည့် 'ရှေးဟောင်းနိပွန်ကဗျာဆောင်းပါး' ပါရှိခဲ့သည်။ ထိုဆောင်းပါးတွင် နွေဦးဘွဲ့၊ ချယ်ရီပန်းဘွဲ့၊ ရက္ခမူဘွဲ့၊ နွေဘွဲ့၊ ဥသြငှက်ဘွဲ့၊ ဆောင်းဦးဘွဲ့၊ မယ်ဘွဲ့နှင့် မောင်ဘွဲ့ဟူ၍ ဂျပန်ကဗျာ (၈)ပုဒ်ကို မြန်မာဘာသာပြန်ထားသည်။

သက္ကရာဇ် ၃၄၈ ခုနှစ်၊ ပုဂံပြည်တွင် နန်းတက်တော်မူသည့် ကျည်စိုးမင်းနှင့် တစ်ခေတ်တည်းကျသော မီကာအိုအိချီဂျိုမင်းမြတ်လက်ထက် ကျိုတိုမြို့တော်တွင် စံတော်မူနေစဉ် ရှေးမြို့တော်ဟောင်းကြီးဖြစ်သော နာရမြို့မှ ချယ်ရီပန်းတစ်ခက်ကို ဆောင်ယူဆက်သရာတွင် နန်းတွင်းသူ၊ 'တိုင်ဦအီစိ' က–

**"ချယ်ရီပန်းဘွဲ့"**

ချယ်ရီတဲ့ပန်းမာလာ။ ။ ရှေးတုန်းခါ 'ရွှေနာရ' မှာ
သင်းရနံ့ဖြာ။ ။ သည်တစ်ခါ ကြုံပါရလေး။
ကျုံးကိုးတန် ကာရံဆီးပါတဲ့၊ ပြည်ကြီးနော်ရဝေတွင်းမှာ၊
သင်းပျံ့လို့မွှေး။ ။[၁]

ဆိုသည့် 'ချယ်ရီပန်းဘွဲ့' ကဗျာကို ရေးစပ်ခဲ့သည်။ မြန်မာစာပေတွင် ထင်ရှားသည့် နန်းတွင်းသူ မိဖြူ၊ မိညို၊ ရဝေရှင်ထွေး စသော အမျိုးသမီးစာဆိုများကို သတိရဖွယ် ဖြစ်ခဲ့သည်။

စစ်ဖြစ်နေသော ဂျပန်ခေတ်တစ်လျှောက်လုံးတွင် ကဗျာစပ်သူ ရှားပါးခဲ့သည်။ ထင်ရှားသော စာဆိုများအနက် ဆရာဇော်ဂျီ တစ်ဦးတည်းကိုသာ တွေ့ရသည်။ ထိုကဗျာသည် ဂျပန်ကပေးသည့် လွတ်လပ်ရေးနေ့အထူးထုတ် 'ဗမာသစ်' စာစောင်တွင် ဦးဘကြည်၏ပန်းချီနှင့် အလေးပေးဖော်ပြထားသော 'ဒေါင်းသံ' ကဗျာ ဖြစ်သည်။

**"ဒေါင်းသံ"**

လွတ်ပြီတဲ့ ကျွတ်ပြီ
ကျွတ်ပြီတဲ့ လွတ်ပြီ
နေမင်းမောင်လင်းရောင်လွှတ်
ဒေါင်းလွတ်ခဲ့ပြီ
တစ်ဖက်ကြွ ကချေချီ
လည်တိုင်ငံ့ တွန်ကြွေး
လက်ရုံးရည်ရာအထောင်နဲ့
နှလုံးရည်ရာအထောင်နဲ့
တို့ခေါင်းဆောင်ညွှန်တဲ့လမ်းက
လှမ်းကြမယ်အဆွေကောင်းရယ်
ဒေါင်းသံနှင့်လေး။

(ဇော်ဂျီ)[၂]

---

[၁] မြင့်သန်း၊ ဒေါ်၊ နှင့် ဒေါ်မြမြသန်း၊ ၁၉၈၃၊ ၈၅။
[၂] ဇော်ဂျီ၊ ၁၉၇၄၊ ၁၄၁။

ဟူသော ဒေါင်းသံကဗျာသည် ဂျပန်ကပေးသော လွတ်လပ်ရေးရပြီးချိန်တွင် ရေးသော ကဗျာဖြစ်သော်လည်း 'တစ်ဖက်လွတ်ကခြေချိ၊ လည်တိုင်ငဲ့တွန်ကြွေး' ဟူသော စာပိုဒ်သည် ဂျပန်ကပေးသော လွတ်လပ်ရေးနှင့်ပတ်သက်၍ အပြည့်အဝ စိတ်ချယုံကြည်မှု မရှိသေးကြောင်းကို ဖော်ညွှန်းနေသည်ဟု ယူဆနိုင်ပါသည်။ သို့ဖြစ်၍ လက်ရုံးရည်ရာအထောင်နှင့် နှလုံးရည်ရာအထောင်နှင့် ပြည်သူအားလုံးက ထိုအချိန်က ဦးဆောင်နေသည့် ဗိုလ်ချုပ်အောင်ဆန်း၏ခေါင်းဆောင်မှုနောက်မှ လိုက်ပါကြရန် လှုံ့ဆော်ထားသည်ကို တွေ့ရသည်။

ဂျပန်ခေတ်တွင် နာမည်ထင်ရှားသော ကဗျာဆရာများ၏ ကဗျာများကို အတွေ့ရနည်းသော်လည်း နာမည်မထင်ရှားသည့် ကဗျာဆရာများ၏ ကဗျာများကို တွေ့ရပါသေးသည်။ စာရေးဆရာစာစောင်မှာပင် ပြည်စကြာ၊ ဖေအောင်၊ ဗထွန်းအေး (အမရပူရ)၊ မြဒေါင်းတောင်၊ နတ်မောက်ဘုန်းကျော် စသည့် ကလောင်ရှင်တို့သည် ကဗျာများ ရေးသားခဲ့ကြသည်။

စာရေးဆရာစာစောင် အမှတ်(၂)တွင် နတ်မောက်ဘုန်းကျော် (မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်း)၏ 'လုံ့စွပ်တိုက်ပွဲ' နှင့် 'ဆုံးခဲ့ပြီ' ကဗျာနှစ်ပုဒ်ကို တွေ့ရသည်။ ထိုကဗျာနှစ်ပုဒ်တွင် ဂျပန်ခေတ်ကို ထင်ဟပ်ထားသည်ကို တွေ့ရသည်။ ဂျပန်ခေတ်နှင့်အတူ ပေါ်ပေါက်လာသော မြန်မာ့လွတ်လပ်ရေးတပ်မတော်နှင့် ဗမာ့ကာကွယ်ရေးတပ်မတော်ကို အခြေခံပြီး ပေါက်ဖွားလာသည့် ကဗျာနှစ်ပုဒ် ဖြစ်သည်။ 'ဆုံးခဲ့ပြီ' ကဗျာမှာကား အချစ်နှင့်စစ်တွင် တိုင်းပြည်နှင့်စစ်ကို ဦးစားပေးကြောင်း ဖွဲ့ဆိုထားခြင်း ဖြစ်သည်။

ပြည်စကြာသည် လေးချိုးများ၊ ဒွေးချိုးများကို ရေးလေ့ရှိသူ ဖြစ်သည်။ တစ်ခါတရံတွင် သခင်ကိုယ်တော်မှိုင်း၏လေသံကို ယူတတ်သည်ကို တွေ့ရသည်။ စာရေးဆရာမဂ္ဂဇင်းစာစောင် အမှတ်(၄)တွင်–

"သွေရှောင်းရန်မပျက် မနေ့းသာပ

လေကြောင်းရန် အချက်ပေးပြန်တော့

အသက်ဘေးလှုံ့စရာ

အို – ဘုံကြာကွဲ့မြေတွင်း

ပြေးလွှားကာ ကလေးသားကိုယ်စီပါလို့

မှီခိုရာတွင်းကို အပုန်းတွင်မှ

မကင်းသကို နရင်းပြိုလို့ ပြုန်းရချည့်

အိုကွယ်   ဗုံးသံသတင်း

(ပြည်စကြာ)[၁]

ဟူသော လေကြောင်းရန် ဖွဲ့ဆိုသော သဖြန်ကို ရေးခဲ့ပြီး စာစောင်အမှတ်(၉)တွင် ‘သီတင်းကျွတ် လခန်းဝင် လက်ဖွဲ့လေးချိုးစာထောင့်’ ကို ရေးခဲ့ပါသည်။

ဖေအောင်ကမူ စာစောင်အမှတ်(၅)တွင် နှစ်ပုဒ်ရေးခဲ့သည်ကို တွေ့ရသည်။ ‘ယောက်ျားမြတ်’ ဟူသည့် လေးချိုးတစ်ပုဒ်နှင့် ‘ဗိုလ်ချုပ်အောင်ဆန်း’ ကဗျာတို့ ဖြစ်သည်။

**“ဗိုလ်အောင်ဆန်း”**

ဒို့များခေါင်းဆောင် ဗိုလ်အောင်ဆန်းက

တိုကျိုနန်းက ပြန်ခဲ့တယ်။

သူ့လက်အောက်ခံ ရွှံ့ရှာမုန်းလို့

လွတ်အောင်အားထုတ် ရန်းရှာတယ်

သုံးဆယ့်နှစ်ဆို ဗိုလ်အများနဲ့

လူဖြူသားကို စားလို့ရယ်

သူရဲကောင်းဆို လောင်းဘုရားတို့

နည်းဟောင်းကိုလည်း လိုက်နာတယ်

ကြိုက်တယ် ကြိုက်တယ်

(ဖေအောင်)[၂]

ထိုကဗျာသည် မင်းသုဝဏ်၏ မောင်ခွေးဖို့ကဗျာများ အလိုက်နှင့် ရေးထားသော ကလေးကဗျာတစ်ပုဒ် ဖြစ်သည်။ ဗထွန်းအေး(အမရပူရ)ကလည်း လွတ်လပ်ရေးကို မျှော်သည့် ‘မျှော်တော်ယောင်’ ကဗျာကို စာရေးဆရာစာစောင် အမှတ်(၅)တွင်ပင် ရေးသားခဲ့သည်။

---

[၁] စွမ်းရည်၊ မောင်၊ ၁၉၆၉၊ ၂၃၂။

[၂] စာရေးဆရာစာစောင်၊ မ– ၁၃၀၅၊ ၂၃။

**"နိပွန်စကားသင်ရမယ်"**

(မလေးဆို)

နေပူထဲကို ရှင်မသွားနဲ့
နိပွန်စကားသင်ရမယ်
'အိနု' ဆိုတာ ခွေးကလေးတဲ့
အောင်နက်လေးလား သိဘူးကွယ်
ညအချိန်ကျရင် 'အော်အီအိ' တော့
'နဝထောရီ' ခေါ်ကြတယ်။
မြစ်ပြင်ထဲမှာ ရေတွေပန်းတဲ့
'ဂျိုက်ဆန်း' တော့ သဘော်ာကွယ်
မောင်ကြီးခေါင်းပေါ် မိုးကိုထိမဲ့
'ရှိကောစိ'က ပျံလို့ရယ်
မှတ်ကွယ် မှတ်ကွယ်[၁]

ဟူသော ကဗျာကိုသာ ဖော်ပြထားပြီး ရေးသူအမည်ကိုမူ ဖော်ပြမထားပေ။

ဂျပန်ခေတ်အတွင်းတွင် အာရှလူငယ်အစည်းအရုံးကြီး၏ အစည်းအရုံးခွဲများ ဖြစ်သော ဥာဏ ဗလဌာနများသည် နံရံကပ်စာစောင်များ၊ လက်ရေးစာစောင်များ ထုတ်ဝေခဲ့ကြသည်။ ယင်းစာစောင်များတွင် ကဗျာများပါရှိသည်ကို တွေ့ရသည်။ 'အထူးသဖြင့် အာရှလူငယ်ကဗျာရှင်များသည် လက်ရေးစာစောင် နယ်နိမိတ်ကိုကျော်၍ ယင်းခေတ်ထုတ် ဗမာ့ခေတ်သတင်းစာ၊ မြန်မာ့အလင်းသတင်းစာ စသည်တို့တွင် ကဗျာများ ပါဝင်ရေးသားကြသည်။ ပုံစံပြရသော် မြန်မာ့အလင်းသတင်းစာ (၁၉၄၄၊ ဖေဖော်ဝါရီ)တွင် သန်းညွန့် (ဗဟိုအာရှ)'[၂] သည်–

---

[၁] စာရေးဆရာစာစောင်၊ မ– ၁၃၀၅၊ ၁၈ ။
[၂] မြင့်သန်း၊ ဒေါ်၊ နှင့် ဒေါ်မြမြသန်း၊ ၁၉၈၃၊ ၈၇ ။

**“အာရှမောင်မယ်”**

အာရှမောင်မယ် တူစုံတွဲလို့
ဒီစစ်ပွဲမှာ နွှဲကြတယ်
တို့လည်းလိုက်မယ် ချန်မထားနဲ့
စစ်သားအဖြစ် တိုက်တော့မယ်
စစ်သားဆိုတာ ကြောက်တဲ့သွေးကို
ရဲဆေးပေးလို့ စွန့်ခဲ့တယ်၊
စစ်ကြီးနိုင်အောင် တို့စုပေါင်းလို့
လွတ်ကြောင်းကိုလည်း ကြံပါ့မယ်
စွန့်ကွယ် စွန့်ကွယ်။[၁]

ဟူသောကဗျာဖြင့် ဂျပန်နှင့်ဗမာ ပူးပေါင်း၍ အာရှစစ်ပွဲ အောင်မြင်အောင်တိုက်ခိုက်ပြီး ဗမာပြည်လွတ်လပ်ရေးကို ယူမည့်သဘောကို ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ ဤကဗျာရေးဖွဲ့ချိန်သည် ဂျပန်က ဗမာပြည်ကို လွတ်လပ်ရေးပေးပြီးချိန် ဖြစ်သော်လည်း လွတ်လပ်ရေးအစစ်အမှန် မရသေးသည့် သဘောကို ဖော်ညွှန်းနေပေသည်။

စစ်အတွင်း ပေါ်ထွက်ခဲ့သော ကဗျာများသည် ကဗျာ၏တာဝန်တစ်ခုဖြစ်သော ခေတ်ကို ထင်ဟပ်ပြနိုင်ခဲ့ကြသည်။ ကဗျာပုံစံများမှာ လေးချိုး၊ တေးထပ်များကဲ့သို့ ရှေးဟောင်းပုံဟန်များကို သုံးသည်ကို တွေ့ရသည်။ အထူးသဖြင့် ခေတ်စမ်းပုံဟန်များကို ပိုပြီးအားသန်ခဲ့သည်ကို တွေ့မြင်ရပါသည်။ ကဗျာအတတ်ပညာပိုင်းတွင် မပြောပ လောက်သော်လည်း စစ်ခေတ်ကို မှတ်တမ်းတင်ပြခဲ့သည်။

၁၉၄၅ ခုနှစ်၊ မတ်လ (၂၇)ရက်နေ့တွင် ဂျပန်ကို တစ်ပြိုင်နက် တော်လှန် ခဲ့သည့် ဖက်ဆစ်တော်လှန်ရေးအပြီးတွင် ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ဂျပန် ရှင်ဘုရင်ဘွဲ့ တမ်းချင်းကဗျာ မဟာလေးချိုးကြီးဖြင့် ဂျပန်တို့ကို နှုတ်ဆက်ခဲ့သည်။

ဤသို့ဖြင့် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားနေသော ဂျပန်ခေတ်(၁၉၄၂–၁၉၄၅) အတွင်း ပေါ်ထွက်ခဲ့သော ကဗျာများကို ခြုံ၍ကြည့်လျှင် ကဗျာအဖွဲ့အစပ် နည်းပါး ခဲ့သော်လည်း ခေတ်အရိပ် ထင်ဟပ်နေသည့် ကဗျာများအဖြစ် မြင်တွေ့ရပါသည်။

[၁] မြင့်သန်း၊ ဒေါ်၊ နှင့် ဒေါ်မြမြသန်း၊ ၁၉၈၃၊ ၈၇–၈၈။

## ၄။ ဂျပန်ခေတ် မြန်မာဂီတစာပေ(သီချင်း)

၁၉၄၂ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ဗိုလ်တေဇ ခေါ် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးသည် ရန်ကုန်မြို့ကို သိမ်းပိုက်လိုက်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ရဲဘော်သုံးကျိပ်တို့၏ ချီးကျူးလေးစားအားကျဖွယ်ရာ လုပ်ရပ်နှင့် စိတ်ဓာတ် စိတ်မြတ်၊ ဇွဲသတ္တိ၊ အမူကွန်းတင်လောက်အောင် ပြောင်မြောက်လှသည့် ကိုယ်ကျိုးမဖက် တိုင်းပြည်အတွက် ဆောင်ရွက်ခဲ့သော စွမ်းဆောင်ချက်တို့ကို ဂီတစာဆို သဟာယဆရာတင်သည် ပြည်သူတစ်ရပ်လုံးက လှိုက်လှိုက်လှဲလှဲ ထောက်ခံအားပေး လေးစားတန်ဖိုးထားကြောင်း ပြည်သူ့ခံစားချက် သဘောထားကို 'ဗမာ့သူရဲကောင်းသီချင်း' ဖြင့် လှစ်ဟပြရင်း ဗိုလ်ချုပ်နှင့်တကွ ရဲဘော်သုံးကျိပ်၏ ဆောင်ရွက်ချက်ကို မှတ်တမ်းတင်ခဲ့ပါသည်။

> "ဗမာ့လွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့ဖို့ ဂျပန်ပြည်မှာကွယ်
> တကယ်ပဲ အသက်နဲ့လဲလို့ ဆင်းရဲဒုက္ခခံကာ ကြံစည်တယ်၊
> သူရဲကောင်းတဲ့ ဗိုလ်အောင်ဆန်းနဲ့ အာဇာနည်တွေရယ်"[၁]

ဤသီချင်းဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ဂုဏ်သိက္ခာ၊ ဂုဏ်ဒြပ်နှင့် ထပ်မိဟပ်မိအောင်ပင် ထိုက်တန်စွာ ဂုဏ်ပြုခဲ့သကဲ့သို့၊ ရဲဘော်သုံးကျိပ်ကို ဂုဏ်ပြုရာလည်း ရောက်ခဲ့၏။ ထိုမျှသာမက ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးအား ဂုဏ်ပြုခြင်းလည်း မည်ခဲ့ပေသည်။ ထို့ကြောင့် ဂျပန်ခေတ် စစ်အတွင်းက ဗမာပြည်သူတို့အတွက် ဂုဏ်ယူဖွယ်ရာ သမိုင်းဝင်တေးတစ်ပုဒ်အဖြစ် လူငယ်လူရွယ်တိုင်း မျိုးချစ်စိတ်ရှိသူတိုင်း အားမာန်အပြည့်ဖြင့် သီဆိုခဲ့ကြသည်သာမက ယနေ့ခေတ်တိုင် စစ်ချီတေးအဖြစ် ရေပန်းစားဆဲပင် ဖြစ်ပါသည်။

ဂျပန်ခေတ်၊ ခေတ်အလိုက် သီချင်းများရေးသားရာတွင် အများအားဖြင့် ဝါဒဖြန့်သီချင်း၊ ဇာတိသွေး ဇာတိမာန် တက်ကြွသော သီချင်းများနှင့် ပြဇာတ်သီချင်းများ ပါဝင်သည်။ ထိုခေတ်တွင် ထင်ရှားသော သီချင်းရေးဆရာများမှာ သဟာယဆရာတင်၊ ရွှေတိုင်ညွန့်၊ ရန်နိုင်စိန်နှင့် ဒဂုန်ဆရာတင် စသည်တို့ ဖြစ်သည်။ ထင်ရှားသော သီချင်းများမှာ သဟာယဆရာတင်၏ 'ဗိုလ်ချုပ်အောင်ဆန်း' နှင့် ရွှေတိုင်ညွန့်၏ 'ဖလ်နေဝန်း' စသည်တို့ ဖြစ်သည်။

ဂျပန်ခေတ်တွင် ပြောင်းလဲလာသော ခေတ်နှင့်အတူ အသစ်ဖွဲ့စည်းပေါ်ပေါက်လာသော မြန်မာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော် တို့ကို

---

[၁] ဝင်းဖေ၊ မုံရွာ၊ ၁၉၉၂၊ ၂၁၆။

အကြောင်းပြု၍ စစ်ချီသီချင်းများ ထွန်းကားခဲ့သည်။ ထို့ပြင် ဂျပန်တို့ပေးသော လွတ်လပ်ရေးကို အကြောင်းပြု၍ တေးသီချင်းများ ပေါ်ထွန်းခဲ့သည်။

ဂျပန်တို့၏ဆန္ဒအရ ဗမာ့လွတ်လပ်ရေးတပ်မတော်ကြီးကို ဖျက်သိမ်းပြီး ဗမာ့ကာကွယ်ရေးတပ်မတော်အသွင် ကူးပြောင်းဖွဲ့စည်းသည့်အခါ ရွှေတိုင်ညွန့်သည် 'ဖလ်နေဝန်းသီချင်း' ဖြင့် ဂုဏ်ပြုခဲ့ပါသည်။ ကြက်သီးဖြန်းဖြန်း ထခမန်း စိတ်ဓာတ်တက်ကြွစေသော–

> "တပ်မတော်ကြီးလည်း ချီလာပါပြီ၊ အောင်တပ်မတော်ကြီးလည်း
> ချီလာပါပြီ၊ ဗမာအာဇာနည်၊ ကမ္ဘာမှာတာရှည်၊ ခိုင်မာအောင်သာ
> ငါတို့ ကြံဆောင်မည် အောင်ပြီ"[၁]

ဟူသော ထိုအချိန်က တပ်မတော်သားတို့၏အသံသည် ဘဝင်လျှံအောင် ညံခဲ့သကဲ့သို့၊ ယခုတိုင် တပ်မတော်အခမ်းအနားတွင် စစ်ချီတေးအဖြစ် တပ်မတော်သားတို့၏ နှုတ်ဖျားတွင် ဤတေးသံသည် ညံဆဲပင် ဖြစ်သည်။

ထိုစစ်ချီသီချင်းများကို ဂျပန်သီချင်း၊ အင်္ဂလိပ်သီချင်းများ အလိုက်ကိုယူ၍ ရေးခဲ့ခြင်းကြောင့် မြိုင်မြိုင်ဆိုင်ဆိုင်၊ တက်တက်ကြွကြွ သီဆိုနိုင်ခဲ့ကြသည့်အတွက် မြန်မာလူငယ်များကို အထူးတလည် တက်ကြွစေခဲ့သည်။ ထို့ကြောင့် တပ်မတော်ကြီးထဲသို့ မပြတ်မစဲ တဖွဲဖွဲ ဝင်ရောက်ခဲ့ကြသည်။

> "အဘယ်မျှ စိတ်ထက်သန်စွာ ဝင်ရောက်ခဲ့သနည်းဆိုသော် ဗမာ့
> လွတ်လပ်ရေးတပ်မတော်ကြီး ဖွဲ့စည်းစဉ်က ၁၅၀ မျှသာရှိရာ
> နှစ်လ သုံးလမျှ ရောက်သောအခါ တပ်သားပေါင်း ၁၅၀၀၀ ခန့်
> အထိ တိုးတက်၍လာခဲ့သည်။"[၂]

ဤအဖြစ်အပျက်ကိုကြည့်ခြင်းဖြင့် ပြည်သူလူထုကို စည်းရုံးရာတွင် သီချင်းများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါသောနေရာတွင် ရပ်တည်နေကြောင်း သိနိုင်ပါသည်။

ထို့နောက် ရွှေတိုင်ညွန့်သည် လွတ်လပ်ရေးကို တောင်းဆိုမျှော်မှန်း၍ လွတ်လပ်ရေး၏အနှစ်သာရကို တင်ပြရင်း 'လွတ်လပ်ရေးသီချင်း' ကို ရေးစပ်ခဲ့ရာ လွတ်လပ်ရေးကို ဆာလောင်မွတ်သိပ်ခြင်း ပြင်းပြလျက်ရှိသော ဗမာပြည်သူတို့အဖို့ သည်းခြေကြိုက် ဖြစ်ခဲ့သည်။

---

[၁] ဝင်းဖေ၊ မှိုရှာ၊ ၁၉၉၂၊ ၂၁၈။
[၂] မိုးကြည်၊ မေမြို့၊ ၁၉၇၈၊ ၂၂၀။

မကြာသောကာလတွင် ဂျပန်တို့က ရွှေရည်စိမ်လွတ်လပ်ရေးပေးပြီး ရက်စက်ယုတ်မာသော ဂျပန်တို့၏ ဇာတိရုပ်ပေါ်လာသောအခါ မျိုးချစ်မြန်မာလူငယ်များသည် အာရှလူငယ်အစည်းအရုံးကြီးကို တည်ထောင်သောအခါ–

> "ရွှေတိုင်ညွန့်၏ အာရှလူငယ်သီချင်း၊ အားသီချင်း၊ ထလော့ ထလော့ သီချင်း၊ အကျင့်ဆိုးသီချင်းတို့လည်း ဗမာ့မျိုးချစ်လူငယ်ထုအတွက် အားအင်ပြည့်ဖြိုးစေ၍ ထိုအင်အားတို့သည် ပင်လျှင် ဆေးလည်းဖြစ်ကာ သွေးလည်းဖြစ်ခဲ့လေသည်။"[၁]

တပ်မတော်သည် ဖက်ဆစ်တော်လှန်ရေး ဆင်နွှဲရာတွင် ပြည်သူ့အင်အားကို ရယူနိုင်ရန် အလွန်အရေးကြီးလှသည့်အတွက် ပြည်သူကိုစည်းရုံးရန် လိုအပ်လာပေသည်။ ပြည်သူကိုစည်းရုံးရာတွင် နည်းအမျိုးမျိုးရှိသော်လည်း တေးဂီတသည် ထက်မြက်သော စည်းရုံးရေးလက်နက် တစ်ခုဖြစ်ကြောင်း သမိုင်းအဆက်ဆက်က သက်သေထူလျက်ရှိသည်ကို ရိပ်စားမိသော ဗိုလ်ချုပ်အောင်ဆန်းသည် တော်လှန်ရေးအတွက် လိုအပ်သော အနှစ်သာရပါသော စာသားများကို ရွေးစေ၍ ရွှေတိုင်ညွန့်ကို ရေးစေရာ ကျန်းမာရေးမကောင်းသည့်ကြားက တိုင်းပြည်နှင့်တပ်မတော်အပေါ် ထားရှိသော စေတနာဗလဝဖြင့် 'ပြည်သူ့တပ်မတော်' သီချင်းကို မွေးဖွားပေးခဲ့ရာ၏။ 'ပြည်သူ့တပ်မတော်' အမည်သည် သီချင်း၏ မူလအစစ်အမှန်အမည် ဖြစ်သည်။ နောက်ပိုင်းမှ စာသားအတိုင်း အလွယ်တကူ 'တပ်မတော်အင်အား' ဟု အမည်ပေးခဲ့ခြင်း ဖြစ်သည်။

> "ခေတ်မီအောင်သာ ကမ္ဘာမြေတစ်ဝန်းမှာ ဒို့အစွမ်းကို ပြမည်။ တပ်မတော်ဂုဏ်ရောင် ထွန်းပြောင်ဖို့ရာ ဒို့တာဝန် ဖြစ်သည်။ တစ်မျိုးသားလုံးအတွက်ကို အသက်နဲ့လဲမယ်၊ အာဇာနည်ပီပီ၊ အရေးရှိခဲ့လျှင် ရှေ့ကရပ်ကာ အသေခံမယ်ယုံကြည်၊ ငါတို့ တပ်မတော် အမှန်ဖြစ်သည်။ နိုင်ငံ့တပ်မတော် အမှန်ဖြစ်သည်။ အင်အားကိုကြီးမားအောင် ကူညီ။ တပ်မတော်ကြီးကို အင်အားရှိဖို့ အရာရာမှာကူညီ၊ ရဲဘော်အပေါင်းကို ကိုယ့်သွေးသားမို့ အစဉ် မမေ့အပ်ပေသည်"[၂]

ဤတေးကြောင့် ပြည်သူလူထုက လိုအပ်သောငွေကြေးကို မတွန့်မဆုတ် ကူညီပေးအပ်သကဲ့သို့၊ မြို့ထဲ လှည့်လည်ချီတက်လာကြသော ရဲဘော်တပ်မတော်သားများကို အောင်သပြေပန်းများကမ်းကာ ဆီးကြိုနှုတ်ခွန်းဆက်သခဲ့ကြသည်။ ပြည်သူကို

---

[၁] မိုးကြည်၊ မေမြို့၊ ၁၉၇၈၊ ၂၂၀။
[၂] ဝင်းဖေ၊ မုံရွာ၊ ၁၉၉၂၊ ၂၂၃။

စည်းရုံးရာတွင် တေးဂီတသည် အထက်မြက်ဆုံးလက်နက် ဖြစ်ခဲ့သည်။ ဤသီချင်း ရေးပြီးနောက် ရက်မကြာမီပင် ရွှေတိုင်ညွန့်သည် ကွယ်လွန်သွားခဲ့ရှာသည်။

ရွှေတိုင်ညွန့်သည် ဂျပန်ခေတ်တစ်လျှောက်လုံးတွင် ဗမာတို့ရဲ့တပ်မတော်သီချင်း၊ မျိုးချစ်မြန်မာပြည်ရှာသီချင်း၊ ဗမာအာဇာနည်သီချင်း၊ ဗမာပြည်ကာကွယ်မည်သီချင်း၊ တူယှဉ်ကာတိုက်စို့သီချင်း၊ တို့စစ်သားသီချင်းနှင့် လွတ်လပ်ရေးသီချင်းများကိုလည်း ရေးစပ်ခဲ့သည်။ ထို့ပြင် ရွှေတိုင်ညွန့်သည် အာရှလူငယ်များအတွက် အာရှလူငယ် သီချင်း ၄၊ အားသီချင်း၊ ထလော့ထလော့သီချင်း၊ အကျင့်ဆိုးသီချင်း တို့ကိုလည်း ရေးစပ်ခဲ့သည်။ ဝန်ထမ်းတပ်ဖွဲ့အတွက် ဗမာ့ဝန်ထမ်းသီချင်းကို ရေးစပ်ခဲ့သည်။ စစ်ချီသီချင်းများနည်းတူ အာရှလူငယ်သီချင်းများသည်လည်း ရေပန်းစားခဲ့သည်။ ဝိုင်အမ်ဘီဆရာတင်ကလည်း မိစ္ဆာရန်သူသီချင်းကို ရေးသားခဲ့သည်။

ဂျပန်ခေတ်တွင် ပြဇာတ်သီချင်းများလည်း ထင်ရှားခဲ့သည်။ ဤစစ်ကြီးမှာ ပြဇာတ်မှ ရွှေတိုင်ညွန့်၏ 'တို့ဗမာတွေ ရဲစွမ်းကြသည် အာဇာနည်ပီပီ' အစချီသော သီချင်း၊ တစ်ဝါတွင်းပြဇာတ်မှ၊ ဒဂုန်ဆရာတင် ရေးသားပြီး မင်းသားကျော်အေး သီဆိုသော 'ကံဆိုးတဲ့ ငကျော်အေးရယ် မင်းအရင်တိုင်းသာ ကန်းနေတာကောင်းတယ်' စာသားများပါသည့် သီချင်း၊ ဆရာသုခ၏ ဂုဏ်ပြဇာတ်မှ ရန်နိုင်စိန်၏ 'ပုဗ္ဗေစ အခြေမလှသူကို သဒ္ဒါတတ်အား နည်းများမဆို သနားကရုဏာ စေတနာကို ပေးကမ်း စေလို' စာသားများပါသည့် သူတောင်းစားမလေး ဂုဏ်မေကျင် သီဆိုသည့် သီချင်းနှင့် ဩဘ်မိန်းမမှ ဂုဏ်ကြီးရှင် သီချင်းများမှာ လူကြိုက်များလှသည်။

ဂျပန်ခေတ် ပြဇာတ်အစပိုင်းမှာလည်း ပဏ္ဏာမဂီတကို မြန်မာသံတီးလုံးတီးကွက်၊ တစ်ခါတရံ ကပြားသံတီးလုံးများဖြင့် တီးခဲ့ကြသော်လည်း ထိုခေတ်အထိ ပဏ္ဏာမတေး သီဆိုမှု မရှိသေးပါ။ ထို့နောက် ဂျပန်ခေတ်အတွင်း ရုပ်ရှင်ပညာသည်များ ဖလင် အခက်အခဲကြောင့် ကိုယ့်အစုနှင့်ကိုယ် နယ်ထွက်သည့်အချိန်မှစ၍ ပဏ္ဏာမတေးကို သီဆိုခဲ့ကြသည်။ သို့သော် ထိုသီချင်းများသည် ကပြသည့်ပြဇာတ်နှင့် မသက်ဆိုင်ဘဲ ခေတ်နှင့်သာ သက်ဆိုင်နေသည်ကို တွေ့ရသည်။

ဂျပန်ခေတ် ၁၉၄၂ မှ ၁၉၄၅ အတွင်း၌မူ ရုပ်ရှင်ကားသစ်များ မထုတ်နိုင် သည့်အတူ ရုပ်ရှင် သီချင်းသစ်များလည်း ထွက်ပေါ်မလာခဲ့ပေ။ ဂျပန်ခေတ်တွင် ကလေးများ၏ ပညာရေးနှင့်စိတ်ဓာတ်ရေးအတွက် လိုအပ်သော သီချင်းများကို ပြုစု ခဲ့ကြသည်။ ကခဂဃင စသည်ဖြင့် စာသင်သီချင်းများ၊ ဗိုလ်ချုပ်အောင်ဆန်းသီချင်း ကဲ့သို့ သီချင်းများ ပြုစုလာကြသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော်သီချင်းများသည် လူငယ်တို့၏မျိုးချစ်စိတ်ကို ထက်သန်စေသော သီချင်းများဖြစ်သည်နှင့်အမျှ ကလေးများ

အားမာန်ပါပါဖြင့် သီဆိုစရာသီချင်းများ ဖြစ်ခဲ့သည်။ ထိုအချိန်တွင် ဂျပန်စာသင်ကျောင်းများတွင်လည်း ဂျပန်ကလေးသီချင်းများ သင်ပေးရန် စကူရာ၊ ကရာစု စသော သီချင်းများကို သီဆိုကြရသည်။

ဂျပန်ခေတ်တွင် ရေဒီယိုတေးဂီတသည် တိုးတက်ခြင်း မရှိပေ။ သို့သော် ထူးခြားသည့်အချက်အနေဖြင့် ကလေးများအတွက် တေးသီချင်းများ စတင်အသံလွှင့်ခဲ့သည်ကို တွေ့ရသည်။ ပထမဦးစွာ မြန်မာစာကထိက ဦးညွန့်က 'ပျော်ပျော်ပါးပါး ကလေးများ' ဟူသောအခန်းတွင် ကလေးများနှင့် သီဆိုတီးမှုတ်ကြသည့် အစီအစဉ်ကို အသံလွှင့်ခဲ့သည်။ ထို့နောက် ဦးအောင်က ကလေးများအတွက် သင်ခန်းစာရစေဖွယ် ဖြစ်သော ပုံပြင်ကလေးများကို ပြောပြပြီး ပုံပြင်အပြီးတွင် ပုံပြင်နှင့်စပ်လျဉ်းသော သီချင်းများကို သီဆိုခဲ့သည်။

ဂျပန်ခေတ်တွင် ကဗျာထက် သီချင်းက ပြည်သူလူထုနှင့် ပိုမိုနီးစပ်ခဲ့သည်။ အကြောင်းမှာ စစ်ဖြစ်နေချိန်ဖြစ်၍ ပြေးရင်းလွှားရင်း ကဗျာဆရာများက ကဗျာစပ်ခဲ့ကြသော်လည်း စက္ကူနှင့် ပုံနှိပ်ရေးအခက်အခဲ၊ ဖြန့်ဖြူးရေးအခက်အခဲကြောင့် ရေးသူနှင့်ဆိုသူရှိလျှင်ဖြစ်သော သီချင်းက ကဗျာကို လွှမ်းမိုးသွားခဲ့သည်။ ထို့ကြောင့် သဟာယဆရာတင်၏ 'အာရှလူငယ်'၊ ရွှေတိုင်ညွန့်၏ 'ဒို့စစ်သား'၊ 'ဖနိုင်ငံဂုဏ်ကို ကယ်တင်ခဲ့တဲ့ အောင်ဆန်းနော်'၊ 'အာဏာရှင်'၊ 'ဗမာ့ဝန်ထမ်း' စသော သီချင်းသံတို့သည် စစ်တစ်ခေတ်လုံး ညံခဲ့သည်။ စစ်အတွင်းကာလ စည်းရုံးရေးတာဝန်ကို လူတန်းစားအလွှာအသီးသီးသို့ ပျံ့နှံ့အောင် သီချင်းကသာ ကဗျာကို ကျော်လွှားပြီး တာဝန်ယူသွားနိုင်ခဲ့ပေသည်။

ထို့ပြင် ဂျပန်ခေတ်တွင် သံချပ်များလည်း ပေါ်ပေါက်ခဲ့သည်ကို တွေ့ရသည်။ မြန်မာ့ရိုးရာ သင်္ကြန်ပွဲများတွင် သံချပ်ထိုးသည့်ဓလေ့သည် မြန်မာတို့၏ ရိုးရာဓလေ့တစ်မျိုးပင် ဖြစ်သည်။ ဂျပန်ခေတ်ပေါ်သံချပ်များကို လေ့လာကြည့်သောအခါ ဂျပန်ကို မလိုလားတော့သည့် သဘောထားများကို တွေ့ရသည်။ ၁၉၄၃ တွင် ပေါ်ခဲ့သော–

"သွေးနှင့်ချွေးနှင့် အရင်းတည် လွတ်လပ်ခဲ့ပြီ ဒို့ဗမာများ
လွတ်လပ်ရေးကြီးတည်မြဲရန် ကျားမမကျန် ကျုပ်တို့ဝန်ထမ်း
ကျန်းမာသုခရှိကြစေ အမျိုးသားတွေ ကြိုးစားလိုက်ကြ စစ်မျက်နှာက
သွေးပူဇော် ချွေးအလှူတော် ပေးတဲ့နောက်ပိုင်း ဝန်ကိုထမ်းလို့
ပင်ပန်းပေါင် ခေတ်သစ်ထူထောင် အောင်ဖို့မလွဲ ကမ္ဘာရှည်လွန်

ကြံ့တိုင်းကြံ့တိုင်း ဗမာနိပွန် ဗန်ဆိုင်းဗန်ဆိုင်း ကျူပင်ခုတ်လို့
ကျူငုတ်မကျန် အင်္ဂလန်ကို ချေလိုက်မှုန်းလိုက်”[၁]

ဟူသောသံချပ်တွင် ဂျပန်အလိုကျ ကြွေးကြော်ခဲ့သော်လည်း ၁၉၄၄တွင်မူ ‘လွတ်လပ်ပြီ လွတ်လပ်ပြီ တို့တတွေ ပုဆိုးမရှိပြီ’ ဟုလည်းကောင်း၊ ‘ဘီရုမာနိပွန်၊ ပြန်ခိုင်း ပြန်ခိုင်း’ ဟုလည်းကောင်း၊ အစားထိုး၍ ဂျပန်ဆန့်ကျင်ရေးသံချပ်များကို ရေးကာ လှို့ဝှက်စွာဖြန့်၍ သီဆိုခဲ့ကြရာ ထိုသံချပ်တို့ကို ဂျပန်တို့မပိတ်နိုင်ဘဲ အံကြိတ်၍ ခံခဲ့ကြရသည်။

ထို့ပြင် မြန်မာအမျိုးသမီးများနှင့် ဂျပန်တို့၏ဇာတ်ရှုပ်ကို ဖော်ထုတ်ထားသော–

‘စိန်ကြည်နော် စိန်ကြည်

လင်ယူပက်စက်သည်

မာစတာကြီးက တိုကျိုပြန်

ဗိုက်တစ်လုံးနဲ့ကျန်’

ဟူသော သီချင်းသည်လည်း ဂျပန်ခေတ်၌ လူတိုင်းပါးစပ်ဖျားတွင် တကြော်ကြော် ဟစ်ကြွေးသီဆို ခေတ်စားခဲ့ပါသည်။

ဤသို့အားဖြင့် ဂီတပညာရှင်များ၏ သီချင်းများသည် အမည်သာကွဲသော်လည်း အနှစ်သာရအားဖြင့် ကွဲပြားမှု မရှိခဲ့ပေ။ တူညီသောခံစားမှု၊ တူညီသောယုံကြည်မှု၊ တူညီသော မျှော်မှန်းမှုတို့ဖြင့် ရေးဖွဲ့တင်ပြကာ တေးဂီတလက်နက်ဖြင့် လွတ်လပ်ရေး အောင်ပန်းကို ဆွတ်လှမ်းကြရန် လှုံ့ဆော်ခဲ့ကြသည်။

## ၅။ ဂျပန်ခေတ် မြန်မာပြဇာတ်

စစ်ဖြစ်ပွားနေသော ဤကာလတွင် ပြဇာတ်များ တစ်ရှိန်ထိုး တိုးတက်လာခဲ့သည်ကို တွေ့ရသည်။ ထိုသို့ တိုးတက်လာရခြင်း အကြောင်းတစ်ချက်မှာ စစ်ကြီးအတွင်း အလုပ်လက်မဲ့ဖြစ်နေကြသော ရုပ်ရှင်အနုပညာသည်များ စုပေါင်း၍ စင်ပေါ်တက်ကာ ပြဇာတ်ကခဲ့ကြခြင်း ဖြစ်သည်။ ပရိတ်သတ်ကလည်း ရုပ်ရှင်ပညာသည်များက ဖျော်ဖြေသည်ကို ပို၍ကြိုက်နှစ်သက်ကာ ရုံပြည့်ရုံလျှံ အားပေးကြသဖြင့် စင်တင်ကပြမှု ပြဇာတ် ခေတ်တစ်ခေတ် ဆန်းသစ်ချိန်ဟု ဆိုရပေမည်။

---

[၁] မြဟာန်၊ ခုနှစ်မပါ၊ ၁၂။

> "စစ်အတွင်း ခေတ်သစ်ပြဇာတ်များသည် အဆို၊ အက၊ အရေး၊ အတီး၊ အပြော ပြဇာတ်များ ဖြစ်ပါသည်။"[၁]

> "ဂျပန်ခေတ်တွင် ခေတ်သစ်ပြဇာတ်များကို စင်တင်ကပြကြသော ဒါရိုက်တာဆရာခန့်၊ ဦးဘဇင်၊ ဦးအောင်မြတ်၊ ဒဂုန်ဆရာတင် တို့မှာ ထင်ရှားခဲ့၏။ နောက်ပိုင်းတွင် လွင်လွင်ရုံ၊ မြိုင်ရုံ၊ နေသူရိန်၊ ဇိမ်ရုံ၊ တော်ရုံ၊ ကာဠေးရုံ၊ မြို့တော်ခန်းမတွင် ကပြမှုများ၊ စာဆိုတော်နေ့အထိမ်းအမှတ် စသည့် ပြဇာတ်ခင်းကျင်းမှုနေရာများ တိုးပွားရှင်သန်လာသည်။"[၂]

ဦးနုသည် ၁၉၄၂ ခုနှစ်တွင် အသားထဲကလောက်ထွက်ပြဇာတ်နှင့် ၁၉၄၃ ခုနှစ်တွင် ပုထုဇနော့ဥမ္မတကောပြဇာတ်ကို ရေးသားခဲ့သည်။ ဆရာဇော်ဂျီသည် ၁၉၄၂ ခုနှစ် ဒီဇင်ဘာလလောက်တွင် အောင်လံတော်ပြဇာတ်ကို ရေးသားခဲ့သည်။ ထိုပြဇာတ်ကို အာရှလူငယ်အစည်းအရုံးက စင်တင်ကပြခဲ့သည်။ ထိုပြဇာတ်တွင် သုံးရောင်ခြယ် ဒေါင်းအလံသည် တို့အောင်လံဖြစ်ကြောင်းကို အကျယ်တဝင့် ဇာတ်လမ်းခင်းထားသည်။ အဓိက ရည်ရွယ်ချက်မှာ တို့အောင်လံသည် တို့သွေး၊ တို့သတ္တိ၊ တို့အစွမ်း၊ တို့လွတ်လပ်ရေးကို ကိုယ်စားပြုသော အဓိပ္ပာယ်ရှိကြောင်းကို သဘောပေါက်အောင် ရည်ရွယ်ဦးတည်ခြင်း ဖြစ်သည်။

ရန်ကုန်တွင် အခြေအနေငြိမ်သက်၍ ပြန်လည်စည်ကားလာသော ၁၉၄၃ ခုနှစ်ဆန်းတွင် ကန်တော်မိတ်ရုံ၊ နေသူရိန်ရုံ၊ လွင်လွင်ရုံတို့တွင် ပြဇာတ်များ တင်ဆက် ကပြခဲ့ကြသည်။ မြိုင်ရုံ၌ပြသခဲ့သော လူ့သဘာဝအဖြစ်အပျက်ကို သရုပ်ဖော်ထားသည့် ဒါရိုက်တာဆရာခန့်၏ 'ဤစစ်ကြီးမှာ ပြဇာတ်' သည် ပွဲဦးထွက်ပြဇာတ် ဖြစ်သည်။

ထို့နောက် ဒဂုန်ဆရာတင်၏ တစ်ဝါတွင်း၊ တစ်ညတွင်း၊ လူပျိုပါပဲ၊ အပျိုပါပဲ၊ ဖေ့သားချစ် ပြဇာတ်များဖြင့် ပြဇာတ်ခေတ်ကို တစ်ခေတ်ဆန်းသစ်ခဲ့သည်။ ထိုပြဇာတ်များမှာ အဆိုအပြောပြဇာတ်များ ဖြစ်သည်။ ကန်တော်မိတ်ရုံတွင် ဒဂုန်ဆရာတင်၏ စိတ်ပြဇာတ်၊ အချစ်၊ ဦးသုခ၏ ဂုဏ်ပြဇာတ် တို့ကို တင်ဆက်ခဲ့ကြသည်။

ထို့နောက်တွင် မြိုင်ရုံ၌ပင် ဒါရိုက်တာခန့်၏ ဗမာ့သွေးခဲပြဇာတ်ကို ကပြ ခဲ့သည်။ ကန်တော်မိတ်ရုံတွင်ကား–

---

[၁] မောင်မောင်ကြီး၊ ဦး၊ ၁၉၇၅၊ ၈၄။

[၂] ညွန့်ဟံ၊ ကြူတော၊ ၁၉၉၆၊ ၃၈။

"စာရေးဆရာမောင်ထင်၏ 'ဘာအရေးကြီးဆုံးလဲ' ခေါ် တစ်ခန်းရပ် အပြောပြဇာတ်ကို ဒဂုန်ဆရာတင်၏ ကိုကြည်မောင်၊ မေနွဲ့တို့ ပါဝင်သော 'တောင်နန်းဘွား' ခေါ် အခန်းဆက် အဆိုအပြော ပြဇာတ်နှင့် နှစ်ထုပ် တွဲဖက်တင်ပြပါသည်"[၁]

'ဘာအရေးကြီးဆုံးလဲ' ပြဇာတ်ကို မောင်ထင်သည် ၁၉၄၄ ခုနှစ်၌ ရေးသားခဲ့ခြင်း ဖြစ်သည်။ ထိုနှစ်တွင်ပင် 'အာဇာနည်မိခင်' ပြဇာတ်ကိုလည်း ရေးခဲ့သည်။ ထိုပြဇာတ်ကိုလည်း စင်တင်၍ ပြသခဲ့ပါသည်။ ၁၉၄၄ ခုနှစ်၌ပင် သိန်းဖေမြင့်ကလည်း အိန္ဒိယပြည်သူ့သဘင်အဖွဲ့က မေတ္တာရပ်ခံသောကြောင့် 'ခေတ်သစ်ဆန်းပြီ' ပြဇာတ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သည်။

"ထိုခေတ်က စင်တင်ပြဇာတ်များအနက် ဗမာသစ်ပြဇာတ်သည် အခမ်းနားဆုံး၊ လူအင်အား အများဆုံးသုံးခဲ့သော ပြဇာတ် ဖြစ်ပါသည်"[၂]

တင်ပြရာတွင်မူ စကားပြောပြဇာတ်အဖြစ် တင်ပြခဲ့သည်။

နေသူရိန်ရုံ၌လည်း စာရေးဆရာ ဘိုကလေးစိန်ဝင်း၏ စစ်ပြန်ပြဇာတ်၊ ဒါရိုက်တာ ဦးအောင်မြတ်၏ 'ချစ်ရန့်ကြိုင်' ပြဇာတ်တို့ ပြသခဲ့သည်။

"ဂျပန်ခေတ်၌ သုံးနှစ်အတွင်း ကန်တော်မိတ်ရုံတွင် ကာလပေါ် ခေတ်ပြဇာတ်များအပြင် ဥစ္စာစောင့်၊ နတ်၊ သမိုင်းပြဇာတ်များလည်း ပြသကြပါသည်။"[၃]

နေသူရိန်ရုံတွင်ရုပ်ရှင်၊ ပြဇာတ်အစည်းအရုံးမှ ပဒေသာကပွဲကြီး ကျင်းပခဲ့ရာတွင် ဒဂုန်ဆရာတင်၏ 'မြတ်ပန်းသဇင်' တစ်ခန်းရပ်အဆိုပြဇာတ်၊ ရွှေညာမောင်၏ 'လအပမ' ရယ်ရွှင်ဖွယ် အဆိုအပြောဇာတ်၊ ဦးဘဇင်၏ 'ကမ်းရိပ်သာ' တစ်ခန်းရပ်အဆိုဇာတ်၊ အေဝမ်းတင်မောင်၏ 'စန္ဒကိန္နရီ' တေးသရုပ်ဖော်အကဇာတ်၊ ဦးအောင်မြတ်၏ 'ဗမာ့ဒုက္ခ' တစ်ခန်းရပ်အဆိုဇာတ်၊ ဦးချစ်ဖေ၏ 'ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်'၊ မြေပိုင်းအက သရုပ်ဖော်ဇာတ်၊ ဦးအေးငွေ၏ 'သားတစ်လကြီး' အဆိုအပြော အခန်းဆက်ပြဇာတ်တို့ တင်ဆက်ခဲ့ကြသည်။

---

[၁] တင်၊ ဆရာ(ဒဂုန်–)၊ ၁၉၇၁၊ ၇၈။

[၂] မောင်မာင်ကြီး၊ ဦး၊ ၁၉၇၅၊ ၆၄။

[၃] တင်၊ ဆရာ(ဒဂုန်–)၊ ၁၉၇၁၊ ၇၉။

စာရေးဆရာအသင်းသည် စာဆိုတော်နေ့တွင် သက်ကြီးဝါကြီး ပညာရှင်ကြီးများကို ပူဇော်ကန်တော့ကာ ရွေးပြဇာတ်များကို သရုပ်ဖော် တင်ဆက်ကပြလေ့ရှိသည်။ ပထမဆုံးကပြခဲ့သော စလေဦးပုည၏ ဝိဇယပြဇာတ်ကို ဂျပန်ခေတ် ၁၉၄၄ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့တွင် မြိုင်ရုံ၌ တင်ဆက်ခဲ့ကြသည်။

> “ဝိဇယပြဇာတ်ကို ရွေးရခြင်းမှာ အရွတ်အဖတ် လွယ်ကူသော အဖွဲ့အနွဲ့များဖြစ်သည့်အပြင် မျက်မှောက်ခေတ်နှင့်လည်း ထင်ဟပ်နေသည့်အတွက်ပင် ဖြစ်သည်။”[၁]

ဂျပန်ခေတ် ဒေါက်တာဘမော်အစိုးရ၏ အတုအယောင် လွတ်လပ်ရေးကို ဝေဖန်လိုကြပြီး ဖက်ဆစ်ဂျပန်တို့၏ ရိုင်းပျခက်ထန်သော ဆက်ဆံမှုများကို နာကျည်းသည့်အတွက် ထိုပြဇာတ်ကို တင်ဆက်ခဲ့သည်။ ကျောသားရင်သား မခွဲခြားဘဲ ပြည်သူတို့ကို နှိပ်စက်ညှဉ်းပန်းခြင်း ပြုသည်ဆိုက သားအရင်းကိုပင် မညှာတာဘဲ သမုဒ္ဒရာသို့ မျှော၍နှင်ထုတ်ခဲ့သော သီဟဗာဟုမင်းကို နမူနာပြခဲ့ကြသည်။ ပြည်သူ့အားကို ဘုရင်သော်မှ မလွန်ဆန်နိုင်ကြောင်း ပေါ်လွင်စေခဲ့သည်။

ထိုပြဇာတ်သည် မည်မျှအောင်မြင်ခဲ့သနည်း ဆိုသော်–

> “ပြည်သူတို့ထံမှ ကြက်ဘဲမကျန် လုယူပြီး သမီးပျိုများကို ဖျက်ဆီး၍ မိဘများ မျက်ရည်စက်လက်နှင့် ပါးရိုက်နှိပ်စက်ခံရသည့် အခန်းတွင် လူရွှင်တော်ညှပ်စိ၏ သရုပ်ဆောင်ချက်မှာ ပြောင်မြောက်လွန်းသည့်အတွက် ဒါရိုက်တာသုခအား ဂျပန်ကင်ပေတိုင်က ဖမ်းယူစစ်ဆေးခြင်း ပြုခဲ့သည်။ အေဝမ်းအသံသွင်း ပညာရှင် ဂျပန်လူမျိုး ဝါတာနာဘေ ဆိုသူက ဆရာသုခမှာ အချစ်ဝတ္ထုရေးဆရာသာ ဖြစ်ကြောင်း နိုင်ငံရေးသမား မဟုတ်ကြောင်း ဖြေရှင်းပေး၍ ချမ်းသာရာရခဲ့သည်။”[၂]

သို့ဖြင့် ဂျပန်ခေတ်အတွင်းတွင် ပြဇာတ်သည် ပုံနှိပ်စာပေအနေဖြင့် မတိုးတက်ခဲ့သော်လည်း စင်တင်ပြဇာတ်အနေဖြင့် ပေါ်ထွန်းဖွံ့ဖြိုးတိုးတက်ခဲ့သည်။ စင်တင်ပြဇာတ်အနေဖြင့် ဆက်တင်ကအစ ဆုံလည်ဇာတ်ခုံအထိ တိုးတက်လာခြင်း၊ တေးဂီတဘက်တွင် ကာလပေါ် တေးသံစုံတူရိယာဝိုင်းများ နေရာယူလာခြင်းနှင့် အသံဗလံထိရောက်မှုအတွက် ပြဇာတ်တွင် လိုအပ်သမျှအသံတို့ကို တူရိယာဝိုင်းက သံတူပြုနိုင်လာခြင်းတို့ကို တွေ့လာရသည်။

---

[၁] မြန်မာ့ဇာတ်သဘင်တစ်ခေတ်ပြောင်းလဲရေး၊ ၁၉၈၃၊ ၂၈၉။

[၂] မြန်မာ့ဇာတ်သဘင်တစ်ခေတ်ပြောင်းလဲရေး၊ ၁၉၈၃၊ ၂၉၉–၃၀၀။

ပြဇာတ်စာပေအနေနှင့်မူ ဖျော်ဖြေမှုသက်သက်သာမက ဇာတိမာန်တက်ကြွဖွယ် ဇာတိသွေး မွေးပေးသောတော်လှန်ရေး လှုံ့ဆော်သည့် ပြဇာတ်များအဖြစ်သို့အထိ ဖန်တီးရေးသားလာနိုင်ခဲ့ပါသည်။ ဤသို့အားဖြင့် စာရေးဆရာများသည် စက္ကူစာအုပ် ရှားပါးနေသော ခေတ်အခါတွင်လည်း တိုင်းပြည်ကို တင်ပြချင်သည်များကို အနုပညာ ပါပါနှင့် ပြဇာတ်ဖြင့် တင်ဆက်ခဲ့ကြပါသည်။ ဂျပန်ခေတ်အတွင်းတွင် စင်တင်ပြဇာတ် များအဖြစ် ပြဇာတ်ပေါင်း ၆၀ ကျော်ခန့် တင်ဆက်ပြသနိုင်ခဲ့သည်။

## ခြုံငုံသုံးသပ်ချက်

ဂျပန်ခေတ်တွင် အဆိုးဝါးဆုံးမှာ စက္ကူအလွန်ရှားခြင်း ဖြစ်သည်။ ရှိသည့် စက္ကူကိုလည်း ဂျပန်တွေက ဆုပ်ကိုင်ထားပြီး သူတို့၏ဝါဒဖြန့်ရန်လောက်သာ ထုတ်ပေး ခဲ့သည်။ ရေးသမျှကိုလည်း စစ်ဆေးဖြတ်တောက်ခဲ့သည်။ ဒုတိယကမ္ဘာစစ် ဖြစ်ပွား လာသောအခါ မြန်မာနိုင်ငံသည် စစ်မြေပြင်ဖြစ်ရလေရာ စက္ကူ၊ မင်၊ စက်ကိရိယာတို့ ရှားပါးသွားသည်။ စာရေးဆရာနှင့် ထုတ်ဝေသူတို့လည်း စစ်ဘေးအန္တရာယ်ကို ရှောင်ရှားပြေးလွှားကြရသည်။ ထို့အပြင် ဖက်ဆစ်တို့၏လက်အောက်တွင် ပြားပြားဝပ် နေခဲ့ကြရသည့်အတွက် စာအုပ်စာတမ်း ရေးသားမှုနှင့် ထုတ်ဝေမှုတို့မှာ နည်းပါး သွားလေသည်။ သို့သော် လုံးဝရပ်တန့်သွားသည် မဟုတ်ပေ။

ဂျပန်ခေတ်တွင် မြန်မာစာပေသည် စာပေသက်သက်ဖြင့် မရပ်တည်ဘဲ အမျိုးသားလွတ်လပ်ရေးအတွက် ထကြွတိုက်ခိုက်ခဲ့သော ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများနှင့် ဆက်စပ်လျက်ရှိသည်ကို တွေ့ရသည်။ မြန်မာစာပေသည် ထိုခေတ်ကာလ သမိုင်းအခြေအနေအရပ်ရပ်ပေါ်တွင် အခြေတည်၍ ပြန့်ပွားခဲ့သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ရေစီးကြောင်းနှင့် အညီ ဝတ္ထု၊ ကဗျာ၊ ပြဇာတ် အစရှိသော မြန်မာစာပေ၏ အနေအထားသည်လည်း ပြောင်းလဲဖြစ်တည်ခဲ့သည်။

ထိုကာလတွင် မြန်မာဝတ္ထုရှည်များသည် ခေတ်ကာလကို ထင်ဟပ်ပြသည် သာမက ခေတ်ကို ဦးဆောင်မှုပေးခဲ့ကြသည်။ ဝတ္ထုရှည်များဖြင့် ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးနှင့် မျိုးချစ်စိတ်ကို လှုံ့ဆော်မှုပေးခဲ့ကြသည်။ ဝတ္ထုရှည် များဖြင့် လူထု၏အရေးကိစ္စ၊ လူများစု၏အရေးကိစ္စနှင့် တိုင်းပြည်၏အရေးကိစ္စများကို ဖော်ကျူးလျက် ဖက်ဆစ်ဆန့်ကျင်ရေးကို ဦးတည်လာခဲ့ပါသည်။

ဝတ္ထုတိုများတွင် ချစ်ခန်း၊ ကြိုက်ခန်းများကို အသားပေးရေးသားဆဲ ဖြစ်သော်လည်း အပျော်ဖတ်သက်သက်များ မဟုတ်ပေ။ ထိုခေတ်၏ နိုင်ငံရေး၊ စီးပွားရေး

စသော ခေတ်အခြေအနေ အရပ်ရပ်ကို ထင်ဟပ်ပြကာ ပြုပြင်သင့်သည်များကို လမ်းညွှန်ပြုပြင်ပေးခဲ့ကြသည်။ အတတ်ပညာပိုင်းတွင်လည်း ဇာတ်လမ်းအသားပေးသော နည်းစနစ်ဖြင့်မရေးဘဲ လူ့စရိုက် လူ့သဘာဝကို ပတ်ဝန်းကျင်အငွေ့အသက်ဖြင့် သရုပ်ပီပြင်စွာ ဖော်ကျူးရေးသားသော နည်းစနစ်၊ ခေတ်သစ်ဝတ္ထုတိုပုံစံတွင် တွေ့ရသည့် ဇာတ်အိမ် မချဲ့ခြင်း၊ ဆုံးမသြဝါဒ မပါခြင်း၊ အဆုံး၌ လှည့်ကွက်သုံး၍ စာဖတ်သူအား ဆွဲဆောင်သည့် အတတ်ပညာ စသည့် ဝတ္ထုတိုဖန်တီးမှုဆိုင်ရာ အတတ်ပညာ အမျိုးမျိုးဖြင့် ရေးဖွဲ့လာခဲ့ပါသည်။

ဂျပန်ခေတ်တွင် ချစ်မှု၊ ကြိုက်မှုနှင့်စပ်သော မယ်ဘွဲ့၊ မောင်ဘွဲ့၊ တောဘွဲ့၊ ရာသီဘွဲ့၊ ပန်းဘွဲ့၊ အလွမ်းဘွဲ့၊ သံဝေဂဘွဲ့ကဗျာများ ပေါ်ထွန်းခဲ့သည်။ ထိုကဗျာများကြားတွင် ခေတ်အရိပ်ထင်ဟပ်သော ဖက်ဆစ်ကိုတွန်းလှန်ရန် နှိုးဆော်သော ဇာတိမာန်ကဗျာများလည်း ပေါ်ထွန်းခဲ့ပါသည်။

ဂျပန်ခေတ်တွင် ဂီတစာပေ(သီချင်း)အဖွဲ့များသည် အချိန်အခါနှင့် အခြေအနေတို့၏ တိုးတက်ပြောင်းလဲမှုအပေါ် မူတည်၍ ထပ်ချပ်မကွာ လိုက်ပါလာပြီး ခေတ်ကို မှတ်တမ်းတင်လာနိုင်ခဲ့ပါသည်။ ထို့ပြင်မက ခေတ်ကို ဦးဆောင်မှုပေးလျက် ပြည်သူတို့၏ အတွေးအခေါ်ကို ပြုပြင်ပေးနိုင်ခဲ့သည်။ ထိုခေတ် နိုင်ငံရေးနှင့်ပြည်သူတို့၏ လူမှုစီးပွားဘဝ အခြေအနေအရပ်ရပ်ကို သီချင်းများက မီးမောင်းထိုးပြကာ သီချင်းများဖြင့် လူထုကို စည်းရုံးလှုံ့ဆော်လျက် ဇာတိသွေး၊ ဇာတိမာန် တက်ကြွစွာ အမျိုးသားရေးလှုပ်ရှားမှုများ လှုပ်ရှားလာအောင် နှိုးဆော်နိုင်ခဲ့ပါသည်။

ဂျပန်ခေတ်ကာလပေါ် ပြဇာတ်များသည် ရှေးယခင်ကကဲ့သို့ ဖျော်ဖြေရေးအတွက် ခံစားမှုကိုသာ အဓိကမထားဘဲ ခံစားမှုအသိနှင့်အတူ ဆင်ခြင်မှုအသိကိုပါ တပြိုင်နက် ပေးစွမ်းခဲ့သည်။ သာမန်ချစ်ရေးကြိုက်ရေးထက် မြန်မာတစ်မျိုးသားလုံး အရေးကို ဦးတည်လာခဲ့ကြသည်။ ထိုသို့ ဦးတည်ရေးသားလာခဲ့သည့်အတွက် စာဖတ်ပရိသတ်အဖို့ ပြဇာတ်အရသာကို ခံစားရင်း နိုင်ငံ၏အရေးကိစ္စများနှင့် စပ်လျဉ်းသော အသိအမြင် တစ်ခုခုကိုပါ ရရှိလာပါသည်။ ဇာတ်ဆောင် ဖန်တီးရာတွင်လည်း စိတ်ကူးယဉ်ဇာတ်ဆောင်မျိုး မဟုတ်ဘဲ နေ့စဉ်ကြုံတွေ့နေရသော လူ့လောကမှ ဇာတ်ဆောင်မျိုးကို ဖန်တီးလာကြသည်။

ဂျပန်ခေတ်တွင် စကားပြေဖြင့်ရေးသားသော သတင်းစာ၊ အတ္ထုပ္ပတ္တိ၊ ခရီးသွားမှတ်တမ်း၊ ရသစာတမ်းနှင့် စကားပြေကျမ်းများ ပေါ်ထွက်လာခဲ့သော်လည်း သတင်းစာများမှ ဖက်ဆစ်တို့၏ ဝါဒဖြန့်သတင်းစာများသာ ဖြစ်ခဲ့သည်။

ဤသို့အားဖြင့် ဂျပန်ခေတ်အတွင်းတွင် မြန်မာစာပေသည် လူအများစုနှင့် သက်ဆိုင်သော တစ်မျိုးသားလုံးအရေးကို အခြေခံသော အကြောင်းအရာကို ရှေးရှု လာခဲ့ပါသည်။ ထိုမျှသာမက စာပေကို တော်လှန်ရေး၏ အထက်မြက်ဆုံး စည်းရုံးရေး လက်နက်၊ ဝါဒဖြန့်လက်နက်၊ တိုက်ပွဲဝင်လက်နက်အဖြစ် အသုံးပြုခဲ့ကြသည်။

## နိဂုံး

ဂျပန်ခေတ် မြန်မာစာပေသည် ပြောင်းလဲလာသောခေတ်ကို နောက်ခံပြု၍ ပေါ်ထွန်းခဲ့ပါသည်။ ထိုကာလတွင် ကိုလိုနီဘဝက လွတ်မြောက်အောင် ဖက်ဆစ်ကို တွန်းလှန်ရန်အတွက် မြန်မာစာပေဖြင့် လှုံ့ဆော်ခဲ့ကြသည်။ တိုင်းပြည်နှင့် လူမျိုး အတွက် အရေးပါသော ကာလဖြစ်သည်နှင့်အညီ အမျိုးသားလွတ်မြောက်ရေးနှင့် ဖက်ဆစ်ဆန့်ကျင်ရေး တာဝန်များကိုလည်း တစ်ဖက်တစ်လမ်းက ထမ်းဆောင်ခဲ့ ပါသည်။ မြန်မာစာပေသည် စည်းရုံးလှုံ့ဆော်ဝါဒဖြန့်ချိရေးလက်နက် ဖြစ်ခဲ့သည်။ သို့ဖြစ်၍ ဂျပန်ခေတ်တွင် မြန်မာစာပေသည် အမျိုးသားလွတ်မြောက်ရေးနှင့် ဖက်ဆစ် ဆန့်ကျင်ရေးအတွက် အလွန်အရေးပါသော နေရာတွင် ရပ်တည်နေခဲ့ပါသည်။

## ကျမ်းကိုးစာရင်း


ငွေဥဒေါင်း။ (၁၉၆၄)။ ***စာဝင်္ကဘာ***၊ တတိယတွဲ။ ရန်ကုန်၊ ရွှေပြည်စိုး။

***စာရေးဆရာစာစောင်*** ။ (မ– ၁၃၀၅)။ အမှတ် (၅)။ ရန်ကုန်၊ မြန်မာနိုင်ငံစာရေးဆရာအသင်း။

စွမ်းရည်၊ ***မောင်***။ (၁၉၆၅)။ “ခေတ်သစ်မြန်မာကဗျာ”၊ ***မြန်မာစာပေစစ်တမ်း***။ မန္တလေး၊ ကမ္ဘာခေတ်စာအုပ်(၃)။

ဆုရှင်၊ **မောင်**၊ နှင့် အများ။ (၁၉၇၄)။ ***စာနယ်ဇင်းဟူသည်***။ ရန်ကုန်၊ စာပေလောက။

ဇော်ဂျီ၊ (၁၉၇၄)။ ***ကဗျာပေါင်းချုပ်သစ်***။ ရန်ကုန်၊ စပယ်ဦး။

ညွှန့်ဟံ၊ ကြူတော။ (၁၉၉၆)။ ***လွတ်လပ်ရေးအကြိုခရီးနှင့်ဇာတိမာန်ပြဇာတ်များ***။ ရန်ကုန်၊ စာပေလုပ်သား။

ဒွေးမောင်။ (၂၀၀၃)။ “စောဦး”၊ ***မြဝတီမဂ္ဂဇင်း***၊ အတွဲ ၅၁၊ အမှတ် ၁၀။ ရန်ကုန်။

တာရာ၊ (ဒဂုန်–)။ (၁၉၆၉)။ ***စာပေသဘောတရား စာပေဝေဖန်ရေး စာပေလှုပ်ရှားမှု***။ ရန်ကုန်၊ နံ့သာတိုက်။

တင်၊ **ဆရာ**၊ (ဒဂုန်–)။ (၁၉၇၁)။ "လူဘိုင်စကုတ်မှစင်တင်ပြဇာတ်သို့"၊ ***ပြဇာတ်နှင့်ပြဇာတ်စာပေ***။ ရန်ကုန်၊ စာပေဗိမာန်။

တင်ဦး၊ **ဦး**၊ (စံပြ–)။ (၁၉၇၄)။ ***မြန်မာစာရေးဆရာအဘိဓာန် သို့မဟုတ် ၂၀ရာစုနှစ် ကျော်ကြားသော မြန်မာစာရေးဆရာများ***။ ရန်ကုန်၊ စံပြ။

ဖိုးကျော်မြင့်၊ ဦး။ (၁၉၇၅)။ "မြန်မာသတင်းစာ" ၊ ***မြန်မာမှု***၊ ပထမတွဲ။ ရန်ကုန်၊ တက္ကသိုလ်များ စာအုပ်ပြုစုထုတ်ဝေရေးကော်မတီ။

မိုးကြည်၊ မေမြို့။ (၁၉၇၈)။ ***မြန်မာ့လွတ်လပ်ရေးနှင့်တေးဂီတ***။ ရန်ကုန်၊ စာပေဗိမာန်။

မောင်မောင်ကြီး၊ **ဦး**၊ (၁၉၇၅)။ "မြန်မာပြဇာတ်စာပေ"၊ ***မြန်မာမှု***၊ ပထမတွဲ၊ ရန်ကုန်၊ တက္ကသိုလ်များစာအုပ်ပြုစုထုတ်ဝေရေးကော်မတီ။

မြဟန်။ (ခုနှစ်မပါ)။ "ဂျပန်ခေတ်နှင့်မြန်မာ့လွတ်လပ်ရေး"၊ ***နိုင်ငံရေးသမိုင်းသုတေသနစာစောင် ၅***။ ရန်ကုန်။

မြင့်သန်း၊ **ဒေါ်**၊ နှင့် **ဒေါ်**မြမြသန်း။ (၁၉၈၃)။ "မြန်မာကဗျာသမိုင်း ၂၀ရာစု"၊ ***မြန်မာကဗျာ စာတမ်းများ***၊ ပထမတွဲ။ ရန်ကုန်၊ စာပေဗိမာန်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဗဟိုကော်မတီဌာနချုပ်။ (၁၉၈၃)။ ***မြန်မာ့ဇာတ်သဘင်တစ်ခေတ် ပြောင်းလဲရေး***၊ ဒုတိယအကြိမ်။ ရန်ကုန်၊ စာပေဗိမာန်။

ဝ၊ မောင်၊ (သိပ္ပံ–)။ ***စစ်အတွင်း နေ့စဉ်မှတ်တမ်း***၊ ဒုတိယအကြိမ်။ ရန်ကုန်၊ မြနန္ဒာ။

ဝင်းဖေ ၊ မုံရွာ။ (၁၉၉၂)။ "ဇာတိမာန်တေး"၊ ***ဇာတိမာန်စာပေစာတမ်းများ***၊ ပထမတွဲ။ ရန်ကုန်၊ စာပေဗိမာန်။

သက်လွင်၊ မောင်။ (၁၉၇၃)။ ***မြန်မာ့ခရီးသွားမှတ်တမ်းစာပေ (၁၈၈၅–၁၉၇၀)***။ ရန်ကုန်၊ မဟာဝိဇ္ဇာဘွဲ့(မြန်မာစာ)အတွက် တင်သွင်းသော ကျမ်း။

သခ်ါ။ (၁၉၉၀)။ ***မြန်မာနိုင်ငံစာနယ်ဇင်းမှတ်စုများ***။ ရန်ကုန်၊ စာပေဗိမာန်။

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# နန်းတွင်းဇာတ်တော်ကြီးများ၏ ဇာတ်လမ်းဖန်တီးမှု

စန်းစန်းဝေ*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် နန်းတွင်းဇာတ်တော်ကြီးများ၏ ဇာတ်လမ်းဖန်တီးမှုကို လေ့လာထားသော စာတမ်းဖြစ်ပါသည်။ ထိုသို့ လေ့လာတင်ပြရာတွင် အခန်း(၁) နန်းတွင်းဇာတ်တော်ကြီးများ၏ အခြေခံလမ်းကြောင်း၊ အခန်း(၂)၌ နန်းတွင်းဇာတ်တော်ကြီးများ၏ ဇာတ်လမ်းဖန်တီးမှု ဖြစ်ပါသည်။ ဇာတ်လမ်းဖန်တီးမှုကို လေ့လာတင်ပြရာ၌ စစ်ရေးနှင့်အချစ်ရေးကို ဆက်စပ်၍ ဇာတ်လမ်းဖန်တီးခြင်း၊ နန်းတွင်းသူ၊ နန်းတွင်းသားတို့အား ကိုယ်ကျင့်တရားကို ထိန်းသိမ်းစောင့်ရှောက်သင့်သည် ဟူသောရည်ရွယ်ချက်ကို အခြေခံ၍ ဇာတ်လမ်းဆင်ခြင်း၊ တန်ခိုးရှင်ဇာတ်ဆောင်များကို ဗဟိုပြု၍ ဇာတ်လမ်းဖန်တီးခြင်း၊ ဒဏ္ဍာရီဆန်သော လောကနှင့် ဒိဋ္ဌလောကကို အခြေတည်၍ ဇာတ်လမ်းဖန်တီးခြင်း၊ နန်းတွင်းသူ၊ နန်းတွင်းသားတို့၏ ဘဝဓလေ့စွမ်းရည်ကို အခြေတည်၍ ဇာတ်လမ်းဖန်တီးခြင်း၊ ဇာတ်တက်ပိုင်းတွင် ဇာတ်လမ်းဖြစ်ရပ်များကို ပိုမိုရှုပ်ထွေးလာအောင် ဖန်တီးခြင်း ဟူ၍ ခွဲခြားလေ့လာ တင်ပြထားပါသည်။ နန်းတွင်းဇာတ်တော်ကြီးများသည် ဝတ္ထုဇာတ်လမ်း ဖန်တီးမှု အတတ်ပညာပိုင်း၌ အများအားဖြင့် တူညီပါသည်။ ဝတ္ထုပြဇာတ်တို့နှင့်မတူ ထူးခြားသည့် ဇာတ်လမ်းဖန်တီးမှု သဘောများကိုသာ ရွေးချယ်၍ ဆွေးနွေးတင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ** – ***နန်းတွင်းဇာတ်၊ ဇာတ်လမ်း၊ တန်ခိုးရှင်ဇာတ်ဆောင်၊ ယဉ်ကျေးမှု၊ ဇာတ်တက်၊ ဒဏ္ဍာရီ။***

## နိဒါန်း

နန်းတွင်းဇာတ်များသည် ပုဂံခေတ်ကပင် အစပျိုး သန္ဓေတည်ခဲ့သည်ဟု ခန့်မှန်းကြပါသည်။ ထိုမှတစ်ဆင့် အင်းဝခေတ် ပျို့များတွင် အာလုပ်စကားများ ပါဝင်ခြင်းသည် ပြဇာတ်နှင့် နန်းတွင်းဇာတ်ဆန်သည်ဟု ဆိုနိုင်ပါသည်။ မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့အရ ကျင်းပသော ပျော်ပွဲရွှင်ပွဲများတွင်လည်း ဇာတ်ပွဲ၏ အခြေခံသဘောများ အဆိုအက အတီးအမှုတ်များ ထွန်းကားနေသည်ကို တွေ့ရသည်။ ညောင်ရမ်းခေတ်တွင်မူ မဏိကက်ပြဇာတ်မှစ၍ နန်းတွင်းတော်ကြီးများ၏ သဘောကို ထိတွေ့ခွင့် ရခဲ့ပါသည်။ ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းလက်ထက်တွင် ယိုးဒယားကို

* ဒေါက်တာ၊ တွဲဖက်ပါမောက္ခ၊ မြန်မာစာဌာန၊ ပုသိမ်တက္ကသိုလ်

နိုင်ရာမှ အိန္ဒိယယဉ်ကျေးမှုဖြစ်သော ရာမယဏဇာတ်ကြီး မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ မြဝတီမင်းကြီး ဦးစ အပါအဝင် ပညာရှင်တို့၏ ကြိုးပမ်းမှုဖြင့် ရာမဇာတ်တော်ကြီးကို မြန်မာမှုအသွင် ပြောင်းယူခဲ့ကြသည်။ နန်းတွင်းသူ နန်းတွင်းသားတို့၏ဘဝကို နောက်ခံပြု၍ ထိုသူတို့၏ ဓလေ့စရိုက်၊ ဘဝစရိုက်များကို စိတ်ကူးဖြင့် ဖြည့်စွက်ဖန်တီးကာ နန်းတွင်းဇာတ်တော်ကြီးကို ရေးဖွဲ့ခဲ့ကြသည်။ ဘုရားဟော ၅၅၀ ဇာတ်နိပါတ်များနှင့်သာ ရင်းနှီးခဲ့သော မြန်မာတို့အတွက် အဆန်းတကြယ်ဖြစ်ကာ ရသခံစားမှုများကို ရရှိခဲ့ကြသည်။ နန်းတွင်းဇာတ်တော်များကို ကပြရန်နှင့် ဖတ်ရှုရန် ရည်ရွယ်ရေးခဲ့ကြသည်။ ကုန်းဘောင်ခေတ် နန်းတွင်းစာဆိုများမှာ မြဝတီမင်းကြီး ဦးစ၊ သခင်မင်းမိ၊ လှိုင်ခေါင်တင်၊ နေမျိုးနာဋ္ဌကကျော်ခေါင်တို့ ဖြစ်ကြပါသည်။ ထိုသူတို့ ရေးဖွဲ့ခဲ့သော ရာမဇာတ်၊ အီနောင်ဇာတ်၊ ဝိဇယကာရီနန်းတွင်းဇာတ်၊ ဣန္ဒာဝံသ နန်းတွင်းဇာတ်တော်ကြီးများကို အလေ့လာခံအဖြစ်ထား၍ ဇာတ်လမ်းဖန်တီးမှုကို ဆွေးနွေးတင်ပြထားပါသည်။ ဝတ္ထုရှည်များ၏ ဇာတ်လမ်းဖန်တီးမှုနှင့် အများအားဖြင့် တူညီသော်လည်း ထိုအချက်များကို မဆွေးနွေးဘဲ ကွဲပြားခြားနားသော အချက်များကိုသာ ရွေးချယ်ထုတ်နုတ် တင်ပြထားပါသည်။

## ၁။ နန်းတွင်းဇာတ်တော်ကြီးများ၏ အခြေခံလမ်းကြောင်း

နန်းတွင်းဇာတ်တော်ကြီးများအပါအဝင် မြန်မာပြဇာတ်တို့၏အခြေခံလမ်းကြောင်းကို လေ့လာသောအခါ လွန်ခဲ့သောနှစ်ပေါင်း (၁၅၀၀) ခန့်က စခဲ့သည်ကို တွေ့ရပါသည်။ လွန်ခဲ့သောနှစ်ပေါင်း (၁၅၀၀)ခန့်တွင် သထုံမြို့နှင့် ပဲခူးမြို့တစ်ဝိုက်ရှိ မွန်တို့ဒေသနှင့် သရေခေတ္တရာပတ်ဝန်းကျင်ရှိ ပျူဒေသများတွင် အိန္ဒိယမှ ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှုများ ရောက်ရှိခဲ့သည်ဟု ပညာရှင်များက ယူဆကြသည်။ သထုံမြို့နှင့် ပဲခူးတစ်ဝိုက်တွင် ကမ္ဘည်းကျောက်စာဌာနမှ တူးဖော်ရရှိသော စဉ့်ကွင်းတို့၌ သီဆို၊ တီးမှုတ်၊ ကခုန်ဟန်များ တွေ့ရသည်။ သထုံ၊ ပဲခူးနှင့် သန်လျင်မြို့များသည် ဆိပ်ကမ်းမြို့များ ဖြစ်၍ အိန္ဒိယကုန်သည်များမှတစ်ဆင့် ရာမဇာတ်သည်လည်း ရောက်ရှိလာခဲ့ဟန်တူသည်။ မြန်မာတို့သည် ရာမဇာတ်ကိုတု၍ ရာမဇာတ်ခင်းခဲ့ဟန် ရှိသည်။ ပဲခူးမြို့နှင့် သန်လျင်ဝန်းကျင်တွင် တွေ့ရသော စဉ့်ကွင်းများတွင် ဘီလူးတပ်ချီဟန်၊ တိုက်ခိုက်ဟန် စသည့် အရုပ်များ ပါရှိသည်။ ရာမမင်းသည် ဟနုမန်စစ်တပ်နှင့် ဒသဂီရိဘီလူးတပ်ကို စစ်ထိုးသည့်ဟန် ဖြစ်သည်ဟု ပညာရှင်တို့ မှန်းဆခဲ့ကြသည်။

အေဒီ(၈)ရာစုခန့်တွင် ပျူယဉ်ကျေးမှုအဖွဲ့တစ်ဖွဲ့သည် တရုတ်နိုင်ငံ၏ နေပြည်တော်သို့ ရောက်ရှိပြီး ပျူအတီးအမှုတ်၊ အဆိုအကများနှင့် ဖျော်ဖြေခဲ့ကြောင်း တရုတ်မှတ်တမ်းများတွင် ပါရှိသည်။ အေဒီ(၁၁)ရာစုခန့် ပုဂံထွန်းကားလာချိန်တွင် မွန်တူရိယာ၊ မွန်သီချင်း၊

မွန်အက စသည့် သထုံယဉ်ကျေးမှုနှင့် ပျူတူရိယာ၊ ပျူသီချင်း၊ ပျူအကစသည့် ပျူယဉ်ကျေးမှုသည် ပုဂံသို့ စုဝေးရောက်ရှိလာသည်။ ကျန်စစ်သားမင်းကြီး၏ နန်းတည် အခမ်းအနား၌ မွန်သီချင်း၊ မွန်အတီးအမှုတ်၊ ပျူသီချင်း၊ ပျူအတီးအမှုတ်တို့ ပါဝင်သည်ဟု ကျန်စစ်မင်းနန်းတည်ကျောက်စာ၌ ဖော်ပြထားသည်။ ပုဂံခေတ်ကျောက်စာများ၌လည်း ကျွန်စာရင်းတွင် စည်သည်၊ ပသာသည်၊ ခွက်ခွင်းသည်၊ ပန်တျာသည်တို့ ပါဝင်ကြောင်း တွေ့ရပါသည်။ ဂူဘုရား စေတီတို့ရှိ နံရံများတွင်ရှိသော ဆေးရေးပန်းချီ၌လည်း အကဟန် အမူအရာကို တွေ့ရသည်။

ပုဂံခေတ်တွင် သိဃ်သူရမည်သော အမတ်ကြီးသည် သက္ကရာဇ် ၅၅၂ ခုနှစ်တွင် အလှူပြုရာ၌ အလှူမှတ်တမ်းတင်ခဲ့သည်။ ထိုကျောက်စာ၏ ဆုတောင်းတွင် မိမိသည် ဘုရားအဖြစ်ကို မရမီကြား ပဥ္စင်္ဂတူရိမည်သော စည်ညှင်းဖြင့် နိုးထသော စည်းစိမ်ကို ခံစားလိုကြောင်း ဆုတောင်းခဲ့သည်ကို တွေ့ရသည်။ မြန်မာ့ယဉ်ကျေးမှု အဆိုအက ပညာများသည် ပုဂံခေတ်ကပင် စတင်ထွန်းကားခဲ့မည်ဟု ယူဆရပါသည်။

သက္ကရာဇ် (၁၄)ရာစု မှ (၁၈)ရာစုထိ ထွန်းကားခဲ့သော အင်းဝခေတ်တွင် မြန်မာ့အနုပညာ အဆိုအကများ ပိုမိုတိုးတက်ထွန်းကားလာခဲ့သည်။ သက္ကရာဇ် (၇၀၀)တွင် အင်းဝဘုရင်မင်းကြီး စွာစော်ကဲလက်ထက်၌ ထိုမင်း၏သားတော် မင်းဆွေနှင့် မင်းသိဒ္ဓတ်တို့သည် ပြည်ထဲရေးကိစ္စကြောင့် တောလက်ကျေးရွာ၌ ခိုအောင်းနေခဲ့ ရသည်။ ထိုသို့ နေထိုင်ရစဉ် အထိန်းတော် ငခင်ညိုက ညှင်း၊ ငခင်ဘက စည်းစုပ် တီးကာ နတ်ကလျက် မင်းသားတို့ကို ကျွေးမွေးရကြောင်း ရာဇဝင်များ၌ ပါရှိသည်။ အင်းဝခေတ်တွင် ကျေးလက်များ၌ နတ်ပွဲများ ကျင်းပကြောင်းနှင့် ညှင်း၊ စည်းစုပ်များ တီးကြကြောင်း တွေ့ရသည်။ ဘာသာရေးပွဲများတွင် အဲသီချင်းများ သီဆိုကြသည်။ အင်းဝခေတ်တွင် ကဆုန်ညောင်ရေသွန်းချိန်၌ အဲသီချင်းများ သီဆိုသွားကြကြောင်းကို မင်းဇေယျရန္တမိတ် စပ်ဆိုသော 'ခုနစ်ထွေလျှင်ချီ' ရတု၌ 'ရွှေဝမင်းနေ အထွေထွေကို၊ ကြည့်လေရာရာ နတ်ခြောက်ရွာသို့၊ အတာသဘင်၊ ကဆုန်တွင်လည်း၊ ပြာစင်ညက်ဖြူ ရွှေပြည်သူတို့၊ သင်းဖြူကြိုင်စွာ၊ ရေနံ့သာဝယ်၊ ယင်းမာကွမ်းဖူး၊ စကားဦးနှင့်၊ ထွန်းမြူးလျှံမောင်း၊ မွေတော်တော်ပေါင်းကို၊ ပျံ့လောင်းကြည်ရွှင်း၊ အဲသီချင်းနှင့်၊ ဖွဲ့တင်းရည်ဆောင်၊ အဆောင်ဆောင်သည်၊ ခါညောင်သွန်းလှည့် လေလော' ဟု ဖွဲ့ဆို ထားသည်ကို တွေ့ရသည်။

မြန်မာ့ပြဇာတ်များသည် မြန်မာ့ရာဇဝင် ခေတ်ဦးကပင် ရှိခဲ့သည်။ မြန်မာ တို့သည် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ရာ၌ နတ်ပူဇော်ပသခြင်းများ ရှိခဲ့သည်။ ဗုဒ္ဓဘာသာ မထွန်းကားမီကလည်း ရိုးရာနတ်များကို ပူဇော်ပသခဲ့ကြသည်။ ဘုရင် မင်းမြတ်တို့ကလည်း ဝါဝင်ဝါကျွတ် ကန်တော့လက်ဆောင် ဆက်သသည့် အခမ်း

အနားများ ကျင်းပလေ့ ရှိသည်။ စိုက်ပျိုးရေးကို ဆောင်ရွက်ရာတွင်ပင် ထွန်တုံးပိတ်ပွဲ၊ ကောက်ရိပ်သိမ်းပွဲများတွင် ပျော်ပွဲရွှင်ပွဲများ ကျင်းပခဲ့ဟန်တူသည်။ ဘာသာရေးပွဲတော်များအဖြစ် အဆိုအကများ ပါဝင်ခဲ့ဟန်တူသည်။

မြန်မာ့ရာဇဝင်တွင် နတ်များပူဇော်သည့်အခါ သက်ဆိုင်ရာနတ်များအကြောင်းနှင့် ပူဇော်ပသနည်းဆိုင်ရာများကို ရေးမှတ်ထားသော စာရင်းအမိန့်တစ်ခုကို တွေ့ရသည်။ ထိုအမိန့်တွင်–

> "သက္ကရာဇ် ၁၁၆၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့တွင် ရှေးအစဉ်အဆက်က ပသခဲ့သော (၃၇)မင်းနတ်တို့ကို ပွဲကနားသဘင် ကျင်းပ ကခုန်တီးမှုတ်ရာ ပတ်နဲ့ လင်းကွင်း မည်သို့ကခုန်သည့် အချက်အလက်၊ နတ်ထိန်း၊ နတ်နေ၊ အတီးသမားများကို မေးစစ်၍ မှတ်သားထားရမည်။ ဘုန်းကြီးလှသော အိမ်ရှေ့ဘုရား အမိန့်တော်ကို ဦးထိပ်ရွက်ဆင်ရသည့်အတိုင်း အိမ်ရှေ့ကိုယ်တော်ကြီး တောင်လေသာဆောင်တွင် ဆိုင်းအတီးငမြတ်သာ ငတရုတ်တို့နှင့် အတီးတတ်သူတို့ကို တီးမှုတ်ပြသစေပြီးလျှင် မှတ်သားထားသော တီးမှုတ်နည်း၊ ဆင်ယင်နည်းတို့နှင့် ပေါင်း၍ သက္ကရာဇ် (၁၁၈၅)ခုနှစ် သီတင်းကျွတ်လဆန်း (၄)ရက်နေ့တွင် နတ်ထိန်းကြီး ကဝိဒေဝီကျော်၊ ရာဇဝင်နေ၊ ရာဇဝင်တတ်တို့နှင့် တိုက်ဆိုင်၍ (၃၇)မင်း နတ်စဉ် အမျိုးအမည်ဆင်ယင်ပသနည်း၊ တီးမှုတ်နည်း၊ နတ်သံများကို မဟာဇေယျသူရ၊ မင်းကြီး မဟာသီဟသူရ ဘွဲ့မည်ရသော ရွှေနန်းတော်ကြီး အတွင်းဝန် မြဝတီမြို့စား မှတ်သားစုဆောင်းထားသည့် စာရင်းမှတ်တမ်း"[၁]

ရှိကြောင်း တွေ့ရသည်။

ရိုးရာနတ်များ၏ ဆင်ယင်ဝတ်စားပုံ ဟန်အမူအရာတို့သည် ပြဇာတ်နှင့် သဘောချင်း နီးစပ်သည်။ ထို့အပြင် အခါကြီးရက်ကြီးများ၌ နိပါတ်တော်ခင်းခေါ် ဇာတ်နိပါတ် ဗုဒ္ဓဝင်ဇာတ်လမ်းများနှင့် ခင်းကျင်း၍ သရုပ်ဖော်ကပြသည့် အစဉ်အလာများရှိသည်။ နိပါတ်ခင်းများကို လှည်းများပေါ်တွင်ကျင်းပပြီး လှည့်လည်၍ သရုပ်ဖော်ကပြကြသည်။ ထိုနိပါတ်ခင်းများတွင် အဆိုအတီးများ၊ စကားပြောဟန်များ ပါလာပြီးလျှင် ပြဇာတ်များ ပေါ်ပေါက်လာကြသည်ဟု အချို့က ဆိုမိန့်ကြသည်။ ပုဂံရှိ

[၁] မောင်မောင်တင်၊ ဦး၊ ၁၉၇၁၊ ၄။

စေတီပုထိုးများတွင် တွေ့ရသော ဇာတ်နိပါတ်စဉ့်ကွင်းများသည် ရုပ်သေသဘော ဖြစ်သည်။

အင်းဝခေတ် ပျော်ပွဲရွှင်ပွဲများအကြောင်းကို ရှင်မဟာရဋ္ဌသာရ၏ သံဝရပျို့တွင်–

> "ညဉ့်ခါညဉ့်ခါ၊ ကြည်ချေရာကား၊ လသာပကြိုက်၊ စောင်းငြင်း
> လိုက်၍ ဇရိုက်ခြည်းခြည်း၊ ဖြည်းဖြည်းညင်းညင်း၊ သာချင်းရတု၊
> ပျော်မှုတစ်သီး၊ ရုပ်ကြီးရုပ်ငယ်၊ မီးဝယ်ကြည့်ပွဲ၊ အံအဲမနိုင်၊
> အဆိုင်ဆိုင်လျှင်၊ အဲတိုင် အဲထောက်သံနှင့်"[၁]

ဟု မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။

ကွက်စိပ်များကို စာဟောဆရာများ ဟောပြောရာမှလည်း ပြဇာတ်ပေါ်ပေါက်လာသည်ဟု ယူဆကြသည်။ ထို့ကြောင့် မြန်မာပြဇာတ်သဘော သက်ဝင်သော ဖျော်ဖြေမှုများ အင်းဝခေတ်ကပင် ရှိခဲ့သည်ဟု ဆိုနိုင်ပါသည်။ တစ်ညဉ့်တွင်း ကပြသော မြန်မာပြဇာတ်များ မထွန်းကားမီ ညောင်ရမ်းခေတ် ဝန်ကြီးပဒေသရာဇာ မတိုင်မီကပင် မြန်မာနန်းတွင်းဇာတ်များ ပေါ်ပေါက်နေပြီဟု ယူဆရသည်။ ညောင်ရမ်းမင်းသမီး၏ ဆံထုံးထုံးနားထွင်းမင်္ဂလာတွင် ထုတ်ပြန်သော အမိန့်တော်၌ 'သက္ကရာဇ် ၉၆၂ ခုနှစ်တွင် ညောင်ရမ်းမင်းသမီး၏ ကိန္နရာဇတ်၊ မနော်ဇာတ်၊ ဝိဓူရဇာတ်၊ ကုမ္ဘာဘယဇာတ်၊ အန္တရဒေဝီဇာတ် စသည့် ဇာတ်စာရင်း'[၂] အမည်များကို တွေ့ရသည်။ ထိုဇာတ်များသည် ၅၅၀ ဇာတ်တော်နှင့် ဇင်းမယ်ပဏ္ဏာသဇာတ်လမ်းများ ဖြစ်သည်။

ကုန်းဘောင်ခေတ်တွင် နန်းတွင်းဇာတ်တော်ကြီးများ အပီအပြင် ပေါ်ထွန်းလာသည်။ နန်းတွင်းဇာတ်တော်ကြီးများ ခေတ်စားလာသော အချိန်လည်း ဖြစ်သည်။ ငစဉ့်ကူးမင်းလက်ထက် သက္ကရာဇ် ၁၁၈၃ ခုတွင် ထုတ်ပြန်သော အမိန့်တော်တွင် ကပြရမည့် ဇာတ်များစာရင်းတွင် ဣန္ဒာဝုဓ၊ သကုန္တလ၊ ရာမယဏ၊ ဝိဇယဇာတ်များကို တွေ့ရသည်။ ဆင်ဖြူရှင်မင်းလက်ထက်တွင် ယိုးဒယားကို နိုင်ခဲ့ပြီးနောက် ယိုးဒယားမှ ဇာတ်သဘင် အနုပညာရှင်များနှင့်အတူ ရာမယဏဇာတ်တော်ကြီး မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သည်။ ဘိုးတော်ဘုရား၏သားတော် အိမ်ရှေ့မင်း အမိန့်တော်နှင့် အီနောင်ဇာတ်၊ ရာမဇာတ်၊ သိမ်ပတ္တဇာတ် အစရှိသော နန်းတွင်းဇာတ်များကို မြန်မာပြန်ဆိုရေးသားစေသည်။ သခင်မင်းမိသည် ကေသာသီရိဇာတ်ကို ရေးသားခဲ့သည်။

---

[၁] ရဋ္ဌသာရ၊ အရှင်မဟာ၊ ၂၀၀၀၊ ၁၆၈။
[၂] ဘတင်၊ ဦး(ရွှေပြည်)၊ ၁၉၆၆၊ ၂၂။

လှိုင်ထိပ်ခေါင်တင်သည် ဝိဓုရဇာတ်၊ ဣန္ဒာဝံသ စသော နန်းတွင်းဇာတ်များကို ရေးသားခဲ့သည်။

နန်းတွင်းဇာတ်တော်ကြီးများသည် ဇာတ်လမ်းဇာတ်အိမ် ကျယ်ဝန်းပြီး ရက်ပေါင်းများစွာ ကပြရသည်။ ထိုဇာတ်တော်ကြီးများသည် ကြားနာရန်နှင့် ကပြရန်အတွက် ရည်ရွယ်ကြောင်း သိရသည်။ အခန်းလိုက် ပြောဆိုရန် ညွှန်းဆိုသော စကားများ၊ တီးလုံးတီးကွက်များ၊ ဇာတ်ချင်းများကို ဖော်ပြထားခြင်းဖြင့် ကပြရန် ရည်ရွယ်ကြောင်း မှန်းဆနိုင်သည်။ သို့ရာတွင် ဇာတ်ကွက်များမှာ ရှည်လျားလှသည်။ ဇာတ်ဆောင်တို့၏ ပြောစကားများမှာလည်း ရှည်လျားလှသည်ကို တွေ့ရသည်။

နန်းတွင်းဇာတ်တော်ကြီးများကို နန်းတွင်း၌ ကပြရန်ရည်ရွယ်ပြီး ပရိသတ်မှာ နန်းတွင်းသူ၊ နန်းတွင်းသားများသာ ဖြစ်သည်။ ရေးဖွဲ့သူများမှာလည်း နန်းတွင်းသူ၊ နန်းတွင်းသားများသာ ဖြစ်သည်။ ဇာတ်လမ်းနောက်ခံမှာ နန်းတွင်းသူ၊ နန်းတွင်းသားများ၏ ဘဝတွင်တွေ့ကြုံရသော ဖြစ်ရပ်များ၊ စစ်ပွဲများ၊ နန်းတွင်း၏ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ အငွေ့အသက်များကို နောက်ခံပြု၍ ဇာတ်လမ်းဆင်တင်ပြခြင်း ဖြစ်သည်။ အဓိကဇာတ်ဆောင်အဖြစ် တန်ခိုးရှင်ဇာတ်ဆောင်ကို ဗဟိုပြုပြီးလျှင် နတ်၊ နဂါး၊ ဘီလူး၊ ကိန္နရာ၊ ကိန္နရီစသည် အခြားတန်ခိုးရှင်ဇာတ်ဆောင်များ ဆက်စပ်ပေါင်းဖွဲ့ကာ ဇာတ်လမ်းဆင်ထားသည်။ ဇာတ်လမ်းဇာတ်အိမ်မှာ ပဒေသရာဇ်ခေတ် မင်းညီမင်းသားတို့၏ စစ်ရေးနှင့် အချစ်ရေးပြဿနာ အရှုပ်အထွေးများ၊ စွန့်စားခန်းများ ပါဝင်သည်။

အိန္ဒိယမှလာသည့် ရာမယဏဇာတ်လမ်း၊ မာလာယုကျွန်းမှ လာသည့် အီနောင်ဇာတ်လမ်း၊ ဇင်းမယ်ပဏ္ဏာသမှလာသည့် သခ်ပတ္တဇာတ်များမှ ဆန်းကြယ်သော ဇာတ်ကွက်များကိုမှီး၍ စာရေးသူ၏ စိတ်ကူးနှင့် ချိတ်ဆက်ဖန်တီးထားသော ဇာတ်လမ်းမျိုးဖြစ်သည်။ အဓိကဇာတ်ဆောင်ကို ဗဟိုပြု၍ ဇာတ်လက်တကက်အမျိုးမျိုး ဖန်တီးကာ ပင်မဇာတ်လမ်းဆီသို့ ပေါင်းစည်းလာအောင် ချိတ်ဆက်ယူလေ့ ရှိသည်။

နန်းတွင်းဇာတ်တော်ကြီးများတွင် ဇာတ်ဆောင်တို့၏ ပြောစကားမှာလည်း ရှည်လျားပြီး ကာရန်၊ နဘေ ချိတ်ဆက်ပြောဆိုသော လင်္ကာစပ်စကားပြေ အရေးအသားမျိုး ဖြစ်သည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင်မူ ဦးပုည၊ ဦးကြင်ဥတို့၏ တစ်ညဥ့်တွင်းအပြီး ကပြနိုင်သော ပြဇာတ်များထွန်းကားလာခဲ့သည်။ ထိုပြဇာတ်များမှာမူ ဒိဋ္ဌဓမ္မလောကကို ထင်ဟပ်၍ ဘဝသရုပ်ဖော် သဘောဆောင်သော ရေသည်ပြဇာတ်ကို တွေ့ရသည်။ ထိုပြဇာတ်မှာ ဘုရားဟောဇာတ်နိပါတ်ကို ပြဇာတ်အသွင်ပြောင်းထားသော ပြဇာတ်သာ ဖြစ်ပါသည်။ ကိုလိုနီခေတ်တွင် ပြဇာတ်စာပေများ ထွန်းကားလာခဲ့သော်လည်း မျက်မှောက်ခေတ်တွင်မူ မှေးမှိန်နေခဲ့သည်။

## ၂။ နန်းတွင်းဇာတ်တော်ကြီးများ၏ ဇာတ်လမ်းဖန်တီးမှု

နန်းတွင်းဇာတ်တော်ကြီးများ၏ သဘောသဘာဝကိုကြည့်လျှင် နန်းတွင်းဇာတ်ဟူသော အမည်နှင့် လိုက်ဖက်စွာ ထူးခြားသော သဘောသဘာဝများ ပါရှိသည်။ နန်းတွင်းသူ၊ နန်းတွင်းသားတို့အား ဖျော်ဖြေတင်ဆက်ရန်နှင့် ထိုသူတို့ ဖတ်ရှုနားဆင်ရန် ရည်ရွယ်သည့်အလျောက် ရေးဖွဲ့သော အကြောင်းအရာများမှာ နန်းတွင်းသူ၊ နန်းတွင်းသားတို့၏ ဘဝဖြစ်ရပ်များသာ ဖြစ်သည်။ ပဒေသရာဇ်ခေတ် နန်းတွင်းသူ၊ နန်းတွင်းသားတို့၏ ဘဝကို ထင်ဟပ်ရေးဖွဲ့ခြင်းဖြစ်၍ နန်းဓလေ့ ယဉ်ကျေးမှုများကို ဇာတ်ဝင်ခန်းလိုအပ်ချက်အရ နောက်ခံပြုရေးဖွဲ့လေ့ ရှိသည်။ ဇာတ်ဆောင်တို့၏ စရိုက်အမူအရာမှာလည်း ထီးဟန်နန်းဟန်ပါသည်။ ပဒေသရာဇ်ခေတ် မင်းယောကျ်ားတို့၏ဘဝ၊ မာနနှင့်ခံစားမှု၊ မင်းသမီး၊ မိဖုရားတို့၏ဘဝ၊ အချစ်နှင့်ခံစားမှုများသည် နန်းတွင်းဇာတ်တော်ကြီးများ၌ ပါဝင်လေ့ ရှိသည်။ ထိုသို့အလျောက် ရသခံစားမှုဖြစ်ပေါ်စေရန် ဒိဋ္ဌလောကမှ နန်းတွင်းသူ၊ နန်းတွင်းသားများ၏ ဘဝကို ထင်ဟပ်ရေးဖွဲ့ကြသည်။ ထို့ကြောင့် နန်းတွင်းသူ၊ နန်းတွင်းသားတို့အနေနှင့် မိမိတို့၏ ဘဝနှင့် ခံစားမှုပုံရိပ်များကို ထင်မြင်ခံစားနိုင်သည့်အတွက် နှစ်သက်စွဲလမ်းကြသည်။

နန်းတွင်းဇာတ်တော်ကြီးများ၏ ဇာတ်လမ်းသဘောကိုကြည့်လျှင် မြန်မာတို့သည် ရှေးယခင်ကပင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ မလေး၊ ထိုင်းစသည်တို့ဖြင့် အဆက်အဆံ ရှိခဲ့ကြသည်။ ထိုသူတို့၏ ဇာတ်လမ်းများကို အခြေခံ၍ မြန်မာမှု၊ မြန်မာ့ဟန်ဖြစ်အောင် ပြုပြင်ပြောင်းလဲယူခဲ့သည်။ နန်းတွင်းဇာတ်တော်ကြီးများသည် ဇာတ်လမ်းအနေနှင့် ထူးခြားသော ဝိသေသလက္ခဏာများ ရှိသည်ကို တွေ့ရသည်။ ရှေးက ပျို့အနေနှင့် ရေးဖွဲ့ခဲ့သော ဘုရားဟောဇာတ်တော်တို့ထက် နန်းတွင်း ဇာတ်တော်ကြီးများမှ ဇာတ်လမ်းသည် ပိုမိုထူးခြားဆန်းကြယ်သည်။ ထို့အပြင် အနုသုခုမ အဆိုအက၊ အပြောအတီး ပညာရပ်များဖြင့် ပေါင်းစည်းတင်ပြထားသောကြောင့် ရသခံစားမှုကို ပို၍ပေးနိုင်စွမ်း ရှိလာသည်။

မြန်မာပရိသတ်တို့အား ထူးခြားဆန်းကြယ်သော ဇာတ်လမ်းများဖြင့် ဆွဲဆောင်နိုင်ခဲ့သည်။ ထူးခြားဆန်းကြယ်အောင် ဖန်တီးရာတွင် ဒိဋ္ဌလောက ဖြစ်ရပ်နှင့် စိတ်ကူးယဉ်ဖြစ်ရပ်များကို ပေါင်းစပ်ချိတ်ဆက်၍ ဇာတ်လမ်းဆင်ယူခြင်း ဖြစ်သည်။ ဇာတ်ကွက်များသည် အလွန်ရှည်လျားသည်။ နန်းတွင်းသူ နန်းတွင်းသားတို့၏ အချစ်ဇာတ်လမ်းကို တန်ခိုးရှင်ဇာတ်ဆောင်များ ပါဝင်စေ၍ ဇာတ်လမ်းတွင် ကြုံတွေ့ရသော ပဋိပက္ခများ၊ အခက်အခဲများအား ကျော်လွှားဖြေရှင်းပုံကို ချိတ်ဆက်တင်ပြထားသည့် ဖြစ်ရပ်များသည် ဇာတ်လမ်း ဖြစ်သည်။ အဓိကဇာတ်ဆောင် မင်းသားအပေါ် ပရိသတ်

အာရုံစူးစိုက်အောင် ဖန်တီး၍ ဆန်းကြယ်သော ဇာတ်ကွက်များဖြင့် ယှက်နွယ်ရေးဖွဲ့သော ဇာတ်လမ်း ဖြစ်သည်။

အဓိကဇာတ်ဆောင်သည် သိကြားမင်းကပင် လက်နက်ဆက်သရသူ တန်ခိုးရှင်ဇာတ်ဆောင်အဖြစ် ဖန်တီးလေ့ ရှိသည်။ ထိုဇာတ်ဆောင်မျိုးကို ဗဟိုပြုပြု၍ မကြာခဏရန်သူဇာတ်ဆောင်များနှင့် အားပြိုင်စေသည်။ လူသားတို့၏ အချစ် အမုန်း၊ ဝန်တိုခြင်း၊ လက်စားချေခြင်း၊ အားပြိုင်ခြင်းဆိုသည့် ခံစားမှု၊ တုံ့ပြန်မှုများကို အခြေခံပြီး ဇာတ်အိမ်ဖွဲ့လေ့ ရှိသည်။ လူ့ဘောင်လောက၌ ဖြစ်လေ့ဖြစ်ထရှိသော လူသားတို့၏ ဖြစ်ရပ်ကိုပင် လူသားချည်းသက်သက် ရင်ဆိုင်ဖြစ်ပျက်ခြင်း မဟုတ်ဘဲ နတ်၊ ဘီလူး၊ ကိန္နရာ၊ ရေသူမ၊ နဂါး စသည့် တန်ခိုးရှင်ဇာတ်ဆောင်များကိုသုံး၍ အဆန်းတကြယ်ဖြစ်အောင် ဖန်တီးယူခြင်း ဖြစ်ပါသည်။

ဇာတ်လမ်းကို အစပျိုးယူရာတွင် ရည်ရွယ်ချက်ဖြင့် ဦးတည်လေ့ ရှိသည်။ စာရေးသူ ရည်ရွယ်သော ပရိသတ်မှာ နန်းတွင်းသူ၊ နန်းတွင်းသားများဖြစ်သည့် မင်းညီမင်းသား၊ မိဖုရား၊ မှူးမတ်တို့ ဖြစ်သည့်အလျောက် ထိုသူတို့အနေနှင့် ကိုယ်ကျင့်တရားနှင့်အညီ ကျင့်ကြံနေထိုင်တတ်ရန် လမ်းညွှန်လိုသော စေတနာ ရည်ရွယ်ချက်များလည်း ဇာတ်လမ်းတွင် ပါဝင်လေ့ ရှိသည်။

## ၂၊ ၁။ စစ်ရေးနှင့်အချစ်ရေးကိုဆက်စပ်၍ ဇာတ်လမ်းဖန်တီးခြင်း

နန်းတွင်းဇာတ်တော်ကြီးများသည် နန်းတွင်းသူ၊ နန်းတွင်းသားများကို ဖတ်ရှုရန်နှင့် ကြည့်ရှုရန်အတွက် ရည်ရွယ်ရေးဖွဲ့သောကြောင့် နန်းတွင်းသူ၊ နန်းတွင်းသားတို့၏ဘဝတွင် တွေ့ကြုံရင်ဆိုင်ရလေ့ရှိသော ဖြစ်ရပ်များကို အခြေတည်၍ ဇာတ်လမ်းဆင်လေ့ ရှိသည်။ နန်းတွင်းသူ၊ နန်းတွင်းသားတို့ထဲတွင် မင်းညီမင်းသားများလည်း ပါဝင်သည်။ မင်းသမီးများလည်း ပါဝင်သည်။ မင်းညီမင်းသားတို့၏ ဘဝတွင် တိုင်းရေးပြည်မှုသဘောအရ အတိုင်းတိုင်း အပြည်ပြည်နှင့် စစ်ရေးအရ ယှဉ်ပြိုင်ရသည်။ မဟာမိတ်သဘောအရ ဆက်ဆံရသည်။ ထိုဖြစ်ရပ်များကို အခြေခံ၍ တိုင်းပြည်တစ်ပြည်မှ မင်းသားသည် တိုင်းပြည်တစ်ပြည်သို့ သွားရောက်ရင်း မင်းသမီးနှင့် တွေ့ဆုံချစ်ကြိုက်ခြင်း ဇာတ်လမ်းဖွဲ့သည် (သို့မဟုတ်) တိုင်းပြည်အချင်းချင်း စစ်ဖြစ်ရာမှ မင်းသမီးနှင့် တွေ့ဆုံသည်။ တစ်ခါတစ်ရံတွင်လည်း မင်းသမီးအတွက်နှင့် အခြားတိုင်းပြည်မှ မင်းသားနှင့် စစ်တိုက်ရသည်။ အနိုင်အရှုံးပေါ်တွင် မူတည်၍ မင်းသမီးကို ရယူပိုင်ဆိုင်ခြင်းဆိုသည့် အဖြေပေါ်လာသည်အထိ ဇာတ်လမ်းဆင်ယူလေ့ ရှိပါသည်။

နေမျိုးနာဋကကျော်ခေါင်၏ ရာမပြဇာတ်တော်ကြီးတွင် သီတာဒေဝီသည် တောအရပ်၌ ခေတ္တနေထိုင်ရသော ရာမမင်းသား၏ ကြင်ယာတော် ဖြစ်သည်။ ဒသဂီရိသည် သီတာဒေဝီကို ချစ်စိတ်ဖြင့် ရယူလိုသောကြောင့် သီတာဒေဝီကို ခိုးပြေးသည့် အခြေအနေသို့ ရောက်အောင်ပြု၍ စာရေးသူက ဒသဂီရိ၏ ဦးရီးတော်ဖြစ်သူ မာရဇ္ဇကို သမင်ယောင်ဆောင်စေသည်။ သီတာဒေဝီက ရွှေသမင်ကို လိုချင်ကြောင်း ပူဆာသည်။ ရာမမင်းသား သမင်လိုက်ထွက်ခဲ့သည်။ မရီးတော်အား ညီတော်လက္ခဏကို စောင့်ရှောက်စေခဲ့သည်။ သီတာဒေဝီက ဘီလူးမ၏ပရိယာယ်ကြောင့် ရာမမင်းသား ဒုက္ခကြုံရပြီဟု ထင်ကာ လက္ခဏကို ရာမမင်းသားနောက်သို့ လိုက်စေသည်။ ထိုအချိန်တွင် ဒသဂီရိသည် ရသေ့ယောင်ဆောင်၍ သီတာဒေဝီဆီသို့ ရောက်လာသည်။ စည်းအပြင်သို့ရောက်အောင် ဆွဲဆောင်ပြီး ရထားဖြင့် ခိုးယူသွားခြင်း ဖြစ်ပါသည်။ ထိုနည်းဖြင့် ရာမမင်းနှင့် ဒသဂီရိတို့ စစ်ထိုးကြသည်။ ဒသဂီရိ ကျဆုံးပြီး ရာမမင်းသား အနိုင်ရရှိသည်။

သခင်မင်းမိ၏ ကေသာသီရိပြဇာတ်တွင်လည်း သုဝဏ္ဏဟံသမင်းသားနှင့် သဒ်ဝတီမင်းသမီးတို့သည် ကောင်းကင်ခရီးမှ နတ်မြင်းပျံနှင့် နေပြည်တော်သို့အပြန် တောစခန်းတစ်ခုတွင် ကျောင်းနေဘက်ဖြစ်သော သာဒိဒေဝဘီလူးသည် သုဝဏ္ဏဟံသ မင်းသားအား ဘွဲ့ဖြူလက်နက်နှင့်ပစ်ကာ ဖမ်းဆီးခဲ့သည်။ ထိုသာတိဒေဝမင်း၏ နှမတော် ဇာရအဥ္ဇာမင်းသမီးသည် သုဝဏ္ဏဟံသမင်းသားကိုတွေ့မြင်ပြီး မြင်မြင်ချင်း ချစ်စိတ်ဝင်ကာ ဆေးကုသပေးခဲ့ပြီး ချစ်ခင်ပေါင်းသင်းခဲ့သည်။ ကျောင်းနေစဉ်ဘဝတွင် ကေသာသီရိမင်းသမီး၏အချစ်ကို သုဝဏ္ဏဟံသမင်းသားက အရယူနိုင်ခဲ့ပြီး သာဒိဒေဝမင်းသားမှာ အချစ်ရှုံးခဲ့ရသည့်အတွက် ရန်ငြိုးဖွဲ့ခဲ့ခြင်း ဖြစ်သည်။ လူ့ဘောင်လောကတွင် လူငယ်အချင်းချင်း မိန်းမလှတစ်ဦးကိုတွေ့လျှင် ပြိုင်တူ ချစ်ကြိုက်ရာမှ ဆုံးရှုံးရသူက ရန်ငြိုးဖွဲ့တတ်သည့်သဘောကို အခြေခံ၍ ဇာတ်လမ်း ဖွဲ့ယူထားသည်။

မြဝတီမင်းကြီးဦးစ၏ အီနောင်နန်းတွင်းဇာတ်တော်တွင် အီနောင်မင်းသားသည် ပွတ်စပါး မင်းသမီးနှင့် လက်ထပ်ရန် ဝမ်းတွင်းကတိရှိပြီး ဖြစ်ပါလျက် ရည်ရွယ်ချက်ပြောင်းပြန်ဖြစ်ခါ အီနောင်မင်းသားသည် မံရာပြည်ကို တစ်ပါးသောတိုင်းပြည်က စစ်ပြု၍ စစ်ကူပေးရာမှ နန်းကိန္နရာ မင်းသမီးကို ချစ်မိခဲ့သည်။ ထိုသို့ ဇာတ်လမ်းကို အလှည့်အပြောင်းပြုရာ၌ အီနောင်မင်းသားသည် စစ်ချီသွားရာမှ နန်းကိန္နရာ မင်းသမီးကို တွေ့ခဲ့ခြင်းဖြစ်သည်ဟု မင်းညီမင်းသားတို့၏ ဘဝတွင် ဖြစ်ပျက်လေ့ရှိသော အချစ်ရေးနှင့် စစ်ရေးပြဿနာများကို အခြေခံကာ ဇာတ်လမ်းဆင်ထားသည်။

မင်းညီမင်းသားတို့ပီပီ မာန်မာန ရှိသည်။ မိန်းကလေးတစ်ဦးကို ချစ်မိလျှင် မည်သည့်နည်းနှင့်မဆို အရယူမည်။ လက်နက်သုံးသင့်လျှင် သုံးမည်။ မီးရှို့သင့်လျှင်

ရှိ မည်။ မိုက်ရူးရဲဆန်သော မာနတရားများ ရှိတတ်သည့်သဘောကိုလည်း အခြေခံ၍ ပွတ်စပါးမင်းသမီးနှင့် စရကားမင်းသားတို့ လက်ထပ်မည့် တဲနန်းဖျက်ဆီးပြီး မင်းသမီးကို ခိုးယူသည့် အခန်း၌ အီနောင်မင်းသား၏ အပြောဖြင့်–

> "အခါတန်၍ ငါတို့အပြင်ကအမြောက်သံကြားလျှင် ရခဉ်ဒါရွှံနှင့် ရဲမက်တော် ပမံကူနိမ် မင်းလူလုပ်၍ ငါတို့သခင်ကို နင်တို့မင်းသတ်သည်။ လက်စားချေမည်ဆို၍ အမြောက်သေနတ် ဖျော်ဖျော် လွှတ်ပြီးလျှင် လက်ထပ်နန်းကို မီးသင့်စေရမည်။ မီးမြင်သည့် ကာလ ငါကိုယ်တော်မှာ စရကားအသွင်အပြင်ဝင်၍ နှမတော်ကို ဆောင်ယူရမည်။ သည်အကြံကို အသို့ထင်သလဲ"[၁]

ဟူ၍ ရေးဖွဲ့ဖော်ပြခဲ့သည်။ ပွတ်စပါးမင်းသမီးကို ခိုးယူပြီးနောက် ယာယီနန်းသို့ အရောက်တွင် ပြောဆိုပုံကို–

> "ဧကရာဇ်သီးခြား၊ တစ်ပါးနတ်သူ၊ လှမဥ္ဇူသာ၊ ပူစေအေးစေ၊ ပျက်ကြွေဆယ်တင်၊ အရေးရှင်မို့၊ သို့စင်စီမံ၊ မောင်ကြီးကြံရက်၊ စံရာခုရောက်၊ မုန်းမာန်တော်ပေါက်လို့၊ ကြိုင်ပေါက်ပျံ့ကြွယ်၊ သွယ်မျက်ရည်ပြွန်၊ သည်သလွန်မှာ၊ ပူဝန်ကို သိမ်းပါလှည့် မိမိငယ်"[၂]

ဟု အချစ်ရေးအတွက် စစ်ရေးဖွဲ့ရသည့် အကြောင်းများကို ရေးဖွဲ့တင်ပြထားပါသည်။ မင်းညီမင်းသားတို့၏ စစ်ရေးနှင့်အချစ်ရေး ပြဿနာများအပေါ် မူတည်၍ ဇာတ်လမ်း ဖန်တီးယူထားသည်ကို တွေ့ရသည်။

ဣန္ဒာဝံသ နန်းတွင်းဇာတ်တော်ကြီးကို လှိုင်ထိပ်ခေါင်တင် ရေးဖွဲ့ခဲ့ပါသည်။ ထိုနန်းတွင်းဇာတ်တော်ကြီးတွင် စာဆိုသည် မိမိဘဝ၌ ကြင်ယာတော်ဖြစ်သော ကနောင်မင်းသားကြီးသည် မောင်းမမိဿံ များပြားသည့်အတွက် ကြေကွဲခံစားရသည်။ ထိုခံစားမှုနှင့် မောင်တော်၏ပုံရိပ်တို့ကို စိတ်ကူးဖြင့် ပေါင်းစပ်ကာ ဇာတ်လမ်း ဆင်ရာ၌ ဣန္ဒာဝံသမင်းသားသည် အတိုင်းတိုင်း အပြည်ပြည်သို့ အရေးကိစ္စ အမျိုးမျိုးနှင့် သွားရောက်ဆက်ဆံရာတွင် ကြုံတွေ့ရသော မင်းသမီးများနှင့် ချစ်ကြိုက် သည့်ဇာတ်လမ်းကို ရေးဖွဲ့ထားသည်။ ဣန္ဒာဝံသနန်းတွင်းဇာတ်တွင် ဘဂုတာရီ မင်းသမီးအနေနှင့် အခြားမင်းသမီးများနှင့် အချစ်ရေးတွင် အားပြိုင်ရသည်။ ကြေကွဲ

---

[၁] စ၊ ဦး၊ ၁၉၆၅၊ ၃၇၄။
[၂] စ၊ ဦး၊ ၁၉၆၅၊ ၃၇၄။

ခံစားရသည့် ဇာတ်နာသော ဇာတ်ကွက်များကိုလည်း မင်းသားနှင့် မင်းသမီးများ၏ ဆက်ဆံရေးအခြေအနေပြ ဇာတ်ကွက်များဖြင့် တင်ပြခဲ့သည်။

ဣန္ဒာဝံသသည် ဘဂုတာရီနှင့် ချစ်ကြိုက်ကာစတွင် ပတ္တမြားဒါရှုမင်းသမီး၏ တိုင်းပြည်မှ ဘီလူးစစ်ကို နှိမ်နင်းရန်အတွက် စစ်ချီတက်ခဲ့ရသည်။ ပတ္တမြားဒါရှုနှင့် ချစ်ကြိုက်ခဲ့သည်။ လမ်းခရီးတွင် မြနန်းကလျာမင်းသမီး၏ လေးတင်ပွဲသို့ ဝင်ရောက်၍ ဆင်နွဲရာမှ မြနန်းကလျာကို ရရှိခဲ့သည်။ လမ်းခရီးတွင် မန္တာရှုမင်းကြီး ခေါင်းကိုက် ဝေဒနာကို ကုသရာမှ စိန်ကရာသီမင်းသမီးနှင့် ဆုံတွေ့ခဲ့သည်။ ထိုနောက် အတိတ်က ဖူးစာဖက်ဖြစ်သော မာရဝတီ နတ်သမီးဝင်စားသည့် ဝဏ္ဏပဒုံကို အိပ်မက်အရ ဒွါရိန္ဒ တိုင်းပြည်သို့ သွားရောက်၍ ဘီလူးမင်းနှင့် စစ်ပြိုင်ပြီးလျှင် ဝဏ္ဏပဒုံကို သိမ်းပိုက်ရရှိ ခဲ့သည်။

ဣန္ဒာဝံသမင်းသားအနေနှင့်လည်း ဇာတ်လမ်းတွင် ငြိုးငွေ့စရာမဖြစ်ဘဲ အသက်ဝင် လှုပ်ရှားစေရန် ဘီလူးမင်းသားနှင့် စစ်ရေးပြိုင်ခြင်း၊ ရဝိဟာမင်းသားနှင့် စစ်ရေးပြိုင်ခြင်း၊ မောရဂ်ပြည်လေးတင်ပွဲတွင် တစ်ရာ့တစ်ပါးသော မင်းများနှင့် ယှဉ်ပြိုင်စေခြင်း ဇာတ်ဝင်ခန်းများကို နန်းတွင်းသူနန်းတွင်းသား၊ မင်းညီမင်းသားတို့ ရင်ဆိုင်ရမြဲဖြစ်သည့် ဖြစ်ရပ်များနှင့်အညီ ဇာတ်လမ်းဆင်ယူထားသည်ကို တွေ့ရသည်။ မိဖုရား အများအပြား ထားပိုင်ခွင့်ရှိသော ပဒေသရာဇ်ခေတ် မင်းညီမင်းသားများ၏ အချစ်ရေးနှင့် မိဖုရားများ၏ နာကျင်ခံစားရမှုများကို ဇာတ်ကွက်ဆင်၍ တင်ပြထား သည်ကို တွေ့ရပါသည်။

## ၂။ ၂။ ကိုယ်ကျင့်တရားကို ထိန်းသိမ်းစောင့်ရှောက်သင့်သည်ဟူသော ရည်ရယ်ချက်ကို အခြေခံ၍ ဇာတ်လမ်းဆင်ခြင်း

တစ်ခါတစ်ရံတွင် မင်းသည် ကိုယ်ကျင့်တရားပျက်ပြားပါက အဖြစ်အပျက်များ ပေါ်ပေါက်တတ်ပါသည်။ သာဓကပြလျှင် အီနောင်နန်းတွင်းဇာတ်တွင် နန်းရင်ပြင်၌ အလံသန်လျက်စိုက်ခြင်းဖြင့် ဇာတ်လမ်းကို အစပျိုးလိုက်သည်။ မံရာမင်းသည် တရားပျက်သောကြောင့် သိကြားမင်းက အလံသန်လျက်ကို စိုက်ထားပြီး မည်သူမျှ ဆွဲနှုတ်၍မရစေရန် အဓိဋ္ဌာန်ပြုထားသည်။ ထိုဇာတ်ပျိုးပိုင်း၌ မံရာမင်း တရားမစောင့်၍ သိကြားမင်း သတိပေးသည့်အခန်းသည် တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတို့အား တရားစောင့်ရန် အသိပေးလိုသော ရည်ရွယ်ချက်ပါသည့် ဇာတ်ကွက် ဖြစ်ပါသည်။ ထိုအခါ မံရာမင်းသည် အလံသန်လျက် နုတ်နိုင်သူကို သမီးတော်တို့နှင့် ထိမ်းမြားမည် ဖြစ်ကြောင်း ကြေညာသည်။ ထိုအခါ သိကြားမင်းသည် နတ်သားလေးပါးကို လူယောင်

ဆောင်စေ၍ နုတ်ယူစေသည်။ နုတ်သားလေးပါးသည် လူမင်းသား လေးယောက် အသွင်ပြောင်း၍ အလံသန်လျက်ကို နုတ်လေသည်။ မံရာမင်း၏ သမီးတော်လေးပါး နှင့် ထိမ်းမြားရာမှ တစ်ပါးလျှင် တစ်ပြည်ထောင် ထူထောင်ကြရာ ကူရေပံပြည်၊ ဒါဟာပြည်၊ ကာလံပြည်၊ သိန်ဟတ်စာရီပြည်ဟု လေးပြည်ထောင် ပွားသွားသည်။ မူလမံရာပြည်နှင့်ပေါင်းသော် ငါးပြည်ထောင် ဖြစ်သည်။ ထိုသို့အားဖြင့် ဇာတ်လမ်းတွင် ပါဝင်မည့် ဇာတ်ဆောင်တည်ရှိရာ တိုင်းပြည်ကို ဖွဲ့စည်းတည်ထောင်ပြီးမှ ထိုတိုင်းပြည် အသီးသီးနှင့် နီးနွယ်ဆက်စပ်သော ဇာတ်အိမ်ဖွဲ့ယူသည့်နည်းကို သုံးထားသည်။

အီနောင်မင်းသား၏ ခမည်းတော် ကူရေပံမင်းနှင့် ပွတ်စပါးမင်းသမီး၏ ခမည်းတော် ဒါဟာမင်းတို့သည် အဘမှာညီနောင်ရင်း၊ အမိချင်းလည်း ညီအစ်မရင်း ဖြစ်၍ သားတော် သမီးတော်များ မွေးဖွားလျှင် မောင်လှယ် နှမလှယ် လက်ထပ် ထိမ်းမြားရန် ဝမ်းတွင်းကတိထားခဲ့ကြသည်။ ဇာတ်လမ်းအစပိုင်းတွင် နှစ်ပြည်ထောင်သော မင်းတို့၏ ဆွေမျိုးမောင်နှမ အချင်းချင်း ရင်းနှီးချစ်ခင်သည်ထက် ချစ်ခင်အောင် ဆောင်ရွက်လေ့ရှိသော ဓလေ့ထုံးတမ်းနှင့်အညီ ဇာတ်လမ်းဆင်ယူထားသည်။

## ၂၊ ၃။ တန်ခိုးရှင်ဇာတ်ဆောင်များကို ဗဟိုပြု၍ ဇာတ်လမ်းဖန်တီးခြင်း

တန်ခိုးရှင်ဇာတ်ဆောင်များကို ဗဟိုပြု၍ ဇာတ်လမ်းဆင်ခြင်းသည်လည်း နန်းတွင်းဇာတ်တို့၏ ထူးခြားချက်တစ်ခုပင် ဖြစ်ပါသည်။ ၅၅၀ ဇာတ်နိပါတ်များ နှင့်သာ ရင်းနှီးခဲ့ကြသော မြန်မာပရိသတ်တို့အနေနှင့် နန်းတွင်းဇာတ်တော်ကြီးများကို နှစ်နှစ်ကာကာ သဘောကျရခြင်းအကြောင်းမှာ ဇာတ်ဆောင်၏ ထူးခြားချက်ဖြင့် ဇာတ်လမ်းကို ဆန်းကြယ်အောင် ဖန်တီးထားသောကြောင့် ဖြစ်ပါသည်။ ဇာတ်ဆောင်ကို ထူးခြားအောင် ဖန်တီးသည်ဆိုရာ၌ တန်ခိုးရှင်ဇာတ်ဆောင်အဖြစ် ပါဝင်လှုပ်ရှား စေခြင်းကို ဆိုလိုပါသည်။ အဓိကဇာတ်ဆောင်ကို တန်ခိုးရှင်အဖြစ် ဖန်တီးခြင်းဖြင့် ဇာတ်လမ်းအပေါ် ပရိသတ်တို့ စိတ်ဝင်စားလာစေသည်။ ဇာတ်ဆောင်တစ်ဦးတည်း အပေါ်တွင် ဗဟိုပြု၍ အာရုံစူးစိုက်မှုများရှိလာရာမှ ဇာတ်လမ်းကို နှစ်သက်လာစေသည်။

အခြားနည်းမှာ ဇာတ်လမ်းကို အလှည့်အပြောင်းပြုရာ၌ ဒိဋ္ဌလောကနှင့်မတူဘဲ အလွယ်တကူ ဖြေရှင်းနိုင်ရန်နှင့် ဇာတ်ဆောင်အနေနှင့် အလွယ်တကူ ရန်သူကို အောင်နိုင်ရန်အတွက် တန်ခိုးရှင်ဇာတ်ဆောင်ကို သုံးလေ့ ရှိပါသည်။ ဥပမာအားဖြင့် အီနောင်နန်းတွင်းဇာတ်တော်ကြီးတွင် မံရာမင်းအား သတိပေးရန် သိကြားမင်းကပင် နန်းရင်ပြင်၌ အလံသန်လျက်ကို လာ၍စိုက်ထားခြင်း၊ သန်လျက်ကို မနုတ်နိုင်သော

အခါ သိကြားမင်းကပင် နတ်သားလေးပါးကို မင်းသားလေးပါးအသွင် ဖန်ဆင်းပြီး လူ့ပြည်သို့လွှတ်၍ အလံသန်လျက်ကို နတ်စေခြင်း ဖြစ်ပါသည်။

ဇာတ်လမ်း၏အခက်အခဲကို ဖြေရှင်းရာတွင်လည်း တန်ခိုးရှင်ဇာတ်ဆောင်ကို သုံးလေ့ ရှိပါသည်။ တန်ခိုးရှင်ဇာတ်ဆောင်ကို ဗဟိုပြု၍ ဇာတ်လမ်းဆင်သည်ဆိုရာ၌ ညောင်ရမ်းခေတ်ပေါ် မဏိကက်ပြဇာတ်တွင် အဓိကဇာတ်ဆောင် သတ္တာခနုမင်းသားသည် တန်ခိုးရှင်မင်းသားတစ်ဦး ဖြစ်ပါသည်။ လေးအတတ်၌ တစ်ဖက်ကမ်းခတ်ပြီး ဖွားဖက်တော် မဏိကက်မြင်းမှာလည်း ကောင်းကင်သို့ ပျံနိုင်စွမ်း ရှိသည်။ တန်ခိုးရှင် ဇာတ်ဆောင်ပီပီ စိရပ္ပဘာမင်းသမီးနှင့် တွေ့ဆုံပြီး အရယူနိုင်ခဲ့သည်။ လမ်းခရီးတွင် ဘီလူးက မဏိကက်မြင်းကို ခိုးယူသွားသည်။မုန်တိုင်းမိ၍ သဘော်ပျက်ကာ မင်းသား နှင့် မင်းသမီး တကွဲတပြားဖြစ်သွားပြီး ကဥ္စနဝတီဘီလူးမင်းသမီးတော်နှင့် တွေ့ဆုံ ခဲ့သည်။ တန်ခိုးရှင်ပီပီ ဘီလူးမင်းသမီးအား စိရပ္ပဘာမင်းသမီးကို ရှာဖွေခိုင်းပြီးလျှင် မင်းသမီးနှစ်ဦးနှင့် အတူတူ ပျော်ရွှင်စွာ ပေါင်းနိုင်ခဲ့သည်။

နေမျိုးနာဋကကျော်ခေါင်၏ ရာမပြဇာတ်တော်ကြီးတွင်လည်း အဓိကဇာတ်ဆောင် ရာမမင်းသားသည် တန်ခိုးရှင်ဖြစ်သည်။ အဋ္ဌစန္ဒလေးလက်နက်ကို ပိုင်ဆိုင်သည်။ ထိုဇာတ်တော်ကြီးတွင် အဓိကဇာတ်ဆောင်သည် တန်ခိုးရှင်ဇာတ်ဆောင်ဖြစ်သကဲ့သို့ ရန်သူဇာတ်ဆောင်မှာလည်း တန်ခိုးရှင်ပင် ဖြစ်သည်။ ဒသဂီရိသည်လည်း အနှစ် ရှစ်သောင်း ကမ္မဋ္ဌာန်းစီးဖြန်းထားသောကြောင့် ဗြဟ္မာကြီးက တန်ခိုးရှင်အဖြစ် အပ်နှင်း ခံရသူ ဖြစ်သည်။ အဓိကဇာတ်ဆောင်နှင့် ရန်သူဇာတ်ဆောင် နှစ်ဦးကို တန်ခိုးရှင် အဖြစ် ဖန်တီးပြီးမှ ဓမ္မနှင့်အဓမ္မ အားပြိုင်စေပြီးလျှင် ဓမ္မဝါဒီအုပ်စုက အဓမ္မဝါဒီ အုပ်စုကို အနိုင်ရရှိစေခြင်း ဖြစ်သည်။ ဇာတ်ဆောင်နှစ်ဦးလုံးသည် တန်ခိုးရှင်ဖြစ်သော ကြောင့် အားပြိုင်မှုသည် ပိုမိုအားကောင်းလာစေပြီး စာဖတ်သူ၏သိလိုစိတ်ကို ထက်သန် စေသည်။

ဒသဂီရိက ဗြဟ္မာမင်းထံ ဆုတောင်းရာတွင်–

> "ခန္ဓာဤကိုယ်၊ မအိုမသေ၊ မြဲနေတည်ကြည်၊ အသက်ရှည်သော
> ဆုကို ပြည့်လိုပါသည်၊ မေတ္တာကြည်ဖြူ ကြည့်တော်မူပါလော့
> အရှင်ဗြဟ္မာမင်း"[၁]

---

[၁] နေမျိုးနာဋကကျော်ခေါင်၊ ၂၀၀၁၊ ၄၅။

ဟု ဆုတောင်းခဲ့သည်။ ဒသဂီရိသည် ရာမမင်းသားနှင့် အားပြိုင်သည့်အခန်း၌ ရှေးဘဝက ဆုတောင်းကောင်း၍ တန်ခိုးရှင်ဖြစ်သူဖြစ်ပြီး မင်းရာမကို မာန်မာန ခက်ထန်စွာ–

> "ပစ်လေဦးတော့ ဟဲ့ရာမ၊ ခေါင်းတစ်လုံးဆုံးလို့ ပစ်သော်လည်း ဘဝရှေးဟောင်း၊ ငါကံကောင်း၍၊ ဦးခေါင်းတစ်ဖန် ပေါက်လာပြန်၏၊ လူမထင်သည့် ရွှေကျောင်းသား၊ ဒသဆိုလျှင်ဖြင့် မြင့်မိုရ်သိကြား တုန်တုန်ဖျားရသည်၊ လက်စားကိုလည်း ငါမချေ၊ ဖြစ်လေသမျှဖြစ်၊ ဦးခေါင်းသစ်ဖြစ်၍ မပစ်နိုင်က၊ ရာမလေးကောင်း၊ ညောင်းရင်နားလိမ့်မည်ဟဲ့"[၁]

ဟု ရေးဖွဲ့တင်ပြခဲ့ပါသည်။ ထိုသို့ တန်ခိုးရှင်ဇာတ်ဆောင်ကို ဖန်တီးပြီး ဇာတ်ဆောင် အသီးသီးနှင့် လိုက်ဖက်အောင် စရိုက်ဖော်နိုင်သည့်အတွက် ဇာတ်လမ်းသည် ဆွဲဆောင်မှု ရှိနေပါသည်။

လှိုင်ထိပ်ခေါင်တင်သည် ဒိဋ္ဌဓမ္မလောကတွင် ကြုံတွေ့ရသော ကနောင်မင်းသားကြီးအား ခံစားရေးဖွဲ့သည်ဟု ဆိုကြသည်။ ဣန္ဒဝံသနန်းတွင်းဇာတ်တွင် နန်းတွင်းဇာတ်တော်၏ ဝိသေသလက္ခဏာတစ်ခုဖြစ်သည့် တန်ခိုးရှင်ဇာတ်ဆောင်ကို အသုံးပြုထားသည်ကို တွေ့ရသည်။ ဣန္ဒာဝံသမင်းသားသည် ရာဇတ္တမပြည့်ရှင် ဝိကြမတိဿမင်း၏ သားတော် ဖြစ်သည်။ မိဖုရားကြီးသည် သားဆုပန်ရာမှ သိကြားမင်းက ပေးသည့် သားတော်ကြီး ဖြစ်သည်။ ပုခက်တင်အခမ်းအနား ကျင်းပသောအခါ မြပုခက်၌ သိကြားမင်း၏ လက်နက်စကြာကို အပ်နှင်းထားရှိခြင်း ခံရသော ဘုန်းရှင်ကံရှင်မင်းသား ဖြစ်သည်။ ဘုန်းရှင်ကံရှင်ပီပီ အပြည်ပြည်မှ မင်းသားများနှင့် စစ်ရေးပြိုင်ရသည်။ အချစ်ရေးအတွက်လည်း အားပြိုင်ရသည်။ ထိုသို့ အားပြိုင်ခန်းများတွင် အောင်နိုင်သူအဖြစ် အလွယ်တကူ ဇာတ်လမ်းဆင်နိုင်ရန်အတွက် တန်ခိုးရှင်ဇာတ်ဆောင်အဖြစ် ဇာတ်ပျိုးပိုင်းမှစ၍ ဖန်တီးထားခြင်း ဖြစ်သည်။

ဣန္ဒာဝံသမင်းသားသည် နှမတော် ဘဂုတာရီမင်းသမီးကို ချစ်မြတ်နိုးသော်လည်း အချစ်ရေး၌ ရှုပ်ထွေးပြီးလျှင် မူယာမာယာနှင့် လှည့်ဖြားပြောဆိုတတ်သည်။ မောင်တော်၏လှည့်စားမှုများကို အကြိမ်ကြိမ် ခံစားရ၍ ဘဂုတာရီမှာ ယုံကြည်စိတ် ကင်းမဲ့လာရသည်။ ဘဂုတာရီ ခံစားမှုကို–

---

[၁] နေမျိုးနာဋ္ဌကကျော်ခေါင်၊ ၂၀၀၂ (ခ)၊ ၁၂၇။

> "ဒီကလောက် ဘုန်းကြီးသည့် မင်းများလည်း၊ အင်မတန် လှည့်စား၍ ပြောတတ်ပါသေးသည်တကား၊ ကျွန်ုပ်သဘောမှာ တစ်ခါမယုံလျှင် တစ်သက်ပင် မယုံတတ်သည်၊ သည်တစ်ခါ နေပြည်တော်သို့ ပြန်ရကောင်းပါငဲ့"[၁]

ဟူ၍ ပြောဆိုခဲ့ပါသည်။

ရာမပြဇာတ်တော်ကြီးတွင်လည်း ရာမမင်း၏ ဘုန်းရှင်ကံရှင် တန်ခိုးရှင် ဖြစ်ပုံကို လက္ခဏမင်းသားက ဟနုမန်အားပြောစကားတွင်–

> "လောကသုံးထပ်တွင်၊ မြတ်သောရသေ့ ဗြဟ္မာ ဟူသည်လည်း၊ အရှင်သာတည်း၊ ကျော်စောထင်ရှားခြင်းဖြင့် ညိုသောအဆင်း ရှိသည်လည်း အရှင်သာတည်း၊ ပိဿနိုးနတ် ဟူသည် အရှင် သာတည်း၊ ပုညကာမနှင့် ပြည့်စုံခြင်းသည်လည်း အရှင်သာတည်း၊ နေလသဖွယ် တင့်တယ်သည်လည်း အရှင်သာတည်း၊ ပရမီသွာရ နတ်မင်းတန်ခိုးသည်လည်း အရှင်သာတည်း၊ မင်း၏သဖွယ် တင့်တယ်ခြင်းသည်လည်း အရှင်သာတည်း၊ ဗြဟ္မာအပေါင်းတို့၏ ကိုးကွယ်ရာသည်လည်း အရှင်သာတည်း၊ ကရုဏာတည်းဟူသော နှလုံးမွေ့လျော် ရွှင်ပျော်ဝမ်းမြောက်ရာသည်လည်း အရှင်သာတည်း၊ ကာမလောဘ ဒေါသမာန ဟူသည်လည်း အရှင်သာတည်း"[၂]

ဟု ရေးဖွဲ့ခဲ့ပါသည်။

နန်းတွင်းဇာတ်တော်ကြီးများကို ရေးဖွဲ့သူတို့သည် ဗဟိုဇာတ်ဆောင်ကို တန်ခိုးရှင် ဇာတ်ဆောင်အဖြစ် ဖန်တီးပြီးလျှင် ဇာတ်လမ်းတစ်လျှောက်လုံးတွင် အခြားသော ဇာတ်ဆောင်အမျိုးမျိုးနှင့် အားပြိုင်ခန်းများတွင် ထည့်သွင်းခြင်း၊ ဘီလူး၊ နဂါး၊ နတ်၊ ကိန္နရီ စသည့် ဇာတ်ဆောင်အမျိုးမျိုးနှင့် တွေ့ဆုံချစ်ကြိုက်ရန်အတွက် ထွေပြား လှသည့် ဇာတ်ဆောင်အမျိုးမျိုးနှင့် ယှဉ်ပြိုင်တိုက်ခိုက်ခြင်း၊ အန္တရာယ်ကို ကျော်လွှား အောင်မြင်ခြင်း စသည့်အခန်းများဖြင့် ပရိသတ်စိတ်အာရုံသည် တန်ခိုးရှင် ဇာတ်ဆောင် မင်းသားအပေါ် စူးစိုက်နေစေရန်အတွက် အဓိကဇာတ်ဆောင်ကို အရာရာ အောင်မြင် နိုင်သည့် လူတစ်ယောက်အဖြစ် ဖန်တီးယူနိုင်ရန် နန်းတွင်းဇာတ်အများစုတွင် တန်ခိုးရှင် ဇာတ်ဆောင်အဖြစ် ဖန်တီးယူလေ့ ရှိပါသည်။

---

[၁] လှိုင်ထိပ်ခေါင်တင်၊ ၁၉၅၉(ခ)၊ ၃၇၃–၃၇၄။

[၂] နေမျိုးနာဋကကျော်ခေါင်၊ ၂၀၀၂(က)၊ ၉၇။

## ၂။ ၄။ ဒဏ္ဍာရီလောကနှင့် ဒိဋ္ဌလောကကို အခြေတည်၍ ဇာတ်လမ်းဖန်တီးခြင်း

တန်ခိုးရှင်ဇာတ်ဆောင်များဖြင့် ပရိသတ်စိတ်ကို ဆွဲဆောင်ထားသော နန်းတွင်းဇာတ်တော်များသည် စိတ်ကူးယဉ်လောကတွင် ထာဝစဉ်အိပ်မောကျနေသည် မဟုတ်ပေ။ လူ့လောကနှင့် လူ့သဘာဝနှင့် ထင်ဟပ်စရာအကြောင်း ပေါ်ပေါက်လာသောအခါ ဒိဋ္ဌလောကကို အခြေခံရပြန်သည်။ နန်းတွင်းဇာတ်တော်ကြီးများ၏ ဒိဋ္ဌလောကသည် နန်းတော်ဝန်းကျင် ဖြစ်သည်။ နန်းတော်ဝန်းကျင်တွင်ရှိသော လူတို့၏ သဘာဝခံစားမှုများအတိုင်း ထည့်သွင်းရေးဖွဲ့ခြင်းဖြင့်လည်း ဒိဋ္ဌလောကဘက်သို့ နွယ်လာကာ နှစ်သက်ဖွယ်ဖြစ်လာရသည်။

လှိုင်ထိပ်ခေါင်တင်သည် ဣန္ဒဝံသနန်းတွင်းဇာတ်တွင် မိမိ၏ ဘဝခံစားမှုနှင့် ယှဉ်တွဲကာ မိဖုရားတစ်ပါး၏ ဘဝဆန္ဒနှင့် ချစ်ခြင်းမေတ္တာ ခံစားမှုများကို ပေါ်လွင်လာအောင် ဇာတ်လမ်းဆင်ထားသည်။ တန်ခိုးရှင်မင်းသား၏ ချစ်မေတ္တာထွေပြားသော ဇာတ်လမ်းများကို ဖန်တီးရာတွင် မင်းသားတို့၏ သဘာဝအတိုင်း မင်းမှုရေးရာကိစ္စများ၊ စစ်ပွဲများဆင်နွှဲသည့် ဇာတ်ကွက်ကို ထည့်သွင်းပေးရသည်။ မင်းမှုရေးရာကိစ္စများ၊ စစ်ပွဲများဖြစ်ပေါ်လာရန် ဇာတ်လမ်းဆင်မှုမှာမူ အကျိုးသင့်အကြောင်းသင့်ဖြစ်လာသည်။

နန်းတွင်းဇာတ်တော်များတွင် ဇာတ်ဆောင်များသည် မင်းညီမင်းသား၊ မင်းသမီးဆိုသည့် လူသားဇာတ်ဆောင်များ ပါဝင်သကဲ့သို့ ဒိဋ္ဌလောက၌ မရှိနိုင်သော နတ်၊ နဂါး၊ ဘီလူး၊ ဂဠုန်၊ ကိန္နရီ ကိန္နရာ၊ ရေသူမစသည့် ဒဏ္ဍာရီထဲမှ ဇာတ်ဆောင်များကို ဆက်စပ်၍ ဇာတ်လမ်းဆင်သည်။ ဒဏ္ဍာရီထဲမှ ဇာတ်ဆောင်များနှင့် ဒိဋ္ဌလောကမှ လူသားဇာတ်ဆောင်များ ပေါင်းဆုံခြင်းဖြင့် ဇာတ်လမ်းသည် အံ့သြမှုရသဘက်သို့ အလေးကဲလာသည်။ ထိုကဲ့သို့ သဘာဝလွန်ဇာတ်ဆောင်များနှင့် လူသားများကို ပေါင်းစပ်ဇာတ်လမ်းဆင်ထားသော်လည်း လူနှင့်တန်ခိုးရှင် မကွဲပြားဘဲ စိတ်သဘာဝများ၊ ခံစားမှုများ၊ အချစ် အမုန်းများသည် တစ်သားတည်း ဖြစ်နေသည်။ ထိုသို့ ဖြစ်ရခြင်းမှာ စာရေးသူက နတ်လောက၊ နဂါးလောက၊ ဘီလူးလောက၊ ကိန္နရီ ကိန္နရာလောကမှ ဇာတ်ဆောင်များကို ယူကာ လူသားတို့၏ တွေးမြင်ခံစားမှုများဖြင့် အသက်သွင်းထားသောကြောင့် ဖြစ်သည်။

ဒဏ္ဍာရီဆန်သော ဇာတ်ဆောင်များသည် အဆန်းတကြယ် ဖြစ်စေသည်။ ဇာတ်လမ်းအလှည့်အပြောင်းပြုရန် လွယ်ကူသည်။ သို့ရာတွင် ထိုဇာတ်ဆောင်များနှင့် လူ့ခံစားမှုများကို ထည့်သွင်းခြင်းဖြင့် ခံစားမှုများသည် တစ်သားတည်းကျကာ လူ့စိတ်

ဘီလူးစိတ် ကွဲပြားခြားနားခြင်းမရှိဘဲ ချစ်သည့်နေရာတွင် ချစ်ခြင်း၊ မုန်းသည့်နေရာတွင် မုန်းခြင်းရသတို့ ဇာတ်လမ်းတစ်လျှောက်၌ ဖြစ်ပေါ်နေပါသည်။

## ၂။ ၅။ နန်းတွင်းသူ၊ နန်းတွင်းသား၏ ဘဝဓလေ့စွမ်းရည်ကို အခြေတည် ဇာတ်လမ်း ဖန်တီးခြင်း

နန်းတွင်းဇာတ်တော်ကြီးများကို ရေးဖွဲ့သူတို့သည် နန်းတွင်းစာဆိုများ ဖြစ်သည်။ နန်းတွင်းသူ နန်းတွင်းသားတို့၏ ဘဝပတ်ဝန်းကျင်ကို အခြေခံရေးဖွဲ့လေ့ ရှိပါသည်။ အထူးသဖြင့် ပဒေသရာဇ်ခေတ်၏ ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ စိတ်အမူအရာတို့ ထည့်သွင်းရေးဖွဲ့ထားသည်။ မင်းညီမင်းသား၊ မင်းသမီးတို့၏ ကိုယ်ရည်ကိုယ်သွေးစံတို့ကို တွေ့ရသည်။ မင်းညီမင်းသားတို့၏စံသည် ဘုန်းလက်ရုံး၊ အာဏာနှင့်လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝမှု ဖြစ်သည်။ ယောကျ်ားကောင်း မောင်းမ တစ်ထောင်ဆိုသည့် စကားလည်း ရှိသည်။ ထိုသဘောတို့ကို ကုန်းဘောင်ခေတ်ပေါ် အီနောင်နန်းတွင်းဇာတ်၊ ကေသာသီရိနန်းတွင်းဇာတ်၊ ဝိဇယကာရီနန်းတွင်းဇာတ်၊ ဣန္ဒာဝံသနန်းတွင်းဇာတ်တို့တွင် တွေ့နိုင်ပါသည်။

သာဓကအားဖြင့် အီနောင်နန်းတွင်း ဇာတ်တော်တွင် အီနောင်မင်းသား၏ လက်ရုံး၊ ဘုန်း၊ အာဏာ၊ မိဖုရားများပြားမှုတို့ ဖြစ်ပါသည်။ အဓိကဇာတ်ဆောင်မင်းသား၏ ဘဝဓလေ့ကို ဖော်ပြရာတွင် နန်းဓလေ့ယဉ်ကျေးမှုကိုလည်း ထည့်သွင်းရေးဖွဲ့လေ့ ရှိသည်။ အီနောင်မင်းသားအား သကြန်တော်ခေါ်စေသည့် မင်္ဂလာအခမ်းအနား ကျင်းပရာတွင် ဒါဟာပြည် ပြည့်ရှင်မင်းကြီး၏ အမိန့်အတိုင်း မှူးမတ်တို့ဆောင်ရွက်ပုံ၊ သားတော်တို့ သကြန်တော်ခေါ်စေပုံကို–

> "သားတော်တို့ကို သကြန်တော်ခေါ်စေရမည် ဖြစ်သည်။ အောင်မြေအောင်ရပ်တွင် သကြန်နန်းမှစ၍ စီရင်ရန်ရှိသည်ကို ပြီးပြေအောင် စီရင်။ သားတော်တို့ကိုလည်း အမိန့်တော်အတိုင်း သားများထံ လျှောက်သွားစေ။ အမိန့်တော်အတိုင်း သားတော်တို့မှာ လျှောက်ပြီးလျှင် သကြန်အခမ်းအနားကို အောင်မြေ အောင်ရပ်တွင် လုပ်ကြံဆောင် စီရင်ကြစေ။ ပြီးလျှင် သားတော်တို့ကို လျှောက်၍ သကြန်တဲနန်းမှာ စည်းဝေးနေကြစေ။ အခါတန်လျှင် ပုရောဟိတ် အခါကြားစေ။ နဝရတ်ကိုးပါးရေတို့ဖြင့် သွန်းလောင်းစေ။ ပြီးလျှင် ဝတ်လဲ တန်ဆာ ဆင်ယင်၍ အသီးသီးစံနေမြဲ တဲတော်တွင် စံနေကြစေ။ ပုဏ္ဏားတို့ လိုက်လာစေ။ ရောက်လျှင်အခါ ရကြောင်းကို လျှောက်စေ။

သကြ်န်ခေါ်ဟန်လည်း ပြုကြစေ။ ပုဏ္ဏားလည်း ဘုန်းကြီးစေ၊
သက်ရှည်စေ၊ နဝရတ်ကိုးပါးနှင့် သုံးသပ်ဟန်ပြုစေ။”[၁]

ဟု ထည့်သွင်းမှတ်တမ်းတင်ထားသည်။ ထိုယဉ်ကျေးမှုဓလေ့ထုံးစံများကို ဇာတ်ဝင်ခန်းများတွင် ထည့်သွင်းပေးခြင်းဖြင့် နန်းတွင်းဇာတ်တော်ကြီး ပီသလာသည်။ ကြီးကျယ်ခမ်းနားလာပြီး အသင့် ယုတ္တိရှိလာသည်။

ထို့အတူ နန်းတွင်းသူ အမျိုးသမီးတို့၏ ခံစားမှုစရိုက်ကိုလည်း ဘဝဓလေ့ပုံစံအဖြစ် နန်းတွင်းဇာတ်တော်တို့တွင် တွေ့မြင်ရသည်။ ပဒေသရာဇ်ခေတ် နန်းတော်ထဲရှိ နန်းတွင်းသူများ၏ ဘဝပတ်ဝန်းကျင်သည် အထိုက်အလျောက် ကျဉ်းမြောင်းသောသဘောရှိသည်။ မိမိ၏ ရင်တွင်းခံစားချက်ကို ပြောခွင့်မရကြပေ။ ထားရာနေ၊ စေရာသွားဘဝနှင့် စိတ်ကူးနှင့်ဆန္ဒတို့ ရောထွေးနေပါသည်။ ဤကဲ့သို့ အကျဉ်းကျခံနေရသော စိတ်ကြောင့်ပင် မိမိတို့ ရင်တွင်းခံစားချက်ကို တေးကဗျာများ၊ အမျှော်စိုက်သီချင်းများဖွဲ့၍ ရင်ဖွင့်ခဲ့ကြသည်။ အလွမ်းအဆွေးကို ပုံကြီးချဲ့ကြသည်။ ထို့ကြောင့်ပင် ကုန်းဘောင်ခေတ်၌ တေးကဗျာလင်္ကာများ ထွန်းကားခဲ့ဟန် တူပါသည်။ သို့သော် ကိုယ်ကျင့်တရားနှင့် သစ္စာစောင့်သိမှုစံတွင်မူ ပျောက်ကွယ်ခြင်း မရှိပေ။

နန်းတော်ထဲတွင် သမီးမိန်းကလေးမွေးက ပြည့်မျက်နှာ ဆိုသည့်အတိုင်း အရွယ်ရောက်လာလျှင် တစ်တိုင်းပြည်နှင့် တစ်တိုင်းပြည် တစ်ဖက်ဘုရင်၊ မင်းညီမင်းသားတို့ကို လက်ဆောင်ပဏ္ဏာအဖြစ် ဆက်သခြင်းမျိုး ခံရသည်။ နန်းတွင်းသူ ဘုရင့်သမီးတော်တို့သည် တိုင်းပြည်အတွက် အရေးပါသော ငြိမ်းချမ်းရေးလူသား ဖြစ်နေရပြန်သည်။ ဤသဘောတို့ကို နန်းတွင်းဇာတ်တော်တို့တွင် တွေ့မြင်ရပါသည်။ ထိုအနေအထားတွင် ထက်မြက်သော အမျိုးသမီးများ ရှိနေတတ်ပါသေးသည်။ သာဓကကြည့်လျှင် အီနောင်ဇာတ်တော်ပါ ပွတ်စပါးမင်းသမီးနှင့် ဣန္နာဝံသဇာတ်တော်ပါ ဘဂုတာရီမင်းသမီးကဲ့သို့သော အမျိုးသမီးများ ဖြစ်သည်။ သို့သော် များသောအားဖြင့် နန်းတွင်းဇာတ်တော်ပါ မိန်းမပျိုများသည် နူးညံ့သိမ်မွေ့သောစရိုက်များ အလေးကဲသည်ကို တွေ့ရပါသည်။

ဤသို့ဖြင့် နန်းတွင်းသူ၊ နန်းတွင်းသားတို့၏ ဘဝဓလေ့စွမ်းရည်တို့ကို အခြေတည်၍ ဇာတ်အိမ်ဖွဲ့လေ့ရှိခြင်းကို နန်းတွင်းဇာတ်တော်ကြီးများတွင် တွေ့ရပါသည်။

---

[၁] စ၊ ဦး၊ ၁၉၆၅၊ ၂၈၂။

## ၂။ ၆။ ဇာတ်တက်ပိုင်းတွင် ဇာတ်လမ်းဖြစ်ရပ်များကို ပိုမိုရှုပ်ထွေးလာအောင် ဖန်တီးခြင်း

နန်းတွင်းဇာတ်တော်ကြီးများသည် အလွန်ရှည်လျားသည့်အလျောက် ပရိသတ်တို့ မငြီးငွေ့စေရန် ဇာတ်ကွက်အများအပြား ထည့်သွင်းရသည်။ ဇာတ်တက်ပိုင်းတွင် ဇာတ်ဆောင်များကို တိုးချဲ့ဖန်တီး၍ ဇာတ်လမ်းကို ရှုပ်ထွေးလာအောင် အားထုတ်ခြင်းဖြင့် ပရိသတ်စိတ်ကို ဆွဲဆောင်ယူရသည်။ ရာမပြဇာတ်တော်ကြီးတွင် ရာမမင်းသား၊ သီတာမင်းသမီး၊ လက္ခဏာ သုံးဦးမှသည် ဒသဂီရိနှင့် ထပ်ဆင့်၍ ဆက်စပ်မိစေသည်။ လေးတင်ပွဲတွင် ဒသဂီရိသည် ပါဝင်ဆင်နွှဲပြီး သီတာဒေဝီကို ရယူရန် ကြိုးပမ်းခဲ့ရာမှစ၍ သီတာဒေဝီကို ခိုးယူသွားသည်အထိ ဇာတ်ဆောင် တစ်ဦးနှင့်တစ်ဦးကို ဆက်စပ်ယူပြီး ဇာတ်ဆောင်အချင်းချင်း အားပြိုင်စေမှုကို ဖြစ်ပေါ်စေသည်။ ဇာတ်လမ်းကို ရှုပ်ထွေးလာစေသည်။

ထိုရှုပ်ထွေးလာသော ဇာတ်လမ်းတွင်လည်း ပို၍အားပြိုင်မှု အရှိန်ကောင်းလာစေရန် ဇာတ်ဆောင်သစ်များကို ဖန်တီးယူသည်။ ထိုသူများမှာ ရာမမင်းသားဘက်မှ ပါဝင်သောသုကျိပ်၊ ဟနုမန်မျောက်တို့ ဖြစ်သည်။ ဒသဂီရိဘက်မှ ဦးရီးတော်မာရဇ္ဈ၊ နှမတော်ဂမ္ဘီနှင့် သားတော်နှစ်ဦးတို့ ပါဝင်သည်။ ထိုအရံဇာတ်ဆောင်များကို တိုးပွားဖန်တီး၍ ဇာတ်လမ်းကို ပိုမိုရှုပ်ထွေးစေပြီး အားပြိုင်မှုကို အားကြီးလာအောင် ဆင်ယူသည်။

အီနောင်နန်းတွင်းဇာတ်တော်တွင် မူလက အီနောင်မင်းသားသည် ပွတ်စပါးမင်းသမီးနှင့် လက်ထပ်ရန် မိဘများက ဝမ်းတွင်းကတိ စီမံထားသည်။ ထိုအခါ ဇာတ်လမ်းကို ပိုမိုရှုပ်ထွေးစေရန် အီနောင်မင်းသားသည် စစ်ကူသွားရာမှ နန်းကိန္နရာမင်းသမီးနှင့်တွေ့ဆုံပြီး ချစ်ကြိုက်ခဲ့သည်။ နန်းကိန္နရာမင်းသမီးနှင့် ချစ်ကြိုက်စဉ်တွင် လက်ထပ်ရန် ဝမ်းတွင်းကတိထားခဲ့သော ပွတ်စပါးမင်းသမီးကို မမြင်ဘူးသေးပေ။ ထိုမှတစ်ဆင့် စရကားမင်းသားနှင့် လက်ထပ်အံ့ဆဲဆဲဖြစ်နေသည့် ပွတ်စပါးမင်းသမီးကို တွေ့ပြီး ချစ်ကြိုက်မိပြန်သည်။ ထိုသို့ ချစ်ကြိုက်မိသည့်အတွက် လက်ထပ်တဲနန်းကို မီးရှို့ပြီး ပွတ်စပါးမင်းသမီးကို ခိုးယူခဲ့သည်။ ထိုသို့ ခိုးယူခြင်းဖြင့် သိကြားမင်းက ဒဏ်ခတ်သည့်အနေနှင့် လေမုန်တိုင်းကျစေပြီးလျှင် အီနောင်မင်းသားနှင့် ပွတ်စပါးမင်းသမီးကို ဝေးကွာသွားစေသည်။

ပွတ်စပါးမင်းသမီးသည် ဘမော်တန်တိုင်းပြည်နယ်စပ်သို့ ကျသွားသည်။ ဥဏ္ဍာကံ ဟူသောအမည်ဖြင့် ယောကျ်ားလေးအသွင်ဖြစ်စေကာ အီနောင်မင်းသားနှင့် ပြန်တွေ့ဆုံသော်လည်း အချင်းချင်း မမှတ်မိပေ။ စာရေးသူသည် ဇာတ်လမ်းကို ပိုမိုရှုပ်ထွေးစေရန်နှင့် စာဖတ်သူ သိလိုစိတ်များ ထက်သန်လာစေရန် ဖန်တီးရာ၌ တန်ခိုးရှင်

ဇာတ်ဆောင်များကို လိုအပ်သလို သုံးလေ့ရှိသည်။ ထိုသို့ မမှတ်မိခြင်းမှာ သိကြားမင်းကျိန်စာကြောင့်ဟု အကြောင်းပြသည်။ ခမည်းတော်၊ မယ်တော် မင်းလေးပါး ဆုံမှသာ မှတ်မိစေဟု သိကြားမင်းက ကျိန်ဆိုခဲ့သည့် ဇာတ်ကွက်ဖြင့် ဇာတ်လမ်းကို ပိုမိုရှုပ်ထွေးလာစေရန် ဖန်တီးခဲ့သည်။

လှိုင်ထိပ်ခေါင်တင်၏ ဝိဇယကာရီ နန်းတွင်းဇာတ်တွင် ဝိဇယမင်းသားကို ဗဟိုပြု၍ သီရိဝတီပြည်မှ သီရိရတနာမင်းသမီးနှင့် လက်ထပ်ရန် ကတိထားခဲ့သည်။ တစ်ဖက်မှလည်း ဝိဂရက္ကသိရသေ့ကြီး၏ထံတွင် ပညာသင်ကြားရာမှ ရသေ့ကြီး၏ သမီး သန္ဓေသူ သကနိတုံနှင့် ချစ်ကြိုက်ကာ နေပြည်တော်သို့ ခေါ်ဆောင်ခဲ့သည်။ ခမည်းတော်၊ မယ်တော်တို့က သီရိရတနာနှင့် လက်ထပ်ရန် စေလွှတ်၍ သကနိတုံကို လှည့်ဖြားကာ သီရိဝတီပြည်သို့ သွားခဲ့သည်။ လမ်းခရီးတွင် နဂါးပြည်၊ ဘီလူးပြည်တို့ကို ဖြတ်သန်းရာမှ နဂါးမင်း၏ သမီးတော် သဇ်ဝတီ နဂါးမင်းသမီး၊ ဘီလူးမင်း၏ သမီးတော် စိတ္တစန္ဒာတို့နှင့် ချစ်ကြိုးသွယ်မိပြန်သည်။ သဇ်ဝတီနှင့် ချစ်ကြိုးသွယ်ရန် အတွက် ဝိဇယကာရီသည် ရသေ့၏ကျောင်းသခ်မ်း၌ ဘောဂဝတီနဂါးမင်း၏သားတော် သဇ်ဝတီ၏အစ်ကိုတော် သုရောဇဒတ္တနဂါးမင်းသားနှင့် ကျောင်းနေဖက် သူငယ်ချင်း ဖြစ်သည်ဟူသော အချက်ကို အကြောင်းခံ၍ အကျိုးသင့်အကြောင်းသင့် ဖြစ်အောင် ဇာတ်လမ်းဆင်သည်။ ဘီလူးမင်းသမီးတော် စိတ္တစန္ဒာနှင့် ချစ်ကြိုက်ရာတွင်မူ ဘီလူးပြည်ကို ဖြတ်သန်းရာ၌ စိတ္တစန္ဒာ၏မောင်တော် ဘီလူးမင်းသား သာဒိဒေဝက ရန်ငြိုးဖွဲ့ကာ ဘွဲ့ဖြူလက်နက်ဖြင့် တိုက်ခိုက်သည့်အတွက် ဝိဇယကာရီ မေ့မျော သွားသည်။ ဝိဇယကာရီ၏လက်နက်များကို ရက္ခစိုးနတ်က သိမ်းဆည်းပြီး ဘီလူးမင်းသားက အကျဉ်းချထားရာတွင် ဘီလူးမင်းသမီး စိတ္တစန္ဒာက တွေ့မြင်၍ ချစ်ကြိုက်ခဲ့ခြင်း ဖြစ်သည်။

ထိုနည်းဖြင့် ဇာတ်လမ်းတွင် ပိုမိုရှုပ်ထွေးခက်ခဲစေပြီး ဇာတ်ရှိန်တက်လာအောင် ဖန်တီးယူထားသည်။ ဇာတ်လမ်းပိုမိုရှုပ်ထွေးပြီး စိတ်ဝင်စားဖွယ် အံ့ဩဖွယ်ဖြစ်စေရန် နဂါးမင်း၏သမီးတော် သဇ်ဝတီ၊ ရသေ့၏သမီး သန္ဓေသူ သကနိတုံ၊ ဘီလူးမင်း၏သမီးတော် စိတ္တစန္ဒာတို့နှင့် တွေ့ဆုံချစ်ကြိုးသွယ်စေသည်။ ဒိဋ္ဌလောကရှိ လူသားဇာတ်ဆောင်ကို ဒဏ္ဍာရီလောကရှိ ဇာတ်ဆောင်များနှင့် ပေါင်းစပ်ပေးခြင်းဖြင့် ဇာတ်လမ်းသည် ဒဏ္ဍာရီဆန်လာသည်။ အသင့်ယုတ္တိ အားနည်းသော်လည်း ဇာတ်လမ်း ဆန်းပြားသွားပါသည်။

## ခြုံသုံးသပ်ချက်

နန်းတွင်းဇာတ်တော်ကြီးများ၏ ဇာတ်လမ်းဖန်တီးပုံမှာ ဝတ္ထုရှည်များ၏ ဇာတ်လမ်း ဖန်တီးပုံနှင့် တူညီသည်ဟု ဆိုရမည်။ ဇာတ်ပျိုး၊ ဇာတ်နှိုး၊ ဇာတ်တက်၊ ဇာတ်ထွတ်၊ ဇာတ်ဆင်း၊ ဇာတ်သိမ်းပိုင်းများ ပါဝင်ပါသည်။ ဝတ္ထု၏အင်္ဂါရပ်များ ကဲ့သို့ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံတို့ ပါဝင်သည်။ ကာလဒေသ နောက်ခံအဖြစ် နန်းဓလေ့ယဉ်ကျေးမှုများ၊ ယဉ်ကျေးမှုဆိုင်ရာ အခမ်းအနားများကို ထည့်သွင်းရေးဖွဲ့ထားသည့် နန်းတွင်းဇာတ်တော်ကြီး၏ သရုပ်ကို ပိုမိုပီပြင်စေသည်။

ဇာတ်ပျိုးပိုင်းတွင် ထူးဆန်းအံ့ဩဖွယ်အကြောင်းများနှင့် စလေ့ရှိသည်။ ဇာတ်တက်ပိုင်းတွင်မူ ရှည်လျားသော ဇာတ်လမ်းနှင့်လိုက်ဖက်အောင် ဇာတ်ထွတ် အများအပြားကို ထည့်သွင်းသည်။ ဇာတ်လမ်းသည် ရှည်လျားလွန်းသောကြောင့် စာဖတ်သူတို့၏ စိတ်အာရုံ မငြီးငွေ့စေရန် စာရေးသူက ဒဏ္ဍာရီအကြောင်းအရာ များကို ထည့်သွင်းဇာတ်ကွက်ဆင်သည်။ ဒဏ္ဍာရီဆန်သော ဇာတ်ကွက်များနှင့် ဒဏ္ဍာရီဆန်သော နတ်၊ ဘီလူး၊ နဂါး၊ ကိန္နရီ၊ ကိန္နရာ၊ ရေသူမ စသည့် ဇာတ်ဆောင်များကို ဖန်တီးယူသည်။ ထိုဇာတ်ဆောင်များကို လူသားဇာတ်ဆောင်နှင့် ဆက်စပ်ပြီးလျှင် ချစ်ခြင်း၊ မုန်းခြင်း၊ ဆုံတွေ့ခြင်း၊ ကွဲကွာခြင်းဆိုသည့် ဇာတ်လမ်း ဖြစ်ရပ်များကို ဖန်တီးယူသည်။

နန်းတွင်းဇာတ်တော်ကြီး၏ ဇာတ်လမ်းဖန်တီးမှုတွင် ထူးခြားချက်မှာ ဇာတ်လမ်းကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ဖန်တီးရာတွင်လည်းကောင်း၊ ရှုပ်ထွေးလာအောင် ဖန်တီး ရာတွင်လည်းကောင်း၊ တန်ခိုးရှင် ဇာတ်ဆောင်များ၊ ဒဏ္ဍာရီဆန်သော ဇာတ်ဆောင် များကို ထည့်သွင်းခြင်းပင် ဖြစ်သည်။ လူနှင့်ဘီလူး၊ လူနှင့်နတ်၊ လူနှင့်နဂါး စသည်ဖြင့် မျိုးမတူ ဇာတ်ခြားသူများကို ချစ်ကြိုက်စေသော်လည်း ထိုသူတို့၏ ခံစားမှုများမှာ လူ့စိတ်၊ လူ့နှလုံးသားအတိုင်း ခံစားပြုမူပြောဆို တင်ပြရေးဖွဲ့သည့် အတွက် လူသားဇာတ်ဆောင်နှင့် နတ်၊ နဂါး၊ ဘီလူးဇာတ်ဆောင်များ ကြားတွင် ခံစားမှုများ ခြားနားမှုမရှိဘဲ တစ်သားတည်း ပေါင်းစည်းသွားပြီးလျှင် ကရုဏာ သက်ဖွယ်၊ ထိတ်လန့်အံ့ဩဖွယ် ကြောက်ရွံ့ဖွယ် စသည့် ရသခံစားမှုအမျိုးမျိုး ပါဝင် လာသည်။ ထူးဆန်းထွေပြားသော ဇာတ်ကွက်များ ပေါ်ပေါက်လာပါသည်။

နန်းတွင်းဇာတ်တော်ကြီးများကို ရေးဖွဲ့သူတို့သည် ရည်ရွယ်ချက်အဖြစ် မင်းမိဖုရား၊ မင်းညီမင်းသားတို့ ကိုယ်ကျင့်တရားစောင့်ထိန်းစေရန် အသိပေးလိုသော ရည်ရွယ်ချက်သို့ အလေးကဲသည်။ မင်းအနေနှင့် ကိုယ်ကျင့်တရားပျက်ခြင်းကို အခြေတည်၍ ဇာတ်လမ်း၏ ပြဿနာ စတတ်သည်။ ဇာတ်တက်ပိုင်းများ၌လည်း

မင်းသား မင်းသမီးတို့ ကွဲကွာခန်း၊ လွမ်းဆွေးခန်းများကို ထည့်သွင်းရာ၌လည်း မင်းသားဖြစ်ပါလျက် ကိုယ်ကျင့်တရား မစောင့်ထိန်း၍ သိကြားမင်းက ဒဏ်ခတ်သည်ဟူသော အကြောင်းပြချက်ကို သုံးလေ့ ရှိသည်။ နန်းတွင်းဇာတ်တော်များသည် ဒဏ္ဍာရီဇာတ်ဆောင် လွှမ်းမိုးသည်။ အသင့်ယုတ္တိ အားနည်းသည် ဆိုသော်လည်း ရည်ရွယ်ချက်မှာ ကောင်းမွန်သည်။ အခွင့်ရတိုင်း မင်းကျင့်တရားဆိုင်ရာ၊ ကိုယ်ကျင့်တရားဆိုင်ရာ ဦးတည်သော ဇာတ်ကွက်များ ထည့်သွင်းလေ့ ရှိသည်။ ဝတ္ထုများတွင် ဇာတ်ရှိန်တက်စေရန် အသုံးပြုသည့် အားပြိုင်နည်းကိုလည်း သုံးလေ့ ရှိသည်။ အချစ်ရေးအရ အားပြိုင်ရသည်။ အချစ်ရေးအတွက် စစ်ရေးအားပြိုင်ရသည်။ မင်းသမီးအချင်းချင်း မင်းသားတစ်ဦးတည်းအပေါ်တွင် ချစ်အာရုံထား၍ အားပြိုင်ကြသည်။

ဣန္ဒာဝံသ နန်းတွင်းဇာတ်တော်ကြီးတွင်လည်း လှိုင်ထိပ်ခေါင်တင်သည် ထူးခြားပြီး သဘာဝကျသော အားပြိုင်မှုကို သုံးထားသည်။ ဘဂုတာရီမင်းသမီး၏ မင်းသားအပေါ် ချစ်ခြင်းနှင့် မာနစိတ်တို့ အားပြိုင်သည်။ ဣန္ဒာဝံဘက်မှလည်း ဘဂုတာရီမင်းသမီးကို အချစ်စစ် အချစ်မှန်ဖြင့် ချစ်ခြင်းနှင့် အချစ်ရေး၌ ထွေပြားတတ်သောစိတ်တို့ အားပြိုင်ပြသည်။ မြန်မာနန်းတွင်းဇာတ်တော်ကြီးများ၏ ဇာတ်လမ်းဆင်ပုံမှာ အိန္ဒိယမှ ရောက်ရှိလာသော ရာမယဏဇာတ်တော်ကြီး၏ ဇာတ်လမ်းဖန်တီးမှု အရှိန်အဝါ ဩဇာသက်ရောက်မှု များပြားသည်ကို တွေ့ရသည်။ နန်းခလေ့ ယဉ်ကျေးမှုနှင့်အညီ ဒဏ္ဍာရီသဘောနှင့် ပရိသတ်ကို ဆွဲဆောင်သည်။ ဒိဋ္ဌလောက နှင့်လည်း တဖြည်းဖြည်းနီးကပ်လာအောင် ကြိုးစား၍ ဇာတ်လမ်းဆင်ခဲ့ကြသည်ကို တွေ့ရ ပါသည်။

## နိဂုံး

နန်းတွင်းဇာတ်တော်ကြီးများသည် မြန်မာစာပေသမိုင်းတွင် တစ်ခန်းတစ်ကဏ္ဍအဖြစ် ရပ်တည်ခဲ့ပါသည်။ နန်းတွင်းဇာတ်တော်ကြီးများ ဆင်းသက်လာပုံလမ်းကြောင်းမှာ စိတ်ဝင်စားဖွယ် ဖြစ်သကဲ့သို့ နန်းတွင်းဇာတ်တော်ကြီးဆိုသည့် စာပေအဖွဲ့ပုံစံကို ဖန်တီးယူကြသည့် စိတ်ကူးစိတ်သန်းမှာလည်း အံ့ဩဖွယ်၊ ချီးကျူးဖွယ် ဖြစ်ပါသည်။ ဒဏ္ဍာရီလောကနှင့် ဒိဋ္ဌလောကကို ဆက်စပ်၍ ဇာတ်လမ်း၊ ဇာတ်ဆောင်တို့ကို ဖန်တီးယူပုံများသည် စိတ်ဝင်စားဖွယ်ဖြစ်သည့်အလျောက် ဆက်လက် သုတေသနပြုသင့်သည်ဟု ထင်မြင်မိပါသည်။

# ကျမ်းကိုးစာရင်း


ခင်မင်၊ မောင်(ဓနုဖြူ)။ (၁၉၉၄)။ ***စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ***၊ ရန်ကုန်၊ စာပေလောက။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၀၃)။ ***စာဆို့ဘဝ၊ စာဆို့လက်ရာ*** ၊ ရန်ကုန်၊ အားမာန်သစ်စာပေ။

ခင်မင်၊ မောင်(ဓနုဖြူ)။(၂၀၀၅)။ ***"ကိုလိုနီခေတ်မတိုင်မီ မြန်မာပြဇာတ်အစဉ်အလာ"*** ၊ အမှတ် ၁၅၂၊ ကလျာမဂ္ဂဇင်း၊ ရန်ကုန်၊ ကလျာပုံနှိပ်တိုက်။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၀၆)။ ***ဇာတကပင်လယ်နှင့် ရာမယဏကို အခြေခံခြင်း*** ၊ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေ။

စ၊ ဦး၊ မြဝတီမင်းကြီး။ (၁၉၆၅)။ ***အိမ်နောင်နန်းတွင်းဇာတ်တော်ကြီး၊ ပထမတွဲ*** ။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ဇော်ဂျီ။ (၂၀၀၄)။ ***ရသစာပေအဖွင့်နှင့်နိဒါန်း*** ၊ ဒုတိယအကြိမ်၊ ရန်ကုန်၊ နှင်းဦးလွင်စာပေတိုက်။

ဇော်ဂျီ၊ (၂၀၀၅)။ ***ရာမဆောင်းပါးပေါင်းချုပ်*** ၊ ရန်ကုန်၊ ပုဂံစာအုပ်တိုက်။

ထွန်းမြင့်။ ဦး။ (ခုနှစ်မပါ)။ ***ဇာတကစာပေသမိုင်း၊*** ရန်ကုန်။

နေမျိုးနာဋကကျော်ခေါင်။ (၂၀၀၁)။ ***ရာမပြဇာတ်တော်ကြီး(ပထမတွဲ)***၊ ဒုတိယအကြိမ်၊ ရန်ကုန်၊ သမိုင်းသုတေသန ဦးစီးဌာန၊ တူဒေးစာအုပ်တိုက်။

နေမျိုးနာဋကကျော်ခေါင်။ (၂၀၀၂ က)။ ***ရာမပြဇာတ်တော်ကြီး(ဒုတိယတွဲ)***၊ ရန်ကုန်၊ သမိုင်းသုတေသနဦးစီးဌာန၊ တူဒေးစာအုပ်တိုက်။

နေမျိုးနာဋကကျော်ခေါင်။ (၂၀၀၂ ခ)။ ***ရာမပြဇာတ်တော်ကြီး(တတိယတွဲ)***၊ ရန်ကုန်၊ သမိုင်းသုတေသနဦးစီးဌာန၊ တူဒေးစာအုပ်တိုက်။

ပဒေသရာဇာ၊ ဝန်ကြီး။ (၁၉၆၀)။ ***မဏိကက်ပြဇာတ်***၊ ရန်ကုန်၊ ရှေးဟောင်းသုတေသနဌာန။

ဖေမောင်တင်၊ ဦး။ (၁၉၆၉)။ ***မြန်မာဝတ္ထုသမိုင်းအစ***၊ ပထမအကြိမ်၊ ရန်ကုန်၊ စိန်ပန်းမြိုင်စာပေ။

ဘတင်၊ ဦး၊ ရွှေပြည်။ (၁၉၆၆)။ ***မြဝတီစာပေဂီတ***၊ ပထမအကြိမ်၊ ရန်ကုန်၊ ပြည်ချစ်စာပေ။

မင်းမိ၊ သခင်။ (၁၉၆၅)။ ***ကေသာသီရိပြဇာတ်***၊ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

မောင်မောင်တင်၊ မဟာဝိဇ္ဇာ။(၁၉၇၁)။ ***ပြဇာတ်နှင့်ပြဇာတ်စာပေ***၊ ပထမအကြိမ်၊ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ရဋ္ဌသာရ၊ မဟာ၊ အရှင်။ (၂၀၀၀)။ ***သံဝရပျို့***။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။

လှိုင်ထိပ်ခေါင်တင်။ (မ ၁၂၁၄ )။ ***ဝိဇယကာရီ နန်းတွင်းဇာတ်တော်ကြီး၊ ပထမတွဲ***။ ရန်ကုန်၊ ဗြိတိသျှဘားမားပုံနှိပ်တိုက်။

လှိုင်ထိပ်ခေါင်တင်။ (မ ၁၂၁၆ )။ ***ဝိဇယကာရီ နန်းတွင်းဇာတ်တော်ကြီး၊ ဒုတိယတွဲ***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

လှိုင်ထိပ်ခေါင်တင်။(မ ၁၂၇၅ )။ ***ဝိဇယကာရီ နန်းတွင်းဇာတ်တော်ကြီး၊ တတိယတွဲ***။ ရန်ကုန်၊ ဗြိတိသျှဘားမားပုံနှိပ်တိုက်။

လှိုင်ထိပ်ခေါင်တင်။(၁၉၀၅)။ ***ဝိဇယကာရီ နန်းတွင်းဇာတ်တော်ကြီး၊ စတုတ္ထတွဲ***။ ရန်ကုန်၊ ဗြိတိသျှဘားမားပုံနှိပ်တိုက်။

လှိုင်ထိပ်ခေါင်တင်။ (၁၉၅၉-က)။ ***ကုန္တာဝံသ နန်းတွင်းဇာတ်တော်ကြီး၊ ပထမတွဲ***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

လှိုင်ထိပ်ခေါင်တင်။ (၁၉၅၉-ခ)။ ***ကုန္တာဝံသနန်းတွင်းဇာတ်တော်ကြီး၊ ဒုတိယတွဲ***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

သော်ဇင်၊ ဦး။ (၁၉၆၇)။ ***ပြဇာတ်ကထာ***၊ ရန်ကုန်၊ စာပေဗိမာန်။

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# တိုက်စိုး၏ စာပေဝေဖန်ရေးဆောင်းပါးများအပေါ် လေ့လာချက်

သီတာလွင်*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် တိုက်စိုး၏ စာပေဝေဖန်ရေးဆောင်းပါးများအပေါ် လေ့လာချက် စာတမ်း ဖြစ်ပါသည်။ ဆရာတိုက်စိုးသည် စာပေဝေဖန်ရေးဆောင်းပါးများကို လေ့လာရာ၌ အသုံးပြုသည့် ဝေဖန်ရေးနည်းစနစ်များနှင့် အခြားစာရေးသူ များ၏ လက်ရာများအပေါ်တွင် ဝေဖန်သုံးသပ်ပုံတို့ကို လေ့လာတင်ပြထား ပါသည်။ တိုက်စိုး၏ စာပေဝေဖန်ရေးဆောင်းပါးများအပေါ် လေ့လာချက်ကို ဆွေးနွေးရာ၌ (၁) ဦးလတ် (၂) ပီမိုးနင်း၏စာပေအမြင် (၃) ဦးဖိုးကျား၏စာ စသည့် ဝေဖန်ရေးဆောင်းပါးများကို လေ့လာသုံးသပ် တင်ပြထားပါသည်။ တိုက်စိုးသည် အခြားစာရေးဆရာများ၏ စာပေများကို လေ့လာရာ၌ အတွင်း ဝေဖန်ရေးသက်သက်သာမက အပြင်ဝေဖန်ရေးကိုပါ ထည့်သွင်းစဉ်းစား၍ သုံးသပ်ထားပါသည်။ တိုက်စိုး၏စာပေဝေဖန်ရေးအမြင် နှစ်မျိုးလုံးကို ထုတ်နုတ် လေ့လာတင်ပြထားပါသည်။

**သော့ချက်စကားလုံးများ** – *ဝေဖန်ရေး၊ နှုန်းစံ၊ အပြင်ဝေဖန်ရေး၊ အတွင်းဝေဖန်ရေး။*

## နိဒါန်း

ဆရာတိုက်စိုး ရေးသားပြုစုခဲ့သော စာပေများထဲတွင် ဝေဖန်ရေးစာပေ များလည်း ပါဝင်ပါသည်။ ဒိန်းမတ်ပုံပြင်ဆရာ အန်းဒါးဆင်း၊ မြန်မာနိုင်ငံရောက် နိုင်ငံခြားသားများ၏အမြင်ဖြင့် ရေးသားသော ခရီးသွားစာပေဆိုသည့် နိုင်ငံခြားသား တို့၏ စာပေများအပေါ်၌လည်း ဝေဖန်ရေးပြုခဲ့ပါသည်။ ဂေါ့ (L.A.Goss) ပြုစုသည့် ဝေဿန္တရာဇာတ်ဝတ္ထုမှာ ကျောင်းသုံးစာအုပ်အဖြစ် ကိုလိုနီခေတ်က ပြဋ္ဌာန်းခံခဲ့ ရသည်။ အင်္ဂလိပ်ကပြားများ၊ တရုတ်၊ ကုလားများ အတွက် နားလည်ရန် ခက်ခဲသည်။ ထိုသူများအတွက် ဝေဿန္တရာဇာတ်ဝတ္ထုကို အင်္ဂလိပ်ဘာသာဖြင့် သင်ပေးသည်။ ထိုအခါ ရန်ကုန်(ကောလီဂျီယိတ်) ဟိုက်စကူးကျောင်းဆရာ ဝှိုက်(O.White)က ဝေဿန္တရာဇာတ်ဝတ္ထုကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည်။ ထို့အတူ ပညာဝန် 'ဂေါ့'လည်း အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသည်။ ထိုနည်းဖြင့် ကျောင်းအချို့တွင် အင်္ဂလိပ်ဘာသာဖြင့် ဝေဿန္တရာဇာတ်ကို သင်ကြားကြသည်။ ထိုစာအုပ်ကို ဆရာတိုက်စိုးက ဝေဖန်ရာ တွင်မူ စာအုပ်ပါပန်းချီပုံများသည် မြန်မာ့လက်ရာသန့်သန့်များ ဖြစ်ပုံ၊ မြန်မာတို့၏

---

* ဒေါ်၊ ကထိက၊ မြန်မာစာဌာန၊ မအူပင်တက္ကသိုလ်

ဆင်ယင်ထုံးဖွဲ့မှု၊ ယဉ်ကျေးမှု တစ်စိတ်တစ်ပိုင်းကို ဖော်ပြနေပုံဆိုသည့် ပန်းချီရှုထောင့်ကို ထည့်သွင်းသုံးသပ်ဝေဖန်ထားပါသည်။

မြန်မာစာရေးဆရာများထဲမှ ကုန်းဘောင်ခေတ်တွင် ထင်ရှားခဲ့သော ဦးပုည၏ ကာကဝလိယမယားဝတ္ထု၊ ဝေဿန္တရာဇာတ်ဝတ္ထုတို့ကို လေ့လာတင်ပြထားပါသည်။ ဦးပုည၏ကာကဝလိယမယားကို သုံးသပ်ရာ၌ အဋ္ဌကထာတွင် ပါရှိပြီးဖြစ်သော ဇာတ်လမ်းကို ဝတ္ထုတိုအဖြစ် ပြန်လည်ရေးဖွဲ့ရာ၌ ကာကဝလိယမယား၏ စရိုက်အဖွဲ့ကို သက်ဝင်လှုပ်ရှားပြီး သဘာဝကျအောင် ရေးသားနိုင်ပုံကို လေ့လာတင်ပြထားသည်။ ထိုအဖွဲ့သည် သဘာဝကျပြီး ရယ်မောရွှင်ပြုံးဖွယ် ဖြစ်သည်။ လူ့သဘာဝအဖွဲ့ကောင်းကို ရေးသားရာ၌ စာရေးသူသည် ဒိဋ္ဌလောက၌ရှိသော လူ့စရိုက်၊ လူ့သဘာဝများမှယူ၍ ခံစားရေးဖွဲ့သည်ဟု သုံးသပ်ထားသည်ကို တွေ့ရသည်။ ရှေးစာပေအပေါ်၌ ခေတ်အမြင်နှင့် သုံးသပ်ပြထားသည်ကို တွေ့ရသည်။

ဆရာတိုက်စိုးသည် ကိုလိုနီခေတ် မြန်မာစာရေးဆရာများထဲမှ ဦးလတ်၊ ဦးဖိုးကျား၊ ပီမိုးနင်း၊ သိပ္ပံမောင်ဝ၊ ဇော်ဂျီ၊ သိန်းဖေမြင့်တို့၏ စာပေများကို ဝေဖန်သုံးသပ်ထားသည်။ ဇော်ဂျီ၏ဝတ္ထုတိုများကိုသုံးသပ်ရာ၌ တိုက်စိုးက ဇော်ဂျီသည် မြန်မာ့ရိုးရာဓလေ့၊ မြန်မာမှုနှင့် အကျွမ်းတဝင်ရှိသည့်အလျောက် သူ၏ဝတ္ထုတိုများတွင် တောရိပ်၊ တောင်ရိပ် လွှမ်းနေသည်။ ဇာတ်စကား၊ ပါဠိကျမ်းဂန်စကား၊ ထီးသုံးနန်းသုံးစကား၊ ကျေးလက်စကားတို့ကို သူ့နေရာနှင့်သူ ပီပီပြင်ပြင် သုံးစွဲထားသည်ဟု သုံးသပ်ပြထားသည်။

သိပ္ပံမောင်ဝ၏စာပေလက်ရာများကို သုံးသပ်ရာတွင်မူ ဆရာတိုက်စိုးက စာပေများ ရေးဖွဲ့တင်ပြဟန်ရှုထောင့်မှ သုံးသပ်ပြထားသည်။ သိပ္ပံမောင်ဝသည် စာပေရေးဖွဲ့ရာ၌ ဣန္ဒြေသိက္ခာကြီးနှင့်မဟုတ်ဘဲ စာဖတ်သူနှင့် ရင်းနှီးသည့်လေသံပါအောင် ရေးနိုင်သည်။ စိတ်ထဲတွင် ခံစားရသည့်အတိုင်း ရေးဖွဲ့သည်ဟု ဖော်ပြထားပါသည်။

သိန်းဖေမြင့်၏ ဝတ္ထုတိုများကို သုံးသပ်ရာ၌ စာရေးသူက သုခုမပညာမြောက်သည်။ လေးနက်သော အဓိပ္ပာယ်မပါသော်လည်း သူ့နေရာနှင့်သူ ချစ်စရာကောင်းသည်။ ဇာတ်လမ်း၊ ဇာတ်ကွက်၊ လူ့စရိုက်အဖွဲ့၊ ကာလဒေသတို့ကို နေရာတကျ ရောယှက်ပေါင်းစည်း၍ အိုးတန်ဆန်ခတ် တင်ပြနိုင်သည်။ ဝတ္ထု၏ အင်္ဂါရပ များသည် အဆင်ပြေညီညွတ်သည်ဟု မှတ်ချက်ချထားပါသည်။

ဦးလတ်၏ ရွှေပြည်စိုးဝတ္ထုနှင့် စံပယ်ပင်ဝတ္ထုများကို ဝေဖန်ရာတွင်မူ ဦးလတ်၏ ဝါသနာ၊ စရိုက်၊ ဘဝနှင့် ဦးလတ်ကျင်လည်ခဲ့သော ခေတ်နောက်ခံများကို အလေး

ပေး၍ သုံးသပ်ထားသည်။ စာပေသည် စာရေးသူ၏ ဘဝပတ်ဝန်းကျင်နှင့်မကင်း ဆိုသည့် အမြင်ကို တင်ပြထားပါသည်။

ပီမိုးနင်း၏စာပေအမြင်ကို သုံးသပ်ရာ၌ ပီမိုးနင်း၏ ဝေဖန်ရေးစာပေများကို ကိုးကား၍ ခေတ်မီသစ်လွင်သော ပီမိုးနင်း၏စာပေအမြင်ကို ဂုဏ်ပြုထားသည်။ ဦးဖိုးကျား၏စာကို သုံးသပ်ရာ၌ ဦးဖိုးကျား၏ ဘဝအတွေ့အကြုံ၊ စေတနာတို့နှင့် စာပေကိုဆက်စပ်၍ တင်ပြလေ့လာထားသည့် အမြင်များကို တွေ့ရပါသည်။

ဤစာတမ်းတွင် ဆရာတိုက်စိုး၏ ဝေဖန်ရေးစာပေများထဲမှ ဦးလတ်၊ ပီမိုးနင်း၏ စာပေအမြင်၊ ဦးဖိုးကျား၏စာ ဆိုသည့် ဆောင်းပါး(၃)ပုဒ်ကို လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

## ၁။ ဝေဖန်ရေးဟူသည်

စာပေအနုပညာပစ္စည်းတစ်ခုကို စာရေးသူသည် တွေ့ကြုံခံစားပြီးနောက် မိမိ၏စိတ်ကူးဉာဏ်နှင့် ဖန်တီးရေးဖွဲ့သည်။ စာဖတ်သူတို့က ထိုစာပေအနုပညာ၏ အကောင်းအဆိုးများကို ခံစားကြသည်။ ခံစားမှုထက်လွန်၍ ဆင်ခြင်စဉ်းစားနိုင်သူတို့က ဆင်ခြင်သုံးသပ်ကြသည်၊ ဝေဖန်ကြသည်။ ထိုသို့ ဝေဖန်ရာတွင် နှုန်းစံများကို အသုံးပြုလေ့ ရှိသည်။ နှုန်းစံနှင့်ပတ်သက်၍ ဇော်ဇော်အောင်က–

> "နှုန်းစံ ဆိုသည်မှာ ဤသို့ဤပုံရေးလျှင် ကောင်းသည်။ ဤသို့ဤပုံ သရုပ်ဖော်မှုသည် မကောင်း။ ဤနေရာတွင် ဤသို့ရေးဖွဲ့သင့်သည် စသည်ဖြင့် ကြိုတင်ဆုံးဖြတ်ချက်များကို ဆိုလိုပါသည်"[၁]

ဟု ဆိုထားပါသည်။ ကြောင်းကျိုးဆက်စပ်မှုရှုထောင့်မှ ကြည့်လျှင်လည်း အသင့်ယုတ္တိ ရှိမရှိကို လေ့လာကြပါသည်။ ထိုသို့ ကောင်းသည်၊ ဆိုးသည်ဟု သုံးသပ်ခြင်းကိုပင် ဝေဖန်သည်၊ အကဲဖြတ်သည်၊ တန်ဖိုးဖြတ်သည်ဟု ခေါ်ဝေါ်ပါသည်။ စာပေသဘော တရားတွင် နှစ်မျိုး ပိုင်းခြားထားပါသည်။ တစ်မျိုးမှာ ကဗျာ၊ ဝတ္ထု စသော အနုပညာ ပစ္စည်း၏ အတွင်းစာသားမှ ရရှိသော သဘောတရားများ ဖြစ်ပါသည်။ ယင်းကို INTERNAL / TEXTUAL သဘောတရားများဟု ခေါ်သင့်သည်။

အနုပညာပစ္စည်း၏ အတွင်းမှာ မဟုတ်သော (သို့) စာသား မဟုတ်သော သဘောတရားများလည်း ရှိပါသည်။ ယင်းကို CONTEXTUAL သဘောတရားများ

---

[၁] ဇော်ဇော်အောင်၊ ၂၀၀၄၊ ၂၇၈။

ဟု ခေါ်ပါသည်။ အတွင်းဝေဖန်ရေးသည် အနုပညာပစ္စည်းတစ်ခုရှိ စာသားများကို ကြည့်၍ အကောင်းအဆိုး ဝေဖန်ခြင်းကို ခေါ်သည်။ အပြင်ဝေဖန်ရေးမှာမူ အနုပညာ ပစ္စည်း၏ ပြင်ပဖြစ်သော စာရေးသူ၏ဘဝပတ်ဝန်းကျင်၊ ခေတ်ပတ်ဝန်းကျင်၊ လူမှု ပတ်ဝန်းကျင် စသည်တို့နှင့် ဆက်စပ်၍ သုံးသပ်ဝေဖန်သော ဝေဖန်ရေး ဖြစ်သည်။ ဝေဖန်ရေးတွင်လည်း ထိုအချက်များကိုအခြေခံ၍ အတွင်းဝေဖန်ရေး (INTRINSIC) နှင့် အပြင်ဝေဖန်ရေး (EXTRINSIC) ဟု နှစ်မျိုး ရှိသည်။ ဝေဖန်ရေးနှင့်ပတ်သက်၍ ဇော်ဇော်အောင်က–

> "အကောင်းအညံ့ ခွဲခြားခြင်း ဟူသည် ဝေဖန်ရေး၏သော့ချက် ဖြစ်သည်။ တန်ဖိုးဖြတ်ခြင်း EVALUATION ဟုလည်း ခေါ်နိုင် သည်။ တန်ဖိုးဖြတ်ချက်များ VALUE – JUDGEMENT ပေးခြင်း ဟုလည်း ခေါ်နိုင်သည်။ ဝေဖန် ဟူသော စာသား၏ မူလအဓိပ္ပာယ်ကိုက အကောင်း၊ အဆိုး၊ အကျိုးအပြစ် ခွဲခြားပြခြင်း ဟူသော သဘောပါဝင်နေပြီဖြစ်ကြောင်း သတိပြုသင့်သည်။ အကဲဖြတ်သည်ဟုလည်း နားလည်အပ်ပါသည်။ ထိုသို့ ကောင်း/ ညံ့ တန်ဖိုးဖြတ်ခြင်းပါမှ 'ဝေဖန်ရေး' အရာမြောက်သည်ဟု နားလည်အပ်ပါသည်"[၁]

ဟု ဆိုထားပါသည်။

အတွင်းလေ့လာမှု ဆိုသည်မှာ စာပေအနုပညာပစ္စည်းတစ်ခုခု၏ ပင်ကိုယ်ထည် ကိုသာလျှင် လေ့လာခြင်းမျိုး ဖြစ်သည်။ ထိုလေ့လာနည်းတွင် အနုပညာပစ္စည်းနှင့် ဆက်စပ်နေသော အခြားသောအကြောင်းအရာများ၊ အခြေအနေများ၊ ဖြစ်ရပ်များ၊ ထင်မြင်ချက်များကို ဖယ်ရှားထားသည့် နည်း ဖြစ်သည်။ အနုပညာပစ္စည်း၏ ပင်ကိုယ်ထည်၌ ပါဝင်သော ကြားခံဘာသာစကားကို လေ့လာခြင်း ဖြစ်သည်။ အပြင်လေ့လာမှုမှာ စာပေလေ့လာမှုတစ်ရပ် (ကဗျာ၊ ဝတ္ထု) စသည်တွင် ဖန်တီးသူ ကဗျာဆရာ၊ ဝတ္ထုဆရာတို့ ရှိသည်။ စာရေးသူတို့၏ စရိုက်သဘာဝ၊ အတွေးအခေါ်၊ အယူအဆ၊ ဉာဏ်ပညာအဆင့်အတန်း၊ သူ့ခေတ်အခြေအနေနှင့် သူ၏ဘဝအတွေ့အကြုံ၊ သူဆက်ခံခဲ့သော စာပေ၊ အနုပညာတို့၏ အစဉ်အလာတို့ကို ထည့်သွင်းစဉ်းစား၍ လေ့လာသောနည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အပြင်လေ့လာနည်း (သို့) ဝေဖန်ရေးသည် ကျယ်ကျယ်ပြန့်ပြန့် နှင့် အချိန်ကာလကြာမြင့်စွာ ထွန်းကားနေခဲ့သည်။ ကိုလိုနီခေတ်တစ်လျှောက်လုံးတွင်

[၁] ဇော်ဇော်အောင်၊ ၂၀၀၄၊ ၃၁။

ထွန်းကားခဲ့သော စာပေလေ့လာမှုများကိုကြည့်လျှင် အပြင်လေ့လာမှုနည်းကို အသုံး များသည်ကို တွေ့ရသည်။ အပြင်လေ့လာနည်း ထွန်းကားခဲ့သည်မှာ ကမ္ဘာ၌လည်း ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ အနုပညာသမား၏အတ္ထုပ္ပတ္တိနှင့် ယှဉ်တွဲလေ့လာမှုသည် ၁၆ ရာစု ခန့်ကပင် ပေါ်ထွန်းခဲ့သည်။ ထိုလေ့လာနည်းသည် ၁၈ ရာစု၊ ၁၉ ရာစု တစ်လျှောက်လုံးတွင် အထွန်းကားဆုံး လေ့လာနည်း ဖြစ်သည်။ သိပ္ပံပညာထွန်းကားလာသော ခေတ်တွင်မူ စာပေအနုပညာကို တိကျသေချာစွာ လေ့လာရန် စိတ်အားထက်သန်လာသည်။ ထို့ကြောင့် ဝေဖန်သူ၏အကြိုက် ဆန္ဒစွဲများ လွှမ်းမိုးနေသော ဝေဖန်ရေးမှတစ်ဆင့် ကြောင်းကျိုးဆက်စပ်မှုရှိသော လေ့လာမှုသို့ ကူးပြောင်းခဲ့ကြသည်။ အထက်ဖော်ပြပါ ဝေဖန်ရေးနှစ်မျိုးအပြင် ဝေဖန်ရေးသစ် NEW CRITICISM ပေါ်ထွန်းလာသည်။ ဝေဖန်ရေးသစ်သည် စာပေအကြောင်းအရာသက်သက်ကိုသာ လေ့လာခြင်း မဟုတ်ဘဲ စာပေကို လေ့လာသည့် အတွင်းဝေဖန်မှုသဘောပင် ဖြစ်သည်။

မြန်မာစာပေဝေဖန်ရေးသည် သက္ကတအလင်္ကာကျမ်းများကို အခြေခံခဲ့သည်။ ထိုကျမ်းများက သတ်မှတ်သော အလင်္ကာစနစ်များ၊ စံများ၊ စည်းကမ်းများဖြင့် စာပေကို သုံးသပ်သည်၊ တိုင်းတာသည်၊ စံထိုးသည်။ ကဗျာများကို သုံးသပ်ဝေဖန် ရာတွင် အသုံးပြုသောနည်းကို မြဇင်က–

> "အလင်္ကာဆရာ၏အဆိုမှာ ကဗျာဆရာသည် ကိုယ်ပိုင်ထိုးထွင်း ဉာဏ်ဖြင့် ဆန်းသစ်သောစာကို တီထွင်နိုင်ရမည်။ ခေတ်သုံး လောကဝေါဟာရကို အစဉ်အတိုင်း ကောင်းစွာသိရမည်။ အသင့်ယုတ္တိ ရှိအောင် ဖွဲ့တတ်ရမည်။ ဘာဝ၊ ဝိဘာဝ၊ အနုဘာဝ ပါအောင် စီကုံးရမည်။ ထိုသို့သော စာသည် အရည်အချင်းရှိသော စာ ဖြစ်သည်"[၁]

ဟု ဆိုထားပါသည်။

ဝေဖန်ရေးစာပေများသည် ကိုလိုနီခေတ်ခန့်ကပင် စတင်ပေါ်ထွန်းခဲ့သည်။ သိပ္ပံမောင်ဝသည် မဏိ–ဦးကေတုကျောင်းသားကလောင်အမည်ဖြင့် ၁၉၃၅ ခုနှစ်တွင် ကာလပေါ်ဝတ္ထုများအကြောင်းနှင့် မြန်မာပြဇာတ်များအကြောင်းကို ကြီးပွားရေး မဂ္ဂဇင်း၌ ဝေဖန်သုံးသပ်ပြခဲ့သည်။ ဝတ္ထုများကို ဝေဖန်သုံးသပ်ရာ၌ ဇာတ်လမ်းဆင်ပုံ အသင့်ယုတ္တိ ရှိမရှိနှင့် ထပ်တလဲလဲ ပုံစံတူဇာတ်လမ်းဆင်တတ်ပုံများကို ထောက်ပြ ခဲ့သည်။ ဆရာဇော်ဂျီသည် ၁၉၃၄နှင့် ၁၉၃၆ ခုနှစ်များတွင် ဂန္ထလောကမဂ္ဂဇင်း၌

[၁] ဝေဖန်ရေးစာပေစာတမ်းများ(ပတွဲ)၊ ၁၉၈၆၊ ၁၇။

စာပေဝေဖန်ရေးဆောင်းပါး (၆)စောင် ရေးခဲ့သည်။ ဆရာဇော်ဂျီ၏ စာပေဝေဖန်ရေး အမြင်မှာ–

> "ဖန်တီးဖွဲ့ဆိုသော စာမျိုးသည် စာရေးဆရာတို့၏ စေတနာကို လည်းကောင်း၊ စိတ်ကူးဉာဏ်ကိုလည်းကောင်း၊ အတွေ့အကြုံ အကြားအမြင်တို့ကိုလည်းကောင်း အမှီပြုနေသည်။ စေတနာကြီးလျှင် ခံ့ညားသောစာ ဖြစ်ထွန်းနိုင်သည်။ စိတ်ကူးဉာဏ်ထက်မြက်လျှင် နက်နဲသောစာ ဖြစ်ထွန်းနိုင်သည်။ အတွေ့အကြုံ အကြားအမြင် နှံ့စပ်လျှင် ကျယ်ဝန်းသောစာ ဖြစ်ထွန်းနိုင်သည်။ အားလုံးစုံလျှင် စာမနောမယ ဖြစ်ထွန်းနိုင်သည်"[၁]

ဟု ဆိုမိန့်ခဲ့ပါသည်။

ဒေါက်တာလှဖေသည် ၁၉၃၇နှင့် ၁၉၃၈အတွင်း၌ ဂန္ထလောကမဂ္ဂဇင်းတွင် စာပေဝေဖန်ရေး ဆောင်းပါးများ ရေးသားခဲ့သည်။ ဒေါက်တာလှဖေသည် စာပေ ဝေဖန်ရာ၌ နှိုင်းယှဉ်ဝေဖန်နည်းကို အများဆုံးသုံးခဲ့သည်။ မြဇင်က ဦးဖေမောင်တင်၏ မြန်မာစာပေသမိုင်းသည် ၁၉၃၈–၁၉၃၉ တွင် ပေါ်ထွက်လာသည်။ စာပေသမိုင်းဟု ဆိုထားသော်လည်း စာပေဝေဖန်အကဲဖြတ်ရေးနှင့် မကင်းနိုင်ကြောင်း ဖော်ပြပြီးလျှင်–

> "ဦးဖေမောင်တင်သည် စာပေဝေဖန်အကဲဖြတ်ရာ၌ သမိုင်းစဉ်အရ ဝေဖန်နည်း၊ နှိုင်းယှဉ်ဝေဖန်နည်း၊ အတ္ထုပ္ပတ္တိနှင့် စပ်ဟပ်ဝေဖန်နည်း၊ ဩဇာသက်ရောက် လွှမ်းမိုးမှုပြ ဝေဖန်နည်း၊ တန်ဖိုးအကဲဖြတ်နည်း စသော ဝေဖန်နည်း အမျိုးမျိုးကို အသုံးပြုခဲ့သည်"[၂]

ဟု ဆိုမိန့်ခဲ့ပါသည်။

စာပေအပါအဝင် အနုပညာရပ်အားလုံးတွင် ရသခံစားမှု သဘောထားနှင့် ဝေဖန်ရေး သဘောထား ဟူ၍ နှစ်မျိုးရှိသည်။ ထိုအကြောင်းများကို ဇော်ဇော်အောင်က သရဖူဆောင်းပါးများစာအုပ်တွင်–

> "ထိုသဘောထားနှစ်ရပ်မှာ ရသခံစားမှု သဘောထား၊ ဝေဖန်မှု သဘောထား ဖြစ်သည် ရသခံစားမှု သဘောထားသည် တန်ဖိုး ထားသူ အထွေထွေပရိသတ် (ဝါ) တန်ဖိုးထားသူ အထွေထွေ ပရိသတ်က ထားရှိသော သဘောထား ဖြစ်ပါသည်။ ဝေဖန်ရေး

---

[၁] ဝေဖန်ရေးစာပေစာတမ်းများ(ပတွဲ)၊ ၁၉၈၆၊ ၃၂။
[၂] ဝေဖန်ရေးစာပေစာတမ်းများ(ပတွဲ)၊ ၁၉၈၆၊ ၄၁။

> သဘောထားသည် တန်ဖိုးဖြတ်သူ ပညာရှင်နှင့် ဒဿနဆရာ၊ ဝေဖန်ရေးဆရာက ထားရှိသော ဝေဖန်ရေးသဘောထား ဖြစ်ပါသည်”[၁]

ဟု ဆိုထားပါသည်။ ရသခံစားမှုသဘောထားဆိုသည်မှာ–

> “အနုပညာတစ်ရပ်ရပ်နှင့် တွေ့ဆုံကြုံကြိုက်သည့်အခါ ပရိသတ်တစ်ယောက်ယောက်က ခံစားကြည်နူးမှုရရန်အတွက် သက်သက်မျှသာ ခံစားသည်။ အခြားရည်ရွယ်ချက်များ၊ အခြားအကျိုးကို မမျှော်ကိုး၊ နှစ်သက်ကြည်နူးမှု ရရန်အတွက် သက်သက်မျှသာ ခံစားသောသူသည် ရသသဘောထားဖြင့် ခံစားသည်။ သို့မဟုတ် ထိုသူတွင် ထိုသို့ခံစားစဉ် ရသခံစားမှုသဘောထား တည်ရှိနေသည်”[၂]

ဟု ယူဆရပါသည်။ ဝေဖန်ရေးသဘောထားမှာမူ–

> “အနုပညာတစ်ရပ်နှင့် တွေ့ဆုံကြုံကြိုက်သည့်အခါ အနုပညာပရိသတ်တစ်ယောက်က ထိုအနုပညာကို ခံစားသည်။ ခံစားရုံသက်သက်မျှသာ မဟုတ်ဘဲ ထိုအနုပညာကို စူးစမ်းသည်၊ သုံးသပ်သည်၊ အကြောင်းအကျိုးဆက်စပ်၍ စဉ်းစားသည်။ အနုပညာ၏သဘာဝကို စူးစမ်းသုံးသပ်၍ ဆက်စပ်စဉ်းစားရုံမျှမက ထိုအနုပညာတွင် ပါဝင်သော အစိတ်အပိုင်းများကို ခွဲခြမ်းစိတ်ဖြာ၍ ကြည့်သည်။ မေးခွန်းတက်သည်၊ စောဒကတက်သည်။ ဤသို့ ထိုအနုပညာကို အလုံးစုံနားလည်ရန် ကြိုးပမ်းသည်”[၃]

ဟု မှတ်ယူရပါမည်။

## ၂။ တိုက်စိုး၏ စာပေဝေဖန်ရေးဆောင်းပါးများအပေါ် လေ့လာချက်

### ၂.၁။ ဦးလတ်

စာရေးဆရာတိုက်စိုးသည် စာပေဆောင်းပါးအမျိုးမျိုးနှင့် ရသစာတမ်းများကို ရေးသားခဲ့သည်။ သူ၏ စာပေဆောင်းပါးများထဲတွင် ဝေဖန်ရေးဆောင်းပါးများလည်း ပါဝင်ပါသည်။ ထိုဝေဖန်ရေးဆောင်းပါးများထဲတွင် ဆရာတိုက်စိုး၏ စာပေအမြင်ကို

---

[၁] ဇော်ဇော်အောင်၊ ၂၀၀၆၊ ၁၇။

[၂] ဇော်ဇော်အောင်၊ ၂၀၀၆၊ ၁၈။

[၃] ဇော်ဇော်အောင်၊ ၂၀၀၆၊ ၁၉။

တွေ့ရပါသည်။ ဆရာတိုက်စိုး၏ စာပေဝေဖန်ရေး သဘောတရားနှင့် အသုံးပြုသည့် နည်းနာများကိုလည်း လေ့လာခွင့်ရပါသည်။ ဆရာတိုက်စိုး ဝေဖန်ထားသော ဦးလတ်၏ ရွှေပြည်စိုးဝတ္ထုအကြောင်းတွင် ဝေဖန်ရေးနည်းနာများအဖြစ် အပြင်ဝေဖန်ရေးနှင့် အတွင်းဝေဖန်ရေး နှစ်မျိုးလုံးကို အသုံးပြုထားသည်ကို တွေ့ရပါသည်။ ထိုနှစ်မျိုး အနက် ဆရာတိုက်စိုးသည် အပြင်ဝေဖန်ရေးကို အလေးကဲ၍ တင်ပြထားသည်ဟု ထင်မြင်မိပါသည်။

စာရေးဆရာ တိုက်စိုးသည် ရွှေပြည်စိုးဝတ္ထု ရေးသားသူ ဦးလတ်ကို စိတ်ဝင်စားသည်၊ ဦးလတ် မွေးဖွားကြီးပြင်းခဲ့သော ခေတ်ကာလနောက်ခံ၊ ထိုခေတ် ကာလနောက်ခံပေါ်တွင် မြန်မာမှု မြန်မာ့ဟန်ကို ချစ်ခင်လေးစားသော မျိုးချစ် စိတ်ဓာတ်၊ ထိုစိတ်ဓာတ်တို့ကိုအခြေခံ၍ နယ်ချဲ့အုပ်ချုပ်ရေး စက်ယန္တရားအောက်တွင် ဦးလတ် ရင်ဆိုင်ရသော ပဋိပက္ခများကို ပြည့်ပြည့်စုံစုံ ထည့်သွင်းဖော်ပြထားသည်။ ပုဂ္ဂိုလ်ခင်မှ တရားမင်သည်ဆိုသည့် စကားအတိုင်းပင် ဆရာတိုက်စိုးသည် ရွှေပြည်စိုး ဝတ္ထုတွင် ဖော်ပြထားသော ဦးလတ်၏ပုံကို တစိမ့်စိမ့်ကြည့်၍ နှစ်သက်ခဲ့သူ ဖြစ်သည်။

ဦးလတ် ဝတ္ထုစတင်ရေးသားသော အချိန်ကာလသည် ကိုလိုနီခေတ်ဦးကာလ ဖြစ်သည်။ မြန်မာဝတ္ထုရှည်၏အစဖြစ်သော မောင်ရင်မောင် မမယ်မဝတ္ထုသည် ၁၉၀၄ ခုနှစ်တွင် ပေါ်ထွန်းခဲ့သည်။ ဦးလတ်၏ ရွှေပြည်စိုး(၁၉၁၄)နှင့် စံပယ်ပင်ဝတ္ထုသည် (၁၉၁၂)ဝန်းကျင်တွင် ပေါ်ထွက်ခဲ့သည်။ ဆရာတိုက်စိုးက ဦးလတ်၏ စာပေများကို ဝေဖန်ရာတွင် ထိုခေတ်က ခေတ်စားနေသော စာဓလေ့အခြေအနေနှင့်ယှဉ်၍ သုံးသပ် ပြသည်။ ဦးလတ်သည် ခေတ်၏စရိုက်နှင့် မကင်းအောင်လည်း ရေးသည်။ ကာလပေါ် ဝတ္ထုတို့၏ဂုဏ်ရည်ဖြစ်သည့် လူ့သဘာဝအဖွဲ့ကိုလည်း ပါဝင်အောင် ရေးသည်ဟု သုံးသပ်တင်ပြထားသည်။ ထိုသဘောကို–

> "ဦးလတ်သည် မြန်မာပီသသလောက် သူ့စာကလည်း နိပါတ်သုံး၊ ရာဇဝင်သုံးစကားတွေနှင့်တကွ တေးထပ်၊ ဘောလယ်၊ ငိုချင်း စုံသည်။ သို့သော် စာပေသမားများက သူ့စာတွင် ထိုအချက်များ သာမက အခြား ထူးခြားချက်တစ်ခုလည်း ပါရှိသည်ဟု ဆိုခဲ့ ကြသည်။ မှန်၏။ ဦးလတ်၏ အရင်သော်လည်းကောင်း၊ ဦးလတ်နှင့် ခေတ်ပြိုင်သော်လည်းကောင်း ကာလပေါ်ဝတ္ထုများ ပေါ်ပေါက်ခဲ့ ဖူးရာ ထိုဝတ္ထုများတွင် စာနုစာယဉ်ပါသည်ချည်း ဖြစ်၏။ ဇာတ်လမ်းဇာတ်ကွက် နှစ်သက်ဖွယ်ချည်း ဖြစ်၏။ ဦးလတ်၏ ဝတ္ထုများတွင် တိုးလာသည်မှာ လူ့သဘာဝအဖွဲ့ပေတည်း။ ကာလပေါ်

> ဝတ္ထုတွင် လူ့သဘာဝအဖွဲ့သည် အလွန်အရေးကြီးသည့် အင်္ဂါရပ်ပင် မဟုတ်ပါလား။ လူ့သဘာဝ ဖော်နိုင်စွမ်းအတွက်ကြောင့် ဦးလတ်ကို လမ်းရိုးဟောင်းထွင် ဆင့်ကာထွင်သူ ဟူ၍ စာပေသမားများက သြဘာပေးခဲ့ကြသည် မဟုတ်ပါလား"[၁]

ဟု သုံးသပ်ဝေဖန်ထားပါသည်။ ထိုဝေဖန်ရေးကိုကြည့်လျှင် ဦးလတ်၏ လူပုံကြော့ပုံ၊ မြန်မာပီသပုံများနှင့် ဆက်စပ်၍ သူ့စာများ၏ အနေအထားကို သုံးသပ်ပြသည်။ ထိုဝေဖန်ရေးသည် အပြင်ဝေဖန်ရေးသဘော ဖြစ်သည်။ တစ်ဆက်တည်းမှာပင် ဦးလတ်၏ဝတ္ထု ပေါ်ပေါက်လာသည့် ခေတ်အခြေအနေကို တင်ပြပြန်သည်။ ထိုခေတ် အခြေအနေမျိုး၌ ခေတ်ခလေ့လည်း ပါဝင်ပြီးလျှင် စာပေပုံစံသစ်အဖြစ် ပေါ်ထွန်း လာသော ကာလပေါ်ဝတ္ထု၏ အင်္ဂါရပ်နှင့်ညီသည့် သဘောကိုလည်း ထူးခြားချက် အဖြစ် ဆန်းစစ်တင်ပြထားသည်။ ထိုအပိုင်းမှာမူ အတွင်းဝေဖန်ရေး ဖြစ်သည်။ အတွင်း ဝေဖန်ရေး၏သဘောအတိုင်း ဝတ္ထုတွင်း၌ ပါဝင်သော လူ့သဘာဝအဖွဲ့များကြောင့် ဦးလတ် ဂုဏ်တက်ရပုံကို ထောက်ပြထားသည်။ ဆရာတိုက်စိုးသည် ဝေဖန်စာများကို ရေးသားရာ၌ မိမိအမြင်တစ်ခုတည်းကိုသာ တင်ပြခြင်း မဟုတ်ဘဲ ထိုခေတ်က စာပေ သမားများ၏ အမြင်များနှင့်ယှဉ်၍ တင်ပြထားသောကြောင့် ဦးလတ်၏ဂုဏ်ရည်သည် ပို၍ ခိုင်မာခဲ့ရပါသည်ဟု ထင်မြင်မိပါသည်။

ဆရာတိုက်စိုးသည် စာရေးဆရာတစ်ဦး၏ စာပေအပေါ်ဝေဖန်ရာ၌ စာရေးဆရာ၏ စိတ်ဓာတ်နှင့်ဆက်စပ်၍လည်း တင်ပြတတ်သည်။ ထိုသဘောကို–

> "ဤအတိုင်းဆိုလျှင် ဦးလတ်သည် မြန်မာမှုကိုလည်း နှစ်သက်ပုံ ရသည်။ ဘဝအတွေ့အကြုံကိုလည်း သုံးသပ်ဆင်ခြင်တတ်ပုံ ရသည်။ ဆင်ခြင်သမျှကိုလည်း ရေးဖွဲ့တတ်ပုံရသည်။ ဦးလတ်၏ အကြောင်းကို ကျွန်တော် သိချင်လာ၏"[၂]

ဟုလည်းကောင်း၊

> "မည်သို့ပင်ဖြစ်စေ၊ သူ့ဘဝနှင့်သူ့စာကို စပ်ဟပ်ကြည့်ရသည်မှာ ဉာဏ်တိုးစရာ ဖြစ်လေသည်"[၃]

---

[၁] တိုက်စိုး၊ ၂၀၁၆၊ ၁၉၇–၁၉၈။
[၂] တိုက်စိုး၊ ၂၀၁၆၊ ၁၉၈။
[၃] တိုက်စိုး၊ ၂၀၁၆၊ ၁၉၈။

ဟုလည်းကောင်း တင်ပြထားပါသည်။ ဆရာတိုက်စိုးသည် စာရေးသူ၏ဘဝနှင့် ဆက်စပ်၍ စာရေးသူ၏စာပေများ ပေါက်ဖွားလာရပုံကို အကျိုးသင့် အကြောင်းသင့် တင်ပြလေ့ ရှိသည်။ ဦးလတ်သည် ဆရာမတ်ကျောင်း၌ နေခဲ့သည့်အတွက် အင်္ဂလိပ်စာကို ကျွမ်းကျင်သည်။ အင်္ဂလိပ်ဝတ္ထုများကို စွဲစွဲမြဲမြဲဖတ်သည်။ ဦးလတ်၏ဝတ္ထုများတွင် တွေ့ရသော လူ့သဘာဝအဖွဲ့များသည် အင်္ဂလိပ်ဝတ္ထုများမှ ရရှိခဲ့သည်ဟု ထင်မြင်ယူဆ ပြထားသည်။ သူ၏ထင်မြင်မှုကို ဤမျှနှင့် ရပ်မထားဘဲ ပို၍လေးနက်လာအောင် သုံးသပ်ဟန်ကို–

> "ဦးလတ်၏စာ၌ တွေ့မြင်ရသော လူ့သဘာဝအဖွဲ့ကို အင်္ဂလိပ် ဝတ္ထုများက အထောက်အကူပြုလေသလားဟု ကျွန်တော် တွေးမိ တော့သည်။ သို့သော် ထိုသဘောကိုပင် မြန်မာပီသအောင် ဦးလတ် စီစဉ်နိုင်ခဲ့ခြင်းမှာ သူ၏ရိုးတွင်းချဉ်ဆီထဲသို့ ငယ်စဉ် ကတည်းက စိမ့်ဝင်သော ရိုးရာပတ်ဝန်းကျင်၏ ပယောဂကြောင့် ဖြစ်ရပေမည်"[၁]

ဟု တင်ပြထားပါသည်။ ဦးလတ်၏ဝတ္ထုများသည် လူ့သဘာဝလည်းကျ၊ မြန်မာမှုလည်း ပီသအောင် ရေးသားနိုင်ခြင်းမှာ ငယ်စဉ်ကပင် စိမ့်ဝင်နေခဲ့သော ရိုးရာယဉ်ကျေးမှု ပတ်ဝန်းကျင်၏ ပယောဂဖြစ်ကြောင်းကို ဆက်စပ်တင်ပြထားသည်။

အပြင်ဝေဖန်ရေး၏သဘောသည် စာပေ၏အရသာကို ခြေခြေမြစ်မြစ် နှစ်နှစ် ကာကာ ခံစားစေနိုင်သည်။ စာတစ်ပုဒ် ပေါက်ဖွားလာပုံကိုလည်း အကျိုးသင့် အကြောင်းသင့်ဖြစ်အောင် ဆင်ခြင်တွေးတောပြနိုင်သည်ကို တွေ့ရသည်။ ထိုမှတစ်ဆင့် အပြင်ဝေဖန်ရေးသဘောမှသည် အတွင်းဝေဖန်ရေးသို့ရောက်အောင် ဆက်စပ်တင်ပြသည့် ဝေဖန်ရေးအမြင်ကိုလည်း တွေ့ရသည်။ ၁၉ ရာစု နောက်ပိုင်းခေတ်တွင် ဆရာလွန်း၊ ကိုချင်းတောင်တို့၏ ရုပ်သေးပွဲများ ခေတ်စားသည်။ ဆတိုင်မှူးဦးကူး၊ မော်လမြိုင် ဆရာယော၊ ပဲခူးဦးဆုသာတို့၏ ဇာတ်စာအုပ်များကို တောရောမြို့ပါ ဖတ်ရှုကြသည်။ ထိုသို့သော မြန်မာ့ရိုးရာဓလေ့ ယဉ်ကျေးမှုများ၏ အရိပ်အငွေ့သည် ဦးလတ်၏ စာများ၌ ထင်ဟပ်နေသည်ကို ထောက်ပြထားသည်။ ဆရာတိုက်စိုးက–

> "ဦးလတ်၏စာတွင် ပါဠိကျမ်းဂန်စကား၊ ဒေါင်းမြီးနှင့် ပဒုမ္မာ တို့၏ ပဟေဠိပြက်လုံးစကား၊ မင်းသားဦးစစ်တွေ ကသော နန်းတော်ဖွား၊ ဘုရားလောင်းမျောက်မင်း မြိုင်ရပ် နှင်ခံရသည့်

[၁] တိုက်စိုး၊ ၂၀၁၆၊ ၁၉၉။

> ဇာတ်မှ ဇာတ်စကားတွေ ကြိုးကြားကြိုးကြား ပါလာသည်မှာ မြန်မာ့ရိုးရာဓလေ့၏ ရောင်ပြန်ဟပ်ခြင်းပင် ဖြစ်လေသည်”[၁]

ဟု ဖော်ပြခဲ့ပါသည်။

ဦးလတ် ၁၉ နှစ်သား အရွယ်တွင် သီပေါမင်း နန်းကျသည်။ တိုင်းပြည် လုံခြုံရေးနှင့်စပ်သော ရာဇဝတ်ဘက်တို့တွင် တိုးချဲ့လာသည်။ ထိုအခြေအနေမျိုးတွင် စာပေဘက်၊ အနုပညာဘက်၌ ဝါသနာပါသော ဦးလတ်သည် ဝမ်းရေးအတွက် ပုလိပ် မင်းကြီးရုံး၌ အလုပ်ဝင်ခဲ့သည်။ မြို့ရွာအနှံ့အပြားသို့လှည့်၍ ၁၈ နှစ်ခန့် အမှုထမ်း ခဲ့သည်။

စာရေးဆရာတို့သည် စာပေများကို ရေးဖွဲ့ရာ၌ ၎င်းတို့၏ ဝါသနာစရိုက် များသည် ဇာတ်ဆောင်များ၌ ထင်ဟပ်နေတတ်သည်။ ဦးလတ်သည် မိမိဘဝ တစ်လျှောက်တွင် ပွဲကြည့်ဝါသနာ၊ စာဖတ်ခြင်းဝါသနာ၊ အင်္ဂလိပ်စာ၊ မြန်မာစာ တို့ကို လိုက်စားသည့်ဝါသနာ၊ အပြောအဟောဝါသနာများ ရှိခဲ့သည်။ ထိုသို့ရှိခဲ့သည့် အလျောက် စံပယ်ပင်ဝတ္ထုတွင် နယ်ပိုင်ဝန်ထောက်မင်းကို စရိုက်ပေါ်အောင် ရေးဖွဲ့နိုင် သည်။ ဦးလတ်၏ စံပယ်ပင်ဝတ္ထု၊ ရွှေပြည်စိုးဝတ္ထုတို့တွင် မြန်မာမှုဓလေ့စရိုက် များသည် သရုပ်ပီပြင်နေတတ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ ဦးလတ်ကိုယ်တိုင်၏ မြန်မာမှု မြန်မာ့ဟန်ကို ချစ်မြတ်နိုးစိတ် အမျိုးမာန်၊ ဇာတိမာန် ချစ်စိတ်တို့ကြောင့်ဟု သုံးသပ်ပြထားသည်။ ရာဇဝတ်အမှုထမ်းဝတ်စုံနှင့် မအပ်စပ်သော မြန်မာ့သျှောင်ကို ဦးလတ်သည် တစ်သက်လုံး ထုံးခဲ့သူ ဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ်တို့ လက်အောက်တွင် မဟုတ်မခံ စိတ်ဓာတ်ကြောင့် ရာထူးမှ နုတ်ပယ်ခြင်း ခံရသည်။

ဆရာတိုက်စိုးသည် အတွင်းဝေဖန်ရေးသဘောကိုလည်း အလေးထား တင်ပြ ခဲ့သည်။ ဝတ္ထုသည် ဒိဋ္ဌဓမ္မလောကကို အခြေခံ၍ စိတ်ကူးနှင့်ပေါင်းစပ် ရေးဖွဲ့ရသည်။ စံပယ်ပင်ဝတ္ထုတွင် အသင့်ယုတ္တိ ရှိမရှိ၊ ဒိဋ္ဌလောကသဘော ပါဝင်မှု ရှိမရှိတို့ကို ဆန်းစစ်ပြထားသည်။ ထိုသဘောကို–

> “စံပယ်ပင်ဝတ္ထုသည် ဒဏ္ဍာရီသဘောနှင့် ဒိဋ္ဌလောကသဘော ရောစပ်နေသည့် ဝတ္ထုမျိုး ဖြစ်သည်။ ဒဏ္ဍာရီသဘောမှာ (ဦးလတ်တို့အိမ်သားများ ဘဝင်ကျခဲ့သည့်) မန်ကျည်းတုံရွာကို ဗဟိုပြုသော အဖွဲ့တွင် ပါလေသည်။ ထိုအဖွဲ့တွင် ထင်ရှားသော

---

[၁] တိုက်စိုး၊ ၂၀၁၆၊ ၂၀၀။

> ဇာတ်ကောင်များမှာ မယ်သီ၊ ရွှေဖီ၊ ရွှေဘို နယ်ပိုင်ဝန်ထောက်မင်း အကြောင်းကလွဲ၍ အသင့်ယုတ္တိ မပါ။ မန်ကျည်းတုံသူ မယ်သီက ရန်ကုန်တွင် ဒုက္ခဖြစ်၊ မန်ကျည်းတုံသား ရွှေဖီက သူများ အနိုင့် အထက်ပြုသည်ကို ခံရကာ ဓားပြမှုတွင် ပါဝင်ရပြီးလျှင် ထောင်ကျ၊ အဆုံးသတ်ရောက်ခါမှ သူတို့နှစ်ဦး ပြန်လည် ဆုံစည်းကာ မယ်သီ၏ဖခင်က မြှုပ်ထားခဲ့သော ရတနာသိုက်ကို ဖော်ယူကြီးပွားကြပုံ အကြောင်းသည် စာညွန့် စာပလီတို့ဖြင့် ရစ်သိုင်းမွမ်းမံထားသော်လည်း ဇာတ်လမ်းအရာတွင်လည်း မခိုင်၊ လူ့စရိုက်ဖော်ရာတွင်လည်း မပေါ် ဖြစ်လေသည်"[၁]

ဟု သုံးသပ်တင်ပြထားပါသည်။ ဆရာတိုက်စိုးသည် စံပယ်ပင်ဝတ္ထုကို ဝေဖန်ရာ၌ ဝတ္ထုရှည်၏ သဘောသဘာဝနှင့်အညီ ရှုမြင်ပြထားသည်။ ဝတ္ထုဇာတ်လမ်းသည် ဒိဋ္ဌလောက၌ ရှိနေသော နေရာဒေသဖြစ်သော်လည်း ဇာတ်လမ်းဖန်တီးထားပုံမှာ အသင့်ယုတ္တိ မရှိဟု သုံးသပ်ပြထားသည်။ ဇာတ်လမ်းဖြစ်ရပ်များသည် အကျိုးသင့် အကြောင်းသင့် မဖြစ်ဟု ဝေဖန်သည်။ ဝတ္ထုတစ်ပုဒ်တွင် အရေးပါသော ဇာတ်ကောင် စရိုက်များသည် သဘာဝမကျဟု ပညာရပ်ဆိုင်ရာစံဖြင့် တိုင်း၍ သုံးသပ်ပြထား သည်ကို တွေ့ရပါသည်။ စံပယ်ပင်ဝတ္ထုတွင် အသင့်ယုတ္တိအားကောင်းသော အပိုင်း ကိုလည်း ဖော်ပြထားသည်။ ထိုအကြောင်းကို–

> "သို့သော် ဦးလတ် ကြီးပြင်းခဲ့ရာ ရန်ကုန်ကို ကျောထောက် နောက်ခံပြု၍ ပဏ္ဍိတဝေဒနီယအသင်း ဥက္ကဋ္ဌ အရှင်ဦးသေလာ၊ သီလရှင် မယ်ခေမာ၊ တကာများ ဖြစ်ကြသော လောစံ၊ မောင်ချိန် တို့ကို သရုပ်ဖော်ရာ၌မူ ဦးလတ်၏အစွမ်းကို ကျွန်တော်တို့ မြင်လာရသည်။ ထိုအဖွဲ့သည် ဦးလတ်၏ အတွေ့အကြုံကိုမှီ၍ စိတ်ကူးဉာဏ် ပွားလေသောကြောင့်ထင့်၊ တကယ်ယုတ္တိ ပါလေ သည်"[၂]

ဟု ဆိုထားပါသည်။

ဆရာတိုက်စိုးသည် အတိတ်ခေတ်တွင် ပေါ်ထွန်းခဲ့သော စံပယ်ပင်ဝတ္ထု၊ ရွှေပြည်စိုးဝတ္ထုများနှင့် စာရေးဆရာ ဦးလတ်၏ စာပေဖန်တီးမှုစွမ်းရည်တို့ကို သုံးသပ် ရာတွင် ဝတ္ထုများပေါ်ပေါက်လာသည့် ခေတ်အခြေအနေ၊ စာရေးဆရာ၏ အတွေ့

---

[၁] တိုက်စိုး၊ ၂၀၁၆၊ ၂၀၄။

[၂] တိုက်စိုး၊ ၂၀၁၆၊ ၂၀၄။

အကြံ၊ ဘဝပတ်ဝန်းကျင်၊ ထိုဝတ္ထုကိုဖတ်ရှုခဲ့ကြသည့် စာဖတ်သူတို့၏ တုံ့ပြန်မှု အနေအထား၊ ထိုဝတ္ထုအပေါ် စာပေဝေဖန်ရေးဆရာတစ်ဦး၏ အမြင်တို့ကို ရှုထောင့် အမျိုးမျိုးမှ သုံးသပ်တင်ပြပြီးလျှင် စာဖတ်သူတို့၏ အမြင်ကိုလည်း ရှုထောင့် အထွေထွေမှ သုံးသပ်နိုင်ရန် လမ်းညွှန်ထားပါသည်။ ဝတ္ထုရေးသူတို့တွင်လည်း ဒိဋ္ဌဘဝ၌ ကြေကွဲဖွယ်ဖြစ်ရပ်များ ရှိတတ်ကြောင်းကို ဦးလတ်၏ဇနီး ကွယ်လွန်ရာတွင် အသုဘစရိတ်ကို စံပယ်ပင်ဝတ္ထု စာမူခဖြင့် သင်္ဂြိုလ်ခဲ့ရကြောင်း ဖော်ပြထားသည်။ ဦးလတ်ရေးဖွဲ့ခဲ့သော ရွှေပြည်စိုးဝတ္ထုနှင့် စံပယ်ပင်ဝတ္ထု နှစ်ပုဒ်ကိုလည်း နှိုင်းယှဉ် ဝေဖန်ထားသည်။

> "ရွှေပြည်စိုးဝတ္ထုသည် စံပယ်ပင်ဝတ္ထုနှင့်ယှဉ်သော် ဇာတ်ကောင် အမည်၊ ဇာတ်ကောင်၏ အလုပ်အကိုင်၊ ဇာတ်ကောင်၏ ပတ်ဝန်းကျင်သာ ကွာခြားသည်။ အခြေခံဇာတ်အိမ် တည်ဆောက်မှု မကွာခြား"[၁]

ဟုလည်းကောင်း၊

> "ထိုဇာတ်အိမ်တစ်ခုလုံးသည် စိတ်ကူးယဉ်သာသာမျှသာ ဖြစ်သည် ဟု ဆိုအပ်လှပေသည်။ သို့သော် ဇာတ်အိမ် (ဝါ) ဇာတ်လက်တက် ဖြစ်သော ရန်ကုန်အဖွဲ့မှာမူ ဦးလတ်၏မြင်ပုံ၊ ဖွဲ့ပုံ ထူးခြားလှ သဖြင့် အလွန်အားရလောက်ပေသည်"[၂]

ဟူ၍လည်းကောင်း၊

> "ရွှေပြည်စိုးဝတ္ထုကို လူကြီးလူငယ်မရွေး ကြိုက်ခဲ့ကြသည်။ မြန်မာစာ လိုက်စားခဲ့သော အိန္ဒိယပဋိညာဉ်ခံ ဝန်ထမ်းအဖွဲ့ဝင် (I.C.S) ဂျေအေစတူးဝပ်ကလည်း မြန်မာတစ်မျိုးသားလုံး ဂုဏ်ယူ လောက်သည့် ဝတ္ထုကြီးပါပေ ဟူ၍ ၁၉၁၄ခုနှစ်၊ မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်တွင် ရေးသားချီးကျူးခဲ့လေသည်"[၃]

ဟုလည်းကောင်း သုံးသပ်တင်ပြထားပါသည်။

ဦးလတ်၏ ရွှေပြည်စိုးဝတ္ထုနှင့် စံပယ်ပင်ဝတ္ထုတို့က ရရှိသော အကျိုးတရား ကိုလည်း–

---

[၁] တိုက်စိုး၊ ၂၀၁၆၊ ၂၀၇။
[၂] တိုက်စိုး၊ ၂၀၁၆၊ ၂၀၇–၂၀၈။
[၃] တိုက်စိုး၊ ၂၀၁၆၊ ၂၀၉။

> "ကျွန်တော်တို့သည် ဝတ္ထုကောင်းကို ဖတ်ခွင့်ရခဲ့ပြီ။ ဖတ်ခွင့်ရခဲ့၍ ထိုဝတ္ထုများမှ ဘဝအသိနှင့်ယှဉ်သော အရသာကိုလည်း ခံစားနိုင်ကြပြီ။ ဦးလတ်၏ဝတ္ထုများတွင် ရသ(စာပေ)နှင့် မဆိုင်သော ဆုံးမသံတွေ၊ ကြားညှပ်စကားတွေ၊ ဒိဋ္ဌသဘောကင်းသည့် ဒဏ္ဍာရီဟန်တွေ ပါသည်။ မှန်ပါ၏။ ထိုအချက်တွေကို ကျွန်တော်တို့ အပြစ်မဆိုသာပါ။ ထိုခေတ်၌ ဦးလတ် နည်းယူစရာ ကာလပေါ် ဝတ္ထု ပီပီသသဟူ၍ မရှိခဲ့။ ၂၀ ရာစု စာဖတ်ပရိသတ်၏ အလိုကို ဖြည့်နိုင်သည့် စာဟူ၍ မပေါ်သေး။ သို့သော် ဦးလတ်သည် ရိုးရာပညာမှ အစီအကုံး အခြေခံရထားသည်။ တိုင်းတပါးစာပေနှင့် နီးစပ်သည်။ ဘဝအတွေ့အကြုံ ကြွယ်သည်။ သိတတ်မြင်တတ်သော ဉာဏ်ပဋိဘာန်ရှိသည်။ ဤသို့ဖြင့် ဦးလတ်၏ ကလောင်မှ ဝတ္ထုကောင်း ပေါက်ဖွားလာရပေသည်"[၁]

ဟု သုံးသပ်တင်ပြထားပါသည်။

ဦးလတ်၏ ဝတ္ထုများတွင် ဒဏ္ဍာရီဆန်သောအဖွဲ့များ ပါနေသည်ဟု သာမန်မျှ အကဲမခတ်ဘဲ ထိုသို့ပါရခြင်း၏ အကြောင်းရင်းများကို နက်နက်နဲနဲ စိစစ်တင်ပြထားသည်။ ဝေဖန်ရေးအမြင် နက်နဲပြီးလျှင် စာရေးသူအား အပြစ်မမြင်တတ်သော မျှမျှတတရှုမြင်တတ်သော ဝေဖန်ရေးအမြင်ကို တွေ့ရသည်။ အားနည်းချက်များ ရှိသော်လည်း အားသာချက်များနှင့် ချင့်ချိန်၍ တင်ပြထားသည်။ ဝတ္ထုဟု ဆိုလျှင် နှာခေါင်းရှုံ့ကြသည့် ခေတ်တွင် ဦးလတ်သည် ရဲရဲဝံ့ဝံ့နှင့် ဝတ္ထုရေးခဲ့ခြင်းကိုပင် စာရေးသူက စာပေအဖွဲ့ပုံသဏ္ဌာန်သစ်ကို ပြုစုပျိုးထောင်ခဲ့သူအဖြစ် ရှုမြင်ခဲ့ပုံကို–

> "ဤကဲ့သို့ ဦးလတ်ခေတ်က ကာလပေါ်ဝတ္ထုကို ရဲရဲစခဲ့သဖြင့် ယခု ခေတ်တွင် ဝတ္ထုတွေကို ကျွန်တော်တို့ ဖတ်ချင်တိုင်း ဖတ်ရသည်။ ဝတ္ထုကောင်းမှ အာနိသင်ကို ရယူနိုင်သည်။ ဦးလတ်၏ကျေးဇူး ကြီးလှပါသတည်း"[၂]

ဟု တင်ပြထားပါသည်။

ဆရာတိုက်စိုးသည် အတွင်းဝေဖန်ရေးနှင့် အပြင်ဝေဖန်ရေး နှစ်မျိုးလုံးကို အသုံးပြု၍ ဝေဖန်တင်ပြထားပါသည်။ သူသည် ဝေဖန်ရေးအမြင်တစ်ခုကို အလွယ်တကူ

[၁] တိုက်စိုး၊ ၂၀၁၆၊ ၂၁၂။
[၂] တိုက်စိုး၊ ၂၀၁၆၊ ၂၁၂။

မပြဘဲ အကြောင်းရင်းခံမှစ၍ တဖြည်းဖြည်း တိုးမြှင့်တွေးဆကာ အကောင်းအဆိုးကို ခြေခြေမြစ်မြစ် သိုင်းသိုင်းဝိုင်းဝိုင်း သုံးသပ်တင်ပြထားသည်ကို တွေ့ရပါသည်။

## ၂။ ၂။ ပီမိုးနင်း၏ စာပေအမြင်

ဆရာတိုက်စိုးသည် ဦးလတ်ဆောင်းပါးတွင် ဦးလတ်၏ဘဝနှင့်စာပေအပေါ်တွင် မိမိ၏အမြင်ကို တင်ပြထားပါသည်။ ပီမိုးနင်း၏ စာပေအမြင်ဆောင်းပါးတွင် ပီမိုးနင်း၏ စာပေအမြင်များကို အကိုးအကားများဖြင့် တင်ပြထားပြီးလျှင် ထိုအမြင်များအပေါ်တွင် စာရေးသူ၏ထင်မြင်ချက်၊ သုံးသပ်ချက်များကို ထပ်ဆင့်တင်ပြထားသည်ကို တွေ့ရပါသည်။ ပီမိုးနင်း၏စာပေအမြင်ကို စာရေးသူက တစ်ဆင့်တင်ပြဟန် ရေးသားထားသည်။ ပီမိုးနင်းသည် ကျမ်းဂန်ကိုမှီးမှ စာကောင်းသည်၊ စာလေးနက်သည် ဟူသော အယူအဆကို တိုက်ဖျက်လိုသူဖြစ်သည်ဟု ဆရာတိုက်စိုးက ထင်မြင်ချက် ပေးထားပါသည်။ ထိုသို့ပေးပြီးမှ ပီမိုးနင်း၏စာပေအမြင်ကို–

> "မြန်မာမှာ တရားစာ၊ ကဗျာ၊ ဆုံးမစာ၊ ရာဇဝင်စာမှသာ စာဖြစ်သည့်အလား သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ထိုစာမျိုးတွေကိုသာ တွေ့ရသည်မှာ ငြီးငွေ့ဖွယ် ကောင်းလှလေပြီ။ မြန်မာပညာရှိကြီး တစ်ယောက်ကမူကား ဘုရားစကား လက်မလွှတ်ဘဲ မိမိအမြဲရေးလေ့ရှိကြောင်း မဂ္ဂဇင်း၌ဖော်ပြ၏။ ဘုရားစကားပါမှ စာဖြစ်ရမည် မဟုတ်။ မည်သည့်အကြောင်းအရာကိုမဆို ဖတ်၍ ကောင်းအောင်၊ တရားကျလောက်အောင်၊ တစ်စုံတစ်ရာကို သတိရလောက်အောင်၊ စိတ်၌လှုပ်ရှားခြင်း တစ်ခုခုဖြစ်အောင် ရေးတတ်သော သူတို့သည် စာရေးကောင်း ဖြစ်၏"[၁]

ဟုလည်းကောင်း၊

> "ဆုံးမစာများမှာ ဘုရားဟောကျမ်းများ၊ ရှေးကျမ်းများကို အမှီရသဖြင့် စာတတ်လျှင် သူသူငါငါ ရေးနိုင်၏။ ဝတ္ထုကောင်း၊ ကဗျာကောင်း၊ ဇာတ်ကောင်းများကိုကား သူသူငါငါ မရေးနိုင်။ ပင်ကိုယ်ဉာဏ်နှင့် စနစ်ကိုသိမှ ဖြစ်နိုင်လေသည်"[၂]

---

[၁] တိုက်စိုး၊ ၂၀၁၆၊ ၂၁၄။

[၂] တိုက်စိုး၊ ၂၀၁၆၊ ၂၁၄။

ဟု ရေးသားဖော်ပြထားပါသည်။ စိတ်ကူးဉာဏ်ဖြင့် ရေးဖွဲ့ရသော ရသစာပေကို ရေးနိုင်သူသည်သာ စာရေးကောင်းသူဖြစ်သည်ဟု ပီမိုးနင်းက ခံယူသည်။ ပီမိုးနင်း၏ စာပေအမြင်ကိုဖတ်ရှုပြီးလျှင် ဆရာတိုက်စိုးက–

> "ဤတွင် ပီမိုးနင်းသည် ရသစာပေ၏သဘောကို ခေါက်မိကြောင်း ထင်ရှားလေသည်"[၁]

ဟုသုံးသပ်ထားပါသည်။

ဆရာတိုက်စိုးသည် ပီမိုးနင်းအနေနှင့် ရသစာပေကို အလေးထားသော်လည်း သုတစာပေကို လုံးဝပစ်ပယ်ခြင်း မဟုတ်ဟု မြင်သည်။ သူ၏အမြင်ကို ပီမိုးနင်း၏ တိုးတက်ရေးမဂ္ဂဇင်းလာ ဆောင်းပါးကို အထောက်အထားပြကာ ခိုင်မာစေပါသည်။ ပီမိုးနင်းက–

> "ထို့အတူ ရာဇဝင်ကို တစ်ဖက်သတ် လိုက်စားသော ရာဇဝင် ဆရာများကို ရေးစေပြီးနောက် အယ်ဒီတာက × × × ဆိုလိုရင်း အဓိပ္ပာယ်ကို မပျက်စေဘဲ အမွှန်းတင်ပေးမှ စာကောင်း ဖြစ်နိုင် လေသည်"[၂]

ဟု ဖော်ပြထားပါသည်။ ပီမိုးနင်း၏စာပေများကို ဖတ်ရှုလေ့လာပြီးနောက် ဆရာ တိုက်စိုးက ပီမိုးနင်းသည် သုတစာပေရော ရသစာပေပါ တန်ဖိုးထားပြီး ရေးသား နိုင်သူ ဖြစ်သည်။ သခင်ကိုယ်တော်မှိုင်း၏ စာပေများအပေါ်တွင် ဝေဖန်ထားသည့် ပီမိုးနင်း၏အမြင်ကို အကိုးအထောက်ပြုပြီးလျှင် သူ၏အမြင်ကို ထပ်ဆင့် တင်ပြထား ပါသည်။ ပီမိုးနင်းက ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ စာနှင့်ပတ်သက်၍–

> "ယခုမျက်မြင် ကျွန်ုပ်တို့ခေတ်၌ မစ္စတာမောင်မှိုင်းသည် ရာဇဝင် တတ်သော စာရေးဆရာကြီး ဖြစ်၏။ ၎င်းပုဂ္ဂိုလ်၏ ကျော်ကြား ခြင်းမှာ ရာဇဝင်ကောင်းခြင်းကြောင့် မဟုတ်။ ၎င်း၏ ပင်ကိုယ်ဉာဏ် ကောင်းခြင်းကြောင့် ဖြစ်၍ စာဖတ်သူတို့၏စိတ်၌ စွဲ၍နေသော ၎င်း၏ စာအတိုအစများမှာ 'ချောင်းဦးဆယ်ရွာ၊ အလုံ မုံရွာ တစ်လျှောက်ဆီက၊ ပြောင်းဖူးသည် ဒါယကာ ငမှုံ၊ ငကြာ' ဟူ၍

[၁] တိုက်စိုး၊ ၂၀၁၆၊ ၂၁၄။
[၂] တိုက်စိုး၊ ၂၀၁၆၊ ၂၁၅။

> လည်းကောင်း၊ ဤကဲ့သို့ ရာဇဝင် မဟာဝင်နှင့် မဆိုင်သော ကိုယ်ပိုင်စကားဆန်းများ ဖြစ်ကြလေသည်”[၁]

ဟု သုံးသပ်တင်ပြထားပါသည်။ ထိုစာသားကို အကိုးအကားပြုပြီး ပီမိုးနင်းအပေါ်တွင် ဆရာတိုက်စိုးက သုံးသပ်တင်ပြထားသည်မှာ–

> “ပီမိုးနင်းသည် အသိပညာသက်သက် ပေးသည့်စာနှင့် ရသစာပေကို သူ့နေရာနှင့်သူ၊ သူ့ကဏ္ဍနှင့်သူ ထားလေသည်။ တစ်နည်းဆိုရသော် အကြောင်းအရာ တစ်ခုခုကို အထောက်အထားဖြင့် တင်ပြခြင်း၊ စုံစမ်းရှာဖွေ၍ ရေးသားခြင်းသည်လည်း စနစ်ကျပါက ကောင်းသည်ပင် ဖြစ်၏။ လူ့ဘဝ၊ လောကသဘာဝကို ကိုယ်ပိုင်အသိ ကိုယ်ပိုင်ဉာဏ်ဖြင့် ဖန်တီးပြသခြင်းသည်လည်း ရသမြောက်ပါက ကောင်းသည်ပင် ဖြစ်၏”[၂]

ဟု တင်ပြထားသည်ကို တွေ့ရပါသည်။

ဤဆောင်းပါးတွင် ဆရာတိုက်စိုးသည် မိမိနှစ်သက်စွဲလမ်းခဲ့သည့် စာရေးဆရာကြီး ပီမိုးနင်း၏စာများကို ဖတ်ရှုပြီး ပီမိုးနင်း၏စာပေအမြင်ကို အကိုးအကားများဖြင့် ထပ်ဆင့်တင်ပြခြင်း ဖြစ်သည်။ ထိုသို့တင်ပြရာတွင် ရသစာပေ၏သဘောကို စာဖတ်သူ နားလည်အောင် ရှင်းလင်းတင်ပြထားသည်ကိုထောက်၍ ဆရာတိုက်စိုးသည်လည်း ပီမိုးနင်းကဲ့သို့ပင် စာပေအမြင်ရှိသူဟု ယူဆနိုင်ပါသည်။ ပီမိုးနင်း၏စာပေအမြင်ကို နေညိုညို(ဝတ္ထု)မှ ဇာတ်ဆောင်တစ်ဦးဖြစ်သည့် စာရေးဆရာမ ညိုညို၏ပြောစကားဖြင့် တင်ပြထားသည်။ ပီမိုးနင်းက မိမိ၏စာပေအမြင်ကို ဇာတ်ဆောင်မှ တစ်ဆင့် တင်ပြထားခြင်း ဖြစ်ပါသည်။ စာရေးဆရာမ ညိုညိုက–

> “စာရေးတဲ့နေရာမှာ လက်ာပြောင်ဖို့ကိုသာ အားထုတ်ပြီး မှတ်သားလောက်တဲ့ အတွေးအခေါ်၊ အကြံအစည်၊ ဉာဏ်ရည်ဉာဏ်သွေး မပါမရှိပြန်မှုဖြင့် စာဖတ်တဲ့သူမှာ ဉာဏ်သစ်မတိုးဘဲ အကျိုးမဲ့ ဖြစ်တာပါဘဲ”[၃]

ဟု ဖော်ပြထားပါသည်။ ပီမိုးနင်း၏ စာပေအယူအဆအပေါ် ဆရာတိုက်စိုးက ဂုဏ်ပြုလိုသည့် လေသံဖြင့် ပီမိုးနင်းသည် ဂုဏ်မြောက်သည့်စာ၊ စိတ်ကူးဉာဏ်

[၁] တိုက်စိုး၊ ၂၀၁၆၊ ၂၁၅။
[၂] တိုက်စိုး၊ ၂၀၁၆၊ ၂၁၅။
[၃] တိုက်စိုး၊ ၂၀၁၆၊ ၂၁၆။

ပါသည့်စာကို စာပေလောကတွင် အမြဲမျှော်လင့်တောင့်တသူ ဖြစ်လေသည်ဟု သုံးသပ်ခဲ့ပါသည်။ ပီမိုးနင်းကိုဝေဖန်ရာတွင် ဆရာတိုက်စိုးသည် မိမိအမြင် ခိုင်မာစေရန် ပီမိုးနင်းကိုယ်တိုင် ရေးသားခဲ့သော စာပေအမြင်များနှင့်ယှဉ်၍ တင်ပြလေ့ရှိသည်။ ပီမိုးနင်းက ခေတ်စမ်းပုံပြင်စာအုပ်တွင်ပါသည့် မောင်စိန်တင် (သိပ္ပံမောင်ဝ)၏ အင်းလေလံပွဲကို သုံးသပ်ရာတွင် ကျေးလက်ရွာငယ်ရှိ သူတို့၏ ကိုယ်စိတ်အမူအရာများကို ပေါ်လွင်အောင် ရေးပြနိုင်သောစာ၊ ထိုဒေသနှင့်ထိုသူတို့၏ အမူအရာကို ပီပီသသဖြင့် ရိုးရိုးရှင်းရှင်းရေးပြပုံ၊ ရယ်မောဖွယ်များပါနေပုံတို့ကို ချီးကျူးတင်ပြထားသည်။ ခေတ်စမ်းကဗျာများအပေါ်တွင် ပီမိုးနင်း၏အမြင်ကိုလည်း–

> "ထိုကဗျာများမှာ ရှေးပညာရှိကြီးများ ချန်လှပ်၍ထားခဲ့သော အသေးအဖွဲ၊ အကြောင်းအရာကလေးများကို ဖွဲ့နွဲ့ရေးသားထားခြင်း ဖြစ်ကြသဖြင့် မပေါ်မရှိဖူးသေးသော မြန်မာစာသစ် တစ်မျိုး ဖြစ်ရကား ခေတ်အလျောက် တိုးတက်ခြင်း ဟူ၍ပင် ဆိုရပေမည်။ အသေးအဖွဲဖြစ်သော်လည်း စာများမှာ မသေးမဖွဲပေ။ အကြောင်းမူကား ရေးချင်စပ်ချင်ကြ၍ ရေးသောစာများ မဟုတ်။ ရေးစရာ၊ သီဖွဲ့စရာရှိ၍ စိတ်ကူးဉာဏ် ကွန့်မြူးခြင်းလျှင် အခြေခံသော အကြောင်းအချက် သဘာဝ၏လှုံ့ဆော်ခြင်းကြောင့် နှလုံးသွေးလှုပ်ရှားကာ ရေးရသော စာများနှင့် တူလေသည်"[၁]

ဟူ၍လည်း ဝေဖန်ရေးသားထားပါသည်။

ဆရာတိုက်စိုး ကိုးကားတင်ပြသည့် ပီမိုးနင်း၏ စာပေအမြင်ကိုကြည့်လျှင် စာပေသည် ကျမ်းဂန်ကိုမှီးမှ ကောင်းသည်မဟုတ်။ အသေးအဖွဲကိုပင် ကိုယ်တိုင်တွေ့ကြုံခံစားမှု၊ ကိုယ်ပိုင်စိတ်ကူးဉာဏ်ဖြင့် ရေးသားခဲ့လျှင် ရသမြောက်သော စာကောင်းဖြစ်နိုင်သည်။ ခံစားမှုနှင့် စိတ်ကူး၊ စိတ်သန်းကို အခြေခံမှ စာကောင်းပေမွန်ဖြစ်သည်ဆိုသည့် အမြင်များကို တွေ့ရသည်။ ထိုအမြင်ကို လက်ခံသည့်အလျောက် အထောက်အထား အကိုးအကားများဖြင့် တစ်ဆင့်တင်ပြထားသော ဆရာတိုက်စိုး၏ စာပေအမြင်ကိုလည်း တစ်ပါတည်း တွေ့ရှိခံစားရပါသည်။ ဆရာတိုက်စိုးက ပီမိုးနင်းသည် သူ့ခေတ်သူ့အခါက သူစွဲကိုင်ထားသော စာပေအမြင်ကို ရဲရဲရင့်ရင့် တင်ပြခဲ့သူဖြစ်လေသည်ဟု ဝေဖန်သုံးသပ်ထားပါသည်။

---

[၁] တိုက်စိုး၊ ၂၀၁၆၊ ၂၁၇။

## ၂၊ ၃။ ဦးဖိုးကျား၏စာ

ဦးဖိုးကျား၏စာကို မိမိတို့ခေတ်ကလူများ ကြိုက်ခဲ့ကြသည်။ ထို့အတူ ယနေ့ခေတ်လူများလည်း ကြိုက်ခဲ့ကြသည်။ ထိုသို့ဖြစ်ရခြင်းကို စာရေးသူက–

> "ဦးဖိုးကျားသည် စေတနာလည်း ရှိ၏။ အရေးလည်း စွမ်းသည်။ ဤသည် စာရေးသူများအတွက် တကယ့်အချက် ဖြစ်လေသည်။ အချို့ စေတနာရှိသည်။ ကလောင်စွမ်း မရှိ။ ထိုအခါ ထစ်ငေါ့ငေါ့စာ ထွက်လာ၏။ အချို့ ကလောင်နိုင်သည်။ စေတနာ မပါ။ ထိုအခါ ဟန်တွေ ပန်တွေသာ မြင်ရ၏။ အနှစ်မတွေ့။ စေတနာနှင့် ကလောင်စွမ်း ပေါင်းစပ်မိသော ဦးဖိုးကျား၏ စာမျိုးတွင်မူ ကျွန်တော်တို့တစ်တွေကို နှစ်သက်မြတ်နိုးစေသော အာနိသင် ရှိလာလေတော့သည်"[၁]

ဟု သုံးသပ်တင်ပြထားပါသည်။

ဦးဖိုးကျား၏စာများကို သုံးသပ်ရာ၌ ဦးဖိုးကျား၏စေတနာကို အလေးထားပြောလိုသည့်အတွက် အပြင်ဝေဖန်ရေးသဘော ပါသည်ဟု ဆိုနိုင်သည်။ ဦးဖိုးကျား၏စာရေးသားပုံ ကောင်းမွန်ခြင်းကြောင့် နှစ်သက်ရခြင်းဖြစ်သည်ဟု ဆိုရာ၌ အတွင်းဝေဖန်ရေးသဘော ပါနေသည်ကိုလည်း တွေ့ရသည်။ ဤနေရာ၌ ဆရာတိုက်စိုး၏ ဦးဖိုးကျားအပေါ် အမြင်ကို တွေ့ရသည်။ ဦးဖိုးကျားသည် စေတနာကောင်းပြီးလျှင် စာအရေးအသားကောင်းသောကြောင့် သူ၏စာများကို နှစ်သက်ရသည်ဟု ထင်မြင်ချက်ပေးသည်။ တစ်ထပ်တည်းပင် စာကောင်းပေကောင်း၏သဘောမှာ စေတနာကောင်းရုံမျှမက အရေးအသားပါ ကောင်းမွန်မှသာ ပရိသတ်အကြိုက် ဖြစ်နိုင်သည်ဆိုသော စာရေးသူ၏ စာပေအမြင်ကိုလည်း ထင်ဟပ်ပြထားပါသည်။

ဆရာတိုက်စိုးသည် ဦးဖိုးကျား၏စာများကို သုံးသပ်ရာ၌ သူအလေးထားသည့် အပြင်ဝေဖန်ရေးကို ပို၍သုံးထားသည်ကို တွေ့ရသည်။ ဦးဖိုးကျားသည် ပထမကျောင်းသားသပိတ်တွင် ပါဝင်ခဲ့သည်။ ထိုသပိတ်၏နောက်တွင် ပေါ်ပေါက်လာသည့် အမျိုးသားပညာရေးအဖွဲ့ချုပ်က တည်ထောင်သော အမျိုးသားကျောင်းများတွင် မြန်မာရာဇဝင်၊ မြန်မာစာပေသင်ကြားရေး၌ ဦးဆောင်ခဲ့ပြီး အမျိုးသားပညာဝန်အဖြစ် ကွယ်လွန်သည်အထိ ထမ်းဆောင်ခဲ့သည်။ ထိုအတွေ့အကြုံများက ဦးဖိုးကျားအား

---

[၁] တိုက်စိုး၊ ၂၀၁၆၊ ၂၁၈။

စာကောင်းပေကောင်းများ ထွက်ပေါ်လာစေသည်။ စိတ်ကောင်း၊ စေတနာကောင်းများ ထွန်းကားလာစေသည်ဟု တွေးတောဆင်ခြင်ပြထားသည်။

ဦးဖိုးကျားသည် လူငယ်များအား ပြုပြင်လမ်းညွှန်ပေးသော စာများနှင့် မြန်မာ့ဂုဏ်ရည် ရာဇဝင်ဖတ်စာ၊ ခေတ်မီမြန်မာရာဇဝင်တို့ကို ရေးသားပြုစုခဲ့သည်။ ထိုသို့ စာအုပ်ကောင်းများ ရေးသားနိုင်ခြင်းကို ဆရာတိုက်စိုးက ဦးဖိုးကျား ကြီးပြင်းလာခဲ့ရသော ခေတ်၏နုံချာမှုကြောင့် ဖြစ်သည်ဟု ဝေဖန်ပြထားသည်။ အင်္ဂလိပ်စာ တတ်သူများသာ နေရာရပြီး မြန်မာစာမေးမှိန်နေသော ခေတ် ဖြစ်သည်။ ထိုခေတ်ကို ဆရာတိုက်စိုးက–

> "အေဘီစီ ရှေ့တန်းရောက်၍ ကကြီး ခခွေး နောက်တန်း ရောက်နေသော ခေတ်"[၁]

ဟု ဆိုခဲ့သည်။ ထိုအရေးအသားက ဆရာတိုက်စိုး၌လည်း ဦးဖိုးကျားကဲ့သို့ မျိုးချစ်စိတ်ကို အခြေခံသောစိတ်ဖြင့် ဝေဖန်ခဲ့ကြောင်း မှန်းဆရသည်။ ထို့ပြင် တောရွာရှိ ဘုန်းကြီးကျောင်း၌နေခဲ့ပြီးမှ အင်္ဂလိပ်ကျောင်းသို့ ရောက်ခဲ့ရသူဖြစ်၍ မြန်မာ့ရွာဓလေ့၊ မြန်မာ့စာဓလေ့တို့နှင့် ရင်းနှီးခဲ့ပြီးသူ ဖြစ်သည်။ ဦးဖိုးကျား တွေ့ကြုံခဲ့ရသော ခေတ်နှင့်ဘဝအတွေ့အကြုံများအရ အမျိုးဘာသာ၊ သာသနာတာဝန်ကို ထမ်းဆောင်လိုစိတ် ပြင်းထန်လာသူ ဖြစ်ခဲ့သည်။ ထိုစိတ်စေတနာများကို အခြေခံ၍ မြန်မာ့ဂုဏ်ရည် ရာဇဝင်ဖတ်စာ၊ ခေတ်မီမြန်မာရာဇဝင်၊ သီပေါမင်းပါတော်မူ အရေးတော်ပုံ၊ ငါးရာ့ငါးဆယ်ကောက်နုတ်ချက် စသည့် စာအုပ်ကောင်းများကို ရေးသား နိုင်ခဲ့သည်။ ထိုသို့အားဖြင့် စာရေးသူ၏ ခေတ်ကာလနောက်ခံ၊ ဘဝပတ်ဝန်းကျင် တို့ကိုမှီ၍ စေတနာများ နိုးကြားလာပြီးလျှင် တိုင်းကျိုးပြည်ပြု စာကောင်းစာမွန်များကို ရေးသားနိုင်ခဲ့သည် ဟူသော အတွေးသို့ရောက်အောင် ဆရာတိုက်စိုးက အဆင့်ဆင့် စည်းရုံးတင်ပြခဲ့သည်။ ဦးဖိုးကျားသည် ဝတ္ထုတိုများကိုလည်း ရေးသားခဲ့သည်။ ထိုဝတ္ထုတိုများနှင့် ပတ်သက်၍ ဆရာတိုက်စိုးက သူ၏အမြင်ကို–

> "မိမိမျက်မှောက်၌ တွေ့ကြုံနေရသော ခေတ်နောက်ပြန် အကျင့်အကြံ၊ မြန်မာ့ဗီဇနှင့် ဆန့်ကျင်သော အမှုအရာများနှင့်စပ်၍လည်း အခါကာလအားလျော်စွာ ဝတ္ထုဆောင်းပါး ရေးခဲ့လေသည်။ ရေးခဲ့သမျှသည် ကျွန်တော့်စိတ်အထင် ဖတ်ကောင်းသည်ချည်း ဖြစ်ပေသည်။ ဖတ်ကောင်းသည်နှင့်ယှဉ်၍ စိတ်ကြွစရာရှိလျှင် စိတ်ကြွခဲ့ရသည်။ သတိတရားရစရာရှိလျှင် သတိတရား ရခဲ့သည်။

---

[၁] တိုက်စိုး၊ ၂၀၁၆၊ ၂၁၉။

> အကြားအမြင် တိုးစရာရှိလျှင် အကြားအမြင် တိုးခဲ့ရသည်။ ဝမ်းနည်းစရာ၊ ဝမ်းသာစရာရှိလျှင် ဝမ်းနည်းဝမ်းသာ ဖြစ်ခဲ့ရသည်"[၁]

ဟု သုံးသပ်တင်ပြထားပါသည်။

ဦးဖိုးကျားသည် စာဖတ်သူကို စိတ်ဓာတ်ကူးပြောင်းစေရာ၌ အလွန်ကျွမ်းကျင်သည်။ ဆိုလိုချက်ကို တိုက်ရိုက်မပြောဘဲ တစ်ဆင့်ပြီးတစ်ဆင့် တိုး၍ပြောသည်။ ထိုသဘောကို မြန်မာ့သဘင်ပြုပြင်ရေးဆောင်းပါး၌ ဖော်ပြထားသည်မှာ–

> "ဝန်ကြီးလေးပါး ထွက်လျှင်ပင် ဇာတ်လမ်းကိုပြော၍ ဇာတ်ကွက်တည်လေသည်။ ပထမဝန်က မည်သည့်တိုင်းပြည်၊ မည်သည့်မင်း၊ မည်သည့်သားတော် သို့မဟုတ် သမီးတော်၊ မည်သို့မည်ပုံ ဖြစ်သည်ကို ပြောပြလေသည်။ ထိုသို့ တစ်ဦးက ပြောထားပြီးသည်မှာ လုံလောက်လျက်နှင့် ဒုတိယဝန်ကလိုက်၍ ဟုတ်ကဲ့၊ အမတ်မင်းရဲ့ ဆိုပြီးလျှင် ပထမဝန် ပြောပြီးသည်ကို ထပ်၍ ပြောသည်။ တတိယဝန်နှင့် စတုတ္ထဝန်တို့ကလည်း သံယောင်လိုက်လေသည်"[၂]

ဟု တင်ပြထားပါသည်။ ဆရာတိုက်စိုးက–

> "ဤသည် ဦးဖိုးကျား၏အစွမ်းသတ္တိအချို့အဝက် ဖြစ်သတည်း"[၃]

ဟု နိဂုံးချုပ်ထားသည်။ ဦးဖိုးကျား၏စာများကို ဆရာတိုက်စိုးက သုံးသပ်ရာ၌ စာကောင်းပေမွန်ဖြစ်ရန် စေတနာကောင်းပြီးလျှင် အရေးအဖွဲ့ ကျွမ်းကျင်ရမည်။ ဘဝတွေ့ကြုံခံစားမှုများသည် စာကောင်းပေမွန် ဖြစ်ရန်အတွက် အကြောင်းတစ်ရပ် ဖြစ်သည်။ စာရေးကောင်းသူတို့သည် မည်သို့ပင်ရေးရေး စာဖတ်သူ၌ ရသပေါ်အောင် ရေးနိုင်စွမ်းရှိကြသည်ဆိုသော အမြင်ကို တွေ့ရသည်။

## ခြုံငုံသုံးသပ်ချက်

စာပေဝေဖန်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ဝေဖန်ရေးစာရေးဆရာတို့၌ အယူအဆအမျိုးမျိုး ရှိကြသည်။ ဆရာတက်တိုးက စာရေးဆရာသည် စာရေးဆရာ

---

[၁] တိုက်စိုး၊ ၂၀၁၆၊ ၂၂၀။
[၂] တိုက်စိုး၊ ၂၀၁၆၊ ၂၂၁။
[၃] တိုက်စိုး၊ ၂၀၁၆၊ ၂၂၁။

အဖြစ် လူ့စရိုက်၊ လူ့သဘာဝကို အရင်းတည်ရမည်။ လူတွင် အကုသိုလ်နှင့်ကုသိုလ်၊ သူယုတ်မာစိတ်နှင့် သူတော်ကောင်းစိတ်တို့ ရှိကြသည်ကို လေ့လာရေးသားရမည်ဟု ဆိုခဲ့သည်။ ဝေဖန်သုံးသပ်ရာ၌လည်း လူ့စရိုက်၊ လူ့သဘာဝအဖွဲ့ကောင်းများ ပါဝင်မှု ရှိမရှိ၊ စိတ်ကောင်းနှင့်စိတ်ယုတ် နှစ်မျိုးအနက် စာဖတ်သူတို့ စိတ်ကောင်းဘက်သို့ တိမ်းညွတ်လာအောင် မည်ကဲ့သို့ ရေးဖွဲ့တင်ပြရမည်ဆိုသည့် အချက်များကို ကြည့်၍ အကောင်းအဆိုး ဝေဖန်တတ်ကြသည်။ အချို့စာရေးဆရာများကမူ လူတန်းစား အပေါ်တွင် မူတည်၍ ဝေဖန်သုံးသပ်သည်။ ထိုသူများမှာ ဆိုရှယ်လစ်စာပေအမြင်ကို လက်ခံသူများ ဖြစ်ကြသည်။ အလုပ်သမားလူတန်းစားဘက်မှ ရပ်တည်ရေးသားသော စာပေများကို အကျိုးပြုစာပေဟု တန်ဖိုးထားကြသည်။

အချို့သော ဝေဖန်ရေးသမားများသည် အာဃာတများ ရှိတတ်သည်။ ချိုးနှိမ်လိုစိတ်၊ ထင်ပေါ်လိုစိတ်၊ တွင်ကျယ်လိုစိတ်များရှိပြီး ဝေဖန်ရေးသဘောမပီသဟု တွေ့ရသည်။ စင်စစ်မှာ ဝေဖန်ရေးသမားသည် စနစ်ကျရမည်။ စိတ်ထားဖြူစင်ရမည်။ အာဃာတ ကင်းရှင်းရမည်။ သူ့လူကိုယ့်လူ အုပ်စုမခွဲခြားဘဲ ဆုံးဖြတ်ရမည်။ စာပေ သမာဓိ ရှိရမည်။ နှံ့စပ်ရင့်ကျက်သော ဝေဖန်ပိုင်းခြားနိုင်သော အရည်အချင်းနှင့် ဂုဏ်သိက္ခာများ ရှိရမည်ဟု ဆိုထားပါသည်။ ဆရာတိုက်စိုး၏ စာပေဝေဖန်ရေး ဆောင်းပါးများကိုကြည့်လျှင် လူတန်းစားအမြင်နှင့် မကြည့်ဘဲ လူ့သဘော လူ့သဘာဝ ဖန်တီးတင်ပြပုံ သဘာဝကျမှု၊ မကျမှုကိုသာ အကဲခတ်သည်ကို တွေ့ရသည်။ စာရေးဆရာအပေါ် အာဃာတအမြင် မရှိပေ။

ဦးလတ်၏စာပေများကို သုံးသပ်ရာ၌ ဦးလတ် ဖြတ်သန်းခဲ့ရသော ခေတ်နှင့် ဦးလတ်၏ဘဝကို ယှဉ်တွဲကာ ရှုကြည့်သည်။ ခေတ်၏ တိုက်တွန်းစေ့ဆော်မှု၊ ခေတ်အမူအရာများ ထင်ဟပ်ချက်တို့ကြောင့် ရွှေပြည်စိုးဝတ္ထုနှင့် စံပယ်ပင်ဝတ္ထု ဖြစ်ပေါ်လာပြီးလျှင် စာရေးသူ၏ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများအပေါ် နှစ်သက်မှု အငွေ့ အသက်များသည် လွှမ်းမိုးနေသည်ဟု သုံးသပ်ပြထားပါသည်။ စာရေးသူ၏ ဘဝနှင့် စာပေကို ဆက်စပ်တင်ပြရာ၌ နယ်ချဲ့လက်အောက်တွင် ရှင်သန်ခဲ့ရသော ဦးလတ်၏ ဘဝကို ကရုဏာထား၍ သုံးသပ်ပြထားပါသည်။

ပီမိုးနင်း၏စာပေအမြင်ကို သုံးသပ်ရာ၌ ပီမိုးနင်း၏စာပေများသည် သူ့ခေတ်တွင် ဦးဆောင်နေခြင်းမှာ ပီမိုးနင်းကိုယ်တိုင်က စာပေသဘောတရား၊ ရသစာပေ၏ သဘော သဘာဝတို့ကို ကောင်းစွာ နားလည်သိမြင်သောကြောင့် ဖြစ်သည်ဟူသော အယူအဆ ရှိဟန် တူပါသည်။ ရေးဆန်သော စာပေလောကထဲတွင် ခေတ်အသွင်သို့ပြောင်း၍ ရသစာပေကောင်းများ ပေါ်ထွက်ရေးအတွက် ကိုယ်တိုင်လည်းရေးပြီး လမ်းညွှန်မှုလည်း ပြုသော ပီမိုးနင်းအပေါ် လေးစားစိတ်ဖြင့် သုံးသပ်ထားသည်ကို တွေ့ရပါသည်။

ဦးဖိုးကျား၏စာဆောင်းပါး၌မူ ဦးဖိုးကျား၏စာပေများ ကောင်းရခြင်းအကြောင်းမှာ စေတနာကောင်းမှု၊ အရေးအဖွဲ့ကောင်းမှု နှစ်မျိုးလုံး ညီညွတ်သောကြောင့်ဖြစ်သည်ဟု ခံယူထားသည်။ ထိုစေတနာကောင်းမှာလည်း ခေတ်နှင့် ဘဝအတွေ့အကြုံမှ ပေါက်ဖွား လာခြင်းဖြစ်သည်ဟု ဆက်စပ်တွေးခေါ်ပြထားသည်ကို တွေ့ရသည်။ ဆရာတိုက်စိုး၏ ဝေဖန်ရေးအမြင်များသည် စာရေးဆရာကြီးသုံးဦးလုံး အပေါ်၌ လေးစားစိတ်၊ တန်ဖိုးထား စိတ်များကို အခြေခံပြီး ဘဝနှင့်စာပေများကို ဆက်စပ်သုံးသပ်ပြထားသည့် ဝေဖန်ရေး သဘောကို တွေ့ရပါသည်။

## နိဂုံး

ဝေဖန်ရေးစာပေများသည် ကိုလိုနီခေတ်တွင် ထွန်းကားလာပါသည်။ ခေတ်စမ်း စာပေခေတ်တွင် သိပ္ပံမောင်ဝက ဆရာဇော်ဂျီနှင့် မင်းသုဝဏ်တို့၏ ကဗျာများကို ဝေဖန်သုံးသပ်သည်။ ဆရာဇော်ဂျီနှင့် မင်းသုဝဏ်တို့ကလည်း သိပ္ပံမောင်ဝ၏ စကားပြေ များကို ဝေဖန်ဆန်းစစ်သည်။ တစ်ခေတ်တည်း ပေါ်ထွန်းခဲ့သည့် စာပေအနုပညာရှင် တို့၏ အပြန်အလှန်သုံးသပ်သော ဝေဖန်ရေးအမြင်များသည် အမြင်ကြည်လင်ရှင်းသန့် သည်။ စာပေအပေါ်၌သာ အာရုံစူးစိုက်၍ သုံးသပ်ထားသည်ကို တွေ့ရသည်။ ထိုမှ တစ်ဆင့် ဝေဖန်ရေးစာပေများသည် တဖြည်းဖြည်း တိုးတက်ထွန်းကားလာခဲ့သည်။ ဇော်ဂျီနှင့် မင်းသုဝဏ်တို့၏ စာပေလောက၊ ဒေါက်တာလှဖေ၏ မြန်မာစာပေဩဒ်ခံ စာတမ်း၊ ဒဂုန်တာရာ၏ အလှဗေဒ၊ စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေ လှုပ်ရှားမှုစာအုပ်များသည် ဝေဖန်ရေးစာပေများဟု ဆိုရမည်။ တိုက်စိုး၏ အခြားသော ဝေဖန်ရေးဆောင်းပါးများလည်း ရှိပါသည်။ အဆိုပါ စာပေဝေဖန်ရေးဆိုင်ရာ ဝေဖန်ရေး စာပေများကို ဆက်လက် လေ့လာသုတေသနပြုသင့်ပါသည်ဟု ထင်မြင်မိပါသည်။

## ကျမ်းကိုးစာရင်း


***ဇော်ဇော်အောင်ဖတ်စာ***။ (၂၀၀၄)၊ ရန်ကုန်၊ စိတ်ကူးချိုချိုစာအုပ်တိုက်။

ဇော်ဇော်အောင်။ (၂၀၀၆)၊ ***သရုပ္ပဆောင်းပါးများ***။ စိတ်ကူးချိုချိုစာအုပ်တိုက်။

တိုက်စိုး။ (၂၀၁၆)။ ***တိုက်စိုးစာလက်ရွေးစင်***။ ရန်ကုန်၊ နှစ်ကာလများစာအုပ်တိုက်။

***ဝေဖန်ရေးစာပေစာတမ်းများ***။ (၁၉၈၆) ပထမတွဲ။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

# ဇော်ဂျီ၏ ဝတ္ထုတိုဖန်တီးမှုအတတ်ပညာ

စီစီဝင်း*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ဇော်ဂျီ၏ ဝတ္ထုတိုဖန်တီးမှုအတတ်ပညာကို လေ့လာတင်ပြထားသော စာတမ်းတစ်စောင် ဖြစ်ပါသည်။ ထိုသို့တင်ပြရာတွင် ဆရာဇော်ဂျီ၏ ဝတ္ထုတိုသုံးပုဒ်ကို အလေ့လာခံအဖြစ် ရွေးချယ်သတ်မှတ်ကာ ဖန်တီးမှုနည်းနာသဘောကို ဖော်ထုတ်တင်ပြထားပါသည်။ ဤစာတမ်းတွင် အခန်း(၁) ဝတ္ထုတိုသဘောတရား၊ အခန်း(၂) ဇော်ဂျီ၏ ဝတ္ထုတိုဖန်တီးမှုအတတ်ပညာတို့ ပါဝင်သည်။ ဇော်ဂျီ၏ ကြင်မည့်သူ၊ အောင်ဘော်နှင့်လေးလုံး၊ ဖိုးမာဒင် ဝတ္ထုများ၏ အတတ်ပညာကို လေ့လာတင်ပြထားပါသည်။

## နိဒါန်း

ဇော်ဂျီသည် ဝတ္ထုတိုများကို ရေးဖွဲ့ရာတွင် ဇာတ်လမ်းကို ဦးစားမပေးဘဲ အတွေးအခေါ်ကိုသာ ဦးစားပေးသည်။ သူ၏ဝတ္ထုတိုများသည် ဖျော်ဖြေမှုသဘောဖြင့် စာဖတ်သူများ၏စိတ်ကို တဖြည်းဖြည်းချင်း ဝတ္ထုထဲသို့ ခေါ်ဆောင်သွားပြီးလျှင် စာရေးသူတင်ပြသော အတွေးအမြင်ကို လက်ခံလာအောင် ရေးဖွဲ့လေ့ရှိသည်။ ဇာတ်လမ်း၊ ဇာတ်ဆောင်တို့ကို ကိုင်တွယ်ရာတွင် သိမ်မွေ့ညင်သာသည်ဟု ဆိုနိုင်သည်။ ဇော်ဂျီ၏ ဇာတ်ဆောင်များကို ဒိဋ္ဌလောက၌လည်း တွေ့မြင်နိုင်သည်။ သူ၏ဝတ္ထုတိုများသည် ပတ်ဝန်းကျင်လောကကို ပြန်လည်၍ မြင်ယောင်စေပါသည်။ ဇော်ဂျီ၏ ဝတ္ထုတိုများထဲမှ ကိုလိုနီခေတ်တွင် ရေးဖွဲ့ထားသော 'ဖိုးမာဒင်၊ ကြင်မည့်သူ၊ အောင်ဘော်နှင့်လေးလုံး' ဝတ္ထုတိုသုံးပုဒ်ကို လေ့လာတင်ပြထားပါသည်။ ထိုသို့တင်ပြရာတွင် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံဟူ၍ ခွဲခြားမပြတော့ဘဲ တစ်ပုဒ်ချင်း၏ အတတ်ပညာတွင် အဓိကထားသုံးစွဲသည့် နည်းပညာကိုသာ ထုတ်နုတ်ဆွေးနွေးတင်ပြသွားမည် ဖြစ်ပါသည်။

## ၁။ ဝတ္ထုတိုသဘောတရား၊ ဝတ္ထုတိုအတတ်ပညာ

ဝတ္ထုတို ဟူသော စာပေအဖွဲ့ပုံစံသည် ၁၉ ရာစုခန့်မှစ၍ အနောက်တိုင်းတွင် စတင်ပေါ်ထွန်းခဲ့သည်။ ဝတ္ထုကို အစပျိုးခဲ့သူမှာ အယ်ဂါလယ်လင်ပိုး ဖြစ်သည်။

---

* ဒေါ်၊ ကထိက၊ မြန်မာစာဌာန၊ သက်န်းကျွန်းပညာရေးကောလိပ်

အယ်ဂါအယ်လင်ပိုး၏အဆိုကို ပါမောက္ခ ဦးမျိုးမင်းက စာရေးဆရာမ ခင်နှင်းယု၏ ကြေးမုံရိပ်သွင် ဝတ္ထုတိုပေါင်းချုပ်အမှာစာ၌-

> "ဝတ္ထုတိုတွင် အဖြစ်အပျက်များသည် အဓိကမဟုတ်၊ စာရေးဆရာ၏ ဆိုလိုချက်၊ တင်ပြချက်သည်သာ အဓိကဖြစ်သည်။ စာရေးဆရာသည် စာဖတ်သူ အာရုံကျက်စားစေလိုသော သဘောတစ်ရပ်၊ အချက်တစ်ချက်၊ သုံးသပ်ချက်တစ်ရပ်ကို မူတည်ပြီးလျှင် ယင်းလိုရာအချက်သို့ရောက်အောင် သဘောပေါ်လွင်အောင် အဖြစ်အပျက်များကို ဖန်တီးရသည်။"[၁]

ဟု ဆိုထားပါသည်။

အထက်အဖော်ပြပါ အဆိုအမိန့်အရကြည့်လျှင် ဝတ္ထုတိုကို တင်ပြရာ၌ ဇာတ်လမ်းက အဓိကမဟုတ်ဘဲ စာရေးသူ၏ဆိုလိုချက်သည်သာ အဓိကဖြစ်ကြောင်း နားလည်ရပါသည်။ ဝတ္ထုတို၏သဘောကို မင်းကျော်က-

> "အတိုတောင်းဆုံး အချိန်ပိုင်းအတွင်း အနည်းဆုံး ဇာတ်ဆောင်တို့၏ လှုပ်ရှားမှု သို့မဟုတ် အဖြစ်အပျက်၊ အာရုံခံစားမှု၊ စာလုံးအရေအတွက် နည်းနိုင်သမျှနည်း၍ ရေးသားတင်ပြထားသော ဝတ္ထုဟုဆိုလျှင် မှားလိမ့်မည်မထင်"

ဟု ဆိုထားပါသည်။ ထိုအဆိုကိုကြည့်လျှင် ဝတ္ထုတိုသည် ဖတ်သည့်အချိန် တိုရမည်၊ အဖြစ်အပျက် နည်းရမည်။ ဇာတ်ဆောင် မှာလည်း မများသင့်ပေ။ တင်ပြရာ၌လည်း ကျစ်လျစ်သိပ်သည်းမှု ရှိရမည်ဆိုသည့် သဘောများကို တွေ့ရပါသည်။

ဝတ္ထုတိုဖန်တီးမှုအတတ်ပညာနှင့်ပတ်သက်၍ ဇော်ဇော်အောင်က-

> "စာရေးခြင်း (ဝါ) ဝတ္ထု၊ ကဗျာရေးသားခြင်းကို ဖန်တီးသည်၊ ဖန်တီးမှု၊ ဖန်တီးခြင်း (Create, creation)ဟု ခေါ်ဝေါ်သုံးနှုန်းလေ့ရှိပါသည်။ ရေးသားဖွဲ့နွဲ့သီကုံးပြုစု စသည့် ကြိယာအဓိပ္ပာယ်များကို ပေါင်း၍ ဖန်တီးမှုဟု ပြောလေ့ရှိပါသည်။ အနုပညာ၏ အလုပ်သည် ဖန်တီးခြင်း ဖြစ်၏။ အနုပညာသမားကို ဖန်တီးသူဟု ခေါ်ဆိုသည်။ အနုပညာပစ္စည်း တစ်ခုကို အနုပညာသမားက ဖန်တီးသည် ဆိုရာတွင်လည်း သူကိုယ်တိုင် ဖန်တီးသည်၊ သူမှတစ်ပါး အခြားဘယ်သူဘယ်ဝါမှ ဖန်တီး၍ မရနိုင်ဟု အဓိပ္ပာယ်

[၁] မျိုးမင်း၊ ဦး(ပါမောက္ခ)၊ ၁၉၆၀၊ နိဒါန်း။

> ပေါက်သင့်သည်။ ထို့အပြင် အနုပညာပစ္စည်းတစ်ခုကို တစ်ကြိမ်သာ ဖန်တီး၍ရသည်။ နောက်တစ်ကြိမ် ထပ်မံဖန်တီး၍မရဟု နားလည် အပ်ပါသည်။”

ဟု ဆိုထားပါသည်။

ဝတ္ထုတိုကို ဖန်တီးရာတွင် စာရေးသူကိုယ်တိုင် အတွေ့အကြုံကိုယ်ပိုင်ခံစားမှု၊ ကိုယ်ပိုင်စိတ်ကူးကို အရင်းခံပြီး ကိုယ်ပိုင်ရေးဖွဲ့ရသည်ဟု နားလည်ရပါသည်။ ဖန်တီးရယူထားသော အနုပညာလက်ရာသည် ဖန်တီးသူအနုပညာရှင်၏ ကိုယ်ပိုင် ဖြစ်ပါသည်။ ဝတ္ထုတိုတွင် အကြောင်းအရာ မည်မျှပင်ကောင်းမွန်သော်လည်း ဖန်တီးမှု အတတ်ပညာ မကျွမ်းကျင်လျှင် ပုံကောင်းပုံလှ မဖြစ်နိုင်ပေ။ အနုပညာဖန်တီးမှုနှင့် ပတ်သက်၍ ပါမောက္ခ ဦးတင်ရွှေက–

> “အနုပညာတစ်ရပ်သည် ဖန်တီးသူ စာပေ အနုပညာရှင်၏ ပင်ကိုယ်စွမ်းအားပေါ်၌ မူတည်နေကြောင်း ဆိုရာရောက်ပါသည်။ ပင်ကိုယ်စွမ်းရည်သည် စာပေအနုပညာရှင်၏ အရင်းခံကျဆုံးသော အရွတ္တအရည်အချင်းပင် ဖြစ်သည်။ ထိုအရည်အချင်းကို စာပေ အနုပညာရှင်၏ စာပေအနုပညာလက်ရာ အသွင်သဏ္ဌာန်များ မှတစ်ဆင့် လာပြီး ထွင်းဖောက်၍ သိရသည်”

ဟု ဆိုထားပါသည်။

ဝတ္ထုတိုကို ဖန်တီးရာတွင် ဒိဋ္ဌလောကကို အခြေခံရသောကြောင့် လောက ဝန်းကျင် အတွေ့အကြုံ ရင့်ကျက်ရသည်။ သို့မှသာ တစ်ပုဒ်နှင့်တစ်ပုဒ် မတူ ကွဲပြားသော ဝတ္ထုတိုများကို ဖန်တီးနိုင်မည်။ ဖန်တီးသူ၏ ဘဝအတွေ့အကြုံ အနု အရင့်၊ ဘာသာစကား ကျွမ်းကျင်မှု၊ အတိုင်းအတာကိုလိုက်၍ အနုပညာလက်ရာ များသည် အဆင့်အတန်း အနိမ့်အမြင့် ကွာခြားနိုင်သည်။ စာဖတ်သူတို့အပိုင်းမှလည်း မိမိ၏ပင်ကိုယ်ဓာတ်ခံ အတွေ့အကြုံ၊ အကြားအမြင် ခံစားမှု အနုအရင့်ကိုလိုက်၍ အနုပညာပစ္စည်းမှ ရသတန်ဖိုးကို ခံစားနိုင်မည် ဖြစ်ပါသည်။ ထိုသဘောကို မောင်ခင်မင် (ဓနုဖြူ)က–

> “ဖန်တီးရေးဖွဲ့သူ၏ စေတနာအတိုင်းအဆ၊ ပတ်ဝန်းကျင် ဘဝ အတွေ့အကြုံ အနုအရင့်၊ ဘာသာစကားဖြင့် ဖန်တီးရေးဖွဲ့မှု စွမ်းရည် အတိုင်းအဆတို့ကို အကြောင်းပြု၍ စာဖတ်သူ ခံစား ရသော ရသသည်လည်း အနုအရင့် ကွာခြားတတ်သည်။ ရသစာပေ

> အဖွဲ့တစ်ခု ဖြစ်လာပြီဆိုလျှင် စာဖတ်သူကို ရသခံစားမှု ပေးစွမ်းနိုင်စွမ်း အနည်းနှင့်အများ ရှိသည်ချည်း ဖြစ်သည်။"[၁]

ဟု ဆိုခဲ့ပါသည်။ ဝတ္ထုတိုသည် ရသစာပေဖြစ်သောကြောင့် ဝတ္ထုတိုရေးသူ သို့မဟုတ် စာဖတ်သူ၌ ရသခံစားမှုပေါ်လွင်စေရန် သူ၏ရသစာပေအစွမ်းဖြင့် ဖော်ပြရမည် ဖြစ်ပါသည်။

## ၂။ ဇော်ဂျီ၏ ဝတ္ထုတိုများလေ့လာချက်

### ၂၊ ၁။ ကြင်မည့်သူ

ကြင်မည့်သူဝတ္ထုကို ဇော်ဂျီသည် ၁၉၃၃ ခုနှစ်တွင် ရေးဖွဲ့ခဲ့ပါသည်။ ထိုဝတ္ထု၏ရည်ရွယ်ချက်မှာ မိန်းမပျိုလေးတစ်ဦးအား တိတ်တခိုးချစ်မိနေသော်လည်း ဖွင့်ဟရန်မဝံ့သဖြင့် အချိန်ကာလရှည်ကြာစွာ မျိုသိပ်ထားခဲ့သော လူငယ်လေးတစ်ဦး၏ ချစ်သူသေဆုံးသွားသောအခါတွင် မျိုသိပ်ခဲ့ရသော အချစ်များအတွက် ထိခိုက်ကြေကွဲရပုံကို တင်ပြလိုခြင်း ဖြစ်ပါသည်။

မောင်ဘမြိုင်သည် တစ်ရွာတည်းနေ မုန့်ဟင်းခါးသည် မကျော့စိန်ဆိုသူကို မုန့်ဟင်းခါးသွားစားရင်း တစ်ဖက်သတ် ချစ်ကြိုက်နေခဲ့သည်။ မကျော့စိန်ဘက်မှလည်း မောင်ဘမြိုင်အပေါ် တိမ်းညွတ်သည့် သဘောအမူအရာများ ရှိခဲ့သည်။ သို့ရာတွင် မောင်ဘမြိုင်သည် မဝံ့မရဲ မျိုသိပ်၍သာ ထားခဲ့သည်။ တစ်နေ့တွင် မကျော့စိန်က မောင်ဘမြိုင်အား မြို့သို့သွားလျှင် ကြယ်သီးတစ်စုံ ဝယ်ခဲ့ပါဟု မှာသည်။ မောင်ဘမြိုင်သည် ကြယ်သီးကို အမြတ်တနိုး ရွေးချယ်ဝယ်ယူလာခဲ့သည်။ ဦးလေးဖြစ်သူ၏ကိစ္စကြောင့် မြို့၌ (၄)ရက်ခန့်ကြာပြီး ပြန်လာသောအခါတွင် မကျော့စိန် သေဆုံးကြောင်း သိလိုက်ရသည်။ ထိုသတင်းကြောင့် မြေကြီးပေါ်၌ ပုံလျက်သား ကျသွားသည်။ နောက်တစ်နေ့တွင် သင်္ချိုင်းဇရပ်၌ ကျုံ့ကျုံ့ထိုင်၍ သလင်းကျောက် ကြယ်သီးများကို ယုယစွာ ကိုင်တွယ်လျက် နှုတ်ခမ်းမှ တတွတ်တွတ် စကားပြော နေသော မောင်ဘမြိုင်ကို တွေ့ရသည်။

ဇော်ဂျီသည် ဝတ္ထုတိုများကို ဖန်တီးရေးသားရာတွင် ဇာတ်လမ်းသစ်ဆန်းမှု သဘောထက် လူ့သဘော လူ့သဘာဝ ပေါ်လွင်မှုကို ပို၍အလေးထားလေ့ ရှိသည်။ ကြင်မည့်သူဝတ္ထုသည် မိန်းမပျိုလေးအပေါ် ချစ်မြတ်နိုးလွန်းသဖြင့် မိမိ၏ချစ်မေတ္တာကို မဖွင့်ဟဘဲ တိတ်တခိုးချစ်နေသူတစ်ဦး၏ အချစ်ကိုဆုံးရှုံးရသောအခါ ကြေကွဲခံစားမှု

[၁] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၁၉၉၇၊ ၁၀။

ကိုသာ တင်ပြထားခြင်း ဖြစ်ပါသည်။ ထိုသို့တင်ပြရာ၌လည်း ဇာတ်လမ်းဇာတ်ကွက် မဆင်ဘဲ လူငယ်တစ်ယောက်၏ ခံစားမှုကိုသာ ဇာတ်လမ်းတစ်လျှောက်လုံး ရေးဖွဲ့ တင်ပြထားခြင်း ဖြစ်ပါသည်။ ဇော်ဂျီသည် အကြောင်းအရာတစ်ခုကို ဇာတ်လမ်းဆင် တင်ပြရာ၌ ဝတ္ထုတိုပီသအောင် ရေးဖွဲ့လေ့ ရှိသည်။ ဝတ္ထုတိုသဘောနှင့်ပတ်သက်၍ မောင်ထင်က–

> "ဝတ္ထုတိုအဖွဲ့သည် ယေဘုယျအားဖြင့် အကြောင်းအရာတစ်ခု၊ ဖြစ်ရပ်တစ်ခု၊ လုပ်ရပ်တစ်ခု၊ ဆင်ခြင်ပုံတစ်ခု၊ အတွေးအခေါ် တစ်ခု စသည်ဖြင့် တစ်ခုသောအချက်ကို ဗဟိုမဏ္ဍိုင်ပြု၍ ဖွဲ့ဆိုသော အဖွဲ့ဖြစ်ပါသည်။"

ဟု ဆိုထားပါသည်။

ဝတ္ထုတိုနှင့်ပတ်သက်၍ မြန်မာအဘိဓာန်အကျဉ်းချုပ်၌လည်း–

> "ဇာတ်ဆောင် တစ်ဦး သို့မဟုတ် အများကို အခြေခံထား၍ အဖြစ်အပျက် အခြင်းအရာကို စိတ်ဝင်စားဖွယ် ဖွင့်ဆိုထားသော အကြောင်းအရာ"[၁]

ဟု ဖော်ပြထားပါသည်။

ထိုအဆိုများအရကြည့်လျှင် ဝတ္ထုတိုသည် အကြောင်းအရာတစ်ခု သို့မဟုတ် လူတစ်ဦးကို ဦးတည်၍ ဖန်တီးရေးသားနိုင်ကြောင်း သိရပါသည်။ ဇော်ဂျီသည် ကြင်မည့်သူဝတ္ထု၌ မောင်ဘမြိုင်ဆိုသော လူပျိုပေါက်စကလေးတစ်ဦး၏ မိန်းကလေး တစ်ယောက်အပေါ် မဝံ့မရဲ စွဲစွဲလမ်းလမ်း တန်ဖိုးထား ချစ်မြတ်နိုးခဲ့သော စိတ်ခံစားမှု ကိုသာ အလေးပေး၍ ရေးဖွဲ့ထားပါသည်။ ထိုသို့ရေးဖွဲ့ရာတွင် ဇော်ဂျီသည် အားလုံးသိရှုထောင့်ကိုသုံး၍ ဇာတ်ကြောင်းဖော်ပြထားသည်။ ဇာတ်ကြောင်းပြောသူမှာ စာရေးသူဖြစ်သည်။ ထိုဝတ္ထုတွင် မောင်ဘမြိုင်နှင့် မကျော့စိန် ဇာတ်ဆောင်နှစ်ဦး ပါပြီးလျှင် အားလုံးသိရှုထောင့်ကို သုံးထားသော်သော်လည်း မကျော့စိန်၏ ခံစားမှု အတွေးကို ဖော်ပြသည့်အကွက်မှာ တစ်ကွက် နှစ်ကွက်သာပါသည်။ စာရေးသူက မောင်ဘမြိုင် တစ်ဦးတည်း၏ ကိုယ်နှုတ်နှလုံး အမူအရာ သုံးပါးလုံးကို သိခွင့်ယူ၍ အနုစိတ် ရေးဖွဲ့ထားသည်။ မကျော့စိန်ကိုမူ ကိုယ်နှုတ်အမူအရာကိုသာ ရေးပြသည်။

ထိုသို့အားဖြင့် အားလုံးသိရှုထောင့်ကိုသုံးထားသော်လည်း မောင်ဘမြိုင်၏ စိတ်ခံစားမှုကိုသာ အလေးပေး၍ ဇာတ်ကြောင်းပြောသည့်အတွက် စာဖတ်သူတို့

---

[၁] မြန်မာစာအဖွဲ့၊ ၁၉၉၁၊ ၁၆၄။

အနေနှင့် မောင်ဘမြိုင်၏စိတ်ခံစားမှုများကိုသာ အများဆုံးသိခွင့်ရပါသည်။ မကျော့စိန်၏ စိတ်ခံစားမှုများကို သိခွင့်မရပေ။ ဇော်ဂျီရေးဖွဲ့လိုသောသူမှာလည်း မောင်ဘမြိုင် ဖြစ်သည်။ မောင်ဘမြိုင်၏ ခံစားမှုများကို အဓိကထား တင်ပြလိုသည့်အတွက် စာရေးသူ အဓိကထားတင်ပြလိုသော အချက်သည် ကွက်ကွက်ကွင်းကွင်း ပေါ်လွင်နေ ပါသည်။

ဇာတ်လမ်းအဖြစ် ဖန်တီးရာတွင်မူ စာရေးသူက စိတ်ကူးဖြင့် ဖြည့်စွက်၍ ဇာတ်လမ်းအကွေ့အလိမ်များကို ထည့်သွင်းခြင်း မပြုပေ။ မောင်ဘမြိုင်နှင့် မကျော့စိန် တို့၏ တွေ့ဆုံပတ်သက်မှု ဖြစ်စဉ်အတိုင်းသာ ဖော်ပြထားသည်။ ဇာတ်ဆောင်စရိုက် ဖန်တီးရာတွင် မကျော့စိန်၏ ရုပ်သွင်အမူအရာလေးများကိုသာ သရုပ်ဖော်ထားသည်။ မကျော့စိန်၏အလှကို–

> "မကျော့စိန်၏ပါးပြင်သည် ချောမွတ်သည်။ ပါးပြင်အထက်နား နားသယ်စပ်တွင် ပေါက်လျက်ရှိသော ဆံနုတို့သည် စိမ်းနေကြ သည်။ တစ်ခါတစ်ရံ မောင်ဘမြိုင်၏မျက်စိသည် ဆီချက်ပန်းကန် မှသည် ငံပြာရည်ပန်းကန်သို့၊ ငံပြာရည်ပန်းကန်မှသည် ငရုတ်သီးမှုန့် ပန်းကန်သို့ သွက်လက်စွာ လှုပ်ရှားသွားလာလျက်နေသော အဖျား ဒန်းနီရောင် လက်ချောင်းကလေးများဆီသို့ ရောက်သွားတတ် လေသည်"[၁]

ဟု ရေးဖွဲ့ထားပါသည်။ မကျော့စိန်လေး၏အလှကို တင်ပြရာ၌ မောင်ဘမြိုင်၏ အမြင်နှင့် ဆက်စပ်၍ တင်ပြထားသည်။ ထိုသူနှစ်ယောက်၏ ပတ်သက်မှုသဘောကို ကျစ်ကျစ်လျစ်လျစ် သရုပ်ဖော်တင်ပြခဲ့သည်ဟု ဆိုရမည်။

မကျော့စိန်ဘက်မှ တိမ်းညွတ်သည့် အမူအရာများ ပြမိသော်လည်း မောင်ဘမြိုင်က တုန်လှုပ်မှု မပြသောအခါ မကျော့စိန်၏ခံစားမှုကို–

> "မကျော့စိန်မှာ တစ်ကိုယ်တည်း နှုတ်ခမ်းစူလျက် ကျန်နေခဲ့တတ် လေသည်။ ဒေါသကလေး ထောင်းကနဲ ထွက်လာတတ်လေသည်။ သို့ရာတွင် ဒေါသကလေးမှာ ရှုးရှုးရှဲရှဲ ရိုးရိုးရဲရဲမဟုတ်။ မေတ္တာဓာတ်၏ အညှို့ခံနေရသော ကသီကရိ လုပ်လီလုပ်လဲ့

---

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၂၃။

ဒေါ်နွဲ့နွဲ့ကလေးသာ ဖြစ်သောကြောင့် တစ်ခဏချင်းပင် ပျောင်းခွေ ပြေလျော့သွားရရှာလေသည်။”[၁]

ဟု ရေးဖွဲ့ထားပါသည်။

ဇော်ဂျီသည် ဝတ္ထုတိုများကို ဖန်တီးရာ၌ အာရုံမထွေပြားဘဲ အကြောင်းအရာ တစ်ခုတည်းကိုသာ နည်းစနစ်အမျိုးမျိုးကိုသုံး၍ ပရိသတ်၌ ခံစားနိုင်အောင် တင်ပြလေ့ရှိသည်။ ကြင်မည့်သူဝတ္ထုတွင် တိတ်တခိုးချစ်တတ်သူတစ်ဦး၏ ခံစားမှုကို အဓိကထားပြီး ထိုခံစားမှုကို ဇာတ်လမ်းတစ်လျှောက်လုံး တင်ပြသွားရာ၌ အလွန် အနုစိတ်ကျသော ခိုင်းနှိုင်းမှုများ၊ စကားပရိယာယ်ကြွယ်ဝသောရေးဟန်တို့ကို သုံးနှုန်း ထားသည်။ ကြင်မည့်သူဝတ္ထုတွင် မောင်ဘမြိုင်ခံစားမှုကို အနုစိတ်တင်ပြသော ရေးဟန်သည် ပရိသတ်အား စွဲငြိစေသော အတတ်ပညာဖြစ်သည်ဟု ထင်မြင်မိ ပါသည်။

မောင်ဘမြိုင်သည် မကျော့စိန်ထံသို့လာတိုင်း ဖွင့်ပြောမည်ဟု အရူးအမူး ကြိုးစားအားခဲလာတတ်သည်။ သို့ရာတွင် တွေ့သောအခါ၌ နောက်တွန့်ကာ မပြော ဖြစ်ပေ။ ထိုသို့သော မောင်ဘမြိုင်၏ မဝံ့မရဲခံစားမှုကြောင့် အချည်းအနှီးဖြစ်နေရပုံကို ဇော်ဂျီက–

“မြေကြီးလက်ခတ် ဆတ်ဆတ်မလွဲ မှန်ပေ၏။ သို့ရာတွင် သခွတ်ပန်းပွင့်သောအခါတိုင်း ကသစ်ပန်းကို သတိရ၍ မိမိ၏ စံရာဟောင်း ဖြစ်ခဲ့ဖူးသော မာဃသိကြား၏ သုဒဿနမြို့ကို ပိုင်နိုးပိုင်နိုးသဘောဖြင့် ချီတက်ရာ စိတ္တာကုဋ်တံခါးခုံရှိ သိကြားရုပ် များကို မြင်ရသည်နှင့်တစ်ပြိုင်နက် ဗိုလ်ထုပါပျက်၍ လက်လွတ် ထွက်ပြေးရရှာသော အသူရာသိကြားညီကုကဲ့သို့ မောင်ဘမြိုင် သည်လည်း မည်မျှလောက်ပင် ဖွင့်ပြောတော့မည် ဖော်ပြတော့ မည်ဟု အကြိမ်ကြိမ် အဖန်ဖန် ကြံစည်ခဲ့သော်လည်း မကျော့စိန်၏ အေးမြကြည်လင်သော မျက်နှာကို မြင်သောအခါတိုင်း ထိုအကြံ အစည်တို့သည် သူ့အလိုလို ပြိုကျသွားတတ်လေသည်။ မောင်ဘမြိုင် သည် စစ်မရောက်ခင် မြားကုန်တတ်သော စစ်သူကြီးအစားထဲက မဟုတ်၊ စစ်ပွဲသို့ရောက်ခါမှ မြားကုန်တတ်သော စစ်သူကြီးနှင့် တူလှပေသည်”[၂]

---

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၂၃–၂၄။

[၂] ဇော်ဂျီ၊ ၁၉၉၉၊ ၂၄။

ဟု ရေးသားတင်ပြထားပါသည်။ ထိုကဲ့သို့ မြိုသိပ်ထားသောကြောင့် နှစ်ကြာလာသည်နှင့်အမျှ ရင်ထဲ၌ မေတ္တာအစိုင်အခဲ ကြီးမားနေပုံကို စာရေးသူက–

> "ကြီးချင်တိုင်းကြီး ဖွံ့ချင်တိုင်းဖွံ့၊ ဖြိုးချင်တိုင်း ဖြိုးနေသော မေတ္တာအစိုင်အခဲကြီးတစ်ခုကို မောင်ဘမြိုင်၏နှုတ်မှ ရုတ်တရက် ထွက်စိမ့်သောငှာ အတိုင်းအဆတို့ပင် ရှိလေမလားဟု တွေးတော ဖွယ်ရာရှိလေသည်။"[၁]

ဟုလည်း တင်ပြထားပါသည်။ ဇော်ဂျီသည် စကားလုံးများကို ဝေဝေဆာဆာနှင့် အာဝဇ္ဇန်းရွှင်ရွှင်သုံး၍ မောင်ဘမြိုင်၏ မေတ္တာအစုအပုံကို တင်ပြခဲ့ပါသည်။

မောင်ဘမြိုင်သည် မကျော့စိန်အပေါ်တွင် နှင်းဆီ၊ စံပယ်ပန်းကလေးများ ကဲ့သို့ပင် မှတ်နေပါသည်။ ပန်းကလေးများသည် အပင်၌ထားခြင်းက ပိုလှသည်ဟု တွေးတောလေဟန်ကိုလည်း အပင်ပေါ်၌–

> "လှပဆန်းကြယ်စွာ ပွင့်နေသော ထိုနှင်းဆီပန်း၊ စံပယ်ပန်း များသည် မနုဿလူသားတို့၏ ဒုစရိုက်မှုမကင်းသောလက်ဖြင့် ချူးဆွတ်ချွေယူခြင်း ခံရပြီးနောက် ဖန်ဖလား ငွေဖလားသို့ ရောက်နေသော အလှပြနှင်းဆီစံပယ်တို့ထက်ပို၍ ရှုချင်စဖွယ် ကောင်းသလို အပျိုကလေး မကျော့စိန်သည် အိမ်ထောင်သည် မကျော့စိန်ထက် ပို၍ရှုမောဖွယ်ရာကောင်းပေသည်ဟု မောင်ဘမြိုင် စိတ်ထဲ၌ အထင်ရှိနေသလောဟူ၍လည်း ယူဆစရာ ရှိပေသည်။"[၂]

ဟူ၍ ရေးဖွဲ့တင်ပြထားပါသည်။ စာရေးသူသည် မောင်ဘမြိုင်၏ မကျော့စိန်ပေါ် ထားရှိသော မေတ္တာသဘောကို အခိုင်းအနှိုင်းများနှင့် အကျယ်တဝင့် ရေးဖွဲ့တင်ပြ ထားသည်။ ရေးဟန်သည် အနုစိတ်ကျသည်နှင့်အမျှ မောင်ဘမြိုင်၏မေတ္တာကို အနုစိတ် ခံစားလာကြရသည်။

မောင်ဘမြိုင်သည် မကျော့စိန်ကိုဖွင့်ပြောပြီး နှစ်ဦးနှစ်ဖက် ဆွေးနွေးရမည့် အစား တစ်ဖက်သက် စိတ်ကူးအမြင်များနှင့် ဆက်လက်ရပ်တည်နေပုံကို နှစ်စဉ် နှစ်တိုင်း အချိန်မှန်ကန်စွာ ခါတော်မီပွင့်တတ်သော သဇင်ပန်း၊ ပိတောက်ပန်းများ ကဲ့သို့ မကျော့စိန်သည် သူ့အချိန်ကျလျှင် မုန့်ဟင်းခါးထွက်ရောင်းလိုက် သူ့အချိန် စေ့လျှင် အိမ်ပြန်လိုက်နှင့် ဤသို့ တစ်သက်လုံးနေမည်ဟု မောင်ဘမြိုင်သည် စိတ်ကူး

---

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၂၅။
[၂] ဇော်ဂျီ၊ ၁၉၉၉၊ ၂၅။

ကောင်းတိုင်း စိတ်ကူးနေသလောဟု ထင်ခဲ့ပါသည်။ မောင်ဘမြိုင် ဤအနေအထားကို စာရေးသူက ‘ထိုသို့ရှုံ့၍ မငံ့သော မောင်ဘမြိုင်၊ ချစ်ရေးဆိုရန် ‘အ’ နေသော မောင်ဘမြိုင်၊ စိတ်ကူးတွေးတွေး၍ အားကြီးနေသော မောင်ဘမြိုင်’ ဟူ၍ ဝိသေသပုဒ် အမျိုးမျိုးဖြင့် ဖွဲ့ဆိုတင်ပြခဲ့ပါသည်။

မောင်ဘမြိုင်သည် မိမိဝယ်လာသော ကြယ်သီးကလေးကို ကြည့်၍ မကျော့စိန်၏ ပစ္စည်းကလေးများ ပေးရတော့မည်ဟု တွေးတောကာ ဝမ်းမြောက်ပျော်ရွှင်နေပုံကို မနက်ဖြန်ကျောင်းပိတ်လိမ့်မည်ဆိုသော တီးတိုးစကားကို ကြားရသည့် ကျောင်းသားငယ်ကလေး၏ ခံစားမှုနှင့်နှိုင်းယှဉ်ကာ–

> “ကျောင်းသားသူငယ်သည် လေမမြင် မိုးမမြင် ခုန်ပေါက်မြူးတူး၍ ဤနေ့အဖို့ရာ၌ ‘နက်ဖြန် ကျောင်းပိတ်တော့မည်၊ နက်ဖြန် ကျောင်းပိတ်တော့မည်’ ဟု တစိမ့်စိမ့်တွေးတောကာ ပီတိသောမနဿ ဖြစ်နေသကဲ့သို့ မောင်ဘမြိုင်သည်လည်း မိမိလက်တွင်းရှိ ဤကြယ်သီး၊ ဤဘီး၊ ဤဆံနှိပ်ကလေးများသည် မိမိ၏ချစ်ရင်းစွဲသူ၊ စုံမက်ရင်းစွဲသူ၊ မြတ်နိုးရင်းစွဲသူ ယဉ်စစ မကျော့စိန်၏ ပစ္စည်း ဖြစ်ရချေတော့မည်တကား၊ မိမိ၏ ရည်းစားလောင်း နုနုနယ်နယ် အချစ်သယ်၊ တီတီတာတာ မကျော့စိန်၏ စီမံရာကို ခံရချိန်တော့မည်တကားဟု အဖန်တလဲလဲ အောက်မေ့ကာ အပျော်ကြီး ပျော်နေရှာလေတော့သည်”[၁]

ဟု ရေးဖွဲ့ထားပါသည်။

ထိုအဖွဲ့၌ ‘ချစ်ရင်းစွဲသူ၊ စုံမက်ရင်းစွဲသူ၊ မြတ်နိုးရင်းစွဲသူ ယဉ်စစ မကျော့စိန်’ ဟူ၍ ဝိသေသပုဒ်များကို အသုံးပြု၍ မောင်ဘမြိုင်၏ မေတ္တာအတိုင်းအတာကို ပြည့်စုံပေါ်လွင်အောင် ရေးဖွဲ့ထားသည်။ ‘ချစ်ရင်းစွဲသူ၊ စုံမက်ရင်းစွဲသူ၊ မြတ်နိုးရင်းစွဲသူ’ဆိုသည့် ပုံစံတူအဖွဲ့များကို သုံး၍ အနက်ရောအသံပါ ပြည့်စုံဝေဆာလာအောင် ရေးထားသည်။ ‘မိမိ၏ရည်းစားလောင်း’ ‘နုနုနယ်နယ်အချစ်သည်’ ‘တီတီတာတာ မကျော့စိန်’ ဆိုသော နာမဝိသေသနပုဒ်များဖြင့်လည်း ချစ်၍မဝအောင် ဖြစ်နေသည့် မောင်ဘမြိုင်၏ စိတ်ကူးများကို တင်ပြထားသည်။ နှစ်ကြိမ်ထပ်ကြိယာဝိသေသနစကားလုံးများက ရေးဟန်ကို ဝေဝေဆာဆာ ရှိစေသည်။

---

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၂၉။

မောင်ဘမြိုင်သည် ရန်ကုန်တွင် (၄)ရက်ကြာပြီးနောက် ရွာသို့ ပြန်လာသည်။ ရန်ကုန်မှ ထွက်ခွာလာသည့်နေ့မှစ၍ ရွာပြန်လာသည်အထိ အပျော်စိတ်များသည် တဖြည်းဖြည်း တိုးမြင့်လာသည်။ ခရီးလမ်းသည် နီး၍လာသည်နှင့်အမျှ အပျော်စိတ်များသည် တဖြည်းဖြည်း တိုးလာသည်။ အပျော်စိတ်အတိုင်းအတာ တိုးမြင့်လာပုံကို ဇော်ဂျီက–

> "သို့ရာတွင် မောင်ဘမြိုင်သည် ထိုသလင်းကြွယ်သီးကို ဝယ်လိုက်သည့်နေ့မှစ၍ ရန်ကုန်မှ ထွက်ခွာလာသည့်နေ့အထိ ထိုအပျော်လုံးသည် တိုး၍တိုး၍ မှည့်ဝင်းနေရာ ပြန်ရဖို့ရက် နီးကပ်လာလေလေ မှည့်ဝင်းလေလေ ဖြစ်လေသည်။ တစ်ဖန် မြို့ကလေးသို့ သင်္ဘောဖြင့် စီးလာလေပြန်ရာ သင်္ဘောရွေ့တိုင်း ရွေ့တိုင်း ထိုအပျော်လုံးသည်လည်း အရှိန်ကဲ၍ကဲ၍ မှည့်ကာ လိုက်ပါလာလေသည်။ တစ်ဖန် မြို့ကလေးမှ မကျော့စိန်ရှိရာသို့ ချောင်းရိုးတစ်လျှောက်၌ သမ္ဗန်ဖြင့် ပြန်အလာတွင်လည်း ကွမ်းသီးတစ်ပင်ကို ကျော်လိုက်လျှင် ဝင်းခနဲ၊ ခရာချုံတစ်ချုံကို လွန်မိလျှင် ထိန်ခနဲ။ ယင်းသို့အားဖြင့် ထိုအပျော်လုံးကြီး ရွှန်းရွှန်းဝေလာသည်မှာ ညဆယ့်တစ်နာရီလောက် ရွာဆိပ်သို့အရောက်တွင် အလွန်အေးမြ၍ အနံ့အရသာဖြင့် ပြည့်စုံသော အပျော်လုံးကြီး တစ်လုံး ဖြစ်လာလေသည်။"[၁]

ဟု ရေးဖွဲ့တင်ပြထားပါသည်။

ဇော်ဂျီ၏ရေးဟန်မှာ ချစ်ခြင်းမေတ္တာတို့ဖြင့် ပြည့်လျှံ၍ အပျော်စိတ်များ ပြည့်ဖြိုးနေသော မောင်ဘမြိုင်၏ခံစားမှုနှင့် လိုက်ဖက်သည်။ 'တိုး၍တိုး၍မှည့်ဝင်း' 'အရှိန်ကဲ၍ကဲ၍မှည့်ကာ' 'ဝင်းကနဲ ထိန်ကနဲ ရွှန်းရွှန်းဝေ။' 'အလွန်အေးမြ၍ အနံ့အရသာနှင့် ပြည့်စုံသော အပျော်လုံးကြီး' ဆိုသည့် ဝေါဟာရစကားလုံး အသုံးအနှုန်းများက အားရတက်ကြွနေသော ခံစားမှုကို ဖော်ပြနိုင်သည့် ရေးဟန်နှင့်အာဝဇ္ဇန်းများ ပါဝင်နေသည်။ မကျော့စိန် ကွယ်လွန်ကြောင်း သိရသောအခါတွင် မောင်ဘမြိုင်၏ ခံစားမှုကို–

> "နာရီဝက်ခန့်ကြာသောအခါ မိမိ၏အရှေ့ ခပ်လှမ်းလှမ်းနေရာ ဗန်ဒါပင်ကြီးမှ မည်းနက်သော ကိုယ်ကာယရှိသော လင်းဆွဲများသည် ရုတ်တရက် အတောင်သံပေး၍ အထက်ကောင်းကင်သို့ ပျံတက်လိုက်ကြလေသည်။ မောင်ဘမြိုင်၏ မလှုပ်မယှက်နေသော

---

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၂၉–၃၀။

ကိုယ်ကာယကလည်း ဆတ်ဆတ်ခါ တုန်လှုပ်လျက် မြေပေါ်သို့
ထိုင်လျက်သား လဲကျသွားလေသည်။"[၁]

ဟု ရေးဖွဲ့ခဲ့ပါသည်။ နောက်ခံအခြေအနေနှင့် မောင်ဘမြိုင်၏ခံစားမှုကို ဆက်စပ်ရေးဖွဲ့ထားသည်။ မြေပေါ်သို့လဲကျပြီး မြေကြီး၌ မထတမ်း ထိုင်နေသည်ဟု ရေးဖွဲ့ထားသည်။

ဇော်ဂျီသည် အလွန်ရိုးစင်းသော အကြောင်းအရာကိုလည်း လှသဘော လှသဘာဝ ပါဝင်သည့် ဝတ္ထုတိုတစ်ပုဒ်ဖြစ်အောင် ဖန်တီးနိုင်ခဲ့သည်။ ဤဝတ္ထု၌ ဝတ္ထုတိုပီသစွာ ဇာတ်ဆောင် မများပြားဘဲ ဇာတ်ဆောင် မောင်ဘမြိုင်တစ်ဦးတည်းကို အာရုံစူးစိုက်၍ အချစ်၏ သိမ်မွေ့နက်ရှိုင်းသည့်သဘော၊ ချစ်သော်လည်း ဖွင့်မပြောရဲသောခံစားမှုတို့ကို ထင်းကနဲ လင်းကနဲ ပေါ်လွင်လာအောင် ဝိသေသပုဒ်များ၊ ဥပမာအလင်္ကာများ၊ အကြောင်းအရာကို ထင်ရှားစေမည့် ဝေါဟာရစကားလုံးများ သုံး၍ ပုံဖော်ထားသည်။

ကြင်မည့်သူဝတ္ထု၏ ထူးခြားချက်မှာ မထူးခြားသော အကြောင်းအရာကို ထူးခြားအောင် ရေးဖွဲ့ခြင်းနှင့် ရေးဟန်ကို အားပြု၍ ဇာတ်ဆောင်တစ်ဦးတည်း၏ ခံစားမှုကို အနုစိတ်ခြယ်မှုန်းတင်ပြသည့်နည်းကို သုံးထားသည်ဟု သုံးသပ်မိပါသည်။

## ၂၊ ၂။ အောင်ဘော်နှင့်လေးလုံး

ဇော်ဂျီသည် အောင်ဘော်နှင့်လေးလုံးဝတ္ထုတိုကို ၁၉၃၄ ခုနှစ်တွင် ရေးဖွဲ့ခဲ့ခြင်း ဖြစ်ပါသည်။ ထိုဝတ္ထုနှင့်ပတ်သက်၍ တိုက်စိုးက 'အောင်ဘော်နှင့်လေးလုံးဝတ္ထုသည် လူကြီးမိဘနှင့်တစ်မျိုး၊ ပတ်ဝန်းကျင်နှင့်တစ်ဖုံ သဟဇာတဖြစ်နေသော ကလေး သူငယ်အဖွဲ့ ဖြစ်လေသည်။ မွေးဖြစ်သူ အောင်ဘော်သည် အဖိုး၏ မေတ္တာရိပ်ကို ခိုလှုံရ၍ စိတ်လုံခြုံသည်။ အိမ်မွေးတိရစ္ဆာန်များကို အဖော်သဟဲပြု၍ စိတ်ပျော်သည်။ တောသဘာဝနှင့်လည်း နေသားတကျ ရှိလေသည်။ ဤသဘောပေါ်အောင် ဇာတ်လမ်း အစအဆုံး သယ်သွားလေသည်'ဟု ဆိုထားပါသည်။

ဇော်ဂျီသည် ဝတ္ထုတိုများကို ရေးဖွဲ့ရာ၌ စိတ်ကူးအလွန်ကောင်းသည်။ စိတ်ကူး ကောင်းသည်ဆိုရာ၌ စာဖတ်သူ၏စိတ်တွင် အဆန်းတကျယ်ဖြစ်၍ သိလိုစိတ် ထက်သန်ကာ စွဲလမ်းမိခြင်းမျိုး မဟုတ်ပေ။ ဇော်ဂျီဝတ္ထုတိုများသည် အတွေးအမြင် ပါသည်။ ရည်ရွယ်ချက် မြင့်မားသည်။ မြင့်မားသော ရည်ရွယ်ချက်ကို တင်ပြရာ၌

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၃၂။

ကလေးငယ်လေးများ သာမန်အကြောင်းအရာလေးများမှတစ်ဆင့် စာဖတ်သူတို့အား ဘဝင်ကျအောင် တင်ပြတတ်ပါသည်။ မင်းသုဝဏ်သည် လူသားတိုင်း မကင်းနိုင်သော စွဲလမ်းစိတ်၏ ဆိုးကျိုးကို ယမင်းရုပ်အပေါ် စွဲလမ်းခဲ့မိသော မောင်ချစ်ကလေးနှင့် ဘကြီးအောင်ညာတယ်ဝတ္ထုတိုတွင် တင်ပြခဲ့သည်။ ဇော်ဂျီသည်လည်း ကလေးငယ်တို့၏ ဘဝတွင် တောသဘာဝပတ်ဝန်းကျင်အလျောက် မွေ့မွေ့ပျော်ပျော် နေထိုင်နိုင်ပုံ၊ အဘိုးဖြစ်သူကို ချစ်ခင်တွယ်တာစိတ်နှင့် နွေးထွေးလုံခြုံစွာ နေထိုင်တတ်ပုံ၊ တိရစ္ဆာန်လေးများကို ကြင်နာစိတ် ဖြစ်ပေါ်လာပုံတို့ကို အဆင့်ဆင့် တင်ပြထားသည်။ ကလေးငယ်တိုင်း၏ဘဝတွင် ဖြတ်သန်းရလေ့ရှိသော ပတ်ဝန်းကျင်နှင့် ထိတွေ့ဆက်ဆံရာ၌ ထားရှိအပ်သည့် စိတ်အခြေအနေ၊ ထိုစိတ်အခြေအနေမှ ရရှိသော စိတ်ပျော်ရွှင်ကြည်နူးမှုတို့ကို သိမ်သိမ်မွေ့မွေ့ လေးလေးနက်နက် တင်ပြထားသည်။

အောင်ဘော်သည် (၁၀)နှစ်အရွယ်ခန့်ရှိသည့် ကလေးငယ်တစ်ဦး ဖြစ်သည်။ အဘိုးနှင့်အတူ နေထိုင်သည်။ အဘိုးကို အလွန်ချစ်သည်။ အဘိုး၏ ပုံပြင်ကလေးများကို နှစ်သက်ရာမှ အဘိုးကိုလည်း ချစ်သည်။ အဘိုးသည် ဘယ်သား၊ ဘယ်သမီး၊ ဘယ်မြေးကိုမှ မတွယ်တာလေဘူးဟု ပြောလေ့ရှိသောကြောင့် အဘိုးကို ကြောက်ရွံ့သည်၊ ဝမ်းနည်းသည်။ သို့ရာတွင် ကျားဘိုဆိုသည့် ခွေးလေးကို လက်ဖက်ရည်ဆိုင်မှ ရေနွေးပူနှင့် ပက်လိုက်ရာတွင် အဘိုးက ကယ်တင်၍ ကျွေးမွေးထားသည်ကို တွေ့ရသောအခါ ချစ်ခင်လာသည်။ ကျားဘိုထံသို့လာသော ခွေးမည်းမည်းတစ်ကောင်ကို အောင်ဘော်သည် ကြည့်၍မရ၊ ခွေး၏ပါးစပ် ဟလိုက်ပိတ်လိုက် ဖြစ်နေသည်ကို ကြည့်၍ ကိုက်ချင်နေသည်ဟု ယူဆကာ ထင်းချောင်းတစ်ချောင်းကို ခွေးရှိရာသို့ ပစ်လွှတ်လိုက်သည်။ ခွေးသည် ချာလပတ်လည်သွားပြီး ငယ်သံပါအောင် အော်ဟစ်ပြေးသွားသည်။ ထိုခွေးမည်းမည်း ပေါ်မလာသောအခါတွင် အောင်ဘော်စိတ်ပူလာသည်။ ကျားဘိုလည်း ခွေးအမည်းနှင့်အတူ ငါးရက်ခန့် ပျောက်နေသည်။ ထို့နောက် ကျားဘို ပြန်လာသည်။ ခွေးမည်းမည်းလည်း ပြန်ပါလာသည်။ ထိုခွေးမည်းသည် အောင်ဘော်ကိုမြင်တိုင်း ကြောက်ရွံ့ထွက်ပြေးသည်။ တစ်နေ့တွင် အောင်ဘော်တို့ ဘူးစင်အောက် ထင်းပုံအနီး၌ ခွေးလေးတစ်ကောင်ကို တွေ့သည်။ ခွေးမည်းမည်း၏ သားကလေး ဖြစ်သည်။ အဘိုးဖြစ်သူက ခွေးကလေးကို သူ့အမေထံပြန်ပေးပါဆို၍ ပွေ့ချီထားရာမှ မြေသို့ ချပေးလိုက်သည်။ အောင်ဘော်သည် ကျားဘိုနှင့်အတူ လေးလုံးအမည်ပေးထားသော ထိုခွေးမည်းမည်းကိုလည်း ချစ်ခင်သွားသည်။ နေ့စဉ် ထမင်းကျွေးသည်။ ဇော်ဂျီသည် လူငယ်တို့ဘဝတွင် လိုအပ်သော နွေးထွေးသည့် ပတ်ဝန်းကျင်နှင့် ပတ်ဝန်းကျင်ကို ချစ်တတ်ကြင်နာတတ်ရန် အော်ဘော်နှင့်လေးလုံးဝတ္ထုဖြင့် သိမ်သိမ်မွေ့မွေ့ လမ်းပြထားပါသည်။

ဇော်ဂျီ၏ ဝတ္ထုတိုများတွင် တွေ့ရလေ့ရှိသည့်အတိုင်း ဇာတ်လမ်းထူးခြားမှု မရှိပါ။ ဇာတ်ဆောင်မှာလည်း အောင်ဘော်နှင့်အဘိုးဖြစ်ပြီး ခွေးသုံးကောင် ပါဝင်သည်။ ဇာတ်လမ်း၏အဖွင့်တွင် အောင်ဘော်၏ တောခလေးသဘာဝအတိုင်း ပျော်ရွှင်စွာ ကစား၍ နေတတ်သည့်စရိုက်နှင့် အစပျိုးထားသည်။ နောက်ခံနှင့်ဇာတ်ဆောင်ကို ပေါင်းစပ်၍ ဇာတ်လမ်းအစပျိုးထားဟန်ကို–

> "အိမ်နောက်ဖေးဘူးစင်အောက်တွင် 'ဟဲ့နွားဒီနွားဟာ အရိုက်ခံရတော့မယ်နော်'ဟူသောအသံသည် ခဏခဏ မြည်နေသော်လည်း စင်စစ် ထိုဘူးစင်အောက်တွင် နွားတစ်ကောင်မျှ မရှိချေ။ နွားနှင့်တူသောသတ္တဝါပင် မရှိချေ။ ဘူးစင်အောက်သို့ သွားကြည့်လျှင် မူကား ဝါးခြမ်းပြားကို မြှောက်ကိုင်နေသော အသံရှင် အောင်ဘော်နှင့် အုန်းလက်ဖင်ပိုင်းအတိုတစ်ခုကိုသာ တွေ့ရပေလိမ့်မည်။ အုန်းလက်ဖင်ပိုင်းသည် အောင်ဘော်၏နွား ဖြစ်သည်။"[၁]

ဟု တင်ပြထားပါသည်။

ကျေးလက်ကလေးငယ်များ၏ နှစ်သက်ဖွယ်ရာ အမူအရာနှင့် သဘာဝကျကျ အစပျိုး တင်ပြထားသည်။ အောင်ဘော်၏ သွင်ပြင်ပုံပန်းကိုလည်း–

> "အောင်ဘော်သည် ဆယ်နှစ်သားအရွယ် သူငယ် ဖြစ်သည်။ ယောင်ဖုတ်စုကလေးနှင့် ချစ်စရာကောင်းသည်။ ပါးအို့ ပြည့်ပြည့် ဖောင်းဖောင်းနှင့် သာ၍ချစ်စရာကောင်းသည်။ ဆော့သည်အရာတွင် မျောက်ရှုံးအောင် ဆော့တတ်သူ ဖြစ်သည်။"[၂]

ဟု ရေးဖွဲ့တင်ပြထားသည်။

စာရေးသူသည် အောင်ဘော်နှင့်လေးလုံးဝတ္ထု၏ အရေးပါသော ဇာတ်ဆောင်ဖြစ်သော အောင်ဘော်ကို စာဖတ်သူတို့၏ စိတ်မျက်စိ၌ ထင်ယောင်မြင်ယောင် လာအောင် သရုပ်ဖော်ထားသည်။ အောင်ဘော်၏ ကစားပုံနှင့် အစပျိုးပြီး ရုပ်သွင်နှင့် ဆက်စပ်လိုက်သောအခါ ဇာတ်ဆောင်သည် ချစ်စရာ သနားစရာကောင်းသော ကလေးငယ် တစ်ဦးအသွင် ပေါ်လွင်လာသည်။ စာရေးသူ၏ ရေးဟန်မှာလည်း ချစ်စရာကောင်းသူကို ချစ်စရာကောင်းအောင် သနားစရာကောင်းသူကို သနားစရာကောင်းအောင် ရေးတတ်သည့်အတွက် ဇာတ်လမ်း၏အစပိုင်းသည်ပင် နှစ်သက်သာယာဖွယ် ဖြစ်သည်။

---

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၁၀၃။
[၂] ဇော်ဂျီ၊ ၁၉၉၉၊ ၁၀၄။

ဇော်ဂျီသည် ဝတ္ထုတိုများတွင် ရည်ရွယ်ချက်သို့ရောက်အောင် ပို့ဆောင်ရာ၌ ဇာတ်လမ်းအတွက် လိုအပ်သော နောက်ခံအခင်းအကျင်းနှင့် ဇာတ်ဆောင်စရိုက်အဖွဲ့များကို စေ့စေ့စပ်စပ် ခင်းကျင်းတင်ပြလေ့ ရှိသည်။ အောင်ဘော်၏ တောခလေ့စရိုက်အတိုင်း ပျော်ပျော်ရွှင်ရွှင် ကစားဟန်ကို–

> "ဤနေ့ညနေတွင် အောင်ဘော်သည် ဘူးစင်အောက်၌ တစ်ယောက်တည်း သူ၏အုန်းလက်နွားနှင့် ဆော့နေသည်။ အုန်းလက်နွားကို ကြိုးတပ်ဆွဲ၍ ပတ်ချာလှည့်ကာ ပြေးသည်။ အပြေးရပ်လျက် တကယ်လူကြီးဟန်အမူအရာဖြင့် သူ၏ အုန်းလက်နွားကို မညှာမတာ ဆင့်ကာရိုက်သည်။ 'ဟဲ့ နွား ... ဒီနွားဟာ အရိုက်ခံရတော့ မယ်နော်' ကြိမ်းသည်။ 'ဩော် ... ဒီနွားကလဲနော်' ဟု ညည်းသည်။ အောင်ဘော်သည် ထိုသို့ နှုတ်ကလည်းမြည်၊ မြည်တိုင်းလည်းမြည်သည်ထက် တုတ်ချက်ကလည်း ပိုသဖြင့် ဘာမျှ မမြည်မအော်တတ်သော အုန်းလက်နွားသည် ပျော့စိစိပင် ဖြစ်နေချေပြီ။ အောင်ဘော်မှာလည်း သူ၏ကစားစရာနှင့် စိတ်ဆိုးလိုက်၊ စိတ်ပျက်တက်တက်လုပ်လိုက်၊ ပတ်ချာလည်ပြေးလိုက်နှင့် အတော်ကြာအောင် ဆော့နေသည်ဖြစ်ရာ မောလှရော့မည်"[၁]

ဟု ရေးဖွဲ့ထားပါသည်။

ထိုအဖွဲ့များသည် အဓိကဇာတ်ဆောင် အောင်ဘော်နှင့် မိတ်ဆက်ပေးသော အဖွဲ့များဖြစ်သည်။ ကလေးသဘာဝ စိတ်ထားနှင့် လှုပ်ရှားဟန်တို့ သဘာဝကျပြီး သရုပ်ပေါ်လွင်သည်။ အရာရာတွင် လူကြီးတို့အား အတုခိုးပြုမူတတ်သော ကလေးငယ်တို့ သဘာဝကို ထင်ရှားစေသည်။ ထိုသဘာဝကို ရေးဖွဲ့ပြသော ရေးဟန်မှာ ဝါကျတိုတစ်လှည့် ဝါကျရှည်က တစ်လှည့် ရေးသားထား၍ စာဟန်အပြောင်းအလဲများနှင့် ဖတ်ရှုသူ၏စိတ်ကို ဆွဲဆောင်နိုင်သည်။ အောင်ဘော်၏ကလေးစရိုက်ကို ဇော်ဂျီ၏ သွက်လက်ပြီး အပိုအလိုမရှိရေးဟန်က ပေါ်လွင်စေသည်။ ဖတ်ရှုသူတို့၏စိတ်ကို ကလေးငယ်၏ကစားဟန်ဖြင့် ကြည်နူးသာယာအောင် အစပျိုး ဆွဲဆောင်ထားသည်။ ဇာတ်တက်ပိုင်းတွင် မည်းကြောင်ကြောင်ခွေးတစ်ကောင် ရောက်လာပုံ၊ ခွေးအပေါ် အောင်ဘော်၏ မနှစ်သက်မှုများ၊ ထိုးနှက်မှုများကို ဖော်ပြထားသည်။ ထိုသို့ တင်ပြသည့် ဇာတ်ကွက်များ၌လည်း ကလေးသူငယ်တို့၏သဘာဝနှင့် လိုက်ဖက်အောင် စရိုက်ဖော်

---

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၁၀၄။

ထားသည်ကို တွေ့ရသည်။ ကလေးပီပီ ခွေး၏ပါးစပ် ဟလိုက်ပိတ်လိုက် လုပ်နေသည်ကို ကြောက်သည်၊ ကိုက်မည်ဟု ယူဆသည်။ ထို့ကြောင့် မနှစ်သက်ပေ။

ကျားဘိုသည် ထိုခွေးမည်းမည်းနှင့် အတူတွဲနေသည်ကိုလည်း မနှစ်သက်ပေ။ အဖိုးက တားသည့်ကြားမှပင် ကျားဘိုထံသို့လာသော ထိုခွေးမည်းမည်းကို ထင်းချောင်းတစ်ချောင်းနှင့် အားကုန်ပစ်လိုက်သည်။ ခွေးသည် နားထင်ချက်ကောင်းကို မှန်ပြီး ချာလပတ်လည်သွားသည်။ ငယ်သံပါအောင်အော်၍ ပြေးသွားသည်။ ထိုဖြစ်ရပ်ကလေးဖြင့် ဇာတ်လမ်းကို အရှိန်မြှင့်ပေးထားသည်။

ထိုခွေးမည်းမည်းသည် ပေါ်မလာသကဲ့သို့ ကျားဘိုသည်လည်း အိမ်သို့ ပြန်မလာ၍ အောင်ဘော် စိတ်ပူရသည်။ ငါးရက်မြောက်သောနေ့တွင် ကျားဘို ပြန်၍ ရောက်လာသည်။ အောင်ဘောင်ထံသို့ အမြီးနန့်ကာလာ၍ အောင်ဘော်ကို နှာခေါင်းနှင့် နမ်းကာ လျှာနှင့်လျက်ကာ မြူးတူးခုန်ပျံနေသည်။ အောင်ဘော်သည် ကျားဘို၏ လည်ပင်းကို အားရပါးရဖက်၍ ကျောကိုသပ်ရင်း 'ကျားဘို ... နင် ဘယ်သွားနေသလဲ ... နင် ထမင်းစားရရဲ့လား ...၊ နင် ဟိုခွေးမနဲ့ မပေါင်းနဲ့၊ ဟိုခွေးက နင့်ကိုကိုက်မှာ ကြည့်စမ်း၊ နင် အတော်ပိန်သွားတယ်၊ လာ လာ'ဟု ဆို၍ ကျားဘိုကို မီးဖိုဆောင်ထဲသို့ တရွတ်တိုက် ဆွဲသွားသည်။ ထို့နောက် ထမင်းကို ငါးနှင့်နယ်၍ ကျွေးသည်'ဟု ရေးဖွဲ့ထားသည်။

ကလေးငယ်များ၏ မိမိအိမ်မွေးတိရစ္ဆာန်ကလေးများအပေါ် ချစ်ခင်ကြင်နာတတ်သောစရိုက်၊ နှစ်သက်ဖွယ်ဖြစ်အောင် သရုပ်ဖော်ရေးဖွဲ့ထားသည်။ အောင်ဘော်၏ စရိုက်မှတစ်ဆင့် ကလေးငယ်ကလေးများအနေဖြင့် တိရစ္ဆာန်များကို ချစ်ခင်ကြင်နာတတ်ရန် ညွှန်ပြထားသည်ဟု ထင်မြင်မိသည်။ ကလေးပီပီ မိမိမကြိုက်သောခွေးနှင့် မပေါင်းရန် အသိဉာဏ်မရှိသော မိမိခွေးကို ပြောဆိုဟန်မှာလည်း သဘာဝကျပြီး နှစ်သက်ဖွယ် ဖြစ်သည်။ ခွေးအမည်းသည် ထင်းချောင်းထိမှန်ပြီးသည့် အချိန်မှစ၍ အောင်ဘော်ကိုမြင်တိုင်း ထွက်ပြေးသည်။ ကြာလာသောအခါတွင် အောင်ဘော်သည် စိတ်မကောင်းဖြစ်လာသည်။ ထိုနည်းဖြင့် ခွေးအမည်းကို အမြင်နှင့် မုန်းနေသော အောင်ဘော်၏ စိတ်အပြောင်းအလဲကို ရေးသားတင်ပြထားပါသည်။

ဇာတ်ထွတ်ပိုင်းတွင် ခွေးအမည်းပေါ်တွင် တင်းမာနေသော အောင်ဘော်၏ စိတ်ပြောင်းလဲလာပုံကို ဖော်ပြထားသည်။ ဘူးစင်အောက်တွင် ခွေးပေါက်စကလေး တစ်ကောင်ကို တွေ့ရ၏။ ခွေးအမည်း၏ သားဖြစ်သည်။ အောင်ဘော်သည် ထိုခွေးကလေးကို ယုယစွာ ပွေ့ချီသည်။ ခွေးကလေးကို ချစ်ရာမှ ခွေးအမည်းကိုလည်း ချစ်ခင်ကြင်နာသွားသည်။ ကလေးငယ်တို့၏စိတ်ဓာတ်ကို လူကြီးများအနေဖြင့်

နူးညံ့အောင် ဝိုင်းဝန်းပြုပြင်ပေးသင့်သည်ဟူသော အတွေးလည်းပါသည်။ အောင်ဘော်က ခွေးအမည်းဖြစ်သော ခွေးမကြီးသည် ပါးစပ်ကတလှုပ်လှုပ်ဖြင့် ကိုက်ချင်နေသည်ဟု ဆိုရာ အဘိုးဖြစ်သူက အောင်ဘော်ကို ပါးစပ်ဟလိုက်ပိတ်လိုက် လုပ်ကြည့်ဟူ၍ ပြုလုပ်စေသည်။ ထို့နောက် 'ကိုင်း ငါ့မြေး အဘကို ကိုက်ချင်သလား'၊ အောင်ဘော်က 'ဟာ အဘကလည်း' ဟု ဆိုသည်။ ထိုသို့ ပြောဆိုပေးခြင်းဖြင့် အောင်ဘော်၏အတွေးအမြင်များ ပြောင်းလဲလာသည်။

ဇာတ်သိမ်းပိုင်းတွင် အောင်ဘော်သည် မိမိပတ်ဝန်းကျင်ရှိ တိရစ္ဆာန်ကလေးများ အပေါ်တွင် ချစ်ခင်ကြင်နာစိတ် တိုးပွားလာသည်။ ရသစာပေဖြစ်သည့်အလျောက် တိုက်ရိုက်မပြောဘဲ စာရေးသူက ဇာတ်သိမ်းတွင်−

> "နောက်တစ်နေ့နံနက်တွင် အောင်ဘော်၏ ကျယ်လောင်သော အသံကို ကြားရသည်။ ထိုအသံကား 'လေးလုံးရေ ... အို့ ... အို့၊ ကျားဘိုရေ ... အို့ ... အို့' ဟူသော အသံဖြစ်လေသည်။"[၁]

ဟု ဖော်ပြခဲ့သည်။ ခွေးမအမည်းရောင်ကို အဘိုးက လေးလုံးဟု အမည်ပေးခဲ့သည်။ ငယ်ရွယ်စဉ် ကလေးဘဝကပင် ပတ်ဝန်းကျင်၏မေတ္တာကို ခံစားတတ်မှု 'ထိုမေတ္တာကြောင့် လုံခြုံသောစိတ်ရှိမှု' နှင့်အတူ ပတ်ဝန်းကျင်ရှိ လူသားအချင်းချင်းသာမက တိရစ္ဆာန် ကလေးများအပေါ်၌ပင် သနားကြင်နာစိတ် မွေးမြူမှုများ ရှိသင့်ကြောင်းကို ဇော်ဂျီက အောင်ဘော်ဆိုသည့် ကလေးဇာတ်ဆောင်ကို ဗဟိုပြု၍ သိမ်သိမ်မွေ့မွေ့ ဇာတ်လမ်းဆင် တင်ပြထားပါသည်။

## ၂၊ ၃။ ဖိုးမာဒင်

ဖိုးမာဒင်ဝတ္ထုကို ဇော်ဂျီသည် ၁၉၃၃ ခုနှစ်တွင် ရေးဖွဲ့ခဲ့ပါသည်။ ဖိုးမာဒင် ဝတ္ထုနှင့်ပတ်သက်၍ တိုက်စိုးက ဖိုးမာဒင်တွင် ယမင်းရုပ်လေးကို ကျောပိုးကာ ရုပ်သေးပညာဖြင့် တစ်ရွာဝင်တစ်ရွာထွက် အသက်မွေးပုံ၊ အရုပ်ကြိုးဆွဲကာဆွဲကာနှင့် သူ့သီဆိုသည့်တေးသံကို လူအများ ခံစားနေသည့်အခါ ဘဝင်ခွေ့ နှစ်သက်ဟန် လက္ခဏာ အရိပ်အရောင်ပြကာ ကျန်အချိန်များတွင်မူ ငေးတိငေးမောနေတတ်၍ လူတွေနှင့် ခပ်စိမ်းစိမ်း ဆက်ဆံတတ်ပုံ၊ သူ့နေရေးထိုင်ရေး၊ ကျန်းမာရေးတို့တွင် အမှတ်တမဲ့ရှိပုံ စသည်ဖြင့် အလေးပေးဖော်ပြသည်။

---

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၁၁၂။

ဇော်ဂျီသည် ဝတ္ထုတိုများရေးဖွဲ့ရာ၌ ရည်ရွယ်ချက်ကို ရှေးဦးစွာ ရှာဖွေတွေ့ရှိသည်ဟု ထင်မြင်မိပါသည်။ သူ၏ဝတ္ထုများသည် ရိုးရိုးရှင်းရှင်းနှင့် ပေါ့ပါးသော ဝတ္ထုတိုကလေးများဖြစ်သော်လည်း လောကရှိလူသားတို့၏ ဖြစ်လေ့ဖြစ်ထရှိသော လူ့သဘာဝများကို ဆင်ခြင်သုံးသပ်ရာမှ ရရှိသောအမြင်ကို ဦးတည်၍ ဇာတ်လမ်းဆင်လေ့ ရှိသည်။ အချို့ဝတ္ထုတိုများတွင် တွေ့ရခဲသော်လည်း လောက၌ ရှိနေတတ်သော လူ့သဘာဝဆန်းဆန်းပြားပြားကို ဇာတ်လမ်းဆင်ရေးဖွဲ့လေ့ ရှိသည်။ ဖိုးမာဒင်တွင် ဇော်ဂျီ၏အတွေးအမြင်များကို ခန့်မှန်းရန် ခက်ခဲသည်ဟု ထင်မြင်မိသည်။

အနုပညာသည်တစ်ဦး၏ အနုပညာမှတစ်ပါး ဘဝတွင် တွယ်တာမှုကင်းပုံ၊ အနုပညာသည်သာ သူ့ဘဝ၏ တဒင်္ဂပျော်ရွှင်ကြည်နူးမှု ပေးနိုင်ပုံကိုလည်း တင်ပြလိုဟန် ရှိသည်။ ဖိုးမာဒင်ဝတ္ထုတွင်ပင် ဇော်ဂျီသည် ထူးခြားသော ဇာတ်ဆောင်ကို အဓိကထားရေးဖွဲ့ပြီး စာရေးသူတင်ပြသော ဇာတ်ဆောင်နောက်သို့ လိုက်ပါပြီး ဘဝအဖြေကို ရှာဖွေစေသည်။ ဇာတ်လမ်းအကျဉ်းမှာ ဖိုးမာဒင်သည် ယမင်းရုပ်ကလေးကို ကျောပိုးပြီး ရုပ်သေးပညာဖြင့် တစ်ရွာဝင် တစ်ရွာထွက် အသက်မွေးသည်။ လူအများကို ဖျော်ဖြေနေခိုက်တွင် လူအများက နှစ်သက်ကြည်နူးနေသည်ကို တွေ့မြင်သောအခါ၌ ပီတိဖြစ်တတ်သည်။ ကျန်အချိန်များတွင်မူ လူ့လောကနှင့် ခပ်ခွာခွာနေတတ်သည်။ ရွာလေးတစ်ရွာရှိ တဲအိမ်လေးတစ်အိမ်တွင် ဖိုးမာဒင်သည် တိတ်ဆိတ်စွာ သေဆုံးသွားခဲ့သည်။

ဖိုးမာဒင်ဝတ္ထုတွင် ဖိုးမာဒင်သည် ယမင်းရုပ်ကလေးနှင့် ဖျော်ဖြေကပြသည့် အနုပညာကို ကြည့်ရှုသူတို့ နှစ်သက်ခံစားမှုရှိသည်ကို တွေ့မြင်လျှင် ကြည်နူးပီတိဖြစ်ရသည်။ သူ၏ကြည်နူးသာယာတတ်သော ခံစားမှုသည် သူ၏အနုပညာကို ခံစားတုံ့ပြန်သော ပရိသတ်အပေါ်၌ တည်သည်။ ဇော်ဂျီသည် လောက၌ မထင်မရှားမှေးမှေးမှိန်မှိန်နှင့် အနုပညာကို ချစ်မြတ်နိုးစိတ်ဖြင့် တစ်သက်လုံး တိတ်တိတ်ဆိတ်ဆိတ် ရှင်သန်သွားပြီး လောကထဲမှ မထင်မရှား တိတ်တိတ်ဆိတ်ဆိတ် ထွက်သွားရသော အနုပညာသည်တို့၏ဘဝနှင့် ခံစားချက် ခံယူချက်ကို ဖိုးမာဒင်ဖြင့် သင်္ကေတပြု၍ ရေးဖွဲ့ခဲ့သည်ဟု ဆိုနိုင်ပါသည်။

အနုပညာ၏သဘောနှင့်ပတ်သက်၍ တော်စတွိုင်း၏အဆိုကို မောင်စူးစမ်းက သမိုင်းကို လေမှုတ်စက်ဖြင့်မှုတ်ကြည့်ခြင်းစာအုပ်တွင် အနုပညာသည် စိတ်ခံစားမှုကို ဆက်သွယ်ရာ ဖြစ်၏။ လူတစ်ယောက်က ပုံတစ်ပုံကို ပြော၏။ သီချင်းတစ်ပုဒ်စပ်၏။ ပန်းချီကားတစ်ချပ်ကို ဆွဲ၏။ ဤသို့ ပြောစပ်ရေးဖွဲ့ရာတွင် သူခံစားရသော စိတ်ခံစားမှုတစ်ရပ်ကို အခြားသူတို့အား ဆက်သွယ်ပေးရန်ဟု ရည်ရွယ်ထားရှိလျှင် အနုပညာသည် ရှိလာချေသည်။ စိတ်ခံစားမှုသည် လတ်ဆတ်ညားအံ့။ ကွင်းကွင်း

ကွက်ကွက်နှင့် နုပျိုသော သဘောထားအမြင်ရှိ၍ ဤသည်မှ စိတ်ခံစားမှုသည် ပျို့အန်ထွက်လာငြားအံ့။ ဤတွင် အနုပညာလက်ရာတစ်ခု၏ တန်ဖိုးသည် ခံစားသူတို့အပေါ်၌ မူတည်သည်။ ပရိသတ်၏ တုံ့ပြန်မှုပေါ်၌ မူတည်သည်။ အနုပညာရှင်သည် ပရိသတ်၏ တုံ့ပြန်နှစ်သက်မှုကိုကြည့်ပြီး မိမိအနုပညာ၏ ကြီးကျယ်မှု အတိုင်းအတာကို သိရှိသည်ဟု ဆိုလိုခြင်း ဖြစ်သည်။

ဖိုးမာဒင်၏ဝတ္ထုတွင် ဇော်ဂျီသည် အထီးကျန်ဆန်သော ဖိုးမာဒင်၏ ကြည်နူးသာယာသည့် အချိန်ကာလကို တင်ပြရာ၌ အထူးသဖြင့် သူသည် အရုပ်ကိုကစေ၍ သီချင်းဆိုလိုက်သဖြင့် နားထောင်သူတို့ ငေးမောနေသောအခါတွင် သူ၏ အုံ့မှိုင်းနေသော မျက်နှာသည် အမူအရာလန်းလာ၍ အသံသည်လည်း တိုး၍ကြည်လင်လာတတ်သည်။ သူ၏ကြုံလှီသော ကိုယ်ကာယသည်လည်း အသစ်သစ်သော ခွန်အားဗလဖြင့် ကြီးထွားလာသည်ဟု ထင်ရသည်။ သီချင်းဆိုသောအခါ ဖိုးမာဒင်သည် ကြားနာသူတို့အား မသိမသာကြည့်၍ မိမိလိုရာသို့ ထွက်သွားတတ်ပေသည်ဟု ရေးဖွဲ့တင်ပြထားပါသည်။ ဇော်ဂျီသည် ဖိုးမာဒင်ဝတ္ထုတိုကို ရေးဖွဲ့တင်ပြရာ၌ အတွေးနက်သော ဝတ္ထု၏အစကို ကာလဒေသနောက်ခံဖြင့် အစပျိုးထားသည်။ ဇော်ဂျီက–

> “ကျွန်ုပ်သည် တစ်ညနေတွင် အနောက်ဘက်ကောင်းကင်သို့ ငေးမျှော်လျက် နေမိသည်။ ကောင်းကင်ဝယ် တိမ်လွှာတို့သည် အချို့ကား ရွှေရွှေ၊ အချို့ကား နီနီ၊ အချို့ကား မရမ်း၊ အချို့ကား မှိုင်းမှုန်မှုန် ရှိကြ၍ ကောင်းကင်လေရူး၏ တန်ခိုးကြောင့် အမျိုးမျိုးသော သဏ္ဌာန်တို့ကို ဖန်ဆင်းကာ တိမ်ဇာတ်ခင်းလျက်နေကြလေသည်။ ထိုအခိုက်တွင် တိမ်စိုင်တစ်ခုသည် တိမ်ထုတစ်ခုမှ ပဲ့ထွက်၍ မင်းဖွယ်စိုးဟန်နေကြသော တိမ်လွှာတို့၏ အကြား၌ မိမိ၏ရပ်တည်ရာ၊ လဲလျောင်းရာကို မမြင်မသိသည့် အလား တောင်သို့ကူးကာ မြောက်သို့လားကာ အထီးတည်း လွင့်ပျံ့လျက် နေလေသည်။”[၁]

ဟု ရေးဖွဲ့ထားပါသည်။

ထိုကာဒေသနောက်ခံအဖွဲ့သည် နိမိတ်သဘောလည်းဆောင်သည်။ ဇာတ်လမ်းတွင် ပါဝင်သော ဇာတ်ဆောင် ဖိုးမာဒင်၏ ဘဝနှင့်ခံစားမှုများကို ဇာတ်နိမိတ်ပုံပြု၍ တင်ပြထားသောအဖွဲ့ဟုလည်း ဆိုနိုင်သည်။ အထီးကျန် တိမ်စိုင်ခဲ၏ ပျက်ကြွေသွားမှုမြင်ကွင်းမှတစ်ဆင့် အထီးကျန် ကုန်ဆုံးသွားသော ဖိုးမာဒင်၏ဘဝဆီသို့ ရောက်အောင်

---

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၁၅။

ဆက်စပ်တင်ပြထားသည်။ ဖိုးမာဒင်သည် အရပ်ပြောစကားအရ လွန်ခဲ့သည့် အနှစ် (၃၀)ခန့်က ရှမ်းပြည်နယ်တွင် ရုပ်သေးကပြစဉ် သူ့ကိုချစ်နေသူတစ်ဦးက ပြုစားလိုက်သည်။ ထိုအချိန်မှစ၍ ရုပ်သေးစင်ပေါ်၌ ထိုင်၍ မသီဆိုနိုင်တော့ဘဲ အရပ်ရပ်သို့ လှည့်လည်၍ သီဆိုနေရသည်ဟု ဖော်ပြထားသည်။

ဇော်ဂျီသည် အနုပညာသမားတစ်ဦး၏ဘဝကို လွမ်းစရာကောင်းအောင် ရေးဖွဲ့ထားသည်။ အနုပညာသည်တို့၏ဘဝကို ဖိုးမာဒင်၏ဘဝနှင့် သင်္ကေတပြုကာ–

> "ဖိုးမာဒင်မှာ ဤကမ္ဘာပေါ်တွင် သူ၏ ကိုယ်ပိုင်ပစ္စည်းဟူ၍ မင်းသမီးရုပ်သေးကတစ်ရုပ်၊ ထန်းခေါက်ဖာကတစ်လုံး၊ ပေါင်းမို့မို့နှင့် လှေငယ်တစ်စင်းသာ ရှိလေသည်။"[၁]

ဟု ဖော်ပြထားပါသည်။ 'ဖိုးမာဒင်၏အနုပညာသည် ဘဝနှင့်ခံစားမှုကို သူသည် မည်သည့်အခါတွင်မျှ ရှင်ပြုံးမှုမရှိ၊ အစဉ်အုံ့မှိုင်းသော ကောင်းကင်ကဲ့သို့ တွေဝေငေးမောလျက်ရှိသည်။ သို့ရာတွင် သူ၏ကျော၌ ပိုးလွယ်ထားသော မင်းသမီးရုပ်ကလေးငယ်၏ မျက်နှာပုံမှာ မျက်လုံးဝိုင်းဝိုင်း၊ နှာတံပေါ်ပေါ်၊ ပါးပြင်ကလေးမှာ ချောမွတ်၍ နှုတ်ခမ်းများမှာ ဟင်္သာပြဒါးရောင် ဆေးနီဆိုးထားသည့် ချိုပြုံးသော မျက်နှာပေး ရှိလေသည်။' ဟု ရေးဖွဲ့ပြထားသည်။ မင်းသမီးရုပ်ကလေးသည် စာရေးသူအသုံးပြုတင်ပြသော သင်္ကေတလည်း ဖြစ်နိုင်ပါသည်။

အနုပညာရှင်သည် မိမိတို့ဘဝ၌ မည်မျှပင် ဆင်းရဲခြင်း၊ အထီးကျန်ခြင်းတို့ကို ကြုံတွေ့ရစေကား ပရိသတ်ရှေ့၌ ဖျော်ဖြေသောအခါတွင်မူ မင်းသမီးရုပ်ကလေးကဲ့သို့ ရွှင်ရွှင်ပြုံးပြုံးနှင့် ပရိသတ်တို့ ပျော်ရွှင်ကြည်နူးအောင် ဖျော်ဖြေရသည့်သဘောကို တင်ပြလိုဟန် သဘောရှိပါသည်။ တစ်မျိုးကြည့်လျှင် ဇာတ်ဆောင် ဖိုးမာဒင်၏ အနုပညာကိုသာ ကျောပိုး၍ ရှင်သန်ရသောဘဝကို လွမ်းစရာဖြစ်အောင် သရုပ်ဖော်ထားသည်ဟုလည်း ဆိုနိုင်ပါသည်။

စာရေးသူ၏ နက်နဲသော အတွေးအခေါ်တွင် အနုပညာစိတ်ကူးများဖြင့် ဖန်တီးထားသည်ဟု ဆိုနိုင်ပါသည်။ ဖိုးမာဒင်၏စရိုက်ကို 'ဖိုးမာဒင်သည် နားဆင်သူတို့၏ဆန္ဒကို ဖြည့်ပြီးလျှင် မိမိ၏ဝမ်းကို ဝစေပြီးနောက် လူနှင့်မခံချင်သော အမူအရာဖြင့် မိမိ၏လှေကလေးဆီ ပြန်သွားသည်ဟုဖော်ပြခဲ့သည်။' စာရေးသူအနေနှင့် ဖိုးမာဒင်အား နောက်ဆုံးမြင်တွေ့ရသော အနေအထားကို လှေကလေးဆိုက်ကပ်လှေ့ရှိသော ကမ်းစပ်တွင် ပေါက်နေသော လက်ပံပင်အနားတွင်ဟု ဖော်ပြသည်။ ထိုအဖွဲ့၌လည်း–

---

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၁၇။

"ကျွန်ုပ်သည် ဖြူရော်သော အသွေးရှိ၍ အပွေးအပွေး ထနေသော အခေါက်များကို နေခြည်ဖျော့ဖျော့ရိုက်သဖြင့် ပန်းရောင်တောက်နေသော လက်ပံကိုင်းကြီးကို လည်းကောင်း၊ ထိုအကိုင်းပေါ်တွင် အရွက်ကားသော အခက်ကြား၌ သားကောင်၏ ဦးနှောက်ကို ဖောက်စားတော့မည်ဟန်ကဲ့သို့ နားနေသော အမွေးပွပွနှင့် တောကျီးကန်းကို လည်းကောင်း၊ ထိုအကိုင်းအောက်၌ ခါးကို ဆန့်တန်းလျက် ပုခုံး၌ပိုးလွယ်ထားသော မင်းသမီးရုပ်၏ကြိုးကို ဘယ်လက်ဖြင့် ဆုပ်ကိုင်၍ နေရောင်ကို ညာလက်ဖြင့် မိုးကာလျက် ဝင်လုဆဲဆဲဖြစ်သော နေနီလုံးဆီသို့ ငေးကြည့်ရသော အဖိုးမာဒင်ကိုလည်းကောင်း ယခုတင် မြင်ယောင်ယောင် ရှိနေသေးလေသည်။"[၁]

ဟု ရေးဖွဲ့ထားပြီး ထိုအဖွဲ့သည် အနုပညာသည်တစ်ဦး၏ အထီးကျန်ဆန်သော ဘဝသရုပ်ကို ပန်းချီမျက်စေဖြင့် ခြယ်မှုန်းပြထားခြင်း ဖြစ်ပါသည်။ နောက်ခံအဖွဲ့ကို ဇာတ်ဆောင်အဖွဲ့နှင့်တွဲ၍ သရုပ်ဖော်ထားသည်။ နောက်ခံသည် ဇာတ်ဆောင်၏ဘဝ ပျက်စီးချုံ့ယွင်းတော့မည့် ဇာတ်နိမိတ်ကို ဖော်ပြနေပါသည်။ ဖိုးမာဒင်သေဆုံးနေသည့် တဲနံရံ၌ မင်းသမီးရုပ်ကလေးသည် ပြုံးလျက်ရှိသည်။ ဖိုးမာဒင်မှာကား ချိုပြုံးသော မင်းသမီးရုပ်ကလေးနှင့် နေရသောဘဝကို အဆုံးသတ်လိုက်ပေသည်ဟု ဖော်ပြထားပါသည်။ အနုပညာရှင်တစ်ဦး၏ မထင်မရှား ပျောက်ကွယ်သွားရသော အနေအထားကို လွမ်းစရာကောင်းအောင် ပုံဖော်သောအဖွဲ့လည်း ဖြစ်သည်။ အနုပညာရှင် သေဆုံးသွားသော်လည်း သူ၏အနုပညာများသည် ဆက်လက်၍ ရှင်သန်ကျန်ရစ်သည်ဟုလည်း ဆိုလိုသည်။ အနုပညာရှင်တို့သည် လောကအပေါ်တွင် တာဝန်ကျေသူများလည်း ဖြစ်ကြောင်း စာရေးသူ၏–

"အို … သခင်၊ ဖိုးမာဒင် အသင်သည် သူခပ်သိမ်းတို့အား အသင်၏အသံဖြင့် မွေ့လျော်စေခဲ့ပြီ၊ အသင်ကောင်းရာသုဂတိသို့ လားပါစေ၊ ကျွန်ုပ်သည် ဤသို့လျှင် ဆုတောင်းလိုက်ပါသည်။"[၂]

ဟု ရေးဖွဲ့ထားပါသည်။

ဖိုးမာဒင်ဝတ္ထုသည် အနုပညာရှင်တို့၏ တစ်ခါတစ်ရံတွင် မထင်မရှားသော ဘဝဖြင့် အနုပညာကို တွယ်တာရင်း ကုန်ဆုံးသွားကြရသည့်သဘောကို သိမ်သိမ်

---

[၁] ဇော်ဂျီ၊ ၁၉၉၉၊ ၁၉။

[၂] ဇော်ဂျီ၊ ၁၉၉၉၊ ၂၀–၂၁။

မွှေ့မွှေ့ ညင်ညင်သာသာဖြင့် ပရိသတ်ရင်ထဲသို့ ခံစားမှုများ၊ ဘ၀အသိများ တဖြည်းဖြည်း တိုးဝင်လာအောင် ရေးသားထားသော ဝတ္ထုတိုတစ်ပုဒ် ဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

၁၉၁၇ ခုနှစ်မှ အစပျိုးထွန်းကားလာခဲ့သော မြန်မာဝတ္ထုတိုများသည် ၁၉၃၃–၃၄ ခုနှစ်ခန့်တွင် ဆယ်စုနှစ်တစ်ခု ကျော်လွန်ခဲ့ပြီ ဖြစ်သည်။ ၁၉၁၇ ခုနှစ်တွင် ပေါ်ထွန်းခဲ့သော ရွှေဥဒေါင်း၏ 'မောင်သိန်းတင်နှင့်မသိန်းရှင်' ဝတ္ထုသည် ဇာတ်လမ်းဖန်တီးရာ၌ အနောက်တိုင်းနိုင်ငံများတွင် ဝတ္ထုတိုပေါ်စအချိန်ကကဲ့သို့ပင် သည်းထိတ်ရင်ဖိုဖြစ်ရပ်များကို ထည့်သွင်းဖန်တီးထားသည်။ ပရိသတ်အား မချင့်မရဲစိတ်များ ဖြစ်ပေါ်လာစေရန် တော့လွဲဖြစ်ရပ်များကိုလည်း ဇာတ်လမ်းတွင် ထည့်သွင်းထားသည်။ ၁၉၃၃–၃၄ ကာလတွင်မူ ဝတ္ထုတိုများ၏ ဇာတ်လမ်းဆင်တင်ပြပုံ အနေအထားသည် ပြောင်းလဲလာခဲ့ပြီး ဖြစ်သည်။ ဇာတ်လမ်းကို ဦးစားမပေးတော့ဘဲ စာရေးသူ တင်ပြလိုသော အတွေးအခေါ်တစ်ရပ်၊ ဖြစ်ရပ်တစ်ခု၊ လူတစ်ယောက်အကြောင်းကိုသာ ဦးစားပေး၍ ရေးဖွဲ့လာသည့်သဘောကို တွေ့ရသည်။

မြန်မာဝတ္ထုတိုများ အနေအထား တိုးတက်ပြောင်းလဲလာသည့် အသွင်ကို ဆောင်လာသည်။ ကြင်မည့်သူဝတ္ထုသည် အချစ်ကြီးလွန်းပြီး မျိုသိပ်လွန်းသော လူငယ်တစ်ဦး၏ ကြေကွဲဖွယ်ခံစားမှုကို အနုစိတ်ဖော်ကျူးတင်ပြထားသည်။ မောင်ဘမြိုင်ဆိုသည့် လူငယ်၏အချစ်စိတ်ကို စာရေးသူက ဝိသေသပုဒ်များ၊ အလင်္ကာများ၊ စကားအသုံးအနှုန်း ဝေဝေဆာဆာဖြင့် တန်ဆာဆင်ကာ ခံစားချက် ပေါ်လွင်အောင် ရေးဖွဲ့ထားသည်။ ရေးဟန်၏ထူးခြားမှုကို အမှီပြုထားသည့် ဝတ္ထုတစ်ပုဒ်ဟု ထင်မြင်မိပါသည်။ အောင်ဘော်နှင့်လေးလုံးဝတ္ထုမှာမူ စာရေးသူသည် ကလေးသူငယ်များအား မချမ်းသာသည့်တိုင်အောင် မေတ္တာအငွေ့အသက်၊ နွေးထွေးသောခံစားမှုတို့ဖြင့် စိတ်လုံခြုံမှုရှိစေသည်။ အဖိုး အဖွား စသော လူကြီးသူမများကို ချစ်ခင်စိတ်ရှိပြီးလျှင် မိမိပတ်ဝန်းကျင်ရှိ တိရစ္ဆာန်ကလေးများကို ချစ်ခင်ကြင်နာတတ်သော စိတ်ကောင်းစိတ်မြတ်များကို ငယ်စဉ်ကပင် မွေးမြူခြင်းဖြင့် ကလေးဘဝ၏ ပျော်ရွှင်မှုများကို ရရှိနိုင်ကြောင်း လေးလေးနက်နက် ဆင်ခြင်တွေးတော၍ တင်ပြထားသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ စာရေးသူ၏ စေတနာနှင့်အတွေး လေးနက်သည့်သဘောကို ကလေးတစ်ဦးကို ဇာတ်ဆောင်ထားပြီး ပေါ့ပေါ့ပါးပါးနှင့် နှစ်သက်ဖွယ် ဇာတ်လမ်းဆင်တင်ပြထားပုံမှာ စိတ်ကူးကောင်းမွန်လှသည်။

ဇော်ဂျီသည် ဝတ္ထုတိုများကို ရေးသားရာတွင် အပေါ်ယံခံစားမှု သမားရိုးကျ၊ အချစ်အကြိုက်အကြောင်းများကို ရေးဖွဲ့ခြင်းမပြုဘဲ လူ့လောကလူ့သဘာဝကို ဆင်ခြင်ရာမှ ရရှိသော အတွေးအသိများက အရိုးဆုံးဇာတ်လမ်းဖြင့် တင်ပြလေ့ရှိသည်ကို တွေ့ရသည်။ ဖိုးမာဒင်ဝတ္ထုတို၏ တင်ပြပုံမှာမူ အကြောင်းအရာသည် လေးနက်သည်နှင့်အမျှ တင်ပြဟန်မှာလည်း အတွေးပါသည်။ အနုပညာရှင်ဖြစ်ပါလျက် လူမှုအဖွဲ့အစည်းနှင့် ခပ်ခွာခွာနေလိုသောသူတို့၏ စိတ်ခံစားမှုနှင့် အနုပညာအပေါ် တွယ်တာမှုများ ပေါ်လွင်အောင် သိမ်သိမ်မွေ့မွေ့ ဖော်ပြထားသည်။ စာရေးသူ တင်ပြလိုသော အကြောင်းအရာတိုင်း စာကြောင်းတိုင်း၏ နောက်ကွယ်တွင် တွေးစရာ ဂယက်အနက်များ ပါဝင်နေသည်။ စာဖတ်သူများအပိုင်းမှ ခံစားမှုနှင့်အတွေးအမြင် အနိမ့်အမြင့်ကိုလိုက်၍ ဝတ္ထုကအကျိုးပြုမှု အနိမ့်အမြင့် ကွဲပြားစေနိုင်သော အနုပညာဆန်သည့် ဝတ္ထုတိုတစ်ပုဒ် ဖြစ်ပါသည်။

ဇော်ဂျီ၏ဝတ္ထုတိုများသည် ဘဝကို လေးလေးနက်နက် တွေးခေါ်ဆင်ခြင်ရာမှ ရရှိလာသော အတွေးအမြင်များကို ပေါ့ပေါ့ပါးပါးနှင့် ရိုးရိုးရှင်းရှင်းဇာတ်လမ်းနှင့် ဇာတ်ဆောင်များကိုသုံး၍ ဝတ္ထုတိုများအဖြစ် ဖန်တီးထားသည်ကို တွေ့ရပါသည်။

## နိဂုံး

၁၉၁၇ ခုနှစ်မှစ၍ ထွန်းကားခဲ့သော မြန်မာဝတ္ထုတိုများ နှစ်တစ်ရာပြည့်ခဲ့ပြီ ဖြစ်သည်။ နှစ်တစ်ရာအတွင်း၌ မြန်မာဝတ္ထုတို၏ လမ်းကြောင်းသည်လည်း အမျိုးမျိုး တိုးတက်ပြောင်းလဲခဲ့ပါသည်။ ဇော်ဂျီ၊ မင်းသုဝဏ်တို့၏ ခေတ်စမ်းစာပေ၊ ခေတ်ဝန်းကျင်တွင် ဝတ္ထုတိုများသည် ဝတ္ထုတိုလမ်းကြောင်း ပြောင်းလဲမှုတစ်ရပ်ကို သိသာထင်ရှား တွေ့ရသည်ဟု ထင်မြင်မိပါသည်။ ဝတ္ထုတို၏ သဘောသဘာဝနှင့် ပိုမိုကိုက်ညီသည်ဟု ယူဆမိပါသည်။ ဝတ္ထုတိုပီသစွာ ဇာတ်လမ်းထက် အတွေးအမြင်တစ်ခု၊ ဖြစ်ရပ်တစ်ခု၊ လူတစ်ယောက်အကြောင်းတို့ကို အလေးပေး၍ ရေးဖွဲ့လာသည်ကို တွေ့ရပါသည်။ ကိုလိုနီခေတ်၊ ခေတ်လယ်ပိုင်းဝတ္ထုတိုများကို ဆက်လက်လေ့လာမည်ဆိုလျှင် ဝတ္ထုတိုလမ်းကြောင်း ပြောင်းလဲမှုကို ပိုမိုတွေ့နိုင်မည် ဖြစ်ပါသည်။

# ကျမ်းကိုးစာရင်း


ခင်မင်၊ မောင် (ဓနုဖြူ)။ ၁၉၉၇၊ ***စာပေသမုဒ္ဒရာ၌ လက်ပစ်ကူးခြင်း***။ ရန်ကုန်၊ အားမာန်သစ်ပုံနှိပ်တိုက်။

ဇော်ဇော်အောင်။ ၂၀၀၀။ ***စာပေသဘောတရားနှင့် စာပေဝေဖန်ရေး အခြေခံကျမ်း*** (ဒုတိယအကြိမ်)။ ရန်ကုန်၊ မုံရွေးစာအုပ်တိုက်။

ဇော်ဂျီ။ (၁၉၉၉)။ ***ဝတ္ထုတိုပေါင်းချုပ်***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

တင်ရွှေ၊ ဦး (ပါမောက္ခ)။ ၂၀၀၂။ ***စာပေနှင့် စာပေသဘောတရားအဖွင့်*** (ပထမအကြိမ်)။ ရန်ကုန်၊ ရူဝံစာပေ။

ထင်၊ မောင်။ ၁၉၇၉။ ***သိပ္ပံဝတ္ထုတိုစာတမ်းများ၊ ဝတ္ထုတိုစာတမ်း*** (ဒုတိယတွဲ) (ပထမအကြိမ်)။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

# နတ်သျှင်နောင်၏ရတုများတွင် တွေ့ရသော စာဆို၏ ခံစားချက်အဖွဲ့များ

စန်းစန်းငွေ*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် တောင်ငူခေတ်စာဆို နတ်သျှင်နောင် ရေးသားသော ရတုများတွင် တွေ့ရသော စာဆို၏စိတ်ခံစားချက်အဖွဲ့များကို လေ့လာဖော်ထုတ်ထားသော စာတမ်းဖြစ်ပါသည်။ ဤစာတမ်းကို အခန်း(၃)ခန်းခွဲ၍ လေ့လာတင်ပြထားပါသည်။ အခန်း(၁) နတ်သျှင်နောင်၏အတ္ထုပ္ပတ္တိ၊ အခန်း(၂) ရတု၏အဓိပ္ပာယ်၊ အခန်း(၃) ရတုများတွင်တွေ့ရသော စာဆို၏ စိတ်ခံစားချက်အဖွဲ့များ ဖြစ်ပါသည်။ စိတ်ခံစားချက်အဖွဲ့များကို တင်ပြရာ၌ နတ်သျှင်နောင်၏ ရာဇဓာတုကလျာဘွဲ့ရတု တင့်လှပေဟန်၊ မိုးတောပန်းထွတ်ချာဘွဲ့မှ ဆွတ်ပျံ့ဘွယ်အောင်နှင့် ပေါ်နွေလလျှင် ရတုသုံးပုဒ်ကို ရွေးချယ်၍ လေ့လာတင်ပြထားပါသည်။

## နိဒါန်း

ကဗျာ၏သဘောမှာ စာရေးသူ၏ အတွေ့အကြုံ ခံစားချက်များကို ရသမြောက်အောင် ခံစားမှုကိုဖော်ပြသော စကားလုံးများကို ရွေးချယ်၍ အသံကာရန်အားဖြင့်လည်း ချိုသာပြေပြစ်အောင် ရေးဖွဲ့ထားသော အနုပညာလက်ရာတစ်မျိုးပင်ဖြစ်ပါသည်။ တောင်ငူခေတ်စာဆို ရတုဘုရင် နတ်သျှင်နောင်သည် ကဗျာရေးဖွဲ့ရန် ဝါသနာထက်သန်သူ ဖြစ်သည်။ ထိုဝါသနာကို အကောင်အထည်ဖော်ရန်အတွက် ဘဝအတွေ့အကြုံနှင့် ခံစားမှုများလည်း ရှိခဲ့၏။ နတ်သျှင်နောင်၏ ရတုကဗျာများကို ပေါက်ဖွားလာစေသော ခံစားမှုမှာ ဓာတုကလျာမင်းသမီး ဖြစ်သည်။ နတ်သျှင်နောင်သည် ဘုရင့်နောင်ကျော်ထင်နော်ရထာ ခေါ် ဟံသာဝတီ ဆင်ဖြူများရှင်မင်းတရားကြီး၏ ညီတော် တောင်ငူဘုရင်မင်းခေါင်၏ သားတော် ဖြစ်သည်။ တောင်ငူရွှေနန်းတည်မင်းနှင့် ဘုရင့်နောင်၏သမီးတော် မင်းခင်စောတို့ ထိမ်းမြားရာမှ ထွန်းကားခဲ့သော သားတော် ဖြစ်သည်။ ဓာတုကလျာမင်းသမီးမှာ ဘုရင့်နောင်ကျော်ထင်နော်ရထာနှင့် ရာဇဒေဝီမိဖုရားတို့မှ ဖွားမြင်တော်မူသော သမီးတော် ဖြစ်သည်။ နတ်သျှင်နောင်နှင့် ရာဇဓာတုကလျာမင်းသမီးတို့သည် တူရီးတော် ဖြစ်သည်။ အသက်အားဖြင့်လည်း ရာဇဓာတုကလျာက (၁၂)နှစ် ကြီးသည်။ နတ်သျှင်နောင်သည် ရာဇဓာတုကလျာမင်းသမီးကို မြင်ရသည့်အချိန်မှစ၍ ဘဝတစ်သက်တာလုံးအတွက် နှစ်သက်စွဲလမ်း

---

* ဒေါ်၊ လက်ထောက်ကထိက၊ မြန်မာစာဌာန၊ သင်္ချာကျွန်းပညာရေးကောလိပ်

ခဲ့သည်။ ဓာတုကလျာအပေါ် ချစ်ခြင်းဟူသော ခံစားမှုကို အရင်းတည်၍ ရတုကဗျာများစွာကို ဖွဲ့ဆိုခဲ့ပါသည်။ နတ်သျှင်နောင်၏ ရတုကဗျာတိုင်းတွင် ဓာတုကလျာကို ချစ်မြတ်နိုးသည့် ခံစားမှုအရိပ်အငွေ့များ ပါဝင်နေပါသည်။

ထိုရတုကဗျာများအနက် 'တင့်လှပေဟန်'ချီရတု၊ 'ဆွတ်ပျံ့ဘွယ်အောင်'ချီရတုနှင့် 'ပေါ်နွေလလျှင်'ချီရတုများကို လေ့လာတင်ပြသွားမည် ဖြစ်ပါသည်။

## ၁။ နတ်သျှင်နောင်၏ အတ္ထုပ္ပတ္တိ

မြန်မာစာပေလောကတွင် ရတုဖွဲ့နွဲ့ရာ၌ တံခွန်စိုက်ခဲ့သော နတ်သျှင်နောင်သည် သက္ကရာဇ် ၉၆၄ ခုနှစ်တွင် တောင်ငူရွှေနန်းကို သိမ်းမြန်းအုပ်စိုးသော မဟာဓမ္မရာဇာ ဘွဲ့ခံ တောင်ငူရွှေနန်းတည်မင်း၏ သားတော် ဖြစ်သည်။ သက္ကရာဇ် ၉၄၀ ပြည့်နှစ်တွင် ဖွားမြင်၏။ ဘွဲ့မည်ရင်းမှာ သီဟသူ ဖြစ်သည်။ သက္ကရာဇ် ၉၇၁ ခုနှစ်တွင် 'သီဟသူရ' ဟူသောဘွဲ့ဖြင့် တောင်ငူရွှေနန်းကို ဆက်ခံသိမ်းပိုက်သည်။[၁]

ဤတွင် နတ်သျှင်နောင်၏အတ္ထုပ္ပတ္တိကို ရှင်းလင်းသိသာနိုင်စေရန် နတ်သျှင်နောင်၏ ဘိုးလောင်းတော်များ၊ ဘေးလောင်းတော်များ ဖြစ်ကြသော တောင်ငူမင်း၏ အစဉ်အဆက်ကိုလည်း သိအပ်လှပေသည်။ သက္ကရာဇ် ၈၄၇ ခုနှစ်တွင် 'မဟာသီရိဇေယျသူရ' ဘွဲ့ခံ မင်းကြီးညိုသည် 'ဇေယျဝဍ္ဍန'တိုင်း ကေတုမတီမည်သော တောင်ငူပြည်ကြီး၌ မင်းပြုတော်မူသည်။ ထိုမင်းသည် သက္ကရာဇ် ၈၇၂ တွင် ကေတုမတီမည်သော တောင်ငူမြို့ကို တည်တော်မူ၏။ သက္ကရာဇ် ၈၉၂ ခုနှစ်တွင် ထိုမင်းလွန်သော် သားတော် တပင်ရွှေထီး နန်းတက်တော်မူလေသည်။ သက္ကရာဇ် ၉၁၂ ခုနှစ်တွင် တပင်ရွှေထီး နတ်ရွာစံလေသော် ဘုရင့်နောင်ကျော်ထင်နော်ရထာ၏ ညီတော်ဖြစ်သော သီဟသူသည် ၆ လမျှ စိုးစံ၏။ နောက်ထိုနှစ် တပို့တွဲလအတွင်းမှာပင် ဆင်ဖြူရှင် ဘုရင့်နောင်ကျော်ထင်နော်ရထာသည် ကေတုမတီကို အလိုတော်ပြည့်၍ ဘိသိက်ခံတော်မူလေသည်။ ညီတော်သီဟသူကား မလိမ္မာဟူ၍သာ အပြစ်မပြု။ 'မင်းခေါင်' ဟူသောအမည်ကို ထပ်၍ပေးတော်မူသေးသည်။ နောက် သက္ကရာဇ် ၉၁၄ ခုနှစ်တွင်လည်း ညီတော်မင်းခေါင်ကိုပင် မင်းမြောက်တန်ဆာငါးပါးနှင့်တကွ ကေတုမတီမြို့ကိုပေး၍ ဘုရင်ခံမင်းပြုစေပြန်သည်။ သက္ကရာဇ် ၉၄၆ ခုနှစ်တွင် ဘုရင်မင်းခေါင် လွန်တော်မူလေသည်။ ထိုစဉ်အခါက ဟံသာဝတီရွှေနန်းကို ဆင်ဖြူရှင်မင်းတရားကြီး၏ သားတော် ငါးဆူဒါယကာ မင်းတရားကြီး စိုးစံတော်မူလျက်ရှိလေသည်။ တောင်ငူဘုရင်မင်းခေါင်သည် ပြဆိုခဲ့ပြီးသည့်အတိုင်း ဆင်ဖြူရှင်မင်းတရားကြီး၏ ညီတော်ဖြစ်ခြင်းကြောင့် ထိုငါးဆူဒါယကာ

[၁] မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၆၊ စာ-၁၃၃။

မင်းတရားကြီး၏ ဘထွေးတော်ဖြစ်သတည်း။ ဘထွေးတော် တောင်ငူမင်းကို မင်းရဲသီဟသူ အမည်နှင့် တောင်ငူမြို့ကို ပေးတော်မူသည်။ တောင်ငူဘုရင်မင်းခေါင် လွန်တော်မူလျှင် မင်းခေါင်၏သားတော် မင်းရဲကျော်ထင်ကို မင်းရဲသီဟသူဘွဲ့နှင့် တောင်ငူမြို့ကို ပေးတော်မူ၍ မင်းပြုရသည်။ နတ်သျှင်နောင်ကို မင်းရဲသီဟသူနှင့် အင်းဝရွှေနန်းကြော့ရှင် သမီးတော် စန္ဒာဒေဝီတို့မှ ဖွားမြင်သည်။ နတ်သျှင်နောင်တွင် ညီတော်သုံးပါး ရှိသည်။ မင်းရဲကျော်စွာ၊ မင်းရဲသီဟသူ၊ မင်းရဲကျော်ထင်တို့ ဖြစ်ပါ၏။[၁]

ခမည်းတော် မင်းရဲသီဟသူ တောင်ငူနန်းမွေကို ဆက်ခံချိန်တွင် သားတော်ကြီး နတ်သျှင်နောင်မှာ သက်တော်(၇)နှစ်မျှသာ ရှိချေသေးသည်။ နတ်သျှင်နောင်သည် ငယ်ရွယ်စဉ်ကပင် ခမည်းတော် မင်းရဲသီဟသူ၏ လက်ရုံးသဖွယ် ဖြစ်ခဲ့သည်။ ဆင်စီး၊ မြင်းစီး ကျွမ်းကျင်သည်။ ဓားခုတ်၊ လှံထိုးတွင်လည်း ပွန်းတီးသည်။ လုပ်ရည်ကြံရည်နှင့်လည်း ပြည့်စုံသည်။ မင်းသွေးမင်းဟန် တမူတကက်ကြွလွန်း အားကြီးလွန်းလှချေသည်။ သက္ကရာဇ် ၉၄၈ ခုနှစ်တွင် ယိုးဒယားသို့ ဟံသာဝတီ ပြည့်ရှင် ငါးဆူဒါယကာ ကိုယ်တော်တိုင် တပ်ပေါင်း(၂၄)တပ်ဖြင့် ချီတော်မူခဲ့သည်။ ယင်းသို့ ချီရာတွင် တောင်ငူမင်းရဲသီဟသူတပ်လည်း ပါဝင်ခဲ့သည်။ ထိုစဉ်က သက်တော် (၉)နှစ်အရွယ်သာ ရှိသေးသော နတ်သျှင်နောင်သည် ခမည်းတော်နှင့်အတူ လိုက်ပါ ချီတက်ခဲ့၏။ ဟံသာဝတီဘုရင် ငါးဆူဒါယကာမင်းသည် နတ်သျှင်နောင်အား များစွာ မြှောက်စားတော်မူပြီးလျှင် တောင်ငူတပ်တွင် တပ်မှူးခန့်၍ ထည့်တော်မူသည်။ နတ်သျှင်နောင် ကြီးမှူးသော တောင်ငူတပ်သည် ယိုးဒယားမင်း 'ဗြနရာဇ်' ၏ တပ်မတော်နှင့် 'တရော့မိုင်းတက်' အင်းတော်အရပ်တွင် တွေ့ကြ၍ နတ်သျှင်နောင် တို့က အရေးသာကြကြောင်းကို ငါးဆူဒါယကာမင်း ကြားသိရလျှင် များစွာအားရတော် မူ၍ ဆုလာဘ်များစွာ ပေးသနားတော်မူသည်။ ယင်းတို့မှာ နတ်သျှင်နောင် (၉)နှစ် (၁၀)နှစ်သားအရွယ် ပထမဆုံး အောင်ပွဲရခဲ့သော ပွဲကြီး ဖြစ်၏။[၂]

သက္ကရာဇ် ၉၅၂ ခုနှစ်တွင် မိုးကောင်းစော်ဘွား ပုန်ကန်သဖြင့် မိုးကောင်း အရောက် ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ရာ အောင်ပွဲဆင်နိုင်ခဲ့သည်။ ဟံသာဝတီမင်းသည် အောင်ပွဲရ နတ်သျှင်နောင်၏သတ္တိနှင့် ရဲစွမ်းသတ္တိကို သဘောကျတော်မူလှသဖြင့် အားရချီးကျူးတော်မူသည်။ နတ်သျှင်နောင်၏ ဘုန်းသမ္ဘာမှာ ဤတစ်ကြိမ်တွင် လူသိရှင်ကြား ပွင့်လန်း၍လာသည်။ သက်တော်(၁၃)နှစ်သာ ရှိသေးသည့်အရွယ်တွင် အရေးတော်ပုံတစ်ခုတွင် တပ်မှူးအဖြစ် ဆောင်ရွက်ကြိုးပမ်း အောင်ပန်းဆင်နိုင် ခဲ့သည်။ နတ်သျှင်နောင်သည် ပထမ လက်ရုံးရည် သူရသတ္တိဘက်တွင် ထင်ပေါ်

---

[၁] ဘသောင်း(ဗိုလ်မှူး)၊ ၁၉၆၂၊ ၁၄၇။

[၂] စိန်လွင်လေး၊ ဦး (ကထိက)၊ ၁၉၆၇၊ ၁၁၉။

ကျော်ကြားခဲ့ခြင်း ဖြစ်၏။ နောက်မှသာ နှလုံးရည် ကဗျာလင်္ကာဘက်တွင် အထူး တလည် ထင်ရှားကျော်ကြားခဲ့ရခြင်း ဖြစ်သည်။

သက္ကရာဇ် ၉၆၄ ခုနှစ် နတ်တော်လအတွင်း တောင်ငူဘုရင်သီဟသူသည် ကေတုမတီ ရွှေနန်းတော်ကို တည်တော်မူသည်။ ထိုတွင်မှ 'တောင်ငူရွှေနန်းတည်မင်း' ဟု တွင်သတည်း။ နောက်(၄)လမျှအကြာ သက္ကရာဇ် ၉၆၅ ခုနှစ် တန်ခူးလသို့ ရောက်သောအခါ မိဖုရားခေါင်ကြီးနှင့်အတူ နန်းတက်တော်မူသည်။ သားတော်အကြီး နတ်သျှင်နောင်ကိုလည်း 'ဥပရာဇာ' ဟူသောအမည်ဖြင့် အိမ်ရှေ့မိဖုရား ဖြစ်ဖူးလေ ပြီးသော ဇင်းမယ်ဘုရင်၏ နှမတော် ရာဇဓာတုကလျာနှင့် စုံဖက်တော်မူသည်။ သို့ရာတွင် ရာဇဓာတုကလျာသည်ကား တောင်ငူအိမ်ရှေ့မင်း နတ်သျှင်နောင်နှင့် တာရှည်စွာ မနေရ။ အိမ်ရှေ့မိဖုရားအဖြစ် (၇)လမျှသာ ခံစားပျော်ရွှင်ရပြီးနောက် ၉၆၄ ခုနှစ်၊ တန်ဆောင်မုန်းလအတွင်း ကွယ်လွန်သည်။[၁]

နတ်သျှင်နောင်သည် ငယ်စဉ်ကပင် အတီး၊ အမှုတ်၊ အဆိုတို့တွင် ဝါသနာ ပါတော်မူသည်။ တောင်ငူရွှေနန်းတွင် စောင်း၊ ညှင်း၊ ပတ်သာ၊ တူရိယာတတ်သူတို့ကို မွေးမြူချီးမြှောက်၍ ကိုယ်တော်တိုင်ကလည်း ထိုအတတ်ကို ကောင်းစွာကျွမ်းကျင်သည်။ သို့ဖြစ်ရကား ရတုကဗျာဖွဲ့နွဲ့ရာတွင် ထိုဂီတပညာ၏ အထောက်အပံ့ကို များစွာ ရခဲ့၏။

မြန်မာနိုင်ငံတွင် အထွတ်အမြတ်သို့ ရောက်တော်မူကြသော မင်းခေါင်တို့ အနက် နတ်သျှင်နောင်သည် ကဗျာ၊ လင်္ကာဖွဲ့ဆိုမှု၌ ကျွမ်းကျင်လိမ္မာသော ဘုရင်စာဆိုတစ်ဦး ဖြစ်သည်။ ထိုမင်း၏ ကဗျာများသည် များစွာ နှည့်သိမ်မွေ့ ခက်ခဲလှ၍ ဩဇဂုဏ်လည်း မြောက်လှပေသည်။

နတ်သျှင်နောင်သည် တောင်ငူတွင် ဘုရင်ပြုခိုက် ၉၆၇ ခုနှစ်တွင် ညောင်ရမ်းဆက် အစဖြစ်သည့် ညောင်ရမ်းမင်းလွန်သဖြင့် ထိုမင်းသားတော်ကြီး အင်းဝ၌ နန်းစံသည်။ နောင်အခါ ပဲခူးအနောက်ဘက်၌ လွန်သောကြောင့် အနောက်ဘက်လွန်မင်း ခေါ်သည်။ ထိုအနောက်ဘက်လွန်မင်းသည် တောင်ငူကို ချီတက်လုပ်ကြံရာ နတ်သျှင်နောင် တောင်ငူဘုရင် အရေးနိမ့်သဖြင့် ၉၇၂ ခု၊ တော်သလင်းလတွင် နန်းကျ၍ မြို့စား အဖြစ် နေရသည်။ ညီတော်သုံးယောက်ကိုကား အင်းဝသို့ခေါ်သွား၍ သူကောင်းပြု ထားသည်။

[၁] ကုလား၊ ဦး (တတိယတွဲ)၊ ၁၉၆၀၊ ၁၁၂။

၉၇၄ ခု၊ ဝါခေါင်လ သန်လျင်မြို့စား ငဇင်္ဂါ တောင်ငူကို လာရောက် တိုက်ခိုက်ရာ နတ်သျှင်နောင်၏ညီတော် မင်းရဲကျော်စွာ မြို့ပြင်က ဆင်စီးခုခံရာ ကျဆုံးသည်။ နတ်သျှင်နောင်ကို သန်လျင်သို့ ဖမ်းသွားသည်။ တန်ခူးလပြည့်ကျော် (၃)ရက်၊ စနေနေ့တွင် နတ်သျှင်နောင်ကို ညီတော်မင်းရဲကျော်ထင်အလောင်းကို သင်္ဂြိုဟ်စေသည်။ ထိုအခါ နတ်သျှင်နောင်မှာ သက်တော်အားဖြင့် (၃၅)နှစ်မျှသာ ရှိသေးသည်။ သန်လျင်ရောက်၍ အနိစ္စရောက်လေသည်ကို အကြောင်းပြု၍လည်း နတ်သျှင်နောင်အား 'သန်လျင်ရောက်မင်းတရားကြီး' ဟုလည်း ခေါ်ဝေါ်ကြကုန်သည်။[၁]

## ၂။ ရတုအဓိပ္ပာယ်

ရတု–ဟူသော စကားသက် အခါရာသီဟူသော အနက်၊ သဘင်၊ အခမ်းအနား၊ အခြေအနေဟူသော အနက်၊ ရတုခေါ်ကဗျာတစ်မျိုးဟူသော အနက်တို့ကို ဟော၏။

သခင်ကြီးဧချင်းတွင်– သည်ကြားလွန်းကြင်၊ မိချစ်ရှင်အား၊ သဘင်ရတု၊ မင့်မှုပိုက်ပြား စသော အဖွဲ့မျိုး၌ သဘင်ဟူသော အနက်ကိုလည်းကောင်း၊

ဇယဒိသပျို့တွင်– 'ကျူးချီပဥ္စင်၊ သဘင်ပျော်မှု၊ မင်းရတုဖြင့်၊ ရွှက်နှုထွေးမွတ်' စသော အဖွဲ့မျိုး၌ အခမ်းအနားအခြေအနေဟူသော အနက်ကိုလည်းကောင်း ရတု သဒ္ဒါက ဟော၏။

သံဝရပျို့တွင်– 'အေးကြိုက်ချည်ချည်၊ ဖျည်ဖျည်ညှင်းညှင်း၊ သီချင်းရတု၊ ပျော်မှုတသီး' စသော အဖွဲ့မျိုး၌ ရတုသဒ္ဒါသည် မဲဇာတောင်ခြေကဲ့သို့ ကဗျာ အမျိုးအစားတစ်ခုကို ဟောသည်။[၂]

ဒုတိယကျော်အောင်စံထားဆရာတော် ပြုစုသည့် ဝေါဟာရတ္ထပကာသနီကျမ်းတွင် ရတုတို့အနက်ကို အဓိပ္ပါယ်ဖွင့်ဆိုခဲ့သည်။

ဤသို့ ဌာနအားဖြင့် သုံးစား ကွဲပြားလျက်ရှိရာ အကြင်အဖွဲ့တစ်ခုသည် အများနှင့်စပ်ဆိုင်လျှင် ထိုအဖွဲ့မျိုးမှာ သဘင်အနက်ရ၏။ အများနှင့်မသက်ဆိုင်ဘဲ တစ်ဦးတစ်ယောက်နှင့်သာ သက်ဆိုင်လျှင် အခမ်းအနား၊ ပကတိဖြစ်ထွန်းသည့် သဘာဝဓမ္မအခြေအနေများကိုပြလျှင် အခြေအနေသဘောရောက်သည်ဟူ၍ ယူဆ ကြ၏။[၃]

---

[၁] ကုလား၊ ဦး(တတိယတွဲ)၊ ၁၉၆၀၊ ၁၂၃။

[၂] ထွန်းရွှေ၊ ဦး(ဓမ္မာစရိယ)၊ ၁၉၉၅၊ ၂၆၈။

[၃] ချမ်းမြ၊ ဦး၊ ၁၉၆၃၊ ၇။

သဘင်ဟူသောအရာကို ရတုသဒ္ဒါဖြင့် စပ်ဆိုထုံးအထောက်အထားမှာ မုံရွေးဆရာတော် စီရင်သည့် ဂမ္ဘီရကထာ ရတနာကြေးမုံခေါ် ပေါ်ရာဏကထာတွင် ရတုဟူသည်ကား သဘင်ဟူလိုသည် ဟူ၍လည်းကောင်း အခမ်းအနားဟူသောအရာကို ရတုသဒ္ဒဖြင့် စပ်ဆိုထုံးအထောက်အထားမှာ ဇနကပျို့တွင်–

"စမြောင်ရွှေသိုင်း၊ ရီရိုင်းရော့ရ၊

မင်းရတုဖြင့်၊ မင်းမှုမင်းလျှောက်"

ဟူ၍လည်းကောင်း၊ စာဆိုတော် မင်းလှရွှေတောင်ဆက် လက်ထပ်မင်္ဂလာရတုတွင်–

"ခမ်းနားထွေထွေ၊ ရွှေငွေဆန်းနု၊

နန်းရတုဖြင့်၊ နန်းသူ့အလယ်"

ဟူ၍လည်းကောင်း အခြေအနေဟူသော အနက်သက်လာသောအရာကို ရတုသဒ္ဒါဖြင့် စပ်ဆိုထုံး အထောက်အထားမှ ခမ္မေယျပျို့တွင်–

"ဆောင်သဲသာနု

ရတုကြည်းရေ

မင်းနေရင်ပြင်"

ဟူ၍လည်းကောင်း၊ ဇနကပျို့တွင်–

"မျက်ပွင့်သရေ၊ ထွေထွေရောဂု

တောရတုဒ္ဓိ၊ စက္ခုရသာ"

ဟူ၍လည်းကောင်း အသီးသီး စပ်ဆိုထားရှိသည်။[၁]

မြန်မာစာပေသမိုင်းတွင် လင်္ကာစာပေနှင့် စကားပြေစာပေဟူ၍ အဆင့်ဆင့် ပေါ်ထွန်းခဲ့ပါသည်။ လင်္ကာစာပေတွင် ရတု၊ ရကန်၊ အဲအန်၊ သံပိုင်း၊ သမိုင်း၊ လေးချိုး စသည်တို့ အကျုံးဝင်ပါသည်။ ရတုဟူသည်မှာ သက္ကဋ္ဌဘာသာရိတုမှ ပျက်လာသော ရတုလည်း ရှိ၏။ မြန်မာဘာသာ ပေါရာဏသက်သက် ရတုလည်း ရှိ၏။ မြန်မာဘာသာရတုမှာ သဘင်ဟူသော အနက်၊ အခမ်းအနားဟူသော အနက်၊ အခြေအနေဟူသော အနက် သုံးမျိုး ရသည်။

[၁] တင်၊ ဦး (ပုဂံဝန်ထောက်)၊ ၁၉၂၉၊ ၃၈၊ ၃၉။

မျက်မှောက်ပညာရှင်အချို့၏ အမြင်အရ ရတုဟူသည် သက္ကဋဘာသာဖြင့် ရီတုဍ္ဍရှိ အက္ခရာပယ်ဆုံစပ်လျက် ရိတု၊ ၎င်းမှ ရတုဖြစ်လာသည်။ သက္ကဋဘာသာ ရတုသည် ဥတု၊ ရတု ဟူ၍ နေသွားလမ်းကိုစွဲ၍ ပိုင်းခြားခေါ်ဝေါ်ကြခြင်းကြောင့် ရာသီဥတုနှင့် အဓိပ္ပာယ်တစ်ပြေးတည်း တူညီသည်။ ထို့ကြောင့် (၁၂)ရာသီဘွဲ့ကို ဝိသေသအားဖြင့် ရတုဟု ခေါ်ဝေါ်ကြသည်။ တစ်နည်းအားဖြင့် ပေါရာဏကထာတွင် ရတုဟူသည် မင်းပွဲသဘင်၊ မင်းခမ်းအရပ်ရပ်နှင့် စပ်လျဉ်းသည့် ဖွဲ့နွဲ့စပ်ဆိုခြင်း ကိုလည်း ရတုဟု ခေါ်ဝေါ်သည်ဟု ဆိုသည်။ ရတုနှင့်ပတ်သက်၍ ပညာရှင်အများစုက ပုဂံခေတ်မှစတင်၍ ပေါ်ပေါက်သည်ဟု ခန့်မှန်းကြပါသည်။ သို့သော်လည်း တိကျ ခိုင်မာသော အထောက်အထားများ မတွေ့ရသေးချေ။ အစောဆုံးတွေ့ရသော ရတုမှာ ပင်းယခေတ် မြန်မာသက္ကရာဇ် (၇၁၀)ကျော်တွင် အမတ်ကြီး 'စတုရင်္ဂဗလ' အမတ်ကြီး ရေးသားခဲ့သော ရတုပင် ဖြစ်သည်။ ရတုမှာ–

"ရွှေဖဝါးတော်အောက်၊

ကျွန်၏လျှောက်ဖြင့် မလျှောက်ဝံ့ဝံ့၊

လျှောက်ဝံ့ဝံ့တည်း"

စသည်ဖြင့် နက်နဲသော အဘိဓမ္မာသဘောများဖြင့် ရေးဖွဲ့ထားသည်။[၁]

## ၃။ နတ်သျှင်နောင်၏ ရတုများလေ့လာချက်

## ၃၊ ၁။ "တင့်လှပေဟန်"ချီ သစ္စာတိုင်ရတု အကြောင်းအရာ

'တင့်လှပေဟန်' ချီ သစ္စာတိုင်ရတုသည် စာဆို နတ်သျှင်နောင် ရေးဖွဲ့ခဲ့သော ရတုများအနက် အထင်ရှားဆုံး ဖြစ်သည်။ ရူပကလျာဘွဲ့ သစ္စာတိုင်ရတု ဖြစ်သည်။ ထိုရတုသည် နတ်သျှင်နောင်၏ ကိုယ်တွေ့ဖြစ်ရပ်ပေါ်တွင် မူတည်၍ ဖြစ်ပေါ် လာသော ရင်တွင်းခံစားမှုများ ထင်ဟပ်နေသည်ကို တွေ့ရပါသည်။ ဘုရင့်နောင်ကျော်ထင် နော်ရထာ၏ သားတော်၊ ဟံသာဝတီဘုရင် ငါးဆူဒါယကာမင်း၏ သားတော်အကြီး ဖြစ်သော အိမ်ရှေ့မင်း မင်းကြီးစွာကို အင်းဝဘုရင် သတိုးမင်းစော၏ သမီးတော်

---

[၁] ကျော်လွင်၊ ဦး(ဓာတု)၊ ၁၉၇၈၊ ၈၆။

နတ်ရှင်မယ်တော်နှင့် ထိမ်းမြားပေးခဲ့သည်။ နတ်ရှင်မယ်တော်၏မိခင်မှာ ဟံသာဝတီ ဘုရင် ငါးဆူဒါယကာမင်း၏ နှမတော် ဖြစ်သည်။[၁]

သို့ရာတွင် အိမ်ရှေ့မင်း မင်းကြီးစွာသည် နတ်ရှင်မယ်တော်အပေါ် မချစ်ခင်ဘဲ ခာတုကလျာမင်းသမီးကိုသာ စွဲလမ်းနှစ်သက်နေခဲ့သည်။ ထိုသို့ စွဲလမ်းနှစ်သက်ရာမှ ဟံသာဝတီနှင့် အင်းဝတို့၏ စစ်ဖြစ်ခဲ့ရသည်အထိ ဖြစ်ပါသည်။ မင်းကြီးစွာသည် ယိုးဒယားသို့ စစ်ချီတက်ရာတွင် တိုက်ပွဲ၌ ကျခဲ့သည်။ အိမ်ရှေ့မင်း မင်းကြီးစွာ၏ အလောင်းကို ဟံသာဝတီနေပြည်တော်သို့ ပြန်လည်သယ်ယူလာသည့် အခမ်းအနားတွင် ခာတုကလျာကို နတ်သျှင်နောင်သည် ဟံသာဝတီ၏လက်အောက်ခံ တောင်ငူမင်း၏ သားတော်အနေနှင့် တက်ရောက်ရာမှ တွေ့မြင်ခဲ့ရသည်။ ခာတုကလျာအနေနှင့် အိမ်ရှေ့မင်း၏ အလောင်းကို ပြန်လည်သယ်ယူလာသော အခမ်းအနားကို တက်ရောက်ခဲ့ရသည်။ ထိုအနေအထားမျိုးတွင် ခာတုကလျာသည် ညှိုးငယ်သော အမူအရာဖြင့် အဆင်အပြင် မပြုဘဲ အဝါရောင်အထည်လေးကိုသာ ဝတ်ဆင်၍ တက်ရောက်ခဲ့သည်။ ထိုအခမ်းအနားတွင် တွေ့မြင်ရသည့် ခာတုကလျာ၏ သွင်ပြင်ပုံပန်း ဆင်ယင်ထုံးဖွဲ့မှုတို့ကို စာဆိုက အနုစိတ် ခံစား ရေးဖွဲ့ထားသည်။ ထို့အပြင် ခာတုကလျာကိုမြင်ခိုက် တဒင်္ဂအတွင်း၌ စာဆို၏ရင်ထဲက ဖြစ်ပေါ်လာသော ချစ်ခြင်းမေတ္တာကိုလည်း ဖွဲ့ဆိုခဲ့သည်။ ချစ်ခြင်းမေတ္တာကို ရေးဖွဲ့ရာတွင် ခာတုကလျာနှင့်ပတ်သက်၍ စာဆို၏စိတ်၌ ဖြစ်ပေါ်နေသော အလုတန်ဖိုးဖြတ်ချက်များ ခာတုကလျာနှင့် ပတ်သက်သည့် မျှော်မှန်းချက်များ၊ ခံစားချက်များ ပါဝင်နေပါသည်။

'တင့်လှပေဟန်'ချီရတု၏ ပထမပိုဒ်တွင် အကြောင်းအရာအားဖြင့် ခာတုကလျာ၏ အသွင်အပြင် ဝတ်စားဆင်ယင်မှု၊ ချောမောလှပမှု၊ စာဆို၏ခံစားချက်၊ ထင်မြင်ချက် တို့ကို ဖော်ပြထားသည်။ ခာတုကလျာသည် ယှဉ်ပြိုင်စရာမရှိလောက်အောင် တင့်တယ် လှပပါပေသည်။ နတ်ပြည်ခြောက်ထပ်မှ နတ်သမီးလေးဟုပင် ထင်ရပါသည်။ အသား အရည် စိုပြေလတ်ဆတ်၍ ညက်ညောသည်။ အသွေးအရောင်တောက်ပသည်။ တောင်ညာစံ မိဖုရားတစ်ပါး၏ ကြန်အင်လက္ခဏာတို့နှင့် ပြည့်စုံသည်။ ခာတုကလျာသည် ဆံထုံးကို သေသေသပ်သပ် အထူးတလည် မထုံးဖွဲ့ဘဲ ဆံပင်များသည် ပြေပြေ လျော့လျော့နှင့် ကျနေသည်။ ရွှေဝါရောင် ပိတ်အင်္ကျီကလေးကို ဝတ်ဆင်ထားသည်။ နတ်သျှင်နောင်သည် ခာတုကလျာအား မျှော်လင့်မထားဘဲ ရုတ်တရက် မြင်လိုက် ရသောအခါတွင် နတ်သမီးလေးလားဟု ထင်မှားမိ၏။ စိတ်နှလုံးတော်လည်း အလုံးစုံ တိမ်းညွတ်သွားသည်။ တောင်ညာစံဒေဝီတစ်ပါးဟုပင် ထင်မြင်မိပါသည်။

[၁] ပါမောက္ခ ဦးချမ်းမြ၊ နတ်သျှင်နောင်ဆိုရတုများ၊ စာ–၁၂၇–၁၂၈။

ဒုတိယပိုဒ်တွင်မူ ခေတုကလျာကိုတွေ့မြင်ရသည့် အချိန်ကာလရာသီ သဘာဝ နောက်ခံကို ဖွဲ့ဆိုသည်။ ဆွေဦးရာသီဖြစ်၍ ရွက်ရင့်များသည် ရွှေဝါရောင်သို့ ပြောင်းနေသည်။ သစ်ရွက်များကြွေကျသည့်အတွက် သစ်ရွက်များသည် နီးနီးကပ်ကပ် မရှိတော့ပါ။ ကျိုးတိုးကျဲတဲ ဖြစ်နေသည်။ သစ်ပင်များ၌ သစ်ရွက်များသည် အစိမ်းရောင် အစား အဝါရောင်၊ အနီရောင်ကို ပြောင်းလျက်ရှိသည်။ အသက်ကိုပင် ပေးအပ်ရသည့် အမြဲလှပနေသူကလေးသည် ပန်းမျိုးစုံကို ပန်မထားပါ။ မင်းသမီးလေး၏ ကိုယ်ဝတ်တော် မှာလည်း ပန်းရနံ့များ မွှေးကြိုင်နေသည်။ အသားရောင်မှာ ပယင်းရောင်၊ ရွှေရောင် ကဲ့သို့ ဝင်းဝါပြီး ကြည်လင်နေသည်။ အကြောစိမ်းကလေးများပင် မြင်နေရသည်။ ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသူကလေးသည် လက်ကောက်လက်ကျပ်၊ ဆံပင်များကို ဆင်ထားခြင်းမရှိပါ။ စာဆို၏စိတ်တွင် မယ်ကလေးသည် ကြာပွင့်၌ သန္ဓေတည်သော ကြာနတ်သမီးလေးပင်လောဟုပင် ထင်မြင်မိပါသည်ဟု ရေးဖွဲ့ထားပါသည်။

တတိယပိုဒ်တွင်မူ မိုးရာသီကိုနောက်ခံထား၍ ခေတုကလျာ၏အလှကို ရေးဖွဲ့သည်။ နေ့စဉ်ရက်ဆက် မိုးမင်းသည် စွေရွာနေသည်။ အလှဆုံးဖြစ်ပြီးလျှင် ကျက်သရေအပေါင်းတို့နှင့် စွဲမြဲနေသောသူကလေးသည် ကြည့်လိုက်တိုင်း လှပါပေ သည်။ အပြစ်(၆)ပါးတို့သည် မင်းသမီးလေးနှင့်တွေ့လျှင် ရိုင်းသွားရပါသည်။ ရှောင်သွား ရပါသည်။ အကြိမ်ကြိမ်အဖန်ဖန် လျှော်ထားသော စံပြုအပ်သည့်ရွှေကဲ့သို့ အသားအရည် ဝင်းဝါ၍ နှစ်သက်ဖွယ် ဖြစ်သည်။ အပြစ်ဟူ၍ အနည်းငယ်မျှ အစွန်းထင်းခြင်းမရှိပေ။ မင်းသမီးလေးသည် နတ်ပြည်မှ ကြွေကျလာသည်ဟု ထင်မြင်မိသည်။ တောင်ညာစံဒေဝီ ပေလော။ ခေတုကလျာကို မြင်ခိုက်မှာပင် စာဆို၏ အသည်းနှလုံးတို့သည် စုရုံး တိမ်းညွတ်၍ သည်းအူပြတ်မျှ ချစ်မိပါတော့သည်ဟု ရေးဖွဲ့ထားပါသည်။

## အရေးအဖွဲ့

ပထမပိုဒ်တွင် စာဆိုနတ်သျှင်နောင်သည် ခေတုကလျာကို မျှော်မှန်းမထားဘဲ ရုတ်တရက်မြင်ခိုက်၌ ဖြစ်ပေါ်လာသော ခံစားမှုနှင့် အမြင်ကို ဖော်ပြထားသည်။ ခေတုကလျာ၏ လှပတင့်တယ်ဟန်မှာ နှိုင်းယှဉ်စရာ မရှိပုံကို 'တင့်လှပေဟန် ဘက်မရန်တည့်' ဟု ဖွဲ့ပါသည်။ နှိုင်းယှဉ်စရာ နှစ်ယောက်မရှိသော သဘောကို 'ဘက်မရန်'ဟု ကျစ်ကျစ်လျစ်လျစ် ဖွဲ့ဆိုသည်။ ထိုအဖွဲ့သည် ခံစားမှုထက်ကျော်လွန်၍ တန်ဖိုးဖြတ်ချက်သဘော သက်ဝင်သည်။ ထိုမှတစ်ဆင့် ခေတုကလျာ၏ အလှသည် နတ်ပြည်ခြောက်ထပ်က နတ်သမီးလေး ဆင်းသက်လာပုံနှင့် တူပါသည်ဟု ခံစားမိ သည်။ ထိုခံစားမှုမှတစ်ဆင့် တန်ဖိုးဖြတ်ချက်သဘောကို 'ခြောက်တန်နတ်ရွာ၊ ဘုံက လာသို့' ဟု ဥပမာအလင်္ကာဖြင့် ဖွဲ့ဆိုပြသည်။ တဒင်္ဂအတွင်း၌ စာဆို၏စိတ်သည်

မင်းသမီးအပေါ်သို့ တိမ်းညွတ်ကာ နတ်သမီးလေလား၊ တောင်ညာစံဒေဝီ မဟေသီ လေလားဟု ယုံမှားတွေးတောနေဟန်များကို–

"မရည်းမထင်၊ ဖြုတ်ချည်းမြင်က၊

နတ်ပင်ယိုးမှား၊ ဝိုးဝါးတွေးချွတ်၊

စိတ်နှလုံးညွတ်သည်၊ ဘုံထွတ်နန်းတောင်နေတို့လော"[၁]

ဟု ရေးဖွဲ့ထားပါသည်။

ရည်ရွယ်မထားဘဲ ရုတ်တရက်တွေ့ရပုံ တွေ့လိုက်ရသည်နှင့် စိတ်အားလုံး တိမ်းညွတ်သွားပုံ၊ ထင်ယောင်ထင်မှား ဖြစ်ရပုံ၊ ခံစားမှုဖြစ်စဉ်အားလုံးပါအောင် ရေးဖွဲ့ တင်ပြထားသည်။ 'စိတ်နှလုံးညွတ်သည်' ဟူသောစကားသည် ကျစ်လျစ်ပြီး နတ်သျှင်နောင်၏ ခံစားမှုအားလုံးကိုလည်း ထိထိမိမိ ဖော်ပြနိုင်စွမ်း ရှိသည်။ 'ဘုံထွတ်နန်းတောင် နေတို့လော' ဟူသောအဖွဲ့သည် သံသယောပမာ အလင်္ကာမြောက်သည်။ ဝေဝေဝါးဝါး စိတ်လှုပ်ရှားမှုများနှင့် အလှကို တန်ဖိုးဖြတ်နေသည့်သဘော ပေါ်လွင်နေအောင် ရေးဖွဲ့ ထားသည်။ အခြေအနေ အချိန်အခါအရ ရှင်ပြသည့်ဟန်ကို မပြဘဲ ညှိုးငယ်နွမ်းလျ ဟန်ကိုပေါ်နေသည့် ဆင်ယင်ထုံးဖွဲ့မှုများနှင့် ခတ္တကလျာ၏အလှကို–

"ပန်းမာလ်ရေးချေ၊ ထုံးနေမကြော၊

ပတ်လျောဆံကြာ၊ ကျတိုင်းသာလျှင်၊

ရွှေဝါပိတ်ရှင်း၊ ထည်ချင်းစံပယ်၊

နံ့ကြွယ်လှိုင်ကြူ၊ မဥ္ဇူမျက်မည်း၊ ပေါ်ထပ်စည်းနှင့်"[၂]

ဟု သရုပ်ဖော် ရေးဖွဲ့ထားပါသည်။

ကပိုကယို ဆံပင်အနေအထား၊ မျက်နှာလိမ်းခြယ်မှု အနေအထား၊ ရိုးရိုး ဝတ်ဆင်လာမှု အနေအထားများကို စာဖတ်သူ၏စိတ်မျက်စိ၌ ထင်ယောင်မြင်ယောင် လာအောင် အနုစိတ် သရုပ်ဖော်ရေးဖွဲ့ထားသည်။ ထိုအဖွဲ့က ခတ္တကလျာ၏အလှ၌ အလုံးစုံတိမ်းညွတ်နေသော စာဆိုနတ်သျှင်နောင်၏ စိတ်အခြေအနေကို တင်ပြနိုင်စွမ်း ရှိပါသည်။ စာဆိုသည် ခတ္တကလျာ၏အလှကို ရေးဖွဲ့၍ မရောင့်ရဲနိုင်ပါ။ စကားလုံး

[၁] ချမ်းမြ၊ ဦး(ပါမောက္ခ)၊ ၁၉၆၃၊ ၁၂၇။

[၂] ချမ်းမြ၊ ဦး(ပါမောက္ခ)၊ ၁၉၆၃။

အလုအပများကို ရွေးချယ်နိုင်သူပီပီ အသားအရည်၏ လတ်ဆတ်ချောမွေ့မှု၊ ဝင်းဝါတောက်ပပုံကို ပေါ်လွင်စေရန်–

"ပြာပြာလတ်လတ်၊ မွတ်မွတ်ညက်ညက်၊

ရွှန်းရွှန်းစက်မျှ၊ ဝင်းလက်ရောင်ရွှေ၊ အခေါင်ပေတည့်"[၁]

ဟု ဖွဲ့ဆိုခဲ့ပြန်သည်။

ထိုနေရာ၌ အလှသရုပ်ကို ပေါ်လွင်စေမည့် 'ပြာ၊ လတ်၊ မွတ်၊ ညက်၊ ရွှန်းရွှန်းစက်၊ ဝင်းလက်' ဆိုသည့် စကားလုံးများကို ရွေးချယ်စီကုံးထားသည်။ အသံသဘောအရ နှစ်သက်ဖွယ်ဖြစ်လာအောင် ထိုစကားလုံးများကို နှစ်ကြိမ်ထပ်ဝိစ္ဆာစကားလုံးများဖြင့် သုံးနှုန်းရေးဖွဲ့ထားပါသည်။ စကားလုံးများဖြင့် ဖွဲ့စည်းထားသောရုပ်အလှကို အသံအလှဖြင့် ထပ်ဆင့်တန်ဆာဆင်ထားသည်ကို တွေ့ရပါသည်။

ဒုတိယပိုဒ်တွင်မူ နွေဥတုကို နောက်ခံပြု၍ ဓာတုကလျာ၏အလှကို ဖွဲ့ဆိုပြန်သည်။ နွေသရုပ်ကိုရေးရာ၌လည်း စာဆိုသည် အနုစိတ်ကျလှသည်။ ရွက်ဝါဟုသာသာမန်မဖွဲ့ဘဲ အဝါရောင်နှင့်အနီရောင် ရောနှော၍နေသည့် သစ်ပင်တို့၏ အသွေးအရောင် ပြောင်းလဲလာဟန်ကို စာဖတ်သူတို့၏ စိတ်မျက်စိ၌ ထင်မြင်လာစေရန်–

"ရင့်မြရွှေကျန်၊ ရွက်မပွန်တည့်

ဝါကြန်နီမောင်း၊ ပင်တိုင်းပြောင်းက"[၂]

ဟု သရုပ်ဖော်ခဲ့ပါသည်။ စကားလုံးကျစ်ကျစ်လျစ်လျစ်နှင့် နွေသရုပ်ကို ပေါ်လွင်အောင်ဖွဲ့ဆိုထားပါသည်။ အစိမ်းရောင် ရွှေရောင်ရောသော သစ်ရွက်များ ကျန်ရှိနေသေးသည်။ တစ်ချို့ ကြွေသွားပြီဖြစ်၍ ကျိုးတို့ကျဲတဲဖြစ်နေပုံကို 'ရင့်မြရွှေကျန်၊ ရွက်မပွန်တည့်' ဟု သရုပ်ဖော်ထားသည်။ အဝါရောင်နှင့် အနီရောင်တို့ ရောယှက်၍နေဟန်ကို 'ဝါကြန်နီမောင်း၊ ပင်တိုင်းပြောင်းက'ဟု အရောင်ပြစကားလုံးများကို ပေါင်းစပ်၍ သရုပ်ဖော်ထားသည်။

ဓာတုကလျာ၏အလှကို ဖွဲ့ရာ၌လည်း ခံစားမှုမှ ပေါက်ဖွားလာသောစကားလုံးများဖြစ်သည့်အလျောက် သိပ်သည်းကျစ်လျစ်လှပသည်။ အသက်ကိုပင်ပုံအပ်ချင်စိတ် ဖြစ်ပေါ်လာသည်။ အမြဲလှနေသူကလေးဟုဆိုသည့် အလှနှင့်ခံစားမှုကိုပေါင်းစပ်ကာ 'သက်ပေါင်းထင်ယုံ၊ လှနိတုံ'ဟု ဖွဲ့သည်။ အသားအရောင်၏အလှကို

---

[၁] ချမ်းမြ၊ ဦး(ပါမောက္ခ)၊ ၁၉၆၃၊ ၁၂၈။

[၂] ချမ်းမြ၊ ဦး(ပါမောက္ခ)၊ ၁၉၆၃၊ ၁၂၈။

ဖွဲ့ရုံသာမက ပါးပြင်တွင် အကြောစိမ်းကလေးများ ယှက်သန်းကာ မွေးညင်းနုနုကလေး များနှင့် လှပပုံကို–

"ပယင်းရွှေရည်၊ ပွတ်လဲ့ကြည်သို့
မြရည်ကြောစိမ်း၊ လဲ့လဲ့ရှိမ်းမျှ"[၁]

ဟု ဖွဲ့ဆိုခဲ့သည်။ စာဆို၏ ချစ်ခြင်းမေတ္တာသက်ရောက်မှုကို စကားလုံး အသုံးအနှုန်းများက ဖော်ပြနေသည်။ စာဆို၏ တန်ဖိုးဖြတ်ချက်များကို 'ခပ်သိမ်း ကလျာ၊ ရှုဘွယ်သာလျှင်၊ ကြာနတ်တန်းဆောင် နေတို့လော' ဟူသောစကားလုံးများက ဖော်ပြနေသည်။ ဓာတုကလျာ၏အလှကို နတ်သမီးလေးနှင့်နှိုင်း၍ မရောင့်ရဲသောအခါ ကြာနတ်သမီးကလေးနှင့်လည်း တင်စားရေးဖွဲ့ထားသည်။ မင်းသမီး၏ အလှသည် သဘာဝအလှသာဖြစ်ကြောင်း အဆင်တန်ဆာအလှ မဟုတ်ကြောင်း ပေါ်လွင်စေရန်–

"သိင်္ဂါလျှံတောက်၊ လက်ကောက်လက်ကျပ်၊ ရည်လျှပ်ဆံကျင်၊
မျှမဆင်လည်း၊ တိုင်းပင်တင့်မှတ်၊ လှခေါင်ထွတ်သည်"[၂]

ဟု ဖွဲ့ဆိုခဲ့ပါသည်။ 'ရည်လျှပ်ဆံကျင်၊ မျှမဆင်လည်း' ဟူသောအဖွဲ့တွင် ယတိပြတ် အဖွဲ့များ ပါဝင်ပါသည်။ ပဒများကိုချိတ်ဆက်ရာတွင် အချိတ်အဆက်မိကာ အလိုလို အနက်အဓိပ္ပာယ် ပေါ်လွင်နေသည်။

တတိယပိုဒ်၌ မိုးရာသီ၏အလှကို နောက်ခံပြုကာ ဖွဲ့ဆိုထားသည်။ မိုးမင်းသည် နေ့စဉ်ရက်ဆက် ရွာသွန်းနေပါသည်။ ယုဂန္ဓိုရ်တစ်တောင်လုံးကို မြရည် တို့ဖြင့် ဖုံးထားသကဲ့သို့ဖြစ်နေသည်ဟု ဖွဲ့ဆိုဟန်ကို–

"ဆင့်ချစွေသွန်၊ ရက်မချန်တည့်၊
ယုဂန်အလုံး၊ မြရည်ဖုံးသား"[၃]

ဟု ရေးဖွဲ့ခဲ့သည်။

ဓာတုကလျာသည် အလှဆုံး ဖြစ်သည်။ အလှကျက်သရေများသည်လည်း သူ့၌ စွဲမြဲခိုင်မာနေသည်ဟူသော သဘောကို 'လှဆုံးတင့်နေ၊ ထုံသရေ' ဟု စကားလုံး ကျစ်ကျစ်လျစ်လျစ်နှင့် ထူးခြားအောင် ရေးဖွဲ့ထားသည်။ ဓာတုကလျာတွင် အပြစ် ခြောက်ပါးကင်းစင်သည်။ ထိုသဘောကိုပင် စာဆိုက ရိုးရိုးမဖွဲ့ဘဲ မင်းသမီးလေးနှင့်

---

[၁] ချမ်းမြ၊ ဦး (ပါမောက္ခ)၊ ၁၉၆၃၊ ၁၂၈။
[၂] ချမ်းမြ၊ ဦး (ပါမောက္ခ)၊ ၁၉၆၃၊ ၁၂၈။
[၃] ချမ်းမြ၊ ဦး (ပါမောက္ခ)၊ ၁၉၆၃၊ ၁၂၈။

တွေ့လျှင် အပြစ်အားလုံးသည် ရိုင်းသွားရသည်။ ဝေးသွားရသည်။ ရှောင်သွားရသည် ဟူသောသဘောဖြင့် 'ထွေထွေကြည့်တိုင်း၊ ပြစ်မျိုးရိုင်းသည်' ဟု ဖွဲ့ဆိုထားသည်။ ပြစ်မျိုးရိုင်းဟူသော စကားလုံးသည် နတ်သျှင်နောင်၏ ခံစားမှုမှ ပေါက်ဖွားလာသော ကျစ်လျစ်သိပ်သည်းပြီး အနက်ထိရောက်သည့် စကားလုံးဖြစ်သည်။ အချစ်ခံစားမှုများကြောင့် စကားလုံးများသည် ဖွဲ့၍မကုန်နိုင်အောင် ရင်တွင်းမှ ပေါက်ဖွားလာသည်။ ဓာတုကလျာ၏အလှသည် အကြိမ်ကြိမ်အဖန်ဖန် လော့်ထားသော ရွှေကဲ့သို့ သန့်စင်ဝင်းပသည်ဟူသော သဘောကို 'စံခိုင်းလော့်သစ်၊ ရွှေနှယ်နှစ်မျှ' ဟူသော ဥပမာအလင်္ကာနှင့် တင်ပြသည်။ စာဆိုသည် ဓာတုကလျာ၏ အလှတရား၌ အပြစ်ဟူသ၍ မရှိဟူသော သဘောကို ထပ်တလဲလဲဖွဲ့သည်။ ခံစားမှုမှပေါက်ဖွားလာသော စကားလုံးများမှာလည်း တစ်ခုနှင့်တစ်ခု မတူဘဲ တစ်မူထူးခြားဆန်းသစ်သည်။ ပြစ်မျိုးရိုင်းသည် သဘောကို 'တင်ပြင်မစက် လှဲ့လှဲ့ညက်' ဟု ဖွဲ့ပြန်သည်။ ချစ်သူ၏အလှကို ဖွဲ့ရာတွင် စကားလုံးများမှာလည်း အဆုံးမရှိပုံကို စာဆိုက 'အကျော်ပျံ့မွှန်း၊ ဝင်းငြိမ့်ရွှန်းကို' ဟု အနက်ချင်းတူပြီး အလှကို ပေါင်းစည်းဖော်ပြနိုင်သည့် စကားလုံးများကို အသစ်ထွင်၍ ဖွဲ့ဆိုပြန်သည်။ စာဆို၏ ခံစားမှုကို 'အူသည်းစုညွတ်၊ သက်လုံးပြတ်သည်' ဟု ဖော်ပြသည်။ အလှကိုခံစားရင်း တန်ဖိုးဖြတ်ချက်ကို 'တောင်နန်းနေလော၊ နတ်ပေလော' ဟု ဖွဲ့ဆိုခဲ့ပါသည်။ စာဆိုသည် ဓာတုကလျာနှင့် ရုတ်တရက် မြင်တွေ့လိုက်ရသည့် အချိန်မှာပင် ချစ်မေတ္တာတို့ ပေါက်ဖွားလာရပုံကို–

> "မရည်းမထင်၊ ဖြုတ်ချည်းမြင်က၊
>
> ထပ်မိဖြုတ်ချည်း၊ မြော်ကတည်းက"[၁]

ဟု ထပ်တလဲလဲ ဖွဲ့ဆိုထားပါသည်။ 'တင့်လှပေဟန်' ချီး ရူပကလျာဘွဲ့ရတုတွင် စာဆို၏ တဒင်္ဂစိတ်လှုပ်ရှားခံစားမှုများ ပေါ်လွင်အောင် အလှဆုံး၊ အကျစ်လျစ်ဆုံး၊ စကားလုံးများဖြင့် ဖွဲ့စပ်ထားသည်ကို တွေ့ရပါသည်။

## ၃၊ ၂။ 'ဆွတ်ပျံ့ဖွယ်အောင်' ချီးရတု အကြောင်းအရာ

စာဆိုနတ်သျှင်နောင်သည် တောင်ငူခေတ်၏ စစ်သည်သူရဲကောင်းတစ်ဦးလည်း ဖြစ်သည့်အလျောက် ချစ်သူနှင့်ဝေးရာဆီသို့ စစ်ချီတက်ရသည်။ ရာသီဥတုသဘာဝ အမျိုးမျိုးကို တွေ့ကြုံရတိုင်း ချစ်သူကို တမ်းတသတိရသည်။ 'ဆွတ်ပျံ့ဘွယ်အောင်' ချီး

[၁] ချမ်းမြ၊ ဦး (ပါမောက္ခ)၊ ၁၉၆၃၊ ၁၂၈။

ရတုတွင် ရာသီသဘာဝနှင့် အလွမ်းစိတ်တို့ကို ယှဉ်တွဲရေးဖွဲ့ထားသည်။ ရာဇဝင်ကို လေ့လာလျှင် နတ်သျှင်နောင်သည် ကဗျာ လင်္ကာ အနုပညာတို့၌ ထူးချွန်သူ ဖြစ်သည်ဟု မှတ်တမ်းတင်ထားသည်။ သူ၏သမိုင်းကိုကြည့်လျှင် ဟံသာဝတီ အခြေ မခိုင်သည့် အချိန်တွင် ရခိုင်ဘုရင်နှင့်ပေါင်းပြီး ဟံသာဝတီကို တိုက်ခိုက်ခဲ့သည်။ ဟံသာဝတီဘုရင် ငါးဆူဒါယကာမင်းနှင့် မိဖုရားကို တောင်ငူသို့ဖမ်းဆီးခေါ်ဆောင်ပြီး လုပ်ကြံခဲ့သည်။ အနောက်ဘက်လွန်မင်းက တောင်ငူကို လာရောက်တိုက်ခိုက်၍ စစ်ရှုံးသည်။ တောင်ငူမှန်နန်းတော်၏ မှန်ကင်းကို ချခဲ့သောအခါတွင် နတ်သျှင်နောင်သည် ထီးနန်းကို ဆုံးရှုံးရဘိသကဲ့သို့ အပြင်းအထန် ခံစားရသည်။ အနောက်ဘက်လွန်မင်း၏ လက်အောက်ခံ ဖြစ်ရခြင်းကို အလွန်ခံပြင်းသည်။ ထို့ကြောင့် သန်လျင်စား ပေါ်တူဂီလူမျိုး 'ဒီဘရစ်တို'နှင့် ပေါင်းခဲ့သည်။ ဒီဘရစ်တိုကို တောင်ငူသို့ ပင့်ဆောင်သည်။ ထိုရာဇဝင်ကြောင်းဖြစ်ရပ်အရ ကြည့်လျှင် နတ်သျှင်နောင်သည် လက်ရုံးရည် နှလုံးရည် ထူးချွန်ပြောင်မြောက်သည်နှင့် အမျှ စိတ်ဆန္ဒကြီးမားသူ၊ မျှော်လင့်ချက်ကြီးမားသူ၊ ဘုရင်အဖြစ်ကို မျှော်မှန်းခဲ့သူတစ်ဦး အဖြစ် မှန်းဆရပါသည်။ 'ဆွတ်ပျံ့ဘွယ်အောင်' ချီ ရတုတွင် ပါဝင်သော 'ပန်းထွတ်ချာ'၏ အနက်ကို ဖွင့်ဆိုရာ၌လည်း တစ်ချို့ပညာရှင်များက ထိုသဘောကို ထည့်သွင်းစဉ်းစား ခဲ့ကြဟန် တူပါသည်။ 'ဆွတ်ပျံ့ဘွယ်အောင်' ရတုသည် နတ်သျှင်နောင်၏ လျှို့ဝှက် ခံစားမှုကို ပဟေဠိဆန်ဆန် ရေးဖွဲ့ထားသော ရတုတစ်ပုဒ်ဟု ဆိုနိုင်ပါသည်။

'ဆွတ်ပျံ့ဘွယ်အောင်' ချီရတု၏ပထမပိုဒ်တွင် နွေနှောင်းလသဘာဝကို ဖွဲ့ဆို ထားသည်။ မိုးကောင်းတစ်ခုလုံးသည် ဝေမှောင်အုံ့ပျနေသည်မှာ လွမ်းဆွတ်ဖွယ် ကောင်းလှပါသည်။ နွေရာသီကုန်ဆုံးခါစအချိန်တွင် မိုးသံတို့ကို ကြားလာရပါသည်။ ပတ်ဝန်းကျင်တစ်ခွင်လုံး၌ မိုးသံများ၊ မိုးတိမ်များဖြင့် လွှမ်းမိုးနေသောအခါ စာဆိုသည် အဖော်ကင်းနေသူဖြစ်၍ လွမ်းရပါသည်။ အသည်းကြွေလွယ်အောင် လေကလည်း ပြင်းထန်စွာ တိုက်ခတ်နေသည်။ ညိုမှောင်ရိပ်တို့ သန်းလျက်ရှိသည်။ တစ်ချက် တစ်ချက်တွင် လျှပ်ပန်းလျှပ်နွယ်များ ဖြစ်ပေါ်နေသည်ဟု ရေးဖွဲ့ထားပါသည်။

ဒုတိယပိုဒ်တွင်မူ တိမ်တောင်တိမ်ရိပ်တို့ လွှမ်းမိုးထားသောကြောင့် နေရောင်ခြည်ကို မမြင်ရပါ။ ရေတံခွန်များကလည်း အရှိန်အဟုန်နှင့် စီးကျနေသည်။ တိမ်တောင်တိမ်လိပ် တို့ကလည်း ဘယ်ညာတွင်ပိတ်ဖုံး၍ ရွာတော့မည်ဟန်ပြုနေသည်။ ရွာတော့မယောင် ဖြစ်နေသည်။ ထိုအချိန်တွင် နန်းတော်၏ပြူတင်းဝမှ မျှော်ကြည့်လိုက်ရာမှ ဘုန်းတန်ခိုး ကြီးလှသော မည်သည့်ပန်းနှင့်မျှ မနှိုင်းအပ်သည့်ပန်းကို သတိပြုမိပါသည်။ ထိုပန်းကို မြင်မိသည်နှင့် မျက်စိများ မူးဝေမတတ် ခံစားရပါသည်ဟု ရေးဖွဲ့ထားပါသည်။ တတိယပိုဒ်တွင်မူ နိဗ္ဗာန်ဆိုသည့် ဆုမြတ်ကို ရည်ရွယ်၍ အကျင့်သီလတို့ကို စောင့်ထိန်းခြင်း၊ ထိုအချိန်တွင် ရှေးရိုးနိမိတ်ပြသည့်အနေနှင့် သာမန်လူတို့နှင့် မထိုက်တန်၊

မင်းတို့နှင့်သာ ထိုက်တန်သည့် ပုလဲကဲ့သို့ ဖြူဖွေးသော အဆင်းအဝါရှိသည့် ပန်းထွတ်ချာကို မြင်လိုက်ရပါသည်။ ထိုအခါတွင် မိမိ၏ စိတ်ရည်မှန်းချက်များ ပြည့်ဝတော့မည်ဟု ယုံကြည်ခံစားမိပါတော့သည်ဟု ရေးဖွဲ့ထားပါသည်။

**အရေးအဖွဲ့**

နွေရာသီကုန်ဆုံးလုနီးသည်နှင့် မိုးရာသီသို့ ကူးပြောင်းတော့မည့် အသွင်သဏ္ဌာန်ဟန်ပန်တို့ကို စာဆိုက–

"ဆွတ်ပျံ့ဘွယ်အောင်၊ ယုဂန်တောင်က

ဝေမှောင်အုံ့ပျ၊ နွေနှောင်းလကို

ခြိမ့်မျှသံလေး၊ ရင့်ရူကြွေးက

နီးဝေးပတ်ကုံး၊ တိုင်းအလုံးဝယ်"[၁]

ဟု သရုပ်ဖော် ရေးဖွဲ့ထားပါသည်။ ၄ ၃ ၂ ကာရန်ကိုယူ၍ ရေးဖွဲ့ထားသောကြောင့် မိုးဦးကျတော့မည့် အသွင်ဟန်သည် ဖတ်ရှုသူတို့၏ စိတ်အစဉ်၌ တဖြည်းဖြည်း ထင်မြင်လာစေပါသည်။ လွမ်းဆွတ်ဖွယ်ကောင်းသည့် ရှုခင်းကို ဖွဲ့ရာ၌ 'အောင်၊ တောင်၊ မှောင်' ဟူသည့် သံလွင်ကာရန်များကို သုံးထားသည်။ ထိုမှတစ်ဆင့် မိုးသံတို့ကို ကြားလာရသည့် အနေအထားကို ဖွဲ့ရာ၌ 'လ၊ မျ' ဆိုသည့် သံလတ်ကို ပြောင်း၍သုံးပါသည်။ မိုးသံပြင်းထန်လာသည့် သဘောကိုပြရာတွင် 'ခြိမ့်မျှသံလေး၊ ရင်ရူကြွေးက၊ နီးဝေးပတ်ကုံး၊ တိုင်းအလုံးဝယ်' အသံလေးကာရန်များကို ရွေးထားသည်။ သံလေးအသံများကြောင့် မိုးသံတို့သည် ပို၍ ကြားယောင်လာရပါသည်။ ဖော်မဲ့သူ၏ စိတ်နှလုံး ညှိုးချုပ်ရပုံကို 'ညွတ်ရုံးကြာတူ၊ ဘော်နည်းသူကို' ဖော်ဟု ဖွဲ့ဆိုထားပါသည်။ ကြာဖူး၏ ညှိုးခွေနေပုံနှင့် နှိုင်းယှဉ်ထားသည်။ မိုး၏အရိပ်အယောင်အမျိုးမျိုးကို စာဆိုက–

"မြဟန်ရောင်ချိပ်၊ မှိုင်းတည့်ရိပ်လျက်

လျှပ်ဝါပြက်သန်း၊ တိမ်ညိုတန်းသည်"[၂]

ဟူ၍ အသွေးအရောင်အခြေအနေကို ပေါ်လွင်စေသည့် စကားလုံးများကို ပေါင်းစပ်၍ သုံးနှုန်းထားသည်။

---

[၁] မြကေတု၊ ဦး (ပါမောက္ခ)၊ ၁၉၆၃၊ ၈၉။
[၂] မြကေတု၊ ဦး (ပါမောက္ခ)၊ ၁၉၆၃၊ ၉၀။

ဒုတိယအပိုဒ်တွင်–

"ပတ်ခြံ့ကွယ်မှောင်၊ ထွန်းနေရောင်ကို

တိမ်တောင်တက်ခြည်၊ ပိတ်ဖုံးသည်နှင့်"[၁]

ဆိုသောအဖွဲ့၌ ယတိပြတ်စပ်နည်းများကို တွေ့ရသည်။ ကဗျာအဖွဲ့သည် စကားပြေကဲ့သို့ အလိုလို အဆက်အစပ်မိသည်။ အနက်အဓိပ္ပာယ် ပေါ်လွင်သည်။ မိုးသည် ရွာတော့မည့်ဟန်ဖြင့် ရှိနေသော်လည်း မရွာသေးပေ။ ထိုကဲ့သို့ ရွာတော့မည့် ဟန်ဆောင်နေပုံကို 'ဘယ်ညာပတ်ချုပ်၊ ရွာသရုပ်နှင့်' ဟု ကျစ်ကျစ်လျစ်လျစ် သုံးထားသည်။ ထိုကဲ့သို့သော ရာသီဥတုအခြေအနေကို နောက်ခံပြု၍ ဇာတ်ဆောင်၏အမြင်၊ အတွေး၊ ခံစားမှုများကို ဖွဲ့ဆိုသည်။ နတ်သျှင်နောင်သည် စာဆို၏ ပဟေဠိဆန်သော စိတ်ခံစားမှုကို ဖွဲ့ရာတွင် နောက်ခံဝန်းကျင်အခြေအနေနှင့် ဆက်စပ်ဖွဲ့ထားသောကြောင့် ဝတ္ထုတစ်ပုဒ်ပမာ ခံစားထင်မြင်မိသည်။

ထိုသို့သော ရာသီဥတုအခြေအနေမျိုးတွင် မွေးတုကင်းပန်းကို မြင်ရသည့် နေရာဌာနကိုလည်း–

"ရွှေသာပြောင်ဝင်း၊ နန်းပြတင်းက"

ဟု ရေးဖွဲ့ပါသည်။ အချိန်ကာလကို 'လေညှင်းမြူးရွှင်၊ ကြည့်စဉ်တွင်၌' ဟု ရေးဖွဲ့ခဲ့သည်။

ပန်းကိုမူ မည်သည့်ပန်းဟုမပြောဘဲ ဘုန်းတန်ခိုးကြီးသူတို့သာ ဆင်ထိုက်သော 'မမျှပန်းချင်း၊ မွေးတုကင်း'ဟု ရေးဖွဲ့ဆိုသည်။ ထိုပန်းကို ရှုမြင်လိုက်သည်နှင့် မျက်စိမူးလည်သိတော့သည်ဟု ဖွဲ့ဆိုသည်။ စာဆို နတ်သျှင်နောင်သည် အနုပညာရှင်ပီပီ သူ၏ခံစားချက် အတွေးများကို ပဟေဠိဆန်ဆန်ဖွဲ့သည်။ ကဗျာဖတ်ရှုသူတို့၌ မည်သည့်ပန်းဖြစ်သနည်း။ မည်သည့်အတွက် စာဆိုသည် မျက်စိ မူးလည်ရသနည်းဆိုသည့် အမေးများ ဖြစ်ပေါ်လာသည်။

တတိယပိုဒ်တွင်မူ စာဆိုသည် နိဗ္ဗာန်သို့ရည်၍ ကံသုံးပါးကို စောင့်ထိန်းလျက်ရှိသည်။ တစ်ဖက်မှာလည်း ရည်မှန်းချက်ဆန္ဒများ ရှိသည်။ စာဆို၏ ရည်မှန်းချက်ဆန္ဒမှာ ပြည့်တော့မည်ဟု ထင်မြင်လာမိသည်။ ထို့နောက် စိတ်နှလုံးကြည်ရွှင်လာရသည့်သဘောများကို ရေးဖွဲ့ထားသည်။ ထိုအဖွဲ့၌ ဒုတိယပိုဒ်တွင် ပါခဲ့သော 'မမျှပန်းချင်း၊

[၁] မြကေတု၊ ဦး (ပါမောက္ခ)၊ ၁၉၆၃၊ ၉၀။

မွေးတုကင်းကို'ပင် ထပ်ဆင့်၍ ဖွဲ့သည်။ တတိယပိုဒ်၌ 'ဖြစ်ခဲဆင်းဝါ၊ ပန်းထွတ်ချာကို' ဟု ရေးဖွဲ့ခဲ့သည်။ ထိုပန်းထွတ်ချာကို မြင်လိုက်ရရုံနှင့်–

"ကြမ္မာကြိုက်ဆုံ၊ မြော်ရတုံက
အာရုံရွှင်ကြည်၊ ပြည့်တော့မည်ဟု
မှတ်ရည်တရုံး၊ ခိဋ္ဌာန်သုံးသည်
နှလုံးမြဲတည်၊ ပီတော့သည်"[၁]

ဟု ရေးဖွဲ့ထားပါသည်။

စာဖတ်သူအနေနှင့် ပန်းထွတ်ချာကို ပို၍စိတ်ဝင်စားလာကြသည်။ တောင်ငူခေတ် စာဆို နတ်သျှင်နောင်၏ ပဟေဠိဖွဲ့ထားခဲ့သော ပန်းထွတ်ချာကို ယနေ့တိုင် ကဗျာ ဖတ်သူနှင့်ပညာရှင်တို့က တွေးတောအဖြေရှာနေရဆဲ ဖြစ်ပါသည်။ ပန်းထွတ်ချာကို တစ်ချို့က သကျမဋ္ဌုဘုရားဟု ဆိုသည်။ သကျမဋ္ဌုဘုရားသည် နတ်သျှင်နောင် အမြဲတမ်း ဖူးမြော်ရသည့်အတွက် စိတ်နှလုံးအေးချမ်းသွားသည်ဟု ဆိုလေသလောဟု တွေးကြသည်။ နတ်သျှင်နောင်၏ ဘဝစိတ်ထားတို့နှင့် ဆက်စပ်ကြည့်လျှင် နတ်သျှင်နောင်သည် တောင်ငူဘုရင် ဖြစ်လာသည်။ သို့ရာတွင် တောင်ငူထက် တစ်ဆင့် မြင့်၍ အရှိန်အဝါကြီးမားသော ဟံသာဝတီထီးနန်းကို မှန်းလေသလောဟုလည်း တွေးတောကြသည်။ တစ်ချို့ကလည်း နတ်သျှင်နောင် အမြတ်နိုးဆုံးဖြစ်သော၊ နတ်သျှင်နောင် ချစ်မြတ်နိုးရသော ဓာတုကလျာကို ရည်ရွယ်သလောဟုလည်း တွေးတောကြပါသည်။ ထိုအတွေး သုံးမျိုးစလုံးသည် ဖြစ်နိုင်ချေ ရှိသည်။ ယနေ့ တိုင်အောင် ပညာရှင်တို့ တွေးတောကြံဆကြပါသည်။ နတ်သျှင်နောင်သည် ခံစားမှု ပြင်းပြသူပီပီ ကဗျာဖွဲ့ဆိုရာ၌ ကျွမ်းကျင်သူဖြစ်သည့်အလျောက် သူ၏မျှော်မှန်းချက် စိတ်ကူးတို့ကို ပဟေဠိဆန်ဆန် ရေးဖွဲ့၍ထားခဲ့သည်ဟု ဆိုရမည်။ ထိုသို့ အဖြေရှာ နေရခြင်းသည်ပင် ကဗျာ့အရသာကို ခံစားနေရခြင်းဖြစ်သည်ဟု ထင်မြင်မိပါသည်။

## ၃၊ ၃။ 'ပေါ်နွေလလျှင်' ချီရတု

စာဆိုနတ်သျှင်နောင်သည် စစ်သည်စာဆို ဖြစ်သည်။ သူ၏ ဘဝလုပ်ငန်း ဖြစ်သော စစ်သည်ဘဝ ခရီးလမ်းတစ်လျှောက်တွင် ရတုကဗျာဖွဲ့စရာ ခံစားမှုများကို ရှာဖွေတွေ့ရှိခဲ့သည်။ 'ပေါ်နွေလလျှင်' ကဗျာသည် နွေရာသီ တန်ခူးလတွင် ချစ်သူနှင့် အတူ ကဆုန်လညောင်ရေသွန်းပွဲကို ဆင်နွှဲရမည်ဟု မှန်းထားရာမှ စစ်တာဝန်ဖြင့်

[၁] မြကေတု၊ ဦး (ပါမောက္ခ)၊ ၁၉၆၃၊ ၉၀။

မရောက်နိုင်ခဲ့ပေ။ နွေရာသီကုန်ဆုံး၍ မိုးရာသီသို့ ကူးပြောင်းစတွင် ပွင့်လာသော ပန်းကလေးများကို မြင်ရသောအခါ ချစ်သူကိုမှန်းဆ၍ လွမ်းတရပြန်သည်။ စာဆိုသည် မိမိ၏ခံစားမှုထက် ချစ်သူလေး၏ ပန်းလျှနွမ်းခွေကာ လွမ်းနေရှာမည့် အခြေအနေကို မှန်းဆ၍ ပူပန်ရပုံကို အလေးပေး ရေးဖွဲ့ထားပါသည်။ ပေါ်နွေလလျှင်ရတု၏ ပထမပိုဒ်တွင် နွေရာသီကုန်ဆုံး၍ မိုးရာသီသို့ ကူးပြောင်းကာစ နွေနှောင်းလရာသီ မိုးရွာတော့မည့်ဟန် ရှိနေပုံကို ရေးဖွဲ့ထားသည်။

နွေနှောင်းလရာသီတွင် မင်းလွင်မြူခိုးများနှင့် တိမ်ညိုများကို မှိုင်းညို့နေသည်။ မိုးခြိမ်းသံများကိုလည်း ကြားရသည်။ ကဆုန်ညောင်ရေသွန်းပွဲတော်ကို ချစ်သူနှင့် အတူ ဆင်နွှဲမည်ဟု မျှော်လင့်ထားသော်လည်း မလာနိုင်ခဲ့ပေ။ ချစ်သူမယ်ကလေး အနေနှင့် လွမ်းစိတ်ဖြင့် ညှိုးနွမ်းနေသကဲ့သို့ စာဆိုမှာလည်း ချစ်သူထံသို့ ပြန်လိုစိတ်များနှင့် ‘ငှက်သွင်ပျံကြွမတတ်’ ဖြစ်နေရပါသည်ဟု ရေးဖွဲ့ထားပါသည်။

ဒုတိယပိုဒ်တွင် မိုးရာသီသို့ ကူးပြောင်းတော့မည်ဖြစ်၍ စံပယ်၊ မြတ်လေး၊ စကားဆိုသည့် အဖြူရောင်ပန်းများ ပွင့်နေသည်။ ရာသီပန်းကလေးများကို ချစ်သူအား ဆင်ပေးလိုသော်လည်း အချိန်လွန်ခဲ့ပါသည်။ ချစ်သူလေးသည် မိမိမရောက်လာသည့် အတွက် ဝမ်းနည်းပြောင်းခွေကာ ရှိလိမ့်မည်ကို မှန်းဆတွေးတောနေမိသည်ဟု ရေးဖွဲ့ ထားပါသည်။

တတိယတစ်ပိုဒ်တွင်မူ စစ်မထွက်မီက ချစ်သူလေးအား ယုယုယယ၊ ချိုချို သာသာ ချော့မော့နှစ်သိမ့်ခဲ့သည်။ ကဆုန်လတွင် ပြန်လာမည်ဟု ဆိုခဲ့သည်။ ထိုစကားကို ယုံကြည်၍ ချစ်သူလေးသည် ခြူးပန်း၊ ခြူးနွယ်ကလေးများနှင့် တန်ဆာ ဆင်ထားသော၊ အလှဆင်ထားသော ညောင်စောင်းနှင့်ခေါင်းအုံးထက်ဝယ် ခွေပြောင်းလျက် နေလိမ့်မည်ကို တွေးတောလွမ်းဆွတ်နေလိမ့်မည်ဟု ရေးဖွဲ့ထားပါသည်။

နွေရာသီ ကဆုန်လတွင် မိုးသံများကို ကြားရစပြုလာသည်။ တိမ်ညိုများလည်း အထပ်ထပ်ပိတ်ဆို့လျက် မှန်တိုင်းဆင်မည့်ဟန် ရှိနေသည်။ လျှပ်ပန်းများလည်း လက်နေသည်။ ထိုကဲ့သို့သော ရာသီသဘာဝအခြေအနေကို စာဆိုက–

“ပေါ်နွေလလျှင်၊ တောင်ကခြိမ့်မြူး

မင်းလွင်ဦးနှင့်၊ ပျံ့ပျူးချုပ်ဆိုင်း

မုန်တိုင်းဆင်လို၊ တိမ်ညိုမှိုင်းထပ်၊ ပြက်လျှပ်ပြကာ”[၁]

---

[၁] နတ်သျှင်နောင်၊ (တောင်ငူဘုရင်)၊ ၁၉၆၆၊ ၂၀။

သရုပ်ဖော် ရေးဖွဲ့ထားသည်။ နွေရာသီပင်ဖြစ်သော်လည်း မိုးဘက်သို့ နီးလာသောကြောင့် မိုးရွာတော့မည့် အသွင်ဟန်များ မြင်ရပုံကို သရုပ်ဖော်ရာ၌ အသံကိုပါ ကြားယောင်လာအောင် ဖွဲ့ထားသည်။ မိုးရွာတော့မည့်ဟန် လွှမ်းမိုးနေဟန်ကို သရုပ်ဖော်ရာ၌– 'မြူး၊ ဦး၊ ပြူး၊ တိုင်း၊ မှိုင်း၊ ဆိုင်း' ဟူသည့် သံလေးကာရန်များကို သုံးထားခြင်းဖြင့် ပြင်းထန်သည့်ရာသီသဘာဝကို သရုပ်ပေါ်လာအောင် အသံများက ပံ့ပိုးပေးနိုင်သည်။ ထို့အပြင်– 'လ၊ က၊ ထပ်၊ လျှပ်' ဆိုသည့် သံလတ်များကလည်း ရာသီဥတု၏ မသာယာသောသဘောကို ဖော်ပြနေသည်။ မိုးရွာသည်ကိုပင် စာဆို၏ အနုပညာစိတ်ကူးတွင် ပန်းပွင့်ကလေးများကျလာသည်နှင့် အသွေးအရောင်မဲ့မိုးပွင့်များကိုပင်၊ အသွေးအရောင်နှင့် ခံစားနိုင်အောင် ဖွဲ့ဆိုထားသည်။ ထိုသဘောကို 'စိမ်းဝါမိုးပန်း၊ ထွေထွေစွန်းက' ဆိုသည့်အဖွဲ့နှင့် ဖော်ပြ ထားသည်။ ချစ်သူတို့၏ သဘာဝအတိုင်း ဆုံတွေ့ရမည့်ရက်ကို မျှော်လင့်နေရသည့် ပုံကို 'ရေသွန်းသာကြည်၊ ပျော်ရမည်ကို၊ မြရည်သက်မှတ်၊ ရောက်ခဲ့လတ်' ဟု ရေးဖွဲ့ထားသည်။ ချစ်သူ၏အလှကို ဖွဲ့ရာ၌လည်း 'ပြာစင်ရွှန်းလတ်၊ ဖြူဝင်းမွတ်' ဟု ဖွဲ့ဆိုရာတွင် ကျစ်လျစ်သိပ်သည်းစွာ ဖွဲ့ဆိုထားသော သမဿပုဒ်ဖြင့် ဖွဲ့သည်။ အသားအရည်၏ လတ်ဆတ်မှု၊ စင်ကြယ်မှု၊ ညက်ညောမှု၊ ဝင်းဝါစိုပြေမှုဆိုသည့် အလှအားလုံးကိုဖော်ပြနိုင်သည့် စကားလုံးများကို စုစည်းပေါင်းဖွဲ့ကာ သမဿပုဒ်များဖြင့် တင်ပြသည်။ မယ်ကလေး၏ချစ်သူ မလာနိုင်သောကြောင့် ညှိုးခွေနေရပုံကို– 'ကြာညွတ်ဖယောင်း၊ နေရှိန်ပြောင်းသို့' ဆိုသည့် ဥပမာအလင်္ကာဖြင့် ရေးဖွဲ့ခဲ့သည်။ ချစ်သူလွမ်းနေမည်ကို မှန်းဆ၍ စာဆို၏အပိုင်းမှာလည်း အလျင်အမြန် ချစ်သူထံ အရောက်လာလိုပုံကို–

> "တိမ်စွန်လေလျှင်၊ ဖူးရောက်ချင်သည်
>
> ငှက်သွင် ပျံကြွမတတ်သော"[၁]

ဟု ဖွဲ့ဆိုပြန်သည်။ 'ငှက်သွင် ပျံကြွမတတ်သော' ဆိုသည့် ဥပမာအလင်္ကာက ချစ်သူကို တွေ့ချင်ဇောပြင်းပြနေသည့် စာဆို၏စိတ်အမူအရာကို ဖော်ပြနေခြင်း ဖြစ်ပါသည်။

ဒုတိယပိုဒ်တွင်မူ စာဆိုသည် တစ်လပြီးတစ်လ အချိန်ကုန်လွန်လာခဲ့ပုံကို ပန်းကလေးများဖြင့် သွယ်ဝိုက်ပြဆိုကာ–

---

[၁] နတ်သျှင်နောင်၊ (တောင်ငူဘုရင်)၊ ၁၉၆၆၊ ၂၀။

“စံပယ်ဖြူဖွေး၊ စကားသေးကို
မြတ်လေးစုံမက်၊ ကျွန်ုပ်လက်နှင့်
ရွေးလျက်ရွှရွှ၊ မဆင်ရတည့်”[၁]

ဟု ဖွဲ့ဆိုထားပါသည်။ တန်ခူး၊ ကဆုန်၊ နယုန်၊ ဝါဆိုလသို့ ရောက်သည့်တိုင်အောင် ချစ်သူထံသို့ မပြန်သာသေးသည့် အနေအထားကို ရာသီအလိုက် ဖူးပွင့်သော ပန်းကလေးများနှင့် သွယ်ဝိုက်၍ ရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။ စာဆိုသည် ချစ်သူကို နှစ်သိမ့်ပေးလိုသောစိတ်နှင့် မင်းမှုထမ်းတာဝန်ကြားတွင် လူးလွန့်လူးပ်ရှားနေရသည့် ခံစားမှုကို ထင်ဟပ်ဖွဲ့ဆိုထားသည်။ ထိုသဘောကို ‘မင်းရေးဝန်ကြောင့်၊ လျှော်ကပ်ပန် စေ့မျှ၊ မချေရသော်၊ ပြိုက်ကျသွယ်ဖြည်း၊ နှင်းထပ်သည်း၍ ဝမ်းနည်းလျက်ပင်၊ ပျောင်းလိမ့်ထင်သည်၊ ညက်စင်စံများအထွတ်သော’ဟု ရေးဖွဲ့ခဲ့ပါသည်။ ချစ်သူအား စေစေ့စပ်စပ် ဖြေရှင်းမပြနိုင်သော သဘောကိုပင် ‘လျှော်ကပ်ပန်စေ့မျှ မချေရသော်’ဟု သိမ်မွေ့ယဉ်ကျေး လှပစွာ ဖွဲ့ဆိုထားပါသည်။

တတိယပိုဒ်တွင်မူ စာဆိုသည် စစ်မချီမီအချိန်က ချစ်သူအား ချော့မော့၍ သတိပေးခဲ့သည့် အကြောင်းများကို ပြန်လည်တွေးတောနေသည်။ ထိုသဘောကို–

“ဖျော်ဖြေမှလျှင်၊ ယုယသံချို
ပြေလိုစိမ့်သား၊ ကျူးပိုက်ဖြား၍
ချီသွားမူးမူး၊ ရှေ့ရက်ဦးက
မကျူးထင်ထင်၊ ကဆုန်တွင်ကို
ကျိုင်းစင်မြခဲ၊ စစ်ပွဲရန်နှည်
ပြန်လျှင်းမည်ဟု၊နှုတ်ခြည်ပေါ်သာ၊ ဆိုလေရှာသော်”[၂]

ဟု ရေးဖွဲ့ထားသည်။ မင်းရေးတာဝန်၏သဘော၊ ချစ်သူတို့၏သဘော နှစ်မျိုးကို သိဂ်ါရရသမြောက်အောင် ဖွဲ့ဆိုထားပါသည်။ ထိုနေရာ၌ မိမိကိုယ်ကို ကျိုင်းစင်မြခဲဟု ဖွဲ့ဆိုသည်။ ထွားကျိုင်းသူ၊ စင်ကြယ်သူ၊ အသားအရောင်စိုပြေသူ ဟူသည့်အနက်များကို စုစည်းပေါင်းဖွဲ့သုံးနှုန်းထားသည်။ ချစ်သူကလေး၏အမူအရာကို–

---

[၁] နတ်သျှင်နောင် (တောင်ငူဘုရင်)၊ ၁၉၆၆၊ ၂၀။
[၂] နတ်သျှင်နောင် (တောင်ငူဘုရင်)၊ ၁၉၆၆၊ ၂၀။

"ခြူးနတ်ဆင့်ကုံး၊ စိန်ပွင့်အုံးဝယ်၊
ပင့်ရုံဝါဝါ၊ လက်သင်မ၍
သက်မျှငယ်ချစ်၊ ပျောင်းလိမ့်ဖြစ်ကို"[၁]

ဟူ၍ သရုပ်ဖော်ရေးဖွဲ့ထားသည်။ စာဆို၏စိတ်မျက်စိ၌ ချစ်သူလေး၏ စက်ယာထက်တွင် လက်ကလေးကို ရွရွကလေးထောက်၍ ပျောင်းခွေနေမည့်ဟန်ကို မြင်ယောင်နေသည့် သဘောကို စေ့စေ့စပ်စပ် သရုပ်ဖော်ထားပါသည်။ စာဆိုစစ်သည်နှင့် စစ်သည်ချစ်သူတို့၏ ဘဝနှင့် ခံစားမှုများကို သိဂ်ါရရသ၊ ကရုဏာရသမြောက်အောင် သိမ်သိမ်မွေ့မွေ့ ဖွဲ့ဆိုထားသည့် ရတုကဗျာတစ်ပုဒ် ဖြစ်ပါသည်။

## ခြုံငုံသုံးသပ်ချက်

နတ်သျှင်နောင်သည် ငယ်စဉ်ကပင် အတီး၊ အမှုတ်၊ အဆိုတို့တွင် ဝါသနာပါတော်မူသည်။ တောင်ငူရွှေနန်းတွင် တူရိယာတတ်သူတို့ကို မွေးမြူချီးမြှောက်၍ ကိုယ်တော်တိုင်ကလည်း ထိုအတတ်များကို ကောင်းစွာကျွမ်းကျင်သည်။ သို့ဖြစ်ရကား ရတုကဗျာဖွဲ့နွဲ့ရာတွင် ထိုဂီတပညာ၏အထောက်အပံ့များကို များစွာရခဲ့သည်။

ရတုကဗျာကို စပ်ဆိုမှု၌ သူမတူအောင် လက်စွမ်းထက်သည့်အပြင် စကားလုံးကြွယ်ဝသူ ဖြစ်သည့်အလျောက် အဓိပ္ပာယ်တစ်မျိုးတည်းကို စကားလုံးအမျိုးမျိုးပြောင်း၍ ရေလဲနှင့် သုံးသွားနိုင်သူ ဖြစ်လေသည်။ တစ်နည်းကား ကြိယာတစ်ခုတည်းကို အဓိပ္ပာယ် အမျိုးမျိုးပေါက်အောင် အခြားအကူအညီမယူဘဲ ရေးသားဖွဲ့နွဲ့သည်။ အကြောင်းအရာတစ်ခုတည်းကိုလည်း စကားပရိယာယ် အမျိုးမျိုးဖြင့်ဖော်ပြတတ်သည်။ ပုံစံအားဖြင့် ချစ်သူဓာတုကလျာ၏ ရူပါရုံကို ဖွဲ့နွဲ့သော 'လှခေါင်ငြိမ့်၊ လှမျိုးကြွယ်၊ ယဉ်မျိုးစုံ၊ ညိုနွဲ့နှောင်း၊ ယဉ်ရွှန်းမြ' ဟူသော အလှဘွဲ့များသည် နတ်သျှင်နောင်၏ ဝေါဟာရကြွယ်ဝပုံကို ဖော်ပြပေသည်။

နတ်သျှင်နောင်သည် ရတုပိုဒ်ရေပေါင်း များစွာရေးသားခဲ့သလောက် အမျိုးအစားကလည်း ကွဲပြားခြားနားစွာ ရေးသားနိုင်ခဲ့သည်။ တစ်ခုနှင့်တစ်ခု မထပ်စေဘဲ စကားလုံးအညအထွေ အကွေ့အလိမ်တို့ဖြင့် မွမ်းမံခြယ်လှယ် စီစဉ်ထားသည်။ ရတုအမျိုးမျိုးကို စကားလုံးအမျိုးမျိုးတို့ဖြင့် သီဖွဲ့ရေးသားနိုင်ခဲ့ခြင်းကြောင့် နတ်သျှင်နောင်အား ပထမတန်းစား ရတုစာဆိုအဖြစ် မှတ်တမ်းတင်ခဲ့ကြရခြင်း ဖြစ်သည်။ နတ်သျှင်နောင်၏

---

[၁] နတ်သျှင်နောင် (တောင်ငူဘုရင်)၊ ၁၉၆၆၊ ၂၀။

ရတုများသည် ပြင်းပြသော ခံစားချက်နှင့်ယှဉ်၍ ထွက်ပေါ်လာခဲ့ရခြင်းကြောင့် အနှစ်ပြည့်ဝ ပြောင်မြောက်နေပေသည်။

## နိဂုံး

မြန်မာပြည်၌ အထွတ်အမြတ်သို့ ရောက်တော်မူကြသော မင်းတို့အနက် နတ်သျှင်နောင်သည် ရတုကဗျာလင်္ကာဖွဲ့ဆိုမှု၌ ကျွမ်းကျင်လိမ္မာသော စာဆိုတစ်ဦး ဖြစ်သည့်အလျောက် ထိုမင်း၏ကဗျာများသည် များစွာ နူးညံ့သိမ်မွေ့နက်နဲသော ဉာဏ်ဖြင့် ဆန်းပြားစွာ ဖွဲ့ထားသည်။ နတ်သျှင်နောင်သည် ရတုစပ်ဆိုရာတွင် ကိုယ်ပိုင်ဟန် ထူးခြားမှုများရှိခဲ့သည်ကို တွေ့ရပါသည်။ ရတုရေးဖွဲ့ရာတွင် တံခွန်ကို လွှင့်ထူတော်မူနိုင်ခဲ့သည်။ နတ်သျှင်နောင်သည် ရတုကို ဖွဲ့ဆိုရာတွင် အများအားဖြင့် မိမိခံစားချက်၊ အလွမ်းအဆွေးများ၊ ချစ်မေတ္တာများကို ပရိသတ်ထံသို့ ခံစားမှုကို ဖြစ်ပေါ်စေအောင် သီကုံးနိုင်ပါသည်။

## ကျမ်းကိုးစာရင်း


ကုလား၊ ဦး။ (၁၉၆၀)။ ***မဟာရာဇဝင်တော်ကြီး၊*** တတိယတွဲ။ မြန်မာစာသုတေသနအသင်း၊ ရန်ကုန်၊ သံသာ၀တီပိဋကတ်ပုံနှိပ်တိုက်။

ကျော်လွင်၊ ဦး။ (၁၉၇၈)။ ***နှစ်ဖက်လှ–မြန်မာစာပဒေသာ***။ တောက်တောက်ဝင်းပုံနှိပ်တိုက်။

ချမ်းမြ၊ ဦး။ (၁၉၆၃)။ ***နတ်သျှင်နောင်ဆိုရတုများ***။ မန္တလေးတက္ကသိုလ်သုတေသနအဖွဲ့။ တက်နေလင်းပုံနှိပ်တိုက်။

တင်၊ ဦး (ပုဂံဝန်ထောက်မင်း)။ (၁၉၂၉)။ ***ကဗျာဗန္ဓသာရကျမ်းနှင့် နောက်ဆက်တွဲသုံးပိုင်း***။ ရန်ကုန်၊ လယ်တီပဏ္ဍိုင်စာပေဌာန။

ထွန်းရွှေ၊ ဦး (ဓမ္မာစရိယ)။ ***ကဗျာ့စွယ်စုံကျမ်း***။ ရန်ကုန်၊ ပညာအလင်းပြစာပုံနှိပ်တိုက်။

နတ်သျှင်နောင် (တောင်ငူဘုရင်)။ (၁၉၆၆)။ ***နတ်သျှင်နောင်ရတုပေါင်းချုပ်***။ ရန်ကုန်၊ သံသာ၀တီပုံနှိပ်တိုက်။

ဘသောင်း (ဗိုလ်မှူး)။ (၁၉၆၂)။ ***စာဆိုတော်များအတ္ထုပ္ပတ္တိ***။ ရန်ကုန်၊ ရှုမ၀စာပုံနှိပ်တိုက်။

***မြန်မာ့စွယ်စုံကျမ်း***။ (၁၉၆၂)။ မြန်မာဘာသာပြန်စာပေအသင်း၊ အတွဲ(၆)။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# ပါရာယနဝတ္ထုမှ မြန်မာဓလေ့ဆိုင်ရာ အဆုံးအမအဖွဲ့များ

သီရိရတနာခိုင်မွန်မွန်သိန်း*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် အင်းဝခေတ်စာဆို ရှင်မဟာသီလဝံသ ရေးသားတော်မူသော ပါရာယနဝတ္ထုမှ မြန်မာ့ဓလေ့ဆိုင်ရာ အဆုံးအမအဖွဲ့များကို လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ ထိုသို့လေ့လာရာတွင် ပါရာယနဝတ္ထုမှ မြန်မာဓလေ့ဆိုင်ရာ အဆုံးအမများကို ဖော်ထုတ်ရန် ရည်ရွယ်ပါသည်။ အခန်း(၁) နောက်ခံအချက်အလက်များတွင် ရှင်မဟာသီလဝံသ ရေးသားခဲ့သော စာတော်များ၊ ပါရာယနဝတ္ထုအကျဉ်း၊ ပါရာယနဝတ္ထုဟူသည်။ အခန်း(၂) ပါရာယနဝတ္ထုမှ မြန်မာ့ဓလေ့ဆိုင်ရာ အဆုံးအမအဖွဲ့များတွင် ဘာသာရေးနှင့်ပတ်သက်သော အဆုံးအမအဖွဲ့များ၊ လူမှုရေးနှင့်ပတ်သက်သော အဆုံးအမအဖွဲ့များကို လေ့လာတင်ပြထားပါသည်။ ဤစာတမ်းပါ အချက်အလက်များသည် မြန်မာ့ဓလေ့ဆိုင်ရာ အဆုံးအမအဖွဲ့များ ဖော်ထုတ်လေ့လာမှုကို အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

## နိဒါန်း

နိဒါန်းပိုင်းတွင် ရှင်မဟာသီလဝံသ၏ ထေရုပ္ပတ္တိအကျဉ်း၊ ပါရာယနဝတ္ထု ပေါ်ပေါက်လာခြင်းနှင့် ပါရာယနဝတ္ထုအကျဉ်းတို့ကို တင်ပြထားပါသည်။ ရှင်မဟာသီလဝံသသည် စာပေပညာဘက်၌ ထူးချွန်ပြောင်မြောက်သော ရဟန်းစာဆိုတော် ဖြစ်သည်။ အင်းဝခေတ်တွင် ပေါ်ထွန်းခဲ့သည့်အလျောက် ဆရာတော်ရေးဖွဲ့ခဲ့သော စာပေများသည် လောကုတ္တရာနှင့် ဆိုင်သော ဗုဒ္ဓစာပေများအဖြစ် ထင်ဟပ်နေခဲ့သည်။ ဆရာတော်ရေးသားခဲ့သော စာပေများစွာထဲမှ ပါရာယနဝတ္ထုလာ အဆုံးအမများကို လက်လှမ်းမီသလောက် လေ့လာတင်ပြထားခြင်းဖြစ်ပါသည်။

## ရည်ရွယ်ချက်

ပါရာယနဝတ္ထုမှ မြန်မာ့ဓလေ့ဆိုင်ရာ အဆုံးအမအဖွဲ့များကို ဖော်ထုတ်ရင်း အမျိုးကောင်းသားများဖြစ်စေလိုသော ရည်ရွယ်ချက် ဖြစ်သည်။

* ဒေါ်၊ နည်းပြ၊ မြန်မာစာဌာန၊ သင်္ဃန်းကျွန်းပညာရေးကောလိပ်

## ၁။ ရှင်မဟာသီလဝံသ အတ္ထုပ္ပတ္တိ

"ဘုရားရှစ်သောင်း၊ လေးထောင်ဆောင်း၍ ကိန်းကောင်းစံရန် ဓမ္မခန်သည်၊ သံတောင်ဖြိုးမြင့်–စွင့်လိမ့်လေ။ အကိုက်လေးတော်၊ မြေမှပေါ်သော်၊ ရှင်ကျော်လေးဦး–ခူးလိမ့်လေ ခူးလည်းခူးလတ္တံ့၊ ကူးလည်းကူးလတ္တံ့၊ စူးလည်းစူးလတ္တံ့၊ မြူးလည်းမြူးလတ္တံ့။"[၁]

ဟူ၍ မိုးညှင်းမင်းတရားကြီး ဖြိုတော်မူသည့် နှစ်သက္ကရာဇ် ၈၀၀ ပြည့်နှစ်အတွင်းတွင် တောင်တွင်းကြီးမြို့၌ ထူးကဲစွာ တဘောင်ပေါ်ခဲ့ပေသည်။ ထိုတဘောင်ပေါ်လာသော အချိန်မှစ၍ 'ပေလေးပင်ရှင်လေးပါးပေါ်လိမ့်မည်'ဟု တောင်တွင်းကြီးတစ်မြို့လုံး အုံးအုံးကျက်ကျက် ဖြစ်သည်။

"ထိုတဘောင်အရလည်း သက္ကရာဇ် ၈၁၅ ခုနှစ်သို့ ရောက်သော် တောင်တွင်းကြီးမြို့ မြောက်ဘက်ရှိ မြို့လုလင်ရွာတွင် နှစ်စို့၊ သတိုးထမ်းရွာ တစ်စို့၊ မန်ကျည်းယောင်ရွာတွင် တစ်စို့၊ ဤသို့လျှင် ပေစို့ကြီး လေးစို့တို့သည် ပုဗ္ဗနိမိတ်အဖြစ်ဖြင့် အံ့ဖွယ်ရာ ပေါ်ပေါက်လာရကား မြို့သူမြို့သားအပေါင်းမှာ 'ပေလေးပင်တော့ပေါ်လေပြီ'ဟု နှစ်ထောင်းအားရ ဝမ်းမြောက်ခြင်း ဖြစ်ကြလေကုန်၏။"[၂]

ထိုသက္ကရာဇ် ၈၁၅ ခုနှစ်အတွင်းမှာပင် 'ရှင်လေးပါး' အပါအဝင်ဖြစ်သော 'ရှင်ဥတ္တမကျော်' လောင်းလျာကို မြို့လုလင်ရွာ၏ အရှေ့ပိုင်းနေ ဦးသောကြာ၊ ဒေါ်နှင်းဆီတို့မှ ဖွားမြင်သည်။

ထိုနေ့ ထိုရက်မှာပင် သတိုးထမ်းရွာ၌ 'ရှင်အုန်းညို' လောင်းလျာ 'ရှင်လေးပါး' အပါအဝင်ကို ဖွားမြင်ပြန်သည်။

ထို့နောက် ခြောက်ရက်မြောက်သောနေ့သို့တိုင်ပြန်လျှင် ရှင်ဥတ္တမကျော်ကို ဖွားမြင်သော မြို့လုလင်ရွာ၏ အရှေ့ပိုင်းမှာပင် အသည်မျိုးဖြစ်သူ အဖ ဦးကြည်၊ နတ်ထိန်းကြီး အမိ ဒေါ်ဒွေးတို့တွင်–

"သဒ္ဒါတွင် ရှင်မဟာကစ္စည်း

ကဗျာတွင် ရှင်မဟာသီလဝံသတည်း"[၃]

---

[၁] ပါရာယန၊ ၂၀၁၁၊ ၂၁။

[၂] စာဆိုတော်များအတ္ထုပ္ပတ္တိ၊ ၂၀၀၂၊ ၅၃။

[၃] မြန်မာစာပေသမိုင်း၊ ၂၀၀၃၊ ၈၅။

ဟု ယခုတိုင် ဥဒါန်းတွင်လျက်ရှိသော ရဟန်းစာဆိုကျော် ရှင်မဟာသီလဝံသ ဆရာတော်အလောင်းအလျာ 'ပေလေးပင်–ရှင်လေးပါး' အပါအဝင် ဖွားမြင်လာခဲ့ပေသည်။ နံတော်မှာ သောကြာသားဖြစ်၍ ငယ်မည်မှာ မောင်ညိုု ဖြစ်ပေသည်။

ရှင်မဟာသီလဝံသလောင်း မောင်ညိုကို ဖွားမြင်ပြီး ရှင်လေးပါးအပါအဝင် 'ရှင်ခေမာ' လောင်းလျာကို ဖွားမြင်ပြန်လေသည်။

မြို့လုလင်ရွာ၌ ရှင်ဥတ္တမကျော်၊ ရှင်မဟာသီလဝံသ ပေနှစ်ပင် ရှင်နှစ်ပါး၊ သတိုးထမ်းရွာ၌ ရှင်အုန်းညို ပေတစ်ပင် ရှင်တစ်ပါး၊ မန်ကျည်းယောင်ရွာ၌ ရှင်ခေမာ ပေတစ်ပင် ရှင်တစ်ပါး။ ဤသို့လျှင် ပေလေးပင် ရှင်လေးပါး တောင်တွင်းကြီးမြို့တွင် အထက်ပါတဘောင်နှင့်အညီ ထင်ရှားစွာ ပေါ်ပေါက်ခဲ့ပေသည်။

'ပေလေးပင် ရှင်လေးပါး' အပါအဝင် ရှင်မဟာသီလဝံသလောင်းလျာကို တောင်တွင်းကြီးမြို့ အရှေ့မြောက် တောင်တွင်းကြီးမြို့စား သီဟပတေ့ကြီး ဆောက်လုပ်လှူဒါန်းသည့် ရတနာဗိမာန်ကျောင်း၊ နတ်မီးလင်းဆရာတော်အထံတွင် ပညာသင်ရန် အပ်နှံခဲ့ရာ ပျို့၊ ကဗျာ၊ လင်္ကာစပ်ဆိုမှုများ၌ အထူးထက်သန် လျင်မြန်လှပေသည်။ ကျောင်းနေဖက်များအလယ်တွင် ခဏချင်းပင် ကဗျာလင်္ကာစပ်ဆိုနိုင်သည်ဟု အလွန် ထင်ရှားပေသည်။

ထင်ရှားပုံသာဓကမှာ မောင်ရှင်ပဥ္စင်းတို့သည် သစ်ခေါင်းတွင် ပေါက်နေသော အောက်ချင်းငှက်တို့၏ တစီစီ တကျာကျာ အော်မြည်သံကြားရ၍–

"အောက်ချင်းရင်သွေး၊ ဥကမွေးသည်

ကွေးလေးနုနယ်၊ သနားဖွယ်"[၁]

ဟု စာစပ်ကြလေသည်။ လောကသဘောကို ခေါက်မိသော ရှင်မဟာသီလဝံသ အလောင်းသူငယ်သည် ထိုစကားကိုကြားရသောအခါ ကိုယ်တော်တို့ စာစပ်မမှန်ဟု ဆိုရာ 'အသင်သူငယ် အဘယ်သို့စပ်ရာအံ့နည်း'ဟု မေးကြလေသည်။ ထိုအခါ သူငယ်က–

"အောက်ချင်းရင်အောက်၊ ဥကပေါက်သည်

တောင့်ရောက်နုနယ်၊ သနားဖွယ်"[၂]

---

[၁] စာဆိုတော်များအတ္ထုပ္ပတ္တိ၊ ၂၀၀၂၊ ၅၃။

[၂] စာဆိုတော်များအတ္ထုပ္ပတ္တိ၊ ၂၀၀၂၊ ၅၃။

ဟု တစ်ခဏချင်း စပ်ပြလေသည်။ ဤသို့ သဘာဝကျအောင် စပ်ပြသည်ကို နှစ်ခြိုက်သော မောင်ရှင်ပဥ္စင်းတို့လည်း 'အံ့ဖွယ်ရှိစွတကား' ဟု ချီးကျူးကြလေသည်။

သက္ကရာဇ် ၈၃၀ ပြည့်နှစ် အသက် ၁၅ နှစ်အရွယ်သို့ ရောက်လတ်သော် နတ်မီးလင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဘောင်သို့ ရောက်သည်။ သက္ကရာဇ် ၈၃၅ ခုနှစ် အသက် ၂၀ ပြည့်နှစ်တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူပြန်လေသည်။ ရှင်အမည်၊ ရဟန်းအမည်ကား 'ရှင်သီလဝံသ'တည်း။

> "သက္ကရာဇ် ၈၃၅ ခုနှစ်၊ သက်တော် ၃၈၊ ဝါတော် ၁၈ ဝါ ရသောအခါ 'ဗောဓိမဏ္ဍိုင်၊ ခန်းဝါပိုင်က'ချီ ပါရမီတော်ခန်းပျို့ကို ရှေးဦးပထမ စပ်ဆိုတော်မူသည်။ ထိုပါရမီတော်ခန်းပျို့သည် ပိဋကတ်သုံးပုံကို ထုံးလိုခြေ ရေလိုနှောက်၍ ရေးစပ်သော ပျို့ဖြစ်သဖြင့် အလွန်လျှင် နက်နဲသိမ်မွေ့ပေသည်။ အရေးအသား အစပ်အဟပ်တို့ကလည်း ကျစ်လျစ်သိပ်သည်းသည်။ ပညာရှင်အားလုံးကပင် ကောင်းချီးပေးရလောက်အောင် ကောင်းမွန်လှပေသည်။"[၁]

သက္ကရာဇ် ၈၅၅ ခုနှစ်တွင် သုံးကြိမ်တိတိ ခွင့်ပန်၍ အင်းဝနေပြည်တော်သို့ ကြွရာတွင် ရှေးဦးစွာ နေပြည်တော်၏အနီး တံတားဦးအရပ်သို့ ရောက်လတ်သောအခါ 'အင်းဝပြည်သို့ ဆင်ဖြူတော်ဝင်သည်'ဟု ကောလဟလဖြစ်သည်။

ထိုအခါ အင်းဝနေပြည်တော်ကို စိုးမိုးအုပ်ချုပ်သော ရေမြွေအရှင် ဘုရင်ဒုတိယမင်းခေါင် ကြားသိတော်မူ၍ သဒ္ဓါကြည်ညိုစွာဖြစ်သည့်အလျောက် စစ်ကိုင်းမြို့ ထူပါရုံစေတီတော်၏ အရှေ့မြောက်ယွန်းရှိ 'ရတနာဗိမာန်' ကျောင်းတော်ကို လှူတော်မူသည်။

အင်းဝနေပြည်တော်သို့ ရောက်တော်မူ၍ ၃ နှစ်ခန့်မျှအကြာ သက္ကရာဇ် ၈၅၈ ခုနှစ်၊ နှစ်ဦးတွင် 'ကြားပိမ့်ကျက်သရေ၊ အောင်မြင်စေအံ့' အစရှိသော တံတားဦးတည် မင်္ဂလာစေတီတော်မော်ကွန်းကို ရေးတော်မူသည်။

ထိုနှစ်အတွင်းမှာပင် ရှင်ရဋ္ဌသာရက ပါရမီတော်ကို မည်သို့ပင် ဖြည့်ကျင့်ဆည်းပူးသော်လည်း ဆုတောင်းဦးမှ ဘုရားဖြစ်နိုင်သည်ဟု မြွက်ကြားတော်မူသည်။

> "ရှင်မဟာသီလဝံသ ကြားတော်မူရကာ 'ဗောတိသြောင်ရွှေ၊ ဗုဒ္ဓဟေအောက်၊ ဆန်းကြယ်ပါတကား'ချီ ဆုတောင်းခန်းပျို့ကို

---

[၁] မြန်မာစာပေသမိုင်း၊ ၂၀၀၃၊ ၈၆။

> ရက်အနည်းငယ်အတွင်းမှာပင် အပြီးအစီး ရေးသား စီရင်တော်မူ၏။ ထိုအခါကျမှ 'အံ့ဖွယ်သရဲ၊ ထူးကဲပါပေသည်'ဟု ရှင်မဟာသီလဝံသ၏ အမည်တော်မှာ အကျော်အစော ဖြစ်ပေသည်။"[၁]

သက္ကရာဇ် ၈၆၃ ခုနှစ်တွင် ဒုတိယမင်းခေါင် နတ်ရွာစံခဲ့၍ သားတော် ရွှေနန်းကြော့ရှင် ဘုရင်နရပတိ နန်းတက်တော်မူ၏။ ထိုနှစ်အတွင်းမှာ ရှင်မဟာသီလဝံသသည် ထင်ရှားတွေ့ရှိရသမျှသော မြန်မာစကားပြေတို့တွင် အဦးဆုံး၊ အဟောင်းဆုံးဟု ဆိုအပ်သော ပါရာယနဝတ္ထုကို ရေးသားပြုစုတော်မူလေသည်။

> "ဘုရားသခင် သာသနာတော် နှစ်ထောင် အနှစ်ငါးဆယ့်ငါးနှစ် စေ့သောအခါ၌ ရွှေနန်းကြော့သခင် ဘုရင်နရပတိမင်းကြီး အောင်မြင်ခါ ဆယ်နှစ် စေ့သောအခါ၌ ပါရာယနဝတ္ထုကို စီရင်သော အခန်းကား ဤဝယ်ရွှေ့ ပြီးပြည့်စုံ၏"[၂]

ဟု နိဂုံးစကားကိုထောက်လျှင် ၈၇၃ ခုနှစ်တွင် စီရင်သည်ဟု ဆိုဖွယ်ရာရှိ၏။

နောက်တစ်နှစ်ဖြစ်သော သက္ကရာဇ် ၈၆၄ ခုနှစ်တွင်လည်း တွေ့ရှိသမျှသော ရာဇဝင်ကျမ်းတို့၌ အဦးဆုံး၊ အဟောင်းဆုံးဟူသောပင် ဆိုအပ်သော ရာဇဝင်ကျော်ကျမ်းကို ကြိုးပမ်းပြုစုတော်မူသည်။

သက္ကရာဇ် ၈၇၂ ခုနှစ်တွင် ဘုရင်နရပတိ ရွှေနန်းအသစ် တည်ဆောက်တော်မူရာ 'ရှုလော့သွယ်ဖြူး လူသုံးဦးတို့'ချီ ရွှေနန်းကြော့ရှင် နန်းတည်မော်ကွန်းကိုလည်းကောင်း၊ ဓမ္မပါလပျို့ကို လည်းကောင်း ရှင်မဟာသီလဝံသသည်ပင် စပ်ဆိုတော်မူပြန်သည်။

ဤသို့ မြန်မာစကားပြေ ပျို့၊ ကဗျာ၊ လင်္ကာ၊ မော်ကွန်းစသည်တို့ကို စပ်ဆိုရေးသားခဲ့သော မုန်သောက်မာတင် အာဇာနည်ဝင် ရှင်မဟာသီလဝံသထေရ်အရှင်သည် သက္ကရာဇ် ၈၈၀ ပြည့်နှစ်၊ သက်တော် ၆၅ ခုနှစ်၊ ဝါတော် ၄၅ ဝါ အရတွင် ခန္ဓာရုပ်သိမ်း ချုပ်ငြိမ်းပျံလွန်တော်မူသတည်း။

---

[၁] စာဆိုတော်များအတ္ထုပ္ပတ္တိ၊ ၂၀၀၂၊ ၅၄။

[၂] ပါရာယန၊ ၂၀၁၁၊ ၂၃။

## ၁၊ ၁။ ရှင်မဟာသီလဝံသစာတော်စာရင်း

**ပျို့များ**

(၁) ပါရမီတော်ခန်းပျို့

(၂) တောင်တွင်းလာပျို့

(၃) ဆုတောင်းခန်းပျို့

(၄) သံဝေဂခန်းပျို့

(၅) ဓမ္မပါလပျို့ (ရေးဆဲ ပျံလွန်တော်မူသောကြောင့် တပည့်ဖြစ်သူ ပုဂံဆရာတော်က ဆက်လက်ရေးသားရာ ၉၁၀ ခုနှစ်၌ ပြီးဆုံး၏။)

(၆) ကမ္ဘာလောင်ပျို့ (စာမူမတွေ့ရ၊ တိမ်မြုပ်နေသည်။)

(၇) ဗုဒ္ဓုပ္ပတ္တိပျို့ (ပါရမီခန်းပျို့ကိုပင် ဆိုလိုသည်ဟု အချို့မှတ်သားကြသည်။)

**မော်ကွန်းများ**

(၁) တံတားဦးတည်မော်ကွန်း

(၂) ရွှေနန်းတည်မော်ကွန်း

(၃) ရွှေနန်းကြော့ရှင် နန်းဘွဲ့မော်ကွန်း

(၄) မိတ္ထီလာကန်တော်ဘွဲ့မော်ကွန်း (သျှိသျှားကန်ဘွဲ့မော်ကွန်းဟူ၍လည်း ခေါ်သည်။)

**ဆုံးမစာလင်္ကာ**

(၁) တိလောက–ချီ လင်္ကာ

(၂) မွေးသမိခင်–ချီ လင်္ကာ

(၃) အသင်္ခါရိက–ဉာဏသမ္ပယော–ချီ မေတ္တာလင်္ကာ (၎င်းအချီပင် ရှင်မဟာရဋ္ဌသာရ ရေးလည်း ရှိသေး၏။ တခြားစီ ဖြစ်သည်။)

**ကေပိုဒ်ရတု**

(၁) ဤသို့စုံစီ–ချီ ရှင်မဟာသီလဝံသ ဂုဏ်ပြုရတု

(၂) ဇာတိသန္ဓေ–ချီ ဒုတိယဘုရင်မင်းခေါင်ထံသွင်းသော မေတ္တာစာရတု

(၃) နွယ်လှရိုးဟန်–ချီ ယန္တရားစကြာရတု

**အပြည့်ခံရတု**

(၁) မဏိဂူဟာ–ချီရတု

**ပိုဒ်စုံရတု**

(၁) မဏိစိန္တာ–ချီ ရာဇဝသတီခန်းရတု

(၂) အချာပဝရ–ချီ တောင်တွင်းမြို့ဘွဲ့ရတု

**ကျမ်းစာများ**

(၁) ပါရာယနဝတ္ထု

(၂) ရာဇဝင်ကျော်

(၃) မဟာရဟနီတိ

(၄) နေတ္တိပါဠိတော်နိဿရဟောင်း

(၅) ဆုံးမစာစကားပုံ

**ကျောက်စာများ**

(၁) ထူပါရုံကျောက်စာ

(၂) ရတနာဗိမာန်ကျောင်းတော်ကျောက်စာ

## ၂။ ပါရာယနဝတ္ထုအကျဉ်း

ရှင်မဟာသီလဝံသ မထေရ်မြတ်သည် ပါရာယနသုတ္တန်တရားကို အခြေခံမူတည်၍ ပါရာယနဝတ္ထုကို အခန်းကြီး ၄ ခန်း၊ ဝတ္ထုကြီး ၈ ဝတ္ထု၊ ဝတ္ထုငယ်များစွာတို့ဖြင့် တန်ဆာဆင်၍ စီရင်ရေးသားတော်မူရာ အခန်းကြီး ၄ ခန်းနှင့် ဝတ္ထုကြီး ၈ ဝတ္ထုတို့မှာ–

အခန်း(၁) ရဟန်းတော်တို့ ကျင့်သုံးလိုက်နာ နည်းယူရန် ပြဆိုသော အရှင်သာရိပုတ္တရာဝတ္ထုနှင့် အရှင်မောဂ္ဂလာန်ဝတ္ထု။

အခန်း(၂) ရဟန်းမိန်းမထေရီတို့ ကျင့်သုံးလိုက်နာ နည်းယူရန် ပြဆိုသော ခေမာထေရီဝတ္ထုနှင့် ဥပ္ပလဝဏ်ထေရီဝတ္ထု။

အခန်း(၃) လူဒါယိကာတို့ ကျင့်သုံးလိုက်နာ နည်းယူရန် ပြဆိုသော စိတ္တသူကြွယ်ဝတ ဟတ္ထာဠဝကဝတ္ထု။

အခန်း(၃) လူဒါယိကာမတို့ ကျင့်သုံးလိုက်နာနည်းယူရန် ပြဆိုသော မိန်းမမြတ်ဝတ္ထုနှင့် နန္ဒမာတာမိန်းမမြတ်ဝတ္ထုများ ဖြစ်ကြသည်။

ဤနန္ဒမာတာဝတ္ထုတွင် နန္ဒမာတာ ရွတ်ဖတ်သရဇ္ဈာယ်သော ပါရာယနသုတ်ကို အကြောင်းခံ၍ ဤဝတ္ထုတစ်ခုလုံးကိုလည်း ပါရာယနဝတ္ထုဟု အမည်တပ်၍ မှတ်သားခြင်း ဖြစ်ပေသည်။

**ပါရာယနသုတ်**

ပါရာယနသုတ်မှာ ဗာဝရီမည်သော မင်းဆရာ ပုဏ္ဏားရသေ့ကြီးနှင့် အဇိတ စသော ပုဏ္ဏားရသေ့ငယ် တပည့် တစ်ကျိပ်ခြောက်ဦးတို့ အသီးသီး မေးအပ်သော ပြဿနာများကို မြတ်စွာဘုရားသခင် အသီးသီး ဖြေဆိုဟောကြားတော်မူသည့် သုတ္တနိပါတ် ပါဠိတော်လာ တရာဒေသနာတော်ပင် ဖြစ်သည်။

**ပါရာယနအဓိပ္ပာယ်**

> "ပါရာယနဠ် ပါရ + အယန – ဟူသော ၂–ပုဒ်တွင် ပါရ = သံသရာ တစ်ဖက်ကမ်း နိဗ္ဗာန်၊ အယန = ရောက်ရာရောက်ကြောင်းခရီး၊ ပါရာယန = သံသရာတစ်ဖက်ကမ်း နိဗ္ဗာန်နန်းသို့ ကူးသန်း ရောက်ရာ ခရီးလမ်းမဟာဟု ဆိုလိုပေသည်။"[၁]

စာဆို ရှင်မဟာသီလဝံသသည် ပါရာယနဝတ္ထုအစတွင် 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဟူသော ပါဠိဂါထာတော်ဖြင့် ဖွင့်ဆို ထားသည်။ ဆရာတော်သည် ဘုရားရှင်လက်ထက်တော်အခါက ဗုဒ္ဓသာသနာတော်တွင် သဒ္ဓါကြည်ညိုသော သူတော်ကောင်းမိဘများက သားသမီးများကို ဆုံးမရာတွင်

[၁] ပါရာယန၊ ၂၀၁၁၊ ၁၇။

အရိယာပုဂ္ဂိုလ် – ၈ ပါး တို့ကို စံပြု၍ ဆုံးမလေ့ရှိကြောင်း ဖော်ပြထားပါသည်။ ယင်းသို့ ဖော်ပြရာတွင် သားယောက်ျားကိုတည်း ဆုံးမမှုသော်ကား–

> "ချစ်သားတို့ ... ရဟန်းတည်းဖြစ်ငြားမူကား သာရိပုတ္တရာ၊ မောဂ္ဂလာန် အရှင်နှစ်ပါးတို့၏အကျင့်ကို နည်းယူပါကုန်။ အရှင်နှစ်ပါးတို့ကို နှိုင်းရှည်စာမှုပါကုန်။"[၁]

ဟု ဆုံးမ၏။

သားမိန်းမကိုတည်း ဆုံးမမှုကား–

> "ချစ်သမီးတို့ ... ရဟန်းတည်း ဖြစ်ပါလေငြားမူကား ခေမာ၊ ဥပ္ပလဝဏ် ရဟန္တာ မိန်းမနှစ်ပါးတို့၏ အကျင့်ကို နည်းယူပါကုန်"[၂]

> "လူတည်းဖြစ်ငြားမူကား– ဥဇ္ဇုတ္တရာ ဒကာမကဲ့သို့လည်းကောင်း ဝေဠုကဏ္ဍကပြည်၌ နန္ဒမာတာ ဒကာမကဲ့သို့လည်းကောင်း ဖြစ်ပါချင်၏။ မိန်းမမြတ်နှစ်ပါးတို့၏ အတုကို သင်ပါကုန်ဟု ဆုံးမ၏။"[၃]

ဟူ၍ ရေးသားထားပါသည်။

ဆရာတော်သည် ဤအရိယာသူမြတ်ရှစ်ပါးတို့ကို စံပြု၍ မိဘများက သားသမီးများကို ဆုံးမကာ လိမ္မာစေလိုသည်သာ မဟုတ်။ ဆရာတော်ကိုယ်တိုင် မိဘနေရာမှနေ၍ ရဟန်းရှင်လူတို့ကို သားသမီးအရာထားကာ ဆုံးမပြီး အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများ ဖြစ်စေလိုခြင်းကြောင့် ရေးသားထားခြင်း ဖြစ်နိုင်ပါသည်။

## ဓလေ့အဓိပ္ပာယ်သတ်မှတ်ချက်

ဓလေ့ဟူသည် 'ထုံးစံ၊ အလေ့'[၄] ဟု မြန်မာအဘိဓာန်တွင် ဖွင့်ထားပါသည်။ လူမျိုးတိုင်းတွင် ဓလေ့ထုံးစံများ ရှိကြသည်။

> "ဓလေ့ဆိုသည်မှာ တစ်ဦးတစ်ယောက် (သို့) အဖွဲ့အစည်း ၏ ရှန်းကန်မှု ကြိုးပမ်းမှု မှတစ်ဆင့် အုပ်စုတစ်စုမှ ရရှိသော ပိုင်ဆိုင်မှု

---

[၁] ပါရာယန၊ ၂၀၁၁၊ ၂၇။
[၂] ပါရာယန၊ ၂၀၁၁၊ ၂၇။
[၃] ပါရာယန၊ ၂၀၁၁၊ ၂၇။
[၄] မြန်မာအဘိဓာန်၊ ၂၀၀၇၊ ၂၅၃။

> အရာဝတ္ထုများ၊ အသိများ၊ နေရာဒေသနှင့်ဆိုင်သော ဆက်နွယ်မှုများ၊ အခန်းကဏ္ဍ၊ အချိန်၏ ခံယူချက်၊ သဘောထား၊ ကိုးကွယ်ယုံကြည်မှု၊ ဝါစဉ်လိုက်မှု အဓိပ္ပာယ်များ၊ သဘောထားများ၊ တန်ဖိုးများ၊ ယုံကြည်မှုများ၊ အတွေ့အကြုံများ၊ ဗဟုသုတစုစည်းမှုများ၊ လုံခြုံစွာထိန်းသိမ်းခဲ့သော အရာများ၊ စုစည်းထားခြင်းကို ကိုယ်စားပြု၍ ဓလေ့"[၁]

ဟု ဖွင့်ဆိုရပေမည်။

## ၂၊ ၁။ ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန်ဝတ္ထုမှ ဘာသာရေး၊ လူမှုရေး ဆိုင်ရာ အဆုံးအမအဖွဲ့များ

အနောမဒဿီဘုရားရှင်လက်ထက်တွင် ပုဏ္ဏားမျိုးဖြစ်သော သရဒလုလင်နှင့် သူကြွယ်မျိုးဖြစ်သော သီရိဝဍ္ဎနသူကြွယ်ဟူ၍ သူငယ်ချင်းနှစ်ယောက် ရှိသည်။ သရဒလုလင်သည် ဖခင်ကွယ်လွန်သောအခါ ဥစ္စာစည်းစိမ်အားလုံးတို့ကို စွန့်၍ ရသေ့ပြုမည်ဟု သီရိဝဍ္ဎနသူကြွယ်အား တိုင်ပင်သည်။ ဘုရားရှင်လက်ထက်ကပင် မိတ်ဆွေအပေါင်းအဖော်နှင့် တိုင်ပင်ဆွေးနွေးတတ်သော ယဉ်ကျေးသည့် ဓလေ့အပြုအမူကို တွေ့မြင်နိုင်သည်။ ထိုဓလေ့မှ မိတ်ဆွေသူငယ်ချင်း အပေါင်းအဖော်တို့ပေါ်တွင် တန်ဖိုးထားမှုများ ရရှိစေရန် လူမှုဆက်ဆံရေးကို ဆရာတော်က နည်းပေးလမ်းညွှန် ဆုံးမပြထားသည်။

အနောမဒဿီဘုရားရှင်သည် သုရုစိရသေ့အား ဂေါတမဘုရားရှင်လက်ထက်တွင် လက်ယာရံ တပည့်သားမြတ် အရှင်သာရိပုတ္တရာဖြစ်၍ ပညာအရာတွင် ဧတဒဂ် ရမည်ဟု ဗျာဒိတ်ပေးတော်မူသည်။ ထိုအကြောင်းကို သုရုစိရသေ့သည် မိတ်ဆွေ သီရိဝဍ္ဎနသူကြွယ်အား အကြောင်းကြားပြီး လက်ဝဲရံဆုကို တောင်းစေသည်။ ဂေါတမဘုရားရှင်လက်ထက် သူမြတ်နှစ်ပါးတို့ အရွယ်ရောက်သောအခါ ပါရမီရင့်သန်ပြီဖြစ်သောကြောင့် တရားရရန် ရဟန်းပြုမည်ဟု အကြံဖြစ်သည်။ ရှင်အဿဇိထံမှ တရားကို နာယူ၍ ကြည်ညိုယုံကြည်ပြီးနောက် နှစ်ယောက်အတူ ဘုရားရှင်ထံသို့ သွားရောက်ကာ တရားအဆုံးအမကို ခံယူကြပုံကို ရေးသားထားသည်မှာ ဘာသာရေး အဆုံးအမကို မြတ်နိုးယုံကြည်စွာ ခံယူကြောင်း ပေါ်လွင်ထင်ရှားစေသည်။

ရဟန်းတော်တို့ လိုက်နာကျင့်သုံးအပ်သည်များမှာ–

---

[၁] ပါရာယန၊ ၂၀၁၁၊ ၃၀။

> "ဆွမ်းခံသောအခါ ဆောက်တည်လေရာသော အကျင့်၊ အပေါင်း အဖော်မသင့်သူတို့နှင့်တကွ မသင့်တော်သော စကားကို မပြော ရာသော အကျင့်၊ ဆိတ်ငြိမ်သောအရပ်၌သာ နေရသောအကျင့်"[၁]

တို့ကို မြတ်စွာဘုရားရှင် ဟောတော်မူကြောင်း ထည့်သွင်းရေးဖွဲ့ထားပုံမှာ ဘာသာရေး အဆုံးအမများကို လေးလေးနက်နက် ခံယူစေလိုကြောင်း ပေါ်လွင်ထင်ရှားနေ ပေသည်။

အရှင်မဟာမောဂ္ဂလာန်သည်ကား တန်ခိုးကြီးသောအရာ၌ ဧတဒဂ်ရတော် မူသော ရဟန္တာ ဖြစ်ပေသည်။ အရှင်မောဂ္ဂလာန်သည် ငရဲပြည်၊ နတ်ပြည်၊ လူ့ပြည် တို့တွင် တရားတော်များကို ဟောကြားပြီး သာသနာကို သဒ္ဒါကြည်ညိုစိတ် ထက်သန်စေရန် ဆုံးမတော်မူထားသည်မှာ ဘာသာရေးအဆုံးအမများကို ပိုမိုပေါ်လွင် စေသည်။

ထို့ပြင် နန္ဒောပနန္ဒနဂါးမင်း၊ ရဟန်းသာမဏေငယ်များ၊ သိကြားမင်းတို့ကို ဟောကြားဆုံးမခဲ့သော တရားတော်များသည် ဘာသာရေးအတွက် အလွန်တန်ဖိုးထား အပ်သော ဆုံးမစကားများပင် ဖြစ်ပေသည်။

အရှင်သာရိပုတ္တရာသည် ပညာအရာ ကြီးကျယ်မြင့်မြတ်သူဟု ဧတဒဂ် ရတော်မူသော ရဟန္တာ ဖြစ်ပေသည်။ အရှင်သာရိပုတ္တရာသည်–

> "တရားဟောသရွေ့လျှင် သစ္စာလေးပါးကိုပြ၍ ဟောသော အလေ့တော် ရှိ၏။ ပညာလည်း ကြီးတော်မူ၏။ ပညာ ကြီးသောသူကိုလည်း အတိုင်းထက်အလွန် ချီးမွမ်းချီးမြှောက် တော်မူ၏။"[၂]

ဟူ၍ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကိုယ်တိုင်ပင် ဘာသာသာသနာအကျိုး အတွက် အလေးအနက် တန်ဖိုးထားကာ တရားတော်ကို ဓလေ့တစ်ရပ်အနေဖြင့် ဟောပြောဆုံးမခဲ့သည်မှာ ရဟန်းတော်များအတွက် လိုက်နာကျင့်သုံးဖွယ်ရာပင် ဖြစ်ပေ သည်။ အရှင်မြတ်၏ တရားပြဆုံးမပုံကို ကြည်ညိုဖွယ်၊ အတုယူစံပြုဖွယ် ဖြစ်အောင် ရေးဖွဲ့ထားသည်။

ရှင်သာရိပုတ္တရာသည် ပညာရှိကို ချီးမြှောက်ရာတွင်–

---

[၁] ပါရာယန၊ ၂၀၁၁၊ ၄၁။
[၂] ပါရာယန၊ ၂၀၁၁၊ ၄၉။

> "ဤပုဏ္ဏထေရ်ကဲ့သို့ မေးတိုင်း ဖြေစိမ့်သောသူကို ပုဆိုးအခုဖြင့် ခေါင်းထက်အမြဲ အခါခပ်သိမ်းရွက်လျက်ပင် နေကောင်း၏။ ဤသို့ ရွက်ဆောင်လျက်နေမှ မေးလိုသောငှာ ဦးခေါင်းမှ ချကာ မေးရအံ့သတည်း။ ငါကဲ့သို့သော သူတော်လည်း ဤပုဏ္ဏထေရ်ကဲ့သို့သောသူကို ပုဆိုးအခုဖြင့် ရွက်ပေရာ။"[၁]

ဟူ၍ မိမိကိုယ်ကို နှိမ့်ချကာ ပညာရှိကို အမြတ်တနိုး လေးစားတန်ဖိုးထားခြင်းသည် နှောင်းလူတို့ စံပြုအပ်သော အလေ့ကျင့်တစ်ခုဖြစ်ပေရာ လူမှုဆက်ဆံရေး နယ်ပယ်တွင်လည်း တိုးတက်ကောင်းမွန်စေရန် အတုယူသင့်အပ်သောဓလေ့ ဆုံးမစကားအဖွဲ့များ ဖြစ်ပေသည်။

အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးသည် သာသနာတော်အကျိုးကို ဆောင်ရွက်နေသော ရဟန်းသံဃာတော်များအတွက် ကိုယ်တိုင် နည်းပေးလမ်းပြ ဆုံးမခဲ့သည်။ သူနာရဟန်းကို ကျွေးမွေးပြုစုစောင့်ရှောက်ပုံ၊ ခရီးဖော်တို့အား ကူညီဖေးမပုံ၊ ဝိနည်းပညတ်တော်များကို အမှတ်ထားပုံ၊ အရှင်မြတ်ဆုံးမ၍ ရဟန္တာဖြစ်လေသော ပုဂ္ဂိုလ်များပြပုံ၊ တရားဖြင့် အခါခပ်သိမ်း ပူဇော်တတ်သော ဓလေ့ရှိပုံတို့ကို ထည့်သွင်းရေးသားထားသည်မှာ ဘာသာရေးဆိုင်ရာ သိမှတ်ဖွယ်ရာ ဆုံးမစာအဖွဲ့များဖြစ်သည်။

ထို့ပြင်–

> "တပည့်သားကြီးဖြစ်ပေသောကြောင့် ငါဖို့၊ ငါ့တာဝန်ပေတည်းဟု ခပ်သိမ်းလျှင် မလျော့သော နှလုံးတော်ရှိ၏။"[၂]

ဟူ၍ ရဟန်းသံဃာတော်တို့အား မြတ်စွာဘုရားရှင်၏ တရားတော်တို့ကို အမြဲနှလုံးသွင်းကာ မမေ့မလျော့ ကျင့်ကြံနေထိုင်နိုင်ရန် ဘာသာရေးနှင့်ပတ်သက်၍ ဆုံးမတော်မူခဲ့သည်။

အရှင်မြတ်သည် (၇)နှစ်သားအရွယ် သာမဏေငယ် ဆုံးမသည်ကို ဦးထိပ်ဖြင့် ခံယူတော်မူခဲ့ပေလေသည်။ ရှင်သာရိပုတ္တရာသည် မိမိ၏ ဆရာရင်းဖြစ်သော အရှင်အဿဇိကို ရိုသေစွာဖြင့်–

> "ဦးခေါင်းရင်း၌ ငါ့ဆရာရှိသည် မည်စေသတည်း။"[၃]

---

[၁] ပါရာယန၊ ၂၀၁၁၊ ၄၉။

[၂] ပါရာယန၊ ၂၀၁၁၊ ၅၃။

[၃] ပါရာယန၊ ၂၀၁၁၊ ၅၃။

ဟူ၍ ပြောဆိုထားရာ ဆရာဖြစ်သူကို ရိုသေတတ်သော ဓလေ့ရှိကြောင်း၊ ဘာသာရေးနှင့်လူမှုဆက်ဆံရေးအရ တွေ့မြင်နိုင်ပေသည်။ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးသည် မိမိကိုယ်ကို နှိမ့်ချရာတွင်–

> "ငါ၏ကိုယ်ကိုကိုယ်ဟု ငါမမှတ်၊ နင်းနယ်စရာ ခြေသုတ်ပုဆိုး
> ကဲ့သို့"[၁]

ဟူ၍ ကိုယ်စိတ်နှစ်ပါး နှိမ့်ချတော်မူခြင်းသည် နောင်းလူတို့ ပြုမူကျင့်ကြံအပ်သည်ကို နည်းပေးဆုံးမခဲ့ပေသည်။ လူမှုဆက်ဆံရေးတွင် နှိမ့်ချခြင်း၊ သည်းခံခြင်းတို့ဖြင့် ပြည့်စုံသင့်ကြောင်းကို ရှင်သာရိပုတ္တရာ၏ ကြည်ညိုဖွယ်စရိုက်များဖြင့် ဆုံးမထားသည်။

## ၂၊ ၂။ စိတ္တသူကြွယ်နှင့် ဟတ္ထာဠဝကဝတ္ထုမှ ဘာသာရေး လူမှုရေးဆိုင်ရာ အဆုံးအမ အဖွဲ့များ

ပဒုမုတ္တရဘုရားရှင် လက်ထက်တော်တွင် ဟံသာဝတီပြည်၌ ဒါယကာတစ်ယောက်အား တရားစာပေဟောရာ၌ ဧတဒဂ်ထားတော်မူသည်ကို မြင်သဖြင့် စိတ္တသူကြွယ်သည် ထိုဧတဒဂ်အရာကို ရလိုကြောင်း ဆုတောင်းခဲ့ပါသည်။ ဂေါတမဘုရားရှင်လက်ထက်တော်တွင် စိတ္တသူကြွယ်သည် မာဂဓတိုင်း မစ္ဆိကသဏ္ဍပြည် သူဌေးမျိုးတွင် ဖြစ်သည်။ ဖွားမြင်သောအချိန်တွင် တစ်တိုင်းပြည်လုံး ပုဆစ်ထူးမျှလောက်ကျွံအောင် ပန်းမိုးရွာသဖြင့် စိတ္တသတို့သားဟု ခေါ်သည်။ စိတ္တသူကြွယ်၏ ပညာရှိတို့၏အကျင့်သုံးပါးနှင့် ပြည့်စုံခြင်းအကြောင်းကို–

> "သူ့အမေးကို အသင့်အားဖြင့် သိသာအောင် ဖြေတတ်၏။
> မိမိလည်း အသင့်အားဖြင့် ဖြေသာနိုင်အောင် သူ့ကိုမေးတတ်၏။
> အသင့်အားဖြင့် သိသာအောင် ဖြေလေတုံသော်လည်း နှစ်လို
> ဝမ်းမြောက်စွာဖြစ်လျက် ကောင်းချီးပေးတတ်၏။"[၂]

ဟူ၍ စိတ္တသူကြွယ်၏ ပညာရှိအကျင့် ကျင့်ဆောင်တော်မူပုံကို လူယောကျ်ားတို့ စံပြုထိုက်ရန် နည်းလမ်းများကို ဆရာတော်က ထောက်ပြထားသည်။ ဝါကျတိုများဖြင့် ကြည်ညိုဖွယ်ဖြစ်အောင် ရေးဖွဲ့ထားသည်။ စိတ္တသူကြွယ်သည် တရားစကားကို ဆိုတတ်သောအရာ၌ ဧတဒဂ် ရတော်မူသည်။ ဟတ္ထာဠဝကဝတ္ထုတွင် အသံကြီး (၄)ပါး၊ အာဠဝက၏တန်ခိုးလက်နက် (၉)ပါး၊ အမိုက်မှောင် (၄)မျိုး၊ လက်နက်ကြီး

---

၁ ပါရာယန၊ ၂၀၁၁၊ ၅၃။
၂ ပါရာယန၊ ၂၀၁၁၊ ၆၁။

(၄)ပါးတို့အကြောင်းကို ဗဟုသုတရဖွယ် မှတ်သားဖွယ် ရေးထားသည့် ဆရာတော်၏စေတနာကို တွေ့မြင်နိုင်ပေသည်။ မြတ်စွာဘုရားရှင် အာဠဝကဘီလူးအား ဆုံးမခန်းတွင်−

"ခက်ထန်သူကို ခက်ထန်တုံ့ခက်ထန်သဖြင့် ဆုံးမနိုင်ခဲ့၏။
ခက်ထန်သူကို နူးညံ့သဖြင့် ဆုံးမသော်ကား လွယ်အံ့သတည်း။"[၁]

ဟူ၍လည်းကောင်း၊

"သဒ္ဓါတရားဟူသည်ကား ချမ်းသာကြောင်းကုသိုလ်ကြမ္မာ"[၂]

ဟူ၍ ဆုံးမထားခြင်းသည် လောကီလူသားတို့အတွက် မြတ်စွာဘုရားရှင်က စေတနာရှေ့ထားကာ ကျင့်သုံးလိုက်နာစေရန် ပြုမူဆောင်ရွက်ရန် ဟောကြားခဲ့ကြောင်း ဆရာတော်က ဝတ္ထုတွင် ထည့်သွင်းဆုံးမခဲ့သည့် အဖွဲ့ဖြစ်သည်။ ကုသိုလ်(၁၀)ပါး၊ ချမ်းသာ(၃)မျိုး၊ အရာသာ၏ သစ္စာတရား အသက်မွေးဝမ်းကြောင်း ပညာအကြောင်းတို့ကိုလည်း ဆရာတော်က ထည့်သွင်းဖော်ပြထားသည်မှာ လောကီ၊ လောကုတ္တရာ အကျိုးကို ရှေ့ရှု၍ ထည့်သွင်းဖော်ပြထားဟန် တူပေသည်။

ပညာနှင့်ပတ်သက်၍လည်း−

"ပညာဟူသော်ကား ကြားရ၍သိသော ပညာ၊ ကြံ၍သိသော
ပညာ ဘာဝနာဖြင့်ပြီးသော ပညာ"[၃]

ဟူ၍ ဖော်ပြထားပေသည်။ ဘုံသုံးပါး၌ အကျိုးစီးပွားကိုသိသည်ကား လောကီပညာ၊ မဂ်ဖိုလ်နိဗ္ဗာန်ရသော်ကား လောကုတ္တရာပညာ မည်သည့်ဟူ၍ ဥပါယ်တံမျဉ်နှင့် ကိုယ်ထူကိုယ်ထ လုံ့လနှင့် ကြိုးစားရယူရန် တိုက်တွန်းထားပေသည်။ ဗုဒ္ဓလက်ထက်မှ ကြည်ညိုဖွယ်ရဟန်းပုဂ္ဂိုလ်တို့၏ သူတော်ကောင်းစရိုက်တော်များကို ရိုးရှင်းပြီးပေါ်လွင်သော ဝါကျတို၊ ဝါကျရှည်အဖွဲ့များကို လိုအပ်သလိုသုံးကာ ရေးဖွဲ့ထားသည်။ နည်းယူစံပြုလိုစိတ် ဖြစ်ပေါ်လာစေသော ဆုံးမစာအဖွဲ့များဟုလည်း ဆိုနိုင်ပါသည်။

---

[၁] ပါရာယန၊ ၂၀၁၁၊ ၈၀။
[၂] ပါရာယန၊ ၂၀၁၁၊ ၈၄။
[၃] ပါရာယန၊ ၂၀၁၁၊ ၉၆။

## ၂။ ၃။ ခေမာထေရီနှင့် ဥပ္ပလဝဏ်ထေရီဝတ္ထုမှ ဘာသာရေး၊ လူမှုရေးဆိုင်ရာ အဆုံးအမအပွဲ့များ

ခေမာမိဖုရားသည် မိန်းမမြတ်အရိယာလေးဦးတွင် တစ်ယောက်အပါအဝင် ဖြစ်သည်။ သာဂလမည်သော ပြည်၌ မဒ္ဒရာဇ်မင်းသမီးကို ခေမာမိဖုရားဟု ခေါ်တွင်လေသည်။ မင်းသမီးကို ဖွားသောအခါ၌ စိုးရိမ်ကြောင့်ကြမရှိ၊ ဘေးမဲ့အေးချမ်းစွာ ဖြစ်သည်ကို အကြောင်းမူ၍ ခေမာမိဖုရားဟု ခေါ်တွင်ပေသည်။ ရွှေစင်အရောင်အဝါကဲ့သို့ တင့်တယ်စွာရှိသည်။ ရာဇဂြိုလ်ပြည် ဗိမ္ဗိသာရမင်းကြီးမယား မိဖုရား ဖြစ်၏။

ဗိမ္ဗိသာရမင်းကြီးလည်း–

> "ဘုရားဒါယကာ ငါဖြစ်ပြီးလျက် ငါ၏မယား မိဖုရားဖြစ်သော သူသည် ဘုရားသခင်ကို မဆည်းကပ်ဘဲ အဘယ်သို့ နေကောင်း တုံအံ့နည်း။"[၁]

ဟူ၍ တွေးသည်။ တရားစစ်၊ တရားမှန်ကို ရရှိစေလိုသော ဗိမ္ဗိသာရမင်းကြီး၏ စိတ်နေသဘောထားကို ဖော်ညွှန်းထားသော၊ နိဗ္ဗာန်သို့ သွားရာလမ်းကို မိမိ၏ကြင်ဖက်အား လမ်းညွှန်ဖော်ပြသော လေးစားဖွယ်စိတ်ဓာတ်ကို အတုယူတတ်စေရန် စရိုက်ဖော်ရေးဖွဲ့၍ ဆုံးမခဲ့ခြင်း ဖြစ်သည်။ ခင်ပွန်းမိတ်ဆွေတို့အား မှန်ကန်သောလမ်းသို့ ရောက်အောင် ပို့ဆောင်ပေးနိုင်သော ဘာသာရေး၊ လူမှုရေး လမ်းညွှန်အဖွဲ့တစ်ရပ်အဖြစ် တွေ့ရှိရသည်။

ခေမာမိဖုရားသည် ဝေဠုဝန်ဥယျာဉ်တော်သို့ 'ဘုရားသခင်ကျောင်းတော်တွင်း မရှိ' ဟူသည်အမှတ်နှင့် ကျောင်းတော်သို့ဝင်ရာ သဗ္ဗညုမြတ်စွာဘုရားသည်–

> "ဤသို့ မိဖုရားသည် အဆင်းလှသည် ဤအပြစ်ကို ဆိုတတ်စွာ၏ဟု ငါသို့မမြင်ဝံ့ပဲ ကြာသည်ဖြစ်ခဲ့ရကား မိဖုရား အလိုလိုလျှင် အဆင်း၏ တင့်တယ်ခြင်းကို ချီးမွမ်းစေဦး၊ အဆင်း၏ အပြစ်ကိုလည်း ငါမလိုဘဲ မိဖုရားအလိုလိုလျှင် အပြစ်တင်၍ ကဲ့ရဲ့စေဦး။ ထိုသို့ပြီးမှ ငါချွတ်ရစေ။"[၂]

ဟူ၍လည်းကောင်း ခေမာမိဖုရားကား–

---

[၁] ပါရာယန၊ ၂၀၁၁၊ ၁၁၂။
[၂] ပါရာယန၊ ၂၀၁၁၊ ၁၁၄။

> "ဤသို့သော အဆင်းတင့်တယ်စွာ ကိုယ်ဖြစ်လျက် မနှစ်လိုဖွယ်သော ဖောက်ပြန်ခြင်းသို့ ရောက်ခဲ့ရကား ဤသို့ ဖောက်ပြန်သော ကိုယ်နှင့် ငါ၏ကိုယ်ကား အတူတူတကား၊ ငါ၏ကိုယ်လည်း ဤကဲ့သို့ ဖြစ်လတ္တံ့တကား"[၁]

ဟူ၍ သံဝေဂရကာ ဘုရားရှင်၏ အဆုံးအမတော်တို့ကို ခံယူကာ မင်းကြီးထံမှ ခွင့်ပန်ပြီး ရဟန်းပြုတော်မူလေသည်မှာ မိမိ၏အမှားကို ဆင်ခြင်သုံးသပ်ကာ လမ်းစဉ်အမှန်ကို လျှောက်လှမ်းနိုင်သော၊ ပညာကျေးဇူးကြီးသော ခေမာထေရီကို သာဓကပြုကာ တရားသဘောကို သိမြင်အောင် ဆုံးမတင်ပြထားပေသည်။ လူဝတ်နှင့် ရဟန္တာဖြစ်သူသည် လူ၏အသွင်ဖြင့် မတည်နိုင်ရာ၊ ရဟန်းအသွင်မှ အသက်ရှည် နိုင်သည်။ ခေမာထေရီလည်း လူရဟန္တာဖြစ်သော် အရှည်မတည်နိုင်သောကြောင့် ရဟန်းပြုရာ ခေမာထေရီဟု ဘုရားသခင်သာသနာ၌ ထင်ရှားစွာရှိခဲ့ခြင်း ဖြစ်ပေ သည်။

ဥပ္ပလဝဏ်ထေရီသည် ရဟန်းမိန်းမအဖြစ်နှင့် တန်ခိုးကြီးသောအရာ၌ ဧတဒဂ် ရချင်ကြောင်း ဆုတောင်းဖူးသူ ဖြစ်လေသည်။ ဥမ္မာဒန္တီမိန်းမမြတ်လည်း ဖြစ်ခဲ့ဖူး ပေသည်။ ကြာညိုပွင့်ချပ်နှင့်တူသောကြောင့် ဥပ္ပလဝဏ်ဟု အမည်တွင်လေသည်။ ဥပ္ပလဝဏ် ရဟန္တာမိန်းမမြတ်ကား–

> "ရဟန်းပြု၍ မကြာမမြင့်၊ ရှစ်လမျှလောက်မစေ့ခင် သစ္စာ လေးပါးတရားကို သိမြင်၍ ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာ မိန်းမမြတ် ဖြစ်သတည်း။ ဘုရားမြတ်စွာလည်း ရှေးက ဆုတောင်းဖူးသော ပါရမီကို ရှုတော်မူ၍ တန်ခိုးကြီးသော ရဟန္တာမိန်းမမြတ်တွင် ဧတဒဂ်ထားတော်မူသတည်း။"[၂]

ဟူ၍ ဥပ္ပလဝဏ် ရဟန္တာမိန်းမမြတ်သည် သံသရာတွင် ကျင်လည်သောအခါ ဘုရားလောင်းနှင့် အတူတကွဖြစ်၍ ကုဋေတစ်သောင်းမျှလောက် မိမိအသက်ကို စွန့်ဖူး၍ ကျေးဇူးသိတတ်ခြင်းအားဖြင့် ရဟန္တာဖြစ်ပြီး နှစ်လိုဝမ်းမြောက်စွာ မိမိ၏တန်ခိုးတော်တို့ကိုပြ၍ ခြေတော်ဦးတိုက်သည်မှာ ကျေးဇူးရှင်အား မမေ့မလျော့ အလေးထား ရှိခိုးဦးချတတ်သည့် ဓလေ့အဖွဲ့အဖြစ် တွေ့မြင်ရပေသည်။

---

[၁] ပါရာယန၊ ၂၀၁၁၊ ၁၁၄။
[၂] ပါရာယန၊ ၂၀၁၁၊ ၁၄။

## ၂။ ၄။ ဥတ္တရာနှင့် နန္ဒမာတာမိန်းမမြတ်ဝတ္ထုမှ ဘာသာရေး လူမှုရေး အဆုံးအမ အဖွဲ့များ

ဥတ္တရာမိန်းမမြတ်ဝတ္ထုတွင် ကျေးဇူးရှိသော ပုဂ္ဂိုလ်တို့သည်ကား အများကို ဆောင်ကြဉ်းပေးသော အမိုက်မှောင်ကို ဖျောက်ပေးသောသူလည်း မည်သည်။ လင်းသောအရောင်အဝါကို ထွန်းပေးသောသူလည်း ဖြစ်သည်။ ဘုံသုံးပါးဟူသော စစ်မြေအရပ်၌ ရန်မရှိအောင် ဖျောက်ပေးသူလည်း ဖြစ်သည်။ အမြိုက်နိဗ္ဗာန ချမ်းသာကိုလည်း ပေးသည်။ လူ့အရပ်၌ ကျေးဇူးများသူသည်ကား ထိုသို့သော ဂုဏ်ကျေးဇူးရှိသော ပုဂ္ဂိုလ်ကိုလျှင် ဆိုပေသည်။ ထိုသို့သောပုဂ္ဂိုလ်အား အများ ဆရာပင်ဖြစ်ကြောင်း စာဆိုရှင်မဟာသီလဝံသ လူမှုဆက်ဆံရေးနှင့် ပတ်သက်၍ လမ်းညွှန်ပြသ ဆုံးမပေးခဲ့သောအဖွဲ့ ဖြစ်သည်။

ဘုရားဟောကြားခဲ့သော အကျင့်နှစ်ပါးနှင့်ပတ်သက်၍–

> "ချစ်သားရဟန်းတို့၊ ဤလူ့ရွာ၌ကား အကျင့်နှစ်ပါးလျှင် သူတကာ ဟူသမျှကို စောင့်ပေ၏။ မျက်မှောက်၌ သူအပြစ်တင်သော ကဲ့ရဲ့ခြင်းကို အပြစ်မတင်စေအောင်၊ သူ မကဲ့ရဲ့အောင် ရှောင်ကြဉ်သော အကျင့်လည်းတစ်ပါး၊ အပါယ်လေးပါး လားအံ့သော အကြောင်း မကောင်းမှု၌ နှုတ်နှလုံးဖြင့် ကိုယ်ကိုကြောက်လန့်စွာ ရှောင်ကြဉ် သည်လည်းတစ်ပါး။"[၁]

ဟူ၍ ဤနှစ်ပါးသောတရားတို့သည်လျှင် လူဟူသမျှကို စောင့်ပေးသော ဟိရီ၊ ဩတ္တပ္ပတရား ဖြစ်ပေသည်။ ဟိရီဟူသည်ကား– ကဲ့ရဲ့ခြင်းကို ရှက်သည်၊ ဩတ္တပ္ပ ဟူသည်ကား– အပါယ်လေးပါးဆင်းရဲကို ကြောက်သည်ဟူ၍ လူမှုရေးဓလေ့အဆုံးအမ တို့ကို မှတ်သားလိုက်နာ ကျင့်သုံးရပေမည်။

ထို့နောက် မိခင်၊ ဖခင်တို့ကို ပူဇော်ရသော၊ ပြုစုလုပ်ကျွေးရသော သားသမီး တို့သည် မျက်မှောက်လည်း စီးပွားချမ်းသာများ ရ၏။ အများသူငှာတို့လည်း ချီးမွမ်း ရသည်။ သံသရာ၌လည်း လူ့ချမ်းသာ၊ နတ်ချမ်းသာကို မိခင်အား လုပ်ကျွေးသော ကုသိုလ်ကြောင့် ရရာ၏။ လူ၏ချမ်းသာကား လေးကျွန်းသနင်း စကြာဝတေးမင်း အဖြစ်တိုင်အောင် လူ့ချမ်းသာ၊ နတ်ချမ်းသာကား နတ်ပြည်ခြောက်ထပ်ကို အစိုးရသော နတ်မင်းတို့ချမ်းသာတို့ကို ရရှိလေသည်။ ဤသည်မှာ သား၊ သမီးတို့သည် မိဘကို

[၁] ပါရာနယ၊ ၂၀၁၁၊ ၁၅၉။

လုပ်ကျွေးပြုစုရသော ကုသိုလ်အားဖြင့် အကျိုးရရှိခြင်း ဖြစ်ကြောင်း တင်ပြထားသည်မှာ ခလေ့အဖွဲ့တစ်ရပ်အနေဖြင့် ဆုံးမပြထားခြင်း ဖြစ်သည်။

ဆရာတော်သည် နန္ဒမာတာမိန်းမမြတ်အကြောင်းကို ဖော်ပြရာတွင်–

"(၁) စင်ကြယ်သန့်ရှင်းသော အာစာရသီတင်းအကျင့်နှင့်လည်း ပြည့်စုံစွာ၏။

(၂) အခါခပ်သိမ်းလျှင် နေ့လွဲညစာမစား၊ ရှောင်ကြဉ်နိုင်သော အကျင့်လည်း ရှိ၏။

(၃) မြတ်စွာဘုရားဟောတော်မူသော တရားဟူသမျှ ပိဋကတ်သုံးပုံကို အလေ့အကျက် ဆောင်ရွက်နိုင်၏။

(၄) အကျွတ်သုံးတန်ရလျက် ဈာန်သမာပတ်ချမ်းသာနှင့်တကွ ပြည့်စုံသော အနာဂါမ်အရိယာ မိန်းမမြတ်အဖြစ်ဖြင့်လည်း ထင်ရှားစွာ၏။

(၅) ကြွယ်ဝချမ်းသာသော သူဌေးသမီးဖြစ်၍ တစ်ထောင့်နှစ်ရာငါးဆယ်သော ယသေးစပါးကျီကြီးများတို့၏ သခင်လည်း ဖြစ်၏။"[၁]

ဟူ၍ နန္ဒမာလာ၏ ကျေးဇူးအာဘော်တို့ကို ညွှန်းဆိုထားသည်။ နန္ဒမာတာကျင့်စဉ်ကဲ့သို့ လိုက်နာဆောင်ရွက် ကျင့်ကြံနေထိုင်နိုင်ရန် ဖွဲ့ဆိုဆုံးမပြသခဲ့သည်။

လူသားတို့သည် အာရုံငါးပါးကိုမြင်လျှင် ကြားလျှင် သာယာစေမိသောကြောင့် အမျက်ရမ္မက်ဖြစ်ခဲ့ရကား မကောင်းမှုဖြစ်ပေသည်။ ဖြစ်ခြင်းဆင်းရဲ၊ အိုခြင်းဆင်းရဲ၊ နာခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲ၊ စိုးရိမ်ကြောင့်ကြခြင်းစသော ဆင်းရဲကျဉ်းမြောင်းခြင်းတို့သည် လူသားတို့အတွက် ဘေးကြီးပင်ဖြစ်ပေသည်ဟု ဘာသာရေးနှင့်ပတ်သက်ပြီး ဆရာတော်က ဆုံးမပေးထားသည်ကို တွေ့ရသည်။

နန္ဒမာတာမိန်းမမြတ် သရဏ္ဍာယ်သော ပါရာယနတရားမြတ်ဟု တွင်သော သုတ္တန်ဂါထာကား အိုခြင်း၊ သေခြင်း၊ ဆင်းရဲခြင်းတို့ကို လွန်နိုင်ခဲ့၍ အမြိုက်နိဗ္ဗာန်သို့ ရောက်အံ့သော ခရီးလျှင်ဖြစ်ပေသည်။ ထို့ကြောင့် ပါရာယနတရားဟူသည်ကား အမြိုက်နိဗ္ဗာန်ခရီးဖြစ်သော တရားဖြစ်ပေသည်။ ဤအကြောင်းကို သိစေ

[၁] ပါရာနယ၊ ၂၀၁၁၊ ၁၆၇။

လို၍ ပထမသင်္ဂါယနာပြုသောအခါ၌ အရှင်အာနန္ဒာထေရ်ကိုယ်တော်တိုင် ဤဂါထာကို ဟောကြားတော်မူခဲ့ကြောင်း ဆရာတော်က ရေးသားခဲ့ပေသည်။

## ခြုံငုံသုံးသပ်ချက်

မြန်မာစာပေ၏ ကဝိတစ်ဆူဖြစ်သော ရှင်မဟာသီလဝံသ ပြုစုခဲ့သည့် ပါရာယနဝတ္ထုသည် မြန်မာစာပေခေတ်တွင် ပထမဦးဆုံးသော ဝတ္ထုတစ်ပုဒ်ဖြစ်၍ အကြောင်းအရာအားဖြင့် နိဗ္ဗာန်ရောက်ကြောင်း အကျင့်မြတ်ကို ဖော်ပြထားသည်။ ဩဝါဒပေး စာပေအမျိုးအစားဖြစ်သည်နှင့်အညီ ပုဂ္ဂိုလ်(၈)ဦးတို့ ဝတ္ထုတို့အပြင် ဝတ္ထုငယ်တို့ကို ကြားညပ်ရေးသားထားသည်။ ကိုယ်ပိုင်စကားပြေဟန်နှင့် ရေးသားထားသည်ကို တွေ့ရသည်။ ဆရာတော်၏ ပိဋကတ်ဉာဏ်ရည် ကြွယ်ဝပုံကိုလည်း လေ့လာတွေ့ရှိရသည်။

ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်ဝတ္ထုတွင် ရဟန်းတို့ လိုက်နာကျင့်သုံးဖွယ်ရာများ သစ္စာလေးပါး ဟောကြားဆုံးမပုံ အရှင်သာရိပုတ္တရာသည် ပညာရှိကို ချီးမြှောက်ပုံ၊ မိမိကိုယ်ကို နှိမ့်ချဆက်ဆံပုံ၊ အဆုံးအမကို ခံယူတော်မူပုံတို့ကို တင်ပြထားသည်။

စိတ္တသူကြွယ်နှင့် ဟတ္ထာဠဝကဝတ္ထုတွင် ပညာရှိတို့ ကျင့်အပ်သော အကျင့် (၃)ပါး၊ အာဠဝကဘီလူးကို ဆုံးမတော်မူပုံ၊ မဂ်ဖိုလ်နိဗ္ဗာန်ရကြောင်း တရားတို့ကို တွေ့ရပေသည်။ လူယောက်ျားတို့အတွက် စံပြုဖွယ် ဖြစ်သည်။

ခေမာထေရီနှင့် ဥပ္ပလဝဏ်ထေရီဝတ္ထုတွင် အလှကို ခုံမင်နှစ်သက်သော ခေမာထေရီကို မြတ်စွာဘုရားရှင် တရားပြဆုံးမတော်မူကြောင်း ခေမာထေရီကိုယ်တိုင် အဆုံးအမကို ခံယူကြောင်း၊ ပညာအရာ၌ ကျေးဇူးကြီးမားသောသူဖြစ်ကြောင်း စံပြုဆုံးမသည်။ ဥပ္ပလဝဏ်ထေရီ၏ ကျေးဇူးသိတတ်ခြင်းကို ဖော်ပြပြီး ရဟန်းမိန်းမတို့ လိုက်နာကျင့်သုံးနိုင်စေရန် ဆရာတော်က ဖွဲ့ဆို ဆုံးမထားသည်။

ဥတ္တရာနှင့် နန္ဒမာတာမိန်းမမြတ်ဝတ္ထုတွင် ကျေးဇူးရှင်အကြောင်း၊ မိဘတို့ကို ပြုစုလုပ်ကျွေးရသော အကျိုးကျေးဇူးကြောင့် ရရှိသော စည်းစိမ်ဥစ္စာ၊ နန္ဒမာတာမိန်းမမြတ်၏ ကျင့်ကြံနေထိုင်ပုံတို့ကို လူမိန်းမတို့ ကျင့်သုံးနာယူနိုင်ရန် ဆရာတော်သည် စေတနာနှင့်ဖွဲ့ဆို ရေးသားခဲ့ခြင်း ဖြစ်ပေသည်။

ပါရာယနဝတ္ထုကို လေ့လာရာတွင် ဆရာတော်သည် အရိယာသူကြွယ် ရှစ်ပါးတို့ကို စံပြု၍ မိဘများက သားသမီးတို့ကို ဆုံးမကာ လိမ္မာယဉ်ကျေးစေလိုသည်သာ

မဟုတ် ဆရာတော်သည် မိဘနေရာမှနေ၍ ရဟန်းရှင်လူတို့ကို သားသမီးအရာထား၍ ဆုံးမကာ အမျိုးကောင်းသားများ ဖြစ်စေလိုသောကြောင့် ရေးသားခြင်း ဖြစ်ပေသည်။ ဗဟုသုတသြဝါဒတို့ကို ပိဋကတ်တော်တို့မှ ထုတ်နှုတ်တင်ပြထားသည်ကို တွေ့ရသည်။

ဤသို့ အရည်အချင်းနှင့် ပြည့်စုံသော ပါရာယနဝတ္ထုကို မလိခက–

“ထင်ရှားတွေ့ရှိရသမျှသော မြန်မာစကားပြေဝတ္ထုများတွင် ပါရာယန ဝတ္ထုသည် အဟောင်းဆုံးဝတ္ထု ဖြစ်သည်။”[၁]

“ပါရာယနဝတ္ထုသည် မြန်မာဝတ္ထုလေ့လာသူများအတွက် ချွင်းချန် မထားသင့်သော ဝတ္ထုအဖြစ် ယူဆရပါသတည်း။”[၂]

ဟု ဆိုနိုင်လောက်အောင် အဦးဆုံး ဘာသာပြန်ဝတ္ထုဖြစ်သည်သာမက ဗဟုသုတနှင့် အကျင့်စာရိတ္တ ကောင်းမွန်ရေးကိုပါ ဦးတည်ပေးသော သြဝါဒစာပေဝတ္ထုမျိုးဖြစ်၍ လောကီ၊ လောကုတ္တရာ အကျိုးပြုစာပေတစ်ရပ် ဖြစ်ပါသည်ဟု ဆိုခဲ့ပါသည်။ ထိုသို့သောစာပေမျိုးကို ဖော်ထုတ်ပြုစုခဲ့သော မဟာသီလဝံသအရှင်မြတ်သည် ပါဠိစာပေ ပညာရှင်၊ မြန်မာစာပေပညာရှင်ကြီးအဖြစ် ထာဝရ ထင်ရှားနေမည်သာ ဖြစ်ပါသည်။

## နိဂုံး

ဤစာတမ်းသည် ရှင်မဟာသီလဝံသ ရေးသားခဲ့သော ပါရာယနဝတ္ထုမှ မြန်မာ့ဓလေ့ဆိုင်ရာ အဆုံးအမများကို လေ့လာတင်ပြထားသော စာတမ်းဖြစ်သော်လည်း လိုအပ်ချက်များ ရှိနေမည်ဖြစ်သည်။ ဤစာတမ်းပါ အချက်အလက်များသည် ရဟန်း ရှင်လူ နောင်လာနောက်သားတို့အတွက် အထောက်အကူဖြစ်စေနိုင်ရန် ရည်ရွယ်ပါသည်။

[၁] မြန်မာစာပေသမိုင်း၊ ၂၀၀၃၊ ၉၅။
[၂] မြန်မာဝတ္ထုအညွှန်းပေါင်းချုပ်၊ ၂၀၀၇။ ၃၃။

# ကျမ်းကိုးစာရင်း

ခင်မင်၊ မောင် (ဓနုဖြူ)။ (၁၉၉၁)။ ***စကားပြေသဘောတရား၊ စကားပြေအတတ်ပညာ***။ ရန်ကုန်၊ ဝင်းစာပေတိုက်။

ဖေမောင်တင်၊ ဦး။ (၂၀၀၃)။ ***မြန်မာစာပေသမိုင်း***။ ရန်ကုန်၊ စံပယ်ဦးစာပေ။

ဗိုလ်မှူးဘသောင်း။ (၂၀၁၁)။ ***စာဆိုတော်များအတ္ထုပ္ပတ္တိ***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

မလိခ။ (၂၀၀၇)။ ***မြန်မာဝတ္ထုအညွန်းပေါင်းချုပ်***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန်***။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

ရှင်မဟာသီလဝံသ။ (၂၀၁၁)။ ***ပါရာယန***။ ရန်ကုန်၊ ရာပြည့်စာအုပ်တိုက်။

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# ကယားရိုးရာတေးသီချင်းများလေ့လာချက်

မော်မော်အောင် [*]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် ကယားတိုင်းရင်းသားတို့၏ ရိုးရာတေး(၄)ပုဒ်ကို စာပေရှုထောင့်မှ လေ့လာတင်ပြထားသော စာတမ်းဖြစ်ပါသည်။ စာတမ်းတွင် (၁) ရိုးရာတေး ဟူသည် (၂) ကယားရိုးရာတေးများ၏ သဘောသဘာဝ (၃)ကယားရိုးရာ တေးများကို လေ့လာခြင်း ဟူသည့် ကဏ္ဍ (၃)ရပ် ပါဝင်ပါသည်။ ထိုသို့ လေ့လာတင်ပြခြင်းဖြင့် ကယားတိုင်းရင်းသား ဘိုးဘွားဘီဘင် အဆက်ဆက် နှုတ်ဖြင့် သီကျူးကာ အာဂုံဆောင်လာသော ရိုးရာတေးများကို စာပေအဖြစ် မှတ်တမ်းတင်ရန်နှင့် ကယားတိုင်းရင်းသားတို့၏ စာပေနှင့်ယဉ်ကျေးမှုကို အထောက်အကူပြုရန်ဟူသော အကျိုးရလဒ်များ ရရှိရန် ရည်ရွယ်ပါသည်။

**သော့ချက်ဝေါဟာရများ – *ရိုးရာတေး၊ ယဉ်ကျေးမှု၊ စကားလုံး၊ စိတ်ကူး၊ အလင်္ကာ၊ သရုပ်ဖော်မှု၊ ရသ။***

## နိဒါန်း

လူမျိုးစုတိုင်း၌ စာပေဟူ၍ မပေါ်ပေါက်ခင်ကပင် နှုတ်မှသီကျူးခြင်းအတတ်ကို တတ်မြောက်ခဲ့ကြပါသည်။ သီကျူးခြင်းအတတ်သည် လူသားနှင့်အတူ ပေါ်ပေါက် လာခြင်း ဖြစ်သည်။ ပျော်ရွှင်ခြင်း၊ ပူဆွေးခြင်း၊ အားငယ်ခြင်း၊ တက်ကြွခြင်း စသည့် ခံစားမှုမျိုးစုံကို နှုတ်ဖြင့် သံစဉ် မပီမသ ထုတ်ဖော်ခဲ့ကြသည်မှာ ကမ္ဘာဦးကတည်း ကပင် ဖြစ်ပါသည်။ ယဉ်ကျေးမှုအရွေ့တစ်ခု ဖြစ်လာသောအခါ မိမိတို့၏ သာမှု၊ နာမှု၊ ဓလေ့ရိုးရာ၊ ကိုးကွယ်ပသမှု ဟူသော လူမှုကိစ္စအဝဝတွင် ရိုးရာ တေးသီချင်း များသည် မပါမဖြစ် ပါဝင်လာကြသည်။ မိမိတို့ မျိုးနွယ်စု၏ ပုံပြင်၊ ဒဏ္ဍာရီ၊ လင်္ကာ၊ ကဗျာများကို ရိုးရာတေးအဖြစ် ပုံဖော်သီကျူးကာ နှုတ်တိုက်အာဂုံဆောင်ပြီး အဆင့်ဆင့် လက်ဆင့်ကမ်းခဲ့ကြပါသည်။ ထိုသို့ လက်ဆင့်ကမ်းရာတွင် ကယားတိုင်းရင်းသားမျိုးနွယ်စု များလည်း ပါဝင်ခဲ့ကြပါသည်။

ဤစာတမ်းအတွက် လိုအပ်သော အချက်အလက်ဆိုင်ရာများကို ကယား ပြည်နယ် ချိကယ်ရွာနေ အဖွား ဒေါ်ထွန်းမြာ၊ ဒေါပေါ်ကူးရွာနေ အဖွား ဒေါ်ကိုးမြာ၊ နမ့်ကွတ်ရွာနေ ဦးမီးရယ်၊ ဒေါလိုရှေးရွာနေ အဘ ဦးဈားရယ် တို့ထံတွင် လက်လှမ်းမှီ သမျှ မေးမြန်းစုဆောင်းခဲ့ပါသည်။ အချို့လူကြီးမိဘများသည် မိမိတို့သိဆိုခဲ့သော

---

[*] ဒေါက်တာ၊ ပါမောက္ခ၊ မြန်မာစာဌာန၊ လွိုင်ကော်တက္ကသိုလ်

စာသားများကို အပြည့်အဝ မမှတ်မိခြင်း၊ မေ့လျော့ခြင်း၊ ဘာသာစကားနားလည်ရန် ခက်ခဲခြင်း၊ မှတ်တမ်းမှတ်ရာ အားနည်းခြင်း၊ ဒေသတစ်ခုနှင့်တစ်ခု တစ်ရွာနှင့်တစ်ရွာ စကားသုံးနှုန်းပုံ မတူညီခြင်း၊ ကယားတိုင်းရင်းသားတို့၏ အတွေးစိတ်ကူးဆိုလိုချက်သည် နက်နဲသည့်အတွက် ဘာသာပြန်ယူရာတွင် ခက်ခဲခြင်းစသည့် အနေအထားများကို တွေ့ကြုံခဲ့ရပါသည်။ ဤစာတမ်းတွင်ဖော်ပြထားသော ကယားရိုးရာတေးအများစုသည် ဒေါလိုရှေးကျေးရွာနေ အဘ ဦးစျားရယ် (အသက်–၆၈နှစ်)ထံမှ ရရှိခဲ့ခြင်း ဖြစ်ပါသည်။

အဘဦးစျားရယ်ထံမှ ကယားရိုးရာတေးများကို အသံသွင်းယူခြင်း၊ အနှစ်ချုပ်သဘော မြန်မာဘာသာသို့ ပြန်ဆိုခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ရရှိသော အချက်အလက် ဆိုင်ရာများကို ကယားအမျိုးသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ (ပြည်နယ်ရုံး)ရှိ ဆရာ ဦးခူးဖျားရယ် (နည်းပြ၊ သမိုင်းဌာန၊ လွိုင်ကော်တက္ကသိုလ်)နှင့် ဦးစျားရယ် (ထေးငှားလျားရွာ)တို့၏ အကူအညီကိုယူကာ ပြန်လည်စိစစ်ညှိနှိုင်းပြီး မြန်မာအက္ခရာဖြင့် အသံလှယ်ခြင်း၊ မြန်မာဘာသာပြန်ဆိုခြင်း၊ ကယားစာ (ကြယ်ဘိုးကြီးစာ)ဖြင့်ရေးသားခြင်း[၁]၊ စာပေရှုထောင့်ဖြင့် လေ့လာခြင်းဟူ၍ အဆင့်ဆင့် စိစစ်ကာ ဤစာတမ်းတွင် တင်ပြထားပါသည်။

## ၁။ ရိုးရာတေးဟူသည်

ရိုးရာတေးသီချင်းများသည် လူမျိုးစုတိုင်း၌ တည်ရှိပါသည်။ 'ရိုးရာ'ဝေါဟာရကို မြန်မာအဘိဓာန်တွင်–

"မိဘစဉ်ဆက်ကျင့်သုံးခဲ့သော အလေ့အထများ"[၂]

ဟူ၍လည်းကောင်း၊ မြန်မာ့အနုသုခုမအဘိဓာန်တွင်–

"ဘိုးဘွားစဉ်ဆက် လိုက်နာကျင့်သုံးလာခဲ့သော ဓလေ့များ"[၃]

ဟူ၍လည်းကောင်း၊ "သီချင်း" ကိုမူ–

"သီဆိုရန် သံစဉ်အမျိုးမျိုးဖြင့် ဖွဲ့ထားသော အဖွဲ့အနွဲ့"[၄]

ဟူ၍ လည်းကောင်း ဖွင့်ဆိုပါသည်။

---

[၁] ကယားစာ(ကြယ်ဘိုးကြီးစာ)ဖြင့် ရေးသားပေးခြင်းများကို ဤစာတမ်းတွင်ချန်လှပ်ခဲ့ပါသည်။

[၂] မြန်မာစာအဖွဲ့ဦးစီးဌာန၊ ၂၀၀၈၊ ၃၁၁။

[၃] ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၂၀၀၁၊ ၂၁၈။

[၄] မြန်မာစာအဖွဲ့ဦးစီးဌာန၊ ၂၀၀၈၊ ၃၇၂။

ရိုးရာတေးနှင့်ပတ်သက်၍ ဟာပါစာပေလက်စွဲကျမ်း၏ ဖွင့်ဆိုမှုကို-

"ရှေးရိုးစဉ်လာ ပြောကြားထိန်းသိမ်းလာခဲ့ကြသည့် နှုတ်ပြောစကား၊ နှုတ်မှတ်တမ်းများကို အခြေပြု၍ ဇာတ်လမ်းဆင် သရုပ်ဖော် ဖွဲ့ဆိုချက်များဖြစ်ပြီး လက်တန်း ရေးစပ်ရွတ်ဆိုလာခဲ့ရာမှတစ်ဆင့် အချိန်ကာလ ကြာမြင့်လာသောအခါ စာပေမှတ်တမ်းအဖြစ်သို့ ရောက်ရှိလာခြင်း ဖြစ်သည်"[၁]

ဟူ၍လည်းကောင်း၊

ဘလူးစတိန်း၏ ဖွင့်ဆိုမှုကို-

"ရိုးရာတေးကဗျာတို့သည် စာပေအနုပညာနယ်ပယ်တွင် ရှေးအကျဆုံးဖြစ်ယုံမက အထူးနှစ်သက်သဘောကျဖွယ် ကောင်းလှသည့် ရိုးရာအနုပညာဖန်တီးမှု သဘောများ ပါရှိနေတတ်သည်"[၂]

ဟူ၍လည်းကောင်း၊

ပါမောက္ခဆရာကြီး ဦးစိုးမြင့်က ဖော်ပြခဲ့ပါသည်။ Oxford Advanced Learner's Dictionary တွင် 'ရိုးရာ' ၏ အဓိပ္ပါယ်ကို 'လူမျိုးစုတစ်စုအတွင်း အချိန်ကာလများစွာကတည်းက တည်ရှိခဲ့ပြီး လက်ခံကျင့်သုံးလျက်ရှိသော ကိုးကွယ်ယုံကြည်မှု ဓလေ့များ'[၃] ဟု ဖွင့်ဆိုပါသည်။

ဖော်ပြပါအချက်အလက်များအရ **ရိုးရာတေးဟူသည်**-

"ဘိုးဘွားမိဘ အစဉ်အဆက် လိုက်နာကျင့်သုံးခဲ့သော အလေ့အထများ၊ ဓလေ့များကို နှုတ်ဖြင့် လက်တန်းသီကျူးကာ ထိန်းသိမ်းလာခဲ့သော ရှေးအကျဆုံး သရုပ်ဖော် ဖွဲ့ဆိုချက်များ"

ဟု ဆိုနိုင်ပါသည်။

## ၂။ ကယားရိုးရာတေးများ၏ သဘောသဘာဝ

ရိုးရာတေးများသည် ဘိုးဘွားစဉ်ဆက် လက်ခံကျင့်သုံးခဲ့သော ဓလေ့စရိုက်များဖြစ်၍ ရှေးကျမှုသည် အဓိကအချက် ဖြစ်ပါသည်။ ကယားတိုင်းရင်းသား

---

[၁] စိုးမြင့်၊ ဦး(ပါမောက္ခ-)၊ ၁၉၉၅၊ ၉-၁၀။

[၂] စိုးမြင့်၊ ဦး(ပါမောက္ခ-)၊ ၁၉၉၅၊ ၉-၁၀။

[၃] Oxford Advanced learner's Dictionary, 2010, 1642.

များသည် မိမိတို့၏ ရိုးရာတေးများကို အီရိုးခေါ် ရေးသီချင်းကြီးများအဖြစ် သတ်မှတ်ကြပါသည်။ ရိုးရာတေးများဖြစ်သည့် အီရိုးခေါ် ရေးသီချင်းကြီးများသည် ကဗျာ၊ လင်္ကာ၊ စကားပုံများကို စုပေါင်းဖွဲ့နွဲ့၍ သီဆိုထားခြင်း ဖြစ်သည်။

ရေးကယားစာများကို လေးလုံးကျ၊ ငါးလုံးကျ၊ ခြောက်လုံးကျ စုပေါင်းဖွဲ့နွဲ့သီဆိုရသောကြောင့် ကဗျာလင်္ကာတတ်သူ၊ စကားပုံနှင့် ဗဟုသုတကြွယ်ဝသူတို့သာ သီဆိုနိုင်ကြပါသည်။ ထိုရိုးရာတေးများ၊ သီချင်းကြီးများကို စာပေဖြင့် ရေးသားထားခြင်းမဟုတ်ဘဲ နှုတ်ဖြင့် အဆင့်ဆင့် မှတ်သားလာခဲ့ခြင်း ဖြစ်ပါသည်။ သီချင်းတစ်ပုဒ်လုံးကို ရရှိသူ အလွန်ရှားပါသည်။ အီရိုးကို သီဆိုသောအခါ လူနှစ်ယောက် အပြိုင်အဆိုင် သီဆို၍ အရှုံးအနိုင်လုကြပါသည်။ [၁] သီချင်းမှာ ရေးပဝေသဏီ ကမ္ဘာဖြစ်ပေါ်စအချိန်မှစ၍ လူ့သမိုင်းတစ်လျှောက်လုံးကို ဖွဲ့နွဲ့သီဆိုထားသော သီချင်းများဖြစ်သောကြောင့် ကယားတိုင်းရင်းသားတို့၏ ရာဇဝင်သမိုင်းကို ဖော်ထုတ်နိုင်သည်ဟု ဆိုပါသည်။

အဆိုပါ သီချင်းကြီးများကို သီဆိုရာတွင် အတီးအမှုတ်၊ အကအခုန်မပါဘဲ တေးသီချင်းသက်သက်ကိုသာ ရိုးရိုးသီဆိုကြပါသည်။ နားထောင်သော ပရိသတ်တို့မှာ တေး၏ အသံအနိမ့်အမြင့်ကို နားထောင်ခြင်းထက်၊ တေး၏ အဓိပ္ပါယ်ကိုသာ ဂရုစိုက်နားထောင်ကြပါသည်။

ကယားတိုင်းရင်းသားတို့၏ ရိုးရာတေးသီချင်းများတွင်–

(၁) အီရိုးဘျားမော့ဘျားဟေ (ကမ္ဘာမိုးမြေဖန်ဆင်းခြင်း)

(၂) အီဟယ် (နာရေးတေး)

(၃) အီရိုးထူသဲ (ချီးမွမ်းတေး)

(၄) အီဇားအိုမြေးဖု (သားချော့တေး)

(၅) အီရိုးပါကြေး(ပျက်ရယ်ပြုတေး)

(၆) ဖလာခဲ့(ခံစားချက်အဖုံဖုံကို သီကျူးတေး) [၂]

စသည်ဖြင့် သီချင်းအမျိုးအစားများ ရှိပါသည်။

[၁] မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ၁၉၆၇၊ ၂၆၄–၂၆၅။ (ကယား)
[၂] ကယားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့၊ ၂၀၁၃၊ ၈–၁၄။

ဤစာတမ်းသည် နှုတ်မှတ်တမ်းအဖြစ်သာ အများစုဖြစ်နေသော ကယားရိုးရာတေးများကို စာပေမှတ်တမ်းအဖြစ် ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ပါသည်။ ရရှိသော အချိန်ကာလ အတိုင်းအတာအတွင်း အတတ်နိုင်ဆုံး ရှာဖွေစုဆောင်းထားသော ကယားရိုးရာတေးများမှ ရိုးရာတေး(၄)ပုဒ်ကို မြန်မာစာပေရှုထောင့်မှ လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ထိုသို့လေ့လာတင်ပြရာတွင် ကယားရိုးရာတေး (၁)ပုဒ်စီအတွက် မြန်မာအသံထွက်နှင့် မြန်မာဘာသာပြန် ဟူ၍ ပါရှိပါသည်။ အချက်အလက်ပါဝင်မှုနှင့်ဖွဲ့ဆိုမှုဟူ၍ ခေါင်းစဉ်ငယ်များခွဲကာ သုတေသနပြု စိစစ်လေ့လာထားပါသည်။

## ၃။ ကယားရိုးရာတေးသီချင်းများကို လေ့လာခြင်း

ကယားရိုးရာတေးများအဖြစ် မိဘစကားနားထောင်ရန် ဆုံးမသောတေး၊ ငှက်များက ရာသီကို ဖော်ကျူးသောတေး၊ လက်ထပ်မင်္ဂလာတေး၊ နတ်ရုပ်တေးဟူ၍ ကယားရိုးရာတေး (၄)ပုဒ်ကို လေ့လာတင်ပြထားပါသည်။

## ၃၊ ၁။ မိဘစကားနားထောင်ရန်ဆုံးမသောတေး

ကယားတိုင်းရင်းသားများသည် ရှေးလူကြီးများ၏အဆိုအမိန့်များကို အလေးထားခဲ့ကြပါသည်။ မိမိတို့လူမျိုး၏သမိုင်းကို မေ့ပျောက်ခြင်းမရှိအောင် ခေတ်အဆက်ဆက် နှုတ်တိုက်အာဂုံဆောင် မှတ်သားလျက် ရပ်တည်နေသော လူမျိုးစုများ ဖြစ်ကြပါသည်။ လူ့အဖွဲ့အစည်းသို့ ဝင်ရောက်ချိန်တွင် အကြီးအကဲ၏ စကားကို နာခံတတ်စေရန်အတွက် အခြေခံပျိုးထောင်ပေးသူများသည် လက်ဦးဆရာဖြစ်သော 'ပုဗ္ဗာစရိယ မိနှင့်ဘ' ပင် ဖြစ်ပါသည်။ 'အမေစကားနားထောင် ဝေမျှ ကြီးရ၊ အဖေ စကား နားထောင်' ဟူသော ကယားစကားပုံကို အခြေခံကာ ရေးဖွဲ့ထားသော အောက်ဖော်ပြပါ ရိုးရာတေးဖြင့် မိမိတို့၏ သားသမီးများကို ဆုံးမကာ နှုတ်ဆင့်ကမ်းခဲ့ကြ ပါသည်။

### ၃၊ ၁၊ ၁။ အချက်အလက်ပါဝင်မှု

(၁) **ယယူအေ ပယ်မို ကြားကူး မို့ဟင်းပယ် တမြားနိဒါး ဖြေးအဖျားဒူ ပါးတကလီး ယကရာ ဒို့ ပယ်ဖဲယို့စယ် လိုးအချား ဒူပါးတကျို ကျူးမိုးငို့ ပီပိုးအဖွီး၊**

မိဘပြောသောစကား နားထောင်ကြပါကွယ်။ အဖေပြောတဲ့စကားကို လိုက်နာပါကွယ်။ အကျိုးရှိပါမယ်။ အလုပ်လုပ်လည်း လွယ်ကူသွားပါမယ်။

(၂) **ကျူးမိုးငို့ အီပူးဒူကလော့ အီပူးဒူရော့ အအိုတပလား ဖီးဖဲလားရော့ အီကျားထူးလို့ အီကျားထူး လို့ အိုတပလက်၊ ကျူးမိုငို့ အီပူးဒူကလော့ အီပူဒူရော့ ကျော့ဘို့ဖိုး၊**

အမေစကားနားထောင်ရင် အမွေရမယ်။ တစ်လံလောက် မွေရမယ်။ အဖေ စကားနားထောင်ရင် အမွေက တစ်တောင်လောက် ရမယ်။

(၃) **ဖီဖဲလား အီကျားထူးလို့ အီကျားထူး အီကျားစောဖျာ ကျူးမိုးငို့အီပူး ဘို့ဖိုး ဒို့ယင်းမှာ ဒူရေး ဒိုညား ဖီဖဲလာ အီကျားစောဖျာ ဒိုယေးမှာ ထူးကလော့ ဒွေ့ဆို**

အဖေစကားနားထောင်ရင် ထူးခြားတဲ့အမွေ ရမယ်။ ရှင်ဘုရင်ကဲ့သို့ အမွေ ရမယ်။ ရှေးရှေးက လူကြီးသူမတွေစကားကို လိုက်နာရင် အကျိုးအမြတ် ရှိပါမယ်။

(၄) **မိုးနီမိုး စီးဆောနော့ဘေး ကျူးမိုးငို့ ပီပိုးအဖွီ ဒီးဘူးဝီတိုရော့ ဝါ ပရော့ဖိုး ဖဲနီဖဲ ဒီးနော့ ဘေးလော့ ဖီဖဲလား ရာတယ် အမို ထေးဆူးတို ဝါဆော့ဒူ အကျား၊**

အဖေအမေကို ပြုစုစောင့်ရှောက်ကြပါကွယ်။ ခေါင်ရည်မချိုရင် ချိုအောင် လုပ်ပေးပါကွယ်။ ထမင်းမကောင်းရင်ကွယ် ဆန်ကို ဖြူဖွေးအောင် ထောင်းပေး ကြပါကွယ်၊ ပြုစုစောင့်ရှောက်ရပါမယ်။[၁]

## ၃၊ ၁၊ ၂။ ပွဲ့ဆိုမှု

လူကြီးမိဘစကားကို နာယူခြင်းသည် လူ့ယဉ်ကျေးမှုတစ်ရပ် ဖြစ်သည်။ အစဉ်တစိုက် နာခံလာခြင်း၊ လက်ဆင့်ကမ်းလာခြင်းကပင် ခိုင်မြဲတည်တံ့သော လူမျိုးစု၏ ဂုဏ်ဒြပ်ဖြစ်ကြောင်း သိမြင်နိုင်သည်။ မိဘစကားနားထောင်သူသည် ကြီးမြတ်သော အမွေရမည်ဖြစ်ကြောင်းကို 'ရှင်ဘုရင်ကဲ့သို့' ဟူသော ဥပမာအလင်္ကာဖြင့် ညွှန်ပြထားသည်။ အမွေရမည့် ပမာဏကို 'တစ်လံ'၊ 'တစ်တောင်' ဟု ရိုးရှင်းစွာ ဖော်ပြထားသည်။ ခေါင်ရည်ကို ချိုအောင် လုပ်ပေးခြင်း၊ ဆန်ကို ဖြူဖွေးအောင် ထောင်းပေးခြင်း ဟူသည့် ပြယုဂ်များသည် ရှေးကယားတိုင်းရင်းသားတို့၏ လူမှုဘဝ

[၁] ဤရိုးရာတေးကို (၂၈–၁–၂၀၁၇)တွင် ဒေါလိုရှေးရွာနေ အဘဦးစျားရယ်ထံမှ ရရှိပြီး ကယားအမျိုးသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ (ပြည်နယ်ရုံး)၌ (၁၆–၇–၂၀၁၇) ရက်နေ့တွင် မြန်မာဘာသာသို့ ပြန်ဆိုပြီးသည်။

နေထိုင်ရပ်တည်ပုံကို သရုပ်ပေါ်လာစေသည်။ ဤရိုးရာတေးသည် သားသမီးတို့၏ ဘဝကို မြင့်မားလာစေ၊ ဖြောင့်ဖြူးသာယာစေလိုသော မိဘမေတ္တာဘွဲ့ဟု ဆိုနိုင်သည်။

## ၃၊ ၂။ ငှက်များက ရာသီကို ဖော်ကျူးသောတေး

ဥတုရာသီတို့၏ ကာလအပိုင်းအခြားများကို သစ်ပင်ပန်းမာလ်၊ ကောက်ပဲသီးနှံတို့၏ ဖူးပွင့်ချိန်၊ ပျိုးကြဲချိန်၊ ရင့်မှည့်ရိတ်သိမ်းချိန်တို့ဖြင့် လည်းကောင်း၊ အချိန်နာရီကို အုန်းမောင်းခေါက်ချိန်၊ ဆွမ်းခံချိန်၊ ကြက်တွန်ချိန်၊ သူငယ်အိပ်ချိန်၊ သက်ကြီးခေါင်းချချိန် စသည်ဖြင့် မှတ်သားလာခဲ့ကြသည်မှာ မြန်မာ့ကျေးလက်၏ ရပ်ဓလေ့၊ ရွာဓလေ့များ ဖြစ်ပါသည်။ အလားတူ ရှေးဘိုးဘွား ကယားတိုင်းရင်းသားတို့၏ ရပ်ရွာလူမှုဝန်းကျင်မှ ပေါ်ထွက်လာသော ရိုးရာတေးများအနက် အောက်ဖော်ပြပါ ရိုးရာတေးသည် ရာသီကာလ၏ သဘာဝအနေအထားကို သိစေရန် ဖွဲ့သီထားသော ကယားရိုးရာတေးပင် ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### ၃၊ ၂၊ ၁။ အချက်အလက်ပါဝင်မှု

(၁) **စဲ့ညေးနာတို ပယ်နာ့စီး လူတူးဒူ ကလေးဖိုးချား၊ စဲ့ညေးလဲးတို စီးနာ့ပယ် လူကလားဒူ လော့ကရားဖိုးတု၊**

နေ့ကို မသိရင် တောဆီးသီးအပွင့်ကိုကြည့်ပါကွယ်။
လကိုမသိရင် ငုဝါပန်းကိုကြည့်ပေါ့ကွယ်။

(၂) **နာစဲ့ဘယ် ပီးပိုအဲခိုး၊ အဲကာတို့ဒူ ပယ်ဒေါထူး ခါးလယ်ကီးကဲရှော့ ဖိုးနီးဒါး၊ လဲးစဲ့တိုး စိုလိုအဲဖု၊ အဲကာတို့ ဒူပယ်ဒေါနာ့ မယ်စယ်ရဝေါ် တနေးတု၊**

ရာသီဥတုကောင်းသောနှစ်ဆို ပီပိုးငှက်လေး တေးသီတယ်။ တို့ရွာနံဘေးထိ လာအော်တတ်တယ်။ နားထောင်ကောင်းပေါ့ကွယ်။ ဒီလရောက်ရင် ဥသြငှက်က သီကျူးပြန်တယ်။ တို့ရွာ နံဘေးထိ လာအော်တယ်။ ကြည့်ကြစမ်းပါကွယ်။

(၃) **နာစဲ့ဘယ် ပီးပိုအဲခိုး၊ အဲလျာတို့ဒူဒိုး လဲစီး၊ လဲးစဲ့တိုး စိုလိုအဲဖု အာအဲဟျားတိုဒူး ပါလဲဟျာ၊**

ရာသီဥတု ကောင်းသောနှစ်ဆို ပီပိုးငှက်လေး တေးသီတယ်။ ပီပိုးငှက်က တပေါင်းလထိ အော်တတ်တယ်။ ရာသီဥတု မှန်ကန်ရင်ကွယ် ဥဩငှက်က တန်ခူးလထိ တေးသီကျူး ပြန်တယ်။

(၄) **မောကရော ကရော့မှာ လဲစီး ဘို့မိုးအို စူကူး ကုကတ် အာကရော်ဖဲ ပါပရဲ့ ဖိုးပေါဒို့နို့ မောကရော ကဒိုးမှာ လဲဟျာ စွီးဗျာအို စူကူး ၀ုဗျ အခရော်ဖဲ ပါပရဲ့ ဖိုးပေါက်ဒို့ဆို၊**

တပေါင်းလဆိုရင်လေ မိုးသံလေသံ ကြားရပါပြီ။ ပုတ်ထဲက စပါးစေ့များ လှုပ်ရှားလာကြပြီ။ စပါးစေ့လေးတွေကကွယ် အင်းထဲက **မာလာဖူး** ကဲ့သို့ အပင်ပေါက်ချင်လာကြ တယ်။

တန်ခူးလအခါဝယ် မိုးသံလေသံ ညံပေါ့ကွယ်။ ပုတ်ထဲက လူးဆပ်တွေ ကကွယ် တောတောင်ထဲက **မာလာပွင့်**လို လှုပ်ရှားရှင်သန်လာကြတယ်။[၁]

## ၃၊ ၂၊ ၂။ ပွဲ့ဆိုမှု

'ရာသီမသိ ပန်းနှင့်ညှို' ဟူသည့် ခလေ့ကို တွေ့နိုင်သည်။ မြန်မာတိုင်းရင်းသား ညီအစ်ကို မောင်နှမတို့၏ တူညီသော ခလေ့စရိုက်ကို ဖော်ကျူးပြသော ရိုးရာတေးပင် ဖြစ်သည်။ ကယားတိုင်းရင်းသားတို့သည် နေ့နှင့်လကို သိရန်အတွက် 'တောဆီးသီးပွင့်' နှင့် 'ငုဝါပန်းပွင့်' တို့၏အလှဖြင့် အဆုံးအဖြတ်ပြုကြကြောင်းကို ဖော်ကျူးထားသည်။ **အမြင်အာရုံ**ကို ဖြစ်ပေါ်စေသော စကားသုံးဝေါဟာရများ ဖြစ်သည်။ ပီပိုးငှက်နှင့် ဥဩငှက် တို့၏ တေးသီကျူးသံ၊ မိုးသံ လေသံ ဟူသော စကားသုံးများက **အကြားအာရုံ**ကို ဖြစ်စေခဲ့သည်။ မိုးသံလေသံကြောင့် ပုတ်ထဲက စပါးစေ့များ လှုပ်ရှားခြင်း၊ ပုတ်ထဲက လူးဆပ်များ ရှင်သန်လာခြင်းတို့ကို ညွှန်းဆိုခြင်းသည် မိုးရွာမှ ပျိုးသာမည့် သဘော၊ မျိုးစေ့မှန်၍ အပင်သန်သော သဘော၊ စားနပ်ရိက္ခာ ဝပြောသည့် သဘောအဖြစ် နားလည်စေသည်။ ကယားလူ့အဖွဲ့အစည်း၏ ရပ်ခလေ့ရွာခလေ့များကို မြင်ယောင် စေသည်။ ပြည့်စုံကုံလုံသော ရပ်ရွာ အဝန်းအဝိုင်းဖြစ်ကြောင်း အလင်္ကာမြောက်စွာ သွယ်ဝိုက်ပြခဲ့သည်။ 'အင်းထဲက **မာလာဖူး** ကဲ့သို့'၊ 'တောတောင်ထဲက **မာလာပွင့်** လို" ဟူသော ကွဲကွဲပြားပြား ခိုင်းနှိုင်းထားမှုသည် အလင်္ကာမြောက်ယုံမက **အညွှန်းခံ**[၂]

[၁] ဤရိုးရာတေးကို (၂၈–၁–၂၀၁၇) တွင် ဒေါလိုရှေးရွာနေ အဘ ဦးဈားရယ်ထံမှ ရရှိပြီး ကယားအမျိုးသားစာပေ နှင့် ယဉ်ကျေးမှုကော်မတီ (ပြည်နယ်ရုံး )၌ (၁၆–၇–၂၀၁၇) ရက်နေ့တွင် မြန်မာဘာသာသို့ ပြန်ဆိုပြီးသည်။

[၂] designata/ referent

ဖြစ်သော 'တပေါင်းလ' နှင့် 'တန်ခူးလ' ကို ဖော်ညွှန်းပြသော စာပေသင်္ကေတ အဖြစ်လည်း ယူနိုင်သည်။

## ၃၊ ၃။ လက်ထပ်မင်္ဂလာတေး

ကယားတိုင်းရင်းသားများသည် မိမိချစ်သူနှင့် စေ့စပ်ကြောင်းလမ်းခြင်း အောင်မြင်သွားလျှင် မင်္ဂလာပွဲအတွက် ကြက်ရိုးထိုးကာ ရက်ကောင်းရက်မြတ် ရွေးချယ်သတ်မှတ်ကြပါသည်။ မင်္ဂလာပွဲ ကျင်းပမည့်နေ့ရက်တွင် နှစ်ဘက် ရပ်နီး ရပ်ဝေး ဆွေမျိုးများကို ဖိတ်ကြားကြပါသည်။ ထိမ်းမြားမင်္ဂလာပွဲ ကျင်းပမည့် နံနက် စောစောအချိန်တွင် ရိုးရာဓလေ့အရ ဝက်ငယ်တစ်ကောင်ကို သတ်ပြီး ဝက်သည်းခြေကို ကြည့်ရပါသည်။ ဝက်သည်းခြေ ပဲ့ရွဲ့ခြင်း မရှိပါက မင်္ဂလာရှိသည်ဟု ယူဆကာ လက်ထပ်ပွဲကို ကျင်းပပါသည်။ ဖော်ပြပါသီချင်းသည် လက်ထပ်မင်္ဂလာပွဲတွင် သီဆိုသော ရိုးရာတေးသီချင်း ဖြစ်ပါသည်။

### ၃၊ ၃၊ ၁။ အချက်အလက်ပါဝင်မှု

(၁) **နာအိုအဲ့ နာဒူပရို့ထိုး တာဘယ်ကီလေ့ရှော့ ခေလူနလဲး လဲအိုဒိုးမာလဲဘူးဘော့လို့ တဘယ်ကောဝဲရှော့ တေးလူးနာ့နာ၊**

ဝါထပ်နှစ်ဆိုရင် ရာသီစပါးပေါ်ပြီးချိန် အကောင်းဆုံးပါပဲ။ လမှာဆိုရင် ပွင့်လင်းရာသီ အကောင်းဆုံးပါပဲကွယ်။

(၂) **ယားယူစီး အေလူးကရားကူး ဗီမိုးဖျူဒူပါးတကလီး ဗီမိုးဖျူဆီးဖုအိုကလဲ၊ ယာကရားစီး ဒါလူးယို့ဆယ် လို့မို့အျားဒူပါးတကြို လိုးမို့အျားဒူစီးလို့ဆဲ့၊**

တစ်ယောက်စကားကို တစ်ယောက် နားထောင်ကြမယ်။ သားသမီးထွန်းကား လာတဲ့အချိန်ထိ နားထောင်ကြမယ်။ အိုမင်းရင့်ရော်တဲ့အထိ နားထောင်ကြမယ်။

(၃) **မီတာရို့ စားစို့တဘိုး ကရိုးတရို့ကောဒူလူးလေးကလိုး၊ မီတပရိုး နဘိုးလို့စို့ ကရိုးတပရိုး ကားဒူလူးခါးလေ့၊**

မောင်ကရှေ့ကို တည့်တည့်လျှောက်ရင် မယ်ကလည်း လိုက်လျှောက်ပါ။

(၄) **ဖာ့လော်တော့တိ မာ စီရိဒေါ ဝါအီဒျကားနယ် လေးကလိုးချသို့ ကျော့ခါးဒိုဘူးဒဲ့၊**

**ဖာ့ကျဲ့ဆူထောမာ န ပရေ့လာဖဲ့ ဝါဆူထော ကားနယ်ခါးလေ့ ဆူထောသို့ နာလီဖူးကျဲ့၊**

ဖာ့လော်တော့ထိဆိုတဲ့ ဖိနပ်ဟာ စီရိဒေါကအကောင်းဆုံး။ နင်စီးပြီးတဲ့ဖိနပ်ကို ငါလိုက်စီးပါမယ်။ ငါ့ရဲ့ခြေထောက် အသားမာတက်တဲ့အထိ (ဖြူတဲ့အထိ) ငါလိုက်စီးမယ်။

ဖာ့ကျဲ့ဆူထောဆိုတဲ့ ဘွတ်ဖိနပ်ဟာ ပရေ့လာဖဲ့မှာ ရနိုင်တယ်။ နင်စီးတဲ့ ဘွတ်ဖိနပ်ကို ငါလိုက်စီးပါမယ်။ ငါ့ခြေထောက် ဖိနပ်ပေါက်တဲ့အထိ လိုက်စီးမယ်။

(၅) **ယားယုပယ် အေလူးကရားကူး ထျာဆိုရော့ ထျာရို့လူး တားလျား၊ ယားကရားရော့ ဒျာလူး ယို့ဆယ် လျာလျားရော့လူတာကရိုး၊**

တစ်ယောက်စကား တစ်ယောက်နားထောင်ရမယ်။ တောင်တက် တောင်ဆင်း ရင်ကွယ် အတူ လက်တွဲမပျက် တက်ပါ ဆင်းပါမယ်။

(၆) **ပိုး နာ့ ဂျ တဘူး ရူခေး မေ နာ့ ဗယ် တမေးဆယ့်ပလော်၊**

ညီအစ်ကို မောင်နှမတွေဆိုတာ ပါးစပ်တစ်ပေါက်ထဲ ဖြစ်သလို၊ ဇနီးမောင်နှံ ဆိုတာ သဘောထား အတူတူပါပဲကွယ်။

(၇) **အိုတိုး လူး ရူးဆို ရူကူး– အိုတိုးလူး ဆဲ့စိုးကရာန၊**

ဆံဖြူသွားကျိုးတဲ့အထိ ပေါင်းသင်းကြမယ်။

အိုမင်းတဲ့အထိ သစ္စာရှိရှိပေါင်းသင်းကြမယ်။

(၈) **အိုတိုးလူး တကု ငေါ်တား– အိုတိုးလူး တကော်ငေါ်လျာ၊**

ခါးကုန်းတဲ့အထိပေါင်းသင်းကြမယ်။

အသက်ကြီးတဲ့အထိ ပေါင်းသင်းကြမယ်။

(၉) **မေလူးထေးကိုဒိုးဟျား၊ မေလူးဒီးဘေးရားဆူ၊**

ခေါင်ရည်ဖြင့်ကောင်းကောင်းမွန်မွန်ပြုစုကြမယ်။ထမင်းဟင်းလျာဖြင့်
ပြုစုကြပါမယ်။[၁]

## ၃၊ ၃၊ ၂။ ပွဲဆိုမှု

လက်ထပ်မင်္ဂလာပြုရမည့် အချိန်နှင့် ရာသီကာလတို့ဖြင့် ရိုးရာတေးသီချင်းကို အစပျိုးထားသည်။ တစ်ယောက်အပေါ် တစ်ယောက် ထားရှိရမည့် မေတ္တာတရား၊ သစ္စာတရား၊ လေးစားမှု၊ ကြင်နာနားလည်မှု၊ အေးအတူ ပူအမျှ ရာသက်ပန်ရိုးမြေကျ ပေါင်းဖက်လိုမှုများဖြင့် ထုံမွမ်းထားသော ရိုးရာတေးတစ်ပုဒ် ဖြစ်ပါသည်။

'မောင်ရှေ့ကို တည့်တည့်လျှောက်ရင် မယ်ကလည်း လိုက်လျှောက်ပါ' ဟူသောရေးဖွဲ့မှုသည် အိမ်ထောင်ဦးစီးပီသသော ကယားတိုင်းရင်းသား ယောကျ်ားကောင်းတို့၏ စရိုက်လက္ခဏာကို ထင်ရှားစေသည်။ စိတ်တူသဘောတူ စစ်မှန်သော ဘဝခရီးဖော်အဖြစ် လျှောက်လှမ်းကြမည့် အနေအထားကို အလေးအနက်ပြုထားခြင်း ဖြစ်သည်။ ကဗျာဆရာကြီး မင်းယုဝေ၏ **အဖော်မွန်** ကဗျာနှင့် ဂီတစာဆို ဆရာမြို့မငြိမ်း၏ **မင်္ဂလာမောင်မယ်သီချင်း** များ၏ ဆက်နွယ်မှု မှတ်တမ်းအဆင့်ဆင့်ကို အမှတ်ရစေသည်။ [၂] 'မောင် ရှေ့ကို တည့်တည့်လျှောက်ရင်လေ၊ မယ်လည်း တည့်တည့် လိုက်ကာ လျှောက်မယ် မောင်ရေ၊ ဟောဟိုအရာ အဖြူပါပေ မြင်သလားမေ..' ဟူသည့် သီချင်းစာသားများနှင့် ယှဉ်တွဲကာ ဆိုညည်းမိစေသည်။ ဖော်ပြပါ ကယား ရိုးရာတေးသည် စိတ်ထားချင်း ယဉ်ကျေးမှုချင်း ကူးလူးဆက်စပ်လျက်ရှိသော မြန်မာ့ လူ့အဖွဲ့အစည်း၏ တူညီသော ဓလေ့စရိုက်နှင့် တူညီသော ခံယူချက်ကို ဖော်ညွှန်းပြနေပါသည်။

> "ဖှာ့လော်တော့တိ ဆိုတဲ့ ဖိနပ်ဟာ စီရိဒေါ(လွိုင်ကော်)က အကောင်းဆုံး"
>
> "ဖှာ့ကျဲ့ဆူထော ဆိုတဲ့ ဘွတ်ဖိနပ်ဟာ ပရေ့လာဗဲ့ (ငွေတောင်ပြည်)မှာ ရနိုင်တယ်"

---

[၁] ဤရိုးရာတေးကို ကယားအမျိုးသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ (ပြည်နယ်ရုံး)၌ (၃–၉–၂၀၁၇) ရက်နေ့တွင် မြန်မာဘာသာသို့ ပြန်ဆိုပြီးသည်။

[၂] မမိုးမြေ။ ၂၀၁၇။ ၂၃၂– ၂၃၃။

ဟူသော ရေးသီမှုသည် အနှိုင်းပြကာ ပုံဖော်ထားခြင်း ဖြစ်သည်။ ခင်ပွန်းယောကျ်ား များတွင် သူသည် အကောင်းဆုံးဖြစ်အောင် ကြိုးစားရပ်တည်သကဲ့သို့ ဇနီးဖြစ်သူ သည်လည်း အမွန်မြတ်ဆုံးဖြစ်အောင် ကြိုးစားရပ်တည်မည် ဟူသော ကတိစကားကို ဆိုထားခြင်း ဖြစ်သည်။

မောင်ချစ် နှမချစ်ကဲ့သို့ အေးချမ်းသော မေတ္တာဖြင့်လည်း ရပ်တည်ကြမည် ဟူသော သဘောကို–

"ညီအစ်ကို မောင်နှမဆိုတာ ပါးစပ်တစ်ပေါက်တည်း ဖြစ်သလို
ဇနီးမောင်နှံဆိုတာ သဘောထားအတူတူပါပဲကွယ်"

ဟု ရိုးရှင်းသော အနက်သဘောများဖြင့် သီကျူးထားသည်။

တစ်ဦးကိုတစ်ဦး တစ်ဖဝါးမခွာ ရေပူရေချမ်းကမ်းလှမ်းကာ နေထိုင်သွားကြမည် ဟူသော သဘောကို မိမိတို့ရပ်တည်ရာဒေသကို နောက်ခံပြု၍

"တောင်တက်တောင်ဆင်းရင်ကွယ် အတူလက်တွဲမပျက် တက်ပါ
ဆင်းပါမယ်"

ဟု သစ္စာပြုခဲ့ကြပါသည်။ ဆိုးတူကောင်းဖက် ရာသက်ပန် ရိုးမြေကျ နေထိုင်ရပ်တည် သွားကြမည့် သဘောတို့ကို မြင်ယောင်မိစေသည်။

ရိုးရာတေးသီချင်း အစအဆုံး တစ်ပုဒ်လုံးကို ခြုံကြည့်လျှင်–

––––––– နားထောင်ကြမယ်

––––––– နားထောင်ကြမယ်

––––––– နားထောင်ကြမယ်

––––––– လိုက်စီးပါမယ်

––––––– လိုက်စီးပါမယ်

––––––– လိုက်စီးပါမယ်

––––––– ပေါင်းသင်းကြမယ်

––––––– ပေါင်းသင်းကြမယ်

––––––– ပေါင်းသင်းကြမယ်

––––––– ပေါင်းသင်းကြမယ်

––––––– ပြုစုကြမယ်

––––––– ပြုစုကြမယ်

ဟူသော **အပြိုင်အဖွဲ့** [၁] များကို တွေ့နိုင်သည်။ ဘိုးဘွားဘီဘင်မှသည် ယနေ့မျက်မှောက်ခေတ်တိုင် ကယားတိုင်းရင်းသား ဇနီးမောင်နှံတို့၏ ချစ်ခြင်းတရားကို အလေးအနက်ပြုထားခဲ့သည်။ **သင်္ဂါရ ရသ** တို့ဖြင့် ထုံမွမ်းထားသော ရိုးရာတေး တစ်ပုဒ်ပင် ဖြစ်ပါသည်။

## ၃၊ ၄။ နတ်ရုပ်တေး

ကယားတိုင်းရင်းသားတို့၏ ရိုးရာယုံကြည်မှုကို ဖော်ကျူးထားသော တေး တစ်ပုဒ် ဖြစ်ပါသည်။ နတ်ရုပ်၏အမည်ကို ကယားဘာသာစကားဖြင့် ဖိုးဒီးကရီး (နတ်ရုပ်) ဟူ၍ ခေါ်တွင်ကြပါသည်။ ဖိုးဒီးကရီးကို 'မိုးပေါ်မှ ကျလာသော ဂူတွင်းထွက် အဖိုးတစ်ဦး' အဖြစ် ယုံကြည်ကြပါသည်။ ကယားရိုးရာ ဒီးကူပွဲတော် (ကောက်ညှင်းထုပ်ပွဲတော်)ကို ရှေးလွန်လေပြီးသော နှစ်ပေါင်း(၇၀၀)ခန့်က စတင်ကျင်းပလာခဲ့ကြပါသည်။ [၂] ပွဲတော်ကို ဝါဆိုလတွင် ကျင်းပပါသည်။ မကျင်းပမီ တစ်ရက်အလိုတွင် အဆိုပါနတ်ရုပ်နေလိုသောအိမ်၏ ကျပ်ခိုးစင်ပေါ်တွင် (၃)ရက် နေစေသည်။ ဒီးကူပွဲတော် ကျင်းပပြီးနောက် မကောင်းဆိုးဝါးများကို နတ်ရုပ်နှင့်အတူ ရွာပြင်သို့ စွန့်ပစ်ကြပါသည်။ ဒီးကူပွဲတော်သည် သေဆုံးပြီး မိဘဘိုးဘွားများကို ဂါရဝပြုခြင်းနှင့် မကောင်းဆိုးဝါးများကို မောင်းထုတ်သောပွဲ ဖြစ်ပါသည်။ ဒီးကူပွဲတော် ကျင်းပပြုလုပ်ခြင်းဖြင့် ကောက်ညှင်းထုပ်အတွဲကဲ့သို့ စည်းလုံးညီညွတ်ခြင်းကို ဖော်ဆောင်သော ဦးတည်ချက်ထားရှိကြပါသည်။

ဖိုးဒီးကရီး(နတ်ရုပ်)၏ ကိုယ်ကို ပလိုင်း၊ ခေါင်းကိုဗူးသီး၊ ဗူးသီးထဲ၌ မီးခတ်ကျောက်ကို ဦးနှောက်အဖြစ် ထည့်၍ထားပါသည်။ လက်ကို သက်ကယ်ဖြင့် ပြုလုပ်၍ အဝတ်ပတ်ပေးထားပါသည်။ နတ်ရုပ်ပြုလုပ်ပုံ တစ်ရွာနှင့်တစ်ရွာ ကွဲလွဲချက်များရှိပါသည်။ [၃] ဖော်ပြပါရိုးရာတေးသည် ဖိုးဒီးကရီးနတ်ရုပ် ပြုလုပ်ပုံ အစီအမံများနှင့် ကယားတိုင်းရင်းသားတို့၏ လက်ခံယုံကြည်မှု ဓလေ့တစ်ရပ်ကို မှတ်တမ်းတင်ထားသော ရိုးရာတေးဟု ဆိုနိုင်သည်။

[၁] parallelism

[၂] ငိုက်ရီ၊ ၂၀၀၂၊ ၇၄။

[၃] မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ ၁၉၆၇၊ ၃၀၈။ (ကယား)

### ၃၊ ၄၊ ၁။ အချက်အလက်ပါဝင်မှု

(၁) **ကူးမိုးပရိ ပယ်တယ် လော့ဘူး ဆူနူး ဒို့ မြားရီးဖူးကူး ပယ်ဖူးဆူဒို့လူး ကျီညေး အာကျို့မေ အနေးစက်ညေး၊**

အစွမ်းရှိတဲ့ တို့ကျောက်ဖြူပါ၊ ဝါးဗူးထဲမှာ ထည့်ထားတယ်။ နှစ်ယောက်တွဲ ကိုင်ထားတယ်။ သူ့ဖာသာသူ လှုပ်ပါတယ်။

(၂) **မီဒါးပရိ ပယ်မီဒါးတောထဲ့ ရားနူးဒွေပယ် လောဗျားဖူးပလယ် ပယ်ခရေဆူ ဒေးလူး ကျီထို့၊**

အစွမ်းရှိတဲ့ တို့သံမီးသွေးပါ။ ဝါးဗူးထဲမှာ ထည့်ထားတယ်။ နှစ်ယောက်တွဲ ကိုင်ထားတယ်။

(၃) **ဖီမို့ဖြဒူဟော ပယ်တကလွီး လိုမိုအျားဒူဟော ပယ်တာကြို၊**

တို့ကယားနဲ့ ထိုက်တန်လို့ ဒီ(ဖိုးဒီးကရီး)ကို ရတာပါ။

(၄) **ဖိုးဒီကရီးမှာ ပယ်ကယားလီဖူးတယ်ယေမှာ ပယ်ဖြေးဖိုး အူးကြဲသာဇဲ့၊**

ကယားလူမျိုးတွေ အခုမှ လုပ်တာမဟုတ်၊ ဘိုးဘွားအမွေ ဖြစ်တယ်။

(၅) **ကူးမိုးပရိ ပယ်တဲလောဘူး အလောကားတို ကျောဘာပရေးဒေါ၊**

**မီဒါးပရိ မီဒါးတော့ထဲ အလောကားတို လီဘိုးဟေးကော့၊**

ကျောက်ဖြူရဲ့အစွမ်းက ရှမ်းပြည်က စာရွက်စာပေ မလိုပါ။

အစွမ်းရှိတဲ့ တို့သံမီးသွေးက တရုတ်ပြည်ကခဲတံမလိုပါ။[၁]

### ၃၊ ၄၊ ၂။ ဖွဲ့ဆိုမှု

'ဝါးဗူး'၊ 'တို့ကျောက်ဖြူ'၊ 'တို့သံမီးသွေး'၊ 'ဘိုးဘွားအမွေ' ဟူသော **အနက်ပြစကားသုံး** များက ဤရိုးရာတေးအပေါ်တွင် စိတ်ဝင်တစားဖြင့် ဆွဲဆောင်နိုင်သည်။ 'အစွမ်းရှိတဲ့'၊ 'အစွမ်းရှိတဲ့' ဟူသည့် **နာမဝိသေသနအသုံး**[၂] များကို ထပ်ခါ

---

[၁] ဤရိုးရာတေးကို (၂၈–၁–၂၀၁၇)တွင် ဒေါလိုရေးရွာနေ အဘဦးဈားရယ်ထံမှ ရရှိပြီး ကယားအမျိုးသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ (ပြည်နယ်ရုံး)၌ (၂၀–၈–၂၀၁၇)ရက်နေ့တွင် မြန်မာဘာသာသို့ ပြန်ဆိုပြီးသည်။

[၂] adjectival

ထပ်ခါ သုံးထားခြင်းဖြင့်၊ လက်ခံလျက်ရှိသော၊ ယုံကြည်မှု ထက်သန်သော ကယားတိုင်းရင်းသားတို့၏ သဒ္ဓါတရားကို တွေ့မြင်နိုင်သည်။ 'တို့ကယား'၊ 'တို့ကျောက်ဖြူ"၊ 'တို့သံမီးသွေး' ဟူ၍ **ပိုင်ဆိုင်မှုပြနာမ်စား** အသုံးများဖြင့် မိမိလူမျိုး၊ မိမိတို့၏ သယံဇာတ၊ မိမိတို့၏ ပိုင်ဆိုင်မှု၊ မိမိတို့၏ ဘိုးဘွားအမွေဆက်ခံမှုကို ဂုဏ်ယူသော သဘောကို ဖော်ကျူးပြသည်။ ကယားတိုင်းရင်းသားတို့၏ ရင်းနှီးဆက်နွယ်မှု၊ နီးစပ်ပတ်သက်မှု အနေအထားများကို 'ရှမ်းပြည်က စာရွက်စာပေ'၊ 'တရုတ်ပြည်က ခဲတံ' ဟူသော **အပြိုင်ပုဒ်** များဖြင့် ရေးသီထားသည်။ လူကြီးသူမများက မျိုးဆက်သစ်များအား ရိုးရာအမွေကို လက်ဆင့်ကမ်း ထိန်းသိမ်းစေလိုသော ဦးတည်ချက်ကိုလည်း ဖော်ညွှန်းနိုင်သည့် ရိုးရာတေးတစ်ပုဒ် ဖြစ်သည်။

## ခြုံငုံသုံးသပ်ချက်

ကယားတိုင်းရင်းသားများသည် အခြားတိုင်းရင်းသားတို့နည်းတူ ဘိုးဘွားဘီဘင် အဆက်ဆက် မိမိတို့၏ ရိုးရာတေးများကို အာဂုံဆောင်ခဲ့ကြပါသည်။ ဤအချက်သည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၏ တူညီသော စရိုက်လက္ခဏာများ ဖြစ်ပါသည်။ မိမိတို့မျိုးနွယ်စု အသီးသီး၏ ဓလေ့ထုံးစံများကို လက်ဆင့်ကမ်းခြင်း၊ ထိန်းသိမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့သည် တိုင်းရင်းသား အသီးသီးတို့၏ ယဉ်ကျေးမှု စရိုက်လက္ခဏာများပင် ဖြစ်သည်။

ကယားတိုင်းရင်းသားတို့သည် မိမိတို့ကြီးပြင်းရပ်တည်ရာ သဘာဝပတ်ဝန်းကျင်နှင့် စိတ်ကူးစိတ်သန်းကို အခြေပြု၍ ကိုးကွယ်ယုံကြည်မှု၊ စုစည်းညီညွတ်မှု၊ ဖန်တီးတီထွင်မှု၊ စာနာနားလည်မှုများ၊ ချစ်ခြင်းတရားများဖြင့် လောကကို အလှဆင်ခဲ့ကြသည်။ မိမိတို့၏ ရိုးရာဓလေ့စရိုက်များကို ထိန်းသိမ်းပြုပြင်ခဲ့ကြသည်။ ကွက်လပ်ဖြစ်နေသော အားနည်းချက်များကို ဝိုင်းဝန်းအဖြေရှာ ဖြည့်ဆည်းခဲ့ကြသည်။ မိမိတို့၏ ယဉ်ကျေးမှုကို အဆင့်မြှင့်တင်ခဲ့ကြပါသည်။ ယင်းသည်ပင် ကယားတိုင်းရင်းသားမျိုးနွယ်စု၏ ဂုဏ်ဒြပ်ပင် ဖြစ်ပါသည်။

ဤစာတမ်းသည် ကယားတိုင်းရင်းသားတို့၏ ဘိုးဘွားဘီဘင် အဆက်ဆက် မိမိတို့မျိုးနွယ်စု၏ သမိုင်းကြောင်း၊ ပုံပြင်၊ ဒဏ္ဍာရီများ၊ လင်္ကာကဗျာများကို လက်တန်းရေးစပ်ကာ ရွတ်ဆိုလက်ဆင့်ကမ်းခဲ့သော ကယားရိုးရာတေး မြောက်မြားစွာထဲမှ အစိတ်အပိုင်း တစ်ခုမျှသာ ဖြစ်ပေသည်။ နှုတ်မှတ်တမ်းအဖြစ်သာ အများစု ဖြစ်နေသော ကယား

ရိုးရာတေးများကို စာပေမှတ်တမ်းအဖြစ် ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဤစာတမ်းကို သုတေသနပြုခဲ့ခြင်း ဖြစ်ကြောင်း ဆိုခဲ့ပြီး ဖြစ်ပါသည်။

ဤစာတမ်းတွင် ကယားရိုးရာတေးသီချင်းများအဖြစ် မိဘစကားနားထောင်ရန် ဆုံးမသော တေး၊ ငှက်များ ကရာသီကို ဖော်ကျူးသောတေး၊ လက်ထပ်မင်္ဂလာတေး၊ နတ်ရုပ်တေး ဟူ၍ (၄)ပုဒ် ပါဝင်ပါသည်။

အခန်း(၂)တွင် ဖော်ပြထားသော ကယားရိုးရာတေး အမျိုးအစားများနှင့် ချိန်ထိုးကြည့်လျှင် မိဘစကားနားထောင်ရန် ဆုံးမသောတေး၊ ငှက်များက ရာသီကို ဖော်ကျူးသောတေး၊ နတ်ရုပ်တေးများသည် **အီရိုးထူသဲ** သီချင်းအမျိုးအစားတွင် လည်းကောင်း၊ လက်ထပ်မင်္ဂလာတေးသည် **ဖလာခဲ့** သီချင်းအမျိုးအစားတွင် လည်းကောင်း ပါဝင်ကြောင်း ယေဘုယျအားဖြင့် ဆိုနိုင်ပါသည်။

ကယားတိုင်းရင်းသားများသည် လောကသဘာဝဝန်းကျင်မှ ပေးသော အတွေ့ အကြုံများကို မှုတည်၍ မျိုးဆက်သစ် သားငယ်သမီးငယ်များကို မိဘများက သိမ်မွေ့စွာ ပြုစုပျိုးထောင်ခြင်း၊ ကယားတိုင်းရင်းသား ဘိုးဘွားဘီဘင် အမိအဘ တို့သည် မိမိတို့၏ သားသမီး မြေးမြစ်များကို လူ့အဖွဲ့အစည်းအတွင်း ယဉ်ကျေးစွာ ရပ်တည်နိုင်ရန် အလေ့အကျင့်ပြုပေးခြင်းများအပြင် လောကသဘာဝအတွင်းမှ အလှ တရားများကို ရှာဖွေမှု၊ ခင်တွယ်မြတ်နိုးမှု၊ ကိုယ်ကျင့်သိက္ခာ စောင့်စည်းလိုက်နာမှု၊ မိမိတို့၏ ရိုးရာဓလေ့ကို ယုံကြည်စွာ လက်ခံထိန်းသိမ်းမှု၊ ဇာတိမြေအတွက် ချစ်ခင် ဂုဏ်ယူမှု၊ တွေးခေါ်ဆင်ခြင်မှု၊ ထိုးထွင်းဉာဏ်ရှိမှု၊ ဖန်တီးနိုင်စွမ်းရှိမှုများသည်- ယင်းတို့ စိတ်သန္တာန်အတွင်း ကိန်းအောင်းလျက်ရှိသော ယဉ်ကျေးမှု စရိုက်လက္ခဏာများပင် ဖြစ်သည်။ ဖော်ပြပါအချက်များကို ကယားရိုးရာတေးသီချင်းများတွင် ပါရှိသော သရုပ်ဖော် အဖွဲ့၊ အလင်္ကာတန်ဆာဆင်မှု၊ တင်စားမှု၊ စကားအသုံးအနှုန်းများနှင့် ခံစားမှုရသ ပေးသော ဖွဲ့ယှက်မှုများမှတစ်ဆင့် ရှာဖွေတွေ့ရှိခဲ့ကြောင်း လေ့လာတင်ပြအပ်ပါသည်။

## နိဂုံး

ကယားတိုင်းရင်းသားတို့၏ ရိုးရာတေးများကို လေ့လာတင်ပြရခြင်းဖြင့် တိုင်းရင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး ပိုမို၍နားလည်ကာ ခိုင်မြဲသော စည်းလုံးချစ်ခင်မှုကို ရရှိစေပါသည်။ နှုတ်မှတ်တမ်းအဖြစ် အများစုဖြစ်နေသော ရိုးရာတေးများကို စာပေမှတ်တမ်းအဖြစ် စိစစ်ကာ သုတေသနပြုခွင့်ရခဲ့ခြင်းကြောင့် ကယား တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာစာပေရှုထောင့်မှ အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်း ယုံကြည်ပါသည်။

## ကျမ်းကိုးစာရင်း


### မြန်မာဘာသာ

ကယားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့။ (၂၀၁၃)။ ***EthnoArts ကယားလူမျိုးစု အနုပညာ အလုပ်ရုံဆွေးနွေးပွဲ***။ ဒေါလျားခူကျေးရွာ၊ ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ်။

ငိုက်ရီ။ (၂၀၀၂)။ ***ကေ့ထျိုးဘိုးဘာသာ*** (ဒုတိယအကြိမ်)။ ကေ့ထျိုးဘိုးရိုးရာ ဂေါပကအဖွဲ့ချုပ်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။

စိုးမြင့်၊ ဦး(ပါမောက္ခ–)။ (၁၉၉၅)။ အင်းလေးတိုက်တေးကဗျာနှင့်အင်းသားရိုးရာ (အတွဲ–၁၊ အမှတ်–၁)၊ ***မြန်မာစာသုတေသနဂျာနယ်***။ ရန်ကုန်၊ သိဒ္ဓိမြိုင်ပုံနှိပ်တိုက်။

မမိုးမြေ။ (၂၀၁၇)။ ***စာဖတ်ချင်အောင် ဘယ်လိုရေးခဲ့ကြသလဲ***။ ရန်ကုန်။ စိုးမိုးလွင်မိသားစုစာပေ။

မြန်မာစာအဖွဲ့ဦးစီးဌာန၊ (၂၀၀၈)။ ***မြန်မာအဘိဓာန်*** (ဒုတိယအကြိမ်)။ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ။ (၁၉၆၇)။ ***တိုင်းရင်းသား ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ (ကယား)***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ယဉ်ကျေးမှုဝန်ကြီးဌာန။ (၂၀၀၁)။ ***မြန်မာ့အနုသုခုမအဘိဓာန်***။ ရန်ကုန်၊ မေတ္တာမိုးပုံနှိပ်တိုက်။

### အင်္ဂလိပ်ဘာသာ

Oxford Advanced Learner’s Dictionary. (2010). Eighth Edition, Oxford University Press.

## နောက်ဆက်တွဲ(က)



(ဒေါလိုရှေးရွာမှ အဘဦးစျားရယ်)



(အဘဦးစျားရယ်နှင့်စာတမ်းရှင် ၂၈–၁–၂၀၁၇)









(ကွင်းဆင်းဓာတ်ပုံများ)

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# မုန်း၍မဟူဝတ္ထုမှ ဇာတ်လမ်းနှင့်ဇာတ်ဆောင်ဆက်သွယ်မှု

သိမ့်သိမ့်ဦး*

## စာတမ်းအကျဉ်း

ဤစာတမ်းတွင် ဂျာနယ်ကျော်မမလေး ရေးသားသော ‘မုန်း၍မဟူ’ ဝတ္ထုမှ ဇာတ်လမ်းနှင့် ဇာတ်ဆောင်ဆက်သွယ်မှုများကို တင်ပြထားပါသည်။ ‘မုန်း၍မဟူ’ ဝတ္ထုသည် ဂျာနယ်ကျော်မမလေး၏ ထူးခြားပြောင်မြောက်သော အနုပညာလက်ရာ ဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။ စာပေဗိမာန်ဆုရ ဝတ္ထု ဖြစ်သည်။ ‘မုန်း၍မဟူ’ ဝတ္ထုသည် ရသမြောက်သော ဝတ္ထုရှည်ကောင်းတစ်ပုဒ် ဖြစ်ရခြင်းမှာ ဇာတ်လမ်းကောင်းမွန်ရုံသာမက ဇာတ်ဆောင်စရိုက်အဖွဲ့များမှာလည်း ကောင်းမွန်သည့်အတွက်ဖြစ်ကြောင်းကို ဤစာတမ်း၌ တင်ပြသွားပါမည်။ အခန်း(၁)တွင် ‘မုန်း၍မဟူ’ဝတ္ထုအပေါ်တွင် တိုင်းတစ်ပါးစာပေပညာရှင်တို့၏အမြင်၊ အခန်း(၂)တွင် ဇာတ်လမ်းနှင့် ဇာတ်ဆောင်ဆက်သွယ်မှုသဘောနှင့် အခန်း(၃)တွင် ‘မုန်း၍မဟူ’ ဝတ္ထု၌တွေ့ရသော ဇာတ်လမ်းနှင့် ဇာတ်ဆောင်ဆက်သွယ်မှုတို့ ပါဝင်ပါသည်။

## နိဒါန်း

ဝတ္ထုရှည်တစ်ပုဒ်ကိုဖန်တီးရာတွင် ဖန်တီးမှုအတတ်ပညာ အမျိုးမျိုးကို အသုံးပြုတတ်ကြပါသည်။ အချို့က ဇာတ်လမ်း၏ဆန်းကြယ်မှုကို အာရုံပြု၍ လျှို့ဝှက်သည်းဖိုဆန်သော၊ မြူပ်ကွက်၊ လှည့်ကွက်ပါသော ဇာတ်လမ်းမျိုးကို ဖန်တီးလေ့ ရှိပါသည်။ အချို့ကမူ လူ့သဘာဝအဖွဲ့ကောင်းများပါဝင်သော ဝတ္ထုမျိုးကို ဖန်တီးလေ့ ရှိပါသည်။ လူ့သဘာဝအဖွဲ့ကောင်းများ ပါဝင်စေရန်အတွက် ဇာတ်ဆောင်တို့၏ ဇာတ်လမ်းဘောင်အတွင်း၌ ပါဝင်လှုပ်ရှားရသော စရိုက်သဘာဝများကို ဒိဋ္ဌလောကမှ လူသားများနှင့် တူသည်ဟု ထင်ရအောင် ရေးသားတင်ပြခြင်းဖြင့်လည်း လူ့သဘာဝအဖွဲ့ အားကောင်းသော ဝတ္ထုရှည်ကောင်းများ ဖြစ်လာလေ့ ရှိပါသည်။

ဂျာနယ်ကျော်မမလေး၏ ဝတ္ထုရှည်များကို လေ့လာကြည့်လျှင်မူ ဇာတ်လမ်းနှင့် ဇာတ်ဆောင် နှစ်မျိုးစလုံးသည် ခိုင်မာ၍အားကောင်းသည်ကို တွေ့ရတတ်ပါသည်။ ဂျာနယ်ကျော်မမလေး၏ဝတ္ထုများကို ပရိသတ်တို့က နှစ်သက်စွဲမက်ရခြင်းမှာ ဇာတ်ဆောင်အဖွဲ့များ အားကောင်းသောကြောင့် ဖြစ်သည်ဟုလည်း ဆိုရပါမည်။

ဂျာနယ်ကျော်မမလေးသည် လူ့သဘော လူ့သဘာဝကို ကောင်းစွာ နားလည်ကျွမ်းကျင်သူ ဖြစ်သည့်အလျောက် ဇာတ်လမ်းနှင့်အံဝင်ဂွင်ကျဖြစ်သည့် ဇာတ်ဆောင်များကို သရုပ်ဖော်ရာ၌ အလွန်အသေးစိတ်ကျသည်။ အသေးစိတ်ရေးဖွဲ့နိုင်မှုကြောင့်

---

* ဒေါက်တာ၊ လက်ထောက်ကထိက၊ မြန်မာဘာသာဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်

ဇာတ်ဆောင်တို့သည် စာဖတ်သူ၏စိတ်အာရုံ၌ ထင်မြင်လာပြီးလျှင် ဝတ္ထုဆုံးသည့်တိုင် စွဲကျန်ရစ်တတ်ပါသည်။ ထိုသဘောကို 'မုန်း၍မဟူ' ဝတ္ထုတွင် တွေ့နိုင်ပါသည်။ 'မုန်း၍မဟူ' ဝတ္ထုကို တစ်ကြိမ်ဖတ်မိရုံနှင့် စာဖတ်သူသည် ဦးစောဟန်နှင့် ဝေဝေဆိုသည့် အဓိက ဇာတ်ဆောင်များကို မမေ့နိုင်ပါ။ ထိုသူနှစ်ဦးလုံး၏ ဆန်းပြားပြီးလျှင် ကရုဏာသက်ဖွယ်ဖြစ်သော ချစ်ခြင်းမေတ္တာ၏သဘောကို အမှတ်တရ ရှိနေတတ်ပါသည်။ ဤစာတမ်းတွင် 'မုန်း၍မဟူ' ဝတ္ထုမှ ဇာတ်ဆောင်တို့ကို ဇာတ်လမ်းနှင့် အံဝင်ဂွင်ကျဖြစ်အောင် သရုပ်ဖော်နိုင်သောကြောင့် ဇာတ်လမ်းနှင့်ဇာတ်ဆောင်တို့ ဆက်စပ်ကာ ရသမြောက်ဝတ္ထုကောင်း ဖြစ်လာရသည်ဆိုသော သဘောကို ဆွေးနွေးတင်ပြသွားမည် ဖြစ်ပါသည်။

## ၁။ မုန်း၍မဟူ ဝတ္ထုအပေါ်တွင် တိုင်းတစ်ပါးစာပေပညာရှင်တို့၏ အမြင်

'မုန်း၍မဟူ' ဝတ္ထုသည် ဂျာနယ်ကျော်မမလေး၏ အောင်မြင်ကျော်ကြားသော ရသမြောက်ဝတ္ထုကောင်း တစ်ပုဒ် ဖြစ်ပါသည်။ (၁၉၅၅)ခုနှစ်တွင် စာပေဗိမာန်စာပေဆု ရခဲ့သည်။ စာပေဗိမာန်ရွေးချယ်ရေးကော်မတီက–

> "မုန်း၍မဟူ ဝတ္ထုတွင် ဇာတ်လမ်းမှာ ရိုးရိုးပင် ဖြစ်လေသည်။ သို့သော် စေတနာအပြည့်ရှိလင့်ကစား အမြင်တူမှု လိုက်လျောညီမှု မရှိသောကြောင့် အဆင်မပြေသော အိမ်ထောင်ရေးတစ်ခုကို တင်ပြထားသည်။ ထိုဝတ္ထုတွင် ဘဝလှေ့လာမှု၊ ဘဝအမြင်ရှိမှုတို့လည်း ပါဝင်၍ ရသပေါ်အောင် သရုပ်ဖော်နိုင်သော အစွမ်းလည်း ပါရှိသည်"[၁]

ဟု မှတ်ချက်ချထားပါသည်။

'မုန်း၍မဟူ' ဝတ္ထုကို နိုင်ငံခြားတိုင်းပြည်များကပါ ဘာသာပြန်ဆိုခဲ့ကြပါသည်။

> "(၁၉၈၅)ခုနှစ်တွင် တရုတ်နိုင်ငံ ဘေကျင်းတက္ကသိုလ် အရှေ့တိုင်းဘာသာဌာနက ဘူရှီဟဲန်အမည်ဖြင့် တရုတ်ဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့သည်။ ဘာသာပြန်ဆိုသူတို့က အနောက်တိုင်းယဉ်ကျေးမှု၏ ဓားစာခံဖြစ်ရ၍ နောင်တရပုံနှင့် အနောက်တိုင်းကို အထင်ကြီး

---

[၁] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၁၀။

> ချင်တာတွေ၊ ကိုယ့်ကိုယ်ကိုယ်နိမ့်ကျတယ်လို့ထင်တဲ့ လူငယ်တွေ အတွက် သတိပေးတဲ့ ခေါင်းလောင်းသံ"[၁]

ဟု ရှုမြင်သုံးသပ်ထားပါသည်။ တရုတ်ဘာသာသို့ ပြန်ဆိုသည့် ပညာရှင်တို့က ဦးစောဟန်သည် အနောက်တိုင်းယဉ်ကျေးမှုကို ကိုးကွယ်သူ ဖြစ်သည်။ သို့ဖြစ်၍ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာအတိုင်း မွေးဖွားကြီးပြင်းခဲ့သော ဝေဝေနှင့် အိမ်ထောင်ရေး ဘဝတွင် ပဋိပက္ခများ ဖြစ်ပွားခဲ့ရသည်။ အိမ်ထောင်မှုဘဝ ဆုံးရှုံးခဲ့ရသည် ဟူသော အမြင်ကို အလေးပေးထားသည်ကို တွေ့ရသည်။

(၁၉၉၁)ခုနှစ်တွင် 'မုန်း၍မဟူ' ဝတ္ထုကိုပင် NOT OUT OF HATE အမည်ဖြင့် အင်္ဂလိပ်ဘာသာပြန်ကို အမေရိကန်နိုင်ငံ အိုဟိုင်အိုတက္ကသိုလ်၏ နိုင်ငံတကာလေ့လာရေး စင်တာက ထုတ်ဝေခဲ့ပါသည်။ ထိုစာအုပ်တွင်မူ–

> "ကိုလိုနီခေတ်သမိုင်းကို လေ့လာသူများအတွက် အနောက်နိုင်ငံ နှင့် မြန်မာ့ယဉ်ကျေးမှုတို့၏ ပဋိပက္ခအသွင်ကို ထင်ရှားထူးခြား မှတ်သားစွာ ဖော်ပြနိုင်သော ဝတ္ထု"[၂]

ဟု သုံးသပ်ပြထားပါသည်။ ဗြိတိသျှတို့လက်အောက်တွင် နေထိုင်ခဲ့ကြသော မြန်မာ တို့အနေနှင့် ယဉ်ကျေးမှုချင်း ရောထွေးယှက်တင်ဖြစ်ကာ အိမ်ထောင်မှုဘဝများ၌ပင် ပဋိပက္ခများရှိခဲ့ပုံကို နိုင်ငံရေးနှင့်ယှဉ်၍ ယဉ်ကျေးမှုဓလေ့ထုံးစံသဘောပါ ပေါင်းစပ်ကာ ရှုမြင်သုံးသပ်ထားသော အမြင် ဖြစ်ပါသည်။

ထိုဝတ္ထုကိုပင် ပြင်သစ်နိုင်ငံ အာရှစာပေဌာန(မြန်မာစာ)၏ လာမာတန်တိုက်မှ (၁၉၉၄)ခုနှစ်တွင် ဘာသာပြန်ဆို ထုတ်ဝေခဲ့ပြန်သည်။ မြန်မာဘာသာမှ ပြင်သစ် ဘာသာသို့ ပထမဆုံးပြန်ဆိုသော ဝတ္ထုဖြစ်သည်။ ထိုစာအုပ်၌–

> "ဝတ္ထုဇာတ်လမ်း၏ ကျောရိုးဖြစ်သော ယဉ်ကျေးမှုပဋိပက္ခကြောင့် အိမ်ထောင်ရေး သဟဇာတမဖြစ်ပုံကို ဖော်ပြကာ ကိုလိုနီ သိမ်းသွင်းမှုသည် မြန်မာနိုင်ငံ၏လူနေမှုစနစ်ကို လောင်ကျွမ်း စေလျက် အမျိုးသားယဉ်ကျေးမှုအား ထိခိုက်စေကြောင်း၊ ဆရာမကြီးက လူတွေ၏ အမျိုးသားစိတ်ဓာတ်ကို နှိုးဆော်၍ တိုင်းတစ်ပါး

[၁] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၁၄။
[၂] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၁၄။

> ယဉ်ကျေးမှု၏ လွှမ်းမိုးခြင်းခံရမှုကို ကာကွယ်ရန် သတိချပ်ဖို့ လိုကြောင်းများ ရေးသားထားပါသည်"[၁]

ဟု ဆိုထားပါသည်။ ပြင်သစ်ဘာသာသို့ ပြန်ဆိုသူ၏အမြင်အရကြည့်လျှင် ယဉ်ကျေးမှု ပဋိပက္ခသည် အမျိုးသားရေးစိတ်ဓာတ်အထိ အရေးပါမှုကို ရှုမြင်သုံးသပ်ပြထားပါသည်။

၁၉၇၂ ခုနှစ်တွင် ရုရှနိုင်ငံ သိပ္ပံအကယ်ဒမီသိပ္ပံပညာတံခွန်အသင်းမှ ထုတ်ဝေသည်။ ထိုစာအုပ် အမှာစာတွင်–

> "မုန်း၍မဟူ ဇာတ်လမ်းအကျဉ်းချုပ်ကို ဖော်ပြပြီး အနောက်တိုင်း ယဉ်ကျေးမှုတို့၏ လွှမ်းမိုးမှုနှင့် တိုင်းရင်းသားယဉ်ကျေးမှုတို့၏ ပဋိပက္ခဖြစ်မှုကို ဆန်းစစ်ဖော်ပြပါသည်။"[၂]

ဟု သုံးသပ်ပြထားပါသည်။ ထိုအမြင်အရကြည့်လျှင် ယဉ်ကျေးမှုချင်း ပဋိပက္ခဖြစ်ခြင်းကြောင့် အိမ်ထောင်ရေးပဋိပက္ခများ ဖြစ်ပေါ်လာရပုံမှတစ်ဆင့် နယ်ချဲ့စနစ်နှင့် အမျိုးသားလွတ်မြောက်မှုအရေးသို့ ရောက်အောင် နက်ရှိုင်းကျယ်ပြန့်သော အကြောင်းအရာကို လူနှစ်ဦး၏ မတူညီသော ချစ်ခြင်းမေတ္တာ၊ ထိတွေ့မှုများဖြင့် သိမ်သိမ်မွေ့မွေ့ ရေးဖွဲ့တင်ပြထားသော ဝတ္ထုတစ်ပုဒ်ဟု သုံးသပ်မိပါသည်။

၁၉၈၁ ခုနှစ်တွင်လည်း ဥဇဘတ်ဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့ပါသည်။ ရသစာပေတစ်ပုဒ်ကို ယဉ်ကျေးမှုဓလေ့ထုံးစံချင်း မတူသော ကမ္ဘာ့နိုင်ငံအသီးသီးကနားလည်ခံစားနိုင်အောင် ဖန်တီးရေးသားနိုင်ရန် ခက်ခဲလှပါသည်။ သို့ရာတွင် ဂျာနယ်ကျော် မမလေးသည် သူ၏အတွေးအမြင်၊ အနုပညာစိတ်ကူးတို့နှင့် ပေါင်းစပ်၍ ကမ္ဘာ့နိုင်ငံအသီးသီးမှ နှစ်သက်ခံစားနိုင်အောင် ရေးဖွဲ့ခံစားနိုင်စွမ်း ရှိခဲ့ပါသည်။

## ၂။ ဇာတ်လမ်းနှင့်ဇာတ်ဆောင်ဆက်သွယ်မှုသဘော

ဝတ္ထုတွင် အဓိကအင်္ဂါရပ်များအဖြစ် ပါဝင်သော ဇာတ်လမ်းနှင့်ဇာတ်ဆောင်ကို ဖန်တီးရာတွင် အချို့က ဇာတ်လမ်းကိုအလေးထား၍ ဖန်တီးတည်ဆောက်ကြသည်။ ဇာတ်ဆောင်တို့ကို ဇာတ်လမ်း၏လိုအပ်ချက်အရသာ ပါဝင်စေသည်။ အချို့ကမူ ဇာတ်ဆောင်ကို အဓိကထား၍ရေးသားလေ့ရှိပြီး ဇာတ်ဆောင်၏စရိုက်သဘာဝနှင့် လိုက်ဖက်သော ဇာတ်လမ်း၊ ရည်ရွယ်ချက်နှင့်လိုက်ဖက်သော ဇာတ်လမ်းကို ဖန်တီးယူလေ့ရှိပါသည်။

---

[၁] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၁၅–၁၆။

[၂] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၁၆။

ဇာတ်လမ်းသည် ဇာတ်ဆောင်ထက် အရေးပါသည်၊ ဇာတ်ဆောင်သည် ဇာတ်လမ်းထက် အရေးပါသည်ဟု အယူအဆနှစ်မျိုး ကွဲပြားနေတတ်ပါသည်။ အချို့ကမူ ထိုအယူအဆနှစ်မျိုးကို တစ်မျိုးတည်းပေါင်းစပ်နိုင်မှသာ ဝတ္ထုကောင်းဖြစ်သည်ဟု ဆိုကြပါသည်။ ဤစာတမ်းတွင် ရသမြောက်ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်စေရန်အတွက် ဇာတ်လမ်းရော ဇာတ်ဆောင်ပါ ကောင်းမွန်ရန် လိုအပ်သည်။ ထိုသို့ဖြစ်စေရန်မှာလည်း ဇာတ်လမ်းနှင့်ဇာတ်ဆောင်တို့သည် အပြန်အလှန် ဆက်သွယ်မှုရှိနေရမည်။ အပြန်အလှန် အထောက်အပံ့ ဖြစ်နေရမည်ဆိုသည့်အမြင်ကို 'မုန်း၍မဟူ' ဝတ္ထုကို အလေ့လာခံအဖြစ်ထား၍ ဆွေးနွေးတင်ပြသွားမည် ဖြစ်ပါသည်။

'ဇာတ်လမ်းနှင့် ဇာတ်ဆောင်'[၁] စာအုပ်ကို ရေးသားသော 'ဂျိဂျက်'[၂] ကမူ–

> "ဝတ္ထုရေးသူတိုင်းသည် ဝတ္ထုရေးဆရာကောင်း ဖြစ်နိုင်သည်။ ထိုသို့ဖြစ်ရန် ထူးခြားပြောင်မြောက်သော ဇာတ်ဆောင်များနှင့် အသက်ရှူမှားလောက်သည့် ဇာတ်လမ်းကို သဟဇာတဖြစ်အောင် ပြုပေးရမည်။ ထိုသို့ ဇာတ်လမ်းနှင့်ဇာတ်ဆောင် သဟဇာတ ဖြစ်ရန်မှာလည်း တွေ့နိုင်ခဲလှပါသည်။"[၃]

ဟု ဆိုထားပါသည်။ အဆိုပါအယူအဆကိုကြည့်လျှင် ဝတ္ထုကောင်းတစ်ပုဒ်ဖြစ်စေရန် ဇာတ်လမ်းနှင့်ဇာတ်ဆောင်တို့သည် ဆီလျော်လိုက်ဖက်ရမည်ဟု နားလည်ရပါသည်။

'ဂျိဂျက်' ကပင်–

> "ထူးခြားကောင်းမွန်သော ဝတ္ထုဖြစ်ရန် ပကတိအားဖြင့် ကောင်းမွန်သော ဇာတ်ဆောင်နှင့်ဇာတ်လမ်း ညီမျှမှု ရှိရမည်။ ဇာတ်ဆောင်များသည် လူများ အမှတ်ရနေသောသူများဖြစ်ပြီး ဇာတ်လမ်းမှာလည်း စာဖတ်သူတို့အား ပြင်းပြင်းထန်ထန် ဆွဲဆောင်မှု ရှိရမည်။ ထိုသို့ ဇာတ်လမ်းနှင့်ဇာတ်ဆောင် ညီညွတ်မျှတမှသာ ထူးခြားကောင်းမွန်သော ဝတ္ထုဖြစ်မည်။ စာဖတ်သူတို့အနေဖြင့် ဇာတ်ဆောင်များကို သတိမမူမိရာမှ သူတို့ပါဝင်သော ဇာတ်လမ်းကို စိတ်လှုပ်ရှားခံစားရပြီး စိတ်ဝင်စားလာကြရသည်။"[၄]

ဟု ဆိုထားပါသည်။

---

[၁] Plot Versus Character

[၂] Jeff Gerke

[၃] Gerke, 2010, 21.

[၄] Gerke, 2010, 17.

လူကြိုက်များသော ဝတ္ထုများကိုကြည့်လျှင် ဇာတ်ဆောင်များကို ပရိသတ်တို့က စွဲလမ်းမိရာမှ ဇာတ်လမ်းကိုပါ မှတ်မိနေခြင်း ဖြစ်သည်။ ဇာတ်လမ်းအားကောင်းသော်လည်း ဇာတ်ဆောင်စရိုက် သဘာဝမကျလျှင် စာဖတ်သူစိတ်အာရုံ၌ ကြာရှည်စွဲလမ်းမိမည် မဟုတ်ပေ။ ဇာတ်ဆောင်သည် သဘာဝကျသော်လည်း ဇာတ်လမ်းအားမကောင်းလျှင် ဇာတ်ဆောင်၏စရိုက်သည် ငြီးငွေ့ဖွယ် ဖြစ်နေလိမ့်မည်။

ထိုသဘောနှင့်ပတ်သက်၍ မမိုးမြေက–

"သဘာဝကျ၍ သက်ဝင်လှုပ်ရှားနေသော ဇာတ်ဆောင်ကို မြှုပ်ကွက်၊ လှည့်ကွက်ပါသော ဇာတ်လမ်း၊ လောကဓံတရား၏ လှည့်ကွက်အတိုင်း အနိမ့်အမြင့်၊ အပြောင်းအလဲပါသော ဇာတ်လမ်း၊ အလှည့်အပြောင်းပါသော ဇာတ်လမ်းပရိယာယ်များဖြင့် ဝန်းရံပေးလိုက်သောအခါမှသာ ပြီးပြည့်စုံသော ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်လာနိုင်ပါသည်"[၁]

ဟု ဆိုထားပါသည်။

ထိုသို့ဖြစ်စေရန်အတွက် စာရေးသူတို့ လိုက်နာသင့်သည့်အချက်များကို 'ဂျိဂျက်' က–

"ဇာတ်လမ်းဦးစားပေး ဝတ္ထုရေးဆရာများသည် အဓိကဇာတ်ဆောင်ထဲမှ ဇာတ်လမ်းကို မည်သို့ဖန်တီးယူရန် ရှာဖွေလေ့လာကြသည်။ ဇာတ်ဆောင်ဦးစားပေး ဝတ္ထုရေးဆရာများသည် သရုပ်မှန် ဇာတ်ဆောင်များကို အဓိကဇာတ်ဆောင်၏ အပြောင်းအလဲပေါ်တွင် မူတည်ဖန်တီးထားသော ဇာတ်လမ်းမှ ရှာဖွေကြသည်"[၂]

ဟု တင်ပြထားပါသည်။

ဆိုလိုသည်မှာ ဇာတ်ဆောင်ဦးစားပေး စာရေးဆရာများသည် မိမိစိတ်ကူးဖြင့် ဖန်တီးထားသော အဓိကဇာတ်ဆောင်ကို ဗဟိုပြုပြီးလျှင် ဇာတ်လမ်းကို ဖန်တီးယူကြသည်။ ဇာတ်လမ်းဦးစားပေး စာရေးဆရာများမှာမူ သရုပ်မှန်ဇာတ်ဆောင်များကို ရွေးဦးစွာ ဖန်တီးယူသည်။ ထိုဖန်တီးထားသော အဓိကဇာတ်ဆောင်၏ အပြောင်းအလဲပေါ်တွင် မူတည်ပြီး ဇာတ်လမ်းကို ဖန်တီးယူသည်။

---

[၁] မိုးမြေ၊ မ၊ ၂၀၁၇၊ ၄၆၉။
[၂] Gerke, 2010, 19.

ဇာတ်လမ်းဦးစားပေး စာရေးဆရာများသည် ဇာတ်လမ်းကို ရှေးဦးစွာရှာဖွေသည်။ ဇာတ်လမ်းကို အပြောင်းအလဲပြုရာ၌လည်း ဇာတ်လမ်းတွင် ပါဝင်သော အဓိက ဇာတ်ဆောင်၏ စိတ်အပြောင်းအလဲ၊ ဘဝအပြောင်းအလဲကို ဖန်တီးယူခြင်းပင်ဖြစ်သည်။ ဇာတ်လမ်းနှင့်သဘာဝ သဟဇာတဖြစ်သည့် သဘာဝကျသော ဇာတ်ဆောင်များကို ဖန်တီးယူခြင်း ဖြစ်ပါသည်။

တက္ကသိုလ်ဘုန်းနိုင်က–

> "ဇာတ်ကောင်ဟာ ဇာတ်ကောင်သံသရာမှာ ကျင်လည်ရခြင်းဟာ ဇာတ်လမ်းပဲ ဖြစ်တယ်။ တစ်နည်းပြောရရင် သီးခြားလွတ်လပ်သော ဇာတ်လမ်းရယ်လို့ မရှိဘူး။ ဇာတ်ကောင်ဟာသူ့စရိုက်၊ သူ့ဓလေ့၊ သူ့စေတနာနဲ့အညီ သူ့သံသရာ၊ သူကျင်လည်ခြင်းကိုသာ အမည်အဖြစ် ဇာတ်လမ်းလို့ခေါ်တာ။ ဇာတ်ကောင်ကို ဒုတိယလုပ်လိုက်ရင် ဝတ္ထုဟာ အသက်သေသွားတတ်တယ်"[၁]

ဟု ဆိုခဲ့ပါသည်။

ဆိုလိုသည်မှာ ဇာတ်ဆောင်သည်အဓိကကျသည်ဟု တွေးမြင်ပြထားပါသည်။ မည်သို့ပင်ဖြစ်စေ၊ ဝတ္ထုတွင် ဇာတ်လမ်း၊ ဇာတ်ဆောင်တို့သည် အပြန်အလှန် အမှီပြုပြီး ဆီလျော်လိုက်ဖက်နေအောင် စာရေးသူက ဖန်တီးယူရပါသည်။

ဇာတ်လမ်း၏ဖြစ်ပျက်မှုတို့သည် ဇာတ်ဆောင်အပေါ်၌ မူတည်နေသည်။ ထို့ကြောင့် ဇာတ်လမ်းသည် ဇာတ်ဆောင်မပါဘဲ သီးသန့်မရပ်တည်နိုင်။ ဇာတ်ဆောင်တို့၏ ဖြစ်ပျက်လှုပ်ရှားမှုများသည်သာ ဇာတ်လမ်းကို ဖြစ်ပေါ်စေသည်။ ထိုသဘောကို အောင်သင်းက ဝတ္ထုရေးရာဆောင်းပါးများ စာအုပ်တွင်–

> "ကျွန်တော်တို့ ယနေ့ ယေဘုယျပြောဆိုနေကြသည့် သဘော အရဆိုလျှင် ဇာတ်လမ်းဆိုသည်မှာ ဇာတ်ဆောင်တို့၏ ဘဝဇာတ်ကြောင်း၊ ဘဝအသိအမြင်ကို မမျှော်လင့်ဘဲ ပြောင်းလဲသွားစေသည့် အဖြစ်အပျက်ကို အကျိုးအကြောင်း ဆက်စပ်ထားသော ဖြစ်စဉ်တစ်ခုဟု ဆိုချင်ပါသည်"[၂]

ဟု ဖော်ပြထားပါသည်။

---

[၁] ဘုန်းနိုင်(တက္ကသိုလ်–)၊ ၂၀၀၄၊ ၁၂၄။
[၂] အောင်သင်း၊ ၁၉၉၄၊ ၂၈။

ထူးခြားကောင်းမွန်သော ဝတ္ထုတစ်ပုဒ်ဖြစ်လာရန် ဇာတ်လမ်းနှင့်ဇာတ်ဆောင်သည် သဟဇာတဖြစ်ရန် လိုအပ်ပါသည်။ ဇာတ်လမ်းနှင့်ဇာတ်ဆောင်စာအုပ်ကို ရေးသားသူ 'ဂိုဂျက်' က စာရေးဆရာတို့ အသုံးပြုလေ့ရှိသော ဇာတ်လမ်းဖန်တီးမှုနည်းနာကို–

> "ဇာတ်လမ်းဦးစားပေး ဝတ္ထုရေးသူသည် ဇာတ်လမ်းကို ဦးဆုံး ကိရိယာတန်ဆာအဖြစ်သုံး၍ စာဖတ်သူတို့ အံ့သြလောက်သည့် ဇာတ်ဆောင်ကို ဖန်တီးယူသည်။ ဇာတ်ဆောင်ဦးစားပေး ဝတ္ထု ရေးသူသည် ဇာတ်ဆောင်ကို ဦးဆုံး ကိရိယာတန်ဆာအဖြစ် သုံး၍ မယုံနိုင်လောက်အောင် ထူးခြားသည့် ဇာတ်လမ်းကို ပုံဖော် ယူသည်"[၁]

ဟု ဆိုထားပါသည်။

ဇာတ်လမ်းနှင့်ဇာတ်ဆောင်တို့သည် ဆက်စပ်နေသည့်အလျောက် ဇာတ်လမ်းကောင်း ဖြစ်ရန် ဇာတ်ဆောင်စရိုက် သက်ဝင်လှုပ်ရှားမှု၊ ခိုင်မာမှု၊ သရုပ်ပေါ်လွင်မှု၊ သဘာဝ ကျမှုများရှိရန် လိုအပ်သကဲ့သို့ ဇာတ်လမ်းသဘောအရလည်း ထိုဇာတ်ဆောင်တို့၏ ဖြစ်ပျက်ပြောင်းလဲမှုများသည် ဇာတ်လမ်းအတွက် အလှည့်အပြောင်းသဘောမျိုး သက်ဝင်ကာ စာဖတ်သူ၏ စိတ်၌လောကဓံတရားကို သိမြင်ခံစားလာရသည့် ဖြစ်ရပ် မျိုးကို ဖန်တီးယူနိုင်ရပါမည်။ ဇာတ်ဆောင်များသည် သဘာဝကျသော်လည်း ဇာတ်လမ်း၊ ဇာတ်အိမ်ရိုးရှင်းနေလျှင် ပရိသတ်တို့၌ စိတ်လှုပ်ရှားခံစားမှုများ ဖြစ်ပေါ်ရန် ခဲယဉ်း ပါသည်။ မည်သို့မျှအပြောင်းအလဲမရှိသော ဇာတ်ဆောင်၏သရုပ်မှန်ဖြစ်မှု အပေါ်တွင် စာဖတ်သူတို့သည် နှစ်သက်စွဲလမ်းမှုရှိရန် မလွယ်ကူပေ။ ထို့ကြောင့် ဇာတ်လမ်းရော ဇာတ်ဆောင်ပါ စိတ်ဝင်စားဖွယ်ဖြစ်အောင်နှင့် အနုပညာဂုဏ်မြောက်အောင် စာရေးသူသည် စိတ်ကူးအနုပညာများဖြင့် ဖန်တီးယူရမည် ဖြစ်ပါသည်။ ဇာတ်လမ်းနှင့်ဇာတ်ဆောင် ဆက်စပ်မှုကို 'မုန်း၍မဟူ' ဝတ္ထုနှင့် သာဓကပြ၍ ဆွေးနွေးတင်ပြသွားမည် ဖြစ်ပါသည်။

## ၃။ မုန်း၍မဟူ ဝတ္ထု၌ တွေ့ရသော ဇာတ်လမ်းနှင့်ဇာတ်ဆောင်ဆက်သွယ်မှု

'မုန်း၍မဟူ' ဝတ္ထုသည် ဇာတ်လမ်းရည်ရွယ်ချက်နှင့် ဇာတ်လမ်းသဘောအရ မတူညီသော ချစ်ခြင်းမေတ္တာတို့၏ ပဋိပက္ခကို နက်ရှိုင်းကျယ်ပြန့်စွာ တင်ပြလိုခြင်း ဖြစ်ပါသည်။ ထိုဝတ္ထုကိုလေ့လာရာတွင် ဇာတ်လမ်းသည် ခေတ်နောက်ခံကို အခြေပြု ထားသော အပိုင်းများ ပါဝင်သည့်အတွက် ခိုင်မာသည်။ အသင့်ယုတ္တိ ရှိသည်။ ဇာတ်လမ်း၏ လိုအပ်သောဇာတ်ကွက်များအတွက် ခေတ်ကိုနောက်ခံပြု အသုံးချပြီး

[၁] Gerke, 2010, 19.

ဇာတ်ရှိန်မြှင့်ထားသည်ကို တွေ့ရသည်။ ဇာတ်လမ်းသည် ခိုင်မာသည်၊ နက်ရှိုင်းသည်နှင့်အမျှ ထိရည်ရွယ်ချက်နှင့် ဇာတ်လမ်းသရုပ်ကို ဖော်ဆောင်ရသော ဇာတ်ဆောင်တို့၏ စရိုက်အဖွဲ့များသည်လည်း အထူးပင် ပေါ်လွင်ပြောင်မြောက်လှပါသည်။ သို့ဖြစ်၍ 'မုန်း၍မဟူ' ဝတ္ထုသည် ဇာတ်လမ်းနှင့်ဇာတ်ဆောင်ကို သဟဇာတဖြစ်အောင် ဆက်သွယ်ဖန်တီးယူထားသည့် ရသမြောက်ဝတ္ထုကောင်း တစ်ပုဒ် ဖြစ်လာရခြင်း ဖြစ်ပါသည်။

## ၃၊ ၁။ ဇာတ်လမ်း၏အလားအလာကို ဇာတ်ဆောင်၏စိတ်အခြေအနေနှင့် တင်ပြခြင်း

'မုန်း၍မဟူ' ဝတ္ထုဇာတ်လမ်းတွင် ဦးစောဟန်သည် အင်္ဂလိပ်ကုမ္ပဏီတစ်ခု၏ စပါးအဝယ်တော် ဖြစ်သည်။ ဗြိတိသျှတို့အုပ်စိုးသည့် ကိုလိုနီခေတ်တွင် အင်္ဂလိပ်ကုမ္ပဏီ၏ဝန်ထမ်းပီပီ အနောက်တိုင်းယဉ်ကျေးမှုကို အပြည့်အဝ ခံယူထားသည်။ ဝေဝေသည် ဦးစောဟန် ပြောင်းရွှေ့လာသော ဧရာဝတီတိုင်းရှိ မြို့တစ်မြို့မှ ဆန်စက်ပိုင်ရှင် စပါးကုန်သည်တစ်ဦး၏ သမီးအငယ် ဖြစ်သည်။ ဝေဝေတို့သည် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ နေထိုင်ခဲ့ကြသည်။ မိခင်ဖြစ်သူမှာ သီလရှင်ဝတ်သွားသည့်အတွက် ဝေဝေနှင့် ဖခင် ပွဲစားကြီးဦးဖိုးသိန်းတို့သာ နေထိုင်ကြသည်။

ဇာတ်လမ်းအရ ဦးစောဟန်နှင့် ဝေဝေတို့သည် အသက်အရွယ်ချင်း ကွာခြားပြီး ယဉ်ကျေးမှုချင်း မတူညီသော်လည်း ချစ်ကြိုက်ပေါင်းသင်းခဲ့ကြသည်။ ဦးစောဟန်၏ ဝေဝေ့အပေါ် အချစ်လွန်ကဲပြီး စိုးရိမ်ကြောင့်ကျလွန်းသောကြောင့် တီဘီရောဂါ ဖြစ်စပြုနေသော ဝေဝေ့အဖေအိမ်သို့ တစ်နေ့လျှင်တစ်ကြိမ်သာ သွားခွင့်ပြုသည်။ နီးနီးကပ်ကပ် မနေရန် တားမြစ်သည်။ ဖခင်ဖြစ်သူသည် ရန်ကုန်တွင်သွား၍ ဆေးကုနေပြီး အသည်းအသန် ဖြစ်နေသောအချိန်တွင် ဝေဝေမှာ ဦးစောဟန်၏ပူပန်သောကကြောင့် သွားခွင့်မရခဲ့ပေ။ ဦးစောဟန်၏စိုးရိမ်စိတ်၊ ချစ်စိတ်တို့က ဖခင်ကိုတွေ့လိုသော ဝေဝေ့ကို စိတ်ပင်ပန်းနွမ်းလျစေသည်။ ဖခင်သေဆုံးပြီးမှ သွားခွင့်ရခဲ့သည်။ ဝေဝေတွင် ကိုယ်ဝန်ရှိလာသောအခါတွင်လည်း ဦးစောဟန်သည် အထူးဂရုစိုက်ခဲ့သည်။ ဝေဝေ၏ ကိုယ်ဝန် ပျက်သွားခဲ့သည်။ ဝေဝေ၌လည်း တီဘီရောဂါ ရလာခဲ့သည်။ ဝေဝေ မကျန်းမမာဖြစ်နေစဉ်တွင် အစ်ကိုဖြစ်သူ ကိုနေဦးသည် ရေနံမြေသပိတ်ကိစ္စနှင့် အဖမ်းခံရသည်။ ထောင်ကျတော့မည့် အစ်ကိုဖြစ်သူကို နောက်ဆုံးအကြိမ် တွေ့ချင်သော်လည်း ဦးစောဟန်၏ စိုးရိမ်စိတ်နှင့်တားမြစ်သောကြောင့် မသွားခဲ့ရပေ။ ဝေဝေသည် ကိုယ်ရောစိတ်ပါ ရောဂါဖိစီးပြီး ကွယ်လွန်သွားခဲ့သည်။ ဂျာနယ်ကျော်မမလေးသည် ယဉ်ကျေးမှုချင်း၊ သဘာဝချင်း မတူညီသည့် ဦးစောဟန်နှင့်ဝေဝေတို့၏ ဆုံတွေ့ပတ်သက်မည့် ဇာတ်လမ်းကို အစပျိုးတင်ပြရာ၌ မိမိအိမ်နံဘေးရှိအိမ်ကြီးသို့ ပြောင်းရွှေ့လာမည့် ဦးစောဟန်၏

အိမ်အပြင်အဆင်များကို ငေးမျှော်ကြည့်ရင်း ဝေဝေ စိတ်တိမ်းညွတ်နေပုံဖြင့် ဇာတ်နိမိတ်ပုံကို တင်ပြထားပါသည်။

ဝေဝေသည် တစ်ဖက်အိမ်သို့ စူးစိုက်ကြည့်ရာတွင် အပြင်အဆင်များကို–

> "ဧည့်ခန်းထဲ၌ မီးခိုးရောင်ကော်ဇောကြီးခင်းကာ ဆိုဖာကုလားထိုင်ပြာမှိုင်းမှိုင်းများ ဝိုင်းချထားသည်။ ဆိုဖာကုလားထိုင်များဘေး၌ သပြေမှည့်ရောင် ဆေးလိပ်ပြာခွက်တင် ခုံနိမ့်ကလေးများ ရှိသည်။ ဖုန်မတက်စေအောင် ပွတ်သုတ်ပေး၍ အရောင်ပြေးနေလေသည်"[၁]

ဟုလည်းကောင်း၊

> "ကော်ဇောအလယ်၌ရှိသော စားပွဲနိမ့်ကလေးမှာ လေးထောင့်ရှည်မျောမျော ဖြစ်သည်။ စားပွဲအောက်၌ ခြေထောက်မတပ်ဘဲ ပျဉ်ပြားတစ်ချပ်ကို အလျားလိုက် ထောင်လှဲလျက် အပေါ်၌ ပျဉ်ပြားတစ်ချပ် အပြားလိုက် ခင်းတင်ထားသော ပုံသဏ္ဌာန်အတိုင်း ဖြစ်သည်။ စားပွဲ၏အဆင်းကား အနက်ရောင် ဖြစ်သည်။ လက်ပြောင်သော အရောင်များသည် အနက်ထဲမှ ဖိတ်လက်နေ၏။"[၂]

ဟုလည်းကောင်း သရုပ်ဖော်ရေးဖွဲ့ထားပါသည်။ ထိုနောက်ခံအဖွဲ့များအပေါ်တွင် အဓိကဇာတ်ဆောင် ဝေဝေ၏အာရုံစူးစိုက်မှုကို အစပျိုးတင်ပြထားသည်။ ဇာတ်ဆောင်၏ ထူးထူးခြားခြား အာရုံဝင်စားနေပုံကို ပေါ်လွင်စေရန် နောက်ခံအဖွဲ့များကို ဇာတ်ဆောင်၏ အမြင်မှတစ်ဆင့် တင်ပြထားသည်။

> "စားပွဲပေါ်၌ သပိတ်လုံးသဏ္ဌာန် ပုပုလုံးလုံး ကြွေပန်းအိုးနီကလေး တင်ထားသည်။ ပန်းအိုးထဲတွင် ဖြူဆွတ်နေသော ကရမက်ပန်းခိုင်များ ထိုးစိုက်ထားသည်။ ပန်းခက်များမှာ ဝေနေကာ အောက်သို့ ငိုက်ထောက်လျက် ကျနေကြ၏"[၃]

ဟု ဖော်ပြပြီးလျှင်–

> "ဝေဝေသည် မှန်သားကဲ့သို့ မှောင်နက်ပြောင်နေသည့် စားပွဲနက်ပေါ်မှ ကျီးအာသီးမှည့်ကဲ့သို့ ရဲရဲနီနေသော ကြွေပန်းအိုးနှင့်

---

[၁] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၂၅။

[၂] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၂၅။

[၃] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၂၅–၂၆။

ပန်းခက်အဖြူများအား တော်တော်နှင့် မျက်လုံးမခွာနိုင်။ အဖြူနှင့် အနီသည် မျက်စိထဲ၌ကွက်၍ အနက်ပေါ်တွင် ထင်းထင်းကြီး ပေါ်နေလေသည်"[၁]

ဟု တင်ပြထားပါသည်။

ထို့မှတစ်ဆင့် ဧည့်ခန်း၏အဆင်အပြင် နောက်ခံအဖွဲ့ကို ထပ်ဆင့်တင်ပြထားသည်။

"ဧည့်ခန်းခြေရင်းနံရံ၌ အသွားချင်းယှက်ကာ အလှချိတ်ထားသော ဓားနှစ်လက်ကို တွေ့ရသည်။ ဓားမှ ကြိုးနီပန်းပွားများ ကျနေ၏။ ဓားအောက်၌ ကြွေစေ့တပ် ရှမ်းလွယ်အိတ်အသေးစားလေးတစ်လုံး ချိတ်ပြထားလေသည်။ ဝေဝေသည် အိမ်ပေါ်မှ စီးမြင်နိုင်သော တစ်ဖက်အိမ်၏ ဧည့်ခန်းတစ်ဆောင်လုံးကို ကြည့်ကောင်းကောင်းဖြင့် သိမ်းကျုံးကြည့်လျက် နှစ်သက်ကြည်နူးနေလေသည်။"[၂]

ဟု ဇာတ်ဆောင်၏ခံစားမှုကိုပါ ထည့်သွင်းရေးဖွဲ့ထားသည်။ နောက်ခံအဖွဲ့ပေါ်တွင် ဇာတ်ဆောင်၏ စိတ်တိမ်းညွတ်နေပုံကို တင်ပြခြင်းဖြင့် ရှေ့ဆက်မည့် ဇာတ်လမ်းတွင် ယဉ်ကျေးမှုဓလေ့ချင်း မတူသော လူနှစ်ဦး ဆက်စပ်မိမည့် ဇာတ်လမ်းအလားအလာကို ဇာတ်ဆောင်မှတစ်ဆင့် တင်ပြထားသည်ဟု ဆိုနိုင်ပါသည်။ ဝေဝေသည် မိမိ၏ အလွန်ရှေးဆန်သော တိုက်ခံအိမ်အိုကြီး၏ အပြင်အဆင်နှင့်လည်း နှိုင်းယှဉ်ကြည့်နေမိသည်။ မိမိအိမ်၏အပြင်အဆင်သည် ရုပ်ဆိုးသည်ဟုလည်း ထင်မြင်မိလာသည်ဟု ဖော်ပြထားပါသည်။

## ၃၊ ၂။ ဇာတ်ဆောင်စရိုက်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဇာတ်လမ်းအရှိန် မြင့်မားတိုးတက်စေသည့် အားပြိုင်မှုတို့ကို ယှဉ်တွဲဆက်စပ်၍တင်ပြခြင်း

ဇာတ်ဆောင်နှင့်ပတ်သက်၍ တက္ကသိုလ်ဘုန်းနိုင်က–

"ဇာတ်ကြောင်းဖြစ်လာရန် လုပ်ပြ၊ တွေးပြ၊ ခံစားပြသော ဝတ္ထုရှည်တွင်းမှ လူများကို ဇာတ်ဆောင်ဟု ခေါ်သည်။ ဇာတ်ဆောင်

---

[၁] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၂၆။

[၂] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၂၅။

များသည် ဒိဋ္ဌလောကမှ လူများနှင့်တူလေ ဇာတ်ဆောင်ဖန်တီးမှု ကောင်းသည်ဟု ဆိုကြသည်"[၁]

ဟု ဆိုထားပါသည်။ ထိုအဆိုအရကြည့်လျှင် ဇာတ်လမ်းဖြစ်ပေါ်မှုတွင် ဇာတ်ဆောင်ပါမှဖြစ်မည်ဆိုသော အယူအဆကို သိရပါသည်။

စာရေးဆရာ မင်းကျော်ကလည်း–

"ဇာတ်လမ်းတွင် ပါဝင်သောသူများသည် ဇာတ်ကိုဖန်တီးသူများ ဖြစ်သည်။ တစ်နည်း ဇာတ်လမ်းကို ဆောင်ရွက်သူများ ဖြစ်သည်။ သူတို့သည် ဇာတ်လမ်းနောက်သို့ လိုက်ကြရသည် မဖြစ်တန်ရာ၊ ဇာတ်လမ်းကို ဦးဆောင်ဖန်တီးသူများသာ ဖြစ်ရမည်။"[၂]

ဟု ဆိုခဲ့ပါသည်။

'ကက်သရင်းမော်နာနှင့် ရက်ရော့စ်'[၃] တို့က–

"ဇာတ်ဆောင်ဆိုသည်မှာ ရသစာပေတွင် ပါဝင်သောသူ ဖြစ်သည်။ ထိုဇာတ်ဆောင်သည် ဒိဋ္ဌလောကမှ လူသားနှင့်မတူပေ။ ရသစာပေအတွင်းမှ ဇာတ်ဆောင်၏ ပင်ကိုအရည်အသွေးနှင့် အပြုအမူလှုပ်ရှားမှုများသည် ဇာတ်ကြောင်းတွင် ပါဝင်မှုအပေါ်၌ မူတည်ကန့်သတ်ထားသည်။ ဇာတ်ဆောင်ကို ဇာတ်ကြောင်းနှင့် အံဝင်ဂွင်ကျဖြစ်အောင် ပုံစံချထားသည်။"[၄]

ဟု ဆိုထားပါသည်။

တက္ကသိုလ်ဘုန်းနိုင်၏ အမြင်အရကြည့်လျှင် 'မုန်း၍မဟု' ဝတ္ထုသည် ရသမြောက်ဝတ္ထုတစ်ပုဒ် ဖြစ်ရခြင်းအကြောင်း၌ ဇာတ်လမ်းတွင်ပါဝင်သော အဓိကဇာတ်ဆောင်များဖြစ်သည့် ဦးစောဟန်နှင့်ဝေဝေတို့၏ စရိုက်အဖွဲ့များ သရုပ်မှန်ကန်မှုကြောင့် အားပြိုင်မှုဖြစ်ပေါ်ကာ ဇာတ်လမ်းအားကောင်းလာခြင်း၊ စွဲမက်ဖွယ်ဖြစ်လာခြင်း ဖြစ်သည်ဟု ဆိုရပါမည်။ ထိုသဘာဝချင်းမတူညီသော ဇာတ်ဆောင်နှစ်ဦး၏ မတူညီသော ချစ်ခြင်းများကို သူ့ကဏ္ဍနှင့်သူ ဘောင်ကန့်သတ်ထားပြီးလျှင် သူ့စရိုက်ကိုသူ ပုံပေါ်အောင်

---

[၁] ဘုန်းနိုင်(တက္ကသိုလ်–)၊ ၁၉၇၉၊ ၃၂။

[၂] မင်းကျော်၊ ၁၉၇၅၊ ၃၇၂။

[၃] Kathleen Morner and Ralph Raush

[၄] Morner and Ralph, 1998, 31.

စာရေးသူက အနုစိတ်သရုပ်ဖော်ခြယ်မှုန်းပေးခြင်းဖြင့် ဇာတ်ကြောင်းနှင့် ဇာတ်ဆောင်သည် အံဝင်ဂွင်ကျဖြစ်လာပြီးလျှင် စာဖတ်သူတို့၏အာရုံကို ဖမ်းစားနိုင်ခြင်း ဖြစ်ပါသည်။

## ၃၊ ၂၊ ၁။ ဇာတ်ဆောင်တို့၏ပြောစကားများဖြင့် ဇာတ်နာစေခြင်း

ဦးစောဟန်သည် ဝေဝေနှင့်လက်ထပ်ပြီး နောက်တစ်နေ့ မနက်စာကို ဝေဝေ အိမ်၌ စားသော်လည်း မိသားစုနှင့်စားခွင့်မပြု၊ မိမိတို့နှစ်ဦးတည်း အခန်းတွင်း၌ စားသောက်ရန် မောင်မြကို ပြင်ဆင်လာစေခြင်းဖြင့် ပုံဖော်ထားသည်။ ဦးစောဟန်သည် မင်္ဂလာသတို့သမီးအား ပြင်ဆင်သည့်နေရာ၌ပင် ကိုယ်တိုင်ပါဝင်သည်။ ထားထား ပန်ပေးသော စိန်ပန်းခိုင်ကို စိတ်တိုင်းမကျ၍ နေရာပြင်စိုက်ပန်ပေးသည်။ အဝတ်အစား များကို သူပါရန်ကုန်လိုက်၍ ဝယ်ပေးသည်။ သတို့သမီးအား ပြင်ပေးနေသော မိန်းမများ ကြားထဲတွင် ကိုယ်တိုင်ပါဝင်နေသည်။ ထိုအပြုအမူများဖြင့် ဝေဝေအား ချစ်စိတ်ဖြင့် ပိုင်ဆိုင်လိုသော သဘောများကို စရိုက်ဖော် ရေးဖွဲ့ထားသည်။

ဦးစောဟန်၏ ဝေဝေအပေါ်ချစ်ခင်ပုံကို သရုပ်ဖော်ရာ၌–

> "ချာတိတ်ကလေး ဘယ်အချိန်က ထသွားပါလိမ့်၊ ကိုယ်တစ်ယောက်တည်း ထားပစ်ခဲ့တယ်။ နိုးတော့လေ မတွေ့ရတော့ တစ်မျိုးကြီးပဲ၊ နောက်ကို အတူတူထရမယ်နော်။ ထမလား။ မျက်နှာမသစ်နိုင်သေးဘဲ ဝေဝေ၏ပခုံးနှစ်ဘက်ကိုကိုင်လျက် ဝေဝေကို ပီဘိကလေးကဲ့သို့ ချစ်စနိုးချော့မြှူနေရာ နွဲ့တဲ့တဲ့အသံ၏ ပွဲတင်ရိုက်ခြင်းခံရသော ဝေဝေ၏ဟဒယသည် သိမ့်သိမ့်ကြည်သွားလေသည်"[၁]

ဟု အပြောအဆို၊ အမူအရာ၊ စိတ်ခံစားမှုတို့ဖြင့် အနုစိတ် သရုပ်ဖော်တင်ပြထားသည်။

ဦးစောဟန်၏ချစ်စိတ်အပြင် ဝေဝေ၏ ဦးစောဟန်၏အချစ်အပေါ် နစ်မျော ပျော်ဝင်သွားသည့် အနေအထားကိုလည်း တင်ပြနိုင်ခဲ့သည်။ ဦးစောဟန်သည် ချစ်ခြင်းဖြင့် ဝေဝေ့ကို စည်းရုံးသိမ်းသွင်းပုံကို–

> "ကြက်ဥကို အရင်သောက်ရမယ်နော်၊ မနက်တိုင်း ဝေ့ကို နှစ်လုံး တိုက်ရမယ်။ ကြက်ဥသောက်ပြီးမှ ဝေ့ကို ကော်ဖီတိုက်မယ်၊ မုန့်ကျွေးမယ်၊ မှတ်ထားနော်၊ ဟုတ်လား"[၂]

ဟူသော အပြောအဆိုဖြင့်လည်းကောင်း၊

---

[၁] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၁၃၈။

[၂] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၁၄၀။

> "ကြက်ဥထိပ်ကို ဇွန်းနှင့်ရိုက်ခတ်လျက် ပြောဆိုနေပုံကို ငေးနေရင်း ထားထား၏မျက်နှာကို တစ်လှည့်၊ ဖခင်၏မျက်နှာကို တစ်လှည့်၊ စားပွဲခုံတွင် လက်ဖက်ရည်သောက်နေကြသော မျက်နှာများကို စိတ်ကူးနှင့်မှန်းဆ၍ ရင်ထဲမှာ ငိုချင်ခြင်းသာ ရှိသော်လည်း 'ဟလေ ချာတိတ်' ဆိုလာ၍ ပြုံးပပနှင့် ဟပေးလိုက်သည်။ ကော်ဖီကို ဦးစောဟန်က ဖျော်ပေးလေသည်။ ပေါင်မုန့်ထောပတ်သုပ် ကျွေးကာ စပျစ်သီးများကို တစ်လုံးစီ အခွံနွှာ၍ခွံ့၏"[၁]

ဟူသော အပြုအမူဖြင့်လည်းကောင်း၊

> "ဦးစောဟန်မှာ သူပိုင်ဆိုင်ရပြီဖြစ်သော အရုပ်ကလေးကို သူပြု သလို နေရမည်ဟု ယုံကြည်သူ ဖြစ်သည်။ အရုပ်ကလေး၏ ရင်ထဲမှ အသည်းနှလုံးကိုကား ... ။"[၂]

ဟူသော အတွေးများဖြင့်လည်းကောင်း အနုစိတ် ခြယ်မှုန်းရေးဖွဲ့ပြထားသည်။

ဦးစောဟန်နှင့်ဝေဝေတို့၏ ချစ်ခြင်းမေတ္တာသည် အင်အားချင်းတူသော်လည်း ချစ်ပုံချင်းမတူသည့် စရိုက်များကို အပြောအဆို၊ အပြုအမူ၊ ခံစားမှုအတွေးများဖြင့် ရေးဖွဲ့တင်ပြခြင်းဖြင့် စာဖတ်သူတို့သည် ဇာတ်ဆောင်တို့အပေါ်၌ အာရုံစူးစိုက် ခံစား မိလာကြသည်။ ဇာတ်ဆောင်များ၏စရိုက်ကို ဖန်တီးရာ၌ ဦးစောဟန်၏အချစ်ကို နိုင်ထက်စီးနင်းအချစ်အဖြစ် မုန်းတီးဖွယ်ပုံမဖော်ဘဲ ချစ်တတ်လွန်းသော လူတစ်ယောက် အဖြစ် စာဖတ်သူတို့ နှစ်သက်ခံစားနိုင်အောင် ဖွဲ့ပြထားသည်။ တစ်ဖက်မှလည်း ဦးစောဟန်နှင့်မိဘများကြားတွင် လူးလွန့်ခံစားနေရသော ဝေဝေ၏မွန်းကြပ်မှုကိုလည်း တစ်သားတည်း ပေါင်းစပ်တင်ပြထားသည်။

ဇာတ်ဆောင်စရိုက်များကို အသေးစိတ်သရုပ်ဖော်ခြင်းဖြင့် ဇာတ်ဆောင်စရိုက် ဖွံ့ဖြိုးတိုးတက်လာစေသည်။ ထိုဇာတ်ဆောင်စရိုက်များသည် မတူညီသည့်အတွက် အားပြိုင်မှုသဖွယ် ဖြစ်လာသည်။ ဇာတ်ဆောင်စရိုက်များ တဖြည်းဖြည်း ဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ ဇာတ်လမ်းအတွက် အဓိကကျသော အားပြိုင်မှုများ အဖြစ်နှင့် ရပ်တည်ပြီးလျှင် ဇာတ်လမ်းသည် ဇာတ်ရှိန်မြင့်တက်လာသည်။ ဝတ္ထုတွင် ဇာတ်ဆောင်တို့၏စရိုက် ဖွံ့ဖြိုးတိုးတက်မှုသည် အားပြိုင်မှုနှင့်အတူ အပြိုင်သွားသည် ဟူသော အဆိုလည်း ရှိပါသည်။

---

[၁] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၁၄၀–၁၄၁။

[၂] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၁၄၁။

ဇာတ်လမ်းနှင့်ဇာတ်ဆောင်၏ ဆက်သွယ်မှုကို ဂျိုးဇက်နိုဘာကိုဗစ်၏ စာအုပ်တွင် အက်(ဖ်)စကော့ဖစ်ဂျာရေးဒ်ဆိုသူက–

> “ဇာတ်ဆောင်သည် ဇာတ်လမ်းဖြစ်သည်၊ ဇာတ်လမ်းသည် ဇာတ်ဆောင်ပင် ဖြစ်သည်”[၁]

ဟု ဆိုခဲ့ပါသည်။ ဝတ္ထုရေးဆရာနှင့် ဝတ္ထုရေးနည်းသင်ကြားသူ ဆရာတစ်ဦးဖြစ်သည့် ပီတာလက်စလီက–

> “ဇာတ်ဆောင်မှ ဇာတ်လမ်း အလွယ်တကူ ဖြစ်ပေါ်လာနိုင်သည်။ သို့ရာတွင် ဇာတ်လမ်းမှ ဇာတ်ဆောင်သည် ဖြစ်ပေါ်လာရန် မလိုအပ်”[၂]

ဟု ဆိုခဲ့ပြန်ပါသည်။ ဇာတ်လမ်းဖန်တီးမှုတွင် အရေးပါသည့် အားပြိုင်မှုနှင့် ပတ်သက်၍ ကက်သရင်းမိုနာနှင့် ရက်ရော့စ်တို့က–

> “အားပြိုင်မှုဆိုသည်မှာ ဇာတ်လမ်းတစ်ပုဒ်အတွင်း လှုပ်ရှားမှုများကို ဖြစ်ပေါ်စေသော ဆန့်ကျင်ဘက် အင်အားစုများအတွင်း ရန်းကန်တိုက်ခိုက်မှု”[၃]

ဟုလည်း ဆိုထားပါသည်။ ထိုအဆိုအရကြည့်လျှင်လည်း ဇာတ်လမ်းတွင် အားပြိုင်မှု ဖြစ်ပေါ်စေရန် ဖန်တီးရသူများမှာ ဇာတ်ဆောင်များပင်ဖြစ်ကြောင်း နားလည်ရပါသည်။

ထို့အတူ လော်ရေးအီးရိုစကီးကလည်း–

> “စိတ်ကူးယဉ်ဝတ္ထုတွင် အားပြိုင်မှုသည် ဇာတ်ဆောင်၏ရန်းကန်မှု (သို့) တိုက်ပွဲ ဖြစ်သည်။ အားပြိုင်မှုတို့သည် ဝတ္ထုတို့ကို စိတ်ဝင်စားဖွယ် ဖြစ်စေသည်။”[၄]

ဟု ဆိုထားပါသည်။

ဂျာနယ်ကျော်မမလေးသည် ဇာတ်ဆောင်နှင့်အားပြိုင်မှုကို အထူးအလေးထား၍ ဇာတ်လမ်းဆင်ထားသည်ဟု ထင်မြင်မိပါသည်။ ဝတ္ထုတွင်ပါဝင်သော ဖခင်၊ အစ်ကို

---

[၁] Novakovich, 1995, 48.

[၂] Novakovich, 1995, 48.

[၃] Moner and Raush, 1998, 43.

[၄] Rozakis, 2004, 114.

စသည့် မိသားစုများနှင့် ဇာတ်ဆောင်ကိုဆက်စပ်၍ အားပြိုင်မှု ဖြစ်ပေါ်စေသော ဇာတ်ကွက်များကို ဖန်တီးယူထားပါသည်။ ဖခင်ဖြစ်သူ ဦးဘိုးသိန်းသည် တီဘီရောဂါ ဖြစ်ပေါ်နေချိန်တွင် ဖခင်အပါး၌နေလိုသော်လည်း ဦးစောဟန်၏ဆန္ဒအရ မျိုသိပ်ခဲ့ရသည်။ ဦးဘိုးသိန်း အသည်းအသန်ဖြစ်နေချိန်တွင်လည်း အစ်ကိုဖြစ်သူနှင့်အတူ ဖခင်ရှိရာ ရန်ကုန်သို့ လိုက်သွားလိုသော်လည်း ဦးစောဟန်က ခွင့်မပြုသည့်အတွက် မလိုက်ခဲ့ရပေ။

အစ်ကိုဖြစ်သူ ကိုနေဦး အဖမ်းခံရသောအခါတွင် အစ်ကိုအား သွား၍ တွေ့ဆုံ နှုတ်ဆက်လိုသော်လည်း တွေ့ခွင့်မရခဲ့ပေ။ စိုးရိမ်ကြီးသော ဦးစောဟန်၏ ချစ်ခြင်း မေတ္တာအောက်တွင် မိမိခံစားမှုကို မျိုသိပ်ကာ အရှုံးပေးခဲ့ရသည်။ ဖခင်ဖြစ်သူထံသို့ ခဏခဏသွားခွင့်မရသောကြောင့် ဝေဝေသည် ပြင်းထန်စွာ ခံစားရသည်။ ဝေဝေ၏ ခံစားမှုကို–

> "ဝေဝေသည် ငိုချင်သွားသည်။ အိမ်ချင်းကပ်နေကြ၍ ကူးလိုက် သန်းလိုက်နေမည်ဟု ကြိုတင်တွေးကာ စိတ်ဖြေထားသူမို့ တစ်နေ့ တစ်ခေါက်သာသွားရန် ကြားရသည့်အဖြစ်က ရင်ကို ဖြစ်ညှစ် ထားသလို အသက်ရှူမှားသွားလေသည်။"[၁]

ဟုလည်းကောင်း၊

> "အခုထိုင်နေရင်းပင် ဖခင်ကို သတိရနေသည်။ ဒီအချိန်ဆိုလျှင် စွပ်ပြုတ်သောက်ချိန်၊ ကြိမ်ပက်လက်ကုလားထိုင်ကြီးပေါ်မှာလား၊ အိမ်ပေါ်များလား၊ တစ်နေ့တစ်ခေါက်ပဲ လာရမယ်တဲ့ ဖေဖေရယ် ...."[၂]

ဟုတင်ပြခဲ့ပါသည်။ တစ်ဖက်မှလည်းဦးစောဟန်၏ဝေဝေအတွက် ခံစားပူပန်စိတ်ကို–

> "လွတ်စိတ်ပူတာပဲ ဆိုသည်မှာလည်းအမှန်၊ အမှန်လွတ်ချစ်နေ သဖြင့် လွတ်စိတ်ပူနေမှန်း တစ်ဖက်စိတ်ကလည်း သိ၏"[၃]

ဟု ဖော်ပြခဲ့ပါသည်။ ထို့ပြင် ဦးစောဟန်၏စေတနာ၊ ဆန္ဒများကို–

---

[၁] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၁၄၄။
[၂] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၁၄၅။
[၃] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၁၄၅။

> "ဝေဝေဆိုသော ပန်းကလေး အမြဲတမ်း လန်းနေရမည်။ ဝေဝေဆိုသော ပန်းကလေး အမြဲမွှေးနေရမည်။ နှင်းဆီရိပ်ဆိုးထားသည့် မညှိုးပန်းပွင့်လေး၏ ပန်းရင့်သွေးကို အဖျော့မခံနိုင်။"[၁]

ဟု တင်ပြထားပါသည်။ ဦးစောဟန်သည် ဝေဝေကို အရိပ်တကြည့်ကြည့်နှင့် နေသည်။ နေ့စဉ်နှင့်အမျှ–

> "နေ့လယ်က ဝေအိပ်ပျော်ရဲ့လားဟင်၊ လိမ္မော်သီး စားတယ်လား၊ ဘယ်နှလုံးကုန်အောင်စားသလဲ"[၂]

ဟု မေးလေ့ရှိသည်။ ဦးစောဟန်၏အချစ်ကို ဝေဝေ့ဘက်မှလည်း ချစ်လွန်းသည့်အတွက် ချစ်စိတ်ဖြင့်ပင် သည်းခံ၍ ပုံသွင်းမှုအတိုင်း နေထိုင်ရပုံများကိုလည်း–

> "နံနက် ကိုနှင့်အတူ ထရသည်။ မျက်နှာအတူတူ သစ်ရသည်။ မျက်နှာသစ်ပြီး မှန်ထဲတွင် ဝေဝေက ရှေ့ကထိုင်လျက်၊ ကိုက နောက်ကရပ်လျက် ခေါင်းဖြီးကြသည်။ အိမ်အောက်က ငွေမောင်းသံ မကြားမချင်း အခန်းထဲက မထွက်ရ။ လက်ဖက်ရည်စားပွဲတွင် သွားသောက်မည့် နံနက်အဝတ်ကို ရွေးပေးသည့်အတိုင်း ဝတ်လိုက်သည်။ နံနက်ဘက်တွင် အင်္ကျီအဖြူနှင့်အဖြူခံ၊ အဖြူများများ ပါသော ထဘီမျိုး ဝတ်မှကြိုက်သည်။ အိမ်ပေါ်စီးရမည့် အသားကပ်ဖိနပ်ကလေးနှင့် လှေကားမှ ခါးဖက်ခေါ်ချလာသည်။ စားပွဲတွင် မတ်မတ်ကလေး ထိုင်နေရသည်။ ကွေကာအုပ်နှင့်နွားနို့ တစ်ပန်းကန် သောက်ပြီးမှ ကြက်ဥနှင့်ပေါင်မုန့်ကျွေးကာ ခပ်ကျဲကျဲ ကော်ဖီ သောက်ရသည်။"[၃]

ဟု အနုစိတ် သရုပ်ဖော်ရေးဖွဲ့ထားပါသည်။ ထိုအဖွဲ့များက ဇာတ်ဆောင်နှစ်ဦးစလုံးတို့၏ ခံစားမှုနှင့်စရိုက်ကို ဖော်နိုင်စွမ်းရှိသည့်အတွက် ဇာတ်ဆောင်များအပေါ် အာရုံဝင်စားခြင်း၊ နှစ်သက်ခြင်း ဖြစ်လာသည်နှင့်အမျှ ဇာတ်လမ်းအပေါ် သိလိုစိတ်လည်း ထက်သန်လာစေပါသည်။

[၁] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၁၄၄။
[၂] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၁၄၆။
[၃] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၁၄၆။

## ၃၊ ၂၊ ၂။ မတူညီသောစရိုက်ချင်း အားပြိုင်မှုများဖြင့် ဇာတ်ကွက်ဖော်ခြင်း

'မုန်း၍မဟူ' ဝတ္ထုသည် အချစ်နှင့်အမုန်း အားပြိုင်ချင်းမျိုး မဟုတ်ဘဲ အချစ်တစ်ခုတည်းကို မတူညီသော ခံစားမှုအမြင်များဖြင့် အားပြိုင်ဖော်ပြထားခြင်းဖြစ်သည်။ ထူးခြားသောအားပြိုင်မှုကို အလွန်သိမ်မွေ့ညင်သာသော ဇာတ်ဆောင်တို့၏ ကိုယ် နှုတ် နှလုံး အမူအရာတို့ဖြင့် တင်ပြထားသောကြောင့် ဇာတ်ကွက်များသည် အသက်ဝင်နေပါသည်။ စာဖတ်သူတို့၏စိတ်ကို ဆွဲဆောင်နိုင်စွမ်း ရှိနေပါသည်။ ဇာတ်ဆောင်နှစ်ဦးစလုံး၏ စရိုက်များသည် ပုဂ္ဂလိကစရိုက်များအဖြစ် ခိုင်မာလာသောအခါတွင် ဇာတ်လမ်းအရှိန်ကို ထပ်ဆင့်မြှင့်တင်ပေးသည့် အားပြိုင်မှုများကို ထည့်သွင်းတင်ပြလာသည်။ ဖခင်ဖြစ်သူ ရောဂါသည်းစဥ်တွင် ဝေဝေကသွားလိုခြင်းနှင့် ဦးစောဟန်က တားမြစ်ခြင်း ဖြစ်သည်။ ဦးစောဟန်က ထိုအခန်း၌–

> "ဝေ့ကိုလေ ကိုဘယ်လောက်ချစ်တယ်ဆိုတာ ဘယ်တော့မှ ပြောပြတတ်မှာ မဟုတ်ပါဘူး။ ဝေကတော့ ကိုချစ်သလို မချစ်ဘူး မဟုတ်လား"[၁]

ဟုလည်းကောင်း၊

> "ဝေ့အသားလေးတွေ နုထွတ်တော့ လေတိုက်မှာတောင် ခံနိုင်ပါ့မလားလို့ စိုးတဲ့အထိ ချစ်ရတယ်။ ဝေနဲ့တော်မဲ့ဟာ၊ ဝေ့အဖို့ အကောင်းဆုံးဖြစ်မဲ့ဟာ၊ ဝေ့အဖို့ အနူးညံ့ဆုံးဖြစ်မဲ့ဟာ၊ ဝေ့အဖို့ အလှဆုံးဖြစ်မဲ့ဟာ .... ဒါတွေချည်း ရွေးရတွေးရလွန်းလို့ ကိုယ့်မှာဖြင့် ခေါင်းတောင်ခြောက်တယ်။ ဝေကတော့ ကိုယ့်ကွယ်ရာမှာ ရွှံ့ထဲနှန်းထဲ ဆင်းလူးနေသလိုပါပဲ ဝေရယ်။"[၂]

ဟုလည်းကောင်း ပြောစကားများဖြင့်လည်း ချစ်ခြင်းမေတ္တာသရုပ်ကို ဖော်ထုတ်တင်ပြထားသည်။

ထို့ပြင် ဇာတ်ဆောင်နှစ်ဦး၏ အမူအရာများဖြင့်လည်း အချစ်ချင်း အားပြိုင်တင်ပြထားသည်။ ဝေဝေ၏အမူအရာကို–

> "ဝေ၏မျက်လုံးမှ မျက်ရည်များ လိမ့်စီးကျလာသည်။ ဦးစောဟန်အပြစ်တင်နေ၍ ဝမ်းနည်းခြင်းလည်းမဟုတ်။ မကြိုက်တာလုပ်မိ၍ သိမြင်သော ဝမ်းနည်းပုံလည်းမဟုတ်။ ဟိုဘက်အိမ်တွင် တစ်ကိုယ်၊

---

[၁] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၁၆၃။
[၂] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၁၆၃။

> သည်ဘက်အိမ်တွင်တစ်ကိုယ်၊ ဤသို့မဖြစ်နိုင်တာကို ကြံကြံဖန်ဖန် တွေးလျက် နှစ်ကိုယ်ခွဲမရသော သူ့အဖြစ်ကို ဝမ်းနည်းနေသည်။"[၁]

ဟု ရေးဖွဲ့တင်ပြထားသည်။ စာရေးသူသည် အချစ်ချင်းအားပြိုင်ရာ၌ ဦးစောဟန်၏ ပြောစကားများကို ဖွဲ့ပြသော်လည်း ဝေဝေ၏ပြောစကားများကိုမူ ဖွဲ့မပြခဲ့ပေ။ ရင်တွင်း ခံစားချက်များ၊ မျက်ရည်ကျမှုများ၊ မွန်းကြပ်မှုများကိုသာ တင်ပြထားသည်။ ထိုနည်းဖြင့် တစ်ဖက်လူ၏ အချစ်စိတ်ဖြင့် အနိုင်ယူလွှမ်းမိုးသော စရိုက်သည် ပေါ်လွင်လာသကဲ့သို့ တစ်ဖက်လူ၏ ချစ်လွန်း၍မျိုသိပ်သည်းခံသော စရိုက်သည်လည်း ထင်ရှားလာပါသည်။

ဇာတ်ဆောင်တစ်ဦးကို လှုပ်ရှားစေပြီး စကားများများ ပြောဆိုစေပြီးလျှင် ဇာတ်ဆောင်တစ်ဦးကို စကားမပြောစေဘဲ အငြိမ်စရိုက်ဖန်တီးထားသဖြင့် ဝေဝေဘက်မှ မချင့်မရဲဖြစ်လာရသည်။ ကရုဏာထားလာရသည်။ ဦးစောဟန်၏အပြစ်ကိုလည်း အပြစ်မတင်ဘဲ နှစ်သက်ကြရသည်။ ထိုနည်းဖြင့် ဇာတ်ဆောင်တို့၏ စရိုက်အဖွဲ့များဖြင့် ဇာတ်လမ်းအရှိန်ကို မြင့်တက်လာအောင်၊ ရသခံစားမှုပေါ်လာအောင် တင်ပြထားသည်ကို တွေ့ရပါသည်။

ဖခင်ဖြစ်သူထံသို့ မသွားစေရန် တားမြစ်သည့်အခန်း၌လည်း–

> "ဝေ့နားကပ်၍ထိုင်ကာ ဝေ့နဖူးလေးကို လက်ဖြင့်ယုယစွာ သပ်နေလေသည်။ ဝေ့ကိုမလွှတ်ချင်ဘူး။ ဝေ့ကိုမသွားစေချင်ဘူး။ အမှန်ပြောရရင် ဒီရောဂါနဲ့ အသည်းအသန်ဖြစ်နေတဲ့ လူနာနားကို ဘယ်လိုအကြောင်းနဲ့မှ ဝေ့ကိုမကပ်စေချင်ဘူး။ ဟိုသွားရင် ပင်ပန်းဦးမယ်။ အိပ်ပျက်စားပျက်ဖြစ်ဦးမယ်။ စိတ်လည်းပူရဦးမယ်။ နေမကောင်းဖြစ်လာမှာ သေချာလို့ မလွှတ်ချင်တာပါဝေရယ်"[၂]

ဟု ပြောစကားဖြင့် တင်ပြပြီးလျှင် စာရေးသူ၏သုံးသပ်ချက်အနေနှင့်–

---

[၁] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၁၆၃။
[၂] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၁၇၃။

> "ဝေ့အား နုဆတ်သော ကြွေထည်ပစ္စည်းလေး တစ်ခုသဖွယ် အရေးထားကာ ထိမိ၊ တိုက်မိ၊ ခိုက်မိ၍ ကွဲသွားမှာကို စိုးရိမ် ကြောက်လန့်နေသည်"[၁]

ဟု ဖော်ပြပြန်သည်။ ဝေဝေ့ဘက်မှခံစားမှုကို 'ဒါဖြင့် ဝေမသွားရဘူးလား။' ဟု တုံ့ပြန်မှုတစ်ခုသာ ပြောစေသည်။ ထိုတဒင်္ဂအတွင်း ဦးစောဟန်နှင့်ဝေဝေတို့ကြား၌ အချစ်ချင်း အားပြိုင်ခံစားမှုကို–

> "ဝေဝေ့နဖူးကိုလည်း မသပ်တော့ချေ။ ဝေဝေနှင့်လည်း မျက်လုံးချင်း မဆိုင်တော့ချေ။ ဒူးပေါ်တွင် လက်ထောက်လျက် လက်ဝါးပေါ်၌ မျက်နှာကိုမှောက်လိုက်ကာ အသက်ပြင်းပြင်းကြီး ရှူနေလေ၏။ ဝေဝေသည် ဦးစောဟန်ဖြစ်ပျက်ပုံများကို ကြည့်လျက် ရင်ထဲ၌ စူးဝင်နာကျင်လာသည်။ နာကျင်လွန်း၍ ငြိမ်သက်သော မျက်နှာပြင်မှာ သွေးရောင်ပင် မရှိတော့။ ဖြူဖျော့ဖျော့မျက်နှာလေးမှာ တွေဝေ ငေးမှိုင်လျက် ခဏမျှ သတိလစ်နေလေသည်"[၂]

ဟု ရေးသားတင်ပြထားပါသည်။ အဆုံးတွင် ဝေဝေသည် မိမိက အလျှော့ပေးသည်းခံ၍ ချစ်သောအချစ်ကို ဦးစောဟန် နားမလည်လေခြင်းဟုတွေးကာ မသွားတော့ရန် စိတ်ကိုလျှော့ပစ်လိုက်သည်။ ဝေဝေ၏ခံစားမှုကို–

> "ဝေဝေသည် စိတ်တိုးတိုးချလိုက်သည်။ သည်လောက်ပင် မျိုသိပ် သည်။ သည်လောက်ပင် ကြိတ်မိတ်သည်။ ရင်ထဲ၌ ဆို့တက် လာသော အလုံးကို ကျိတ်ပြီးဖိနှိပ်လျက် ချလိုက်ကာ ဦးစောဟန် နားမှ ထလာရာတွင် အိပ်မက်ထဲ၌ လမ်းလျှောက်နေသလိုပင် အိမ်ပေါ်သို့ တက်လို့တက်မှန်းပင်မသိ တက်ခဲ့၏"[၃]

ဟု ရေးဖွဲ့တင်ပြထားပါသည်။ ဝေဝေ၏ခံစားမှုများကို စကားမပြောဘဲ ခံစားမှု များနှင့်သာ တိတ်ဆိတ်စွာ ဖော်ပြထားသည့်အတွက် ပို၍ရင်နင့်ကြေကွဲဖွယ် ဖြစ်စေ သည်။ အရာရာတိုင်းတွင် ဝေဝေ၏အလျှော့ပေးမှုကို–

> "ကို၏တိုင်းပြည်ကလေးသို့ ပြန်ရောက်လာရာကို ကြိုက်တာကို လိုက်၍ကြိုက်ရမည်။ ကိုမကြိုက်တာများကို လိုက်၍ မကြိုက်

---

[၁] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၁၇၃။
[၂] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၁၇၄။
[၃] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၁၇၄။

> ရမည်။ ကိုသာလျှင် ဝေ၏ကိုယ်၊ ကိုသာလျှင် ဝေ၏စိတ်၊ ကိုသာလျှင် ဝေ၏ဘဝ"[၁]

ဟု ရေးဖွဲ့တင်ပြထားပါသည်။

စရိုက်ချင်း၊ အကြိုက်ချင်း မတူညီသောကြောင့် ဆန့်ကျင်ဘက်အားပြိုင်ရသည့် ဇာတ်ကွက်များကိုလည်း ဇာတ်ဆောင်များဖြင့်ပင် အသက်ဝင်ပြီး သဘာဝကျအောင် ဖန်တီးတင်ပြထားသည်။ ဝေဝေသည် ဖခင်အိမ်သို့အရောက်တွင် ပုန်းရည်ကြီးကို တွေ့သည်နှင့် တစ်ပန်းကန်လုံး မည်းချိတ်နေအောင်နယ်ပြီး ငပိရည်ဆမ်းကာ ငရုတ်သီးမှုန့်များ ဖြူး၍စားသည်။ ကြက်သွန်ဖြူကို ထည့်၍မစားပေ။ ပါးစပ်နံလျှင် ရာဇဝတ်သင့်မည်စိုး၍ ပုစွန်ခြောက်မှုန့်ပဲ ယူနယ်စားသည်ဟု ရေးဖွဲ့တင်ပြထားသည်။ ထိုအချိန်တွင် ခရီးသွားနေသော ဦးစောဟန် ရုတ်တရက် ပြန်ရောက်လာသည်။ ဦးစောဟန် မျက်နှာပျက်သွားပုံကိုတွေ့ပြီး ဝေဝေသည် သွေးမရှိသောမျက်နှာမျိုး ဖြစ်သွားသည်။ ထိုကဲ့သို့သော ဇာတ်ကွက်များအတွင်းသို့ ဇာတ်ဆောင်များကို နေရာတကျ ဖန်တီးရေးဖွဲ့ခြင်းဖြင့် ဇာတ်ဆောင်ဝေဝေသည် ကရုဏာသက်ဖွယ် ဖြစ်လာသည်နှင့်အမျှ ဆန့်ကျင်ဘက် ဇာတ်ဆောင်နှင့် အားပြိုင်မှုသည်လည်း ထင်ရှားလာပါသည်။

ထို့ပြင် ပြင်ပမှုမုန့်စိမ်းပေါင်းသည်၏ အသံကိုကြားလျှင် စားလိုလှသော်လည်း မျိုသိပ်ရသည့် ဇာတ်ကွက်များဖြင့် ဇာတ်ဆောင်ကို သရုပ်ဖော်ပေးခြင်းဖြင့် ဇာတ်နာစေသည်။ သဘာဝကျစေသည်။ ဦးစောဟန်၏ စိုးရိမ်ပူပန်မှုများကြောင့် ဝေဝေသည် မိမိစိတ်ကြိုက် မည်သို့မျှ နေထိုင်ခွင့် မရှိတော့ပေ။ ဝေဝေဘက်မှခံစားမှုကို–

> "ဝေမှာ ကြာလေကြာလေ စက်ရုပ်လိုပင် ဖြစ်နေသည်။ သံပတ်ပေးထားသည့်အတိုင်း လှုပ်ရှားနေရ၏။ တစ်နေ့လုံးအချိန်များမှာ ဝေ့စိတ် ဝေ့ကိုယ်ဖြင့် နေထိုင်စားသောက်ရသော အချိန်များ မဟုတ်ရသဖြင့် 'ဘဝကဝဋ်ပဲ' ဟုတွေးကာ ထင်မြင်လာသည်။"[၂]

ဟု ရေးဖွဲ့ထားပါသည်။ ဝေဝေသည် ဦးစောဟန်၏ချစ်ခြင်းမေတ္တာများကို ပင်ပန်းကြီးစွာ ခံယူရင်း ရောဂါလည်း သည်းလာသည်။ သွေးပါလာသောအခါတွင်ပင် ဦးစောဟန်အပေါ် ချစ်စိတ်ဖြင့် ဖွင့်မပြောရက်လောက်အောင် တုန်လှုပ်နေသည်။ ဝေဝေ၏ ခံစားမှုကို–

---

[၁] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၂၂၃။
[၂] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၂၃၀။

> "ဝေမှာ နေ့လယ်မှမိုးချုပ်အထိ အချိန်ကိုသာ စောင့်နေလေ၏။ ပြောရန်အချိန်ကို စောင့်စားနေရသည့်အတွင်း ကို့မျက်နှာကို စိတ်အားထက်သန်စွာ စိုက်စိုက်ကြည့်ကာ ရင်ထဲလှိုင်းထနေသည်။ ကိုကတော့ ဘာမှမသိ။ ဝေ၏ဖြည်းနှေးသွားသော အမူအရာလေးများကို အကဲခတ်ကာ မနက်ကလန်းတယ်၊ နေ့လယ်ဘက် ပူလွန်းလို့ မလန်းတာပဲဟု သူ့အတွေးနှင့်သူ ..... ။"[၁]

ဟု ဖော်ပြထားပါသည်။ စာရေးသူသည် အားလုံးသိရှုထောင့်ကို သုံးထားသောကြောင့် နှစ်ဦးစလုံး၏ခံစားမှုများ၊ အခြေအနေများကို တစ်ပြိုင်တည်း မျှမျှတတတင်ပြနိုင်သည့်အတွက် ဇာတ်လမ်းအဆုံးတွင် မည်သူ့ကိုမျှ အပြစ်မတင်သာဘဲ စာဖတ်သူတို့၏စိတ်၌ ဇာတ်ဆောင်တို့၏ အချစ်နှစ်မျိုးကိုသာ ရင်နင့်ကြေကွဲစွာနှင့် စွဲလမ်းကျန်ရစ်ခဲ့ရခြင်း ဖြစ်ပါသည်။

အစ်ကိုဖြစ်သူ ကိုနေဦးကို ဂျပန်များဖမ်းသွား၍ ဝေဝေက သွားတွေ့လိုသည်။ သို့သော်လည်း ဦးစောဟန်က ခွင့်မပြုခဲ့ပေ။ ထိုအခန်း၌လည်း–

> "ကိုရယ် နောက်ဆုံးခွင့်ပြုလိုက်ပါ။ တွေ့ရုံလေးပါ။ နှုတ်ဆက်ရုံလေးပါ။ ဝေသွားရမှ ကျေနပ်မယ်။ ဝေသွားရင်း လမ်းမှာပဲ သေချင် သေပါစေတော့၊ သွားပါရစေ ကို ... သွားပါရစေ၊ နောက်ဆုံးပါ"[၂]

ဟု ပြောဆိုဟန်ကို ရေးဖွဲ့ထားသည်။ ဝေဝေသည် နောက်ဆုံးတွင် ခံစားမှုများ ပေါက်ကွဲသွားကာ ပြောဆိုဟန်ကို–

> "ဝေ့ကို မသနားဘူးနော်၊ မချစ်ဘူးနော်။ ပါးပေါ်တွင် မျက်ရည်ပေါက်ကြီးများဖြင့် လှိုက်လှိုက်လှဲလှဲ ပြောလိုက်သော၊ နာကြည်းကြေကွဲလှသော အသံမှာ ဦးစောဟန်၏နားထဲတွင် တူးတူးခါးခါး ဖြစ်သွားလေသည်။ ဦးစောဟန်မှာ မျက်စိမျက်နှာ ပျက်သွားလျက် နှုတ်ခမ်းကိုကိုက်ကာ ပြန်မပြောနိုင်လောက်အောင် ရင်ထဲဆို့သွားလေ၏"[၃]

---

[၁] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၂၄၂။
[၂] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၂၈၄။
[၃] မမလေး(ဂျာနယ်ကျော်–)၊ ၂၀၁၇၊ ၂၈၄။

ဟု ရေးဖွဲ့ထားပါသည်။ ဇာတ်လမ်းအဆုံးသတ်တွင် ဝေဝေ သေဆုံးသည့်အထိ ချစ်သူနှစ်ဦး၏ မတူညီသော အချစ်ချင်း အားပြိုင်မှုများကို အပြောအဆို၊ အမူအရာ၊ ခံစားမှုများဖြင့် နှစ်ဦးစလုံး၏ထောင့်မှ မျှမျှတတ ရေးဖွဲ့တင်ပြထားသည်။

ချစ်သည့်ပမာဏတူပြီး ချစ်ပုံချင်းမတူသည့် အလွန်သိမ်မွေ့သော ဇာတ်ဆောင်နှစ်ဦး၏ ခံစားမှုများကို စာရေးသူက အနုပညာဂုဏ်မြောက်အောင် ရေးဖွဲ့ထားသည့်အတွက် စာဖတ်သူတို့တွင် ရသခံစားမှုများ ဖြစ်ပေါ်လာရပါသည်။ ရသခံစားမှုဖြစ်အောင် ရေးသည်ဆိုခြင်းမှာလည်း စာဖတ်သူတို့တွင် ဖတ်ချင်၊ နာချင်ဖွယ်ဖြစ်အောင် ရေးသားခြင်းဖြစ်သည်ကို ဆိုလိုပါသည်။ ဇာတ်ဆောင်စရိုက်အဖွဲ့ ကောင်းမွန်ပြီးလျှင် ဇာတ်ဆောင်များကို ဇာတ်လမ်းက နေရာသတ်မှတ်ချထားပေးသော ဘောင်အတွင်း၌ အံဝင်ဂွင်ကျဖြစ်အောင် လှုပ်ရှားစေနိုင်စွမ်းရှိသည့်အတွက် ဇာတ်လမ်းသည် စွဲလမ်းနှစ်သက်ဖွယ် ဖြစ်လာရသည်။ ဇာတ်ဆောင်များကို မေ့မရသည့် စွဲလမ်းမှုမှတစ်ဆင့် ဇာတ်လမ်းကိုလည်း နှစ်သက်ခဲ့ကြသည်ဟု ဆိုရပါမည်။

## ခြုံငုံသုံးသပ်ချက်

ဇာတ်လမ်းနှင့်ဇာတ်ဆောင်တို့သည် ဝတ္ထုတွင်ပါဝင်သော အင်္ဂါရပ်များဖြစ်သည်။ ဇာတ်လမ်းပဓာနဝတ္ထု၊ ဇာတ်ဆောင်ပဓာနဝတ္ထုဟု ဆိုကြသော်လည်း ဝတ္ထုရှည်တစ်ပုဒ်အတွင်း၌ ဇာတ်လမ်းဇာတ်ကွက် ခိုင်မာကောင်းမွန်ပြီးလျှင် ထိုဇာတ်ကွက်များတွင် ပါဝင်လှုပ်ရှားသည့် ဇာတ်ဆောင်တို့၏ စရိုက်များမှာလည်း ဇာတ်လမ်းတွင် ပါဝင်လှုပ်ရှားသော စရိုက်သဘာဝနှင့်အညီ သရုပ်ပီပြင်နေမှသာ ဝတ္ထုရှည်ကောင်း တစ်ပုဒ်ဖြစ်နိုင်ပါသည်။ ဇာတ်လမ်းကောင်းသော်လည်း ဇာတ်ဆောင်တို့၏ စရိုက်မပီပြင်လျှင်သော်လည်းကောင်း၊ သက်ဝင်လှုပ်ရှားမှု မရှိလျှင်သော်လည်းကောင်း ပရိသတ်အကြိုက်ဝတ္ထု ဖြစ်နိုင်မည် မဟုတ်ပါ။ ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်စေရန် ဇာတ်လမ်းရော ဇာတ်ဆောင်ပါ ဆီလျော်လိုက်ဖက်အောင် ဖန်တီးရေးသားနိုင်ရမည်ဟု ထင်မြင်မိပါသည်။

ဂျာနယ်ကျော်မမလေး၏ 'မုန်း၍မဟူ' ဝတ္ထုသည် အလွန်ထင်ရှားကျော်ကြားသော ရသမြောက် ဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။ မြန်မာနိုင်ငံသားများသာမက ကမ္ဘာ့အရပ်ရပ်မှ စာဖတ်သူများလည်း နှစ်သက်ခံစားနိုင်ကြသည်။ ဝတ္ထု၏ကျောရိုးနောက်ခံ အချိန်ကာလအရကြည့်လျှင် အနောက်တိုင်းယဉ်ကျေးမှုနှင့် မြန်မာ့ယဉ်ကျေးမှုတို့ကြားတွင် ပဋိပက္ခဖြစ်ပေါ်ကာ အိမ်ထောင်မှုဘဝ၌ ကြေကွဲခံစားရပုံများကို တင်ပြထားသည်ဟု ထင်မြင်မိပါသည်။ အတွင်းကျကျ ခံစားကြည့်လျှင်မူ ချစ်ခြင်းမေတ္တာ၏ သိမ်မွေ့

နက်နဲသောသဘောကို ပို၍အလေးကဲတင်ပြထားသည်ဟု ယူဆပါသည်။ တစ်ဦးနှင့် တစ်ဦး အချစ်ချင်း တူညီသော်လည်း အခြေခံခံယူချက်၊ စိတ်ဓာတ်ချင်း မတူညီလျှင် ချစ်ရာမရောက်ဘဲ နှစ်ရာရောက်တတ်သည့် သဘောကို ဆင်ခြင်ဖွယ် တင်ပြထား ပါသည်။

ထိုသို့ တင်ပြရာတွင် ဂျာနယ်ကျော်မမလေးသည် ဇာတ်လမ်း ဇာတ်အိမ် သဘောထက် အချစ်ချင်းတူသော်လည်း အချစ်နှင့်ပတ်သက်သည့် ယူဆချက်ချင်း မတူသည့် ချစ်သူနှစ်ဦး၏ကြားမှ ပဋိပက္ခကိုအခြေခံ၍ အလွန်သိမ်မွေ့နက်ရှိုင်းသည့် အားပြိုင်မှုများအဖြစ် ဖန်တီးထားပါသည်။ ဇာတ်ဆောင်တို့၏စရိုက် သက်ဝင်လှုပ်ရှား နေသည်နှင့်အမျှ ဇာတ်လမ်းသည်လည်း သက်ဝင်လှုပ်ရှားလာပြီးလျှင် ဇာတ်ဆောင် တို့အပေါ် နှစ်သက်စွဲလမ်းလာရပါသည်။ နှစ်သက်စွဲလမ်းစိတ် ဖြစ်လာအောင် ဇာတ်လမ်း နှင့်ဇာတ်ဆောင်ကို နေရာတကျ ဆက်စပ်ဖန်တီးယူနိုင်ခဲ့သည်ဟု ထင်မြင်မိပါသည်။

## နိဂုံး

ဝတ္ထုရှည်တွင် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံ ဆိုသည့် အင်္ဂါရပ်များ ပါဝင်ပါသည်။ ထိုအင်္ဂါရပ်များသည် တစ်ခုချင်းအနေနှင့် ထူးခြား ပြောင်မြောက်ရုံနှင့် မပြီးပါ။ ဇာတ်လမ်းကို ဇာတ်ဆောင်က အထောက်အကူပြု ရပါမည်။ ထိုဇာတ်လမ်း၊ ဇာတ်ဆောင်တို့၏ သရုပ်မှန်မှု၊ ခိုင်မာမှုအတွက် ကာလ ဒေသ နောက်ခံအဖွဲ့များက အထောက်အပံ့ပြုရပါမည်။ အဓိကအားဖြင့် ဇာတ်ဆောင်တို့၏ အဖွဲ့များ သက်ဝင်လှုပ်ရှားမှု၊ သဘာဝကျမှုများပေါ်တွင် မူတည်၍ ဇာတ်လမ်း သည်လည်း သဘာဝကျပြီး သက်ဝင်လှုပ်ရှားလာတတ်ပါသည်။ ကာလဒေသနောက်ခံ အဖွဲ့များ၏ ပီပြင်ပေါ်လွင်မှုကြောင့်လည်း ဝတ္ထုဇာတ်လမ်းသည် ခမ်းနားကြီးကျယ် လာတတ်ပါသည်။ ထိုကဲ့သို့သော ဝတ္ထုရှည်အတွင်းမှ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံတို့၏ အပြန်အလှန် ဆက်သွယ်မှုသဘောများကို ဆက်လက် လေ့လာတင်ပြသင့်သည်ဟု ထင်မြင်မိပါသည်။

# ကျမ်းကိုးစာရင်း

## မြန်မာဘာသာ

ဘုန်းနိုင်(တက္ကသိုလ်–)။ (၁၉၇၉)။ ***ဝတ္ထုရှည်ဟူသည်မှာ*** (ဝတ္ထုရှည်စာတမ်း)။ စာပေဗိမာန် ပုံနှိပ်တိုက်။ ရန်ကုန်။

ဘုန်းနိုင်(တက္ကသိုလ်–)။ (၂၀၀၄)။ ***ဘုန်းနိုင်အတွေးဘုန်းနိုင်အမြင်*** (ဒုကြိမ်)။ ကံ့ကော်ဝတ်ရည် စာပေ။ ရန်ကုန်။

မမလေး(ဂျာနယ်ကျော်–)။ (၂၀၁၇)။ ***မုန်း၍မဟူ*** (ဒွါဒသမအကြိမ်)။ ကံ့ကော်ဝတ်ရည်စာပေ။ ရန်ကုန်။

မိုးမြေ၊ မ။ (၂၀၁၇)။ ***ဝတ္ထုတိုသဘောတရား ဝတ္ထုတိုဖန်တီးမှုအတတ်ပညာ***။ စိုးမိုးလွင်စာပေ။ ရန်ကုန်။

အောင်သင်း။ (၁၉၉၄)။ ***ဝတ္ထုရေးရာဆောင်းပါးများ***။ ရေတမာစာပေ။ရန်ကုန်။

## အင်္ဂလိပ်ဘာသာ

Gerke, Jeff, Plot Versus Character, ***Writer's Digest Books***, Cincinnati, Ohio.

Laurie, E Rozakis.Ph.D(2004). ***The Completeidiot's Guide To Creative Writing***. Alpha Books. 375 Hudson Street New York NY 10014.

Morner, Kathleen and Raush, Ralph. (1998). ***NTC's Dictionary of Literary Terms***. Chicago NTC Publishint Group Uncolnwood, Illinoes.

Novakovich, Josip. (1995). ***Fiction Writer's Work Shop***, Ohio. Story Press Cincinnati.

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# မြန်မာကဗျာများမှ စကားတန်ဆာဆင်မှု လေ့လာချက်

အိအိမွန် *

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေနယ်အတွင်းရှိ မြန်မာကဗျာများမှ ပျို့၊ မော်ကွန်း၊ ရတုကဗျာတို့မှ စကားတန်ဆာဆင်မှုတို့ကို လေ့လာတင်ပြထားသည့် စာတမ်း ဖြစ်ပါသည်။ ဤစာတမ်းကို တင်သွင်းရာ၌ ဘူရိဒတ်လင်္ကာကြီး၊ ဘူရိဒတ် ဇာတ်ပေါင်းခန်းပျို့၊ မုဒုလက္ခဏပျို့၊ ပုံတောင်နိုင်မော်ကွန်း၊ ဝေရွှန်းစန္ဒာချီ ရတုတို့ကို အလေ့လာခံအဖြစ် သတ်မှတ်ပါသည်။ စကားတန်ဆာဆင်မှု၏ သဘောသဘာဝနှင့် စကားတန်ဆာဆင်ဖန်တီးဖွဲ့ဆိုပုံတို့ကို ဖော်ထုတ် တင်ပြ လိုသော ရည်ရွယ်ချက် ဖြစ်ပါသည်။ ဤစာတမ်းတွင် အခန်း(၁) ကဗျာ ဟူသည်၊ အခန်း(၂) စကားတန်ဆာဆင်မှု၏သဘောသဘာဝ၊ အခန်း(၃) မြန်မာကဗျာများမှ စကားတန်ဆာဆင်မှု လေ့လာချက်ကို ဖော်ထုတ်တင်ပြ ထားပါသည်။ မြန်မာကဗျာများမှ စကားတန်ဆာဆင်မှု ဖန်တီးဖွဲ့ဆိုပုံများသည် မြန်မာကဗျာများ၏ တန်ဖိုးကိုမြင့်မားစေသော ဖန်တီးဖွဲ့ဆိုထားသော စာပေ အနုပညာတစ်ရပ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကဗျာများမှ စကားတန်ဆာ ဆင်မှုကို လေ့လာသူတို့အတွက် အထောက်အကူပြုပြီး အကျိုးရှိစေနိုင်ပါသည်။

## နိဒါန်း

မြန်မာကဗျာများမှ စကားတန်ဆာဆင်မှု လေ့လာချက်စာတမ်းကို တင်ပြရာ၌ မြန်မာကဗျာများ ဆိုသည်မှာ ခေတ်အဆက်ဆက် ပေါ်ပေါက်ထွန်းကားခဲ့သော ပျို့၊ မော်ကွန်း၊ ရတု၊ ဧချင်း၊ တောလား စသည့် လင်္ကာများနှင့် ဘောလယ်၊ သဖြန်၊ ဟန်ချင်း၊ ဒွံချင်း စသည့် သီချင်းများကို ဆိုလိုပါသည်။ ထိုမြန်မာကဗျာများမှ ပျို့၊ မော်ကွန်း၊ ရတု ကဗျာ(၃)မျိုးကိုသာ နယ်ပယ်သတ်မှတ် လေ့လာထားပါသည်။ ခေတ်အလိုက် ပိုင်းခြားလေ့လာတင်ပြခြင်း မပြုဘဲ အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်လင်္ကာကြီးနှင့် ဘူရိဒတ်ဇာတ်ပေါင်းခန်းပျို့၊ ပုံတောင်နိုင်မော်ကွန်း၊ တောင်ငူခေတ်စာဆို တွင်းသင်းမင်းကြီး၏ မုဒုလက္ခဏပျို့နှင့် ကုန်းဘောင်ခေတ်စာဆို လက်ဝဲသုန္ဒရအမတ်ကြီး၏ ဝေရွှန်းစန္ဒာချီ ပိုဒ်စုံရတုတို့ကို အလေ့လာခံအဖြစ် သတ်မှတ် လေ့လာ တင်ပြထားပါသည်။ မြန်မာကဗျာများမှ စကားတန်ဆာဆင်ဖန်တီးမှု (သဒ္ဒါလင်္ကာရ)တန်ဖိုးကို ဖော်ထုတ်တင်ပြလိုသော ရည်ရွယ်ချက်ဖြင့် လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ထိုသို့ စကားတန်ဆာဆင်မှုကို လေ့လာတင်ပြရာ၌ ဂုဏ်(၁၀)ပါးမှ ပသာဒဂုဏ်၊ ဩဇဂုဏ်၊ မဓုရတာဂုဏ် (၃)ပါးကို ပိုင်းခြားလေ့လာတင်ပြထားပါသည်။

---

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ မုံရွာတက္ကသိုလ်

## ၁။ ကဗျာဟူသည်

ကဗျာဟူသည့် အဆိုအမိန့်ကို ပညာရှိတို့က အမိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုခဲ့ကြပါသည်။ ဝေါဟာရလီနတ္ထဒီပနီကျမ်း၊ ကဗျာဇဗန္ဓသာရကျမ်းများ၌ ပညာရှိတို့ပစ္စည်း၊ ပညာရှိတို့ ဖွဲ့စီသီကုံးထားသော စာဟု ဆိုထားပါသည်။ ထို့ပြင် ကဗျာဟူသည့်သဘောကို လှသမိန်က–

> "ကဗျာ ဆိုသည်မှာ လေးနက်သာယာအောင် ဖွဲ့စပ်ထားသော စကားလုံးအစုပင် ဖြစ်သည်။ ကဗျာသည် စကားလုံးများကို ရွေးချယ်ဖွဲ့စပ်ထားသော စကားစုမျှပင် မဟုတ်ပေ။ စကားဟူသော ကာရန်စကားထပ်များ စနစ်တကျ ပါဝင်အောင်လည်း ဖွဲ့ထားသည်။ လေးနက်သော အတွေးအခေါ်များလည်း သွတ်သွင်းထားသည်။ တင်စားမှု ဥဏ်ကစားမှုများလည်း ပါသည်။ စိတ်ဝင်စားစရာ အကြောင်းရပ်လည်း ပါရှိသည်။"[၁]

ဟူ၍လည်းကောင်း၊ ထီလာစစ်သူက–

> "ကဗျာကောင်းမည်သည် နှလုံးသားမှ ယိုစီးလာသော စေတနာ၊ နှလုံးသားမှ စီမံဖန်တီးလိုက်သော စိတ်ကူး၊ နှလုံးသားမှ မြည်လိုက်သော စကားတို့ ကိန်းဝပ်ရာ စာမျိုး ဖြစ်သည်။"[၂]

ဟူ၍လည်းကောင်း၊

> "ကဗျာသည် (Tonal Art) ဟုခေါ်သော စကားအနုပညာ၊ သဒ္ဒအနုပညာဖြစ်၍ ကဗျာကို ဘာသာပြန်လျှင် မူရင်းကို မီမည်မဟုတ်ပေ။"[၃]

ဟူ၍လည်းကောင်း အမျိုးမျိုးဖွင့်ဆိုကြပါသည်။ ခေတ်အဆက်ဆက် ပေါ်ပေါက်ထွန်းကားခဲ့သော ကဗျာများကို လေ့လာကြည့်လျှင် ခေတ်အခြေအနေအလိုက် အကြောင်းအရာ၊ ဖွဲ့စပ်မှုပုံသဏ္ဍာန်တို့ အမျိုးမျိုး ပြောင်းလဲပေါ်ပေါက် ထွန်းကားခဲ့သည်ကို တွေ့ရပါသည်။ မည်သို့ပင် ပြောင်းလဲပေါ်ပေါက်လာစေကာမူ ကဗျာဟူသည် စာဆို၏ စေတနာဖန်တီးမှုဖြစ်ပြီး စာဖတ်သူကို ခံစားမှုရသ၊ ဘဝအသိအမြင် ပေးစွမ်းနိုင်သော စာပေအနုပညာတစ်ရပ်ပင် ဖြစ်ပါသည်။

---

[၁] လှသမိန်၊ ၁၉၆၈၊ ၁၇။

[၂] ထီလာစစ်သူ၊ ၁၉၈၆၊ ၃၁၉။

[၃] ရပ်ရှင်တေးကဗျာ၊ ၂၀၀၄၊ ၁၁၄။

## ၂။ စကားတန်ဆာဆင်မှု၏ သဘောသဘာဝ

စာပေအဖွဲ့အနွဲ့တို့ကို စကားအားဖြင့် တန်ဆာဆင်ခြင်း (သဒ္ဒါလင်္ကာရ)နှင့် အနက်အားဖြင့် တန်ဆာဆင်ခြင်း(အတ္ထာလင်္ကာရ)တို့ဖြင့် တန်ဆာဆင် ဖွဲ့ဆိုကြပါသည်။ စကားအားဖြင့် တန်ဆာဆင်ခြင်း ဆိုသည်မှာ အလင်္ကာတန်ဆာဆင်မှု သဒ္ဒါလင်္ကာရဖြစ်သည့် ဂုဏ်ဆယ်ပါးကို ဆိုလိုခြင်း ဖြစ်ပါသည်။ စာပေအဖွဲ့အနွဲ့တို့၌ ထိုဂုဏ်(၁၀)ပါးတို့ဖြင့် တန်ဆာဆင်ဖွဲ့ဆိုထားပါက ပညာရှိတို့ လွန်စွာနှစ်သက်တန်ဖိုးထားကြပါသည်။ အပြစ်ဒေါသကင်းပြီး ဂုဏ်မြောက်လျှင် စကားအားဖြင့် တန်ဆာဆင်ခြင်းဖြစ်ပြီး စာပေ၏တန်ဖိုးကို ပို၍ကြီးမြင့်စေပါသည်။

အရေးအသား အစီအကုံး ကောင်းမြတ်ခြင်းဟူသော (သဒ္ဒါလင်္ကာ)ဖြစ်သည့် ဂုဏ်(၁၀)ပါး ရှိပါသည်။ ထိုဂုဏ်(၁၀)ပါးကို အလင်္ကာကျမ်းများ၌–

(၁) ပသာဒဂုဏ်

(၂) သြဇဂုဏ်

(၃) မဓုရတာဂုဏ်

(၄) သမတာဂုဏ်

(၅) သုခုမာလတာဂုဏ်

(၆) သိလေသဂုဏ်

(၇) ဥဒါရတာဂုဏ်

(၈) ကန္တိဂုဏ်

(၉) အတ္ထဗျတ္တိဂုဏ်

(၁၀) သမာဓိဂုဏ် တို့ဖြစ်သည် ဟူ၍ ပြဆိုထားပါသည်။

ဂုဏ်(၁၀)ပါးဖြစ်သည့် စကားတန်ဆာဆင်မှု (သဒ္ဒါလင်္ကာရ)နှင့် ပြည့်စုံသော စာပေတို့မှာ တိမ်မြုပ်ပျောက်ကွယ်ခြင်း မရှိဘဲ ခေတ်အဆက်ဆက် စာပေပညာရှင်တို့ လေးစားတန်ဖိုးထား အတုယူခြင်းကို ခံခဲ့ကြရပေသည်။

## ၃။ မြန်မာကဗျာများမှ စကားတန်ဆာဆင်မှု လေ့လာချက်

ခေတ်အဆက်ဆက်ပေါ်ပေါက်ခဲ့သော မြန်မာကဗျာများကို လေ့လာကြည့်လျှင် စာပေပညာရှင်တို့သည် ဖွဲ့ဆိုသီကုံးသော ကဗျာလင်္ကာတို့ကို(သဒ္ဒါလင်္ကာ) စကား

တန်ဆာတို့ဖြင့် တန်ဆာဆင် ဖွဲ့ဆိုခဲ့ကြသည်ကို တွေ့ရပါသည်။ အင်းဝခေတ်တွင် ထင်ရှားပေါ်ပေါက်ခဲ့သော စာဆို ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်ဇာတ်နှင့် ဘူရိဒတ်ဇာတ်ပေါင်းခန်းပျို့သည် ဇာတ်ကြီး(၁၀)ဘွဲ့မှ ဆဋ္ဌမမြောက်ဇာတ်ဖြစ်သော ဘူရိဒတ္တဇာတကကို (သဒ္ဒါလင်္ကာရ)စကားတန်ဆာဆင်မှု၊ (အတ္ထာလင်္ကာရ) အနက်တန်ဆာဆင်မှုတို့ဖြင့် တန်ဆာဆင်ဖွဲ့ဆိုထားပါသည်။ ထို့အတူ ကုန်းဘောင်ခေတ်တွင် ထင်ရှားကျော်ကြားသော စာဆိုတွင်းသင်းမင်းကြီးသည်လည်း ဘုရားဟော ငါးရာ့ငါးဆယ်ဇာတ်တော်လာ ဇကေနိပါတ်၊ ဣတ္ထိယဝဂ်မှ မုဒုလက္ခဏဇာတ်ကို ပိုဒ်ရေ (၉၇)ပိုဒ်ဖြင့် မုဒုလက္ခဏပျို့အဖြစ် ဖွဲ့ဆိုဖန်တီးရာ၌ စကားတန်ဆာဆင်မှုတို့ဖြင့် တန်ဆာဆင်ဖွဲ့ဆိုထားပါသည်။ မော်ကွန်းကဗျာတို့ကို လေ့လာရာ၌ အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရ၏ ပုံတောင်နိုင်မော်ကွန်းတွင်လည်း သဒ္ဒါလင်္ကာရတို့ဖြင့် တန်ဆာဆင်ဖွဲ့ဆိုထားသည်။ ကုန်းဘောင်ခေတ်စာဆို လက်ဝဲသုန္ဒရအမတ်ကြီး၏ ဝေရွှန်းစန္ဒာချီ ပိုဒ်စုံရတုကဗျာတွင်လည်း စကားတန်ဆာဆင်မှုတို့ဖြင့် ဖွဲ့ဆိုထားသည်ကို နှစ်သက်ဖွယ်လေ့လာတွေ့ရှိရပါသည်။ ထိုခေတ်အဆက်ဆက် ပညာရှင်တို့ ဖွဲ့ဆိုခဲ့ကြသော ပျို့၊ မော်ကွန်း၊ ရတုကဗျာတို့မှ သဒ္ဒါလင်္ကာရ တန်ဆာဆင်မှုများဖြစ်သည့် (ပသာဒဂုဏ်၊ သြဇဂုဏ်၊ မဓုရတာဂုဏ် တို့ကို လေ့လာတင်ပြပါမည်။)

## ၃၊ ၁။ ပသာဒဂုဏ်

'ပသာဒ' ဟူသော ဝေါဟာရသည် ပါဠိဘာသာစကားမှ ဆင်းသက်လာပြီး ကြည်ခြင်း၊ အကြည်၊ ကြည်ညိုခြင်း ဟူသော အနက်အဓိပ္ပါယ်ရပါသည်။ မြန်မာအဘိဓာန်တွင် ပသာဒဂုဏ်၏အနက်ကို–

"ပသာဒဂုဏ်/ပသာဒါ့ဂုန်/ န(စာပေ)စာပေအရေးအသား၊ အထားအသို၊ ရှင်းလင်းပြတ်သားသော ဂုဏ်"[၁]

ဟူ၍ ဖွင့်ဆိုထားပါသည်။ အလင်္ကာကျမ်းများကို ရေးသားပြုစုခဲ့သော ပညာရှင်အသီးသီးကလည်း ပသာဒဂုဏ်၏သဘောကို ဖွင့်ဆိုရှင်းလင်းခဲ့ကြပါသည်။

အလင်္ကာနိသျတွင်–

"ယာပဒါဝလိ၊ အကြင်အဘွဲ့၌၊ ပါသော၊ ပုဒ်အစဉ်သည်၊ အနုရာဟိတ၊ သမ္ဗန္ဓသုဘဂါ၊ စပ်သင့်သော ပုဒ်ချင်းအနီး၌ ထား၍ စပ်ခြင်းဖြင့် တင့်တယ်၏။ သုပသိဒ္ဓါဘိဓေယျာ၊ အလွန်ထင်ရှား

[၁] မြန်မာစာအဖွဲ့၊ ၁၉၉၁၊ ၁၈၁။

> သိသာသော၊ အနက်ရှိ၍၊ အယံ၊ ဤပုဒ်အစဉ်သည်၊ ပသာဒ၊
> ဖွဲ့စီကုံးအပ်သော အဖွဲ့၏ ကြည်ညိုဖွယ်ဖြစ်သော ပသာဒဂုဏ်ကို
> ဇနယေ ဖြစ်စေနိုင်၏"[၁]

ဟူ၍ မိန့်ဆိုထားသည်။ စပ်သင့်သည့်ပုဒ်ခြင်း နီးစပ်စွာထားဖွဲ့ခြင်း၊ သိသာထင်ရှားသော အနက်ရှိခြင်းဖြင့် ကြည်ညိုဖွယ်ဖြစ်ပြီး၊ ပသာဒဂုဏ်မြောက်သည်ဟု ဖွင့်ဆိုထားပါသည်။ ဤအချက်ကို အရှင်ကုမာရကလည်း–

(က) စပ်ရမည့်ပုဒ်ခြင်း နီးကပ်စွာထားခြင်း

(ခ) ပေါ်လွင်ထင်ရှားသော အနက်ရှိခြင်း[၂]

ဟူသော အင်္ဂါနှစ်ပါးနှင့်ပြည့်စုံသော အဖွဲ့သည် ကြည်လင်ဖွယ်ရှိသော အဖွဲ့မည်၏။ ပသာဒဂုဏ်ရောက်၏ ဟူ၍ဖွင့်ဆိုခဲ့ပါသည်။ ထို့ပြင် ပသာဒဂုဏ်မြောက်ရန် ဒေါသတို့ လွတ်ရန်လိုအပ်ကြောင်းကိုလည်း–

> "စပ်ရမည့်ပုဒ်တို့ကို ရှုပ်ရှုပ်ပွေပွေထားအပ်သော ဗျာကိဏ္ဏဒေါသ၊
> အသိခက်အောင် (စကားနည်း၍ လူများ အလွယ်တကူ မသိ
> နိုင်သော ပုဒ်တို့ဖြင့်) ရေးသားအပ်သော ကိလိဋ္ဌဒေါသတို့မှ
> လွန်မြောက်၍ ပသာဒဂုဏ်ရောက်၏"[၃]

ဟု ဆိုခဲ့ပါသည်။ ရှုပ်ထွေးသော အပြစ်၊ အသိခက်သော အပြစ်တို့လွတ်လျှင် ပသာဒဂုဏ်မြောက်သည်ဟု ဆိုပါသည်။

ကဗျာလင်္ကာဖွဲ့ဆိုမှုတွင် သဒ္ဒါလင်္ကာရ၊ အတ္ထာလင်္ကာရဟု ဆိုသော အလင်္ကာတန်ဆာဆင်မှုသည်လည်း အရေးပါလှသည်။ ထိုသဒ္ဒါလင်္ကာရ စကားတန်ဆာဆင်မှုတွင် တစ်ပါးအပါအဝင်ဖြစ်သည့် ပသာဒဂုဏ်မြောက်အဖွဲ့သည် စာပေပညာရှင်တို့သာ ကျွမ်းကျင်နှံ့စပ်သော စာပေအနုပညာ ဖန်တီးမှုတစ်ရပ် ဖြစ်သည်။ ပျို့ကဗျာလင်္ကာတို့ကို ရေးဖွဲ့ရာတွင် စာဆိုတို့သည် မိမိတို့တွေ့ကြုံခံစားမှုများကို အခြေခံပြီး ဉာဏ်ပညာအဖွဲ့စွမ်းရည်ဖြင့် လုပဝေဆာအောင် တန်ဆာဆင် မွမ်းမံဖွဲ့ဆိုခဲ့ကြသည်။

အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်လင်္ကာကြီးနှင့် ဘူရိဒတ်ဇာတ်ပေါင်းခန်းပျို့၌ စာဆိုသည် ဘုရားဟော အဋ္ဌကထာလာဇာတ်ကြောင်းကို ပျို့အသွင်ဖြင့် ဖွဲ့ဆိုရာတွင် စပ်ဟပ်သင့်သော ပုဒ်ချင်း နီးကပ်စွာထား၍ ဖွဲ့ဆိုခြင်း၊ သိသာထင်ရှား

---

[၁] ဘိုးလှိုင်၊ ဦး (ယောမြို့စာမင်း–)၊ ၁၉၃၇၊ ၁၄၂။

[၂] ကုမာရ၊ အရှင်၊ ၂၀၀၀၊ ၁၅၁။

[၃] ကုမာရ၊ အရှင်၊ ၂၀၀၀၊ ၁၅၂။

ပေါ်လွင်သော အနက်ရှိသည့်ပုဒ်တို့ဖြင့် ဖွဲ့ဆိုခြင်းကြောင့် ပသာဒဂုဏ်မြောက်ပြီး နှစ်သက်ဖွယ်ဖြစ်စေသည်ကို တွေ့ရပါသည်။

ဘုရားလောင်း ဘူရိဒတ်နဂါးမင်းသည် ခမည်းတော် တေရဋ္ဌနဂါးမင်းနှင့် မယ်တော် သမုဒ္ဒဇာတို့အား ခွင့်ပန်ကာ ဥပုသ်သီတင်းဆောက်တည်ပုံကို ဖွဲ့ဆိုရာ၌–

> "ဘနက်ကျော်နှင့် မယ်တော်လိုတူ၊ ကောင်းစွာဟူ၍၊ ချစ်သူ
> မြတ်လေး၊ အခွင့်ပေးမှ၊ အရေးမြင်ဟန်၊ ဆိုတုံပြန်သည်၊ သားမွန်
> သီတင်း၊ သုံးလိုလျှင်းသော်၊ လွင်ကျင်းတပါး၊ လူ့မြေခြားသို့၊
> မသွားလေဘဲ၊ မကွဲစုံပေါင်း၊ တွင်လည်းကောင်းလျှင်၊ ကိန်းအောင်း
> နေတန်၊ ဗိမာန်သာစွာ၊ ဆိတ်ငြိမ်ရာနိုက်၊ ပညာဓိက၊ ဝီရိယနှင့်၊
> သီလကောင်းတော၊ ဆောက်တည်လေလော၊ မကွေ့ရန်ဘက်၊ ဂဠုန်
> ငှက်ကြောင့်၊ ထွက်၍ပြင်ပ၊ သွင်းချေကလျှင်၊ ထိုမျှနဂါး၊ ဘေးရန်
> များဟု၊ ကြောင်းလျားစေ့စုံ၊ ဆိုလတ်တုံသည်"[၁]

ဟူ၍လည်းကောင်း၊

> "မိဘစကား၊ ဤသို့ကြားသော်၊ မမှားမယွင်း၊ မြော်တင်း
> ရှေးရှောင်း၊ ဘုရားလောင်းလည်း၊ ကောင်း၏ဟူသည်၊ မှတ်ယုံ
> ကြည်၏၊ ထိုပြည်၌ပင်၊ ထွက်ဝင်မသွား၊ မကြားလူသံ၊ ဆိတ်ညံ
> နှစ်လို၊ မင်းတို့ပျော်ရာ၊ ဥယျာဉ်သာဝယ်၊ သည်းစွာကြိုးကုတ်၊
> ခွန်အားထုတ်၍၊ ဥပုသ်သီတင်း၊ ဆောက်တည်ခြင်းဖြင့်၊ သန့်ရှင်း
> ကိုယ်လက်၊ စင်ကြယ်လျက်လျှင်၊ ငြိမ်သက်ညှိုးညှိုး၊ ဗြဟ္မာ
> မျိုးသို့၊ နူတ်ထိုးမလှုပ်၊ စိတ်ကိုချုပ်၍၊ အရုပ်မျှဉ်းမျှဉ်း၊ ကိုယ်ကို
> ညှင်းလျက်၊ ထိုင်မျဉ်းမိန်းမိန်းနေသတည်း"[၂]

ဟူ၍လည်းကောင်း ဖွဲ့ဆိုခဲ့ပါသည်။

'ဘနက်ကျော်နှင့်၊ မယ်တော်လိုတူ၊ ကောင်းစွာဟူ၍၊ ချစ်သူမြတ်လေး' ဟူသော နာမ်ပုဒ်ကို 'အခွင့်ပေးမှ' ဟူသော ကြိယာပုဒ်၊ 'အရေးမြင်ဟန်၊ ဆိုတုံပြန်သည်' ဟူသော ကြိယာပုဒ်တို့ကို ကပ်လျှက်ရှိသောကြောင့် ဖခမည်းတော်၊ မယ်တော်တို့ စိတ်သဘောတူညီစွာ ခွင့်ပေးပုံ၊ သားတော် ဘူရိဒတ်အား ရှေ့ရေး မျှော်တွေးကာ ပူပန်မှာကြားပုံတို့ကို ရှင်းလင်းစွာ သိမြင်လာစေပါသည်။ 'သားမွန်

---

[၁] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၆၄၊ ၁၀၇။

[၂] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၆၄၊ ၁၀၇။

သီတင်း၊ သုံးလိုလျှင်းသော်’ ဟူသောပုဒ်ကို ‘လွင်ကျင်းတပါး၊ လူ့မြေခြားသို့’ ဟူသော နေရာပြပုဒ်၊ ‘မသွားလေဘဲ’ ဟူသော အငြင်းကြိယာပုဒ်တို့ကို ကပ်လျက်ထားသော ကြောင့်လည်းကောင်း၊ ‘ဗိမာန်သာစွာ၊ ဆိတ်ငြိမ်ရာ၌’ ဟူသော နေရာပြပုဒ်ကို ‘ပညာ ဓိက၊ ဝီရိယနှင့်၊ သီလကောင်းတော၊ ဆောက်တည်လေလော’ ဟူသော ကြိယာပုဒ်ဖြင့် နီးကပ်စွာထားခြင်းကြောင့်လည်းကောင်း၊ လူ့ပြည်သို့မသွားဘဲ သာယာလှစွာသော ဥယျာဉ်၌သာ သီလဆောက်တည်ရန် စိတ်ပူပန်မှာကြားပုံတို့မှာ ရှင်းလင်းစွာ ပေါ်လွင် လာရပါသည်။

ထို့ပြင် ‘မိဘစကား’ ဟူသော နာမ်ပုဒ်ကို ‘ဤသို့ကြားသော်’ ကြိယာပုဒ်ဖြင့် ကပ်ထားခြင်း၊ ‘ဘုရားလောင်းလည်း’ ဟူသော နာမ်ပုဒ်ကို ‘ကောင်း၏ဟူသည်၊ မှတ်ယုံကြည်၏’ ဟူသော ကြိယာပုဒ်ဖြင့် ကပ်ထားခြင်း၊ ‘ထိုပြည်၌ပင်’ ဟူသော နေရာပြပုဒ်ကို ‘ထွက်ဝင်မသွား’ ဟူသော ကြိယာပုဒ်ဖြင့်ကပ်ထားခြင်း၊ ‘မကြားလူသံ၊ ဆိတ်ညံနှစ်လို၊ မင်းတို့ပျော်ရာ’ ဟူသော နာမဝိသေသနပုဒ်ကို ‘ဥယျာဉ်သာဝယ်’ ဟူသော နာမ်ပုဒ်ဖြင့် ကပ်ထားခြင်း၊ ‘သည်းစွာကြိုးကုတ်၊ ခွန်အားထုတ်၍’ ဟူသော ကြိယာဝိသေသနပုဒ်ကို ‘ဥပုသ်သီတင်း၊ ဆောက်တည်ခြင်းဖြင့်’ ဟူသော ကြိယာပုဒ်ဖြင့် ကပ်ထားခြင်းတို့ကြောင့် ဘုရားလောင်း ဘူရိဒတ်သည် မိဘစကားနားထောင်ကာ လူ့ရပ်ရွာ မသွားဘဲ ဆိတ်ညံသော ဥယျာဉ်၌ သီလဆောက်တည်အားထုတ်ပုံကို အထင်းသား တွေ့မြင်ရပါသည်။ ပုဒ်အထားအသို ရှုပ်ထွေးခြင်းဟူသော ဗျာကိဏ္ဏဒေါသ၊ အနက် အသိခက်သော ကိလိဋ္ဌဒေါသတို့မှ ကင်းလွတ်ပြီး စပ်ဖွဲ့ရမည့် ပုဒ်ခြင်း နီးကပ်စွာ ထားခြင်း၊ ပေါ်လွင်ထင်ရှားခြင်း ဟူသော ပသာဒဂုဏ်မြောက်သော အဖွဲ့ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကုန်းဘောင်ခေတ်စာဆို တွင်းသင်းမင်းကြီး ဦးထွန်းညို၏ မုဒုလက္ခဏပျို့ တွင်လည်း ပသာဒဂုဏ်မြောက်အဖွဲ့များဖြင့် တန်ဆာဆင်ဖွဲ့ဆိုထားသည်ကို လေ့လာ တွေ့ရှိရပါသည်။ စာဆိုသည် ဘုရားဟော အဋ္ဌကထာလာဇာတ်ကြောင်းကို စာဆို၏ အသိအမြင်စေတနာတို့ဖြင့် ပေါင်းစပ်၍ ပျို့အသွင်ဖွဲ့ဆိုရာတွင် စပ်ဟပ်သင့်သော ပုဒ်ချင်း နီးကပ်စွာထား၍ဖွဲ့ဆိုခြင်း သိသာထင်ရှားသော အနက်အဓိပ္ပာယ်ရှိသည့် ပုဒ်တို့ဖြင့် ဖွဲ့ဆိုခြင်းတို့ကြောင့် စာဖတ်ပရိသတ်တို့ နှစ်သက်ဖွယ် ဖြစ်စေသည်။

ဘုရားလောင်းရသေ့ကြီး တောမြိုင်မှီးရာမှ ချဉ်ဆားလို၍ ဗာရာဏသီပြည်သို့ ဈာန်ဖြင့် ကြွလာပုံ၊ ဆွမ်းခံကြွစဉ် မင်းကြီးမြင်တော်မူ၍ ကြည်ညိုတော်မူပုံတို့ကို–

“သားရဲပျော်ပါး၊ စုံမြိုင်ဖျားမှ၊ ချဉ်ဆားမှီးချင်၊ ထက်ကောင်းကင်သို့၊
ငှက်သွင်ပျံသုန်၊ လေကြောင်းစုန်၍၊ ဈာန်ဟုန်ခက်သိုင်း၊

> တိမ်ညွန့်ပိုင်းကို၊ ဒိုင်းဒိုင်းတိုးလွှား၊ တန်ခိုးအားနှင့်၊ ရှစ်ပါး
> ပရိက္ခရာ၊ စုံညီစွာလျှင်၊ ဗာရာဏသီ၊ နဒီမြစ်ချုပ်၊ ပုရုတ္တမ၊
> သာလှပြောစည်၊ ရွှေပြည်ဝင်နီး၊ ရောက်လေပြီးသော်၊ မငြီးပျော်မှတ်၊
> ဝေဟာလတ်မှ၊ မခတ်လေချောက်၊ လဲဝါပေါက်သို့၊ သာလျောက်
> မွေ့ညက်၊ မြေသို့သက်၍၊ သားငှက်တကား၊ ပျော်မြူးရာသား၊
> မာလာပွင့်ကြိုင်၊ ရိပ်မြိုင်မြိုင်နှင့်၊ သီးခိုင်စုံလင်၊ ဥယျာဉ်ခွင်သို့၊
> ပန်းပင်ဖြေဖြေ၊ ဝင်တိုးလေလျက်၊ တစ်ရက်မိုးယံ၊ ရွှင်နိုးစံမှ၊
> ဆွမ်းခံချိန်သင့်၊ ခါရောက်လင့်သော်၊ လှတင့်လှတယ်၊ ရှုဘွယ်
> အံ့လောက်၊ သစ်ခေါက်နီးမြန်း၊ လျှော်သင်္ကန်းကို၊ အဝန်းညီရစ်၊
> သပ္ပါယ်လှစ်၍၊ စံနစ်မပြေ၊ သစ်နက်ရေလည်း၊ မြဲနေလှဆုံး၊
> ဘယ်ပုခုံး၌၊ ညွတ်ရုံးကြည်လင်၊ လွှားကာတင်လျက်၊ ဆံမျှင်ခွေရစ်၊
> ပတ်ထုံးကျစ်၍၊ မြသစ်ညိုမြိုက်၊ သပိတ်ပိုက်၍၊ ရှုငိုက်မျက်နှာ၊
> ဘယ်ညာမခိုင်း၊ ကသိဏ်းမပြုး၊ ဈာန်မဖြုးတည့်၊ စူးစူးလမ်းခွင်၊
> ရွှေပြည်ဝင်သော်၊ နတ်ရှင်ကြငှာန်း၊ လေသာနန်းက၊ လှစ်တွန်း
> ဖွင့်မြော်၊ ရှုမိမြော်သည်၊ စိတ်တော်ဆွတ်မျှကြည်ဖြူတည်း”[၁]

ဟူ၍ ဖွဲ့ဆိုခဲ့သည်။ ဤအဖွဲ့တွင် စပ်သင့်သော ပုဒ်ချင်းနီးကပ်စွာထား၍ ဖွဲ့ဆိုထားသည်ကို တွေ့ရသည်။ ရသေ့ကြီးကြွလာသော ထွက်ခွာရာပြပုဒ် ‘သားရဲပျော်ပါး၊ စုံမြိုင်ဖျားမှ’ နှင့် ရွေ့ရှုရာပြပုဒ် ‘ထက်ကောင်းကင်သို့’ ကို နီးကပ်စွာထားခြင်း၊ ‘ရွှေပြည်ဝင်ရောက်သည်’ ကြိယာပုဒ်ကို နီးကပ်စွာထားခြင်း၊ မြေသို့သက်ဆင်းပုံကို ဖွဲ့ဆိုရာ၌လည်း ‘သာလျောက်မွေ့ညက်’ ဟူသော ကြိယာဝိသေသနပုဒ်နှင့် ‘သက်’ ဟူသော ကြိယာပုဒ်ကို နီးစပ်စွာထားခြင်း၊ အပြုခံရသော ကံပုဒ် လျှော်သင်္ကန်းနှင့် ပြုလုပ်ပုံ ‘အဝန်းညီရစ်၊ သပ္ပာယ်လှစ်’ ဟူသော ကြိယာပုဒ်ဖြင့် နီးစပ်စွာထားခြင်း၊ လေသာနန်းက ကြည့်မျှော်ပုံဖွဲ့ရာ၌ ‘နတ်ရှင်ကြငှာန်း’ ဟူသော ကတ္တားပုဒ်၊ ‘လေသာနန်းက’ ဟူသော နေရာပြပုဒ်၊ ‘လှစ်တွန်းဖွင့်မြော်၊ ရှုမိမြော်’ ဟူသော ကြိယာပုဒ်တို့ကို နီးကပ်စွာထား၍ ဖွဲ့ဆိုထားပါသည်။ ထိုအဖွဲ့တို့သည် ချဉ်ဆားမှိဝဲရန် ရသေ့ကြီး ဈာန်ဖြင့် ကြွလာပုံ၊ ဗာရာဏသီပြည်ရှိ ဥယျာဉ်တွင် သီတင်းသုံးပြီး ဆွမ်းခံကြွတော်မူပုံ၊ ဗာရာဏသီမင်းကြီးသည် လေသာပြူတင်းမှ မြင်တွေ့ပြီး ကြည်ညိုပုံတို့ကို အသိမခက်၊ အနက်မရှုပ်ဘဲ ဆိုလိုရင်းကို လွယ်ကူရှင်းလင်းစွာ သိစေနိုင်ပါသည်။ အပြစ်ဒေါသကင်းပြီး ပသာဒဂုဏ်မြောက်သောအဖွဲ့ ဖြစ်သည်။

---

[၁] ထွန်းညို၊ ဦး(တွင်းသင်းမင်းကြီး)၊ ၁၉၆၃၊ ၂၃။

## ၃၊ ၂။ ဩဇဂုဏ်၏အနက်ကို

'အကျယ်ကို အကျဉ်း၊ အကျဉ်းကို အကျယ် အနှစ်ဖြည့်ရေးသားထားသော ဂုဏ်' ဟူ၍ ဖွင့်ဆိုထားပါသည်။ ဤအချက်ကို အလင်္ကာပန်းကုံးတွင်လည်း–

> "ပုဒ်တို့ကို ဝိဘတ်ချေရန် ချုံးချဉ်စပ်ဟပ်ထားခြင်းကို သမာသ်ဟုခေါ်သည်။ ထိုသမာသ်များပြားခြင်းသည်ပင် သဒ္ဒဩဇဂုဏ်မည်၏ အတ္တဩဇဂုဏ် အချုပ်အားဖြင့် (က) အကျယ်ကို အကျဉ်းချုံးသော သမာသအတ္တဩဇဂုဏ် (ခ) အကျဉ်းကို အကျယ်ချဲ့သော ဗျာသ အတ္တဩဇဂုဏ်ဟု နှစ်မျိုး ရှိသည်။"[၁]

ဟူ၍ ဆိုခဲ့ပါသည်။ စာဆို ရှင်မဟာရဋ္ဌသာရသည် ဘူရိဒတ်လင်္ကာကြီးကို ဖွဲ့ဆိုရာတွင် ဩဇဂုဏ်မြောက်အဖွဲ့များဖြင့် နှစ်သက်ဖွယ် ဖန်တီးဖွဲ့ဆိုထားပါသည်။ နဂါးပြည်သို့ ရောက်သွားသော စူဠလိပ်သည် နဂါးမင်းတေရဋ္ဌအား မိမိသည် ဗြဟ္မဒတ်မင်း၏ တမန်တော်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ဤသည်ကို တေရဋ္ဌနဂါးမင်းက လိပ်အသွင်ကိုကြည့်၍ တမန်တော်အဖြစ် မစေတန်ရာဟု မိန့်ခဲ့သည်။ စူဠလိပ်က ငယ်သည် ကြီးသည်မရှိ အမှုကိစ္စပြီးစီးရန်သာ အဓိကဖြစ်ပြီး တမန်တော်ဖြစ်ကြောင်း ပြောကြားခဲ့ပုံကို စာဆိုက–

> "ကြီးမြင့်သသူ၊ ငယ်သားလူဟု၊ ဟူစလှည့်ကာ၊ ပမာမဟုတ်၊ နံ့စုတ်ငှက်လျက်၊ အကြံနက်၍၊ ကိုယ်လက်ကြီးဆန်း၊ မိုက်စွာ လွန်းသည်၊ သွန်းသွန်းစွယ်ရောက်၊ တောဆင်ပေါက်ကို၊ မလောက် မလား၊ ပညာအားဖြင့်၊ ကျားကားအသေ၊ သတ်နိုင်လေဟု၊ ဆိုထွေ စဉ်လျား၊ ထုံးစံကြားသည်။"[၂]

ဟူ၍ ဖွဲ့ဆိုဖန်တီးခဲ့ပါသည်။ ဘုရားဟော ၅၅၀ဇာတ်၊ ပိဋကနိပါတ်၊ မဏိဟုတ္တလဝဂ်၊ လဋ္ဋုကိကဇာတ်ကို ပို့တွင်အကျဉ်းချုံး၍ ထည့်သွင်းဖွဲ့ဆိုခဲ့ခြင်း ဖြစ်သည်။ မူလဇာတက အဋ္ဌကထာတွင် 'တမန်တို့မည်သည်ကား၊ ထန်းပင်အတိုင်း အရှည်ရှိကုန်သည် ဖြစ်ရာ သလော၊ သွားလေရာအရပ်၌ အမှုကိစ္စပြီးစေနိုင်ခြင်းသာလျှင် အတိုင်းအရှည်တည်း' ဟူ၍ဆိုခဲ့သည်ကို ပညာဉာဏ်ကြီးသော နံ့ပြည်စုတ်ငှက်က ခွန်အားကြီးသော တောဆင်ရိုင်းကိုပင် အနိုင်ယူခဲ့သည့် ၅၅၀ ဇာတ်တော်ကို အကျဉ်းချုံး၍ ပို၍ထင်ရှားအောင် ဖန်တီး

---

[၁] ကုမာရ၊ အရှင်၊ ၂၀၀၀၊ ၁၅၆။

[၂] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၆၄၊ (၁၀၁)။

ခဲ့သည်မှာ ကျယ်သောအနက်ကို အကျဉ်းချုံးဖွဲ့ဆိုနိုင်သော ဩဇာဂုဏ်မြောက် အဖွဲ့ စွမ်းရည် ဖြစ်ပါသည်။

ထို့ပြင် စာဆိုရှင်မဟာရဋ္ဌသာရသည် ဘူရိဒတ်လင်္ကာကြီးတွင် အကျဉ်းကို အကျယ်ချဲ့ဖွဲ့ဆိုသော ဩဇဂုဏ်မြောက်အဖွဲ့များစွာဖြင့်လည်း တန်ဆာဆင်ခဲ့ကြောင်း တွေ့ရပါသည်။ ဘူရိဒတ်လင်္ကာကြီးတွင် တေရဋ္ဌနဂါးမင်း စိုးစံသော နဂါးပြည်မှ နဂါးတို့၏ဇာတိမျိုးနွယ်၊ နဂါးတို့စံလျော်ရာ ဗိမာန်၏ခမ်းနားပုံ၊ နဂါးတို့၏ ဘုန်းတန်ခိုး ကြီးပုံ၊ နဂါးတို့၏အဆင်းသဏ္ဌာန်ကို အကျယ်ချဲ့၍ ဖွဲ့ဆိုခဲ့ပါသည်။ မူလဘုရားဟော အဋ္ဌကထာ၌ 'သာဓိ၊ အရှင်၊ အဟံ၊ ငါကား၊ နာဂမာဏဝိကာ၊ နဂါးမတည်း' [၁] ဟူ၍သာ ပါရှိသော်လည်း ဘူရိဒတ်လင်္ကာကြီး၌–

> "နဂါးရေမျိုး၊ ရှေးကောင်းကျိုးဖြင့်၊ မြေလျှိုးပျံ့သန်း၊ ဝန်းဝန်း
> ပတ်လည် စက်ခြည်အလား၊ ခွန်အားလျင်သန်၊ မြားသို့ကွန်လျက်" [၂]

ဟူ၍ လည်းကောင်း၊

> "ညက်စင်ပြာကြည်၊ ချည်းချည်းသွယ်သွယ်၊ ရှိရွယ်တအုပ်၊
> နတ်ရုပ်အလား ထွားရရားသား၊ နဂါးသမီး၊ ညီးရရီးလည်း" [၃]

ဟူ၍လည်းကောင်း ချဲ့ထွင်မွမ်းမံဖွဲ့ဆိုခဲ့သည်မှာ အတုယူဖွယ် ဖြစ်ပါသည်။ နဂါးမင်း နှင့်တကွ နဂါးပြည်ကြီး၏ စည်ကားလှပုံ၊ ခမ်းနားလှပုံတို့ကို အထင်းသားတွေ့ရပြီး၊ ဇာတ်လမ်းကို ပို၍အားကောင်းလာစေသော ဩဇဂုဏ်ဖန်တီးမှု ဖြစ်ပါသည်။

ကုန်းဘောင်ခေတ်စာဆို တွင်းသင်းမင်းကြီးသည်လည်း ၅၅၀နိပါတ်တော်လာ ဧကနိပါတ် ကုတ္တိဝဂ်မှ မုဒုလက္ခဏဇာတ်ကို ပျို့အသွင်ဖန်တီးဖွဲ့ဆိုရာတွင် မူလ အဋ္ဌကထာလာ အကြောင်းအရာတို့ကို အကျယ်ဖြန့်၍လည်းကောင်း၊ ဇာတ်နိပါတ်တော် အကြောင်းအရာတို့ကို သာဓကဆောင်တင်ပြရာတွင် ရှည်လျားသောဇာတ်ကြောင်းကို အကျဉ်းချုံး၍လည်းကောင်း ဖန်တီးဖွဲ့ဆိုခဲ့ပါသည်။

မုဒုလက္ခဏဇာတကအဋ္ဌကထာ၌ ဘုရားလောင်းရသေ့ သတိသံဝေဂပြန်ရသော အခန်းကို–

> "ရသေ့သည် ထိုအခါသတိရ၍ ဤမျှလောက် ကာလပတ်လုံး
> မိုက်မဲခြင်းသည် ပြုတတ်ကုန်၏" [၄]

---

[၁] ဒန့်တိုင်ဆရာတော်၊ မ–၁၂၆၈၊ ၁၀၆။

[၂] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၆၄၊ ၃၆။

[၃] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၆၄၊ ၃၇။

[၄] ဗုဒ္ဓဃောသ၊ ရှင်မဟာ၊ ၁၉၅၉၊ ၃၂၃။

ဟူ၍သာပါရှိပါသည်။ ထိုသို့ တရားသံဝေဂရခန်းကို စာဆိုက ဖွဲ့ဆိုရာ၌ ဘုရားဟော ငါးရာ့ငါးဆယ်နိပါတ်တော်လာ အခြားဇာတ်တော်များကိုမှီး၍ မိန်းမတို့၏အပြစ်တို့ကို ထည့်သွင်းကာ သုတဖြစ်ဖွယ် ဖွဲ့ဆိုထားသည်။ ပျို့ပိုဒ်ရေ (၆၈)၌–

> “သမုဒ္ဒရာ၊ ဗလဝါနှင့် သီဒါခုနှစ်၊ တောင်တိရစ်သား၊ ပွင့်သစ်နီကျော၊ လက်ပံတောဝယ်၊ သဘောဖြောင့်ဖြောင့်၊ ဂဠုန်စောင့်လျက်၊ ပြစ်နှောင့်ယှက်ထွေး၊ ပျက်တုံသေးရှင့်၊ ရစ်မှေးရစ်လည်၊ လူတို့ပြည်ဝယ်၊ တော်မည်ခဲမော၊ မြစ်နှင့်တောသို့၊ သဘောကောက်ကျစ်၊ ထင်ယောင်ဖြစ်သို့၊ ကျင့်ညစ်စာရ၊ စလနတုံ၊ ဆမတော်မြောက်၊ ကွယ်ရာရောက်က၊ လှဲဖောက်ရောရ၊ မကောင်းမှုကို၊ ပြုစမြဲပင်၊ မင်းကိုစင်လျက် မကြင်မချစ်၊ မနှစ်သက်ရာ၊ အာသာဆက်ဆံ၊ ငခြေဆွံ့နှင့်၊ ရည်ငံချစ်မြူ၊ နန်းမသူလျှင်၊ စိတ်တူကိုယ်ပူး၊ ပျော်လေဖူး၏၊ ငါးဦးညီနှောင်၊ မင်းသားမောင်တို့၊ ပျော်အောင်သို့ဘက်၊ ဖျော်ဖြေလျက်လည်း၊ ပြာညက်ညိုမြ၊ မယ်လှလှလျှင်၊ နေ့ညကပ်စွဲ၊ ခြေရင်းမြဲသား၊ အထဲစေသုံး၊ ကျွန်ငကုန်းနှင့် ချစ်နှူန်းစူးစူး၊ ပျော်ကြမြူး၏၊ ရပ်ကျူးမြေခေါင်၊ စစ်ပွဲဘောင်က၊ ရန်အောင်သနင်း၊ မင်းကဝေဖန်၊ အတန်တန်သား၊ တမန်လေးပါး၊ ခြောက်ကျိပ်သားနှင့် မိဖုရားညစ်ညူး၊ မေတ္တာဖြူး၏”[၁]

ဟူ၍ ဖွဲ့ဆိုခဲ့သည်။ ၅၅၀ ဇာတ်တော်လာ ပဉ္စကနိပါတ်သုယောနန္ဒီဇာတ်၊ စတုကနိပါတ်ကာ ကဝတီဇာတ်၊ အသီတိနိပါတ် မဟာကုဏာလဇာတ်မှ ဇာတ်(၂)ဇာတ်၊ ဧကနိပါတ် ဗဒ္ဓနာမောက္ခဇာတ်ဟူ၍ ဇာတ်ပေါင်း(၅)ဇာတ်ကို စာတစ်ပိုဒ်တည်းဖြင့် ချုံ၍ဖွဲ့ဆိုထားသည်မှာ ဩဇဂုဏ်မြောက်သောအဖွဲ့ ဖြစ်ပါသည်။

ထို့ပြင် မုဒုလက္ခဏာပျို့တွင် စာဆိုက အကျဉ်းကို အကျယ်ချဲ့၍ ဖွဲ့ဆိုသော ဩဇဂုဏ်မြောက်အဖွဲ့များဖြင့်လည်း များစွာ တန်ဆာဆင်ဖွဲ့ဆိုခဲ့ကြောင်း တွေ့ရပါသည်။ ဘုရားရှင်လက်ထက်၌ တန်ဆာဆင်ထားသော မိန်းမပျိုကို မြင်မိပြီး ကိလေသာနှိပ်စက်မှုကို ခံနေရသော ဘုရားလောင်းရသေ့ကြီး၏ ခံစားချက်၊ မုဒုလက္ခဏာ မိဖုရားကြီး၏အလှဘွဲ့၊ ဘုရားလောင်းရသေ့ကြီး တရားဆင်ခြင်ခန်း၊ မင်းကြီးအား တရားဟောခန်းနှင့် အာလုပ်အဖွဲ့များတွင် အဋ္ဌကထာလာ အကြောင်းအရာအကျဉ်းမျှကို အကျယ်ချဲ့ရန် ဖွဲ့ဆိုထားပါသည်။

မူလဇာတကအဋ္ဌကထာ၌–

---

[၁] ထွန်းညို၊ ဦး(တွင်းသင်းမင်းကြီး)၊ ၁၉၆၃၊ ၆၈။

> "သော၊ ထိုရဟန်းသည်။ တတောပဋ္ဌယ၊ ထိုမှစ၍၊ ကိလေသဝ သိကော၊ ကိလေသာအလိုသို့ လိုက်သည်၊ ဟုထွာ၊ ဖြစ်၍၊ ကာလသတဒံ၊ န၊ ကိုယ်ချမ်းသာခြင်းသည်၊ န၊ စိတ္တသာဒံ၊ စိတ်ချမ်းသာခြင်းသည်၊ နေဝ၊ လဘတိ၊ မရှိ။"[၁]

ဟူ၍ ရဟန်းသည် ကိလေသာစိတ်ကြောင့် ကိုယ်စိတ်ချမ်းသာခြင်းမရှိကြောင်းကို ပြဆိုခဲ့ပါသည်။ ထိုသို့အကျဉ်းမျှသာပါရှိသော အကြောင်းအရာကို စာဆိုက ပျို့အသွင်ဖြင့် ဖွဲ့ဆိုရာ၌ ဇာတ်လမ်းကို ပို၍ထင်ရှားလာအောင် အကျယ်ချဲ့ဖွဲ့ဆိုခဲ့သည်။ ရဟန်း၏ စွဲလမ်းစိတ်ကြောင့် ဖောက်ပြန်နေသော ကိုယ်အမူအရာတို့ကို အပိုဒ် (၅၊ ၆၊ ၇၊ ၈) တို့ဖြင့် ချဲ့ဖြန့်ဖော်ကျူးဖွဲ့ဆိုခဲ့ပါသည်။

ရဟန်း၏ခံစားချက်ကို ပိုဒ်ရေ(၆)၌–

> "တမ်းလေတမ်းလေ၊ လွမ်းမပြေတည့်၊ သရေပြည့်ဝ၊ ကြည့်တိုင်း လှလျက်၊ အလှကိုယ်ပြင်၊ တန်ဆာဆင်ရန်၊ သဘင်ရိပ်ငြိမ်၊ ရွှေအိမ်သာလွန်း၊ လေသာစွန်းတွင်၊ ရှုခန်းနောင်နှင့်၊ တော်သဖြင့်လျှင်၊ အသင့်မြှော်တွေ၊ မြော်မိချေက၊ မြတေကွေးလှ၊ ကင်းလှလှသို့၊ တိမ်စုရစ်ခဲ့၊ လှစ်ကာဖွဲ့၍၊ ငှက်ကဲ့အသွင်၊ ပျံလျှင်လေခတ်၊ ရောက်သိတတ်မှု၊ လွတ်လွတ်အင်ပြည့်၊ ဖူးချင်၏ရှင့်၊ မြှော်ကြည့် ရှု့တတ်၊ ခုခါမြတ်ဝယ်၊ ဘယ်နတ်စီမံ၊ ဘယ်ကံစီရင်၊ ပြင်ပါ လိမ့်နည်း၊ ရောက်ချင်သည်းစွ၊ တလည်းတကာ၊ ရွှေကျောင်း သာက၊ မြှော်ရှာမြော်တမ်း၊ ခေါ်ယောင်ယမ်းလျက်၊"[၂]

ဟူ၍ ဖွဲ့ဆိုခဲ့သည်။ မိန်းမလှလေးကိုမြင်ပြီး၊ စွဲလမ်းကာ ကိလေသာ၏ နှိပ်စက်မှုကို ခံနေရသော ရဟန်းငယ်၏ခံစားချက်ကို ပီပြင်သော ဩဇဂုဏ်မြောက်အဖွဲ့ ဖြစ်ပါသည်။

ဘုရားလောင်းရသေ့သည် မုဒုလက္ခဏာမိဖုရားကြီး၏ အလှကိုမြင်၍ ကိလေသာ အာရုံညွတ်သဖြင့် ဈာန်အဘိညာဉ်ကွယ်ပျောက်ကာ ကိလေသာမီးတို့ လောင်မြိုက်ပုံကို ဖွဲ့ရာ၌လည်း မူလအဋ္ဌကထာလာ အကြောင်းအရာအကျဉ်းမျှကို အကျယ်ချဲ့၍ ဖွဲ့ဆိုခဲ့ သည်ကို တွေ့ရသည်။

မုဒုလက္ခဏဇာတကအဋ္ဌကထာ၌–

---

[၁] ဗုဒ္ဓဃောသ၊ ရှင်မဟာ၊ ၁၉၅၉၊ ၃၂၀။
[၂] ထွန်းညို၊ ဦး၊ (တွင်းသင်းမင်းကြီး)၊ ၁၉၆၃၊ ၆။

> "ဗုဒ္ဓေါ၊ ဤ၊ ကိလေသဂ္ဂိနာ၊ ကိလေသာမီးသည်၊ ဥယျာမာနော၊ လောင်သည်ရှိသော်၊ နိရာဟာရ တာယ၊ အဟာရကင်းသည်၏ အဖြစ်ကြောင့်၊ သုဿမာနော၊ ခြောက်ကပ်လျက်၊ သတ္တာ၊ ခုနစ်ရက်၊ ဒိဝသာနိပတ်လုံး၊ ဖလကတ္ထရဏော၊ ပျဉ်အခင်း၌၊ နိပ္ပန္နော၊ အိပ်၏"[1]

ဟူ၍သာ ဆိုခဲ့သည်။ သို့သော် တွင်းသင်းမင်းကြီးက မူလအဋ္ဌကထာဇာတ်လမ်းမှ ကိလေသာနှိပ်စက်မှုကိုခံနေရသော ရသေ့ကြီး၏ခံစားချက်တို့ကို ချဲ့ဖြန့်ပြီး ဖန်တီးဖွဲ့ဆိုခဲ့ပါသည်။ အပိုဒ်(၄၀)မှ (၄၇)ပိုဒ် (၈)ပိုဒ်ဖြင့် ရသေ့ကြီး၏ခံစားချက်တို့ကို နှစ်သက်ဖွယ် ပီပြင်စွာ ဖွဲ့ဆိုခဲ့သည်။ အပိုဒ်(၄၀)၌–

> "လှစွာ လှစွာ ပြင်ကလျာနှင့်၊ ညိုပြာညိုပြာ၊ ခြောက်ပြစ်ကွာ၍၊ လက္ခဏာကြန်နှ၊ သညာပြုသည်၊ မုဒုလက္ခဏာ၊ မည်တော်ရသား၊ ရှင်မထွတ်တင်၊ တောင်နန်းရှင်သည် အလျင်မကြာ၊ ကြွတည့်လှာ၍၊ သန္တာလက်တည့်၊ စမ်းပါလှည့်လော့၊ နွမ်းချည်နွဲ့နောင်း၊ ကိုယ်လုံးပျောင်းမျှ၊ ဆင့်လောင်းချမ်းပုံ၊ အလွမ်းဟုံသည်၊ ရွှေငုံနှုတ်ရှည့်၊ လွမ်းပါလှည့်လော၊ မြော်ကြည့်လေရာ၊ နောင့်ချည့်သာလျှင်၊ ဗျာပါကြေကွဲ၊ ပူလှိုက်လှဲခဲ့၊ မိညဲရွှေလော်၊ ထိပ်ပေါ်ဖြေဖြည့်၊ နမ်းပါလှည့်လော့"[2]

ဟူ၍ ဖွဲ့ဆိုခဲ့ပါသည်။ မုဒုလက္ခဏာမိဖုရားကြီး၏ အလှကိုယစ်မူးကာ ကိလေသာလောင်မြိုက်နေသည့် ရသေ့ကြီးအား ကရုဏာသက်ဖွယ်ကောင်းအောင် ဖွဲ့ဆိုထားပါသည်။ ကိလေသာလောင်မြိုက်မှုကို ပြင်းထန်စွာခံစားရပုံကို ပီပြင်စွာ ဖော်ကျူးထားသော ဩဇဂုဏ်မြောက်အဖွဲ့ ဖြစ်ပါသည်။

## ၃၊ ၃။ မဓုရတာဂုဏ်

မဓုရတာဂုဏ် ဆိုသည်မှာ ချိုသာနာပျော်ဖွယ်ဖြစ်သည့် ဂုဏ်ကို ဆိုလိုပါသည်။ မဓုရတာဂုဏ်ကို မြန်မာအဘိဓာန်တွင်–

---

[1] ဗုဒ္ဓဃောသ၊ ရှင်မဟာ၊ ၁၉၅၉၊ ၃၂၂။

[2] ထွန်းညို၊ ဦး၊ (တွင်းသင်းမင်းကြီး)၊ ၁၉၆၃၊ ၄၀။

"ကာရန်တူ၊ အသတ်တူ၊ စာလုံးတူ စသည့်ဖြင့် ချိုသာနာပျော်ဖွယ်
ဖြစ်အောင် စပ်ဆိုထားသော ဂုဏ်"[1]

ဟူ၍ ဖွင့်ဆိုထားပါသည်။ ချိုသာနာပျော်ဖွယ်ဖြစ်စေသည်ဟု ဆိုရာ၌ စကား၏သဘောသည် အရေးပါလာသည်။ စာဖတ်သူ၏နားဝယ် ချိုသာအောင် နာပျော်ဖွယ် ဖြစ်အောင် စကားကို ဖော်ဆောင်ဖန်တီးဖွဲ့ဆိုကြရသည်။ မဓုရတာဂုဏ်၏သဘောကို အလင်္ကာကျမ်း အသီးသီး၌ ပြဆိုခဲ့ကြရာ မြန်မာအလင်္ကာကျမ်းတွင်–

"ဒီဃအက္ခရာချင်း၊ ရဿအက္ခရာချင်း၊ ဌာန်တူအက္ခရာချင်း၊
ဓနိတအက္ခရာချင်း၊ သံယုဂ်ရှိသောအက္ခရာချင်း နီးနီးထားခြင်းသည်
ပဒါသတ္တိ မဓုရတာဂုဏ် မည်၏။ အက္ခရာတူ အထပ်ထပ်ပြုလုပ်
ဖွဲ့ဆိုခြင်းသည် အနုပ္ပါသမဓုရတာဂုဏ် မည်၏"[2]

ဟူ၍ မိန့်ဆိုခဲ့ပါသည်။ စကားတူပုဒ်ချင်းနီးသော မဓုရတာဂုဏ်နှင့် အက္ခရာတူချင်း အထပ်ထပ်ဆိုသော မဓုရတာဂုဏ်ဟူ၍ (၂)မျိုးရှိရာ စာဆိုတို့သည် ကဗျာလင်္ကာတို့ကို ဖွဲ့ဆိုရာ၌ စကားချိုသာ နာဖွယ်ဖြစ်သော မဓုရတာဂုဏ်မြောက်သော အဖွဲ့များဖြင့် တန်ဆာဆင်ဖွဲ့ဆိုခဲ့ကြပါသည်။

စာဆို ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်လင်္ကာကြီးတွင် သမုဒ္ဒဇာမင်းသမီး နဂါးပြည်သို့ ရောက်ရှိပြီး တေရဋ္ဌနဂါးမင်းနှင့် ပေါင်းဖော်ပုံကို–

"သမုဒ္ဒဇာ၊ မျိုးကြင်ရာလည်း၊ လူ့ရွာလူ့ပြည့်၊ အမှတ်တည်၍၊
သာကြည့်မြေ့မြေ့၊ ပြကတေ့ဖြင့်၊ မွေ့မွေ့လျော်လျော်၊ မပေါင်း
ဖော်သော်၊ သေလျော်လိလိ၊ ပေါင်းပျော်ပြီးကား၊ ပျော်ဘိဖွယ်ချည်း၊
ဆွေခမည်းနှင့်"[3]

ဟူ၍ ဖွဲ့ဆိုခဲ့သည်။ ပုဒ်ချင်းနီးသော မဓုရတာဂုဏ်မြောက်သော အဖွဲ့ဖြစ်သည်။ ဤအဖွဲ့တွင် နှုတ်ခမ်းဌာန်တူအက္ခရာများဖြစ်သော 'ပြည့်၊ ပြ၊ ပေါင်းပျော်၊ ဖြင့်'၊ 'ဖော်၊ ပျော်၊ ဖွယ်၊' 'မု၊ မျိုး၊ မှတ်၊ မြေ့၊ မွေ့၊ မ၊ မည်း' တို့ကို နီးနီးကပ်ကပ်ထား၍ ဖွဲ့ဆိုထားသည်။ ထိုအဖွဲ့ကို သုံးချက်ညီစပ်နည်း (၄–၃–၂)ကာရန်ကို အသုံးပြုထား၍ ရွတ်ဆိုရာတွင် ပြေပြစ်ချောမွေ့စေသည်။

[1] မြန်မာစာအဖွဲ့၊ ၁၉၉၁၊ ၂၂၉။
[2] ပဏ္ဍိတ၊ အရှင်၊ ၁၉၇၅၊ ၁၀၂။
[3] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၆၄၊ ၁၈၆။

ထို့ပြင် နဂါးမလေးများနှင့် ဘူရိဒတ်နဂါးမင်း၏ အဆင်းသဏ္ဌာန်၊ သွင်ပြင်လက္ခဏာတို့ကို ပီပြင်ပေါ်လွင်စွာ ဖန်တီးဖွဲ့ဆိုရာ၌ စာဆိုက–

> "နုနုထွတ်ထွတ်၊ မွတ်မွတ်မွေ့မွေ့၊ မြေ့မြေ့ချောချော၊ လွန်လှမော၍၊ ရင်ကြောစိမ်းစိမ်း၊ ရှိမ်းရှိမ်းရွှန်းရွှန်း၊ လန်းလန်းလက်လက်၊ စွတ်စွတ်စွေးစွေး၊ မြရိပ်ပြေးလျက်၊ ငယ်သွေးငယ်ရည်၊ ခံ့ကျည်တပ်တပ်၊ ရွှေနားကပ်သို့၊ လှပ်လှပ်ချက်ချက်၊ ပြိုးပြိုးပြက်လျှင်၊ လက်လက်လင်းလင်း၊ ဝင်းဝင်းပြောင်ပြောင်၊ ကိုယ်ရောင်တခဲ၊ ရိုးရိုးရဲတည့်"[၁]

ဟူ၍ လည်းကောင်း၊

> "ရဲရဲမျက်စိ၊ တိတိနဖူး၊ ကော့ဖြူးမျက်တောင်၊ နှာယောင်ဖြောင့်ဖြောင့် အမြောင့်စားစား၊ ဦးနားတပ်တပ်၊ အာစပ်ရေးရေး၊ မေးလည်းတည့်တည့် ကြည့်သော်ဖီးဖီး"[၂]

ဟူ၍လည်းကောင်း ဖွဲ့ဆိုဖန်တီးထားပါသည်။ ရှေ့တွင်ဆိုပြီးသော အက္ခရာတူတို့ကို ထပ်ကာထပ်ကာ ဖွဲ့ဆိုထားပြီး စကားချိုသာစေသည့် မဓုရတာဂုဏ်မြောက် အဖွဲ့ကောင်းများ ဖြစ်ပါသည်။ စကားသာပြီး အနက်အဓိပ္ပါယ်ကို ပို၍ထင်ရှားစေပါသည်။ နတ်သမီးကဲ့သို့ လှပသောနဂါးမတို့ သဏ္ဌာန်ကို မြင်ယောင်လာစေပါသည်။

တရားကျင့်ကြံအားထုတ်နေသည့် ဘိုးတော်မင်းအား ဖူးတွေ့ရန် ဘုရားလောင်း ဘူရိဒတ်နဂါးမင်းနှင့် ဆွေတော်မျိုးတော်အားလုံး မင်းခမ်းမင်းနားနှင့် ကြွချီလာပုံကို ဖွဲ့ရာ၌လည်း စကားသရုပ်ကိုပါ ကြားယောင်လာအောင် တန်ဆာဆင်ဖွဲ့ဆိုခဲ့ပါသည်။ ဘူရိဒတ်ဇာတ်ပေါင်းခန်းပျို့၌–

> "ယောကျာ်းပီပီ၊ စစ်အင်ချီလျက်၊ ဖော်ညီမှုတ်တီး၊ နားမငြီးအောင်၊ စည်ကြီးထိန်းထိန်း၊ စည်မုဒိန်းလည်း၊ မြည်ဟိန်းကြားကျယ်၊ အိုင်အိုင်ကယ်မျှ၊ မိုးနှယ်ရိုက်အုန်း၊ တဖြုန်းဖြုန်းလျှင်၊ တုန်းတုန်းတင်းတင်း၊ ခရာသင်းနှင့်၊ ဒုန်းမင်းရီရော၊ ထက်မနှောတို့၊ မြေကြောထုတ်သန်း၊ ပြတ်ဘနန်းတည့်၊ ဖြန်းဖြန်းသံရှင်၊ ရှေ့ဖျားတင်၍၊ အောင်မြင်အသူရာ၊ သိကြားလာသို့"[၃]

---

[၁] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၆၄၊ ၃၇။
[၂] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၆၄၊ ၃၈၅။
[၃] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၆၂၊ ၇၀။

ဟူ၍ ဖွဲ့ဆိုထားပါသည်။ ထိုအဖွဲ့တွင် အက္ခရာတူစကားတူသော "ထိန်းထိန်း၊ ဖြုန်းဖြုန်း၊ တုန်တုန်တင်းတင်း၊ ဖြန်းဖြန်း" တို့ကို ထပ်ကာဖွဲ့ဆိုထားသဖြင့် တူရိယာသံများ မြည်ဟိန်းနေသော စကားသရုပ်ကို ပေါ်လွင်လာစေပါသည်။ စကား၏သရုပ်ကို ထင်ရှားစေရန် 'အိန်း၊ အုန်း၊ အင်း' သရသံများကိုသုံး၍ အားမာန်ပါ၍ မြည်ဟိန်းနေသော တူရိယာသံများကို စိတ်တက်ကြွဖွယ် ကြားယောင်လာစေပါသည်။ နရီ (စည်းဝါး)၏ အနှစ်သာရကိုထင်ရှားစေသော မဓုရတာဂုဏ်မြောက် အဖွဲ့ဖြစ်ပါသည်။

ကုန်းဘောင်ခေတ်စာဆို တွင်းသင်းမင်းကြီး ဦးထွန်းညိုရေးဖွဲ့သော မုဒုလက္ခဏာပို့တွင်လည်း ဗာရာဏသီပြည့်ရှင်မင်းကြီးသည် စစ်သည်ဗိုလ်ပါအပေါင်းဖြင့် စစ်ချီတက်ပုံကို ဖွဲ့ရာ၌–

"ရဲတင်းကြူးလျက်၊ သာဖြူးရိုက်ညောင်း၊ ကောင်းကင်ချောင်းမျှ၊ မောင်းလည်းဟိန်းဟိန်း၊ မုဒိန်းမြည်မြည်၊ တံရှည်ကြိုးကြိုး၊ မုရိုးကြာကြာ၊ နဲ့သာလိုက်ဖက်၊ ပြိုးပြက်ဓားသွား၊ ပြေးခုန်လွှားလျက်၊ ယောက်ျားအဟုတ်၊ ထိုးခုတ်ရေးရာ၊ လွှားကာကာတောင်း၊ အဲမောင်းလုံရောင်၊ စစ်အောင်ပီပီ၊ စုံစီမည်တူ၊ မောက်လူမောက်တို၊ မိန်ညိုခြပ်ဝတ်၊ ရံကာပတ်လျက်၊ ပြည်မြတ်ဗာရာ၊ အောင်မြေချာမှ၊ ခန်းဝါစစ်မြေ၊ ချီကြွလေသည်။"[၁]

ဟူ၍ ဖွဲ့ဆိုခဲ့ပါသည်။

သွားဌာန်တူအက္ခရာများဖြစ်သည့် 'လျက်၊ သာ၊ ဓား၊ သွား၊ လွှား၊ လုံ'၊ လည်းချောင်ဌာနတူအက္ခရာများဖြစ်သည့် 'ကောင်းကင်၊ ဟိန်းဟိန်း၊ ကြာကြာ၊ အဟုတ်၊ ကာကာ၊ ချီကြွ'၊ လျှာထိပ်ဌာန်တူအက္ခရာများဖြစ်သည့် 'ရေးရာ'၊ အာစောက်ဌာန်တူအက္ခရာများဖြစ်သည့် 'စုံစီ၊ စစ်မြေ' တို့ကို နီးနီးကပ်ကပ်ထား၍ ဖွဲ့ဆိုထားပါသည်။ ဌာန်တူအက္ခရာချင်း၊ ဒီဃရဿအက္ခရာချင်း နီးကပ်စွာထား၍ ဖွဲ့ဆိုထားသဖြင့် စကားပြေပြစ်မှုရှိကာ မဓုရတာဂုဏ်မြောက်ပါသည်။ စစ်ချီတက်ပုံမြင်ကွင်းကိုသာမက စကားသရုပ်ကိုပါ ကြားယောင်လာစေသော ဖန်တီးမှု ဖြစ်သည်။

ဘုရားလောင်းရသေ့ကြီး၏ အလွမ်းခံစားမှုတို့ကို ဖွဲ့ဆိုရာ၌လည်း–

"လွမ်းပင်ပေါက်လျက်၊ လွမ်းညှောက်လည်းမြင့်၊ လွမ်းဖူးဆင့်၍၊ လွမ်းပွင့်ကြွေ့ကြွေ့၊ တဖွေ့ဖွေ့သည်၊ ခြွေ၍မကြွေနိုင်တကား"[၂]

---

[၁] ထွန်းညို၊ ဦး၊ (တွင်းသင်းမင်းကြီး)၊ ၁၉၆၃၊ ၄၆။
[၂] ထွန်းညို၊ ဦး၊ (တွင်းသင်းမင်းကြီး)၊ ၁၉၆၃၊ ၄၇။

ဟူ၍ 'လွမ်း' ဟူသောစကားလုံးကို ထပ်ကာထပ်ကာသုံး၍ ဖွဲ့ဆိုထားသည်မှာ နား၏ တန်ဆာဖြစ်ပြီး ချိုသာနာပျော်ဖွယ် ရှိလှပါသည်။ အလွမ်းဓာတ်တို့ စဉ်ဆက်မပြတ် ဖြစ်ပေါ်ခံစားရသည်ကို 'လွမ်းပင်၊ လွမ်းညှောင့်၊ လွမ်းဖူး၊ လွမ်းပွင့်သည်' ဟူ၍ သုံးနှုန်း ဖွဲ့ဆိုထားသည်မှာ မဓုရတာဂုဏ်မြောက် အဖွဲ့ကောင်းဖြစ်သကဲ့သို့ သမာဓိဂုဏ်လည်း မြောက်ပါသည်။ စာဆို၏ သဒ္ဒါလင်္ကာရ စကားတန်ဆာဆင်မှု ကျွမ်းကျင်လိမ္မာလှ သည်ကို အတုယူဖွယ် တွေ့နိုင်သည်။

ဘုရားလောင်းရသေ့ကြီး၏ အလွမ်းသံသရာလည်ပြီး ခံစားရပုံကို–

> "တ–တတလျှင်၊ တစ်ညချုပ်လေ၊ တစ်နေဝင်ပျောက်၊ တစ်မိုး သောက်လည်း၊ တတောက်ပတ်ပတ်၊ တတွတ်တွတ်ဖြင့်၊ တဆွတ် တမ်းတမ်း၊ တသမ်းသမ်းနှင့်၊ တနွမ်းရိရိ၊ တဖိဖိလျှင်"[၁]

ဟူ၍ အက္ခရာတူစကားတူ 'တ' ကို ဖွဲ့ဆိုထားပါသည်။ ဘုရားလောင်းရသေ့ကြီး၏ တပ်မက်စွဲလမ်းသော ခံစားချက်ပြင်းထန်ပုံကို ပေါ်လွင်စေသကဲ့သို့ ပျို့အဖွဲ့အဆိုမှာ စကားချိုသာပြေပြစ်ပြီး မဓုရတာဂုဏ်မြောက်ပါသည်။ မုဒုလက္ခဏပျို့လာ ထိုအလွမ်းဘွဲ့သည် အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့လာ–

> "တန္ဓေဓေ၊ တပေလျှဉ်းလျှဉ်း၊ တညှင်းဆိုးဆိုး၊ တညိုးလျလျ၊ တတလွမ်းလွမ်း၊ တသမ်းဟယ်ဟယ်၊ တတွယ်တာတာ၊ တဟာ လှိုက်လှိုက်၊ တရှိုက်ငင်ငင်၊ တပင်ပန်းပန်း၊ တဝန်းလျားလျား၊ ရဟတ်ချားသို့"[၂]

ဟူသော အဖွဲ့ကို နည်းမှီစံထားဖွဲ့ဆိုထားသည်ကို တွေ့ရပါသည်။

စာဆို ရှင်မဟာရဋ္ဌသာရ ဖွဲ့ဆိုသော ပုံတောင်နိုင်မော်ကွန်းကဗျာသည် စစ်နိုင် မော်ကွန်းကဗျာဖြစ်သည်နှင့်အညီ ဘုန်းတော်ဘွဲ့များ၊ စစ်ဆင်ပုံ၊ စစ်ချီပုံ၊ စစ်နိုင်ပုံ အဖွဲ့များကို စိတ်အားတက်ကြွဖွယ် ဝီရရသပေါ်အောင် ဖွဲ့ဆိုထားပါသည်။ ထိုသို့ ဖွဲ့ဆိုရာတွင် စကားသရုပ်ကို ပီပြင်စွာ ဖွဲ့ဆိုထားသော မဓုရတာဂုဏ်မြောက်အဖွဲ့ များစွာဖြင့် ဖွဲ့ဆိုဖန်တီးထားပါသည်။ စစ်ချီပုံ၊ စစ်ဆင်ပုံတို့ကို ပုံတောင်နိုင်မော်ကွန်းတွင်–

> "ပင်လယ်ဆူလှိုက်၊ တိမ်ဦးဆိုက်မျှ၊ တီးရိုက်သံရှည်၊ တော်လည်း မြည်သို့၊ တိုက်စည်ပင့်မြှောက်၊ အထောက်ထောက်လျှင်၊ မီးပေါက် တစ်ခြား၊ လေးမြားတစ်ထွေ၊ လွှားခြေတစ်ညီ၊ ယှဉ်မှီစားပေါင်း၊

[၁] ထွန်းညို၊ ဦး၊ (တွင်းသင်းမင်းကြီး)၊ ၁၉၆၃၊ ၄၅။

[၂] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၅၈၊ ၃၉။

> အဲမောင်းရင်းတည်၊ ခြေသည်ရှေ့ရပ်၊ နောက်ကွပ်မြင်းဆင်၊ ဖန်စီရင်လျက်”[၁]

ဟူ၍လည်းကောင်း၊

> “ဗလဝါမုခ၊ ဝဲမလိုက်သည်း၊ ပင်လယ်ကြည်းမျှ၊ တိုက်လှည်း မွေနောက်၊ အထောက်ထောက်လျှင်၊ တစ်ယောက်မပြန်၊ အဖန်ဖန်တည့်၊ လုံချွန်ဖြိုးဖြိုး၊ မြားမိုးဖျော်ဖျော်၊ မီးပေါက်ဆော်လျက်၊ ငြာကြော် သဲသဲ၊ စစ်ပွဲနှန့်နှန့်၊ မြေမှန့်ထောင်းထောင်း၊ ကောင်းကင်ခြောင်းမျှ”[၂]

ဟူ၍လည်းကောင်း ဖွဲ့ဆိုထားပါသည်။ ‘အထောက်ထောက်’၊ ‘အဖန်ဖန်’၊ ‘ဖြိုးဖြိုး’၊ ‘ဖျော်ဖျော်’၊ ‘သဲသဲ’၊ ‘နှန့်နှန့်’၊ ‘ထောင်းထောင်း’ ဟူ၍ အက္ခရာတူ၊ စကားတူတို့ကို ထပ်ကာဖွဲ့ဆိုထားသည်မှာ စစ်ချီတက်ပုံမြင်ကွင်းနှင့် မြည်ဟီးနေသော စကားသရုပ် တို့ကို အထင်းသား မြင်ယောင်ကြားယောင်လာစေပါသည်။ မဓုရတာဂုဏ်မြောက်သော စကားတန်ဆာဆင် ဖန်တီးမှုများကို အတုယူဖွယ် တွေ့နိုင်သည်။

ကုန်းဘောင်ခေတ်စာဆို လက်ဝဲသုန္ဒရအမတ်ကြီး၏ အလွမ်းခံစားချက်တို့ကို ဖွဲ့စပ်ထားသည့် ဝေဿန်းစန္ဒာချီ ပိုဒ်စုံရတုတွင်လည်း မဓုရတာဂုဏ်မြောက်အဖွဲ့များကို ထင်ရှားစွာ တွေ့နိုင်ပါသည်။ ရတနာသိင်္ဃနန်းတော်ကြီး၏ ခမ်းနားတင့်တယ်လှပုံ ဖွဲ့ရာ၌ စာဆိုက–

> “နေဝန်းဖန်ဝါ၊ ထိန်စကြာလည်း၊ အာကာဖိတ်စီး၊ ကျွန်းလုံး ညီးမျှ၊ ထိနီးမိုးလယ်၊ ဖြိုးဖြိုးကယ်၍၊ အံ့ဖွယ်ယှက်သန်း၊ ရှုမခန်းတည့်”[၃]

ဟူ၍ ဖွဲ့ဆိုခဲ့သည်။ ဌာန်တူအက္ခရာများကို နီးကပ်စွာထား၍ ဖွဲ့ဆိုထားရာ စကား သာသည့် မဓုရတာဂုဏ်မြောက်ပြီး နန်းတော်ကြီး၏ အံ့ဖွယ်ခမ်းနားလှပုံတို့ကို သိမြင် စေပါသည်။

## ခြုံငုံသုံးသပ်ချက်

မြန်မာကဗျာများမှ စကားတန်ဆာဆင်မှုများဖြစ်သည့် ပသာဒဂုဏ်၊ ဩဇဂုဏ်နှင့် မဓုရတာဂုဏ်တို့ကို လေ့လာရာတွင် ပျို့၊ မော်ကွန်း၊ ရတုကဗျာတို့ကို စံထားလေ့လာ

---

[၁] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၃၉၊ ၄၃။

[၂] ရဋ္ဌသာရ၊ ရှင်မဟာ၊ ၁၉၃၉၊ ၄၄။

[၃] စိန်လွင်လေး၊ ဦး၊ ၁၉၆၃၊ ၉။

တင်ပြထားပါသည်။ မြန်မာကဗျာများမှ စကားတန်ဆာဆင်မှုကို လေ့လာရာ၌ စာဆိုတို့၏ ပညာရည်ဖြင့် ဖန်တီးထား သော ပသာဒဂုဏ်၊ ဩဇဂုဏ်၊ မဓုရတာဂုဏ်တို့မှာ နှစ်သက်အတုယူဖွယ် ဖန်တီးမှုများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပသာဒဂုဏ်မြောက်အဖွဲ့တို့ဖြင့် တန်ဆာဆင်ရာ၌ အနက်အဓိပ္ပာယ် သိလွယ်သော စကားသုံးများကို ရွေးချယ်သုံးထားခြင်း၊ စပ်သင့်သောပုဒ်ချင်း နီးကပ်စွာထား၍ စပ်ဆိုခြင်းတို့ကြောင့် ဆိုလိုသောအဓိပ္ပာယ်ကို အလွယ်တကူနားလည်စေပါသည်။ အသိခက်ခြင်း၊ အနက်ရှုပ်ထွေးခြင်းတို့ကင်းကာ စာရှုသူတို့အား ဆိုလိုရင်းကို ရှင်းလင်းစွာ သိမြင်စေနိုင်သည်ကို တွေ့ရပါသည်။ ဩဇဂုဏ်မြောက်အဖွဲ့များကို လေ့လာရာ၌လည်း ပျို့ကဗျာသည် မော်ကွန်း၊ ရတုကဗျာတို့ထက် ဇာတ်လမ်းကို ပို၍အသားပေးတင်ပြဖွဲ့ဆိုရာသည်ဖြစ်၍ အကျယ်ကိုအကျဉ်း၊ အကျဉ်းကိုအကျယ် ဖွဲ့ဆိုသော ဩဇဂုဏ်မြောက်အဖွဲ့များဖြင့် ထိမိစွာ တန်ဆာဆင်ခဲ့ကြောင်း တွေ့ရပါသည်။ စာဆိုတို့၏ ပညာဉာဏ်ရည်၊ စာပေနှံ့စပ်ကျွမ်းကျင်မှုတို့ကို ဩဇဂုဏ်မြောက်အဖွဲ့များတွင် တွေ့ရပါသည်။ မြန်မာကဗျာများမှတွေ့ရသော ဩဇဂုဏ်မြောက်အဖွဲ့များသည် စာဆိုတို့၏ စာပေစွမ်းရည်နှင့် ကဗျာဉာဏ်ရည်ထက်သန်မှုတို့ကို ဖော်ပြနေသကဲ့သို့ မြန်မာကဗျာ၏ဂုဏ်ကို ဝင့်ထည်စေသော အဖွဲ့များဖြစ်သည်။ မူလဇာတကအဋ္ဌကထာတွင် မပါသော်လည်း စာဆို၏ကျမ်းဂန်ဗဟုသုတများကို ထည့်သွင်း အကျယ်ချဲ့ထွင် ဖွဲ့ဆိုထားသည့် ဩဇဂုဏ်မြောက်အဖွဲ့များသည် စာဖတ်သူအတွက် ဗဟုသုတရစေသည့်အပြင် နှစ်သက်မှုရသ ခံစားရစေပါသည်။ အကျဉ်းချုံးရာတွင်လည်း အနက်တိမ်မြုပ်ခြင်းမရှိဘဲ ဇာတ်လမ်း နှင့်အံဝင်ဂွင်ကျ ပေါ်လွင် စေသော ဖွဲ့ဆိုမှုများဖြစ်ကြောင်းတွေ့ရပါသည်။ ထို့ပြင် မြန်မာကဗျာများသည် စကားကာရန်တို့ဖြင့် စကားသံစီးဆင်းမှု၊ နရီသဘောပါအောင် ဖန်တီးဖွဲ့ဆိုထားသဖြင့် အကြောင်းအရာနှင့် လိုက်ဖက်သော အနက်အဓိပ္ပာယ်ကို ပို၍မြင်သာကြားသာသော မဓုရတာဂုဏ်မြောက်အဖွဲ့များဖြင့် နှစ်သက်ဖွယ် ဖြစ်လာပါသည်။

## နိဂုံး

မြန်မာကဗျာများမှ စကားတန်ဆာဆင်မှု လေ့လာချက်စာတမ်းသည် မြန်မာကဗျာများ၏တန်ဖိုးကို လေ့လာဖော်ထုတ်တင်ပြထားခြင်း ဖြစ်ပါသည်။ မြန်မာစာပေနယ်မှ မြန်မာကဗျာများကို စကားတန်ဆာဆင်မှုရှုထောင့်သာမက အခြားရှုထောင့်အထွေထွေမှ လေ့လာတင်ပြရန် ကျန်ရှိပါသေးသည်။ ထိုသို့ ဖော်ထုတ်လေ့လာခြင်းအားဖြင့် မြန်မာစာပေ၏တန်ဖိုး၊ အနှစ်သာရကို သိရှိကြမည် ဖြစ်ပါသည်။

# ကျမ်းကိုးစာရင်း


ကုမာရ၊ အရှင်။ (၂၀၀၀)။ ***အလင်္ကာပန်းကုံး(သ–ကြိမ်)***။ ရန်ကုန်၊ သော်တာဝင်းပုံနှိပ်တိုက်။

စိန်လွင်လေး၊ ဦး။ (၁၉၆၃)။ ***ဦးတိုး၊ လက်ဝဲသုန္ဒရ၊ စိန္တကျော်သူရတုများ***။ ရန်ကုန်မြို့၊ အောင်မိတ်ဆက်ပုံနှိပ်တိုက်။

ထီလာစစ်သူနှင့်အများ။ (၁၉၈၆)။ ***ဝေဖန်ရေးစာပေစာတမ်းများ (ဒုတိယတွဲ)***။ ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်တိုက်။

ထွန်းညို၊ ဦး (တွင်းသင်းမင်းကြီး)။ (၁၉၆၃)။ ***မုဒုလက္ခဏာပျို့***။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်။

ဒန့်တိုင်ဆရာတော်။ (မ–၁၂၆၈)။ ***ဘူရိဒတ္တဇာတကအဋ္ဌကထာပါဠိနိဿယ***။ ရန်ကုန်မြို့၊ ကဝိမျက်မှန်ပုံနှိပ်တိုက်။

ပဏ္ဍိတထေရ်၊ အရှင်။ (၁၉၇၅)။ ***မြန်မာအလင်္ကာကျမ်း (ဒု–ကြိမ်)***။ ရန်ကုန်၊ သင့်ဘဝပုံနှိပ်တိုက်။

ဗုဒ္ဓဃောသ၊ ရှင်မဟာ။ (၁၉၅၉)။ ***ဇာတကအဋ္ဌကထာ စတုတ္ထောဘာဂေါ***။ ရန်ကုန်၊ သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်။

ဘိုးလှိုင်၊ ဦး၊ (ယောမြို့စားမင်း–)။ (၁၉၃၇)။ ***အလင်္ကာနိသျ***။ ရန်ကုန်၊ သုဓမ္မဝတီပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၁၉၉၁)။ ***မြန်မာအဘိဓာန်***။ ရန်ကုန်၊ ဖိုတိုလစ်သိုပုံနှိပ်တိုက်။

ရဋ္ဌသာရ၊ ရှင်မဟာ။ (၁၉၃၉)။ ***ပုံတောင်နိုင်မော်ကွန်း***။ ရန်ကုန်မြို့။ မြန်မာဖေယျာပုံနှိပ်တိုက်။

ရဋ္ဌသာရ၊ ရှင်မဟာ။ (၁၉၅၈)။ ***စတုဓမ္မသာရကိုးခန်းပျို့***။ ရန်ကုန်၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်။

ရဋ္ဌသာရ၊ ရှင်မဟာ။ (၁၉၆၂)။ ***ဘူရိဒတ်ဇာတ်ပေါင်းပျို့***။ ရန်ကုန်၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ပုံနှိပ်တိုက်။

ရဋ္ဌသာရ၊ ရှင်မဟာ။ (၁၉၆၄)။ ***ဘူရိဒတ်လင်္ကာကြီး***။ ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်။

လှသမိန်။ (၁၉၆၈)။ ***ကဗျာအတတ်သင်***။ ရန်ကုန်မြို့၊ ချိုတေးသံပုံနှိပ်တိုက်။


## မဂ္ဂဇင်း


***ရုပ်ရှင်တေးကဗျာ***။ (၂၀၀၄၊ အောက်တိုဘာလ)။ ရန်ကုန်မြို့၊ ခိုင်ရည်မွန်ပုံနှိပ်တိုက်။

*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# ဆရာခင်၏ သော်ကကုမ္မာနှင့် ပဥ္စကလျာပြဇာတ် အတင်အပြလေ့လာချက်

သက်နှင်းအေး*

## စာတမ်းအကျဉ်း

ဤစာတမ်းသည် မြန်မာစာပေနယ်ပယ်အတွင်းရှိ ပြဇာတ်စာပေကဏ္ဍတွင် ပါဝင်သော ကိုလိုနီခေတ်ဦးပြဇာတ်စာပေကို အခြေခံ၍လေ့လာတင်ပြထားသည့် စာတမ်းဖြစ်ပါသည်။ ဤစာတမ်းကို တင်သွင်းရာ၌ ကြေးမုံဦးသောင်း စုစည်းထုတ်ဝေသည့် သမိုင်းဝင်မြန်မာပြဇာတ်များစာအုပ်မှ ဆရာခင်၏ သော်ကကုမ္မာနှင့် ပဥ္စကလျာပြဇာတ်ကို အလေ့လာခံအဖြစ် သတ်မှတ်ပါသည်။ ခေတ်ကာလအကြိုက် ပေါ်ပေါက်ခဲ့သော ကိုလိုနီခေတ်ဦး ပြဇာတ်တို့၏ ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံ တင်ပြပုံတို့ကို ဖော်ထုတ်လိုသည့် ရည်ရွယ်ချက် ဖြစ်ပါသည်။ ဤစာတမ်းတွင် အခန်း(၁) ပြဇာတ်ဝေါဟာရ၊ အခန်း(၂) ကိုလိုနီခေတ်ဦး ပြဇာတ်သမိုင်းအကျဉ်း၊ အခန်း(၃) ဆရာခင်၏ သော်ကကုမ္မာနှင့် ပဥ္စကလျာပြဇာတ် အတင်အပြလေ့လာချက်တို့ကို လေ့လာတင်ပြထားပါသည်။ ကိုလိုနီခေတ်ဦး ပြဇာတ်စာပေလေ့လာသူတို့အတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်ပါသည်။

## နိဒါန်း

စာပေတွင် ကဗျာ၏အခန်းကဏ္ဍသည် အရေးပါသကဲ့သို့ စကားပြေ၏အခန်းကဏ္ဍသည်လည်း အရေးပါပါသည်။ ထို့နည်းတူ လင်္ကာ၊ စကားပြေ နှစ်ထွေရော၍ ရေးဖွဲ့လေ့ရှိသော ပြဇာတ်၏အခန်းကဏ္ဍသည်လည်း အရေးပါပါသည်။ မြန်မာ့ပြဇာတ်စာပေကို ခရစ်နှစ် ၁၇၀၀ ကျော် မှ ၁၈၅၂ ခုနှစ်အထိ ခေတ်ဟောင်းပြဇာတ်စာပေ၊ ခရစ်နှစ် ၁၈၅၃ မှ ၁၉၂၀ ပြည့်နှစ်အထိ ခေတ်လယ်ပြဇာတ်စာပေ၊ ခရစ်နှစ် ၁၉၂၁ မှ ယနေ့ထိ ခေတ်သစ်ပြဇာတ်စာပေဟု ပညာရှင်တို့က ခေတ်သုံးခေတ် ပိုင်းခြားပြပါသည်။ ဤစာတမ်းသည် ခေတ်လယ်ပြဇာတ်စာပေတွင် ပါဝင်သော ဆရာခင်၏ သော်ကကုမ္မာနှင့် ပဥ္စကလျာပြဇာတ် အတင်အပြကို လေ့လာတင်ပြမည့် စာတမ်းဖြစ်ပါသည်။ ဤပြဇာတ်သည် ၁၈၈၉ ခုနှစ် ကိုလိုနီခေတ်ဦးက ပေါ်ပေါက်ခဲ့သော ပြဇာတ် ဖြစ်ပါသည်။ ဆရာခင်၏အထ္ထုပ္ပတ္တိကို ထင်ရှားစွာ မတွေ့ရှိရပေ။ ကိုလိုနီခေတ်ဦးက ပေါ်ပေါက်သော ပြဇာတ်များ၏ထူးခြားချက်မှာ အပျော်ဖတ်ရန် ရည်ရွယ်ရေးသားကြသောကြောင့် ခေတ်အကြိုက် အဆို၊ အငို၊ ပြက်လုံးတို့ကို အရင်းမတည်ကာ ဇာတ်အိမ်ကို တည်ဆောက်လေ့ရှိသည်။ အထူးသဖြင့် တေးသီချင်းသံဆန်း အမျိုးမျိုးတို့ကို ဆီလျော်အောင် ထည့်သွင်းလေ့ရှိသည်။ ဤစာတမ်းမှတစ်ဆင့် ကိုလိုနီခေတ်ဦး

---

* ဒေါက်တာ၊ ကထိက၊ မြန်မာစာဌာန၊ မုံရွာတက္ကသိုလ်

ပြဇာတ်များ၏ ဇာတ်လမ်းတင်ပြပုံ၊ ဇာတ်ဆောင်တင်ပြပုံ၊ နောက်ခံဝန်းကျင်တင်ပြပုံ တို့ကို မှန်းဆသိရှိနိုင်ပါသည်။

## ၁။ ပြဇာတ်ဝေါဟာရ

'ပြ' ဆိုသည်မှာ မြန်မာစကားဖြစ်၍ 'ဇာတ်' ဆိုသည်မှာ ပါဠိစကားဇာတကမှ ဆင်းသက်လာခြင်း ဖြစ်သည်။ 'ပြ' သည် မျက်စိနှင့်မြင်အောင် ပြုမူပြသခြင်း ဖြစ်သည်။ 'ဇာတ်' သည် ရှေးဘဝများက ဘုရားလောင်း၏အဖြစ်နှင့် သက်ဆိုင်သော ဝတ္ထုများဟု အဓိပ္ပာယ်ရသည်။ ဆင့်ပွားအနက်ဖြင့် ကောက်ယူသော် ပြဇာတ်သည် 'အဖြစ်ကိုပြချက်' ဟု ဆိုနိုင်သည်။

ပြဇာတ်ဝေါဟာရနှင့်ပတ်သက်၍ စာပေပညာရှင်တို့က မိမိတို့အားသန်ရာ ရှုထောင့်မှ အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုခဲ့ကြသည်။

မြန်မာအဘိဓာန်အကျဉ်းချုပ်တွင်−

"ပြဇာတ်/န/ ၁။ ဇာတ်လမ်းကို ကပြသရုပ်ဖော်နိုင်ရန် ရေးဖွဲ့သော စာပေ။

၂။ ယင်းဇာတ်ကို သရုပ်ဖော်ကပြသောပွဲ"[၁]

ဟု ဖွင့်ဆိုထားသည်။

မြန်မာ့စွယ်စုံကျမ်းတွင်−

"ပြဇာတ် ဟူသည် အဖြစ်အပျက် တစ်စုံတစ်ရာကို ပွဲကြည့်သူတို့ စိတ်တွင် ထင်ရှားပေါ်လွင်လာစေရန် လူကိုယ်တိုင်ထွက်၍ သရုပ်ဖော်ပြသရသည့် အနုပညာတစ်ရပ် ဖြစ်သည်။"[၂]

ဟု ဖွင့်ဆိုထားသည်။

ဟံသာဝတီဦးဘရင်က ပြဇာတ်များ ဖြစ်ပေါ်ခြင်းတွင်−

"အရုပ်ဖြင့်သော်လည်းကောင်း၊ လူကိုယ်တိုင်ဖြင့်သော်လည်းကောင်း၊ ကပြကြသည်ကို ပြဇာတ် ဟူ၍ ခေါ်ပေသည်။"[၃]

---

[၁] မြန်မာစာအဖွဲ့၊ ၂၀၀၈၊ ၂၃။

[၂] မြန်မာစာအဖွဲ့၊ ၁၉၆၃၊ ၂။

[၃] ဘရင်၊ ဦး၊ ခုနှစ်မပါ၊ ၁၁။

ဟု ဖွင့်ဆိုထားသည်။

ဦးသော်ဇင်က ပြဇာတ်သမိုင်းတွင်–

> "ဇာတ်လမ်း၊ ဇာတ်ကွက်၊ ဇာတ်ထုပ်ကို အတီးအမှုတ်၊ အဆို အကဖြင့် ပရိသတ်အား တင်ပြခြင်း"[၁]

ဟု ဖွင့်ဆိုထားသည်။

မောင်ခင်မင်(ဓနုဖြူ)က မလိခပြဇာတ် အညွှန်းနိဒါန်းတွင်–

> "ပြဇာတ်ဆိုသော ဝေါဟာရသည် အဓိပ္ပာယ်နှစ်မျိုး ထွက်သည်။ ဇာတ်လမ်းကို ကပြသရုပ်ဆောင်နိုင်ရန် ရေးဖွဲ့သော စာပေကိုလည်း ပြဇာတ်ဟု ခေါ်သည်။ ဇာတ်လမ်းကို ကပြသရုပ်ဆောင်သော ပွဲကိုလည်း ပြဇာတ်ဟု ခေါ်သည်။"[၂]

ဟု ဖွင့်ဆိုထားသည်။

ညွှန့်ဟံ(ကြူတော)၏ လွတ်လပ်အကြိုခရီးနှင့် ဇာတိမာန်ပြဇာတ်များ စာအုပ်တွင်–

> "ဇာတ်လမ်း ဇာတ်ကွက် တစ်စုံတစ်ရာကို လက်ာစပ်စကားပြေဖြင့် ဖြစ်စေ၊ အပြန်အလှန်ပြောခန်းများဖြင့်ဖြစ်စေ၊ ရေးဖွဲ့သော စာပေ အဖွဲ့။ ယင်းအဖွဲ့အနွဲ့အမျိုးမျိုးကို သရုပ်ဆောင်ပြသော ပွဲလမ်း"[၃]

ဟု ဖွင့်ဆိုထားသည်။

စာပေပညာရှင်တို့၏ ပြဇာတ်ဝေါဟာရဖွင့်ဆိုမှုများကို ခြုံ၍သုံးသပ်ရလျှင် ပြဇာတ်ဟူသည် ဇာတ်လမ်းဇာတ်ကွက်ကို တေးဂီတနှင့်တွဲဖက်၍ လူကိုယ်တိုင် သရုပ်ဖော် ကပြရသော အနုပညာတစ်ရပ်ကို ပြဇာတ်ဟုခေါ်သကဲ့သို့ ဇာတ်လမ်းကို ကပြသရုပ်ဆောင်နိုင်ရန် ရေးဖွဲ့သော စာပေကိုလည်း ပြဇာတ်ဟု ဆိုနိုင်ပါသည်။

## ၂။ ကိုလိုနီခေတ်ဦး ပြဇာတ်သမိုင်းအကျဉ်း

မြန်မာ့ပြဇာတ်စာပေသည် ၁၈ ရာစု ညောင်ရမ်းခေတ် ဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပြဇာတ်မှ အစပြုခဲ့ခြင်း ဖြစ်သည်။ ကုန်းဘောင်ခေတ်ဦးတွင် ရက်ပေါင်း များစွာ ကပြရသော နန်းတွင်းဇာတ်တော်ကြီးများ ပေါ်ပေါက်လာသည်။ ကုန်းဘောင်

---

[၁] သော်ဇင်၊ ဦး၊ ၁၉၆၅၊ ၁၊ ၂။

[၂] မလိခ၊ ၂၀၀၈၊ ၂။

[၃] ညွှန့်ဟံ (ကြူတော)၊ ၁၉၉၆၊ ၂၁။

ခေတ်နှောင်းတွင် တစ်ညတွင်းအပြီး ကပြနိုင်သော ဦးကြင်ဥ၊ ဦးပုညတို့၏ ပြဇာတ်များ ပေါ်ပေါက်ခဲ့သည်။ ၁၉ ရာစု နှောင်းပိုင်းတွင် အောက်မြန်မာနိုင်ငံ၌ ပြဇာတ်များ ဆက်လက်ထွန်းကားလျက် ရှိသည်။ ပုံနှိပ်လုပ်ငန်းများ တွင်ကျယ်လာသောအခါ ပြဇာတ်စာအုပ်များ ရိုက်နှိပ်ထုတ်ဝေလာသည်။ အကပြဇာတ်မှ အဖတ်ပြဇာတ်သို့ ကူးပြောင်းလာခဲ့သည်။

သက္ကရာဇ် ၁၈၇၅ ခုနှစ်တွင် ကိုလိုနီခေတ်ဦး၏ အစောဆုံးပြဇာတ်များဟု ဆိုနိုင်သော ဦးခို၏ မဟာဇနကမင်းသားပြဇာတ်၊ ဦးပုတ်နီ၏ ကုမ္မာရပြဇာတ်၊ ဆတိုင်မွတ်ဦးကူး၏ လူဝံမောင်နှမပြဇာတ်တို့ ပေါ်ပေါက်လာသည်။ ကိုလိုနီခေတ်ဦး ပြဇာတ်တို့သည် ရှေးပြဇာတ် အစဉ်အလာလမ်းကြောင်းအတိုင်း ဘုရားဟောဇာတက၊ ဇင်းမယ်ပဏ္ဏာသ၊ မဟာဝင်၊ ဒဏ္ဍာရီထိုးဇာတ်တို့ကို အခြေခံသည်။ ဇာတ်ဆောင်များကို ဖန်တီးရာတွင်လည်း ထီးနန်းဝန်းကျင်မှ ဇာတ်ဆောင်များ၊ နတ်၊ နဂါး၊ ဂဠုန် စသည့် သဘာဝလွန် တန်ခိုးရှင်ဇာတ်ဆောင်များ ဖြစ်သည်။ ရေးဖွဲ့ပုံသဏ္ဌာန်မှာ ဇာတ်ဆန်သည့် လင်္ကာစကားပြေ နှစ်ထွေရောအဖွဲ့များ ဖြစ်သည်။ ဆိုင်းဆင့်၊ ပတ်တိုက်၊ အာလုပ်၊ ဇာတ်ညွှန်းစကား၊ ဇာတ်ချင်းတို့ကို ထည့်သွင်းဖန်တီးထားသည်။

သက္ကရာဇ် ၁၈၇၇ ခုနှစ်တွင် မော်လမြိုင်ဆရာရော၏ သထုံရာဇဝင်ပြဇာတ် ပေါ်ပေါက်လာသည်။ သထုံရာဇဝင်ပြဇာတ်ကို ဖတ်ရသည်မှာ ရုပ်သေးရုပ်များကို ကြည့်ရသည်နှင့်တူသည်။ အလွမ်း၊ အဆွေး၊ အသော စုံလင်အောင် တင်ပြနိုင်သည်။ ထိုခေတ်က ပြဇာတ်ရေးသူတို့သည် ဇာတ်သဘင်ပညာ ကျွမ်းကျင်သော ရုပ်သေးမင်းသားကြီးကိုင်များ ဖြစ်၍ စာပေကျမ်းဂန် နှံ့စပ်သည်။ ကဗျာဉာဏ် ပြည့်စုံသည်။

ကိုလိုနီခေတ်ဦးပိုင်းတွင် လူကြိုက်များသော ပြဇာတ်တို့ကို တုပပြီးရေးသားသော ပြဇာတ်များ အများအပြား ပေါ်ပေါက်လာသည်။ ကိုလိုနီခေတ်ဦးက ထင်ရှားသော ပြဇာတ်ဆရာတို့မှာ မော်လမြိုင်ဆရာယော၊ ရှေ့နေဦးကျော်ရ၊ ပဲခူးဦးဆုသာ၊ တောင်လုံးပျံ ဆရာမြ၊ မောင်ဘိုးသာ၊ ဆရာသင်၊ ဆရာခ၊ ဆရာခင်၊ ဦးစံသူ၊ ရွှေတောင်ဆရာလွမ်း စသည်တို့ ဖြစ်သည်။ ပြဇာတ်ဆရာအချို့၏ အထ္ထုပ္ပတ္တိကို ရှာဖွေတွေ့ရှိသော်လည်း အချို့ပြဇာတ်ဆရာတို့၏ အထ္ထုပ္ပတ္တိကိုမူ မတွေ့ရှိရပေ။

သက္ကရာဇ် ၁၈၈၀ တွင် ပဲခူးဦးဆုသာ၏ စောဖေစောမေပြဇာတ် ပေါ်ပေါက်လာသည်။ အကြိမ်ကြိမ်ရိုက်နှိပ်ရပြီး အုပ်ရေ ၇၄၀၀ အထိ ရှိကြောင်း သိရသည်။ လူကြိုက်များသည့်အတွက် စီးပွားရေးသမားတို့က မင်းသားရုပ်၊ မင်းသမီးရုပ် တံဆိပ်ကပ်ကာ စောဖေစောမေပုဝါ၊ ပိတ်အုပ်၊ မီးခြစ်တို့ ပြုလုပ်ရောင်းချခဲ့ကြသည်။

ကိုလိုနီခေတ် ပြဇာတ်များတွင် ရေးဖွဲ့သည့်အကြောင်းအရာ ကျယ်ပြန့်လာသကဲ့သို့ ခေတ်သရုပ်ထင်ဟပ်သော အကြောင်းအရာများလည်း ပါဝင်လာသည်။ ဦးစံသူ ရေးသော ဘိန်းပုံရာဇာနှင့် ကွမ်းပုံကုမ္မာပြဇာတ်သည် မူးယစ်ဆေးဝါးနှင့် လောင်းကစားမှုအန္တရာယ်ကို ဖော်ထုတ်ထားသည်။ ကိုလိုနီခေတ်ဦး ပြဇာတ်များသည် စာပေအရည်သွေးရှိရုံသာမက ရည်ရွယ်ချက်ကောင်းများဖြင့်လည်း ရေးသားခဲ့ကြသည်။

သက္ကရာဇ် ၁၉၀၀ ဝန်းကျင်တွင် ပေါ်ပေါက်လာသော ပြဇာတ်များသည် ရှေးပြဇာတ်တို့၏ ယေဘုယျလက္ခဏာကို အခြေခံသော်လည်း ခေတ်အကြိုက် တေးသီချင်းသံဆန်းများ၊ ငိုချင်းများကို အသားပေး၍ ရေးဖွဲ့လာကြသည်။ ဇာတ်လမ်းသည် စာဖတ်သူ စိတ်ကျေနပ်ဖွယ် ဖြစ်စေသော ဇာတ်လမ်းမျိုးမဟုတ်ဘဲ စာမျက်နှာ ၈၀ ပြည့်ပါက ဇာတ်လမ်းကို ရောက်သည့်အခန်းမှာပင် သိမ်းလေ့ရှိသည်။ သက္ကရာဇ် ၁၉၀၀ နောက်ပိုင်းတွင် ပေါ်ပေါက်လာသော ပြဇာတ်အများစုသည် စာပေဘက်သာမက သဘင်ဘက်မှာပင် အားနည်းလာသည့်အတွက် ပြဇာတ်များမှာ အဆင့်အတန်း နိမ့်ကျလာသည်။ အချို့ ပြဇာတ်ဆရာများသည် နာမည်ကြီးသော ဇာတ်သဘင်များ ခင်းကျင်းကပြကြသည်ကို သွားရောက်ကြည့်ရှုပြီး ညတွင်းချင်း အဆုံးသတ်ကာ မနက်၌ ပုံနှိပ်ထုတ်ဝေရ လောက်အောင် အခြေအနေဆိုးလာသည်။ ပြဇာတ်ဆရာက ဇာတ်သဘင်ကို ဦးမဆောင်နိုင်ဘဲ ဇာတ်သဘင်၏ နောက်ကလိုက်ရသော အခြေအနေထိ ရောက်ရှိခဲ့သည်။ ၁၉၂၀ ဝန်းကျင်တွင် တစ်မူးတန်၊ တစ်ပဲတန် ပြဇာတ်များ အတားအဆီးမရှိ ပေါ်ထွက်ကာ ပြဇာတ်အဆင့်အတန်း နိမ့်ကျသွားရာမှ နောက်ဆုံး လုံးဝပျောက်ကွယ်သွားရသည်။

## ၃။ ဆရာခင်၏ သော်ကကုမ္မာနှင့် ပဥ္စကလျာပြဇာတ် အတင်အပြလေ့လာချက်

သော်ကကုမ္မာနှင့် ပဥ္စကလျာပြဇာတ်ကို သက္ကရာဇ် ၁၈၈၉ ခုနှစ်တွင် ဆရာခင် ရေးသားသည်။ ဤပြဇာတ်သည် ကိုလိုနီခေတ်ဦး ပြဇာတ်များ အပြိုင်အဆိုင် ရေးသား ထုတ်ဝေချိန်တွင် ပေါ်ပေါက်လာသော ပြဇာတ်တစ်စောင် ဖြစ်သည်။ ပြဇာတ်တွင် ရေးသူနှင့် ရေးသားရသော ရည်ရွယ်ချက်ကို–

> "ရွှေခြံမြို့နဂရာက၊ သညာမည်တွင်၊ ဆရာခင်သည်၊ တင်တင်
> နမ၊ ရွှေရောင်ပွတို့၊ ကြင်စသက်ဝေ၊ နှစ်မေတ္တာထွန်း၊ သစ္စာ
> ယွန်း၍၊ လွမ်းမိုးတွေစွေ၊ ရဝေသဉ်လယ်၊ ငွေစင်နွယ်ကလေး
> တို့မှာ၊ ပွေအင်ချယ်မှု၊ သတင်းဝေဝေ၊ သနင်းဆွေနှင့် မင်းမေပု
> တို့မှာ၊ အပျင်းပြေရှုရအောင်၊ ခုကာလကြိုက်၊ သဘင်အရာ၊

မယှဉ်သာတဲ့၊ ပညာတိုက်က၊ နှစ်ခြိုက်ကြည်သာ၊ ကဗျာလွှင့်၍၊
ဖွင့်လိုက်ပါသည်။”[၁]

ဟု ဖော်ပြထားသည်။ ဆရာခင်၏မျိုးရိုးဇာတိကို အတိအကျမသိရပေ။ မြင်းခြံဇာတိ ဟုသာ ဖော်ပြထားသည်။ ဤပြဇာတ်သည် ခေတ်ကာလအကြိုက် အပျင်းပြေဖတ်ရှုရန် ရေးသားထားသော အပျော်ဖတ်ပြဇာတ်တစ်စောင်သာ ဖြစ်ပါသည်။ ဤပြဇာတ်မှ ဇာတ်လမ်းအတင်အပြ၊ ဇာတ်ဆောင်အတင်အပြ၊ ကာလဒေသနောက်ခံအတင်အပြ တို့ကို ရွေးချယ်၍ လေ့လာတင်ပြပါမည်။

## ၃၊ ၁။ ဇာတ်လမ်းအတင်အပြ

သော်ကကုမ္မာနှင့် ပဉ္စကလျာပြဇာတ်သည် ပြဇာတ်ရေးသူ စိတ်ကူးဖြင့် ဖန်တီး ထားသော စိတ်ကူးယဉ်ထိုးဇာတ် ဖြစ်သည်။ သုဝဏ္ဏဘူမိပြည် ဓမ္မနရိန်မင်း လက်ထက်ဟု ဇာတ်အိမ်တည်ထားသည်။ ဓမ္မနရိန်မင်းတွင် တောင်ပြင်သူဌေးသား မောင်သော်က (ခေါ်) မောင်ဖိုးကွန်းကို မွေးစား၍ သော်ကကုမ္မာဟု ဘွဲ့မည်ပေးထားသော သားတော် တစ်ပါးရှိကြောင်း အဓိကဇာတ်ဆောင်နှင့် စာဖတ်ပရိသတ်ကို ဦးစွာမိတ်ဆက် ပေးသည်။ ထို့နောက် သော်ကကုမ္မာမင်းသား တက္ကသိုလ်ပြည်မှ ပညာတတ်မြောက်၍ ပြန်လာရာတွင် ဗာရာဏပြည် သုမနသူဌေးသမီး ပဉ္စကလျာနှင့် စုံဖက်လာကြောင်း၊ လက်စွဲတော် ဝဇီ၊ ဉာဏ်ကျယ် တို့နှင့်အတူ လေးဦးသား ပြည်တော်ပြန်လာကြောင်းဖြင့် ဇာတ်လမ်းကို အစပျိုးတင်ပြထားသည်။ တောမြိုင်တွင်းသို့ ဖြတ်သန်းလာရာတွင် ပဉ္စကလျာမင်းသမီး ဆာလောင်သဖြင့် သော်ကကုမ္မာမင်းသားသည် လက်စွဲတော်နှစ်ဦး နှင့်အတူ သစ်သီးရှာထွက်သည်။ သစ်သီးရှာဖွေစဉ်တောထဲ၌ အလွန် သာယာသော ရေကန်ကိုတွေ့၍ ရေဆင်းချိုးရာမှ နာနာဘာဝတို့ပြုစားသဖြင့် မင်းသား ရူးသွားပုံနှင့် ဇာတ်လမ်းအလှည့်အပြောင်းကို ဖန်တီးတင်ပြထားသည်။

ပဉ္စကလျာမင်းသမီးသည် သစ်သီးရှာထွက်သော မောင်တော် ပြန်မလာသဖြင့် လိုက်လံရှာဖွေရာ လမ်းမှားလာသော ရှုချင်ဖွယ်နတ်နှင့် တွေ့ဆုံလေသည်။ အဖြစ်အပျက် တို့ကို ပြောပြသဖြင့် ရှုချင်ဖွယ်နတ်လည်း မင်းသမီးကို စကားဝါနတ်နန်းသို့ ခေါ်ဆောင်သွားသည်။

ရူးသွပ်နေသော သော်ကကုမ္မာမင်းသား၏အဖြစ်ကို သိကြားမင်းသိ၍ ဆေးကုရန် စေတမန်နတ်သားကို စေလွှတ်သည်။ ဆေးကု၍ ပျောက်ကင်းသောအခါတွင် လက်စွဲတော် တို့နှင့်အတူ မင်းသမီးကို တောမြိုင်အနှံ့ လိုက်လံရှာဖွေသည်။ နောက်ဆုံး မင်းသမီးကို

[၁] သောင်း၊ ဦး(ကြေးမုံ)၊ ၁၉၆၈၊ ၂၃၁။

မတွေ့သဖြင့် လက်လျှော့ကာ တိုင်းပြည်သို့ပြန်ကြပုံဖြင့် မင်းသား၊ မင်းသမီး ဝေးကွာရခြင်းကို တင်ပြထားသည်။

သော်ကကုမ္မာမင်းသား တိုင်းပြည်သို့ ပြန်ရောက်လာသောအခါ ခမည်းတော် ခမ္မနရိန်မင်းက မိမိအသက်ကြီး၍ တရားဘာဝနာပွားများလိုသဖြင့် သားတော်ကို တောင်နန်းမိဖုရား လှသီဂီမှဖွားမြင်သည့် လုလိမ့်မယ်မင်းသမီးနှင့် လက်ဆက်၍ ထီးနန်းစံရန် အမိန့်ချမှတ်သည်။ လုလိမ့်မယ်မင်းသမီးသည် စိတ်ရောဂါဖြစ်နေသူ ဖြစ်၍ မင်းသားက လက်မဆက်လိုသော်လည်း ဖခင်စကားကို မပယ်ရှားဝံ့၍ ခုနစ်ရက်လည်မှ နန်းသိမ်းပွဲခံရန် အချိန်ဆွဲသည်။ ဇာတ်လမ်း၏အဆုံးတွင် ပဥ္စကလျာမင်းသမီးသည် ရှုချင်ဖွယ်နတ်ထံ နေရင်းမှ မင်းသားကို လွမ်းဆွတ်တမ်းတနေပုံဖြင့် အဆုံးသတ်ထားသည်။

သော်ကကုမ္မာနှင့် ပဥ္စကလျာပြဇာတ် ဇာတ်လမ်းအတင်အပြကို လေ့လာရာတွင် ဇာတ်ခန်းအလိုက် မင်းသားမင်းသမီးတို့ အပြိုင်အဆိုင် သစ္စာနှံကြသော သစ္စာနှံတေးများ၊ တေးထပ်၊ ဒွေးချိုး၊ လေးချိုး၊ ဘောလယ်၊ သံချို၊ တောလား၊ ရွှေဘိုဖုံကြီးသံ၊ ထပ်တွန့်တေး၊ မှင်သက်တိုင်းအလိုက်၊ နှင်းယွန်းဂီမ္မာန်အလိုက် စသည်ဖြင့် တေးသီချင်းမျိုးစုံကို အကွက်သင့်ရာဖန်တီး၍ ဇာတ်လမ်းကို အားဖြည့်တင်ပြထားကြောင်း တွေ့ရသည်။

သော်ကကုမ္မာနှင့် ပဥ္စကလျာမင်းသမီးတို့ တောမြိုင်ခရီးဖြတ်သန်းရင်း တစ်ဦးနှင့်တစ်ဦး သစ္စာနှံကြပုံကို–

> "သစ္စာနှစ်ခိုင်၊ ရှစ်ကမ္ဘာတိုင်၊ ယိမ်းမယိုင်မန်တိုင်လေတည်စွဲ၊
> ရာသက်မြဲ၊ မခွဲဘူ့ဆွေကလျာ၊ ပေါင်းကြစို့ တူလေလေးလေ
> တူနှစ်ဖြာ"[၁]

ဟု နှစ်ကိုယ်သစ္စာအလိုက် ပတ်ပျိုးဖြင့် ဖော်ပြထားသည်။

ပဥ္စကလျာမင်းသမီးကို ဘဝသက်ဆုံးတိုင် ပေါင်းဖို့ရည်ရွယ်ထားကြောင်းကိုလည်း–

> "ရွှေမျက်နှာသွယ်နု၊ မြင်ရှုလို့မဝပါ၊ ယဉ်သူ့ထက်ယဉ်ရှာ၊ ခင်ကညာ
> ပျိုဖြန်း၊ ချစ်စရာ့ဂမုံးခိုင်ကို အဆုံးတိုင် ဘုန်းဖေကမှန်း"[၂]

ဟု တေးထပ်ဖြင့် သစ္စာတိုင်ပြန်သည်။

---

[၁] သောင်း၊ ဦး(ကြေးမုံ)၊ ၁၉၆၈၊ ၂၃၇။
[၂] သောင်း၊ ဦး(ကြေးမုံ)၊ ၁၉၆၈၊ ၂၃၇။

ထို့ပြင် မင်းသမီးကို ရေဖျန်းအတူ ဘိသိက်ခံယူ၍ တောင်ညာထားကာ အတူပေါင်းရန် စီမံထားကြောင်းကို–

> "စိန်ရတီဘွေသဖန်းမှာလ၊ ရေဖြန်းအတူခံလို့ လှသက်နှံယဉ်နွဲ့နှောင်း ရယ်နှင့်၊ မြမျက်ပြန်သင် ဘွဲ့လျှောင်းမှာ၊ အမယ်မင်းတူပေါင်းလို့ စံကြပါစို့ကွယ်လေ"[၁]

ဟု ထပ်တွန့်ပုံကြီးသံဖြင့် ဖွဲ့ဆိုထားသည်။

ကုန်းဘောင်ခေတ်က ပေါ်ပေါက်ခဲ့သော ဦးကြင်ဥ၊ ဦးပုညတို့၏ ပြဇာတ်များတွင် တေးသီချင်းများ သီးသန့်မပါရှိသော်လည်း ကိုလိုနီခေတ်ဦး ပြဇာတ်များတွင် တေးသီချင်းအမျိုးမျိုးကို ဝေဝေဆာဆာထည့်သွင်း၍ ဇာတ်လမ်းဆင်လေ့ ရှိသည်။ တေးသီချင်းအမျိုးမျိုး ထည့်သွင်းဖွဲ့ဆိုခြင်းနှင့်ပတ်သက်၍ ဆရာ မောင်ခင်မင်(ဓနုဖြူ)က ပြဇာတ်အညွန်းနိဒါန်းတွင်–

> "ရှေးခေတ် ပြဇာတ်များနှင့်မတူဘဲ တစ်မူထူးလာသော လက္ခဏာမှာ ပြဇာတ်များတွင် ဇာတ်ဝင်တေးကဗျာ အမျိုးမျိုး ဝေဝေဆာဆာ ပါဝင်လာခြင်း ဖြစ်သည်"[၂]

ဟု မှတ်ချက်ချထားသည်။ ဤပြဇာတ်သည် ကိုလိုနီခေတ်ဦးက ပေါ်ပေါက်လာသော ပြဇာတ်ဖြစ်သည်နှင့်အညီ ခေတ်အကြိုက် တေးသီချင်းသံဆန်းအမျိုးမျိုးဖြင့် စာဖတ်ပရိသတ် စိတ်ဝင်စားဖတ်ရှုအောင် ရေးဖွဲ့ထားသည်။ ထိုအကြောင်းကို ဆရာခင်က ပြဇာတ်ဇာတ်လမ်း တင်ပြရာတွင်–

> "တေးမျိုးကစုံ၊ ရေးထိုးပုံကို
> တော်ရုံနှင့်ဖြတ်လိုက်ကပေါ့"[၃]

ဟု ဖော်ပြထားသည်။ ကိုလိုနီခေတ်ဦးအခါက ပြဇာတ်များ သူ့ထက်ငါဦး အပြိုင်အဆိုင် ရေးသားထုတ်ဝေနေချိန် ဖြစ်သည်။ ပါတော်မူပြီးစ သူ့ကျွန်ဘဝကြောင့် ညိုးနွမ်းနေသော ပြည်သူတို့၏စိတ်ကို ဖျော်ဖြေမှုအပေးနိုင်ဆုံးသည် ထိုခေတ်က ပေါ်ပေါက်လာသော ပြဇာတ်များပင် ဖြစ်သည်။ ပြဇာတ်သည် လူထုနှင့်အနီးစပ်ဆုံးလည်း ဖြစ်သည်။ ပူလောင်နေသော ပြည်သူတို့၏ရင်ကို တေးသီချင်းမျိုးစုံက ငြိမ်းအေးအောင် ဖန်တီးပေးနိုင်သည်။ ထို့ကြောင့် ကိုလိုနီခေတ်ဦးက ပေါ်ပေါက်ခဲ့သော ပြဇာတ်များတွင်

[၁] သောင်း၊ ဦး(ကြေးမုံ)၊ ၁၉၆၈၊ ၂၃၈။
[၂] မလိခ၊ ၂၀၀၈၊ ၉။
[၃] သောင်း၊ ဦး(ကြေးမုံ)၊ ၁၉၆၈၊ ၂၆၀။

ခေတ်အကြိုက် တေးသီချင်းသံဆန်းမျိုးစုံကို မြိုင်မြိုင်ဆိုင်ဆိုင် ထည့်သွင်းခဲ့ဟန်ရှိသည်။ တစ်နည်းအားဖြင့်လည်း ဇာတ်သဘင်လောကမှ စာပေလောကသို့ ကူးပြောင်းစအချိန်ဖြစ်သဖြင့် စာပေစီကိုးမှုထက် ဂီတသံဆန်းသီချင်းများကို ပို၍အသားပေးရေးခဲ့ကြဟန် တူသည်။ အပျင်းပြေဖတ်ရှုရန် ရေးသားထားသော ဤပြဇာတ်တွင် ခေတ်အကြိုက်ကိုလိုက်ကာ သီချင်းသံဆန်းမျိုးစုံဖြင့် ဇာတ်လမ်းကို အားဖြည့်တင်ပြထားရာ စာဖတ်ပရိသတ် နှစ်ခြိုက်လက်ခံစေသော အတင်အပြဟု ဆိုနိုင်ပါသည်။

ထို့ပြင် ဤပြဇာတ်တွင် မင်းသားပျောက်၍ ငိုချင်း၊ မင်းသမီးပျောက်၍ငိုချင်း၊ ချစ်သူနှစ်ဦးဝေးကွာနေရ၍ ငိုချင်းတို့ဖြင့် ငိုချင်းများကို ဇာတ်လမ်းတွင် အသားပေးဖွဲ့ဆိုထားသည်။

ပဥ္စကလျာမင်းသမီးသည် ခင်ပွန်းသည် သော်ကကုမ္မာမင်းသားပျောက်၍ တောမြိုင်အတွင်း လှည့်လည်ရှာဖွေရင်း ငိုချင်းသီကျူးပုံကို–

> "လင်အမှုရယ်ကြောင့်မောင်ငဲ့၊ ခင်ပုမှာဗျာပါပွေလို့ ကညာမေ
> လဲ့လဲ့ဝင်းမှာဖြင့်၊ ဆယ့်နှစ်ထွေ မျက်ရေဆင်းတယ်ရှင်၊ အင်းဖြစ်
> လုကွယ်"[၁]

ဟု မျက်ရည်တို့ အင်းဖြစ်ရပုံကို ရွှေလောင်းသံငိုချင်းဖြင့် တင်ပြထားသည်။

မင်းသမီး ခင်ပွန်းပျောက်ရှာ၍မတွေ့သောကြောင့် ငိုချင်းချကာ ဆွေးရသကဲ့သို့ မင်းသားဖြစ်သူကလည်း ဇနီးပျောက်ကိုရှာဖွေ၍ မတွေ့သဖြင့် မောဟိုက်ကာ နွမ်းရပုံကို–

> "မတွေ့နိုင်လေလေ့၊ တဖေ့မှာ ခိုမထိုင်ဘူ့ တမှိုင်မှိုင် ဘဝင်အိုက်
> သော်လဲ၊ အပိုင်ပိုင် ယဉ်မကိုင်ရှုကယ်ကြောင့်၊ တယိုင်ယိုင်
> ဘဝင်လိုက်တဲ့အောင်ဗျာ၊ အမယ်လေး မောဟိုက်လို့နွမ်း"[၂]

ဟု ဒွေးချိုးဖြင့် ငိုချင်းချသည်။

ဆိုရင်း၊ ငိုရင်းဖြင့် ငယ်ကျွန်တို့ကို တိုင်တည်ကာ လွမ်းအားပိုပုံကို–

> "ခေါ်တရစ်ဟစ်တခါနှင့်၊ ပျောက်သူကိုရှာခဲ့၊ ခြေရာသာထပ်ကရော့
> လှနတ်တမေ၊ ရင်တဆွေကို၊ လင်ဖေသက်နှင်း၊ စုံအတွင်း
> သတင်းကမှ မကြားရပါကလား ငယ်ကျွန်တို့"[၃]

---

[၁] သောင်း၊ ဦး(ကြေးမုံ)၊ ၁၉၆၈၊ ၂၅၂။

[၂] သောင်း၊ ဦး(ကြေးမုံ)၊ ၁၉၆၈၊ ၂၈၅။

[၃] သောင်း၊ ဦး(ကြေးမုံ)၊ ၁၉၆၈၊ ၂၈၆။

ဟု ဖွဲ့ဆိုထားသည်။

ဇာတ်လမ်းကိုတင်ပြရာတွင် ငိုချင်းများအများအပြား ထည့်သွင်းထားခြင်းသည်လည်း ပရိသတ်အကြိုက် ဖြစ်ဟန်တူသည်။ ကိုလိုနီခေတ်ဦးကာလသည် လင်ပျောက်မယားပျောက် ရုပ်ပုံတော်ကြီးများ ခေတ်စားဆဲကာလ ဖြစ်သည်။ ထိုခေတ်က ပရိသတ်တို့သည် ပြဇာတ်ကိုဖတ်ရှုရာ၌ ဇာတ်လမ်းထက် ထိုဇာတ်လမ်းတွင်ပါသော အပြော၊ အဆို၊ အငို၊ အလွမ်း တို့ကို ပို၍နှစ်သက်ကြဟန်တူသည်။ ထို့ကြောင့် ဆရာခင်က သော်ကကုမ္မာနှင့် ပဥ္စကလျာပြဇာတ်တွင် ဇာတ်လမ်းကို ချိတ်ဆက်ရာ၌ ခေတ်ပြိုင်ပြဇာတ်များနည်းတူ အပြော၊ အဆို၊ အငိုတို့ဖြင့် ဇာတ်လမ်းကို တင်ပြထားသည်။ ကုန်းဘောင်ခေတ်နှောင်းက ပေါ်ပေါက်ခဲ့သော စုံနံ့သာမြိုင်ရုပ်ပုံတော်ကြီး၏ ဩဇာသက်ရောက်နေသည့် ဇာတ်လမ်း အတင်အပြဟုလည်း ဆိုနိုင်ပါသည်။

ကိုလိုနီခေတ်ဦး ပြဇာတ်စာပေတွင် အဆိုအငိုသာမက အရွှန်းအသောသည်လည်း ပြဇာတ်၏အနှစ်သာရပင် ဖြစ်သည်။ ဤပြဇာတ်တွင် အရွှန်းအသောတို့ဖြင့် ဇာတ်လမ်းကို သက်ဝင်လှုပ်ရှားအောင် ဖန်တီးတင်ပြထားသည်။

သော်ကကုမ္မာမင်းသား ရေကန်မှတက်လာ၍ ရူးခန်းတွင်–

> “သယ်၊ ဟိုချုံကြားက၊ ဘွားကနဲထွက်ပြီးလျှင် အချက်ကျ
> မော်နေရှာ၊ နော်ရထာမင်းမြတ်က သေနတ်နှင့်ပစ်မဟာ နင်မကြောက်
> ဘူးလားဟဲ့ ကမြင်းနီမ”[၁]

ဟု လည်းကောင်း၊

> “ဇနက္ကမင်း၊ စုံမြိုင်တွင်း မီးသဘော်မှောက်နေရှာ ဧကရာပိဋ္ဌိမင်းက
> မြှားတော်နှင့်ခွင်းပြီးလျှင် ဆဒ္ဒန်မင်း စွယ်နှစ်ဆူကို၊ ယူမယ်လို့
> အရှိတွင် ပါဠေလိပုတ်တိုင်းပြည်ကို၊ စစ်သည်နှင့်တကွ၊ အရဝိုင်း
> ပြီးတော့၊ ဇေကဝဋ္ဋပုဏ္ဏားက၊ အနာမဲ့မင်းမဟော်ကို၊ လက်တော်ရ
> ဖမ်းမယ်လို့ ကြံနေတာ ဘာပူရန်ရှိသေးသလဲ ဥမ္မာဒန္တီရယ်။”[၂]

ဟု လည်းကောင်း ကဘောက်တိကဘောက်ချာစကားလုံးတို့ဖြင့် အရွှန်းအသောကို ဖန်တီးထားသည်။ ပြဇာတ်ဇာတ်လမ်းတွင် သော်ကကုမ္မာမင်းသား စိတ်နှလုံးဖောက်ပြန်၍ ရူးသွပ်ကြောင်းပါရှိရာ ဇာတ်လမ်းနှင့်ညီညွတ်မှုရှိစေရန် အရွှန်းအသောကို ဖန်တီး

[၁] သောင်း၊ ဦး(ကြေးမုံ)၊ ၁၉၆၈၊ ၂၆၉။
[၂] သောင်း၊ ဦး(ကြေးမုံ)၊ ၁၉၆၈၊ ၂၇၃။

တင်ပြထားခြင်း ဖြစ်သည်။ ဇာတ်လမ်းသရုပ်ကို ပေါ်လွင်အောင် ဖန်တီးထားနိုင်သော အတင်အပြပင် ဖြစ်ပါသည်။

ဤပြဇာတ်တွင် ဇာတ်သိမ်းပိုင်းကို ဖန်တီးတင်ပြရာ၌ မင်းသား၊ မင်းသမီး တို့ကို ပေါင်းဖက်မပေးဘဲ ပဥ္စကလျာမင်းသမီး ချစ်သူကို တမ်းတသံဒွေးချိုးဖြင့် ဇာတ်သိမ်းထားသည်။ ဇာတ်လမ်းအရ သော်ကကုမ္မာနှင့် ပဥ္စကလျာတို့ ပြန်လည် တွေ့ဆုံကာ ပျော်ရွှင်စွာပေါင်းဖက်ရမည်ဟု ထင်မှတ်ထားသော်လည်း ဇာတ်လမ်းတစ်ဝက်တွင် ငိုချင်းဆိုရင်း ဇာတ်သိမ်းသွားသည်။ ဇာတ်သိမ်းပိုင်းတင်ပြပုံ ထူးခြားသည်ဟု ဆိုနိုင် သည်။

ကိုလိုနီခေတ်ဦးတွင် ပေါ်ပေါက်လာသော ပြဇာတ်များသည် အများအားဖြင့် ပုံနှိပ်စာမျက်နှာ (၈၀)ဝန်းကျင်တွင် အဆုံးသတ်သွားလေ့ ရှိသည်။ ဤပြဇာတ်တွင်လည်း ဇာတ်လမ်းအရ ပဥ္စကလျာမင်းသမီး ခင်ပွန်းပျောက်ကြောင့် ငိုနေစဉ် သတ်မှတ် ထားသော စာချပ်ရေ ပြည့်သွားဟန်တူသည်။ ထို့ကြောင့် အမြန်ဇာတ်သိမ်းလိုက် ရကြောင်းကို–

> "တယ် မိကရ ဆွေးလိုက်ချင်သော်လဲ အေးကာမှိုင်ရမ်း စာချပ်ရေ
> လွှမ်းမည့်ကြောင့်၊ သည်စခန်းတွင် သိမ်းရတော့မတဲ့၊ မောင်ကြီး
> နတ်ရယ်"[၁]

ဟု ဖော်ပြထားသည်။ ဤပြဇာတ်တွင် ဇာတ်သိမ်းပိုင်း ဇာတ်ကွက်မလည်ခြင်းသည် ခေတ်အကြိုက် တေးသီချင်းများ၊ ငိုချင်းများကို ဦးစားပေး ဖွဲ့ဆိုနေခြင်းကြောင့် ဖြစ်နိုင်သည်။ ထို့ပြင် နိုင်ငံရေးအပြောင်းအလဲ မတည်ငြိမ်ချိန်တွင် စာရွက်စက္ကူ ရှားပါးသော ခေတ်အခြေအနေအရ ဇာတ်သိမ်းပိုင်းကို အမြန်ဖန်တီးရခြင်းဟုလည်း ယူဆနိုင်ပါသည်။

သော်ကကုမ္မာနှင့် ပဥ္စကလျာပြဇာတ် ဇာတ်လမ်းအတင်အပြကို လေ့လာ ကြည့်လျှင် ထီးနန်းဝန်းကျင်လောကကို ဇာတ်အိမ်တည်ကာ တေးသီချင်းသံဆန်းများ၊ မင်းသား မင်းသမီး ငိုချင်းများ၊ ဇာတ်လမ်းနှင့်ဆီလျော်သည့် အရွှန်းအသောများကို အားပြုတင်ပြထားကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် ဇာတ်သိမ်းပိုင်းတင်ပြပုံ အားနည်းသည်။ ခြုံ၍ဆိုရလျှင် ဇာတ်လမ်းတင်ပြပုံ အားနည်းသည်ဟု ယူဆနိုင် သော်လည်း ကိုလိုနီခေတ်ဦးတွင် ပေါ်ပေါက်သော ပြဇာတ်အများစုသည် ထိုသို့သော ဇာတ်လမ်းများသာ များပြားသည်ကို တွေ့ရပါသည်။

---

[၁] သောင်း၊ ဦး(ကြေးမုံ)၊ ၁၉၆၈၊ ၃၀၀။

## ၃၊ ၂။ ဇာတ်ဆောင်အတင်အပြ

သော်ကကုမ္မာနှင့် ပဥ္စကလျာပြဇာတ်သည် ဆရာခင်၏စိတ်ကူးဖြင့် ဖန်တီးထားသော စိတ်ကူးယဉ်ထိုးဇာတ်ဖြစ်၍ ပါဝင်သော ဇာတ်ဆောင်များမှာလည်း စိတ်ကူးဖြင့် ဖန်တီးထားသော ဇာတ်ဆောင်များသာ ဖြစ်သည်။ ဇာတ်လမ်းပါ ဇာတ်ဆောင်တို့ကို ဖန်တီးတင်ပြရာတွင် ဇာတ်ဆောင်အချင်းချင်း အမေးစကားများ၊ ပြဇာတ်အညွှန်းစကားများဖြင့် ဖန်တီးတင်ပြထားသည်။

သုဝဏ္ဏဘုမ္မိပြည်၌ ခမ္မနရိန်မင်း ထီးနန်းစိုးစံကြောင်းကို–

> "သုဝဏ္ဏဘုမ္မိတိုင်းပြည်တည်။ ခမ္မနရိန်မင်း နန်းစံ၍ တိုင်းနိုင်ငံကို ထုံးစံရှိသည့်အတိုင်းမေး။"[၁]

ဟု ဇာတ်ဆောင်မှာ ခမ္မနရိန်မင်းဖြစ်ကြောင်း ပြဇာတ်အညွှန်းစကားဖြင့် ဖော်ပြထားသည်။

ထိုမင်းတွင် တောင်ပြင်သူဌေးသား မောင်သော်ကကိုမွေးစား၍ သော်ကကုမ္မာဟု ဘွဲ့မည်ပေးထားသော သားတော်တစ်ပါးရှိကြောင်း၊ တက္ကသိုလ်ပြည်သို့ ပညာသင်စေလွှတ်ထားကြောင်းကို–

> "တောင်ပြင်သူဌေးသား၊ မောင်သော်ကကို သားအမှတ်ပြု၍ မွေးပြီးလျှင် သော်ကကုမ္မာရယ်လို့ ဘွဲ့အသစ်ချီ၍ တက္ကသိုလ်ကို ပညာသင်စေခိုင်းရာ ပြန်မပြန်မေး။"[၂]

ဟု မင်းကြီး၏အမေးစကားဖြင့် အဓိကဇာတ်ဆောင် သော်ကကုမ္မာမင်းသားသည် မင်းကြီး၏ မွေးစားသားဖြစ်ကြောင်း၊ ပညာသင်စေလွှတ်ထားကြောင်း တင်ပြထားသည်။

သော်ကကုမ္မာမင်းသားနှင့် ဖူးစာဆုံပေါင်းဖက်သူသည် ဗာရာဏပြည် သုမန သူဌေးသမီး ပဥ္စကလျာဖြစ်ကြောင်းကို–

> "ဗာရာဏတိုင်းပြည်တွင် သုမနသူဌေးသမီး ပဥ္စကလျာနှင့် ဖူးစာပြိုင်၍ တိုင်းပြည်ကို ပြန်ခန်း။"[၃]

ဟု ဇာတ်ခန်းအဖြတ်အတောက်တွင် အတိုချုပ်၍ တင်ပြထားသည်။

---

[၁] သောင်း၊ ဦး(ကြေးမုံ)၊ ၁၉၆၈၊ ၂၃၁။
[၂] သောင်း၊ ဦး(ကြေးမုံ)၊ ၁၉၆၈၊ ၂၃၁၊ ၂၃၂။
[၃] သောင်း၊ ဦး(ကြေးမုံ)၊ ၁၉၆၈၊ ၂၃၂။

တစ်ဖန် ပြည်တော်ပြန်လာသော သော်ကကုမ္ဗာမင်းသားကို ဓမ္မနရိန်မင်းက တောင်နန်းမိဖုရား လှသင်္ဂိမှမွေးသော လှလိမ့်မယ်မင်းသမီးနှင့် စုလျားရစ်ပတ်၍ ထီးနန်းစံစေကြောင်းကို–

"ဝင်းဥပရာဇမုန်၊ အိမ်ရှေ့စံနှင့် လေးတန်အမတ်ပြည့်ဥက္ကဌ်တို့ကို၊
မြင့်မြတ်သဟန်၊ လှလိမ့်မယ် တောင်နန်းဖွားနှင့် သော်ကနွယ်
မင်းနှစ်ပါးတို့ကို၊ စုလျားပန့်၍၊ နန်းရံကိုအုပ်စိုးရမယ်လို့"[၁]

ဟု ဓမ္မနရိန်မင်းကြီးမှ အမိန့်ချမှတ်သည်။ အိမ်ရှေ့စံနှင့် လက်ထပ်မည့်သူသည် လှလိမ့်မယ်မင်းသမီး ဖြစ်ကြောင်း ဖော်ပြရင်း ဇာတ်လမ်းကိုလည်း အပြောစကားဖြင့် ပုံဖော်သွားသည်။ ဤဇာတ်လမ်းတွင် ဖန်တီးတင်ပြထားသော ဇာတ်ဆောင်တို့ကို လေ့လာကြည့်လျှင် ထီးနန်းဝန်းကျင်မှ ဇာတ်ဆောင်များဖြစ်သည်ကို တွေ့ရသည်။

ညောင်ရမ်းခေတ်က ပေါ်ပေါက်ခဲ့သော နန်းတွင်းဇာတ်တော်ကြီးများနှင့် ကုန်းဘောင်ခေတ်က ပေါ်ပေါက်ခဲ့သော ပြဇာတ်များသည် အများအားဖြင့် ထီးနန်းဝန်းကျင်ရှိ မင်းဧကရာဇ်တို့၏အကြောင်းကိုသာ ရေးဖွဲ့လေ့ရှိပြီး ပါဝင်သော ဇာတ်ဆောင်များသည်လည်း ထီးနန်းလောကမှ ဇာတ်ဆောင်များ ဖြစ်ကြသည်။ ဤပြဇာတ်သည် ရှေးပြဇာတ်တို့၏ ဩဇာသက်ရောက်မှုကြောင့် ဇာတ်ဆောင်များကို ဖန်တီးရာတွင် ထီးနန်းဝန်းကျင်မှ ဇာတ်ဆောင်များကိုသာ ဖန်တီးတင်ပြထားသည်ဟု ဆိုနိုင်ပါသည်။

သော်ကကုမ္ဗာနှင့် ပဉ္စကလျာပြဇာတ်တွင် သဘာဝလွန် တန်ခိုးရှင်ဇာတ်ဆောင်များကို ဖန်တီးတင်ပြ၍လည်း ဇာတ်လမ်းကို ချိတ်ဆက်ပေးထားသည်။

တောမြိုင်အတွင်း ပဉ္စကလျာမင်းသမီး ခင်ပွန်းပျောက်ရှာဖွေရင်း အခက်ကြုံနေစဉ် ရှုချင်ဖွယ်နတ်ကို ဇာတ်ဆောင်အဖြစ် ဖန်တီးကာ ကယ်တင်စေသည်။ ထိုအကြောင်းကို–

"ခင်မေနွဲ့နှောင်း၊ လင်ရောင်စောင်းနှင့်။ ပေါင်းမိအောင်သာ၊
နှောင်သော့ခါမှ၊ သေချာမချွတ်၊ ငါနတ်မောင်က၊ ကြံဆောင်လို့
လွှတ်လိုက်မည်၊ တမွတ်ကဲ့ကသိဏ်း၊ အတုမရ၊ နုအလှမှာ၊
ခုတလဆိုင်းပြီးလျှင်၊ နတ်ဖော့ဝိုင်းမောင်တော်စံတဲ့၊ ဘုံဗိမာန်
စံကားဝါနန်းကိုသာ လှမ်း၍ လိုက်ခဲ့ပေတော့ နှမငယ်"[၂]

ဟု တင်ပြထားသည်။

---

[၁] သောင်း၊ ဦး(ကြေးမုံ)၊ ၁၉၆၈၊ ၂၉၄။
[၂] သောင်း၊ ဦး(ကြေးမုံ)၊ ၁၉၆၈၊ ၂၆၆။

တစ်ဖန် စိတ်ဝေဒနာခံစားနေရသော သော်ကကုမ္မာမင်းသားကို ကယ်တင်ရန် ဝေဇယန္တာနတ်နန်းက စေတမန်နတ်ကို ဇာတ်ဆောင်အဖြစ်ဖန်တီးကာ ကယ်တင်စေသည်။ ထိုအကြောင်းကို–

> "စိတ္တဇဝေဒနာက၊ သွေမကွာခသည်ကို၊ ဩသဓနတ်ဆေးနှင့် တိုက်ကျွေးကုမရမည်ဟု၊ မိုးမာဃရှင်သိကြားက၊ ကျုပ်အားကို စေသောကြောင့်၊ လူတို့ပြေဘုန်းနဂရတွင်၊ ဆွေးဒုက္ခဗျာပါကြွယ်တဲ့၊ သာကီနွယ်အမောင့်ထံကို၊ ဆေးသကာနှံမယ်လို့၊ စေတမန်ရောက်ရ တာကလား"[၁]

ဟု တင်ပြထားသည်။

ကိုလိုနီခေတ်ဦး ပြဇာတ်များတွင် လူသားဇာတ်ဆောင်များအပြင် သဘာဝလွန် တန်ခိုးရှင်ဇာတ်ဆောင်များ ထည့်သွင်းခြင်းသည် ဇာတ်လမ်းပါ အဓိကဇာတ်ဆောင် တို့၏ ဖြစ်ပေါ်လာသော ပြဿနာအရပ်ရပ်ကို ဖြေရှင်းပေးနိုင်ရန် ထည့်သွင်းခြင်း ဖြစ်ဟန်ရှိသည်။ ပဥ္စကလျာမင်းသမီးကို တောမြိုင်တွင်းမှ ရှုချင်ဘွယ်နတ် ကယ်တင် သွားပုံကိုလည်းကောင်း၊ ရူးသွပ်နေသော သော်ကကုမ္မာမင်းသားကို စေတမန်နတ်ဆေး ကုသကယ်တင်ပုံကိုလည်းကောင်း လေ့လာကြည့်လျှင် သဘာဝလွန် တန်ခိုးရှင်ဇာတ်ဆောင်များ ထည့်သွင်းရသော အကြောင်းကို သိရှိနိုင်သည်။ ရှေးကပေါ်ပေါက်ခဲ့သော နန်းတွင်း ဇာတ်တော်ကြီးများ၊ ဦးကြင်ဥ၊ ဦးပုညတို့၏ ပြဇာတ်များတွင်လည်း တန်ခိုးရှင် ဇာတ်ဆောင်များ ဖန်တီး၍ ပြဿနာဖြေရှင်းသည့်နည်းကို သုံးလေ့ရှိသည်။ ဆရာ မောင်ခင်မင်(ဓနုဖြူ)က ကိုလိုနီခေတ် မြန်မာစာပေသမိုင်းတွင်–

> "အချို့ပြဇာတ်များတွင် လူသားဇာတ်ဆောင်များအပြင် နတ်၊ သိကြား၊ ဘီလူး၊ ဇော်ဂျီ စသော တန်ခိုးရှင်ဇာတ်ဆောင်များ ပါဝင်ပြီး ဇာတ်လမ်းတွင် ထိုတန်ခိုးရှင်များ၏ တန်ခိုးကြောင့် ဖြစ်ရပ်များ ဖြစ်ပျက်ပြောင်းလဲသွားပုံမျိုးကို အားပြုရေးဖွဲ့လေ့ ရှိသည်။"[၂]

ဟု တန်ခိုးရှင်ဇာတ်ဆောင်များ ဖန်တီးခြင်းအပေါ် သုံးသပ်ထားသည်။ ဤပြဇာတ်တွင် သဘာဝလွန် တန်ခိုးရှင်ဇာတ်ဆောင်များ ထည့်သွင်းခြင်းသည် ရှေးပြဇာတ်ဆရာတို့၏ အစဉ်အလာကိုလိုက်သော ကိုလိုနီခေတ်ဦး ပြဇာတ်ဆရာတို့ ကျင့်သုံးလေ့ရှိသည့် ဖန်တီးမှုပင် ဖြစ်ပါသည်။

---

[၁] သောင်း၊ ဦး(ကြေးမုံ)၊ ၁၉၆၈၊ ၂၇၉။
[၂] ခင်မင်၊ မောင်(ဓနုဖြူ)၊ ၂၀၁၀၊ ၁၀၅။

သော်ကကုမ္မာနှင့် ပဥ္စကလျာပြဇာတ် ဇာတ်ဆောင်အတင်အပြကို လေ့လာကြည့်လျှင် ထီးနန်းဝန်းကျင်လောကကို ဇာတ်အိမ်တည်ထားသော ပြဇာတ်ဖြစ်၍ ဇာတ်လမ်းနှင့်ကိုက်ညီမည့် ထီးနန်းဝန်းကျင်လောကမှ ဇာတ်ဆောင်များကို ရွေးချယ်တင်ပြနိုင်ကြောင်း တွေ့ရသည်။ တန်ခိုးရှင်ဇာတ်ဆောင်များ ဖန်တီးကာ အဓိကဇာတ်ဆောင်တို့၏ အခက်အခဲကို ဖြေရှင်းရင်း ဇာတ်လမ်းအချိုးအကွေ့တို့ကို ပြေလျော့စေပါသည်။ ထီးနန်းဝန်းကျင်မှ ဇာတ်ဆောင်များ၊ အသင့်ယုတ္တိမရှိသော တန်ခိုးရှင်ဇာတ်ဆောင်များကို ဖန်တီးထားသောကြောင့် ဇာတ်ဆောင်တင်ပြပုံ အားနည်းသည်ဟု မဆိုနိုင်ပေ။ ကိုလိုနီခေတ်ဦးအခါက ပရိသတ်အကြိုက် ဖန်တီးထားသော ဇာတ်ဆောင်အတင်အပြပင်ဖြစ်ပါသည်။

## ၃၊ ၃။ နောက်ခံဝန်းကျင်အတင်အပြ

ဝတ္ထုစာပေတွင်ဖြစ်စေ၊ ပြဇာတ်စာပေတွင်ဖြစ်စေ ဇာတ်လမ်း ဇာတ်ဆောင်တို့နှင့် ကိုက်ညီသော နောက်ခံဝန်းကျင်ကို ဖန်တီးပေးရသည်။ သော်ကကုမ္မာနှင့် ပဥ္စကလျာပြဇာတ်တွင် မင်းသားနှင့်မင်းသမီးတို့သည် သုဝဏ္ဏဘုမ္မိပြည်နှင့် ဗာရာဏသီပြည်ကြားရှိ တောမြိုင်တွင်းသို့ ရောက်ရှိနေသည်။ ထို့ကြောင့် တောမြိုင်နှင့်ကိုက်ညီမည့် ဒေသနောက်ခံဝန်းကျင်ကို ဖန်တီးတင်ပြထားသည်။

သော်ကကုမ္မာမင်းသားနှင့် ပဥ္စကလျာမင်းသမီးတို့ ရောက်ရှိနေသော တောမြိုင်၏ ကြောက်မက်ဖွယ်ကောင်းပုံကို–

> "ဂန္ဓာမြိုင်ထူး၊ ပန်းပေါင်းစုံတဲ့၊ ရဂုံဦးမှာ၊ ရန်စူးရန်မြင့်၊
> ပြောင်မာတင်နှင့် ကျားဆင်သစ်ကျုတ်၊ အတော်ကလေးရှုပ်ထာမို့"[၁]

ဟု မင်းသား၏အဆို၊ အပြောတို့ဖြင့် ဖန်တီးတင်ပြထားသည်။ မင်းသား၊ မင်းသမီးတို့ဖြတ်သန်းရသော တောမြိုင်ခရီးသည် ကြောက်မက်ဖွယ်ကောင်းသော သားရဲတိရစ္ဆာန်တို့နှင့် ပြည့်နှက်နေသည့် တောဖြစ်ကြောင်းကို ဒေသနောက်ခံဝန်းကျင်ဖန်တီးမှုမှတစ်ဆင့် သိရှိရသည်။ တောမြိုင်နှင့်ကိုက်ညီသည့် နောက်ခံဝန်းကျင် အတင်အပြပင်ဖြစ်သည်။

ထိုတောမြိုင်ထဲတွင် ဇွန်၊ သော်က၊ ဒေါန၊ သရဖီ စသည့် ပန်းပေါင်းစုံတို့ကလည်း ပွင့်တစ်ချို့ ငုံတစ်ချို့ တောမြိုင်ကို အလှဆင်နေကြသည်။ နှင်းဆီ၊ မြတ်လေး၊ စပယ်၊ နံ့သာဖြူပန်းလေးတို့ကလည်း လေအဝေ့တွင် သင်းပျံ့သော

---

[၁] သောင်း၊ ဦး(ကြေးမုံ)၊ ၁၉၆၈၊ ၂၃၅။

ရနံ့လေးများဖြင့် တောအလှကို ပံ့ပိုးနေကြသည်။ မဥ္ဇူသက၊ ကြက်မောက်၊ ပိတောက်၊ ဇီဇဝါ စသည့် ပန်းမျိုးစုံတို့ကလည်း တစ်ပင်နှင့်တစ်ပင် ကိုင်းချင်းယှက်မျှ ပွင့်ဖူး နေကြသည်။ ပန်းပေါင်းစုံတို့ဖြင့် လှပနေသော တော၏အလှကို–

> "ဇွန်သော်က၊ ဒေါနနှင့်သရဖီ၊ မငုံတချို့ ငုံတချို့နှင့်၊ ထုံလို့ ရယ်ကြည်၊ နှင်းဆီ မြတ်လေး၊ တကယ်နံ့သာဖြူ စပယ်ဖြူ တို့ကလဲ လေယူတိုင်းအေးတဲ့ပြင်၊ မွှေးပါပေ့တကြူကြူ၊ မဥ္ဇူနှင့် ကြက်မောက်၊ ပိတောက်နှင့်ဇီဇဝါ ငွေအာသာရောင်ရှက်၍၊ ဟိုဘက်က တဝ၊ ယုဇန မှိုင်းထားဝယ်တို့ကလဲ၊ ကိုင်းသွယ်လို့ခကြသည်"[၁]

ဟု တောလားကဗျာဖြင့် ဖော်ပြထားသည်။ တူမောင်နှံလှမ်းလာခဲ့သော တောမြိုင်သည် ပန်းပေါင်းစုံတို့ဖြင့်လည်း သာယာလှပသော တောမြိုင်ဖြစ်ကြောင်း ပြလိုသည့်အတွက် ပန်းပေါင်းစုံတို့ ပေါက်ရောက်နေပုံ၊ ပန်းရနံ့တို့ လေယူတိုင်းသင်းကြူနေပုံကို ဒေသနောက်ခံအဖြစ် ဖန်တီးထားပါသည်။

ဇာတ်လမ်းအလှည့်အပြောင်း ဖြစ်ပေါ်စေမည့် ရေကန်တည်ရှိရာ နောက်ခံ ဝန်းကျင်ကို–

> "နတ်များစီမံ၊ သူတို့ပင်ဖန်လေသလား၊ ရေကန်နှင့်၊ အသင့်ပါ တကား"[၂]

ဟု မင်းသား၏ပြောစကားဖြင့် ဖန်တီးတင်ပြထားသည်။ မင်းသားရူးစေမည့် ရေကန်ကို တောမြိုင်တွင်း၌ ဒေသနောက်ခံအဖြစ် ထည့်သွင်းဖန်တီးခြင်းသည် ဇာတ်လမ်းကို အသင့်ယုတ္တိ ရှိစေသည်။ ဇာတ်လမ်းနှင့်လိုက်ဖက်သည့် နောက်ခံဝန်းကျင်တင်ပြမှုပင် ဖြစ်ပါသည်။

သော်ကကုမ္မာနှင့် ပဥ္စကလျာပြဇာတ်တွင် နောက်ခံဝန်းကျင်အတင်အပြကို ခြုံ၍ လေ့လာကြည့်လျှင် ပြင်ပလောကရှိ တောမြိုင်တို့၏ နောက်ခံဝန်းကျင်နှင့်မတူဘဲ ဇာတ်ဝတ္ထုတို့တွင် ပါဝင်သော တောမြိုင်နောက်ခံဝန်းကျင်နှင့် ပို၍တူနေသည်။ ပြဇာတ်သည် ဇာတ်သဘင်ကို အခြေခံသောကြောင့် နောက်ခံဝန်းကျင်သည် ဇာတ်သဘင် တို့တွင် ပါဝင်လေ့ရှိသော နောက်ခံဝန်းကျင်ကို ဖန်တီးတင်ပြထားသည်ဟု ယူဆရ ပါသည်။

---

[၁] သောင်း၊ ဦး(ကြေးမုံ)၊ ၁၉၆၈၊ ၂၄၅။
[၂] သောင်း၊ ဦး(ကြေးမုံ)၊ ၁၉၆၈၊ ၂၄၆။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းသည် ကိုလိုနီခေတ်ဦးတွင် ပေါ်ပေါက်ခဲ့သော ဆရာခင်၏ သော်ကကုမ္မာနှင့် ပဉ္စကလျာပြဇာတ် အတင်အပြကို လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။

ဇာတ်လမ်းအတင်အပြကို လေ့လာရာတွင် ဇာတ်လမ်းအချိတ်အဆက်၊ အတတ်ပညာထက် ခေတ်ကာလအကြိုက် တေးသီချင်းသံဆန်းများ၊ မင်းသားမင်းသမီးတို့၏ အဆို၊ အပြော၊ ငိုချင်းများ၊ ဇာတ်လမ်းနှင့် ဆီလျော်သည့် အရွှန်းအသောများကိုသာ အသားပေးထားကြောင်း တွေ့ရှိရပါသည်။ ပျိုး၊ နှိုး၊ တက်၊ ထွတ်၊ ဆင်း ဟူသော ဇာတ်လမ်းအင်္ဂါရပ်တို့ ပေါ်လွင်အောင် မဖော်ပြနိုင်သဖြင့် ဇာတ်လမ်းတင်ပြပုံ အားနည်းသည်ဟု မဆိုနိုင်ပေ။ ကိုလိုနီခေတ်ဦးက ပေါ်ပေါက်ခဲ့သော ပြဇာတ်အများစုမှာ အပြော၊ အဆို၊ အငို၊ အလွမ်းတို့ကိုသာ ဦးစားပေးရေးဖွဲ့ကြကြောင်း တွေ့ရသည်။ ပြဇာတ်၏ဇာတ်သိမ်းပိုင်းသည် ကိုလိုနီခေတ်ဦးအခါက စာရွက်စက္ကူ ရှားပါးသော ခေတ်ပုံရိပ်ကို မှန်းဆသိစေနိုင်သည့် အတင်အပြဟု ယူဆနိုင်ပါသည်။

ဇာတ်ဆောင်အတင်အပြကို လေ့လာရာတွင် ထီးနန်းဝန်းကျင် ဇာတ်ဆောင်များအပြင် သဘာဝလွန် တန်ခိုးရှင်ဇာတ်ဆောင်များကိုပါ ဖန်တီး၍ အခက်အခဲ ပြဿနာများ ဖြေရှင်းနည်းကို သုံးထားသည်။ ကိုလိုနီခေတ်ဦးက ပေါ်ပေါက်ခဲ့သော ပြဇာတ်အများစုတွင် ဤသဘောကို တွေ့ရပါသည်။

နောက်ခံဝန်းကျင်အတင်အပြကို လေ့လာရာတွင် ပြဇာတ်၌ ဖန်တီးတင်ပြထားသော ဒေသနောက်ခံဝန်းကျင်သည် ပြင်ပလောကရှိ နောက်ခံဝန်းကျင်နှင့်မတူဘဲ ဇာတ်ဝတ္ထုများတွင် ပါဝင်သော နောက်ခံဝန်းကျင်အဖွဲ့တို့နှင့်သာ တူနေသဖြင့် ဇာတ်သဘင်ဆန်သော နောက်ခံဝန်းကျင်ဟု ဆိုနိုင်ပါသည်။

ခြုံငုံသုံးသပ်ရလျှင် သော်ကကုမ္မာနှင့် ပဉ္စကလျာပြဇာတ်သည် ဇာတ်သဘင်လောကမှ စာပေလောကသို့ ကူးပြောင်းစချိန်ဖြစ်သဖြင့် စာပေအရေးအဖွဲ့ဘက်မှ ကြည့်လျှင် အဆင့်အတန်းမြင့်သော ပြဇာတ်ဟု ဆိုနိုင်သည်။ အနုပညာဘက်မှကြည့်လျှင် ဇာတ်သဘင်ဆန်သည်ဟု ဆိုနိုင်ပါသည်။ ဇာတ်လမ်းအတင်အပြ၊ ဇာတ်ဆောင်အတင်အပြ၊ နောက်ခံဝန်းကျင် အတင်အပြတို့မှတစ်ဆင့် ကိုလိုနီခေတ်ဦး မြန်မာပြဇာတ်တို့၏ ဇာတ်လမ်းဆင်ပုံ၊ ဇာတ်ဆောင်ဖန်တီးပုံ၊ နောက်ခံဝန်းကျင်ဖန်တီးပုံတို့ကို မှန်းဆလေ့လာနိုင်ပါသည်။

## နိဂုံး

ဤစာတမ်းသည် ဆရာခင်၏ သော်ကကုမ္မာနှင့် ပဥ္စကလျာပြဇာတ် အတင်အပြကို လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ကိုလိုနီခေတ်ဦးက မြန်မာပြဇာတ်တို့၏ ဇာတ်လမ်းတင်ပြပုံ၊ ဇာတ်ဆောင်တင်ပြပုံ၊ နောက်ခံဝန်းကျင်တင်ပြပုံတို့ကို ဤပြဇာတ်နှင့် မှန်းဆ၍ တင်ပြသွားခြင်း ဖြစ်ပါသည်။ တိမ်မြုပ်နေပြီဖြစ်သော မြန်မာ့ပြဇာတ်စာပေကို ဆက်လက်ဖော်ထုတ် သုတေသနပြုရန် များစွာကျန်ရှိပါသည်။

## ကျမ်းကိုးစာရင်း


ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၀)။ ***ကိုလိုနီခေတ်မြန်မာစာပေသမိုင်း***။ ရန်ကုန်၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်။

ညွန့်ဟံ(ကြူတော)။ (၁၉၉၆)။ ***လွတ်လပ်ရေးအကြိုခရီးနှင့် ဇာတိမာန်ပြဇာတ်များ။*** ရန်ကုန်၊ စာပေလုပ်သားပုံနှိပ်တိုက်။

ဘရင်၊ ဦး၊ ဟံသာဝတီ။ (ခုနှစ်မပါ)။ ***ရေသည်ပြဇာတ်နှင့်အဖြေစုံ။*** ရန်ကုန်၊ အောင်မိတ်ဆက်စာပုံနှိပ်တိုက်။

မလိခ။ (၂၀၀၈)။ ***ပြဇာတ်အညွှန်း။*** ရန်ကုန်၊ ပုဂံစာအုပ်တိုက်။

မြန်မာစာအဖွဲ့။ (၁၉၆၃)။ ***မြန်မာ့စွယ်စုံကျမ်း၊ အတွဲ-၇။*** ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

မြန်မာစာအဖွဲ့။ (၂၀၀၈)။ ***မြန်မာအဘိဓာန်အကျဉ်းချုပ်၊*** ဒု-ကြိမ်။ ရန်ကုန်၊ နေလင်းပုံနှိပ်တိုက်။

သော်ဇင်၊ ဦး။ (၁၉၆၅)။ ***ပြဇာတ်သမိုင်း။*** ရန်ကုန်၊ စာပေလောကပုံနှိပ်တိုက်။

သောင်း၊ ဦး၊ ကြေးမုံ။ (၁၉၆၈)။ ***သမိုင်းဝင်မြန်မာပြဇာတ်များ၊*** ရန်ကုန်၊ စည်ပင်သာယာပုံနှိပ်တိုက်။


## ပတ်ရှုလေ့လာသော စာအုပ်စာရင်း


ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၀၃)။ ***စာဆို့ဘဝ စာဆို့စေတနာ စာဆို့လက်ရာ***။ ရန်ကုန်၊ ဝင်းလိုက်မိတ်ပုံနှိပ်တိုက်။

မောင်မောင်တင်၊ ဦးနှင့် အများ။ (၁၉၇၁)။ ***ပြဇာတ်နှင့်ပြဇာတ်စာပေသမိုင်း***။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ရွှေကိုင်းသားနှင့်အများ။ (၁၉၆၅)။ ***မြန်မာစာပေစစ်တမ်း။*** ရန်ကုန်၊ ကမ္ဘာ့ခေတ်စာပေတိုက်။

သော်ဇင်၊ ဦး။ (၁၉၈၁)။ ပြဇာတ်ကထာ။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

သိန်း၊ ဆရာ၊ မော်ဘီ။ (၁၉၆၅)။ ***မြန်မာ့ဇာတ်ပွဲသဘင်နှင့် မြန်မာ့ပြဇာတ်စာအုပ်များ။*** ရန်ကုန်၊ နှလုံးလှစာအုပ်တိုက်။